676

မြန်မာ စွယ်စုံကျမ်း နှစ်ချုပ်



၁၉၈၁

၆၇၆

မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်



၁၉၈၁

ပထမ အကြိမ်ပုံနှိပ်ခြင်း၊ ၆,၀၀၀
၁၉၇၁ ခုနှစ်

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၊
စာပေဗိမာန်အပွဲ့ တွဲဘက်ညွှန်ကြားရေးမှူး ဒေါ်အုန်းကြည်က (မှတ်ပုံတင်အမှတ် ၀၂၇၁၉)ဖြင့်
စာပေဗိမာန် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည့်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီးပါပြီ။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးရုံဖြင့် စာပေဗိမာန်သည် တာဝန်ကျေပြီဟု မယူဆခဲ့ပါ။

စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေသူတို့သည် စွယ်စုံကျမ်း နောက်ဆုံးအတွဲကို ပုံနှိပ်ထုတ်ဝေပြီးတိုင်း မိမိတို့ ထုတ်ဝေခဲ့သော စွယ်စုံကျမ်းကို အစဉ်အမြဲ ခေတ်မီနေစေရန် နှစ်စဉ်လိုပင် နှစ်ချုပ်ကျမ်းများကို အဖြည့်ကျမ်းများအဖြစ် ဆက်လက်၍ ပုံနှိပ်ထုတ်ဝေခဲ့ကြသည်သာ ဖြစ်ပေသည်။

ဤလူဘောင်သမိုင်းစဉ်သည် တဖြည်းဖြည်းတွေ့ရှေ့အားဖြင့် အဆင့်ဆင့်ပြောင်းလဲ၍နေလေသည်။ ခေတ်ဟောင်း၊ စနစ်ဟောင်းတို့သည်လည်း တဖြည်းဖြည်းချုပ်ငြိမ်းခဲ့ပြီဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်အတွင်း ဖြစ်ပျက်ခဲ့သော ဤလူဘောင် သမိုင်းစဉ်သည် ၁၉၈၁ ခုနှစ်နှင့် မတူနိုင်တော့ချေ။ နိုင်ငံတနိုင်ငံ၏ သမိုင်းဖြစ်စဉ်ကိုကြည့်ပါ။ ၁၉၈၀ ပြည့်နှစ်တွင် အုပ်ချုပ်ခံနယ်မြေတခုသည် ၁၉၈၁ ခုနှစ်တွင် လွတ်လပ်ရေးရသော သမ္မတနိုင်ငံ ဖြစ်လာသည်လည်း ရှိသည်။ နယ်မြေအမည်ပါပျောက်၍ အခြားနယ်မြေများနှင့် ပူးပေါင်းသွားသည်လည်းရှိသည်။ အမည်သစ်ပြောင်း၍ သွားသည်လည်း ရှိသည်။ စွယ်စုံကျမ်းပါ ပုဂ္ဂိုလ်တို့အနက် အချို့ရာထူးအရှိန်အဟုန် အတက်အကျလည်းရှိသည်။ ကွယ်လွန်သွားကြသည်လည်းရှိသည်။ သိပ္ပံစက်မှုသမိုင်းစဉ် ပြောင်းလဲတိုးတက်သည်လည်းရှိသည်။ ယင်းသို့သော နေ့စဉ်ပြောင်းလဲ ဖြစ်ပေါ်နေသည့် သမိုင်းစဉ်များကို စွယ်စုံကျမ်း ပြုစုပုံနှိပ်ထုတ်ဝေသူတို့သည် မျက်ခြည်ပြတ်ခံ၍ မဖြစ်ပါ။

စွယ်စုံကျမ်းဖတ် ပရိသတ်များအား ကမ္ဘာ့သမိုင်းဖြစ်စဉ်များကို နောက်ဆုံးအခြေအနေအထိ သုတေသနပြု၍ တင်ပြရမည်မှာ စွယ်စုံကျမ်းထုတ်ဝေသူတို့၏ တာဝန်တရပ်ဟု ယူဆသည့်အတိုင်း ဗြိတိန်က စွယ်စုံကျမ်းထုတ်ဝေရေးတိုက်သည် ဗြိတိန်က စွယ်စုံကျမ်း နှစ်ချုပ်ကိုလည်းကောင်း၊ ကမ္ဘာ့စွယ်စုံကျမ်း ထုတ်ဝေရေးတိုက်သည် ကမ္ဘာ့စွယ်စုံကျမ်း နှစ်ချုပ်ကိုလည်းကောင်း၊ ထိုမှတပါး အခြားအခြားသော စွယ်စုံကျမ်းပုံနှိပ်ထုတ်ဝေသော စာပေတိုက်ကြီးများသည် စွယ်စုံကျမ်းနှစ်ချုပ်အသီးသီးကိုလည်းကောင်း ပြုစုပုံနှိပ်ထုတ်ဝေလေ့ရှိပါသည်။

ထို့အတူပင် မြန်မာ့စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေသော စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်း နောက်ဆုံးအတွဲကို ထုတ်ဝေပြီးသည်နှင့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များကို ဆက်လက်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ယခု မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၈၁ ကို စာပေပညာရှင်များ၏ အကူအညီဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာ ဝမ်းမြောက်ရပါသည်။ ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီခဲ့ကြသူ စာပေပညာရှင်များကိုလည်း အထူး ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

စာပေဗိမာန်

ဤကျမ်းကို မရှစားမိ

အောက်ပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း စီစဉ်ပုံကို သဘောပေါက်၍ ကိုးကားကျမ်းတဆူအဖြစ် လွယ်ကူစွာ အသုံးပြုတတ်ပေလိမ့်မည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်မျှားသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းမျှား ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၈၀ ပါ အကြောင်းရပ်မျှားနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၈၀ ပြည့်နှစ်ပါ အကြောင်းရပ်မျှားနှင့် ဆက်စပ်ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ၁၉၈၀ ပြည့်နှစ်ကုန်ပိုင်းအထိ လေ့လာပြုစု ဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးဆသော အကြောင်းရပ်သစ်မျှားလည်း အမျှားအပြား ပါဝင်ပါသည်။

မြန်မာ့စွယ်စုံကျမ်းမျှား၌ မပါခဲ့ပဲ ၁၉၇၀ ပြည့်နှစ် မတိုင်မီက ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပဂ္ဂိုလ်ကြီးမျှားကိုမူ သက်ဆိုင်ရာကျမ်းတွဲမျှား ပြန်လည်ပုံနှိပ်သည့်အခါ ဖြည့်စွက်ချက်မျှားအဖြစ် ထည့်သွင်း ဖော်ပြမည်ဖြစ်ပါသည်။ ပုံစံအားဖြင့် မိုးညှင်းဆရာတော်၊ မိုးကုတ်ဆရာတော် စသည်တို့သည် ၁၉၇၀ ပြည့်နှစ်မတိုင်မီ ပျံလွန်တော်မူခဲ့သဖြင့် စွယ်စုံအတွဲ ဂ ပြန်လည်ပုံနှိပ်သည့်အခါ ဖြည့်စွက်ထည့်သွင်း ဖော်ပြမည် ဖြစ်ပါသည်။ ၁၉၇၀ ပြည့်နှစ် နောက်ပိုင်း ကွယ်လွန်ခဲ့သူမျှားကိုမူ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။

ဤကျမ်းသည် ၁၉၈၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာမျှားကို ၁၉၈၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၈၁ ခုနှစ်အတွင်း အဖြစ်အပျက်မျှားကိုမူ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၈၂ ခုနှစ် ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက် ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူမျှား လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်း ခွဲခြားု၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၈၀ ပြည့်နှစ်အတွင်းထင်ရှားသော ဖြစ်ရပ်မျှားကို နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ၁၉၈၀ ပြည့်နှစ်အတွင်း ဖြစ်ပျက်ခဲ့သော ထူးခြားု၍ စိတ်ဝင်စားဖွယ်ရာ အကြောင်းရပ်မျှားကို ရွေးချယ်စိစစ်၍ ဆောင်းပါးကြီးမျှားအဖြစ် ပြုစုတင်ပြထားပါသည်။ တတိယပိုင်း၌ မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်မျှားကို ဆောင်းပါးတို လေးပုဒ်ဖြင့် အကျဉ်းချုံး၍ ဖော်ပြထားပါသည်။ စတုတ္ထပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်မျှားသည် ၁၉၈၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ အကြောင်း ရပ်မျှား ဖြစ်ပါသည်။ အကြောင်းရပ်မျှားကို မြန်မာ့စွယ်စုံကျမ်းပါ အကွဲရာစဉ် စနစ်အတိုင်း ဖော်ပြထားခြင်းသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲပါ အကြောင်းရပ်မျှားနှင့် နှစ်ချုပ်ကျမ်းပါ အကြောင်းရပ်မျှားဖြင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန် ဖြစ်ပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်မျှားကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အကွဲရာစဉ်အညွှန်းကိုလည်း ထည့်သွင်း ဖော်ပြထားပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကိုမရှုစားမီ

အပိုင်း တစ်

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်များ .... ၁ – ၃၈

အပိုင်း နှစ်

နှစ်ချုပ်အထူးဆောင်းပါးများ

— ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ၄၀

— ကုလသမဂ္ဂ ဖွံ့ဖြိုးရေးဆယ်စု နှစ် ၅၀

— စနေဂြိုဟ် ၆၀

— ခေတ်သစ် စာကြည့်တိုက်များ ၆၈

အပိုင်း သုံး

ကမ္ဘာ့မျက်မှောက်ရေးရာ ဆောင်းပါးများ

— ၁၉၇၉ – ၈၀ ပြည့်နှစ် ကမ္ဘာ့စီးပွားရေး အခြေအနေ ၇၆

— လေမုန်တိုင်းကြီးများ ၈၂

— ကာကွယ် ထိန်းသိမ်း ပြုပြင်ရမည့် သမိုင်းဝင် အမွေအနှစ်များ ၉၀

— ဓမ္မပဏ္ဏာ မဟာဝိဇယ စေတီတော်ကြီး ၉၆

အပိုင်း လေး

၁၉၈၀ ပြည့်နှစ် အကြောင်းရပ်များ .... ၁၀၃ – ၃၂၀

အကွရာစဉ်အညွှန်း ၃၂၁

အဝိုင်း တစ်

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်များ

၁၉၇၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာဖြစ်ရပ်များကို
နှစ်စဉ် သတင်းမှတ်တမ်းများအဖြစ် ရေးသား ပြုစုဖော်ပြထားပါသည်။





မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ် (၁၉၈၁)

မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်မျှား

















၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်များ

ဇန္နဝါရီလ

တနင်္ဂနွေနေ့		၆	၁၃	၂၀	၂၇
တနလင်္ဂာနေ့		၇	၁၄	၂၁	၂၈
အင်္ဂါနေ့	၁	၈	၁၅	၂၂	၂၉
ဗုဒ္ဓဟူးနေ့	၂	၉	၁၆	၂၃	၃၀
ကြာသပတေးနေ့	၃	၁၀	၁၇	၂၄	၃၁
သောကြာနေ့	၄	၁၁	၁၈	၂၅	
စနေနေ့	၅	၁၂	၁၉	၂၆	

၁ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကွတ်ဗားဟိုင်းသည် အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဖမ်းဆီးထားခြင်းခံနေရသော အမေရိကန် ဓားစာခံများအရေးနှင့် စပ်လျဉ်း၍ အီရန်နိုင်ငံ ခေါင်းဆောင်များအား ကြားဝင်ဖျန်ဖြေရန် တီဟီရန်မြို့သို့ ထွက်ခွာသွားသည်။

၂ အီရန်နိုင်ငံ တီဟီရန်မြို့သို့ဈေက်ရှိနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကွတ်ဗားဟိုင်းသည် အမေရိကန်ဓားစာခံများ အရေးနှင့်စပ်လျဉ်း၍ အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးသည်။

အာဖဂနိစတန်နိုင်ငံအတွင်းသို့ ဆိုဗီယက်တပ်များ ချဉ်းနင်းဝင်ဈေက်မှုကို ကန့်ကွက်သည့်အနေဖြင့် နယူးဒေလီရှိ အာဖဂနိစတန် သံရုံးကို အာဖဂနိစတန် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၆၀ ကျော်တို့က ဝင်ဈေက်သိမ်းပိုက်သည်။

၃ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကွတ်ဗားဟိုင်းအား လုပ်ကြံရန် ပြည်ပသူလျှိများ၏ ကြံစည်ကြိုးပမ်းမှုတရပ်ကို မိမိတို့ ဖော်ထုတ် ဖယ်ရှားလိုက်ရကြောင်း အီရန်အာဏာပိုင်များက ကြေငြာသည်။

ထိုင်းဝန်ကြီးချုပ်ကရီယန်ဆက်ချာမာနန်က ဆိုဗီယက်လုပ်ရပ်သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ချိုးဖောက်ခြင်းဖြစ်ပြီး အာရှနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး တည်ငြိမ်ရေးတို့ကို ခြိမ်းခြောက်ခြင်းဖြစ်သည်။ ထို့ကြောင့် အာဖဂနိစတန်မှ ဆိုဗီယက်တပ်များ အမြန်ဆုံး ရုပ်သိမ်းပေးရန် တိုက်တွန်းသည်။

၄ အမိန့် ကြော်ငြာစာအမှတ် ၂/၈၀ အရ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်ရရှိသူများစာရင်းကို ထုတ်ပြန်ကြေငြာသည်။

အာဖဂနိစတန် နိုင်ငံတွင်းသို့ ဆိုဗီယက်တပ်များဝင်ဈေက် ခဲ့ခြင်းကြောင့် မဟာဗျူဟာလက်နက် ကြီးများ ကန့်သတ် ထိန်းချုပ်ရေးစာချုပ် ဆော့ ၂ ချုပ်ဆိုရေးကို အမေရိကန် အထက်လွှတ်တော်က ဆိုင်းငံ့ထားရန် အမေရိကန်သမ္မတ ကာတာက တိုက်တွန်းသည်။



အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် ဈေက်ရှိနေသော မြန်မာနိုင်ငံတော်သမ္မတကြီး ဦးနေဝင်းအား အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ရှရီနီလန်ဆန်ဂျီဗာရက်ဒီက ပလန်လေဆိပ်မှ ကြိုဆိုနှုတ်ဆက်ခဲ့သည်။

၅ ၅၁ နိုင်ငံ၏မေတ္တာရပ်ခံချက်အရ အာဖဂနိစတန် နိုင်ငံအတွင်းသို့ ဆိုဗီယက်တပ်များ အစုလိုက် အပြုံလိုက် ရှေ့ပြောင်း ထားရှိမှုနှင့်စပ်လျဉ်း၍ အချေအတင် ဆွေးနွေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး စတင်ကျင်းပသည်။

အီဂျစ်နိုင်ငံ ဒုတိယသမ္မတ မူဗရက်သည် အီဂျစ်နှင့် တရုတ် နှစ်နိုင်ငံအကြား ပိုမိုချစ်ကြည် ရင်းနှီးရေးကို ရည်ရွယ်၍ တရုတ်နိုင်ငံတွင် ငါးရက်ကြာ နေထိုင်လည်ပတ်ရန် ပီကင်းမြို့သို့ ဈေက်ရှိသည်။

၆ ဆိုဗီယက် ပြည်ထောင်စုက အာဖဂနိစတန် နိုင်ငံအတွင်း ကျူးကျော်မှုကို ချက်ချင်းရပ်ဆိုင်းရန်နှင့် ဆိုဗီယက်တပ်များ ရုပ်သိမ်းရန် တရုတ်ဒုတိယဝန်ကြီးချုပ် တိန့်ရှောင်ဖိန်က တောင်းဆိုသည်။

ပါလက်စတိုင်ပြဿနာနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ အာရပ်ဆန့်ကျင်ရေးသဘောထားရပ်တည်ချက်နှင့် အီဂျစ်အား စစ်ရေးကူညီ ထောက်ပံ့မှုတို့အတွက် လစ်ဗျနိုင်ငံက တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေး အဆက်အသွယ်များ ဖြတ်တောက်သည်။

၇ စာပေလုပ်သားအဖွဲ့ ကျင်းပရေး ကော်မရှင်က မြို့နယ် စာပေလုပ်သားအဖွဲ့ ကျင်းပရေး ကိုယ်စားလှယ်များကို စာပေလုပ်သားဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်း

မျှားကို ရှင်းလင်းသည်။ စာပေလုပ်သား သတင်းလွှာ ထုတ်ဝေသည်။

အီရန်နန်းကျရှာဘုရင် ကျူးလွန်ခဲ့သော ပြစ်မှုမျှားကို အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းဖြင့် အမေရိကန်ခားစာခံမျှားလွှတ်မြောက်ရေးအတွက် လမ်းပွင့်လာနိုင်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အီရန်ခရီးစဉ်နှင့်စပ်လျဉ်းသောအစီရင်ခံစာတင်သွင်းရာတွင်ပြောကြားသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟာရိုဗရောင်းနှင့် တရုတ်နိုင်ငံ ခေါင်းဆောင်မျှားသည် အမေရိကန်နှင့်တရုတ်ပြည်အကြား မဟာဗျူဟာနှင့် ကာကွယ်ရေး ဆက်သွယ်မှုမျှားတိုးမြှင့်ရန်ရည်ရွယ်၍ ပီကင်းပြည်သူ ခန်းမကြီးတွင် တရားဝင်ဆွေးနွေးသည်။

အီဂျစ်သမ္မတဆဒတ်နှင့် အစွန်ရေးဝန်ကြီးချုပ် ဗယ်ဂင်တို့သည် ပါလက်စတိုင်ကိုယ်ပိုင် အုပ်ချုပ်ရေးနှင့် တကွ အာဖဂန်စတန်၊ အီရန်ပြဿနာများကို အီဂျစ်သမ္မတဆဒတ်၏ နိုင်းမြစ်ကမ်းအပန်းဖြေအိမ်တွင်ပြုလုပ်သော ခုနစ်ကြိမ်မြောက် ထိပ်သီးချင်း အစည်းအဝေးတွင် ဆွေးနွေးသည်။

၈

မြိတ်အရှေ့မြို့နယ်လုံးကျတ် စာတတ်မြောက်အောင်ပဲ့ ကျင်းပသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အာဖဂန်စတန်နိုင်ငံမှ နိုင်ငံခြားတပ်များအားလုံး ရုပ်သိမ်းပေးရေး ဆုံးဖြတ်ချက်ကို ဆိုဗီယက်ပြည်ထောင်စုက ဗီတိုအာဏာသုံးကာ ပယ်ချသည်။

ရိုဒီးဇီးယားပြောက်ကျားခေါင်းဆောင် ရောဗတ်မူဂါဗီကို ထောက်ခံသည့် ဆန္ဒပြကျောင်းသားများသည် နိုင်ကျီးရီးယားမြို့တော်ရှိ ဖြတီသျမဟာမင်းကြီးရုံးကို သိမ်းပိုက်သည်။

၉

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးရေး ဗဟိုအဖွဲ့က ငရဲပန်းစစ်ဆင်ရေးဖြင့် ဖျက်ဆီးပြီးခဲ့သော ဘိန်းခင်းကေ ၁၂၀၀ ခန့်ကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းကြည် စစ်ဆေးကြည့်ရှုသည်။

အာဖဂန်စတန်မှ ဆိုဗီယက်တပ်များ ရုပ်သိမ်းပေးရေး တောင်းဆိုမှုကို ပိတ်ပင်တားဆီးသည့် ဆိုဗီယက် ပြည်ထောင်စု၏ ဗီတိုအာဏာသုံးစွဲမှုကို ချေဖျက် အနိုင်ယူရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အာဖဂန်စတန်အရေးနှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂ အထွေထွေညီလာခံအရေးပေါ် အစည်းအဝေးကျင်းပပေးရန် တောင်းဆိုသည်။

မက္ကာမြို့ရှိအစွလာမ်ဝတ်ကျောင်းတော်ကို စီးနင်းတိုက်ခိုက်သိမ်းပိုက်ခဲ့ကြသော အကြမ်းဖက်အုပ်စုမှ အဖွဲ့ဝင် ၆၃ ဦးတို့အား ကွပ်မျက်လိုက်ကြောင်း ဆအူးဒီအာရေဗျ ပြည်ထဲရေးဝန်ကြီးဌာနက ကြေငြာသည်။

အိန္ဒိယဝန်ကြီးချုပ် ချာယန်ဆင်းသည် မိမိအစိုးရအဖွဲ့၏ နုတ်ထွက်စာကို သမ္မတ ဆန်ဂျီဗာရက်ဒီထံတွင် တရားဝင်တင်သွင်းသည်။

၁၀

အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဖမ်းဆီးထားသော ခားစာခံများအား အကာအကွယ်ပေးရေးအတွက် အရေးပေါ် ဆောင်ရွက်ရန် အမေရိကန် ပြည်ထောင်စု၏ မေတ္တာရပ်ခံချက်ကို အပြည်ပြည်ဆိုင်ရာ တရားရုံးက စတင်ကြားနာသည်။

အင်ဒီရာဂန္ဒီအား ကွန်ဂရက် (အင်ဒီရာအုပ်စု) ပါတီ၏ ပါလီမန်အမတ်များ ခေါင်းဆောင်အဖြစ် ရွေးချယ် တင်မြှောက်သည်။

၁၁

ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ စင်္ကာပူ၊ ဆအူးဒီအာရေဗျ၊ အိုမန်၊ ကိုလံဗီယာ၊ ဂမ်ဗီယာ၊ဟွန်းဒူးရပ်နှင့် ပါပူအာနယူးဂီး နီ နိုင်ငံတို့က ဦးစီးဦးဆောင်ပြုကာ အာဖဂန်စတန်မှ နိုင်ငံခြားတပ်များ ခြွင်းချက်မရှိ ချက်ချင်း ရုပ်သိမ်းပေးရေးအဆိုမူကြမ်းကို ကုလသမဂ္ဂအထွေထွေ ညီလာခံအစည်းအဝေးသို့ တင်သွင်းသည်။

အာဖဂန်စတန်နိုင်ငံတွင် ဆိုဗီယက်၏ စစ်ရေးစွက်ဖက်မှုကို မလိုလားကြောင်း ပြသသည့်အနေဖြင့် ဂျပန်နိုင်ငံသို့ ဆိုဗီယက်ပြည်ထောင်စုက လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မှုကို ရွှေဆိုင်းထားရန်အတွက် ဆိုဗီယက် ပြည်ထောင်စုအား အကြောင်းကြားရန် ဂျပန်ပါလီမန်က ဆုံးဖြတ်သည်။

၁၂

၁၉၈၀ ပြည့်နှစ် မတ်လ ၂ ရက်နေ့တွင် မြို့နယ်တိုင်း၌ ကျင်းပမည့် တောင်သူ လယ်သမားနေ့ အခမ်းအနားကိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းသည်။

ဆာထူးမှုဖြတ်ချခံရသော ယူဂန်းဒါးသမ္မတ အာမင်ကိုစွန့်စပ်လျဉ်းပြီး မသင့်မတင့်ဖြစ်ရာမှ ဆယ်လကြာ ပိတ်ထားခဲ့ရသော ဆူဒန်နှင့်ယူဂန်းဒါး နှစ်နိုင်ငံနယ်စပ်ကို ပြန်လည်ဖွင့်လှစ်သည်။

၁၃

၃၃ နှစ်မြောက် ပြည်ထောင်စုနေ့တွင် ပြည်နယ်နှင့် တိုင်းအလိုက် ပြခန်း ၁၄ ခန်းနှင့် ဝန်ကြီးဌာန ပြခန်း ၁၁ ခန်း ဖွင့်လှစ်ပြသသည်။

အာဖဂန်စတန်နိုင်ငံတွင် အာဏာရရှိလာသော ဗာဗရက်ကာမဲခေါင်းဆောင်၍ အစိုးရနှင့်ပါတီ သီးခြားအဖွဲ့အစည်းခြောက်ရပ်ဖြင့် ဆိုဗီယက်ပုံစံအစိုးရသစ်ကို ဖွဲ့စည်းသည်။

၁၄

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်းသို့ သွားရောက် စစ်ဆေးသည်။



အမေရိကန် ဝေးစာခံများ အရေးကို အီရန်အာဏာပိုင်များနှင့် ညှိနှိုင်းပြီး အောင်မြင်မှု မရပဲအီရန်နိုင်ငံမှ ပြန်လည်ထွက်ခွါလာသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်း

ပထမအကြိမ် စာပေလုပ်သားညီလာခံကျင်းပရေးကော်မရှင်၏ စာပေလုပ်သားဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း မှင်းလင်းပွဲကို ကမ္ဘာအေးကုန်းမြေ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အီရန်နိုင်ငံတွင် အမေရိကန်ဝေးစာခံများ ပမ်းဆီးထား မှုနှင့်ပတ်သက်၍ အီရန်အား ပိတ်ဆို့မှုများ ပြုလုပ်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် တောင်းဆိုထားသည့် အမေရိကန် ပြည်ထောင်စု၏ဆုံးဖြတ်ချက်ကို ဆိုဗီယက် ပြည်ထောင်စုက ဗီတိုအာဏာသုံး၍ ပယ်ချသည်။

အိန္ဒိယ အောက်လွှတ်တော်တွင် အမတ်နေရာ ၃၅၁ နေရာ အနိုင်ရရှိခဲ့သော မစွက်အင်ဒီရာဂန္ဓီသည် ဝန်ကြီးနှင့် လက်ထောက်ဝန်ကြီး ၂၁ ဦးပါဝင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းပြီး ဝန်ကြီးချုပ်အဖြစ် နယူးဒေလီတွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။

အာဖဂန်စတန်နိုင်ငံမှ ဆိုဗီယက်တပ်များ ခြွင်းချက် မရှိ လုံးဝရုပ်သိမ်းပေးရန် တောင်းဆိုချက်ကို လေးရက်ကြာ အပြင်းအထန်ဆွေးနွေးပြီးနောက်ထောက်ခံမဲ ၁၀၄ မဲ၊ ကန့် ကွက်မဲ ၁၈ မဲ၊ ကြားနေမဲ ၁၈ မဲတို့ဖြင့် ကုလသမဂ္ဂအထွေ ထွေညီလာခံက အတည်ပြုသည်။

ရန်ကုန်မြို့သို့ထွက်ရှိနေသောတရုတ်ပြည်သူသမ္မတ နိုင်ငံ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလှပေ အမှူးပြုသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် နှစ်နိုင်ငံယဉ်ကျေးမှုကိစ္စရပ်များကို ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးရုံးခန်းတွင် ဆွေးနွေးသည်။

ဒေတာစကတ်မြို့တော်ဝန်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည့် အဇ္ဇဒယ်ရော့ဖကက်ဆင်သည် ဆီးရီးယားဝန်ကြီး ချုပ် မိုဟာမက်အလီဟာလာဘီ၏နေထုတွင် အစားထိုးတာဝန်ယူကာ အစိုးရသစ်ဖွဲ့စည်းသည်။

လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုလုပ်သော အခြေခံပျားမွေးမြူရေးသင်တန်း အမှတ်စဉ် ၂ နှင့် အခြေခံပျားမွေးမြူရေးသင်တန်းအမှတ်စဉ် ၃ သင်တန်း ဆင်းပွဲနှင့် သင်တန်းအတွက်ပျားအုံများနှင့် အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲကို ရန်ကုန်မြို့ ပြည်လမ်း ခုနစ်မိုင်ခွဲရှိ ပျားဂေဟာတွင်ကျင်းပသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပသော ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသ ပါလက် စတိုင် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့်စပ်လျဉ်းသော ညှိနှိုင်းဆွေးနွေးပွဲ၌ အစွန်ရေးဘက်မှ တင်ပြသော ယင်းဒေသနှစ်ခု စလုံးတွင် ရွေးချယ် တင်မြှောက်သော ပါလက်စတိုင် ကောင်စီအား အာဏာကန့်သတ်ပေးထားရန် အစီအစဉ်ကို အီဂျစ်က ပယ်ချသည်။

တိုကျိုမြို့ရှိ ဝါဆေဒါတက္ကသိုလ်မှ သိပ္ပံပညာရှင်အဖွဲ့တဖွဲ့သည် သာမန်ခေတ်ဆီထက် စွမ်းအင်ပိုမိုမြင့်မားသော ရေနှေးခေတ်ဆီလောင်စာသစ်တမျိုးကို အောင်မြင်စွာ ထုတ်လုပ်သည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ဂဠုန်စီမံချက် ၁/၈၀ ပါ လုပ်ငန်းအားလုံးကို စတင် အကောင်အထည်ဖော်လုပ်ဆောင်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်၏ ဝါရင့်အကြံပေးအရာရှိ ဖိလစ်ဟာဗစ်နှင့် ဂျပန် ယာယီနိုင်ငံခြားရေးဝန်ကြီး မာဆာတိုရှိအိတို တို့သည် တိုကျိုမြို့တွင် တွေ့ဆုံ ဆွေးနွေးပြီး အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့အရေးယူရေးအတွက် အမေရိကန်နှင့် ပူးပေါင်းလက်တွဲရန် ဂျပန်နိုင်ငံက မူအားဖြင့် သဘောတူညီသည်။

မူးယစ်ဆေးဝါး ကာကွယ်ရေး ဗဟိုအဖွဲ့ ဒေသဆိုင်ရာ အစည်းအဝေးကို ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အလုပ်သမား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဌာန ဝန်ကြီး ဦးမြမောင်သည် နှုတ်ဆောက်ပြင့်ကွယ်လွန်သည်။

ဆိုဗီယက်ပြည်ထောင်စုသည် အာဖဂန်စတန်နိုင်ငံရှိ ယင်း၏တပ်များကို တလအတွင်း မရုပ်သိမ်းလျှင် မော်စကိုမြို့တွင် ကျင်းပမည့် နွေရာသီအိုလင်းပစ်ပွဲကို အမေရိကန်က သပိတ်မှောက်ရန် သမ္မတကာတာက တိုက်တွန်းသည်။

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်များ

၂၁ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးမစွတာယိုချုံမင်း ဦးဆောင်သော ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ပိုင်းတွင် လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာသွားသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၁၉ ရက်ကြာ ကျင်းပမည့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးညီလာခံကို စတင်ကျင်းပရာ နိုင်ငံပေါင်း ၁၂၀ မှ ကိုယ်စားလှယ်များတက်ရောက်သည်။

၂၂ ပါလက်စတိုင် ကိုယ်ပိုင်အုပ်ချုပ်ရေး ကိစ္စစေ့စပ်ဆွေးနွေးမှုများတွင် တင်းမာနေသော အခြေအနေများကို အီဂျစ်ခေါင်းဆောင်များနှင့် စေ့စပ်ဆွေးနွေးရန် အစ္စရေးကာကွယ်ရေးဝန်ကြီး ဝိုက်ဇမန်းသည်တဲအဗစ်မြို့မှ ကိုင်ရိုမြို့သို့ ထွက်ခွာသွားသည်။

၂၃ အာဖဂန်စတန်နိုင်ငံ၌ ဆိုဗီယက်စစ်ရေးစွက်ဖက်မှုကို ရှုတ်ချလိုက်ပြီး ပင်လယ်ကွေဒေသကို ထိန်းချုပ်ရယူရန် မည်သည့်ကြိုးပမ်းမှုကိုမဆို တွန်းလှန်ရေးအတွက်လို အပ်ပါက စစ်အင်အားသုံးရန် အသင့်ရှိကြောင်းအမေရိကန် သမ္မတကာတာက ကြေငြာသည်။

၂၄ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သမ္မတကြီးဦးနေဝင်းသည် ၁၉၇၀ ပြည့်နှစ်ဇန္နဝါရီလ ၁၅ ရက်နေ့မှ ဇန္နဝါရီလ ၂၄ ရက်နေ့အထိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေများသို့ လှည့်လည်စစ်ဆေးကြည့်ရှုသည်။

အာဖဂန်စတန်နိုင်ငံသို့ ဆိုဗီယက်ကျူးကျော် ဝင်ရောက်မှုကို အကြောင်းပြု၍ ဗြိတိန်နိုင်ငံက ဆိုဗီယက်ပြည်ထောင်စုနှင့် နောက်ထပ်အသိပေး အကြောင်းကြားမှု မပြုမချင်း ဝန်ကြီးအဆင့်နှင့် ထိပ်တန်း အရာရှိများအဆင့် ဆက်ဆံမှုများအားလုံး ဖြတ်တောက်လိုက်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လော့ဒ်ကာရင်တန်က ဗြိတိန်နိုင်ငံ အထက်လွှတ်တော်တွင် ထုတ်ဖော်ကြေငြာသည်။

၂၅ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့၏ ၁၉၇၉ ခုနှစ် ဝတ္ထုရှည် စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့တော်ခန်းမတွင် စတင်ကျင်းပသည်။

၂၆ ကုန်သွယ်ရေးဝန်ကြီးဌာန လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ် ခြံမြေထွက် ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်း၏ ၁၉၇၈–၇၉ ခုနှစ်အတွက် စပါးဝယ်ယူရေးကာလတွင် စပါးအဝယ်ဒိုင်ပေါင်း ၈၉၈ ဒိုင်အနက် စပါးအဝယ်ဒိုင် ဒုတိယဆုရသော အုတ်ပိုမြို့နယ် သူရိယစန္ဒာ စပါးအဝယ်ဒိုင်အား ဆုချီးမြှင့်ပွဲ အခမ်းအနားပြုလုပ်သည်။

၂၇ မူဆလင် နိုင်ငံခြားရေး ဝန်ကြီးများ၏ အထူးညီလာခံကို ပါကစ္စတန်နိုင်ငံ၏မြို့တော်အစ္စလာမ်မာဗတ်မြို့၌ စတင်ကျင်းပသည်။ အာဖဂန်စတန်၌ ဆိုဗီယက်တို့က စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်မှုအား ပူးတွဲတိုက်ခိုက်ရန် မူဆလင်နိုင်ငံများအား ညီလာခံက တိုက်တွန်းသည်။

ယင်းညီလာခံတွင် ရှိမေနီးယားမှတပါး ဆိုဗီယက်ပြည်ထောင်စုနှင့်တကွ ဝါဆောစာချုပ်အဖွဲဝင် နိုင်ငံအားလုံးမှ ကိုယ်စားလှယ်များမတက်ရောက်ကြပဲသပိတ်မှောက်သည်။

၂၈ အီရန်နိုင်ငံ၏ ပထမဆုံးအကြိမ် သမ္မတရွေးကောက်ပွဲတွင် အီရန် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ အသက် ၄၆ နှစ်ရှိ ဗာနီဆာဒါ အနိုင်ရရှိသည်။

အီရန်နိုင်ငံ၏ ပထမဆုံးအကြိမ် သမ္မတ ရွေးကောက်ပွဲတွင် ဗာနီဆာဒါသည် မဲအပြတ်အသတ်ဖြင့် အောင်ပွဲခံအနိုင်ရရှိသည်။ ဗာနီဆာဒါက တိုင်းပြည်အာဏာကို စစ်သွေးကြွနေသော ကျောင်းသားများနှင့်ခွဲဝေယူမည်မဟုတ်ဟု ချက်ချင်းကြေငြာသည်။

၂၉ ပြည်ထောင်စု အလံတော်အား မြို့တော်ခန်းမလသာဆောင် စင်မြင့်သို့ ထုတ်ယူစိုက်ထူဂုဏ်ပြုပွဲနှင့် လုပ်သားပြည်သူများ၏ အလေးပြုခံယူသည့် အခမ်းအနားကို ကျင်းပသည်။

ပြင်သစ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့ အချိန်မှန်ညှိနှိုင်းတိုင်ပင်မှုများကို နှစ်နိုင်ငံ၌ တလှည့်စီကျင်းပပြုလုပ်ရန် ပြင်သစ်သမ္မတ ဒက်စတိုင်းနှင့် အိန္ဒိယဝန်ကြီးချုပ်အင်ဒီရာဂန္ဒီတို့က ဆုံးဖြတ်လိုက်ကြောင်း နှစ်နိုင်ငံပူးတွဲ ကြေငြာချက်တရပ် ထုတ်ပြန်သည်။

အီရန်နိုင်ငံတွင် အမေရိကန်ခံစားစာခံများကို ဖမ်းဆီးချုပ်ခြင်း ကနေဒါသံရုံးသို့ ထွက်ပြေးရောက်ရှိလာသော အမေရိကန် သံတမန်ခြောက်ဦးကို အီရန်နိုင်ငံမှ ထွက်ခွာလွတ်မြောက်သွားအောင် တီဟီရန်ရှိ ကနေဒါသံအမတ်ကြီးက ကူညီခဲ့ကြောင်း မွန်ထရီယယ်မြို့ထုတ် လာပရက် သတင်းစာ၏ ရေးသားဖော်ပြချက်ကို ကနေဒါဝန်ကြီးချုပ် ဂျိုးကလပ်က အတည်ပြုသည်။

၃၀ ရန်ကုန်မြို့တော်ခန်းမတွင် တနှစ်တာရပ်နားခဲ့သည့် ပြည်ထောင်စုအလံတော်သည် ပြည်နယ်နှင့် တိုင်းများသို့ ယနေ့စတင်ခရီးလှည့်လည်သည်။

မော်တင်စွန်းမှ ဂွမ်မြို့အကြား ရခိုင် ကမ်းရိုးတန်းအနီးတွင် မီးပြတိုက်သစ်တခု တည်ဆောက်ပြီးစီးသည်။

အာဖဂန်စတန်တွင် ဆိုဗီယက် ဝင်ရောက်စွက်ဖက်မှုကို တုံ့ပြန်ရေးအတွက် အမေရိကန်သမ္မတ ကာတာနှင့်တကွ အခြားအမေရိကန်ခေါင်းဆောင်များနှင့်ဆွေးနွေးရန် ဩစတြေးလျဝန်ကြီးချုပ် ဖရေဇာသည် ဝါရှင်တန်မြို့သို့ထွက်ရှိလာသည်။

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်များ

၃၁ ၃၃ နှစ်မြောက် ပြည်ထောင်စုအလံတော် သယ်ယူရေး အစီအစဉ်အရ မော်လမြိုင်မြို့တွင် တညတာ ရပ်နားသည်။

၁၉၈၀ ပြည့်နှစ် တောင်သူလယ်သမားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းစည်းဝေးသည်။

ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး အင်ဒရူးပီးကော့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ကရီယန်ဆက်ချာမာနန်နှင့် အာဖဂနိစတန်နှင့်တကွ အရှေ့တောင်အာရှ ကိစ္စရပ်များ ကိုဗန်ကောက်မြို့တွင် ဆွေးနွေးကာ ယင်း၏ ထိုင်းနိုင်ငံ ခရီးစဉ်ကို စတင်သည်။

ဖေဖွာရီလ

တနင်္ဂနွေ့		၃	၁၀	၁၇	၂၄
တနလ်ာနေ့		၄	၁၁	၁၈	၂၅
အင်္ဂါနေ့		၅	၁၂	၁၉	၅၆
ဗုဒ္ဓဟူးနေ့		၆	၁၃	၂၀	၂၇
ကြာသပတေးနေ့		၇	၁၄	၂၁	၂၈
သောကြာနေ့	၁	၈	၁၅	၂၂	၂၉
စနေနေ့	၂	၉	၁၆	၂၃	

၁ ပြည်ထောင်စုအလံတော် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိသည်။

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဂိုဏ်း ပေါင်းစုံသံဃာ့စည်းဝေးပွဲဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင်ဆရာတော်များ အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္မူဒီပကျောင်းဆောင် ခန်းမတွင် ကျင်းပသည်။

၂ ပြည်ထောင်စုအလံတော် ကယားပြည်နယ် လွှိုင်ကော်မြို့သို့ ရောက်ရှိသည်။

အင်ဒိုနီးရှားသမ္မတ ဖလားဗိုလ်လုပွဲမှ ဆိုဗီယက် လက်ဝှေ့သမားများ နုတ်ထွက်သည်။

၃ ပြည်ထောင်စု အလံတော် မန္တလေးမြို့သို့ ရောက်ရှိသည်။

၂၈ ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်း အနိုင်ရသည်။

ဘင်္ဂလားဒေ့ရှ ပြည်သူသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီး မစ္စတာ အေအက်အမ် မူစတာဖီဇာရာမန်နှင့်ဇနီး ခေါင်းဆောင်သည့် ချစ်ကြည်ရေး အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ဆိုက်ရောက်သည်။

၄ ပြည်ထောင်စု အလံတော်စစ်ကိုင်းမြို့သို့ ရောက်ရှိသည်။

လောပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ မြန်မာနိုင်ငံမှ ပဉ္စမအကြိမ်မြောက် ကောက်နှံမျိုးစပါး တန်ချိန် ၅၀ ပေးအပ်ပွဲကို လောနိုင်ငံတဘက်ကမ်း တုံဖိန်မြို့နယ် မိန်းမောင်ရွာတွင် ကျင်းပသည်။

၅ ပြည်ထောင်စုအလံတော် ချင်းပြည်နယ် မင်းတပ်မြို့သို့ ရောက်ရှိသည်။

ပြင်သစ်အစိုးရက လစ်ဗျနိုင်ငံရှိ ပြင်သစ် သံအမတ်ကြီးနှင့်သံရုံးဝန်ထမ်းများကို ပြန်လည် ခေါ်ယူသည်။

အာဖဂနိစတန်ကိစ္စ ဆွေးနွေးရန် ဩစတြေးလျဝန်ကြီးချုပ် ဖရေဇာသည် ပြင်သစ်သမ္မတ ဂျစ်စကတ်ဒက်စတိုင်းထံ ရောက်ရှိသည်။

၆ ပြည်ထောင်စု အလံတော် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။

မြန်မာနိုင်ငံသို့ရောက်ရှိနေသောဘင်္ဂလားဒေ့ရှ ပြည်ထဲရေးဝန်ကြီး မစ္စတာ အေ အက် အမ် မူစတာဖီဇာရာမန်သည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယုနှင့် နိုင်ငံတော်ကောင်စီရုံးခန်း၌ တွေ့ဆုံသည်။

အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့သည် ဂျပန်နိုင်ငံတိုကျိုမြို့၌ ယာယီပြန်ကြားရေးဌာနတခု ဖွင့်လှစ်သည်။

၇ ပြည်ထောင်စုအလံတော် ရှမ်းပြည်နယ် ကျိုင်းတုံမြို့သို့ ရောက်ရှိသည်။

အာဖဂနိစတန်နိုင်ငံအတွင်း ဆိုဗီယက်တို့ ဝင်ရောက်စွက်ဖက်မှုကို ကန့်ကွက်သောအားဖြင့် အာဖဂနိစတန်နိုင်ငံနှင့် သံတမန် ဆက်သွယ်မှုကို မလေးရှားနိုင်ငံက ရပ်ဆိုင်းလိုက်သည်။

၈ ပြည်ထောင်စု အလံတော် မကွေးမြို့သို့ ရောက်ရှိသည်။

၃၃ နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယုနှင့်အဖွဲ့သည် တိုင်းနှင့်ပြည်နယ်အသီးသီးမှ ရောက်ရှိလာသော ကိုယ်စားလှယ်တော်များနှင့် ကမ္ဘာအေးကုန်းမြေတည်းခိုရိပ်သာတွင် တွေ့ဆုံနှုတ်ဆက်သည်။

၉ ပြည်ထောင်စု အလံတော်ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

ပြည်ထောင်စုပြခန်းများ စတင်ဖွင့်လှစ်သည်။

အာဖဂနိစတန်အား ဆိုဗီယက်က စစ်ရေး ဝင်စွက်မှုကို လက်တွံ့ပြန်သည့်အနေဖြင့် ဂျပန်နိုင်ငံက ဆိုဗီယက် ပြည်ထောင်စုသို့ အဆင့်မြင့်နည်းပညာဆိုင်ရာ စက်မှုပစ္စည်းများ တင်ပို့မှုကို ရပ်ဆိုင်းပိတ်ပင်သည်။

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်များ



၁၃ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သမ္မတကြီးဦးနေဝင်းသည် အင်းလျားကန်ဟိုတယ်ရှိ ၁၇ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲပဏာမ ခင်းကျင်းပြသမှုကို စစ်ဆေးကြည့်ရှုသည်။

၁၄ နှစ်နိုင်ငံဆက်ဆံမှုတိုးတက်ရေးကိုအဓိကထား၍ အိန္ဒိယနှင့် ဆိုဗီယက်နိုင်ငံတို့ နှစ်ရက်ကြာဆွေးနွေးပြီးနောက် နှစ်နိုင်ငံပူးတွဲ ကြေငြာချက်ထုတ်ပြန်သည်။

၁၅ မြန်မာနိုင်ငံ သူနာပြုများ အသင်း၏ ၂၆ ကြိမ်မြောက် ညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ချင်းပြည်နယ်မတူပီမြို့မှ ငါးမိုင်အကွာ မတူပီမင်းတပ်အကြားရှိ ပေ ၂၄၀ ရှိသည့် လည်ပျိုသံတံတားဖွင့်လှစ်ပွဲ ကျင်းပသည်။

၁၆ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သမ္မတကြီး၏ဇနီး ဒေါ်နီနီမြင့်နှင့်အဖွဲဝင်များသည် ကျိုက္ကဆံကွင်းရှိ ၃၃ နှစ်မြောက် ပြည်ထောင်စုနေ့ ပြခန်းများကိုသွားရောက်ကြည့်ရှုသည်။

၁၇ လန်ဒန်မြို့၌ ကျင်းပမည့် အိုပက်အဖွဲ့ ညီလာခံသို့ အီရန်နိုင်ငံက တက်ရောက်မည် မဟုတ်ကြောင်း ကြေငြာသည်။

ဆိုဗီယက်၏ခြိမ်းခြောက်မှုကို တန်ပြန်ရန်အတွက် အစွလာမ်အုပ်စုဖွဲ့စည်းရန် သမ္မတ ကာတာ၏ တိုက်တွန်းချက်ကို ကုဝိတ်နိုင်ငံက ပယ်ချသည်။

၁၈ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပဉ္စမအစည်းအဝေးကို ရန်ကုန်မြို့၌ ၁၉၇၀ ပြည့်နှစ် မတ်လ ၁၇ ရက်နေ့နံနက် ၁၀ နာရီအချိန်တွင် စတင်ခေါ်ယူကြောင်း ကြေငြာသည်။

အာရုပ်ကမ္ဘာတွင် ပထမဦးဆုံး အစွရေးသံရုံးကို ကိုင်ရှိမြို့၌ ဖွင့်လှစ်သည်။

ကနေဒါနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟောင်း ထရူးဒိုးပြန်လည် အာဏာရရှိလာသည်။

ပိုလန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် စီးပွားရေးပညာရှင်နှင့် သတ္တုတွင်းတူးသမားဟောင်းဖြစ်သူ အက်ဒွပ်ဘာဘီအုချ တင်မြောက်ခံရသည်။

၁၉ ပထမအကြိမ် 'ဝ' တိုင်းရင်းသားနှစ်သစ်ကူးပွဲတော်နေ့ဖြစ်သည်။

၂၃ နှစ်မြောက် ပြည်ထောင်စုနေ့ ဆွေးနွေးပွဲတွင် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယုက သဘာပတိအဖွင့်မိန့်ခွန်း ပြောကြားသည်။

၁၀ ပြည်ထောင်စု အလံတော် ပုသိမ်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းသည် ရန်ကုန်မြို့ကျိုက္ကဆံကွင်းရှိ ၂၃ နှစ်မြောက်ပြည်ထောင်စုနေ့ ပြခန်းများကို သုံးနာရီကြာမျှလှည့်လည်ကြည့်ရှုသည်။

၁၁ ပြည်ထောင်စု အလံတော် ပဲခူးမြို့သို့ရောက်ရှိသည်၊ နိုင်ငံတော်သမ္မတကြီးဦးနေဝင်းနှင့်ဇနီးဒေါ်နီနီမြင့်တို့သည် အလုံလမ်းသမ္မတအိမ်တော်တွင် ၂၃ နှစ်မြောက် ပြည်ထောင်စုနေ့ ညှဉ်ခံပွဲနှင့် ညစာ စားပွဲကျင်းပသည်။

၁၂ ၂၃ နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်သည်။

ပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်နယ်၊ တိုင်းနယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မော်စကို အိုလင်းပစ်ပွဲတော်ကို စီစဉ်ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရန် နိုင်ငံတကာအိုလင်းပစ်ကော်မတီက ဆုံးဖြတ်သည်။

၁၃ ၂၃ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် အထူးဖိတ်ကြားထားသော ညှဉ်သည်တော်များအား ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသူရကျော်ထင်က ရန်ကုန်တိုင်း စစ်ဌာနချုပ် စုပေါင်းရိပ်သာ၌ ညှဉ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ တည်ခင်းသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ အဖွဲဝင်အဖြစ် နုတ်ထွက်သွားသော အမေရိကန်နိုင်ငံသည် အဖွဲဝင်အဖြစ် ပြန်လည်ပါဝင်ရန် ဆုံးဖြတ်သည်။

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်များ

ခေါင်းဆောင်သည့် စီးပွားရေး ကိုယ်စားလှယ် အဖွဲ့သည် ဒုတိယဝန်ကြီးချုပ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသူရဦးထွန်းတင်အား ဝန်ကြီးများရုံးသို့ သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

၂၆ ၁၉၇၈–၇၉ ခုနှစ်အတွက် ရွေးချယ်ခြင်းခံရသော စံပြလုပ်သားများအား ဆုတံဆိပ်နှင့် ဆုလက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်ကမ္ဘာအေးကုန်းမြေ စံပြ လုပ်သားတည်းခိုခန်းမဆောင်တွင် ကျင်းပသည်။

အီရတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ စီးပွားရေးနှင့်စက်မှု သဘောတူ စာချုပ်ကို ဘဂ္ဂဒက်မြို့တွင် ချုပ်ဆိုသည်။

အီဂျစ်နိုင်ငံဆိုင်ရာ ပထမဆုံး အစွမ်းရေး သံအမတ်ကြီး ဗင်အဲလလိုက်ဇာ၏ သံအမတ် ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားကို ကိုင်ရိမြို့လယ်ရှိ အက်ဒင်နန်းတော်၌ ကျင်းပသည်။ အစွမ်းရေး သံအမတ်ကြီး ဗင်အဲလလိုက်ဇာက ၎င်း၏သံအမတ် ခန့်အပ်လွှာကို အီဂျစ်သမ္မတ အနှစ်၀ါ ဆဒတ်ထံသို့ ပေးအပ်သည်။

၂၇ မွန်ပြည်နယ် ရာမည စက်စဲစခန်းနှင့် ရေနံသာ အပန်းဖြေစခန်းများတွင် အပန်းပြေ အနားယူကြ မည့် စံပြလုပ်သားများ ရန်ကုန်ဘူတာကြီးမှထွက်ခွာသည်။

အီရန်နိုင်ငံက ရေနံထုတ်လုပ်မှုကို လျော့ချလိုက်သော်လည်း အိန္ဒိယနိုင်ငံသို့ ရေနံစိမ်း တန်ချိန်ငါးသိန်းကို ယခု နှစ်အတွင်းပြန်ပြုပေးရန် အီရန်နိုင်ငံ ရေနံဝန်ကြီးနှင့်အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန်တို့သဘောတူ ဆွေးနွေးကြသည်။

၂၈ အီဂျစ်၊ အစွမ်းရေးနှင့် အမေရိကန် ပြည်ထောင်စု တို့၏ ပါလက်စတိုင် ကိုယ်ပိုင်အုပ်ချုပ်ရေး ဆွေးနွေးပွဲသည် သဘောတူညီချက် သုံးချက်ရရှိပြီး ရပ်ဆိုင်းလိုက်သည်။

၂၉ ရွှေတိဂုံစေတီတော်ကြီး၏ ၂၅၆၈ နှစ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်နေ့ဖြစ်သည်။

နိုင်ငံတော် သမ္မတကြီးဦးနေဝင်းသည် အင်လျားကန် ဟိုတယ်ရှိ ၁၇ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲရှိ ပုလဲတွဲများ လေလံတင်ဆောင်းချမှုကို လည်းကောင်း၊ ကျောက်မျက်ရတနာပြခန်းနှင့် ကျောက်စိမ်းပြခန်းတို့ကို လည်းကောင်း လေးနာရီကျော်ကြာမျှ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အသေးစိတ်ညွှန်ကြားသွားသည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ကရီယန်ဆက်ချာမာနန်သည် မိမိအစိုးရအဖွဲ့၏ စီးပွားရေးမူဝါဒများနှင့် ပတ်သက်၍ ခုခံ ရှင်းလင်းတင်ပြရန်ခေါ် ယူကျင်းပသော အထက်နှင့်အောက် လွှတ်တော်နှစ်ရပ်ပေါင်း ပူးတွဲကျင်းပသည့် အထူးအစည်း အဝေးတွင် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေငြာသည်။

၃၀ အီရန်နိုင်ငံသမ္မတ ဗာနီဆာဒါအား အီရန်တပ်ပေါင်း စု ဦးစီးချုပ်အဖြစ် အီရန်ဘာသာရေးခေါင်းဆောင် အယာ တိုလာခိုမေနီက တာဝန်ပေးအပ်သည်။

ထိုင်းနိုင်ငံမြောက်ပိုင်း ဘိန်းခင်းသုတ်သင်ရေး စီမံကိန်း တရပ်ကို ဒေါ်လာ ၃ ဒသမ ၇ သန်း အကုန်အကျခံကာ အကောင်အထည် ဖော်ရန် သဘောတူညီချက် တရပ်ကို ထိုင်းနိုင်ငံနှင့် ကုလသမဂ္ဂတို့ လက်မှတ်ရေးထိုးသည်။

၂၃ အမေရိကန်၏ ခေတ်မီ အက်ဖ ၁၆ စစ်လေယာဉ် များကို အီဂျစ်သို့ရောင်းချရန် အမေရိကန် သမ္မတ ကာတာက ဆုံးဖြတ်သည်။

၂၁ ရန်ကုန်မြို့ အင်လျားကန် ဟိုတယ်တွင် ခင်းကျင်း ပြသ ရောင်းချမည့် ၁၇ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံတော် ကောင်စီဝင်များ၊ ဗဟိုအာဏာပိုင်အဖွဲဝင်များ၊ စာနယ်ဇင်းကော်ပိုရေးရှင်းမှ ဦးဆောင်သူနှင့်ကြားရေးမှူးများ၊ ပြည်တွင်းပြည်ပ စာနယ် ဇင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသွားရောက်ကြည့်ရှုသည်။

၂၂ လွတ်လပ်ရေး မော်ကွန်းတင်လုပ်ငန်းများ ဆက် လက် ဆောင်ရွက်နိုင်ရန် လွတ်လပ်ရေးမော်ကွန်း ကော်မတီကို နိုင်ငံတော် ကောင်စီရုံးမှ အမိန့်ကြော်ငြာ စာဖြင့် ပြင်ဆင်ဖွဲ့စည်းသည်။

အာဖရိကနိုင်ငံများ၏ မေတ္တာရပ်ခံချက်အရ ကုလ သမဂ္ဂအတွင်းရေးမှူးချုပ် ကွတ်မားဟိုင်းသည် ရွှေအပတ် အတွင်းကျင်းပမည့် ရွေးကောက်ပွဲ၌ လေ့လာစစ်ဆေးရန် အဖွဲဝင်လေးဦးပါဝင်သော အဖွဲကို ရှီဒီးဇီးယားနိုင်ငံသို့ စေလွှတ်သည်။

၂၄ တပ်မတော် (ကြည်း) အလုပ်သင်ဗိုလ်လောင်း သင်တန်း အမှတ်စဉ် ၇ သင်တန်းဆင်းပွဲ ကျင်းပ သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီ၊ ပူနာနှင့် ဘန်ဂလိုမြို့များတွင် ကျင်းပမည့် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ အပူပိုင်း ဒေသ ပျားမွေးမြူရေး ညီလာခံသို့တက်ရောက်ရန် အဖွဲဝင် ၁၂ ဦး ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယ နိုင်ငံသို့ ထွက်ခွာသည်။

၂၅ ကနေဒါနိုင်ငံ အစိုးရ အပြည်ပြည်ဆိုင်ရာ တိုးတက် ပွားပြိုးရေး အေဂျင်စီ၏ ထောက်ပံ့ငွေ ကျပ် သန်း ၃၀ ခန့်ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့သော သစ်လုပ် ငန်း ကော်ပိုရေးရှင်း ပင်မအလုပ်ရုံကို လွှဲပြောင်းပေးအပ် သည်။

၂၇ မြန်မာနိုင်ငံသို့ ထောက်ပို့နေသော ပြည်ထောင်စု သမ္မတကျွမ်းကျင်နိုင်ငံမှ ဒေါက်တာ ဖရန့်ကလင်ဆာ

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်မျှား

မတ်လ

တနင်္ဂနွေနေ့	၂	၉	၁၆	၂၃	၃၀
တနင်္လာနေ့	၃	၁၀	၁၇	၂၄	၃၁
အင်္ဂါနေ့	၄	၁၁	၁၈	၂၅	
ဗုဒ္ဓဟူးနေ့	၅	၁၂	၁၉	၂၆	
ကြာသပတေးနေ့	၆	၁၃	၂၀	၂၇	
သောကြာနေ့	၇	၁၄	၂၁	၂၈	
စနေနေ့	၁	၈	၁၅	၂၂	၂၉

၁ ၁၉၇၆ ခုနှစ် စစ်ပွဲတွင် အစ္စရေးတို့ သိမ်းပိုက်ခဲ့သော ဂျရူးဆလမ်းအပါအဝင် အာရပ်နယ်မြေများ၌ အစ္စရေး လူနေဒေသ မြို့ရွာများ တည်ဆောက်ရေး ပေါ်လစီကို အစ္စရေးက ဆက်လက်ကျင့်သုံးနေ၍ ဝမ်းနည်းကြောင်း ဆုံးဖြတ်ချက်တရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် တခဲနက် ချမှတ်သည်။

၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ တောင်သူလယ်သမားနေ့ဖြစ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံတွင် သုံးရက်ကြာ နေထိုင်လည်ပတ်ရန် နီပေါနိုင်ငံ ဘုရင်မင်းမြတ်ဘီရင်ဒရာဘီဘီကရမ်ရှာဒေ့နှင့် မိဖုရားကြီးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၃ ထိုင်းနိုင်ငံတွင် ဗိုလ်ချုပ်ကြီး ပရမ်တင်ဆူလာ နှုန်ဒါအား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်လိုက်ကြောင်း ဘုရင့်အမိန့်ကို ထုတ်ပြန်သည်။

၄ နီပေါနိုင်ငံဘုရင်မင်းမြတ်နှင့် မိဖုရားကြီးနှင့် အဖွဲဝင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

လွတ်လပ်သော ဇင်ဗာဗွေနိုင်ငံအတွက် ပထမဆုံး အစိုးရဖွဲ့စည်းရန် ပြောက်ကျားခေါင်းဆောင် ရောဗတ်မူဂါဗီအား ပြိတိသျှအစိုးရက ဖိတ်ခေါ်သည်။

ကုလသမဂ္ဂနှင့် တောင်အာဖရိက အရာရှိများသည် အနောက်တောင် အာဖရိက (နမီးဗီးယား) နယ်မြေ၏ အနာဂတ်အရေး ဆွေးနွေးပွဲများကို ကိပ်တောင်းမြို့တွင် စတင်ကျင်းပသည်။

၅ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းသည် ပြည်လမ်း ခုနစ်မိုင်ခွဲ ကုန်းမြင့်သာယာစခန်းတွင် စစ်ကိုင်းရွာသစ်ကြီး ပြည်ထောင်စု တိုင်းရင်းသားများဖွံ့ဖြိုးရေးသိပ္ပံမှ နောက်ဆုံးနှစ် သင်တန်းသား၊သင်တန်းသူများအား တွေ့ဆုံသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၁၅ ကြိမ်မြောက်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညီလာခံ စတင်ကျင်းပသည်။

၆ ၁၉၇၀-၇၁ ခုနှစ် လယ်ယာကဏ္ဍ စီးပွားရေး စီမံကိန်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့တွင် ကျင်းပသည်။

၇ ဥရောပဘုံစျေးအဖွဲ့နှင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အေဆီယင်)တို့သည် စီးပွားရေး ဆက်ဆံမှုတိုးမြှင့်လာသည့် ကဏ္ဍသစ်အဖြစ် ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်တရပ်ကို ကွာလာလမ်ပူမြို့၌ လက်မှတ်ရေးထိုးကြသည်။

၈ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းအဖြေရှာကြရာတွင် ပါလက်စတိုင် လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ပါဝင်ရန် လိုအပ်သည်ဟု ပြင်သစ်သမ္မတ ဂျစ်စကတ်ဒက်စတိုင်းက ကြေဝဒန်နိုင်ငံ အမှန်မြို့တွင် ပြောကြားသည်။

၉ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်က အစီရင်ခံစာတရပ် ထုတ်ပြန်သည်။

၁၀ အီရန်နိုင်ငံတွင် ဖမ်းဆီးထားသော အမေရိကန် ဓားစာခံများနှင့် ကုလသမဂ္ဂ အထူးကော်မရှင်တို့ လတ်တလောတွင် တွေ့ဆုံရန် မဖြစ်နိုင်ကြောင်း ကြေငြာချက်တရပ်ကို ခိုမေနီက ထုတ်ပြန်သည်။

အက္ကလာစီနိုမိုင်စင်ခေါ် ကင်ဆာရောဂါ တိုက်ဖျက်ရေးဆေးကို ဂျပန်နိုင်ငံ ဆန်ဒရာကူအိုးရှင်း ကုမ္ပဏီက ဖော်စပ်နိုင်ငြိုဖြစ်ရာ ဂျပန်နိုင်ငံ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနက ခွင့်ပြုမည်ဆိုလျှင် ၁၉၇၁ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း ကုမ္ပဏီက ကြေငြာသည်။

၁၁ တီဟီရန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်သည် အမေရိကန် ဓားစာခံများနှင့် တွေ့ခွင့်မရရှိပဲ အီရန်နိုင်ငံမှ ပြန်လည်ထွက်ခွာသွားသည်။

ရိုဒီဇီးယားဝန်ကြီးချုပ်အဖြစ် အရွေးခံထားရသူ ရောဗတ်မူဂါဗီက လူဖြူနှစ်ဦးပါဝင်သော အစိုးရသစ်ကို ဖွဲ့စည်းသည်။

ကုလသမဂ္ဂ လေ့ကျင့်ရေးနှင့် သုတေသနအဖွဲ့ (ယူနီတာ) အစည်းအဝေးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် စတင်ကျင်းပသည်။

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်များ

၁၂ အာဖရိက ညီညွတ်ရေးအဖွဲ့(အိုအေယူ)၏ ဝန်ကြီး အဆင့် သုံးရက်ကြာ အစည်းအဝေးပြီးဆုံးသွားရာ ယင်းအစည်းအဝေးကြီးက မကြာမီ လွတ်လပ်သောနိုင်ငံ ဖြစ်လာမည့် ဇင်ဗာဗွေ၏ ပြည်တွင်းရေးကိစ္စများ၌ ဝင်ရောက်မစွက်ဖက်ကြရန် နိုင်ငံအားလုံးအား သတိပေးလိုက်သည်။

၁၃ ကိုလံဗီယာနိုင်ငံရှိ ဒိုမိနီကန်သံရုံးကို သိမ်းပိုက်ပြီး ဓားစာခံများကို ဖမ်းဆီးထားသော ပြောက်ကျားများနှင့် ကိုလံဗီယာ အစိုးရအဖွဲ့တို့ ငါးကြိမ်မြောက် ဆွေးနွေးပွဲပြုလုပ်သည်။ သို့သော် အခြေအနေ တိုးတက်မှုမရှိခဲ့ကြောင်းကိုလံဗီယာ အစိုးရက ကြေငြာသည်။

၁၄ ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ) နှင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အေဆီယင်) တို့ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်အစီအစဉ်များကိုဥရောပလွတ်တော်က အတည်ပြုသည်။

မွန်ထရီယယ်မြို့မှ ပျံသန်းလာသော ပိုလန်လေကြောင်းပိုင် အိုင်အယ် ၆၂ ဂျက်လေယာဉ်သည် ဝါဆောမြို့အနီးရှိ အိုကေချီလေဆိပ်၌ ပျက်ကျရာ လိုက်ပါလာသူ ၈၇ ဦးစလုံး သေဆုံးသည်။

၁၅ အာဖဂနိစတန် ဒုက္ခသည်များအတွက် ရှပီးငွေ ၄၇ သန်းတန် ချက်လက်မှတ်တစောင်ကို တောင်နှင့် အရှေ့တောင်အာရှရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အကြီးအကဲ မစွတာ အာဆမ်ပတ်ကုမာက ပါကစ္စတန် အာဏာပိုင်များအား ပေးအပ်သည်။

အန္တရာယ် ဖြစ်စေသော မူးယစ်ဆေးဝါးများအပြင် ဥပဒေဖြင့်ထိန်းချုပ်ထားသောဆေးဝါးများကို ပြည်တွင်းသို့ သွင်းခြင်း၊ရောင်းချခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကိုတွေ့ရှိပါက သေဒဏ်အထိ အပြစ်ပေးရန် ဖိလစ်ပိုင်သမ္မတက အမိန့် ထုတ်ပြန်သည်။

၁၆ ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေး ညှိနှိုင်းဆွေးနွေးပွဲကို အမေရိကန်နှင့် အီဂျစ်တို့က ဟန့်တားနှောင့်ယှက်နေသည်ဟု အစွရေးက စွပ်စွဲသည်။

၁၇ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဒုတိယကြိမ် ပြည်သူလွှတ်တော် ပဉ္စမ အစည်းအဝေး စတင်ကျင်းပသည်။

အမေရိကန်သည် ရှားဘုရင်နှင့် ရှားဘုရင်ပိုင် ဘဏ္ဍာငွေကြေးအရပ်ရပ်ကို အီရန်နိုင်ငံသို့ပြန်ပေးလျှင် အမေရိကန် ဓားစားခံများကို ချက်ချင်း လွှတ်ပစ်မည်ဟု အီရန်သမ္မတ ဗာနီဆာဒါက ထပ်ဆင့်အတည်ပြုသည်။

၁၈ အမေရိကန် ပြည်ထောင်စုက အီရန်နိုင်ငံအပေါ် မကျေနပ်ချက်များနှင့် ပတ်သက်၍ နိုင်ငံတကာ တရားရုံး (အိုင်စီဂျေ) သို့ နိုဝင်ဘာလအတွင်းက စွဲချက်တင်ထားမှုအပေါ် ကြားနာရန် အဆိုပါတရားရုံးကို ဖွင့်လှစ်ရာ အမေရိကန်ဓားစားခံ ၅၃ ဦးမှာ တီဟီရန်မြို့တွင် အဖမ်းခံနေရဆဲဖြစ်ကြောင်း အမေရိကန်က တင်ပြလိုက်သည်။

ကမ်ပူးချားမှ ဒုက္ခသည်များအား ကူညီရန် အဆင့်မြင့် နိုင်ငံတကာ ညီလာခံတရပ် အလျင်အမြန် ခေါ်ယူကျင်းပပေးရန် ထိုင်းဝန်ကြီးချုပ် ပရမ်တင်ဆူလာနွန်ဒါကတောင်းဆိုသည်။

၂၀ တီဟီရန်မြို့ရှိ အမေရိကန်သံရုံးကို ဝင်စီးမှုအတွက် တာဝန်ရှိသူများကို အီရန်နိုင်ငံ၌တရားစွဲဆိုမှု ပြုသင့်မပြုသင့် သို့မဟုတ် နိုင်ငံတကာ သဘောတူ စာချုပ်အရစစ်ဆေးရန် ပြစ်မှုကျူးလွန်သူအား ပို့ပေးရန် တောင်းဆိုသင့် မသင့် ဆုံးဖြတ်ပေးပါရန် အမေရိကန်နိုင်ငံက နိုင်ငံတကာတရားရုံးသို့ တင်ပြမေးမြန်းသည်။

၂၁ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပဉ္စမ အစည်းအဝေး ပြီးစီးသည်။

ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူကောင်စီခြောက်ခု ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်ကောင်စီ ကြေငြာချက် အမှတ် ၂/၈၁ ထုတ်ပြန်ကြေငြာသည်။

အာဖဂနိစတန်နိုင်ငံအား ကြားနေနိုင်ငံအဖြစ် ထားရှိရေးမှုကို မိမိတို့ ပယ်ချကြောင်းဖြင့် အာဖဂနိစတန်နိုင်ငံအကြီးအကဲနှင့် ကွန်မြူနစ်ပါတီ ခေါင်းဆောင် ဗာဗရက်ကာမဲက ရုပ်မြင်သံကြားမှ ကြေငြာသည်။

၂၂ အမေရိကန်နိုင်ငံထုတ် နယူးဝိနှင့် တိုင်းမဂ္ဂဇင်း၊ အမေရိကန်သတင်းနှင့် ကမ္ဘာ့သတင်း အစီရင်ခံစာဌာနများအား တရုတ်ပြည် ပီကင်းမြို့တော်တွင်သတင်းဌာနခွဲများထားရှိရန် ခွင့်ပြုလိုက်သည်။

၂၃ ပနားမားနိုင်ငံတွင် ရက်ပေါင်း ၁၀၀ တိတိ ခိုလှုံခဲ့သော အီရန်နန်းကျ ရှားဘုရင်သည် အီဂျစ်နိုင်ငံကိုင်ရှိမြို့သို့ ထွက်ခွာသွားပြီဖြစ်ကြောင်းပနားမားမြို့ရှိ အမေရိကန်သံရုံးမှ တရားဝင်ကြေငြာသည်။

၂၄ ကမ်ပူးချားနှင့် ထိုင်းနယ်စပ်တွင် ဖြစ်ပွားနေသော ဗီယက်နမ်တပ်များနှင့် ခမာနီတို့၏ ပြောက်ကျားစစ်သည် ပိုမိုပြင်းထန်လာလျက်ရှိရာ ကမ်ပူးချားဒုက္ခသည် စခန်းများ၏ အငတ်ဘေးနှင့် ရောဂါဖိစီးမှု အန္တရာယ်သည်

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်များ

ပိုမိုကြီးမားလာသည်ဟု အမေရိကန် နိုင်ငံခြားရေးဌာနမှ သတိပေးသည်။

ကျန်းမာသန်စွမ်းသော အာဖဂန်စတန် နိုင်ငံသားများအနေဖြင့် နိုင်ငံနှင့်အဝန်း ဖဲ့စည်းနေသော တော်လှန်ရေးတပ်ဖွဲ့များသို့ဝင်ရောက်အမှုထမ်းကြရန်အာဖဂန်စတန် အစိုးရက မေတ္တာရပ်ခံသည်။

၂၁ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီသည် လွတ်လပ်ရေးမေဂ်ကွန်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရသောပုဂ္ဂိုလ်များ၏အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် ၃၁/၇၀ ဖြင့် ထုတ်ပြန်ကြေငြာသည်။

၁၉၇၀ ပြည့်နှစ် ကမ္ဘာ့ဆန်စပါး အထွေထွေအဖွဲ့သည် ၁၉၇၉ ခုနှစ်က စံချိန်တင်ခဲ့သော တန် ၁၁ ဒသမ ၁ သန်းနှုန်းကို ရင်ပေါင်တန်းနိုင် လိမ့်မည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့(အက်ဖအေအို)က ကြေငြာသည်။

၂၆ တိုက်ပွဲများ ဖြစ်ပွားနေသည့် ချဒ်နိုင်ငံအရေးနှင့် စပ်လျဉ်း၍ အစည်းအဝေးတရပ်ကို အာဖရိကညီညွတ်ရေးအဖွဲ့ (အိုင်အေယူ) ၏ ကြီးကြပ်မှုဖြင့် လျင်မြန်စွာ ခေါ်ယူကျင်းပရန် အိုင်အေယူ အထွေထွေအတွင်းရေးမှူး အီဒင်ကိုဒိုက တိုက်တွန်းသည်။

၂၇ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ၃၅ နှစ်မြောက် တပ်မတော်နေ့ ဖြစ်သည်။

အမေရိကန်၊ အီဂျစ်နှင့် အစ္စရေးတို့သည် ပါလက်စတိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေး သုံးပွင့်ဆိုင် ဆွေးနွေးပဲ့၏ ၁၁ ကြိမ်မြောက် အစည်းအဝေးကို အလက်ဇန္ဒြီးယားမြို့တွင် စတင်ပြုလုပ်သည်။

အာဂျန်ရှင် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(အက်စကက်)၏ ၃၆ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဗန်ကောက်မြို့တွင် ၁၀ ရက်ကြာ ကျင်းပပြီးနောက် ၁၉၇၀ ပြည့်နှစ်အတွက် ကျယ်ပြန့်သော ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ငါးခုကို ချမှတ်သည်။

၂၈ ၁၉၇၀ ပြည့်နှစ်ပြည်သူလွှတ်တော်ဥပဒေအမှတ် ၁ နှင့် ၂ ကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌက လက်မှတ်ရေးထိုးထုတ်ပြန်ကြေငြာသည်။

ချဒ်နိုင်ငံ အင်ဂျာမီနာမြို့ကို အပိုင်စီး ကွပ်ကဲနိုင်ရေးအတွက် တိုက်ခိုက်နေကြသော ကာကွယ်ရေးဝန်ကြီးဟာဘရီ၏ မြောက်ပိုင်း လက်နက်ကိုင် တပ်များနှင့် သမ္မတ ဂေါက်ကိုနီ၏ တပ်များသည် တိုက်ပွဲဖြစ်ပွားရာ ပတ်ဝန်းကျင်မှ ဒဏ်ရာရသူများနှင့် အရပ်သားများ ဧရာပြောင်းနိုင်ရေးအတွက် ၄၈ နာရီ အပစ်အခတ်ရပ်စဲရေးကို သဘောတူသည်။

အမေရိကန် ပြည်ထောင်စုနှင့် တူရကီနိုင်ငံတို့၏ ကာကွယ်ရေး ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး သဘောတူ စာချုပ်တရပ်ကို အန်ကာရာမြို့တွင်လက်မှတ်ရေးထိုးကြသည်။

ခရစ် နှစ် ၂၀၀၀ ပြည့်နှစ်တွင် ဒေသဆိုင်ရာ အမျိုးသားတဦးချင်း၏ ဝင်ငွေ နှစ်ဆ တိုးတက်လာရေးကို အနိမ့်ဆုံးပန်းတိုင် အဖြစ်ထား၍ ဆောင်ရွက် သွားရန် မဟာဗျူဟာတရပ်ကို ၃၆ ကြိမ်မြောက် အက်စကက်ညီလာခံက ချမှတ်လိုက်သည်။

၃၀ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သမ္မတကြီး တွန်ဒတ်သန် (၉၁ နှစ်) ကွယ်လွန် အနိစ္စဝေါက်သည်။

၃၁ ပါလက်စတိုင်ပြဿနာနှင့် ပတ်သက်၍ အခြေအတင်ဆွေးနွေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးကို စတင်ကျင်းပသည်။

နမီးဗီးယား လွတ်လပ်ရေးအတွက် ကုလသမဂ္ဂ အစီအစဉ်အား လာမည့်နှစ် ဇွန်လ ၁၅ ရက် နောက်ဆုံးထား၍ အကောင်အထည်ဖော်ရန် ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ် ကွတ်ဗာဟိုင်းက အဆိုပြုသည်။

ဓားစာခံအရေးနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်လျက် ရှိကြကြောင်းကို အနောက်ဥရောပနိုင်ငံခေါင်းဆောင်များက အိရန်နိုင်ငံသမ္မတ ဗာနီဆာဒါထံ သဝဏ်လွှာများ ပေးပို့အကြောင်းကြားသည်။

ဧပြီလ

တနင်္ဂနွေနေ့		၆	၁၃	၂၀	၂၇
တနင်္လာနေ့		၇	၁၄	၂၁	၂၈
အင်္ဂါနေ့	၁	၈	၁၅	၂၂	၂၉
ဗုဒ္ဓဟူးနေ့	၂	၉	၁၆	၂၃	၃၀
ကြာသပတေးနေ့	၃	၁၀	၁၇	၂၄	
သောကြာနေ့	၄	၁၁	၁၈	၂၅	
စနေနေ့	၅	၁၂	၁၉	၂၆	

၁ ပြည်သူ့လွှတ်တော် တည်ဆောက်ရေး လူငယ်လုပ်အားပေးစခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီက ကြီးမှူး၍ ပြည်နယ်နှင့်တိုင်းများအတွင်း မြို့နယ်လုံးကျတ် စာတတ်မြောက်ရေး လုပ်အားပေးပွဲသို့ တက္ကသိုလ်၊ ကောလိပ်၊သိပ္ပံနှင့် ဆရာအတတ်သင်ကျောင်းများမှ လုပ်အားရှင် ပေါင်း ၄,၈၀၀ ကျော်တို့သည် သက်ဆိုင်ရာ စာတတ်မြောက်ရေးနယ်မြေ အသီးသီးသို့ ထွက်ခွာသည်။

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်များ

နိုင်ငံတကာ ငွေကြေးရန်ပုံငွေ အဖွဲ့သို့ တရုတ်ပြည်သူ သမ္မတနိုင်ငံ ဝင်ရောက်ခွင့်နှင့်စပ်လျဉ်း၍ တရုတ်အစိုးရ ပိုင်းမှ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးသည်။ အိုင်အမ်အက်ဖ်၏ အာရှဌာနဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာ ထွန်းသင်းသည် တရုတ်ပြည်တွင် ဘဏ္ဍာရေး ဆိုင်ရာ ထိပ်တန်း အာဏာပိုင်တဦးဖြစ်သူ ဒုတိယဝန်ကြီးချုပ် ယောင်ရီလင်နှင့် တွေ့ဆုံဆွေးနွေးသည်။

သထုံမြို့နယ်နှင့် ထားဝယ်မြို့နယ်လုံးကျတ် စာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲကျင်းပသည်။

ပီဂူးသံရုံးတွင် ခိုလှုံလျက်ရှိကြသော ကျူးဗား အမျိုးသား ၁,၃၀၀ ကျော်အား ကျူးဗားနိုင်ငံမှ ထွက်ခွာခွင့် ပေးမည်ဟု ကျူးဗားအစိုးရက ကြေငြာသည်။

မင်းဘူး (စကု) မြို့နယ်လုံးကျတ် စာတတ်မြောက်ရေးအောင်ပွဲ စခန်းသိမ်းပွဲ ကျင်းပသည်။

ကျူးဗားနိုင်ငံသား ၁၀,၀၀၀ ခန့်သည် ဟာဗားနား မြို့ရှိ ပီဂူးသံရုံးသို့ အတင်းအဓမ္မ ဝင်ကာ နိုင်ငံရေးခိုလှုံခွင့် တောင်းခံကြသည်။

ဗီယက်နမ် ဝန်ကြီးချုပ် ဖန်ဗန်ဒေါင်းသည် အိန္ဒိယနိုင်ငံတွင် ငါးရက်ကြာနေထိုင်လည်ပတ်ရန်အတွက် နယူးဒေလီမြို့သို့ ဆိုက်ရောက်လာသည်။

ဆားလင်းကြီး မြို့နယ် ကျေးတက်ရွာ ဂျုံစိုက်တောင်သူကြီး ဦးအေးကြိုင်၏ စိုက်ခင်းမှ တကေလျှင် ဂျုံ ၈၁ တင်း လေးပြည့်နှုန်းထွက်ရှိကာ မြန်မာနိုင်ငံ၏ ဂျုံထွက်နှုန်း စံချိန်သစ်တင်သည်။

သံတွဲမြို့နယ်လုံးကျတ် စာတတ်မြောက်ရေး လှုပ်ရှားမှု အခမ်းအနားဖွင့်ပွဲ ကျင်းပသည်။

ဟာဗားနားမြို့ရှိ ပီဂူးနိုင်ငံသံရုံး ဥယျာဉ်အတွင်းသို့ ထောက်ရှိနေကြသောကျူးဗားနိုင်ငံသား ၁၀,၀၀၀ ခန့် အတွက် အရေးပေါ်အကူအညီများ ပို့ပေးနေကြောင်း ပီဂူးနိုင်ငံက ကြေငြာသည်။

ကျူးဗားနိုင်ငံ ဟာဗားနားမြို့ရှိ ပီဂူး သံရုံးအတွင်းသို့ ဝင်ရောက်၍ နိုင်ငံရေးခိုလှုံခွင့် တောင်းနေသော ကျူးဗားနိုင်ငံသားများ



ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ နိုင်ငံခြားရေးဌာန ဒုတိယဝန်ကြီး မစ္စတာ အင်ပီ ဖီရွတင်သည် စက်ဘူနိုင်ငံမှတဆင့် ရန်ကုန် မဂ်လာဒုံလေဆိပ်သို့ ရောက်ရှိသည်။

ချဒ်နိုင်ငံတွင် သမ္မတ ဂေါက် ကိုနီ၏ တပ်များနှင့် ကာကွယ်ရေးဝန်ကြီး ဟာဗရီ၏တပ်တို့ တိုက်ခိုက်မှုများ ရက်ဆက်ဖြစ်ပွားလျက် ရှိသည်။

ယူဂိုစလားဗီးယား နိုင်ငံသည် ကိုးနိုင်ငံ ပါဝင်သော ဥရောပဘုံစျေးအဖွဲ့နှင့် ပိုမိုရင်းနှီးစွာ ပူပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ်ကို လက်မှတ်ထိုးသည်။ ၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် မျက်စိရောဂါအတွက် ဆေးဝါး ကုသရန် ဗြိတိန်နိုင်ငံသို့ ထွက်ခွာသွားသည်။ ၇

မြန်မာနိုင်ငံသို့ရောက်ရှိနေသော ဆိုဗီယက် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အင်ပီ ဖီရွတင်အား နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယုက နိုင်ငံတော်ကောင်စီရုံး ညစ်ခန်း၌ လက်ခံတွေ့ဆုံသည်။

ပထမအကြိမ် စာပေလှုပ်သား ညီလာခံကို ကမ္ဘာအေးကုန်းမြေရှိ အစည်းအဝေး ခန်းမ၌ စတင် ကျင်းပသည်။

ပဲခူးတိုင်း ကဝမြို့နယ်လုံးကျတ် စာတတ်မြောက်ရေး အခမ်းအနားဖွင့်ပွဲကို အုန်းနဲ့ကျေးရွာ အားကစားကွင်းတွင် ကျင်းပသည်။ ထိုနည်းတူ ဖရူးဆိုးမြို့နယ် စာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲကိုလည်း ဖရူးဆိုးမြို့အလယ်တန်းကျောင်း၌ ကျင်းပသည်။ ရန်ကုန်တိုင်း ဒေသကောလိပ် အမှတ် ၁ တွင်လည်း ၁၉၇၀ ပြည့်နှစ် စာတတ်မြောက်ရေးလှုပ်ရှားမှု အထိမ်းအမှတ်ပြပွဲ ဖွင့်ပွဲနှင့် စာတတ်မြောက်ရေးလှုပ်ရှားမှု အထောက်အကူပြု စာအုပ်စာတမ်းများ ပေးအပ်ပွဲကို ကျင်းပသည်။ ၈

ရက်သတ္တငါးပတ်ကြာ ကျင်းပခဲ့ပြီးသော ကုလသမဂ္ဂ ပင်လယ်ပြင်ဆိုင်ရာ ဥပဒေ ညီလာခံအစည်းအဝေး ပြီးဆုံးသည်။

၁၉၄၉ ခုနှစ် တရုတ်ပြည်၌ ကွန်မြူနစ်တို့ အာဏာရခဲ့ချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ဂျပန်နိုင်ငံထုတ်ကုန် သွင်းကုန် ဘဏ်ရုံးခွဲတခုကို ပီကင်းမြို့တွင် ဖွင့်လှစ်သည်။

အီတလီနိုင်ငံ အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုသည်။

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ အစည်းအဝေး ခန်းမ၌ပြုလုပ်သော ၁၉၇၀ ပြည့်နှစ် ပထမအကြိမ် စာပေလှုပ်သားညီလာခံ အောင်မြင်စွာပြီးစီးသည်။

ဇမ်ဗီယာနိုင်ငံ သမ္မတ ကက်နက်ကအွန်းဒါသည် တရုတ်ပြည်တွင် နိုင်ငံတော် ညီသည်အဖြစ် ချစ်ကြည်ရေးခရီးလည်ပတ်ရန် လူဆာကာမြို့မှ ထွက်ခွာသည်။

ဗီယက်နမ်နှင့် အရှေ့ဂျာမနီနိုင်ငံတို့သည် ဟန်နိုင်မြို့တွင် သိပ္ပံပညာနှင့် ပညာရေးပူးပေါင်းဆောင်ရွက်ရေး သဘော တူညီချက်များ လက်မှတ်ရေးထိုးသည်။

၉ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ လမ်းစဉ်လူငယ် စည်းရုံးရေး ဗဟိုကော်မတီမှ ကြီးမှူးရှု လမ်းစဉ် လူငယ် ခေါင်းဆောင်သင်တန်း အမှတ်စဉ် ၁၆ နှင့် ၁၇ ဆင်းပွဲကို ရန်ကုန် ဝ/သတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တွင် ကျင်းပသည်။

ဗယ်ဂျီယံနိုင်ငံတွင် အချိန်ကြာမြင့်စွာ ဖြစ်ပေါ်နေ သော ဘာသာစကား ပြဿနာကြောင့် ဝန်ကြီးချုပ် ဝီဖရက်မာတင် ရာထူးမှ နုတ်ထွက်သည်။

၁၀ မြန်မာနိုင်ငံ ပြင်ပဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် အာရှ ဖွံ့ဖြိုးရေးဘဏ်နှင့် တွဲဖက် လျက် စီမံကိန်း၏ ဒုတိယပိုင်းအတွက် လိုအပ်သည့် အမေ ရိကန်ဒေါ်လာ ၆ ဒသမ ၃၂ သန်းကို အိုပက် အထူးရန်ပုံငွေ အဖွဲ့မှချေးငှားရေးသဘောတူစာချုပ်ကို စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်ရှိန်နှင့် အိုပက် အထူးရန်ပုံငွေ အဖွဲ့ကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အီဗရာဟင်အက်ဖအိုင်ရှိဟာတာတို့ လက်မှတ် ရေးထိုးသည်။

ကျပန်နိုင်ငံအစိုးရက နှစ်နှစ်တာ ကာလအတွက် ယန်း သန်း ၁၀၀ ကျမ်းကျင်မှုအကူအညီ ပေးအပ်သည့်ဆွေးနွေးပွဲ မှတ်တမ်း လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ ဇဖားရှားလမ်း ဆေးသုတေသနဦးစီးဌာနတွင် ကျင်းပသည်။

တိဟီရန်မြို့တွင် ဓားစာခံဖြစ်နေကြသော အမေရိ ကန်များကို ချက်ချင်း ပြန်လွှတ်ပေးရန် ဥရောပဘုံစျေး (အီး အီး စီ) အဖွဲ့ဝင် ကိုးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး များက တောင်းဆိုသည်။

ကျူးဗားနိုင်ငံ ဟားဗားနားမြို့တော်ရှိ ပိရူး သံရုံး အတွင်း ဝင်ရောက် ခိုလှုံနေကြသည့် ကျူးဗားနိုင်ငံသား ၁၀,၀၀၀ ခန့်အနက် အချို့ကို အင်ဒီယံစာချုပ်ဝင် နိုင်ငံ များက ခိုလှုံခွင့်ပေးရန် သဘောတူသည်။

၁၁ လှည်းကူး မြို့နယ်လုံးကျတ် စာတတ်မြောက်ရေး စခန်းဖွင့်ပွဲ ပြုလုပ်သည်။

ဆိုဗီယက်ပြည်ထောင်စုက လွှတ်တင်လိုက်သော ဆို ယူ ၃၅ အာကာသယာဉ်သည် ကမ္ဘာပတ်စခန်း ဆာလျု. ၆ နှင့် ပရိုဂရက် အာကာသယာဉ်တို့ ချိတ်တွဲနေသည့် ယာဉ် တွဲနှင့် မော်စကို စံတော်ချိန် ၆ နာရီ ၁၆ မိနစ်တွင် ချိတ်တွဲပြီး ကမ္ဘာကို ဝန်းပတ်ပျံသန်းသည်။

၁၆ တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူကွန်ဂရက် အမြဲတမ်း ကော်မတီ ဒုတိယဥက္ကဋ္ဌ တိန့်ရှင်ချောင်းသည် စာ ရေးဆရာမ ဒေါက်တာ ဟန်စုယင်နှင့် ပီကင်းတွင် ချစ်ကြည် ရင်းနှီးစွာ တွေ့ဆုံသည်။

ပြင်သစ် ဒဿနိကဗေဒ ပညာရှင် ယွန်းပေါဆတ် (၇၄) နှစ် ကွယ်လွန်သည်။

၁၇ သုတေသနလုပ်ငန်းများဆိုင်ရာ မူဝါဒ ညွှန်ကြား ရေးအဖွဲ့ လက်အောက်ရှိ ရေရှည်ရေးနှင့်အသုံးချ ရေးကော်မတီအစည်းအဝေးကိုဆောက်လုပ်ရေးကော်ပိုရေး ရှင်းရုံးခန်းမ၌ ကျင်းပသည်။

တိဟီရန်မြို့ရှိ အမေရိကန် သံရုံးမှ ဓားစာခံများအား ပြန်လွှတ်ပေးရန် အီရန်နိုင်ငံ ခေါင်းဆောင်များထံ ကျပန် ဝန်ကြီးချုပ် အိုဟီရာက ပုဂ္ဂိုလ်ရေး မေတ္တာရပ်ခံချက် ထုတ်ပြန်သည်။

ပဉ္စမအကြိမ်မြောက် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ ကွန်ဂရက် အမြဲတမ်း ကော်မတီ၏ ၁၄ ကြိမ်မြောက် အစည်းအဝေး ပြီးစီးသည်။

အိန္ဒိယသမ္မဒ္ဓရာဇာများ မြေထဲပင်လယ်ကဲ့သို့သော အထူး ကာကွယ်စောင့်ရှောက်ထားရာ ဒေသအဖြစ်လည်းကောင်း၊ ဝေလငါးများ၊ လိပ်များ၊ လင်းပိုင်များနှင့် အခြားရေနေ သတ္တဝါတို့အား ကာကွယ် စောင့်ရှောက် ရေး ကို လည်း ကောင်း ထားရှိသင့်သည်ဟု ၁၅ နိုင်ငံ တက်ရောက်သည့် ရေကြောင်း ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ ညီလာခံ တွင် ဆုံးဖြတ်သည်။

၁၈ နဝမအကြိမ် စံပြကြက်ခြေနီစခန်းဖွင့်ပွဲကို ရန်ကုန် မြို့ လူငယ် အင်းလျားလေးစခန်း၌ ဖွင့်လှစ်သည်။

ဟားခါးမြို့နယ်လုံးကျတ် စာတတ်မြောက်ရေး လှုပ်ရှား မှုဖွင့်ပွဲကျင်းပသည်။

ဇင်ဗာဗွေ နိုင်ငံသစ်၏ လွတ်လပ်ရေး အခမ်းအနားကို ညဿန်းခေါင်အချိန်၌ ဆော့ဘာရီမြို့တွင်ရှိ ရာဗာရီ ဘောလုံးကွင်းကြီး၌ ကျင်းပသည်။

တရုတ်ပြည်သူသမ္မတ နိုင်ငံအား နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့၏ (အိုင်အမ်အက်ဖ်)သို့ ဝင်ခွင့်ပြုသည်။ တိုင် ဝမ်အား အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်သည်။

၁၉ တရုတ်ပြည်သူ သမ္မတနိုင်ငံသို့ ရောက်ရှိနေသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် အစိုးရ ကုန်သွယ်ရေး ဌာနဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ကြီးသည် တရုတ် ဒုတိယဝန်ကြီးချုပ် ယိုယီလင်း နှင့် ပီကင်းမြို့တွင် တွေ့ဆုံဆွေးနွေးသည်။

ထိုင်းဝန်ကြီးချုပ် ပရမ်တင် ဆူလာနွန်ဒါသည် စကာပူ ဝန်ကြီးချုပ် လီကွမ်းယူနှင့် ဆွေးနွေးရန် ကွာလာလမ်ပူမှ တဆင့် ရောက်ရှိသည်။

၂၀ သတ္တမအကြိမ် စီမံကိန်းဝင် လူငယ်များ တွေ့ဆုံပွဲ အထိမ်းအမှတ်အဖြစ် လမ်းစဉ်လူငယ် စည်းရုံးရေး



ဧင်ဗာဗွေနိုင်ငံ ထွတ်လပ်ရေးနေ့ အလံတင် အခမ်းအနား



မြောက်နိုင်ငံမှ ချားလ်မင်းသားက ဧင်ဗာဗွေအစိုးရသစ် ဝန်ကြီးအဖွဲ့ဝင်များကို နှုတ်ဆက်စဉ်

ဗဟိုကော်မတီဌာနချုပ်မှ စီမံကိန်းဝင် လူငယ်များတွေ့ဆုံပွဲ သတင်းလွှာ ၇/၈၀ ကို ထုတ်ဝေသည်။

ပေါက်မြို့နယ် လုံးကျွတ် စာတတ်မြောက်ရေး စခန်း ဖွင့်ပွဲ ကျင်းပသည်။

တိုင်းရင်း ပရဆေး အစစ်အမှန်ပေါ်ထွက်ရေး မြန်မာ သမားတော်များ၏ ပရဆေးနှင့် ဆေးပင်ဆေးဝါး စာတွေ့ လက်တွေ့ မှတ်တမ်းတင်ရေးအတွက် တိုင်းရင်း ပရဆေး သုတေသန ဖွင့်ပွဲကို ရန်ကုန်မြို့တွင် ပြုလုပ်သည်။

ဧင်ဗာဗွေ နိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲများ ကျင်းပအပြီးတွင် ဝန်ကြီးချုပ် ရောဗတ် မူဂါဗီ၏ အစိုးရ အဖွဲ့ ကျမ်းသစ္စာ ကျိန်ဆိုသည်။

၂၁ မကွေးတိုင်း ကမ္ဘမြို့နယ်လုံးကျွတ် စာတတ်မြောက်ရေး လှုပ်ရှားမှု ဖွင့်ပွဲ ပြုလုပ်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ လမ်းစဉ်လူငယ် စည်းရုံးရေး ဗဟိုကော်မတီက ကြီးမှူးသော သတ္တမအကြိမ် စီမံကိန်းဝင် လူငယ်များ တွေ့ဆုံပွဲ အခမ်းအနားကို ကမ္ဘာ အေး ဘုရားလမ်း လမ်းစဉ်လူငယ် စည်းရုံးရေး ဗဟိုကော် မတီ ဌာနချုပ်တွင် ကျင်းပသည်။

တောင်ယေမင် သမ္မတ အမွေဒယ်ဖက်တာအစွမ်းသည် ကျန်းမာရေး အကြောင်းပြချက်ဖြင့် ရာထူးမှ နုတ်ထွက် သွားရာ ဝန်ကြီးချုပ် အလီနတ်ဆာ မိုဟာမက်က သမ္မတ အဖြစ် ဆက်ခံသည်။

၂၂ နှစ်နိုင်ငံ ချစ်ကြည်ရေး အစီအစဉ်အရ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတ နိုင်ငံမှ ဒုတိယဥပဒေ ရေးဝန်ကြီး မစွတာလန်ရွမ်းဟက် ခေါင်းဆောင်သည့် ပညာရေးလေ့လာရေးအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ စတုတ္ထအကြိမ် အစည်းအဝေးသို့ တက်ရန် အဖွဲ့ဝင်များ စုံညီစွာ ရောက်ရှိသည်။

လေးနှစ်တာကာလအတွက် ဒေါ်လာသန်း ၂၀၀ ပိုး ကုန်ပစ္စည်း ဖလှယ်ရေး သဘောတူညီချက် တရပ်ကို ဖိလစ် ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ လက်မှတ်ရေးထိုးသည်။

၂၃ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ စတုတ္ထအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ အစည်းအဝေး ခန်းမဆောင်တွင် စတင်ကျင်းပသည်။

ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ သမ္မတ နိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာန ဝန်ကြီး မစွတာ လီချန်ဆွန်းခေါင်းဆောင်သော ယဉ်ကျေးမှု ကိုယ်စား လှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိသည်။

ထိုင်းနိုင်ငံ၏ ပထမ ဆုံးသော အလုပ်သမား ဝါကိုင် ဟို့ပကွေပြရှင်းရေး ခုံရုံးကို ထိုင်းဝန်ကြီးချုပ် ပရမ်တင် ဆူလာနွန်ဒါက ဖွင့်လှစ်သည်။

၂၄ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ စတုတ္ထအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ အစည်းအဝေး ခန်းမဆောင်တွင် စတင်ကျင်းပသည်။

ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ သမ္မတ နိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာန ဝန်ကြီး မစွတာ လီချန်ဆွန်းခေါင်းဆောင်သော ယဉ်ကျေးမှု ကိုယ်စား လှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိသည်။

ထိုင်းနိုင်ငံ၏ ပထမ ဆုံးသော အလုပ်သမား ဝါကိုင် ဟို့ပကွေပြရှင်းရေး ခုံရုံးကို ထိုင်းဝန်ကြီးချုပ် ပရမ်တင် ဆူလာနွန်ဒါက ဖွင့်လှစ်သည်။

၂၅ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီးအဖွဲ့ စတုတ္ထအကြိမ် အစည်းအဝေး ပြီးဆုံးသည်။

ဘင်္ဂလားဒေ့ရှ ပြည်သူ သမ္မတနိုင်ငံ ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး မစွတာဆာဗထူမန် ခေါင်းဆောင်သော အဖွဲ့ဝင်ဆုံးဦး ပါဝင်သည့် ကုန်သွယ်ရေး ကိုယ်စားလှယ် အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ဆိုဗီယက်အုပ်စုသို့ ရေနံထောင်းချရန် စိတ်အားထက် သန်နေသော အီရန်နိုင်ငံသည် အရှေ့ဂျာမနီနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ပြုလုပ်ရန် သဘောတူညီ ချက်တရပ်ကို လက်မှတ် ရေးထိုးသည်။

ဂျပန်နိုင်ငံသည် ဥရောပ ဘုံစျေးအဖွဲ့ဝင် ကိုးနိုင်ငံနှင့် ကနေဒါနိုင်ငံတို့ဖြင့် ပူးပေါင်းကာ အီရန်နိုင်ငံအား စီးပွား

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်မျာ်း

ရေးနှင့် သံတမန်ရေးအရ ပိတ်ဆို့အရေးယူရန် ဆုံးဖြတ်သည်။

၂၅ ညောင်ရွှေမြို့နယ် စာတတ်မြောက်ရေး လှုပ်ရှာ်းမှု ပွင့်ပွဲ ပြုလုပ်သည်။

တိဟီရန်မြို့ရှိ အမေရိကန် ဝါးစာခံ ၅၃ ဦးကိုစစ်ရေးအရ ကယ်ဆယ်ရန် ကြိုးပမ်းချက်ကို ပစ္စည်း ကိရိယာ ချွတ်ယွင်းမှုကြောင့် ပယ်ဖျက်လိုက်သည်။ အပြန်ခရီးတွင် လေယာဉ်နှစ်စင်း အချင်းချင်း တိုက်မိသဖြင့် အမေရိကန် တပ်ပွဲဝင် ရှစ်ဦး သေဆုံးခဲ့ရသည်ဟု အိမ်ဖြူတော်က ကြေငြာသည်။

ဗီယက်နမ် သမ္မတ ကွယ်လွန်သူ တွန်ဒတ်သန်၏ ဈာပန အခမ်းအနား ကျင်းပသည်။

၂၈ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ မြစ်ရေသုံးစွဲရေး·ပူးတွဲ ကော်မရှင်သည် ဂင်္ဂါမြစ်ရေ ပိုမိုရရှိရေး အစီအစဉ်များ ပြုလုပ်ရန် ဆွေးနွေးခဲ့ကြသော်လည်း ရေတိုရေရှည် စီမံကိန်း တစုံတရာကိုမျှ သဘောတူချမှတ်နိုင်ခြင်း မရှိပဲ ပြီးဆုံးသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်သည် အီရန်နိုင်ငံတွင် ပမ်းဆီးထားခြင်းခံနေရသော အမေရိကန် ဝါးစာခံများအား ဝင်ရောက်ကယ်ဆယ်ရန် အစီအစဉ်ကို မထောက်ခံနိုင်သဖြင့် ရာထူးမှ နုတ်ထွက်စာ တင်သည်ဟု အိမ်ဖြူတော်က ကြေငြာသည်။

၂၉ ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ကိုရီးယား ဖီမိုကရက်တစ် ပြည်သူသမ္မတ နိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာဌာန ဒုတိယဝန်ကြီး မစွတာ ဂျန်ဂွမ်းဟက်သည် ဝန်ကြီးချုပ် ဦးမောင်မောင်ဇော်အား ဝန်ကြီးချုပ်ရုံးတွင် တွေ့ဆုံနှုတ်ဆက်သည်။

ပထမဆုံးသော အာဖရိကစီးပွားရေးထိပ်သီးညီလာခံကို နိုင်ဂျီးရီးယားမြို့တော် လေဂို့မြို့တွင် စတင်ကျင်းပသည်။

အမေရိကန် ဝါးစာခံများကို ကယ်ဆယ်ရန် ကြိုးပမ်းစဉ် လေယာဉ်တချင်းချင်း တိုက်နိုက်မိ၍ ဤသို့ပျက်စီးခဲ့သည်။



ပေလ

တနင်္ဂနွေ	၄	၁၁	၁၈	၂၅
တနင်္လာ	၅	၁၂	၁၉	၂၆
အင်္ဂါ	၆	၁၃	၂၀	၂၇
ဗုဒ္ဓဟူး	၇	၁၄	၂၁	၂၈
ကြာသပတေး	၁	၈	၁၅	၂၂	၂၉
သောကြာ	၂	၉	၁၆	၂၃	၃၀
စနေ	၃	၁၀	၁၇	၂၄	၃၁

၁ ဆုစ်ဇာလန်နိုင်ငံဂျီနီဗာမြို့တွင်ကျင်းပမည့် ၃၃ ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအပွဲ ညီလာခံသို့ တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အပွဲသည် ရန်ကုန်မြို့မှ ထွက်ခွာသည်။

၂ ရန်ကုန်မြို့သို့ ရောက်ရှိနေသော အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် ရှရီအီးဂွန်ဆာလ်ဖစ်သည် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးလေးမောင်အား သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

ကမ္ဘာ့ပြည်နယ်မိုးညှင်းမြို့နယ်လုံးကျွတ်စာတတ်မြောက်ရေးမှင့်ပွဲကျင်းပသည်။

၃ ကျပန်နိုင်ငံအတွက် ရေနံပိုမိုဝယ်ယူရရှိရန် ကြိုးပမ်းလျက် ခရီးလည်လည်နေသူ ကျပန်ဝန်ကြီးချုပ် ကိုဟီရာသည် မက္ကဆီကိုသမ္မတ ဂျိုဆေးလိုပက်ဝါတီလိုနှင့် ရေနံပိုမိုရရှိရေးကိစ္စများဆွေးနွေးသည်။

လောနိုင်ငံနှင့် ချက်ကိုဆလိုဗက်ကီးယားနိုင်ငံ တို့သည် အသက်မွေးဝမ်းကျောင်း လေ့ကျင့်ပေးရေး အစီအစဉ် သဘောတူညီချက်တခုကို ဗီယင်ကျန်းမြို့၌ လက်မှတ်ရေးထိုးသည်။

၄ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်အေးကိုသည် ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်မှူးချုပ် ကိုကြီးနှင့် ကာကွယ်ရေး ဝန်ကြီးဌာနတာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ မေ ၁ ရက်မှ ၄ ရက်နေ့ထိ အရှေ့ပိုင်း ဟိုင်းစစ်ဌာနချုပ်နယ်မြေ ရွှေတန်း တပ်စခန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးဌာနအတွင်းတန် ရှရီအီးဂွန်ဆာမစ်သည် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသည်။

ကျပန်ဝန်ကြီးချုပ်မာဆာယိုရှိဟိုဟိရာသည်ကနေဒါနိုင်ငံတွင် သုံးရက်ကြာနေထိုင်ရန်အော့တဝါမြို့သို့ရောက်ရှိသည်။

ယူဂိုစလားဗီးယားနိုင်ငံ သမ္မတကြီး ဂျိုး စစ်ဗရော့တီးတို့ ဂ၇ နှစ်သည် ယူဂိုစလားဗီးယား သမ္မတ နိုင်ငံ၏ မြို့တော် လျူဘလျာနာဗဟိုဆေးရုံ၌ ဂရင်းနစ်စံတော်ချိန်

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်များ



ကွယ်ထွန်းသူ ယူကိုစလားဗီးယားနိုင်ငံ သမ္မတကြီး တီးတိုး၏ ဗျာပန တဝမ်းအနာဒဏ်ရို
ဇိုက်ပါပို့ဆောင်ကာ ဂါရဝပြုခဲ့ကြသော နိုင်ငံတကာခေါင်းဆောင်ကြီးမျာ၊

၁၄၀၅ နာရီ၊ မြန်မာစံတော်ချိန် ည ဂ နာရီ ၃၅ မိနစ်တွင် ကွယ်လွန်သည်။

၅ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ၃၄ နှစ်မြောက် မီးသတ် တပ်ပွဲနေ့အထိမ်းအမှတ် စုံရည်ပြပွဲနှင့် ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ကမ္ဘာတဝှမ်းသတ်သိပ်ကျောင်း၊ စစ်ရေးပြကွင်းဌာ ကျင်းပသည်။

ဂရိနိုင်ငံသမ္မတသစ်အဖြစ် ဝန်ကြီးချုပ် ကွန်စတင်တိုင်း ကာဆာမန်လစ်အာ၊ ရွေးချယ်တင် မြောက်လိုက်သည်။

၆ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးဓမောင်ဓမောင်နှင့် အပျံဝင်မျာ၊သည် ကွယ်လွန်သူ ယူကိုစလာ၊ဗီးယာ၊ သမ္မတကြီး ဂျိုး၊ စစ် ၈ ရက္ခတိ၊းတိုး၏ ဗျာပန အဝမ်းအနာ၊သို့ တက်ရောက်ရန် ထွက်ခွာသွာ၊သည်။

ကောလင်၊မြို့နယ်လုံ၊ကျတ် စာတတ်မြောက်ရေ၊ လှုပ်ရှာ၊မှုတောင်ပွဲအဝမ်၊အနာ၊ကျင်၊ပသည်။

နှစ်နိုင်ငံချစ်ကြည်ရေ၊အစီအစဉ်အရ လောပြည်သူ ဗိမိုကရက်တစ် သမ္မတနိုင်ငံ ပြန်ကြာ၊ဝါ၊ဖြန့်ချီရေ၊၊ ဝရီ၊သွာ၊ လာဝရ၊နှင့် ယဉ်ကျေ၊မှုဝန်ကြီး၊ဌာနဝန်ကြီး၊ မစ္ဆတာတိုယူ ဖေဘင်ဆာဗတ် ဦး၊ဆောင်၍ အပျံဝင် ၅၇ ဦး၊ပါဝင်သော လောနိုင်ငံ ယဉ်ကျေ၊မှု အကအပွဲ မြန်မာနိုင်ငံသို့ ဆောက် ရွိသည်။

၇ လောပြည်သူ့ဗိမိုကရက်တစ်သမ္မတနိုင်ငံ ယဉ်ကျေ၊မှု အကအပွဲဝင်၊ဆောင်က မြန်မာနိုင်ငံ ယဉ်ကျေ၊မှု နှင့်ပြန်ကြာ၊ရေ၊ဝန်ကြီး ဦး၊မန်၊စံမြတ်ရွှေတာ၊ ဝတ္ထုဆို နှုတ် ဆက်သည်။

ကမ္ဘာ့တိုလင်းပစ်ဥက္ကာလွှတ်တင်လောဒ်ကီလာနှင်သည် မော်စကို အာ၊ကစာ၊ပြိုင်ပွဲကို ဝိုင်း၀န်း၊သပိတ်မှောက်သောအနောက် အုပ်စုနိုင်ငံမျာ၊ ပိုမိုမျာ၊ပြာ၊လာမည့်အန္တရာယ်မှ ကာကွယ်ရန်ဆိုဗီယက်သမ္မတဗရက်ဇြင်းနှင့် တွေ့ဆုံဆွေး၊နွေး၊သည်။

ကမ္ဘာ့ကျန်း၊မာရေးအပွဲညီလာခံတွင် ကမ်ပူး၊ချာ၊နိုင်ငံအာ၊ ကိုယ်စာ၊ပြုရေးနှင့် စပ်လျဉ်း၍ လက်ခံရန်ပိုပေါ့ ကိုယ်စာ၊လှယ်အပွဲအာ၊ ပဲပေး၊ဆုံး၊ဖြတ်သည်။

၃ ၁၉၇၉ ခုနှစ် အကောင်း၊ဆုံး၊ စပါး၊အထွာ၊ အထွက်တို့၊ စဝန်း၊အဖြစ် ကျော်တန်း၊မြို့နယ် ညောင်ဝိုင်း၊ အထွာ၊အထွက်တို့၊ စဝန်း၊ကို ပြည်ထောင်စုရွာ၊ပါ ပထမဆု ချီး၊မြှင့်ပွဲကျင်း၊ပသည်။

ရေနံထောင်း၊နိုင်ငံမျာ၊အပွဲ (အိုပက်)၏ ရေနံကြွယ်၊ဝင်း၊ ဈေး၊ကို သုံး၊လတကြိမ် ညှိနှိုင်း၊ရန်မှုကို အိုပက်ညီလာခံမှ အတည်ပြုသည်။

ဗီယက်နမ် နိုင်ငံခြာ၊ရေး၀န်ကြီး၊ ဒုယင်ကိုသကီသည် မလေ၊ရှာ၊နိုင်ငံခြာ၊ရေး၀န်ကြီး၊ဌာန၀န်ကြီး၊နှင့် ကမ်ပူး၊ချာ၊ နှင့် အရွှေတောင်အာရှတို့၏ ပဋိပက္ခ အဝရ၊အဝင်မျာ၊ကို ဆွေး၊နွေး၊သည်။

အာကာသလေ့လာရေ၊အတွက် ကော့စမော့ဂ်ိုဟ်တု အမှတ် ၁,၁၇၀ ကို ဆိုဗီယက်ပြည်ထောင်စုက ပစ်လွှတ် သည်။

၉ အမှတ် ၁ စက်မှုဝန်ကြီး၊ဌာန ၁၉၇၉ ခုနှစ် စတုတ္ထသုံး၊လပတ်နှင့် တနှစ်လုံး၊ထုတ်လုပ်မှု သုံး၊သပ်ဆွေး၊နွေး၊ပွဲနောက်ဆုံး၊နွေတွင် စံပြစက်ရုံပထမဆုရ၊သော ဗိတ္တိလာရျည်မျှင်နှင့်အထည်စက်ရုံအာ၊ ဆု၊ချီး၊မြှင့်သည်။

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်များ

၁၀ ယူဂန်းဒါးသမ္မတ ဂေါ်ဖရီဗီနေဆာကစစ်ဦးစီးချုပ် ဗိုလ်မှူးကြီး အိဂျုတ်အား ဖြုတ်ပစ်လိုက်ကြောင်း ကြေငြာပြီး ယူဂန်းဒါးပြည်ထဲရေးဝန်ကြီးအား ဖမ်းဆီးသည်။

၁၁ ကောလင်းမွိုနယ်လုံးကျတ် စာ တတ် မြောက် ပွဲ ကျင်းပသည်။

/၁၉၇၉ – ၈၀ ပြည့်နှစ် စီးပွားရေး စီမံကိန်း အတွက် အောင်မြင်ခဲ့သော လှိုင်လင်မွိုနယ် ထင်းရူးဆီနှင့် ခနေဘက် စိမ်းသတ္တု ထုတ်လုပ်မှုလုပ်သားကြီးများအား ဂုဏ်ပြုဆုပေး ပွဲကို ကျင်းပသည်။

ဂရိနိုင်ငံရေးသမား ဂျော့ရော်လစ်သည် ဂရိနိုင်ငံ ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။

တရုတ်ပြည်နှင့် ပါကစ္စတန်နိုင်ငံတို့သည် ၁၉၇၀ – ၇၁ ခု နှစ်တွက် သိပ္ပံနှင့် စက်မှုနည်းပညာ ပူးပေါင်းဆောင်ရွက် ရေး တတိယမြောက်စာချုပ် လက်မှတ် ရေးထိုးပြီးစီးသည်။

၁၂ အီဂျစ်နိုင်ငံဝန်ကြီးချုပ် မူစတာဖာခါလီက ၎င်း၏ အစိုးရအဖွဲ့ နုတ်ထွက်စာကို သမ္မတ ဆဒတ်ထံ တင်သွင်းသည်။

စကော့ပူနိုင်ငံတွင် နှစ်ရက်ကြာချစ်ကြည်ရေးခရီး ရောက် ရှိနေကြသော မလေးရှား ဝန်ကြီးချုပ် ဒါတွတ်ဟူစိန်အွန်း သည် စကော့ပူဝန်ကြီးချုပ် လီကွမ်ယူနှင့် တွေ့ဆုံ ဆွေးနွေး သည်။

ယူဂန်းဒါးနိုင်ငံ အာဏာရ ယူဂန်းဒါးအမျိုးသား လွတ်မြောက်ရေးတပ်ဦး၏ စစ်ရေးကော်မရှင်သည် သမ္မတ ဗီနေဆာ၏ အာဏာအား လုံးကိုသိမ်းယူလိုက်သည်။

၁၃ မကွေးတိုင်း၊ အောင်လံမွိုနယ် စာတတ်မြောက်မှု အောင်ပွဲ ကျင်းပသည်။

အခြေခံကုန်ပစ္စည်းများ စျေးနှုန်းမတည်ငြိမ်မှုကို တား မြစ်နိုင်ရန် နိုင်ငံတကာ ကုန်ပစ္စည်း သဘောတူချက်ရရှိ အောင် နည်းလမ်းရှာ ဆွေးနွေးရန် အာရှ ၁၃ နိုင်ငံမှ ကိုယ်စားလှယ်များ ဗန်ကောက်မြို့၌ အထူး အလုပ်ရုံ စည်း ဝေးပွဲတခု ကျင်းပသည်။

နယူးဇေလန်ရှိ လစ်ဗျ သံရုံးကို အိန္ဒိယနိုင်ငံရှိ လစ်ဗျ အမျိုးသားတို့က သိမ်းယူသည်။

၁၄ ဂဠုန်စီမံချက် ၁၈/၇၉ တိုင်းလုပ်ငန်း ကွပ်ကဲမှု အဖွဲ့ဝင်များနှင့် မွိုနယ်ကွပ်ကဲမှုအဖွဲ့ဝင်များ လုပ် ငန်းညှိနှိုင်း အစည်းအဝေးကို မွိုတော်စည်ပင်သာယာရေး အဖွဲ့ အဆောက်အအုံ စတုတ္ထထပ် စည်းဝေးခန်း၌ ကျင်း ပသည်။

၁၉၇၉ – ၈၀ ပြည့်နှစ် မွိုနယ်လုံးကျတ် စပါး အထူးအ ထွက်တိုး စီမံကိန်း ပြည်ထောင်စု နှစ်သိမ့်ဆု၊ ပြည်နယ်နှင့် တိုင်း အထူးဆုရရှိသော ဂွမ်းမွိုနယ် ဂွမ်းမိစခန်း ဇာမှတ် ၄ ဆုချီးမြှင့်ပွဲကို ဂွမ်းမြို့၌ ကျင်းပသည်။

လွတ်လပ်သော ဇင်ဗာဗွေနိုင်ငံ၏ ပထမဦးဆုံးသော လွတ်တော် ကိုယ်စားလှယ်များ ကျမ်းသစ္စာ ကျိန်ဆို သည်။

၁၅ ရန်ကုန်မြို့ မဟာပါသာဏ လိုက်ဂူတော်ကြီးတွင် ကျင်းပမည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်ကြီး များ၊ သံဃသမ္မတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များ အပါး ၁၃၀၀ တို့အတွက် ဆွမ်းဆံစိမ်းလောင်းလှူပွဲကျင်းပ ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲ အစည်းအဝေးကို ရန် ကုန် မြို့ တော် စည် ပင် သာ ယာ ရေး အ ဖွဲ့ စတုတ္ထထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အရွှေအုပ်စု ဝါဆောစာချုပ် စစ်မဟာမိတ်အဖွဲ့၏ ထိပ် သီး အစည်းအဝေး ဖွင့်လှစ်သည်။

အီဂျစ်နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြဿနာများကို ဖြေရှင်းရန် ၎င်းကိုယ်တိုင် ဝန်ကြီးချုပ်အဖြစ် ပါဝင်သော အီဂျစ်အစိုးရသစ်ကို ဖွဲ့စည်းလိုက်ပြီးဖြစ်ကြောင်း သမ္မတ ဆဒတ်က ကြေငြာသည်။

အီရန်နှင့် ဆိုဗီယက် ပြည်ထောင်စုတို့၏ စီးပွားရေးနှင့် စက်မှုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူချက် မူကြမ်းတခုကို အီရန်တော်လှန်ရေးကောင်စီက အတည်ပြု သည်။

၁၆ ပြည်သူလုပ်ငန်း စစ်ဆေးရေးဥက္ကဋ္ဌနှင့် အဖွဲ့သည် ပူးကြီးရေပေးရေးစီမံကိန်း လုပ်ငန်းများကို သွား ရောက်စစ်ဆေးသည်။

ဂျပန်ဝန်ကြီးချုပ် မာဆာယိုရှိအိုဟီရာ အစိုးရသည် ပြိုင်ဖက်ဝန်ကြီးချုပ်ဟောင်းတာကေအိုမီကို တင်သွင်းသည့် အယုံအကြည်မရှိအဆိုကို မဲခွဲရာ ၁၈၇ မဲ ၂၄၃ မဲဖြင့် ရှုံးနိမ့် သည်။

၁၇ ၁၉၆၉ ခုနှစ်တွင် အကျဉ်း ထောင်ထဲ၌ ကွယ်လွန် ခဲ့သော သမ္မတ လူရွှောက်ချီအား ဥက္ကဋ္ဌ မော်စီတုန်း၊ဝန်ကြီးချုပ် ချူအင်လိုင်း၊ မာရှယ်ချူတေး တို့နှင့်အတူ တရုတ်ခေါင်းဆောင်ကြီးအဖြစ် ပါတီနှင့်အစိုးရ အဖွဲ့ အကြီးအကဲများက ပြန်လည်ထောက်ခံသည်။

တောင်ကိုရီးယား အစိုးရသည် နိုင်ငံတော်အာဏာကို လက်နက်ကိုင်တပ်များသိုလှဲပြောင်းပေးသည်။

၁၈ အမှတ် ၁ စက်မှု ဝန်ကြီးဌာန အထည် အလိပ် လုပ်ငန်း ကော်ပိုရေးရှင်း၏ ၁၉၇၉ – ၈၀ ပြည့်နှစ် ကုန်ထုတ်လုပ်မှု အောင်ပွဲနှင့် အမှတ် ၁ စက်မှုဝန်ကြီးဌာန ဝန်ကြီးဌာန၏စံပြစက်ရုံ ပထမ(မိတ္တီလာချည်ထည်) နှင့် တတိ ယဆု ရရှိသော (သမိုင်းချည်မျှင်နှင့်အထည်) စက်ရုံများ ဂုဏ်ပြုပွဲကျင်းပသည်။

အာဖဂန်စတန်အရေးအခင်းကြောင့် ဖြစ်ပေါ်လာသော အရွှေအနောက် အကျပ်အတည်း လျော့နည်း သွားရေးကို

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်မျှား

၂၃ ၁၉၇၀–၇၁ ခုနှစ် ကျိုင်းတုံမြို့နယ်လုံးကျတ် စပါး အထူးအထွက်တိုး စိုက်ပျိုးရေးအတွက် သိပ်ပံနည်းကျ စပါးစိုက် နည်းစနစ်များသင်တန်း ဖွင့်လှစ်သည်။

၂၄ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို စတင်ကျင်းပသည်။

တိဟိရန်မြို့ရှိ အမေရိကန်သံရုံးတွင် ဖမ်းဆီးထားခြင်းခံနေရသော အမေရိကန် ခရီးစဉ်မျှားကိစ္စကို ထောက်ခံအားပေးနေသဖြင့် အီရန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဥပဒေကို အကြိမ်ကြိမ်ထပ်မံချိုးဖောက်နေကြောင်း၊ ယင်းကဲ့သို့ ချိုးဖောက်ခြင်းအတွက် အီရန်က လျော်ကြေးငွေပေးရမည်ဖြစ်ကြောင်း နိုင်ငံတကာ တရားရုံးက ဆုံးဖြတ်သည်။

၂၅ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ကျင်းပလျက်ရှိသော သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ ဒုတိယနေ့ အစီအစဉ်များ ဆက်လက်ကျင်းပသည်။

မိတ္ထီလာချည်မျင်နှင့်အထည်စက်ရုံ၏ ၁၉၇၉–၈၀ ပြည့်နှစ် ကုန်ထုတ်လုပ်မှုအောင်မြင်မှုနှင့် ၁၉၇၉–၈၀ ပြည့်နှစ် စံပြစက်ရုံ ပထမဆု ဒုတိယအကြိမ် ဆက်လက်ရရှိသည့် အတွက် လုပ်သားများအားဂုဏ်ပြုပွဲကို မိတ္ထီလာ ချည်မျင်နှင့်အထည်စက်ရုံတွင် ကျင်းပသည်။

၂၆ သာသနာတော် သန့်ရှင်း၊ တည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏တတိယနေ့ အစည်းအဝေး ဆက်လက် ကျင်းပသည်။ ဗဟိုသံဃာ့ဝန်ဆောင်အပွဲကို သံဃာတော် ၂၉၉ ပါးဖြင့် ပွဲစည်းပြီး ပထမအကြိမ် အစည်းအဝေးကျင်းပသည်။

ပြည်သူ့တရုတ်ပြည် ဝန်ကြီးချုပ် ဟွာကိုဖုန်းသည် ဂျပန်နိုင်ငံတွင် ရက်သတ္တတပတ်ကြာ နေ ထိုင် ဆွေးနွေးရန် ပီကင်းသို့ ထွက်ခွာသွားသည်။

မလေးရှား ဒုတိယ ဝန်ကြီးချုပ် ဒေါက်တာ မဟာသာ မိဟာမက်သည် အရှေ့တောင် အာရှ နိုင်ငံများ အပွဲ (အေဆီယင်) အလုပ်သမား ဝန်ကြီး များ၏ နှစ်ရက် တာဝန်လာခံကို ဖွင့်လှစ်ပေးသည်။

၂၇ ရန်ကုန်မြို့ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် မေလ ၂၄ ရက်မှ စတင် ကျင်းခဲ့သော သာသနာတော် သန့်ရှင်း၊ တည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ကြီးကို အောင်မြင်စွာ ရှယ်သိမ်းသည်။

ဆောင်ရွက်နိုင်ရန် ပြုလုပ်မည့် လျှို့ဝှက်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် ပြင်သစ်သမ္မတကြီး ဂျစ်စကတ် ဒက်စတိုင်းနှင့် ဆိုဗီယက်သမ္မတကြီး လီယိုနစ် ဗရက်ဇ်နက်တို့ ဝါဆောမြို့သို့ ရောက်ရှိသည်။

ဩစတြေးလျနိုင်ငံ၏ အာဏာရ ဆိုရှယ်လစ်ပါတီမှ အလေးအနက်ထောက်ခံသောသမ္မတကြီး ရှဒေါ့ကီရှလေဂါသမ္မတအဖြစ် ပြန်လည် အရွေးခံရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမဆုံး တိုက်ချင်းပစ်ဒုံးပျံကို ပစိဖိတ်သမုဒ္ဒရာအတွင်း ပစ်လွှတ်စမ်းသပ်ကြောင်း တရုတ်ပြည်သစ် သတင်းဌာနက ကြေငြာသည်။

၁၉ ရွှေပသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့၏ ရွှေပသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပသည်။

၂၀ တောင်ကိုရီးယား အစိုးရအဖွဲ့ ဒုတိယဝန်ကြီးချုပ် ဟောင်းနှင့် စီးပွားရေး စိမ်ကိန်း ဝန်ကြီးဟောင်း ဟတ်ချွန်ဟွန်းအား တောင်ကိုရီးယား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်သည်။

ကမ်ပူးချား အရေးအခင်းကို အဓိကထား ဆွေးနွေးရန် ထိုင်းနိုင်ငံသို့ ရောက်ရှိလာသော ဗီယက်နမ် နိုင်ငံခြားရေး ဝန်ကြီးဒုယင်ကိုသက်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရမ်တင် ဆူလာနွန်ဒါနှင့် သွားရောက်တွေ့ဆုံကာ ဗီယက်နမ် ဝန်ကြီးချုပ် ဖန်ဗန်ဒေါင်း၏ သဝဏ်လွှာကို ပေးအပ်သည်။

၂၁ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း ၁၉၇၀–၇၁ ခုနှစ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်သည်။

လစ်ဗျနှင့် ပါကစ္စတန်နိုင်ငံတို့သည် စစ်ရေး၊ စီးပွားရေး၊ သိပ္ပံပညာနှင့် အတတ်ပညာပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုတခုကို လက်မှတ် ရေးထိုးသည်။

၂၂ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်း၏ ၁၉၇၉–၈၀ ပြည့်နှစ် စတုတ္ထ သုံးလပတ်နှင့် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ပြီးဆုံးသည်။

ချက်ကိုဆလိုဗက် သမ္မတ အဖြစ် ၁၉၇၅ ခုနှစ်မှ စ၍ ဆောင်ရွက်ခဲ့သော သမ္မတ ဂူစတပ်ဟူဆက်အား နိုင်ငံခေါင်းဆောင်အဖြစ် နောက်ထပ်သက်တမ်း ငါးနှစ် ပြန်လည် ရွေးချယ်တင်မြှောက်သည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ သိပ္ပံအစည်းအဝေးကို မလေးရှားဘုရင်က ဖွင့်လှစ်ပေးသည်။

ဥရောပဘုံစျေးနိုင်ငံများသည် အီရန်နိုင်ငံအား ယနေ့မှ စတင်၍ စီးပွားရေးသပိတ်မှောက်သည်။

၁၉၈၀ ပြည့်နှစ်ဖြစ်ရပ်များ

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်းသမ္မတ အိမ်တော်ဝင်း၌ ကျင်းပသည်။

၂၈ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီသည် သာသနာတော်သန့်ရှင်းတည်တံ့ရေး စည်းဝေးအောင်မြင်စွာ ပြီးစီးခြင်းကို ဂုဏ်ပြု၍ အမိန့်အမှတ် ၁/၈၀ ဖြင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ တီထွင်ပြဋ္ဌာန်းသည့် အမိန့်ကိုလည်းကောင်း၊ အမိန့်အမှတ် ၂/၈၀ ဖြင့် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ကိုလည်းကောင်း ထုတ်ပြန်ကြေငြာသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဗိုလ်မှူးချုပ် စိန်လွင်က ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသည်။

ကမ္ဘာအေးကုန်းမြေတွင် အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ သံဃ သမ္မုတိရသံဃာ့ ကိုယ်စားလှယ် ဆရာတော်အရှင်သူမြတ်တို့အား မဟာပါသာဏ လိုဏ်ဂူတော် အထွက်တွင် လုပ်သားပြည်သူများ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပသည်။

နိုင်ငံတော်ကောင်စီက ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပထမ အထူးအစည်းအဝေးကို ၁၉၈၀ ပြည့်နှစ် ဇွန်လ ၂၅ ရက်နေ့တွင် စတင်ကျင်းပရန် ကြေငြာချက် အမှတ် ၃/၈၀ ထုတ်ပြန်သည်။

၂၉ မုဒုံမြို့နယ်လုံးကျွတ် စာတတ်မြောက်ရေး လှုပ်ရှားမှု အောင်ပွဲအခမ်းအနား ကျင်းပသည်။

နီကာရာဂွာနိုင်ငံသို့ စစ်ရေး အကူအညီမပေးရန် အမေရိကန် အောက်လွှတ်တော်က တားမြစ်သည်။

၃၀ အီရန်နယ်စပ်မြို့ မီရန်မြို့အား အီရတ်တပ်များက အမြောက်နှင့် လေယာဉ်တို့ဖြင့် အကြီးအကျယ် တိုက်ခိုက် သောကြောင့် အရပ်သား နှစ်ဦးသေဆုံးပြီး စစ်သားနှင့် အရပ်သား အများအပြား ထိခိုက်ဒဏ်ရာရသည်။

၁၉၈၃ ခုနှစ်တွင် ရေနံဓာတုစက်ရုံကို ပူးတွဲတည်ဆောက်ကြရန် ဆအူးဒီအာရေဗျ၊ ကူဝိတ်နှင့် ဗာရိန်းနိုင်ငံတို့သည် မာနာမာမြို့တွင် လက်မှတ်ရေးထိုး စာချုပ်သည်။

၃၁ သံဃာ့မဟာနာယကအဖွဲ့ ဒုတိယ အကြိမ် အစည်းအဝေး ကျင်းပသည်။

လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် ၂/၈၀ အရ နိုင်ငံတဝန်းလုံးရှိ အကျဉ်းထောင်များနှင့် ရဲဘက်စခန်းမှ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်နှင့် အကျုံးဝင်သော အကျဉ်းသားများကို စိစစ်လွှတ်ပေးရာ စုစုပေါင်း ၃,၉၄၄ ဦးရှိပြီ ဖြစ်သည်။

ဇွန်လ

တနင်္ဂနွေနေ့	၁	၈	၁၅	၂၂	၂၉
တနလင်္ဂာနေ့	၂	၉	၁၆	၂၃	၃၀
အင်္ဂါနေ့	၃	၁၀	၁၇	၂၄	
ဗုဒ္ဓဟူးနေ့	၄	၁၁	၁၈	၂၅	
ကြာသပတေးနေ့	၅	၁၂	၁၉	၂၆	
သောကြာနေ့	၆	၁၃	၂၀	၂၇	
စနေနေ့	၇	၁၄	၂၁	၂၈	

၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်က လောပြည်သူ ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ဆားတန်ချိန် ၅၀ ပေးအပ်လှူဒါန်းပွဲကို မြန်မာနိုင်ငံနှင့် လောနိုင်ငံနယ်စပ် မဲခေါင်မြစ်၏ တဘက်ကမ်း တုံဖိန်မြို့နယ် မိန်းမောင်းကျေးရွာ၌ ကျင်းပသည်။

၁၉၇၉–၈၀ ပြည့်နှစ် ရန်ကုန်တိုင်း၊ များများစိုက်–များများအောင် မြို့နယ်ပထမဆုရ တိုက်ကြီးမြို့နယ်အား ဂုဏ်ပြုပွဲနှင့် ၁၉၈၀-၈၁ ခုနှစ်အတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပသည်။

ကုလသမဂ္ဂ နမီးဗီးယား ကောင်စီ၏ ငါးရက်ကြာ အထူးညီလာခံက တောင်အာဖရိကနိုင်ငံအား စီးပွားရေး အရအရေးယူရန်နှင့် အနောက်တောင်အာဖရိက ပြည်သူအဖွဲ့ (ဆွာပို) အား အသိအမှတ်ပြုကြောင်း ကြေငြာသည်။

နီပေါဘုရင် ဘီရင်ဒရာက နီပေါအစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ကြောင်း ကြေငြာသည်။

၂ ရန်ကုန်မြို့ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ခေတ္တ ကိန်းဝပ်လျက်ရှိသည့် နာဂစီဝရ ပရူပရှိမာ ရုပ်ပွားဆင်းတုတော် ပဋ္ဌဓာတုဝါဟနတိဗက်စေတီတော်နှင့် ဓာတ်တော်ကြုတ်များကို ရဟန်းရှင်လူအများ ပြည်သူတို့ ဖူးမျှော်ကြည်ညိုပူဇော်နိုင်ရန် ရွှေတိဂုံစေတီတော် ရာဟုဒေါင့်ရှိ ပြည်လုံးချမ်းသာ တန်ဆောင်းယာယီစံကျောင်းသို့ ပင့်ဆောင်ပူဇော်ပွဲကို စည်ကားစွာ ကျင်းပသည်။

အာဖရိက ရွှေတန်းနိုင်ငံ ငါးနိုင်ငံနှင့် ဇင်ဗာဗွေ နိုင်ငံ ခေါင်းဆောင်များသည် ကုလသမဂ္ဂမှ ကြီးမှူးဆောင်ရွက်မည့် နမီးဗီးယားအနောက်တောင်အာဖရိက လွှတ်လပ်ရေး အစီအစဉ်နှင့်ပတ်သက်သော တောင်အာဖရိက၏ တွံ့ပြန်ချက်ကို ဆွေးနွေးရန် လူဆာကာမြို့ရှိ ဧည့်ဂေဟာတွင် တွေ့ဆုံသည်။

ကျိုက္ကဆံကွင်း အထူးတန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တရုတ်ပြည်လုံးဆိုင်ရာ အမြဲတမ်း ပြည်သူကွန်ဂရက် ပါတီ ဒုတိယဥက္ကဋ္ဌ မဒမ်တိန့်ရင်ချောင်းသည် ပြင်သစ် နိုင်ငံသို့ ၁၀ ရက်ကြာ ချစ်ကြည်ရေးခရီး ထွက်ခွာသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် တောင်အာဖရိက အခြေအနေနှင့်ပတ်သက်၍ နောက်ဆုံးကျင်းပလျက်ရှိသော ဆွေးနွေးပွဲကို တနလ်ာနေ့ထိ ရွှေဆိုင်းသည်။

ဗီယင်နာမြို့၌ ပျက်သတ္တ နှစ်ပတ်ကြာ ကျင်းပခဲ့သော နိုင်ငံတကာ မူးယစ်ဆေးဝါး နှိမ်နင်းရေးအပွဲ၏ တံခါးပိတ် ဆွေးနွေးပွဲ ပြီးဆုံးသည်။

၇ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီသည် ၁၉၈၀ ပြည့်နှစ် မေလ ၂၈ ရက်နေ့စွဲပါ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ တိထွင်ပြဋ္ဌာန်းသည့် အမိန့်အရ ၁၉၈၀ ပြည့် ဇွန်လ ၇ ရက်နေ့တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့် ၁၃၃ ဦးနှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် ၁၀၈ ဦးတို့ကို ချီးမြှင့်အပ်နှင်းကြောင်း ကြေငြာချက် ၃/၈၀ ကို ထုတ်ပြန်သည်။

လက်ဗန္ဓနနိုင်ငံတွင် ဖြစ်ပွားနေသော ဆူပူမှုများကို အဆုံးသတ်ရေးအတွက် ညှိနှိုင်း ပြေရှင်းရာတွင် သမ္မတ အိလီယတ်ဆာကစ်အနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် ဝန်ကြီးချုပ် ဆီလင်အယ်ဟာ့၏ လက်ဗန္ဓန် အစိုးရ အပွဲ နုတ်ထွက်စာတင်သည်။

၈ ၁၉၇၉–၈၀ ပြည့်နှစ် ရှမ်းပြည်နယ် စီးပွားရေးစီမံကိန်းလယ်ယာကဏ္ဍ အကောင်အထည်ဖော်မှုတွင် ကျေးရွာအလိုက် ဒုတိယဆု ရရှိသော ပင်လောင်းမြို့နယ်၊ မြင်းကွင်းကျေးရွာအုပ်စုအား ဆုချီးမြှင့်ပွဲ ကျင်းပသည်။

ဆည်တော်ကြီး စီမံကိန်း ရေကာတာတမံ ၂ တည် ဆောက်ရေး လူငယ်အခြစိုက် လုပ်အားပေးစခန်း အမှတ် ၂ စခန်းသိမ်းပွဲ ကျင်းပသည်။

၉ ဆိုဗီယက် အာကာသယာဉ်သစ် ဆိုယုတ် ၂ ပြင့် ငါးရက်ကြာ အာကာသဝရိ ထွက်ခဲ့သော ဆိုဗီယက် အာကာသယာဉ်မှူး နှစ်ဦး မြေပြင်သို့ ပြန်လည် ရောက်ရှိသည်။

အိန္ဒိယသမ္မဂ္ဂရာဇာ၊ ငြိမ်းချမ်းရေးဇုံအဖြစ် ပန်တီးရန် ပွဲစည်းထားသည့် ကုလသမဂ္ဂ ကော်မတီက အပွဲဝင်အဖြစ် နိုင်ငံ ၁၁ နိုင်ငံကို အဆိုပြုသည်။

၁၀ ၁၉၇၀–၇၁ ဓုနှစ် လယ်ယာနှင့် သစ်တောဝန်ကြီး၊ ဌာန စက်မှုလယ်ယာဦးစီးဌာနတို့ လုပ်ငန်းညှိနှိုင်း တစည်းတဝေးကို ကိုးမိုင်ရှိ စက်မှုလယ်ယာ ဦးစီးဌာန ပင်မအလုပ်ရုံ၌ ကျင်းပသည်။

စီးပွားရေးစီမံကိန်း လယ်ယာကဏ္ဍတွင် ဝပါးပိုမိုထွက်ရှိရေးအတွက် ၁၉၇၉–၈၀ ပြည့်နှစ်အတွင်း မြို့နယ်ပေါင်း ၄၃

၃ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကို ည ဂ နာရီမှ စတင်ထုတ်လွှင့်သည်။

ဆိုဗီယက် အာကာသယာဉ်မှူး ဗယ်လာရီကွဘတ်ဆော့နှင့် ဟန်ဂေရီအာကာသယာဉ်မှူး ဘာတာလန်ဖာကတ်တို့သည် ဆိုယုဥ၇ အာကာသယာဉ်ဖြင့် ကမ္ဘာပေါ်သို့ ချောမောစွာ ပြန်လည်ဆောက်ရှိသည်။

တတိယနိုင်ငံများတွင် ပျော့ဖတ်နှင့် စက္ကူစက်ရုံများ ထူထောင်ရေးအတွက် အိန္ဒိယနှင့်ဆိုဗီယက်ပြည်ထောင်စုတို့ ပူးပေါင်းသဘောတူစာချုပ် ချုပ်ဆိုသည်။

၄ ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးရေးအပွဲ အစည်းအဝေးကို ပညာရေးဌာန ဒုတိယဝန်ကြီး၏ရုံးခန်းဦး ကျင်းပသည်။

ကော့ကရိတ်မြို့နယ် စာတတ်မြောက်မှု အခမ်းအနားကို ကော့ကရိတ်မြို့ ဓာတုဓာတ်မြေဆီဇင်နှင့် ဓာတုဗဟုသုတ ပြည်သူ့ခန်းမ၌ ကျင်းပသည်။

ဆိုဗီယက် ပြည်ထောင်စုသည် ကော့စမော့ ဝဘင့်ဂြိုဟ်တုတလုံးကို လွှတ်တင်သည်။

ကနေဒါနိုင်ငံမှ ဂျုံမက်ထရစ်တန် ၁ ဒသမ ၄ သန်းဝယ်ယူရန် တရုတ်ပြည်က စာချုပ်လက်မှတ် ရေးထိုးသည်။

၅ မြန်မာနိုင်ငံရှိ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် မီးများစုံလင်စွာ တပ်ဆင်အသုံးပြုရန်နှင့် ဆလွန်းကားများ ကိုယ်ထည်ပြောင်းလဲမှုမပြုရန် ကြေငြာချက်ထုတ်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအပွဲ (အိုင်အယ်အို) သည် သုံးပတ်ကြာကျင်းပမည့် နှစ်ပတ်လည် အစည်းအဝေး စတင်ဖွင့်လှစ်သည်။

ဆိုဗီယက်ပြည်ထောင်စုသည် လွှဲပါခေသာ ဆိုယု တီ ၂ အာကာသယာဉ်တစင်းကို ပထမအကြိမ် လွှတ်တင်သည်။ လိုက်ပါသွားသော လူနှစ်ဦးမှာ ယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး ယူရိမာလီရှက်နှင့် အာကာသယာဉ်မှူး အက်ဆင်နော့ဗ်တို့ ဖြစ်သည်။

နိုင်ငံပေါင်း ၁၀၀ ကျော် တက်ရောက်သော တိဟီရန် ညီလာခံ ဒေသာက်ဆုံးဒေန ဆွေးနွေးပွဲတွင် နန်းကျ ရှာဘုရင် နှင့် ယင်းဇနီးဝိုင်ဆိုင်သော ဓနဥစ္စာများအားလုံးကို အီရန်နိုင်ငံက ပြန်လည် တောင်းဆိုပိုင်ခွင့်ရှိကြောင်း ကြေငြာသည်။

အာဂျင်တီးနာသမ္မတဗိုဇယ်လာသည် တရုတ်ပြည်တွင် လေးရက်ကြာမျှ တရားဝင်လည်ပတ်ရန် ပင်ကင်းမြို့သို့ရောက်ရှိသည်။

ဂျပန်နိုင်ငံနှင့် ဇင်မာဘွေနိုင်ငံတို့သည် တရားဝင် သံတမန် ဆက်သွယ်သည်။

၆ သဘင်တန္ဒပညာရှင်များ၏ မျက်နှာစုံညီ တစည်းတဝေးကျင်းပရေးအတွက် ညှိနှိုင်းတစည်းတဝေးကို

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်များ

မြို့နယ်၌ စပါးအထူးအထွက်တို့ စိုက်ပျိုးခဲ့ရာတွင် ပြည်နယ်နှင့်တိုင်း အထူးဆုရရှိခဲ့သော မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမစခန်းမှ ကြီးကြပ်မှုကော်မတီများနှင့် ဝန်ထမ်းများ အား ဆုချီးမြှင့်ပုံ ကျင်းပသည်။

မန္တလေးမြို့တော် စိမ်း လန်း စို ပြေ ရေး စီမံချက်အရ မန္တလေးမြို့လုံးကျွတ် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်း စတင် အကောင်အထည်ဖော်သည်။

မိခင်နိုင်ငံရှိ အိုလင်းပစ်ကော်မတီများကသဘောတူညီမှု မပေးသော ပုဂ္ဂလိက အားကစားသမားများအား မော်စကို အိုလင်းပစ်သို့ ယှဉ်ပြိုင်ခွင့်မပေးရန် နိုင်ငံတကာအိုလင်းပစ် ကော်မတီက ဆုံးဖြတ်သည်။

၁၁ အာရှ ပို့ဖြိုးရေးဘဏ်သည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ဆိပ်ကမ်းမြို့ကြီးရှစ်မြို့အတွက် ပြုပြင်မှုများပြုလုပ်ရန် ဒေါ်လာ ၁၅ ဒသမ ၅ သန်း ထုတ်ချေးရန် သဘောတူသည်။

ရေနံစင်ပို့ထုတ်ခဲ့သော နိုင်ငံများအဖွဲ့ (အိုပက်) ၏ ၅၃ ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးကို အယ်ဂျီးရီးယားနိုင်ငံတွင် ကျင်းပပြီးစီးသည်။

၁၂ ဂျပန်ဝန်ကြီးချုပ် မာဆာယိုရှိအိုဟီရာ ၇၀ နှစ်သည် နှလုံးရောဂါကြောင့် တိုကျိုဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၄ မိနစ်တွင် ကွယ်လွန်သည်။

ဥရောပဘုံစျေးအဖွဲ့ (အီး အီး စီ) ဝင် နိုင် ငံ များ မှ ခေါင်းဆောင်များသည် ဘုံစျေးအဖွဲ့ထိပ်သီး စည်းဝေးပွဲကို ဗင်းနစ်ရေအိုင်ကျွန်းတခုတွင် စတင်ဖွင့်လှစ်သည်။

၁၃ နီပေါဘုရင် မင်းမြတ်နှင့် မိဖုရားတို့က ဓမ္မလက်ဆောင်အဖြစ် လှူဒါန်းခဲ့သော ရုပ်ပွားဆင်းတုတော်၊ စေတီတော်နှင့် ဓာတ်တော်ကြွတ်များကို သံဃာတော်များ ဂိုဏ်းပေါင်းစုံညီညွတ်မှု အထိမ်းအမှတ်အဖြစ် တည်ဆောက်မည့် စေတီတော်အတွက် ပွဲစည်းထားသည့် စေတီတော် ဖြစ်မြောက်ရေး ဗဟိုအဖွဲ့၏ ပထမအကြိမ် အစည်းအဝေး ပြုလုပ်သည်။

ဗင်းနစ်မြို့တွင် နှစ်ရက်ကြာ ကျင်းပခဲ့သည့် ဥရောပ ဘုံစျေးအဖွဲ့ (အီး အီး စီ) ထိပ်သီး အစည်းအဝေး ပြီးစီးသည်။

၁၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအကြိမ်အထူးအစည်းအဝေးကိုကမ္ဘာအေးကုန်းမြေ ဇမ္မူဒီပကျောင်းဆောင်၌ ကျင်းပသည်။

အာဖဂန်စတန် သမ္မတဟောင်း အာမင်၏ အစိုးရလက်ထက်က ဝန်ကြီး သုံးဦးအား တော်လှန်ရေး ခုံရုံးက သေဒဏ်အပြစ် ချမှတ်ပြီး အဆုံးစီရင်လိုက်သည်။

အီရတ်နိုင်ငံမှ နှင်ထုတ်လိုက်သည့် လူပေါင်း ၃၇,၆၃၉ ဦးတို့သည် နယ်စပ်ဒေသအခြေအနေဆိုးရွားလာသည့် မတ်



ဗင်းနစ်မြို့တွင် ကျင်းပသော ဥရောပဘုံစျေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများမှ ထိပ်သီးခေါင်းဆောင်များ လမှစတင်၍ အီရန် အီရတ်နယ်စပ်တလျှောက်ရှိစခန်းများ၌ ခိုလှုံနေထိုင်လျက်ရှိကြောင်း ကြေငြာသည်။

၁၅ ရန်ကုန်တိုင်း စိုက်ပျိုးမွေးမြူရေးစခန်း လုပ်ငန်းဖွင့်ပွဲကို လှည်းကူးမြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ပြုလုပ်သည်။

၁၆ အောင်ပွဲရ ခလရ ၂ ရွှေတန်းပြန် တပ်မတော်သားများအား ကျိုက်ထို၊ သိမ်ဖြူဇရပ်မှ သောင်းသောင်းပြဖြ ကြိုဆိုဂုဏ်ပြုသည်။

ဂျီဗူတီနှင့် တောင်ကိုရီးယား နိုင်ငံတို့သည် နှစ်နိုင်ငံလေကြောင်း သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးသည်။

ဘွန်းမြို့သို့ အစိုးရည့်သည်တော်အဖြစ် ပထမဆုံးလာရောက်လည်ပတ်သော ဆအူးဒီအာရေဗျဘုရင် ခါလစ်နှင့် အနောက်ဂျာမနီသမ္မတ ကား ကာစတင်တို့ ဘွန်းမြို့တွင် စတင် ဆွေးနွေးသည်။

၁၇ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလေးမောင်၏ ဖိတ်ကြားချက်အရ ထိုင်း နိုင် ငံ ခြား ရေး ဝန် ကြီး လေတပ်ဗိုလ်ချုပ်ကြီး ဆစ်ဒီဆာဝက်ဆီလာသည် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလေးမောင်က ကရဝိတ် ရွှေဝါခန်းမ၌ ညစာ စားပွဲဖြင့် တည်ခင်း၍ အပြန်အလှန် မိန့်ခွန်းပြောကြားသည်။

လက်ဗန္ဓနန်နိုင်ငံတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ကို ခြောက်လသက်တမ်း ဆက်လက်ထားရှိရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်သည်။

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်များ

၁၇ အမေရိကန်၊ ဆိုဗီယက်နှင့် ဗြိတိန်နိုင်ငံတို့သည် ၁၀ ကြိမ်မြောက် နျူးကလီးယားစမ်းသပ်မှု ပိတ်ပင်ရေး ဆွေးနွေးပွဲကျင်းပသည်။

အမေရိကန်သမ္မတ ဂျင်မီကာတာနှင့် ဂျော်ဒန်ဘုရင် ဟူစိန်တို့သည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ပထမအကြိမ် တွေ့ဆုံဆွေးနွေးသည်။

၁၈ မြန်မာနိုင်ငံသို့ရောက်ရှိနေသော ထိုင်းနိုင်ငံခြားရေးဝန်ကြီး လေတပ်ပိုလ်ချုပ်ကြီး ဆစ်ဒီ ဆာဝက်ဆီလာသည့် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခတို့အား သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ဆီးရီးယားသမ္မတ အာဆတ်နှင့် ပီအယ်အိုခေါင်းဆောင် အာရာဖတ်တို့ တွေ့ဆုံဆွေးနွေးပြီး အရှေ့အလယ်ပိုင်းအရေးနှင့် ပတ်သက်သော ပူးတွဲကြေငြာချက်တစောင် ထုတ်ပြန်သည်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး အဂ္ဂရှာဟီသည် ပြင်သစ်သမ္မတ ဂျစ်စကတ်ဒက်စတိုင်းနှင့် အာဟန် ပြဿနာကို တွေ့ဆုံဆွေးနွေးသည်။

၁၉ စစ်ကိုင်းတိုင်း မုံရွာမဲဆန္ဒနယ် အမှတ် ၁ ပြည်သူလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်ခန်သန်းအား လူမှုဝန်ထမ်း ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးအပ်သည်။

. အမေရိကန်ပြည်ထောင်စုသမ္မတ ကာတာသည် ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲများ တက်ရောက်ရန် ဥရောပတိုက်သို့ ရက်သတ္တတပတ်ကြာ ခရီးအဖြစ် ဝါရှင်တန်မြို့မှ ထွက်ခွာသည်။

လောနိုင်ငံနှင့် ချက်ကိုဆလိုဗက်နိုင်ငံတို့မှ အစိုးရကိုယ်စားလှယ်များသည် သစ်တောလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ဗီယင်ကျန်းမြို့၌ လက်မှတ်ရေးထိုးသည်။

မော်စကိုအိုလင်းပစ်ပြိုင်ပွဲ ဖွင့်ပွဲနေ့တွင် ထွန်းညီရန် အတွက် လက်ဆင့်ကမ်းသယ်ယူမည့် အိုလင်းပစ် မီးရှူးတိုင်ကို အိုလင်းပစ်ပြိုင်ပွဲများ စတင်ပေါက်ဖွားရာ ဂရိနိုင်ငံရှိ ရှေးဟောင်း အိုလင်းပီယာဒေသ၌ ယနေ့ မွန်းတည့်ချိန်တွင် ထွန်းညီလိုက်သည်။

၂၀ သိရိလင်္ကာနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ မဟာဗောဓိပင်ပျိုသုံးပင် လက်ဆောင် ပေးရန်အတွက် သိရိလင်္ကာနိုင်ငံအစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဗန္ဒုနှင့်အပွဲ ထောက်ခိုလာသည်။

ပါကစ္စတန်နိုင်ငံရှိ အာဟန်စတန် ဒုက္ခသည်များ အတွက် ငွေကြေးထောက်ပံ့ရန် လစ်ဗျာနိုင်ငံက စွမ်းဆောင်ရွက်ပေးသည်။

၂၁ မြန်မာနိုင်ငံသို့ သိရိလင်္ကာနိုင်ငံအစိုးရ၏ ဓမ္မလက်ဆောင် ဗောဓိပင်ပျိုသုံးပင် ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပသည်။

ရန်ကုန်မြို့သို့ ရောက်ရှိနေသော သိရိလင်္ကာယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဗန္ဒုသည် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်၊ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမန်းစံမြတ်ရွှေတို့အား တွေ့ဆုံနှုတ်ဆက်သည်။

၂၂ ဂျပန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (ယူအေအီး) တို့သည် နှစ်နိုင်ငံပူးတွဲကော်မတီတခု ဖွဲ့စည်းရန် တရားဝင်သဘောတူစာချုပ် ချုပ်ဆိုသည်။

အာဖဂန်စတန်မြို့တော်မှ ပြန်လည်ရုပ်သိမ်း ထွက်ခွာသွားကြမည့် ဆိုဗီယက်တပ်ဖွဲ့တခုအား မြို့တော်မြောက်ဘက်ပိုင်း၌ နှုတ်ဆက်ပွဲအခမ်းအနားတခု ကျင်းပသည်။

ဗင်းနစ်မြို့တွင်ကျင်းပသော အနောက်စက်မှုနိုင်ငံ ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံက အစားထိုးလောင်စာစွမ်းအင် အရင်းအမြစ်များ အရှိန်မြှင့် ရှာဖွေရန်ဆုံးဖြတ်သည်။

သိရိလင်္ကာနိုင်ငံမှ ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည့် မဟာဗောဓိပင်ပျိုသုံးပင်အနက် ပင်ပျိုတပင်ကို ပုဂံညောင်ဦး ရွှေစည်းခုံဘုရားပရိဝုဏ် အရှေ့မြောက်ထောင့်၌ စိုက်ပျိုးသည်။

၂၃ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၂ ကြိမ်မြောက် အစည်းအဝေးကို အလုံလမ်းသမ္မတအိမ်တော်ဝင်း ဗဟို အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။ သဘာပတိအဖြစ် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးအောင်ကျော်မြင့်က ဆောင်ရွက်သည်။

အထွေထွေ အတွင်းရေးမှူးဦးစန်းယုက ပါတီဗဟိုအလုပ်အမှုဆောင် အစီရင်ခံစာကို လည်းကောင်း၊ ပါတီလုပ်ငန်းစစ်ဆေးရေး ကော်မတီ အတွင်းရေးမှူး ဦးတင်သိန်းက ပါတီလုပ်ငန်း စစ်ဆေးရေး အစီရင်ခံစာကိုလည်းကောင်း၊ ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီအတွင်းရေးမှူး ဦးခင်အေးက ပါတီစည်းကမ်းထိန်းသိမ်းရေး အစီရင်ခံစာကိုလည်းကောင်း တင်သွင်းကြသည်။

သိရိလင်္ကာနိုင်ငံအစိုးရက ဓမ္မလက်ဆောင်အဖြစ် ပေးပို့ခဲ့သည့် ဗောဓိပင်ပျိုသုံးပင်အနက် ပင်ပျိုတပင်ကို မန္တလေး မဟာသက္ကမာရဏီနှင့် ကျောက်တော်ကြီးဘုရား အင်္ဂါထောင့်၌ မန္တလေးတိုင်း ပြည်သူကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးလှတင်က အခမ်းအနားဖြင့် စိုက်ပျိုးသည်။

အိန္ဒိယဝန်ကြီးချုပ် မစ္စက်အင်ဒီရာဂန္ဓီ၏ သားငယ် ဆန်ဂျေးဂန္ဓီ (၃၃ နှစ်) သည် နယူးဒေလီမြို့ ဆင်ခြေဖုံးတနေရာတွင် ၎င်းကိုယ်တိုင် မောင်းနှင်သော လေယာဉ်ငယ်ကျရောက်၍ ဆုံးပါးသွားသည်။

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်မျှား

ဂျပန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ရွေး ကောက်ပွဲများ တပြိုင်တည်းကျင်းပရာတွင် အာဏာရ လစ် ဗရယ်ဒီမိုကရက်တစ်ပါတီ အနိုင်ရသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၂ ကြိမ်မြောက် အစည်းအဝေးကို ဒုတိယနေ့ အဖြစ် ဆက်လက်ကျင်းပသည်။ သဘာပတိအဖြစ် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူး ဦးစန်းယုက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်း ရေးမှူး ဦးထွေးဟန်က ဆောင်ရွက်သည်။

အထွေထွေအတွင်းရေးမှူး ဦးစန်းယုက ဗဟိုအလုပ်အမှု ဆောင် ကော်မတီ၏ အစီရင်ခံစာအပေါ် ဗဟိုကော်မတီဝင် များ၏ဆွေးနွေးခြင်းနှင့်ပတ်သက်ပြီးပြန်လည် ဆွေးနွေးတင် ပြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ပါတီ လုပ်ငန်းစီစစ်ရေးကော်မတီ၊ ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့၏ အစီရင်ခံစာများကို အတည်ပြုသည်။

မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယအစိုးရတို့ ၁၉၇၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် ရွှေပြေးစက်ရုံလုပ်ငန်း ၁၆ မျိုး သက်တမ်းတိုးမြှင့်ရန်နှင့် ပြင်ဆင်ရန်အတွက် သဘောတူ ညီချက် မှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။

စွမ်းအင်ချေတာရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ် ရေးနှင့် မြေအောက်တွင်လူများအတွက် နေရာပိုမိုဖန်တီး ရေးကိစ္စရပ်များကို ညှိနှိုင်းရန် ၅၆ နိုင်ငံမှ ကိုယ်စားလှယ် ၁၀၀၀ ကျော်သည် စတော့ဟုမ်းမြို့၌ ညီလာခံကျင်းပသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပထမအထူး အစည်းအဝေးကို အလုံလမ်း သမ္မတအိမ်တော်ဝင်း ဗဟို အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။ နိုင်ငံတော် သမ္မတကြီး ဦးနေဝင်း အမှုးပြုသော လွှတ်တော်ကိုယ်စား လှယ် ၄၅၁ ဦး တက်ရောက်သည်။

နိုင်ငံတော်ကောင်စီ၏ အစီရင်ခံစာကို နိုင်ငံတော် ကောင်စီအတွင်းရေးမှူး ဦးစန်းယုက တင်ပြသည်။ ဝန်ကြီး အဖွဲ့ကိုယ်စား ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်က ဝိနည်းဓမ္မက် အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေကြမ်းကို တင်ပြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားစီးပွား ဆက်သွယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဝေယူမင်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ပြည်သူ့လွှတ်တော် ပထမ အထူးအစည်းအဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်း ဗဟိုအစည်း အဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။ နံနက် ၁၀ နာရီ ၃၀ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ အထူးအစည်း အဝေးတွင် ပြဋ္ဌာန်းခြင်းတရပ်၊ ရွေးချယ်တင်မြှောက်ခြင်း သုံးရပ်၊ ဆုံးဖြတ်ချက်တရပ်နှင့် မှတ်တမ်းတင်ခြင်းခြောက် ရပ်ကိုဆောင်ရွက်ခဲ့ရာ ဝိနည်းဓမ္မက် အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းပြီး လစ်လပ် နေသော နိုင်ငံတော်ကောင်စီ တနေရာအတွက် ရပ်စောက် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ် စန်ကြည်၊ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်အဖြစ် အိမ် မဲ မဲဆန္ဒနယ် အမှတ် (၁) ပြည်သူ့လွှတ်တော် ကိုယ်စား လှယ် ဦးအုန်းကြည်၊ ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီ ဝင်အဖြစ် ပြည်မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုးဟန်တို့အား ရွေးချယ်တင်မြှောက် သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ မြန်မာ နိုင်ငံတော် ဥပဒေကော်မရှင်က နိုင်ငံသားဥပဒေကြမ်း ရေး ဆွဲရေးအတွက် ပြည်သူထံ အကြံဉာဏ်တောင်းခံခြင်း လုပ် ငန်းများ ထိရောက်အောင်မြင်ရေး အတွက် နိုင်ငံတော် ကောင်စီဝင် ဒေါက်တာ မောင်မောင် ခေါင်းဆောင် သော စည်းဝေးပွဲတရပ်ကို ကျင်းပသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားစီးပွား ဆက်သွယ် ရေး ဒုတိယဝန်ကြီး မစ္စတာဝေယူမင်သည် ဒုတိယဝန်ကြီး ချုပ် သူရ ဦးထွန်းတင်အား တွေ့ဆုံနှုတ်ဆက်သည်။

သဘင်ပညာရှင်များ၏ မျက်နှာစုံညီ အစည်း အဝေးကို ကျွိုက္ကဆံကွင်းဆရာစံ ခန်းမတွင် ကျင်း ပသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားစီးပွား ဆက်သွယ် ရေး ဒုတိယဝန်ကြီး မစ္စတာ ဝေယူမင်သည် ကုန်သွယ်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ကြီးအား သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

ထိုင်းနိုင်ငံမှ ကမ်ပူးချားသို့ စားနပ်ရိက္ခာထောက်ပံ့နေ မှုများ ယာယီပိတ်ပင် တားမြစ်ချက်ကို ၂၄ နာရီမပြည့်မီ ထိုင်းအစိုးရက ပြန်လည်ဖွင့်လှစ်ပေးသည်။

တောင်အာဖရိကနိုင်ငံက အင်ဂိုလာနိုင်ငံအား နောက် ဆုံးတကြိမ် ဝင်ရောက်တိုက်ခိုက်ခြင်းကို ကုလသမဂ္ဂလုံခြုံ ရေးကောင်စီက ရှုတ်ချသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြား စီးပွားဆက် သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဝေယူမင်သည် အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင့်ဆေ၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန် ကြီး ဗိုလ်မှူးကြီး မောင်ချို၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လှထွန်းတို့အား တွေ့ဆုံနှုတ်ဆက်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ၁၈ နှစ်ပြည့် မြောက် နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် အမှတ် (၂) လမ်းစဉ်လူငယ်စည်းရုံးရေးကော်မတီ ကကြီးမှူး၍ လမ်းစဉ်လူငယ်အဖွဲ့ဝင် ၁,၁၂၈ ဦးက ပါတီဝင် အဆိုပြုလွှာပေးအပ်ပွဲကိုဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်များ

၂ ဆီနီဂေါနိုင်ငံသည် ဒါကာမြို့ရှိ လစ်ဗျသံရုံးအား ပိတ်လိုက်ပြီးနောက် လစ်ဗျနိုင်ငံနှင့် သံတမန်အဆက်အသွယ်ဖြတ်လိုက်သည်။

ရေနံမထွက်သော အာရပ်နိုင်ငံများအား ရေနံထုတ်သော အာရပ်နိုင်ငံများက ရေနံစိမ်းကို အထူးလျော့ပေါ့သော စျေးနှုန်းဖြင့်ရောင်းချပေးရန် သဘောတူကြသည်။

၂၉ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သက်တမ်း ၁၈ နှစ်ပြည့် အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြု၍ လမ်းစဉ်လူငယ်အဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၄၅၀ နှင့် ဆရာ၊ ဆရာမများ စုစုပေါင်း ၈၀၀ ကျော်တို့ ပူးပေါင်း၍ သစ်ပင်ပေါင်း ၁,၅၈၀ စိုက်ပျိုးပွဲနှင့် လမ်းစဉ်လူငယ် အရန်ပါတီဝင် အဆိုပြုလွှာ ၁၅၀ ပေးအပ်ပွဲကို ရန်ကုန် ဒေသကောလိပ် ၂ တို့တွင် ပြုလုပ်သည်။

အီရတ်နှင့် အီရန်နိုင်ငံတို့သည် တတိယအကြိမ်မြောက် နယ်စပ်တိုက်ပွဲတရပ် ဆင်နွဲသည်ဟု အီရတ်နိုင်ငံက ကြေငြာသည်။

ကျူးဗားနှင့် တောင်ယေမင်နိုင်ငံတို့သည် ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်ထိ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးသဘောတူစာချုပ်တခု ချုပ်ဆို၏။

၃၀ ဆိုဗီယက်သမ္မတ ဗရက်ဇညက်နှင့် အနောက်ဂျာမနီဝန်ကြီးချုပ် ရှမစ်တို့ ကရင်မလင်နန်းတော်၌ တွေ့ဆုံဆွေးနွေးသည်။

အိုက်စလန်နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသက် ၅၀ နှစ်ရှိ ဗစ်ဒစ်ဖင်းဘိုဂါဒေါ့တာအမည်ရှိ အမျိုးသမီးသမ္မတတဦးကို ရွေးကောက်တင်မြှောက်လိုက်သည်။

ဇူလိုင်လ

တနင်္ဂနွေ		၆	၁၃	၂၀	၂၇
တနလ်ာနေ့		၇	၁၄	၂၁	၂၈
အင်္ဂါနေ့	၁	၈	၁၅	၂၂	၂၉
ဗုဒ္ဓဟူးနေ့	၂	၉	၁၆	၂၃	၃၀
ကြာသပတေးနေ့	၃	၁၀	၁၇	၂၄	၃၁
သောကြာနေ့	၄	၁၁	၁၈	၂၅	
စနေနေ့	၅	၁၂	၁၉	၂၆	

၁ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တပ်မတော်စည်းရုံးရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကာကွယ်ရေးဦးစီးချုပ်ရုံး စည်းရုံးရေးကော်မတီနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်စည်းရုံးရေးကော်မတီတို့ ပူးပေါင်း၍ ၁၉၈၀/၈၁ စပါးစိုက်ပျိုး ရာသီတွင် လုပ်အားပေးရန် မြစိမ်းရောင် စစ်ဆင်ရေးကို စတင် ဆင်နွဲသည်။

အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ) ၏ ထိပ်သီး ညီလာခံ စတင်ကျင်းပသည်။

၂ အာဖရိက ရှေ့တန်း ငါးနိုင်ငံဖြစ်သော တန်ဇားနီးယား၊ ဗော့ဆွာနာ၊ မိုဇမ်ဗစ်၊ အင်ဂိုလာနှင့် ဇမ္ဗီယားနိုင်ငံများမှ ခေါင်းဆောင်များသည် ဇင်ဗာဗွေနိုင်ငံဝန်ကြီးချုပ် ရောဗတ်မူဂါဗီနှင့် နမီးဗီးယား (အနောက်တောင်အာဖရိက) အခြေအနေများကို လူဆာကာမြို့အနီးတွင် တွေ့ဆုံဆွေးနွေးသည်။

၃ ဆောက်လုပ်ရေးဝန်ကြီးဌာန အိုးအိမ်ဦးစီးဌာန၏ ၁၉၈၀–၈၁ ခုနှစ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အိုးအိမ်ဦးစီးဌာန၊ ရုံးချုပ်စည်းဝေးခန်းမ၌ စတင်ကျင်းပသည်။

ဆိုဗီယက်သမ္မတ ဗရက်ဇညက်နှင့် ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင် သုံးဦးတို့သည် ကရင်မလင်နန်းတော်တွင် တွေ့ဆုံဆွေးနွေးသည်။

ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ နွေဦးရာသီအစည်းအဝေးကို ဂျီနီဗာမြို့တွင် စတင်ကျင်းပသည်။

တောင်အာဖရိက ပြောက်ကျားတို့အား အကူအညီတိုးမြှင့်ပေးရန် ဇင်ဗာဗွေဝန်ကြီးချုပ် ရောဗတ်မူဂါဗီက အာဖရိက လူမည်းခေါင်းဆောင်တို့အား အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ) ညီလာခံတွင် တိုက်တွန်းသည်။

၄ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သက်တမ်း ၁၈ နှစ်ပြည့်မြောက် အထိမ်းအမှတ် အခမ်းအနားများကို ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များတွင် ကျင်းပသည်။

ဆိုဗီယက်ပြည်ထောင်စုသည်အာဖဂနိစတန်တွင် စစ်ရေးစွက်ဖက်မှု အဆုံးသတ်ပြီးသည့်တိုင်အောင် ဆိုဗီယက်ပြည်ထောင်စုသို့ အမေရိကန် သီးနှံတင်ပို့မှု ပိတ်ဆို့ထားခြင်းကို ရုပ်သိမ်းပေးမည်မဟုတ်ဟု သမ္မတကာတာကကြေငြာသည်။

ဂျပန် ဂျီဂျီသတင်းဌာနနှင့် အဆာဟိသတင်းဌာနတို့၏ တောင်ကိုရီးယားရှိ ရုံးခွဲများကို မည်သည့်အကြောင်းမျှမပြပဲ တောင်ကိုရီးယား ပြန်ကြားရေးဝန်ကြီးဌာနက ပိတ်ပစ်လိုက်သည်။

၅ သီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရေလုံလောက်စွာရရှိရန် တောင်သူလယ်သမားဦးကြီးများအား လယ်ယာနှင့်သစ်တောဝန်ကြီးဌာနမှ နှိုးဆော်ချက်အမှတ် ၁/၈၀ ကို ထုတ်ပြန်ကြေငြာသည်။

ထိုင်းနိုင်ငံနှင့် လောနိုင်ငံတို့သည် အပြန်အလှန်သောင်တင်နေသော နိုင်ငံသားများကို ဖလှယ်သည်။

အိုလင်းပစ် မီးရှူးတိုင်သည် ဂရိနိုင်ငံ၊ ဗူလဂေးရီးယားနှင့် ရိုမေးနီးယားနယ်မြေများကို ဖြတ်သန်းပြီး ဆိုဗီယက်နယ်မြေအတွင်း ရောက်ရှိသည်။

၆ မြန်မာနိုင်ငံတော်၏ အထူး ကိုယ်စားလှယ်အဖြစ် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်များ



နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာပြီး ထိုအပ်သည်များကို ညွှန်ကြားခဲ့သည်။

ဦးရဲခေါင်သည် ၁၉၈၀ ပြည့်နှစ် ဇွန်လ ၂ ရက်တွင် ကွယ်လွန်ခဲ့သော ဂျပန်နိုင်ငံဝန်ကြီးချုပ် မာဆာယိုရှိအိုဟီရာဇ၏ ဈာပနအခမ်းအနားသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာသည်။

စကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးမစ္စတာ ဂိုချုပ်တောင် ခေါင်းဆောင်သည့် စီးပွားရေး မစ်ရှင်အပို့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၇ ရန်ကုန်တိုင်း ပြည်သူကောင်စီ၏ ၁၉၈၀–ဂ၁ ခု သမဝါယမ ကုန်ထုတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို မြို့တော်စည်ပင်သာယာရေး အဆောက်အအုံ၌ ကျင်းပရာ သမဝါယမဝန်ကြီး ဗိုလ်မှူးကြီး စိန်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။

ပြင်သစ်သမ္မတဂျစ်စကတ်ဒက်စတိုင်းသည်ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ကမ်ပူးချားနိုင်ငံမှ ဟင်ဆမ်းရင်အစိုးရကို အသိအမှတ်ပြုသည်။

၈ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ဦးစန်းယုနှင့် နိုင်ငံတော် ကောင်စီဝင်များ၊ ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် ဝန်ကြီးအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနကို ကြည့်ရှုလေ့လာသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် မြန်မာနိုင်ငံအစိုးရ မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်တားဆီးရေး ဗဟိုအဖွဲ့တို့က ကြီးမှူးလျှ ရှမ်းပြည်နယ် မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်ရေးသင်တန်းကို တောင်ကြီးမြို့ စားမြိန်ရိပ်သာတွင်ပြုလုပ်သည်။

ပြည်သူလွတ်တော်နှင့် ပြည်သူကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင် ဒုသမအကြိမ် ညှိနှိုင်းစည်းဝေးကျင်းပပြီး လစ်လပ်နေသည့် ပြည်သူလွတ်တော် ကိုယ်စားလှယ် သုံး နေရာ ရွေးချယ်တင်မြှောက်ရေးကို ညှိနှိုင်းစည်းဝေးသည်။

ကွယ်လွန်သူဂျပန်ဝန်ကြီးချုပ် မာဆာယိုရှိအိုဟီရာအား အမှတ်တရ ဆုတောင်းစည်းဝေးပွဲကို ဂျပန်နိုင်ငံတွင် ကျင်းပရာ အမေရိကန်သမ္မတ ကာတာ၊ တရုတ်ဝန်ကြီးချုပ် ဟူကိုဖုန်းနှင့် အခြားသော နိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်သည်။

၁၀ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးဦးနေဝင်းသည် စကာပူသမ္မတနိုင်ငံ စီးပွားရေးမစ်ရှင်အဖွဲခေါင်းဆောင် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနပန်ကြီး မစ္စတာ ဂိုချုပ်တောင်နှင့် အဖွဲ့အားအေဒီလမ်းရှိ နိုင်ငံတော် သမ္မတ အိမ်တော်၌ လက်ခံတွေ့ဆုံသည်။

အမေရိကန်သမ္မတ ကာတာနှင့် တရုတ်ဝန်ကြီးချုပ် ဟူကိုဖုန်းတို့သည် အာဖဂန်စတန်အရေး၊ အင်ဒိုချိုင်းနား ပြဿနာနှင့် အခြားသော ကမ္ဘာ့ရေးရာများကို ဂျပန်နိုင်ငံတိုက်ရိုက်မြို့တွင် တွေ့ဆုံဆွေးနွေးသည်။

မလေးရှားနိုင်ငံ၏ သတ္တမမြောက် ဘုရင်အဖြစ် တန်ကူအာမက်ရှားအား ရွေးချယ်တင်မြှောက်သည်။

၁၁ ထိုင်းနယ်စပ်တွင် ကုလသမဂ္ဂလေ့လာရေးတပ်ဖွဲ့များ တာဝန် ချထားရန် ထိုင်းဘက်မှ အဆိုပြုချက်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲဝင်များနှင့် အထွေထွေညီလာခံသို့ တင်ပြထားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းက အကြောင်း ပြန်ကြားသည်။

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်မျာ်း



ချစ်ကြည်ရေးခရီးအဖြစ် ရောက်ရှိလာသော ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရမ်တင်ဆူလာနွန်ဒါအား ဝန်ကြီးချုပ် ဦးမောင်မောင်ခက ရန်ကုန်လေဆိပ်မှ ကြိုဆိုခဲ့သည်။

၁၃ ရန်ကုန်မြို့တော် စိမ်းလန်းစိုပြေရေးအတွက် သစ်ပင်ပန်းပင် မျိုးပင် ၂၀ မျိုး အပါအဝင် အပင်ပေါင်း တသိန်းကျော်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ် ၂၇ ခုတွင် လူထုလှုပ်ရှားမှုအသွင် ဖြင့် တပြိုင်တည်း စိုက်ပျိုးသည်။

ဂျွန်ဆလမ်းမြို့ကို အစွရေးနိုင်ငံ၏ မြို့တော် အဖြစ် ထားရှိရန် အစွရေးက ဆုံးဖြတ်သည်ကို ထောက်ခံသည့် နိုင်ငံမှန်သမျှအား အာရပ်နိုင်ငံများက အဆက်အသွယ် ဖြတ်ရန် ဂျော်ဒန်နိုင်ငံ အမှန်မြို့တွင် ကျင်းပသည့်အစွလာမ် နိုင်ငံခြားရေးဝန်ကြီးများ စည်းဝေးက ဆုံးဖြတ်သည်။

၁၄ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုလုပ်သော စိုက်ပျိုးမွေးမြူရေးကွေဒါသင်တန်း အမှတ်စဉ် ၂ ဖွင့်ပွဲကို ရန်ကုန်မြို့၌ ကျင်းပသည်။

အမျိုးသမီးဆိုင်ရာ ကုလသမဂ္ဂ အထူးညီလာခံဖွင့်ပွဲကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် စတင်ကျင်းပသည်။

၁၅ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ နိုင်ငံတော် ကောင်စီနှင့် ဗဟို အာဏာပိုင် အဖွဲ့အစည်းများ၏ အစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမဆောင်၌ ကျင်းပခဲ့ရာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော် သမ္မတကြီးက နိုင်ငံ့ဂုဏ်ရည်ဘွဲ့နှင့် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ရာ၌ မကြွင်းမကျန်စေပဲ ပါရှိချီးမြှင့်ရန်၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းနှင့် ကောင်စီ အဆင့်ဆင့်တို့တွင် တာဝန်ယူထမ်းဆောင်ပြီး အနှားယူသွားသူများအား အငြိမ်းစားလစာ ထောက်ပံ့ရေးနှင့် လွတ်ငြိမ်း ချမ်းသာခွင့်အရ ပြန်လာလိုသူတို့ စိတ်ချလက်ချ ပြန်လာကြရန်နှင့် ပြန်လာကြသည့် ပုဂ္ဂိုလ်များအား ထမ်းသာစွာ ကြိုဆိုကြရန် မိန့်ကြားသည်။

၁၆ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၏ ၁၉၇၀–၇၁ သီးနှံစိုက်ပျိုးရေးလုပ်ငန်း သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲကို ကန်တော်ကြီး နတ်မောက်လမ်းရှိ ယုဇနဂေဟာတွင် ကျင်းပသည်။

နိုင်ငံတကာ အိုလင်းပစ် ကော်မတီ (အိုင်အိုစီ)သည် ယင်း၏ ၇၃ ကြိမ်မြောက် အစည်းအဝေးဌာန စပိန်နိုင်ငံမှ ဝမ်အန်တိုနီယိုဆာမာရန်အား အိုင်အိုစီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်သည်။

၁၇ ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် အသက် ၆၉ နှစ်ရှိ ဧင်ကိုဆူဇုကီးအား ဂျပန်အောက်လွှတ်တော်က ရွေးချယ်တင်မြှောက်သည်။

၁၈ နိုင်ငံတော်အစိုးရ၏ သဘောထားနှင့် ကြေငြာချက် ထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည့် ၁၉၇၀ ပြည့်နှစ် မေ ၂၀ ရက်နေ့မှ ယနေ့အထိ ပြည်တွင်းပြည်ပမှ ပြန်လည် ရောက်ရှိလာကြသူပေါင်း ၆၃၆ ဦးရှိသည်။

၁၉ ၃၃ နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။

၂၀ ရန်ကုန်တိုင်း တတိုင်းလုံး စပါး အထူးအထွက်တိုး အောင်မြင်ရေးအထောက်အကူပြု စုပေါင်းကောက်စိုက်ပြိုင်ပွဲကို ဆန်းတပင်မြို့နယ် မြို့မ အထွက်တိုးစခန်း၌ ကျင်းပသည်။

၂၁ ဘင်္ဂလားဒေ့ရှ သမ္မတ ဇီယာရာမန်သည် တရုတ်ပြည်သူ သမ္မတနိုင်ငံတွင် အစိုးရ ညွှေ့သည်တော် အဖြစ်လေးရက်ကြာလည်ပတ်ရန်ပီကင်းမြို့သို့ထွက်ခွာသည်။

ဒိုမိနီကန် လွတ်လပ်ရေးပါတီမှ အသက် ၆၆ နှစ်ရှိ မာရီယာကျိုးနီးယားချောသည် ဒိုမိနီကန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

၂၂ ဂျွန်ဆလမ်းမြို့ကို အစွရေးနိုင်ငံ၏ မြို့တော်အဖြစ် အစွရေး ပါလီမန်တွင် အတည် ပြုခဲ့သည်ကို အကြောင်းပြုကာ ပါလက်စတိုင်အရေးကိစ္စဆိုင်ရာ အရေးပေါ် ကုလသမဂ္ဂညီလာခံ စတင်ကျင်းပသည်။

၂၃ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာ မောင်ဝိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ နော်

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်မျာ

ဝေသံအမတ်ကြီး မစ္စတာ ဖင်ကိုရင်တို့သည် သဘာဝဓာတ် ငွေသုံး လျှပ်စစ်ဓာတ်အားပေးစက်နှင့် ပေါင်းလောင်း ရေအား လျှပ်စစ်ဓာတ်အား စီမံကိန်းများအတွက် ထောက်ပံ့ကူညီရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးသည်။

၂၄ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် ဝန်ကြီးချုပ်ဦးမောင်မောင်ခင်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဟရမ်တင်ဆူလာနွန်ဒါနှင့် အဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၂၆ ရန်ကုန်တိုင်းအတွင်းသို့ ဒေသစာရီကြွချီ၍ လှည့်လည် ပူဇော်ခံလျက်ရှိသော ဓမ္မလက်ဆောင် ပဏ္ဏာတော်များ ဖြစ်သည့် နာဂစီဝရပဋ္ဋပဋ္ဌိမာရုပ်ပွား ဆင်းတုတော်၊ ပဋ္ဌမာတုဝါဟနတိဗက်စေတီတော်နှင့် ဓာတ်တော်ကြုတ်တော်များကို ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် အနီးရှိ အင်းလေးဓမ္မာရုံသို့ ပင့်ဆောင်သည်။

၂၇ နိပေါဘုရင်မင်းမြတ်နှင့် မိဖုရား၏ ဓမ္မပဏ္ဏာတော်များကို စေတီတော်တည်ရန် စေတီတော် ပန္နက်တင်မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တောင်ဘက်တွင် ဆင်ယင်ကျင်းပသည်။

၂၈ ချီလီနိုင်ငံ၌ လူအခွင့်အရေးများ ချိုးဖောက်နေခြင်းအပေါ် စိုးရိမ်မကင်းရှိကြောင်း ဆုံးဖြတ်ချက်မူကြမ်းတစောင်ကို ကုလသမဂ္ဂအမျိုးသမီးများဆိုင်ရာ ညီလာခံက အတည်ပြုသည်။

ငါးရက်ကြာ ကျင်းပသော ကုလသမဂ္ဂ ပါလက်စတိုင် ဆိုင်ရာ ညီလာခံ ပြီးဆုံးသည်။

၂၉ နိုင်ငံတော်ကောင်စီနှင့် အာဏာပိုင် အဖွဲ့အစည်းများကိုယ်စား နိုင်ငံတော် သမ္မတ၏ ဖိတ်ကြားမေတ္တာရပ်ခံချက်အားဖြင့် ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် ဇနီး ဒေါ်မြရီတို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ပါလက်စတိုင်နိုင်ငံ ထူထောင်ခွင့်ကို အတည်ပြုကြောင်းနှင့် ဂျရူးဆလမ်း အပါအဝင် အာရပ်နယ်မြေ အားလုံးမှ အစွန်ရောက်တပ်များ ရုပ်သိမ်းပေးရန် တောင်းဆိုချက်ချမှတ်ပြီး ပါလက်စတိုင်အရေးဆိုင်ရာကုလသမဂ္ဂညီလာခံကို အဆုံးသတ်သည်။

၃၀ ပစိဖိတ်သမုဒ္ဒရာ အနောက်တောင်ဘက်တွင်ရှိပြီး အင်္ဂလိပ်ပြင်သစ်တို့က နှစ်ပေါင်း ၃၄ နှစ်ကြာမျှ ပူးတွဲအုပ်ချုပ်ခဲ့သော နယူးဟီးဘရိုးဒီး ကျွန်းစုသည် ဗာနွာတူး သမ္မတနိုင်ငံအမည်ဖြင့် လွတ်လပ်သော နိုင်ငံဖြစ်လာသည်။

အစွန်ရောက်လွတ်တော်သည် ကမ္ဘာ့နိုင်ငံ အများအပြားက ကန့်ကွက်ဇနသည့်ကြားမှပင် ဂျရူးဆလမ်းမြို့ကို အစွန်ရောက် နိုင်ငံ၏ ထာဝရနှင့် တခုတည်းသော မြို့တော်အဖြစ် ထောက်ခံမဲ ၆၉ မဲ၊ ကန့်ကွက်မဲ ၁၅ မဲ၊ ကြားနေမဲ သုံးမဲဖြင့် အတည်ပြုသည်။

ဩဂုတ်လ

ဇာနုဂ်နွေနေ့	၃	၁၀	၁၇	၂၄	၃၁
တနလ်ာနေ့	၄	၁၁	၁၈	၂၅	
အင်္ဂါနေ့	၅	၁၂	၁၉	၂၆	
ဗုဒ္ဓဟူးနေ့	၆	၁၃	၂၀	၂၇	
ကြာသပတေးနေ့	၇	၁၄	၂၁	၂၈	
သောကြာနေ့	၁	၈	၁၅	၂၂	၂၉
စနေနေ့	၂	၉	၁၆	၂၃	၃၀

၁ နိုင်ငံတော် သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ တာဝန် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များ၊ အခြားချီးမြှင့်ထိုက်သည့် ပုဂ္ဂိုလ်များကို အငြိမ်းစားထောက်ပံ့မှုခံစားခွင့်ပြုရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့်ဥပဒေကြမ်းရေးဆွဲရန် ကော်မရှင်ကို နိုင်ငံတော်ကောင်စီ၏ဩဂုတ်လ ၁ ရက်နေ့စွဲပါ အမိန့်ကြေငြာစာ အမှတ် ၇၀/၈၀ ဖြင့် ပွဲစည်းသည်။

ကမ္ဘာ့ဂွိုဟ်တု ကော့စမော့ ၁၂၀၄ ကို ဆိုဗီယက် ပြည်ထောင်စုက လွှတ်တင်သည်။

၂ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းသည် ကမ်ပူးချားနှင့်ထိုင်းနိုင်ငံ အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဟနွိုင်းမြို့သို့ရောက်ရှိသည်။

အရှေ့တောင်အာရှ အသင်းဝင် နိုင်ငံများက ထိုင်းနယ်စပ် အနီး ကမ်ပူးချားနိုင်ငံအတွင်းတွင် စစ်မဲ့ဒေသတခု ထားရှိရန် အဆိုပြုသည်။

၃ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ဖိတ်ကြားချက်အရ ဒုတိယ ဝန်ကြီးချုပ်အက်ထုဂျာရတ်နမ် ခေါင်းဆောင်သည့် စက်ဘူသမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

တရုတ်ပြည် ရှေးဟောင်းမြို့တော် တောင်ဘက် တံခါးပေါက်ပေါ်တွင် ချိတ်ဆွဲ ထားရှိသော မော်ရုပ်ပုံ ကားချပ်ကြီးတခုမှအပ ဥက္ကဋ္ဌ မော်စီတုန်း၏ အခြားရုပ်ပုံများနှင့် နိုင်ငံရေး ကြွေးကြော်သံများကို ပီကင်း မြို့လယ်ခေါင်ရှိ တိန်အန်မင်း ရင်ပြင်မှ ဖြုတ်ချပယ်ရှားသည်။

၄ ဂဠုန်စီမံချက် ၁၈/၂၉ တိုင်းလုပ်ငန်း ကုပ်ကဲမှု အဖွဲ့၏တန္နစ်တာလုပ်ငန်း ညှိနှိုင်းသုံးသပ်သည့် အစည်းအဝေးကို မြို့တော် စည်ပင်သာယာရေးအဖွဲ့ အစည်းဝေးခန်းမ၌ ကျင်းပသည်။

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်များ

တောင်ပိုင်းအာရှကို နျူးကလီးယားမဲ့ဇုံအဖြစ်ကြေငြာ ရန်ပါကစ္စတန်နိုင်ငံ၏အဆိုပြုချက်ကိုအိန္ဒိယကပယ်ချသည်။

၅ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းက ဧည့်သည်တော် စက်ဘပူ ဒုတိယ ဝန်ကြီးချုပ် အက်ရာဂျာရတ်နမ်အား အေဒီလမ်းရှိ သမ္မတအိမ်တော်တွင် လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကွတ်ဗား ဟိုင်းသည် ကမ်ပူးချားနှင့် ထိုင်းနယ်စပ် အခြေအနေ တင်းမာနေမှု ဖြစ်လာရသည့် အကြောင်းရင်းကို မျက်မြင် လက်တွေ့ ကြည့်ရှုနိုင်ရန် တိုက်ပွဲများ ဖြစ်ပွားနေသော ထိုင်း၊ကမ်ပူးချားနယ်စပ်သို့ သွားရောက်ကြည့်ရှုသည်။

၆ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယု အား ဧည့်သည်တော် စက်ဘပူ ဒုတိယ ဝန်ကြီးချုပ်က နိုင်ငံတော်ကောင်စီရုံးသို့သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

၇ မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီ အစည်းအဝေးကို လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟို ကော်မတီဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကြီး၏ အထူး ကိုယ်စားလှယ် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ လွှတ်တော် သဘာပတိနှင့် ကိုရီးယား အလုပ်သမားပါတီ ဗဟိုကော်မတီဝင် မစ္စတာ ဟွမ်ဂျန်ရွတ်နှင့်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိသည်။

နိုင်ငံ ၄၀ ပါဝင်သော လက်နက် ဖျက်သိမ်းရေး ညီလာခံ၏ ၁၉၈၀ ပြည့်နှစ် စည်းဝေးပွဲကို ဂျီနီဗာမြို့တွင် ကျင်းပ ပြီးစီးသည်။

၈ အမေရိကန် သမ္မတ ဂျင်မီကာတာသည် ပြည်သူ တရုတ်ပြည်တွင် ငွေရင်းမြှုပ်နှံသည့် အခွင့်အရေး ကို အစိုးရ အဖွဲ့အစည်းတခုဖြစ်သော အို ပီ အိုင် စီ အား အာဏာပေးအပ်လိုက်သည်။

၉ ဂျရူးဆလမ်းမြို့ကို အစ္စရေး၏ တလုံးတစည်းတည်း မြို့တော်အဖြစ် ကြေငြာသည့် အစ္စရေး၏ ဥပဒေ သစ်နှင့်သက်ဆိုင်သည်ဟု ထင်ရသော သဝဏ်လွှာတစောင် ကို အီဂျစ်သမ္မတအနွဝါဆဒတ်က ပြင်သစ်သမ္မတဂျစ်စကတ် ဒက်စတိုင်းထံသို့ ပေးပို့သည်။

၁၀ အီရန်နိုင်ငံ၏ပထမဆုံးဝန်ကြီးချုပ်အဖြစ်မိုဟာမက် အလီရာဂျေးအား လျှာထား အဆိုပြုထားသော သမ္မတဗာနီဆာဒါ၏စာကို အီရန်ပါလီမန်က လက်ခံသည်။

၁၁ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းသည် လွှတ်လပ် ရေးနှင့် တော်လှန်ရေးလုပ်ဖော်ကိုင်ဘက်များအား အလုံ လမ်း သမ္မတအိမ်တော်၌ ရင်းနှီးစွာ တွေ့ဆုံပြီး မိတ်ဆုံ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

၁၂ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် မြန်မာနိုင်ငံ တွင် ရောက်ရှိနေသော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံ သမ္မတကြီး၏ အထူးကိုယ်စားလှယ် ပြည်သူ့ လွှတ်တော်သဘာပတိနှင့် ကိုရီးယား အလုပ်သမားပါတီ ဗဟိုကော်မတီဝင် မစ္စတာ ဟွမ်ဂျန်ရွတ်အား အေဒီ လမ်းရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

၁၃ ဆဋ္ဌမ အကြိမ်မြောက် ဓနသဟာယ နိုင်ငံများမှ ပညာရေးဝန်ကြီးများ၏ ညီလာခံပြီးဆုံးသည်။

တရုတ်ပြည်တွင် အနောက်ဂျာမနီ ရင်းနှီးမြှုပ်နှံမှုများ အတွက် အာမခံချက်ပေးမည့် သဘောတူညီချက် ရရှိရန် တရုတ်နှင့် အနောက်ဂျာမနီတို့ စတင်ဆွေးနွေးသည်။

၁၄ အစ္စရေး နိုင်ငံက ဂျရူးဆလမ်းမြို့ကို အစ္စရေးနိုင်ငံ၏ မြို့တော်သစ်အဖြစ် သတ်မှတ်ထားခြင်းကို ပယ်ဖျက် ပေးရန် ကုလသမဂ္ဂ အဖွဲ့ကြီးက တောင်းဆိုသည်။

၁၅ တောင်ကိုရီးယားသမ္မတချုိင်ကျူဟာသည် ရာထူး မှနုတ်ထွက်ကြောင်း ကြေငြာသည်။

၁၆ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ချုပ်မှ လက်ထောက် ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဒီအက်ဖ်အာဘွန်းမာသည် လယ်ယာနှင့် သစ်တောဝန် ကြီးဌာန ဝန်ကြီးဦးရဲခေါင်နှင့် တွေ့ဆုံ၍ ပူးပေါင်းဆောင် ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်သော ကိစ္စရပ်များကို ဆွေးနွေးသည်။

၁၇ အီဂျစ်သမ္မတ အနွဝါဆဒတ်က အစ္စရေး ဝန်ကြီး ချုပ် မီနာချင်ဗယ်ဂင်ထံသို့ ပေးပို့ခဲ့သည့် သဝဏ် လွှာတွင်အဆိုပြုထားသော သုံးပွင့်ဆိုင် ထိပ်သီး စည်းဝေး ကျင်းပရေး သဘောထားကို အစ္စရေး ဝန်ကြီးအဖွဲ့က ပယ်ချသည်။

၁၈ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သို့ ဒိန်းမတ်နိုင်ငံ အစိုးရ၏ ကရိုနာ ၃၅ သန်း (ကျပ် ၄၀ ဒသမ ၆၇ သန်းခန့်) ချေးရေး သဘောတူစာ ချုပ်လက်မှတ် ရေးထိုးပွဲကို ဝန်ကြီးများရုံးရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်ရှိန်နှင့် ဒိန်းမတ်နိုင်ငံသံရုံး ယာယီတာဝန်ခံ မစ္စတာ ပဲလေးမာကာ တို့က နှစ်နိုင်ငံကိုယ်စား လက်မှတ်ရေးထိုးသည်။

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်မျှင်း

၁၉ လွန်ခဲ့သည့် မေလက ပြည်နှင်ဒဏ် ပေးခံခဲ့ရသော ဂျော်ဒန်အနောက်ဘက်ကမ်း အာရပ်ခေါင်းဆောင် သုံးဦး၏ ပြန်လည် နေထိုင်ရန် လျှောက် ထား ချက်ကို အစွဖေးတရားရုံးချုပ်က ပယ်ချသည်။

စစ်တပ်မှ ကျော ထောက် နောက် ခံ ပေး ထား သော တောင်ကိုရီးယားအစိုးရသည် စာပေထုတ်လုပ်ရေးလုပ်ငန်း ၆၁၇ ခု ကိုပိတ်ရန် အမိန့်ထုတ်ပြန်သည်။

၂၀ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းသည် ရန်ကုန်တိုင်း မြို့နယ် သမဝါယမ အသင်းစု ၁ အရောင်းဆိုင်လုပ်ငန်း၊ကမာရွတ် မြို့နယ်သမဝါယမအသင်း လုပ်ငန်းနှင့် မရမ်းကုန်းမြို့နယ် သမဝါယမ အသင်း လုပ်ငန်းတို့ကို ကြည့်ရှု စစ်ဆေးပြီး ကမ္ဘာအေး ဗဟိုသမဝါယမ သင်တန်းကျောင်းတွင် သမဝါယမဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေး၍ သမဝါယမ ဦးစီးဌာနနှင့် အိမ်တွင်း စက်မှုလုပ်ငန်း ဦးစီးဌာနမှ ပြသ ထားသော ပစ္စည်းများပြခန်းကို စစ်ဆေးကြည့်ရှုသည်။

၂၁ မြန်မာ ဘင်္ဂလားဒေ့ရှ နယ်ခြား အခြေခံစည်းမျဉ်း သဘောတူစာချုပ် မူကြမ်းကို ဘင်္ဂလားဒေ့ရှနိုင်ငံ အာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းရန် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်အုန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဒက္ကားမြို့သို့ ထွက်ခွာသည်။

ကမ်ပူးချား နိုင်ငံ၏နေရာကို မည်သူကိုမျှမပေးပဲ ကွက်လပ်ထားရန် ကုလသမဂ္ဂ၏လုပ်ဆောင်ချက်များကို ထိုင်းနိုင်ငံက ကန့်ကွက်သည်။

၂၄ အရှေတောင်အာရှ နိုင်ငံများအဖွဲ့ (အေ ဆီ ယင်) အထူးစည်းဝေးကို ဂျာဗားအလယ်ပိုင်း၊ ဆီမာရန်း မြို့တွင်ကျင်းပသည်။

၂၅ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းသည် ၁၉၇၀ ပြည့်နှစ် ဩဂုတ်လ ၂၁ ရက်က ၂၄ ရက်နေ့အထိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းသို့ သွားရောက်စစ်ဆေးကြည့်ရှုရာမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပိုလန်ကွန်မြူနစ်ပါတီခေါင်းဆောင် အက်ဒွပ်ဂီရက်သည် ပိုလန်ဝန်ကြီးချုပ် အက်ဒွပ်ဘာတီယတ်အား ရာထူးမှဖယ်ရှားပြီး စီးပွားရေး စီမံကိန်း အကြီးအကဲဟောင်း ကျိုးဇက် ပင်ကိုးစကီးအား ပြောင်းလဲခန့်လိုက်သည်။

၂၇ ဗဟို သမဝါယမအသင်း ကောင်စီ ပဉ္စမအကြိမ် အစည်းအဝေးကို ကမ္ဘာအေးကုန်းမြေရှိ စည်းဝေးခန်းမ၌ စတင်ကျင်းပသည်။

တရုတ်နိုင်ငံ ရေနံဝန်ကြီးဌာန ဝန်ကြီး ဆွန်ချင်မင်းသည် လွန်ခဲ့သည့် နိုဝင်ဘာလအတွင်း ကမ်းလွန်ရေနံတွင်း တူးစက်ကြီး တိမ်းမှောက်ပြီး လူ ၇၂ ဦးသေဆုံးခဲ့ရခြင်းကြောင့် ရာထူးမှနုတ်ထွက်သည်။

အီရန်နိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနာဆာမိနာဂျီသည် ၎င်း၏နုတ်ထွက်လွှာကို အီရန် သမ္မတ ဗာနီဆာဒါသို့ ပေးအပ်သည်။

၂၆ ရန်ကုန်တိုင်း ၁၉၇၀–၇၁ ခုနှစ် ကောက်စိုက်ပြိုင်ပွဲကို မှော်ဘီမြို့ရှိ လယ်ယာ စိုက်ပျိုးရေး ကော်ပို ရေးရှင်း ဗဟိုစိုက်ပျိုးရေးခြံ၌ ကျင်းပသည်။

ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံး နိုင်ငံများ၏ စီးပွားရေး အကျပ်ဆိုက်မှုကို ဖယ်ရှားရေးအတွက် အချက် ၁၀ ချက်ပါ အစီအစဉ်ကို ဘင်္ဂလားဒေ့ရှ သမ္မတဇီယာဆုမန်က ကုလသမဂ္ဂ အထူးညီလာခံ၌ တင်ပြသည်။

၂၇ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးလေးမောင်၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစွတာ မာဆာယိုရှိအီတိုနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိသည်။

အမေရိကန်နိုင်ငံသို့ ဂျပန်ကားများ ထိန်းချုပ် တင်သွင်းရန် ဂျပန်နိုင်ငံအား အမေရိကန်က မေတ္တာရပ်ခံခဲ့ခြင်းကို ဂျပန်နိုင်ငံက ပယ်ချလိုက်သည်။

၂၈ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် မြန်မာနိုင်ငံသို့ရောက်ရှိနေသော ဂျပန် နိုင်ငံခြားရေးဝန်ကြီး မစွတာ မာဆာယိုရှိအီတိုအား အေဒီလမ်း သမ္မတအိမ်တော်တွင် လက်ခံတွေ့ဆုံသည်။

၂၉ ပြင်သစ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ နိုင်ငံတို့သည် နျူးကလီးယား ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တခုကို လက်မှတ်ရေးထိုးကြသည်။

ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂ ရက်ရှည်ညီလာခံ အစည်းအဝေးကို ဂျီနီဗာမြို့တွင် ရက်သတ္တ ငါးပတ်ကြာ ကျင်းပပြီးစီးသည်။

၃၀ ရန်ကုန်တိုင်း ဒေသပါတီကော်မတီ အလုပ်သမား ရေးရာသင်တန်း အမှတ်စဉ် ၁၃ ဆင်းပွဲကို ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပသည်။

၃၁ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်သည် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး စိုးလွင်၊ ဧရာဝတီတိုင်း ပြည်သူကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဇေခိုင်တို့နှင့်အတူ ဝါးခယ်မမြို့နယ် ကစကဲကျေးရွာ အကျဉ်းဦးစီးဌာန ရဲဘက်စခန်းသို့ သွားရောက်စစ်ဆေးသည်။

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်မျှဝေး



တရုတ်ဝန်ကြီးချုပ်သစ် ကျောက်ကျီယန်ကို ဥက္ကဋ္ဌ ဟူကိုဖုန်း နှင့်အတူ တွေ့မြင်ရပုံ

၈ ၁၉၇၀ ပြည့်နှစ် နိုင်ငံတကာ စာတတ်မြောက်ရေး အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘောဇရိပ်သာရှိ လမ်းစဉ်လူငယ် စည်းရုံးရေး ဗဟိုကော်မတီ ဌာနချုပ်၌ ကျင်းပသည်။

ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ပြုလုပ်သည့် ဝါဆောစာချုပ်အဖွဲ့၏ ရက်သတ္တတပတ်ကြာ စစ်ရေးလေ့ကျင့်ပွဲ စတင်သည်။

၉ အီဂျစ်နှင့်အစ္စရေးနိုင်ငံ ဝန်ကြီးများသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်လည် ကျင်းပကြသည်။

၁၀ လစ်ဗျနှင့် ဆီးရီးယားနိုင်ငံတို့ကို တနိုင်ငံတည်း အဖြစ် ပူးပေါင်း ပွဲစည်းလိုက်ကြောင်း ကြေငြာ ချက်ကို နှစ်နိုင်ငံစလုံး၏ မြို့တော်များတွင် ထုတ်ပြန်သည်။

၁၁ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး မောင်ချို၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မစွတာ ရိုကူစုကိတာနာကား ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၁၂ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်ကောင်စီသည် ဒုတိယအကြိမ် ပြည်သူ လွှတ်တော် ဆဋ္ဌမအစည်းအဝေးကို ရန်ကုန်မြို့တွင် ၁၉၇၀ ပြည့်၊ အောက်တိုဘာ ၁၃ ရက်၊ တနင်းလာနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း၊ နိုင်ငံတော်ကောင်စီက ထုတ်ပြန်ကြေငြာသည်။

တရုတ်နိုင်ငံတွင် စစ်ဘက်မှ အာဏာသိမ်းပိုက်လိုက်ပြီး ပါလီမန်နှင့်အစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်သည်။

၁၃ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက ရန်ကုန်မြို့သို့

စကတင်ဘာလ

တနင်္ဂနွေနေ့		၂	၉	၁၆	၂၃
တနင်္လာနေ့	၁	၆	၁၀	၁၇	၂၄
အင်္ဂါနေ့	၂	၇	၁၁	၁၈	၂၅
ဗုဒ္ဓဟူးနေ့	၃	၈	၁၂	၁၉	၂၆
ကြာသပတေးနေ့	၄	၉	၁၃	၂၀	၂၇
သောကြာနေ့	၅	၁၀	၁၄	၂၁	၂၈
စနေနေ့	၆	၁၁	၁၅	၂၂	၂၉

၁ ကိုယ်တိုင်လှည့်ရပ်ဝေးတယ်လီဖုန်းဆက်သွယ်မှုစနစ် ဖွင့်လှစ်ပွဲကို ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ ဗဟို ကြေးနန်းရုံးတွင် ကျင်းပသည်။

၂ လောပြည်သူ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီး ဦးလေးမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေး ခရီးအဖြစ် ရန်ကုန်လေဆိပ်မှ ဗီယင်ကျန်းမြို့သို့ ထွက်ခွာသည်။

၃ တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထိန် ခေါင်းဆောင်သော မြန်မာစိုက်ပျိုးရေး ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ပီကင်းမြို့သို့ထွက် ခွာသွားသည်။

၄ အာဖဂန်စတန်နိုင်ငံမှ ဆိုဗီယက်တပ်များပြန်လည် ရုပ်သိမ်းသွားရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မလုပ်မဖြစ်သည့်ကိစ္စဖြစ်ကြောင်း အာရှနှင့် ပစိဖိတ်ဒေသမှ ဓနသဟာယ ၁၆ နိုင်ငံက သဘောတူကြသည်။

၆ ပီရူက ဘာသာပြန် စာပေ ဖြန့်ချိရေး အဖွဲ့ တည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ ကမ္ဘာအေးကုန်းမြေ အာရုံခံ တန်ဆောင်းတွင် သတင်းစာရှင်းလင်းပွဲ ကျင်းပရာ ပီရူကဘာသာပြန်စာပေ ဖြန့်ချိရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနုနှင့် အဖွဲ့ဝင်များ၊ပြည်တွင်းပြည်ပ သတင်းစာဆရာများ တက်ရောက်သည်။

ပိုလန်နိုင်ငံအာဏာရ ကွန်မြူနစ်ပါတီ ဗဟို ကော်မတီသည် ပါတီခေါင်းဆောင် အက်ဒွပ်ဂီရက်အား ရာထူးမှ ဖယ်ရှားကာပေါ် လစ်ဗျူရိုအဖွဲ့ဝင်စတန်နစ္စလောကာနိယာအား ခေါင်းဆောင်အဖြစ် ရွေးချယ်သည်။

၇ တရုတ်ပြည်သူသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဟူကိုဖုန်းသည် ရာထူးမှနုတ်ထွက်လိုက်ပြီး ဝန်ကြီးချုပ်ရာထူးကို ဒုတိယဝန်ကြီးချုပ် ကျောက်ကျီယန်က ဆက်ခံသည်။

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်မျှား

ထောက်ရှိနေသော ဂျပန်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ရိုကူစူကီတာနာကားအား အေဒီလမ်းရှိ နိုင်ငံတော်သမ္မတအိမ်တော်တွင် လက်ခံတွေ့ဆုံသည်။

အီရန်နှင့် အီရတ်နှစ်နိုင်ငံအကြား ပြင်းထန်သော နယ်စပ်တိုက်ပွဲများ ဖြစ်ပွားသည်။

၁၄ ၁၉၇၉ ခုနှစ်တွင် ရှားဘုရင်ကိုဖြုတ်ချခဲ့သည်မှ စ၍ အီရန်နှင့် အီရတ်နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုတင်းမာဆိုးရွားလာ၍ နယ်စပ်ကို ဖြတ်ကျော် တိုက်ခိုက်မှုများ၊ ဝင်ရောက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်ဟု နှစ်နိုင်ငံစလုံးက အပြန်အလှန်စွပ်စွဲသည်။

၁၅ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ တပ်သား၁၅၅,၀၀၀ ပါဝင်သော အဓိကစစ်လေ့ကျင့်မှုကြီးသုံးခုစတင်သည်။

၁၆ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း၏ ဖိတ်ကြားချက်အရ ပြိတိန်နိုင်ငံမှ အလက်ဇန္ဒားမင်းသမီးနှင့် ကြင်ယာတော် မစ္စတာ အန်းဂတ်အိုဂိဗီနှင့်အဖွဲဝင် ခြောက်ဦးတို့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၁၇ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက ရန်ကုန်မြို့တွင် ရောက်ရှိနေသော အလက်ဇန္ဒား မင်းသမီးနှင့် ကြင်ယာတော် မစ္စတာ အန်းဂတ် အိုဂိဗီတို့အား အလုံလမ်း၊ သမ္မတအိမ်တော်တွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။

ပြည်နယ်တိုင်းသမဝါယမအသင်းစုများ၊ တပ်တွင်းအခြေခံသမဝါယမအသင်းစုများ၊မြို့နယ်သမဝါယမအသင်းများနှင့် စက်ရုံအလုပ်ရုံ ကုန်သွယ်ရေး ကော်ပိုရေးရှင်းများ၏ ၂၁ ကြိမ်မြောက် ကုန်ပစ္စည်းအရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အကြိုညှိနှိုင်းပွဲနှင့် စာချုပ်ချုပ်ဆိုပွဲကို ကမ္ဘာအေးကုန်းမြေရှိ ဆွမ်းစားဆောင်တွင် ကျင်းပသည်။

၁၈ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတကြီး၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော အလက်ဇန္ဒားမင်းသမီးနှင့် ကြင်ယာတော် မစ္စတာ အန်းဂတ်အိုဂိဗီတို့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားသည်။

၂၀ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံတို့၏ ၁၉၈၀-၈၁ ခုနှစ် ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဒီမတ် သန်း ၁၂၀ (ကျပ် ၄၃၄ သန်း)အကူအညီပေးရေး သဘော

၂၁ တူ စာချုပ်ကို နှစ်နိုင်ငံ ကိုယ်စားလှယ်တို့ လက်မှတ် ရေးထိုးသည်။

အီရန်နှင့်အီရတ်တို့သည် နှစ်နိုင်ငံ အငြင်းပွားလျက်ရှိသော ရှတ်အယ်အာရပ် ရေကြောင်းတလျှောက်တွင် တဘက်နှင့်တဘက် အပြင်းအထန် တိုက်ခိုက်ကြသည်။

အီရတ်တပ်များသည် အီရန်နိုင်ငံတွင် အချက်အချာကျသော နေရာများကို သိမ်းယူရန် နယ်စပ်ကို ဖြတ်ကျော်သည်။

၂၂ လောင်စာသည် ကင်ညာနိုင်ငံတွင် ဈေးကြီးသော ဇိမ်ခံပစ္စည်းတခု ဖြစ်လာသည့်အတွက် လောင်စာကို ခဲတမ်းထုရှင်းဖြင့် ဖြန့်ဖြူးသော စနစ်ကို စတင်ကျင့်သုံးသည်။

၂၃ အမေရိကန် ပြည်ထောင်စု ဝါရှင်တန်မြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာဒွေကြေး ရန်ပုံငွေအဖွဲ့ ၁၉၈၀ ပြည့်နှစ် နှစ်ပတ်လည်ပူးပေါင်းအစည်းအဝေးသို့ တက်ရောက်ရန် ဒုတိယ ဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဌာနဝန်ကြီး သူရ ဦးထွန်းတင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်လေဆိပ်မှ ထွက်ခွာသည်။

အီရန်နှင့် အီရတ်တို့၏ ငြိမ်းချမ်းရေး ရရှိနိုင်မှုအတွက် နှစ်ဘက်စလုံး အပစ်အခတ် ရပ်စဲရန် လုံခြုံရေးကောင်စီက မေတ္တာရပခံသည်။

၂၄ ဂျပန်နိုင်ငံ အစိုးရ၏ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ယန်း ၅၆ သန်း (၁၉ သိန်းခန့်) တန်ပိုးရှိသော ခေတ်မီတံတား ဆောက်လုပ်ရေး ပညာသင်တန်း အထောက်အကူပြု စက်ကိရိယာများနှင့် ပစ္စည်းများပေးအပ်ပွဲကို သုဝဏ္ဏမြို့ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း စာသင်ခန်းမဆောင်၌ ကျင်းပသည်။

၂၅ ပိုမိုဆိုးရွားလာနေသော အပြည်ပြည်ဆိုင်ရာ အခြေအနေအပေါ် စိုးရိမ်ပူပန်ကြောင်း အိန္ဒိယနှင့် ယူဂိုစလားဗီးယားနိုင်ငံက ပူးတွဲကြေငြာချက်ထုတ်ပြန်သည်။

၂၆ စိုက်ပျိုးပြီး သီးနှံများပိုမိုထွက်ရှိရေးနှင့် စပ်လျဉ်း၍ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနက တောင်သူလယ်သမားကြီးများအား နှိုးဆော်ချက်အမှတ် ၃/၈၀ ကို ထုတ်ပြန်သည်။

အီရန်နှင့် အီရတ်တို့ကပွဲကို အမြန်ဆုံး ရပ်ကြရန်နှင့် နှစ်နိုင်ငံ အငြင်းပွားမှုကို ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ဖြေရှင်းကြရန် တိုက်တွန်းကြောင်း ဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီက တညီတညွတ်တည်း ချမှတ်သည်။

၂၉ အီရန်နှင့် အီရတ်တို့ တိုက်ခိုက်မှုများကို ရပ်စဲပြီး သဘောထား ကွဲလွဲမှုများကို ညှိနှိုင်းဖြေရှင်းကြရန်

ကျောင်းနှင့် အနောက်တောင်ပိုင်းရှိ ခူဇက်စတန်ပြည်နယ်နှင့် အခြားမြို့များ သိမ်းပိုက်ရေးအတွက်လည်း တိုက်ပဲ့ပြင်းထန်စွာ ဖြစ်ပွားနေသည်ဟု အီရန်က ကြေငြာသည်။

၅ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ ဂျာမနီနိုင်ငံ၏ ဝန်ကြီးချုပ် ဟဲလမို့ရှမစ်၏ လက်ဝဲ လစ်ဗရယ် ညွှန့်ပေါင်း အစိုးရသည် ကျင်းပ ပြီးစီးသွားသော ရွေးကောက်ပွဲတွင် အနိုင်ရရှိသည်။

၆ ၁၉၇၉–၈၀ ပြည့်နှစ်အတွက် ဆိုရှယ်လစ် လုပ်သားကောင်း ၄၈ ဦး၊ ဒုတိယဆင့်စံပြလုပ်သား ၁၁၆ ဦး နှင့် တတိယဆင့် စံပြလုပ်သား ၃၆၈ ဦး စုစုပေါင်း စံပြလုပ်သား ၅၃၂ ဦးကို စံပြလုပ်သားစီမံကိန်း ဗဟိုကော်မတီ အစည်းအဝေးက ရွေးချယ်အတည်ပြုသည်။

အီရန်နှင့်အီရတ် စစ်ပွဲကိစ္စအရေး ကြားဝင်ဖျန်ဖြေရန် ပါကစ္စတန် သမ္မတ ဇီယာအူးလဟတ်နှင့် ပြိတိန်အစိုးရတို့ ဆုံဆွေးနွေးသည်။

၇ ဂျပန်နိုင်ငံ ကမ်းလွန်ဒေသတွင် နှစ်မြုပ်ခဲ့သော ရုရှ ဇာဘုရင် ရေတပ်သင်္ဘောမှ ဒေါ်လာ ကုဋေ ၃၀၀ ခန့်တန်သည့် ပလက်တီနမ်နှင့်ရွှေများကို ရှာဖွေတွေ့ရှိထားပြီဟု ရတနာသိုက် ရှာဖွေရေးလုပ်ငန်းကို ဦးစီးပြုလုပ်သူများက ကြေငြာသည်။

၈ လစ်သူးနီးယား အမျိုးသား စာရေးဆရာ ချက်စလော ဗီးလော့ဂ် ၆၉ နှစ်သည် ၁၉၈၀ ပြည့်နှစ်အတွက် စာပေနိုဗယ်ဆုကို ရရှိသည်။

၉ အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ စတုတ္ထအကြိမ် အစည်းအဝေးကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းဝေးကို ဗဟိုဦးစီးအဖွဲ့ဝင်နချုပ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

၁၀ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟို ကော်မတီ ၁၃ ကြိမ်မြောက် အစည်းအဝေးကို အလုံလမ်း

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက နှိုးဆော်ထားသည်ကို အီရန်နိုင်ငံက လက်ခံလျှင် အီရတ်နိုင်ငံကလည်း လက်ခံမည် ဖြစ်ကြောင်း အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းထံသို့ သဝဏ်လွှာ ပေးပို့သည်။

၁၀ ၁၄၁ နိုင်ငံမှ ကိုယ်စားလှယ်များပါဝင်သော ကမ္ဘာ့ဘဏ် နှစ်လည်အစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေးအလားအလာများပို၍ဆိုးရွား လာကြောင်းနှင့်ဆင်းရဲသော နိုင်ငံများအား ပစ်မှားရန် ချမ်းသာသော နိုင်ငံများအား ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌက ပန်ကြားသည်။

အောက်တိုဘာလ

တနင်္ဂနွေနေ့	၅	၁၂	၁၉	၂၆
တနင်္လာနေ့	၆	၁၃	၂၀	၂၇
အင်္ဂါနေ့	၇	၁၄	၂၁	၂၈
ဗုဒ္ဓဟူးနေ့	၁	၈	၁၅	၂၂	၂၉
ကြာသပတေးနေ့	၂	၉	၁၆	၂၃	၃၀
သောကြာနေ့	၃	၁၀	၁၇	၂၄	၃၁
စနေနေ့	၄	၁၁	၁၈	၂၅	

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ အတွင်းရေးမှူး ဦးထွေးဟန်ခေါင်းဆောင်သော ပါတီကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူသမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ ရန်ကုန်လေဆိပ်မှ ထွက်ခွာသည်။

ပွဲပြိုးဆဲနိုင်ငံများအနေဖြင့် စက်မှုနိုင်ငံ ထူထောင်ကြရာတွင် ဦးစားပေးလုပ်ငန်းများကို ပြတ်ပြတ်သားသားချမှတ်၍ တိတိကျကျ လိုက်နာလုပ်ဆောင်ကြရန် နိုင်ငံ ၂၂ နိုင်ငံ ပါဝင်တက်ရောက်သည့် ကုလသမဂ္ဂမှ ကြီးမှူးကျင်းပသော ညီလာခံတရပ်က တိုက်တွန်းနှိုးဆော်သည်။

အီရတ်တပ်များကို အီရန်နိုင်ငံ၏ အဓိကဆိပ်ကမ်းဖြစ်သော ခိုရမ်ရှားမြို့မှ တိုက်ထုတ်လိုက်ပြီဖြစ်

အီရတ်တပ်များက အီရန်နိုင်ငံ ခိုရမ်ရှားဆိပ်ကမ်းမြို့ကို သိမ်းပိုက်စဉ်၊ စစ်ဘေးဒဏ်ကြောင့် မီးလောင်ဝန်းသော ရေနံသိုလှောင်ကန်များမှ မီးခိုးလုံးကြီးများ ကောင်းကင်ပြင်သို့ လွှင့်တက်နေပုံ



၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်များ

သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အာကာသပျံသန်းမှုသမိုင်းတွင် အရှည်ကြာဆုံးဖြစ်သည့် ၁၀၅ ရက်ကြာမြင့်သော အာကာသပျံသန်းမှုလုပ်ငန်းသည် အောင်မြင်စွာပြီးစီးခဲ့ပြီး အာကာသယာဉ်မှူး လီယိုနှစ် ပိုပေါ့နှင့် ဗယ်လာရီကူမင်တို့သည် ကမ္ဘာမြေပြင်သို့ ပြန် ဆောက်ရှိသည်။

၁၃ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူလွှတ်တော် ဆဋ္ဌမအစည်း အဝေးကို ရန်ကုန်မြို့အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်း ရှိ စည်းဝေးခန်းမ၌ စတင်ကျင်းပသည်။

၁၉၇၀ ပြည့်နှစ် အတွက် ငြိမ်းချမ်းရေး နိုဗဲဆုကို အသက် ၄၇ နှစ်ရှိ အာဂျင်တီးနားနိုင်ငံသား အဒေါဖိုပီ ရက်အက်စကွီဗယ်အား ချီးမြှင့်သည်။

၁၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူလွှတ်တော် ဆဋ္ဌမ အစည်း အဝေးဒုတိယနေ့ ဆက်လက်ကျင်းပသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် ခမာနီကိုယ်စား လှယ်အဖွဲ့အား ကုလသမဂ္ဂဆိုင်ရာ ကမ်ပူးချားနိုင်ငံ၏တရား ဝင် ကိုယ်စားလှယ်အဖြစ် နှစ်နှစ်ဆက်တိုက် အသိအမှတ်ပြု ခြင်းကို အတည်ပြုသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူလွှတ်တော် ဆဋ္ဌမ အစည်း အဝေး တတိယနေ့ ဆက်လက် ကျင်းပသည်။

၁၆ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက နိုင်ငံ့ဂုဏ်ရည် ဘွဲ့၏ အဆောင်အယောင်တံဆိပ်များကို ပြည်နယ်နှင့်တိုင်းများရှိ နိုင်ငံ့ဂုဏ်ရည်ဘွဲ့အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ်များအား မိမိကိုယ်စား အပ်နှင်းရန်အတွက် ပြည်နယ်နှင့်တိုင်း ပြည်သူကောင်စီဥက္ကဋ္ဌများအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့အလုံလမ်းရှိသမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟိုစည်းဝေးခန်းမတွင် ကျင်းပပြီး နိုင်ငံတော် သမ္မတကြီးက ပြည်နယ်နှင့်တိုင်း ပြည်သူကောင်စီဥက္ကဋ္ဌ များအား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ အဆောင်အယောင်တံဆိပ်များ ပေးအပ်သည်။

ဒုတိယအကြိမ် ပြည်သူလွှတ်တော် ဆဋ္ဌမအစည်းအဝေး အောင်မြင်စွာ ပြီးဆုံးသည်။

၁၇ ဒုတိယအကြိမ် ပြည်သူလွှတ်တော် ဆဋ္ဌမ အစည်း အဝေး စတုတ္ထနေ့တွင် ပြည်သူ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သော နိုင်ငံရေးပင်စင်ဥပဒေကို နိုင်ငံ တော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းက လက်မှတ်ရေးထိုး ထုတ်ပြန်သည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုး ခဲ့သည့် မြန်မာ ထိုင်း ပင်လယ်နယ်နိမိတ် သတ်မှတ်ရေး သဘောတူစာချုပ်ကို ဒုတိယအကြိမ် ပြည်သူလွှတ်တော် ဆဋ္ဌမအစည်းအဝေး စတုတ္ထနေ့တွင် ပြည်သူလွှတ်တော်က အတည်ပြုကြောင်း နိုင်ငံတော်ကောင်စီ၏ ကြေငြာချက် အမှတ် ၅/၇၀ ကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်း က လက်မှတ်ရေးထိုး ထုတ်ပြန်သည်။

၁၈ သြစတြေးလျနိုင်ငံ အထွေထွေ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် မဲကွန်ဖရေဇာ၏ ပါတီ အနိုင် ရရှိသည်။

၁၉ အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီသည် အပျံဝင် ၂၃ ဦး ပါဝင်သော ယင်း၏ အစိုးရအဖွဲ့ကို ဝန်ကြီး သစ်တဦးနှင့် ဒုတိယ ဝန်ကြီး ခြောက်ဦးကို ရွေးချယ်ကာ အားဖြည့်သည်။

အာဖဂန်စတန် သမ္မတကာမဲ၏ အစိုးရအား တော် လှန်ပုန်ကန်မှုများအားလုံး ရပ်ဆိုင်းသွားမှသာ ဆိုဗီယက် တပ်များ အာဖဂန်စတန်မှ ရုပ်သိမ်းမည်ဟု ဆိုဗီယက် ပြည်ထောင်စုနှင့် ဆိုဗီယက်က ထောက်ခံသော အာဖဂန် အစိုးရတို့ ပူးတွဲကြေငြာသည်။

၂၀ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ကြီးဦးနေဝင်းသည် တရုတ်ပြည်သူသမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူသမ္မတနိုင်ငံသို့ ချစ် ကြည်ရေးခရီး ထွက်ခွာသည်။

ယူဂိုစလပ် ကွန်မြူနစ်ပါတီခေါင်းဆောင်များက လာ ကာမေ့ဆော့ ၅၉ နှစ်အား ယူဂိုစလပ် ကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် ၁၂ လကြာသက်တမ်းအတွက် ရွေးချယ်သည်။

၂၂ အီရန်နှင့်အီရတ်တို့ လက်နက်ကိုင်တိုက်ခိုက်မှု ရပ်စဲ ရန်ကြိုးပမ်းသည့်အနေနှင့် နိုင်ငံခြားရေးဝန်ကြီးငါး ဦး သို့မဟုတ် ခြောက်ဦး ပါဝင်သော အပျံတပျံ ပျံစည်းထူ ထောင်ရန် ၂၂ နိုင်ငံပါဝင်သော ဘက်မလိုက်အုပ်စု၏ တံခါး ပိတ် အစည်းအဝေးတွင် ဆုံးဖြတ်သည်။

တရုတ်ပြည်သူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ် ထွက်ရှိနေသော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး နှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းက နိုင်ငံတော် ကောင်စီ ဝန်ကြီးချုပ် ကျောက်ကျီယန်နှင့် တရုတ်ခေါင်း ဆောင်ကြီးများအား ပြည်သူခန်းမဆောင်ရှိ အနောက် ဆောင်တွင် ညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။

၂၃ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီးဦးနေဝင်းသည် တရုတ်ပြည်သူသမ္မတနိုင်ငံအစိုး ရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူသမ္မတနိုင်ငံတွင်

လေးရက်ကြာမျှ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဆိုဗီယက် ဝန်ကြီးချုပ်အလက်ဇီကိုဆီဂင်သည် ရာထူးမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း မော်စကိုမြို့တွင် ကြေငြာသည်။

၂၄ မဟာဝိဇယစေတီတော် အုတ်မြစ်ချ မဟာမင်္ဂလာ အခမ်းအနားကို သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်) နေ့၌ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်ရှိ ဓမ္မရက္ခိတကုန်းတော်ပေါ်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များကြီးမှူး၍ ကျင်းပသည်။

၂၅ ဆိုင်းနိုင်းသဲကန္တာရနှင့် နိုင်းမြစ်ဝှမ်းသို့ ဆူးအက်တူးမြောင်းအောက်မှ ဆက်သွယ်သော ပထမဆုံး ဥမင်လိုဏ်ခေါင်းကို အီဂျစ်သမ္မတအနွဝါဆဒတ်က ဖွင့်လှစ်ပေးသည်။

၂၆ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး၏ ကိုယ်စား၊ ရန်ကုန်တိုင်း ပြည်သူကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်က ရန်ကုန်တိုင်းအတွင်းရှိ နိုင်ငံ့ဂုဏ်ရည်ဘွဲ့၏ အဆောင်အယောင်တံဆိပ်များနှင့် ဂုဏ်ပြုစာလွှာများ ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ အဆောက်အအုံတွင် ကျင်းပသည်။

၂၇ ပြည်သူလွှတ်တော်နှင့် ပြည်သူကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့၌ ကျင်းပသည်။

၂၈ ၁၉၈၃ ခုနှစ်တွင် လူမျိုးခွဲခြားရေးဝါဒ တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ညီလာခံတရပ် ကျင်းပရန် တိုက်တွန်းသည့်အဆိုကို ကုလသမဂ္ဂ အထွေထွေညီလာခံ လူမှုရေးကော်မတီတွင် အတည်ပြုဆုံးဖြတ်သည်။

၂၉ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လူထုလူတန်းစား အဖွဲ့အစည်းများ၊ ရေးရာကော်မတီ အတွင်းရေးမှူး ဦးအောင်ခင် ခေါင်းဆောင်သော မြန်မာလူငယ်ကိုယ်စား လှယ်အဖွဲ့သည် တရုတ်ပြည်လုံးဆိုင်ရာ လူငယ်အဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

နော်ဝေးနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တရပ်ကို နယူးဒေလီမြို့တွင် လက်မှတ်ရေးထိုးသည်။

၃၁ ဂျပန်နိုင်ငံအစိုးရက ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ လုပ်ငန်းစီမံကိန်း ခြောက်ခု အကောင်အထည်ဖော်ရန် ယန်းငွေ သန်းပေါင်း ၃၁,၅၀၀ (ကျပ် ၉၄၅ သန်းခန့်) ချေးငွေစာချွန်လွှာတရပ် လက်မှတ်ရေးထိုးပွဲကို ဝန်ကြီးများရုံး၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်ရှိန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးယာယီ တာဝန်ခံ မစ္စတာ တဲ့ရုယိုဟာယာကာဝါတို့က နှစ်နိုင်ငံ ကိုယ်စားလက်မှတ်ရေးထိုးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့၏ ၁၉၇၉ ခုနှစ်အမျိုးသားစာပေဆုရ စာအုပ်များကို ထုတ်ပြန်ကြေငြာသည်။

နိုဝင်ဘာလ

တနင်္ဂနွေနေ့		၂	၉	၁၆	၂၃	၃၀
တနလင်္ဂာနေ့		၃	၁၀	၁၇	၂၄	
အင်္ဂါနေ့		၄	၁၁	၁၈	၂၅	
ဗုဒ္ဓဟူးနေ့		၅	၁၂	၁၉	၂၆	
ကြာသပတေးနေ့		၆	၁၃	၂၀	၂၇	
သောကြာနေ့		၇	၁၄	၂၁	၂၈	
စနေနေ့	၁	၈	၁၅	၂၂	၂၉	

၁ အာရှတိုက် ၁၃ နိုင်ငံမှ ခေတ်ပြိုင်ပန်းချီ၊ ပန်းပု အနုပညာရှင်များ၏ လက်ရာများအား ပထမဆုံး အကြိမ် ပြသပွဲကို ဂျပန်နိုင်ငံ ဖူကူအိုဒါဆိပ်ကမ်းမြို့၌ ဖွင့်လှစ်သည်။

တောင်ကိုရီးယားအစိုးရအား ဖြုတ်ချရန်ကြံရွယ်မှု ဖြင့် သေဒဏ်ချမှတ်ထားခြင်းခံရသူ ကင်ဒေးဂျုံ၏ အယူခံလွှာကို စစ်ဘက်တရားရုံးက ပယ်ချသည်။

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကမ္ဘာ့ဘဏ်မှ တောင်အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာ အမ်အိပ်ချဝီဟင်သည် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး သူရဦးထွန်းတင်အား ဝန်ကြီးများရုံးသို့သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

အီရန်နိုင်ငံတွင် ဖမ်းဆီးထားသော အမေရိကန်ဓားစာခံများကို အီရန်ကျောင်းသားများက အီရန်အစိုးရလက်သို့ လွှဲပြောင်းပေးရန် အာယာတိုလာခိုမေနီက ခွင့်ပြုသည်။

၄ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဗလီ ကင်ပါတီ သမ္မတလောင်း ရော်နယ်ရေဂင်သည် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိသည်။

တောင်ကိုရီးယား ထိပ်တန်း အတိုက်အခံခေါင်းဆောင်တဦးဖြစ်သူ ကင်ဒေးဂျုံအပေါ် ချမှတ်ခဲ့သောသေဒဏ်ကို စစ်အုပ်ချုပ်ရေးမှူး ဗိုလ်ချုပ်ကြီးလီဟွီဆောင်က အတည်ပြုသည်။

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်မျာ်း



အမေရိကန်ပြည်ထောင်စုသမ္မတရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိလိုက်သော သမ္မတလောင်း ရော်နယ်ရေဂင်နှင့် ဇနီးတို့အား ဝမ်းပန်းတသာ တွေ့ရပုံ

၅ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ယူနန်ပြည်နယ်ယဉ်ကျေးမှုဗျူရိုမှ အကြံပေးပုဂ္ဂိုလ် မစ္စတာ ဝမ်တင့် ဦးဆောင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အဆိုအကအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၆ ကုလသမဂ္ဂမှ ဦးဆောင်ပြုလုပ်နေသော မဲခေါင်မြစ်ဝှမ်းအောက်ပိုင်း ဖွံ့ဖြိုးရေးစီမံချက်တွင် ပန္နမ်းပင်အစိုးရအဖွဲ့ကို ပါဝင် ဆောင်ရွက်ခွင့်ပြုရန် ဗီယက်နမ်နှင့် လောနိုင်ငံ၏ တောင်းဆိုချက်ကို ထိုင်းနိုင်ငံက ငြင်းပယ်လိုက်သည်။

၇ နိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင်ခံစားခွင့် ရှိသူများ နိုင်ငံရေးပင်စင် ရရှိရေးအတွက် ဆောင်ရွက်ရန်အချက်များကို သက်ဆိုင်ရာမှသတ်မှတ်သည်။

၈ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်သည့် ညီလာခံကျင်းပရေးအတွက် ဥရောပဘုံစေ့းအဖွဲ့ (အီးအီးစီ) က ရေးဆွဲတင်ပြအဆိုပြုချက်ကို ဆိုဗီယက်ကိုယ်စားလှယ်များက ပယ်ချသည်။

၉ အီရတ်တို့၏ ရေနံတင်ပို့သော အဓိကအဆောက်အအုံများကို အီရန်က ဖျက်ဆီးပစ်လိုက်ခြင်းဖြင့် ပင်လယ်ကွေ့ကိုဖြတ်ကာ အီရတ်ရေနံများတင်ပို့နေမှု ရပ်ဆိုင်းသွားသည်။

ချဒ်နိုင်ငံမြို့တော် အင်ဂျာမီနာတွင် လစ်ဗျတပ်များ ရောက်ရှိနေသည်ဟူသော ထင်မြင်ချက်များဖြစ်ပေါ် နေစဉ် အင်ဂျာမီနာကို ထိန်းသိမ်းထားသည့် နှစ်ဘက်အုပ်စုတို့ အပြန်အလှန်ပစ်ခတ်ကြသည်။

မိခင်၏နို့ချို့တိုက်ကျွေးမှုကိုအားပေးရန် နို့မှုန့်နှင့်အစာ အာဟာရကြော်ငြာမှုမျိုးစုံကို သိရိလင်္ကာအစိုးရက ပိတ်ပစ်လိုက်သည်။

၁၁ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ကြီးမှူးကျင်းပသော ပညာရေးဆိုင်ရာဆွေးနွေးပွဲကို အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိဗဟိုအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သမ္မတကြီးဦးနေဝင်းကလမ်းညွှန်မိန့်ခွန်းမြွက်ကြားသည်။ ထိုဆွေးနွေးပွဲတွင်အခြေခံပညာရေးဆိုင်ရာကော်မတီနှင့် အထက်တန်းပညာရေးဆိုင်ရာကော်မတီနှစ်ရပ်ကိုပွဲစည်းသည်။

၁၂ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းသည် နိုင်ငံတော်ကောင်စီမှ ကြီးမှူး ကျင်းပသော ပညာဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက် မိန့်ခွန်းမြွက်ကြားသည်။

၁၄ အာရှနှင့် အာဖရိကဒေသမှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (အယ်ဒီစီ) ရှစ်နိုင်ငံ၏ သုံးရက်ကြာဆွေးနွေးပွဲ ဒက္ကားမြို့တွင် ပြီးဆုံးသည်။

တောင်အာဖရိကနိုင်ငံမှ လူမည်းခေါင်းဆောင် နယ်လဆင်မန်ဒီလာအား နိုင်ငံတကာမှ အရပ်သားများကိုချီးမြှင့်သည့် အိန္ဒိယနိုင်ငံ၏အမြင့်ဆုံးဆုဖြစ်သော နေရူးဆုကို ချီးမြှင့်သည်။

၁၅ အနောက်အာဖရိကရှိ ဂီးနီဗစ်ဆော ပြည်သူ့သမ္မတနိုင်ငံတွင် ဝန်ကြီးချုပ် ဂျိုးဘာနာဒိုဗိုင်အီဆု ခေါင်းဆောင်သောတော်လှန်ရေးကောင်စီက အာဏာသိမ်းသည်။

၁၂ ၁၉၈၁ ခုနှစ် ၃၄ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးဦးစန်းယု ဥက္ကဋ္ဌအဖြစ် ပါဝင်သော ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီကို ပွဲစည်းလိုက်ကြောင်း နိုင်ငံတော်ကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ် ၉၁/၈၀ ဖြင့် ထုတ်ပြန်ကြော်ငြာသည်။

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်များ

၁၆ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော် ကောင်စီ အတွင်းရေးမှူး ဦးစန်းယုသည် ပါတီအလုပ်အမှုဆောင်ကော်မတီဝင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သူရကျော်ထင်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ပြည်မြို့ရှိ ပါတီ၊ကောင်စီအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးသည်။

၁၇ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် ဥရောပတွင် တပ်ဆင်ထားသော နျူးကလီးယားဒုံးပျံလက်နက်များ ကန့်သတ်ရေးနှင့်စပ်လျဉ်း၍ တလတိုင်ပြူလုပ်ခဲ့သောပဏာမဆွေးနွေးမှုများပြီးဆုံးသည်။

၁၈ အမေရိကန် လျှပ်တပြက် စစ်ဆင်ရေးတပ်ဖွဲ့သည် အီဂျစ်တပ်နှင့် ပူးတွဲ၍ နိုင်ငံရပ်ခြားမြေပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် စစ်ရေးလှုပ်ရှားမှုများပြုလုပ်သည်။

၁၉ ၁၉၈၁ ခုနှစ် ၃၃ နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အခြေခံဥပဒေနေ့ကျင်းပရေးဗဟိုကော်မတီကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခ ဥက္ကဋ္ဌအဖြစ် ပါဝင်ကာဖွဲ့စည်းလိုက်သည်။

ကမ္ဘာ့အငတ်ဘေးနှင့် ယင်းဒုက္ခ ဖြေရှင်းရေးအတွက် ဥရောပဘုံစျေးအဖွဲ့(အီးအီးစီ)အနေဖြင့် ကူညီဆောင်ရွက်နိုင်ရန် အီးအီးစီဖွဲ့ပြိုးရေးဝန်ကြီးတို့သည် ဗရပ်ဆယ်မြို့တွင် ဆွေးနွေးကြသည်။

ဂီးနီဗစ်ဆောသမ္မတ လူဝီကာဘရယ်အား ရာထူးမှ ချကာ အာဏာသိမ်းပြီးနောက် တပ်မတော် အရာရှိခြောက်ဦးနှင့် အရပ်သား သုံးဦး ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့ဝင် ကိုးဦးပါသော တော်လှန်ရေး ကောင်စီက ဂီးနီဗစ်ဆောနိုင်ငံကို အုပ်ချုပ်မည်ဖြစ်ကြောင်း ကြေငြာသည်။

၂၀ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အိန္ဒိယနိုင်ငံသမ္မတကြီး ရှရီနိလန်ဆန်ဂျီဗာရက်ဒီနှင့် ဝန်ကြီးချုပ် ရှရီမာတီအင်ဒီရာဂန္ဓီတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည်။

၂၁ အိန္ဒိယသမ္မတနိုင်ငံနယူးဒေလီမြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ထွေက်ရှိနေသော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းအား အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီမာတီအင်ဒီရာဂန္ဓီက နေ့လယ်စာစားပွဲပြင့် တည်ခင်းကျွေးခဲ့၍ မြန်မာနိုင်ငံတော် သမ္မတကြီးက အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ရှရီနိလန်ဆန်ဂျီဗာရက်ဒီအား နယူးဒေလီမြို့ရှိ အာသောကဟိုတယ်တွင် ဂုဏ်ပြုညစာစားပွဲပြင့် ပြန်လည်ကျွေးခဲ့သည်။

၂၂ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံဝေါဟာသမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ရှရီနိလန်ဆန်ဂျီဗာရက်ဒီနှင့် ဝန်ကြီးချုပ် ရှရီမာတီအင်ဒီရာဂန္ဓီတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံတွင် သုံးရက်ကြာ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ရန်ကုန်သို့ ပြန်လည်ရောက်သည်။

၂၄ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် နှစ်ရက်ကြာကျင်းပမည့် ကိုလံဘိုစီမံကိန်းအတိုင်ပင်ခံ အစည်းအဝေးကိုသမ္မတဆူဟာတိုက ဖွင့်လှစ်ပေးသည်။

၂၅ အာရပ်အဖွဲ့ချုပ်၏ ၁၁ ကြိမ်မြောက် ထိပ်သီးညီလာခံကို ဂျော်ဒန်နိုင်ငံ အမှန်မြို့တွင် ကျင်းပရာ အဖွဲ့ဝင် နိုင်ငံများဖြစ်သော ဆီးရီးယား၊ အယ်ဂျီးရီးယား၊ တောင်ယေမင်၊ လစ်ဗျ၊ လက်ဗနွန်နှင့် ပါလက်စတိုင်လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို)တို့က သပိတ်မှောက်ကြသည်။

အထက်ဗော်လတာနိုင်ငံတွင် စစ်တပ်က အာဏာသိမ်းကာ ဗိုလ်ချုပ်ကြီးလာဗိဇာနာကို သမ္မတအဖြစ်မှ ဖြုတ်ချပြီး အမျိုးသား ပြန်လည်ထူထောင်ရေး စစ်ကော်မတီက အာဏာသိမ်းသည်။

၂၆ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၁၉၇၂ ခုနှစ်တွင် ကျင်းပမည့် အာရှအားကစားပွဲတော်အတွက် ကူဝိတ် စော်ဘွားကအိန္ဒိယအစိုးရသို့ ရွှေပြားငွေသန်း ၁၂၀ ကို လှူဒါန်းသည်။

၂၇ အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ စတုတ္ထအကြိမ်အစည်းအဝေး အောင်မြင်စွာပြီးဆုံးသည်။

နှစ်လကြာဖြစ်ပွားလျက်ရှိသော အီရန်နှင့် အီရတ်စစ်ပွဲကို အမြန်ဆုံး အပစ်အခတ်ရပ်စဲကြရန် အာရပ်အဖွဲ့ချုပ်ညီလာခံက တောင်းဆိုတိုက်တွန်းလျက် ဆွေးနွေးပွဲ ပြီးဆုံးသည်။

၂၈ ရန်ကုန်မြို့သို့ ရောက်ရှိနေတော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယာယီသမ္မတကြီး၏ အထူးကိုယ်စားလှယ် ဗီယက်နမ်အစိုးရ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဇင်းညော်လင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ဦးစန်းယုအား နိုင်ငံတော်ကောင်စီရုံးတွင် တွေ့ဆုံနှုတ်ဆက်သည်။

၂၉ တရုတ်ပြည်သူသမ္မတနိုင်ငံတွင် ခင်းကျင်း ပြသခဲ့သော အမေရိကန်ပြည်ထောင်စု၏ အကြီးဆုံးကုန်စည်ပြပွဲ ပြီးဆုံးသည်။

၃၀ မကွေးတိုင်း နတ်မောက်မြို့ စခန်းသာရွေပြေး သမဝါယမလယ်ယာအနီးရှိ ရောလံ ၁၅၀၀ ခန့်ဆံသည့် အောင်ချမ်းသာတဘက်ရပ်ဆည်ဖွင့်ပွဲ ကျင်းပသည်။

၁၉၈၀ ပြည့်နှစ် ဖြစ်ရပ်မျှား

ဗီဇင်ဘာလ

၁ အကြိမ်(၆၀)မြောက် အမျိုးသားနေ့ပြခန်း ဖွင့်ပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဆောက်အအုံ၌ ကျင်းပသည်။

၂ တပ်မတော်တွင် အကျင့်စာရိတ္တ ကောင်းမွန်စွာဖြင့် တာဝန် ဝတ္တရားများကို ကာလ ကြာမြင့်စွာ ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေလျက် ဂုဏ်ပြုလောက်အောင် စစ်မှုထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား စစ်မှုထမ်းများ အပါအဝင် စစ်မှုထမ်းများအား စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်ရန် နိုင်ငံတော်ကောင်စီ၏ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ဂ၆/၈၀ ဖြင့် သတ်မှတ်ပြဋ္ဌာန်းသည်။

ဆီးရီးယားနှင့် ဆိုဗီယက် ပြည်ထောင်စုတို့သည် အနှစ် ၂၀ ချစ်ကြည်ရေးစာချုပ်ကို အတည်ပြု ပြဋ္ဌာန်းလိုက်သည်။

၃ မရမ်းကုန်းမြို့နယ် ပြည်သူလွှတ်တော် မဲဆန္ဒနယ် အမှတ် ၁ မှ ပြည်သူလွှတ်တော် ကိုယ်စားလှယ် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း၏ ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပဉ္စမအစည်းအဝေး၊ ပထမအထူးအစည်းအဝေး နှင့် ဆဋ္ဌမ အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲကို ရန်ကုန်မြို့ တပ်နယ်ခန်းမတွင် ကျင်းပသည်။

၄ ပေါ်တူဂယ် ဝန်ကြီးချုပ် ဖရန်စစ္စကို ကာနေရို ၄၆ နှစ်၊ ပေါ်တူဂယ် ကာကွယ်ရေးဝန်ကြီးနှင့် အခြား ပုဂ္ဂိုလ်ခြောက်ဦး လိုက်ပါ စီးနင်းလာသည့် ကိုယ်ပိုင် လေယာဉ်ငယ် ပျက်ကျ၍ လိုက်ပါလာသူ အားလုံး သေဆုံးသည်။

၅ တရုတ်ပြည်နှင့် ဂျပန်နိုင်ငံတို့၏ ဝန်ကြီးများအဆင့် ညီလာခံကို တရုတ်ပြည် ပီကင်းမြို့တွင် ကျင်းပပြီး စီးသည်။

၆ ရန်ကုန်တိုင်း၏ ၁၉၈၀/၈၁ ခုနှစ် မြို့နယ်အုပ်စုနှစ် ကောက်ရိတ်ပြိုင်ပွဲကို ခရမ်းမြို့ မြို့မ အထွက်တိုး စခန်း၌ ကျင်းပ၏။

၇ ကုလသမဂ္ဂ ကူညီထောက်ပံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် ရှစ်ဦးသည် တန်ဇားနီးယားနိုင်ငံတွင် လေယာဉ်ပျက်ကျ၍ သေဆုံးသွားသည်ဟု ကုလသမဂ္ဂက ကြေငြာသည်။

၈ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့၏ ၁၉၇၉ ခုနှစ်အတွက် အမျိုးသား စာပေဆုနှင်းပွဲကို ဂေါဒင်လမ်း ယဉ်ကျေးမှု လဟာပြင်ဇာတ်ရုံ၌ ကျင်းပသည်။

၉ မဒါဂါစကာနိုင်ငံ ပို့ဆောင်ရေး၊ ထောက်ပံ့ရေးနှင့် ခရီးသွားလာရေးဝန်ကြီး မစွတာဘီဖနန်ရာရာဂျင်းနှင့် ညှိနှိုင်းပွဲများ မစွတာ အာလယ်လ်ဖွန်ဆီတို့သည် မြန်မာနိုင်ငံသို့ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စများဆွေးနွေးရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

အိန္ဒိယနှင့် ဆိုဗီယက် ပူးတွဲကြေငြာချက်ကို ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူး ဆိုဗီယက် ဦးစီးလွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ (သမ္မတ) ဗရက်ဇညက်နှင့် အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီတို့သည် နယူးဒေလီမြို့သမ္မတနန်းတော်တွင် လက်မှတ်ရေးထိုးသည်။

၁၀ စိုက်ပရပ်ရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်များကို လာမည့်ဇွန် ၁၅ ရက်အထိ ခြောက်လ ဆက်ထားရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တခဲနက် သဘောတူကြသည်။

ဓာတ်ဆီဈေးနှုန်းကို ၁၀ ရာခိုင်နှုန်းတိုးမြှင့်ရန်နှင့် အပို ထွက်လာမည့် ဝင်ငွေများကို ငလျင်ဘေးဒဏ် ခံရသော အီတလီတောင်ပိုင်းဒေသ ပြန်လည်ထူထောင်ရေးတွင် အသုံးပြုရန် အီတလီအစိုးရက ဆုံးဖြတ်သည်။

အိန္ဒိယနိုင်ငံသို့ အစိုးရဧည့်သည်တော်အဖြစ် ရောက်ရှိနေသော ဆိုဗီယက်နိုင်ငံ သမ္မတကြီး ဗရက်ဇညက်ကို အိန္ဒိယ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီနှင့်အတူ တွေ့ရစဉ်



သမ္မတဟောင်း အိုဘိုတေးသည် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၁၆ ဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံလုံး ဆိုင်ရာ အလုပ်သမားသမဂ္ဂများ၏ဗဟိုကောင်စီဝင် နှင့် အာမေးနီးယားပြည်နယ် အလုပ်သမား သမဂ္ဂများ ကောင်စီဥက္ကဋ္ဌ မစ္စတာ အလက်ဇန္ဒြာမာလေဉနှင့် မစ္စတာ ကွန်စတန် တင်တူကိကောဗ်တို့ ပါဝင်သော အလုပ်သမား ကိုယ်စားလှယ်အဖွဲသည်ရန်ကုန်သို့ ရောက်ရှိလာကြသည်။

ရေနံတင်ပို့ထောင်းချသော နိုင်ငံများအဖွဲ (အိုပက်) သည် ရေနံ ဈေးနှုန်း များကို ၁၀ ရာခိုင်နှုန်း တိုးမြှင့် လိုက်သည်။

၁၇ တရုတ်ပြည်ဗုဒ္ဓဘာသာအသင်းကြီး၏ စတုတ္ထအ ကြိမ်မြောက်ပြည်လုံးကျတ် ညီလာခံကြီးကို ပီကင်း မြို့တွင် ဖွင့်လှစ်သည်။

ဆိုဗီယက်ပြည်ထောင်စုက ကော့စမော့ ၁၂၂ ကြိုဟ် တုကို အာကာသစူးစမ်းလေ့လာမှု ဆက်လက်ပြုလုပ်ရန် ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ဖစ်လွှတ်သည်။

အာကာသအစီအစဉ်များအတွက် အိန္ဒိယ အာကာသ ယာဉ်မှူးများကို လေ့ကျင့်ပေးရေးအတွက် ဆိုဗီယက်ပြည် ထောင်စု၏ ကမ်းလှမ်းချက်ကို အိန္ဒိယက လက်ခံ လိုက်သည်။

၁၈ ဘင်္ဂလားဒေ့ရှ ပြည်သူသမ္မတနိုင်ငံ ပြည်ထဲရေးဝန် ကြီးမစ္စတာမူစတာဖီဇုရာမန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲ ရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်ခေါင်းဆောင်သော မြန်မာ့ကိုယ်စားလှယ်အဖွဲသည် ဘင်္ဂလားဒေ့ရှနိုင်ငံ ဒက္ကားမြို့သို့ ထွက်ခွာသွားသည်။

၁၉ ပြည်ထောင်စုဆိုရှယ်လစ်မြန်မာနိုင်ငံတော် အစိုးရ နှင့် ဘင်္ဂလားဒေ့ရှ ပြည်သူသမ္မတနိုင်ငံ အစိုးရတို့ သည် နှစ်နိုင်ငံနယ်ခြားအစီအမံများနှင့် ပူးပေါင်းဆောင် ရွက်ရေးသဘောတူစာချုပ်ကို ဒက္ကားမြို့တွင်ချုပ်ဆိုသည်။

ဆိုဗီယက်ဝန်ကြီးချုပ်ဟောင်း ကိုဆီဂင်(၇၆) နှစ်သည် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

အမေရိကန် ပြည်ထောင်စုတွင် သမ္မတကာတာအစိုးရ က ပိတ်ပင်တားမြစ်ထားသော အီရန်နိုင်ငံပိုင်ရွှေနှင့်အခြား ပစ္စည်းဥစ္စာ ဒေါ်လာသန်း ၈၀၀ ပိုးကို ခားစာခံ ၅၂ ဦး လွှတ်မပေးမီ အယ်ဂျီးရီးယား ဗဟိုဘဏ်သို့ အမေရိကန် ပြည်ထောင်စုက လွှဲပေးရမည်ဟု အီရန်က တောင်းဆို သည်။

၂၀ ပိုလန်ကွန်မြူနစ်ပါတီ ခေါင်းဆောင်ဟောင်း ဓာတ် ဒွပ်ဂိုရက်နှင့် အပေါင်းပါများ ပါလီမန်မှ နုတ်

၁၂ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် နိုင်ငံတော်ကောင်စီ အတွင်း ရေးမှူးဦးစန်းယုသည် ပါတီဗဟိုအလုပ်အမှုဆောင် ကော် မတီဝင် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးသူရကျော်ထင် နှင့် အဖွဲဝင်များလိုက်ပါလျက် မွန်ပြည်နယ်၊ ကရင်ပြည် နယ်နှင့် တနင်္သာရီတိုင်းရှိ ပါတီ၊ ကောင်စီတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် မော်လမြိုင်မြို အရှေ့တောင်ပိုင်း စစ်ဌာန ချုပ် အစည်းအဝေးခန်းမ၌ နိုင်ငံတော်ပိုင်းနှင့်ပါတီပိုင်း ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

လှိုင်မြို့နယ် ပြည်သူလုတ်တော် မဲဆန္ဒနယ်၊ ပြည့်သူလုတ် တော်ကိုယ်စားလှယ် ဝန်ကြီးချုပ်ဦးမောင်မောင်ခေ၏ဒုတိယ အကြိမ် ပြည်သူလုတ်တော် ပဉ္စမအစည်းအဝေး၊ ပထမ အထူး အစည်းအဝေးနှင့် ဆဋ္ဌမ အစည်းအဝေး အတွေ့ အကြုံရှင်းလင်းပွဲကို လှိုင်မြို့နယ် ပြည်သူအားကစားခန်းမ၌ ကျင်းပသည်။

အာရှအလုပ်သမား ဥပဒေနှင့်လူမှုဖူလုံရေးဆိုင်ရာပထမ ဆုံးညီလာခံကို မနီလာမြို့တွင် ဖွင့်လှစ်သည်။

၁၃ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံမှ မစ္စတာ အေ၊ အက်ကာချက် ခေါင်းဆောင်သော အနု ပညာပဒေသာအဖွဲသည် မြန်မာနိုင်ငံသို့ ရောက်ရှိသည်။

ပဉ္စမအကြိမ်မြောက် မသန်မစွမ်းသူများ၏ နှစ်ပတ် လည်အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်းတွင် ကျင်းပသည်။

ပေါ် တူဂယ်နိုင်ငံမှ ဆိုရှယ်လစ် ဒီမိုကရက်တစ်ပါတီသည် လစ်လပ်လျက်ရှိသော ဝန်ကြီးချုပ်ရာထူးအတွက် ဝန်ကြီး ဖရန်စစ္စကို ပင်တိုဘာဆီမော် ၎၄ နှစ်အားလွှဲးချယ်သည်။

အာဏာရှင်အီဒီအာမင်ဖြုတ်ချခံ၍ ဆယ်စုနှစ် တခုနီး ပါး အာဏာမဲ့ခံခဲ့သော ယူဂန်းဒါးသမ္မတဟောင်း မိလတန် အိုဘိုတေးသည် အာဏာပြန်လည်ရရှိသည်။

၁၄ စတုတ္ထအကြိမ်သွေးလှူရှင်များနေ့နှင့် အကြိမ် ၅၀ သွေးလှူရှင်များဂုဏ်ပြု ဆုတံဆိပ်ပေးအပ်ပွဲအခမ်း အနားကို ဗဟိုအမျိုးသားသွေးလှူဘဏ်တိုးခဲ့ အဆောက် အအုံ၌ ကျင်းပသည်။

လောနိုင်ငံ ဝန်ကြီချုပ် ကေဆုန်ဖွမ်မီဟိန်းအား ၎င်း၏ အသက် (၆၀)ပြည့်မွေးနေ့တွင် ဆိုဗီယက် ပြည်ထောင်စုက လီနင်ဆုတံဆိပ်ချီးမြှင့်သည်။

၁၅ ၁၉၆၇ ခုနှစ် အလွှေအလယ်ပိုင်းစစ်ပွဲကတည်းက သိမ်းပိုက်ထားသော အာရပ်ပိုင် နယ်မြေများနှင့် ပါလက်စတိုင် နယ်မြေအားလုံးမှ အစွန့်ရေးတပ်များကိုလုံးဝ နှင့် ခြွင်းချက်မရှိ ရုပ်သိမ်းပေးရန်ကုလသမဂ္ဂအထွေထွေ ညီလာခံက တောင်းဆိုသည်။

ယူဂန်းဒါး ရွေးကောက်ပွဲတွင် အနိုင်ရရှိ သူးသော ယူဂန်းဒါး ပြည်သူကွန်ဂရက် ပါတီ (ယူပီစီ) ခေါင်းဆောင်

၁၉၇၀ ပြည့်နှစ် ဖြစ်ရပ်များ

ထုတ်ခြင်းကို ကျင်းပလျက်ရှိသော ပိုလန် ပါလီမန်တွင် ကြေငြာသည်။

၂၁ ၁၉၇၀ ပြည့်နှစ် ပြည်နယ်နှင့်တိုင်းကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

၂၂ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)မှ ကြီးမှူး၍ ပီကင်းမြို့၌ ကျင်းပသော စက်မှုသိပ္ပံ ကျမ်းကျင်သူအဖွဲ့ အစည်းအဝေးပြီးဆုံးသည်။

၂၄ မကွေးတိုင်း၊ ထီးလင်းမြို့နယ်လုံးကျတ် စာတတ်မြောက်မှုအောင်ပွဲ အခမ်းအနားကို ထီးလင်းမြို့ ပြည်သူအားကစားကွင်း၌ ကျင်းပသည်။

အာဖရိက အလယ်ပိုင်းနိုင်ငံတရုားရုံးတရုံးက ကေရာင်ဟောင်း ဗိုကာဆာအား သေဒဏ်စီရင်ချက် ချမှတ်ပြီး ၎င်းပိုင် ပစ္စည်းဥစ္စာအားလုံးကို ပြည်တွင်းပြည်ပ၌ သိမ်းဆည်းရန်အမိန့်ချမှတ်သည်။

အစ္စရေး နိုင်ငံခြားရေး ဝန်ကြီးဟောင်း မိုရှေဒါယန်း တင်သွင်းသည့် အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင် ဒေသကိုတဘက်သတ်ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် အဆိုကို အစ္စရေးပါလီမန်က ပယ်ချလိုက်သည်။

၂၅ ၁၉၄၅ ခုနှစ်တွင် ဟစ်တလာ၏နေရာကို ဆက်ခံခဲ့သူ ဂျာမနီရေတပ် ဗိုလ်ချုပ်ကြီးဟောင်း ကားဒိုးနစ် (၇၉ နှစ်) ကွယ်လွန်သည်။

၂၇ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယုသည် ဗြိတိန်နိုင်ငံသို့ဆေးကုသခံရန် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း စာပေဗိမာန် အဖွဲ့၏ ၁၉၇၉ ခုနှစ် စာပေဗိမာန် စာမူဆုချီးမြှင့်ပွဲကို ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ၌ကျင်းပသည်။

၂၈ မြန်မာနိုင်ငံ သုတေသနအသင်း နှစ် ၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဘွဲ့နှင်းသဘင် ကောင်စီခန်းမ၌ ကျင်းပသည်။

၂၉ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၄ ကြိမ်မြောက် အစည်းအဝေးကို အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် စီးပွားရေးတက္ကသိုလ်



မြန်မာနိုင်ငံသုတေသနအသင်း နှစ် ၇၀ ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲသို့ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း တက်ရောက်လေ့လာစဉ်

၌ ကျင်းပသော မြန်မာနိုင်ငံသုတေသန အသင်းနှစ် ၇၀ ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက်လေ့လာသည်။

ဓားစာခံပြဿနာပြေလည်ရေးအတွက် ဒေါ်လာသန်း ၂၄,၀၀၀ ထည့်သွင်းပေးထားရန် အီရန်နိုင်ငံ၏ တောင်းဆိုချက်ကို အမေရိကန်ပြည်ထောင်စုက ငြင်းပယ်သည်။

၃၀ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၄ ကြိမ်မြောက် အစည်းအဝေးဒုတိယနေ့ အစီအစဉ်ကို ဆက်လက်ကျင်းပ၏။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ စတုတ္ထအကြိမ်ပါတီ ညီလာခံ ကျင်းပရေးကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးကို အလုံလမ်း သမ္မတအိမ်တော်ဝင်း ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြင်သစ်နိုင်ငံမှ လွတ်လပ်ရေး ရခဲ့သည့် အချိန်မှစ၍ ဆီနီဂေါနိုင်ငံကို အုပ်ချုပ်ခဲ့သောသမ္မတလီယိုပိုဆီဒါဆင်ဂေါသည် ရာထူးမှနုတ်ထွက်ကြောင်းကြေငြာသည်။

ဂျော်ဒန် ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် အာရပ်အဖွဲ့ချုပ် အထူးဖျန်ဖြေရေး ကော်မတီ တရပ်သည် ဘဂ္ဂဒက်မြို့မှ အမှန်မြို့သို့ ရောက်ရှိသည်။

၃၁ ၁၉၇၀ ပြည့်နှစ် ပြည်နယ်နှင့်တိုင်း ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ပြီးဆုံးသည်။

ဥရောပ ဘုံစျေးအဖွဲ့ (အီး အီး စီ) က ဂရိနိုင်ငံအား ၁၀ နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် လက်ခံသည်။

အဝိုင်း နှစ်

နှစ်ချုပ်အထူးဆောင်းပါး

၁၉၇၀ ပြည့်နှစ်အတွင်း ကမ္ဘာက အာရုံစိုက်ခဲ့ရသည့် အကြောင်းရပ်များကို မြန်မာ့စွယ်စုံနှစ်ချုပ်ကျမ်းဖတ်ရှုကိုးကားလိုသူများအတွက်အထူးဆောင်းပါးများ အဖြစ် ရေးသားပြုစုထားသည်ကို စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုရမည်ဖြစ်ပါသည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး	ဦးအံမောင်	၄၀
ကုလသမဂ္ဂဖွဲ့ဖြိုးရေးဆယ်စုနှစ်	ဦးအောင်သန့်	၅၀
စနေဂြိုဟ်	ဒေါက်တာစိန်ထွန်း	၆၀
ခေတ်သစ်စာကြည့်တိုက်များ	ဦးသန်းထွတ်	၆၈



သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး

မြန်မာနိုင်ငံတော်တွင် ပုဂံခေတ် အနော်ရထာမင်းစော လက်ထက် ထေရဝါဒ ဗုဒ္ဓသာသနာတော် ရောက်ရှိသည့် အချိန်မှစ၍ သံဃာတော်များသည် ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်ကြစေရန် ရှင်အရဟံမထေရ်၊ ပုံ့သကူမဟာထေရ်စသော သာသနာ့ဥသျောင် သံဃာ့မဟာထေရ်ကြီးများက ကြပ်မ အုပ်ထိန်းတော်မူခဲ့ကြသည်။ မဟာထေရ်ကြီးများ၏ အဆုံးအမ ဩဝါဒတော်ကို တနိုင်ငံလုံးရှိ သံဃာတော်များက လိုက်နာကျင့်သုံးခဲ့ကြသည်။ ဓမ္မစက်ကို အာဏာစက်က အထောက်အကူပေးခဲ့သဖြင့် ဗုဒ္ဓသာသနာတော်သည် သန့်ရှင်းစင်ကြယ်၍ ကြည်ညိုဖွယ်ကို ဆောင်နိုင်ခဲ့လေသည်။

သာသနာတော်သမိုင်း

ရှေးမြန်မာမင်းများလက်ထက်တွင် ဝိနည်းဓမ္မကံမှုခင်းများကို အကျင့်သီလနှင့်ပြည့်စုံ၍ ပိဋကတ်ကျမ်းဂန်တတ်မြောက်တော်မူကြကုန်သော ဆရာတော်ကြီးများကလည်းကောင်း၊ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်၊ သုဓမ္မာသာသနာပြုဆရာတော်တို့က လည်းကောင်း တရားသဖြင့် ဝိနည်းတရားတော်နှင့် လျော်ညီစွာ (ယထာဓမ္မ၊ ယထာဝိနယ) ကျနမှန်ကန်အောင် ဆုံးဖြတ်ခဲ့ကြသည်။ ဓမ္မစက်ဖြင့် ဆုံးဖြတ်သည်ကို မလိုက်နာလျှင် အာဏာစက်ဖြင့် လိုက်နာအောင် ကူညီဆောင်ရွက်ပေးခြင်းများလည်း ရှိခဲ့လေသည်။

ဗြိတိသျှအစိုးရ လက်ထက်တွင် သီပေါမင်းကိုးကွယ်ခဲ့သော တောင်တော်ဆရာတော်၊ ပုခန်းဆရာတော်၊လှထွေဆရာတော်တို့ကို သာသနာရေးဆိုင်ရာ မှုခင်းများတွင် ကူညီစောင့်ရှောက်ရန် လျှောက်ထား၍ ဝိနည်းဓမ္မကံမှုခင်းများကို စစ်ဆေးဆုံးဖြတ်စေခဲ့သည်။ ယင်းဆရာတော်များ ပျံလွန်တော်မူပြီးသည့် နောက် ခရစ် ၁၉၀၃ ခုနှစ်တွင် ဗြိတိသျှ အစိုးရသည် တောင်ခွင် ဆရာတော်ကို အထက်မြန်မာပြည် သာသနာပိုင်ဆရာတော်အဖြစ် ခန့်အပ်၍ သာသနာတော်ကို အုပ်ချုပ်စေခဲ့သည်။ တောင်ခွင် သာသနာပိုင် ဆရာတော်သည် သာသနာရေးဆိုင်ရာမှုခင်းများကို စီရင်နိုင်ရန် ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်များခန့်အပ်၍ စီရင်ဆုံးဖြတ်စေခဲ့လေသည်။

မြို့ပြင်ကြီးဆရာတော် အမှူးပြုသော ဆရာတော် ၁၂ ပါးတို့ကလည်း တောင်ခွင် သာသနာပိုင်ဆရာတော်နည်းတူ သာသနာရေးမှုခင်းများကို ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်ခန့်အပ်၍ စီရင်ဆုံးဖြတ်ခဲ့သည်။ တောင်ခွင် သာသနာပိုင် ဆရာတော်သည် မိမိ၏ဩဇာအာဏာပျံ့နှံ့ရာ အထက်မြန်မာပြည် အောက်မြန်မာပြည်ရှိ သံဃာတော်များအပေါ်၌ အုပ်ချုပ်သည်။ မြို့ပြင်ကြီးဆရာတော် အမှူးပြုသော ဆရာတော်ကြီး ၁၂ ပါးကလည်း အာဏာပျံ့နှံ့ရာ အထက်မြန်မာပြည်ရှိ သံဃာတော်များကို အုပ်ချုပ်ခဲ့လေသည်။

အထက်ဖော်ပြပါဆရာတော်များ ပျံလွန်တော်မူသည့် အချိန်မှစ၍ သာသနာတော်၌ ဖြစ်ပေါ်လာသော ဝိနည်းဓမ္မကံမှုခင်းများကို သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်းနှင့်ဒွါရဂိုဏ်းဝင် ဆရာတော်များက မိမိတို့၏ ဂိုဏ်းအလိုက်စီရင်ဆုံးဖြတ်ခဲ့ကြသည်။ ဂိုဏ်းအလိုက်စီရင်ဆုံးဖြတ်ခြင်းကို မလိုလားသော အချို့သံဃာတော်များသည် လူတရားရုံးများ၌ သွားရောက်အမှုစွဲဆို၍ အဆုံးအဖြတ်ခံယူခဲ့ကြလေသည်။

ဝိနိစ္ဆယအက်ဥပဒေ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင် သံဃာတော်များနှင့် စပ်လျဉ်းသည့် ဝိနည်းဓမ္မကံမှုခင်းများကို ရိုးရိုးတရားရုံးများတွင် လူသာမန်တို့ကဲ့သို့ လူတရား ဥပဒေများဖြင့် စီရင်ဆုံးဖြတ်လျက်ရှိနေခဲ့ခြင်းသည် သာသနာတော်အတွက် ကြည်ညိုဖွယ်ရာမဖြစ်သည့်အပြင် လျော်ကန်မှုလည်းမရှိသောကြောင့် သံဃာ့ဝိနည်းဓမ္မကံမှုခင်းများကို သံဃာအချင်းချင်းပင် ပြေလည်ပြတ်စဲအောင် ဆောင်ရွက်နိုင်ရန် ရည်သန်ပြီး ၁၉၄၉ ခုနှစ်တွင် "၁၃၁၁ ခုနှစ် ဝိနိစ္ဆယ အက်ဥပဒေ"ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းအက်ဥပဒေအရ မြို့နယ်ဝိနိစ္ဆယဌာနများ၊ ခရိုင်ဝိနိစ္ဆယ ဌာနများ၊ နိုင်ငံတော်ဝိနိစ္ဆယဌာနများကို တည်ထောင်ဖွဲ့စည်းခဲ့ရာတွင် ဝိနည်းဓိုရ်ဆရာတော်များ၊ ဩဝါဒါစရိယ



သံဃာ့အစည်းအဝေးတွင် ဩဝါဒစရိယဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု စစ်ကိုင်းရွှေဟသံဃာဆရာတော်ဘုရားကြီး က အဖွင့် ဩဝါဒကထာ မြွက်ကြားတော်မူခဲ့သည်။

ဆရာတော်များ ရွေးကောက် တင်မြှောက်ကြရာ၌လည်းကောင်း၊ ဝိနိစ္ဆယချမှတ်ဆုံးဖြတ်ရာ၌လည်းကောင်း သံဃာတော်များ မကျေမနပ်ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၅၅ ခုနှစ်တွင် ၁၃၁၆ ခုနှစ် ဝိနိစ္ဆယဋ္ဌာန (ပြင်ဆင်ချက်)အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းပြင်ဆင်ချက်ဥပဒေအရ ဝိနိစ္ဆယဋ္ဌာနအက်ဥပဒေကို "၁၃၁၁ ခုနှစ် ဝိနိစ္ဆယဋ္ဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ" အဖြစ် ပြောင်းလဲခဲ့လေသည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးအစိုးရလက်ထက်ရောက်သည့်အခါ အထက်ပါ ၁၃၁၁ ခုနှစ် ဝိနိစ္ဆယဋ္ဌာနနှင့် ဝိနိစ္ဆယအက်ဥပဒေအရပင် ဝိနည်းဓမ္မကံမှုခင်းများနှင့် စပ်လျဉ်းပြီး ဆက်လက်ကျင့်သုံးခဲ့သည်။

သို့ရာတွင် ဝိနိစ္ဆယဋ္ဌာနနှင့် ဝိနိစ္ဆယ ခုံအက်ဥပဒေ သံဃာ့အမှုအခင်းကိစ္စများကို သံဃာအချင်းချင်းပင် ပြေလည်ပြတ်စေအောင် ဆောင်ရွက်မပေးနိုင်ကြောင်း တွေ့နေရသဖြင့် ၁၉၆၅ ခုနှစ် ဇန်ဝါရီလ ၁၈ ရက်နေ့တွင် တော်လှန်ရေးအစိုးရသည် ၁၃၁၁ ခုနှစ် ဝိနိစ္ဆယဋ္ဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေကို ရုပ်သိမ်းခဲ့သည်။

၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့စွဲဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သာသနာရေးဌာနက ဗုဒ္ဓဘာသာ သာသနာတော်ကြီး သန့်ရှင်းထွန်းလင်းတောက်ပ ဖွံ့ဖြိုးပြန့်ပွားစေရန် အလို့ငှာ သံဃာ့ဂိုဏ်းပေါင်းစုံမှ ထေရဝါဒဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်ဆရာတော်ကြီးများသည် မိမိတို့သက်ဆိုင်ရာ သံဃာဂိုဏ်းများအလိုက် စုဝေးဆွေးနွေးတော်မူကြရန်ကို လည်းကောင်း၊ ထိုကဲ့သို့ သံဃာဂိုဏ်းများအလိုက် စည်းဝေးတော်မူကြပြီးနောက် ရရှိလာသော အဆုံးအဖြတ် နည်းလမ်းများကို သံဃာဂိုဏ်းပေါင်းစုံ စုပေါင်းစည်းဝေးပွဲကြီးတွင် ပြန်လည်ညှိနှိုင်း၍ တညီတညွတ်တည်း အဆုံးအဖြတ်ပြုပြီး ဓမ္မစက်အဖြစ်ပြဋ္ဌာန်းတော်မူကြစေလိုကြောင်းကို လည်းကောင်း ဆရာတော် သံဃာတော်များအား လျှောက်ထားခဲ့လေသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး

ထိုလျှောက်ထားချက်အရ သံဃာ့ ဂိုဏ်းပေါင်းစုံ စုပေါင်းစည်းဝေးပွဲကြီး ကျင်းပရန်အတွက် ဆရာတော် ၂၁ ပါး ပါဝင်သော ဂိုဏ်းပေါင်းစုံ ဦးစီးဆရာတော်များအဖွဲ့က ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်တော် မူခဲ့ကြသည်။ ၁၉၆၅ ခုနှစ် မတ်လ ၁၇ ရက်နေ့မှ စ၍ သုံးရက်တိုင်တိုင် မှော်ဘီမြို့ စိုက်ပျိုးရေးဥယျာဉ်၌ ဗုဒ္ဓဘာသာ သာသနာတော်သန့်ရှင်းပြန့်ပွားရေးဂိုဏ်းပေါင်းစုံ သံဃာ့အစည်းဝေးကြီးကို ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးကြီးက ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ သံဃာ့အဖွဲ့အစည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) ကို ရေးဆွဲခဲ့သည်။ ထိုအခြေခံဥပဒေမူကြမ်းတွင် အောက်ဖော်ပြပါ ပဓာနအချက်သုံးချက် ပါဝင်သည်–

၁။ ရဟန်း သံဃာတော်များ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ သီတင်းသုံး နေထိုင်နိုင်ရေးအတွက် သံဃာတော်အချင်းချင်း ကြပ်မအုပ်ထိန်းရေး။

၂။ ဝိနည်းဓမ္မကံအဓိကရဏ်း မှုခင်းများကို ဝိနည်းဒေသနာတော်နှင့်အညီ ပြေငြိမ်း ပြီးပြတ်အောင် ဆောင်ရွက်ရေး၊

၃။ ရဟန်းတု ရဟန်းစစ် အလွယ်တကူခွဲခြားသိနိုင်ရေးအတွက် သာသနာဝင်လက်မှတ် ကိုင်ဆောင်ရေး စသည်တို့ ဖြစ်သည်။

သို့သော်လည်း ထိုသံဃာ့ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) ကို မြန်မာနိုင်ငံတဝန်းလုံးရှိ ဆရာတော် သံဃာတော်အားလုံးတို့က တညီတညွတ်တည်း အဆုံးအဖြတ်ပြု၍ ဓမ္မစက်ဖြင့် ပြဋ္ဌာန်းပေးနိုင်ခြင်းမရှိခဲ့ချေ။

ထို့နောက် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနသည် ၁၉၇၅ ခုနှစ်မှစ၍ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများပြေငြိမ်းမှု ရရှိစေရန် နည်းလမ်း လေးသွယ်ကိုယာယီအစီအစဉ်

၂။ သံဃာအချင်းချင်း အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ရန် သံဃာတော်များက ရွေးချယ် တင်မြှောက်သော ဝိနည်းဓိရ်ခုံအဖွဲ့များဖြင့် ဖြေရှင်းဆုံးဖြတ်ရန်တို့ ဖြစ်လေသည်။

အထက်ပါ အချက်များကို ဆောင်ရွက်ရာ၌ သံဃာတော်များ၏ ဆန္ဒမပါပဲ နိုင်ငံတော်က ဆောင်ရွက်သည့် အခြေအနေမျိုးမဖြစ်စေပဲ သာသနာတော်အတွက် သံဃာ့ကိစ္စကို သံဃာတော်များက ဆောင်ရွက်သည့်သဘောသာ ဖြစ်သင့်ကြောင်း မိန့်ကြားခဲ့သည်။

ထိုမိန့်ကြားချက်နှင့်အညီ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနသည် လုပ်ငန်းစီမံချက် အသေးစိတ် ရေးဆဲ့ချမှတ်၍ရွေးဦးစွာ ပြည်နယ်/တိုင်းအလိုက်၊ ဂိုဏ်းအလိုက် သံဃာ့ဝန်ဆောင်ဆရာတော် ၆၆ ပါး ရွေးချယ် ပေးပါရန် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် သံဃာ့နာယက သာသနာ့ဥက္ကဋ္ဌ ဆရာတော်ကြီးများအား လျှောက်ထားခဲ့သည်။

သံဃာ့ဝန်ဆောင်အဖွဲ့

သံဃာတော်များ၏ဆန္ဒဖြင့် သမ္မုတိ ပေး၍ ရွေးချယ် တင်မြှောက်အပ်သော သံဃာ့ဝန်ဆောင် ဆရာတော် ၆၆ ပါးသည် ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်

တရပ်အနေဖြင့် ချမှတ်၍ ဖြေရှင်းဆောင်ရွက် ခဲ့သည်။ ထိုနည်း လမ်း လေးသွယ်သည် ဥပဒေကဲ့သို့ အာဏာသက် ရောက်မှုမရှိသဖြင့် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို ဖြေရှင်းဆောင်ရွက်ရာ၌ အောင်မြင်မှု ရသင့်သလောက်မရ ရှိကြောင်းကို တွေ့ခဲ့ရလေသည်။

လမ်းညွှန်ချက်ချမှတ်

တဖန် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးက ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်း (မူကြမ်း)ကို ဥပဒေပညာရှင် များနှင့် ညှိနှိုင်းရေးဆွဲ၍ ဝန်ကြီးအဖွဲ့မှတဆင့် နိုင်ငံ တော်ကောင်စီသို့ တင်ပြခဲ့သည်။ ၁၉၇၉ ခုနှစ်ဩဂုတ်လ ၄ ရက် နေ့တွင် ကျင်းပသော နိုင်ငံတော်ကောင်စီ အစည်း အဝေးတွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီးက သံဃာ အချင်းချင်း အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ရန် အတွက် ခုံရုံးများ ဖွဲ့စည်းပေးသင့်ကြောင်း စသည်ဖြင့် အောက်ပါအတိုင်း အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

၁။ သံဃာတော်များ သည် ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနိုင်ရေးအတွက် သံဃာအချင်း ချင်းကြပ်မတ်သွားရန်၊



သံဃာ့တစည်းတဝေးပွဲကြီး၌ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် တဆုံးတဖြတ်ပေးခဲ့ကြသည့် သံဃသမ္မုတိရဆရာတော် သံဃာတော်များ

ဇမ္ဗူဒီပ ကျောင်းဆောင်၌ ဆရာတော် ၆၆ ပါးပါဝင်သော သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ထိုသံဃာ့ဝန်ဆောင်အဖွဲ့သည် အဖွဲ့ငယ် လေးခု ခွဲခြားဖွဲ့စည်း၍ အောက်ဖော်ပြပါမူကြမ်းများကို ရေးဆွဲခဲ့သည်။

၁။ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ပထမ အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်မည့်သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ရေး နည်းလမ်းစည်းကမ်းများ၊

၂။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊

၃။ ဝိနည်း ဓမ္မကံ အဓိကရဏ် မူခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

၄။ သံဃာတော်များ၏ သာသနာဝင် မှတ်တမ်းနှင့် ဗုဒ္ဓဘာသာ သီလရှင်များ၏ သာသနာ နှယ်ဝင်မှတ်တမ်း။

သံဃာ့ဝန်ဆောင်ဆရာတော် ၆၆ ပါးသည် အထက် ပါမူကြမ်းစာအုပ်များကိုယူလျက် အခြေခံဒေသ အသီးသီးသို့ ကြွရောက်ပြီးလျှင် မြို့နယ်လုံးကျတ်သံဃာကုန် ပင့်ဖိတ်၍ ရှင်းလင်းပွဲများ ပြုလုပ်ကြသည်။ ထိုရှင်းလင်း ပွဲများ၌ မူကြမ်း စာအုပ်များနှင့် ဇယားပုံစံများကိုဝေ၍ အသေးစိတ်ဖတ်ကြားရှင်းလင်းပြီးလျှင် ပြင်ဆင် ဖြည့်စွက်နုတ်ပယ်ခြင်းပြုကြရန် အကြံဉာဏ်များ တောင်းခံခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ဖေဖွဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၂၃ ရက်နေ့အထိ ရှင်းလင်းပွဲများ ကျင်းပခဲ့၍ သံဃာတော်များထံမှ အကြံပေးစာပေါင်း ၁၀၀၀ ကျော်ရယူခဲ့သည်။ သံဃာ့ဝန်ဆောင်အဖွဲ့သည် ထိုအကြံပေးစာများကို လေ့လာသုံးသပ်၍ဒုတိယမူကြမ်းစာတမ်းများကို ပြင်ဆင်ဖြည့်စွက် ရေးဆွဲခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ဧပြီလ ၆ ရက်နေ့မှ ၃၀ ရက်နေ့ အထိ သံဃာ့ဝန်ဆောင် ဆရာတော်အသီးသီးသည် သက်ဆိုင်ရာ အခြေခံ ဒေသအသီးသီးသို့ ဒုတိယမူကြမ်း စာတမ်းများကို ယူဆောင်သွားကြပြီးလျှင် ဒုတိယ အကြိမ် ရှင်းလင်းပွဲများ ကျင်းပ ပြုလုပ်ခဲ့သည်။ သံဃာ့ဝန်ဆောင် ဆရာတော်များသည် ထိုရှင်းလင်းပွဲများနှင့်အတူ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်မည့် သံဃာ့ကိုယ်စားလှယ်ဆရာတော် ၁၀၀၀ ကျော် တို့ကို သံဃဆန္ဒသံဃသမ္မုတိဖြင့် ရွေးချယ်ခြင်းကိုကြီးကြပ် ဆောင်ရွက်တော် မူကြသည်။ သံဃာ့ဝန်ဆောင် ဆရာတော်များသည် အနယ်နယ် အရပ်ရပ်မှ အကြံပေးစာ ၁၂၇ စောင်ကို လေ့လာ သုံးသပ်၍ ဂိုဏ်း



ရွှေကျင်ဂိုဏ်း ဥက္ကဋ္ဌ ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ မန္တလေးမြို့ အရွှေဝိသုဒ္ဓါရုံတိုက် ဆရာတော်ဘုရားကြီးသည် သာသနာ့ သမိုင်းဝင် မှတ်တမ်း စာအုပ်ကြီး၌ ဤသို့ လက်မှတ်ရေးထိုး မှတ်တမ်းတင်တော်မူသည်။

ပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တင်သွင်းရန် စာတမ်းမူကြမ်းများကိုနောက်ဆုံး ရေးဆွဲခဲ့ကြလေသည်။

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမ အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ၁၉၇၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့မှ မေလ ၂၇ ရက်နေ့ထိ လေးရက်တိုင်တိုင် ကျင်းပပြုလုပ်ရာ သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် ၁,၂၁၀ ပါးကြွရောက်တော်မူလေသည်။

ထိုအစည်းအဝေးပွဲကြီး၌ အတည်ပြုချက် သုံးရပ်၊ ရွေးချယ်တင်မြှောက်ခြင်း၊ ဆုံးဖြတ်ချက် လေးရပ်၊မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကို တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်တော်မူခဲ့ကြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ ဝိနည်းဓမ္မကံ အဓိကရဏ်းမူခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် သံဃာတော်များ၏ သာသနာဝင် မှတ်တမ်းတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမ အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ကြီးကြပ်ရန်အတွက် သြဝါဒါစရိယဆရာတော်ကြီး ၃၆ ပါးကို လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင်

ဆရာတော် ၉၉ ပါးကို သော်လည်းကောင်း၊ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ဝင် ၃၃ ပါး ကိုလည်းကောင်း၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် ၈၁ ပါး ကိုလည်းကောင်း သံဃသမ္မုတိဖြင့် ရွေးချယ်တင်မြှောက်ခဲ့လေသည်။

ပရိယတ္တိစာမေးပွဲများ ပြုပြင်ကျင်းပသွားရန်၊ မြတ်စွာဘုရား၏ ရုပ်ပွားတော်ပုံ၊ စေတီတော်ပုံတို့ကို ပြက္ခဒိန်၊ စာအုပ်၊တိတ်ခွေများတွင် မျက်နှာဖုံးအဖြစ်အသုံးပြုခြင်းနှင့် ပိဋကတ်တော်များနှင့် မညီညွတ်သော ရတနာသုံးပါးနှင့် စပ်လျဉ်းသည့် ပုံတော်များကိုထုတ်ဝေခြင်းတို့မှ တားမြစ်ပိတ်ပင်ပေးရန် သက်ဆိုင်ရာများထံ မေတ္တာရပ်ခံရန်၊ ရဟန်းတော်များ နေထိုင်ရာကျောင်း၊ ကျောင်းတိုက် အတွင်းမှ အမြဲနေ လူပုဂ္ဂိုလ်များ ဖယ်ရှား ပေးသင့်ကြောင်းနှင့် ရဟန်းတုရဟန်းယောင်များ ဖယ်ရှားပေးရန်တို့ကို ဆုံးဖြတ်ချက် ချမှတ်ခဲ့လေသည်။

ထို့ပြင် ထိုအစည်း အဝေးပွဲကြီးက သံဃာ့ဝန်ဆောင်အဖွဲ့၏ ဆောင်ရွက်ချက်ကို မှတ်တမ်းတင်ခြင်း၊ သံဃာ့ဝန်ဆောင်အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ပြည်မြို့ ပုဉ်လှသိမ်ကုန်းဆရာတော် ဘဒ္ဒန္တတိက္ခ ပုံလွန်တော်မူသည့်အတွက် သံဝေဂ ဥာဏ်များ ပွားရန် မှတ်တမ်းတင်ခြင်းနှင့် စစ်ကိုင်းတိုင်းအခြေခံဒေသမှ သံဃာ့ဝန်ဆောင်ဖြစ်တော်မူသော တောင်ဘီလူးချောင်ဆရာတော် ဦးပုညာဘိန္နပုံလွန်တော် မူသည့်အတွက် သံဝေဂဥာဏ်များ ပွားများတော်မူကြရန် မှတ်တမ်း တင်ခြင်းများကိုပြုတော်မူကြလေသည်။



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဥတ္တရာဘိဝံသရသည် သံဃာ့အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်များ၊ ပြဋ္ဌာန်းချက်များနှင့် မှတ်တမ်းတင်ခြင်းများကို သာသနာသမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ ဤသို့ လက်မှတ်ရေးထိုးမှတ်တမ်းတင်တော်မူသည်။

အစည်းအဝေးပွဲကြီး ပြီးဆုံးသည့်နောက် တဆက်တည်း ၁၃၄၂ ခုနှစ် နယုန်လပြည့်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူ တော်ကြီး



သံဃာ့အစည်းအဝေးကြီး ကျင်းပရာမဟာပါသာဏ လိုဏ် ဂူ တော် ကြီး တွင် နိုင်ငံတော် ကောင် စီ ဝင်များ၊ ဝန်ကြီး အဖွဲဝင် ဝန်ကြီးများ တက်ရောက်ကြည်ညို ကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၁။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဣန္ဒာစာရ၊ မြို့မစာသင်တိုက်၊ ပဲခူးမြို့။	ဥက္ကဋ္ဌ
၂။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိမလ၊ ရွှေဟင်္သာတောရတိုက်၊ ညောင်တုန်းမြို့။	ဒုတိယ ဥက္ကဋ္ဌ
၃။ ပုသိမ် ဆရာတော် ဦးရေဝတ (သက္ကသီဟ ဓမ္မာစရိယ၊ မူလစာချ) တောင်သမန်တိုက်၊ မန္တလေးမြို့။	ဒုတိယ ဥက္ကဋ္ဌ
၄။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၊ (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ သက္ကသီဟဓမ္မာဝရိယ ဝဋ်ဆံကာ) မင်းကွန်း၊ ဓမ္မနာဒတိုက်၊ စစ်ကိုင်းမြို့။	အကျိုးတော်ဆောင်
၅။ ဆရာတော် ဦးခမာဝုဓ၊ လယ်တီတိုက်၊ ဟင်္သာတမြို့။	တွဲဖက် အကျိုးတော်ဆောင်
၆။ ဆရာတော် ဦးဝဏ္ဏသီရိ(အဂ္ဂမဟာအက္ကေါ်)မင်းကျောင်း ပထမပြန်စာသင်တိုက်၊ သန်လျင်မြို့။	တွဲဖက် အကျိုးတော်ဆောင်
၇။ ဆရာတော် ဦးဇဝန (မူလဓမ္မာစရိယ) မြို့ကျောင်း၊ ရွှေဂူမြို့။	အဖွဲ့ဝင်
၈။ ဆရာတော် ဦးစန္ဒောဘာသ (အစိုးရ ဓမ္မာဝရိယ) ဖားကျကျောင်း၊ ကော့ကရိတ်။	"
၉။ ဆရာတော် ဦးဉာဏိန္ဒ (မူလဓမ္မာစရိယ) ဝေဠုဝန်တိုက်၊ ရွှေဘိုမြို့။	"
၁၀။ ဆရာတော် ဦးပညာဝံသ (အစိုးရ ဓမ္မာစရိယ) သထုံဝံသတိုက်၊ မုံရွာမြို့။	"
၁၁။ ဆရာတော် ဦးအာစိဏ္ဏာဘိဝံသ (သက္ကသီဟ အစိုးရ ဓမ္မာဝရိယ) ရွှေဂူကျောင်း၊ ထားဝယ်မြို့။	"
၁၂။ ဆရာတော် ဦးအာနန္ဒပဏ္ဍိတ (သက္ကသီဟ ဓမ္မာဝရိယ) ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၊ ပြည်မြို့။	"
၁၃။ ဆရာတော် အရှင်တေဇောဘာသာဘိဝံသ (ဧဝတီယင်္ဂ အစိုးရ ဓမ္မာစရိယ၊ ဒီဃ နိကာယကောဝိဒ) ရွှေကျောင်းကြီးတိုက်၊ ပေါင်းတည်မြို့။	"
၁၄။ ဆရာတော် ဦးဥတ္တရာဘိဓဇ(အစိုးရ ဓမ္မာစရိယ)တိုက်ကျောင်း ပါဠိတက္ကသိုလ်၊ ကြိုပင်ကောက်မြို့။	"
၁၅။ ဆရာတော် ဦးဝေပုလ္လသာမိ (အစိုးရ ဓမ္မာစရိယ) ရွှေပေါက်ပင်တိုက်၊ ပခုက္ကူမြို့။	"
၁၆။ ဆရာတော် ဦးကုမာရာဘိဝံသ (သက္ကသီဟ အစိုးရ ဓမ္မာစရိယ) ဓမ္မိကာရာမတိုက်၊ မကွေးမြို့။	"
၁၇။ ဆရာတော် ဦးကိတ္တိ (မူလဓမ္မာစရိယ) မဟာဝိသုတာရာမတိုက်၊ ဝလင်းမြို့။	"
၁၈။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသောဘိတ၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့။	"
၁၉။ ဆရာတော် ဦးကောသလ္လ (မူလဓမ္မာစရိယ) ဆင်ကျုံးတောရတိုက်၊ ရမည်းသင်းမြို့။	"
၂၀။ ဆရာတော် ဦးဉာဏာဘိဝံသ (သက္ကသ်ဟ ဧဝတီယင်္ဂ အစိုးရ ဓမ္မာစရိယ၊ ဒီဃ နိကာယကောဝိဒ) ပိုးကောင်းတိုက်၊ မန္တလေးမြို့။	"
၂၁။ ဆရာတော် ဦးသီရိန္ဒာဘိဝံသ (သက္ကသီဟ ဧဝတီယင်္ဂ အစိုးရ ဓမ္မာဝရိယ) မဝိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။	"
၂၂။ ဆရာတော် ဦးရာဝိန္ဒ (မူလဓမ္မာစရိယ) ကဒုံစီးကျောင်း၊ ပေါင်မြို့။	"
၂၃။ ဆရာတော် ဦးဝါယမ (သုဝဏ္ဏဘူမို ပိဋကတ္တယပါရဂူ) အရွှေကုံကော်ကျောင်း၊ မော်လမြိုင်မြို့။	"
၂၄။ ဆရာတော် ဦးနရသီဟ (မူလဓမ္မာစရိယ) ဘုရားကြီးတိုက်၊ ဝစ်တွေမြို့။	"
၂၅။ ဆရာတော် ဦးဩဘာသ(မူလဓမ္မာဝရိယ)သရက်တောကျောင်းတိုက်၊ ရန်ကုန်မြို့။	"
၂၆။ ဆရာတော် ဦးအာဒိစ္စ (မူလဓမ္မာစရိယ) ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ ရန်ကုန်မြို့။	"
၂၇။ ဆရာတော် ဦးသဟမ္မတိ၊ ဗြဟ္မနိမ္မိတာရုံကျောင်း၊ ဗဟန်း၊ ရန်ကုန်မြို့။	"
၂၈။ ဆရာတော် ဦးဉာဏဝံသ (အစိုးရ ဓမ္မာဝရိယ) ပြည် ဇောတိကာရုံကျောင်း၊ တိုက်ကြီးမြို့။	"
၂၉။ ဆရာတော် ဦးဓမ္မာနန္ဒ (မူလဓမ္မာစရိယ) ရွှေကျောင်း ပရိယတ္တိဝါသင်တိုက်၊ ပိုးမိတ်မြို့။	"
၃၀။ ဆရာတော် ဦးဝိလာသာဘိဝံသ (သက္ကသီဟ အစိုးရ ဓမ္မာဝရိယ)သာသနာဝိပုလ ရွှေကူစာသင်တိုက်၊ ညောင်ရွှေမြို့။	"
၃၁။ ဆရာတော် ဦးတိက္ခဓမ္မာလင်္ကာရ (အစိုးရ ဓမ္မာဝရိယ) ပိုးစာတောတိုက်၊ ဟင်္သာတမြို့။	"
၃၂။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဓမ္မဝင်္ဂ၊ တိုက်သစ်ကျောင်း၊ ဖျာပုံမြို့။	"
၃၃။ ဆရာတော် ဦးကုမုဒ (မူလဓမ္မာစရိယ) ဓမ္မစကြာကျောင်း၊ ကြံခင်းမြို့။	"



ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်သုံးပါးနှင့် အကျိုးတော်ဆောင်သုံးပါး

၌ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့်အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ကပ်လှူ ပူဇော်ပွဲနှင့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်သံဃာ ၁,၀၀၀ ကျော် ဆွမ်းကြီး လောင်းလှူပွဲများကို ကျင်းပပြုလုပ်ခဲ့လေသည်။

ဘွဲ့ထူးဂုဏ်ထူးနှင့် လွတ်ငြိမ်းချမ်းသာခွင့်

သာသနာတော် သန့်ရှင်းဟုတ်တဲ့ ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးအောင်မြင်သည်ကို နှစ်ထောင်းအားရစွာ ဂုဏ်ပြုသောအားဖြင့် ၁၉၇၀ ပြည့်နှစ် မေလ ၂၇ ရက်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီသည် နိုင်ငံတော် အကျိုးအတွက် ကိုယ်ကျိုးမဖက် အနစ်နာခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ရန် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ တံဆိပ်ပြဋ္ဌာန်းသည့် အမိန့်အမှတ် ၁/၇၀ ကို လည်းကောင်း၊ ညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်း စိတ်ဓာတ်ကို ပွားများစိမ့်သောငှာ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် ၂/၇၀ ကို လည်းကောင်း ထုတ်ပြန်ကြေငြာခဲ့လေသည်။

ဝိနည်း ဓမ္မက် အဓိကရုဏ်း ဥပဒေ

သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ပွဲကြီးက အတည်ပြု ပြဋ္ဌာန်းလိုက်သော ဝိနည်းဓမ္မက် အဓိကရုဏ်းမူခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ဆောင်ရွက်ပေးရမည့် အပိုင်းကို ဥပဒေပညာရှင်များက အခန်း ၅ ခန်းနှင့် ပုဒ်မပေါင်း ၁၃ ခု ပါဝင်သော ဝိနည်းဓမ္မက် အဓိကရုဏ်းမူခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေကြမ်းကို ရေးဆွဲခဲ့ကြသည်။ ထိုဥပဒေကြမ်းကို ၁၉၇၀ ပြည့်နှစ် ဇွန်လ ၁၄ ရက်နေ့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်၌ ကျင်းပသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမ အကြိမ် အထူးအစည်းအဝေးသို့ တင်ပြ၍ သဘောတူ အတည်ပြုချက် ရယူခဲ့လေသည်။

ထိုဥပဒေကြမ်းကို ၁၉၇၀ ပြည့်နှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပထမအထူးအစည်းအဝေး၌ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးက ဖတ်ကြားတင်သွင်းသည်။ ဇွန်လ ၂၆ ရက် နေ့တွင် ဝိနည်းဓမ္မက်အဓိကရုဏ်း မူခင်းများ ဖြေရှင်းဆုံးဖြတ်ရေး



ဆိုင်ရာ ဥပဒေ ၁၉၇၀ ပြည့်နှစ် ပြည်သူလွှတ်တော် ဥပဒေ အမှတ် ၃ ကို ပြည်သူလွှတ်တော်က သဘောတူပြဋ္ဌာန်း လိုက်လေသည်။ ထိုဥပဒေကို ၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်နေ့၌ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော်၊ နိုင်ငံတော် သမ္မတကြီးက လက်မှတ်ရေးထိုး၍ ထုတ်ပြန် ကြေငြာလိုက်လေသည်။

ယခုအခါ ထိုဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝိနည်းဓိုရ် ဆရာတော်များ၊ ပြည်နယ်/တိုင်းသံဃ နာယက အဖွဲ့များ၊မြို့နယ်သံဃ နာယကအဖွဲ့များ ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့များ၊ ပြည်နယ်/တိုင်းသံဃာဝန် ဆောင်များကို ရွေးချယ်ဖွဲ့စည်းပြီး ဖြစ်လေသည်။ ထို့ပြင် ပရိယတ္တိ စာမေးပွဲများ ပြုပြင်ရေး၊ရဟန်းတု ရဟန်းယောင် များ ဖယ်ရှားရေးနှင့် ကျောင်း/ကျောင်းတိုက်များအတွင်း

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသုဇန ခန္တီးစာသင်တိုက် ဝန်းသို့မြို့ကို ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော် အပြီး ဖူးမျှော် ရပုံ

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် စိန်လွင်က ဘွဲ့ရဆရာတော်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်နေပုံ





နိုင်ငံတော် သံဃမဟာနာယကအဖွဲဥက္ကဋ္ဌ ဆရာတော် ဦးဣန္ဒာစာရက သံဃမဟာနာယကအဖွဲ အစည်းအဝေးတွင် အဖွင့်မိန့်ခွန်း မြွက်ကြားတော်မူသည်။

မှ အမြဲနေ လူပုဂ္ဂိုလ်များ ဖယ်ရှားရေးတို့ကို ဆောင်ရွက်လျက်ရှိရာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းကြီးသည် ခိုင်မာစွာ အုတ်မြစ်ချပြီးဖြစ်၍ မကြာမီ အကောင်အထည် ပေါ်လာတော့မည် ဖြစ်လေသည်။

သာသနာ သန့်ရှင်း တည်တံ့ပြန့်ပွားရေး

သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း (၂,၅၂၄) ခုနှစ်အတွင်း၌ သာသနာတော်နှင့် သာသနာ့ဝန်ထမ်း (စာပေနှင့်ပုဂ္ဂိုလ်)

နိုင်ငံတော်သမ္မတကြီး၏ဇနီး ဒေါ်နီနီမြင့်က ဗဟိုမဏ္ဍပ်မှနေ၍ သပိတ်သက်နန်း၊ ပရိက္ခရာစုံဖြင့် သံဃာတော်ကြီးများအား ဆက်ကပ်လှူဒါန်းသည်။



သန့်ရှင်းစင်ကြယ်ရေးအတွက် ဓမ္မစက်နှင့် အာဏာစက် ပူးတွဲကာ အကြိမ်ကြိမ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သာသနာတော်တည်းဟူသော ပိဋကတ်သုံးပုံ (ပရိယတ္တိ) သန့်ရှင်းစင်ကြယ်ရေးအတွက် သင်္ဂါယနာ ခြောက်တန်တင်ခဲ့ပြီးဖြစ်သည်။ ပထမအကြိမ် သာသနာ့ဝန်ထမ်းတည်းဟူသော ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ စင်ကြယ်သန့်ရှင်းရေးအတွက် သာသနာတော်နှစ် ၂၃၅ ခုနှစ်တွင် သီရိဓမ္မာသောက မင်းကြီးသည် ရဟန်းတု ရဟန်းယောင် (တိတ္ထိခြောက်သောင်း) တို့ကို လူဝတ်လဲစေခဲ့သည်။ ဒုတိယအကြိမ် သာသနာနှစ် (၁၆၀၀) တွင် ပုဂံပြည်၌ အနော်ရထာမင်းကြီးသည် အရည်းကြီး ရဟန်းများကို လူဝတ်လဲစေ၍ ရှင်အရဟံ အမှူးပြုသော ထေရဝါဒ သံဃာတော်များကို ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ တတိယအကြိမ် သာသနာနှစ် (၁၇၉၄) ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ ပရက္ကမ ဗာဟုမင်းကြီးသည် အလင်္ကာဒုဿီလရဟန်းများကို လူဝတ်လဲစေ၍ သာသနာတော်ကို သုတ်သင်ခဲ့လေသည်။

ကျင်းပပြီးစီးခဲ့သော သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသည် သာသနာတော်သမိုင်းတလျှောက်၌စတုတ္ထအကြိမ်မြောက် သာသနာဝန်ထမ်းများကို သန့်ရှင်း စင်ကြယ်အောင် ဆရာတော်သံဃာတော်များက ဦးဆောင်ကြိုးပမ်းဆောင်ရွက်တော်မူကြရာ၌ နိုင်ငံတော် အစိုးရနှင့် ဗုဒ္ဓဘာသာဝင် နိုင်ငံတော်သူ နိုင်ငံတော်သားများက ဝိုင်းဝန်းကူညီ ထောက်ပံ့မှု ပြုကြသဖြင့် ယခုကဲ့သို့ အောင်မြင်ထမြောက် ခဲ့ခြင်းဖြစ်ကြောင်းကို မှတ်တမ်းတင် ရမည် ဖြစ်လေသည်။ ။

ဦးအုံမောင်



ကုလသမဂ္ဂဖွံ့ဖြိုးရေးဆယ်စုနှစ်

၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ အထွေထွေညီလာခံသည် ၁၉၆၁ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိကာလကို ကုလသမဂ္ဂ ဖွံ့ဖြိုးရေး ဆယ်စုနှစ်ဟု သတ်မှတ်ခဲ့လေသည်။ နောင်အခါတွင် ၁၉၇၁ ခုနှစ်နှင့် ၁၉၈၁ ခုနှစ်တွင် အစပြုသော ဆယ်စုနှစ်ကာလအသီးသီးကို ဖွံ့ဖြိုးရေး ဆယ်စုနှစ်များအဖြစ် ဆက်လက် သတ်မှတ်ကြပြန်သောကြောင့် ၁၉၆၁ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ကာလသည် ကုလသမဂ္ဂ ဖွံ့ဖြိုးရေး ပထမဆယ်စုနှစ် ဖြစ်လာလေသည်။

ကျယ်ပြန့်သော လွတ်လပ်မှုအခြေခံဖြင့် စာဝတ်နေရေး စသည့် လူနေမှုအဆင့်အတန်း မြင့်မားမှုနှင့် နိုင်ငံအားလုံး၏ စီးပွားရေးနှင့် လူမှုရေး တိုးတက်မှုအတွက် ကြိုးပမ်းအားထုတ်ကြအံ့ဟူသော ကုလသမဂ္ဂစာချုပ်ပါ ပြဋ္ဌာန်းချက်များအရ ကုလသမဂ္ဂဝင် နိုင်ငံတို့သည် အလေးအနက်သန္နိဋ္ဌာန်ပြုထားကြသည်။ စီးပွားရေးနှင့် လူမှုရေး တိုးတက်မှုဆိုသည်မှာလည်း စီးပွားရေး နိမ့်ကျနေသောနိုင်ငံတို့နှင့်သာ ဆိုင်သည်မဟုတ်ပေ။ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို တည်ဆောက်ရန်အတွက် ကမ္ဘာတဝန်းလုံး၏ စည်ပင်သာယာဝပြောမှုသည် မရှိမဖြစ်သည့်အလျောက် စီးပွားရေးနှင့် လူမှုရေး တိုးတက်မှုသည် နိုင်ငံတိုင်း တည်ဆောက်ကြရမည့် အခြေခံအုတ်မြစ်ဖြစ်လေသည်။

ကုလသမဂ္ဂဖွံ့ဖြိုးရေး ပထမဆယ်စုနှစ် မစမီကလည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး ထိုက်သင့်သလောက် ကြိုးပမ်း ခဲ့ကြသည်မှာ မှန်ပေသည်။ သို့သော်လည်း မဖွံ့ဖြိုးသေးသော နိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံအသီးသီးရှိ ပြည်သူတို့၏ တဦးချင်း ဝင်ငွေကို နှိုင်းယှဉ်ကြည့်ပါက တစတစ ပိုမိုသင့်တင့်မျှတညီညွတ်လာရမည့်အစား ပို၍ပို၍သာလျှင် ကွာခြားလာလေသည်။ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံများ အနေဖြင့် နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ နိုင်ငံအများ စုပေါင်း ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂ၏ မိသားစု အဖွဲ့အစည်းများ ဘောင်အတွင်းမှလည်းကောင်း စီးပွားရေး ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ပိုမိုတိုးတက်မြင့်မားအောင် ကြိုးပမ်းအားထုတ်ကြဖို့ရန် လိုအပ်လာလေသည်။ ယင်းလိုအပ်ချက်ကို ဖြည့်စွမ်းရန်အလို့ငှာ ဖွံ့ဖြိုးရေး ပထမဆယ်စုနှစ်ကို စတင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဖွံ့ဖြိုးရေး ပထမ ဆယ်စုနှစ်ဆိုင်ရာ ဆုံးဖြတ်ချက် အရအောက်ပါ လုပ်ငန်းရပ်များကို ဆောင်ရွက်ကြရန် ကုလသမဂ္ဂဝင် နိုင်ငံများနှင့် ကုလသမဂ္ဂ အထူးအဖွဲ့ခွဲများအား အထွေထွေညီလာခံက တိုက်တွန်းခဲ့လေသည်။

- ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်တကွ ကုန်ကြမ်းများဖြစ်သည့် မူလ ထုတ်ကုန် အမျိုးအစား အနည်းအကျဉ်းကိုသာ အားကိုးနေရသော နိုင်ငံများ အနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များကို တည်ငြိမ်လျက် ထိုက်သင့်စွာ အကျိုးအမြတ်ရှိသောစျေးနှုန်းဖြင့် ရောင်းချခွင့် ရအောင် ကြိုးပမ်းကြရန်၊ ယင်းနည်းဖြင့် ၎င်းတို့ကိုယ်တိုင် ရှာဖွေရရှိသော နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းစုငွေတို့ဖြင့် မတည်လျက် ၎င်းတို့၏ တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြရန်။
- ပြည်ပငွေပင်ငွေရင်းကို အသုံးပြု၍ ထုတ်လုပ် ရရှိသော သယံဇာတ ပစ္စည်းများကို တင်ပို့ရောင်းချခြင်းဖြင့် ရရှိသော ဝင်ငွေအနက်မှ သင့်တင့်မျှတသော ဝေစုကို ဖွံ့ဖြိုးဆဲနိုင်ငံတို့ ခံစားခွင့်ရှိစေရန်။
- ဖွံ့ဖြိုးဆဲနိုင်ငံတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောပစ္စည်းနှင့် အရင်းအနှီးကို အစိုးရပိုင်း ကဏ္ဍမှရော၊ ပုဂ္ဂလိကကဏ္ဍမှပါ နှစ်ဘက် လက်ခံနိုင်သော စည်းကမ်းများအရ ပိုမိုရရှိနိုင်စေခြင်းငှာ ဆောင်ရွက်ရန်။
- ငွေပင်ငွေရင်းပို့သော နိုင်ငံနှင့် သင့်သောနိုင်ငံတို့ နှစ်ဦးနှစ်ဘက်လက်ခံနိုင်သော စည်းကမ်းချက်များဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေပင်ငွေရင်းမြုပ်နှံမှု ပိုမိုရရှိစေခြင်းငှာ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်။

ယင်းသို့ ကုလသမဂ္ဂဝင်နိုင်ငံများ ဆောင်ရွက်ရမည့် လုပ်ငန်းတို့ကို သတ်မှတ်ပေးထားသကဲ့သို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်တကွ ကုလသမဂ္ဂအထူးအဖွဲ့ခွဲများ၏

အကြီးအကဲများဆောင်ရွက်ရမည့်လုပ်ငန်းတို့ကိုလည်း ဖွံ့ဖြိုးရေးဆယ်စုနှစ်အတွက် သတ်မှတ် ဖော်ပြထားလေသည်။

ကုလသမဂ္ဂနှင့်ကုလသမဂ္ဂမိသားစုအတွင်းရှိအဖွဲ့အစည်းများဦးတည်ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ အကြမ်းအားဖြင့် အောက်ပါတို့ ဖြစ်ကြသည်။

- လယ်ယာကဏ္ဍတွင် ကုန်ထုတ်နှုန်း တိုးတက်ရေးနှင့် ထုတ်ကုန် တမျိုး နှစ်မျိုးကိုသာ လုံးလုံးလျားလျား အားကိုးနေရခြင်းမှကင်းလွတ်ရေး၊ ၎င်းပြင် စက်မှုတည်ဆောက်ရေးကိုပါ ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့သည် မိမိတို့အရှိန်အဟုန်ဖြင့် မိမိတို့ဘာသာ တဆက်တည်း ဖွံ့ဖြိုးတိုးတက်စေခြင်းငှာ ရှေးရှုဆောင်ရွက်ရန်။
- ပကတိအခြေအနေနှင့် လျော်ကန်သင့်မြတ်၍ စီးပွားရေးကဏ္ဍအသီးသီး တခုနှင့်တခု ကောင်းစွာ ချိတ်ဆက်ညှိနှိုင်းဆက်စပ်မှုရှိသောစီမံကိန်းများ ချမှတ်စေရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတို့အား ၎င်းတို့၏ ဆန္ဒနှင့်အညီ ကူညီရန်၊ ယင်းအကူအညီများ၌ မြေယာစနစ် ပြုပြင်ရေးများလည်း ပါဝင်ရန်၊ ထိုသို့ပါဝင်စေခြင်းဖြင့် ပြည်တွင်းအရင်းအနှီးနှင့် ပစ္စည်းအင်အားကို ဖော်ထုတ် အသုံးချနိုင်ရန်၊ ထို့ပြင် ပြည်ပမှရသည့် ငွေပင် ငွေရင်းနှင့် ပစ္စည်းများကိုလည်း မိမိတို့ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေးရှု အသုံးပြုနိုင်ရန်။
- အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအစီအစဉ်များကို စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှုအလို့ငှာ အသုံးချရန်။
- ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူ ပြည်သားတို့၏ ကုန်ထုတ် စွမ်းအားကို များစွာထိပါး ယုတ်လျော့စေတတ်သော ငတ်မွတ်ခြင်း၊ ရောဂါဘယထူပြောခြင်းနှင့် စာမတတ်ခြင်းတို့ကို လျင်မြန်စွာ ပပျောက်အောင် ရှေးရှု ဆောင်ရွက်ရန်။
- ကုလသမဂ္ဂအထူးအဖွဲ့ခွဲတို့၏ အကူအညီဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် အထွေထွေ ပညာရေး အဆင့်အတန်းတိုးတက်စေရန်နှင့် ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းမှု ပညာများ တိုးတက်ထွန်းကားစေရန်အတွက် အစီအစဉ်သစ်များ ချမှတ်ဆောင်ရွက်ရန်၊ ထို့ပြင် စီမံခန့်ခွဲရေး၊ ပညာရေး၊ စက်မှုနှင့် ကျန်းမာရေး၊ စိုက်ပျိုးရေးစသည်တို့တွင် ဖွံ့ဖြိုးဆဲနိုင်ငံတို့ရှိ တိုင်းရင်းသားများထဲမှ ကျွမ်းကျင်သူများ မွေးထုတ်နိုင်အောင် ရှေးရှုဆောင်ရွက်ရန်။
- စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုး တိုးတက်မှု အတွက် လိုအပ်သော သုတေသနနှင့် ပညာပေးစံပြလုပ်ငန်းများ၊ ၎င်းပြင် ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်နိုင်သော သိပ္ပံနှင့် နည်းပညာများပိုမိုထွန်းကားရေးကို ရှေးရှု ဆောင်ရွက်ရန်။
- ကုန်ကြမ်း ဖြစ်သော မူလ ထုတ်ကုန် တို့ကိုလည်းကောင်း၊ ကုန်ချော တို့ကိုလည်းကောင်း တင်ပို့ရောင်းချခြင်းနှင့်စပ်လျဉ်း၍ မဖွံ့ဖြိုးသေးသောနိုင်ငံတို့၏ နိုင်ငံခြားသုံး ဝင်ငွေ တိုးပွားစေခြင်းငှာ အထောက်အကူ ဖြစ်စေမည့် နည်းလမ်းတို့ကို ရှာဖွေရန်။
- စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ချမှတ်ဆောင်ရွက်ရာ၌ လိုအပ်သော သတင်း အချက်အလက်များနှင့် စာရင်းဇယား ကိန်းဂဏန်းများ စုဆောင်းခြင်း၊ စနစ်တကျစီစဉ်ခြင်း၊ ဆန်းစစ် လေ့လာခြင်း၊ သုံးသပ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းတို့ကို ပြန်လည်လေ့လာသုံးသပ်ရန်၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးရေး ဆယ်စုနှစ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ တိုးတက်မှု ရှိ မရှိကို တသမတ်တည်း ခြုံငုံးကြည့်ရှုနိုင်ရန်။
- ပုဂ္ဂလိကကဏ္ဍတွင်ဖြစ်စေ၊ အစိုးရကဏ္ဍတွင် ဖြစ်စေ ဖွဲ့စည်းထားသော ပြည်တွင်းရှိ တိုင်းရင်းသားအဖွဲ့အစည်းများနှင့်တကွ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ စုပေါင်းကြိုးပမ်း အားထုတ်မှုဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးရေး ဆယ်စုနှစ်၏ ရည်မှန်းချက်များ အောင်မြင်စေခြင်းငှာ ကုလသမဂ္ဂက ကူညီဆောင်ရွက်နိုင်မည့်နည်းလမ်းများကိုကြံဆဆောင်ရွက်ရန်။

အထက်နည်းအတိုင်း ကုလသမဂ္ဂ ဖွံ့ဖြိုးရေး ဆယ်စုနှစ် အောင်မြင်ရေးအတွက် ကုလသမဂ္ဂဝင် နိုင်ငံများအနေဖြင့်လည်းကောင်း၊ အတွင်းရေးမှူးချုပ်အနေဖြင့်လည်းကောင်း ဆောင်ရွက်ရမည့် ယေဘုယျလမ်းစဉ်နှင့် ဦးတည်ချက်များကိုဖွံ့ဖြိုးရေးဆယ်ခုနှစ်စီမံချက်တွင်သတ်မှတ်ထားလေသည်။

ထို့ပြင် ကိန်းဂဏန်းဖြင့် အတိအကျ သတ်မှတ်ထားသော ဖွံ့ဖြိုးရေးဆယ်စုနှစ်၏ ရည်မှန်းချက် စံနှုန်းသုံးခုလည်း ပါဝင်သည်။ ယင်းတို့မှာ

- ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ အမျိုးသားဝင်ငွေ စုစုပေါင်း၏ တိုးတက်မှု နှုန်းသည် ဖွံ့ဖြိုးရေးပထမဆယ်စုနှစ်ကာလတွင် အနည်းဆုံး နှစ်စဉ် ၅ ရာခိုင်နှုန်းရှိစေရန်။ ဖွံ့ဖြိုးဆဲနိုင်ငံ တခုချင်း၏ အမျိုးသားဝင်ငွေတိုးတက်မှု စံနှုန်းကိုမူ နိုင်ငံတခုချင်း၏ အခြေအနေနှင့်လျော်ညီစွာတိုး၍ဖြစ်စေ၊လျော့၍ဖြစ်စေ သတ်မှတ်ခွင့်ရှိရန်။
- ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဖွံ့ဖြိုးပြီးနိုင်ငံများကပေးသော ပစ္စည်းနှင့် ငွေပင်ငွေရင်း အ



၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ

ကူအညီသည် ဖွံ့ဖြိုးပြီးနိုင်ငံအားလုံး၏ စုစုပေါင်း အမျိုးသားဝင်ငွေ၏ တစ်ရာခိုင်နှုန်း ရှိစေရန်။

– ကုလသမဂ္ဂဝင်နိုင်ငံများနှင့် ကုလသမဂ္ဂ အထူး အဖွဲ့ခွဲဝင် နိုင်ငံများသည် ကျွမ်းကျင်မှုအကူအညီ ပေးရေးအစီအစဉ်နှင့် အထူးရန်ပုံငွေသို့ ၎င်းတို့၏ နှစ်စဉ်ထောက်ပံ့ကြေး ပမာဏကို ပြန်လည် သုံးသပ်ကြရန်။ ယင်း အဖွဲ့အစည်း နှစ်ခုပေါင်း၏ ၁၉၆၂ ခုနှစ်အတွက် ရန်ပုံငွေကို အမေရိကန် ဒေါ်လာ သန်းပေါင်း ၁၅၀ ရောက်အောင် ထောက်ပံ့ကြေးများ ထည့်ဝင်ကြရန် ဟူ၍ ဖြစ်လေသည်။

ပထမဆယ်စုနှစ်၏ရလဒ်

ဆယ်စုနှစ်ကာလ၏ ရည်မှန်းချက်များ မည်မျှအောင်မြင်မှုရှိသည်ကို ပထမဆယ်စုနှစ်ကာလ၏ ထက်ဝက်ခရီးဖြစ်သော ၁၉၆၅ ခုနှစ်တွင်လည်းကောင်း၊ အဆုံးဖြစ်သော ၁၉၇၀ ပြည့်နှစ်တွင်လည်းကောင်း ကျယ်ပြန့်စွာ သုံးသပ်ခဲ့ကြသည်။

ပထမဆယ်စုနှစ်ဟူ၍ သတ်မှတ်ဆောင်ရွက်ထုံးမှာ ယေဘုယျနည်းစနစ်များနှင့် ဦးတည်ချက်များကို ကုလသမဂ္ဂ အထွေထွေညီလာခံက ချမှတ်ပေးခဲ့သည်။ သို့ရာတွင် ပိုမိုတိကျသော မူဝါဒများ၊ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးရေး ဗျူဟာများနှင့် လက်တွေ့ကျသော ရည်မှန်းချက်ပန်းတိုင်များ မပါသေးဟု ဝေဖန်သုံးသပ်ကြသည်။ ဖြစ်စေလိုသော ဆန္ဒဇောကိုရှေထား၍ ရည်မှန်းချက်များသတ်မှတ်ကြေငြာရုံမျှဖြင့် မည်သို့မျှထိရောက်မှုမရှိနိုင်ကြောင်းကို ဖွံ့ဖြိုးရေး ပထမဆယ်စုနှစ်က ထင်ရှားစေခဲ့သည်ဟုပင် အချို့က ပြောကြလေသည်။

အမျိုးသားဝင်ငွေနှုန်း သတ်မှတ်ခြင်း၊ ဖွံ့ဖြိုးဆဲ နိုင်ငံတို့အတွက် ပြည်ပမှပစ္စည်းနှင့် ငွေပင်ငွေရင်း အကူအညီနှုန်းကို သတ်မှတ်ခြင်း စသည်တို့၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ အချို့က မူလစကတည်းကပင် သံသယရှိခဲ့ကြလေ၏။ ယင်းသို့ချမှတ်ထားသော စံနှုန်းတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအား လုံးတွင် စုပေါင်းပျမ်းမျ ကိန်းဂဏန်းများ ဖြစ်ကြသောကြောင့် သတ်မှတ်ထားသည့်အတိုင်း ရာခိုင်နှုန်းပြည့်အကောင်အထည် ပေါ်နိုင်သည်ဆိုစေကာမူ အကယ်စင်စစ် နိုင်ငံများစွာ၏ အခြေအနေမှန်ကို ထင်ဟပ်ဖော်ပြနိုင်စွမ်း မရှိဟုထောက်ပြကြလေသည်။

ပမာအားဖြင့် ပထမဆယ်စုနှစ်ကာလအတွင်း၌ ဖွံ့ဖြိုးဆဲ နိုင်ငံအားလုံး၏ အမျိုးသားဝင်ငွေ စုစုပေါင်း၏ နှစ်စဉ်တိုးနှုန်းကို ၅ ရာခိုင်နှုန်း ရည်မှန်းသတ်မှတ်ခဲ့ပါသည်။ လက်

ဖွံ့ဖြိုးရေးဒုတိယဆယ်စုနှစ်

၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်အရ ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစသော ဆယ်စုနှစ်ကာလကို ကုလသမဂ္ဂ ဖွံ့ဖြိုးရေး ဒုတိယဆယ်စုနှစ်အဖြစ် အထွေထွေညီလာခံက သတ်မှတ်ခဲ့သည်။တနည်းအားဖြင့် ဖွံ့ဖြိုးရေးဒုတိယ ဆယ်စုနှစ်ကို ကုလသမဂ္ဂ၏ သက်တမ်း ၂၅ နှစ်မြောက် ဖြစ်သည့် ငေ့ရတသဘင်နှစ်တွင် စခဲ့သည်ဟု ဆိုအပ်သည်။

ပထမဆယ်စုနှစ်မှ ရခဲ့သော သင်ခန်းစာကို အခြေခံလျက် ဒုတိယဆယ်စုနှစ်ကို ကြေငြာသည့် ဆုံးဖြတ်ချက်နှင့် အတူ ဒုတိယဆယ်စုနှစ်အတွက် လမ်းညွှန်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးမဟာဗျူဟာကို တပါတည်း အတည်ပြု ချမှတ်ခဲ့ကြလေသည်။

ဖွံ့ဖြိုးရေး မဟာဗျူဟာ

အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး မဟာဗျူဟာ၏ နိဒါန်းတွင် အောက်ပါအချက်များ ပါဝင်သည်။ ကမ္ဘာ့လူဦးရေအများစုတို့သည် စားရာမဲ့၊သောက်ရာမဲ့၊ ပညာမဲ့၊အလုပ်လက်မဲ့ဖြစ်လျက် အရာရာတွင် ကြေကွဲဖွယ်ရာ ခွေးတွဲဆင်းရဲနေကြပေသည်။ အနည်းစုမှာ ချမ်းသာလျက် ရှိကြသည်။ ဆင်းရဲသားအများစုနှင့် ချမ်းသာသူ အနည်းစု၏ အဆင့်အတန်းသည် ပို၍ ပို၍ ကွာခြား လာသည်။ ထိုသို့ ဆင်းရဲချမ်းသာကွာဟမှုသည် နိုင်ငံချင်းချင်းဆက်ဆံရေးကို တင်းမာစေ၏။ ပဋိပက္ခမှုတို့၏ ရေသောက်မြစ်လည်း ဖြစ်သည်။

ရုတ်တရက်အောင်မြင်မှုမရခြင်း၊ စိတ်ပျက်ဖွယ်ရာ ရှုံးနိမ့်မှုများနှင့် ရင်ဆိုင်ရခြင်း စသည်တို့ကြောင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ရည်မှန်းချက်တို့ကို မျက်ခြည်ပြတ်မခံသင့်ချေ။

ဒုတိယဆယ်စုနှစ်သည် လူသားတို့၏ချမ်းမြေ့ စည်ပင်သာယာဝပြောမှုအတွက် အရေးပါသော ခြေလှမ်းအသစ်တခုဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်း အားထုတ်ရာတွင် အောင်မြင်မှုရှိမရှိဟူသောအချက်သည် ကမ္ဘာ့အခြေအနေ အရပ်ရပ်နှင့် များစွာဆက်စပ်နေသည်။ - အထူးသဖြင့် အထွေထွေနှင့် လုံးဝလက်နက်ဖျက်သိမ်းရေးပေါ်တွင်လည်း တည်လေသည်။ ကိုလိုနီစနစ်၊ အသားအရောင်ခွဲခြားမှု၊ လူမျိုးခွဲခြားမှု၊ တနိုင်ငံက တနိုင်ငံအပေါ် စိုးမိုးခြယ်လှယ်မှုစသော စနစ်ဆိုးများကို တိုက်ဖျက်ရေးလုပ်ငန်းနှင့်လည်း ဆိုင်သည်။ ထို့ပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအဆင့်အတန်း ညီမျှမှုရှိမရှိနှင့်လည်းဆိုင်လေသည်။

တွေ့တွင် ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးခဲ့သည်။ စံနှုန်း သတ်မှတ်ချက်ထက်ပင် ကျော်နေသောကြောင့် အားရဖွယ်ရာဖြစ်သည်ဟုဆိုရမည်ကဲ့သို့ရှိပေသည်။ အမှန်စင်စစ် ထိုသို့မဟုတ်ချေ။ သေချာစွာတွက်စစ်သောအခါ၌ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ၏ ၆၇ ရာခိုင်နှုန်းတို့ မှီတင်းနေထိုင်ရာဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ အမျိုးသားဝင်ငွေ နှစ်စဉ်တိုးနှုန်းသည် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ သို့မဟုတ် ထို့ထက်ပင် လျော့နည်းသည်ကို တွေ့ရလေသည်။ ၎င်းတို့၏လူတကိုယ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၀၀ အောက်၌ရှိလေသည်။ ကျန် ၃၃ ရာခိုင်နှုန်းသော ကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ လူဦးရေမှာ လူတကိုယ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၀၀ နှင့် အထက်ရှိလျက် အမျိုးသားဝင်ငွေ တိုးနှုန်းသည် ၅ ဒသမ ၄ နှင့် ၈ ဒသမ ၄ အကြားတွင် ရှိလေသည်။

သို့ဖြစ်၍ ဖွံ့ဖြိုးရေးပထမဆယ်စုနှစ်ကာလအတွင်း ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ အမျိုးသားဝင်ငွေ တိုးတက်မှုနှုန်းထား ၅ ဒသမ ၅ ရှိခဲ့သည်ဆိုရာတွင် အဆင်းရဲဆုံးဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံအများစုနှင့် မည်သို့မျှ မဆိုင်ချေ။ ရေများရာ မိုးပို၍ ရွာသည့်လက္ခဏာကို ထင်ရှားစွာ တွေ့ရလေသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများထံမှ ပစ္စည်းနှင့် ငွေပင်ငွေရင်းအကူအညီရရှိမည့် ရည်မှန်းချက် စံနှုန်းကို ပထမဆယ်စုနှစ်ကာလတွင် မရရှိခဲ့ချေ။

ဖွံ့ဖြိုးဆဲနိုင်ငံတို့နှင့် ဖွံ့ဖြိုးပြီးနိုင်ငံတို့၏ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း ကွာခြားချက်များလျော့ပါးမသွားသည့်ပြင် ပို၍သာ ကြီးမားလာလေသည်။ သို့ဖြစ်၍ လက်တွေ့ သဘာဝကျသော ရည်မှန်းချက်ပန်းတိုင်နှင့် တိကျမှန်ကန်သော မူဝါဒလုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးရေး မဟာဗျူဟာများလည်း ချမှတ်ထားပါမှ၊ နိုင်ငံအားလုံး တခဲနက် လက်တွဲ၍ မဆုတ်မနစ် ကြိုးပမ်းအားထုတ်ပါမှ ဆင်းရဲချမ်းသာကွာခြားမှုကို ဖယ်ရှားနိုင်ဖွယ်ရာရှိပေမည်။

သို့ရာတွင် ကုလသမဂ္ဂဖွံ့ဖြိုးရေးပထမဆယ်စုနှစ်နှင့် ပတ်သက်၍ အငြင်းပွားစရာအလျဉ်းမရှိပဲ ရဲရဲကောက်ချက်ချနိုင်သော အချက်တချက်ကား ရှိပေသည်။

ယင်းကား အခြားမဟုတ်။ ကမ္ဘာပေါ်တွင် မည်သည့် ဒေသ၌မဆို ဆင်းရဲမွဲတေမှု၊ ရောဂါဘယ ထူပြောမှု၊ စာမတတ်မှုစသော စီးပွားရေးနှင့် လူမှုရေးအရ အောက်တန်းနောက်တန်းကျမှုတို့ကို အပြီးတိုင် တိုက်ဖျက်လျက် ဖွံ့ဖြိုးစည်ပင်သာယာဝပြောသော လူဘောင်ကို တည်ထောင်ရန်မှာ လူတိုင်း လူတိုင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်း စုပေါင်းလက်တွဲ၍ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ရမည့်မဟာတာဝန်ကြီးဖြစ်သည်ဟူသော အချက်ကို ကုလသမဂ္ဂဝင် နိုင်ငံအများစုကြီးက တခုသော အတိုင်းအတာအထိ သဘောကိုက်ညီစွာ လက်ခံကြပြီဟူသော အချက်ပင်ဖြစ်လေသည်။

ကုလသမဂ္ဂဖွဲ့ဖြိုးရေး ဆယ်စုနှစ်



ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီး
ဦးလေးမောင်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့

အထွေထွေနှင့် လုံးဝ လက်နက်ဖျက်သိမ်းရေး အောင်မြင်ခဲ့လျှင် လက်နက်တပ်ဆင်မှုအတွက် ကုန်ကျနေရသော ငွေများကို စီးပွားရေးနှင့်လူမှုရေးအတွက် ပိုမိုသုံးစွဲနိုင်ရာသည်။ သို့ဖြစ်၍ ဒုတိယဖွဲ့ဖြိုးရေး ဆယ်စုနှစ်ကို လက်နက်ဖျက်သိမ်းရေး ဆယ်စုနှစ်နှင့် ဆက်စပ်စဉ်းစားဖို့လိုသည်။

ငြိမ်းချမ်းရေးနှင့် တရားမျှတမှု ရရှိရန်အတွက် အကောင်းဆုံးနည်းလမ်းသည် စီးပွားရေးနှင့်လူမှုရေးတိုးတက်မှုကို ရှေးဦးစွာ ရယူရန်ဖြစ်သည်။ ဆင်းရဲချမ်းသာကွာခြားမှုကို ဤကမ္ဘာမြေပြင်မှ မောင်းထုတ်၍ စည်ပင်သာယာဝပြောသော လောကသစ်ကိုတည်ဆောက်ရန်အလို့ငှာ ပိုမို၍ စည်းစနစ် ကျနထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် နိုင်ငံအသီးသီး၏ အစိုးရများအနေဖြင့် မမှိတ်မသုန် မဲမြဲမြံစွာ သန္နိဋ္ဌာန်ချကြဖို့လိုလေသည်။

ဖွံ့ဖြိုးရေးစိမ်ကိန်းတို့၏ အဆုံးစွန်သော ရည်မှန်းချက်မှာ လူပုဂ္ဂိုလ်တဦးစီ၏ ကာယသုခ စိတ္တသုခကို များပြားစေခြင်းဖြင့် လူသားအားလုံး၏အကျိုးကိုလည်း ဖြစ်စေရမည်။ ချမ်းသာလွန်းခြင်း၊ ဆင်းရဲလွန်းခြင်း၊ အဆင့်အတန်းကွာခြားခြင်း၊ အခွင့်အလမ်းမတူခြင်း စသော လူမှုရေးမတရားမှုများ ရှိနေသေးသမျှကာလပတ်လုံး၊ ဖွံ့ဖြိုးရေးလုပ်ငန်းတို့မှာ အဓိပ္ပာယ်အနှစ်သာရ ကင်းမဲ့နေမည်။ ကမ္ဘာတဝန်းလုံးနှင့်ချီ၍ ဖွံ့ဖြိုးရေးမဟာဗျူဟာများ ချမှတ်ပို့လိုသည်။ စီးပွားရေးနှင့် လူမှုရေးလောက၏ ကဏ္ဍအသီးသီးကို ဆက်စပ်ညှိနှိုင်း၍ အားသွန်ခွန်စိုက် ကြိုးပမ်းရန်လိုသည်။ စက်မှုလက်မှု လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ လူတိုင်းအလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ယာဆောက်လုပ်ရေး၊ သိပ္ပံနှင့်နည်းပညာ စသည့် လူအရေးအရာအားလုံး အကျုံးဝင်လေသည်။

ခေတ်မီသိပ္ပံနှင့် အတတ်ပညာတို့ကြောင့် မကြုံဖူးအောင် များပြားစွာ ရရှိနိုင်သော အခွင့်အလမ်းတို့ကို လက်ဆုပ်လက်ကိုင်အသုံးပြုလျက် ကမ္ဘာ့စီးပွားရေးကိုဖြည့်ပေးရန်လိုသည်။

ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရာ၌ ရင်ဆိုင်ကြရမည့် ပြဿနာတို့၏ အတိမ်အနက်နှင့် လိုက်လျောညီစွာ ကြိုးပမ်းအားထုတ်ကြဖို့လိုသည်။ တိုကနန်း ဆိတ်ကနန်း စိတ်ပါလက်ပါမဟုတ်သော လုပ်နည်းလုပ်ဟန်တို့ဖြင့် အကျိုးမပြီးနိုင်ချေ။

စီးပွားရေး လူမှုရေးတိုးတက်မှုအတွက် ဆောင်ရွက်ကြရန်မှာ ကမ္ဘာ့မိသားစုကြီးတခုလုံး၏ တာဝန်ဖြစ်သည်။ ဖွံ့ဖြိုးပြီး နိုင်ငံများထံမှ ဖွံ့ဖြိုးဆဲနိုင်ငံတို့ အနေဖြင့် ရရှိသော အကျိုးအမြတ်တို့သည်လည်း အဆုံးစွန်၌ ကမ္ဘာပေါ်ရှိ ဆင်းရဲချမ်းသာမရွေး နိုင်ငံအားလုံး၏ ဘုံအကျိုးကျေးဇူးအတွက် ကောန်မုချဖြစ်သည်။ နိုင်ငံအသီးသီးတွင် မိမိတို့၏ လူနှင့်ပစ္စည်းအင်အားကို အပြည့်အဝ စနစ်တကျ အသုံးချရန်မှာ တာဝန်တရပ်ဖြစ်သကဲ့သို့ အခွင့်အရေးတရပ်လည်း ဖြစ်၏။ သို့ထုတ်ွင် နိုင်ငံချင်းချင်း ထိရောက်စွာ

ပူးပေါင်း ဆောင်ရွက်မှုမရှိလျှင် တနိုင်ငံချင်း ကြိုးပမ်းမှု၏ ရလဒ်ကို မည်သည့်အခါမျှ တင်းပြည့်ကျပ်ပြည့် ခံစားရ ဖွယ်မရှိခေါ့။

ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ယူရမည့် ကာယကံရှင်တို့မှာ ဖွံ့ဖြိုးဆဲနိုင်ငံတို့ ကိုယ်တိုင်သာလျှင်ဖြစ်ပေသည်။ ဥစ္စာရင်လို ဥစ္စာရင်ခဲရပေ လိမ့်မည်။ သို့သော်လည်း ၎င်းတို့ တဦးချင်း၏ ကြိုးပမ်းမှု တို့သည် ဖွံ့ဖြိုးပြီး နိုင်ငံတို့၏ ပစ္စည်း၊ ငွေ၊ ကျွမ်းကျင်မှု စသည်ဖြင့် ပံ့ပိုးကူညီမှုမရလျှင် လုံလောက်သော တိုးတက် မှုကို သင့်တင့် လျောက်ပတ်သော ကာလအတွင်း ရရန် ခဲယဉ်းပေမည်။

အထက်ဆိုခဲ့သည့်အတိုင်း စွဲမြဲစွာ ယုံကြည်ကြသည့် အလျောက် ၁၉၇၁ ခုနှစ်မှစသော ဆယ်စုနှစ်ကာလကို ကုလသမဂ္ဂ၏ဖွံ့ဖြိုးရေး ဒုတိယဆယ်စုနှစ်အဖြစ် ကုလသမဂ္ဂ ဝင်နိုင်ငံတို့က တညီတညွတ်တည်း သတ်မှတ်ကြပေ၏။ တရားမျှတ လျော်ကန် သင့်မြတ်သော စီးပွားရေးနှင့် လူမှုရေး စနစ်တရပ်ကို တည်ဆောက်နိုင်ရန်အတွက် တဦး ချင်းအနေဖြင့် လည်းကောင်း၊ အများ စုပေါင်း၍လည်း ကောင်း ကြိုးပမ်းကြရန် ကတိပြုကြ၏။ ဒုတိယ ဆယ်စု နှစ်၏ ပန်းတိုင်များကို သတ်မှတ်ချက်၊ ရည်မှန်းချက် များအောင်မြင်နိုင်ရန် ဦးလည်မသုံ ဆောင်ရွက်ကြမည်ဟု ဆုံးဖြတ်ကြပေသည်။

ဒုတိယဆယ်စုနှစ်ကို စတင်ပန္နက်ချသည့် ခေတ်၏စီးပွား ရေး၊ လူမှုရေး၊ နိုင်ငံရေးအနေအထားနှင့် လိုအပ်ချက်၊ မျော်မှန်းချက်နှင့် သဘောကို ဒုတိယဆယ်စုနှစ် မဟာ ဗျူဟာ၏နိဒါန်းတွင် အကျယ်တဝင့် စစ်ကြောဖော်ပြ ထားလေသည်။

ဒုတိယဆယ်စုနှစ်၏ရည်မှန်းချက်များ

ဒုတိယဆယ်စုနှစ်ဆိုင်ရာ ဖွံ့ဖြိုးရေး မဟာဗျူဟာတွင် အောက်ဖော်ပြပါ အရေးကြီးသောရည်မှန်းချက် စံနှုန်းတို့ ပါဝင်သည်။

- ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ စုစုပေါင်း အမျိုးသားဝင်ငွေ တိုးနှုန်းကို နှစ်စဉ် ၉ ရာခိုင်နှုန်းအထိ ရှိစေရန်၊
- လယ်ယာထွက်ကုန်နှုန်းကို နှစ်စဉ် ၄ ရာခိုင်နှုန်း အထိရှိစေရန်၊
- စက်မှုကုန်ချောထွက်နှုန်းကို ၈ ရာခိုင်နှုန်းအထိ ရှိစေရန်၊
- ပြည်တွင်း ငွေစုဆောင်းမှုကို အမျိုးသားထွက် ကုန်တန်ဖိုး၏ ၅ ရာခိုင်နှုန်းရှိ စေရန်နှင့် ၁၉၈၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းအထိ ပြည့်စေရန်၊
- သွင်းကုန်တန်ဖိုးတိုးနှုန်းကို နှစ်စဉ် ၇ ရာခိုင်နှုန်း အောက် ရှိစေရန်နှင့် ပို့ကုန်တန်ဖိုး တိုးနှုန်းကို နှစ်စဉ် ၇ ရာခိုင်နှုန်းအထက် ရှိစေရန်၊
- လူတကိုယ်အတွက် ပြည်တွင်းထွက်ကုန်နှုန်းကို နှစ်စဉ် ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိစေရန်၊
- လူဦးရေတိုးတက်နှုန်းကို ၂ ဒသမ ၅ ရာခိုင်နှုန်း ထက် မများစေရန်၊
- ဖွံ့ဖြိုးပြီးနိုင်ငံတို့မှ ဖွံ့ဖြိုးဆဲနိုင်ငံတို့သို့ ပစ္စည်းနှင့် ငွေပင်ငွေရင်း အကူအညီနှုန်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံတို့ ၏ အမျိုးသားဝင်ငွေ၏ တစ်ရာခိုင်နှုန်းအထိ ရှိ စေရန်၊ ၎င်းအနက် ဝ ဒသမ ၇ ရာခိုင်နှုန်းကို အစိုးရကဏ္ဍမှဖြစ်စေရန်နှင့် လက်ကျန်ကို ပုဂ္ဂလိ ကပိုင်းမှ ဖြစ်စေရန် စသည်တို့ ဖြစ်လေသည်။

ထို့ပြင် ဒုတိယဖွံ့ဖြိုးရေးမဟာဗျူဟာတွင် ရည်မှန်း ချက်စံနှုန်းများနှင့် ကိန်းဂဏန်းများကိုချည်းသာ အမှီတဲ့ကဲ့ မပြုမူပဲ လူတိုင်းအလုပ်ရရှိရေး၊ ဝင်ငွေဖြန့်ဝေမှုညီမျှရေး၊ ပညာရေး၊ အာဟာရဓာတ် ပြည့်ဝရေး၊ လူမှုဖူလုံရေး၊ အိမ်ယာ ဆောက်လုပ်ရေး၊ ပတ်ဝန်းကျင် သာယာရေး စသည်တို့ကိုလည်း အလေးအနက်ဖော်ပြထားသည်။ စီးပွား ရေးနှင့် လူမှုရေးကဏ္ဍတိုင်းတွင် နည်းဗျူဟာများ မဟာ ဗျူဟာများ ချမှတ်ထားသည်။ ကုန်ကြမ်းနှင့် မူလထုတ် ကုန်များ တင်ပို့ရောင်းချရေးဆိုင်ရာပြဿနာများ၊ကမ္ဘာ့ငွေ ကြေးစနစ် ပြုပြင်ပြောင်းလဲရေး၊ စက်မှုထူထောင်ရေး၊ သိပ္ပံ နှင့် နည်းပညာများ ပြန့်ပွားရေး၊ နိုင်ငံပေါင်းစုံ ကော်ပိုရေး ရှင်းကြီးများနှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ရေး၊ နိုင်ငံ အသီးသီး၏စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ပူးပေါင်းဆောင် ရွက်ရေး စသည်တို့ပါဝင်လေသည်။

ကုန်သွယ်မှုတိုးခဲ့ရေး၊ ကုန်စည်အမျိုးအစားအလိုက်၊ ဒေသအလိုက် ပူးပေါင်းဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင် ရေး၊ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများနှင့် ဆိပ်ကမ်းမဲ့ ကုန်း တွင်းနိုင်ငံများအတွက် အထူးအစီအစဉ်များ စသည်တို့ အကျုံးဝင်သည်။

ဒုတိယဖွံ့ဖြိုးရေးဆယ်စုနှစ် မဟာဗျူဟာကို ပံ့ပိုးကူညီ ရန်အတွက် အထွေထွေညီလာခံက အရေးပါသော ကြေ ငြာချက်နှင့် ဆုံးဖြတ်ချက်တို့ကိုလည်း ထုတ်ပြန်ခဲ့သည်။ ယင်းတို့မှာ အောက်ပါတို့ဖြစ်ကြသည်။

- အပြည်ပြည်ဆိုင်ရာ စီးပွားရေး စနစ်သစ်လုပ် ဆောင်ရေး ကြေငြာချက်။ (၁-၅-၇၄ ရက် နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ၆ ကြိမ်မြောက် အထူးအစည်းအဝေးက ထုတ် ပြန်ခဲ့သည်။)

သည် နှစ်ဆယ်ရာစုလက္ခဏာနှင့် အညီဖြစ်လေသည်။ နှစ်ဆယ်ရာစုတွင် အတိုင်းတိုင်းအပြည်ပြည်မှ သုတေသနဂျာနယ်များစွာ ထုတ်ပေါ်လာသည်။ ထိုဂျာနယ်များသည် စျေးကြီးလှသည်။ ထိုအခါ သုတေသနစာကြည့်တိုက်ချင်း၊ အထူးစာကြည့်တိုက်ချင်း ဂျာနယ်အလဲအလှယ် အကြီးအကျယ်လုပ်ကြလေသည်။

ပြည်သူ့စာကြည့်တိုက်များ အတွက်ဆိုရသော် ထိုစာကြည့်တိုက်မျိုးကို အင်္ဂလန်၊ ဆွီဒင်စသော နိုင်ငံများတွင် ပြည်သူ့စာကြည့်တိုက် အက်ဥပဒေအရ ဒေသန္တရအဖွဲ့များက အခွန်ကောက်၍တည်ထောင်ကြသည်။ နောက်ပိုင်း၌ တိုးတက်လာသော ဆိုဗီယက်၊ ဟန်ဂေရီကဲ့သို့ နိုင်ငံများတွင် အစိုးရများက တိုက်ရိုက်တည်ထောင်ကြသည်။

စာကြည့်တိုက်များသည် ယခုခေတ်တွင် တိုးပွားလာနေလေသည်။ စာအုပ်စာတမ်း ဦးရေမှာလည်း များလာပေသည်။ ထိုအခါ စာအုပ်အထားအသိုတာဝန် ကြီးလာတော့သည်။ ယင်းနှင့် စပ်လျဉ်း၍ ခေတ်သစ် စာကြည့်တိုက်များ စီမံပုံသည် စိတ်ဝင်စားစရာ ဖြစ်လေသည်။ ရုံဖန်ရုံခါ အသုံးနည်းသော စာအုပ်စာတမ်းများကို စာကြည့်တိုက်ချင်း ပူးပေါင်း၍တနေရာ တည်းတွင်ထိန်းသိမ်း ထားတတ်ကြလေသည်။ ပုံစံပြရသော် အမေရိကန် ပြည်ထောင်စု၊ ရှီကာဂို ဒေသရှိ အနောက်ဘက် အလယ်ပိုင်း စာကြည့်တိုက်များ ဌာနပင်ဖြစ်သည်။ ရုံဖန်ရုံခါ ဘီးတပ်စာအုပ်စင် အရှင်လုပ်၍ စာအုပ်စင်ခန်း၊ စာဖတ်ခန်း အကျယ်အဝန်းကို ညှိယူတတ်လေသည်။ ပုံစံအားဖြင့် အနောက် နိုင်ငံများရှိ စာကြည့်တိုက်များပင် ဖြစ်သည်။ ရုံဖန်ရုံခါ သတင်းစာဂျာနယ်များကို မိုက်ခရိုဖလင်ဖြင့် ရိုက်ကူးထားကာ စာဖတ်စာငှားလိုသူအား သုံးစေပြီး မူလသတင်းစာ ဂျာနယ်များကို အဝေးတွင် သိုလှောင်တတ်လေသည်။ ပုံစံမှာ ဗြိတိသျှ စာကြည့်တိုက်ပင် ဖြစ်သည်။

သုတေသန ဂျာနယ်များကို အကျိုးရှိရှိ သုံးနိုင်အောင်လည်း ဆိုင်ရာက စီမံထားရှိလေသည်။ သုတေသန ဂျာနယ်များကို အဓိကအားဖြင့် သုတေသန အဖွဲ့အစည်း စာကြည့်တိုက်များ၊ အထူး စာကြည့်တိုက်များက သိမ်းဆည်းကြသည်။ ဂျာနယ်ပါ ဆောင်းပါး စာတမ်းများသည် စာအုပ်များထက် အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် ပညာရပ်ဆိုင်ရာ နောက်ဆုံး အတွေးအခေါ်၊ နောက်ဆုံး စူးစမ်းတွေ့ရှိချက်သည် စာအုပ်များတွင်မပါ၊ ဂျာနယ်များတွင်သာ ပါသောကြောင့် ဖြစ်လေသည်။ ထိုအခါ သုတေသီများအဖို့ မည်သည့် ဂျာနယ်တွင် မည်သည့် ဆောင်းပါး စာတမ်းပါသည်။ မည်မျှ အရေးကြီးသည် စသည်ဖြင့် သိနေရမည် ဖြစ်လေသည်။ ထိုအတွက် စာတမ်းအကျဉ်းချုပ်များ၊ ဖြည့်မှတ်စုပါ စာစု စာရင်းများတွေ့ရှိမှသာ သိနိုင်မည်ဖြစ်လေသည်။ တာဝန်သိသော သုတေသနအဖွဲ့အစည်းများ၊ ဌာနများသည် လိုအပ်ချက်ကို ဖြည့်တင်းလာကြတော့သည်။ ပုံစံအားဖြင့် အင်္ဂလန်နိုင်ငံရှိ ဘောဂဗေဒနှင့် နိုင်ငံရေးဆိုင်ရာ ဗြိတိသျှ စာကြည့်တိုက်သည် လူမှုရေးသိပ္ပံပညာရပ် လန်ဒန်စာစုစာရင်းကို မှန်မှန်ထုတ်ဝေခဲ့သည်။ အမေရိကန်နိုင်ငံရှိ ဓာတုဗေဒ အသင်းကြီးသည် ဓာတုဗေဒစာတမ်း အကျဉ်းချုံး စာစောင်ကို ထုတ်ဝေခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စုရှိ သိပ္ပံပညာပေး ဌာနကြီးသည် စာတမ်းအကျဉ်းချုံးဂျာနယ် ၁၃ မျိုးကို မှန်မှန်ထုတ်ဝေခဲ့သည်။ထိုကဲ့သို့ စာစုစာရင်း၊ စာတမ်းအကျဉ်းချုံးစာစောင်တို့ကို ထုတ်ဝေသည့်အဖွဲ့အစည်းကလည်းထုတ်ဝေ၍ သုတေသီများ လက်လှမ်းမီအောင် ထားပေးသည့် အဖွဲ့အစည်းကလည်း ထားပေးသည်။ ထို့ပြင် သုတေသီအတွက် လုပ်ဆောင်ပေးသည့် လုပ်ငန်းသည် စာအုပ်စာသား ဓာတ်ပုံကူးခြင်း၊ ကွန်ပျူတာစက်သုံးခြင်း ဖြစ်လေသည်။ စာကြည့်တိုက်၌ မရှိသေးသောစာမူကို စာမူရှိသော စာကြည့်တိုက်မှ တဆင့် မိုက်ခရိုဖလင် ကူးယူလေသည်။ တဖန် သုတေသီများ အကျိုးငှာ မိုက်ခရိုဖလင် ပတ်စက်ထားပေး



မဓလေးရှားနိုင်ငံ တက္ကသိုလ်စာကြည့်တိုက်မှ စာအုပ်စင်အချို့ကို ဝတ္ထုရပုံ၊ စာအုပ်စင်များမှ စာအုပ်စာတမ်းများကို တနေရာမှတနေရာသို့ အလွယ်တကူ သယ်ယူရန် စာအုပ်သယ်လှည်းများကို ထားဝပေးသည်။



ဆေးရုံတက်လူနာ စာဖတ်စာငှားသူများ အတွက် စာကြည့်တိုက် ကူညီ ဆောင်ရွက်ပေးသည်။

သည်။ လိုအပ်သလို ပို့တိုစတတ်ပုံတူ၊ ဇီးရော့ပုံတူကူးပေးသည်။ ကွန်ပျူတာစက်သုံး၍ပင် အကြောင်းအရာ အချက်အလက် ရှာပေးလေသည်။

စာကြည့်တိုက်သည် စာဖတ်စာငှားသူနှင့် သုတေသီ အများဆုံး အကျိုးရှိရလေအောင် နှစ်မျိုးနှစ်ဖုံ စီမံခဲ့လေသည်။ တမျိုးသည် စာအုပ်စာတမ်းကို နေရာအနှံ့ရောက်အောင် စီစဉ်ပေးခြင်းဖြစ်၍ နောက်တမျိုးသည် ထိုသူများ ဘယ်ပုံဘယ်နည်း လေ့လာရမည်ဟူ၍ ကူညီညွှန်ပြခြင်း ဖြစ်လေသည်။

ပထမ အမျိုးအတွက် ပြည်သူ့ စာကြည့်တိုက်မှတဆင့် ဆေးရုံ၊ ထောင်၊ မီးပြတိုက်များသို့ စာအုပ်စာတမ်းပို့ပေးသည်။ နှစ်ဆယ်ရာစု နောက်ပိုင်းတွင် အိပ်ရာမှ မထနိုင်သော သက်ကြီးရွယ်အို့များအတွက် စာအုပ်များ၊ မျက်မမြင်များအတွက် အသံထွက်စာအုပ်များ၊ မျက်စိတပိုင်းတစ မြင်သူများအတွက် စာလုံးကြီးကြီးနှင့် စာအုပ်များ အသိဉာဏ်နုံ့နဲ့သူများအတွက် အထူးစီမံထားသော စာအုပ်များ ရောက်ရှိအောင် စီမံခြင်း ဖြစ်လေသည်။ ထို့အတူ တက္ကသိုလ် စာကြည့်တိုက်များ၊ အထူးစာကြည့်တိုက် များကလည်း ငှားနခဲ့၊ ရုံးခဲ့စာစုများ ခဲ့ထုတ်ပေးခြင်းဖြင့် စာအုပ်စာတမ်း အရောက်များအောင် စီမံခဲ့ပြန်လေသည်။ တဖန် တမြို့တရွာမှ စာဖတ်စာငှားသူသည် အခြားမြို့ရွာသို့ ကိစ္စနှင့် ခေတ္တခဏ ရောက်ရှိသွား၍ စာအုပ် ငှားလိုပါက မိမိ သုံးသော စာကြည့်တိုက်ဟောင်းမှ စာငှားကတ်ပြားပြရုံမျှဖြင့် မြို့ရွာသစ် စာကြည့်တိုက်မှ စာအုပ်ငှား နိုင်အောင် စီမံထားပြန်သေးသည်။ တဖန် ပညာရပ် အမျိုးမျိုးနှင့် စပ်လျဉ်း၍ စာအုပ်ပြည့်ပြည့်စုံစုံ ရှိရလေအောင် မည်သည့် စာကြည့်တိုက်က မည်သည့်ပညာရပ်ကို ပိုမိုဝယ်ယူမည်ဟူ၍ စာကြည့်တိုက်ချင်း ညှိနှိုင်းစီမံထားပြန်သည်။

စာဖတ်စာငှားသူနှင့် သုတေသီများအား ကူညီညွှန်ပြရန် ပြည်သူ့စာကြည့်တိုက်များဆုံတေသန စာကြည့်တိုက်များဘွင် အတိုင်ပင်ခံ သတ်သတ်ထားပေးသည်။ အချက်အလက် ရှာပေးသူများ သတ်သတ်ထားပေးသည်။ ထိုသူများက သက်ဆိုင်ရာ စာအုပ်စာတမ်း၊ သက်ဆိုင်ရာ စာစုစာရင်းကို ညွှန်ပြလိမ့်မည်။ လိုအပ်ပါက အထူးစာစုစာရင်းကို ပြုစုပေးလိမ့်မည်။ ထိုမျှမကသေး သုတေသန လုပ်လိုသော ပညာရပ်အတွက် သက်ဆိုင်ရာ အချက်အလက်များ ဘယ်နေရာ ဘယ်ကဏ္ဍ၌ပါသည်ဆိုသည့်အထိ စာသားနေရာပါ မကျန်အောင် ကူညီရှာဖွေပေးလိမ့်ဦးမည် ဖြစ်သည်။

ဤသို့အားဖြင့် စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများသည် စာဖတ် စာငှားသူနှင့် သုတေသီများ၏ လိုအင်ဆန္ဒပြည့်ဝရလေအောင် အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းကြလေသည်။ စာကြည့်တိုက်များ စံချိန်မီစေရန် စာကြည့်တိုက်မှူးများ အရည်အချင်း ပြည့်စုံစေရန် အတွက်လည်း နိုင်ငံတွင်းရှိ စာကြည့်တိုက် အသင်းအဖွဲများ စာကြည့်တိုက်မှူး သင်တန်းများက မျက်ခြည်မပြတ် စောင့်ကြည့်လေ့ကျင့်ပေးလျက် ရှိလေသည်။ ယူနက်စကို အဖွဲ့ကြီးနှင့် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်များ အဖွဲ့ချုပ်ကလည်း စာကြည့်တိုက် အချင်းချင်း ပူးပေါင်း ဆောင်ရွက်စေခြင်း၊ ပညာသည်အချင်းချင်း ဆွေးနွေးစေခြင်း၊ဆိုင်ရာ ပါရဂူများ လိုအပ်သလို ထားရှိစေခြင်း၊ ရှေ့ပြေး စံပြလုပ်ငန်း ပြုလုပ်စေခြင်း၊ စာကြည့်တိုက်ဆိုင်ရာ ဗဟုသုတ ဖြန့်ချိစေခြင်း စသည်အားဖြင့် စာကြည့်တိုက် ကိစ္စ အရပ်ရပ်တွင် ခေါင်းဆောင်မှုပေးလျက် ရှိလေသည်။

ဦးသန်းထွတ်

အဝိုင်း သုံး

ကမ္ဘာ မျက်မှောက်ရေးရာဆောင်းပါးများ

ကမ္ဘာ့ မျက်မှောက်ရေးရာ အကြောင်းရပ်အချို့ကို နောက်ခံသတင်းအဖြစ် သိရှိနိုင်ရန် ဆောင်းပါးတိုလေးပုဒ်ဖြင့် အကျဉ်းချုံး၍ ရေးသားပြုစုထားပါသည်။

၁၉၇၉ - ဂဝ ပြည့်နှစ်
ကမ္ဘာ့စီးပွားရေးအခြေအနေ — ဦးသန်း — ၇၆

လေမုန်တိုင်းကြီးများ — ဦးစံလှဘော် — ဂ၂

ကာကွယ်ထိန်းသိမ်းပြုပြင်ရမည့် သမိုင်းဝင်
အမွေအနှစ်များ — ဦးသန်းဆွေ — ၉ဝ

ဝမ္မပဏ္ဏာမဟာဝိဇယစေတီတော်ကြီး — ဦးစဝ်ထွန်းမှတ်ဝင်း — ၉၆



စီးပွားရေးရာ

၁၉၇၉-၈၀ ပြည့်နှစ် ကမ္ဘာ့စီးပွားရေး အခြေအနေ

ကမ္ဘာတွင် မည်သည့်နိုင်ငံမှ အားလုံးပြည့်စုံ ဖူလုံသည်ဟူ၍ မရှိပေ။ ထို့ကြောင့်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးတွင်မပါဝင်ပဲအထီးတည်းနေ၍ မရပေ။ တနည်းမဟုတ် တနည်း ပါဝင် ဆောင်ရွက်ကြရသည်။ ထိုအခြေအနေကို အကြောင်းပြု၍ ကမ္ဘာ့ စီးပွားရေးဟူသည် ရှိနေရသည်။ ထို ကမ္ဘာ့စီးပွားရေး အနှောင်အဖွဲ့အတွင်း၌ ဆင်းရဲသည့် နိုင်ငံများနည်းတူ ချမ်းသာသည့် နိုင်ငံများ၊ ဆိုရှယ်လစ် နိုင်ငံများနည်းတူ အရင်းရှင်နိုင်ငံများ ပါဝင် ဆက်နွယ်နေကြသည်။ အကယ်၍ ဗရာဇီးနိုင်ငံတွင် ကော်ဖီစေ့ အထွက်သည်လျှင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့နှင့် ပိုလန်နိုင်ငံ ဝါဆောမြို့တွင် နံနက်စာ စေ့းတက်သည်။ အကယ်၍ ဆိုဗီယက်ပြည်ထောင်စုတွင် ဂျုံအထွက်ဆုတ်လျှင် အာမေရိကန်ပြည်ထောင်စု ကင်းဆပ်ပြည်နယ်မှ လယ်သမားများက စိုက်ပျိုးရေး အစီအစဉ်များကို အပြောင်းအလဲ လုပ်ရသည်။ အကယ်၍ အနောက်အာရှတွင် ရေနံစိမ်းစေ့းနှုန်းကို တိုးမြှင့်လျှင် အမေရိကန်ပြည်ထောင်စု ဗော်စတွန်မြို့နှင့် အာဖရိက ဘူဂျန်ဘူရားမြို့များတွင် အခက်အခဲများကြုံရလေ့ရှိသည်။

ကမ္ဘာ့စီးပွားရေးတွင် ပါဝင်ဆက်နွယ်နေသည့်နိုင်ငံပေါင်း ၁၅၀ ကျော်ရှိသည်။ ယင်းနိုင်ငံများကို သုံးမျိုးသုံးစား ခွဲခြားနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးပြီးစေ့းကွက် စီးပွားရေးနိုင်ငံများနှင့် ဖွံ့ဖြိုးပြီး ဗဟိုမှ စီမံကိန်းရေးဆွဲသည့် နိုင်ငံများဟူ၍ ဖြစ်သည်။ တတိယအုပ်စုကို အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများဟူ၍လည်း ခေါ်လေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အာဖဂန်စတန်၊ အယ်ဂျီးရီးယား၊ အင်ဂိုလာ၊ အာဂျင်တီးနား၊ ဗဟားမား၊ ဗာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ဗူရွန်ဒီမှစ၍ ဗင်နီဇွဲလား၊ ဗီယက်နမ်၊ ယေမင်၊ ယူဂိုစလားဗီးယား၊ ဇင်ဘာ၊ ဇမ္ဘီးယား အပါအဝင် နိုင်ငံစုစုပေါင်း ၁၂၀ ကျော်ရှိသည်။ ကမ္ဘာ့လူဦးရေသန်း ၄,၀၀၀ ကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသည်။ ကမ္ဘာ့ကုန်ထုတ်လုပ်မှု စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းရှိသည်။ လူတဦး၏ထုတ်လုပ်မှုတန်ဖိုးသည် ဒေါ်လာ ၃၀၀ အောက်မှ ဒေါ်လာ ၁၀,၀၀၀ အထိရှိသည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံ အများစု၌ တဦးဝင်ငွေ ဒေါ်လာ ၃၀၀ ထက်နည်းသည့် နိုင်ငံက များလေသည်။

ဖွံ့ဖြိုးပြီး စျေးကွက်စီးပွားရေးနိုင်ငံများတွင် သြစတြေးလျ၊ သြစတြီးယား၊ ဗယ်ဂျီယံ၊ ပြင်သစ်၊ ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံ၊ အီတလီ၊ ဂျပန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စု စသည်တို့ပါဝင်ပြီး စုစုပေါင်း ၂၄ နိုင်ငံရှိသည်။ ထိုနိုင်ငံများသည် အချမ်းသာဆုံးနှင့် စက်မှုနည်းပညာ အဆင့်အတန်းအမြင့်မားဆုံးဖြစ်ပြီး အို အီးစီဒီခေါ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး အဖွဲဝင်နိုင်ငံများဖြစ်သည်။ ယင်းနိုင်ငံများတွင် ကမ္ဘာ့လူဦးရေ၏ ၁၈ ရာခိုင်နှုန်း နေထိုင်ကြပြီး ကမ္ဘာ့ ကုန်ထုတ်လုပ်မှု စုစုပေါင်းတွင် ၆၅ ရာခိုင်နှုန်း ပါဝင်သည်။ တဦးကျ ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာ ၅,၀၀၀ ကျော်ရှိသည်။

ဖွံ့ဖြိုးပြီး ဗဟိုမှ စီမံကိန်းရေးဆွဲသည့်နိုင်ငံများ (ဥရောပ ဆိုရှယ်လစ်နိုင်ငံများ) မှာ အယ်ဘေးနီးယား၊ ဗူဂေးရီးယား၊ ချက်ကိုဆလိုဗက်ကီးယား၊ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဟန်ဂေရီ၊ မွန်ဂိုလီးယား၊ ပိုလန်၊ ရိုမေးနီးယားနှင့်ဆိုဗီယက်ပြည်ထောင်စုတို့ ဖြစ်သည်။ ထိုနိုင်ငံများဘွင် ကမ္ဘာ့လူဦးရေ၏ ကိုးရာခိုင်နှုန်းနေထိုင်ကြပြီး ကမ္ဘာ့ စုစုပေါင်းထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်း ထုတ်လုပ်ကြသည်။ ပြည်တွင်းထုတ်လုပ်မှု စုစုပေါင်းတွင် တဦးကျ ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာ ၂,၇၀၀ ကျော်ရှိသည်။

စီးပွားရေးဆုတ်ယုတ်မှု၊ ငွေကြေးဖောင်းပွမှုနှင့် ငွေပေးချေမှုအခက်အခဲပြဿနာများ

ကမ္ဘာ့စီးပွားရေး ကြီးထွားမှုသည် ၁၉၇၉ ခုနှစ်အတွင်း တွင်သိသိသာသာ နှေးကွေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် လည်းဆက်လက် နှေးကွေးဖွယ်ရာရှိသည်။ ဤသို့ စီးပွားရေး အရှိန်အဟုန်ကျဆင်းမှု၏ နောက်ဆွယ်မှ ငွေဖောင်းပွမှု ကျယ်ပြန့် ကြီးထွားမှုသည် ထပ်ချုပ်မကွာ လိုက်ပါလာသည်။ ၁၉၇၉ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ် ပထမလ အနည်းငယ် အတောအတွင်း ငွေဖောင်းပွမှုသည် ဖွံ့ဖြိုးပြီး စျေးကွက် စီးပွားရေးနိုင်ငံ အများအပြားတွင် ဂဏန်းနှစ်လုံးသို့ ရောက်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ၂၀ ရာခိုင်နှုန်းကျော် ရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်ကုန်အထိ ငွေဖောင်းပွမှုသည် ကြီးမားသော အတိုင်းအတာဖြင့် ကျဆင်းမည့် အလားအလာမှာ မှေးမှိန်လှသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ နှစ်မျိုးစလုံးမှ ရေနံ ဝယ်ယူတင်သွင်းရသည့် နိုင်ငံအများစု၏ ပြည်ပငွေပေးငွေယူ ရှင်းတမ်းအခြေအနေသည် ဆိုးရွားစွာ ကျဆင်းခဲ့ပြီး ရေနံတင်ပို့ ရောင်းချသည့် နိုင်ငံများတွင်မူ နိုင်ငံခြားငွေ အပိုအလျှံများစွာ ကြီးထွားခဲ့သည်။ ရေနံတင်ပို့ရောင်းချခြင်းမပြုနိုင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏အခြေအနေသည် ပို၍ဆိုးရွားဖွယ်ရာရှိသည်။ ဝင်ငွေနည်းပါးသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏အခြေအနေမှာလည်း အထူးတလည် ဆိုးရွားသည်။ ထိုနိုင်ငံများသည် လိုငွေပြနေမှု ကြီးထွားနေခြင်းကို ကာမိစေရန် အတွက် ပဂ္ဂလိက ငွေကြေးစျေးကွက်မှ ငွေကြေးချေးယူရရှိရန် ပို၍ခက်ခဲလာသောကြောင့် ဖြစ်သည်။ လိုအပ်သည့် ငွေကြေး မရရှိနိုင်ကြသဖြင့် ထိုနိုင်ငံများသည် ယင်းတို့၏ စီးပွားရေး ကြီးထွားနှုန်းကို လျှော့ချရန်မှအပ အခြားရွေးချယ်စရာလမ်း မရှိပေ။

ကမ္ဘာ့စီးပွားရေးတွင် လောလောဆယ် ရင်ဆိုင်နေရသော အခက်အခဲများကြောင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အသစ်ထပ်မံပြုလုပ်ရန် လိုအပ်လျက်ရှိသည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်၏ မူလရည်မှန်းချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် ပိုမိုဆင်းရဲသော နိုင်ငံများ၏ ကြီးထွားနှုန်းများကို ကမ္ဘာ့စီးပွားရေးမှ ဖြစ်ပေါ်လာသည့် အနှောင့်အယှက် အတားအဆီးများမှ ကာကွယ်ရန် ဖြစ်သင့်သည်။ စွမ်းအင် ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ နားလည်မှုရရှိပြီး စွမ်းအင်စျေးနှုန်းကို ပို၍ နေသားတကျဖြစ်အောင် ထိန်းညှိပေးနိုင်လျှင် များစွာ အကျိုးဖြစ်ထွန်းဖွယ်ရာရှိသည်။ ယင်းလုပ်ငန်း နယ်ပယ်တွင် အပြည်ပြည်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့် ပို၍ကြီးကျယ်သောပြဿနာများ ဖြစ်သည့်ငွေဖောင်းပွမှုပြဿနာများနှင့် စီးပွားရေး စွမ်းဆောင်ရည် ပိုမိုကောင်းမွန်ရေး ပြဿနာများ ဖြေရှင်းရေးကို အထောက်အကူပြုနိုင်သည့် အခြေအနေကောင်းများ ဖန်တီးနိုင်မည် ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးကြီးထွားမှု

၁၉၇၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး ကြီးထွားမှုသည် များစွာနှေးကွေးကျဆင်းခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ၄ ဒသမ



ရေနံတင် သဘော်ကြီးပေါ်သို့ ပိုက်လိုင်းများဖြင့် ရေနံစိမ်းများ တင်ပို့နေစဉ်

၄ ထုခိုင်နှုန်းရှိခဲ့ရာမှ ၁၉၇၉ ခုနှစ်တွင် ၃ ဒသမ ၄ ထုခိုင်နှုန်းသာ ရှိသည်။ ၁၉၇၀ ပြည့်နှစ်များ၏ နှစ်လယ်ပိုင်းမှ စ၍ စီးပွားရေး ကြီးထွားနှုန်းများ ကျဆင်းခဲ့သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး ကြီးထွားမှု အခြေအနေ ကောင်းမွန်ခဲ့ပြီး ၁၉၇၀ ခုနှစ်တွင် ၄ ဒသမ ၄ ထုခိုင်နှုန်းရှိခဲ့ရာမှ ၁၉၇၉ ခုနှစ်တွင် ၅ ထုခိုင်နှုန်းအထိ ကြီးထွားလာခဲ့သည်။ ဤသို့ ဖြစ်လာခြင်း၏ အဓိကအကြောင်းမှာ ရေနံတင်ပို့ရောင်းချသော နိုင်ငံများတွင် စီးပွားရေးအခြေအနေ ကောင်းမွန်လာခြင်းကြောင့် ဖြစ်သည်။ ရေနံတင်ပို့ရောင်းချခြင်းမပြုနိုင်သော နိုင်ငံများအတွက်မူ ပို၍ စက်မှုဖွံ့ဖြိုးသော နိုင်ငံအစုကလေး တစုမှ တပါး ကျန်နိုင်ငံအားလုံးတို့၏ စီးပွားရေး ကြီးထွားမှုမှာ ညှဉ်ဖျင်းခဲ့သည်။ စီးပွားရေးလုပ်ငန်းများ၏ အရှိန်အဟုန်မှာ ဖွံ့ဖြိုးပြီးစေးကွက် စီးပွားရေးနိုင်ငံများနှင့် ဗဟိုမှ စီမံကိန်းရေးဆွဲသော နိုင်ငံများတွင်ပါ အရှိန်အဟုန်များစွာ နှေးကွေးခဲ့သည်။ ဖွံ့ဖြိုးပြီးစေးကွက် စီးပွားရေးနိုင်ငံများ၌ ၁၉၇၀ ခုနှစ်တွင် စီးပွားရေး ကြီးထွားနှုန်း ၃ ဒသမ ၉ ထုခိုင်နှုန်းရှိခဲ့ရာမှ ၁၉၇၉ ခုနှစ်တွင် ၃ ဒသမ ၂ ထုခိုင်နှုန်းသို့ လည်းကောင်း၊ ဗဟိုမှ စီမံကိန်းရေးဆွဲသော နိုင်ငံများတွင် ၅ ဒသမ ၈ ထုခိုင်နှုန်းမှ ၂ ဒသမ ၇ ထုခိုင်နှုန်းသို့ လည်းကောင်း အသီးသီးကျဆင်းခဲ့သည်။

၁၉၈၀ ပြည့်နှစ် အတွင်း ကမ္ဘာ့ စီးပွားရေးကြီးထွားနှုန်းသည် ထပ်မံကျဆင်းပြီး ၂ ဒသမ ၅ ထုခိုင်နှုန်းသာ ရှိမည် ဖြစ်လေသည်။ ဖွံ့ဖြိုးပြီးစေးကွက် စီးပွားရေးနိုင်ငံများအနက် ၁၉၇၉ ခုနှစ် အတွေ့အကြုံနှင့် ကဲပြားခြားနားစွာ ၁၉၈၀ ပြည့်နှစ်တွင် တပြိုင်တည်း စီးပွားရေးလုပ်ငန်းများ နှေးကွေး ကျဆင်းလိမ့်မည်။ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့တွင် ပျမ်းမျှထုတ်လုပ်မှု ကျဆင်းမည် သို့မဟုတ် ကြီးထွားမှုမရှိပဲ ဖြစ်မည်။ အခြားသော အဓိက စက်မှုနိုင်ငံများ၏ ကြီးထွားနှုန်းမှာ အသင့်အတင့်သာ ရှိမည်။ ကျန်နိုင်ငံအားလုံးကို လွှမ်းခြုံသော စီးပွားရေး တိုးတက်မှုနှုန်းသည် ၁ ဒသမ ၅ ထုခိုင်နှုန်းရှိမည်။ ထုသို့တူ အခြေအနေ၊ ရေရှည်စွမ်းအင်သုံးစွဲမှု ထိန်းချုပ်ရသည့် အခြေအနေ၊ စက်မှုကုန်ကြမ်းများ ပြတ်လပ်သည့် အခြေအနေများကြောင့် ၁၉၇၉ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ကုန်ချောထုတ်လုပ်ငန်းများ အကြီးအကျယ်ထိခိုက်ခဲ့သော ဗဟိုမှ စီမံကိန်းရေးဆွဲသော နိုင်ငံများသည် ၁၉၈၀ ပြည့်နှစ်တွင် ကုန်ထုတ်လုပ်မှုကြီးထွားနှုန်း ပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်နိုင်ပြီး ၄ ဒသမ ၅ ထုခိုင်နှုန်းသို့ ရောက်ရှိနိုင်သည်။

လောလောဆယ် အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အခွင့်မသာသော အနေ

အထားမျိုးရှိနေသည်။ ရေနံတင်ပို့ခြင်းမပြုသော နိုင်ငံများ၏ ကုန်သွယ်ရေးရှင်းတမ်းသည် သုံးနှစ်ဆက်တိုက်ကျဆင်းမည်ဟု မျှော်လင့်ရသည်။ သွင်းကုန်များကို ချွေတာခြင်းအားဖြင့် လည်းကောင်း၊ နိုင်ငံခြားသုံးငွေကို အနိမ့်ဆုံးအဆင့်အထိ ထားရှိခြင်းဖြင့် လည်းကောင်း ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကြီးထွားနှုန်း ၅ ရာခိုင်နှုန်း ရှိလာနိုင်သည်။ ယင်းသည် ၁၉၇၉ ခုနှစ်၏ ကြီးထွားနှုန်းမှ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခြင်းဖြစ်သည်။ သို့ရာတွင် တနိုင်ငံချင်း၏ ကြီးထွားနှုန်းများသည် များစွာမညီမညာဖြစ်မည်။ ဝင်ငွေနည်းသော နိုင်ငံများတွင် အချိုးမညီသော လျော့နည်းမှုများရှိမည်။ ဤနိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးစျေးကွက်နှင့် လက်လှမ်းမမီသည့်အပြင် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက ရရှိခဲ့သော အိုဒီအေခေါ် တရားဝင် ဖွံ့ဖြိုးရေးအကူအညီများ လျော့နည်းကျဆင်းပြီး များစွာ ထိခိုက်မှုရှိမည်။ ၁၉၇၀ ပြည့်နှစ်တွင် ကုလသမဂ္ဂမှ အတည်ပြုခဲ့သော အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုမဟာဗျူဟာအရ အိုဒီအေ ဖွံ့ဖြိုးမှုအကူအညီကို ၁၉၈၀ ပြည့်နှစ်တွင် စက်မှုဖွံ့ဖြိုးသောနိုင်ငံများက ယင်းတို့၏ စုစုပေါင်း အမျိုးသားထုတ်ကုန်တန်ဖိုး၏ ဒသမ ၇ ရာခိုင်နှုန်း တိုးပေးကြရန် ကုလသမဂ္ဂ အထွေထွေ ညီလာခံက တိုက်တွန်းခဲ့သည်။



ကွန်တိန်နာစနစ်အသုံးပြုထားသော
ပင်လယ်ကူးသင်္ဘောကြီးများ

အမှန်တကယ်တွင် ၁၉၇၁ ခုနှစ်တွင် ဒသမ ၃၄ ရာခိုင်နှုန်းမှ ၁၉၇၄ ခုနှစ်တွင် ဒသမ ၃၂ ရာခိုင်နှုန်းအထိ လျော့နည်းခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် ဒသမ ၃၀ အထိ ထပ်မံလျော့နည်းခဲ့သည်။

လောလောဆယ် အပြည်ပြည်ဆိုင်ရာ မူဝါဒ၏ ဘောင်အတွင်း ရေနံတင်ပို့ရောင်းချခြင်း မပြုသော ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ အလားအလာကို ၁၉၈၅ ခုနှစ်အထိ ထူးခြားစွာ တိုးတက် ကောင်းမွန်လာမည်ဟု မျှော်လင့်၍ ရမည်မဟုတ်ပေ။အဓိကကျသော စီးပွားရေး စွမ်းဆောင်ရည်နှင့် အစိုးရများ၏ မူဝါဒများကြောင့် ကမ္ဘာ့စီးပွားရေးသည် ၁၉၈၁ နှင့် ၁၉၈၂ ခုနှစ်တို့တွင် ကြီးထွားနှုန်း အရှိန်အဟုန် ပြန်လည်ကောင်းမွန်လာမည်ဟု ယူဆရသည် ဖွံ့ဖြိုးပြီး စျေးကွက် စီးပွားရေးနိုင်ငံများ၏ အခြေအနေပြန်လည်ကောင်းမွန်လာမှုအပေါ်တွင် ယင်းတိုးတက်မှုများ တည်မှီနေမည်ဖြစ်သည်။ ရေနံတင်ပို့ရောင်းချခြင်းမပြုသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြီးထွားနှုန်းသည် ဆက်လက်၍ နှေးကွေးမည်။ ၁၉၈၅ ခုနှစ်၏ နောက်ပိုင်းနှစ်များတွင် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများ၏ ကုန်ထုတ်လုပ်မှုသည် တနှစ်လျှင် ၃ ရာခိုင်နှုန်းခန့် ကြီးထွားမည်။ ဤသို့ကြီးထွားမှုနှေးကွေးခြင်းက အထူးသဖြင့် ကုန်ကြမ်းများ တင်ပို့ရောင်းချမှုအပေါ် အဓိကအားထားနေရသည့် ရေနံတင်ပို့ရောင်းချခြင်းမပြုသော နိုင်ငံများ၏ ကြီးထွားနှုန်း အလားအလာများကို များစွာထိပါးစေလိမ့်မည်ဖြစ်သည်။

ငွေဖောင်းပွမှု ကြီးထွားခြင်း

စျေးကွက် စီးပွားရေး နိုင်ငံများတွင် ငွေဖောင်းပွမှုကို ဖြစ်စေသည့် အခြေအနေ အကြောင်းရပ်များသည် ၁၉၇၉ ခုနှစ်မတိုင်မီ နှစ်များမှစ၍ အရှိန်အဟုန်ဖြင့် ပေါင်းဆုံစုစည်းလာခဲ့ပြီး ၁၉၇၉ ခုနှစ်သို့ရောက်သောအခါ ယေဘုယျအားဖြင့် တရှိန်ထိုးမြင့်တက်ခဲ့သည်။အချို့သောအကြောင်းအချက်များကြောင့် စျေးနှုန်းကြီးထွားမှုနှုန်းအရှိန်ကြီးမားခဲ့သည်။ စျေးနှုန်းကြီးထွားစေသည့် ပထမအချက်မှာ ထိုတိုင်းပြည်များအတွင်းရှိ အသီးသီးသော လူမှုစီးပွားရေးအုပ်စုများက ယင်းတို့၏ အမှန်တကယ်ဝင်ငွေများကို ကာကွယ်ရန် ကြိုးစားကြခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည် ကြီးထွားမှုအပေါ် စီးပွားရေးမရေရာမှုများက မကောင်းသောအကျိုး သက်ရောက်မှုများ ဖြစ်ပေါ်စေခြင်းဖြစ်သည်။တတိယအချက်မှာ ထုတ်လုပ်မှုစွမ်းရည် ကြီးထွားနှုန်း မလုံလောက်ခြင်းဖြစ်သည်။ ထိုအခြေအနေကြောင့် လုပ်ခကြီးထွားမှုကို ငွေဖောင်းပွမှုမဖြစ်စေသည့်ပုံစံဖြင့် ထိန်းချုပ်နိုင်စွမ်း နည်းပါး

ကြီးထွားနေသော ဧငွေပေးချေမှု အခက်အခဲများ

လော လော ဆယ် ကမ္ဘာ့စီးပွားရေး အခြေအနေ၏ နောက်ထပ် ထင်ရှားသော အသွင်အပြင်တရပ်မှာ ကုန်သွယ်မှု မညီမျှမှုများကြောင့် နိုင်ငံအများအပြားတို့တွင် ပြည်ပ ငွေပေးငွေယူရှင်းတမ်း မညီမျှမှုများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ရေနံ တင်ပို့ရောင်းချနေသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ငွေပို့ငွေလှဲများမှာ ၁၉၇၀ ခုနှစ်တွင် ဒေါ်လာ သန်းပေါင်း ဂ၀၀၀ ခန့်မှ ၁၉၈၀ ပြည့်နှစ်တွင် သန်းပေါင်း ၁၀,၀၀၀ ကျော်ရှိလာသည်။ ယင်းကာလအတောအတွင်း မှာပင် ဖွံ့ဖြိုးပြီး စျေးကွက်စီးပွားရေးနိုင်ငံများတွင် ပို့ငွေ ဒေါ်လာသန်းပေါင်း ၃၆,၀၀၀ မှလို့ငွေ သန်းပေါင်း ၃၃,၀၀၀ သို့ပြောင်းလဲခဲ့သည်။ ဗဟိုမှ စီမံကိန်းရေးဆွဲသည့် နိုင်ငံများအတွင်းတွင်လည်း ကုန်သွယ်မှုရှင်းတမ်း အခြေအနေများက ကုန်သွယ်မှုအပေါ် များစွာ သြဇာလွှမ်းမိုး ရိုက်ခတ်လျက်ရှိသည်။ ရေနံ တင်ပို့ရောင်းချသည့် နိုင်ငံဖြစ်သော ဆိုဗီယက်ပြည်ထောင်စု၏ ကုန်သွယ်ရေးရှင်းတမ်း ပို့ငွေ ပြမှုမှာ ၁၉၇၀ ခုနှစ်မှစ၍ များစွာ ကြီးထွားခဲ့သည်။ အခြားတဘက်တွင် အရှေ့ဥရောပနိုင်ငံများ၌ ကုန်သွယ်ရေးရှင်းတမ်း အခြေအနေ ဆိုးရွားနေသည့် ကြားမှပင် လို့ငွေနည်းပါးစေရန် သွင်းကုန်ပမာဏကို လျှော့ချနေကြရသည်။ တရုတ်နိုင်ငံမှာမူထုတ်ထည်ကြီးမားသော သွင်းကုန်ပမာဏကြောင့် လို့ငွေပြမှုသည် များစွာကြီးထွားခဲ့သည်။

သို့ရာတွင် ပြည်ပ ငွေပေးငွေယူရှင်းတမ်း၌ လို့ငွေပြမှု ကြီးထွားနေခြင်းကြောင့် အထိခိုက်ဆုံးသော နိုင်ငံများမှာ ရေနံတင်ပို့ခြင်း မပြုသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်သည်။ ၁၉၇၀ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်ကြားတွင် လို့ငွေပြမှုမှာ လာခြင်းကို ဆိုလိုသည်။ စတုတ္ထအချက်မှာ စွမ်းအင်စျေးနှုန်းများမြင့်တက်နေခြိန်တွင် ထိရောက်သော စွမ်းအင်ဆိုင်ရာ မူဝါဒများ မရှိခြင်းဖြစ်သည်။ ကုန်ကြမ်းစျေးနှုန်းများ အထူးသဖြင့် ရေနံစျေးနှုန်းများ အလွန်ကြီးမြင့်နေသည်။ ရေနံစျေးနှုန်းများသည် ၁၉၇၀ ခုနှစ်၏ နှစ်ကုန်ပိုင်းမှ ၁၉၈၀ ပြည့်နှစ် မတ်လကုန်အထိ ရာခိုင်နှုန်း ၁၃၀ ကျော် အထိ မြင့်တက်ခဲ့သည်။ အခြားသော အကြောင်းအချက်များကြောင့် ကမ္ဘာ့စျေးကွက်များတွင် အခြားသော စက်မှုကုန်ကြမ်းပစ္စည်း စျေးနှုန်းများလည်း များစွာတက်ရိပ်ပြလျက်ရှိလေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငွေဖောင်းပွမှု ကြီးထွားခဲ့ခြင်းမှာ အများအားဖြင့် သွင်းကုန်စျေးနှုန်းများ အလွန်မြင့်မားလျက်ရှိခြင်းကြောင့် ဖြစ်သည်။ ရေနံတင်ပို့ရောင်းချခြင်း မပြုသောနိုင်ငံများသည် ရေနံစျေးနှုန်းများ ကြီးမြင့်ခြင်းအပြင် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများမှ တင်သွင်းရသည့်ကုန်ချောပစ္စည်းစျေးနှုန်းများအလွန်ကြီးမြင့်နေခြင်းနှင့်လည်း ရင်ဆိုင်နေကြရသည်။ ဖွံ့ဖြိုးပြီး စျေးကွက်စီးပွားရေးနိုင်ငံများတွင် ငွေဖောင်းပွမှုများဖြစ်ရခြင်းမှာကုန်ကြမ်းပစ္စည်းစျေးနှုန်းများ မြင့်မားခြင်းကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။ ဗဟိုမှစီမံကိန်းရေးဆွဲသည့် နိုင်ငံများတွင်လည်း ပြည်တွင်းစျေးနှုန်းတည်ငြိမ်မှုကို အဓိကမူဝါဒအဖြစ် ချမှတ်လုပ်ဆောင်နေသည့်ကြားမှပင် ပြည်ပမှမြစ်ဖျားခံလာသော ငွေဖောင်းပွမှု ဖိအားပေးခြင်းများ ကြီးထွားမှုနှင့် ရင်ဆိုင်နေကြရသည်။

စက်ဘူနိုင်ငံ ဆိပ်ကမ်းတွင်
ဆန်အိတ်များ သယ်ချနေစဉ်



အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၅,၀၀၀ မှ သန်းပေါင်း ၆၉,၀၀၀ အထိ ကြီးထွားလာခဲ့သဖြင့် နိုင်ငံအများစုတို့သည် ယင်းတို့၏ အရန်ငွေများကို မလဲမရွှောင်သာပဲ ထုတ်သုံးခဲ့ရသည်။ အချို့သော နိုင်ငံများသည် အခြေအနေ များစွာဆိုးရွားလျက်ရှိသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးစျေးကွက်ကို လက်လှမ်းမီသော နိုင်ငံများသည် ငွေအမြောက်အများကို ဆက်လက်ချေးယူနေကြရလေသည်။

မူဝါဒဆိုင်ရာ ပြဿနာအချို့

ယင်းသို့သော အခြေအနေမျိုးတွင် ကမ္ဘာ့မိသားစုနိုင်ငံများသည် ငွေဖောင်းပွမှုနှင့် ငွေကြေး အဆင်မပြေမှုများကြောင့် ပေါ်ပေါက်သည့်ပြဿနာများကို ဖြေရှင်းရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်လျက်ရှိသည်။ ရေနံတင်ပို့ရောင်းချသော နိုင်ငံများက ရေနံစျေး၏ စျေးမှန်ကိုရရှိအောင် ပြုလုပ်ကြသည်နှင့်အမျှ အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်တွင် ငွေပို့ငွေလွှဲများ အမြောက်အများ ဆက်လက်ရရှိကြမည်ဟု အခြေအနေက ဖော်ပြနေသည်။ အခြားတဘက်တွင်မူ များစွာသော နိုင်ငံများသည် ဆက်လက်၍ လိုငွေပြနေကြသည်။ သို့ရာတွင် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများက စီးပွားရေးမူဝါဒတွင် ဦးစားပေး၍ ငွေကြေးဖောင်းပွမှုကို ကုစားခြင်း၊ ဝယ်လိုအားကို လျှော့ချခြင်း၊ ငွေတိုးနှုန်းများ မြှင့်ခြင်းတို့ကို ပြုလုပ်ကာ ပြည်ပသို့ ပေးချေရမည့် လိုငွေပြမှုများကို ရေနံတင်ပို့ ရောင်းချခြင်းမပြုသော ဖွံ့ဖြိုးဆဲ နိုင်ငံများအပေါ် ဝန်ထုပ်ဝန်ပိုးပြောင်းပေးခြင်းများ ပြုလုပ်နေကြသည်။ ဝယ်လိုအားကို ကန့်သတ်ခြင်းဖြင့် သွင်းကုန်များ လျော့နည်းသွားရာ ရေနံတင်ပို့ရောင်းချခြင်း မပြုသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန်များကို ကန့်သတ်ရာရောက်သည်။ ငွေတိုးနှုန်းများ မြှင့်တင်ခြင်းကြောင့်လည်း ဖွံ့ဖြိုးဆဲ နိုင်ငံများသည် လိုငွေပြမှုများကို ဖြည့်ဆည်းရန်အတွက် ပဂ္ဂလိက ဘဏ်များမှ ငွေချေးယူရန် ပို၍ခက်ခဲပြီး အတိုးနှုန်း ကြီးမြင့်သောကြောင့် ပို၍ အကုန်အကျများသည်။ ဤသို့ ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများက ပူးပေါင်း ညှိနှိုင်းခြင်း မပြုပဲ ကန့်သတ်ထိန်းချုပ်သည့် မူဝါဒများ ကျင့်သုံးနေခြင်းကြောင့် လက်တွေ့အားဖြင့် မိမိတို့၏ ငွေရေးကြေးရေးတွင် လိုငွေပြနေမှုများကို ကုစားရန် လုပ်ဆောင်ရာ၌ ရေနံ တင်ပို့ရောင်းချခြင်း မပြုသော ဖွံ့ဖြိုးဆဲ နိုင်ငံများအပေါ် ဝန်ထုပ်ဝန်ပိုးများ လွှဲပြောင်းပေးသလို ဖြစ်နေသည်။

၁၉၇၀ ခုနှစ် ဇူလိုင်လတွင် အဓိက စက်မှုနိုင်ငံကြီးများ၏ ထိပ်သီး အစည်းအဝေးကို ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဘွန်းမြို့၌ကျင်းပ၍ ငွေဖောင်းပွမှုနှင့် ငွေပေးချေမှု အဆင်မပြေသည့်ပြဿနာများကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းကုစားရန် ကြိုးစားခဲ့ဖူးသည်။ ယင်းကြိုးပမ်းမှုသည် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများနှင့်သာ ပတ်သက်အကျုံးဝင်ခဲ့သဖြင့် အောင်မြင်သည့် အတိုင်းအတာမျိုး မရရှိခဲ့ပေ။ ပို၍ ထိရောက်မှုရှိသော အပြည်ပြည်ဆိုင်ရာကြိုးပမ်းမှု ပြုလုပ်လျှင် ရေနံတင်ပို့ရောင်းချသော ဖွံ့ဖြိုးဆဲ နိုင်ငံများလည်း ပါဝင်ပတ်သက်ရမည်။ ရေနံတင်ပို့ရောင်းချသော နိုင်ငံများ၏ အကျိုးစီးပွားအတွက် ဖွံ့ဖြိုးရေး၊ စွမ်းအင်ထိန်းသိမ်းရေးနှင့် အသုံးပြုရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ နားလည်မှုမှတဆင့် အရေးယူ ဆောင်ရွက်သင့်သည်။ ယင်းတို့၏ စျေးနှုန်းနှင့် ပတ်သက်သော ရည်မှန်းချက်များ ရရှိရေးအတွက် ရည်မှန်းချက်ကို စနစ်တကျနှင့် တဖြည်းဖြည်း တကယ့်အမှန် ရေနံစျေးနှုန်းရရှိရေးဒဿတွက် ဆောင်ရွက်ရန်လိုသည်။ ယင်း နားလည်မှုသည် ရေနံတင်ပို့ရောင်းချသော နိုင်ငံများအား ငွေပို့ငွေလွှဲများ ဆက်လက်ရရှိရေးကိုလည်း အကျိုးပြုမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေးကို မရေမရာဖြစ်စေသည့် အဓိက အကြောင်းရင်းများ အနက်မှ တခုကိုဖယ်ရှားနိုင်ပြီး ငွေရေးကြေးရေးအခြေအနေ မတည်မငြိမ်ဖြစ်မှုများ နောက်ထပ်မဖြစ်ပွားရန် တားဆီးရေးကိုလည်း အထောက်အကူပြုနိုင်သည်။

ရေနံ တင်ပို့ရောင်းချခြင်း မပြုသော ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများ အကျိုးအတွက် စွမ်းအင်နှင့် အခြားကုန်ပစ္စည်းများ၏ စျေးနှုန်းပြောင်းလဲရေး၊ အရှည်သဖြင့် ရေနံရရှိနိုင်ရေးနှင့် ပတ်သက်သော ပြည်တွင်းရေးဆိုင်ရာ မူဝါဒများကို ပြန်လည်ညှိနှိုင်းရမည်။ ယင်းနှင့် တချိန်တည်းမှာပင် ဖွံ့ဖြိုးပြီးစျေးကွက်နိုင်ငံများ၏ မူဝါဒများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးအခြေအနေ ယိုယွင်းမှုနှင့် ကြီးထွားရေးအလားအလာများ မပျက်ပြားစေသင့်ပေ။ ဖွံ့ဖြိုးဆဲနိုင်ငံများက ငွေဖောင်းပွမှု တိုက်ဖျက်ရေးမူဝါဒများ လိုက်နာကျင့်သုံးစေနိုင်သည့် အတိုင်းအတာအထိ ရေနံတင်ပို့ရောင်းချခြင်း မပြုသော နိုင်ငံများကို ငွေရေးကြေးရေး အခြေအနေကောင်းမွန်လာစေရန် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများက ငွေကြေးများ ထပ်လောင်းကူညီသင့်သည်။ ထို့ပြင် ရေရှည်အတွက် ငွေပို့မိုချေးငှားရန်လည်း ပုံစံအမျိုးမျိုးဖြင့် အဖွဲ့အစည်း အမျိုးမျိုးမှတဆင့် စီစဉ်သင့်သည်။ သို့မှသာ ကမ္ဘာ့စီးပွားရေး အခြေအနေသည် ပြန်လည်ဦးမော့လာမည် ဖြစ်ပါသတည်း။

ဦးသန်း



လေမှုန်တိုင်းကြီးများ

သဘာဝဘေးအန္တရာယ်

မိုးလေဝသဂြိုဟ်တုများမှ ပေးပို့သော ဓာတ်ပုံများကိုကြည့်လျှင် တိမ်ပုံများသည် ခရုပတ်သဖွယ် စုခွေ၍နေသည်ကို တွေ့မြင်နိုင်ကြပေမည်။ ယင်းခရုပတ်ခွေတိမ်အစုများသည် မုန်တိုင်းများ၏ ပုံသဏ္ဌာန်ပင်ဖြစ်ပေသည်။ အပူပိုင်းဒေသတွင် တွေ့ရသော မုန်တိုင်းမျိုးကို အပူပိုင်းဒေသမုန်တိုင်းဟုခေါ်သည်။ နွေရာသီတွင် အများအားဖြင့် ဖြစ်ပေါ်လေ့ရှိသည်။ အပူပိုင်းဒေသ အပြင်ဘက်ရှိ မုန်တိုင်းများသည် လေစိုင်ဆုံမုန်တိုင်းများ ဖြစ်ကြသည်။ လေစိုင်ဆုံမုန်တိုင်းမျိုးကို သမပိုင်းဒေသများ၌ တွေ့ရလေ့ရှိသည်။ မုန်တိုင်းဟူသည်မှာ အကြမ်းအားဖြင့် အချင်းမိုင်ပေါင်းများစွာ ကျယ်ဝန်းသည့် လေပြင်းများ ဝဲပတ်တိုက်ခတ်သည့် ရပ်ဝန်းတခုဖြစ်သည်။ ရေခိုး ရေငွေ့လုံလောက်စွာ ရရှိနိုင်သည့်ဒေသများတွင် ဖြစ်ပေါ်သည့်အခါ တိမ်တိုက်တိမ်တောင်များ အများအပြားတွေ့ရသည်။ သဲကန္တာရဒေသများတွင် ဖြစ်ပေါ်တိုက်ခတ်သည့်မုန်တိုင်းသည် ရေခိုးရေငွေ့ အလွန်နည်းပါးသည့်အတွက် သဲမုန်တိုင်း၊ဖုန်မုန်တိုင်းများသာဖြစ်ကြလေသည်။

အပူပိုင်းဒေသမုန်တိုင်းများ

အပူပိုင်းဒေသမုန်တိုင်းများသည် နွေရာသီကျရောက်ရာ ကမ္ဘာခြမ်း၏ အပူပိုင်းဒေသရှိ ပင်လယ်ပြင်များပေါ်၌

စတင်ဖြစ်ပေါ်လေ့ရှိသည်။ မုန်တိုင်းဖြစ်ပေါ်ရန် လိုအပ်သည့် အခြေအနေများသည် အောက်တွင်ဖော်ပြပါအတိုင်း ဖြစ်လေသည်။

(က) ပင်လယ်ရေပြင်အပူချိန်သည် ၂၇ ဒီဂရီစင်တီဂရိတ်နှင့် အထက်ရှိခြင်း၊

(ခ) လေပွေလျိုင်းများ ဖြစ်ပေါ်နေခြင်း၊

(ဂ) အထက်နှင့်အောက် လေထုလွှာတို့တွင် လေကြောင်းပြောင်းလဲမှုနည်းခြင်း စသည်တို့ဖြစ်သည်။

မုန်တိုင်းဖြစ်ပေါ်သည့်အခါတွင် အားပျိုးသောအဆင့်၊ အားကောင်းသောအဆင့်၊ မုန်တိုင်းအဖြစ် ရောက်ရှိသော အဆင့်နှင့် မုန်တိုင်းအား ပျက်ပြယ်သောအဆင့်ဟူ၍ မုန်တိုင်းဖြစ်စဉ်ကို လေးပိုင်း ပိုင်း၍လေ့လာနိုင်သည်။

မုန်တိုင်းများသည် အများအားဖြင့် ကမ်းခြေတွင်းသို့ ဝင်ရောက်သည့်အခါ ပျက်ပြယ်သွားလေ့ရှိသည်။ ထို့အတူ ပင်လယ်သမုဒ္ဒရာတွင်းဌပင် အားပျော့၍ ပျက်ပြယ်သွားသော မုန်တိုင်းများလည်းရှိကြသည်။ မုန်တိုင်းများ အားပျိုးနေချိန်တွင်အောက်လေထုလွှာမှ ရေခိုးရေငွေ့ထောက်ပံ့မှု မလုံလောက်ပါက ပျက်ပြယ်လေ့ရှိလေသည်။

၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဘင်္ဂလားပင်လယ်အော်ဌ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများသည် မြောက်ဘက်သို့ရွေ့လျားသွားသည့်အခါ ရေပြင်အပူချိန်နည်းစွာ ရေပြင်ပေါ် သို့ရောက်ရှိခြင်းနှင့် မြောက်ဘက်မှလေအေးများ ဝင်ရောက်လာခြင်းတို့ကြောင့် အားပျော့သွားကြသည်ကိုတွေ့ရှိခဲ့ရလေသည်။

မုန်တိုင်းများ၏ စွမ်းအင်များကို လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာခြင်းအသွင်ဖြင့် တွေ့ရသည်။ ထိုစွမ်းအင် ဖြစ်ပေါ်လာစေရန် မြေပြင်အနီးမှ လိုအပ်သော ရေခိုးရေငွေများ အစဉ်တစိုက် ရရှိနေဖို့လိုအပ်သည်။ မုန်တိုင်းများဖြစ်ပေါ်မှုနှင့် ရွေ့လျားမှုသည် ကမ္ဘာအရပ်ရပ်၏ အပူအအေးအခြေအနေကန့်သတ်မှုကို လျော့နည်းစေသည်ဟုလည်း ဆိုကြလေသည်။

၁၉၇၀ ပြည့်နှစ်အတွင်း၌ ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်းတွင် မုန်တိုင်းပေါင်း ၃၃ ကြိမ်၊ တရုတ်ပင်လယ်တောင်ပိုင်းတွင် မုန်တိုင်း ၁၅ ကြိမ်၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းကိုးကြိမ်၊ မြောက်အတ္တလန္တိတ်သမုဒ္ဒရာတွင် မုန်တိုင်း ၁၁ ကြိမ်နှင့် ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်းတွင် မုန်တိုင်း ၁၄ ကြိမ်ဖြစ်ပေါ်ခဲ့သည်။ စုစုပေါင်း ဂၨ ကြိမ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရလေသည်။

တိုင်ဖုန်းဂျိုး

၁၉၇၀ ပြည့်နှစ် ဇူလိုင်လတတိယပတ် အတွင်းတွင် ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်းတွင် တိုင်ဖုန်းကြီး စတင်ဖြစ်ပေါ်ခဲ့သည်။ ဖိလစ်ပိုင်ကျွန်း၏ အရှေ့ဘက် ပင်လယ်ပြင်အရောက်တွင် အားကောင်းလာပြီး တနာရီလျှင် ၂၆ မိုင်နှုန်းဖြင့် အနောက်မြောက်ဘက်သို့ ရွေ့လျားကာ ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတို့ကို တိုက်ခတ်ပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်အတွင်းသို့ ဝင်ရောက်တိုက်ခတ်ကာ ပျက်ပြယ်သွားသည်။

တိုင်ဖုန်းဂျိုးသည် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း လူဇုံကျွန်းကို ဇူလိုင်လ ၂၁ ရက်နေ့က တနာရီလျှင်မိုင် ၁၀၀ ကျော်နှုန်းဖြင့် မွေ့နှောက်သွားခဲ့သည်။ မုန်တိုင်းတိုက်ခတ်ခြင်းခံခဲ့ရသည့် ရပ်ဝန်း၏ အချင်းသည်မိုင်၃၀၀ ကျော်ရှိပြီးမိုင် ၅၀၀ ပတ်လည်တွင် မိုးသည်းထန်စွာ ရွာသဖြင့်တောင်များ ပြိုကျသည်။ လူများကို အစုလိုက် အပြုံလိုက် ဖွဲ့ချပြောင်း သယ်ယူ ကြရသည်။ လူဇုံကျွန်းသည် ဖိလစ်ပိုင် နိုင်ငံ၏ အဓိကကျွန်းကြီး ဖြစ်သည်။ မုန်တိုင်း ဒဏ်ကြောင့် လူပေါင်း ၁၆ ဦး သေဆုံးပြီး ဆုံးရှုံးမှု တန်ဖိုးသည် အမေရိကန် ဒေါ်လာ ၁၄ သန်းကျော်လေသည်။

စဉ်	ဒေသ	မုန်တိုင်းအဆင့်				စုစုပေါင်း
		မုန်တိုင်းငယ်	မုန်တိုင်း	မုန်တိုင်းကြီး	ဟာရီကိန်း	
၁	ဘင်္ဂလားပင်လယ်အော်	၅	၄	–	–	၉
၂	တရုတ်ပင်လယ်တောင်ပိုင်း	၄	၃	၄	၄	၁၅
၃	ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်း	၄	၉,	၅	၁၅	၃၃
၄	ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်း	–	၇	–	၇	၁၄
၅	မြောက်အတ္တလန္တိတ်သမုဒ္ဒရာ	–	၂	–	၉	၁၁
၆	တောင်အတ္တလန္တိတ် သမုဒ္ဒရာ	–	–	–	–	–
	စုစုပေါင်း	၁၃	၂၅	၉	၃၅	၇၂

လူဇုံကျွန်းကို တိုက်ခတ်ခဲ့သော ဂျိုးသည် အရှေ့မြောက် ဘက်သို့ ဆက်လက်ရွေ့လျားသွားပြီး တရုတ်ပြည်တောင် ပိုင်းရှိ ချန်ကီသန် ဆိပ်ကမ်းမြို့ကို ဇူလိုင်လ ၂၂ နှင့် ၂၃ ရက်နေ့များတွင် ၇ နာရီကြာမျှ လေပြင်းတိုက်ခတ်ခဲ့သည်။ ယင်းမုန်တိုင်း၏ လေတိုက်နှုန်းသည် တနာရီလျှင် မိုင် ၁၀၀ ကျော်နှုန်း ရှိခဲ့သည်။ ထိုဒေသ၏ ၂၅ နှစ်အတွင်း အဆိုး

၁၉၇၀ ပြည့်နှစ်အတွင်း ကမ္ဘာပေါ်တွင် ဖြစ်ပေါ်ခဲ့သော အပျက်ပိုင်းဒေသ မုန်တိုင်းများအနက် ထူးထူးခြားခြားဖြစ်ပေါ်ခဲ့သော မုန်တိုင်းကြီးများ။

ဝေါဟာရ	အမြားဆုံးလေတိုက်နှုန်း (တနမ)
မုန်တိုင်းငယ်	၃၂–၆၈ မိုင်နှုန်း
ဆိုင်ကလုန်းမုန်တိုင်း	၆၉–၇၄ ″
ဆိုင်ကလုန်းမုန်တိုင်းကြီး	၇၅–၈၂ ″
အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး	၁၃ နှင့် အထက်

ရွားဆုံးသော လေဘေးဒဏ်ခံခဲ့ရခြင်းဖြစ်သည်။ မုန်တိုင်း ဒဏ်ကြောင့် လူပေါင်း ၁၀၀ ကျော်သေဆုံးသည်။ ဓာတ် မြေဩဇာများ ချနေသည့် တန်ချိန် ၂၀,၀၀၀ ရှိ ကုန်တင် သင်္ဘောကြီးတစင်းလည်း နစ်မြုပ်သွားခဲ့လေသည်။

အယ်လင်အမည်ရှိဟာရီကိန်းမုန်တိုင်းကြီး

၁၉၇၀ ပြည့်နှစ်အတွင်း အတ္တလန္တိတ်သမုဒ္ဒရာ မြောက် ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများအနက် ၁၉၇၀ ပြည့် နှစ် သြဂုတ်လ ၁၀ ရက် တနင်္ဂနွေနေ့တွင် အမေရိကန်ပြည် ထောင်စု တက္ကဆက်ပြည်နယ် ကမ်းရိုးတန်းကို ဝင်ရောက် တိုက်ခတ်သွားသည့် အယ်လင်အမည်ရှိ မုန်တိုင်းကြီးသည် ပထမဆုံးမုန်တိုင်းကြီးဖြစ်ပြီး ဆယ်စုနှစ်အတွင်း အပြင်း ထန်ဆုံးမုန်တိုင်းကြီး ဖြစ်ခဲ့သည်။ မြောက်အတ္တလန္တိတ် သမုဒ္ဒရာအနောက်ပိုင်းတွင် စတင်ဖြစ်ပေါ်ပြီး ကာရစ်ဘီယံ ကျွန်းစုကို ဖြတ်သန်းရာတွင် အလွန်အားကောင်းသော မုန်တိုင်းကြီးအဖြစ်ဖြင့် ဖြတ်ကျော်လာခြင်းဖြစ်သည်။ မုန် တိုင်းလမ်းကြောင်း တလျှောက်တွင် အရှေ့မှအနောက်သို့ ရွေ့လျားကာ မိုင် ၃၀၀၀ ခန့်ရှည်သော ပေါတီကျွန်း၊ ကျူးဗားကျွန်း၊ ယူကေတန်ကျွန်းဆွယ်စသည့် ဒေသတို့၌ အပျက်အစီးများစွာ ဖြစ်ပေါ်စေခဲ့သည်။ လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ပြီး အမေရိကန်ဒေါ်လာ သန်းပေါင်းတ ထောင်ငါးရာကျော်ဖိုးခန့်ပျက်စီးဆုံးရှုံးစေခဲ့သည်။အပူပိုင်း ဒေသ မုန်တိုင်းများကို လေတိုက်နှုန်း တနာရီကီလိုမီတာ ၁၂၀ (တနမ–၇၅) ကျော်ပါက အတ္တလန္တိတ်သမုဒ္ဒရာတွင် ဟာရီကိန်းဟူ၍ လည်းကောင်း၊ မြောက်ပစိဖိတ်သမုဒ္ဒရာ တွင် တိုင်ဖုန်းမုန်တိုင်းဟူ၍လည်းကောင်း၊ အိန္ဒိယသမုဒ္ဒရာ တွင် ဆိုင်ကလုန်မုန် တိုင်းဟူ၍လည်းကောင်း၊သြစတြေးလျ တိုက်တွင် ဝီလီဝီလီမုန်တိုင်း ဟူ၍လည်းကောင်း ဒေသ အလိုက် အမျိုးမျိုးခေါ်ဆိုကြသော်လည်း မုန်တိုင်း၏ ဖွဲ့ စည်းပုံသဘာဝသည် အတူတူပင်ဖြစ်လေသည်။ အယ်လင် မုန်တိုင်းကြီး၏ ဗဟိုချက်ရှိ ဖိအားသည် ၈၉၉ မီလီဘား အထိ ကျဆင်းခဲ့ပြီးလေတိုက်နှုန်းသည် တနာရီလျှင် ၁၇၅ မိုင် ၂၇၅ ကီလိုမီတာ အထိ ရှိခဲ့သည်။ဤမျှပြင်းထန်သော လေတိုက်ခတ်ခြင်းနှင့်အတူ ပင်လယ်ဒီရေလှိုင်းများ ကမ်း ခြေသို့ ဝင်ရောက်ခဲ့သည်။ တက္ကဆက်ကမ်းခြေအနီးသို့ ရောက်ရှိနေသော ရေနံတင်သင်္ဘောတစင်းသည် ပေ ၅၀ မျှ မြင့်သော လှိုင်းလုံးကြီးများ၏ ဒဏ်ကို အလူးအလဲခံခဲ့ရ လေသည်။

ပြီးခဲ့သော ရာစုနှစ်အတွင်း အယ်လင်မုန်တိုင်းကြီးထက် ပြင်းထန်သော မုန်တိုင်းကြီးတခုသာ ရှိခဲ့သည်။ထိုမုန်တိုင်း သည် ၁၉၃၅ ခုနှစ်တွင် တိုက်ခတ်ခဲ့ပြီး ဖလော်ရီဒါပြည် နယ်၌ လူပေါင်း ၄၀၀ ကျော်ကို သေကြေပျက်စီးစေခဲ့ သည်ဟု သိရလေသည်။



သဘာဝဘေးဒဏ်မှ လွတ်ကင်းစေရန် ကြိုတင်ကာကွယ်ခြင်း သည်သာလျှင် အကောင်းဆုံးဖြစ်သည်။



ရုသ်အမည်ရှိ တိုင်ဖုန်းမုန်တိုင်းကြီး

တရုတ်ပင်လယ်ပြင် တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန် တိုင်း များ အ နက် စက် တင် ဘာ လ ၆ ရက် နေ့တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၊ သန်ဟွာပြည်နယ် ကမ်းခြေကို ရုသ် အမည်ရှိ တိုင်ဖုန်းမုန်တိုင်းကြီး ဖြတ်ကျော်ခဲ့ပြီး လေ တိုက်ခတ်နှုန်းသည် တနာရီ ၈၅ မိုင် (၁၄၀ ကီလိုမီတာ) နှုန်းတိုက်ခတ်၍ ခရိုင်နှစ်ခုတွင် အကြီးအကျယ် ပျက်စီးစေ ခဲ့သည်။ လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ပြီး ငါးသိန်း ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရလေသည်။ လွန်ခဲ့သော နှစ် ပေါင်း ၃၀ အတွင်း သန်ဟွာပြည်နယ်၌ အဆိုးရွားဆုံး မုန်တိုင်းကြီးဖြစ်ပြီး လွန်ခဲ့သည့် နှစ်လအတွင်း ဗီယက်နမ် မြောက်ပိုင်းသို့ ခြောက်ကြိမ်မြောက် တိုက်ခတ်ခဲ့သော မုန် တိုင်းကြီးဖြစ်လေသည်။

တိုင်ဖုန်းနော်ရစ်

သြဂုတ်လ နောက်ဆုံးပတ်အတွင်းက တရုတ်ပင်လယ် တောင်ပိုင်းမှ တိုင်ဖုန်းမုန်တိုင်းကြီးတခုသည် အနောက် မြောက်သို့ ရွေ့လျား လာ ခြင်း ကြောင့် တရုတ် ပြည်သူ သမ္မတနိုင်ငံတွင် အကြီးဆုံးမြို့ဖြစ်သော ရှန်ဟဲမြို့ကို မြစ်ရေ လုံခြုံခြင်း၊ ထူးခြားမြင့်မားသော ဒီဇိုင်းတက်ခြင်းနှင့် လေ ပြင်းတိုက်ခတ်ခြင်းစသည့် သဘာဝ ဘေးအန္တရာယ်ပေါင်းစုံ ခြိမ်းခြောက်လျက်ရှိသဖြင့် မြို့ပေါ်တွင် နေထိုင်သည့် လူ ဦးရေ ၁၁ သန်းခန့်သည် ရှန်ဟဲမြို့တွင်ရှိသည့် တပ်မတော် သားများနှင့်အတူ လက်တွဲကာ သဘာဝ ဘေးအန္တရာယ် များကို ရင်ဆိုင် တွန်းလှန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် မှုများ ပြုလုပ်ထားရန်နှင့် လူအသက်နှင့် ပစ္စည်းများ မဆုံး ရှုံး ရ လေ အောင် ကြို တင် ကာ ကွယ် ရေး အ တွက် အရေးပေါ်အစီအစဉ်များ ပြုလုပ်ထားကြရန် ရှန်ဟဲမြို့မှ အာဏာပိုင်များက အရေးပေါ်အမိန့်တရပ် ထုတ်ပြန်ခဲ့ရ သည်။ သို့ရာတွင် ကံအားလျော်စွာပင် ထိုခြိမ်းခြောက် လျက်ရှိသည့် တိုင်ဖုန်း မုန်တိုင်းကြီးသည် အရှေ့မြောက် ဘက်သို့ ကွေ့ ၍ ရွေ့ လျား သွား သ ဖြင့် မုန် တိုင်း ကြီး အန္တရာယ်မှ ကင်းလွတ်ခဲ့ရလေသည်။

ဘင်္ဂလားပင်လယ်အော်မုန်တိုင်းများနှင့် မြန်မာပြည်

၁၉၇၀ ပြည့်နှစ်အတွင်း ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများတွင် မြန်မာ့ကမ်းရိုးတန်းသို့ သုံးကြိမ်တိုင် ဦးတည်လာခဲ့သော်လည်း ပင်လယ်အတွင်း၌ လေပွေလှိုင်းအဖြစ် အားပျော့သွားပြီး တကြိမ်သာ မြန်မာ့ ကမ်းခြေကို ဝင်ရောက်ခဲ့သည်။ မေလ လယ် ခန့် အ တွင်း ဖြစ်သဖြင့် မုတ်သုံမိုးကို ခေါ်ဆောင်ခဲ့သော မုန်တိုင်း ဟုပင်ခေါ်ဆိုနိုင်သည်။

ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတွင် မေလ ၁၀ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းသည် ကနဦးတွင် အနောက်ဘက်သို့ ရွေ့လျားပြီး မြောက်ဘက်နှင့် အရှေ့ ဘက်သို့ ဆက်လက်ရွေ့လျားခဲ့လေသည်။

မေလ ၁၈ ရက်နေ့တွင် မြို့တ်မြို့၏ အနောက်ဘက် မိုင် ၂၈၀ ခန့်အကွာ ကပ္ပလီပင်လယ်ပြင်အတွင်း၌ အား ပျော့သွားခဲ့ပြီး ၁၉ ရက်နေ့တွင် လေပွေလှိုင်း အဖြစ် ပုလောမြို့အနီး ကမ်းခြေတွင်းသို့ဝင်၍ ပျက်ပြယ်သွားခဲ့ လေသည်။ ထိုလေပွေလှိုင်းတိုက်ခတ်မှုကြောင့် လူလေးဦး သေဆုံးပြီး ၉၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ရေငန် ပုစွန်ဖမ်း နေသော စက်လှေ ၃၁ ဆောင် ပျက်စီး ဆုံးရှုံးခဲ့သည်။ လူနေအိမ်ခြေ အဆောက်အအုံနှင့် စိမ်းကိန်းဝင်လုပ်ငန်း၊ စိမ်းကိန်းဝင် သီးနှံပင်များအပါအဝင် ဆုံးရှုံးမှု တန်ဖိုးသည်

ကျပ်သိန်းတရာဖိုးခန့် ရှိမည်ဟု မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများက ခန့်မှန်းခဲ့ကြလေသည်။

ရန်ကုန်မြို့၏ မေလမိုးရေချိန် စံချိန်သစ်

မေလ ၂၁ ရက်နေ့ ညနေတွင် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ မုန်တိုင်းငယ်တခု ဖြစ်ပေါ်လာပြီး မြောက်ဘက်သို့ ရွေ့လျားရာ ရန်ကုန်မြို့၏တောင်ဘက် မိုင် ၁၂၀ ခန့်အထိ ရောက်တွင် အား ပျော့ သွား ကာ မြောက်ဘက်ရှိ မုတ္တမပင်လယ်ကွေ့အတွင်းသို့ ဝင်ရောက်သွားသည်။ မုတ္တမပင်လယ်ကွေ့ ပတ်ဝန်းကျင်တွင် မိုးသည်းထန်ခြင်း၊ လေပြင်း တိုက်ခတ်ခြင်း ဖြစ်ပေါ်ခဲ့သည်။ မေလ ၂၃ ရက်နေ့ ညနေမှစ၍ ရန်ကုန်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့် အတွက် ၂၄ ရက်နေ့ နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအ ချိန်အထိ လွန်ခဲ့သော ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်များသည် ကမ္ဘာအေးတွင် ၁၀ ဒသမ ၃၂ လက်မ၊ မင်္ဂလာဒုံ လေဆိပ်တွင် ၁၀ ဒသမ ၃၉ လက်မ၊ ရန်ကုန်မြို့လယ်တွင် ၆ ဒသမ ၉၂ လက်မနှင့် မှော်ဘီမြို့တွင် ၃ ဒသမ ၆၆ လက်မ ရရှိခဲ့လေသည်။

လွန်ခဲ့သည့် ၁၁၉ နှစ်အတွင်း ရန်ကုန်မြို့၌ အများဆုံး ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သည် ၁၉၃၄ ခုနှစ် ပြီလ ၂၀ ရက်နေ့တွင် ၁၄ ဒသမ ၂၂ လက်မ ဖြစ်ခဲ့သည်။ မေလ အတွင်း အများဆုံး ရွာသွန်း ခဲ့ သော မိုး ရေ ချိန် သည် ၁၉၀၆ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ၉ ဒသမ ၀၅ လက်မ ဖြစ်ခဲ့သည့်အတွက် ၁၉၈၀ ပြည့်နှစ် မေလ ၂၃ ရက်နေ့တွင် ရွာသွန်းသော မိုးရေချိန် ၁၀ ဒသမ ၃၂ လက်မသည် စံချိန် အသစ်ဖြစ်၍ စံချိန်အဟောင်းကို ချိုးခဲ့လေသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ ၂၄ ရက်နေ့ နံ နက် ပိုင်း တွင် လေ ပြင်း တိုက် ခတ် ခဲ့ သ ဖြင့် တောင် ဥက္ကလာပ မြို့ နယ် တွင် ပြည် သူ ပိုင် နှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများ စုစုပေါင်း သိန်း ၃၀ ဖိုးခန့်ပျက်စီး ဆုံးရှုံးခဲ့လေသည်။

အရပ်ရပ်၌ လေပြင်းတိုက်ခတ်ခြင်း

မုန်တိုင်းများကြောင့် လေပြင်းတိုက်ခတ်ခြင်း မရှိခဲ့သော်လည်း အခြားသော မိုးလေဝသ အခြေအနေများကြောင့် လေပြင်း တိုက်ခတ်မှုကို ၁၉၈၀ ပြည့်နှစ်တွင် မြန်မာပြည်အရပ်ရပ်၌ ရာဘီအလိုက်တွေ့ခဲ့ရသည်။

နွေဦးနှင့် မိုးကြိုကာလတွင် ရွာသွန်းခဲ့သော မိုးသည် လေထု အခြေမခိုင်မှုကြောင့် ရွာသော ပုံကျမိုးများဖြစ်သည်။ မွန်းလွဲညနေပိုင်း၌သာ အဖြစ်များပြီး နာရီပိုင်းအတွင်း မိုးစည်းသွတတ်သည်။ မိုးမရွာမီ သို့မဟုတ် မိုးရွာသွန်းနေစဉ် လေပြင်းများလည်း ကျရောက်တတ်သည်။ လေဆင်နှာမောင်းများနှင့် မိုးသီးကြွေခြင်းများလည်း ဖြစ်ပေါ်တတ်သည်။ ပင်လယ်ကမ်းရိုးတန်းအနီးရှိ ဒေသများတွင် ည သို့မဟုတ် နံနက်ပိုင်းတွင် အချိန်မရွေးဖြစ်ပေါ်တတ်လေသည်။

ပြီလ ၁၈ ရက်နေ့ မွန်းလွဲ ၃ နာရီတွင် မုံရွာမြို့၌ တနာရီ မိုင် ၄၀ နှုန်းရှိ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပြီး နာရီဝက်ခန့် မိုးသည်းထန်စွာရွာသဖြင့် အားကစားကွင်းနှင့် မိုးလုံလေလုံ အဆောက်အအုံများ၊ ပုဂ္ဂလိက အဆောက်အအုံများ ပျက်စီးခဲ့သည်။ ကမ်းနားရှိ မော်တော်တစင်းနှင့် လှေသုံးစင်းနစ်မြုပ်ကာ လင်းဆင်မော်တော်နှင့်သန်းကောင်ကျော် မော်တော်များ ကုန်းပေါ်တင်သွားသည်။ အလုံ၊ မုံရွာလမ်းပေါ်တွင် သွားလာနေသော မြင်းလှည်းသည် လေထဲလွင့်ပါ၍ မြင်းလှည်းပေါ်တွင်ပါသောလူများ ဒဏ်ရာရသွားသည်။ စုစုပေါင်းပျက်စီးမှုသည် ၁၀ သိန်းဖိုးခန့်ရှိမည်ဟု ခန့်မှန်းကြသည်။

နိုင်ငံတကာ ပျက်စီးဆုံးရှုံးမှုများ

အာသံပြည်နယ်

ဧပြီလ နောက်ဆုံးပတ် အတွင်းတွင် အိန္ဒိယပြည်ရှိ အာသံပြည်နယ် အရှေ့မြောက်ပိုင်း၌ လေပြင်းတိုက်ခတ်ခြင်းကြောင့် အနည်းဆုံး လူ နှစ်ဦး သေဆုံးသွားပြီး လူ ၅၀ ခန့် ဒဏ်ရာရရှိသွားခဲ့သည်။ သက်ကယ်မိုးသည့် အိမ်ယာပေါင်းများစွာ ပျက်စီးသွားပြီး လူ ၅,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ အစိုးရရုံးများ အပါအဝင် အခြား အဆောက်အအုံ အများအပြား ပျက်စီးသွားခဲ့သည်။ လေပြင်းဒဏ် ခံရသော ခရိုင်များသည် ဒါရန်း၊ လပ်တင်ပူ၊ ရှောင်ဂွန်နှင့် စက်တာခရိုင်များ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းရှိ ဂျမာပူခရိုင်တွင် ဧပြီလနောက်ဆုံးပတ် စနေနေ့ညက လေပြင်းတိုက်ခတ်သဖြင့် အမျိုးသမီးတဦးအပါအဝင် လူလေးဦး သေဆုံး၍ အနည်းဆုံး ၁၀၀ ခန့် ဒဏ်ရာရရှိသွားကြောင်း ဧပြီလ ၂၆ ရက် ဒက္ကားမြို့၌ထုတ်ဝေသော အစိုးရပိုင် သတင်းစာတွင် ဖော်ပြထားသည်။ လေပြင်းတိုက်ခတ်စဉ် ငြဟ္မပုတ္တရမြစ်အတွင်း လှေတစင်း မှောက်သွားသဖြင့် လူခုနစ်ဦး ပျောက်ဆုံးခဲ့သည်။ တနာရီလျှင် မိုင် ၈၀ နှုန်းဖြင့် နာရီဝက်ခန့် တိုက်ခတ်သွားသော လေပြင်းဒဏ်ကြောင့် အိမ် ၁၀,၀၀၀ နှင့် ကျောင်း ၁၅ ကျောင်း ပျက်စီးသွား

ခဲ့သည်။ လျှပ်စစ်နှင့် ဓာတ်အားလိုင်းများ ပြတ်တောက်သွားခဲ့သည်။ တိုက်ခတ်ရာဒေသသည် ဒက္ကားမြို့မှ မိုင် ၇၀ ခန့် ကွာဝေးလေသည်။

ဩဇာတြေးလျှ လေပြင်းဒဏ်

ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဩဇာတြေးလျှနိုင်ငံ ကွင်းစလန်ပြည်နယ် ဗရစ်ဘိန်းမြို့၌ မိုးသီး မုန်တိုင်းနှင့်အတူ တနာရီလျှင် ကီလိုမီတာ ၁၆၀ (မိုင် ၁၀၀) အထိ တိုက်ခတ်သော လေပြင်းဒဏ်ခံခဲ့ရသည်။ လူနေအိမ်ခြေများနှင့် လုပ်ငန်းဌာနများ ပျက်စီးခဲ့သည်။ ဗရစ်ဘိန်းမြို့ ချားဖီးဒေသရှိ ဒုတိယ အကြီးဆုံးလေဆိပ်တွင် လေယာဉ်ငယ် ၄၃ စင်းထက်မနည်း ပျက်စီးခဲ့လေသည်။

ထိုနေ့က ဆစ်ဒနီမြို့တွင် မိုးကြိုးထစ်ချုန်းနေစဉ် ကား နှစ်စင်းတိုက်မိ၍ လူတဦးသေဆုံးခဲ့သည်။ မြို့ဆင်ခြေဖုံး အတွင်းပိုင်းတွင် အသစ်ဆောက်လုပ်နေသော အဆောက်အအုံတခု၏ နံရံတခုသည် အိမ်တလုံးပေါ် သို့ပြိုကျခဲ့သည်။ ဓာတ်အားပေးလိုင်းများလည်း ပြတ်တောက်သွားခဲ့သည်။ မဲလဗုန်းမြို့တွင် မိုးရေချိန် တလက်မနီးပါး ရွာသွန်းခဲ့၍ ညနေပိုင်းတွင် ယာဉ်သွားလာမှု အကြီးအကျယ် ရပ်ဆိုင်းခဲ့ရလေသည်။

သဲမုန်တိုင်း

ပြင်းထန်သော သဲမုန်တိုင်း တိုက်ခတ်မှု ဒဏ်ကြောင့် အီဂျစ်နိုင်ငံ၊ အလက်ဇန္ဒရီးယား ဆိပ်ကမ်းနှင့် ကိုင်ရိုလေဆိပ်ကို ဒီဇင်ဘာလ ၄ ရက်နေ့တွင် ခေတ္တပိတ်ခဲ့ရသည်။ ယင်းမုန်တိုင်းသည် နောက်ထပ် ငါးရက်မှ ရှစ်ရက်ကြာသည်အထိ တိုက်ခတ်ဖွယ်ရာ ရှိသည်ဟု သက်ဆိုင်ရာမှ ခန့်မှန်းခဲ့သည်။ ဆဟာရ သဲမုန်တိုင်းတခုသည် နိုင်ဂျီးရီးယားနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသဖြင့် လေကြောင်းခရီးစဉ်များ ဖျက်ခဲ့ရကြောင်း ဒီဇင်ဘာလ ၁၆ ရက်နေ့စွဲပါလေဂိုမြို့မှလာသော သတင်း တရပ် တွင်ဖော်ပြထားလေသည်။

လေစိုင်ဆုံမုန်တိုင်းများ

လေစိုင်ဆုံ မုန်တိုင်းများသည် သမပိုင်းဇုန်နှင့် အအေးပိုင်းဇုံများတွင်ဖြစ်လေ့ရှိသော ဆိုင်ကလုန်းများ ဖြစ်သည်။ ဧရိယာ အကျယ်အဝန်းအားဖြင့် အပူပိုင်းဒေသ မုန်တိုင်းများထက် နှစ်ဆခန့် ပိုမို၍ကျယ်ပြန့်သော်လည်း လေတိုက်နှုန်းသည် မြေပြင်အနီးတွင် များစွာပြင်းထန်ခြင်း မရှိလှပေ။ လေစိုင်ဆုံမုန်တိုင်းများသည် အီကွေတာဘက်မှလာသော ပူနွေး၍ စွတ်စိုသည့်လေထုတို့ ဆုံမိပြီး မုန်တိုင်းဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကမ္ဘာ့လေထု၏ အအေးပိုင်းနှင့် နွေးသောအပိုင်းတို့၏ အပူဖလှယ်ကြသည့် သဘာဝဖြစ်ရပ်တခုပင် ဖြစ်လေသည်။ မုန်တိုင်းများသည် အနောက်ဘက်မှ အရှေ့ဘက်သို့ မိုင်ပေါင်း ထောင်ပေါင်းများစွာ ရွေ့လျားကြသည်။ မုန်းတိုင်းသက်တမ်းသည်လည်း တခါတရံ နှစ်ပတ်မှ သုံးပတ်အထိ ကြာတတ်သည်။ ဤကဲ့သို့သော မုန်တိုင်းမျိုးကို ကမ္ဘာကြီး၏ တောင်ဘက်နှင့် မြောက်ဘက်ခြမ်းရှိ နွေရာသီနှင့် ဆောင်းရာသီ နှစ်ရာသီ



စလုံး၌ တွေ့မြင်နိုင်သော်လည်း ဆောင်းဥတုဖြစ်ပေါ်ရာ ကမ္ဘာခြမ်း၌ ပို၍ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ကြသည်။ လေစိုင်ဆုံမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု သတင်းကိုနိုင်ငံအချို့မှ အောက်ပါအတိုင်းဖော်ပြထားသည်ကို လေ့လာနိုင်လေသည်။

အရှေ့ဂျာမနီ

ဇွန်လ ၈ ရက်နေ့တွင် အရှေ့ဂျာမနီ တောင်ပိုင်း၌ မိုးသက်မုန်တိုင်း ပြင်းထန်စွာ ကျရောက်ရာ လူ ၁၀ ဦးသေဆုံးသည်။ အီးဆင်နက်မြို့အနီး အနားယူစခန်းချရာ နေရာတွင် ရုတ်တရက် မိုးသက်မုန်တိုင်း ကျရောက်ခဲ့ရာ သစ်ပင်များ စခန်းပေါ်သို့ ကျသဖြင့် စခန်းချနေသူ ခြောက်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။ လျှပ်စစ်ဓာတ်တိုင်များ ပေကျသဖြင့် သုံးဦး သေဆုံးပြီး ကဦးမှာ မိုးကြိုးတိမှန် သေဆုံးသွားခဲ့လေသည်။

တောင်ကိုရီးယား

ဇူလိုင်လ ၂၁ ရက်နေ့တွင် တောင်ကိုရီးယား အလယ်ပိုင်း၌ လေပြင်းမုန်တိုင်းများ နှစ်ရက်ကြာမျှ အပြင်းအထန်တိုက်ခတ်၍ ရေလွှမ်းမိုးသဖြင့် အနည်းဆုံး လူ ၇၃ ဦးသေဆုံးပြီး ၆၈ ဦး ပျောက်ဆုံးနေသည်ဟု ရဲအဖွဲ့မှ ကြေငြာခဲ့သည်။ မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေများပြိုကာ ရေကာတာများကျိုးပေါက်၍ လူ ၁၄၈ ဦး ဒဏ်ရာရရှိပြီး လူပေါင်း ၂၃,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၅ သန်းဖိုးခန့် ရှိသည်ဟု အာဏာပိုင်များက ခန့်မှန်းသည်။ထိုဆုံးရှုံးမှုစာရင်းတွင် စိုက်ပျိုးခင်းများ၊ လယ်မြေများပျက်စီးမှုစာရင်းများ မပါဝင်သေးပေ။

လယ်မြေကေ ၃,၇၀၀ ရေလျှံလျက်ရှိနေရာသို့ ကိုရီးယား ကြက်ခြေနီ အဖွဲ့က အရေးပေါ် အစားအစာနှင့် အဝတ်အထည်များကို ပေးပို့ခဲ့ရပြီး ရေဘေး လေဘေး ဒုက္ခသည်များအား ကယ်ဆယ်ရေးနှင့် အပျက်အစီးများ ပြင်ဆင်ရေးအတွက် အမြန်ဆုံး ဆောင်ရွက်ရန် သမ္မတ ချိုင်ကျူဟာကိုယ်တိုင် အရေးယူဆောင်ရွက်ခဲ့ရလေသည်။

ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံ တောင်ပိုင်းရှိ အဓိက ကျွန်းကြီးဖြစ်သည့် ကျူရှူးကျွန်းတွင် သုံးရက်ကြာမျှ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုခြင်းနှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားရာ အနည်းဆုံး လူ ၁၃ ဦးသေဆုံးပြီးနှစ်ဦး ပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့က ကြေငြာခဲ့သည်။ အိမ်ခြေ ၁၅,၀၀၀ ကျော်သည် ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရပြီး လူ ၃၁ ဦးသည် ထိခိုက်ဒဏ်ရာရရှိသည်။ ကျွန်းပေါ်ရှိ အချို့နေရာများတွင် ကားလမ်းများ ပြတ်တောက်နေပြီး ရထားလမ်း ခရီးစဉ်များကိုလည်း ဖျက်လိုက်ရလေသည်။

ဆိုဗီယက် ပြည်ထောင်စု

ဥရောပတိုက်ဘက်မှ အရှေ့ဘက်သို့ ရွှေလျားလာသော မိုးသက်လေပြင်းသည် ယူကရိန်းပြည်နယ် အနောက်ပိုင်း ဒေသများတွင် ကျရောက်ခဲ့ကြောင်း ဇူလိုင်လ ၂၈ ရက်နေ့စွဲဖြင့် ကီယက်မြို့မှ လာသော သတင်းတရပ်တွင် ဖော်ပြထားသည်။ ထိုမိုးသက်လေပြင်းသည် လေစိုင်ဆုံမုန်တိုင်းကြောင့် ဖြစ်သည်။ မိုးသက်လေပြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် မြစ်များ ရေ လျှံသည်။ ဓာတ်ငွေ့ လိုင်း နှင့် ဓာတ်အားပေး လိုင်းများလည်းပျက်စီးသည်။ တောင်ပေါ်လမ်းများ မြေပြိုကျပြီး လူဦးရေ ထူထပ်သည့် ဒေသများတွင် ရေလျှံမှုများဖြစ်ခဲ့သည်။ အိမ်များ၊ လမ်းများ၊တံတားများနှင့် ကောက်ပဲသီးနှံများ ပျက်စီး ဆုံးရှုံးခဲ့ရလေသည်။

ဂျော်ဒန်နိုင်ငံ

ဂျော်ဒန်နိုင်ငံတွင် ပြင်းထန်သော ဆီးနှင်း မုန်တိုင်း သုံးရက်ကြာတိုက်ခတ်ခဲ့ရာ လမ်းများ ပိတ်ဆို့သွားသည်။

လေမုန်တိုင်းဒဏ်ကြောင့် လူပေါင်းမြောက်မြားစွာ အတိဒုက္ခရောက်ခဲ့ရသည်။



သည် နှစ်ဆယ်ရာစုလက္ခဏာနှင့် အညီဖြစ်လေသည်။ နှစ်ဆယ်ရာစုတွင် အတိုင်းတိုင်းအပြည်ပြည်မှ သုတေသနဂျာနယ်များစွာ ထုတ်ပေါ်လာသည်။ ထိုဂျာနယ်များသည် စေ့းကြီးလှသည်။ ထိုအခါ သုတေသနစာကြည့်တိုက်ချင်း၊ အထူးစာကြည့်တိုက်ချင်း ဂျာနယ်အလဲအလှယ် အကြီးအကျယ်လုပ်ကြလေသည်။

ပြည်သူစာကြည့်တိုက်များ အတွက်ဆိုရသော် ထိုစာကြည့်တိုက်မျိုးကို အင်္ဂလန်၊ ဆွီဒင်စသော နိုင်ငံများတွင် ပြည်သူစာကြည့်တိုက် အက်ဥပဒေအရ ဒေသန္တရအဖွဲ့များက အခွန်ကောက်၍တည်ထောင်ကြသည်။ နောက်ပိုင်း၌ တိုးတက်လာသော ဆိုဗီယက်၊ ဟန်ဂေရီကဲ့သို့ နိုင်ငံများတွင် အစိုးရများက တိုက်ရိုက်တည်ထောင်ကြသည်။

စာကြည့်တိုက်များသည် ယခုခေတ်တွင် တိုးပွားလျက်သာနေလေသည်။ စာအုပ်စာတမ်း ဦးရေမှာလည်း များလာပေသည်။ ထိုအခါ စာအုပ်အထားအသိုတာဝန် ကြီးလာတော့သည်။ ယင်းနှင့် စပ်လျဉ်း၍ ခေတ်သစ် စာကြည့်တိုက်များ စိမ်ပုံသည် စိတ်ဝင်စားစရာ ဖြစ်လေသည်။ ရံဖန်ရံခါ အသုံးနည်းသော စာအုပ်စာတမ်းများကို စာကြည့်တိုက်ချင်း



မလေးရှားနိုင်ငံ တက္ကသိုလ်စာကြည့်တိုက်မှ စာအုပ်စင်အချို့ကို တွေ့ရပုံ၊ စာအုပ်စင်များမှ စာအုပ်စာတမ်းများကို တနေရာမှတနေရာသို့ အလွယ်တကူ လှုပ်ရှားရန် စာအုပ်သယ်လှည်းများကို ထားဝေးသည်။

ပူးပေါင်း၍တနေရာ တည်းတွင်ထိန်းသိမ်း ထားတတ်ကြလေသည်။ ပုံစံပြရသော် အမေရိကန် ပြည်ထောင်စု၊ ရှီကာဂို ဒေသရှိ အနောက်ဘက် အလယ်ပိုင်း စာကြည့်တိုက်များ ဌာနပင်ဖြစ်သည်။ ရံဖန်ရံခါ ဘီးတပ်စာအုပ်စင် အရှင်လုပ်၍ စာအုပ်စင်ခန်း၊ စာဖတ်ခန်း အကျယ်အဝန်းကို ညှိယူတတ်လေသည်။ ပုံစံအားဖြင့် အနောက် နိုင်ငံများရှိ စာကြည့်တိုက်များပင် ဖြစ်သည်။ ရံဖန်ရံခါ သတင်းစာဂျာနယ်များကို မိုက်ခရိုဖလင်ဖြင့် ရိုက်ကူးထားကာ စာဖတ်စာငှားလိုသူအား သုံးစေပြီး မူလသတင်းစာ ဂျာနယ်များကို အဝေးတွင် သိုလှောင်တတ်လေသည်။ ပုံစံမှာ ဗြိတိသျှ စာကြည့်တိုက်ပင် ဖြစ်သည်။

သုတေသန ဂျာနယ်များကို အကျိုးရှိရှိ သုံးနိုင်အောင်လည်း ဆိုင်ရာက စီမံထားရှိလေသည်။ သုတေသန ဂျာနယ်များကို အဓိကအားဖြင့် သုတေသန အဖွဲ့အစည်း စာကြည့်တိုက်များ၊ အထူး စာကြည့်တိုက်များက သိမ်းဆည်းကြသည်။ ဂျာနယ်ပါ ဆောင်းပါး စာတမ်းများသည် စာအုပ်များထက် အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် ပညာရပ်ဆိုင်ရာ နောက်ဆုံး အတွေးအခေါ်၊ နောက်ဆုံး စူးစမ်းတွေ့ရှိချက်သည် စာအုပ်များတွင်မပါ၊ ဂျာနယ်များတွင်သာ ပါသောကြောင့် ဖြစ်လေသည်။ ထိုအခါ သုတေသီများအဖို့ မည်သည့် ဂျာနယ်တွင် မည်သည့် ဆောင်းပါး စာတမ်းပါသည်။ မည်မျှ အရေးကြီးသည် စသည်ဖြင့် သိနေရမည် ဖြစ်လေသည်။ ထိုအတွက် စာတမ်းအကျဉ်းချုပ်များ၊ ဖြည့်မှတ်စုပါ စာစု စာရင်းများတွေ့ရှိမှသာ သိနိုင်မည်ဖြစ်လေသည်။ တာဝန်သိသော သုတေသနအဖွဲ့အစည်းများ၊ ဌာနများသည် လိုအပ်ချက်ကို ဖြည့်တင်းလာကြတော့သည်။ ပုံစံအားဖြင့် အင်္ဂလန်နိုင်ငံရှိ ဘောဂဗေဒနှင့် နိုင်ငံရေးဆိုင်ရာ ဗြိတိသျှ စာကြည့်တိုက်သည် လူမှုရေးသိပ္ပံပညာရပ် လန်ဒန်စာစုစာရင်းကို မှန်မှန်ထုတ်ဝေခဲ့သည်။ အမေရိကန်နိုင်ငံရှိ ဓာတုဗေဒ အသင်းကြီးသည် ဓာတုဗေဒစာတမ်း အကျဉ်းချုံး စာစောင်ကို ထုတ်ဝေခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စုရှိ သိပ္ပံပညာပေး ဌာနကြီးသည် စာတမ်းအကျဉ်းချုံးဂျာနယ် ၁၃ မျိုးကို မှန်မှန်ထုတ်ဝေခဲ့သည်။ထိုကဲ့သို့ စာစုစာရင်း၊ စာတမ်းအကျဉ်းချုံးစာစောင်တို့ကို ထုတ်ဝေသည့်အဖွဲ့အစည်းကလည်းထုတ်ဝေ၍ သုတေသီများ လက်လှမ်းမီအောင် ထားပေးသည့် အဖွဲ့အစည်းကလည်း ထားပေးသည်။ ထို့ပြင် သုတေသီအတွက် လုပ်ဆောင်ပေးသည့် လုပ်ငန်းသည် စာအုပ်စာသား ဓာတ်ပုံကူးခြင်း၊ ကွန်ပျူတာစက်သုံးခြင်း ဖြစ်လေသည်။ စာကြည့်တိုက်၌ မရှိသေးသောစာမူကို စာမူရှိသော စာကြည့်တိုက်မှ တဆင့် မိုက်ခရိုဖလင် ကူးယူလေသည်။ တဖန် သုတေသီများ အကျိုးငှာ မိုက်ခရိုဖလင် ဖတ်စက်ထားပေး



ဆေးရုံတက်လူနာ စာဖတ်စာငှားသူများ အတွက် စာကြည့် တိုက် ကူညီ ဆောင်ရွက်ပေးသည်။

သည်။ လိုအပ်သလို ဖိုတိုစတတ်ပုံတူ၊ ဇီးရောပုံတူကူးပေးသည်။ ကွန်ပျူတာစက်သုံး၍ပင် အကြောင်းအရာ အချက်အလက် ရှာပေးလေသည်။

စာကြည့်တိုက်သည် စာဖတ်စာငှားသူနှင့် သုတေသီ အများဆုံး အကျိုးရှိရလေအောင် နှစ်မျိုးနှစ်ဖုံ စီမံခဲ့လေသည်။ တမျိုးသည် စာအုပ်စာတမ်းကို နေရာအနှံ့ရောက်အောင် စီစဉ်ပေးခြင်းဖြစ်၍နောက်တမျိုးသည် ထိုသူများ ဘယ်ပုံဘယ်နည်း လေ့လာရမည်ဟူ၍ ကူညီညွှန်ပြခြင်း ဖြစ်လေသည်။

ပထမ အမျိုးအတွက် ပြည်သူ စာကြည့်တိုက်မှတဆင့် ဆေးရုံ၊ ထောင်၊ မီးပြတိုက်များသို့ စာအုပ်စာတမ်းပို့ပေးသည်။ နှစ်ဆယ်ရာစု နောက်ပိုင်းတွင် အိပ်ရာမှ မထနိုင်သော သက်ကြီးရွယ်အိုများအတွက် စာအုပ်များ၊ မျက်မမြင်များအတွက် အသံထွက်စာအုပ်များ၊ မျက်စိတပိုင်းတစ မြင်သူများအတွက် စာလုံးကြီးကြီးနှင့် စာအုပ်များ အသိဉာဏ်နုံနဲ့သူများအတွက် အထူးစီမံထားသော စာအုပ်များ ရောက်ရှိအောင် စီမံခြင်း ဖြစ်လေသည်။ ထို့အတူ တက္ကသိုလ် စာကြည့်တိုက်များ၊ အထူးစာကြည့်တိုက် များကလည်း ဌာနခွဲ၊ ရုံးခွဲစာစုများ ခွဲထုတ်ပေးခြင်းဖြင့် စာအုပ်စာတမ်း အရောက်များအောင် စီမံခဲ့ပြန်လေသည်။ တဖန် တမြို့တရွာမှ စာဖတ်စာငှားသူသည် အခြားမြို့ရွာသို့ ကိစ္စနှင့် ခေတ္တခဏ ရောက်ရှိသွား၍ စာအုပ် ငှားလိုပါက မိမိသုံးသော စာကြည့်တိုက်ဟောင်းမှ စာငှားကတ်ပြားပြရုံမျှဖြင့် မြို့ရွာသစ် စာကြည့်တိုက်မှ စာအုပ်ငှား နိုင်အောင် စီမံထားပြန်သေးသည်။ တဖန် ပညာရပ် အမျိုးမျိုးနှင့် စပ်လျဉ်း၍ စာအုပ်ပြည့်ပြည့်စုံစုံ ရှိရလေအောင် မည်သည့် စာကြည့်တိုက်က မည်သည့်ပညာရပ်ကို ပိုမိုဝယ်ယူမည်ဟူ၍ စာကြည့်တိုက်ချင်း ညှိနှိုင်းစီမံထားပြန်သည်။

စာဖတ်စာငှားသူနှင့် သုတေသီများအား ကူညီညွှန်ပြရန် ပြည်သူ့စာကြည့်တိုက်များသုတေသန စာကြည့်တိုက်များတွင် အတိုင်ပင်ခံ သတ်သတ်ထားပေးသည်။ အချက်အလက် ရှာပေးသူများ သတ်သတ်ထားပေးသည်။ ထိုသူများက သက်ဆိုင်ရာ စာအုပ်စာတမ်း၊ သက်ဆိုင်ရာ စာစုစာရင်းကို ညွှန်ပြလိမ့်မည်။ လိုအပ်ပါက အထူးစာစုစာရင်းကို ပြုစုပေးလိမ့်မည်။ ထိုမျှမကသေး သုတေသန လုပ်လိုသော ပညာရပ်အတွက် သက်ဆိုင်ရာ အချက်အလက်များ ဘယ်နေရာ ဘယ်ကဏ္ဍ၌ပါသည်ဆိုသည့်အထိ စာသားနေရာပါ မကျန်အောင် ကူညီရှာဖွေပေးလိမ့်ဦးမည် ဖြစ်သည်။

ဤသို့အားဖြင့် စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများသည် စာဖတ် စာငှားသူနှင့် သုတေသီများ၏ လိုအင်ဆန္ဒပြည့်ဝရလေအောင် အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းကြလေသည်။ စာကြည့်တိုက်များ စံချိန်မီစေရန် စာကြည့်တိုက်မှူးများ အရည်အချင်း ပြည့်စုံစေရန် အတွက်လည်း နိုင်ငံတွင်းရှိ စာကြည့်တိုက် အသင်းအဖွဲ့များ စာကြည့်တိုက်မှူး သင်တန်းများက မျက်ခြည်မပြတ် စောင့်ကြည့် လေ့ကျင့်ပေးလျက် ရှိလေသည်။ ယူနက်စကို အဖွဲ့ကြီးနှင့် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်များ အဖွဲ့ချုပ်ကလည်း စာကြည့်တိုက် အချင်းချင်း ပူးပေါင်း ဆောင်ရွက်စေခြင်း၊ ပညာသည်အချင်းချင်း ဆွေးနွေးစေခြင်း၊ဆိုင်ရာ ပါရဂူများ လိုအပ်သလို ထားရှိစေခြင်း၊ ရှေ့ပြေး စံပြလုပ်ငန်း ပြုလုပ်စေခြင်း၊ စာကြည့်တိုက်ဆိုင်ရာ ဗဟုသုတ ဖြန့်ချီစေခြင်း စသည်အားဖြင့် စာကြည့်တိုက် ကိစ္စ အရပ်ရပ်တွင် ခေါင်းဆောင်မှုပေးလျက် ရှိလေသည်။

ဦးသန်းထွတ်

အဝိုင်း သုံး

ကမ္ဘာ မျက်မှောက်ရေးရာဆောင်းပါးများ

ကမ္ဘာ့ မျက်မှောက်ရေးရာ အကြောင်းရပ်အချို့ကို နောက်ခံသတင်းအဖြစ် သိရှိနိုင်ရန် ဆောင်းပါးတိုလေးပုဒ်ဖြင့် အကျဉ်းချုံး၍ ရေးသားပြုစုထားပါသည်။

၁၉၇၉ - ဂဝ ပြည့်နှစ်
ကမ္ဘာ့စီးပွားရေးအခြေအနေ — ဦးသန်း — ၇၆

လေမုန်တိုင်းကြီးများ — ဦးစံလှဘော် — ဂ၂

ကာကွယ်ထိန်းသိမ်းပြုပြင်ရမည့် သမိုင်းဝင်
အမွေအနှစ်များ — ဦးသန်းဆွေ — ၉ဝ

ဓမ္မပဏ္ဏာမဟာဝိဇယစေတီတော်ကြီး — ဦးစဝ်ထွန်းမှတ်ဝင်း — ၉၆



စီးပွားရေးရာ

၁၉၇၉-၈၀ ပြည့်နှစ် ကမ္ဘာ့စီးပွားရေး အခြေအနေ

ကမ္ဘာတွင် မည်သည့်နိုင်ငံမှ အားလုံးပြည့်စုံ ဖူလုံသည်ဟူ၍ မရှိပေ။ထို့ကြောင့်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးတွင်မပါဝင်ပဲအထီးကျန်းနေ၍ မရပေ။ တနည်းမဟုတ် တနည်း ပါဝင် ဆောင်ရွက်ကြရသည်။ ထိုအခြေအနေကို အကြောင်းပြု၍ ကမ္ဘာ့ စီးပွားရေးဟူသည် ရှိနေရသည်။ ထို ကမ္ဘာ့စီးပွားရေး. အနှောင်အဖွဲ့အတွင်း၌ ဆင်းရဲသည့် နိုင်ငံများနည်းတူ ချမ်းသာသည့် နိုင်ငံများ၊ ဆိုရှယ်လစ် နိုင်ငံများနည်းတူ အရင်းရှင်နိုင်ငံများ ပါဝင် ဆက်နွယ်နေကြသည်။ အကယ်၍ ဗရာဇီးနိုင်ငံတွင် ကော်ဖီစေ့ အထွက်သည်လျှင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့နှင့် ပိုလန်နိုင်ငံ ဝါဆောမြို့တွင် နံနက်စာ စေ့းတက်သည်။ အကယ်၍ ဆိုဗီယက်ပြည်ထောင်စုတွင် ဂျုံအထွက်ဆုတ်လျှင် အမေရိကန်ပြည်ထောင်စု ကင်းဆပ်ပြည်နယ်မှ လယ်သမားများက စိုက်ပျိုးရေး အစီအစဉ်များကို အပြောင်းအလဲ လုပ်ရသည်။ အကယ်၍ အနောက်အာရှတွင် ရေနံစိမ်းစေ့းနှုန်းကို တိုးမြှင့်လျှင် အမေရိကန်ပြည်ထောင်စု ဗော်စတွန်မြို့နှင့် အာဖရိက ဘူဂျန်ဘူရားမြို့များတွင် အခက်အခဲများကြုံရလေ့ရှိသည်။

ကမ္ဘာ့စီးပွားရေးတွင် ပါဝင်ဆက်နွယ်နေသည့်နိုင်ငံပေါင်း ၁၅၀ ကျော်ရှိသည်။ ယင်းနိုင်ငံများကို သုံးမျိုးသုံးစား ခွဲခြားနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးပြီးစေ့းကွက် စီးပွားရေးနိုင်ငံများနှင့် ဖွံ့ဖြိုးပြီး ဗဟိုမှ စီမံကိန်းရေးဆွဲသည့် နိုင်ငံများဟူ၍ ဖြစ်သည်။ တတိယအုပ်စုကို အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများဟူ၍လည်း ခေါ်လေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အာဖဂန်စတန်၊ အယ်ဂျီးရီးယား၊ အင်ဂိုလာ၊ အာဂျင်တီးနား၊ ဗဟားမား၊ ဗာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ဗူရွန်ဒီမှစ၍ ဗင်နီဇွဲလား၊ ဗီယက်နမ်၊ ယေမင်၊ ယူဂိုစလားဗီးယား၊ ဇိုင်ယာ၊ ဇမ္ဗီးယား အပါအဝင် နိုင်ငံစုစုပေါင်း ၁၂၀ ကျော်ရှိသည်။ ကမ္ဘာ့လူဦးရေသန်း ၄,၀၀၀ ကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသည်။ ကမ္ဘာ့ကုန်ထုတ်လုပ်မှု စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းရှိသည်။ လူတဦး၏ထုတ်လုပ်မှုတန်ဖိုးသည် ဒေါ်လာ ၃၀၀ အောက်မှ ဒေါ်လာ ၁၀,၀၀၀ အထိရှိသည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံ အများစုဌ်ဒ တဦးဝင်ငွေ ဒေါ်လာ ၃၀၀ ထက်နည်းသည့် နိုင်ငံက များလေသည်။

ဖွံ့ဖြိုးပြီး စျေးကွက်စီးပွားရေးနိုင်ငံများတွင် သြစတြေးလျ၊ သြစတြီးယား၊ ဗယ်ဂျီယံ၊ ပြင်သစ်၊ ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံ၊ အီတလီ၊ ဂျပန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စု စသည်တို့ပါဝင်ပြီး စုစုပေါင်း ၂၄ နိုင်ငံရှိသည်။ ထိုနိုင်ငံများသည် အခြမ်းသာဆုံးနှင့် စက်မှုနည်းပညာ အဆင့်အတန်းအမြင့်မားဆုံးဖြစ်ပြီး အို အိုးစီဒီခေါ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး အဖွဲ့ဝင်နိုင်ငံများဖြစ်သည်။ ယင်းနိုင်ငံများတွင် ကမ္ဘာ့လူဦးရေ၏ ၁၈ ရာခိုင်နှုန်း နေထိုင်ကြပြီး ကမ္ဘာ့ ကုန်ထုတ်လုပ်မှု စုစုပေါင်းတွင် ၆၅ ရာခိုင်နှုန်း ပါဝင်သည်။ တဦးကျ ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာ ၂၅,၀၀၀ ကျော်ရှိသည်။

ဖွံ့ဖြိုးပြီး ဗဟိုမှ စီမံကိန်းရေးဆွဲသည့်နိုင်ငံများ(ဥရောပ ဆိုရှယ်လစ်နိုင်ငံများ) မှာ အယ်ဘေးနီးယား၊ ဗူဂေးရီးယား၊ ချက်ကိုဆလိုဗက်ကီးယား၊ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဟန်ဂေရီ၊ မွန်ဂိုလီးယား၊ ပိုလန်၊ ရိုမေးနီးယားနှင့်ဆိုဗီယက်ပြည်ထောင်စုတို့ ဖြစ်သည်။ ထိုနိုင်ငံများဘွင် ကမ္ဘာ့လူဦးရေ၏ ကိုးရာခိုင်နှုန်းနေထိုင်ကြပြီး ကမ္ဘာ့ စုစုပေါင်းထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်း ထုတ်လုပ်ကြသည်။ ပြည်တွင်းထုတ်လုပ်မှု စုစုပေါင်းတွင် တဦးကျ ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာ ၂,၇၀၀ ကျော်ရှိသည်။

ငယ် အတောအတွင်း ငွေဖောင်းပွမှုသည် ဖွံ့ဖြိုးပြီး စျေးကွက် စီးပွားရေးနိုင်ငံ အများအပြားတွင် ဂဏန်းနှစ်လုံးသို့ ရောက်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ၂၀ ရာခိုင်နှုန်းကျော် ရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်ကုန်အထိ ငွေဖောင်းပွမှုသည် ကြီးမားသော အတိုင်းအတာဖြင့် ကျဆင်းမည့် အလားအလာမှာ မှေးမှိန်လှသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ နှစ်မျိုးစလုံးမှ ရေနံ ဝယ်ယူတင်သွင်းရသည့် နိုင်ငံအများစု၏ ပြည်ပငွေပေးငွေယူ ရှင်းတမ်းအခြေအနေသည် ဆိုးရွားစွာ ကျဆင်းခဲ့ပြီး ရေနံတင်ပို့ ရောင်းချသည့် နိုင်ငံများတွင်မူ နိုင်ငံခြားငွေ အပိုအလျှံများစွာ ကြီးထွားခဲ့သည်။ ရေနံတင်ပို့ရောင်းချခြင်းမပြုနိုင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏အခြေအနေသည် ပို၍ဆိုးရွားဖွယ်ရာရှိသည်။ ဝင်ငွေနည်းပါးသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏အခြေအနေမှာလည်း အထူးတလည် ဆိုးရွားသည်။ ထိုနိုင်ငံများသည် လိုငွေပြနေမှု ကြီးထွားနေခြင်းကို ကာမိစေရန် အတွက် ပဂ္ဂလိက ငွေကြေးစျေးကွက်မှ ငွေကြေးချေးယူရရှိရန် ပို၍ခက်ခဲလာသောကြောင့် ဖြစ်သည်။ လိုအပ်သည့် ငွေကြေး မရရှိနိုင်ကြသဖြင့် ထိုနိုင်ငံများသည် ယင်းတို့၏ စီးပွားရေး ကြီးထွားနှုန်းကို လျှော့ချရန်မှအပ အခြားရွေးချယ်စရာလမ်း မရှိပေ။

ကမ္ဘာ့စီးပွားရေးတွင် လောလောဆယ် ရင်ဆိုင်နေရသော အခက်အခဲများကြောင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အသစ်ထပ်မံပြုလုပ်ရန် လိုအပ်လျက်ရှိသည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်၏ မူလရည်မှန်းချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် ပိုမိုဆင်းရဲသော နိုင်ငံများ၏ ကြီးထွားနှုန်းများကို ကမ္ဘာ့စီးပွားရေးမှ ဖြစ်ပေါ်လာသည့် အနှောင့်အယှက် အတား အဆီးများမှ ကာကွယ်ရန် ဖြစ်သင့်သည်။ စုမ်းအင် ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ နားလည်မှုရရှိပြီး စုမ်းအင်စျေးနှုန်းကို ပို၍ နေသားတကျဖြစ်အောင် ထိန်းညှိပေးနိုင်လျှင် များစွာ အကျိုးဖြစ်ထွန်းဖွယ်ရာရှိသည်။ ယင်းလုပ်ငန်း နယ်ပယ်တွင် အပြည်ပြည်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့် ပို၍ကြီးကျယ်သောပြဿနာများ ဖြစ်သည့်ငွေဖောင်းပွမှုပြဿနာများနှင့် စီးပွားရေး စုမ်းဆောင်ရည် ပိုမိုကောင်းမွန်ရေး ပြဿနာများ ဖြေရှင်းရေးကို အထောက်အကူပြုနိုင်သည့် အခြေအနေကောင်းများ ဖန်တီးနိုင်မည် ဖြစ်သည်။

စီးပွားရေးဆုတ်ယုတ်မှု၊ ငွေကြေးဖောင်းပွမှုနှင့် ငွေပေးချေမှုအခက်အခဲပြဿနာများ

ကမ္ဘာ့စီးပွားရေး ကြီးထွားမှုသည် ၁၉၇၉ ခုနှစ်အတွင်း တွင်သိသိသာသာ နှေးကွေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် လည်းဆက်လက် နှေးကွေးဖွယ်ရာရှိသည်။ ဤသို့ စီးပွားရေး အရှိန်အဟုန်ကျဆင်းမှု၏ နောက်ဆွယ်မှ ငွေဖောင်းပွမှု ကျယ်ပြန့် ကြီးထွားမှုသည် ထပ်ခြပ်မကွာ လိုက်ပါလာသည်။ ၁၉၇၉ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ် ပထမလ အနည်း

ကမ္ဘာ့စီးပွားရေး ကြီးထွားမှုသည် ၁၉၇၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး ကြီးထွားမှုသည် များစွာနှေးကွေးကျဆင်းခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ၄ ဒသမ



ရေနံတင် သင်္ဘောကြီးပေါ်သို့ ပိုက်လိုင်းမျှားဖြင့် ရေနံစိမ်းများ တင်ပို့နေစဉ်

၄ ထုခိုင်နှုန်းရှိခဲ့ရာမှ ၁၉၇၉ ခုနှစ်တွင် ၃ ဒသမ ၄ ထုခိုင်နှုန်းသာ ရှိသည်။ ၁၉၇၀ ပြည့်နှစ်များ၏ နှစ်လယ်ပိုင်းမှ စ၍ စီးပွားရေး ကြီးထွားနှုန်းများ ကျဆင်းခဲ့သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး ကြီးထွားမှု အခြေအနေ ကောင်းမွန်ခဲ့ပြီး ၁၉၇၀ ခုနှစ်တွင် ၄ ဒသမ ၄ ထုခိုင်နှုန်းရှိခဲ့ရာမှ ၁၉၇၉ ခုနှစ်တွင် ၅ ထုခိုင်နှုန်းအထိ ကြီးထွားလာခဲ့သည်။ ဤသို့ ဖြစ်လာခြင်း၏ အဓိကအကြောင်းမှာ ရေနံတင်ပို့ရောင်းချသော နိုင်ငံများတွင် စီးပွားရေးအခြေအနေ ကောင်းမွန်လာခြင်းကြောင့် ဖြစ်သည်။ ရေနံတင်ပို့ရောင်းချခြင်းမပြုနိုင်သော နိုင်ငံများအတွက်မူ ပို၍ စက်မှုဖွံ့ဖြိုးသော နိုင်ငံအစုကလေး တစုမှ တပါး ကျန်နိုင်ငံအားလုံးတို့၏ စီးပွားရေး ကြီးထွားမှုမှာ ညံ့ဖျင်းခဲ့သည်။ စီးပွားရေးလုပ်ငန်းများ၏ အရှိန်အဟုန်မှာ ဖွံ့ဖြိုးပြီးစေးကွက် စီးပွားရေးနိုင်ငံများနှင့် ဗဟိုမှ စီမံကိန်းရေးဆွဲသော နိုင်ငံများတွင်ပါ အရှိန်အဟုန်များစွာ နှေးကွေးခဲ့သည်။ ဖွံ့ဖြိုးပြီးစေးကွက် စီးပွားရေးနိုင်ငံများ၌ ၁၉၇၀ ခုနှစ်တွင် စီးပွားရေး ကြီးထွားနှုန်း ၃ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၇၉ ခုနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဗဟိုမှ စီမံကိန်းရေးဆွဲသော နိုင်ငံများတွင် ၅ ဒသမ ၈ ရာခိုင်နှုန်းမှ ၂ ဒသမ ၇ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးကျဆင်းခဲ့သည်။

၁၉၈၀ ပြည့်နှစ် အတွင်း ကမ္ဘာ့ စီးပွားရေးကြီးထွားနှုန်းသည် ထပ်မံကျဆင်းပြီး ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိမည် ဖြစ်လေသည်။ ဖွံ့ဖြိုးပြီးစေးကွက် စီးပွားရေးနိုင်ငံများအနက် ၁၉၇၉ ခုနှစ် အတွေ့အကြုံနှင့် ကဲ့ပြားခြားနားစွာ ၁၉၈၀ ပြည့်နှစ်တွင် တပြိုင်တည်း စီးပွားရေးလုပ်ငန်းများ နှေးကွေး ကျဆင်းလိမ့်မည်။ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့တွင် ပျမ်းမျှထုတ်လုပ်မှု ကျဆင်းမည် သို့မဟုတ် ကြီးထွားမှုမရှိပဲ ဖြစ်မည်။ အခြားသော အဓိက စက်မှုနိုင်ငံများ၏ ကြီးထွားနှုန်းမှာ အသင့်အတင့်သာ ရှိမည်။ ကျန်နိုင်ငံအားလုံးကို လွှမ်းခြုံသော စီးပွားရေး တိုးတက်မှုနှုန်းသည် ၁ ဒသမ ၅ ရာခိုင်နှုန်းရှိမည်။ ရာသီဥတု အခြေအနေ၊ ရေရှည်စွမ်းအင်သုံးစွဲမှု ထိန်းချုပ်ရသည့် အခြေအနေ၊ စက်မှုကုန်ကြမ်းများ ပြတ်လပ်သည့် အခြေအနေများကြောင့် ၁၉၇၉ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ကုန်ချောထုတ်လုပ်ငန်းများ အကြီးအကျယ်ထိခိုက်ခဲ့သော ဗဟိုမှ စီမံကိန်းရေးဆွဲသော နိုင်ငံများသည် ၁၉၈၀ ပြည့်နှစ်တွင် ကုန်ထုတ်လုပ်မှုကြီးထွားနှုန်း ပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်နိုင်ပြီး ၄ ဒသမ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်သည်။

လောလောဆယ် အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အခွင့်မသာသော အနေ

အထားမျိုးရှိနေဝဲသည်။ ရေနံတင်ပို့ခြင်းမပြုသော နိုင်ငံများ၏ ကုန်သွယ်ရေးရှင်းတမ်းသည် သုံးနှစ်ဆက်တိုက်ကျဆင်းမည်ဟု မျှော်လင့်ရသည်။ သွင်းကုန်များကို ချုတာခြင်းအားဖြင့် လည်းကောင်း၊ နိုင်ငံခြားသုံးငွေကို အနိမ့်ဆုံးအဆင့်အထိ ထားရှိခြင်းဖြင့် လည်းကောင်း ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကြီးထွားနှုန်း ၅ ရာခိုင်နှုန်း ရှိလာနိုင်သည်။ ယင်းသည် ၁၉၇၉ ခုနှစ်၏ ကြီးထွားနှုန်းမှ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခြင်းဖြစ်သည်။ သို့ရာတွင် တနိုင်ငံချင်း၏ ကြီးထွားနှုန်းများသည် များစွာမညီမညာဖြစ်မည်။ ဝင်ငွေနည်းသော နိုင်ငံများတွင် အချို့မည်သော လျော့နည်းမှုများရှိမည်။ ဤနိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးစျေးကွက်နှင့် လက်လှမ်းမမီသည့်အပြင် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက ရရှိခဲ့သော အိုဒီအေခေါ် တရားဝင် ဖွံ့ဖြိုးရေးအကူအညီများ လျော့နည်းကျဆင်းပြီး များစွာ ထိခိုက်မှုရှိမည်။ ၁၉၇၀ ပြည့်နှစ်တွင် ကုလသမဂ္ဂမှ အတည်ပြုခဲ့သော အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုမဟာဗျူဟာအရ အိုဒီအေ ဖွံ့ဖြိုးမှုအကူအညီကို ၁၉၈၀ ပြည့်နှစ်တွင် စက်မှုဖွံ့ဖြိုးသောနိုင်ငံများက ယင်းတို့၏ စုစုပေါင်း အမျိုးသားထုတ်ကုန်တန်ဖိုး၏ ဒသမ ၇ ရာခိုင်နှုန်း တိုးပေးကြရန် ကုလသမဂ္ဂ အထွေထွေ ညီလာခံက တိုက်တွန်းခဲ့သည်။ အမှန်တကယ်တွင် ၁၉၇၁ ခုနှစ်တွင် ဒသမ ၃၄ ရာခိုင်နှုန်းမှ ၁၉၇၄ ခုနှစ်တွင် ဒသမ ၃၂ ရာခိုင်နှုန်းအထိ လျော့နည်းခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် ဒသမ ၃၀ အထိ ထပ်မံလျော့နည်းခဲ့သည်။

လောလောဆယ် အပြည်ပြည်ဆိုင်ရာ မူဝါဒ၏ ဘောင်အတွင်း ရေနံတင်ပို့ရောင်းချခြင်း မပြုသော ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ အလားအလာကို ၁၉၈၅ ခုနှစ်အထိ ထူးခြားစွာ တိုးတက် ကောင်းမွန်လာမည်ဟု မျှော်လင့်၍ ရမည်မဟုတ်ပေ။ အဓိကကျသော စီးပွားရေး စွမ်းဆောင်ရည်နှင့် အစိုးရများ၏ မူဝါဒများကြောင့် ကမ္ဘာ့စီးပွားရေးသည် ၁၉၈၁ နှင့် ၁၉၈၂ ခုနှစ်တို့တွင် ကြီးထွားနှုန်း အရှိန်အဟုန် ပြန်လည်ကောင်းမွန်လာမည်ဟု ယူဆရသည် ဖွံ့ဖြိုးပြီး စျေးကွက် စီးပွားရေးနိုင်ငံများ၏ အခြေအနေပြန်လည်ကောင်းမွန်လာမှုအပေါ် တွင် ယင်းတိုးတက်မှုများ တည်မှီနေမည် ဖြစ်သည်။ ရေနံတင်ပို့ရောင်းချခြင်းမပြုသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြီးထွားနှုန်းသည် ဆက်လက်၍ နှေးကွေးမည်။ ၁၉၈၅ ခုနှစ်၏ နောက်ပိုင်းနှစ်များတွင် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများ၏ ကုန်ထုတ်လုပ်မှုသည် တနှစ်လျှင် ၃ ရာခိုင်နှုန်းခန့် ကြီးထွားမည်။ ဤသို့ကြီးထွားမှုနှေးကွေးခြင်းက အထူးသဖြင့် ကုန်ကြမ်းများ တင်ပို့ရောင်းချမှုအပေါ် အဓိကအားထားနေရသည့် ရေနံတင်ပို့ရောင်းချခြင်းမပြုသော နိုင်ငံများ၏ ကြီးထွားနှုန်း အလားအလာများကို များစွာထိပါးစေလိမ့်မည်ဖြစ်သည်။



ကုန်တိန်နာစနစ်အသုံးပြုထားသော
ပင်လယ်ကူးသင်္ဘောကြီးများ

ငွေဖောင်းပွမှု ကြီးထွားခြင်း

ဈေးကွက် စီးပွားရေး နိုင်ငံများတွင် ငွေဖောင်းပွမှုကို ဖြစ်စေသည့် အခြေအနေ အကြောင်းရပ်များသည် ၁၉၇၉ ခုနှစ်မတိုင်မီ နှစ်များမှစ၍ အရှိန်အဟုန်ဖြင့် ပေါင်းဆုံစုစည်းလာခဲ့ပြီး ၁၉၇၉ ခုနှစ်သို့ရောက်သောအခါ ယေဘုယျအားဖြင့် တရှိန်ထိုးမြင့်တက်ခဲ့သည်။ အချို့သောအကြောင်းအချက်များကြောင့် ဈေးနှုန်းကြီးထွားမှုနှုန်းအရှိန်ကြီးမားခဲ့သည်။ ဈေးနှုန်းကြီးထွားစေသည့် ပထမအချက်မှာ ထိုတိုင်းပြည်များအတွင်းရှိ အသီးသီးသော လူမှုစီးပွားရေးအုပ်စုများက ယင်းတို့၏ အမှန်တကယ်ဝင်ငွေများကို ကာကွယ်ရန် ကြိုးစားကြခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည် ကြီးထွားမှုအပေါ် စီးပွားရေးမရေရာမှုများက မကောင်းသောအကျိုး သက်ရောက်မှုများ ဖြစ်ပေါ် စေခြင်းဖြစ်သည်။ တတိယအချက်မှာ ထုတ်လုပ်မှုစွမ်းရည် ကြီးထွားနှုန်း မလုံလောက်ခြင်းဖြစ်သည်။ ထိုအခြေအနေကြောင့် လုပ်ခကြီးထွားမှုကို ငွေဖောင်းပွမှုမဖြစ်စေသည့်ပုံစံဖြင့် ထိန်းချုပ်နိုင်စွမ်း နည်းပါး

ကြီးထွားနေသော ငွေပေးချေမှု အခက်အခဲများ

လော လော ဆယ် ကမ္ဘာ့စီးပွားရေး အခြေအနေ၏ နောက်ထပ် ထင်ရှားသော အသွင်အပြင်တရပ်မှာ ကုန်သွယ်မှု မညီမျှမှုများကြောင့် နိုင်ငံအများအပြားတို့တွင် ပြည်ပ ငွေပေးငွေယူရှင်းတမ်း မညီမျှမှုများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ရေနံ တင်ပို့ရောင်းချနေသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ငွေပို့ငွေလွှဲများမှာ ၁၉၇၀ ခုနှစ်တွင် ဒေါ်လာ သန်းပေါင်း ၈၀၀၀ ခန့်မှ ၁၉၈၀ ပြည့်နှစ်တွင် သန်းပေါင်း ၁၀,၀၀၀ ကျော်ရှိလာသည်။ ယင်းကာလအတောအတွင်း မှာပင် ဖွံ့ဖြိုးပြီး စျေးကွက်စီးပွားရေးနိုင်ငံများတွင် ပို့ငွေ ဒေါ်လာသန်းပေါင်း ၃၆,၀၀၀ မှလို့ငွေ သန်းပေါင်း ၃၃,၀၀၀ သို့ပြောင်းလဲခဲ့သည်။ ဗဟိုမှ စီမံကိန်းရေးဆွဲသည့် နိုင်ငံများအတွင်းတွင်လည်း ကုန်သွယ်မှုရှင်းတမ်း အခြေအနေများက ကုန်သွယ်မှုအပေါ် များစွာ သြဇာလွှမ်းမိုး ရိုက်ခတ်လျက်ရှိသည်။ ရေနံ တင်ပို့ရောင်းချသည့် နိုင်ငံဖြစ်သော ဆိုဗီယက်ပြည်ထောင်စု၏ ကုန်သွယ်ရေးရှင်းတမ်း ပို့ငွေ ပြမှုမှာ ၁၉၇၈ ခုနှစ်မှစ၍ များစွာ ကြီးထွားခဲ့သည်။ အခြားတဘက်တွင် အရှေ့ဥရောပနိုင်ငံများ၌ ကုန်သွယ်ရေးရှင်းတမ်း အခြေအနေ ဆိုးရွားနေသည့် ကြားမှပင် လိုငွေနည်းပါးစေရန် သွင်းကုန်ပမာဏကို လျှော့ချနေကြရသည်။ တရုတ်နိုင်ငံမှာမူထုတ်ထည်ကြီးမားသော သွင်းကုန် ပမာဏကြောင့် လိုငွေပြမှုသည် များစွာကြီးထွားခဲ့သည်။

သို့ရာတွင် ပြည်ပ ငွေပေးငွေယူရှင်းတမ်း၌ လိုငွေပြမှု ကြီးထွားနေခြင်းကြောင့် အထိခိုက်ဆုံးသော နိုင်ငံများမှာ ရေနံတင်ပို့ခြင်း မပြုသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်သည်။ ၁၉၇၈ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်ကြားတွင် လိုငွေပြမှုမှာ လာခြင်းကို ဆိုလိုသည်။ စတုတ္ထအချက်မှာ စွမ်းအင်စျေးနှုန်းများမြင့်တက်နေခြိန်တွင် ထိရောက်သော စွမ်းအင်ဆိုင်ရာ မူဝါဒများ မရှိခြင်းဖြစ်သည်။ ကုန်ကြမ်းစျေးနှုန်းများအထူးသဖြင့် ရေနံစျေးနှုန်းများ အလွန်ကြီးမြင့်နေသည်။ ရေနံစျေးနှုန်းများသည် ၁၉၇၈ ခုနှစ်၏ နှစ်ကုန်ပိုင်းမှ ၁၉၈၀ ပြည့်နှစ် မတ်လကုန်အထိ ရာခိုင်နှုန်း ၁၃၀ ကျော် အထိ မြင့်တက်ခဲ့သည်။ အခြားသော အကြောင်းအချက်များကြောင့် ကမ္ဘာ့စျေးကွက်များတွင် အခြားသော စက်မှုကုန်ကြမ်းပစ္စည်း စျေးနှုန်းများလည်း များစွာတက်ရိပ်ပြလျက်ရှိလေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငွေဖောင်းပွမှု ကြီးထွားခဲ့ခြင်းမှာ အများအားဖြင့် သွင်းကုန်စျေးနှုန်းများ အလွန်မြင့်မားလျက်ရှိခြင်းကြောင့် ဖြစ်သည်။ ရေနံတင်ပို့ရောင်းချခြင်း မပြုသောနိုင်ငံများသည် ရေနံစျေးနှုန်းများ ကြီးမြင့်ခြင်းအပြင် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများမှ တင်သွင်းရသည့်ကုန်ချောပစ္စည်းစျေးနှုန်းများအလွန်ကြီးမြင့်နေခြင်းနှင့်လည်း ရင်ဆိုင်နေကြရသည်။ ဖွံ့ဖြိုးပြီး စျေးကွက်စီးပွားရေးနိုင်ငံများတွင် ငွေဖောင်းပွမှုများဖြစ်ရခြင်းမှာကုန်ကြမ်းပစ္စည်းစျေးနှုန်းများ မြင့်မားခြင်းကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။ ဗဟိုမှစီမံကိန်းရေးဆွဲသည့် နိုင်ငံများတွင်လည်း ပြည်တွင်းစျေးနှုန်းတည်ငြိမ်မှုကို အဓိကမူဝါဒအဖြစ် ချမှတ်လုပ်ဆောင်နေသည့်ကြားမှပင် ပြည်ပမှမြစ်ဖျားခံလာသော ငွေဖောင်းပွမှု ဖိအားပေးခြင်းများ ကြီးထွားမှုနှင့် ရင်ဆိုင်နေကြရသည်။

စက်ဘူနိုင်ငံ ဆိပ်ကမ်းတွင်
ဆန်အိတ်များ သယ်ချနေစဉ်



အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၅,၀၀၀ မှ သန်းပေါင်း ၆၉,၀၀၀ အထိ ကြီးထွားလာခဲ့သဖြင့် နိုင်ငံအများစုတို့သည် ယင်းတို့၏ အရန်ငွေများကို မလွဲမရှောင်သာပဲ ထုတ်သုံးခဲ့ရသည်။ အခြို့သော နိုင်ငံများသည် အခြေအနေ များစွာဆိုးရွားလျက်ရှိသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးစျေးကွက်ကို လက်လှမ်းမီသော နိုင်ငံများသည် ငွေအမြောက်အများကို ဆက်လက်ချေးယူနေကြရလေသည်။

မူဝါဒဆိုင်ရာ ပြဿနာအခြို့

ယင်းသို့သော အခြေအနေမျိုးတွင် ကမ္ဘာ့မိသားစုနိုင်ငံများသည် ငွေဖောင်းပွမှုနှင့် ငွေကြေး အဆင်မပြေမှုများကြောင့် ပေါ်ပေါက်သည့်ပြဿနာများကို ဖြေရှင်းရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်လျက်ရှိသည်။ ရေနံတင်ပို့ရောင်းချသော နိုင်ငံများက ရေနံစျေး၏ စျေးမှန်ကိုရရှိအောင် ပြုလုပ်ကြသည်နှင့်အမျှ အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်တွင် ငွေပို့ငွေလှဲများ အမြောက်အများ ဆက်လက်ရရှိကြမည်ဟု အခြေအနေက ဖော်ပြနေသည်။ အခြားတဘက်တွင်မူ များစွာသော နိုင်ငံများသည် ဆက်လက်၍ လိုငွေပြနေကြသည်။ သို့ရာတွင် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများက စီးပွားရေးမူဝါဒတွင် ဦးစားပေး၍ ငွေကြေးဖောင်းပွမှုကို ကုစားခြင်း၊ ဝယ်လိုအားကို လျှော့ချခြင်း၊ ငွေတိုးနှုန်းများ မြှင့်ခြင်းတို့ကို ပြုလုပ်ကာ ပြည်ပသို့ ပေးချေရမည့် လိုငွေပြမှုများကို ရေနံတင်ပို့ ရောင်းချခြင်းမပြုသော ဖွံ့ဖြိုးဆဲ နိုင်ငံများအပေါ် ဝန်ထုပ်ဝန်ပိုးပြောင်းပေးခြင်းများ ပြုလုပ်နေကြသည်။ ဝယ်လိုအားကို ကန့်သတ်ခြင်းဖြင့် သွင်းကုန်များ လျော့နည်းသွားရာ ရေနံတင်ပို့ရောင်းချခြင်း မပြုသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန်များကို ကန့်သတ်ရာရောက်သည်။ ငွေတိုးနှုန်းများ မြှင့်တင်ခြင်းကြောင့်လည်း ဖွံ့ဖြိုးဆဲ နိုင်ငံများသည် လိုငွေပြမှုများကို ဖြည့်ဆည်းရန်အတွက် ပုဂ္ဂလိက ဘဏ်များမှ ငွေချေးယူရန် ပို၍ခက်ခဲပြီး အတိုးနှုန်း ကြီးမြင့်သောကြောင့် ပို၍ အကုန်အကျများသည်။ ဤသို့ ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများက ပူးပေါင်း ညှိနှိုင်းခြင်း မပြုပဲ ကန့်သတ်ထိန်းချုပ်သည့် မူဝါဒများ ကျင့်သုံးနေခြင်းကြောင့် လက်တွေ့အားဖြင့် မိမိတို့၏ ငွေရေးကြေးရေးတွင် လိုငွေပြနေမှုများကို ကုစားရန် လုပ်ဆောင်ရာ၌ ရေနံ တင်ပို့ရောင်းချခြင်း မပြုသော ဖွံ့ဖြိုးဆဲ နိုင်ငံများ အပေါ် ဝန်ထုပ်ဝန်ပိုးများ လွှဲပြောင်းပေးသလို ဖြစ်နေသည်။

၁၉၇၀ ခုနှစ် ဇူလိုင်လတွင် အဓိက စက်မှုနိုင်ငံကြီးများ၏ ထိပ်သီး အစည်းအဝေးကို ပြည်ထောင်စုသမ္မတ ကျွာမနီနိုင်ငံ ဘွန်မြို့၌ကျင်းပ၍ ငွေဖောင်းပွမှုနှင့် ငွေပေးချေမှု အဆင်မပြေသည့်ပြဿနာများကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းကုစားရန် ကြိုးစားခဲ့ဖူးသည်။ ယင်းကြိုးပမ်းမှုသည် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများနှင့်သာ ပတ်သက်အကျုံးဝင်ခဲ့သဖြင့် အောင်မြင်သည့် အတိုင်းအတာမျိုး မရရှိခဲ့ပေ။ ပို၍ ထိရောက်မှုရှိသော အပြည်ပြည်ဆိုင်ရာကြိုးပမ်းမှု ပြုလုပ်လျှင် ရေနံတင်ပို့ရောင်းချသော ဖွံ့ဖြိုးဆဲ နိုင်ငံများလည်း ပါဝင်ပတ်သက်ရမည်။ ရေနံတင်ပို့ရောင်းချသော နိုင်ငံများ၏ အကျိုးစီးပွားအတွက် ဖွံ့ဖြိုးရေး၊ စုဆောင်းအင်ထိန်းသိမ်းရေးနှင့် အသုံးပြုရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ နားလည်မှုမှတဆင့် အရေးယူ ဆောင်ရွက်သင့်သည်။ ယင်းတို့၏ စျေးနှုန်းနှင့် ပတ်သက်သော ရည်မှန်းချက်များ ရရှိရေးအတွက် ရည်မှန်းချက်ကို စနစ်တကျနှင့် တဖြည်းဖြည်း တကယ့်အမှန် ရေနံစျေးနှုန်းရရှိရေးဒဏ်အတွက် ဆောင်ရွက်ရန်လိုသည်။ ယင်း နားလည်မှုသည် ရေနံတင်ပို့ရောင်းချသော နိုင်ငံများအား ငွေပို့ငွေလှဲများ ဆက်လက်ရရှိရေးကိုလည်း အကျိုးပြုမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေးကို မရေမရာဖြစ်စေသည့် အဓိက အကြောင်းရင်းများ အနက်မှ တခုကိုဖယ်ရှားနိုင်ပြီး ငွေရေးကြေးရေးအခြေအနေ မတည်မငြိမ်ဖြစ်မှုများ နောက်ထပ်မဖြစ်ပွားရန် တားဆီးရေးကိုလည်း အထောက်အကူပြုနိုင်သည်။

ရေနံ တင်ပို့ရောင်းချခြင်း မပြုသော ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများ အကျိုးအတွက် စုဆောင်းအင်နှင့် အခြားကုန်ပစ္စည်းများ၏ စျေးနှုန်းပြောင်းလဲရေး၊ အရှည်သဖြင့် ရေနံရရှိနိုင်ရေးနှင့် ပတ်သက်သော ပြည်တွင်းရေးဆိုင်ရာ မူဝါဒများကို ပြန်လည်ညှိနှိုင်းရမည်။ ယင်းနှင့် တချိန်တည်းမှာပင် ဖွံ့ဖြိုးပြီးစျေးကွက်နိုင်ငံများ၏ မူဝါဒများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးအခြေအနေ ယိုယွင်းမှုနှင့် ကြီးထွားရေးအလားအလာများ မပျက်ပြားစေသင့်ပေ။ ဖွံ့ဖြိုးဆဲနိုင်ငံများက ငွေဖောင်းပွမှု တိုက်ဖျက်ရေးမူဝါဒများ လိုက်နာကျင့်သုံးစေနိုင်သည့် အတိုင်းအတာအထိ ရေနံတင်ပို့ရောင်းချခြင်း မပြုသော နိုင်ငံများကို ငွေရေးကြေးရေး အခြေအနေ ကောင်းမွန်လာစေရန် ဖွံ့ဖြိုးပြီးစျေးကွက် စီးပွားရေးနိုင်ငံများက ငွေကြေးများ ထပ်လောင်းကူညီသင့်သည်။ ထို့ပြင် ရေရှည်အတွက် ငွေပို့မိုချေးငှားရန်လည်း ပုံစံအမျိုးမျိုးဖြင့် အဖွဲ့အစည်း အမျိုးမျိုးမှတဆင့် စီစဉ်သင့်သည်။ သို့မှသာ ကမ္ဘာ့စီးပွားရေး အခြေအနေသည် ပြန်လည်ဦးမော့လာမည် ဖြစ်ပါသတည်း။

ဦးသန်း



လေမှုန်တိုင်းကြီးများ

သဘာဝဘေးအန္တရာယ်

မိုးလေဝသဂြိုဟ်တုများမှ ပေးပို့သော ဓာတ်ပုံများကိုကြည့်လျှင် တိမ်ပုံများသည် ခရုပတ်သဖွယ် စုခွေ၍နေသည်ကို တွေ့မြင်နိုင်ကြပေမည်။ ယင်းခရုပတ်ခွေတိမ်အစုများသည် မုန်တိုင်းများ၏ ပုံသဏ္ဌာန်ပင်ဖြစ်ပေသည်။ အပူပိုင်းဒေသတွင် တွေ့ရသော မုန်တိုင်းမျိုးကို အပူပိုင်းဒေသမုန်တိုင်းဟုခေါ်သည်။ နွေရာသီတွင် အများအားဖြင့် ဖြစ်ပေါ်လေ့ရှိသည်။ အပူပိုင်းဒေသ အပြင်ဘက်ရှိ မုန်တိုင်းများသည် လေစိုင်ဆုံမုန်တိုင်းများ ဖြစ်ကြသည်။ လေစိုင်ဆုံမုန်တိုင်းမျိုးကို သမပိုင်းဒေသများ၌ တွေ့ရလေ့ရှိသည်။ မုန်တိုင်းဟူသည်မှာ အကြမ်းအားဖြင့် အချင်းမိုင်ပေါင်းများစွာ ကျယ်ဝန်းသည့် လေပြင်းများ ဝေ့ပတ်တိုက်ခတ်သည့် ရုပ်ဝန်းတခုဖြစ်သည်။ ရေခိုး ရေငွေ့လုံလောက်စွာ ရရှိနိုင်သည့်ဒေသများတွင် ဖြစ်ပေါ်သည့်အခါ တိမ်တိုက်တိမ်တောင်များ အများအပြားတွေ့ရသည်။ သဲကန္တာရဒေသများတွင် ဖြစ်ပေါ်တိုက်ခတ်သည့်မုန်တိုင်းသည် ရေခိုးရေငွေ့ အလွန်နည်းပါးသည့်အတွက် သဲမုန်တိုင်း၊ဖုန်မုန်တိုင်းများသာဖြစ်ကြလေသည်။

အပူပိုင်းဒေသမုန်တိုင်းများ

အပူပိုင်းဒေသမုန်တိုင်းများသည် နွေရာသီကျရောက်ရာ ကမ္ဘာခြမ်း၏ အပူပိုင်းဒေသရှိ ပင်လယ်ပြင်များပေါ်၌

စတင်ဖြစ်ပေါ်လေ့ရှိသည်။ မုန်တိုင်းဖြစ်ပေါ်ရန် လိုအပ်သည့် အခြေအနေများသည် အောက်တွင်ဖော်ပြပါအတိုင်းဖြစ်လေသည်။

(က) ပင်လယ်ရေပြင်အပူချိန်သည် ၂၇ ဒီဂရီစင်တီဂရိတ်နှင့် အထက်ရှိခြင်း၊

(ခ) လေပွေလှိုင်းများ ဖြစ်ပေါ်နေခြင်း၊

(ဂ) အထက်နှင့်အောက် လေထုလွှာတို့တွင် လေကြောင်းပြောင်းလဲမှုနည်းခြင်း စသည်တို့ဖြစ်သည်။

မုန်တိုင်းဖြစ်ပေါ်သည့်အခါတွင် အားပျိုးသောအဆင့်၊ အားကောင်းသောအဆင့်၊ မုန်တိုင်းအဖြစ် ရောက်ရှိသော အဆင့်နှင့် မုန်တိုင်းအား ပျက်ပြယ်သောအဆင့်ဟူ၍ မုန်တိုင်းဖြစ်စဉ်ကို လေးပိုင်း ပိုင်း၍လေ့လာနိုင်သည်။

မုန်တိုင်းများသည် အများအားဖြင့် ကမ်းခြေတွင်းသို့ ဝင်ရောက်သည့်အခါ ပျက်ပြယ်သွားလေ့ရှိသည်။ ထို့အတူ ပင်လယ်သမုဒ္ဒရာတွင်း၌ပင် အားပျော့၍ ပျက်ပြယ်သွားသော မုန်တိုင်းများလည်းရှိကြသည်။ မုန်တိုင်းများ အားပျိုးနေချိန်တွင်အောက်လေထုလွှာမှ ရေခိုးရေငွေ့ထောက်ပံ့မှု မလုံလောက်ပါက ပျက်ပြယ်လေ့ရှိလေသည်။

၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများသည် မြောက်ဘက်သို့ရွေ့လျားသွားသည့်အခါ ရေပြင်အပူချိန်နည်းစွာ ရေပြင်ပေါ် သို့ရောက်ရှိခြင်းနှင့် မြောက်ဘက်မှလေအေးများ ဝင်ရောက်လာခြင်းတို့ကြောင့် အားပျော့သွားကြသည်ကိုတွေ့ရှိခဲ့ရလေသည်။

မုန်တိုင်းများ၏ စွမ်းအင်များကို လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာခြင်းအသွင်ဖြင့် တွေ့ရသည်။ ထိုစွမ်းအင်ဖြစ်ပေါ်လာစေရန် မြေပြင်အနီးမှ လိုအပ်သော ရေခိုးရေငွေများ အစဉ်တစိုက် ရရှိနေဖို့လိုအပ်သည်။ မုန်တိုင်းများဖြစ်ပေါ်မှုနှင့် ရွေ့လျားမှုသည် ကမ္ဘာအရပ်ရပ်၏ အပူအအေးအခြေအနေကန့်သတ်မှုကို လျော့နည်းစေသည်ဟုလည်း ဆိုကြလေသည်။

၁၉၇၀ ပြည့်နှစ်အတွင်း၌ ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်းတွင် မုန်တိုင်းပေါင်း ၃၃ ကြိမ်၊ တရုတ်ပင်လယ်တောင်ပိုင်းတွင် မုန်တိုင်း ၁၅ ကြိမ်၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းကိုးကြိမ်၊ မြောက်အတ္တလန္တိတ်သမုဒ္ဒရာတွင် မုန်တိုင်း ၁၁ ကြိမ်နှင့် ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်းတွင် မုန်တိုင်း ၁၄ ကြိမ်ဖြစ်ပေါ်ခဲ့သည်။ စုစုပေါင်း ဂျ ကြိမ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရလေသည်။

တိုင်ဖုန်းဂျိုး

၁၉၇၀ ပြည့်နှစ် ဇူလိုင်လတတိယပတ် အတွင်းတွင် ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်းတွင် တိုင်ဖုန်းကြီး စတင်ဖြစ်ပေါ်ခဲ့သည်။ ဖိလစ်ပိုင်ကျွန်း၏ အရှေ့ဘက် ပင်လယ်ပြင်အရောက်တွင် အားကောင်းလာပြီး တနာရီလျှင် ၂၆ မိုင်နှုန်းဖြင့် အနောက်မြောက်ဘက်သို့ ရွေ့လျားကာ ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတို့ကို တိုက်ခတ်ပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်အတွင်းသို့ ဝင်ရောက်တိုက်ခတ်ကာ ပျက်ပြယ်သွားသည်။

တိုင်ဖုန်းဂျိုးသည် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း လူဇုံကျွန်းကို ဇူလိုင်လ ၂၁ ရက်နေ့က တနာရီလျှင်မိုင် ၁၀၀ ကျော်နှုန်းဖြင့် မွေ့နှောက်သွားခဲ့သည်။ မုန်တိုင်းတိုက်ခတ်ခြင်းခံခဲ့ရသည့် ရပ်ဝန်း၏ အချင်းသည်မိုင်၃၀၀ ကျော်ရှိပြီးမိုင် ၅၀၀ ပတ်လည်တွင် မိုးသည်းထန်စွာ ရွာသဖြင့်တောင်များ ပြိုကျသည်။ လူများကို အစုလိုက် အပြုံလိုက် ဇရပ်ပြောင်း သယ်ယူ ကြရသည်။ လူဇုံကျွန်းသည် ဖိလစ်ပိုင် နိုင်ငံ၏ အဓိကကျွန်းကြီး ဖြစ်သည်။ မုန်တိုင်း ဒဏ်ကြောင့် လူပေါင်း ၁၆ ဦး သေဆုံးပြီး ဆုံးရှုံးမှု တန်ဖိုးသည် အမေရိကန် ဒေါ်လာ ၁၄ သန်းကျော်လေသည်။

စဉ်	ဒေသ	မုန်တိုင်းအဆင့်				စုစုပေါင်း
		မုန်တိုင်းငယ်	မုန်တိုင်း	မုန်တိုင်းကြီး	ဟာရီကိန်း	
၁	ဘင်္ဂလားပင်လယ်အော်	၅	၄	–	–	၉
၂	တရုတ်ပင်လယ်တောင်ပိုင်း	၄	၃	၄	၄	၁၅
၃	ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ပိုင်း	၄	၉	၅	၁၄	၃၃
၄	ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်း	–	၇	–	၇	၁၄
၅	မြောက်အတ္တလန္တိတ်သမုဒ္ဒရာ	–	၂	–	၉	၁၁
၆	တောင်အတ္တလန္တိတ် သမုဒ္ဒရာ	–	–	–	–	–
	စုစုပေါင်း	၁၃	၂၅	၉	၃၅	၈၂

လူငုံကျွန်းကို တိုက်ခတ်ခဲ့သော ဂျိုးသည် အရွှေမြောက် ဘက်သို့ ဆက်လက်ရွေ့လျားသွားပြီး တရုတ်ပြည်တောင် ပိုင်းရှိ ချန်ကီသန် ဆိပ်ကမ်းမြို့ကို ဇူလိုင်လ ၂၂ နှင့် ၂၃ ရက်နေ့များတွင် ၇ နာရီကြာမျှ လေပြင်းတိုက်ခတ်ခဲ့သည်။ ယင်းမုန်တိုင်း၏ လေတိုက်နှုန်းသည် တနာရီလျှင် မိုင် ၁၀၀ ကျော်နှုန်း ရှိခဲ့သည်။ ထိုဒေသ၏ ၂၅ နှစ်အတွင်း အဆိုး

၁၉၇၀ ပြည့်နှစ်အတွင်း ကမ္ဘာပေါ်တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းဒေသ မုန်တိုင်းများအနက် ထူးထူးခြားခြား ဖြစ်ပေါ်ခဲ့သော မုန်တိုင်းကြီးများ။

ဝေါဟာရ	အမြားဆုံးလေတိုက်နှုန်း (တနမ)
မုန်တိုင်းငယ်	၃၂–၃၈ မိုင်နှုန်း
ဆိုင်ကလုန်းမုန်တိုင်း	၃၉–၅၄ ″
ဆိုင်ကလုန်းမုန်တိုင်းကြီး	၅၅–၇၂ ″
အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး	၇၃ နှင့် အထက်

ရွာဆုံးသော လေဘေးဒဏ်ခံခဲ့ရခြင်းဖြစ်သည်။ မုန်တိုင်း ဒဏ်ကြောင့် လူပေါင်း ၁၀၀ ကျော်သေဆုံးသည်။ ခဘတ် မြေသြဇာများ ချနေသည့် တန်ချိန် ၂၀,၀၀၀ ရှိ ကုန်တင် သင်္ဘောကြီးတစင်းလည်း နစ်မြုပ်သွားခဲ့လေသည်။

အယ်လင်အမည်ရှိဟာရီကိန်းမုန်တိုင်းကြီး

၁၉၇၀ ပြည့်နှစ်အတွင်း အတ္တလန္တိတ်သမုဒ္ဒရာ မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများအနက် ၁၉၇၀ ပြည့်နှစ် သြဂုတ်လ ၁၀ ရက် တနင်္ဂနွေနေ့တွင် အမေရိကန်ပြည် ထောင်စု တက္ကဆက်ပြည်နယ် ကမ်းရိုးတန်းကို ဝင်ရောက် တိုက်ခတ်သွားသည့် အယ်လင်အမည်ရှိ မုန်တိုင်းကြီးသည် ပထမဆုံးမုန်တိုင်းကြီးဖြစ်ပြီး ဆယ်စုနှစ်အတွင်း အပြင်း ထန်ဆုံးမုန်တိုင်းကြီး ဖြစ်ခဲ့သည်။ မြောက်အတ္တလန္တိတ် သမုဒ္ဒရာအနောက်ပိုင်းတွင် စတင်ဖြစ်ပေါ်ပြီး ကာရစ်ဘီယံ ကျွန်းစုကို ဖြတ်သန်းရာတွင် အလွန်အားကောင်းသော မုန်တိုင်းကြီးအဖြစ်ဖြင့် ဖြတ်ကျော်လာခြင်းဖြစ်သည်။ မုန် တိုင်းလမ်းကြောင်း တလျှောက်တွင် အရွှေမှအနောက်သို့ ရွေ့လျားကာ မိုင် ၃၀၀၀ ခန့်ရှည်သော ပေါတီကျွန်း၊ ကျူးဗားကျွန်း၊ ယူကေတန်ကျွန်းဆွယ်စသည့် ဒေသတို့၌ အပျက်အစီးများစွာ ဖြစ်ပေါ်စေခဲ့သည်။ လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ပြီး အမေရိကန်ဒေါ်လာ သန်းပေါင်းတ ထောင်ငါးရာကျော်ဖိုးခန့်ပျက်စီးဆုံးရှုံးစေခဲ့သည်။အပူပိုင်း ဒေသ မုန်တိုင်းများကို လေတိုက်နှုန်း တနာရီကီလိုမီတာ ၁၂၀ (တနမ–၇၅) ကျော်ပါက အတ္တလန္တိတ်သမုဒ္ဒရာတွင် ဟာရီကိန်းဟူ၍ လည်းကောင်း၊ မြောက်ပစိဖိတ်သမုဒ္ဒရာ တွင် တိုင်ဖုန်းမုန်တိုင်းဟူ၍လည်းကောင်း၊ အိန္ဒိယသမုဒ္ဒရာ တွင် ဆိုင်ကလုန်မုန် တိုင်းဟူ၍လည်းကောင်း၊သြစတြေးလျ တိုက်တွင် ဝီလီဝီလီမုန်တိုင်း ဟူ၍လည်းကောင်း ဒေသ အလိုက် အမျိုးမျိုးခေါ်ဆိုကြသော်လည်း မုန်တိုင်း၏ ဖွဲ့ စည်းပုံသဘာဝသည် အတူတူပင်ဖြစ်လေသည်။ အယ်လင် မုန်တိုင်းကြီး၏ ဗဟိုချက်ရှိ ဖိအားသည် ၈၉၉ မီလီဘား အထိ ကျဆင်းခဲ့ပြီးလေတိုက်နှုန်းသည် တနာရီလျှင် ၁၂၅ မိုင် ၂၂၅ ကီလိုမီတာ အထိ ရှိခဲ့သည်။ဤမျှပြင်းထန်သော လေတိုက်ခတ်ခြင်းနှင့်အတူ ပင်လယ်ဒီရေလှိုင်းများ ကမ်း ခြေသို့ ဝင်ရောက်ခဲ့သည်။ တက္ကဆက်ကမ်းခြေအနီးသို့ ရောက်ရှိနေသော ရေနံတင်သင်္ဘောတစင်းသည် ပေ ၅၀ မျှ မြင့်သော လှိုင်းလုံးကြီးများ၏ ဒဏ်ကို အလူးအလဲခံခဲ့ရ လေသည်။

ပြီးခဲ့သော ရာစုနှစ်အတွင်း အယ်လင်မုန်တိုင်းကြီးထက် ပြင်းထန်သော မုန်တိုင်းကြီးတခုသာ ရှိခဲ့သည်။ထိုမုန်တိုင်း သည် ၁၉၃၅ ခုနှစ်တွင် တိုက်ခတ်ခဲ့ပြီး ဖလော်ရီဒါပြည် နယ်၌ လူပေါင်း ၄၀၀ ကျော်ကို သေကြေပျက်စီးစေခဲ့ သည်ဟု သိရလေသည်။



သဘာဝဘေးဒဏ်မှ လွတ်ကင်းစေရန် ကြိုတင်ကာကွယ်ခြင်း သည်သာလျှင် အကောင်းဆုံးဖြစ်သည်။



ရုသ်အမည်ရှိ တိုင်ဖုန်းမုန်တိုင်းကြီး

တရုတ်ပင်လယ်ပြင် တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန် တိုင်း များ အ နက် စက် တင် ဘာ လ ၆ ရက် နေ့တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၊ သန်ဟွာပြည်နယ် ကမ်းခြေကို ရုသ် အမည်ရှိ တိုင်ဖုန်းမုန်တိုင်းကြီး ဖြတ်ကျော်ခဲ့ပြီး လေ တိုက်ခတ်နှုန်းသည် တနာရီ ၇၅ မိုင် (၁၄၀ ကီလိုမီတာ) နှုန်းတိုက်ခတ်၍ ခရိုင်နှစ်ခုတွင် အကြီးအကျယ် ပျက်စီးစေ ခဲ့သည်။ လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ပြီး ငါးသိန်း ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရလေသည်။ လွန်ခဲ့သော နှစ် ပေါင်း ၃၀ အတွင်း သန်ဟွာပြည်နယ်၌ အဆိုးရွားဆုံး မုန်တိုင်းကြီးဖြစ်ပြီး လွန်ခဲ့သည့် နှစ်လအတွင်း ဗီယက်နမ် မြောက်ပိုင်းသို့ ခြောက်ကြိမ်မြောက် တိုက်ခတ်ခဲ့သော မုန် တိုင်းကြီးဖြစ်လေသည်။

တိုင်ဖုန်းနော်ရစ်

ဩဂုတ်လ နောက်ဆုံးပတ်အတွင်းက တရုတ်ပင်လယ် တောင်ပိုင်းမှ တိုင်ဖုန်းမုန်တိုင်းကြီးတခုသည် အနောက် မြောက်သို့ ရွေ့လျား လာ ခြင်း ကြောင့် တရုတ် ပြည်သူ သမ္မတနိုင်ငံတွင် အကြီးဆုံးမြို့ဖြစ်သော ရှန်ဟဲမြို့ကို မြစ်ရေ လုံခြုံခြင်း၊ ထူးခြားမြင့်မားသော ဒီရေတက်ခြင်းနှင့် လေ ပြင်းတိုက်ခတ်ခြင်းစသည့် သဘာဝ ဘေးအန္တရာယ်ပေါင်းစုံ ခြိမ်းခြောက်လျက်ရှိသဖြင့် မြို့ပေါ်တွင် နေထိုင်သည့် လူ ဦးရေ ၁၁ သန်းခန့်သည် ရှန်ဟဲမြို့တွင်ရှိသည့် တပ်မတော် သားများနှင့်အတူ လက်တွဲကာ သဘာဝ ဘေးအန္တရာယ် များကို ရင်ဆိုင် တွန်းလှန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် မှုများ ပြုလုပ်ထားရန်နှင့် လူအသက်နှင့် ပစ္စည်းများ မဆုံး ရှုံး ရ လေ အောင် ကြို တင် ကာ ကွယ် ရေး အ တွက် အရေးပေါ်အစီအစဉ်များ ပြုလုပ်ထားကြရန် ရှန်ဟဲမြို့မှ အာဏာပိုင်များက အရေးပေါ်အမိန့်တရပ် ထုတ်ပြန်ခဲ့ရ သည်။ သို့ရာတွင် ကံအားလျော်စွာပင် ထိုခြိမ်းခြောက် လျက်ရှိသည့် တိုင်ဖုန်း မုန်တိုင်းကြီးသည် အရှေ့မြောက် ဘက်သို့ ကွေ့ ၍ ရွေ့ လျား သွား သ ဖြင့် မုန် တိုင်း ကြီး အန္တရာယ်မှ ကင်းလွတ်ခဲ့ရလေသည်။

ဘင်္ဂလားပင်လယ်အော်မုန်တိုင်းများနှင့် မြန်မာပြည်

၁၉၇၀ ပြည့်နှစ်အတွင်း ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများတွင် မြန်မာ့ကမ်းရိုးတန်းသို့ သုံးကြိမ်တိုင် ဦးတည်လာခဲ့သော်လည်း ပင်လယ်အတွင်း၌ လေပွေလှိုင်းအဖြစ် အားပျော့သွားပြီး တကြိမ်သာ မြန်မာ့ ကမ်းခြေကို ဝင်ရောက်ခဲ့သည်။ မေလ လယ် ခန့် အ တွင်း ဖြစ်သဖြင့် မုတ်သုံမိုးကို ခေါ်ဆောင်ခဲ့သော မုန်တိုင်း ဟုပင်ခေါ်ဆိုနိုင်သည်။

ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတွင် မေလ ၁၀ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းသည် ကနဦးတွင် အနောက်ဘက်သို့ ရွေ့လျားပြီး မြောက်ဘက်နှင့် အရှေ့ ဘက်သို့ ဆက်လက်ရွေ့လျားခဲ့လေသည်။

မေလ ၁၈ ရက်နေ့တွင် မြို့တ်မြို့၏ အနောက်ဘက် မိုင် ၂၈၀ ခန့်အကွာ ကပ္ပလီပင်လယ်ပြင်အတွင်း၌ အား ပျော့သွားခဲ့ပြီး ၁၉ ရက်နေ့တွင် လေပွေလှိုင်း အဖြစ် ပုလောမြို့အနီး ကမ်းခြေတွင်းသို့ဝင်၍ ပျက်ပြယ်သွားခဲ့ လေသည်။ ထိုလေပွေလှိုင်းတိုက်ခတ်မှုကြောင့် လူလေးဦး သေဆုံးပြီး ၉၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ရေငန် ပစ္စုန်ဖမ်း နေသော စက်လှေ ၃၁ ဆောင် ပျက်စီး ဆုံးရှုံးခဲ့သည်။ လူနေအိမ်ခြေ အဆောက်အအုံနှင့် စိမ်ကိန်းဝင်လုပ်ငန်း၊ စိမ်ကိန်းဝင် သီးနှံပင်များအပါအဝင် ဆုံးရှုံးမှု တန်ဖိုးသည်

ကျပ်သိန်းတရာဖိုးခန့် ရှိမည်ဟု မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများက ခန့်မှန်းခဲ့ကြလေသည်။

ရန်ကုန်မြို့၏ မေလမိုးရေချိန် စံချိန်သစ်

မေလ ၂၁ ရက်နေ့ ညနေတွင် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ မုန်တိုင်းငယ်တခု ဖြစ်ပေါ်လာပြီး မြောက်ဘက်သို့ ရွေ့လျားရာ ရန်ကုန်မြို့၏တောင်ဘက် မိုင် ၁၂၀ ခန့်အရောက်တွင် အား ပျော့ သွား ကာ မြောက်ဘက်ရှိ မုတ္တမပင်လယ်ကွေ့အတွင်းသို့ ဝင်ရောက်သွားသည်။ မုတ္တမပင်လယ်ကွေ့ ပတ်ဝန်းကျင်တွင် မိုးသည်းထန်ခြင်း၊ လေပြင်း တိုက်ခတ်ခြင်း ဖြစ်ပေါ်ခဲ့သည်။ မေလ ၂၃ ရက်နေ့ ညနေမှစ၍ ရန်ကုန်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့် အတွက် ၂၄ ရက်နေ့ နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအ ချိန်အထိ လွန်ခဲ့သော ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်များသည် ကမ္ဘာအေးတွင် ၁၀ ဒသမ ၃၂ လက်မ၊ မင်္ဂလာဒုံ လေဆိပ်တွင် ၁၀ ဒသမ ၃၉ လက်မ၊ ရန်ကုန်မြို့လယ်တွင် ၆ ဒသမ ၉၂ လက်မနှင့် မှော်ဘီမြို့တွင် ၃ ဒသမ ၆၆ လက်မ ရရှိခဲ့လေသည်။

လွန်ခဲ့သည့် ၁၁၉ နှစ်အတွင်း ရန်ကုန်မြို့၌ အများဆုံး ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သည် ၁၉၃၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ၁၄ ဒသမ ၂၂ လက်မ ဖြစ်ခဲ့သည်။ မေလ အတွင်း အများဆုံး ရွာသွန်း ခဲ့ သော မိုး ရေ ချိန် သည် ၁၉၀၆ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ၉ ဒသမ ၀၅ လက်မ ဖြစ်ခဲ့သည့်အတွက် ၁၉၀၀ ပြည့်နှစ် မေလ ၂၃ ရက်နေ့တွင် ရွာသွန်းသော မိုးရေချိန် ၁၀ ဒသမ ၃၂ လက်မသည် စံချိန် အသစ်ဖြစ်၍ စံချိန်အဟောင်းကို ချိုးခဲ့လေသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ ၂၄ ရက်နေ့ နံ နက် ပိုင်း တွင် လေ ပြင်း တိုက် ခတ် ခဲ့ သ ဖြင့် တောင် ဥက္ကလာပ မြို့ နယ် တွင် ပြည် သူ ပိုင် နှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများ စုစုပေါင်း သိန်း ၃၀ ဖိုးခန့်ပျက်စီး ဆုံးရှုံးခဲ့လေသည်။

အရပ်ရပ်၌ လေပြင်းတိုက်ခတ်ခြင်း

မုန်တိုင်းများကြောင့် လေပြင်းတိုက်ခတ်ခြင်း မရှိခဲ့သော်လည်း အခြားသော မိုးလေဝသ အခြေအနေများကြောင့် လေပြင်း တိုက်ခတ်မှုကို ၁၉၀၀ ပြည့်နှစ်တွင် မြန်မာပြည်အရပ်ရပ်၌ ရာဘီအလိုက်တွေ့ခဲ့ရသည်။

နွေဦးနှင့် မိုးကြိုကာလတွင် ရွာသွန်းခဲ့သော မိုးသည် လေထု အခြေမခိုင်မှုကြောင့် ရွာသော ပုံကျမိုးများဖြစ်သည်။ မုန်းလွဲညနေပိုင်း၌သာ အဖြစ်များပြီး နာရီပိုင်းအတွင်း မိုးစည်းသွာတတ်သည်။ မိုးမရွာမီ သို့မဟုတ် မိုးရွာသွန်းနေစဉ် လေပြင်းများလည်း ကျရောက်တတ်သည်။ လေဆင်နှာမောင်းများနှင့် မိုးသီးကြွေခြင်းများလည်း ဖြစ်ပေါ်တတ်သည်။ ပင်လယ်ကမ်းရိုးတန်းအနီးရှိ ဒေသများတွင် ည သို့မဟုတ် နံနက်ပိုင်းတွင် အချိန်မရွေးဖြစ်ပေါ်တတ်လေသည်။

ပြီလ ၁၈ ရက်နေ့ မုန်းလွဲ ၃ နာရီတွင် မုံရွာမြို့၌ တနာရီ မိုင် ၄၀ နှုန်းရှိ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပြီး နာရီဝက်ခန့် မိုးသည်းထန်စွာရွာသဖြင့် အားကစားကွင်းနှင့် မိုးလုံလေလုံ အဆောက်အအုံများ၊ ပုဂ္ဂလိက အဆောက်အအုံများ ပျက်စီးခဲ့သည်။ ကမ်းနားရှိ မော်တော်တစင်းနှင့် လှေသုံးစင်းနစ်မြုပ်ကာ လင်းဆင်မော်တော်နှင့်သန်းကောင်ကျော် မော်တော်များ ကုန်းပေါ်တင်သွားသည်။ အလုံ၊ မုံရွာလမ်းပေါ်တွင် သွားလာနေသော မြင်းလှည်းသည် လေထဲလွင့်ပါ၍ မြင်းလှည်းပေါ်တွင်ပါသောလူများ ဒဏ်ရာရသွားသည်။ စုစုပေါင်းပျက်စီးမှုသည် ၁၀ သိန်းဖိုးခန့်ရှိမည်ဟု ခန့်မှန်းကြသည်။

နိုင်ငံတကာ ပျက်စီးဆုံးရှုံးမှုများ

အာသံပြည်နယ်

ဧပြီလ နောက်ဆုံးပတ် အတွင်းတွင် အိန္ဒိယပြည်ရှိ အာသံပြည်နယ် အရှေ့မြောက်ပိုင်း၌ လေပြင်းတိုက်ခတ်ခြင်းကြောင့် အနည်းဆုံး လူ နှစ်ဦး သေဆုံးသွားပြီး လူ ၅၀ ခန့် ဒဏ်ရာရရှိသွားခဲ့သည်။ သက်ကယ်မိုးသည့် အိမ်ယာပေါင်းများစွာ ပျက်စီးသွားပြီး လူ ၅,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ အစိုးရရုံးများ၊ အပါအဝင် အခြား အဆောက်အအုံ အများအပြား ပျက်စီးသွားခဲ့သည်။ လေပြင်းဒဏ် ခံရသော ခရိုင်များသည် ဒါရန်း၊ လပ်တင်ပူ၊ ရွှောင်ဂွန်နှင့် စက်တာခရိုင်များ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းရှိ ဂျမာပူခရိုင်တွင် ဧပြီလနောက်ဆုံးပတ် စနေနေ့ညက လေပြင်းတိုက်ခတ်သဖြင့် အမျိုးသမီးတဦးအပါအဝင် လူလေးဦး သေဆုံး၍ အနည်းဆုံး ၁၀၀ ခန့် ဒဏ်ရာရရှိသွားကြောင်း ဧပြီလ ၂၆ ရက် ဒက္ကားမြို့၌ထုတ်ဝေသော အစိုးရပိုင် သတင်းစာတွင် ဖော်ပြထားသည်။ လေပြင်းတိုက်ခတ်စဉ် ငြဟ်မပုတ္တရမြစ်အတွင်း လှေတစင်း မှောက်သွားသဖြင့် လူခုနစ်ဦး ပျောက် ဆုံး ခဲ့ သည်။ တနာရီလျှင် မိုင် ၈၀ နှုန်းဖြင့် နာရီဝက်ခန့် တိုက်ခတ်သွားသော လေပြင်းဒဏ်ကြောင့် အိမ် ၁၀,၀၀၀ နှင့် ကျောင်း ၁၅ ကျောင်း ပျက်စီးသွား

ခဲ့သည်။ လျှပ်စစ်နှင့် ဓာတ်အားလိုင်းများ ပြတ်တောက်သွားခဲ့သည်။ တိုက်ခတ်ရာဒေသသည် ဒက္ကားမြို့မှ မိုင် ၇၀ ခန့် ကွာဝေးလေသည်။

ဩဇာတြေးလျ လေပြင်းဒဏ်

ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဩဇာတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ် ဗရစ်ဘိန်းမြို့၌ မိုးသီး မုန်တိုင်းနှင့်အတူ တနာရီလျှင် ကီလိုမီတာ ၁၆၀ (မိုင် ၁၀၀) အထိ တိုက်ခတ်သော လေပြင်းဒဏ်ခံခဲ့ရသည်။ လူနေအိမ်ခြေများနှင့် လုပ်ငန်းဌာနများ ပျက်စီးခဲ့သည်။ ဗရစ်ဘိန်းမြို့ ချားဖီးဒေသရှိ ဒုတိယ အကြီးဆုံးလေဆိပ်တွင် လေယာဉ်ငယ် ၄၃ စင်းထက်မနည်း ပျက်စီးခဲ့လေသည်။

ထိုနေ့က ဆစ်ဒနီမြို့တွင် မိုးကြိုးထစ်ချုန်းနေစဉ် ကားနှစ်စင်းတိုက်မိ၍ လူတဦးသေဆုံးခဲ့သည်။ မြို့ဆင်ခြေဖုံးအတွင်းပိုင်းတွင် အသစ်ဆောက်လုပ်နေသော အဆောက်အအုံတခု၏ နံရံတခုသည် အိမ်တလုံးပေါ် သို့ပြိုကျခဲ့သည်။ ဓာတ်အားပေးလိုင်းများလည်း ပြတ်တောက်သွားခဲ့သည်။ မဲလဗုန်းမြို့တွင် မိုးရေချိန် တလက်မနီးပါး ရွာသွန်းခဲ့၍ ညနေပိုင်းတွင် ယာဉ်သွားလာမှု အကြီးအကျယ် ရပ်ဆိုင်းခဲ့ရလေသည်။

သဲမုန်တိုင်း

ပြင်းထန်သော သဲမုန်တိုင်း တိုက်ခတ်မှု ဒဏ်ကြောင့် အီဂျစ်နိုင်ငံ၊ အလက်ဇန္ဒရီးယား ဆိပ်ကမ်းနှင့် ကိုင်ရိုလေဆိပ်ကို ဒီဇင်ဘာလ ၄ ရက်နေ့တွင် ခေတ္တပိတ်ခဲ့ရသည်။ ယင်းမုန်တိုင်းသည် နောက်ထပ် ငါးရက်မှ ရှစ်ရက်ကြာသည်အထိ တိုက်ခတ်ဖွယ်ရာ ရှိသည်ဟု သက်ဆိုင်ရာမှ ခန့်မှန်းခဲ့သည်။ ဆဟာရ သဲမုန်တိုင်းတခုသည် နိုင်ဂျီးရီးယားနိုင်ငံပေါ် တွင် ဖြစ်ပေါ်နေသဖြင့် လေကြောင်းခရီးစဉ်များ ဖျက်ခဲ့ရကြောင်း ဒီဇင်ဘာလ ၁၆ ရက်နေ့စွဲပါလေဂို့မြို့မှလာသောသတင်းတရပ် တွင်ဖော်ပြထားလေသည်။

လေစိုင်ဆံမုန်တိုင်းများ

လေစိုင်ဆုံ မုန်တိုင်းများသည် သမပိုင်းဇုန်နှင့် အအေးပိုင်းဇုံများတွင်ဖြစ်လေ့ရှိသော ဆိုင်ကလုန်းများ ဖြစ်သည်။ ဧရိယာ အကျယ်အဝန်းအားဖြင့် အပူပိုင်းဒေသ မုန်တိုင်းများထက် နှစ်ဆခန့် ပိုမို၍ကျယ်ပြန့်သော်လည်း လေတိုက်နှုန်းသည် မြေပြင်အနီးတွင် များစွာပြင်းထန်ခြင်း မရှိလှပေ။ လေစိုင်ဆုံမုန်တိုင်းများသည် အီကွေတာဘက်မှလာသော ပူနွေး၍ စွတ်စိုသည့်လေထုတို့ ဆုံမိပြီး မုန်တိုင်းဖြစ်ပေါ် လာခြင်းဖြစ်သည်။ ကမ္ဘာ့လေထု၏ အအေးပိုင်းနှင့် နွေးသောအပိုင်းတို့၏ အပူဖလှယ်ကြသည့် သဘာဝဖြစ်ရပ်တခုပင် ဖြစ်လေသည်။ မုန်တိုင်းများသည် အနောက်ဘက်မှ အရှေ့ဘက်သို့ မိုင်ပေါင်း ထောင်ပေါင်းများစွာ ရွေ့လျားကြသည်။ မုန်းတိုင်းသက်တမ်းသည်လည်း တခါတရံ နှစ်ပတ်မှ သုံးပတ်အထိ ကြာတတ်သည်။ ဤကဲ့သို့သော မုန်တိုင်းမျိုးကို ကမ္ဘာကြီး၏ တောင်ဘက်နှင့် မြောက်ဘက်ခြမ်းရှိ နွေရာသီနှင့် ဆောင်းရာသီ နှစ်ရာသီ



စလုံး၌ တွေ့မြင်နိုင်သော်လည်း ဆောင်းဥတုဖြစ်ပေါ်ရာ ကမ္ဘာခြမ်း၌ ပို၍ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ကြသည်။ လေစိုင်ဆုံမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု သတင်းကိုနိုင်ငံအချိုမှ အောက်ပါအတိုင်းဖော်ပြထားသည်ကို လေ့လာနိုင်လေသည်။

အရှေ့ဂျာမနီ

ဇွန်လ ၈ ရက်နေ့တွင် အရှေ့ဂျာမနီ တောင်ပိုင်း၌ မိုးသက်မုန်တိုင်း ပြင်းထန်စွာ ကျရောက်ရာ လူ ၁၀ ဦးသေဆုံးသည်။ အီးဆင်နက်မြို့အနီး အနားယူစခန်းချရာ နေရာတွင် ရုတ်တရက် မိုးသက်မုန်တိုင်း ကျရောက်ခဲ့ရာ သစ်ပင်များ စခန်းပေါ်သို့ ကျသဖြင့် စခန်းချနေသူ ခြောက်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။ လျှပ်စစ်ဓာတ်တိုင်များ လဲကျသဖြင့် သုံးဦး သေဆုံးပြီး တဦးမှာ မိုးကြိုးတိမှန် သေဆုံးသွားခဲ့လေသည်။

တောင်ကိုရီးယား

ဇူလိုင်လ ၂၁ ရက်နေ့တွင် တောင်ကိုရီးယား အလယ်ပိုင်း၌ လေပြင်းမုန်တိုင်းများ နှစ်ရက်ကြာမျှ အပြင်းအထန်တိုက်ခတ်၍ ရေလွှမ်းမိုးသဖြင့် အနည်းဆုံး လူ ၇၃ ဦးသေဆုံးပြီး ၆၈ ဦး ပျောက်ဆုံးနေသည်ဟု ရဲအဖွဲ့မှ ကြေငြာခဲ့သည်။ မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေများပြိုကာ ရေကာတာများကျိုးပေါက်၍ လူ ၁၄၈ ဦး ဒဏ်ရာရရှိပြီး လူပေါင်း ၂၃,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၅ သန်းဖိုးခန့် ရှိသည်ဟု အာဏာပိုင်များက ခန့်မှန်းသည်။ထိုဆုံးရှုံးမှုစာရင်းတွင် စိုက်ပျိုးခင်းများ၊ လယ်မြေများပျက်စီးမှုစာရင်းများ မပါဝင်သေးပေ။

လယ်မြေဧက ၃,၇၀၀ ရေလျှံလျက်ရှိနေရာသို့ ကိုရီးယား ကြက်ခြေနီ အဖွဲ့က အရေးပေါ် အစားအစာနှင့် အဝတ်အထည်များကို ပေးပို့ခဲ့ရပြီး ရေဘေး လေဘေး ဒုက္ခသည်များအား ကယ်ဆယ်ရေးနှင့် အပျက်အစီးများ ပြင်ဆင်ရေးအတွက် အမြန်ဆုံး ဆောင်ရွက်ရန် သမ္မတ ချိုင်ကျူဟာကိုယ်တိုင် အရေးယူဆောင်ရွက်ခဲ့ရလေသည်။

ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံ တောင်ပိုင်းရှိ အဓိက ကျွန်းကြီးဖြစ်သည့် ကျူရှူးကျွန်းတွင် သုံးရက်ကြာမျှ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုခြင်းနှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားရာ အနည်းဆုံး လူ ၁၃ ဦးသေဆုံးပြီးနှစ်ဦး ပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့က ကြေငြာခဲ့သည်။ အိမ်ခြေ ၁၅,၀၀၀ ကျော်သည် ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရပြီး လူ ၃၁ ဦးသည် ထိခိုက်ဒဏ်ရာရရှိသည်။ ကျွန်းပေါ်ရှိ အချိုနေရာများတွင် ကားလမ်းများ ပြတ်တောက်နေပြီး ရထားလမ်း ခရီးစဉ်များကိုလည်း ဖျက်လိုက်ရလေသည်။

ဆိုဗီယက် ပြည်ထောင်စု

ဥရောပတိုက်ဘက်မှ အရှေ့ဘက်သို့ ရွှေလျားလာသော မိုးသက်လေပြင်းသည် ယူကရိန်းပြည်နယ် အနောက်ပိုင်း ဒေသများတွင် ကျရောက်ခဲ့ကြောင်း ဇူလိုင်လ ၂၈ ရက်နေ့စွဲဖြင့် ကီယက်မြို့မှ လာသော သတင်းတရပ်တွင် ဖော်ပြထားသည်။ ထိုမိုးသက်လေပြင်းသည် လေစိုင်ဆုံမုန်တိုင်းကြောင့် ဖြစ်သည်။ မိုးသက်လေပြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် မြစ်များ ရေ လျှံသည်။ ဓာတ်ငွေ့ လိုင်း နှင့် ဓာတ်အားပေး လိုင်းများလည်းပျက်စီးသည်။ တောင်ပေါ်လမ်းများ မြေပြိုကျပြီး လူဦးရေ ထူထပ်သည့် ဒေသများတွင် ရေလျှံမှုများဖြစ်ခဲ့သည်။ အိမ်များ၊ လမ်းများ၊တံတားများနှင့် ကောက်ပဲသီးနှံများ ပျက်စီး ဆုံးရှုံးခဲ့ရလေသည်။

ဂျော်ဒန်နိုင်ငံ

ဂျော်ဒန်နိုင်ငံတွင် ပြင်းထန်သော ဆီးနှင်း မုန်တိုင်း သုံးရက်ကြာတိုက်ခတ်ခဲ့ရာ လမ်းများ ပိတ်ဆို့သွားသည်။

လေမုန်တိုင်းဒဏ်ကြောင့် လူပေါင်းမြောက်မြားစွာ အတိဒုက္ခရောက်ခဲ့ရသည်။



ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း နေရာအနှံ့အပြားတွင် ဆောင်ရွက်ခဲ့ကြရသည်။

အပူပိုင်းမုန်တိုင်းနှင့် အက်စကက်အစီရင်ခံစာ

အပူပိုင်းဒေသ မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် ဒီရေလှိုင်းများ တက်ခြင်းတို့ကြောင့် အာရှနှင့်ပစိဖိတ်ဒေသအတွက် အရေးကြီးသည့် စီးပွားရေး စီမံကိန်းများ ရပ်ဆိုင်းခဲ့ရကြောင်း၊ ၁၉၅၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အာရှနှင့် ပစိဖိတ်ဒေသတွင် တနှစ်လျှင် ပျမ်းမျှအားဖြင့် မုန်တိုင်း ၁၂ ကြိမ်ကျော်တိုက်ခတ်ခဲ့သည်ဟု အောက်တိုဘာလ ၆ ရက်နေ့တွင် ဗန်ကောက်မြို့၌ ကျင်းပပြီးစီးသွားခဲ့သော အာရှနှင့် ပစိဖိတ်ဒေသ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် (အက်စကက်) ၏ သဘာဝ အရင်းအမြစ်ဆိုင်ရာ ကော်မတီသို့ တင်သွင်းသော အစီရင်ခံစာ၌ ဖော်ပြထားလေသည်။

ဗီယက်နမ်၊ ကမ်ပူးချားနှင့် ထိုင်းနိုင်ငံတို့တွင် ယခုနှစ် အတွင်း၌ တိုင်ဖုန်း မုန်တိုင်းများကြောင့် ရေလွှမ်းမိုးကာ အကြီးအကျယ်ပျက်စီးခဲ့သည်။ ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာ အတွင်း၌ ဖြစ်ပွားသော အာဆိုပါ မုန်တိုင်းများကြောင့် နှစ်စဉ် လူပေါင်းထောင်ချီ၍ သေဆုံးခဲ့ကြရသည်။ ဥပမာ အားဖြင့် ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ဆိုင်ကလုန်းကြောင့် ဘင်္ဂလားဒေ့ရှနိုင်ငံတွင် လူသုံးသိန်းကျော် သေဆုံးခဲ့ရလေသည်။

၁၉၇၇ ခုနှစ် နိုဝင်ဘာလ မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ဒီရေလှိုင်းဒဏ်ကြောင့် အိန္ဒိယနိုင်ငံ ကမ်းရိုးတန်းဒေသရှိ ကျေးရွာ ၂၀ ရွာတွင် လူတသောင်းခန့်

အိုးအိမ်ပေါင်း မြောက်မြားစွာ ပျက်စီးခဲ့ရသည်။



၁၉

ရေနစ်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်း လမ်းကြောင်းအတွင်း ကျရောက်နေသော ဩစတြေးလျ၊ နယူးဇီလန်၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား စသည့် ခုနစ်နိုင်ငံတွင် ၁၉၇၂–၁၉၇၉ ခုနှစ်ကာလအတွင်း၌ နှစ်စဉ် စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၉၄ သန်းဖိုး ဆုံးရှုံးခဲ့ရလေသည်။

တိုင်ဖုန်းမုန်တိုင်းဒေသအတွင်း ကျရောက်လျက်ရှိသော နိုင်ငံများ၏ ဆုံးရှုံးမှုသည် ပို၍များသည်။ဟောင်ကောင်၊ ဂျပန်၊ မလေးရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ၁၉၇၂–၇၉ ခုနှစ်အတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁,၉၀၀မျှဆုံးရှုံးခဲ့ရသည်။

မုန်တိုင်းအန္တရာယ် ကာကွယ်ရေးအတွက် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ

ကမ္ဘာ့ မိုးလေဝသ အဖွဲ့ချုပ်နှင့် အက်စကက် အဖွဲ့တို့ ကြီးမှူး ကျင်းပသော နိုင်ငံတကာ တိုင်ဖုန်း မုန်တိုင်း ဆိုင်ရာ နှီးနှောပွဲကို ရှန်ဟဲမြို့တွင် ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၆ ရက်မှ ၁၁ ရက်နေ့အထိ ကျင်းပခဲ့သည်။ အဆိုပါနှီးနှောဖလှယ်ပွဲတွင် မုန်တိုင်း စတင်ဖြစ်ပေါ်မှု၊ ရွေ့လျားမှုနှင့် ကြိုတင်ခန့်မှန်းမှုဆိုင်ရာ စာတမ်းပေါင်း ၃၅ စောင်ကို ၁၆ နိုင်ငံမှ ကျွမ်းကျင်သူ မိုးလေဝသပညာရှင်များက ဖတ်ကြား တင်သွင်းခဲ့သည်။

မုန်တိုင်းကြောင့် ပင်လယ်ဒီရေတက်မှုဆိုင်ရာ ခန့်မှန်းလေ့ကျင့် ဆွေးနွေးပွဲကို အာရှဒေသ အတွင်း ပထမဆုံး အကြိမ်အဖြစ် ရန်ကုန်မြို့တွင် ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၁၀ ရက်မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲသို့ မြန်မာ၊ ဘင်္ဂလားဒေ့ရှ၊ အိန္ဒိယ၊ တရုတ်ပြည်သူသမ္မတနိုင်ငံ၊ ဟောင်ကောင်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ ပြိတိန်နှင့် ကနေဒါ နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲမှရရှိသည့် ခန့်မှန်းရေးဆိုင်ရာ နည်းစနစ်များနှင့် သခ်ျာပုံစံများကို သက်ဆိုင်ရာ နိုင်ငံများမှ လိုအပ်သလိုပြုပြင်ပြီး လက်တွေ့ အသုံးချနိုင်မည် ဖြစ်သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် သဘာဝဘေးအန္တရာယ် ကာကွယ်မှုဆိုင်ရာ ဆွေးနွေးပွဲ တရပ်ကို ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ကုလသမဂ္ဂ ဘေးအန္တရာယ်နှင့် ကယ်ဆယ်ရေးအဖွဲ့မှ ပါရဂူ မစွတာ ကာဟာ လာရောက်ပို့ချခဲ့ပြီး သက်ဆိုင်ရာ ဌာနများမှ သင်တန်းသားပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြလေသည်။

ဦးစံလှဘော်



ကာကွယ်ထိန်းသိမ်း ဖြုတ်ရမည့် သမိုင်းဝင် အမွေအနှစ်များ

ရှေးဟောင်းသုတေသန

မြန်မာနိုင်ငံရှိ သမိုင်းဝင်ရှေးဟောင်း အဆောက်အအုံများကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနက တာဝန်ယူစောင့်ရှောက်၍ နှစ်စဉ် ထိန်းသိမ်းပြုပြင်လျက်ရှိသည်။ ၁၉၀၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြုပြင်ရေး အက်ဥပဒေအရ သမိုင်းဝင် နန်းတော်၊ မြို့ရိုးနှင့် ကျုံးများ၊ စေတီပုထိုးနှင့်သိမ်ကျောင်းစသော ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်း ကျောက်စာများ၊ အနုပညာလက်ရာတန်ဖိုးရှိသော ပန်းချီပန်းပု အနုပညာပစ္စည်းများရှိသည့် ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ်စသည်တို့ကိုထိန်းသိမ်းပြုပြင်ရန် အကျုံးဝင်သည်။

ယင်းဥပဒေအရ အစိုးရက ထိန်းသိမ်းစောင့်ရှောက်လိုသော ရှေးဟောင်းအဆောက်အအုံများကို ထုတ်ပြန်ကြေငြာ၍ ကန့်ကွက်ရန်မရှိလျှင် အတည်ပြုပြဋ္ဌာန်းပြီး အစိုးရက ထိန်းသိမ်းစောင့်ရှောက်သော ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့သည်။ ထိုစဉ်က အစိုးရမှတာဝန်ယူပြုပြင်သော ရှေးဟောင်း အဆောက်အအုံများမှာ ၇၀ ခန့်မျှသာရှိသည်။ အထက်ဖော်ပြပါ အက်ဥပဒေမှာ လွတ်လပ်ရေးရအပြီးတွင် ခေတ်နှင့်မလျော်ညီတော့၍ ၁၉၅၇ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေ၊ ၁၉၅၇ ခုနှစ် အက်ဥပဒေအမှတ် (၁၅) အဖြစ်ဖြင့် အစားထိုးပြုပြင်ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ် တော်လှန်

ရေးအစိုးရလက်ထက်တွင် အထက်ဖော်ပြပါ အက်ဥပဒေဖြင့် မလုံလောက်၍ ယင်းဥပဒေကို ပြင်ဆင်သည့်အနေဖြင့် ၁၉၆၂ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ (၁၉၆၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၀) ဖြင့် ပြင်ဆင် ဖြည့်စွက်ပြဋ္ဌာန်းအတည်ပြုခဲ့သည်။ အဆိုပါ ဥပဒေ အပိုဒ် ၅ အရ ၁၀၀၆ ခုနှစ် မတိုင်မီက တည်ရှိနေသော ရှေးဟောင်း အဆောက်အအုံများကို ဤပုဒ်မအရ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အအုံများအဖြစ် ကြေငြာပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟူ၍ လည်းကောင်း၊ အပိုဒ် ၆ တွင် မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက်မရရှိပဲ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက်အအုံ၏ ဥပစာအတွင်း၌ဖြစ်စေ၊ အနီးအနား၌ ဖြစ်စေ အဆောက်အအုံသစ် မဆောက်လုပ်ရ။ သို့တည်းမဟုတ် ထိုအဆောက်အအုံကို မပြုပြင်ရဟူ၍ ပြဋ္ဌာန်းထားရှိခဲ့သည်။ ယင်းဥပဒေကို ချိုးဖောက်ဖျက်ဆီးပါက ဥပဒေအရ ထောင်ဒဏ်၊ ငွေဒဏ်စသည်ဖြင့် လိုအပ်သလို အပြစ်ပေးရန် သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်လေသည်။

ယခုအခါ ပြည်သူ့လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်သူ့ကောင်စီအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် ပတ်သက်သော လုပ်ထုံးလုပ်နည်းများအရ ရှေးဟောင်း အဆောက်အအုံတခုခုကို ဂေဟကအဖွဲ့မှဖြစ်စေ၊ ပုဂ္ဂိုလ်တဦးဦးကဖြစ်စေပြုပြင်မွမ်းမံပြင်ဆင်လိုပါက အထက်ဖော်ပြပါ တည်ဆဲဥပဒေအရ၊ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာ/ရပ်ကွက်ပြည်သူ့ကောင်စီမှတဆင့် ရှေးဟောင်းသုတေသနဦးစီးဌာန (သို့တည်းမဟုတ်) ရှေးဟောင်းသုတေသနဌာနခွဲများမှ သဘောတူညီချက်ရယူပြီး ဌာနမှချမှတ်ပေးထားသောစည်းကမ်းချက်များနှင့်အညီ ရှေးမူလက်ရာမပျက် ပြင်ဆင်ထိန်းသိမ်းခြင်း စသည်တို့ကို ဆောင်ရွက်ရလေသည်။

ပဲခူး၊ မြောက်ဦး၊ တောင်ငူ၊ အမရပူရ၊ မန္တလေးအစရှိသည့်နေရာဒေသများတွင် များပြားစွာတည်ရှိသည်။ ရှေးဟောင်းအဆောက်အအုံများမှာ အများအားဖြင့် သာသနိကအဆောက်အအုံဖြစ်သည့် ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်တိုပါဝင်ပြီး မြို့ပြအဆောက်အအုံများအနေဖြင့် နန်းတော်ရာနှင့် နန်းမြို့ရိုးများ၊ ကျုံးမြောင်းပစ္စင်နှင့်ပြအိုးများ၊ နန်းမြင့်မျှော်စင်နှင့် ခံတပ်များ (ပုံစံ–မင်းလှခံတပ်၊ ဂွေချောင်းခံတပ်၊ သပြေတန်းနှင့် အစီခံခံတပ်များစသည်)၊ ပန်းတော်ခုံနှင့် ရွှေတိုက်၊ သံချက်ဖိုနှင့် မဲနယ်ကန်တို့အပြင် အရိုးအိုးပြာသာဒ်များလည်း ပါဝင်သည်။ ထင်ပေါ်ကျော်ကြား၍ အရေးပါသော ရှေးဟောင်း အဆောက်အအုံများမှာ အများအားဖြင့် ပုဂံ ညောင်ဦး၊ အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ပြည်နှင့် မြောက်ဦးမြို့နယ်တို့တွင် အများဆုံး တည်ရှိကြသည်။

ထိုသို့တာပန်ယူ စောင့်ရှောက်ပြုပြင် မွမ်းမံထားသော ရှေးဟောင်း အဆောက်အအုံများအပြင် ရှေးဟောင်းသုတေသနဦးစီးဌာနအနေဖြင့် ကမ္ဘည်းကျောက်စာ၊ ဂူနှင့် ကျောက်စာရုံပေါင်း ၁၇၀ ကျော်မျှနှင့် စဉ့်ချပ်ရုပ်ကြွရုံ၊ အုတ်ခွက်ဘုရားရုံ၊ ဂဝံကျောက်ဆစ်လက်ရာ ရုပ်ကြွရုံများနှင့် ခေါင်းလောင်းရုံများပါ ဆောက်လုပ်ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ရှေးဟောင်း အဆောက်အအုံများနှင့် ကျောက်စာများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ စသည်တို့ကို ထိန်းသိမ်းပြုပြင်ရာတွင် ပြည်သူဘဏ္ဍာငွေမှ ကျခံသုံးစွဲပြုပြင်ရခြင်း ဖြစ်သဖြင့် ရှေးဟောင်းအဆောက်အအုံအဖြစ် ထပ်မံတိုးခဲ့ပြုပြင်လိုပါက သမိုင်းကြောင်းအားဖြင့် လည်းကောင်း၊ ပန်းချီပန်းပု၊ ဗိသုကာအနုပညာလက်ရာတန်ဖိုးများအားဖြင့်လည်းကောင်း၊ တန်ဖိုးကြီးမားသော အဆောက်အအုံတခုဖြစ်ကြောင်း အကဲဖြတ်ပြီး၊ယဉ်ကျေးမှုဝန်ကြီးဌာနက အတည်ပြုပြဋ္ဌာန်းကာ ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းများကို ဆောင်ရွက်ရလေသည်။

မြန်မာနိုင်ငံရှိ ထင်ရှားသော ရှေးဟောင်း အဆောက်အအုံများ

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနက ထိန်းသိမ်းပြုပြင် စောင့်ရှောက်ထားသော ရှေးဟောင်းအဆောက်အအုံများမှာ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလကုန်ထိ ၆၈၀ ကျော်မျှရှိသည်။ ရှေးဟောင်းအဆောက်အအုံများမှာ မြန်မာနိုင်ငံ၏ သမိုင်းဝင်ထင်ရှားသော ဒေသများဖြစ်သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ဝေသာလီ၊ သထုံ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊

ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြုပြင်ခြင်း

ရှေးဟောင်း အဆောက်အအုံများ ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းကို ဆောင်ရွက်ရာတွင် အဓိကအားဖြင့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်လက်ရာမှန်များ အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲစေရန် ရည်သန်၍ ရှေးမူလက်ရာမပျက် ထိန်းသိမ်းပြုပြင်ခြင်းနှင့် ပျက်စီးသွားသော ရှေးဟောင်း အဆောက်အအုံ၏ အစိတ်အပိုင်းများကို ကြာရှည်ခိုင်ခံ့စေရန် အသစ်ဖြင့်အစားထိုးပြုပြင်ခြင်းတို့ ပါဝင်သည်။ သိပ္ပံပညာရပ်များ တိုးတက်ထွန်းကားလာသည်နှင့်အမျှ ရှေးဟောင်း

အဆောက်အအုံ ထိန်းသိမ်းပြုပြင်မှု ပညာရပ်များသည် လည်း တစတစနယ်ကျယ်လာသည်။ အနာမသိ၊ ဆေးမရှိ ဟူသော ရှေးဆိုရိုးစကားအတိုင်း ရှေးဟောင်း အဆောက် အအုံတခုစီ၏ ယိုယွင်းပျက်စီးရခြင်း အကြောင်းရင်းများ ကို သိပ်ပြီနည်းကျ ဆန်းစစ်လေ့လာ ဖော်ထုတ်ကာ ပြုပြင် မွမ်းမံကြရသည်။ မြန်မာနိုင်ငံရှိ ရှေးဟောင်းအဆောက် အအုံများမှာ အများအားဖြင့် ရာသီဥတုနှင့် နှစ်ပရိစ္ဆေဒ ဒဏ်၊ မိုးရေ၊ လေ၊ နေပူဒဏ်တို့ကြောင့် ပျက်စီးယိုယွင်းခဲ့ ရသည်။ အမြစ်တွယ်လွယ်သည်ဟောင်း၊ မဏိသံလျက်နှင့် နဘဲစသည့် အပင်များကြောင့်လည်း ပြိုကွဲပျက်စီးရ သည်။ မိုးရေနှင့်လေထဲတွင် ပါဝင်သော ဆားပင့်ခဲတ် များ၊ စက်ရုံ၊ အလုပ်ရုံများ တိုးခဲ့လာသည်နှင့်အမျှ ၎င်း တို့မှထွက်လာသော ဆီခြေးအငွေ့နှင့် ညစ်ညမ်းလေထု များကြောင့်လည်း ကျောက်ဆစ်လက်ရာနှင့် ပန်းချီပန်းပု အနုပညာလက်ရာ ပစ္စည်းများ တရွေ့ရွေ့ ညစ်နွမ်းပျက်စီး ခဲ့ရသည်။ ထို့ပြင် ရေနံရှာဖွေမှုအတွက် မြေအောက်တွင် ဒိုင်းနမိုက်စံနက်တံဖြင့် ဖောက်ခဲ့စမ်းသပ်ရှာဖွေခြင်း၊ ဆည် မြောင်းတာတမံများတိုးခဲ့ဆောက်လုပ်ခြင်းနှင့် မြေငလျင် ဒဏ်ကြောင့်လည်းကောင်း၊ မြစ်ရေကြီးပြီး ကမ်းပါးပြို၍ လည်းကောင်း၊ မီးဘေးကြောင့်လည်းကောင်း၊ လေမုန် တိုင်းဒဏ်ကြောင့် လည်းကောင်း ရှေးဟောင်း အဆောက် အအုံများမှာ ပျက်စီးခဲ့ကြရသည်။

ကုလသမဂ္ဂပညာသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီး (ယူနက် စကို)သည် နိုင်ငံတကာရှိ ရှေးဟောင်း ယဉ်ကျေးမှု အမွေ အနှစ်လက်ရာများကို ထိန်းသိမ်းစောင့်ရှောက်သည့် အနေ ဖြင့် ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်း မြေ နေရာဒေသများထိန်းသိမ်းပြုပြင်ရေးအတွက် ကူညီထောက် ပံ့ကာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိသည်။ ၁၉၆၆ ခု နှစ်တွင် အီဂျစ်နိုင်ငံရှိ အက်ဆွမ်ဆည်သစ်ကြီးတည်ဆောက် စဉ် ရေလွှမ်းမိုးခံရမည့် လူခေါင်းနှင့် တိရစ္ဆာန်ကိုယ်ရှိ စဖင့်ခေါ် ရုပ်ထုကြီးများ၊ နူဘီယာဂူဘုရားနှင့်တကွ ရှေး ဟောင်း အနုပညာလက်ရာမွန်များရှိသည့် ဘုရား ၂၃ ဆူ နှင့် ရှေးဟောင်း အဘူဆင်ဘဲဂူ ဘုရားကြီးနှစ်ဆူ ရွှေ ပြောင်း ပြန်လည်ပြုပြင်ရေး လုပ်ငန်းတွင် ထိရောက်စွာ ကူညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း အလယ်ရှိ ထင်ရှား ကျော်ကြားသော ဗောရောဗုဓေ စေတီတော်ကြီးသည် ဂျော့ဂျာကာတာမြို့မှ ကီလိုမီတာ ၄၀ ခန့်အကွာ အုတ်ကျိုး အုတ်ပဲ့တို့ဖြင့် အတိုပြီးသော ကုန်းကမ္ဘာခုပေါ်တွင် တည် ရှိသည်။ ယင်းစေတီတော်ကို ခရစ်နှစ် ဂဝဝ ခန့်တွင် သေလိန္ဒရမင်းဆက် သမရတုန္ဂမင်း စိုးစံစဉ် တည်ဆောက် ခဲ့သည်ဟု ဆိုသည်။ စေတီတော်သည် အခြေခံအားဖြင့် လေးထောင့်ပတ်လည် ၁၂၃ မီတာအကျယ်ရှိပြီး အမြင့် ဥာဏ်တော်မှာ မူလက ၄၂ မီတာမျှ ရှိခဲ့ကြောင်း သိရှိရ



လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က တည်ဆောက်ခဲ့သော နာမည်ကျော် ဗောရောဗုဓော စေတီတော်ကြီးအား ပြန်လည်ပြုပြင်ရန် ကုလသမဂ္ဂအဖွဲ့က ဦးဆောင်မှုပေးခဲ့သည်။

သည်။ စေတီတော်ကြီး၏ ပစ္စယံအဆင့်ဆင့်ကို ကာမ ဓာတု၊ ရူပဓာတု၊ အရူပဓာတုဟူ၍ သုံးပိုင်းခွဲခြားထားရှိသည်။ ရုပ်ပွား ဆင်းတုတော်များကိုလည်း မုဒြာနှင့် အာသနဟန် အမျိုးမျိုးဖြင့် ထုလုပ်ထားရှိသည်။ ၅၅၀ ဇာတ်တော်ကြီး များကိုလည်း အနုပညာလက်ရာပြောင်မြောက်စွာ ထုလုပ်ပူဇော်ထားရှိသည်မှာ အံ့ချီး၍ ကုန်နိုင်ဖွယ်ရာမရှိပေ။ထိုကဲ့သို့ ကမ္ဘာ့အံ့ဖွယ် ဗုဒ္ဓအနုပညာလက်ရာကောင်းလက်ရာမွန်များ တည်ရှိရာ စေတီတော်ကြီးမှာ နှစ်ပေါင်း ၁၀၀၀ ကျော် ရာသီဥတုဒဏ်နှင့် ပေါင်းမြက် သစ်ပင် ကြီးများ၏ အမြစ်တွယ်ဖျက်ဆီးမှုဒဏ်ကြောင့်မရှုမလှပျက်စီးခဲ့ရသည်။ ဆားငွေ့ဓာတ်ပါ မိုးရေများ၏ စိမ့်ယိုမှုနှင့် ရေညှိများ၏ဒဏ်ကြောင့်လည်း ယိုယွင်းပြိုလဲ ပျက်စီးကာ ဆင်းတု ရုပ်ထုလက်ရာမွန်များမှာ ကျောက်ပေါက်မာသဖွယ် ကွာကျ ပျက်စီးခဲ့ရသည်။ သို့ဖြစ်၍ အင်ဒိုနီးရှားနိုင်ငံ အစိုးရသည် ယူနက်စကိုအဖွဲ့ကြီး၏ အကူအညီကို ရယူကာ ၁၉၇၃ ခုနှစ်မှ စတင်ပြီး ဗောရောဗုဓောစေတီတော်ကြီး ထိန်းသိမ်း ပြုပြင်ရေးအတွက် လှုံ့ဆော်တင်ပြ မေတ္တာရပ်ခံခဲ့သည်။ ယူနက်စကိုအဖွဲ့ကြီးအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံများနှင့်တကွ နိုင်ငံတကာရှိ အဖွဲ့အစည်းအသီးသီးနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများကိုပါ တတ်စွမ်းသမျှကူညီအားပေးဝိုင်းဝန်း ထိန်းသိမ်းပေးကြပါရန် မေတ္တာရပ်ခံခဲ့သည်။ ယင်းစီမံကိန်းသည် ၁၉၈၂ ခုနှစ်တွင် ပြီးစီးရန် ခန့်မှန်း ထားရှိပြီး စုစုပေါင်း ကုန်ကျမည့် ငွေမှာ အမေရိကန်ဒေါ်လာ ၁၇ သန်းခန့် ရှိမည်ဖြစ်သည်။ ဤလုပ်ငန်းကို ကြီးကြပ် ဆောင်ရွက်နေသူမှာ အင်ဒိုနီးရှား ရှေးဟောင်းသုတေသနပညာရှင် ဆွခ်မိုနိုဖြစ်လေသည်။

ကုလသမဂ္ဂ ပညာ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ကြီးသည် ထိုမျှမက ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထ ကုမာရ မင်းသားငယ်မီးရှူးသန့်စင် ဖွားမြင်တော်မူရာ အရပ်ဖြစ်သည့် လုမ္ဗိဏီ ဥယျာဉ်အရပ်ကိုလည်းဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအရ အရေးပါအရာရောက်သော နေရာတခု ဖြစ်သဖြင့် ထိန်းသိမ်း ပြုပြင်မွမ်းမံထားရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိလေသည်။

ငလျင်ဒဏ်ခံ ပုဂံဘုရားများ

၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ညနေ ၁၈း၃၅ နာရီတွင် မကွေးတိုင်း၊ ပခုက္ကူမြို့၏ အနောက်တောင်ယွန်းကိလိုမီတာ ၁၈၀ ခန့်အကွာကို ဗဟိုပြု၍ အင်အား ပြင်းထန်စွာလှုပ်ရှားခဲ့သောမြေငလျင်ဒဏ်ကြောင့် ပုဂံ ညောင်ဦးတဝိုက်ရှိ ရှေးဟောင်းစေတီပုထိုးများမှာ အကြီးအကျယ် ပျက်စီးခဲ့ရသည်။ ယခုငလျင်ကဲ့သို့ ပြင်းထန်သော ငလျင်ကြီးများ ပုဂံတဝိုက်တွင် တကြိမ်တခါမျှ မလှုပ်ရှားခဲ့ဖူးပေ။ ငလျင်၏ ဗဟိုချက်၌ မာကယ်လီ စကေးအရ ရှစ်ကျော်ကျော်မျှရှိ၍ အတန်ပင် အင်အား ပြင်းထန်သည်။ သို့ဖြစ်၍ ပုဂံ ညောင်ဦးတဝိုက်ရှိ ရှေးဟောင်း အဆောက်အအုံတိုင်းလိုလိုပင် အနည်းနှင့်အများဆိုသလို ပျက်စီးခဲ့ရသည်။ ကွမ်းတောင်အတက်ပိုင်း အထွတ်စေတီနှင့် ထီးတော်ရှိသော စေတီပုထိုးများတွင် ထီးနှင့် အထွတ်ပိုင်းတို့မှာ ကြွေကျမြေခခဲ့ရသည်။ ထုထည်ကြီးမားသော ဂူဘုရားကြီးများဖြစ်သည့် သဗ္ဗညု၊ ဂေါဓောပလ္လင်၊ အာနန္ဒာ၊ ထီးလို မင်းလို၊ စူဋ္ဌာမဏိစသည်တို့တွင် ကွမ်းထောင်များ ပဲ့ခြင်း၊ ပြိုကျခြင်းနှင့် ထိပ်ပိုင်း၌ အစိတ်စိတ် အက်ကွဲခြင်းစသည်တို့ကို တွေ့ရသည်။အပျက်အစီးအခြေအနေ အမျိုးအစားကိုလိုက်၍ အရေးပါသော အဆောက်အအုံများကို ခွဲခြားဖော်ပြရသော် အောက်ပါအတိုင်းဖြစ်ပါသည်။

အထက်ပိုင်းပြိုကျသော အဆောက်အအုံများ

ပုဂံမြို့ ရောဝတီမြစ်ကမ်းနဖူးရှိ ဗူးဘုရား စေတီငယ်မှာ ဖိနပ်တော်မှလွဲ၍ စေတီတဆူလုံး ရောဝတီမြစ်ထဲသို့ ပြိုကျကြေမွပျက်စီးခဲ့ရသည်။ မြင်းကပါရွာအနီးရှိ မနူဟာဘုရားကြီးမှာလည်း ဂန္ဓကုဋ္ဌိတိုက်ကြီး၏ ပေါင်းကူးအမိုး ပြိုကျခဲ့ရပြီး ရုပ်ပွားတော်ကြီး အထက်ပိုင်းပါ ပျက်စီးခဲ့ရသည်။ မီးမလောင်ကျောင်းစေတီအထွတ်ပိုင်းနှင့် အမိုးများ ပြိုကျ ပျက်စီးပြီး မြောက်ဘက်နံရံမှာ လုံးဝပျက်စီးသွားခဲ့သည်။

ထီးတော်ကျိုးပြုတ်၍ အထွတ်စေတီပျက်စီးသော အဆောက်အအုံများ

အာနန္ဒာ၊ သဗ္ဗညု၊ ဂေါဓောပလ္လင်၊ ရွှေဆံတော်ခေါ် မဟာပိန္နဲစေတီ၊ လောကနန္ဒာစေတီ၊ မင်္ဂလာစေတီ၊ မဟာဗောဓိ၊ နဂါးရုံ၊ ရွှေဂူကြီး၊ မြစေတီ၊ လေးမျက်နှာ (မင်းနန်သူ)စသည်တို့မှာ စေတီတော်မြတ်၏ အထွတ်စေတီငယ်နှင့် ထီးတော်တို့မှာ မြေခကြွေကျ ပျက်စီးခဲ့ရပြီး ကွမ်းတောင်နှင့် ကုလားကျောင်းခုံနံရံအချိုတို့မှာ ကွဲအက် ပျက်စီးဆုံးရှုံးခဲ့ရသည်။

စေတီလုံး၊ ကွမ်းတောင်နှင့် အောက်ပိုင်းပျက်စီးသွားသော အဆောက်အအုံများ

ငကျွဲနားငွောင်းစေတီမှာ နှစ်ခြမ်းကွဲသွားပြီး ရွှေစည်းခုံ၊ ဆပဒ၊ စိမ်းညက်ညီမစေတီ၊ နတ်လှောင်ကျောင်း၊ ဥပါလိသိမ်၊ ပိဋကတ်တိုက်၊ ဝက်ကြီးအင်း၊ ဂူပြောက်ကြီး၊ တရုတ်ပြေး အစရှိသည်ဖြင့် ၂၈ ဆူမျှသော ရှေးဟောင်း

ကာကွယ်ထိန်းသိမ်းပြုပြင်ရမည့် သမိုင်းဝင် အမွေအနှစ်များ



စေတီပုထိုးတို့မှာ စေတီလုံး၊ ကွမ်းထောင်နှင့် အောက်ပိုင်းအခြေများ ပြင်းထန်စွာ ပြိုကွဲပျက်စီးခဲ့ရသည်။ ထိုမျှမက ရှေးရိုးနံရံပန်းချီရှိသော လိုဏ်ဂူ ဘုရား များမှာလည်း ဝမ်းနည်းကြေကွဲဖွယ်ရာ ကွာကျပျက်စီးခဲ့ရလေသည်။

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသော ပုဂံဘုရားများကို ရှေးဟောင်းသုတေသနဦးစီးဌာန ဆောက်လုပ်ရေး ကော်ပိုရေးရှင်း အထူးလုပ်ငန်းအဖွဲ့နှင့် ဂေါပကအဖွဲ့များက ကြီးမှူးပြီး မွမ်းမံပြင်ဆင်ခဲ့သည်။ ထိုသို့ ပြုပြင်ဆောင်ရွက်ရန် ဝန်ကြီးများအဖွဲ့မှ ဆောက်လုပ်ရေးကော်ပိုရေးရှင်းနှင့် ရန်ကုန် စက်မှုတက္ကသိုလ်မှ မြန်မာ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်မှု ပညာရှင်များ ပါဝင်သော အကြံပေးပညာရှင်အဖွဲ့တဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ကြီးမှ ချမှတ်ပေးသော လုပ်ငန်းစဉ်အတိုင်း ရှေးဟောင်း အဆောက်အအုံများကို မွမ်းမံပြုပြင်ရာတွင် မူလလက်ရာနှင့် တူညီနိုင်သမျှ တူညီအောင် ဦးစားပေး ဆောင်ရွက်ရသည်။ နောင်အရှည် တည်တံ့ခိုင်မြဲစေရန် ရည်သန်ပြီး ကွမ်းထောင်ပိုင်း ဝန်လေးနေသော အာနန္ဒာ လိုဏ်ဂူတော်ကြီး၏ ကွမ်းထောင်အတွင်းမှ အုတ်ရိုးများကို တဖြည်းဖြည်းချင်း တူးထုတ်ပြီး အပေါ်မှ သံကူကွန်ကရစ်ခွေများကို တခွေချင်းချကာ အလေးချိန်ကို လျော့ပေါ့စေပြီးမှသံကူကွန်ကရစ် ၆ ဒါ ဂ်တိုင်များဖြင့် ကျားကန်ကာ ပြုပြင်ခဲ့သည်။ မဟာဗောဓိ၊ ဂေါဓောပလွင်၊ သဗ္ဗညူ အစရှိသည်တို့တွင်လည်း သံကူကွန်ကရစ်များဖြင့် အင်အားဖြည့် ခိုင်မာစေကာ အပေါ်ဝန်အလေးချိန်ကို လျော့ပေါ့စေပြီး ပြုပြင်တည်ဆောက်ခဲ့သည်။

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသော ပုဂံဘုရားများအနက် ပြုပြင်ထိန်းသိမ်းပြီး အာနန္ဒာစေတီတော်ကြီးကို တွေ့မြင်ရပုံ

ရှေးဟောင်းသုတေသန ဦးစီးဌာန ဓာတုဗေဒဌာနခွဲမှလည်း ငလျင်မလှုပ်မီက ထားရှိခဲ့သော လုပ်ငန်းစဉ်များအတိုင်း ရှေးရိုးနံရံ ပန်းချီရှိသော ဂူဘုရားများတွင် ပိုးမွှားပေါက်များကို ဖာထေးခြင်း၊ ဓာတ်ဆေးဖြင့် သန့်စင်ခြင်း၊ အနှားသတ်ခြင်း၊ ကြားသိပ်ခြင်း စသည်တို့ဖြင့် ထိန်းသိမ်းပြုပြင်ခဲ့သည်။ ဂူဘုရားပေါင်း ၆၈ ဆူတွင် စုစုပေါင်း စတုရန်းပေ တသိန်း လေးသောင်း ခြောက်ထောင် ကျော်မျှ ထိန်းသိမ်းသန့်စင် ပြီးစီးခဲ့သည်။ ပန်းတော့ခေါ် အင်္ဂတေပန်းလက်ရာကောင်းမွန်သော ဘုရားများတွင်လည်း ကွာဟနေသော အစိတ်အပိုင်းများကို ကြားသိပ်ခြင်း၊ အနှားသတ်ခြင်းနှင့် အထွေထွေ ထိန်းသိမ်းပြုပြင်မှုတို့ကို ဆောင်ရွက်ခဲ့သည်။

ငလျင်ဒဏ်ခံ ပုဂံဘုရားများကို ၁၉၇၅ ခုနှစ် ဩဂုတ်လ အတွင်းမှ စတင်၍ ပုဂံမြို့ ရှေးဟောင်း သုတေသနဌာနခွဲ၊ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း (အထူးလုပ်ငန်းအဖွဲ့)ပုဂံမြို့နှင့် ဂေါပကအဖွဲ့များမှ အသီးသီး တာဝန်ယူ၍ ထိန်းသိမ်းပြုပြင်ခဲ့ရာ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလကုန် အထိ အောက်ဖော်ပြပါ ရှေးဟောင်း အထိမ်းအမှတ် စေတီပုထိုးများ ပြုပြင်ပြီးစီးခဲ့လေသည်။

ပုဂံမြို့ ရှေးဟောင်းသုတေသနဌာနခွဲမှ ဌာနဆိုင်ရာခွင့်ပြုရန်ပုံငွေဖြင့် အထူးအရေးတကြီး ပြုပြင်ရန် လိုအပ်သည့် အကဲ့အအက်ကြီးများကို ဖာထေးပြုပြင်ခြင်း၊ ရေပိတ်လှာများဖြင့် ပိတ်ခြင်း၊ ကဲ့အက်နေသည့် အင်္ဂတေပန်းများနှင့် နံရံပန်းချီမှ အင်္ဂတေချပ်များကို အနှားသတ်ခြင်း၊ ကြားသိပ်ခြင်း စသည့် အသေးစား ထိန်းသိမ်းပြုပြင်မှုများကို ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့သည့် ရှေးဟောင်း အဆောက်အအုံများအနက် အရေးပါသော စေတီပုထိုးများမှာ သကျမုနိ၊ ကုန်းတော်ကြီး၊ မင်းမျှော်ရာဇာဘုရားအနီးမှ စေတီငယ်၊ ဆပဒ၊ မီးမလောင်ကျောင်း၊ ဂူပိစပ်၊ ဝပ်ကျင်းဂူ၊ သံတော်ကြား၊ ဆင်ပြဂူ၊ အလိုပြည့်ဂူ၊ ရွှေထီးဆောင်း၊ ရွှေလိပ်တူး၊ ငါလှသင်ဂူ၊ ခေမာဝရ၊ သိကြားဟစ်၊ မြတောင်အုတ်ကျောင်းကြီး၊ ပေါက်ပင်ရာစေတီ၊ ဗျိုင်းဖွတ်ဖားစေတီငယ်သုံးဆူ မြင်းကပါကျဆင်းဂူနှင့် သာရပါတံခါး စသည်အားဖြင့် စုစုပေါင်း ၄၇ ဆူမျှ ပြုပြင် ပြီးစီးခဲ့သည်။

ဆောက်လုပ်ရေး ကော်ပိုရေးရှင်း (အထူးလုပ်ငန်းအဖွဲ့)မှ ပြုပြင်ခဲ့သော ဘုရားများ

ဆောက်လုပ်ရေး ကော်ပိုရေးရှင်း အထူးလုပ်ငန်းအဖွဲ့ကို ပုဂံမြို့၌ ၁၉၇၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဝန်ထမ်းလုပ်သား အင်အား ၃၅၀ ကျော်ဖြင့် ထိန်းသိမ်းပြုပြင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ ပြုပြင်ရာတွင် ပုဂံဘုရားများ ပြုပြင်ရေး အကြံပေး ပညာရှင်အဖွဲ့ကြီးမှ ချမှတ်ပေးခဲ့သော ဦးစားပေးအလိုက် ထိန်းသိမ်း ပြုပြင်ရန် ပထမ ဦးစားပေး အဆူ ၂၀ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အာနန္ဒာ ၂။ သဗ္ဗညူ ၃။ ရွှေစည်းခုံ ၄။ လောကထိပ်ပန် ၅။ ဝက်ကြီးအင်းဂူပြောက်ကြီး ၆။ ပိဋ္ဌကတ်တိုက် ၇။ ကျောက်ဂူဥမင် ၈။ ရှင်ပင်သာလျောင်း ၉။ ရွှေဆံတော် ၁၀။ မဟာဗောဓိ ၁၁။ နတ်လှောင်ကျောင်း ၁၂။ ရွှေဂူကြီး ၁၃။ လောကနန္ဒာ ၁၄။ မန္တဟာ ၁၅။ ဥပါလိသိမ် ၁၆။ ကဲ့ပွနားဇော်ငင်း ၁၇။ ထီးလိုမင်းလို ၁၈။ ဂေါဓောပလ္လင် ၁၉။ ဓမ္မရံကြီး ၂၀။ ဗူးဘုရား စသည်တို့ ဖြစ်လေသည်။

ဗူးဘုရားမှာ ဆောက်လုပ်ရေး ကော်ပိုရေးရှင်းမှ အကြိုအင်ဂျင်နီယာလုပ်ငန်းသာ ဆောင်ရွက်ပေးရသည်။ မူလပုံစံအတိုင်း အသစ်ပြန်လည် တည်ဆောက်ရာ၌ ဂေါပက အဖွဲ့မှ လုံးဝတာဝန်ယူ၍ အပြီးထိ ဆောက်လုပ်သည်။

ကျန်ဒုတိယနှင့် တတိယ ဦးစားပေး လုပ်ငန်းအနေဖြင့် ပြုပြင်ခဲ့သော စေတီပုထိုးများမှာ ပုထိုးသားများ၊ မင်းမျှော်ရာဇာ၊ ငါးမျက်နှာနှစ်ဆူ၊ စိမ်းညက်ညီမနှစ်ဆူ၊ နဂါးရုံ၊ စူဠာမဏိ၊ မင်္ဂလာစေတီ၊ ပေပင်ကျောင်း၊ လောကဥယျာဉ် အစရှိသော ရှေးဟောင်း အဆောက်အအုံ ၃၃ ဆူ ပါဝင်သည်။

ဂေါပကအဖွဲ့မှ ပြုပြင်ခဲ့သော ဘုရားများ

ပုဂံညောင်ဦးမြို့နယ်ရှိ ဂေါပက အဖွဲ့ဝင်များကလည်း စေတနာအလျောက် တတပ်တအား တာဝန်ယူ၍ ၎င်းတို့တတ်စွမ်းသမျှ လှူဒါန်းငွေများဖြင့် စုပေါင်းကာ စေတီပုထိုး ၂၄ ဆူကို ထိန်းသိမ်းပြုပြင် ခဲ့ကြသည်။ ထိုသို့ ထိန်းသိမ်းပြုပြင်ရာတွင် ပညာရှင်အဖွဲ့မှ ချမှတ်ပေးသော ရှေးမူလက်ရာမပျက်၊မူလလက်ရာနှင့် တူနိုင်သမျှ တူညီစေရန် ချမှတ်ပေးခဲ့ပြီး ပြုပြင်စေခဲ့သည်။ ၎င်းတို့အနက် အရေးပါသော စေတီပုထိုးများမှာ ဗူးဘုရား၊ မြစေတီ၊ မင်းအို ချမ်းသာ၊ ဖွားစောဆုတောင်းပြည့်၊ ကွမ်းထမ်းညီနောင်၊ သက်တော်ရှည် သက်တော်ရ၊ သန့်ပြန့်စွာနှင့် မင်းနန်သူလေးမျက်နှာဘုရား စသည်တို့ ဖြစ်လေသည်။

ပုဂံ ရှေးဟောင်းသုတေသန ဌာနခွဲ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း အထူးလုပ်ငန်းအဖွဲ့နှင့် ဂေါပကအဖွဲ့တို့မှ ပြုပြင်ပြီးစီးခဲ့သော ရှေးဟောင်း အဆောက်အအုံ စုစုပေါင်းမှာ ၁၂၃ ဆူမျှ ဖြစ်သည်။ ယင်းသို့ ပြုပြင်ရာတွင် ကုန်ကျငွေများကို ပဏာမအနေဖြင့် နိုင်ငံတော် အစိုးရမှ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ အလှူငွေနှင့် ဘဏ်တိုးရငွေကျပ် ၄၈ သိန်းကျော် စုစုပေါင်း ကျပ်ငွေ ၅၈ သိန်းကျော်မျှ ကျခံသုံးစွဲပြုပြင်ခဲ့သည်။ ယင်းကုန်ကျငွေမှာ ထိန်းသိမ်းပြုပြင်မှု လုပ်ငန်းသုံး ပစ္စည်းကိရိယာများနှင့် လုပ်အားခအတွက် သက်သက်မျှသာ သုံးစွဲခဲ့ပြီး၊ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း၏ ဝန်ဆောင်စရိတ်များကို ဌာနဆိုင်ရာကြေး အဖြစ်ဖြင့် ရှေးဟောင်းသုတေသန ဦးစီးဌာနက သီးခြား ကျခံပေးချေခဲ့သည်။

ထိုသို့ ထိန်းသိမ်းပြုပြင်မှုကို ဆောင်ရွက်ခဲ့ရာ ယခုအခါ အဓိက အရေးပါသည့် ဂေါဓောပလ္လင် ဘုရားကြီးတဆူသာ လက်စသတ် ပြုပြင်ရန် ကျန်ရှိတော့ပြီး ငလျင်မလှုပ်မီက မူလအခြေအနေ နီးပါးမျှ ပြုပြင်ပြီးစီးခဲ့ပြီဟု ဆိုနိုင်သည်။ လာမည့်နှစ်များ အတွင်း၌လည်း ပြုပြင်ပြီး စေတီပုထိုးများ ပိုမိုတောင့်တင်း ခိုင်မာရေးနှင့် ကြံခိုင်ရေး လုပ်ငန်းများကို မျက်ခြည်မပြတ် ဆောင်ရွက်ရန်နှင့် ကျန်ရှိနေသည့် ပြုပြင်သင့်သော ရှေးဟောင်း အဆောက်အအုံများကို ဆက်လက်တိုးခဲ့၍ ထိန်းသိမ်းပြုပြင် ဆောင်ရွက်သွားရန် အစီအစဉ် ချမှတ်ထားလေသည်။

ဦးသန်းဆွေ



နာဂစိဝရာပဋ္ဌပဋိမာရုပ်ဖွား:ဆင်းတုတော်



ပဋ္ဌမာတုဝါဟနတိဝက်စေတီနှင့်ဓါတ်တော်ကြွတ်

သဃ်သန့်ပရိဝေဏ်း

ဓမ္မပဏ္ဏာ မဟာဝိဇယ စေတီ

၁၉၇၀ ပြည့်နှစ် မတ်လတွင် နီပေါနိုင်ငံ ဘုရင်မင်းမြတ်နှင့် မိဖုရားတို့သည် မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိလာခဲ့ကြသည်။ ကလျာဏမိတ္တတာ ဓမ္မပဏ္ဏာလက်ဆောင်တော်အဖြစ်ဖြင့် နိုင်ငံတော် သမ္မတကြီးအား နာဂစိဝရာပဋ္ဌပဋိမာ ဆင်းတုတော်တဆူနှင့် မြတ်စွာဘုရားမီးရှူးသန့်စင်ဖွားမြင်တော်မူရာ လုမ္ဗိဏီ ဓာတ်တော်မြေကို လည်းကောင်း၊ နိုင်ငံတော်သမ္မတကြီးကတော်အား ပဋ္ဌမာတုဝါဟန ဓာတ်တော်ကြွတ်စေတီငယ် တဆူကိုလည်းကောင်း ဘုရင်ဘီရင်ဒရာဘီရ်ဘီကရမ်ရှားဒွေဗန္ဒုနှင့် မိဖုရားကြီးအိုင်ရှာဝါရာဂျလက်ရှမီဒေဝီရှားတို့က ပေးအပ်တော်မူခဲ့သည်။

ထိုနောက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးမျှားနှင့်သံဃာ့ဝန်ဆောင် ဆရာတော်ဘုရားကြီးမျှားကိုးပါးတို့က ၁၉၇၀ ပြည့်နှစ် မေလ ၂၁ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးဇမ္ဗူဒီပကျောင်းဆောင် ဘုရားခန်းမကြီး၌ အနေကဇာတင် ဗုဒ္ဓါဘိသေကမင်္ဂလာပူဇော်တော်မူခဲ့ကြလေသည်။

၁၉၇၀ ပြည့်နှစ် မေလတွင် မြတ်ဗုဒ္ဓ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ထမြောက် အောင်မြင်ခြင်းနှင့် မကြုံစဖူးထူးကဲလှစွာ ဂိုဏ်းပေါင်းစုံသံဃာတော်များ စည်းလုံးညီညွတ်မှုရရှိခြင်းတို့၏ အထိမ်းအမှတ်အဖြစ်ဖြင့် လုပ်သားပြည်သူ ရှင်လူရဟန်းတို့ ထာဝစဉ် ဖူးမျှော်နိုင်ကြစေရန် ရည်သန်ရှေးရှု၍ ထိုနာဂစိဝရာပဋ္ဌပဋိမာရုပ်ပွားဆင်းတုတော်မြတ်ကိုလည်းကောင်း၊ လုမ္ဗိဏီအင်ကြင်းမြို့မှ ဓာတ်တော်မြေကို လည်းကောင်း၊ ပဋ္ဌမာတုဝါဟနဓာတ်တော်ကြွတ်စေတီငယ်ကိုလည်းကောင်း ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဒက္ခိဏဒိသာလက်ယာတောင်ဘက်ရှိ ဓမ္မရက္ခိတကုန်းတော်မြတ်၌ မဟာဝိဇယဘွဲ့တော်ရှိသော ဘုရားပုထိုးတော်ကြီးအဖြစ် တည်ဆောက်ကြရန် ၁၉၇၀ ပြည့်နှစ် မေလ ၃၁ ရက် စနေနေ့တွင် ဇမ္ဗူဒီပကျောင်းဆောင်၌ကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပထမအကြိမ် ဒုတိယအစည်းအဝေးတွင် ဆုံးဖြတ်တော် မူခဲ့ကြလေသည်။

ရုပ်ပွားတော်

နီပေါနိုင်ငံဘုရင်မင်းမြတ်နှင့်မိဖုရားကြီးတို့ထံမှ ဓမ္မပဏ္ဏာ တော်အဖြစ်ရရှိခဲ့သော ထိုရုပ်ပွားတော်သည် ရွှေ၊ငွေ၊ကြေး၊ သံ၊ ခဲ၊ သတ္တုငါးမျိုးရောစပ်ထားသော ဝတ္ထုပစ္စည်းမျိုးဖြင့် ထုသွန်း စီရင်ထားသည့် ပဉ္စလောဟာ ဘုရားအမျိုးအစား ဖြစ်သည်။ ခတ္တမန္ဒူမြို့တော် နရဒေဝီတိုလေ၊ ဗုလုခါဒေ ဝါလဒေသမှ အနုပညာရှင်ဆရာကြီး မိုတီကာဂျီသျှကျ၏ အနုပညာလက်ရာမွန်ဖြစ်လေသည်။

နဂါးမျိုးနွယ်တို့က ကိုယ်တော်ကိုရစ်ပတ်၍ သင်္ကန်း တော်အဖြစ် လှူဒါန်းဆက်ကပ်ထားသည့်ဟန်ဖြင့် စံပယ် တော်မူထားသဖြင့် နာဂစီဝရမုနိ ပဋိမာ ဆင်းတုတော်အ မျိုးအစား နာဂစီဝရာပဋ္ဌပဋိမာ ဆင်းတု ရုပ်ပွားတော်ဖြစ် သည်။ လက်ယာပခုံးတော်နှင့် လက်ယာသားမြတ်တော်ကို ဖွင့်လှစ်ထားကာ သင်္ကန်းကို ဝတ်ရုံထားဘိသကဲ့သို့ စံပယ် တော်မူသည်။ သတ္တဝါအများကို ရင်ဝယ်သားကဲ့သို့ မဟာ ကရုဏာတော်သက်ရောက်တော်မူသည်ဟု ရည်ညွှန်းဖော်ပြ လိုရင်းဖြစ်လေသည်။

လက်ဝဲလက်ဖဝါးကို တင်ပျဉ်ခွေပေါ်တွင် လှန်တင် ထားပြီး လက်ယာလက်ကို လက်ယာဒူးပေါ်မှ မြေကြီးသို့ ညွှန်ပြချထားရကား ဘူမိဖဿမုဒြာ ခေါ် ဘုရားစင်စစ် ဧကန်ဖြစ်ကြောင်း ပထဝီသက်သေညွှန်းသော လက်ထား ဟန်မျိုးဖြစ်သည်။ လက်ချောင်း လက်ညှိုးများသည်လည်း သဘာဝအတိုင်း တိုရှည်နိမ့်မြင့်ဖြင့် တွေ့ရှိရသည်။

နားရွက်တော် နှစ်ဘက်သည် ပခုံးတော်ကို မထိသော ပကတိသဘာဝ နားရွက်တော်များဖြစ်သဖြင့် မူလတိဗက် ဗုဒ္ဓဘာသာပဋိမာပုံတော်မျိုးဖြစ်သည်။

အာသနပလ္လင်တော်သည် ရှေ့မျက်နှာစာဖက်တွင် ကြာ မှောက်ကြာလှန် နှစ်ထပ်ပြထားသော ဝိသွပဒ္ဓါသနပလ္လင် တော်မျိုးဖြစ်သည်။နောက်ကျောဘက်တွင်မူ မန္ဒာရဝ နတ် ပန်းပွင့်များဖြင့် တန်ဆာဆင်ထားသော ဘမရာသနပလ္လင် မျိုးဖြစ်သည်။ နတ်ပြည်နဂါးပြည်၌ သီတင်းသုံးနေတော် မူဟန် ဖော်ပြလိုရင်းဖြစ်သည်။

ဥဏ္ဏလောမမွေးရှင်တော်ကို ရကောက်ပုံဖြင့် ဖော်ပြ ထားသည်ကို တွေ့ရသည်။

မဏိတော်သည် မောက်ချွန်းနေသော လက်ယာရစ်ဆံ ခွေတို့၏ထိပ်၌ စပယ်ဖူးသို့မဟုတ် ကြာဖူးတင်ထားဟန်ဖြင့် တွေ့ရှိရသည်။

ရုပ်ပွားဆင်းတုတော်၏ နောက်ကျောဘက် ပလ္လင်တော် အထက်ပိုင်းတွင် ဥမ်မဏိပဒ္ဓေဟုမ် (ဥုံမဏိပဒ်မေဟုံ) ဟူ သော စာတမ်းထိုးထားသည်ကို တွေ့ရှိရသည်။ အိန္ဒိယ တိဗက်တို့၏ ခုနစ်ရာစုခေတ်သုံး ရဉ္ဇအက္ခရာများဖြင့် ရေး ထိုးထားသည်။ ဖောင်းကြွအက္ခရာများဖြစ်သည်။

အထက်ပါ ဂါထာဘုရားရှိခိုး စာတမ်းသည် တိဗက် လာမာဗုဒ္ဓဘာသာထွန်းကားသော နီပေါနိုင်ငံ အိန္ဒိယ မြောက်ပိုင်း၊ တိဗက်ပြည်များနှင့် မဟာယာန ဗုဒ္ဓဘာသာ နိုင်ငံများတွင် အလွန်ထင်ရှားသည်။

"ဥမ်မဏိပဒ္ဓေဟုမ်" ဟူသော အက္ခရာခြောက်လုံးပါ ဂါထာ၏အနက်အဓိပ္ပာယ်ကို ပညာရှင်များက အမျိုးမျိုး အဖုံဖုံဖွင့်ဆိုကြသည်။ အရှင်းဆုံးနှင့် အများကလက်ခံထား သော အနက်အဓိပ္ပာယ်အကျဉ်းချုပ်ကိုသာ ဖော်ပြရသော် ပထမဖွင့်ဆိုချက်သည် ဥုမ်(ဥုံ)သည် အ + အု + ∸ ဟူ သောအသံသုံးခုကို ပေါင်းစပ်ထားသော ဗီဇအက္ခရာဖြစ် သည်။ နတ်သိကြားဗြဟ္မာတို့ လာကြပါကုန်လောဟု ဖိတ် ခေါ်ခြင်းအဓိပ္ပာယ်ကိုဆောင်သည်ဟု မဟာယာနဗုဒ္ဓဘာ သာကျမ်းများ၌ဖွင့်ဆိုသည်။ ဟိန္ဒူဗြာဟ္မဏတို့၏အယူဝါဒ တွင်ဗြဟ္မာကြီး၏ဗြဟ္မာ–သျှီဝ–ဗိဿဏုဟူသောတြိဂုဏ၏ သင်္ကေတ ဖြစ်သည်ဟုဖော်ပြဖွင့်ဆိုသည်။

ထို့ကြောင့် ဥုမ်ဟူသောအက္ခရာသည် နတ်မြတ် နတ် ကောင်း သိကြားဗြဟ္မာ စသော နတ်အပေါင်းတို့သည် လာကြပါစေသတည်းဟု ပင့်ခေါ်သော အနက်အဓိပ္ပာယ်ကို ရနိုင်သည်။

မဏိဟူသော အက္ခရာပုဒ်သည် ပတ္တမြားရတနာဟူ၍ လည်းကောင်း၊ ပတ္တမြားအသွင် ဘုရားသခင် ဟူ၍ လည်း ကောင်း အဓိပ္ပာယ်ကိုဆောင်သည်။

ပဒ္ဓေဟူသော အက္ခရာပုဒ်သည် ပဒုမ္မာကြာပွင့်ထဲ၌ဟူ ၍လည်းကောင်း၊ မယ်တော်၏ဝမ်းတိုက်ထဲ၌ဟူ၍ လည်း ကောင်း၊ လောကုတ္တရာဘုံ၌ ဟူ၍ လည်းကောင်း အနက် အဓိပ္ပာယ်ကိုဆောင်သည်။

ဟုမ် (ဟုံ)ဟူသောအက္ခရာသည် ရှိခိုးခြင်း၊ဆုတောင်း ခြင်းအနက်တို့ကို ဆောင်သည်။

သို့ဖြစ်၍ ပဒုမ္မာကြာပွင့်၌ စံပယ်လျက် ရှိတော်မူသော ပတ္တမြားအသွင် ဘုရားရှင်အား ရှိခိုးပါ၏။ နတ်မြတ် နတ် ကောင်း သိကြားဗြဟ္မာအပေါင်းတို့ လာကြပါကုန်လော့၊ စောင့်ရှောက်မှိုင်းမကြပါကုန်လော့ ဟူ၍ အနက်ဖွင့်ဆိုနိုင် လေသည်။

ဒုတိယအဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပဒုမ္မာကြာပန်းထဲ၌ သီတင်းသုံးလျက်ရှိသော ပဒုမာပါဏိခေါ် ဗောဓိသတ္တ ဘုရားလောင်းအား ရှိခိုးသောဂါထာဟုဆိုသည်။

တတိယအဓိပ္ပာယ်ဖွင့်ဆိုချက်သည် တိဗက်တို့၏ မာဏိ ကာဘုမ်ကျမ်းမြတ်၏ အလိုအရ –

ဥုမ် – နတ်အဖြစ်မှ လွတ်မြောက်ပါစေသတည်း
မ – အသူရာအဖြစ်မှ လွတ်မြောက်ပါစေသတည်း
ဏိ – လူဘဝမှ လွတ်မြောက်ပါစေသတည်း
ပဒ် – တိရစ္ဆာန်ဘဝမှ လွတ်မြောက်ပါစေသတည်း

မေ – ပြိတ္တာဘဝမှ လွတ်မြောက်ပါစေသတည်း

ဟုမ် – ငရဲမှ လွတ်မြောက်ပါစေသတည်း

ဥုမ်မဏိပဒ်မေဟုမ် = နတ် – အသုရာ – လူ – တိရစ္ဆာန်– ပြိတ္တာ – ငရဲ တည်းဟူသော ဘဝသံသရာ ခြောက်ပါးစလုံးမှ လွတ်မြောက်သော နိဗ္ဗာန်သို့ ရောက်ပါစေသတည်းဟု အဓိပ္ပာယ်ရကြောင်း ဖွင့်ဆိုထားသည်။ အက္ခရာ အသီးသီး အရောင်ကိုလည်း ဥုမ် အက္ခရာကို အဖြူရောင်၊ မ အက္ခရာကို အပြာရောင်၊ ဏိ အက္ခရာကို အဝါရောင်၊ ပဒ် အက္ခရာကို အစိမ်းရောင်၊ မေ အက္ခရာကို အနီရောင်၊ ဟုမ် အက္ခရာကို အနက်ရောင် ဆေးမင်တို့ဖြင့် ခွဲခြားရေးခြယ်၍ ကိုးကွယ်ကြရမည်ဟုလည်း မိန့်မှာထားသည်။ ဘုရားရုပ်ပွားဆင်းတုများတွင် ဖြစ်စေ၊ စေတီပုထိုးစသော သာသနိက အဆောက်အအုံများတွင်ဖြစ်စေ ဤ အက္ခရာများကို ရွှေရောင်ဖြင့် တပြေးညီ ရေးခြယ်ရမည်ဟုလည်း မိန့်ဆိုသည်။

ဤဂါထာသည် လောကီအကျိုး မှန်သမျှကိုလည်းကောင်း၊ လောကုတ္တရာ နိဗ္ဗာန်အကျိုး အမြတ်ကိုလည်းကောင်း ပေးစွမ်းနိုင်သော သတ္တိရှိသည်ဟု ယုံကြည်ကြသဖြင့် တိဗက်ဗုဒ္ဓဘာသာနိုင်ငံ၊ နီပေါနိုင်ငံများတွင် နေရာတကာ အန္ဒံအပြားတွင် ရေးထိုး ကိုးကွယ်လေ့ ရှိကြသည်။ အလံ၊ တံခွန်၊ စက်ရဟတ်၊ ကျောင်း၊အိမ်နံရံများစသည်တို့တွင် ဤဂါထာစာတန်းများကို ရေးထိုးထားကြသည်။

ခုနစ်ရာစုခေတ်သုံး ရဉ္ဇအက္ခရာခေါ် လန္တစအက္ခရာမျိုးဖြင့် ရေးထိုးထားသော ဤဂါထာစာတန်းများကို နီပေါ–တိဗက် မဟာယာန ဗုဒ္ဓဘာသာ၏ သာသနိကပစ္စည်းများပေါ်တွင် လေ့လာတွေ့ရှိရပါသည် ဟုလည်း ဖော်ပြရေးသားထားလေသည်။

ဓာတ်တော်ကြုတ်

ထိုမှတဖန် ဓမ္မပဏ္ဏာတော်ဖြစ်သော ပဉ္ဇဓာတုဝါဟန ဓာတုဂဗ္ဘစေတီတော်ပုံဓာတ်တော်ကြုတ်သည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်တည်းဟူသော ကပ္ပဋ္ဌိတိ မဟာဘူတဓာတ်ကြီးငါးပါးအား၊ ကိုးစားရည်မှန်း၍ စီရင် ဖန်ဆင်းထားအပ်သောကြောင့် ဤစေတီတော်ပုံသဏ္ဌာန်မျိုးကို ပဉ္ဇဓာတုဝါဟန ဓာတုဂဗ္ဘပုံတော်ဟူ၍ ဗုဒ္ဓဘာသာပဋိမာသိပ္ပံပညာရှင်တို့က ခေါ်ဆိုသတ်မှတ်ပညတ်ခဲ့ကြသည်။

သိသာထင်လင်း ယုံမှားကင်းအောင် ရှင်းပြရသော် သတ္တ – သခ်ါရ – ဩကာသတည်းဟူသော လောက သုံးထပ် ဘုံသုံးရပ်ကိုပင် လောကကြီးဟူ၍ ခေါ်ဆိုအပ်ပါသည်။ ထိုလောကကြီးသည် မြေ၊ ရေ၊ လေ၊ မီး၊ ကောင်းကင်တည်းဟူသော အခြေခံ မဟာဘုတ် ဓာတ်ကြီးငါးပါးပေါ် တည်မှီ၍ ဖြစ်ပေါ် လာရပေသည်။ ထိုကြောင့် လောကကြီးကို ပဉ္ဇဓာတုဟူ၍ ဝေါဟာရ ပညတ်ရလေသည်။ မြတ်စွာဘုရားသည် လောကသုံးပါးကို သိရှိနားလည်တော်မူသောကြောင့် လောကဝိဒူဟူသော ဘွဲ့တော်ဂုဏ်တော်ကို ရတော်မူလေသည်။ လောကသုံးပါး၏ ကိုးကွယ်အားထားရာဖြစ်တော်မူသောကြောင့် လောကနာထဟူသောဘွဲ့တော်ကို ရတော်မူခဲ့လေသည်။ လောကဝိဒူ၊ လောကနာထဘွဲ့တော်ဂုဏ်တော်များအရှင် မြတ်စွာဘုရားသခင်အား ရည်စူး၍ ရုပ်ပွားဆင်းတု ပန်းပု ရုပ်လုံး ရုပ်ခုံး ရုပ်ထွင်း ဆေးသွင်းပန်းချီ စသည်များကို ပြုလုပ်စီမံကြသောအခါ ဓာတ်ကြီးငါးပါး တည်းဟူသော လောကကြီးကို စီးနင်းလျက် စံပယ်တော်မူသော မြတ်စွာဘုရားအဖြစ်ပုံဆောင် ဖန်တီးခဲ့ကြလေသည်။ ဤသည်ကိုပင် ဓာတ်ကြီးငါးပါးကို စီးနင်းတော်မူပုံဟူ၍ ပဋိမာသိပ္ပံပညာ ဝါဟနယာနအခန်းတွင် ဖွင့်ပြမိန့်ဆိုကြလေသည်။

သာသနိက အဆောက်အအုံများတွင် ပထဝီဓာတ်ကို လေးထောင့်အန်စာတုံးပုံအားဖြင့်လည်းကောင်း၊ အာပေါဓာတ်ကို ရေစက်ရေပေါက်သဏ္ဌာန် လုံးဝန်းသော ပုံအားဖြင့်လည်းကောင်း၊ တေဇောဓာတ်ကို မီးလျံသဏ္ဌာန် သုံးထောင့်အချွန်းပုံအားဖြင့်လည်းကောင်း၊ ဝါယောဓာတ်ကို အဟုန်အရှိန်ပါသော လခြမ်းသဏ္ဌာန် အထက်လှန်ထားသော ပုံအားဖြင့် လည်းကောင်း၊ အာကာသဓာတ်ကို ကောင်းကင်ယံတွင် ကွန့်မြူးနေသော စိန်ဖူးကြာဖူးပုံအားဖြင့်လည်းကောင်း သရုပ်ဖော်ဆောင်လေ့ ရှိကြလေသည်။

ဤကဲ့သို့ လေးထောင့်၊ အလုံး၊ သုံးမြောင့်၊ လခြမ်း၊ စိန်ဖူးသဏ္ဌာန်များကို အစဉ်အတိုင်း တခုပေါ် တခုဆင့်တင်ထားခြင်းအားဖြင့် နီပေါတိဗက်ဗုဒ္ဓဘာသာဝင်တို့ကိုးကွယ်ကြသော ဓာတုဂဗ္ဘ စေတီတော်ပုံဖြစ်ပေါ် လာရလေသည်။

ဤဓာတ်ကြီးငါးပါးကို သာသနိက အဆောက်အအုံပုံသဏ္ဌာန် ဖော်ဆောင်ထားရကား ဓာတုဂဗ္ဘဓာတ်တော်တိုက်ဟူ၍ တိဗက် နီပေါနိုင်ငံများတွင် ခေါ်စမှတ်ပြုကြသည်။ ဓာတုဂဗ္ဘမှ ဓဂဗဟု အိန္ဒိယ – သီဟိုဠ် ဝေါဟာရများသို့ပြောင်းလဲလာလေသည်။ မြတ်စွာဘုရားနှင့်ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးများ၏ သရီရ ဓာတ်တော် မွေ့တော်အမျိုးမျိုးကို ဌာပနာထားအပ်သောစေတီကို ဓာတ်တော်တိုက်ပုံစံ ဆောက်လုပ်ခဲ့ကြလေသည်။ ဤဓာတုဂဗ္ဘပုံတော်ကိုပင် အိန္ဒိယပြည် ဆန်ချီအရပ်၌ စေတီ တည်ဆောက်ထားသဖြင့် ဒေသရပ်ရွာအမည်ကိုအစွဲပြု၍ ဆန်ချီပုံတော်ဟူ၍ လည်းကောင်း၊ သီဟိုဠ်ကျွန်းအနုရာဓမြို့တွင်ရှိစေတီတော်ပုံဖြစ်၍ အနုရာဓပုံတော်ဟူ၍ လည်းကောင်း၊ မြန်မာနိုင်ငံ



ဓမ္မပဏ္ဏာလက်ဆောင်တော်များဖြစ်သော ရုပ်ပွားတော်နှင့် စေတီတော်ပုံ ဓာတ်တော်ကြုတ်ကို ဖူးမျှော်ရပုံ

ကောင်းမှုတော် ပုထိုးစေတီပုံဖြစ်သဖြင့် ကောင်းမှုတော်ပုံဟူ၍ လည်းကောင်း အမျိုးမျိုး ခေါ်တွင်လာကြသည်။ ဓာတ်ကြီးငါးပါးကို စီးနင်းထားသော အနက်သဘော ကြောင့် ဓာတ်စီးသည်ဟူသော မြန်မာဝေါဟာရပင်လျှင် ဓာတ်ကြီးငါးပါးကို စုစည်းပေါင်းရုံးထားခြင်းအနက်ရှိသော ကြောင့် ဓာတ်စည်းသည်ဟူ၍ ပြောင်းလဲ ခေါ်တွင်လာကြလေသည်။

ယခုထက်တိုင် တိဗက်၊ နီပေါ၊ တရုတ်၊ ဂျပန်စသော ဗုဒ္ဓဘာသာနိုင်ငံကြီးများတွင် လက်ခံယုံကြည်နေကြသော အဘိဓမ္မာဖွင့်ဆိုချက်များအရ စေတီပုထိုးပုံတော်၏ သင်္ကေတအဓိပ္ပာယ်ကို အမြွက်မျှတင်ပြရမည်ဆိုလျှင် အောက်တွင် ဖော်ပြပါအတိုင်းဖြစ်သည်။

လေးထောင့်သဏ္ဌာန် အနှစာတုံးပုံသည် ကာမလောက၏ ရုပ်တရားဖြစ်သည်။ စေတီတော်၏ အောက်ဆုံးအခြေခံ ပထဝီဓာတ်ဖြစ်သည်။ အဝါရောင်အဆင်းရှိ၍ ဂါထာမန္တရားများတွင် (အံ) ဟု အက္ခရာသင်္ကေတပြုထားသည်။

အလုံးပုံသည် ကာမလောက၏ နာမ်တရားဖြစ်သည်။ စေတီ၏ဒုတိယဘုံဆင့်တွင်ရှိ၍ အာပေါဓာတ် ဖြစ်သည်။ အပြာရောင်အဆင်းရှိ၍ ဂါထာမန္တရားများတွင် (တံ) ဟု အက္ခရာသင်္ကေတပြုထားသည်။

သုံးမြွှောင့်ပုံသည် ရူပလောက၏ ရုပ်တရားဖြစ်သည်။ စေတီ၏တတိယဘုံဆင့်တွင်ရှိ၍ တေဇောဓာတ် ဖြစ်သည်။ အနီရောင် အဆင်းရှိ၍ (ရံ) ဟူသော အက္ခရာဗီဇဖြင့် သင်္ကေတပြုသည်။

ကြာခွက်သပိတ်လှန် လခြမ်းပုံသဏ္ဌာန်သည် အရူပလောကနာမ်တရားဖြစ်သည်။ စေတီ၏စတုတ္ထ ဘုံဆင့်တွင်ရှိကာ ဝါယောဓာတ်ဖြစ်သည်။ အပြာရောင်အဆင်းရှိသည်။ (ဟံ)ဟူ၍ အက္ခရာဗီဇသင်္ကေတပြုသည်။

မိုးကြိုးသွားစိန်ဖူး ကြာဖူးပုံသည် လောကသုံးပါး၏ အထွတ်အထိပ်အညွှန့်အဖူး ဗောဓိဉာဏ် ဖြစ်သည်။ ခန္ဓာဝိမုတ္တိ ဖြစ်သည်။ စေတီတော်၏ ပဉ္စမဘုံအမြင့်ဆုံး အဆင့်တွင်ရှိကာ အာကာသဓာတ်ဖြစ်သည်။ ကောင်းကင်ကို (ခံ) ဟူ၍ သင်္ကေတပြုသည်။ ပြိုးပြိုးပြက်ပြက် တခဲနက်ထိန်လင်းဝိုးဝိုးဝင်းသော အဆင်းအရောင်ရှိသည်။

ဓာတ်တော်တိုက်၏ ဒုတိယဘုံနှင့် တတိယဘုံကြားတွင် မျက်လုံးအစုံ တပ်ဆင်ထားခြင်းသည် မြတ်စွာဘုရား၏ သမန္တစက္ခု၊ အနန္တစက္ခုဟူသော ဂုဏ်တော်ကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ ဓာတ်တော်ကြုတ်တွင်းဌိလည်း မြတ်စွာဘုရားပုံတော်များကို မုဒြာအမျိုးမျိုးဖြင့် ထုထွင်းသားသည်။

ထို့ကြောင့် ဓာတ်တော်ကြုတ်သဏ္ဌာန် စေတီတော်ကို ပဋ္ဌာဓာတု ဝါဟန ဓာတုဂဗ္ဘစေတီတော်ဟူ၍ လောကီပညတ် ခေါ်ဝေါ်အပ်ကြောင်းကို မြတ်စွာဘုရားသခင် ဖွားမြင်တော်မူရာအမှုန် ဘူမိနက်သန်ဖြစ်သော နီပေါနိုင်ငံမှ ဟင်္ဒိမာသိပ်ပံပညာရှင် သူတော်စင်ကြီးများက မိန့်မှာမြွက်ကြားခဲ့ကြလေသည်။

လုမ္ဗိဏီခေတ်တော်မြေ

တတိယမြောက် ဓမ္မပဏ္ဏာတော်ဖြစ်သော လုမ္ဗိဏီခေတ်တော်မြေအကြောင်း နိဒါန်းကိုလည်း ထုတ်ဆောင်တင်ပြရသော် မြတ်စွာဘုရားသခင်သည် ခမည်းတော် သုဒ္ဓါဒန မင်းကြီးနှင့် မယ်တော် ဘဒ္ဒကစ္စနာ မဟာမာယာဒေဝီတို့၏ တဦးတည်းသော သားတော်အဖြစ် မဟာသက္ကရာဇ် ၆၇ ခုနှစ် ကဆုန်လပြည့် သောကြာနေ့ ဘီစီ ၆၂၄ တွင် ကပိလ ဝတ္ထုပြည်နှင့် ဒေဝဒဟပြည် ခရီးလမ်းကြားရှိ လုမ္ဗိဏီအင် ကြင်းတောတွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ အမည်တော်အားဖြင့် သိဒ္ဓတ္ထကုမာရဟုတွင်လေသည်။

ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထကုမာရမင်းသား ဖွားမြင်တော်မူရာ ဤဒေသသည် ယခုအခါ နီပေါနိုင်ငံ၏ ရွှေမင်ဒိုင်ခေါ် လုမ္ဗိဏီဟုအမည်တွင်သော အရပ်ပင် ဖြစ်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ် ၂၅၀ ခန့်အကြာ တတိယ သင်္ဂါယနာတင် ဒေဝါနံပိယတိဿသီရိမဟာသောကမင်းတရားကြီးသည် နန်းစံနှစ် ၂၀ (ဘီစီ ၂၅၃) တွင် ဤလုမ္ဗိဏီအရပ်သို့ ကိုယ်တိုင်ကြွရောက်၍ မြတ်စွာဘုရားဖွားမြင်တော်မူရာအရပ် အထိမ်းအမှတ်ဖြစ်စေခြင်းငှာ ကျောက်စာရေးထိုး၍ ကိုယ်တိုင်စိုက်ထူပူဇော်ခဲ့လေသည်။ ယခုတိုင် လုမ္ဗိဏီ အသောက ကျောက်စာတိုင်ကြီးဟူ၍ ထင်ရှားလေသည်။

ဤဘူမိနက်သန်မြေရာမှန်ကို ဗုဒ္ဓသာသနိက မဟာဌာန ကြီးရှစ်ပါးတွင် ပထမမြောက် ဓာတ်တော်မြေအဖြစ် စဉ် ဆက်မပြတ် ကိုးကွယ်ပူဇော်ခဲ့ကြလေသည်။ စေတီပုထိုး စသော ဗုဒ္ဓသာသနိကအဆောက်အအုံများကိုတည်ဆောက် ကြသောအခါ ထိုလုမ္ဗိဏီခေတ်တော်မြေကို ဌာပနာသင်း လေ့ရှိကြပေသည်။

၁၃၄၂ ခုနှစ် ဒုတိယဝါဆိုလပြည့် တနင်္ဂနွေနေ့တွင် ရန် ကုန်မြို့ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်အလံပြဘုရား ကျိုက်ခပေါက်ဆွတ်၏ မြောက်ဘက် တပ်မတော်မှတ်တမ်း ရုံးဟောင်း ကန်တော်မင်ကုန်းတော်ပေါ်တွင် စေတီတော် ပန္နက်တင်မင်္ဂလာ၏ ပရိကမ္မ အကြိုအခမ်းအနားနှင့် ပန္နက် တင် မင်္ဂလာမဟာသဘင် အခမ်းအနားကြီးနှစ်ရပ်ကို ဆင် ယင်ကျင်းပခဲ့သည်။ထိုစေတီတော်တွင် နဂစီဝရာပန္နပဋိမာ ဆင်းတုတော်နှင့် ပဉ္စမဘုဝါဟနဓာတ်တော်ကြွတ်၊ လုမ္ဗိဏီ မဟာမြေများကို ဌာပနာတော်သွင်း၍ ကြည်ညိုကိုးကွယ် ရန် ဖြစ်လေသည်။

သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ် ဘုရားအား ကိုးစားရည်မှန်း၍ ဘုရားပုထိုး စေတီမျိုးကို ဖန်ဆင်းတည် ဆောက်သောအခါ လိုက်နာဆောင်ရွက်ကြရမည့် သာသ နိကဓမ္မ၊ ရှေးထုံးစဉ်လာ ဗိသုကာအတတ် လုပ်ထုံးလုပ်နည်း နိဿရည်းများကို ရှေးပညာရှင်ကြီးများက သတ်မှတ်ပေး ခဲ့ကြပါသည်။ ဤကောင်းမြတ်လှသော အစဉ်အလာကို ယခုထက်တိုင်ထိန်းသိမ်းစောင့်ရှောက်ကာ လိုက်နာကျင့်သုံး လျက် ရှိကြသည်။ ဘုရားစေတီပုထိုးတော်ကို ဖန်ဆင်း တည်ဆောက်သောအခါ မဟာမင်္ဂလာအခမ်းအနားအဆင့် ကိုးဆင့်ဖြင့်တိုးမြှင့်ဆောင်ရွက်ကြရလေသည်။

၁။ စေတီတော်ပန္နက်တင်မင်္ဂလာ၏ ပရိကမ္မအကြို အခမ်းအနား။
၂။ စေတီတော်ပန္နက်တင် မဟာမင်္ဂလာသဘင် အခမ်း အနား။
၃။ စေတီတော် ရတနာအုတ်မြစ်ချ မင်္ဂလာ အခမ်း အနား။
၄။ ဌာပနာတိုက်တော် ဖွင့်လှစ်ထည့်သွင်းခြင်း အခမ်း အနား။
၅။ သတ္တဌာန စီစဉ်ထည့်သွင်းခြင်း အခမ်းအနား။
၆။ ပန်းလည်တိုင် (ပိန္နဲတိုင်) စိုက်ထူခြင်းအခမ်းအနား။
၇။ ထီးတော်တင် အခမ်းအနား။
၈။ ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနား။
၉။ ရောင်တော်ဖွင့် ဗုဒ္ဓဘိသေက မင်္ဂလာအနေကဇာ တင်ပွဲအခမ်းအနား။

ဟူ၍ ဗိသုကာကမ္မကရဏ ကိုးဆင့် ရှိပါသည်။ ဤအခမ်း အနားတခုစီတွင်ပါဝင်သော အစီအစဉ် ဓလေ့ထုံးတမ်းများ သည်အကြောင်းထုပ်တိုက်နိပါတ်ဝတ္ထုဇာတ်သာဓကများပေါ် မူတည်၍ ပညတ်စီစဉ်ထားခဲ့ခြင်းဖြစ်ကြရကား သာသနာ ဝင် သမိုင်း၏ အဓိပ္ပာယ် လေးနက်လှသော မာတိကာ သင်္ကေတများပင် ဖြစ်ကြလေသည်။

ပရိကမ္မဆိုသည်မှာ အခမ်းအနားကြီးတရပ်ကို အောင် မြင်ပြည့်စုံစွာ ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်ဟူသမျှကို ကြိုတင်ပြင်ဆင်ပေးရသော လုပ်ငန်းဆောင်တာများ ဖြစ် သည်။ အကြိုအခမ်းအနားဟုခေါ်ကြသည်။အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး ဤသုံးခုမှုမပိုင်လျှင် နောင်ပြင်နိုင်ခဲသည့်မျိုးဟူသော ရှေးထုံးဆိုရိုးစကားရှိလေ သည်။ သို့ဖြစ်၍ စေတီပုထိုး ကုသိုလ်တော်ဘုရားမျိုးကို တည်ဆောက်သောအခါ ရှေးဦးစွာ သတိသမ္မဇဉ် အသိ ဉာဏ်တဲ့ယှဉ်လျက် ပရိကမ္မ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ကို စီစဉ်ဆောင်ရွက်ကြလေသည်။

ဘုရားဒါယကာ ဒါယိကာမများက သံဃာတော်အရှင် သူမြတ်များထံချဉ်းကပ်၍ စေတီဘုရား တည်ထားကိုးကွယ် လိုပါကြောင်း ပန်ကြားလျှောက်ထားကာ သြဝါဒ ခံယူရ မည် ထုံးတမ်းစဉ်လာ ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်



ဓမ္မပဏ္ဏာ မဟာဝိဇယ စေတီတော်ကြီး ပန္နက်တင်မင်္ဂလာ မဟာသဘင် အခမ်းအနားတွင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးစိန်လွင်က ရတနာအုတ်မြစ်ချခဲ့သည်။

သမ္မတကြီးသည် ၁၃၄၂ ခုနှစ် နယုန်လဆန်း ၁၀ ရက် သောကြာနေ့ ညနေ ၅ နာရီအချိန်ခန့်တွင် ရန်ကုန်မြို့ ဇမ္ဗူဒီပ ကျောင်းဆောင်၌ သီတင်းသုံးတော်မူလျက်ရှိကြသော အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးမျှားနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး မျှားထံ လာရောက် လျှောက်ထားကာ နီပေါနိုင်ငံဘုရင်နှင့် မိဖုရားတို့ထံမှ ဓမ္မပဏ္ဏာတော်ဖြစ် ရရှိခဲ့သော ရုပ်ပွားဆင်းတုတော် ဓာတ်တော်ကြုတ် စေတီငယ်နှင့်တကွ လုမ္ဗိဏီ မဟာမြေတော်တို့ကို ဘုရားတွင်ဌာပနာရန်သြဝါဒခံယူခဲ့ လေသည်။

တဖန်ဝါဆိုလပြည့် တနင်္ဂနွေနေ့တွင် ဆက်လက်၍ ပရိကမ္မအကြို အခမ်းအနားဖြင့် ဆောင်ရွက်ကြရသည်။ ဤဝတ္ထုကံမြေနေရာသည် လွန်ခဲ့သောတချိန်တခါက သံဃာတော် အရှင်မြတ်များ ကမ်ဆောင် သမုတ်ထားဖူးသောကြောင့် သိမ်မြေဖြစ်နေတတ်ပေသည်။ ထိုသိမ်မြေအဖြစ်မှ လွတ်မြောက်သန့်ရှင်း သံသယကုက္ကုစ္စ ကင်းစေရန်အတွက် သံဃမဟာနာယက ဆရာတော်ဘုရားကြီးများ အမှူးပြုသော သံဃာတော် (၂၇)ပါးကို ပင့်ပန်လျှောက်ထား၍ သိမသမူဟနသိမ်နှုတ်ကမ္မဝါစာဖြင့် ရွှတ်ဖတ်ကမ်ဆောင်ကာ သိမ်နှုတ်တော်မူကြသည်။

ဆက်လက်၍ တဖန် ထိုဝတ္ထုကံမြေနေရာသည် ညစ်ကြေးမတင် စင်ကြယ်သန့်ရှင်းသော သာသနာတော်မြေ ဖြစ်စေရန်အတွက် သံဃာတော် အရှင်မြတ်တို့က လည်းကောင်း၊ နဝင်္သီလ ဥပုသ်ဆောက်တည်ထားသော ဥပါသကာကိုးဦးတို့ကလည်းကောင်း ဆက်လက်၍ပရိတ်မေတ္တာဘာဝနာကုသိုလ် ပွားများကြသည်။ ထိုနောက် ပရိတ်သံကြဲပက်ခြင်း၊ ပရိတ်ရေပက်ဖျန်းခြင်း၊ ပရိတ်ပန်းစိုက်ခြင်း၊ ပရိတ်ချည်တန်းခြင်းများကို ဆောင်ရွက်ကြသည်။

ဘုရားတည်မည့် ဝတ္ထုနေရာကို အသီးအခြားနယ်နိမိတ်သတ်မှတ်ရသည်။ ရာဇမတ်ပတ်ခြံရစ်ကာပြီးလျှင် သဲဖြူခင်းရသည်။ ကြက်လျှာအလံ၊ တံခွန်ကုက္ကား မှလေးပွားတို့ဖြင့် လည်းကောင်း၊ ငှက်ပျောပင်၊ ကြံပင်၊ အုန်းညှောက်၊ မြေဇာမြက်၊ သပြေခက်များဖြင့်လည်းကောင်း ခမ်းနားထယ်ဝါတင့်တယ်စွာ စီရင်ပြင်ဆင်ထားကြသည်။

ဗိသုကာ ဆရာကြီးများ တွက်ချက်တိုင်းတာကြသည့် အတိုင်း ဗဟိဋ္ဌဂနှင့် အရပ်ရှစ်မျက်နှာတည်းဟူသောဋ္ဌာနကို ကြိုတင်သတ်မှတ်ကြသည်။ ဤတွင် သံလိုက်အိမ်မြှောင်ပြသော မြောက်အရပ်မျက်နှာကို လက်မခံမူ၍ နေလနက္ခတ်တာရာများဖြင့်တိုင်းတာရသော မြောက်အရပ်မျက်နှာစစ်စစ်ကိုသာတွက်ချက်၍ အရပ်ရှစ်မျက်နှာ ကိုတိုင်းတာမှတ်သားကြသည်။

အရှေ့ဆက်မနီးမဝေးသောအရပ်တွင် အပြာရောင်၊အဝါရောင်၊အနီရောင်၊ အဖြူရောင်၊ အမောင်းအရောင်နှင့် ပြိုးပြက်ရောင် ခြောက်ပြာဖြင့် တင့်တယ်လှစွာသော သာသနာအောင်လံတော်ကြီးကို မြင့်မားစွာ တိုင်ဖျား၌ လွှင့်ထူထားသည်။ သာသနာ့ကိစ္စ အဓိကရ ဆောင်ရွက်နေကြကြောင်းကို အမျှားတကာသိရှိ ကြည်ညိုနိုင်ကြစေရန် ဖြစ်လေသည်။

ဤသည်တို့ကား မြေကြီးနှင့်သက်ဆိုင်သော ပရိကမ္မအလုပ်များဖြစ်၍ မြေသန့်သည်ဟု ခေါ်သည်။

မဟာပရိတ်တော်မင်္ဂလာအဖွဲ့သား ဥပါသကာကြီးများကလည်း သုတ်မဟာဝါ မဟာ ပရိနိဗ္ဗာနသုတ်တွင် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ရာဇအပရိဟာနိယဓမ္မနှင့် အညီ ဗလိဒါန နတ်စာကျွေးခြင်း မင်္ဂလာကို ထုံးတမ်းစဉ်လာမပျက်ဆက်လက်ဆောင်ရွက်ကြသည်။ မြန်မာ့ရိုးရာဗိသုကာကျမ်းကြီးများတွင် မိန့်မှာခဲ့သည့်အတိုင်း ဗလိနတ်စင်ဆယ်စင်ကို ရင်အမြင့်ခန့်ဆောက်လုပ်ပြီးလျှင် တစင်လျှင် လေးပွဲပြင်ဆင်ကြသည်။ တပွဲစီတွင် သားငါးမပါ သစ်သီးဝလံခဲပွယ်ဘောဇဉ် ချိုချဉ်ရသာ ကိုးမျိုးကို ဖက်ခွက်ဖက်ဝန်းတို့ဖြင့် ပူဇော်ထားကြသည်။ အရပ်မျက်နှာတခုစီမှ နတ်မင်းကြီးလေးပါးတို့ကို ပင့်ရသဖြင့် အရပ်ဆယ်မျက်နှာမှ နတ်ဒေဝါပေါင်း လေးဆယ်ကို အမည်နာမဖြင့် ထုတ်ဖော်မြွက်ကြား၍ ပင့်ကြသည်။ ထို့နောက် ကြွင်းကျန်သမျှသိကြားဗြဟ္မာ နတ်ဒေဝါနှင့် သာသနာစောင့်နတ် စသည့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကိုလည်း ပင့်ခေါ်ပသပူဇော်ကြသည်။

မြတ်စွာဘုရား၏ ပလ္လင်တော်နှင့် မလှမ်းမကမ်းတနေရာတွင် အရှင်ဥပဂုတ္တာတိဿမထေရ်အားရည်မှန်း၍ ကန်တော့ပဲ့ဖြင့် ပူဇော်ထားသည်ကိုတွေ့ရသည်။ ကုသိုလ်ကိစ္စ ချောမောစွာပြီးမြောက်အောင်မြင်စေရန်အတွက် ဖြစ်လေသည်။ တတိယသင်္ဂါယနာတင် သီရိဓမ္မာသောက မင်းတရားကြီး လက်ထက်မှစ၍ အလှူဒါနပြုတိုင်း ဤကဲ့သို့ အရှင်ဥပဂုတ္တာကို ပင့်လျှောက်ရသောထုံးတမ်းစဉ်လာဖြစ်ခဲ့သည်ဟု ဆိုပါသည်။

ပန္နက်တိုင်များ လက်ရိုက်များကိုလည်း စောင်းလျား၊ လက်ပံ၊ ဖက်သန်း၊ သစ်တို၊ ငှ၊ ထန်းအောင်း၊ အင်ကြင်း၊ လက်ထုပ်များဖြင့်လည်းကောင်း၊ ကံ့ကော်၊ဆီး၊ လင်းလွန်း၊ ပေါက်၊ အုန်း၊ သီဟိုဠ်၊ ထန်းများဖြင့်လည်းကောင်း နှေသင့်နံသင့်တြိရန်း စတုရန်းတွက်ချက် ပြုလုပ်ထားကြသည်။ ထို ဝတ္ထုပစ္စည်းများကို ကမ္ဘာအေးရှိ မဟာသိမ်တော်ကြီးတွင် ဇမ္ဗူဒီပသံဃာတော်ကိုးပါးတို့က ကမ္မဝါစာ ရွတ်ဖတ်ကမ် ဆောင်ချီးမြှင့်တော်မူကြသည်။ သိမ်ဝင်သည်ဟုခေါ်သည်။

စေတီပုံတော်

စေတီတော်၏ ပုံပန်းသဏ္ဌာန်အတွက် ဗိသုကာပညာရှင်များက ရေးဆွဲတင်ပြလာသော စေတီပုထိုးတော်ပုံများအနက် လက်ရွေးစင်ခြောက်ပုံကို ရွေးချယ်ခဲ့ကြသည်။ ထိုခြောက်ပုံကို သာသနာ့ဒါယကာကြီးများက ဖူးမြော်ပြီးလျှင် ကုသိုလ်တော်ဘုရားပုံစံကို အလွန်ကြည်ညိုသဒ္ဓါပွားလှသဖြင့် ဦးစားပေး ရွေးချယ်ခဲ့ကြသည်။ဤကုသိုလ်တော်ပုံစံကိုပင် မူတည်တိုင်းထွာ၍ ဥာဏ်တော်အမြင့် ၁၃၄ ပေ အခြေစိုက်ကိုယ်တော် ကန့်လန့်ဖြတ် ၁၆၅ ပေဟူ၍ ဗိသုကာပညာရှင်များက သတ်မှတ်ကြလေသည်။

ပရိကမ္မအကြိုမင်္ဂလာအခမ်းအနားကို လပြည့်နေ့နံနက်ကိုးနာရီ ခုနစ်မိနစ်အချိန် စတင်ရန်နှင့် ပန္နက်တော်တင်မဟာသဘင်အခမ်းအနားကြီးကို ညဆယ့်နှစ်နာရီ သုံးဆယ့်လေးမိနစ်တိတိတွင် ဆောင်ရွက်ရန် အခါတော်ကို သတ်မှတ်ခဲ့ကြသည်။

အခမ်းအနားမှူးက မင်္ဂလာအခါတော်ကြား၊ နေရာတော်ကြား လျှောက်ထားသည့်အခါ ခရုသင်း၊ ကြေးမောင်း၊ အောင်စည်တော်၊ ကြေးစည်တို့ကို ကိုးကြိမ်စီ တီးမှုတ်ဆော်ရွမ်း၍ အခမ်းအနားကို ဖွင့်လှစ် ခဲ့လေသည်။ မဟာပရိတ်တော် ဥပါသကာအဖွဲ့နှင့် သီရိရတနာ ဝတ်အသင်း ဆယ့်နှစ်ဖွဲ့တို့က အဆက်မပြတ်တရားဒေသနာသုတ် ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ပန္နက်တင်အဖွဲ့က မှန်ပန္နက် ကိုးချောင်းကို တိုင်းထွာမှတ်သားကြပါသည်။ နဂါးလည်ပင်း၊ ဂဠုန်နင်း၍ မြီးရင်းဟိုင်းစီး၊ ကြွက်ကြိုးဝမ်းဖောက်ဟူသော နဂါးလှည့်၊ နဂါးသတ်လက်ံနှင့်အညီ ဆောင်ရွက်ကြလေသည်။

ဤသို့လျှင် စေတီတော်ရှေပန္နက်မြှုပ် မင်္ဂလာအခမ်းအနားသည် ပြီးဆုံးအောင်မြင်ခဲ့သည်။ ဝါဆိုလပြည့်နေ့ မဟာသမယအခါတော်ကြီးတွင် ကြိတ်ကြိတ်တိုး စည်ကားလှသော မျှားစွာသောင်းသောင်း ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် စေတီတော်ရှေပန္နက်ကို မြှုပ်မင်္ဂလာ တင်သသည့် မဟာအခမ်းအနားကြီးအား သာဓုနုမော် ကြိမ်ကြိမ်ခေါ်၍ ပူဇော်ကြည်ညိုခဲ့ကြလေသည်။

ထိုကဲ့သို့ မဟာဝိဇယစေတီတော် ပန္နက်တင်မင်္ဂလာ၏ ပရိကမ္မ အကြိုအခမ်းအနားနှင့် ပန္နက်တင် မဟာမင်္ဂလာအခမ်းအနားကြီးများကို အောင်မြင်စွာဆင်ယင်ကျင်းပပြီးနောက် သုံးလလွန်မြောက်သောအခါ စေတီတော်၏ရတနာအုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို တဆင့်တက်၍ ဆက်လက်ကျင်းပခဲ့ကြလေသည်။

မဟာဝိဇယ စေတီတော်မြတ်၏ ရတနာ အုတ်မြစ်ချ မဟာမင်္ဂလာ အခမ်းအနားကို ၁၃၄၂ ခု၊ သီတင်းကျွတ်လပြည့်နေ့၊ ၁၉၈၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက် သောကြာနေ့နံနက်တွင် ရွှေတိဂုံစေတီတော်တောင်ဘက်ရှိ ဓမ္မရက္ခိတကုန်းတော်ပေါ်၌ပင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်ဘုရားများက ကြီးမှူး၍ ကျင်းပခဲ့လေသည်။ အခမ်းအနားကို မဟာ့ပရိတ်တော် ဥပါသကာအဖွဲ့က နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿရွတ်ဆိုပြီးလျှင် နိုင်ငံတော် ဆိုင်းအဖွဲ့က မင်္ဂလာစည်တော်ရွှမ်း၍ ဖွင့်လှစ်ခဲ့သည်။

ထိုနောက် စေတီတော် တည်ဆောက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက ခြောက်ရောင်ဖြာသော သာသနာ့အောင်လံတော်ကို တိုင်ထိပ်သို့လွှင့်ထူလိုက်သည်။ပရိသတ်အပေါင်းက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘုရားကြီးထံမှ ကိုးပါးသီလ ခံယူကြသည်။ သံဃာတော် ဆရာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးလျှင် စေတီယကထာကို ဟောကြားခြင်း၊ ရေစက်သွန်းချ အမျှပေးဝေခြင်းများကို ချီးမြှင့်တော်မူကြလေသည်။

နံနက် ၇ နာရီ ၃၁ မိနစ် မင်္ဂလာတော်အခါတွင် လူမျိုးဏီအောင်မြေကို စေတီယဘူမိ အလယ်ဗဟိုဌ် ဌာပနာ၍ ရတနာအုတ်ချပ်တော်များကို အစီအစဉ်အတိုင်း ပဋ္ဌာန်းဒေသနာတော် ရေးထွင်းထားသည့် ကျောက်ပြားများပေါ်တွင် အုတ်မြစ်ချလိုက်ကြသည်။ ထိုနောက် ရတနာအုတ်မြစ်ချ မဟာမင်္ဂလာ အောင်မြင်ခြင်း အထိမ်းအမှတ်ဖြင့် သံဃာတော်တထောင်ကျော်တို့အား ဆွမ်းကြီးလောင်းကာ အလှူဒါန ပြုကြပါသတည်း။ ။

စဝ်ထွန်းမှတ်ဝင်း

အဖိုင်း လေး

၁၉၀၀ ပြည့်နှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၀၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာဖြစ်ရပ်များဖြစ်ပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။ ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်ဖြစ်ပါသည်။ မြန်မာ့ စွယ်စုံကျမ်းများတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြား ပါဝင်ပါသည်။



ကချင်ပြည်နယ်။ ။ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ပိုင်းတွင် တည်ရှိသည်။ ကချင်ပြည်နယ်ကို အရှေ့ဘက်နှင့်အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် စစ်ကိုင်းတိုင်း၊ တောင်ပိုင်းတွင် ရှမ်းပြည်နယ်တို့က ဝန်းရံလျက်ရှိသည်။ ဂျိမ်းဖော၊ မရူ၊ လရှီ၊ အဇီး၊ လီဆူး၊ ရဝမ်တို့နှင့်အတူ တိုင်းလျမ်၊ တိုင်းလုံ၊ တိုင်းခန္တီး၊ တိုင်းလေး၊ ကဒူး၊ ကနန်း၊ ရှမ်း၊ ဗမာ စသော တိုင်းရင်းသားများ ရောနှော နေထိုင်လျက်ရှိသည်။

ကချင်ပြည်နယ်တွင် မြို့နယ် ၁၈ မြို့နယ် ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၆၉၉ ခုရှိသည်။မြို့နယ်များမှာမြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ချီဗွေ၊ ဆော့လော်၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မန်စီ၊ ပူတာအို၊ ကာမိုင်း၊ မိုးကောင်း၊ မိုးညှင်း၊ ဆွမ်ပရာဘွမ်၊ မချမ်းဘော၊ ခေါ်ဘူဒဲ၊ အင်ဂျန်းယန်နှင့် နောင်မွန်းတို့ ဖြစ်သည်။ မြစ်ကြီးနားမြို့သည် ပြည်နယ်၏ မြို့တော် ဖြစ်သည်။ ကချင်ပြည်နယ်တွင် ပြည်သူလူတ်တော် ကိုယ်စားလှယ် ၂၀၊ ပြည်နယ်အဆင့် ၅၁ ဦး၊ မြို့နယ်အဆင့် ၉၃၆ ဦး နှင့် ရပ်ကွက်ကျေးရွာအဆင့် ကိုယ်စားလှယ် ၅,၉၂၀ ဦး ရွေးချယ်တင်မြှောက်ထားသည်။

ကချင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာလုပ်ငန်းဖြစ်သည်။ တောင်ကုန်း ထူထပ်သော ဒေသများတွင် တောင်ယာစိုက်ပျိုးရေး၊ လှေကားထစ် စိုက်ပျိုးရေးတို့ကို လုပ်ကိုင်ပြီး မြေနိမ့်မြစ်ဝှမ်းလွင်ပြင် ဒေသများတွင် စပါး၊ ကြံ၊ မြေပဲတို့ကို အဓိကထားစိုက်ပျိုးကြသည်။ ပြည်နယ်တွင်းရှိ ဝါရှောင်ဆည်၊ မြို့သစ်ကလေးဆည်၊ ကုလားကုန်းဆည် တို့မှ ဆည်ရေသောက်လယ်မြေ ကနှစ်သောင်းကျော်ကို ရေပေးသွင်း စိုက်ပျိုးကြသည်။ ကချင်ပြည်နယ် အနေဖြင့် ၁၉၈၀–၈၁ ခုနှစ်တွင် စပါးဧက,၅၂၆,၁၀၅ တင်းထွက်ရှိပြီး၊ မြေပဲမှာ ဂဖ၅,၃၇၁ တင်းထွက်ရှိသည် နှမ်းမှာမူ ၃၀,၁၃၆ တင်း ထွက်ရှိလေသည်။ နေကြာ ၁၃,၃၇၈ တင်း၊ ပဲ ၂၇,၉၄၂ တင်း၊ မြန်မာဆေး ၃၇၃,၄၁၉ ပိသာနှင့် ကြံ ၂၆၃,၅၂၆ တန် ထွက်ရှိသည်။

ကချင်ပြည်နယ်သည် တောတောင်ထူထပ်သဖြင့် ပြည်နယ်တဝက်ခန့်မှာ သစ်တောကြီးများဖြင့် ဖုံးလွှမ်းနေသည်။ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ပိတောင် သစ်တော ကြိုးဝိုင်း၊ မိုးညှင်းသစ်တောကြိုးဝိုင်းနှင့် ဗန်းမော်မြို့နယ်အတွင်းရှိရွှေ

အကျယ်အဝန်း။	။၃၄,၃၇၉ စတုရန်းမိုင်
လူဦးရေ။	။၈၁၃,၆၇၇
မြို့တော်။	။မြစ်ကြီးနားမြို့

ကသစ်တောကြိုးဝိုင်းများမှာ ထင်ရှားလှပြီး အဖိုးတန်သစ်များထွက်ရှိလေသည်။

ကချင်ပြည်နယ်၏ တွင်းထွက် သယံဇာတ ပစ္စည်းများမှာ ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ခဲ၊ ပယင်း၊ ကျောက်စိမ်း၊ ကျောက်သလင်းနှင့် ကျောက်မီးသွေးများဖြစ်သည်။ နမ္မားရွှေတွင်းနှင့်ဖားကန့်ကျောက်စိမ်းတွင်းတို့မှာ အလွန်ထင်ရှားသောလုပ်ငန်းကြီးများဖြစ်သည်။နိုင်ငံ၏စီးပွားရေးအတွက် အားထားရသည့် လုပ်ငန်း တခုဖြစ်သော သတ္တုကြော၊ ရတနာကြောရှိရာ နယ်မြေသစ်များကိုလည်း ဆက်လက် ရှာဖွေဖော်ထုတ်ဆဲဖြစ်သည်။

ကချင်ပြည်နယ်တွင် ပြည်သူပိုင်စက်ရုံ အလုပ်ရုံပေါင်း ၁၅ ခုရှိရာ ဆားမှော်သကြားစက်၊ နမ္မတီး သကြားစက်များလည်းပါဝင်သည်။ ကာမိုင်း မြို့နယ်နှင့် ဟူးကောင်း တောင်ကြားချိုင့်ဝှမ်းတွင် ဆားချက်လုပ်ရန် ဆားတွင်းများရှိလေသည်။

အခြားတိုင်းနှင့် ပြည်နယ်များနည်းတူ ကချင်ပြည်နယ်တွင်လည်း သမဝါယမလုပ်ငန်းများ အောင်မြင်လျက်ရှိရာ ပြည်နယ်အတွင်းတွင် သမဝါယမအသင်းပေါင်း ၅၃၀ သင်းရှိပြီး အသင်းသားဦးရေ ၁၂၉,၂၃၀ ရှိသည်။ သမဝါယမ

အသင်းများမှ ကျောက်ကြီး၊ ကျောက်သေး၊ လမ်းခင်းကျောက်၊ ဘောလုံးကျောက် ကျင်းပေါင်း ၂,၃၇၆ ထုတ် လုပ်ခဲ့ပြီးဖြစ်သည်။

ကချင်ပြည်နယ်တွင် လူမှုဝန်ထမ်း ဦးစီးဌာနမှ ဖွင့်လှစ်ထားသော စေတနာဝန်ထမ်း ကိုယ်ထူကိုယ်ထ မူလတန်းကြို ကျောင်း ၁၉ ကျောင်း၊ မူလတန်းကျောင်း ၆၈၉ ကျောင်း၊ အလယ်တန်းကျောင်း ၄၉ ကျောင်းနှင့် အထက်တန်းကျောင်း ၂၂ ကျောင်းတို့ကလည်း ကချင်ပြည်နယ်၏ ပညာရေးဖွံ့ဖြိုးမှုကို ဖော်ပြနေသည်။ တက္ကသိုလ်ပညာ သင်ကြားလိုသူတို့အတွက် မြစ်ကြီးနားမြို့ ဒေသကောလိပ်နှင့်မြစ်ကြီးနားကောလိပ်တို့ ရှိသည်။ အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ယူရန် ဆရာအတတ်သင်ကျောင်း၊ အခြေခံယက်ကန်းကျောင်း၊စိုက်ပျိုးမွေးမြူရေးအထူးလုပ်ငန်း ပညာသင်ကျောင်းတို့ကို ဖွင့်လှစ်ထားရှိလေသည်။

ကယားပြည်နယ်။ ။ကယားပြည်နယ်သည် မြောက်ဘက်တွင် ရှမ်းပြည်နယ်၊အနောက်ဘက်နှင့်တောင်ဘက်တွင် ကရင်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့ ဝန်းရံလျက် တည်ရှိသည်။ ပြည်နယ် ခုနစ်ခုအနက် အငယ်ဆုံး ပြည်နယ်ဖြစ်သည်။ကယားပြည်နယ်ကို မြို့နယ်ခြောက်မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ ပါဝင်သော မြို့နယ်များမှာ လွိုင်ကော်၊ ဒီမောဆို့၊ ဖရူဆို့၊ ဖားဆောင်း၊ ဘောလခဲနှင့် ရှားတော မြို့နယ်များဖြစ်သည်။ ပြည်နယ်၏ မြို့တော်သည် လွိုင်ကော် မြို့ဖြစ်သည်။



ကယားပြည်နယ်တွင် ကယား၊ ကခို၊ ကဘား၊ ကယမ်း၊ ပရဲ၊ မနုမနော၊ ယင်းဘော်၊ ယင်းတလဲ၊ ဘွဲ့၊ ပကူး၊ အင်း၊ ပအို့ဝ်၊ ရွမ်း၊ ဗမာစသော တိုင်းရင်းသားများ စုစည်းနေထိုင်ကြသည်။ မြို့နယ်ခြောက်မြို့နယ်၊ ကျေးရွာအုပ်စု ၁၀၆ ခုဖြင့် ဖွဲ့စည်းထားသော ကယားပြည်နယ်မှ ပြည်သူလွှတ်တော် ကိုယ်စားလှယ် ရှစ်ဦး၊ ပြည်နယ်အဆင့် ၃၀၊ မြို့နယ်အဆင့် ၂၀၁ ဦးနှင့် ရပ်ကွက် ကျေးရွာအုပ်စု အဆင့် ၁,၅၄၀ ဦး ရွေးချယ်တင်မြှောက်ထားသည်။

အကျယ်အဝန်း။	။၄,၅၃၈ စတုရန်းမိုင်
လူဦးရေ။	။၁၄၅,၀၀၂
မြို့တော်။	။လွိုင်ကော်မြို့

ကယားပြည်နယ်၏ အဓိကလုပ်ငန်းသည် လယ်ယာနှင့် သစ်လုပ်ငန်းဖြစ်သည်။ လက်ရှိစိုက်ပျိုးနေသည့် မြေရိယာ ၈၃,၃၆၁ ဧက အနက် ၁၀,၈၀၀ ဧကသည် စိုက်ပျိုးအောင်မြင် နေသော မြေကေ ဖြစ်သည်။

သီးထပ် သီးညှပ် စိုက်ပျိုးသည့် မြေကေမှာ တထောင်ရှိသည်။ ပြည်နယ်၏ အဓိက စိုက်ပျိုးသီးနှံများမှာ စပါး၊ မြေပဲ၊ ပြောင်းဖူးနှင့် နှံစားပြောင်းတို့ ဖြစ်သည်။ ဆန်စပါးနှင့် မြေပဲကို စက်မှုလယ်ယာ စနစ်ဖြင့် တိုးချဲ့စိုက်ပျိုးနေပြီ ဖြစ်သည်။ စိုက်ပျိုး မြေအချို့ကို ရေသွင်းချဲ့ စိုက်ပျိုးခဲ့ရာ မိုးဖြဲ ရေကာတာကြောင့် မြေကေပေါင်း ၂၇,၀၀၀ ကျော်ကို တနှစ်ပတ်လုံးရေသွင်းစိုက်ပျိုးနိုင်သည်။

ထို့ပြင် မိုးဖြဲ ရေကာတာကြီး ရှိခြင်းကြောင့် ရေလှောင်ကန်အတွင်း သားငါးအကြီးအကျယ် မွေးမြူနိုင်သည်သာမက အင်းလေးကန်မှ လွိုင်ကော်မြို့အထိ ရေလမ်းခရီးကောင်းမွန်လာသည်။ တနှစ်ပတ်လုံး မော်တော် သဘော်များပင် သွားလာနိုင်သဖြင့် သယ်ယူပို့ဆောင်ရေး တိုးတက်လာသည်။

ပြည်နယ်တွင်းရှိ အခြားဆည်များမှာ ဒီမောဆို့ မြို့နယ်ရှိ ငွေတောင်ဆည်၊ ညောင်ကိုင်းဆည်၊ ဒေါပေါကလဲဆည်၊ လွိုင်ကော်မြို့နယ်ရှိ ဟိုတာဆည်၊ နွားလပို့ဆည်၊ဒေါ်စဲဆည်တို့ ဖြစ်လေသည်။

ပြည်နယ် ဧရိယာ တခုလုံး၏ ၆၉ ရာခိုင်နှုန်းသည် ကြိုးဝိုင်းသစ်တောများဖြစ်၍ ကျွန်းသစ်ထုတ်လုပ်ရေး လုပ်ငန်းသည်လည်း ကယားပြည်နယ်၏ စီးပွားရေးသော့ချက်ဖြစ်သည်။ ကြိုးဝိုင်းသစ်တော ကြီးများမှ ကျွန်းသစ်၊ သစ်မာများအပြင် သစ်တောထွက် အဖိုးတန် ဟင်းပွဲများ

နှင့် ကျန်းမာရေးအတွက် အသုံးဝင်သည့် ပရဆေးမျိုးစုံတို့ ထုတ်ယူရရှိသည်။

ကယားပြည်နယ်တွင် မွေးမြူရေးခြံများ၊ ပြည်နယ်စံပြ ဥယျာဉ်များ ဖွင့်လှစ်ထားပြီး သိပ္ပံနည်းကျ စိုက်ပျိုးရေး ပညာကို ဖြန့်ဖြူးပေးလျက်ရှိသည်။ လှိုင်ကော်မြို့၌ ၃၅ ကေရှိ စံပြဥယျာဉ်၊ ဒီမောဆိုးမြို့တွင် ကေ ၂၅၀ ရှိ စံပြဥယျာဉ် နှင့် ဖားဆောင်းမြို့တွင် ၁၁ ကေရှိ စံပြဥယျာဉ်များ ဖွင့်လှစ်ထားလေသည်။

ကယားပြည်နယ်တွင် သံဖြူ၊ တန်စတင်၊ ခနောက်စိမ်း၊ ဝူဖရမ်စသည့် သတ္တုများထွက်ရှိရာ မော်ချီ သတ္ထုတွင်းမှ ထွက်သော သတ္တုများကို နိုင်ငံခြားသို့ တင်ပို့နိုင်ခဲ့သည်။

ကယားပြည်နယ်တွင် ပြည်သူပိုင်စက်ရုံ သုံးရုံရှိရာ ဆန်စက်တစက်၊ လှိုင်ကော် ကျောက်ပြားစက်ရုံနှင့် လောပိတရေအား လျှပ်စစ် ဓာတ်အားပေး စက်ရုံကြီးတို့ ဖြစ်လေသည်။ လှိုင်ကော် ကျောက်ပြားစက်ရုံမှ ကြမ်းခင်းကျောက်ပြား အိမ်မိုး ကျောက်ပြား၊ ကျောက်စားပွဲ၊ ကျောက်ပန်းအိုး၊ ကျောက်ခံခွက်၊ ဘိလိယက်ခဲ စသည်တို့ကို ထုတ်လုပ်ပေးလျက်ရှိသည်။ မူလကျောက်ပြားစက်ရုံသည် အသေးစား စက်မှုလုပ်ငန်း ဖြစ်သဖြင့် ကန်ခုနစ်ဆင့် အနီးတွင် စက်ရုံကို တိုးခဲ့၍ တည်ဆောက်ထားသည်။

ကယားပြည်နယ်တွင် မူလတန်းကျောင်း ၁၆၅ကျောင်း၊ အလယ်တန်းကျောင်း ၁၆ ကျောင်းနှင့် အထက်တန်းကျောင်း လေးကျောင်းကို ဖွင့်လှစ်ထားသည်။ စိုက်ပျိုးမွေးမြူရေးကျောင်း တကျောင်းနှင့် အခြေခံ ယက်ကန်းကျောင်း တကျောင်းလည်းရှိသည်။ မြို့နယ်ဆေးရုံ ခြောက်ရုံ၊ တိုက်နယ်ဆေးရုံ ငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၂၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၅၊ မိခင်နှင့် ကလေးအသင်းခြောက်သင်း၊ ကျောင်းကျန်းမာရေးဌာန တဌာန၊ အဆုတ်ရောဂါကု ဌာန တဌာန၊ အနာကြီးရောဂါကု တဌာနနှင့် ၄က်ဖျားရောဂါကုဌာန တဌာန ရှိလေသည်။

ကရင်ပြည်နယ်။ ။ကရင်ပြည်နယ်သည် မြောက်ဘက်တွင် မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် တည်ရှိသည်။ ကရင်ပြည်နယ်တွင် ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်၊ သံတောင်၊ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး စသည်မြို့နယ် ခုနစ်မြို့နယ်နှင့် ကျေးရွာအုပ်စုပေါင်း ၄၀၀ ပါဝင်သည်။

စကော့၊ ပိုး၊ ဘွဲ့၊ ပကူး၊ ကယိမ်း၊ ကရင် စသည့် ကရင်နွယ်ဖွားများနှင့်အတူ ရှမ်း၊ ပအို၀်၊ မြန်မာစသည့် တိုင်းရင်းသားများ နေထိုင်ရာ ကရင်ပြည်နယ်တွင် လူဦးရေ



၁၀ သိန်းကျော် နေထိုင်သည်။ ကရင်ပြည်နယ်မှ ပြည်သူလှုတ်တော်ကိုယ်စားလှယ် ၁၄ ဦး၊ တိုင်းအဆင့် ကိုယ်စားလှယ် ၅၅ ဦး. မြို့နယ်အဆင့် ၅၅၁ ဦးနှင့် ရပ်ကွက် ကျေးရွာအဆင့်ကိုယ်စားလှယ် ၄,၁၆၃ ဦး ရွေးချယ်တင်မြှောက်ထားလေသည်။

ကရင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာလုပ်ငန်းပင် ဖြစ်သည်။ အဓိကစိုက်ပျိုးသီးနှံများသည် စပါး၊ မြေပဲ၊ ကြက်ပေါင်စေး၊ ဆေးရွက်၊ ကွမ်းသီး၊ နှမ်းနှင့်

အကျယ်အဝန်း။	။၁၁,၇၃၁ စတုရန်းမိုင်
လူဦးရေ။	။၁,၀၃၄,၂၆၀
မြို့တော်။	။ဘားအံမြို့

ကြံဖြစ်သည်။ အုန်း၊ ကွမ်း၊ ဒူးရင်း၊ လိမ္မော်၊ တည်း၊ မင်းကွတ်၊ ပဲအမျိုးမျိုးလည်း စိုက်ပျိုးဖြစ်ထွန်းသည်။

ကရင်ပြည်နယ်၏ ရေယာထက်ဝက်ခန့်သည် အမြဲစိမ်းသစ်တောများဖုံးလွှမ်းလျက်ရှိသည်။ သောင်ရင်း သစ်တောနယ်တွင် စောင့်ရှောက်ထားသော သစ်တောကြိုးဝိုင်း

အကျယ်အဝန်းသည် ၅၂၆,၀၀၀ ကေဖြစ်ပြီး အတ္ထရံ သစ်တော၏ အကျယ်အဝန်းသည် ၆၄၀,၀၀၀ ကေဖြစ်သည်။ ကရင်ပြည်နယ်တွင် သစ်တောလုပ်ငန်းသည် အရေးပါလှသည် ဖြစ်ရာ ပြည်နယ်အနေဖြင့် ဒုတိယဝင်ငွေအများဆုံးစီးပွားရေး လုပ်ငန်းဖြစ်သည်။ ယင်းသစ်တောများမှ ကျွန်းသစ်၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ သက်န်း၊ ကညင်၊ အင်၊ သစ် ရာနှင့် ပိတောက် စသည့် သစ်အမျိုးအစားများ ထွက်သည်။ အခြားသစ်တောထွက် ပစ္စည်းများမှာ ကြိမ်၊ ဝါး၊ ဖာလာစေ့၊ ပျားရည်၊ အင်တဲ့၊ သစ်ခွပန်းနှင့် ထင်းမီးသွေးတို့ဖြစ်သည်။

ကရင်ပြည်နယ်တွင် သဘာဝကျကြီးများရှိရာ ဖားကပ်ကူသည် ထင်ရှားသည်။ ယင်းသဘာဝကျကြီးများမှ မြေသြဇာအတွက် လင်းနို့ခဲများ ရရှိလေသည်။

ကရင်ပြည်နယ်သည် သယံဇာတပစ္စည်းများ ကြွယ်ဝသည်ဖြစ်ရာ သံ၊ ခဲ၊ ကြေးနီ၊ သံဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်းများ ထွက်သည်။

ကရင်ပြည်နယ်တွင် ပြည်သူပိုင် စက်ရုံပေါင်း ၁၆ ရုံ ရှိသည်။ ဆန်စက်၊ ရေခဲစက်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သစ်မာစက်နှင့် ဖဲနုဆီစက်များ ဖြစ်သည်။ ထို့ပြင် ကရင်ပြည်နယ်ရှိ သမဝါယမလုပ်ငန်းသည်လည်း အောင်မြင်လျက်ရှိရာ ပြည်နယ်တခုလုံးတွင် သမဝါယမ အသင်းပေါင်း ၃၃၀ ရှိပြီး အသင်းသားဦးရေ ၁၂၉,၁၆၂ ရှိသည်။

ပညာရေးတွင် ကရင်ပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းများနည်းတူ ဖွံ့ဖြိုးတိုးတက်လျက် ရှိသည်။အရေအတွက်အားဖြင့် လူမှုဝန်ထမ်းဌာနမှဖွင့်လှစ်သောစေတနာ့ဝန်ထမ်း ကိုယ်ထူကိုယ်ထ နေ့ကလေးထိန်း မူကြိုကျောင်း ၁၆ ကျောင်း၊ မူလတန်းကျောင်း ၆၄၇၊ အလယ်တန်းကျောင်း ၄၄၊ အထက်တန်းကျောင်း ၁၂ ကျောင်းနှင့် ဘားအံမြို့ ဒေသကောလိပ်တို့ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် ဒုံသမိချောင်းတံတားကို တည်ဆောက်လျက်ရှိသည်။ ၁၉၈၁–၈၂ ခုနှစ်တွင် လုံးဝပြီးစီးမည်ဟု ခန့်မှန်းထားသည်။ တံတားအရှည် ပေ ၆၀၀၀ နှင့် အကျယ် ၂၄ ပေရှိတံတား တည်ဆောက်ပြီးစီးပါက ကရင်ပြည်နယ်၏ ဖွံ့ဖြိုးရေးသည် ပိုမိုတိုးတက်လာမည်ဖြစ်လေသည်။



ဂျာမနီနိုင်ငံ သမ္မတ ကားကာစတင်

ခုနှစ်တွင် မွေးရပ်မြေဖြစ်သော ဘရီမန်မြို့ကလေးတွင်ပင် အစိုးရအမှုထမ်းအဖြစ် ဝင်ရောက် အမှုထမ်းခဲ့ပြီး ဘရီမန်ပြည်နယ်၏ ဥပဒေ အကျိုးဆောင်အဖြစ် ပထမဆုံးဆောင်ရွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် နိုင်ငံခြားရေးရုံးသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သည်။ထိုနောက် စထရောဘတ်မြို့ရှိ ဥရောပနိုင်ငံများ ကောင်စီတွင် ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် ပထမဆုံးအကြိမ် ဆောင်ရွက်ရသည်။ ထို့နောက်တွင် နိုင်ငံခြားရေးရုံးရှိ ဥရောပနိုင်ငံများရေးရာ ဌာနနှင့် နိုင်ငံရေးဌာနများတွင် အကြီးအကဲအဖြစ် လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်မှစ၍ နိုင်ငံခြားရေးရုံး၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း အမှုထမ်းခဲ့သည်။ ဤရာထူးများ ထမ်းဆောင်နေစဉ် အရေးကြီးသော အပြည်ပြည်ဆိုင်ရာအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ကားကာစတင်၏ အဓိက တာဝန်မှာ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဖြစ်ပွားခဲ့သော အနောက် ဘာလင်၏ အခြေအနေကို ပြုပြင်ထိန်းသိမ်းရန်ဖြစ်သည်။ ၁၉၆၆ ခုနှစ်တွင် နိုင်ငံခြားရေးရုံးမှ ကာကွယ်ရေး ဝန်ကြီးဌာနသို့ ပြောင်းရွှေ့ အမှုထမ်းဆောင်ခဲ့သည်။

တနှစ်အကြာတွင် ထိုအချိန်က ဝန်ကြီးချုပ် ဖြစ်သူ ကတ်ဂေါ်ကိုင်ဆင်ဂါက ပါမောက္ခ ကားကာစတင်အား ဝန်ကြီးချုပ်ရုံး၏ အကြီးအကဲနှင့် ပြည်ထောင်စု အစိုးရ၏ အတွင်းရေးမှူး ရာထူးများတွင် ခန့်အပ်ခဲ့သည်။ ၁၉၆၉ ခုနှစ် အစိုးရ အပြောင်းအလဲကြောင့် ကိုလုံးတက္ကသိုလ်၌ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် မှုစည်းပုံ ဥပဒေဆိုင်ရာ

ကာစတင်,ကား (ခရစ် ၁၉၁၄) ။ ။ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ၏ သမ္မတသစ် ကားကာစတင်ကို ၁၉၁၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင်မွေးဖွားသည်။ ကားကာစတင်သည် ကျောင်းဆရာတဦး၏သား ဖြစ်ပြီး ဥပဒေပညာတွင် ဒေါက်တာဘွဲ့ရသူ ဖြစ်သည်။ ၁၉၄၉

ပါမောက္ခအဖြစ် မိမိတတ်ကျွမ်းသော ဥပဒေပညာဖြင့် ပြန်လည်အမှုထမ်းခဲ့သည်။ ပါမောက္ခ အဖြစ်နှင့်သာမက နိုင်ငံခြားရေးဝါဒမျာ်းကို လေ့လာသော ဂျာမန် သုတေသနအသင်း ညွှန်ကြားရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၉၂၂ ခုနှစ်တွင် ဒလက်ဝစ်ဟိုစကိန်း ပြည်နယ်ဆိုင်ရာ ခရစ်ယာန် ဒီမိုကရက်တစ် ယူနီယံပါတီ၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စု သမ္မတ ဂျာမန် လွှတ်တော်သို့ တက်ရောက်ခွင့် ရခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် ခရစ်ယာန် ဒီမိုကရက်တစ် ယူနီယံ၊ ခရစ်ယာန် ဆိုရှယ်လစ် ယူနီယံနှင့် ပါတီတို့တွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၂၆ ခုနှစ်တွင် အောက်လွှတ်တော် ဥက္ကဋ္ဌ ဖြစ်လာသည်။

ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ၏ သမ္မတအဖြစ် ဇူလိုင်လ ၁ ရက်နေ့မှ စတင်ထမ်းဆောင်သည်။

ကာရင်တန်, လော့ဒ်, ပီတာ အလက်ဇန္ဒားယူပက်

(ခရစ် ၁၉၁၉)။ ။ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ လော့ဒ်,ကာရင်တန်ကို ၁၉၁၉ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် မွေးဖွားသည်။ လော့ဒ်ကာရင်တန်သည် အိတန်



ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး လော့ဒ်ကာရင်တန်

ကောလိပ်နှင့် ဆင်းဟပ်ကောလိပ်များတွင် ပညာသင်ကြားခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အိတန်ကောလိပ်၏အဖွဲ့ဝင်လူကြီးတဦးဖြစ်လာသည်။ ထို့နောက်ဥပဒေပညာရပ်ဖြင့် ဒေါက်တာ ဘွဲ့ ရရှိခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ဗြိတိသျှမူးမတ်တဦးအဖြစ်ဂုဏ်ပြုချီးမြှင့်ခံရပြီး ဗြိတိန်နိုင်ငံ၏ သူရဲကောင်းဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ကိုရရှိခဲ့သည်။

၁၉၃၉ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ ဗြိတိသျှတပ်မတော်သို့ဝင်ရောက်၍ စစ်မှုထမ်းခဲ့သည်။ဗြိတိသျှစစ်သူရဲကောင်းတံဆိပ်ချီးမြှင့်ခြင်း ခံရသည်။ ၁၉၄၆ ခုနှစ်တွင် ဗြိတိသျှတပ်မတော်မှ ဗိုလ်မှူးအဆင့်ဖြင့်အငြိမ်းစားယူခဲ့သည်။

ထို့နောက် နိုင်ငံရေးဘက်သို့ဝင်ရောက်၍ ပါလီမန်အမတ်အဖြစ် ရွေးကောက်ပွဲဝင်သည်။ ကွန်ဆာဗေးတစ် အစိုးရလက်ထက်များတွင် အထက်တန်းရာထူးကြီးများကို လက်ခံတာဝန်ယူခဲ့သည်။ ပါလီမန် အထက်လွှတ်တော်တွင်ခေါင်းဆောင်တဦးဖြစ်ခဲ့သည်။ ၁၉၅၁–၅၄ ခုနှစ်အထိ လယ်ယာနှင့်ငါးလုပ်ငန်းဌာနဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၅၄–၅၆ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၅၆–၅၉ ခုနှစ်အထိ ရေတပ်ဆိုင်ရာ မဟာမင်းကြီးအဖြစ်လည်းကောင်း၊ ၁၉၆၃–၆၄ ခုနှစ်အထိ ဌာနလက်ကိုင်မရှိ ဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၆၄–၁၉၇၀ ပြည့်နှစ်အထိ ပါလီမန် အထက်လွှတ်တော်တွင် ကွန်ဆာဗေးတစ်ပါတီကို ခေါင်းဆောင်၍ အတိုက်အခံအမတ်အဖြစ်လည်းကောင်း အသီးသီး ဆောင်ရွက်ခဲ့လေသည်။

၁၉၇၀ ပြည့်နှစ်တွင် ကွန်ဆာဗေးတစ်ပါတီအာဏာပြန်လည်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့နိုင်သောအခါတွင် ကာကွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် စွမ်းအင်ဆိုင်ရာ ဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၇၂–၁၉၇၄ ခုနှစ်တွင် ကွန်ဆာဗေးတစ်ပါတီဥက္ကဋ္ဌ ဖြစ်လာပြီး ၁၉၇၄ ခုနှစ်တွင် ပါလီမန်တွင် အတိုက်အခံခေါင်းဆောင်ဖြစ်လာသည်။ ၁၉၇၉ ခုနှစ် ဗြိတိန်ပါလီမန် ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီ ပြန်လည်အနိုင်ရရှိလာသောအခါ လော့ဒ်ကာရင်တန်သည် ဗြိတိန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ဗြိတိသျှဓနသဟာယရေးရာဆိုင်ရာ ဝန်ကြီးအဖြစ် ဆက်လက်တာဝန်ယူရသည်။ လော့ဒ်ကာရင်တန်တွင် ဇနီးနှင့်သားသမီးနှစ်ယောက်ရှိသည်။

ကာလို့, ဝှမ် (ခရစ် ၁၉၃၈)။ ။စပိန်နိုင်ငံ ပထမမြောက်ဘုရင် ဝှမ်ကာလို့သည် ၁၉၃၈ ခုနှစ် ဇွန် ၀၆ရီလ ၅ ရက်နေ့တွင် အီတလီနိုင်ငံ ရောမမြို့တွင် မွေးဖွားသည်။ တဆယ့်သုံးဆက်မြောက် အယ်လဖွန်းဆိုး ဘုရင်၏ မြေးတော်ဖြစ်သည်။ မိဘများသည် ဗူးဗွန်းမင်းဆက် ဖြစ်ကြသော ဗာစီလိုးနားနယ်စား ဒွန်ယွန်ဒီဗူးဗွန်းနှင့် မာရီယာတို့ဖြစ်သည်။



စပိန်နိုင်ငံဘုရင် ဝှမ်ကာလို့

ယူထရိတ် စာချုပ်အရ ဗူးဗွန်းမင်းဆက်သည် ၁၇၁၃ ခုနှစ် ပဋမ ဖိလစ်ဘုရင် စိုးစံသည့် အချိန်မှစ၍ စပိန်နိုင်ငံကို အုပ်စိုးခဲ့သည်။ ၁၈၃၃ ခုနှစ် သတ္တမမြောက် ဖာဒိနန်ဘုရင် နတ်ရွာစံပြီးသည့် နောက်ပိုင်း၌ တန်ခိုးအာဏာ မွေးမြူခဲ့သော ဗူးဗွန်းမျိုးနွယ် နန်းဆက်သည် ဝှမ်ကာလို့ လက်ထက်တွင် ပြန်လည်ရှင်သန်၍ လာလေသည်။

ဝှမ်ကာလို့သည် ဖရိုင်ဘတ်မြို့နှင့် ပေါ်တူဂယ်နိုင်ငံ လစ်ဘွန်မြို့များတွင် မူလတန်းပညာကို သင်ကြားခဲ့သည်။ ၁၉၄၈ ခုနှစ် အသက် ၁၀ နှစ် အရွယ်တွင် အလယ်တန်းနှင့် အထက်တန်းကျောင်း ပညာများကို စပိန်နိုင်ငံ မဒရစ်မြို့၌ သင်ကြားသည်။ သူ၏ဖခင် ဗာစီလိုနား နယ်စား၏ ဆန္ဒအရ နိုင်ငံနှင့်မကင်းကွာစေရန်အတွက် စပိန်နိုင်ငံတွင် ပညာသင်ကြား၍ ၁၉၄၈ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ မဒရစ်မြို့ရှိ ဆန်အိုင်စီဒရို တက္ကသိုလ်တွင် ပညာသင်ကြားသည်။

၁၉၅၅ ခုနှစ်တွင် စထာဂေါ်ဆား စစ်ပညာသင်ကျောင်း ဝင်ခွင့် စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး ဗိုလ်သင်တန်း တက်ရောက်သည်။

၁၉၅၈ ခုနှစ်တွင် ဒုတိယ ဗိုလ် ရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။ ထိုနှစ်ကုန်ဆုံးသည့် အခါတွင် လေတပ်ကျောင်းသို့ တက်ရောက်၍ လေယာဉ်မှူးအဖြစ် ဆောင်ရွက်သည်။ ထို့နောက် စထာဂေါ်ဆား စစ်ပညာသင်ကျောင်းသို့ လက်တွေ့လေ့ကျင့်မှု ရရှိရေးအတွက် ဝင်ရောက်သည်။ ကြည်း၊ ရေ၊ လေတပ်များတွင် ဗိုလ်ရာထူး ခန့်အပ်ခြင်းခံရသည်။ ရှစ်နှစ်ကြာသောအခါ ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ခြင်းခံရသည်။

စစ်ပညာများကို သင်ကြားပြီး ၁၉၆၀ ပြည့်နှစ်တွင် ဝှမ်ကာလို့သည် တက္ကသိုလ် ပညာရပ်များကို မဒရစ်မြို့၌ သင်ကြားသည်။

၁၉၆၂ ခုနှစ်တွင် ဂရိနိုင်ငံ ဘုရင်ပေါနှင့် ကြင်ယာတော် ဟော်ဒရိကတို့၏ သမီးတော် ဆိုဖီယာ မင်းသမီးနှင့် ထိမ်းမြားသည်။ သားသမီး သုံးဦးထွန်းကားသည်။ ဖိလစ် မင်းသား နန်းလျာ၊ အယ်လီနာ မင်းသမီးနှင့် ခရစ်စတီးနား မင်းသမီးတို့ ဖြစ်သည်။

နိုင်ငံ၏ အခြေအနေ စူးစမ်းလေ့လာ ဗဟုသုတရယူရန် အတွက် ဝှမ်ကာလို့သည် အစိုးရဌာနများ၌ ဝင်ရောက် လုပ်ကိုင်လေ့ကျင့်၍ နိုင်ငံတဝန်းလုံးသို့ ခရီးလှည့်လည် ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ပါလီမန်လွှတ်တော်က ဝှမ်ကာလို့အား စပိန်မင်းသားဘွဲ့ အပ်နှင်း၍ နိုင်ငံတော် အဓိပတိ ရာထူးကို ဆက်ခံမည့်သူအဖြစ် ကြေငြာသည်။ ၁၉၇၄ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်များတွင် နိုင်ငံတော် အဓိပတိ ဗိုလ်ချုပ်ဖရန်ကို နာမကျန်းဖြစ်သောအခါ နှစ်ကြိမ် တိုင်တိုင် ဝှမ်ကာလို့သည် အဓိပတိ၏ တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဗိုလ်ချုပ်ဖရန်ကို ကွယ်လွန်သောအခါ ဝှမ်ကာလို့သည် နိုင်ငံတော်၏ အခြေခံဥပဒေကို လေးစားခံယူမည့် အကြောင်း ပါလီမန်တွင် ကျမ်းသစ္စာဆိုသည်။ ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် စပိန်နိုင်ငံ၏ ဘုရင်မင်းမြတ်အဖြစ် ခံယူသည်။

စပိန်ဘုရင်နှင့် မိဖုရားသည် မဒရစ်မြို့နှင့် သုံးမိုင်ကွာဝေးသော ဇာဇူလာနန်းတော်၌ နေထိုင်ကြသည်။

ဘုရင်ကာလို့သည် အားကစား ဝါသနာပါ၍ ရေခဲပြင်ပေါ် လျှောစီးခြင်း၊ ရွက်လှေမျှောခြင်း အစရှိသည်တို့တွင် လေ့ကျင့်မှု အတော်အတန် ပြုလုပ်သဖြင့် ကမ္ဘာ့ရွက်လှေပြိုင်ပွဲများတွင် ထူးချွန်ဆုများကို ဆွတ်ခူးခဲ့သူ တဦး ဖြစ်လေသည်။

ကိရိလင်ကို, အင် ဒရေး ပက်ဗလိုဗစ်ချ (ခရစ် ၁၉၀၆)။ အင် ဒရေး, ပက်ဗလိုဗစ်ချ, ကိရိလင်ကိုသည် ဆိုဗီယက် ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၏ အတွင်းရေးမှူးနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တဦးဖြစ်သည်။

၁၉၀၆ ခုနှစ် စက်တင်ဘာလတွင် ရုရှနိုင်ငံအလယ်ပိုင်း ဗိုရိုနက်ဒေသ၌ မွေးဖွားသည်။ အင် ဒရေး ကိရိလင်ကိုသည် ၁၉၂၅ ခုနှစ်တွင် ဖစ်တာတဦးအဖြစ် စတင်လုပ်ကိုင်သည်။ ဗော်လဂါမြစ်ကမ်းပေါ်ရှိ ရိဘမ်ဖို့ လေကြောင်းအတတ်သင်သိပ္ပံမှ ဘွဲ့ရခဲ့ပြီးနောက် ဒီဇိုင်းအင်ဂျင်နီယာအဖြစ် ဆောင်ရွက်ခဲ့လေသည်။



အင်းဒရေးပက်ဗလိုဗစ်ချ ကိုရိုလင်ကို

အင် ဒရေး ကိုရိုလင်ကိုသည် ၁၉၃၁ ခုနှစ်တွင် ဆိုဗီယက် ကွန်မြူနစ်ပါတီဝင်တဦးဖြစ်လာခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စုဝင် ယူကရိန်းဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် အရေးကြီးသောပါတီတာဝန်များကို ထမ်းဆောင်ခဲ့လေသည်။

ပါတီ၏ဦးဆောင်မှုဖြင့် ဆိုဗီယက်ပြည်သူတရပ်လုံး ပါဝင်ဆင်နွှဲခဲ့ကြသည့် မဟာမျိုးချစ်စစ်ပွဲကြီးအတွင်းတွင် ကိုရိုလင်ကိုသည် တပ်နီတော်၌ တာဝန် ကမ်းဆောင်သည်။ ကနဦးတွင် တပ်မတော်စစ်ကောင်စီဝင်တဦးအဖြစ် တာဝန်ယူရပြီး၊ နောက်ပိုင်းတွင် နိုင်ငံတော် ကာကွယ်ရေး ကော်မတီ၏ မော်စကိုလေယာဉ်စက်ရုံတွင် တာဝန်ခံအဖြစ် ထမ်းဆောင်သည်။ စစ်ပြီးကာလတွင် အင်းဒရေး ကိုရိုလင်ကိုသည် ယူကရိန်းသမ္မတနိုင်ငံတဝန်းဌလည်းကောင်း၊ ဥရယ် ဒေသရှိဆဗားလော့ဗ်မြို့၌ လည်းကောင်း ပါတီ၏ အရေးကြီးသော တာဝန်များကို ထမ်းဆောင်ခဲ့လေသည်။

၁၉၅၉ ခုနှစ်တွင် အင်းဒရေးကိုရိုလင်ကိုသည် ဆိုဗီယက် ကွန်မြူနစ်ပါတီတွင် ဗဟိုကော်မတီဝင်တဦး ဖြစ်လာသည်။ ၁၉၅၇ - ၁၉၆၁ ခုနှစ်များအတွင်း ပေါ်လစ်ဗြူရို အရန်အဖွဲဝင်အဖြစ် လည်းကောင်း၊ ၁၉၆၂ - ၁၉၆၆ တွင် ပေါ်လစ်ဗြူရိုအဖွဲဝင်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၆၆ ခုနှစ် ဧပြီလမှစ၍ ဆိုဗီယက်ကွန်မြူနစ်ပါတီတွင် ပေါ်လစ်ဗြူရိုအဖွဲဝင်အပြင် ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးတဦးဖြစ်လာသည်။

၁၉၇၁ ခုနှစ် ဧပြီလတွင် ကျင်းပသော ၂၄ ကြိမ်မြောက် ပါတီကွန်ဂရက်နှင့် ၁၉၇၅ ခုနှစ် ဧပြီလတွင် ကျင်းပသော ၂၅ ကြိမ်မြောက်ပါတီကွန်ဂရက်တွင် အင် ဒရေးကိုရိုလင်ကို

အား အထက်ဖော်ပြပါ တာဝန်များ၌ ဆက်လက် ထမ်းဆောင်ရန် ရွေးချယ်တင်မြှောက်သည်။

အင် ဒရေးကိုရိုလင်ကိုသည် ဆိုဗီယက် ပြည်ထောင်စု၏ ဆိုရှယ်လစ်လုပ်သားသူရဲကောင်းဘွဲ့ ချီးမြှင့်ခြင်းခံရသူတဦး ဖြစ်သည်။

ကုသလ၊ဆရာတော် ဘဒ္ဒန္တ၊အဂ္ဂမဟာပဏ္ဍိတ၊ဖြူးမြို့၊ မင်းကျောင်းစာသင်တိုက် (မြန်မာ ၁၂၆၀–) ။ ။

ဆရာတော် ဘဒ္ဒန္တ ကုသလသည် မန္တလေးတိုင်း ဝမ်းတွင်း မြို့နယ် ခင်ကြီးရွာနေ ခမည်းတော်ဦးပျော မယ်တော် ဒေါ်ငွေတို့မှ သက္ကရာဇ် ၁၂၆၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၄ ရက် တနင်းလာနေ့တွင် ဖွားမြင်သည်။

ဆရာတော်သည် ၁၁ နှစ်သားအရွယ်တွင် ခမည်းတော် မယ်တော်တို့၏ပစ္စယာနုဂ္ဂဟဖြင့် ခင်ကြီးရွာတောင်ကျောင်း ဆရာတော် ဦးပညာထံတော်၌ ရှင်သာမဏေအဖြစ် ရောက်တော်မူခဲ့သည်။ ၁၂၇၀ ပြည့်နှစ် တပေါင်းလဆန်း ၅ ရက်နေ့တွင် ခင်ဗန်း သိမ်တော်၌ ရှေပြည်ရန်အောင် အရှေဘက်ထီးလှိုင်၊ အင်ခန်းနှစ်ဂိုဏ်းချုပ် ကုလကာဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ကျေးဇူးရှင် ခမည်းတော် မယ်တော် နှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တကုသလသည် သာမဏေအဖြစ် ကိုးဝါ၊ ရဟန်းအဖြစ် ၁၅ ဝါ၊ ပေါင်း ၂၄ ဝါ၊ ၂၄ နှစ်တိုင်တိုင် မန္တလေးမြို့ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးငြိမ်းထံတော်၌ လည်းကောင်း၊ ဘုရားကြီး ဆရာတော် ထံတော်၌ လည်းကောင်း၊ ရွှေရေးဆောင် ဆရာတော်၊ ထီးလင်းတိုက် ပေပင်ကျောင်းဆရာတော် ဦးဝိမလ၊ ပုဂံအတွင်းဝန်တိုက် ဆရာတော် ဦးပဏ္ဍိတ၊ တောင်သာမြို့ ဆည်တွင်းချောင်တောရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးအဂ္ဂဝံသ၊ ညောင်လေးပင်မြို့ ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဦးရဝိန္ဒစသော ဆရာတော်များ ထံတော်တို့၌ လည်းကောင်း ပါရဂူရောက် တတ်မြောက် လိမ္မာအောင် သင်ကြားဆည်းပူးတော် မူခဲ့သည်။

ဆရာတော်သည် အထက်ပါ ဆရာတော်များထံတွင် ပညာလည်းသင် စာလည်းပို့ချနေစဉ် သိက္ခာတော် ၁၅ ဝါ ရရှိသောအခါ ညောင်လေးပင် ကမ္မဋ္ဌာန်း ကျောင်းဆရာတော် ဦးရဝိန္ဒမဟာထေရ်မြတ်၏ သြဝါဒအမိန့်အရ ဖြူးမြို့၌ စာသင်တိုက်ဖွင့်ကာ သာသနာပြုရန်အတွက် ၁၂၉၆ ခုနှစ်တွင် ဖြူးမြို့သို့ ရောက်ရှိတော်မူခဲ့သည်။ ထိုနောက် ယခုသိတင်းသုံးနေတော်မူသည့် မင်းကျောင်း စာသင်တိုက်ကြီးကို ဦးစီးဖွင့်လှစ်တော်မူလျက် ၅၀ ခန့်မျသော စာသင်



အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တကုသလ

သားတို့အား ပရိယတ္တိစာပေများ ပို့ချတော်မူခဲ့သည်။ ဤသို့ စာပေကျမ်းဂန်များ ပို့ချတော်မူယင်း တောင်ငူခရိုင် ဝိနည်းဓိုရ်ဆရာတော်အဖြစ်ဖြင့် ဝိနည်းကံ အမျိုးမျိုးတို့ကို ဓမ္မဝိနယနှင့်အညီ ဆုံးဖြတ်ခဲ့သည်။ ဆဋ္ဌသံဂါယနာ တင်ပွဲကြီးကျင်းပရန် စီစဉ်နေစဉ်အတွင်း ထိုထို ပါဋိတော် အဋ္ဌကထာစသည်တို့ကို သန့်ရှင်းသုတ်သင်သော ဝိသောဓက အဖွဲ့ အများအပြားတို့အနက် ဖြူးမြို့နယ် သံဃာတော်များ တာဝန်ယူ သုတ်သင်သော ဓမ္မပဒပါဋိတော်အဖွဲ့တွင် တာဝန်ခံ ပဓာနသောဓက အဖြစ်ဖြင့် ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။ ထို့ပြင် ဆဋ္ဌသံဂါယနာတင်ပွဲကြီးတွင် ပါဋိတော် ပထမသန့်ပါတ၊ စတုတ္ထသန့်ပါတ၊ အဋ္ဌကထာသန့်ပါတ တို့၌ ကိုယ်တိုင် ပါဝင် ဆောင်ရွက် သာသနာပြုတော်မူခဲ့သည်။

ယခုအခါ ပဲခူးတိုင်း ဖြူးမြို့ မြို့မဂိုဏ်းကြီး၏ ဦးစီးမဟာနာယကအဖြစ်ဖြင့် ဖြူးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ မူလစာမေးပွဲကြီးကို ကြီးမှူးကျင်းပလျက်ရှိရာ ခြောက်ကြိမ်တိုင်တိုင်ရှိခဲ့ပြီဖြစ်သည်။ ဖြူးမြို့၏ ပရိယတ္တိ သာသနာမှာလည်း အထူး စည်ပင် ပြန့်ပွား ထွန်းကားလျက် ရှိသည်။ ၁၃၄၀ ပြည့်နှစ်၌ သဘာဝယုတ္တိ၊ အာဂမယုတ္တိတို့ဖြင့် ဆုံးဖြတ်ထားသော အထူးထူးသောကျမ်းဂန်လာ အထူးထူးသော ပုဒ်ပါဋ္ဌ အဆုံးအဖြတ်တို့ကို အကြောင်းပြု၍ နာနာပဒဝိနိစ္ဆယဟူ၍ အမည်တွင်သော ကျမ်းတဆူကို ပြုစုရေးသားတော်မူခဲ့သည်။

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သည်ပိုးဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆေက၊ ဂန္ထဓုရာဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာရဒ၊ လဇ္ဇီ၊ပေဘလ၊ သိက္ခာကာမ ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တကုသလသည် ၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူလေသည်။



ကိုရီးယား သမ္မတ နိုင်ငံ။ ။ကိုရီးယား သမ္မတနိုင်ငံတွင် သမ္မတ ပတ်ချုံဟီး လုပ်ကြံမခံရမီမှာပင် နိုင်ငံရေးနှင့် စီးပွားရေး မကျေနပ်မှုများကြောင့် အလုပ်သမားများနှင့် ကျောင်းသား လှုပ်ရှားမှုများ ဖြစ်ပွားခဲ့သည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် သမ္မတ ပတ်ချုံဟီး လုပ်ကြံခံရပြီးနောက် စစ်အုပ်ချုပ်ရေးအမိန့်ကိုကြေငြာကာ ဝန်ကြီးချုပ် ချိုင်ကျူဟာအား ယာယီသမ္မတ အဖြစ်တင်မြှောက်၍ အစိုးရသစ်ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ သမ္မတ ချိုင်ကျူဟာ လက်ထက်တွင်လည်း ဆူပူလှုပ်ရှားမှုများ ဆက်လက်ဖြစ်ပွား ခဲ့လေသည်။

၁၉၈၀ ပြည့်နှစ် မေလ စောစောပိုင်းတွင် ဆာဘတ်မြို့မှ ကျောက်မီးသွေးတွင်း အလုပ်သမား ၃၀၀၀ ကျော်တို့က စီးပွားရေး အကျပ်အတည်းကြောင့် လုပ်ခ ရာခိုင်နှုန်း ၄၀ တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ရာမှ လူထု လှုပ်ရှားမှုများ ပေါ်ပေါက်လာပြီး အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ တဆက်တည်းမှာပင် ကိုရီးယားနိုင်ငံ၏ အကြီးဆုံး အထပ်သား

အကျယ်အဝန်း။	။ ၃၈,၀၃၁ စတုရန်းမိုင်
လူဦးရေ။	။ ၃၈,၂၀၀,၀၀၀
မြို့တော်။	။ ဆိုးလ်မြို့

စက်ရုံမှ အလုပ်သမားများက လုပ်ခမရရှိမှုအတွက် ဆန္ဒပြကြရာမှ ပူဆန်မြို့တွင် အဓိကရုဏ်း ဖြစ်ပွားခဲ့ပြန်သည်။

ထို့နောက် ဆိုးလ်မြို့ အမျိုးသားတက္ကသိုလ်မှ ကျောင်းသားများက တပတ်လျှင် လေးနာရီ စစ်သင်တန်း တက်ရခြင်းနှင့် စစ်စခန်းများတွင် ၁၀ ရက်ကြာ စစ်ရေးလေ့ကျင့်မှု ပြုရခြင်းကို ကန့်ကွက်ကာ ပညာရေး လွတ်လပ်ခွင့်ကို တောင်းဆို ဆန္ဒပြကြသည်။ တဖန်ကျောင်းသားများက ဒီမိုကရေစီ ပြုပြင်ရေးနှင့် စစ်အုပ်ချုပ်ရေး ရုပ်သိမ်းပေးရေးကို ထပ်မံတောင်းဆိုခဲ့ကြသည်။ ထိုတောင်းဆိုချက်များကို အစိုးရက မလိုက်လျောသဖြင့် မေလ ၁၅ ရက်နေ့တွင် ကျောင်းသား ၅၀,၀၀၀ ခန့်သည် ဆိုးလ်မြို့လယ်သို့ ချီတက် ဆန္ဒပြခဲ့ကြသည်။ ယင်းဆန္ဒပြပွဲတွင် ဆိုးလ်တက္ကသိုလ်လေးခုမှ ကျောင်းသားများပါ ပါဝင်လာရာ ကျောင်းသားများနှင့် ရဲများ အဓိကရုဏ်း ဖြစ်ပွားခဲ့ကြသည်။ ထိုဆန္ဒပြပွဲများသည် ဆိုးလ်မြို့တွင်သာမက ကိုရီးယားသမ္မတနိုင်ငံတောင်ပိုင်းရှိ မြို့ကြီးများသို့ပါ ပျံ့နှံ့သွားခဲ့လေသည်။

ထို့ကြောင့် မေလ ၁၇ ရက်နေ့တွင် စစ်အုပ်ချုပ်ရေး အမိန့်ကို ကိုရီးယား နိုင်ငံတဝန်းလုံးသို့ တိုးချဲ့ထုတ်ပြန်ခဲ့ပြီး တက္ကသိုလ်ကျောင်း အားလုံးကို ပိတ်ပစ်ခဲ့သည်။ လွတ်တော် အစည်းအဝေးကိုလည်း ရက် အကန့် အသတ်မရှိ ရွှေ့ဆိုင်းလိုက်ပြီး နိုင်ငံရေး လှုပ်ရှားမှု အားလုံးကို ပိတ်ပင်ခဲ့သည်။ ကျောင်းသား ဆူပူလှုပ်ရှားမှုများကို ဖန်တီးလှုံ့ဆော်မှုဖြင့် အတိုက်အခံ ပါတီခေါင်းဆောင် ကင်ဒေးဂျုံ အပါအဝင် နိုင်ငံရေး ခေါင်းဆောင်များနှင့် ကျောင်းသား ၁၀၀ ကျော်တို့ကို ဖမ်းဆီးခဲ့သည်။ ထိုအခြေအနေများကြောင့် မေလ ၂၀ ရက်နေ့တွင် ဝန်ကြီးချုပ် ရှင်ယောင်ဝှက် ဦးဆောင်သော အစိုးရအဖွဲ့ နုတ်ထွက်သွားခဲ့သည်။ ထို့ကြောင့် မေလ ၂၂ ရက်နေ့တွင် ခေတ္တ ဝန်ကြီးချုပ် အဖြစ် ပတ်ချန်ဟွန်းအား အစားထိုး ခန့်ထားပြီး တောင်ကိုရီးယား အစိုးရသစ်ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ကင်ဒေးဂျုံအား ဖမ်းဆီးမှုကြောင့် ကင်ဒေးဂျုံ၏ ဇာတိ ဖြစ်သော ကွမ်ဂျူးမြို့တွင် လူထုနှင့်ကျောင်းသားများသည် လက်နက်ကိုင် ဆူပူလှုပ်ရှားခဲ့သည်။ ဆူပူသူ နှစ်သိန်းကျော်တို့က ရုပ်မြင်သံကြား အသံလွှင့်ရုံနှင့် အစိုးရအဆောက်အအုံများကိုလည်းကောင်း၊ အစိုးရ လက်နက်တိုက်မှ လက်နက် ၄၀၀၀ ခန့်ကို လည်းကောင်း သိမ်းပိုက်ခဲ့ကြသည်။ ယင်းအရေးအခင်းတွင် အရပ်သား ၁၄၄ ဦး၊ စစ်သား ၂၂ ဦး၊ ရဲလေးဦး သေဆုံးပြီး၊ လူပေါင်း ၇၀၀ ကျော် ဖမ်းဆီးခံခဲ့ရလေသည်။

ထို့ကြောင့် သမ္မတ ချုံငကျူဟာက တိုင်းပြည်၏ အရေးပေါ် အခြေအနေများကို ထိန်းသိမ်းနိုင်ရန် အမျိုး



တောင်ကိုရီးယားသမ္မတ ချန်ဒူးဝှမ်း ဗိုလ်ချုပ်ကြီးရာထူးမှ အနားမယူမီ နောက်ဆုံး အလေးပြုခံယူနေစဉ်

သား လုံခြုံမှု အထူးကော်မတီတရပ် ဖွဲ့စည်းကြောင်း မေလ ၃၁ ရက်နေ့တွင် ကြေငြာခဲ့သည်။ ယင်း ကော်မတီတွင် သမ္မတ ချုိင်ကျူဟာက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီး အဖွဲဝင် ၂၅ ဦး ပါဝင်သည်။ တဖန် အဖွဲဝင် ၃၀ ပါဝင်သော အမြဲတမ်း ကော်မတီကို ထပ်မံ ဖွဲ့စည်းခဲ့ရာ ဒုတိယ ဗိုလ်ချုပ်ကြီး ချန်ဒူးဝှမ်က ဥက္ကဋ္ဌ အဖြစ်ဖြင့် အုပ်ချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့လေသည်။

အမြဲတမ်း ကော်မတီသည် ဆေးဝါးကုသခွင့်၊ အငြိမ်းစားယူခွင့်၊ အလုပ်လက်မဲ့ ပြဿနာတို့နှင့် ပတ်သက်သော အစီအစဉ်များ ရေးဆွဲခဲ့သည်။ တက္ကသိုလ် ဝင်ခွင့်စာမေးပွဲကို ဖျက်သိမ်းလိုက်ပြီး ကိုယ်ပိုင် ကျူရှင်များကိုလည်း ပိတ်ပစ်လိုက်သည်။ဆိုးသွမ်းသူ၊ လူမှုရေးအကျင့် ပျက်သူနှင့် မှောင်ခို စီးပွားရေးသမား စုစုပေါင်း နှစ်သောင်းခန့်ကို ဖမ်းဆီး၍ စစ်ဘက်ဆိုင်ရာ ပညာပေး စခန်းများသို့ ပို့ခဲ့သည်။ အစိုးရဝန်ထမ်း ရှစ်ထောင်ကျော်ကို အကျင့်ပျက်မှု၊ လာဘ်စားမှုတို့ဖြင့် အလုပ်မှ ထုတ်ပယ်ခဲ့သည်။ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းများကိုလည်း ကြီးကြပ် ထုတ်ဝေခဲ့သည်။ စည်းကမ်းနှင့် မညီညွတ်သော အပတ်စဉ်နှင့် လစဉ်ဂျာနယ် ၁၇၂ စောင်ကို ပိတ်ခြင်း၊ စာအုပ် ထုတ်ဝေရေးဌာန ဖွင့် ခုကိုထုတ်ဝေခွင့်လိုင်စင်ရပ်သိမ်းခြင်း သတင်းစာဆရာ ၃၂ ဦးကို အရေးယူခြင်းများပြုခဲ့ သည်။

ဖမ်းဆီးထားသော ဒုတိုက်အခံခေါင်းဆောင် ကင်ဒေးဂျုံနှင့် အပေါင်းပါ ၂၃ ဦးအား ဆူပူမှုများ ဖန်တီးမှု၊ စစ်အုပ်ချုပ်ရေး သွေဖည်မှု၊ နိုင်ငံတော်အား ပုန်ကန်ရန် ကြံစည်မှု စသည့်စွဲချက်တို့ဖြင့် ဩဂုတ်လ ၁၄ ရက်နေ့တွင် အထူး စစ်ခုံရုံးသို့ တင်သွင်းခဲ့သည်။စစ်ခုံရုံးက စစ်ဆေးပြီး နောက် ကင်ဒေးဂျုံအား သေဒဏ်နှင့် အပေါင်းပါ ၂၃ ဦးအား ထောင်ဒဏ် ၂ နှစ်မှ နှစ် ၂၀ ထိ အပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့လေသည်။

ဩဂုတ်လ ၁၆ ရက်နေ့တွင် လက်ရှိ ဖြစ်ပေါ်နေသော အုပ်ချုပ်မှု အခက်အခဲများ ဖြေရှင်းရေး၊ ခေါင်းဆောင်သစ် ရွေးချယ်နိုင်ရေးနှင့် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းနိုင်ရေးတို့အတွက် သမ္မတ ချုိင်ကျူဟာသည် သမ္မတအဖြစ် နုတ်ထွက်ကြောင်း ကြေငြာခဲ့သည်။ ထို့ကြောင့် ဩဂုတ်လ ၁၈ ရက်နေ့တွင် လက်ရှိ အခြေခံ ဥပဒေအရ တည်ရှိနေသော သမ္မတ ရွေးချယ်ရေးအဖွဲဝင် ၄၀၀ ကျော်က ဗိုလ်ချုပ်ကြီး ချန်ဒူးဝှမ်အား သမ္မတ လောင်းအဖြစ် အဆိုပြုကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ ထိုအဆိုပြုချက်ကို ချန်ဒူးဝှမ်က လက်ခံခဲ့ပြီး သမ္မတအဖြစ် အရွေးချယ်ခံနိုင်ရေးအတွက် ဩဂုတ်လ ၂၂ ရက်တွင် ဗိုလ်ချုပ်ကြီး ထာထူးမှ အနားယူခဲ့သည်။ ဩဂုတ်လ ၂၇ ရက်နေ့တွင် ချန်ဒူးဝှမ်အား သမ္မတ အဖြစ် ရွေးချယ် တင်မြှောက်ခဲ့ကြသည်။ ထို့ကြောင့် ချန်ဒူးဝှမ်သည် စက်တင်ဘာလ ၁ ရက်နေ့တွင် သမ္မတသစ် အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီး အကျဉ်းသား ၃၀၀၀ ခန့်ကို လွှတ်ပေးခဲ့သည်။ စက်တင်ဘာလ ၉ ရက်နေ့တွင်မူ လူမှုသန့်ရှင်းရေး လှုပ်ရှားမှုဖြင့် ဖမ်းဆီးထားသော အကျဉ်းသား ၁၇,၀၀၀ ခန့်ကို ထပ်မံလွှတ်ပေးခဲ့လေသည်။

ချန်ဒူးဝှမ်သည် သမ္မတအဖြစ် ရောက်ရှိပြီး များမကြာမီ စက်တင်ဘာလ ၂ ရက်နေ့တွင် ခေတ္တဝန်ကြီးချုပ် ပတ်ချုံဟွန်းနေရာတွင် ယခင် ဒုတိယ ဝန်ကြီးချုပ်နှင့် စီးပွားရေး စီမံကိန်း ဝန်ကြီးဟောင်း နမ်ဒပ်ဝူးအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ကာ အစိုးရ အဖွဲ့သစ်ကို ပြင်ဆင် ဖွဲ့စည်းခဲ့သည်။ ထို့ပြင် တောင်ကိုရီးယား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသစ်တရပ် ရေးဆွဲရေးအတွက် လူထုဆန္ဒခံယူပွဲတရပ်ကို အောက်တိုဘာလအတွင်းတွင်ကျင်းပခဲ့သည်။

ဆွေးနွေးဆဲဖြစ်သော တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေး ဆွေးနွေးပွဲများကိုလည်း ကိုရီးယားတွင် အခြေအနေ တည်ငြိမ်မှုမရှိသေးသောကြောင့် ချပ်တန့်ထားခဲ့ရလေသည်။

ကဒ်လူမျိုး။ ။အာရှတိုက် အနောက်ပိုင်း အာရှမိုင်းနားကုန်းမြင့်၏ တောင်ဘက်စွန်း တောင်တန်းဖြစ်သော တောရပ်တောင်နှင့် အီရန်ကုန်းမြင့် တောင်ဘက်စွန်းဖြစ်သော ဇာဂရော့တောင်တန်းဒေသသည် ကဒ်လူမျိုးတို့၏ ဇာတိရပ်မြေနှင့် လုပ်ကိုင်စားသောက်မှီခိုနေထိုင်ရာနယ်မြေများဖြစ်သည်။ထိုဒေသမှ မက်ဆိုပိုတေးမီးယားလွင်ပြင် ဆီးရီးယားပြည် အလက်ပိုမြို့ ပတ်ဝန်းကျင်သို့ ပျံနှံသွားသည်။

ကဒ်တို့သည် အစွလာမ် ဘာသာဝင်များ ဖြစ်ကြပြီး များသောအားဖြင့် ဆွန်နီဂိုဏ်းသားများ ဖြစ်ကြသည်။ အချို့သည် ရှီယာဂိုဏ်းသားများ ဖြစ်သည်။ ၎င်းတို့ကို အာရပ်လူမျိုး စာရင်း၌ မသွင်းပေ။

အီရန်တွင်နေထိုင်သော လာနှင့် ဗတ်တီယာရီ လူမျိုးတို့သည် အမှန်အားဖြင့် ကဒ်အနွယ်ဝင်များ ဖြစ်သော်လည်း ကဒ်နွယ်ဝင်ဟု မပြောကြတော့ပေ။ ကဒ်အများစုအသုံးပြုသော ဘာသာစကားသည် အီရန်ဘာသာစကား ဖြစ်သည်။

ဆယ့်နှစ်ရာစုနှစ်တွင် ဖြစ်ပွားသော ကရူးဆိတ် ဘာသာရေးစစ်ပွဲတွင် မူဆလင်တို့ဘက်မှ ခေါင်းဆောင် တိုက်ခိုက်ခဲ့သော ဆာလာဒင်ခေါ် ဆာလာအူဒင်သည် ကဒ်လူမျိုး ဖြစ်သည်။

သမိုင်းအစဉ်အလာ ကြီးမားသော ကဒ်များသည် တူရကီပြည်တွင် ရှစ်သန်း၊ အီရန်တွင် လေးသန်း၊ အီရတ်တွင် ကိုးသိန်း၊ ဆီးရီးယားတွင် နှစ်သိန်း ငါးသောင်းခန့်

နေထိုင်ကြသည်ကို တွေ့ရှိရသည်။ ဆိုဗီယက်ပိုင် အဇာဘိုင်ဂျန်နယ်တွင်လည်း ကဒ်အနွယ်များ နေထိုင်လျက် ရှိကြသည်။

ကဒ်တို့သည် ယခင်က အိုးအိမ်အတည်တကျ မနေပဲ တနေရာမှ တနေရာသို့ လှည့်ပတ် ရွှေ့ပြောင်းကာ သိုး၊ ဆိတ် တိရစ္ဆာန် မွေးကျောင်းကြသူများဖြစ်သည်။ ပထမ ကမ္ဘာစစ်အပြီးတွင် အိုးအိမ်အတည်တကျ ဆောက်လုပ်နေထိုင်ကြပြီး ကျေးရွာ မြို့ပြဖွံ့စည်း တည်ထောင် ကြသည်ကို တွေ့ရသည်။



အီရန်၊အီရတ်နယ်စပ်တွင် ကိုယ်ပိုင် အုပ်ချုပ်ရေး ရရှိရန် တိုက်ပွဲဝင်နေသော ကဒ်လူမျိုးတစု

ကဒ်တို့သည် များသောအားဖြင့် ရှည်ချွန်းသော နှာခေါင်းရှိပြီး မျက်တွင်းနက်ကြသည်။ ရှမ်းလွဲနက်မှောင်သော မျက်လုံးနှင့် ဖျတ်လတ်သော အမူအရာဖြင့် ကြည့်ကောင်းသော ရုပ်လက္ခဏာရှိသည်။ ကဒ် အမျိုးသမီးတို့သည် အခြား မူဆလင်အမျိုးသမီးများထက် ပို၍လှတ်လပ်သည်။ မျက်နှာမဖုံးပဲ သွားလာကြသည့်အပြင် တစိမ်းလည့်သည် များကိုစကားစမြည် ပြောဆိုခွင့် ရကြသည်။ အီရတ်ဥပဒေတွင် ရွေးကောက်ပွဲများ၌ အမျိုးသမီးများဝင်ရောက်အရွေး ခံနိုင်ခွင့် မရှိသော်လည်း ကဒ် အမျိုးသမီးများသည် ဝင် ရောက်အရွေးခံခွင့်ရှိသည်။ ခေါင်းဆောင်တဦး ကွယ်လွန် လျှင် ဇနီးဖြစ်သူ ကဒ်အမျိုးသမီးသည် ခင်ပွန်းသည်၏ ရာထူးကို ဆက်ခံနိုင်ခွင့် ရှိသည်။

ကဒ်တို့သည် အထက်တွင်ဖော်ပြသည့်အတိုင်း နိုင်ငံ အသီးသီး၌ လူမျိုးငယ်အဖြစ် ခံယူနေထိုင်ခဲ့ကြရာမှ ပထမ ကမ္ဘာစစ်အပြီးတွင် နိုးကြားလာကြသည်။ ကိုယ်ပိုင်နိုင်ငံ ထူထောင်လိုသော စိတ်ဆန္ဒပေါ်ထွက်လာကြသည်။ ကိုယ့် မင်းကိုယ်ချင်းနိုင်ငံ မထူထောင်နိုင်လျှင် ကိုယ်ပိုင်အုပ်ချုပ် ခွင့် တစိတ်တဒေသရရှိရန် လိုလားကြသည်။

ယင်းဆန္ဒနှင့်အညီ တူရကီပြည်ရှိ ကဒ်တို့သည် ကာဝါဟူသော အသင်းထူထောင်ကာ ကဒ်နယ် ခွဲထွက်ရေး အတွက် ၁၉၂၀ ပြည့်နှစ်များနှင့် ၁၉၃၀ ပြည့်နှစ်များတွင် သုံးကြိမ်တိုင် တော်လှန်တိုက်ခိုက်ကြသည်ကို တူရကီအစိုးရ ကနှိမ်နင်းလိုက်ရသည်။ သို့ရာတွင် ကွယ်လွန်သူ အပိုခေါ် ခေါင်းဆောင်တဦး၏ နောက်လိုက်များ၏ အပိုကြူလာခေါ် စိတ်မာန်တက်ကြွသူတို့၏ အဖွဲ့အစည်းသည် အကြမ်း ဖက်တိုက် ခိုက်လျက်ရှိသည်။ အီရန်တွင် ဖြစ်ပွားနေသော ကဒ် လှုပ်ရှားမှုသည် နယ်စပ်ကိုဖြတ်၍ တူရကီပြည်ဘက်သို့

ကူးစက်မလာနိုင်ရန် တူရကီပြည် အရှေ့ပိုင်းရှိ နယ်အချို့၌ စစ်အုပ်ချုပ်ရေးကိုမကြာခဏ ကြေငြာပေးထားရသည်။

အီရန်နိုင်ငံတွင်မူ ဒုတိယကမ္ဘာစစ်အပြီး၌ ကဒ် လူမျိုးတို့ နိုးကြားလှုပ်ရှားလာသည်။ မဟာဗတ်မြို့တွင် ကို မာလာအီဇီယံအီ ကဒ်ခေါ် လူငယ်အသင်းကို စတင် ထူထောင်ကြပြီး ပညာတတ်လူရွယ်တဦးဖြစ်သော ကူဇီမိုဟာမက်သည် ကဒ်သမ္မတနိုင်ငံ ထူထောင်ကြောင်း ၁၉၄၅ ခု နှစ်တွင် ကြေငြာသောကြောင့် အီရန် အစိုးရက နှိမ်နင်းရာတွင် ကူဇီအသတ်ခံရသည်။

ထိုနောက် ကဒ် လှုပ်ရှားမှုများကို ဗိုလ်ချုပ် မူလာမူစတာဖာတာဇနီခေါ် ကဒ်အမျိုးသားက ခေါင်းဆောင်ပြီး အီရတ်အစိုးရကို တော်လှန်တိုက်ခိုက်သည်။

ဤတွင် အီရတ်နှင့် အီရန်သည် ကဒ် အရေးအခင်းကြောင့် အထင်လွဲအမြင်လွဲဖြစ်ကြသည်။ အီရန်ရှိ ကဒ်တို့ကို အီရတ်က မြှောက်ပေးသည်ဟု ရှားဘုရင်က ယူဆခဲ့သလို အီရတ်ရှိ ကဒ်တို့ကို ရှားဘုရင်က အားပေးနေသည်ဟု အီရတ်အစိုးရက ထင်မြင်ခဲ့သည်။

အီရန်ရှိ ကဒ်လူမျိုးတို့၏ အရေးသည် မအေးသေးသော်လည်း အီရတ်ရှိ ကဒ်တို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစိတ်တဒေသ ရရှိသောကြောင့် ကျေနပ်နှစ်သိမ့်နေကြပေသည်။

အီရန်ပြည်တွင် ရှားဘုရင်နှင့် အယာတိုလာခိုမေနီတို့၏ ကြီးမားသော နိုင်ငံရေးတိုက်ပွဲကို ကဒ်တို့သည် အခွင့်ကောင်းယူ၍ နယ်မြေအချို့ကို အုပ်စီးကာ ပြောက်ကျားတိုက်ပွဲများ ဆင်နွှဲလျက် ရှိကြလေသည်။

ကဒ်တို့သည် ရှားဘုရင် ထီးနန်းမှ စွန့်ခွာသွားလျှင် သွားချင်း ကင်းစခန်းအချို့ကို သိမ်းလိုက်ကြသည်။

ကဒ်ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်တို့ စေ့စပ်ဆွေးနွေးကြရာ မရိဗန်မြို့နယ်ကို နမူနာပြအဖြစ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစိတ်တဒေသ ပေးရေးမှကို ဩဂုတ် ၁၁ ရက်နေ့၌ သဘောတူကြသည်။ သို့ရာတွင် ထိုသဘောတူညီမှု ရုပ်လုံးမပေါ်သဖြင့် ဆက်၍ တိုက်ပွဲဖြစ်ပွားပြန်သည်။ ထိုအတောအတွင်း၌ ကဒ်တို့သည် အယာတိုလာခိုမေနီ၏ တော်လှန်ရေးကောင်စီ တပ်များနှင့် ပတ်ဝန်းပြည်သူစစ်များကို ချုံခိုတိုက်ပွဲဆင်ထာမှ မြို့သိမ်းပွဲအဆင့်သို့ မြင့်ကြကာ ပါဗက်မြို့၊ ဆက်ကတ်မြို့၊ နသာဒက်မြို့ စသည်တို့ကိုသိမ်းယူသည့်အပြင် မဟာဗတ်မြို့ကြီးကိုပါ ဩဂုတ်လ ၁၇ ရက်နေ့တွင် သိမ်းမိသည်။

ဤတွင် အစိုးရကိုယ်စားလှယ်များနှင့် ကဒ် အစိုးရကိုယ်စားလှယ်ငါးဦးတို့သည် အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးရန် သဘောတူခဲ့ကြလေသည်။

သို့ဆွေးနွေးခြင်းမပြုမီ ကဒ်ဒစ် ဒီမိုကရက်တစ်ပါတီကို ခိုမေနီအစိုးရက မတရားသင်းကြေငြာခဲ့သည်။

ကဒ်တို့ သိမ်းထားသော မဟာဗတ်မြို့သို့ အစိုးရကိုယ်စားလှယ်များ လာရောက်ပြီးလျှင် နှစ်ဘက် ဆွေးနွေးခဲ့ကြသော်လည်း အောင်မြင်မှု မရခဲ့ပေ။

ကဒ်လူမျိုးတို့၏တောင်းဆိုချက်များကို အီရန်အစိုးရက ဩဂုတ်လ ၂၀ ရက်နေ့တွင် ပယ်ချလိုက်ပြီးနောက် ကဒ်တို့သည် ကွန်မြူနစ်နိုင်ငံ ထူထောင်ရန် ကြိုးပမ်းနေကြသည်ဟု ခိုမေနီက စွပ်စွဲလိုက်လေသည်။

ကဒ်တို့သည် မိမိတို့ ဆန္ဒမပြည့်မချင်း လက်နက်မချဟု ဆိုကာ ခုခံတိုက်ခိုက်ရန် ပြင်ဆင်ကြသည်။

အချို့ကမူ မိမိတို့သည် အီရန်မှ ခွဲထွက်ရေးကိုမလိုလားပါဟု ရှင်းပြကြသည်။ ရေနံနှင့် သယံဇာတပစ္စည်းကြွယ်ဝသော အီရန်နိုင်ငံကြီးနှင့် အမြဲလက်တွဲလိုသည်ဟု ဆိုကြသည်။ အီရန်ရွေးကောက်ပွဲကို သပိတ်မှောက်လိုသူများရှိသကဲ့သို့ သပိတ်မမှောက်ပဲ ပါဝင်ဆင်နွှဲကာ ဥပဒေဘောင်အတွင်းက အခွင့်အရေး တောင်းဆိုရန် သဘောတူသူများလည်း ရှိလေသည်။

ဤသို့ သဘောထား အကွဲကွဲအပြားပြား ရှိနေသော ကဒ်တို့ကို အစိုးရတပ်များက အလုံးအရင်းနှင့် ချီတက်တိုက်ခိုက်သောအခါ စက်တင်ဘာလ ၃ ရက်နေ့တွင် မဟာဗတ်မြို့ကို အစိုးရတပ်ကပြန်လည် သိမ်းပိုက်လိုက်ပြီးနောက် အပြင်းအထန်နှိပ်ကွပ်ခြေမှုန်းခဲ့လေသည်။

ကဒ်ဒစ် ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ကမူ မိမိတို့သည် ရေရှည်ပြောက်ကျားစစ်ပွဲတရပ်ကို ဆင်နွှဲသွားမည်ဟု ကြေငြာသည်။

၁၉၈၀ ပြည့်နှစ် စက်တင်ဘာလတွင် ဖြစ်ပွားသော အီရန်၊ အီရတ်စစ်၌ ကဒ်အမျိုးသားအချို့သည် အီရန်အစိုးရတပ်များကို တော်လှန်တိုက်ခိုက်ကြသကဲ့သို့ အီရတ်အစိုးရတပ်များကိုလည်း တုံ့ပြန်တိုက်ခိုက်ကြသည်။ အီရန်သမ္မတ ဗာနီဆာဒါသည် ကဒ်တို့ ကျေနပ်စေရန် နယ်ဆင်း ဆွေးနွေးသကဲ့သို့ အီရတ်သမ္မတ ဆတ်ဒမ်ဟူစိန် သည်လည်း ကဒ်နယ်သို့ သွားရောက်ဆွေးနွေးသည်။ အီရတ်တောင်ပိုင်းသို့ နယ်နှင်ထားသော ကဒ်လူမျိုးတို့ကိုလည်း မိမိတို့ ရပ်ရွာသို့ ပြန်ခွင့်ပြုထားလေသည်။

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲ (၁၉၈၀)။ ။ကမ္ဘာ့ ဟဲဗီးဝိတ် လက်ဝှေ့ပြိုင်ပွဲကို အမေရိကန်ပြည်ထောင်စုတွင် ၁၉၈၀ ပြည့်နှစ်အောက်တိုဘာလ ၌ကျင်းပပြုလုပ်ခဲ့သည်။

မိုဟာမက်အလီသည် ကမ္ဘာ့ ဟဲဗီးဝိတ်လက်ဝှေ့သရဖူဘွဲ့ကို ကတ်စီးယတ်ကလေးအမည်ဖြင့် ၁၉၆၄ ခုနှစ်တွင်



လာရီဟုမ်းနှင့် သရဖူလုပွဲထိုးခဲ့သော ချန်ပီယံအလီသည် ဒိုင်ပွဲရပ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဆန်နီ လစ္စတန်ထံမှ ပထမအကြိမ် ရယူခဲ့ပြီးနောက် ၁၉၇၄ ခုနှစ်၌ မိုဟာမက်အလီ အမည်ဖြင့် ကျော့ချီဖိုမန်ထံမှ ဒုတိယအကြိမ် ရယူခဲ့သည်။ တဖန် ၁၉၇၈ ခုနှစ်တွင် အလီအမည်ဖြင့် လီယွန်စဖင်ထံမှ တတိယအကြိမ် သရဖူရယူနိုင်ခဲ့သည်။

ထို့နောက် မိုဟာမက်အလီသည် ၁၉၇၉ ခုနှစ်တွင်လက်ဝှေ့လောကမှ အနားယူသွားခဲ့သည်။ မိုဟာမက် အလီအနားယူကြောင်း မကြေငြာမီ လာရီဟုမ်းဆိုသူ ကပွလီလက်ဝှေ့သမားတဦးထွက်ပေါ်လာခဲ့သည်။

မိုဟာမက်အလီ၏ လက်ဝှေ့ လေ့ကျင့်ဘက် ဖြစ်ခဲ့သူ လာရီဟုမ်းသည် မိုဟာမက်အလီ အနားမယူမီ ကမ္ဘာ့လက်ဝှေ့ကောင်စီက အသိအမှတ်ပြုထားသူ ဟဲဗီးဝိတ် ချန်ပီယံကင်နော်တန်ကို စိန်ခေါ် သူအဖြစ် နံပါတ် (၁) နေရာသို့ ရောက်လာခဲ့သည်။အလီသည်ကင်နော်တန်ကိုပထမအကြိမ် ရှုံးခဲ့ပြီး နောက်၊ နှစ်ကြိမ် အမှတ်ဖြင့်ပြန်လည် အနိုင်ရခဲ့သည်။ ကမ္ဘာ့လက်ဝှေ့ကောင်စီက အလီနှင့် ကင်နော်တန် ထပ်မံထိုးသတ်ရမည်ဟု တောင်းဆိုသည်ကို အလီကလက်မခံသောကြောင့် အလီကိုကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ ချန်ပီယံအဖြစ် အသိအမှတ်မပြုပဲ ကင်နော်တန်ကိုပွဲသင်း အနိုင်ယူစေကာ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ ချန်ပီယံအဖြစ် အသိအမှတ်ပြုလိုက်သည်။ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်ကမူ အလီကိုသာ အသိအမှတ်ပြုသည်။

၁၉၇၈ ခုနှစ် နိုဝင်ဘာ ၁၀ ရက်နေ့တွင် ချန်ပီယံ ကင်နော်တန်နှင့် လာရီဟုမ်းတို့ ထိုးသတ်ခဲ့ရာ လာရီဟုမ်းသည် အမှတ်ဖြင့်အနိုင်ရပြီး၊ ကမ္ဘာ့လက်ဝှေ့ ကောင်စီက အသိအမှတ်ပြုသော ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ဖြစ်လာခဲ့သည်။ ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံစင်ပြိုင်ဖြစ်နေသူလာရီဟုမ်းသည်

ထိုစဉ်က အသက် ၂၈ နှစ်ရှိနေပြီဖြစ်သည်။ လာရီဟုမ်းသည် ကိုယ်ထည် တောင့်တင်းကြံ့ခိုင်ပြီး လက်သီး ဗယ်ညာ ပြင်းသူဖြစ်ရာ ချန်ပီယံဖြစ်လာပြီးနောက် သရဖူကာကွယ်ပွဲ ခုနစ်ပွဲကိုဆက်တိုက် ထိုးသတ်ခဲ့ရသည်။ ပွဲစဉ်အားလုံးကိုပင် အလဲပွဲမျှားနှင့်ဒိုင်ပွဲရပ်တို့ဖြင့်အနိုင်ရခဲ့သည်။ အလီအနားယူသွားသဖြင့် လာရီဟုမ်းနှင့် စင်ပြိုင် ကမ္ဘာ့လက်ဝှေ့ အဖွဲ့ချုပ် ဟဲဗီးဝိတ်ချန်ပီယံမှာလူမည်းကပွလီလက်ဝှေ့သမားဂျန်တိတ် ဖြစ်လာသည်။

လာရီဟုမ်းနှင့် ဂျန်တိတ်တို့သည်လက်ဝှေ့သရဖူပွဲ မထိုးသတ်မီမိုက်ဝီဗာကဂျန်တိတ်ကို အနိုင်ယူလိုက်သဖြင့် မိုက်ဝီဗာ ချန်ပီယံဖြစ်လာခဲ့သည်။ ထိုအချိန်က အသက် ၃၀ နှစ်ရှိနေပြီဖြစ်သော မိုဟာမက်အလီသည် လက်ဝှေ့ ကြိုးဝိုင်းသို့ ပြန်ဝင်လာပြန်သည်။ ၁၉၀၀ ပြည့်နှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် လာရီဟုမ်းနှင့် အလီတို့ တွေ့ဆုံခဲ့သည်။ အလီသည် ကိုယ်အလေးချိန် ပေါင် ၄၀ ကျော်ကို ကြိုးစားလျှော့ချပြီး လာရီဟုမ်းနှင့် သရဖူလုပွဲ ထိုးသတ်ခဲ့သော်လည်း အခြေမလှပဲ ဒိုင်ပွဲရပ်ဖြင့် အလီရှုံးနိမ့်ခဲ့သည်။ လာရီဟုမ်း အနိုင်ရသည်။ ယခုပွဲအနိုင် ရသောကြောင့် လာရီဟုမ်းသည် ၃၆ ပွဲအနိုင်ရရာ ပွဲစဉ်အားလုံးလိုပင် အနိုင်ရခြင်းဖြစ်သည်။

ကမ္ဘာ့ လက်ဝှေ့အဖွဲ့ချုပ်မှ စင်ပြိုင် ချန်ပီယံ ဖြစ်သူ မိုက်ဝီဗာကိုလည်း လာရီဟုမ်းက အနိုင် ရထားခဲ့သည်။ လာရီဟုမ်းသည် အလီနှင့် ၁၉၈၁ အတွင်း ပြန်လည် ထိုးသတ်မည်ဖြစ်ပြီး ၁၉၈၂ တွင် လာရီဟုမ်း အနားယူမည်ဟု ဆိုသည်။

အသက် ၃၀ ရှိနေသူ လာရီဟုမ်းသည် ၁၉၈၁ ခုနှစ်တွင် သရဖူကာကွယ်ပွဲ လေးပွဲ ထိုးသတ်မည်ဟု ကြေငြာထားလေသည်။

ကမ္ဘာ့အိုလင်းပစ်အားကစားပြိုင်ပွဲ (မော်စကို)။ ။ ၂၂ ကြိမ်မြောက် နွေရာသီ ကမ္ဘာ့အိုလင်းပစ် အားကစားပြိုင်ပွဲကို ဆိုဗီယက် ပြည်ထောင်စု မော်စကို မြို့တော်၌ ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်နေ့မှ သြဂုတ်လ ၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၈၁ နိုင်ငံမှ အားကစားသမားပေါင်း ၅,၆၈၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မော်စကို ကမ္ဘာ့ အိုလင်းပစ် အားကစားပွဲကြီးကို ဆိုဗီယက် သမ္မတ လီယိုနစ်ဗရက်ဇနက်က ဖွင့်လှစ်ပေးခဲ့သည်။ ကမ္ဘာ့အိုလင်းပစ်ကော်မတီဥက္ကဋ္ဌ လော့ဒ်ကီလာနင်က အဖွင့်အမှာစကားပြောကြားခဲ့လေသည်။

မော်စကို ကမ္ဘာ့ အိုလင်းပစ်ပြိုင်ပွဲကို အမေရိကန်၊ အနောက်ဂျာမနီ၊ဂျပန်၊တောင်ကိုရီးယား၊ အာဂျင်တီးနား

ကနေဒါ၊ တရုတ်၊ မလေးရှား၊ စကော်ပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဆအူးဒီအာရေဗျ၊ ဂါနာ၊ ဟွန်းဒူရပ်၊ ကင်ညာ၊ ဟောင်ကောင်၊နော်ဝေး၊ပါကစ္စတန်၊မော်ရေ့ကို၊ အယ်ဘေးနီးယား၊ ဗာရိန်း၊ ဘင်္ဂလားဒေ့ရှ၊ ချီလီ၊ အီကွေဒေါ၊ အီဂျစ်၊ ဟေတီ၊ အီရန်၊ အစ္စရေး၊ ဂျော်ဒန်၊ ဆိုမာလီးယား၊ ဆူဒန်၊ တူရကီ၊ ဇိုင်ယာ၊ ဥရုဂွေး စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၀ က သပိတ်မှောက်ခဲ့ကြသည်။

မော်စကိုအိုလင်းပစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်နိုင်ငံများအနက် ဗြိတိန်၊ သြစတြေးလျ၊ နယူးဇီလန်၊ အီတလီ၊ ဗယ်ဂျီယံ၊ ပြင်သစ်၊ ဒိန်းမတ်၊ စပိန်၊ပေါ်တူဂယ် စသည့် နိုင်ငံများသည် သက်ဆိုင်ရာအစိုးရအဖွဲ့အသီးသီးကစေလှတ်ခြင်းမဟုတ်ပဲ သက်ဆိုင်ရာအိုလင်းပစ်ကော်မတီများက စေလှတ်ခဲ့ခြင်းဖြစ်၍ မိမိတို့နိုင်ငံ၏ အလံများကို အသုံးပြုခွင့် မရခဲ့ကြပေ။ ကမ္ဘာ့အိုလင်းပစ်ကော်မတီနှင့် သက်ဆိုင်ရာနိုင်ငံ အိုလင်းပစ်ကော်မတီအလံများကိုသာ သုံးစွဲခဲ့ကြရလေသည်။

ကမ္ဘာ့အိုလင်းပစ်ကော်မတီ (အိုင်၊အို၊စီ)အတွက် အမှုဆောင်အဖွဲ့သစ်ကို မော်စကိုစည်းဝေးပွဲ၌ပင် ရွေးချယ်ခဲ့ကြသည်။ ဥက္ကဋ္ဌအသစ်အဖြစ် စပိန်နိုင်ငံဆိုင်ရာ ဆိုဗီယက်ပြည်ထောင်စု သံအမတ်ကြီး ဂျူအန်အန်တိုနီယိုဆမာရန့် သည် အရွေးချယ်ခံရသည်။ ဒုတိယဥက္ကဋ္ဌများအဖြစ် ဆိုဗီယက်မှ မီတာလီဆမာနော့ဗ်၊ ဂျပန်မှ ၁၉၃၂ ခုနှစ် ကမ္ဘာ့အိုလင်းပစ် ရေကူးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ မာဆာဂျီကိုဝါကာသာ၊အိုင်ဗရီကိုမှ ဂျူဒိုလက်ရွေးစင်ဟောင်းလူးစစ်ဂိုရန်ဒိုနီဒီအေးတို့ ရွေးချယ်ခံရသည်။မော်စကိုအိုလင်းပစ်အားကစားပွဲသို့ ပရိသတ်ငါးသန်းလာရောက်ကြည့်ရှုခဲ့ရာ မှန်ထရီယယ် အိုလင်းပစ်ပြိုင်ပွဲထက် ပရိသတ်တသန်းခွဲ ပိုများခဲ့သည်။

၂၂ ကြိမ်မြောက် (မော်စကို) ကမ္ဘာ့အိုလင်းပစ် အားကစားပြိုင်ပွဲတွင် ဆိုဗီယက်ယူနီယံက ရွှေတံဆိပ် ၈၀ ခု၊ ငွေတံဆိပ် ၆၉ ခု၊ ကြေးတံဆိပ် ၄၆ ခု ရပြီး ဗိုလ်စွဲကာ အရွှေဂျာမနီ(ရီဒီအာ)က ရွှေတံဆိပ် ၇ ခု၊ငွေတံဆိပ် ၃၇ ခု၊ ကြေးတံဆိပ် ၄၂ ခုဖြင့် ဒုတိယရခဲ့သည်။

မော်စကိုကမ္ဘာ့အိုလင်းပစ်ဘောလုံးပြိုင်ပွဲတွင် အိုလင်းပစ်ပွဲ၌ တကြိမ်တခါမျှ ဗိုလ်စွဲခဲ့ခြင်းမရှိခဲ့သေးသော ချက်ကို ဆလိုဗက်ကီးယားဘောလုံးသင်းက မှန်ထရီယယ်အိုလင်းပစ်ပြိုင်ပွဲတွင် အနိုင်ရထားခဲ့သော ချန်ပီယံ အရွှေဂျာမနီ ဘောလုံးသင်းကို တဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရကာ ဗိုလ်စွဲခဲ့လေသည်။

အာရှမှ ခြေစပ်ပွဲ အောင်မြင်ခဲ့ကြသော အီရန်နှင့် မလေးရှား ဘောလုံးသင်းတို့သည် သပိတ်မှောက်ထားကြသဖြင့် အီရတ်နှင့်ဆီးရီးယားတို့ဖြင့် အစားထိုး ဖြည့်စွက်ကစားခဲ့ရသည်။ ထို့အတူ တောင်အမေရိကနှင့် မြောက်အမေရိကနိုင်ငံများ သပိတ်မှောက်ထားသောကြောင့်လည်း ကျူးဗား၊ ဗင်နီဇွဲလား ဘောလုံးသင်းများဖြင့် အစားထိုးပြုလုပ်ခဲ့ရလေသည်။

ပြေးခုန်ပစ်ပြိုင်ပွဲများတွင် နိုင်ငံစုံက ဗိုလ်စွဲရွှေတံဆိပ်ဆုများ ရယူနိုင်ခဲ့သည်။ ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ကမ္ဘာ့စံချိန်များ တင်နိုင်ခဲ့ကြသည်။ လက်ရှိ ကမ္ဘာ့စံချိန်တင်ထား



၂၂ ကြိမ်မြောက် နွေရာသီ ကမ္ဘာ့ အိုလင်းပစ် အားကစားပြိုင်ပွဲ အခမ်းအနားဖွင့်လှစ်ပွဲတွင် မြင်ရသော မြန်မာ့ ကိုယ်စားလှယ်အုပ်

သူများ အရေးနိမ့်ကြပြီး၊ လူသစ်များ အောင်ပွဲဆင်နိုင်ခဲ့သည်။

အမျိုးသမီး ပြေးခုန်ပစ် ပွဲစဉ်များတွင် ဆိုဗီယက်ပြည်ထောင်စုနှင့်အရှေ့ဂျာမနီနိုင်ငံတို့မှသာ အများဆုံးအောင်ပွဲဆင်ခဲ့သည်။

အလေးမပြိုင်ပွဲတွင် ဆိုဗီယက် လူသန်ကြီးများပင် အများဆုံး ဗိုလ်စွဲပြီး၊ ဗူဂေးရီးယားနိုင်ငံက ဒုတိယရသည်။ သေနတ်ပစ်ပြိုင်ပွဲတွင်လည်း ဆိုဗီယက်တို့ပင် အများဆုံးဗိုလ်စွဲကာ စက်ဘီးစီးပြိုင်ပွဲ၌ ဆိုဗီယက်နှင့်အရှေ့ဂျာမနီတို့ အများဆုံး ဗိုလ်စွဲခဲ့သည်။ နပမ်းပွဲတွင် ဆိုဗီယက်၊ ဟန်ဂေရီနှင့်ဂရိနိုင်ငံတို့က အများဆုံး ဗိုလ်စွဲခဲ့သည်။

၂၃ ကြိမ်မြောက် ကမ္ဘာ့အိုလင်းပစ် အားကစားပြိုင်ပွဲကို ၁၉၀၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိမ်မြို့တွင် ပြုလုပ်မည်ဖြစ်သည်။

ကျူးဗားသမ္မတနိုင်ငံ။ ။၁၉၇၉ ခုနှစ်တွင် ကျူးဗားသမ္မတနိုင်ငံ၌ စီးပွားရေးအကျပ်အတည်း ဖြစ်ခဲ့လေသည်။ ထို့ကြောင့် စီးပွားရေးကို ကောင်းမွန်စွာထိန်းချုပ်နိုင်ရန်နှင့် အစိုးရအဖွဲ့အစည်းအချို့၏ လုပ်ငန်းဆောင်တာများကို ကောင်းသည်ထက် ကောင်းမွန်စေရန် ၁၉၀၀ ပြည့်နှစ် ဇန္နဝါရီလ ၁၁ ရက်နေ့တွင် အစိုးရအဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းကြောင်း ကြေငြာခဲ့သည်။

အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော ကျူးဗားအစိုးရအဖွဲ့တွင် ဒေါက်တာဖီဒယ်ကတ်စထြိုသည်နိုင်ငံအကြီးအကဲ (သမ္မတ) အဖြစ်လည်းကောင်း၊ ကျူးဗားကွန်မြူနစ်ပါတီ၏ ပထမအတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူလေသည်။



အစိုးရအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းပြီး တဆက်တည်းမှာပင် ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အလုပ်သမားများအား မက်လုံးပေးသည့် စနစ်ကို ဆောင်ရွက်သည်။ အဆိုပါ ဆောင်ရွက်ချက်တွင် အဓိကအချက် နှစ်ချက် ပါဝင်သည်။ ပထမအချက်မှာ လုပ်သားများအား လစာတိုးပေးရေးဖြစ်သည်။ လစာတိုးပေးရေး အစီအစဉ်သည် ၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့တွင်စတင်အကျိုးသက်ရောက်မည်ဖြစ်သည်။ ဒုတိယအချက်မှာ စျေးကွက်တွင် လွတ်လပ်စွာ ရောင်းချရေးပင် ဖြစ်သည်။ တောင်သူလယ်သမားများသည် မိမိတို့၏ထွက်ကုန်များကို နိုင်ငံတော်သို့ တာဝန်ကျေရောင်းချပြီးနောက် ကျန်ရှိနေသော ထွက်ကုန်များကို စျေးကွက်တွင် လွတ်လပ်စွာ ရောင်းချနိုင်ခွင့်ပေးထားသည်။ ဤအစီအစဉ်ကို မေလတွင် စတင်အကောင်အထည်ဖော်မည်ဟု ကြေငြာခဲ့သည်။ သို့သော် လယ်ယာနှင့် မွေးမြူရေး ထွက်ကုန်များအားလုံး၏စျေးနှုန်းများကို ၁၉၇၁ ခုနှစ် ဇန္နဝါရီလမှစ၍တိုးမြှင့်မည်ဖြစ်ကြောင်း မေလ ၂၆ ရက်နေ့တွင် ကြေငြာခဲ့သည်။

ဖေဖွဝါရီလတွင် ကျူးဗားလူမျိုး ၁,၂၀၀ ခန့်သည် နီကာရာဂွါနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ နီကာရာဂွါနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး

အကျယ်အဝန်း။	။၄၄,၂၁၈ စတုရန်းမိုင်
လူဦးရေ။	။၉,၅၅၀,၀၀၀ (၁၉၇၀)
မြို့တော်။	။ဟာဗားနားမြို့

အတွက် ဆရာဝန်များ၊ သူနာပြုများနှင့် ပညာရှင်များ ပါဝင်သည့် ကျူးဗားလူမျိုး ၁၀၀၀ ခန့်အား လည်းကောင်း၊ ဒွေကြေးဒေါ်လာ သန်းပေါင်း ၅၀ ကို လည်းကောင်း ထောက်ပံ့ကူညီရန် ကျူးဗားနိုင်ငံနှင့် နီကာရာဂွါနိုင်ငံတို့ သဘောတူညီချက်တရပ်ကို စာချုပ်ချုပ်ဆိုခဲ့ကြလေသည်။

ဧပြီလ ၆ ရက်နေ့တွင် ကျူးဗားနိုင်ငံခြားရေးဝန်ကြီး အီစီဒိုရိုမယ်လမီလာကာပီအိုလီသည် အာဖဂန်စတန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး အာဖဂန်စတန်သမ္မတ ဗာဗရက်ကမဲနှင့် ကာဘူးမြို့တွင် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့သည်။ ဧပြီလ ၇ ရက်နေ့တွင်မူ ကျူးဗားနိုင်ငံခြားရေး ဝန်ကြီးသည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာပြီး အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး နာရာဆီမာရောဝ်းနှင့် အာဖဂန်စတန် ပြဿနာကို ဆွေးနွေးခဲ့လေသည်။

ကျူးဗားနိုင်ငံခြားရေးဝန်ကြီးသည် အာဖဂန်စတန်နိုင်ငံသို့မထွက်ခွာမီ ဆိုဗီယက်ပြည်ထောင်စု၌ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဟာဗားနားမြို့တွင် ကြေငြာခဲ့လေသည်။

အီရန်နိုင်ငံတွင် ဖမ်းဆီးခြင်းခံနေရသော အမေရိကန် ဓားစာခံများ လွတ် မြောက် ရေး အတွက် အမေရိကန် နိုင်ငံ၏ မအောင်မြင်သော ကြိုးပမ်းမှု ဖြစ်ပေါ် ခဲ့ပြီးနောက် ကျူးဗားသမ္မတ ကတ်စထြိုက အီရန်နိုင်ငံဘာသာရေး ခေါင်းဆောင် အယာတိုလာ ခိုမေနီထံသို့ ကျူးဗားနိုင်ငံ သည် အီရန်နိုင်ငံနှင့် သွေးစည်းညီညွတ်စွာ ရပ်တည်ကြောင်း ဖော်ပြသော သဝဏ်လွှာတစောင်ကို ၂၄ ရက်နေ့က ပေးပို့ ခဲ့လေသည်။

ကျူးဗားနိုင်ငံတွင် နျူးကလီးယားစွမ်းအင် သုတေသန ဌာနတခု ဆောက်လုပ်ရန် ဆိုဗီယက်နှင့် ကျူးဗားနိုင်ငံတို့ သည် မော်စကိုမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ နျူးက လီးယား စွမ်းအင်ကို ငြိမ်းချမ်းသော နည်းလမ်း များဖြင့် အသုံးပြုပြီး ကျူးဗားနိုင်ငံ၏ စီးပွားရေးကို အကူ အညီ ပေးရန်ဖြစ်သည်။အဆိုပါနျူးကလီးယားသုတေသနဌာနကို ကျူးဗားကမ်းရိုးတန်း တောင်ဘက်ရှိ စီယန်ဖွေးဂိုး မြို့တွင် တည်ဆောက်မည်ဖြစ်လေသည်။

မေလ ၁၀ ရက်နေ့တွင် ကျူးဗား တိုက်လေယာဉ်များ သည် ဗဟားမားနိုင်ငံ၏ ကင်းလှည့်သဘော်ဘ ဖလာမင်ဂို အား ဗဟားမားပိုင်နက် ရေပြင်တွင် တိုက်ခိုက်ခဲ့ရာ သဘော်ဘနစ်မြုပ်သွားခဲ့သည်။ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ ကျူးဗားအစိုးရက ဝမ်းနည်းကြောင်းဖော်ပြ ပြောဆိုခဲ့ ရသည်။

ကျူးဗားနှင့်ဗဟားမား နိုင်ငံတို့သည်လျော်ကြေး ပေး ရေးအတွက် ဆွေးနွေး ခဲ့ကြပြီးနောက် ကျူးဗားအစိုးရက ဗဟားမား အစိုးရအား ဒေါ်လာ ၅ ဒသမ ၄ သန်းနှင့် ညီမျှသည့် ပေါင်စတာလင်ငွေကိုပေးခဲ့သည်ဟု ဗဟားမား အစိုးရက ဒီဇင်ဘာလ ၁၂ ရက်နေ့က ကြေငြာခဲ့လေသည်။

ဇွန်လ ၁ ရက်နေ့တွင် အရှေ့ဂျာမနီ ဆိုရှယ်လစ် ညီ ညွတ်ရေး ပါတီ ဗဟို ကော်မတီအထွေထွေ အတွင်းရေးမှူး အဲရစ်ဟွန်နက်ကာသည် ကျူးဗား နိုင်ငံသို့ တရားဝင် လာရောက်လည်ပတ်ခဲ့သည်။

ဩဂုတ်လ ရက်သတ္တပတ် တပတ်အတွင်းတွင် အမေရိ ကန်ပြည်ထောင်စုမှ လေယာဉ်ခြောက်စီးအား ကျူးဗား နိုင်ငံ ဟားဗားနားမြို့သို့ အပိုင်စီးခဲ့သည်။ တနေ့တည်း လေယာဉ်သုံးစီး အပိုင်စီးမှု ဖြစ်ခဲ့သည်။ ဤလေယာဉ် အပိုင်စီးမှုကို ဦးဆောင်ခဲ့သူတို့သည် အမေရိကန်နိုင်ငံတွင် မနေလိုသော ကျူးဗား ဒုက္ခသည်များ ဖြစ်သည်။ လေ ယာဉ် အပိုင်စီးရန် ကြိုးစားမှုနှစ်ခုမှာ ပျက်ပြားသွားခဲ့ သည်။ လေယာဉ် အပိုင်စီးသူများအား ဟားဗားနားမြို့ တွင် အကျဉ်းချထားလိုက်ပြီး လေယာဉ်များကို အမေရို ကန်နိုင်ငံသို့ ကျူးဗားအစိုးရက ပြန်လည် ပေးအပ်ခဲ့ လေသည်။

စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျူးဗားနိုင်ငံသည် အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ် အဖြစ် လေယာဉ် အပိုင်စီးသူနှစ်ဦးအား လွှဲပြောင်းပေးအပ်ခဲ့သည်။ အမေရို ကန်နိုင်ငံ ဒယ်တာလေကြောင်းပိုင် ဘိုးရင်း ၇၂၇ တစီး သည် ဂျော်ဂျီယာ ပြည်နယ်မှ ကာရိုလိုင်းနား ပြည်နယ် တောင်ပိုင်းသို့ ခရီးသည်များ တင်ဆောင် ထွက်ခွာလာစဉ် အထက်ပါ လေယာဉ်အပိုင်စီးသူနှစ်ဦးက အပိုင်စီးလာခဲ့ကြ ခြင်းဖြစ်သည်။ ယင်းတို့ နှစ်ဦးသည် ကျူးဗားပြည်ပြေး များဖြစ်ပြီး ကျူးဗားနိုင်ငံသို့ ပြန်လည် ဝင်ရောက်လို၍ ယခုကဲ့သို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း အစစ်ဆေးခံခဲ့ကြ သည်။

ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျူးဗားကွန်မြူနစ်ပါတီ ၏ ဒုတိယအကြိမ်မြောက်ညီလာခံကို စတင် ကျင်းပသည်။ ညီလာခံ နောက်ဆုံးနေ့ဖြစ်သော ဒီဇင်ဘာလ ၂၀ ရက် နေ့တွင် ကျူးဗားသမ္မတ ကတ်စထြိုနှင့် ညီဖြစ်သူ ရောဘတ် ကတ်စထြို တို့အား ကွန်မြူနစ်ပါတီ၏ ပထမ အထွေထွေ အတွင်းရေးမှူးနှင့် ဒုတိယ အထွေထွေအတွင်း ရေးမှူးများအဖြစ် ညီလာခံက ပြန်လည်ရွေးချယ် တင် မြှောက်ခဲ့သည်။

၁၉၇၉ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၁၉၈၀ ပြည့်နှစ် စော စောပိုင်းအချိန်များ အတွင်းမှ စတင်၍ ကျူးဗားနိုင်ငံ၏ မြို့တော် ဟားဗားနားမြို့ရှိ ပီရူးနှင့် ဗင်နီဇွဲလားနိုင်ငံ သံရုံး များအတွင်းသို့ ကျူးဗားလူမျိုးများ ဝင်ရောက်ခိုလှုံမှုများ ဖြစ်ပွားခဲ့သည်။

မတ်လ ၂၈ ရက် နေ့တွင် ကလေးနှစ်ဦး အပါအဝင် ကျူးဗားလူမျိုး ခြောက်ဦးတို့သည် ပီရူးသံရုံးဝင်းအတွင်း သို့ ဝင်ရောက် ခိုလှုံခဲ့ကြသည်။ တဖန် ဧပြီလ ၁ ရက်နေ့ တွင် နောက်ထပ် ကျူးဗားလူမျိုး ခြောက်ဦးတို့သည် ပီရူးသံရုံးတံခါးမကြီးကို ကားဖြင့် ဝင်ရောက်ချိုးဖျက်ပြီး ခိုလှုံခဲ့ကြရာ ကျူးဗားရဲအစောင့်တဦး သေဆုံးခဲ့သည်။ထို အချိန်ထိ သံရုံးအတွင်း ရောက်ရှိနေသော ကျူးဗားလူမျိုး များမှာ စုစုပေါင်း ၂၄ ဦးရှိပြီး ဖြစ်သည်။

ဧပြီလ စောစောပိုင်းတွင် ကျူးဗားသမ္မတ ကတ်စထြို သည် သံရုံးပတ်လည်တွင် အစောင့်အရှောက်များ ချထား ခြင်းကို ရပ်သိမ်းရန် အမိန့်ပေးခဲ့ပြီးနောက် ကျူးဗား နိုင်ငံမှ ထွက်ခွာသွားလိုသော ကျူးဗားလူမျိုး ၁၀,၀၀၀ ကျော်တို့သည် ပီရူးသံရုံးတွင် ဝင်ရောက်ခိုလှုံခဲ့ကြသည်။

၉ ရက်နေ့တွင် အန်ဒီယန်စာချုပ် အဖွဲဝင်နိုင်ငံများ ဖြစ်သည့် ဗိုလစ်ဗီးယား၊ ကိုလုံးဗီးယား၊ အီကွေဒေါ၊ ပီရူး နှင့် ဗင်နီဇွဲလားနိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများ သည် ပီရူနိုင်ငံ၏ မြို့တော် လီမာ မြို့တွင် ကျူးဗားဒုက္ခ သည်များအရေးနှင့် ဒုက္ခသည်များအား ခွဲဝေလက်ခံရေး

များကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် ဒုက္ခသည်များအား ပီရူးနိုင်ငံက ၁,၀၀၀၊ အမေရိကန်ပြည်ထောင်စုက ၃,၅၀၀၊ ဗင်နီဇွဲလားနိုင်ငံက ၅၀၀၊ စပိန်နိုင်ငံက ၅၀၀၊ ကနေဒါနိုင်ငံက ၃၀၀၊ ကော့စတာရီကာနိုင်ငံက ၃၀၀၊ အီကွေဒေါနိုင်ငံက ၂၀၀ နှင့် ဗယ်ကျီယံနိုင်ငံက ၁၅၀ စီလက်ခံရန် အသီးသီးတာဝန်ယူခဲ့လေသည်။

မေလ ၁၄ ရက်နေ့တွင် ကျူးဗားနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ထွက်ခွာလိုသူ ကျူးဗား နိုင်ငံသားများအား သယ်ယူပို့ဆောင်ရန် လေကြောင်း သို့မဟုတ် ရေကြောင်း ပို့ဆောင်ရေးများကို စီစဉ်ကြရန် အမေရိကန် သမ္မတ ကာတာက ကျူးဗား အစိုးရအား အဆိုပြုခဲ့သည်။ တဆက်တည်းမှာပင် ကျူးဗားဒုက္ခသည်များကို အမေရိကန်နိုင်ငံသို့ ဥပဒေ ဘောင်ပြင်ပမှ သယ်ယူနေကြသော လွတ်မြောက်ရေး သဘော်ဘ တပ်များအားလည်း မိမိတို့လုပ်ငန်းများကို ချက်ချင်းရပ်စဲကြရန် သမ္မတကာတာက အမိန့် ထုတ်ပြန်လိုက်သည်။ ရက်သတ္တသုံးပတ်အတွင်း အမေရိကန်ပြည်ထောင်စုသို့ ကျူးဗားလူမျိုး ၎၀,၀၀၀ နီးပါးခန့် တရားမဝင်သော နည်းလမ်းများဖြင့် ရောက်ရှိခဲ့ကြသည်။

ရာဇဝတ်မှုကျူးလွန်သူများနှင့် ကျူးဗားနိုင်ငံသို့ပြန်လိုသူများအား ပြန်လည် လက်ခံရေးကိုမူ ကျူးဗားအစိုးရကယခုအချိန်အထိငြင်းပယ်နေဆဲပင် ဖြစ်လေသည်။



သခင်ကျော်ထွန်း

ကျော်ထွန်း၊ သခင်(ခရစ် ၁၉၁၅–၁၉၈၀)။ ။သခင်ကျော်ထွန်းသည် ထန်းတပင်ခရိုင် အလယ်ဘုတ်ရွာ ဇာတိဖြစ်သည်။ တောင်သူလယ်သမား မိဘများ ဖြစ်ကြသော ဦးဘိုးစ၊ ဒေါ်အုံးတို့မှ ၁၉၁၅ ခုနှစ် တွင် မွေးဖွားသည်။ သာယာဝတီမြို့၊ အင်္ဂလိပ် မြန်မာ ဗုဒ္ဓဘာသာ အလယ်တန်းကျောင်းနှင့် အင်းစိန်မြို့ အစိုးရ အထက်တန်း ကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။ ဆယ်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။

၁၉၃၅–၃၆ ခုနှစ်တွင် တို့ဗမာ အစည်းအရုံးသို့ ဝင်၍ သခင်ကျော်ထွန်း အမည်ကို ခံယူခဲ့သည်။ ထိုအချိန်မှ အစပြု၍ တောင်သူလယ်သမား လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၃၈ ခုနှစ်တွင် တို့ဗမာ အစည်းအရုံး၏ လက်အောက်ခံ အဖွဲ့တခုဖြစ်သော တောင်သူလယ်သမား အစည်းအရုံး (အင်းစိန်ခရိုင်) ၏ အတွင်းရေးမှူး အဖြစ် တာဝန်ယူခဲ့လေသည်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် ပါဝင်လှုပ်ရှားခဲ့ရုံသာမက တောင်သူ လယ်သမားများအပေါ် ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကို တိုက်ဖျက်ရန် ဆန္ဒပြတိုက်ပွဲဆင်နွှဲရာ၌လည်း ဦးဆောင်ပါဝင်ခဲ့သဖြင့် နယ်ခဲ့ ဗြိတိသျှအစိုးရ၏ ဖမ်းဆီးအရေးယူခြင်းကို ခံခဲ့ရလေသည်။

၁၉၄၂ ခုနှစ်တွင် နယ်ခဲ့ အင်္ဂလိပ်ကို တော်လှန်သည့် လွတ်လပ်ရေးတိုက်ပွဲတွင် ပြည်သူ့အရေးတော်ပုံ ပါတီဝင်အဖြစ် ပါဝင်ခဲ့သည်။ ဘီအိုင်အေ အုပ်ချုပ်ရေးကာလအတွင်း အင်းစိန်ခရိုင် အုပ်ချုပ်ရေး တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေ ဗိုလ်သင်တန်းကျောင်းသို့တက်ရောက်၍ စစ်ပညာများသင်ယူသည်။

ဘီအိုင်အေမှ ဘီဒီအေအဖြစ် ပြောင်းလဲ ဖွဲ့စည်းသော အခါ တပ်မှတွက်၍ နိုင်ငံရေးဆောင်ရွက်သည်။ ၁၉၄၅ ခုနှစ်တွင် ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲသောအခါ အင်းစိန်ခရိုင် နိုင်ငံရေးတာဝန်ခံအဖြစ် ထမ်းဆောင်ရလေသည်။

၁၉၄၉ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အတွင်း လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန ပါလီမန် အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ် အတွင်း ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး (ဗ တ လ စ) အဖွဲ့ချုပ်တွင် အထွေထွေ အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် ဖဆပလအစိုးရ အဖွဲ့ဝင်၊ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ရသည်။

၁၉၅၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ (စ ပ က သ) စီးပွားကုန်သွယ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ၁၉၅၆ ခုနှစ် ပါလီမန် ရွေးကောက်ပွဲတွင် အမတ်အဖြစ် ပြန်လည် အရွေးခံခဲ့ရသည်။ ထိုနှစ်မှာပင် ဖ ဆ ပ လ အဖွဲ့ချုပ်တွင် အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်သည်။ ၁၉၅၇ ခုနှစ်တွင်ဖ ဆ ပ လအစိုးရအဖွဲ့ဝင်၊လယ်

ယာစိုက်ပျိုးရေးနှင့် သစ်တောရေး ဝန်ကြီးအဖြစ် ပြန်လည် ထမ်းဆောင်ရသည်။

၁၉၅၉ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် လွတ်လပ်ရေး မော်ကွန်းဝင် (ပထမ အဆင့်) အဖြစ် ချီးမြှင့်ခြင်း ခံရ လေသည်။

သန့်ရှင်း ဖ ဆ ပ လ အစိုးရလက်ထက်တွင် လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေး၊ သမဝါယမနှင့် ကုန်စည် ဖြန့်ဖြူးရေး ဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။ ထို့နောက် သန့်ရှင်း ဖ ဆ ပ လ အဖွဲ့ချုပ်၏ အထွေထွေ အတွင်းရေးမှူး ချုပ် အဖြစ်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ပြည် ထောင်စုပါတီ၏ အထွေထွေ အတွင်းရေးမှူးချုပ် အဖြစ် လည်းကောင်း တင်မြှောက်ခြင်း ခံရသည်။ ပါတီ၏တာဝန် များကို ၁၉၆၄ ခုနှစ်အထိ ထမ်းရွက်ခဲ့ပြီးနောက် ပြည် ထောင်စုပါတီမှ နုတ်ထွက်ခဲ့လေသည်။

၁၉၆၄ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ဝင်ရောက်သည်။ ၁၉၆၅ ခုနှစ်၌ သမဝါယမနှင့် ထောက်ပံ့ ရေး ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သည်။ ကုန်သွယ် ရေး ကော်ပိုရေးရှင်းများ ဖွဲ့စည်းသောအခါ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် ၆ တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်း ဆောင် ခဲ့လေသည်။

၁၉၆၉ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး အဖြစ် မော်စကိုမြို့သို့ သွားရောက်၍ တာဝန်ထမ်းရွက်ရာမှ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစား အနားယူခဲ့လေသည်။

၁၉၈၀ ပြည့်နှစ် ဖေဖော်ဝရီလ ၆ ရက်နေ့တွင် သခင် ကျော်ထွန်းသည် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီး ဒေါ်စိန် သောင်းနှင့် သားသမီး ကိုးယောက်ကျန်ရစ်သည်။



တရုတ်ဝန်ကြီးချုပ် ကျောက်ကျိုင်

အတွင်းရေးမှူးအဖြစ်လည်းကောင်း အသီးသီး ဆောင်ရွက် ခဲ့လေသည်။

လွတ်မြောက်ရေးစစ်ကာလတွင် ဟိုပေ၊ခန်းတုန်း၊ ဟိုနန် အမှတ် ၄ ဒေသပါတီ ကော်မတီ အတွင်းရေးမှူး စသည့် ပါတီတာဝန်များကို ထမ်းဆောင်ခဲ့လေသည်။ တရုတ်ပြည် သူ့ သမ္မတ နိုင်ငံ ထူထောင်လိုက်သောအချိန်တွင် တရုတ် ပြည်သူ့ကွန်မြူနစ်ပါတီတရုတ်ပြည်တောင်ပိုင်း ဗြူရိုခွဲ ကော် မတီဝင်တဦး ဖြစ်လာသည်။ အတွင်းမွန်ဂိုကိုယ်ပိုင်အုပ်ချုပ် ရေး ဒေသပါတီ ကော်မတီအတွင်းရေးမှူး၊ ကိုယ်ပိုင်အုပ် ချုပ်ရေး ဒေသတော်လှန်ရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌအဖြစ် လည်း ဆောင်ရွက်ခဲ့သည်။

ကျောက်ကျိုင်သည် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ကွမ်ကြိုတပ်ဖွဲ့တွင် ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်း ကောင်း၊ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ကွမ်ကြိုတပ်ဖွဲ့တွင် နိုင်ငံရေးမှူးအဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။

ထို့နောက် စုတ်ချမ်ပြည်နယ် ပါတီကော်မတီ ပထမ အတွင်းရေးမှူးနှင့် ပြည်နယ်တော်လှန်ရေးကော်မတီ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ချိန်ထူးတပ်ဖွဲ့ ပထမ နိုင်ငံရေးမှူး အဖြစ်လည်းကောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အတိုင် ပင်ခံ ကွန်ဖရင့် ပြည်လုံးဆိုင်ရာ ကော်မတီ ဒုတိယ ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ နိုင်ငံတော်ကောင်စီ ဒုတိယဝန် ကြီးချုပ်စသည့် ပါတီတာဝန်ကြီးများကို ဆက်လက် တာ ဝန်ထမ်းဆောင်ခွင့် ရရှိခဲ့သည်။

ကျောက်ကျိုင်သည် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ ကွန်မြူနစ်ပါတီ ၁၀ ကြိမ်မြောက်နှင့် ၁၁ ကြိမ်မြောက်

ကျောက်ကျိုင် (ခရစ် ၁၉၁၉)။ ။တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဖြစ်သူ ကျောက်ကျိုင်ကို ဟို နန် ပြည်နယ် ဟွရှန်ခရိုင်တွင် ခရစ် ၁၉၁၉ ခုနှစ်တွင် မွေး ဖွားသည်။

၁၉၃၂ ခုနှစ်တွင် ကွန်မြူနစ် လူငယ်အဖွဲ့သို့ ဝင်ရောက် သည်။ ၁၉၃၈ ခုနှစ်တွင် တရုတ် ကွန်မြူနစ် ပါတီဝင်တဦး ဖြစ်လာသည်။ ကျောက်ကျိုင်သည် ဂျပန်ခုခံရေး စစ်ကာ လအတွင်း ဟွရှန်ခရိုင် လုပ်ငန်းကော်မတီအတွင်းရေးမှူး အဖြစ် ဆောင်ရွက်သည်။ ထို့နောက် ခရိုင်ပါတီ အတွင်း ရေးမှူး အဖြစ်လည်းကောင်း၊ ဟိုနန်ပြည်နယ်ပြောက်ပိုင်း ဒေသပါတီစည်းရုံးရေးဌာနမှူးအဖြစ်လည်းကောင်း၊ ဟိုပေ၊ ခန်းတုန်း၊ ဟိုနန်အမှတ် ၂၊ အမှတ် ၄၊ ဒေသပါတီကော်မတီ

၁၉၇၃ ခုနှစ်အတွင်း၌ နဝမအကြိမ်မြောက် ရတနာပြပွဲနှင့်အထူးရတနာပြပွဲများကို ခင်းကျင်းပြသခဲ့ရာ ဝင်ငွေအထူးရရှိခဲ့သည်။

မြန်မာ့ကျောက်မျက် ရတနာများ ပြသရောင်းချပွဲသို့ နိုင်ငံတကာမှ ရတနာကုန်သည်ကြီးများက လာရောက်၍ မြန်မာ့အဖိုးတန် ကျောက်မျက်ရတနာများကို ဝယ်ယူခဲ့ကြသည်။

မြန်မာ့ကျောက်မျက် ရတနာများကို ရောင်းချရာတွင် လေးကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအထိ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲဟူသော ရတနာသုံးမျိုးကိုသာ အဓိကထား၍ ရောင်းချခဲ့သော်လည်း ငါးကြိမ်မြောက် မြန်မာ့ရတနာ ပြပွဲမှစ၍ ကျောက်စိမ်းရုပ်ထု ရုပ်ထွင်းများနှင့် လက်ဝတ်ရတနာများကိုပါ ထည့်သွင်းရောင်းချလာခဲ့သည်။

၁၉၆၄ ခုနှစ် ပထမအကြိမ်ပြပွဲမှ ၁၉၈၀ ပြည့်နှစ် ၁၇ ကြိမ်မြောက် ရတနာပြပွဲအထိ စုစုပေါင်း မြန်မာကျပ်ငွေ သုံးထု ငါးဆယ့် ခြောက်သန်း လေးသိန်း ခြောက်သောင်း နှစ်ထောင် ခြောက်ရာ သုံးဆယ့်နှစ်ကျပ်ဖိုး ရောင်းချခဲ့ပြီးဖြစ်လေသည်။

ကျောက်မျက်ရတနာပြပွဲ။ ။မြန်မာ့ ကျောက်မျက် ရတနာ ပြပွဲကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ရန်ကုန်မြို့ အင်းလျားကန်ဟော်တယ်တွင် နှစ်စဉ်ကျင်းပခဲ့ရာ ၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလအတွင်း ကျင်းပခဲ့သည့်ကျောက်မျက် ရတနာပြပွဲအထိ ၁၇ ကြိမ်မျှ ခင်းကျင်းပြသခဲ့ပြီး ဖြစ်လေသည်။



ကျောက်စိမ်းမြင့် ရုပ်လုံးထွင်းပြီး ပတ္တမြားနှင့် နီလာမျှား စီခြယ်ထားသော ခြင်္သေ့ရုပ်

ကြာပု၊ ဦး၊ ပင်လုံစာချုပ်အဖွဲ့ဝင် (ခရစ် ၁၈၉၈–၁၉၀၀)။ ။နိုင်ငံ့ဂုဏ်ရည် ပထမဆင့်ရ၊ ပင်လုံစာချုပ်အဖွဲ့ဝင် ဦးကြာပုကို ရှမ်းပြည်နယ် သီပေါမြို့၌ အဘ ဦးနု၊ အမိ ဒေါ်နမ်းခမ်းချိုက်တို့မှ ၁၈၉၈ ခုနှစ်တွင် မွေးဖွားသည်။ ငယ်စဉ်က ရှမ်းစော်ဘွား၏ သားမျှားသာ ပညာသင်ကြားခွင့် ရသောကျောင်းမှ ၁၉၁၈ ခုနှစ်တွင် အထက်တန်းပညာကို အောင်မြင်ခဲ့သည်။ အိန္ဒိယပြည် ဘုံဘေနယ်မှ ပူးနာစိုက်ပျိုးရေးသိပ္ပံမှ ဒီပလိုမာရရှိခဲ့သည်။

၁၉၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ စိုက်ပျိုးရေးဌာနတွင် စိုက်ပျိုးရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ မန္တလေးမြို့၌ တာဝန်ထမ်းဆောင်ပြီး ၁၉၂၄ ခုနှစ်တွင် ညောင်ဝှေစိုက်ပျိုးရေးဌာနသို့ ပြောင်းရွှေ့ တာဝန်ထမ်းသည်။ ၁၉၂၉ ခုနှစ်တွင် တောင်ကြီးမြို့ စမ်းသပ်ဥယျာဉ် စခန်းသာကို ပြုစုပျိုးထောင်ပေးခဲ့သည်။ ထို့နောက် သီပေါနယ်တွင် စိုက်ပျိုးရေးအရာရှိအဖြစ် အမှုထမ်းရသည်။

၁၉၄၂ ခုနှစ်တွင် ရှမ်းပြည်နယ်၏ တဲဖက်စိုက်ပျိုးရေး မင်းကြီးအဖြစ် ဆောင်ရွက်ရသည်။ ဂျပန် ခေတ် တွင် သီပေါနယ်၌ပင်နေထိုင်ခဲ့ပြီး သီပေါနယ် အမတ်ချုပ်အဖြစ် ဆောင်ရွက်သည်။ ၁၉၄၅ ခုနှစ် မဟာမိတ်များ မြန်မာနိုင်ငံသို့ ပြန်အဝင်တွင် စိုက်ပျိုးရေးအရာရှိအဖြစ် ခန့်အပ်ခြင်းခံရပြန်သည်။



မြန်မာ့ကျောက်မျက်ရတနာများ



ပင်လုံစာချုပ်အဖွဲ့ဝင် ဦးကြာပု

ထို့နောက် ရှမ်းပြည်နယ်ရှိ မျိုးချစ်စိတ်ဓာတ်ပြင်းပြသူများနှင့် ပူးပေါင်းပြီး နိုင်ငံလွတ်လပ်ရေးအတွက် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းနှင့် အတူ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ရှမ်းပြည်နယ် ရေးရာ လူမျိုးစုခေါင်းဆောင်၊ ဆိုရန်တိုဗီလာ စီမံကိန်းဘုတ်အဖွဲ့ဝင်၊ ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော နိုင်ငံတော်စီမံကိန်းအဖွဲ့ဝင်၊ ဝန်ကြီးသခင်တင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး၊ လျော်ကြေးပေးရေးအဖွဲ့ဝင်၊ နိုင်ငံတော် သစ်ထုတ်ရေးအဖွဲ့ဝင်၊ ကောက်ပဲ သီးနှံရောင်းဝယ်ရေးအဖွဲ့ဝင်၊ ဟသ်ာတဦးမြေခေါင်းဆောင်သော အမျိုးသားစီမံကိန်းဌာနအဖွဲ့ဝင်၊ နိုင်ငံတော်ကာကွယ်ရေးဌာန အမြဲတမ်းအဖွဲ့ဝင်၊ တရားသူကြီး ချုပ် ဦးသောင်းစိန် ဦးစီးပါဝင်သော အကျဉ်းထောင်ပြုပြင်ရေးအဖွဲ့ဝင် စသည်ဖြင့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်၌ ကုလသမဂ္ဂ ငါးကြိမ်မြောက် အထွေထွေညီလာခံသို့ မြန်မာနိုင်ငံတော်၏ ကိုယ်စားလှယ်အဖြစ် စေလွှတ်ခြင်းခံရသည်။

၁၉၅၁ ခုနှစ်တွင် မဟာသရေစည်သူဘွဲ့ကို မြန်မာနိုင်ငံတော်အစိုးရက ချီးမြှင့်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် မေလတွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီသည် ဦးကြာပုအား နိုင်ငံ့ဂုဏ်ရည်ပထမဆင့် အပ်နှင်းခဲ့သည်။

ဦးကြာပုသည် ၁၉၆၀ ပြည့်နှစ် မေလတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဦးကြာပုတွင် ဇနီး ဒေါ်ခင်မကြီးနှင့် သားသမီး ၁၀ ယောက် ကျန်ရစ်ခဲ့သည်။

ချင်းပြည်နယ်။ ။ချင်းပြည်နယ်သည် မြောက်ဘက်နှင့် အရှေ့ဘက်တွင် စစ်ကိုင်းတိုင်း၊ တောင်ဘက်တွင် မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသည်။ ဖလမ်း၊ဟားခါး၊ တီးတိန်၊ ပလက်ဝ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ တွန်းဇံနှင့် ထန်တလန်ဟူသော မြို့နယ် ကိုးမြို့နယ်နှင့် ရပ်ကွက် ကျေးရွာအုပ်စုပေါင်း ၅၀၅ အုပ်စုတို့ဖြင့် ချင်းပြည်နယ်ကို ဖွဲ့စည်းထားသည်။ ပြည်သူ လူတ်တော် ကိုယ်စားလှယ် ၁၃ ဦး၊ ပြည်နယ်အဆင့် ၃၅ ဦး၊ မြို့နယ်အဆင့် ၅၄၁ ဦးနှင့် ရပ်ကွက် ကျေးရွာ အုပ်စုအဆင့် ၃,၉၄၄ ဦးကို ရွေးချယ်တင်မြှောက်ထားသော ချင်းပြည်နယ်တွင် ချင်းလူမျိုးများအပြင် နာဂ၊ရခိုင်၊မြန်မာ စသော တိုင်းရင်းသားလူမျိုးများ နေထိုင်ကြသည်။

အကျယ်အဝန်း။	။၁၃,၉၀၇ စတုရန်းမိုင်
လူဦးရေ။	။၃၄၉,၅၇၁
မြို့တော်။	။ဟားခါးမြို့

ပြည်နယ်မြို့တော်သည် ဟားခါးမြို့ဖြစ်သည်။ တီးတိန်မြို့နယ်တွင် လူဦးရေအများဆုံး နေထိုင်သည်။ ချင်းပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းပင် ဖြစ်သည်။ စပါး၊ အစေ့ထုတ်ပြောင်း၊ဖူးစားပြောင်း၊ နှံစား



ပြောင်း၊ နှမ်း၊ နေကြာ၊ မြေပဲ၊ ဝါကလေး၊ ပဲယင်း၊ပဲပုပ်၊ ကော်ဖီနှင့်အာလူးများကိုစိုက်ပျိုးကြသည်။ သီးနှံအမျိုးမျိုး စိုက်ကေကို တိုးခဲ့လာရာ ၁၉၇၀–၇၉ ခုနှစ်တွင်ကော ဒသမ ၆ သိန်းခန့်အထိရှိလာသည်။ ရေသွင်း စိုက်ကေကိုလည်း ၁၉၇၀–၇၉ ခုနှစ်တွင် ကေပေါင်း ဂ,၀၀၀ ကျော်အထိ တိုးခဲ့ ပေးနိုင်ခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် စပါးတင်းပေါင်း ၁,၂၅၈,၉၀၆ တင်း၊ မြေပဲ ၁၆,၀၇၄ တင်း၊နှမ်း ၂၉,၃၁၀တင်း၊ နေကြာ ၁၉,၃၅၃ တင်း စိုက်ပျိုးထုတ် လုပ်နိုင်ခဲ့သည်။ စိုက်ပျိုးရာတွင် တောင်ယာ၊ ကိုင်း၊ ဥယျာဉ်ခြံ၊ လယ်ယာ ဟူ၍ ခွဲခြားစိုက်ပျိုးခဲ့သည်။ မူလက ရွှေပြောင်းတောင်ယာစနစ်ကို အသုံးပြုခဲ့သော်လည်း ယခုအခါ လှေကားထစ်စိုက်ပျိုးရေးကို ကျင့်သုံးနေပြီဖြစ်သည်။ ဥယျာဉ်ခြံ သီးနှံများအဖြစ် ယခုအခါ ချင်းပြည်နယ်မှ ပန်းသီး၊လိမ္မော်သီး၊ မက်မန်းသီးနှင့် စပျစ်သီးများ လှိုင်လှိုင်ထွက်ရှိနေပြီဖြစ်လေသည်။

ချင်းပြည်နယ်တွင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေသည့်အနက် ပိုးမွေးမြူရေးလုပ်ငန်းသည် အဓိကဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ပိုးအိမ် ၄၃,၅၉၁ ပေါင်အထိ ထုတ်လုပ်နိုင်သဖြင့် ပိုးမွေးမြူရေးသည် ချင်းပြည်နယ်တွင် တိုးတက်လျက်ရှိသော စီးပွားရေးလုပ်ငန်းတခုဖြစ်သည်။ ပိုးမွေးမြူရေးနှင့်တွဲဖက်ပြီး ပိုးစာပင်စိုက်ပျိုးရေးကိုလည်း လုပ်ဆောင်ကြသည်။ မင်းတပ်၊ မတူပီ၊ တွန်းဇံမြို့များတွင် ပိုးမွေးမြူရေးသင်တန်းကျောင်းများ ဖွင့်လှစ်ထားသည်။ ချင်းပြည်နယ်တွင် သစ်တောကြီးများထူထပ်သဖြင့် သစ်တောကြိုးဝိုင်းဧရိယာ ၆၀၅ စတုရန်းမိုင်ရှိသည်။ ယင်းသစ်တောကြီးများမှ အဖိုးတန်သစ်မွေး၊ ကျွန်းသစ်၊ ထင်းရှူး၊ ကြိမ်နှင့် သစ်ခွ အမျိုးမျိုး ရရှိလေသည်။

ဖလမ်းမြို့နယ် ဗားစခန်းတွင် ဖင်းရှူးဆီချက် စက်ရုံတရုံနှင့် ဟားခါးမြို့နယ် လောင်းလုံရွာတွင် ထင်းရှူးဆီချက် စက်ရုံတရုံ တည်ဆောက်ထားရာ ယင်းစက်ရုံများမှ တာပင်တိုင်နှင့် ရီဆင်များကို ထုတ်လုပ်ပေးလျက်ရှိသည်။ ချင်းပြည်နယ်တွင် လျှပ်စစ်စက်ရုံ ငါးရုံရှိပြီး ဖလမ်းမြို့တွင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ထားသည်။ ၁၉၆၄ ခုနှစ်မှစ၍ ကိုးနှစ်ကြာ ဖောက်လုပ်ခဲ့ရသော ဟားခါး၊ မတူပီ လမ်းမကြီးသည် ချင်းပြည်နယ်အတွက် အလွန်အားထားရသော ကူးသန်းသွားလာရေး လမ်းမကြီးပင်ဖြစ်သည်။ မတူပီမြို့မှ ငါးမိုင်အကွာ မတူပီမင်းတပ်အကြားရှိ အရှည်ပေ ၂၄၀ ရှိသည့် လည်ပျိုသံ တံတားတည်ဆောက်ရေးလုပ်ငန်းမှာလည်း ပြီးစီးသွားပြီဖြစ်သဖြင့် ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းတံတား တည်ဆောက်မှုအတွက် နိုင်ငံတော်က ကျပ်ငွေလေးသိန်းကျော် ကုန်ကျခဲ့လေသည်။

ချင်းပြည်နယ်တွင် လူမှုဝန်ထမ်း ဦးစီးဌာနမှ ဖွင့်လှစ်ထားသော စေတနာဝန်ထမ်း ကိုယ်ထူကိုယ်ထ နေ့ကလေးထိန်း မူလတန်းကြိုကျောင်း ငါးကျောင်း ဖွင့်လှစ်ထားရာ ကျောင်းသားငယ်ဦးရေ ၂၄၃ ယောက်ရှိသည်။ မူလတန်း ၅၉၅ ကျောင်း၊ အလယ်တန်း ၅၇ ကျောင်းနှင့် အထက်တန်းကျောင်း ၁၀ ကျောင်း ဖွင့်လှစ်ထားသည်။ ထို့ပြင် စိုက်ပျိုးရေး အထက်တန်းကျောင်း၊ အခြေခံ ယက်ကန်းကျောင်း၊ စိုက်ပျိုးမွေးမြူရေး အထူးလုပ်ငန်း ပညာသင်ကျောင်း၊ တကျောင်းစီကိုလည်း ဖွင့်လှစ်ထားလေသည်။

ချစ်ခင်၊ ဦး၊ ဒါရိုက်တာ (မြန်မာ ၁၂၈၀–၁၃၄၂)။ ။ အကယ်ဒမီဆုရ ရုပ်ရှင်ဒါရိုက်တာ ဦးချစ်ခင်သည် မြစ်ဝကျွန်းပေါ် ဝါးခယ်မဇာတိဖြစ်သည်။ အဖဦးဘရှိန်၊ အမိဒေါ်မန်းတို့မှ ၁၂၈၀ ပြည့်နှစ်တွင် မွေးဖွားသည်။ မွေးချင်းငါးယောက်အနက် ဒုတိယမြောက် ဖြစ်သည်။



ရုပ်ရှင်ဒါရိုက်တာ ဦးချစ်ခင်

ဒါရိုက်တာဦးချစ်ခင်သည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစဉ်က အာရှလူငယ် အစည်းအရုံး အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဗြိတိသျှ ဘားမားရုပ်ရှင် (ယခု ညွန့်မြန်မာ)ခြံသို့ ရုပ်ရှင်ပညာသင် အဖြစ် ရောက်ခဲ့သည်။

ဒါရိုက်တာဦးချစ်ခင်သည် ဗြိတိသျှဘားမား ရုပ်ရှင်ခြံသို့ ရောက်လာစဉ် ထိုခေတ်က နာမည်ကျော် ဒါရိုက်တာကြီး

များ ဖြစ်ကြသည့် ဆရာခန့်၊ ဦးချန်ထွန်း၊ ရွှေဒုံးဘီအောင်တို့ထံတွင် ဇာတ်လမ်း ဇာတ်ညွှန်းရေးနည်း၊တည်းဖြတ်နည်း၊ရုပ်ရှင်ရိုက်ကူးနည်းစသည်များကိုသင်ယူခဲ့သည်။ ဒါရိုက်တာ ဦးချန်ထွန်း၏ သူချစ်နှင့် ဒါရိုက်တာရွှေဒုံးဘီအောင်၏ ချစ်ချင်းငယ်ပြိုင်၊ မာလာရီ ရုပ်ရှင်ကားများတွင်လက်ထောက်ဒါရိုက်တာအဖြစ်တွဲဖက် လုပ်ကိုင်ခဲ့သည်။ ဒါရိုက်တာဦးချစ်ခင်သည် ၁၉၅၂ ခုနှစ်တွင် ချစ်ရေးမလွယ် အသံထွက်ဇာတ်ကားကို ရိုက်ကူးခွင့် ရခဲ့သည်။

ယင်းနောက် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီတွင် ချစ်ပန်းသင်၊ မမှီတွဲပန်း၊ရုပ်ရှင်ကားများနှင့် စာရေးဆရာ မောင်ထင်၏ငဘ လယ်သမားဘဝ သရုပ်ဖော်ဇာတ်ကားများကို ရိုက်ကူးခဲ့သည်။ ငဘ ရုပ်ရှင်ကားကို တရုတ်ပြည် ပြည်သူသမ္မတနိုင်ငံက ဝယ်ယူခဲ့ပြီး ချစ်ပန်းသင် ရုပ်ရှင်ကားကိုဆိုဗီယက်ပြည်ထောင်စုကဝယ်ယူခဲ့လေသည်။

ဒါရိုက်တာဦးချစ်ခင်သည် ၁၉၅၈ ခုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင် ကုမ္ပဏီမှ ရိုက်ကူးခဲ့သော ဖြေလျော့ခွေဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆု အကယ်ဒမီရွှေစင်ရုပ်ဆု ရခဲ့သည်။ ယင်းဇာတ်ကားမှ မင်းသမီး မြင့်မြင့်ခင်နှင့်ဇာတ်ပို့ ဦးကျော်သောင်းတို့လည်း ရွှေစင်ရုပ်ဆုရခဲ့ ကြသည်။

၁၉၆၂–၆၃ ခုနှစ်တွင် ရုပ်ရှင်ကောင်စီ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၇၇–၇၈ ခုနှစ်တွင် ရုပ်ရှင်ကောင်စီစည်းရုံးရေး ကော်မတီ အနုပညာ ဆပ်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

ဒါရိုက်တာဦးချစ်ခင်သည် စာရေးဆရာမ ခင်နှင်းယု၏ မွေး၊ အောင်လင်း၏ အရိုင်းစပယ်နှင့် အခြားနာမည်ကြီးဝတ္ထုကြီးများကို ရုပ်ရှင်ရိုက်ကူးခဲ့ရာ မွေး ရုပ်ရှင်ကားသည် အိန္ဒိယနိုင်ငံအထိ သွားရောက်ရိုက်ကူး ခဲ့ရသည့်ဇာတ်ကား ဖြစ်သည်။

ဒါရိုက်တာဦးချစ်ခင် ရိုက်ကူးခဲ့သော ပန်းပန်လျက်ပါ ရုပ်ရှင်ကားသည် စစ်ပြီးခေတ် မြန်မာရုပ်ရှင်လောကတွင် ဝင်ငွေရတုသဘင် ဆင်နွှဲခဲ့ရသည်အထိ ဝင်ငွေကောင်းခဲ့သော ရုပ်ရှင်ကားတကား ဖြစ်သည်။

ဒါရိုက်တာဦးချစ်ခင်သည် ရုပ်ရှင်ဇာတ်ကားပေါင်း ၃၀ နီးပါးခန့် ရိုက်ကူးသွားသည့်အနက် နောက်ဆုံးရိုက်ကူးခဲ့သော ရုပ်ရှင်ကားသည် မန်းရုပ်ရှင်မှ ရင်ထဲကကိုယ့်ချစ်သူ ဖြစ်သည်။

ဒါရိုက်တာဦးချစ်ခင်သည် ၁၉၈၀ ပြည့်နှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီးမှာကွယ်လွန်သူ ဒေါ်မြနှစ် ဖြစ်သည်။ ဒါရိုက်တာဦးချစ်ခင် ကွယ်လွန်ချိန်တွင် သားအကြီးဆုံး ရုပ်ရှင်ဒါရိုက်တာမောင်လှဝေ အပါအဝင် သားသမီး ၁၁ ယောက် ကျန်ရစ်သည်။

ချဒ်သမ္မတနိုင်ငံ။ ။ချဒ်နိုင်ငံသည် ၁၉၆၀ ပြည့်နှစ် သြဂုတ်လတွင် ပြင်သစ်တို့ထံမှ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ချဒ်နိုင်ငံမြောက်ပိုင်းမှ အစ္စလာမ်ဘာသာဝင် မူဆလင်များနှင့် တောင်ပိုင်းမှ ခရစ်ယာန်ဘာသာဝင်များ ပြည်တွင်းစစ်စတင်ဖြစ်ပွားခဲ့ကြသည်။ ၁၉၇၅ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် ပြင်သစ်အကူအညီဖြင့် အုပ်ချုပ်နေသော သမ္မတ ဂါတာတွမ်ဗာလဗာယေး၏ခရစ်ယာန် လူနည်းစုအစိုးရအား ချဒ်စစ်တပ်မှဖြုတ်ချ၍ စစ်ဦးစီးချုပ်ဟောင်း ဖဲလစ်မောလွမ် ဥက္ကဋ္ဌအဖြစ်ဦးဆောင်သည့် အဖွဲ့ဝင်ကိုးဦးပါဝင်သော စစ်ကောင်စီကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၅ ခုနှစ်မေလတွင် စစ်ကောင်စီကို ဖျက်သိမ်းပြီး ဗိုလ်ချုပ်ကြီး ဖဲလစ်မောလွမ်က သမ္မတနှင့် ဝန်ကြီးချုပ်အဖြစ်ဦးဆောင်သော ယာယီအစိုးရကို ဖွဲ့စည်းခဲ့သည်။ သို့ရာတွင် ချဒ်နိုင်ငံမြောက်ပိုင်းမှ မူဆလင်သူပုန် ၁၁ ဖွဲ့ကို ပေါင်းစည်းထားသည့် ချဒ်အမျိုးသားလွတ်မြောက်ရေးတပ်ဦးက ဖဲလစ်မောလွမ်၏ အစိုးရအဖွဲ့အား ပြင်သစ်၏ အားပေးကူညီမှုဖြင့် အာဏာသိမ်းခြင်းဖြစ်သည်ဟုစွပ်စွဲခဲ့ကာ ပြည်တွင်းစစ်မှာလည်းဆက်လက်ဖြစ်ပွားနေခဲ့သည်။ ထို့ကြောင့် ဖဲလစ်မောလွမ် အစိုးရက ပြင်သစ်နိုင်ငံနှင့် ၁၉၇၆ ခုနှစ်မတ်လတွင် စာချုပ်ချုပ်ဆို၍ ပြင်သစ်စစ်တပ်မှားထားရှိကာ သူပုန်မှားကို နှိမ်နင်းခဲ့လေသည်။

အကျယ်အဝန်း။	။၄,၉၅,၂၅၂ စတုရန်းမိုင်
လူဦးရေ။	။၄,၅၃၀,၀၀၀ (၁၉၈၀)
မြို့တော်။	။အင်ဂျာမီနာမြို့



၁၉၇၈ ခုနှစ် ဖေဖွဝါရီလတွင် လစ်ဗျနိုင်ငံနှင့် နိုင်ကျာနိုင်ငံတို့၏ စေ့စပ်ပေးမှုကြောင့် သူပုန်တပ်များနှင့် အစိုးရတပ်များအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တရပ် ရရှိခဲ့ပြီးနောက် ၁၉၇၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ယာယီအစိုးရသစ်ဖွဲ့စည်းခဲ့သည်။ ယင်းအစိုးရအဖွဲ့တွင် ဖဲလစ်မောလွမ်ကို ချင်ပြည်သူသမ္မတနိုင်ငံ သမ္မတအဖြစ်တင်မြှောက်၍ ချင်အမျိုးသား လွတ်မြောက်ရေးတပ်ဦးခေါင်းဆောင် မစ္စတာဟစ်ဆန်ဟာဗရီကို ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခဲ့သည်။

၁၉၇၉ ခုနှစ် ဇန္နဝါရီလတွင် သမ္မတနှင့် ဝန်ကြီးချုပ်တို့၏ ဆက်ဆံရေးပဋိပက္ခဖြစ်လာပြီးနောက် ထိုနှစ်ဖေဖွဝါရီလတွင် နှစ်ဘက်တပ်များပြန်လည်ပစ်ခတ်လာကြပြန်သည်။ နိုင်ကျီးရီးယားနိုင်ငံ၏ကြားဝင်စေ့စပ်ပေးမှုဖြင့် ၁၉၇၉ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် နိုင်ကျီးရီးယားနိုင်ငံ ကာနိုမြို့တွင် နှစ်ဘက်စေ့စပ်ဆွေးနွေးကာ ချင်အမျိုးသား လွတ်မြောက်ရေးတပ်ဦးခေါင်းဆောင်တဦးဖြစ်သူ ဂေါက်ကိုနီအူအေဒီဦးဆောင်သော အမျိုးသားပြန်လည်ပေါင်းစည်းရေး ယာယီကောင်စီကို ဖွဲ့စည်းခဲ့သည်။ သမ္မတ ဖဲလစ်မောလွမ်လည်း ရာထူးမှနုတ်ထွက်သွားသည်။

၁၉၇၉ ခုနှစ်ဩဂုတ်လတွင် စတုတ္ထအကြိမ် စေ့စပ်ရေးကွန်ဖရင့်ကို နိုင်ကျီးရီးယားနိုင်ငံ လာဂို့စ်မြို့တွင် ကျင်းပရာ အမျိုးသားလွတ်မြောက်ရေးတပ်ဦး အဖွဲ့ဝင် ပြောက်ကျား ၁၁ ဖွဲ့မှ ခေါင်းဆောင်များသည် အချက် ခြောက်ချက်ပါ သဘောတူညီချက်တရပ်ကိုရရှိခဲ့သည်။ ထိုသဘောတူညီချက်အရ မြောက်ပိုင်းသား ၁၂ ဦးနှင့် တောင်ပိုင်းသားဆယ်ဦးတို့ ပါဝင်သော အမျိုးသား ပြန်လည်ပေါင်းစည်းရေးကြားဖြတ်အစိုးရကို ဖွဲ့စည်းခဲ့သည်။ ယင်းအစိုးရအဖွဲ့တွင် ဂေါက်ကိုနီက သမ္မတအဖြစ်လည်းကောင်း၊ ဟာဗရီက ကာကွယ်ရေးဝန်ကြီးအဖြစ် လည်းကောင်း ပါဝင်ခဲ့သည်။

ထိုလာဂို့စ်သဘောတူညီချက်တွင် အထွေထွေ အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန်အတွက် အာဖရိက ညီညွတ်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးဆောင်သောကော်မရှင်က ကြီးကြပ်ဆောင်ရွက်ရန် ပါဝင်သည်။ သမ္မတဂေါက်ကိုနီအား လစ်ဗျနိုင်ငံက ထောက်ခံအားပေးသည်။ ယင်းသို့ လစ်ဗျ၏ အားပေးကူညီမှုကို ကာကွယ်ရေးဝန်ကြီး ဟာဗရီက ဆန့်ကျင်သည်။ ထိုသို့သဘောထား ကွဲလွဲမှုကြောင့် သမ္မတ၏တပ်များနှင့် ကာကွယ်ရေးဝန်ကြီး၏တပ်များသည် ၁၉၈၀ ပြည့်နှစ် မတ်လတွင် တိုက်ပွဲများဖြစ်ပွားကြပြန်သည်။ ယင်းသို့ပြည်တွင်းစစ်ပြန်လည်ဖြစ်ပွားနေစဉ်အတွင်း ၁၉၈၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်နေ့တွင် သမ္မတဂေါက်ကိုနီသည် လစ်ဗျနိုင်ငံသို့ သွားရောက်၍ လစ်ဗျ–ချင်နှစ်နိုင်ငံ ချစ်ကြည်ရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုစာချုပ်အရ ပြည်တွင်းလုံခြုံမှုနှင့် နိုင်ငံခြားကျူးကျော်မှုများ၊ ခြိမ်းခြောက်မှုများကို နှစ်နိုင်ငံပူးတွဲကာကွယ်ရန်ဖြစ်သည်။ ယင်းစာချုပ်ကြောင့် ကာကွယ်ရေးဝန်ကြီး ဟာဗရီ၏သူပုန်တပ်များ လှုပ်ရှားမှုပိုမိုပြင်းထန်လာရာ အာဖရိကညီညွတ်ရေးအဖွဲ့မှ ဦးဆောင်လျက် ချင်ပြည်တွင်းစစ်ရပ်စဲရေးအတွက် စေ့စပ်ဖျန်ဖြေပေးမှုကြောင့် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် တိုဂိုနိုင်ငံ လိုမီမြို့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို သမ္မတဂေါက်ကိုနီက ရေးထိုးခဲ့သော်လည်း ဟာဗရီက ငြင်းဆန်ပြီး ဆက်လက်တိုက်ခိုက်ခဲ့သည်။

သမ္မတဂေါက်ကိုနီဘက်မှ ဒုတိယသမ္မတကာမူနှင့် နိုင်ငံခြားရေးဝန်ကြီးအာမက်တို့၏တပ်များက ပါဝင် တိုက်ခိုက်ပေးခဲ့ကြသဖြင့် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင်မြို့တော်အင်ဂျာမီနာ၏ သုံးပုံနှစ်ပုံကို အစိုးရတပ်များက သိမ်းပိုက်နိုင်ခဲ့သည်။ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် မြို့တော် အင်ဂျာမီနာတမြို့လုံးကို အစိုးရတပ်များက သိမ်းပိုက်လိုက်နိုင်သဖြင့် သူပုန်တပ်ခေါင်းဆောင် ဟာဗရီသည် ကမ္ဘာ့ရန်းနိုင်ငံတွင်းသို့ ဆုတ်ခွာသွားခဲ့သည်။ ချင်အစိုးရတပ်များက မြို့တော်ကို သိမ်းပိုက်လိုက်နိုင်ခြင်းကြောင့် ချင်ပြည်တွင်းစစ် ပြီးဆုံးသွားခဲ့သည်။ နောက်နှစ်ရက် အကြာတွင် သူပုန်တပ်ခေါင်းဆောင် ကာကွယ်ရေးဝန်ကြီး ဟာဗရီသည် အပစ်အခတ်ရပ်စဲရေး လိုမီ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့လေသည်။ သို့သော်ဟာဗရီက ချင်အစိုးရသည် တရားမဝင်ကြောင်း၊ မိမိတပ်များသည် နည်းဗျူဟာအရ ဆုတ်ခွာခြင်းဖြစ်ကြောင်း၊ တိုက်ပွဲကိုဆက်လက်ဆင်နွှဲရန် ချင်နိုင်ငံသို့ ပြန်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့လေသည်။

ချန်ဒူးဝှမ် (ခရစ် ၁၉၃၁) ။ ။တောင်ကိုရီးယား သမ္မတဖြစ်သူအငြိမ်းစားဗိုလ်ချုပ်ကြီးချန်ဒူးဝှမ်ကိုကိုရီးယား နိုင်ငံ ကျုံဆမ်နမ်ဒို အရပ်ဒေသ၌ ၁၉၃၁ ခုနှစ်တွင် မွေးဖွားသည်။



တောင်ကိုရီးယားသမ္မတ ချန်ဒူးဝှမ်

အထက်တန်း ပညာရေးအဆင့်ကို ၁၉၅၁ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တေဂူ စက်မှု အထက်တန်း ကျောင်းမှ အောင်မြင်ခဲ့သည်။၁၉၅၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် စစ်တက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး ဒုတိယဗိုလ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။

၁၉၅၉ ခုနှစ်တွင် အမေရိကန်ကြည်းတပ် အထူးစစ်ဆင်ရေး ကျောင်းသို့ တက်ရောက်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန် ကြည်းတပ်မတော် ကျောင်းသို့ တက်ရောက်ခဲ့လေသည်။

၁၉၆၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အမျိုးသားပြန်လည်တည်ဆောက်ရေး ဦးစီးကောင်စီ ဥက္ကဋ္ဌရုံး ပြည်သူ့အယူခံရေးရာ ဌာနတွင် အမှုထမ်းခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဗဟိုထောက်လှမ်းရေးအေဂျင်စီဝန်ထမ်း အုပ်ချုပ်ရေး ဌာနစိတ်အကြီးအကဲအဖြစ် အမှုထမ်းခဲ့သည်။

၁၉၆၅ ခုနှစ်တွင် တပ်မတော်ကောလိပ်မှ ဘွဲ့ရရှိခဲ့ပြီး ၁၉၆၆ မှ ၁၉၆၇ ခုနှစ်အထိ ပထမလေကြောင်းချီ တပ်မကြီး၏ ဒုတိယတပ်မှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၆၇ ခုနှစ် မှ ၁၉၆၉ ခုနှစ်အထိ မြို့တော်စောင့်တပ်တပ်ရင်းအမှတ် ၃၀ ၏ တပ်ရင်းမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် တောင်ဗီယက်နမ်သို့ စေလွှတ်ခဲ့သော အမှတ် ၉ တပ်မကြီး၏ အမှတ် ၂၉ တပ်ရင်း ၏တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ချန်ဒူးဝှမ်သည် ၁၉၇၁ ခုနှစ်မှစ၍ ပထမလေကြောင်းချီ တပ်မကြီး၏တပ်မှူးဖြစ်လာသည်။ ၁၉၇၆ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် သမ္မတရုံးလုံခြုံရေးဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၇၈ ခုနှစ်တွင် ပထမ ကြည်းတပ်မကြီး၏ တပ်မှူးအဖြစ် လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် ကာကွယ်ရေး လုံခြုံရေးဌာန၏ တပ်မှူး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့လေသည်။

တောင်ကိုရီးယား သမ္မတ ပတ်ချုံဟီး လုပ်ကြံခံရပြီး ၁၉၈၀ ပြည့်နှစ် ဧပြီလ ၁၄ ရက်နေ့တွင် ဗဟိုထောက်လှမ်းရေး အေဂျင်စီ၏ ခေတ္တညွှန်ကြားရေးမှူး ဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ် ဇွန်လတွင် အမျိုးသားလုံခြုံရေး အထူးကော်မတီ၏ ဥက္ကဋ္ဌဖြစ်လာသည်။

သမ္မတ ပတ်ချုံဟီး လုပ်ကြံခံရပြီးနောက် သမ္မတ ဖြစ်လာသော ချိုင်ကျူဟာသည် ၁၉၈၀ ပြည့်နှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် သမ္မတရာထူးမှ နုတ်ထွက်သွားခဲ့သည်။ ဗိုလ်ချုပ်ကြီး ချန်ဒူးဝှမ်သည် ဩဂုတ်လ ၂၇ ရက်နေ့တွင် တောင်ကိုရီးယားသမ္မတနိုင်ငံ၏ ၁၁ ဦးမြောက် သမ္မတဖြစ်လာသည်။ သမ္မတရွေးချယ်သူ ကိုယ်စားလှယ် ၂,၅၂၅ ဦးရှိသည့်အနက် ထောက်ခံမဲ ၂,၅၂၄ ရရှိခဲ့သည်။ တပ်မတော်တွင် အနှစ် ၃၀ အမှုထမ်းဆောင်ခဲ့သော ချန်ဒူးဝှမ်သည် ၁၉၈၀ ပြည့်နှစ်အတွင်း သမ္မတရာထူးကို လက်ခံပြီးနောက် ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးရာထူးမှ အငြိမ်းစား ယူခဲ့သည်။

၁၉၇၅ ခုနှစ် ဇန္နဝါရီလတွင် အမျိုးသား လုံခြုံရေး အတွက် ထူးချွန်စွာ ဆောင်ရွက်နိုင်သည့်အတွက် ချန်ဆူဆုတံဆိပ် ချီးမြှင့်ခံရပြီး ၁၉၇၆ ခုနှစ်၊ ဇွန်လတွင် သမ္မတက ချီးမြှင့်သောအမှုထမ်းကောင်းဆု ရရှိသည်။ ၁၉၇၉ ခုနှစ် မေလတွင် "မေ ၁၆ အမျိုးသားဆုကြီး" ချီးမြှင့်ခံရသည်။

သမ္မတချန်ဒူးဝှမ်၏ ဇနီးမှာ နီးလ်ဆွန်ဂျာ ဖြစ်သည်။

ဂီရီ,ရှရီဗွီဗွီ (ခရစ် ၁၈၉၄–၁၉၈၀)။ ။၁၉၆၉ ခုနှစ်မှ ၁၉၇၄ ခုနှစ် ဩဂုတ်လအထိ အိန္ဒိယပြည် သမ္မတကြီးအဖြစ် ငါးနှစ်တာ တင်မြောက်ခြင်း ခံခဲ့ရသောရှရီဂီရီကို ၁၈၉၄ ခုနှစ်တွင် ဩရိဿပြည်နယ် ဘာချင်ပူမြို့တွင် မွေးဖွားသည်။ ဇာတိမြို့ရှိ ကာလီကာတ်တက္ကသိုလ်နှင့် အိုင်ယာလန်ပြည် ဒဗ္ဗလင်မြို့ရှိ အမျိုးသား ကောလိပ်တို့တွင်ပညာသင်ကြားခဲ့သည်။ ဝတ်လုံတော်ရ စာမေးပွဲကိုလည်း အောင်မြင်ခဲ့သည်။

မဒရပ်တရား လွှတ်တော်တွင် ရွှေနေလိုက်ခဲ့သည်။ ထို့နောက် အလုပ်သမား အရေးများတွင် ပါဝင်ဆောင်ရွက်ခဲ့၍ ထင်ရှားသော အလုပ်သမားခေါင်းဆောင် ဖြစ်လာသည်။ ၁၉၂၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ မီးရထား အစည်း



ရှရိဗွီဗွီ ဂီရိ

အရုံး၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၄၂ ခုနှစ်တွင် အလုပ်သမား ကွန်ဂရက် ဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ထိုနောက် ဗဟိုဥပဒေပြု ပါလီမန်အမတ်အဖြစ် ၁၉၃၄ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ရွေးကောက် တင်မြှောက်ခံရပြီး မဒရပ်ပြည်နယ် အစိုးရ အဖွဲ့ ဝန်ကြီး ခန့်အပ်ခံရသည်။ အလုပ်သမားဌာန၊ စက်မှုလက်မှုဌာန၊ သမဝါယမနှင့်ကူး သန်းရောင်းဝယ်ရေးဌာနများ၏ ဝန်ကြီးအဖြစ် ၁၉၃၇–၃၉ ခုနှစ်နှင့် ၁၉၄၆–၄၇ ခုနှစ်များအတွင်း ဆောင်ရွက်ခဲ့သည်။

သီဟိုဠ်နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ရာထူးကို ၁၉၄၇ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်များတွင် ထမ်းဆောင်ခဲ့သည်။ အိန္ဒိယပြည် ဗဟိုအစိုးရ အဖွဲ့တွင် ၁၉၅၂ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ အလုပ်သမားဌာနဝန်ကြီး ဖြစ်သည်။

ဝတ်လုံတော်ရ၊ အလုပ်သမားခေါင်းဆောင်၊ ဝန်ကြီး၊ သံအမတ်ကြီး စသည်ဖြင့် ဟာဝန် အမျိုးမျိုးတွင် ထမ်းဆောင်ခွင့်ရခဲ့သော ရှရိဂီရီသည် ပြည်နယ် ဘုရင်ခံမင်းကြီး ရာထူးကိုလည်း ရခဲ့ဖူးသည်။

၁၉၅၇–၆၀ ပြည့်နှစ်တွင် ဩရိဿ ပြည်နယ် ဘုရင်ခံ၊ ၁၉၆၀–၆၅ ခုနှစ်တွင် ကေရာလာပြည်နယ် ဘုရင်ခံ၊ ၁၉၆၅–၆၇ ခုနှစ်တွင် မိုက်ဆိုပြည်နယ် ဘုရင်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၇–၆၉ ခုနှစ်များတွင် ဒုတိယ သမ္မတတင်မြှောက်ခံရပြီး ၁၉၆၉ ခုနှစ်မှ ၁၉၇၄ ခုနှစ်တွင် သမ္မတကြီး အဖြစ် တင်မြှောက်ခံရသည်။

၁၉၈၀ ပြည့်နှစ် အသက် ၈၅ နှစ်အရွယ်တွင် မဒရပ်မြို့၌ ကွယ်လွန်သည်။

ဂက်ဆိုဟောလောင်စာ။ ။ဂက်ဆိုဟော လောင်စာသည် အီသနောခေါ် အီသိုင်းအယ်လကိုဟော (အရက်ပြန်)နှင့် ဓာတ်ဆီကို ရောစပ်ထားသော လောင်စာတမျိုးဖြစ်သည်။ ရောစပ်သည့် အချိုးအစားသည် တနိုင်ငံနှင့် တနိုင်ငံ မတူကြပေ။ အမေရိကန် ပြည်ထောင်စုတွင် အရက်ပြန်တဂါလန်လျှင် ဓာတ်ဆီ ကိုးဂါလန်နှုန်းဖြင့် လည်းကောင်း၊ ဗရာဇီးနိုင်ငံတွင်အရက်ပြန်တဂါလန်လျှင် ဓာတ်ဆီ လေးဂါလန်နှုန်း ဖြင့် လည်းကောင်း၊ အသီးသီးရောစပ်အသုံးပြုကြသည်။ ဓာတ်ဆီနှင့် ရောစပ်သည့် အယ်လကိုဟောကို အဓိကအားဖြင့် သီးနှံနှင့် အပင်များမှ ချက်လုပ်သည်။ အထူးသဖြင့် ပြောင်းဖူးနှင့် ကြံမှဖြစ်လေသည်။

ဂက်ဆိုဟောလောင်စာ ထုတ်ယူသုံးစွဲမှုတွင် တောင်အမေရိကတိုက်မှ ဗရာဇီးနိုင်ငံသည် အထူးထင်ရှားသည်။ ဗရာဇီးနိုင်ငံသည် ပြည်တွင်းသုံးစွဲရန် လိုအပ်သော ရေနံ၏ ၁၅ ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်သဖြင့် ၈၅ ရာခိုင်နှုန်း (တနေ့လျှင် စည်တသန်းခန့်) ကို ပြည်ပမှ ဝယ်ယူသုံးစွဲနေရသည်။ ရေနံစျေးနှုန်း မြင့်တက်ပြီး စွမ်းအင် အကျပ်အတည်း ပြဿနာကို ၁၉၇၃ ခုနှစ်ကတည်းက ခံစားခဲ့ရသဖြင့် ပြည်တွင်း၌ အမြောက်အမြား ထုတ်လုပ်နိုင်သော ကြံမှ အယ်လ်ကိုဟောထုတ်ကာ ဂက်ဆိုဟောလောင်စာကို တီထွင်သုံးစွဲခဲ့ခြင်း ဖြစ်လေသည်။

ဗရာဇီးနိုင်ငံတွင် ဂက်ဆိုဟောလောင်စာ အစီအစဉ်ကို ၁၉၇၅ ခုတွင် စတင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ ဂက်ဆိုဟောလောင်စာ စီမံကိန်းတရပ်ကို ဒေါ်လာကုဋ္ဌေ ၅၀၀ အကုန်အကျခံ၍ ဆောင်ရွက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဂက်ဆိုဟော ထုတ်လုပ်မှုသည် ဂါလန်တသန်းအထိ တိုးလာခဲ့သည်။ ၁၉၇၉ ခု မတ်လကစ၍ မော်တော်ယာဉ်များ၊ မီးရထားများနှင့် စက်ရုံများတွင် ဂက်ဆိုဟောလောင်စာကို စတင်သုံးစွဲခဲ့သည်။ ၁၉၈၀ ပြည့်နှစ်ကုန်တွင် ဗရာဇီးနိုင်ငံမှ မော်တော်ကား အားလုံးကို ဂက်ဆိုဟောဖြင့် မောင်းနှင်ရန် စီစဉ်ခဲ့လေသည်။

ထိုနှစ်အတွင်းမှာပင် ဗရာဇီးနိုင်ငံမှ မော်တော်ကား ထုတ်လုပ်သော စက်ရုံများသည် ဂက်ဆိုဟောလောင်စာ သုံးသောကား အစင်းပေါင်း ၂၅၀,၀၀၀ ထုတ်လုပ်ခဲ့သည်။ ၁၉၈၅ ခုတွင် ဂက်ဆိုဟော လောင်စာသုံးသောကား အစင်းပေါင်း နှစ်သန်းခန့်အထိ ဗရာဇီးနိုင်ငံတွင် အသုံးပြုနိုင်မည်ဟု ခန့်မှန်းထားပေသည်။

လောင်စာစွမ်းအင် အများဆုံး အသုံးပြုသော စက်မှုအရင်းရှင် နိုင်ငံကြီး တနိုင်ငံဖြစ်သည့် အမေရိကန် ပြည်ထောင်စုသည်လည်း ဂက်ဆိုဟော လောင်စာကို ထုတ်လုပ်သုံးစွဲလျက်ရှိသည်။ ပြောင်းသီးနှံ အမြောက်အမြား စိုက်ပျိုးထုတ်လုပ်သည့် အမေရိကန် နိုင်ငံတွင် ပြောင်းဖူးမှ

အယ်လကိုဟော ထုတ်ယူပြီး ဓာတ်ဆီနှင့်ရောကာ ဂက်ဆိုဟောအဖြစ် အသုံးပြုသည်။ ပြောင်းဖူးအမျှားဆုံးစိုက်သည့် အနောက်ပိုင်း ပြည်နယ်များတွင်သာမက အခြားပြည်နယ်များတွင်ပါ ဂက်ဆိုဟောများ ထုတ်လုပ်သုံးစွဲနေရာ တနိုင်ငံလုံး၌ ဂက်ဆိုဟော လောင်စာဆီရောင်းသည့် ဆိုင်ပေါင်း တထောင်ကျော် ရှိနေပေပြီ ဖြစ်သည်။

အမေရိကန်နိုင်ငံမှ ဂက်ဆိုဟော လောင်စာဆီသည် ဓာတ်ဆီ ၉၀ ရာခိုင်နှုန်းနှင့် ရေမပါသော အီသနော (အယ်လကိုဟော) ဆယ်ရာခိုင်နှုန်း ရောစပ်ထားခြင်း ဖြစ်ပေသည်။ ထိုဂက်ဆိုဟော လောင်စာဆီသည် မော်တော်ကားတွင် အသုံးပြု မောင်းနှင်ရာ၌ ရိုးရိုးဓာတ်ဆီတဂါလန်ထက် မောင်းနှင်နိုင်သည့် မိုင်ပေါင်းသည် အနည်းငယ်နိမ့်ကျသည်။ သို့သော် ကားကို အရှိန်မြင့် မောင်းရာတွင်ပို၍ ကောင်းမွန်လေသည်။ ထို့ကြောင့် မော်တော်ကားများတွင် ဂက်ဆိုဟော အသုံးပြုခြင်းသည် တဖြည်းဖြည်း တိုးတက်လာလေသည်။

ဂက်ဆိုဟော အသုံးများလာသဖြင့် အမေရိကန် ရေနံကုမ္ပဏီများက ပိုမိုထုတ်လုပ်ရန် စီစဉ်ခဲ့ရာ တက်စကိုကုမ္ပဏီက ဂက်ဆိုဟော လောင်စာဆီဆိုင်များကို လက်ရှိ ၆၀၀ မှ ၁၁၀၀ အထိ တိုးခဲ့နေပြီး တနှစ်လျှင် ဂါလန်သန်း ၆၀ ထုတ်လုပ်နိုင်မည့် အီသနော စက်ရုံတည်ထောင်ရေးကို စီစဉ်လျက်ရှိသည်။ ထို့ပြင် အီသနောကို နှံစားပြောင်းနှင့် ဆိုဂမ်ပြောင်းများမှ ထုတ်ရန်ကိုလည်း သုတေသနပြုလျက်ရှိသည်။

အမေရိကန် စီးပွားရေး ပညာရှင်များ၏ တွက်ချက်မှုအရ ပြောင်းဖူးမှ ဂက်ဆိုဟော ထုတ်လုပ်မှုသည် တဂါလန်လျှင် ၁ ဒသမ ၂၆ ဒေါ်လာ ကုန်ကျသည်။ ၁၉၈၁ ခုနှစ်တွင် ဂက်ဆိုဟောဂါလန်သန်း ၅၀၀ ထုတ်မည်ဖြစ်ပြီး ၁၉၈၂ ခုတွင် ဂက်ဆိုဟောဂါလန်သန်း ၉၀၀ အထိ တိုးတက်ထုတ်လုပ်မည်ဖြစ်ကြောင်း အမေရိကန် လယ်ယာစိုက်ပျိုးရေးဌာန အတွင်းဝန်က ထုတ်ဖော်ပြောကြားခဲ့လေသည်။

အမေရိကန် အစိုးရသည် ဂက်ဆိုဟော ထုတ်လုပ်မှုနှင့် သုံးစွဲမှုကို ဆက်လက်မြှင့်တင်ရန် ရည်မှန်းထားပြီး အကောက်ခွန် ကင်းလွတ်မှု အပါအဝင် အခြား ထောက်ပံ့ကူညီမှုများကိုလည်း ပေးခဲ့သည်။

အနောက် ဥရောပဒေသရှိ စက်မှုနိုင်ငံများသည် ဂက်ဆိုဟောလောင်စာဆီ ထုတ်လုပ်သုံးစွဲရေးတွင် နောက်ကျခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် အနောက် ဂျာမနီ ဗောက်စဝက်ဂန် မော်တော်ကား ကုမ္ပဏီသည် ရိုးရိုးဓာတ်ဆီ ဂဂ ရာခိုင်နှုန်းနှင့် မီသိုင်းအယ်လ်ကိုဟော ၁၅ ရာခိုင်နှုန်းကို ရောစပ်ထားသော အမ် ၁၅ လောင်စာကို မော်တော်ကား ၄၅ စီးတွင် စမ်းသပ်အသုံးပြုခဲ့သည်။ ယခုအခါ မော်တော်ကား အစင်း ၆၀၀ ဖြင့် လေးနှစ်ကြာ စမ်းသပ်ရန် တိုးချဲ့စီစဉ်လျက်ရှိပေသည်။

အာရှတိုက်မှ စက်မှုနိုင်ငံတနိုင်ငံဖြစ်သော ဂျပန်နိုင်ငံသည် ဂက်ဆိုဟော လောင်စာကို တိုးချဲ့သုံးစွဲရန်စီစဉ်လျက်ရှိသည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံစုံမှ အင် လိုအပ်ချက်၏ ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၁၉၉၀ ပြည့်တွင် ၄ ရာခိုင်နှုန်း အထိ ဂက်ဆိုဟော လောင်စာကို အစားထိုး သုံးစွဲသွားမည်ဖြစ်ပေသည်။

ဩစတြေးလျနှင့် နယူးဇီလန် နိုင်ငံများသည်လည်း ဂက်ဆိုဟောလောင်စာကို ထုတ်လုပ်သုံးစွဲရန် ကြိုးပမ်းလျက်ရှိကြသည်။ ဩစတြေးလျ နိုင်ငံသည် နောက်ငါးနှစ်အတွင်း မော်တော်ယာဉ်သုံး ဓာတ်ဆီလိုအပ်မှု၏ ၁၅ မှ ၂၀ ရာခိုင်နှုန်းအထိကို ပြည်တွင်းထွက်ဂျုံများမှ အရက်ပြန်ချက်ကာ ဂက်ဆိုဟော ထုတ်လုပ်သုံးစွဲမည် ဖြစ်သည်။ နယူးဇီလန်နိုင်ငံသည် မုန်လာဥချို၊ မုန်လာဥကြမ်းများမှ အရက်ပြန် ချက်လုပ်သုံးစွဲ၍ သက္ကရာဇ် ၂၀၀၀ တွင် သယ်ယူပို့ဆောင်ရေးယာဉ် အားလုံးအတွက် ဂက်ဆိုဟော လောင်စာဆီ ဖူလုံစေရန် မုန်လာဥမျိုးစုံနှင့် ပြောင်းကာ ၁ ဒသမ ၇ သိန်းမှ ၃ ဒသမ ၂ သိန်းအထိ တိုးချဲ့စိုက်ပျိုးရမည်ဖြစ်လေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် ဇင်ဗာဗွေ၊တောင်အာဖရိက၊ ကင်ညာ၊ဆူဒန်နှင့် ထိုင်းနိုင်ငံတို့သည် ဂက်ဆိုဟောလောင်စာကို ထုတ်လုပ်သုံးစွဲရန် ဆောင်ရွက်လျက်ရှိသည်။ ဇင်ဗာဗွေနိုင်ငံတွင် မော်တော်ကား အရေအတွက်၏ ၁၅ ရာခိုင်နှုန်းကို ဂက်ဆိုဟောလောင်စာဖြင့် မောင်းနှင်လျက်ရှိသည်။ တောင်အာဖရိက နိုင်ငံသည် ဓာတ်ဆီနှင့် အရက်ပြန်ရောထားသောဂက်ဆိုဟော လောင်စာတမျိုးကို ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် စတင်သုံးစွဲခဲ့သည်။ ကင်ညာနှင့် ဆူဒန် နိုင်ငံတို့တွင်လည်း ကြံတင်လဲရည်မှ အရက်ပြန်လောင်စာထုတ်၍ သုံးစွဲပြီး အင်ဒိုနီးရှားနိုင်ငံသည် ပီလောပီနံမှ လောင်စာချက်ရန် စီစဉ်၍ ပီလောပီနံများ တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းလျက် ရှိလေသည်။

ထိုင်းနိုင်ငံတွင် သီးနှံများမှ လောင်စာထုတ်ယူသုံးစွဲရေးကော်မတီတရပ်ဖွဲ့ကာ နှံစားပြောင်းမှ ဂက်ဆိုဟော ထုတ်လုပ်ရန် စီစဉ်ပြီး တောင်သူ လယ်သမားများအား နှံစားပြောင်းတိုးချဲ့စိုက်ပျိုးကြရန် မက်လုံးပေး၍ စည်းရုံးဆောင်ရွက်လျက်ရှိသည်။ နှံစားပြောင်းကို ကုန်ကြမ်းအဖြစ် သုံးခြင်းသည် ကြံထက် ထုတ်လုပ်မှုစရိတ် သက်သာသည်။

ထိုင်းနိုင်ငံက ချနာဘူရီနယ်တွင် နှံစားပြောင်းကို ရွေပြေးစမ်းသပ်စိုက်ပျိုးခဲ့ရာ အထွက်နှုန်းသည် ကြံနှင့်အတူတူဖြစ်သည်။ သို့သော် ကြံစိုက်ပျိုးမှုထက် အချိန်သက်သာသည်။ မော်တော်ကားများအတွက် သီးနှံမလောင်စာ

ဆန်ကျေးသည် အိန္ဒိယနိုင်ငံရေးလောကတွင် အဝေဖန်ခံရဆုံးသော ပုဂ္ဂိုလ်အဖြစ် ထင်ရှားကျော်ကြားသူတဦးဖြစ်သည်။ ၁၉၇၅ ခုနှစ်မှ စတင်၍ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်၍ အတက်ကြွဆုံး လှုပ်ရှားခဲ့ရာ မိခင်အင်ဒီရာဂန္ဒီ အပေါ် သြဇာအစွမ်းရှဆုံး အကြံပေး ပုဂ္ဂိုလ်အဖြစ် အများက ဝိုင်းဝန်း သတ်မှတ်ခြင်း ခံရသည်။ ဆန်ကျေးသည် အိန္ဒိယကွန်ဂရက်ပါတီ၏ လက်အောက်ခံလူငယ် ကွန်ဂရက်ပါတီ၏ ခေါင်းဆောင်အဖြစ် အင်ဒီရာဂန္ဒီအစိုးရအဖွဲ့၏ အရေးပေါ် လှုပ်ရှားမှုကြီးနှစ်ရပ်ကို (၁၉၇၅–၇၇) မဖြစ်မနေ ဦးဆောင် အကောင်အထည် ဖော်ခဲ့သည်။ ယင်းလှုပ်ရှားမှု နှစ်ရပ်မှာ တိုင်းပြည်က မကြိုက်သော လူထု ပဋိသန္ဓေတားဆီးရေး လှုပ်ရှားမှုနှင့် နယ်ူးဒေလီမြို့တွင်းရှိ တိုက်ဟောင်း တိုက်ဆွေးများ ပြောင်တာလင်းခါအောင် ဖြိုဖျက်ခဲ့ခြင်းပင် ဖြစ်သည်။

ဆန်ကျေးသည် ၁၉၇၇ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် အမှသီမဲဆန္ဒနယ်မှ ပါလီမန် အမတ်လောင်းအဖြစ် ယှဉ်ပြိုင်ခဲ့သော်လည်း အရေးနိမ့်ခဲ့သည်။ ဆန်ကျေး ဦးဆောင်သော မာရူသီကားငယ်များ ထုတ်လုပ်ရေး လိုင်စင်ကိစ္စသည် နိုင်ငံတော်အတွက် အကျိုးမပြုဟု စွဲချက်တင်ခံရပြီး အစိုးရက ထောင်ဒဏ်နှစ်နှစ် အပြစ်ဒဏ်ပေးခဲ့သည်။

၁၉၈၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဆန်ကျေးသည် ယခင်က ရှုံးနိမ့်ခဲ့ဖူးသော အမှသီမဲဆန္ဒနယ်မှပင် ဝင်ရောက်ယှဉ်ပြိုင်ရာ အနိုင်ရခဲ့သည်။ သူသည် ထို ရွေးကောက်ပွဲအတွက် ကွန်ဂရက်ပါတီ၏ လှုံ့ဆော်ရေး စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး အမတ်လောင်းများကိုလည်း သူ စိတ်တိုင်းကျ ရွေးချယ်ခဲ့သည်။ ဆန်ကျေးသည် ၁၉၈၀ ပြည့်နှစ်တွင် ကွန်ဂရက်ပါတီ (အိုင်) ဟု အမည်ပြောင်းလာသော အိန္ဒိယကွန်ဂရက်ပါတီ၏ အထွေထွေ အတွင်းရေးမှူး ဖြစ်လာသည်။

ဆန်ကျေးဂန္ဒီသည် ၁၉၈၀ ပြည့်နှစ် ဇွန်လ ၂၂ ရက်နေ့တွင် လေယာဉ်ပျက်ကျ၍ ကွယ်လွန်သည်။

ကွယ်လွန်သူ သားငယ် ဆန်ကျေးဂန္ဒီ၏ ရုပ်အလောင်းပေါ် သို့ ပန်းများကြဲချနေသော မိခင်ဖြစ်သူ အင်ဒီရာ ဂန္ဒီ



၁၃၀

ထုတ်လုပ်သည့်စက်ရုံကို ဆိုင်ယမ်အယ်လကာနောကုမ္ပဏီက ထိုင်းဘတ်ငွေ သန်းပေါင်း ၁၇,၀၀၀ အကုန်အကျခံ၍ တည်ဆောက်မည်ဖြစ်သည်။ ထိုစက်ရုံတရုံသည် အကြီးစားစက်ရုံတရုံဖြစ်ပြီး၊ အဓိက ကုန်ကြမ်းအဖြစ်ကြံနှင့် ဂျုံတို့ကို သုံးစွဲမည်ဖြစ်လေသည်။

သီးနှံများမှ အရက်ပြန်ထုတ်၍ ဂက်ဆိုဟောလောင်စာ ထုတ်လုပ်သုံးစွဲရာတွင် သီးနှံမြောက်များစွာ သုံးစွဲမှသာ ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများတွင် လူတဦး တနှစ်အတွင်း ကားမောင်းရန် လိုအပ်သော လောင်စာရရှိရေးအတွက် သီးနှံအလေးချိန် စုစုပေါင်းပေါင် ၃၀၀၀ ခန့် သုံးစွဲရသည်။ လက်ရှိ အခြေအနေတွင် ဂက်ဆိုဟော လောင်စာဆီ ထုတ်လုပ်မှုသည် တနှစ်ထက် တနှစ် တိုးခဲ့လျက်ရှိရာ ဗဟုဇီး တနိုင်ငံတည်း၌ပင် ၁၉၈၅ ခုနှစ်သို့ ရောက်သောအခါ အယ်လ်ကိုဟော ချက်လုပ်သည့်စက်ရုံ ငယ် ထောင်ပေါင်းများစွာ ရှိလာမည် ဖြစ်လေသည်။

ဂန္ဒီ, ဆန်ကျေး (ခရစ်၁၉၄၆–၁၉၈၀) ။ ။အိန္ဒိယကွန်ဂရက် (အိုင်) ပါတီ၏ အထွေထွေ အတွင်းရေးမှူး ဖြစ်သော ဆန်ကျေးဂန္ဒီကို မစ္စတာဖီရို့ဂန္ဒီနှင့် အင်ဒီရာဂန္ဒီတို့မှ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် မွေးဖွားသည်။



ဆန်ကျေးဂန္ဒီ

ဆန်ကျေးဂန္ဒီသည် အင်္ဂလန်နိုင်ငံတွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် အင်္ဂလန်နိုင်ငံရှိ ရိုး ရှိုက်မော်တော်ယာဉ်ကုမ္ပဏီတွင်မော်တော်ယာဉ် အင်ဂျင်နီယာအလုပ်သင်အဖြစ် ပညာဆက်လက် ဆည်းပူးသည်။

ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ အခြေခံဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ (ခ)တွင် အပ်နှင်းထားသော အုပ်ပိုင်ခွင့်များအရ ဂုဏ်ထူးဆောင် ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များ အပ်နှင်းခြင်းခံရသည့် စစ်မှုထမ်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် အခြားဝန်ထမ်းများ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် ၂/၈၀ ဖြင့် ဇန္နဝါရီ ၄ ရက် လွှတ်လပ်ရေးနေ့ပတ်လည်အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေငြာသည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၈၀ အရ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခံရသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

သူရဇဋ္ဌ

ကြည်း ၇၁၁၃ ဗိုလ်မှူးကြီး ထွန်းကြည် အမှတ်(၁)စမ္ဘ သေနတ်ကိုင် တပ်ရင်း၊

ကြည်း ၀၉၁၇ ဗိုလ်ကြီးမြင့်ဌေး အမှတ် (၁) စမ္ဘ သေနတ်ကိုင်တပ်ရင်း၊

ကြည်း ၁၃၀၃၀ ဗိုလ်လုံမြင့်သိန်း အမှတ်(၉) ခြေလျင်တပ်ရင်း၊

ကြည်း ၁၄၅၉၃ ဒုဗိုလ်ဇော်မင်း (ကျဆုံး) အမှတ် (၆၇) ခြေလျင် တပ်ရင်း၊

အမှတ် ၃၄၀၅၁ တပ်ခွဲတပ်ကြပ်ကြီး ချစ်သာ (ကျဆုံး) အမှတ် (၉) ခြေလျင်တပ်ရင်း၊

အမှတ် ၁၀၉၁၆၈ တပ်ကြပ်ကြီး တင်မြင့် (ကျဆုံး) အမှတ် (၁) စမ္ဘ သေနတ်ကိုင် တပ်ရင်း၊

အမှတ် ၂၀၉၉၃၁ တပ်ကြပ်ကြီး အောင်ကျော်ဦး (ကျဆုံး) အမှတ် (၉) ခြေလျင်တပ်ရင်း၊

လေ ၁၆၇၀ ဗိုလ်ချုပ်မှူးကြီး ထွန်းကြည် အမှတ်(၁)စမ္ဘ သေနတ်ကိုင် တပ်ရင်း၊

ကြည်း ၂၁၁၃ ဒုတိယဗိုလ်မှူးကြီး ထွန်းကြည် အမှတ်(၁)စမ္ဘ သေနတ်ကိုင် တပ်ရင်း၊

ကြည်း ၀၉၁၇ ဗိုလ်ကြီးမြင့်ဌေး အမှတ် (၁) စမ္ဘ သေနတ်ကိုင် တပ်ရင်း၊

ကြည်း ၁၃၀၃၀ ဗိုလ်လုံမြင့်သိန်း အမှတ်(၉) ခြေလျင်တပ်ရင်း၊

ကြည်း ၁၄၅၉၃ ဒုဗိုလ်ဇော်မင်း (ကျဆုံး) အမှတ် (၆၇) ခြေလျင် တပ်ရင်း၊

**အမှတ် ၃၄၀၅၁ တပ်ခွဲတပ်ကြပ်

ဂျပန်နိုင်ငံ။ ။ဂျပန်နိုင်ငံသည် အာရှတိုက် အရှေ့ဘက် အစွန်း ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းစုနိုင်ငံဖြစ်သည်။ ကျွန်းကြီးလေးကျွန်းနှင့် ကျွန်းငယ်ပေါင်းတသောင်းကျော် ပါဝင်လေသည်။



အကျယ်အဝန်း။	။	၁၄၃,၅၂၄ စတုရန်းမိုင်
လူဦးရေ။	။	၁၁၆,၉၀၀,၀၀၀ (၁၉၈၀)
မြို့တော်။	။	တိုကျိုမြို့

ပါတီစုံစနစ် ကျင့်သုံးသော ဂျပန် နိုင်ငံတွင် ပါတီအချင်းချင်းတိုက်ပွဲနှင့် အာဏာရပါတီအတွင်း ပဋိပက္ခတို့ကြောင့် ဂျပန်အောက်လွှတ်တော်ကို သတ်မှတ်သက်တမ်းထက် အချိန်စောချုပ်ဖျက်သိမ်းကာ ရွေးကောက်ပွဲ ကျင်းပရသည့် အခြေသို့ ဆိုက်ရောက် ခဲ့လေသည်။

အခွန်ငွေပြဿနာ၊ ငွေဖောင်းပွမှု၊ လာဘ်ပေးလာဘ်ယူ အကျင့်ပျက်မှုနှင့် ကာကွယ်ရေး အသုံးစရိတ် တိုးမြှင့်မှု စသည့်ကိစ္စရပ်များအပေါ် မကျေနပ်သော၊ ဆိုရှယ်လစ် ပါတီခေါင်းဆောင်သော အတိုက်အခံတို့က အစိုးရအပေါ် အယုံအကြည်မရှိကြောင်း အဆိုကို ၁၉၈၀ ပြည့်နှစ် မေလ ၁၆ ရက်တွင် လွှတ်တော်၌ တင်သွင်းခဲ့သည်။

အဆိုကိုမဲခွဲသောအခါ အာဏာရ လစ်ဗရယ် ဒီမိုကရက် တစ်ပါတီ အုပ်စု ခေါင်းဆောင်များဖြစ်သော တာကေအို မိကီ၊တာကေအိုဖူကူဒါတို့၏အုပ်စုဝင် အမတ်များက မဲမပေးပဲနေခဲ့ကြသည်။ ထို့ကြောင့် အတိုက်အခံတို့၏ အယုံအကြည်မရှိကြောင်းအဆိုသည် ထောက်ခံမဲ ၂၄၃ မဲ ကန့်ကွက်မဲ ၁၈၇ မဲဖြင့် အနိုင်ရသွားလေသည်။

ဝန်ကြီးချုပ် အိုဟီရာက ပါလီမန်ကိုဖျက်သိမ်းလိုက်ပြီး အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ရွေးကောက်ပွဲကို ဇွန်လ ၂၂ ရက်တွင် တပြိုင်နက် ကျင်းပမည်ဟု ကြေငြာခဲ့သည်။

အထက်လွှတ်တော်တွင် အမတ် ၂၅၂ နေရာရှိပြီး သက်တမ်းခြောက်နှစ်ဖြစ်သော်လည်း အမတ်ဦးရေ ထက်ဝက်ခန့်ကို သုံးနှစ်တကြိမ် ရွေးချယ်ပေးရသည်။ အောက်လွှတ်တော်တွင်မူ အမတ် ၅၁၁ နေရာရှိပြီး သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ရွေးကောက်ပွဲကို တပြိုင်နက်ကျင်းပခြင်းသည် ဂျပန်ရွေးကောက်ပွဲသမိုင်း၌ ပထမဆုံးဖြစ်ပေသည်။

ဝန်ကြီးချုပ် အိုဟီရာသည် ရွေးကောက်ပွဲ အနိုင်ရရေးအတွက် ပါတီတွင်း ညီညွတ်ရေးအတွက် စည်းရုံးရေးဆင်းခဲ့သည်။ ဇွန် ၁၂ ရက်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့ရာ မာဆာယိုရှိအိုဟီတိုက ယာယီဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ရ လေသည်။

ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ဂ၁ သန်းအနက် ၇၄ ဒသမ ၅ ရာခိုင်နှုန်းက မဲပေးကြပြီး အာဏာရ လစ်ဗရယ်ဒီမိုကရက်တစ် ပါတီကပင် အမတ် ၅၁၁ နေရာအနက် ၂၀၄ နေရာ အနိုင်ရကာ ဆက်လက်အောင်ပွဲရခဲ့သည်။ အဓိက အတိုက်အခံ ပါတီဖြစ်သော ဆိုရှယ်လစ်ပါတီက ၁၀၇ နေရာ၊ကိုမေတိုပါတီက ၃၃ နေရာ၊ဒီမိုကရက်တစ် ဆိုရှယ်လစ်ပါတီက ၃၂ နေရာ၊ ဂျပန်ကွန်မြူနစ်ပါတီက ၂၉ နေရာနှင့် ကျန်အမတ်နေရာများကို ပါတီငယ်များနှင့်တသီးပုဂ္ဂလိကများကအနိုင်ရရှိခဲ့ကြသည်။ အထက်လွှတ်တော်တွင် လည်း လစ်ဗရယ်ဒီမိုကရက်တစ် ပါတီသည်ယခင်ကအမတ် ၁၂၄ နေရာရှိခဲ့ရာမှ ၁၃၅ နေရာသို့တိုးတက်လာခဲ့သည်။

ယင်းကဲ့သို့ ဂျပန်နိုင်ငံတွင် နိုင်ငံရေးအာဏာကို ၂၅ နှစ်တိုင်တိုင် ဆက်တိုက်ရယူထားနိုင်ခဲ့သောလစ်ဗရယ်ဒီမိုကရက်တစ် ပါတီသည် ရွေးကောက်ပွဲ၌ အကြီးအကျယ်အောင်ပွဲခံလိုက်ပြီးနောက် ကွယ်လွန်သူ ပါတီဥက္ကဋ္ဌ အိုဟီရာကို ဆက်ခံရန် ပါတီဥက္ကဋ္ဌရွေးချယ်ပွဲကို ဇူလိုင်လ ၁၅ ရက်တွင် ကျင်းပသည်။ အာဏာရပါတီဥက္ကဋ္ဌသည် တနည်းအားဖြင့်ဝန်ကြီးချုပ်လောင်းပင်ဖြစ်သဖြင့် ပါတီတွင်း အုပ်စုခေါင်းဆောင်များဖြစ်ကြသော နာကာဆိုနို၊ ကိုမိုတိုနှင့် မီယာဇာဝါတို့က အကြိတ်အနယ် အင်အားစုခဲ့ကြသေးသော်လည်း ရွေးချယ်ပွဲနေ့တွင်မူ ဇင်ကိုဆူဇူကီးကို အများသဘောတူ ရွေးချယ်လိုက်ကြသည်။

ထို့ကြောင့် ဇူလိုင် ၁၇ ရက်နေ့တွင်ကျင်းပသည့် ၉၂ ကြိမ်မြောက် အောက်လွှတ်တော် အထူးအစည်းအဝေးတွင် ဝန်ကြီးချုပ် ရွေးချယ်ပွဲကျင်းပရာ အမတ် ၅၀၉ ဦးအနက် လစ်ဗရယ်ဒီမိုကရက်တစ် ပါတီဥက္ကဋ္ဌ ဆူဇူကီးက ၂၉၁ မဲ ရပြီး ဆိုရှယ်လစ်ပါတီခေါင်းဆောင် အီချီယိုအာဆူကာက ၁၀၆

မဲရရာ ဆူဇူကီးသည် ဂျပန်နိုင်ငံဝန်ကြီးချုပ် အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရသည်။

ဆူဇူကီးသည် ဂျပန်နိုင်ငံ၏ ၇၀ ဦးမြောက် ဝန်ကြီးချုပ်ဖြစ်ပြီး ဒုတိယကမ္ဘာစစ် နောက်ပိုင်း ကာလတွင် ဂျပန်နိုင်ငံ၏ ၁၅ ဦးမြောက် ဝန်ကြီးချုပ်ဖြစ်သည်။

ဝန်ကြီးချုပ် ဆူဇူကီးသည် အဖွဲ့ဝင် ၂၂ ဦးပါဝင်သော ဂျပန်အစိုးရအဖွဲ့ကို ဇူလိုင်လ ၁၇ ရက်တွင်ဖွဲ့စည်းလိုက်သည်။ ဂျပန်အစိုးရအဖွဲ့သစ်သည် အိုဟီရာ အစိုးရလက်ထက် နိုင်ငံခြားရေးပေါ်လစီ မူဝါဒအတိုင်း ဆက်လက် အကောင်အထည်ဖော်ခဲ့လေသည်။

၁၉၈၀ ပြည့်နှစ်အတွင်း၌ ဂျပန်အစိုးရအနေဖြင့် ရင်ဆိုင်ရသော ပြဿနာများအနက် ကာကွယ်ရေး စရိတ်တိုးခဲ့ရေး ကိစ္စနှင့် ဂျပန်ဘက်သို့တဘက်စောင်းနင်း ဖြစ်နေသော ကုန်သွယ်ရေး မမျှတမှုကိစ္စတို့သည် အဓိက ကိစ္စရပ်များဖြစ်ခဲ့သည်။

ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုနှင့် လုံခြုံရေး စာချုပ် ချုပ်ဆိုခဲ့သည်။

ထို့နောက် ယင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအစွမ်းကုန် ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ဂျပန်နိုင်ငံသည် အဓိကစက်မှုနိုင်ငံကြီးဖြစ်လာကာ ထုတ်လုပ်မှုစွမ်းအားတွင် အနောက်စက်မှုနိုင်ငံကြီးများနှင့် တန်းတူဖြစ်ရုံမျှမကကျော်လွန်နိုင်သည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

ထို့ကြောင့် အင်ဒိုချိုင်းနားမှ အမေရိကန်တပ်များဆုတ်ခွာလာမှု၊ တောင်ကိုရီးယားမှ အမေရိကန်တပ်များဆုတ်ခွာရန် စီစဉ်မှု၊အလွှေဖျားနှင့် အိန္ဒိယသမုဒ္ဒရာတွင် ဆိုဗီယက် စစ်အင်အားတိုးချဲ့မှုအပြင် ပါရှင်ပင်လယ်ကွေ့ဒေသအရေး၊အာဖဂန်စတန်အရေးနှင့် အင်ဒိုချိုင်နားဒေသအရေးစသည့် နိုင်ငံတကာ အရေးအခင်းများကြောင့် စီးပွားရေး အင်အားကြီးနိုင်ငံ ဖြစ်နေသော ဂျပန်နိုင်ငံအနေဖြင့် ကာကွယ်ရေးတာဝန်ကိုခွဲဝေယူရန် အမေရိကန်ပြည်ထောင်စုက လိုလားတိုက်တွန်းလျက်ရှိသည်။

သို့သော် ဒုတိယ ကမ္ဘာစစ်ကြီး၏ အတွေ့အကြုံများကို ခံစားရပြီးဖြစ်သော ဂျပန်နိုင်ငံသည် အခြေခံဥပဒေအရပင် စစ်ကိုစွန့်လွှတ်ထားခဲ့သည်။ ဂျပန်နိုင်ငံသည်စစ်ဝါဒကိုလက်မခံ စစ်ဖက်ပြိုင်ဆိုင်မှုကို စွန့်လွှတ်ပြီး စစ်တိုက်ရန် အခွင့်အလမ်းများကိုပါ အသိအမှတ်မပြုဆိုသည့် သဘောထားမျိုးကို အခြေခံဥပဒေ၌ ပေါ်ပြထားသည်။

ထို့ကြောင့် ဂျပန်နိုင်ငံသည် စစ်အင်အားတိုးချဲ့မှုကို အတတ်နိုင်ဆုံးထိန်းချုပ်ထားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ကအင်အား ၇၅,၀၀၀ သာရှိသော အရန်ပုလိပ်တပ်မှုကို စတင်ထူထောင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် အဆိုပါတပ်မှုကို အမျိုးသားကာကွယ်ရေး တပ်ဖွဲ့ဟု အမည်ပြောင်းပြီး အင်အား ၁၁၀,၀၀၀ သို့ တိုးချဲ့ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် တဖန် အမျိုးသား ကာကွယ်ရေး တပ်ဖွဲ့ဟု အမည်ပြောင်းကာ ရေတပ်နှင့် လေတပ်ကိုပါ တိုးချဲ့ခဲ့သည်။

ဤကဲ့သို့ တဖြည်းဖြည်းတိုးချဲ့လာသော ဂျပန်ကာကွယ်ရေးတပ်ဖွဲ့အင်အားသည် ယခုအခါ ၁၅၅,၀၀၀ ရှိမည်ဟု ခန့်မှန်းထားပြီး ကာကွယ်ရေးစရိတ်ကိုလည်း ၁၉၈၀ ပြည့်နှစ်တွင် ယမန်နှစ်ကထက် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးကာ ဒေါ်လာသန်း ၉,၄၅၀ အထိ တိုးချဲ့သုံးစွဲလာခဲ့လေသည်။

လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်း ခံရသော ဇင်ကိုဆူဇူကီး

အခြားကိစ္စတရပ်မှာ နိုင်ငံတကာနှင့်ကုန်သွယ်ရေးပြဿနာဖြစ်သည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနှင့်လည်းကောင်း၊ ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ) နှင့်လည်းကောင်း ကုန်သွယ်ရာတွင် ဂျပန်နိုင်ငံက တဘက်စောင်းနင်းအသာရနေသည်ဟုဆိုကာ မကျေမနပ်ဖြစ်ခဲ့ကြသည်။ဂျပန်ကုန်ပစ္စည်း အထူးသဖြင့် မော်တော်ကား တင်ပို့မှု ကန့်သတ်ပေးရန်နှင့် ဂျပန်နိုင်ငံကလည်းကုန်ပစ္စည်းများ ပိုမိုတင်သွင်းပေးရန် အရေးဆိုကြသည်။ မော်တော်ကား ထုတ်လုပ်မှုတွင် အဓိကနိုင်ငံဖြစ်သော အနောက်ဂျာမနီမော်တော်ကားစျေးကွက်၌ပင် ၁၉၈၀ ပြည့်နှစ် ပထမ ငါးလပိုင်းတွင် ဂျပန်မော်တော်ကားများ ၉ ရာခိုင်နှုန်းရှိနေခဲ့သည်။ ၁၉၇၉ ခုနှစ်ကမူ ၆ ရာခိုင်နှုန်း အောက်တွင်ရှိခဲ့သည်။ ဤကုန်သွယ်ရေးပြဿနာသည် ဂျပန် အစိုးရအဆက်ဆက်က ဖြေရှင်းနေရသည့်ပြဿနာဖြစ်သကဲ့သို့ ၁၉၈၀ ပြည့်နှစ်အတွင်း၌လည်း အလားတူဖြေရှင်းနေရသည့်ပြဿနာ ဖြစ်လေသည်။

ဝန်ကြီးချုပ်ဆူဇူကီးသည် ပထမဆုံးသော ခရီးစဉ်အဖြစ် အရှေ့တောင်အာရှနိုင်ငံများအသင်း (အေဆီယင်) အဖွဲ့ဝင် နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်းကြေငြာခဲ့သည်။

ဂျာမနီနိုင်ငံ၊ပြည်ထောင်စုသမ္မတ။ ။ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသည် ဒုတိယ ကမ္ဘာစစ်ကြီး၏ဒဏ်ကို ထောင်းထောင်းညက်ကြေ ခံခဲ့ရသော်လည်း စီးပွားရေးပြန်လည်ထူထောင် တိုးတက်မှုတွင် အံ့ချီးဖွယ်ဖြစ်သည်။ နိုင်ငံထွက်ကုန် အင်အားစုတွင် ကမ္ဘာပေါ် ၌ စတုတ္ထကြီးမားဆုံးသော နိုင်ငံတနိုင်ငံ ဖြစ်လာသည်။



၁၉၇၅ ခုနှစ်တွင် ကမ္ဘာ့ဘဏ်အစီရင်ခံစာအရ အမေရိကန်ပြည်ထောင်စု၏ စုစုပေါင်း တိုင်းပြည်ထွက်ကုန်တန်ဖိုး (ဂျီအင်ပီ)သည် ဒေါ်လာသန်းပေါင်း ၁,၅၁၉,၇၉၀၊ ဆိုဗီယက်နိုင်ငံ၏ ဂျီအင်ပီမှာ သန်း ၄၉၆,၂၆၀ ဖြစ်၍ ပြည်ထောင်စုသမ္မတဂျာမနီ(အနောက်ဂျာမနီ) နိုင်ငံ၏ဂျီအင်ပီမှာ သန်းပေါင်း ၄၁၂,၄၈၀ ဖြစ်သည်။

အနောက်ဂျာမနီနိုင်ငံသည် စက်မှုတိုင်းပြည်ကြီး ဖြစ်၍ သံမဏိလုပ်ငန်း၊ သဘော်ဘတ် ဆောက် ခြင်း လုပ်ငန်း၊ မော်တော်ယာဉ်လုပ်ငန်း၊ စက်ကိရိယာ၊ လျှပ်စစ်ပစ္စည်းကိရိယာလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း စသည်တို့ကိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်နိုင်သည့်အပြင် အနုမြူစွမ်းအင်ထုတ် အင်အားများကို ထုတ်လုပ်နိုင်ပြီးဖြစ်သည်။ စက်ရုံအလုပ်ရုံ စိမ်ကြီးကြပ်မှုအပိုင်းတွင် အလုပ်သမားများပါဝင်သည့်စနစ်ကို အနောက်အုပ်စုနိုင်ငံများ၌ ဦးဆောင်ကျင့်သုံးခဲ့သည်။

အခြို့သောနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အနောက်ဂျာမနီအလုပ်သမားတို့၏ အလုပ်ချိန်သည် လျော့နည်းသည်ကိုတွေ့ရသည်။ဂျပန်အလုပ်သမားတို့သည် ရက်သတ္တတပတ်လျှင် ပျမ်းမျှ ၃၈ ဒသမ ၈ နာရီ အလုပ်လုပ်ကြပြီး အမေရိကန်အလုပ်သမားတို့မှာ ၃၅ နာရီ အလုပ်လုပ်ကြ၍ အနောက်ဂျာမန်အလုပ်သမားတို့မှာ ၃၁ ဒသမ ၆ နာရီသာ အလုပ်လုပ်ကြသည်။

သို့သော် ကုန်ထုတ်စွမ်းအားမှာ မြင့်မားတိုးတက်လျက်ရှိရာ ၁၉၇၉ ခုနှစ်တွင် ၄ ဒသမ ၁ ရာခိုင်နှုန်းတိုးသဖြင့် ပြင်သစ်နိုင်ငံအောက် ဒုတိယလိုက်အောင် ထုတ်လုပ်နိုင်စွမ်းရှိသည်။

လယ်ယာစိုက်ပျိုးရေးတွင် စက်ကိရိယာသုံး လယ်ယာများရှိသကဲ့သို့ သမားရိုးကျ မြင်း တိရစ္ဆာန်သုံးသော လယ်ယာများလည်းတည်ရှိရာ စိုက်ပျိုးလယ်မြေနှင့် လူဦးရေကို

အကျယ်အဝန်း။	။	၉၅,၈၅၅ စတုရန်းမိုင်
လူဦးရေ။	။	၆၁,၃၅၀,၀၀၀ (၁၉၈၀)
မြို့တော်။	။	ဘွန်းမြို့

ပျမ်းမျှလူတယောက်လျှင် ဒဿမ ၃ ကေမျှ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်နိုင်ကြသည်။ ဂျုံ၊ အာလူး၊ သကြား၊ မုန်လာ၊ သစ်သီးနှင့်ဆေးရွက်ပင်များ စိုက်ပျိုးကြသည်။

ကျောက်မီးသွေး၊ သံ၊ သွပ်၊ ကြေးနီ၊ ဆား၊ ပိုတက် နှင့်ရေနံသည် နိုင်ငံထွက် သယံဇာတ ဓာတ်သတ္တုများဖြစ်သည်။

စစ်ရေးတွင်နာမည်ကြီးခဲ့သော အနောက်ဂျာမနီနိုင်ငံသည်မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)ဝင် နိုင်ငံတခုဖြစ်သည်။ နိုင်ငံ၏စစ်အင်အားမှာ အမြဲတမ်း တပ်သား ၄၈၉,၉၀၀ နှင့် အရန်တပ်သား ၁,၂၅၀,၀၀၀ ရှိပြီး ခေတ်မီဆန်းပြားသော လက်နက်ကိရိယာများ တပ်ဆင်ထားသည်။ အမေရိကန်လုပ်လေယာဉ်ဖြင့် ထောက်လှမ်း ကုပ်ကဲရေးယန္တရားများကို တပ်ဆင်ရာ၌ အနောက်ဂျာမနီနိုင်ငံက ၂၈ ရာခိုင်နှုန်းကျခံသည်။

အမေရိကန်လုပ်လေယာဉ်များကို ဝယ်ယူအသုံးပြုသကဲ့သို့ အနောက်ဂျာမန်လုပ်တင့်ကားနှင့် အမြောက်များကို အမေရိကန်က ဝယ်ယူအသုံးပြုသည်။ သမားရိုးကျလက်နက်ပစ္စည်းများကို ပြည်ပသို့ ထုတ်လုပ်ရောင်းချသည်။

နေတိုးစစ်တပ်ဌာနချုပ်သည် စတုတ်ဂတ်မြို့တွင် ထားရှိသကဲ့သို့ အမေရိကန်တပ်သား ၂၁၄,၀၀၀၊ ဗြိတိသျှတပ်သား ၅၅,၀၀၀ နှင့် ပြင်သစ်တပ်သား ၅၀,၀၀၀ တို့သည် အနောက်ဂျာမနီနိုင်ငံတွင် စခန်းချထားရှိသည်။

၁၉၇၄ ခုနှစ်တွင် ရာထူးမှနုတ်ထွက်ရသောဝန်ကြီးချုပ် ဝီလီဗရန့်၏ ရာထူးကို ဆိုရှယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဟဲလမွတ်ရှမစ်က လက်ခံပြီးနောက် ၁၉၇၆ ခုနှစ် ရွေးကောက်ပွဲတွင် မစ္စတာရှမစ်သည် ပြန်၍ အရွေးခံရ

ကာ ဝန်ကြီးချုပ်ဖြစ်လာသည်။ ထိုစဉ်က မစ္စတာရှမစ်သည် ဖရီးဒီမိုကရက်တစ်ပါတီနှင့်တွဲ၍ ညွှန့်ပေါင်းအစိုးရဖွဲ့သောအခါ ဖရီးဒီမိုကရက် ခေါင်းဆောင်ဟန်းဒီစထရစ်ဂင်းရှားသည် နိုင်ငံခြားရေးဝန်ကြီးရာထူးကို ရရှိသည်။

ရှမစ်အစိုးရသည် ဝီလီဗရန့်အစိုးရလက်ထက်တွင် မင်းမူခဲ့သော အကြမ်းဖက်သမား နှိမ်နင်းရေးဝန်ထုပ်ဝန်ပိုးကို လက်ခံခဲ့ရသည်။

မစ္စတာရှမစ်နှင့် မစ္စတာဂင်းရှားတို့သည် နယ်နိမိတ်စောင့်ရှောက်ကာကွယ်ရေးအုပ်စု အမှတ် ၉ ခေါ် အရေးပေါ်တိုက်ခိုက်ရေးအဖွဲ့ကိုဖွဲ့စည်းကာ ထိုအဖွဲ့ကို ဗိုလ်မှူးကြီး အူလဗရစ်ဝက်ဂီနာနှင့် ပြည်ထဲရေးဝန်ကြီး မိုင်ဟိုဖာတို့က ဦးစီးသည်။

သောင်းကျန်းမှု၊ အကြမ်းဖက်မှု၊ အပိုင်စီးမှုများ အရှိန်လျော့ကျသွားစဉ် ၁၉၇၉ ခုနှစ် မေလတွင် သမ္မတရွေးကောက်ပွဲကျင်းပသည်။

ပြည်နယ် အမတ်များ စုပေါင်း ပါဝင်သည့် ပုဂ္ဂိုလ် ၁,၀၃၆ ဦးပါဝင်သော ရွေးကောက်ရေး အဖွဲဝင်တို့က ခရစ်ယာန် ဒီမိုကရက်တစ်ပါတီဝင် ပါမောက္ခကာ စတင်ကို ရွေးချယ်ကြသဖြင့် ဆိုရှယ်လစ်နှင့် လစ်ဗရယ်တို့က အားပေးခဲ့သော ဝါလ်တာရွေးမှာ ရှုံးနိမ့်သွားသည်။ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလတွင် အထွေထွေ ရွေးကောက်ပွဲကျင်းပသောအခါတွင်မူ မစ္စတာရှမစ်၏ ဆိုရှယ် ဒီမိုကရက်ပါတီနှင့် ဖရီးဒီမိုကရက်တစ်ပါတီတို့ အနိုင်ရရှိကာ ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ကြသည်။ ဟဲလ်မွတ်ကိုး၏ ခရစ်ယာန် ဒီမိုကရက်တစ်ပါတီနှင့် ဘာဗေရီးယားဝန်ကြီး ချုပ်၏ပါတီတို့က အရှုံးနှင့်ရင်ဆိုင်ရသည်။

ထိုရွေးကောက်ပွဲတွင် အဆိုပါ ပါတီကြီးသုံးခုမှတပါး ပါဝင်ယှဉ်ပြိုင်ကြသော ပါတီများမှာ ပတ်ဝန်းကျင်ရေးရာပါတီခေါ် အစိမ်းရောင်ပါတီ၊ နေရှင်နယ် ဒီမိုကရက်တစ်ပါတီခေါ် နာဇီလက်သစ်ပါတီနှင့် မော်စကိုယိမ်း ကျမန်ကွန်မြူနစ်ပါတီအပါအဝင် ပါတီငယ်ဆယ်ခု ပါဝင်ယှဉ်ပြိုင်ကြသည်။

ထိုပါတီငယ်များတွင် စစ်စိတ်စစ်မာန်တက်ကြွသော နာဇီပါတီသည် အရေးကြီးသည့်ပါတီဖြစ်နေသည်။ ၁၉၇၉ ခုနှစ် ပထမနှစ်ဝက်တွင် ပါတီဝင် ၃၀၀ ခန့်ရှိသော အဆိုပါပါတီသည် ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလတွင် ပါတီဝင် ၁,၄၀၀ ရှိလာပြီး ပါတီ၏ကြွေးကြော်သံ သတင်းစာကို စောင်ရေသုံးသိန်းအထိ ရိုက်နှိပ်ဖြန့်ချိရသည်။

ဤ ၁၉၈၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဂင်ရှာ၏ ဖရီးဒီမိုကရက်တစ်ပါတီသည် ထူးထူးခြားခြား မဲအများရလာသည်ကို တွေ့ရသည်။

ကျမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံ။ ။ကျမန်ဒီမိုကရက်တစ် သမ္မတ နိုင်ငံကို ဂျီဒီအာဟု လည်းကောင်း၊ အရှေ့ကျမန်ဟုလည်းကောင်း ခေါ်တွင်သည်။ ဆိုရှယ်လစ်ညီညွတ်ရေးပါတီ (အက်အီးဒီ) ခေါ် အရှေ့ကျမန် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင်ရှိသည်။

လက်ရှိပါတီခေါင်းဆောင်သည် အသက်အရွယ်ကြီးရင့်၍ ရာထူးမှနုတ်ထွက်သွားသော ဝေါလတာအူးဗရစ်၏ နေရာကို ဆက်ခံသည့် အဲရစ်ဟွန်နက်ကာဖြစ်သည်။



အကျယ်အဝန်း။	။၎၀,၆၎၆ စတုရန်းမိုင်
လူဦးရေ။	။၁၆,၇၂၀,၀၀၀(၁၉၈၀)
မြို့တော်။	။ဘာလင်မြို့

အနောက်ကျမန်နယ်၏ အနောက်ပိုင်း ဆားနယ်တွင် ၁၉၁၂ ခုနှစ်ကမွေးဖွားသည့်မစ္စတာဟွန်နက်ကာသည်၁၉၂၂ ခုနှစ်တွင် ရှေ့ဆောင်ကွန်မြူနစ် လူငယ်အဖွဲ့တွင် ပါဝင်ပြီး ၁၉၂၉ ခုနှစ်တွင် ကွန်မြူနစ်ပါတီဝင်ဖြစ်လာသည်။ ဖက်ဆစ်နာဇီအစိုးရ၏ထောင်မှ ၁၉၄၅ ခုနှစ်တွင် လွတ်မြောက်ပြီး လွတ်လပ်သော ကျမန်လူငယ်အသင်းကို တက်တက်ကြွကြွ ထူထောင်ခဲ့သည်။ မစ္စတာအူးဗရစ်နှင့်အတူ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ကာ ၁၉၇၁ ခုနှစ်တွင် နိုင်ငံသမ္မတအဖြစ် တာဝန်ယူခဲ့သည်။

လူတိုင်းအလုပ်လုပ်နိုင်ခွင့်ရှိသည်။ စက်ရုံအလုပ်ရုံများကို ပြည်သူပိုင်သည်ဆိုသော ပါတီမူဝါဒဖြင့် ကုန်ထုတ်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နေသောနိုင်ငံ ဖြစ်သည်။ ဂျီဒီအာနိုင်ငံသည် ၁၉၇၈ ခုနှစ်တွင် တန် ၄၀၆,၀၀၀ ချိန်ရှိသည့်ကုန်တင်သင်္ဘော ၅၈ စင်းကို တည်ဆောက်နိုင်ခဲ့သည်။

ဗော်လတစ် ပင်လယ်ကမ်းခြေရှိ ရော့စတော့၊ စထရာဆန်နှင့် စီစမာမြို့များတွင် ခေတ်မီ သဘော်ကျင်းများကို တည်ဆောက်ခဲ့သည့်အပြင် ဘို့ငင်းဘတ်၊ ရော့စတော့ စသည်နယ်မြေများတွင် ပြည်တွင်း သဘော်ကျင်းကိုလည်း တည်ဆောက်လုပ်ကိုင်လျက်ရှိလေသည်။

ဆိုဗီယက်ယူနီယံအတွက် သဘော်များတည်ဆောက်ပေးရသည့်အပြင် အိန္ဒိယ၊ နော်ဝေနှင့် ပြင်သစ်နိုင်ငံအတွက်လည်း ကုန်သဘော်နှင့် ငါးဖမ်းသဘော်များကို တည်ဆောက်ပေးနေရသော နိုင်ငံဖြစ်သည်။

၁၉၆၇ ခုနှစ်မှစတင်ခဲ့သော အင်တာကော့စမော့ခေါ် နိုင်ငံစုံ အာကာသသုတေသနလုပ်ငန်းတွင် ဆိုဗီယက်ပြည်ထောင်စု၏ အကူအညီဖြင့် ပူးပေါင်း သုတေသနပြုခဲ့သူ အရှေ့ဂျာမန်အမျိုးသား အာကာသသုတေသီ ဆစ်ဂမန် ဂျေးသည် ဆိုဗီယက်အာကာသယာဉ်မှူး ဗလာရီဘိုင်ကော့စကီနှင့်အတူ ဆိုယူ ၃၁ ဖြင့် ကမ္ဘာပတ်လှည့်လည်နိုင်ခဲ့လေသည်။ ဆိုယူ ၃၁ သည် အာကာသဘူတာစခန်းဖြစ်သော ဆားလျု. ၆ နှင့် ချိတ်ဆက်သုတေသနပြုအပြီး အစီအစဉ်အတိုင်း မြေပြင်သို့ချောမောစွာ သက်ဆင်းနိုင်ခဲ့လေသည်။

အရှေ့ဂျာမနီနိုင်ငံသည် သိပ္ပံပညာရပ်တွင် ထူးခြားအောင်မြင်သကဲ့သို့ အားကစားလောကတွင်လည်း အောင်မြင်မှုအများဆုံး ရရှိခဲ့သည်။

၁၉၆၈ ခုနှစ် မက္ကဆီကိုအိုလင်းပစ်တွင် အရှေ့ဂျာမနီအားကစားသမားအဖွဲ့သည် စတုတ္ထနေရာကိုရခဲ့သည်။ ၁၉၇၂ ခုနှစ်မြူးနစ်အိုလင်းပစ်တွင် တတိယနေရာသို့တက်လာနိုင်ကာ ၁၉၇၆ ခုနှစ် မွန်ထရီယယ်အိုလင်းပစ်၌တတိယနေရာကို ပြန်လည်ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ် မော်စကိုအိုလင်းပစ်၌ ဒုတိယနေရာသို့ တက်ရောက်နိုင်ခဲ့လေသည်။ အထူးသဖြင့် အမျိုးသမီးရေကူးပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပွဲ၌ ပို၍ထူးချွန်ခဲ့ကြသည်။

စီးပွားရေး နိုင်ငံရေးစနစ်ချင်းမတူသော အနောက်ဂျာမနီနှင့် ရေမြေဆက်လျက်ရှိသော နိုင်ငံဖြစ်သည့် အလျောက် ကာကွယ်ရေးအင်အားကိုလည်း လျှော့မထားခဲ့ပေ။ စီးပွားရေးတွင် စီမီးယားခေါ် စီးပွားရေးအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင် ဖြစ်သကဲ့သို့ ကာကွယ်ရေး၌ ဝါဆောစာချုပ်ဝင် နိုင်ငံဖြစ်လေသည်။

အရှေ့ဂျာမနီနိုင်ငံသည် ဝါဆောစာချုပ်ဝင် နိုင်ငံများနှင့် အထူးရင်းနှီးစွာ ဆက်ဆံသကဲ့သို့ အနောက်ဂျာမနီနိုင်ငံနှင့်လည်း ချစ်ကြည်စွာဆက်ဆံရေးမူများကို ချမှတ်ထားရှိလေသည်။

သို့ရာတွင် ဘာလင်တံတိုင်းကို ကျော်ဖြတ်၍ ဖြစ်ပွားသော ပစ်ခတ်မှုများကြောင့် လည်းကောင်း၊ လျှို့ဝှက်စုံထောက် (သူလျှို) များစေလွှတ်ပြီး သတင်းယူကြသော အမှုများကြောင့်လည်းကောင်း၊ အစိုးရနှင့် သဘောထား မညီ၍ ထွက်ပြေးပြောင်းရွှေ့ ခိုလှုံကြသူတို့ကြောင့် လည်းကောင်း မကြာခဏ ပဋိပက္ခဖြစ်ခဲ့ကြရလေသည်။

ဖမ်းဆီးထားခြင်းခံရသူ အကျဉ်းသားများကို အပြန်အလှန် အလဲအလှယ်ပြု၍ ထိုမကျေနပ်မှုများကို လျှော့နည်းစေခဲ့ကြသည်။ ၁၉၇၅ ခုနှစ်က ထောင်ဒဏ် ၁၃ နှစ် အပြစ်ပေးခံရသော အရှေ့ဂျာမန် အထောက်တော် ဂီလွန်း ၏ဇနီး၊ ခရစ္စတယ်ဂီလွန်းကို အနောက်ဂျာမနီ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သဖြင့် အရှေ့ဂျာမနီတွင်ဖမ်းဆီးခြင်းခံရသော အနောက်ဂျာမန်သတင်းစာဆရာ ပီတာဗဲလတင်းကို ဆိုင်ရာမှလွှတ်ပေးခဲ့လေသည်။

ဂီလွန်းဇနီးမောင်နှံသည် ဝန်ကြီးချုပ် ဝီလီဗရန့်ထုတ်မှုနှုတ်ထွက်ခဲ့စေရအောင် ဖန်တီးသူများဖြစ်သည်ဟု စွဲချက်အတင်ခံရသူများ ဖြစ်သည်။

ချော်ဒန်နိုင်ငံ။ ။အာရေဗျ သဲကန္တာရ ကျွန်းဆွယ်ကြီး၏ အနောက်မြောက်ဖျားတွင်ရှိသော ချော်ဒန် နိုင်ငံသည် မြေထဲပင်လယ်နှင့် နီးကပ်နေသော်လည်း အက္ကဘာမြို့ပင်လယ်သဘော်ဆိပ်ကမ်းမြို့ တမြို့သာရှိသည်။ ထိုမြို့မှာ ပင်လယ်နီဘက်တွင်ဖြစ်သည်။

ထိုဆိပ်ကမ်းသည် ၁၉၀၀ ပြည့်နှစ် စက်တင်ဘာလတွင် ဖြစ်ပွားသော အီရန်၊ အီရတ်စစ်ပွဲ၌ အလွန်အရေးပါအရာရောက်သော ဆိပ်ကမ်း ဖြစ်လာသည်။ အီရတ်နိုင်ငံ၏ တောင်ဘက် သဘော်ဆိပ်ကမ်းများသည် အီရန်အုပ်စီးထားသော ဟောမုတ်ရေလက်ကြားကို အဝင်အထွက်ခက်သောကြောင့် ဘေးကင်းသော အက္ကဘာ ဆိပ်ကမ်းကို အသုံးပြုရလေသည်။



အကျယ်အဝန်း။	။၃၇,၂၉၇ စတုရန်းမိုင်
လူဦးရေ။	။၃,၂၀၀,၁၀၀(၁၉၈၁)
မြို့တော်။	။အမ်မန်မြို့

အီရန်၊ အီရတ်စစ်တွင် ကျော်ဒန်ဘုရင်ဟူစိန်သည်အီရတ်ဘက်မှ ရပ်တည်ပြီး အားပေးကူညီသည်။ ကျော်ဒန်စစ်တပ်မျှားသည် အီရတ်ပြည်တွင်း မြို့ပြကြီးကြပ်ရေးတာဝန်မျှားကို ယူပေးသည်အထိကူညီခဲ့သည်ဟုသတင်းဖြစ်ပွားခဲ့သည်။



ကျော်ဒန်နိုင်ငံ အမ်မန်မြို့တော်သို့ ရောက်ရှိခဲ့သော ဆော့ဒီအာရေဗျ မင်းသား အဗ္ဒူလာအား ကျော်ဒန်ဘုရင် ဟူစိန်နှင့် အတူ တွေ့ရပုံ

ကျော်ဒန်ဘုရင်ဟူစိန်၏ဝမ်းကွဲညီအစ် ကိုတော်သူအီရတ်ဘုရင် ဒုတိယမြောက် ဖိုက်ဇယ်သည် ၁၉၅၈ ခုနှစ်အီရတ်စစ်တပ်၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသဖြင့် ကျော်ဒန်နှင့် အီရတ်တို့ အဆင်မပြေဖြစ်ခဲ့ကြပူးသည်။ယခုမူ သဘောထား ပြောင်းသွားပြီး အီရတ်ဘက်သို့အထင်အရှား လိုက်ပါကူညီခဲ့လေသည်။

အီရန်၊ အီရတ်စစ်ပွဲအတွင်း အကြဘာနှင့် အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်၏ ဆက်သွယ်ရေး လမ်းကြောင်း ပွင့်ပြီး ပွဲပြိုးလာသောအခါ ကျော်ဒန် ပြည်သူမျှား အထူးသဖြင့် ကုန်သည်မျှားသည် ဝင်ငွေတိုးလာကြသည်။

အီရန်၊ အီရတ် စစ်ရပ်စဲရေးအတွက် ကျော်ဒန်နိုင်ငံ အမ်မန်မြို့တော်၌ ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ အာရပ်အပစ်ချုပ် ထိပ်သီးအစည်းအဝေး ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ ဆီးရီးယား၊ လစ်ဗျ၊ လက်ဗနွန်၊ တောင်ယေမင်၊ အယ် ဂျီးရီးယား နှင့် ပါလက်စတိုင် လွတ်မြောက်ရေး အဖွဲ့တို့ မတက်ရောက်ခဲ့ကြပေ။

ဤတွင် ဆီးရီးယားနှင့် ကျော်ဒန်တို့၏ သဘောကွဲလွဲမှုသည် ပို၍ကြီးထွားလာလေသည်။ ဆီးရီးယားတပ်သား ၂၀,၀၀၀ နှင့် တင်ကား ၃၀၀ ခန့်ကို နှစ်နိုင်ငံနယ်စပ်သို့ ဆီးရီးယားသမ္မတ အာဆတ်က ပို့ထားလိုက်သည်။ ကျော်ဒန်ဘုရင်ကလည်း တင်ကားမျှား၊ လေယာဉ်ပစ်အမြောက်မျှားပါဝင်သောတပ်သား အင်အား၁၂,၀၀၀ရှိ သံချပ်ကာတပ်မဟာတခုကို ရင်ဆိုင်ချရပ်ထားလိုက်လေသည်။

ဆော့ဒီအာရေဗျအစိုးရသည် အာရပ်နိုင်ငံမျှား ရန်မီးမပွားရေးအတွက် ဝင်ရောက်ကြိုးပမ်းဆောင်ရွက်သောအခါ ဆီးရီးယားတပ်အချို့ ပြန်လည်ဆုတ်ခွာသွားသည်။

ဆီးရီးယား နိုင်ငံအတွင်း၌ အစိုးရ ဆန့်ကျင်ရေးလုပ်ဆောင်နေသော မူဆလင် သွေးရင်းသားရင်းများ အဖွဲ့ကို ကျော်ဒန်အစိုးရက အားပေးအားမြှောက် ပြုနေသည်ဟု ဆီးရီးယားသမ္မတ အာဆတ်က စွပ်စွဲသည်။ ကျော်ဒန်ဘုရင် ဟူစိန်က ထိုစွပ်စွဲချက်ကို ငြင်းဆိုသည်။ နှစ်နိုင်ငံအစိုးရအချင်းချင်း အသင့်အတင့် ပြေလည်မှုရှိလာစဉ် လက်ဗနွန်နိုင်ငံ ဘေရွတ်မြို့ရှိ ကျော်ဒန်သံရုံးကို ဆီးရီးယားလိုလားသော ပါလက်စတိုင်ပြောက်ကျားတို့က ဝင်စီးကာ တာဝန်ခံသံမှူး ဟစ်ဇ္ဈမ်မိုတေဆင်းကို ပြန်ပေးဆွဲသွားသည်။

သံရုံးကိုဝင်စီးထား၌ ကျော်ဒန်အစောင့်တပ်သား တဦးနှင့် လက်ဗနွန်အမျိုးသားတဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသည်။ ကျော်ဒန်ဘက်သို့ ဘက်ပြောင်း ခိုလှုံသွားသော

ဆီးရီးယား လေယာဉ်မှူး နှစ်ဦးကို ပြန်လည်ပေးအပ်မှ ဂျော်ဒန် တာဝန်ခံသံမှူးကို လွှတ်ပေးမည်ဟု ပြောက်ကျားတို့ကတောင်းဆိုသည်။ ဆီးရီးယား၊ ဂျော်ဒန် အငြင်းပွားမှုတွင် ဂျော်ဒန် နိုင်ငံ ကို အာ မေ ရိ ကန် ပြည် ထောင် စု က ထောက်ခံသည်။

ဂျော်ဒန်၊ ဆီးရီးယား ဆက်ဆံရေး မပြေလည်ဖြစ်နေစဉ် ဂျရွူးဆလမ်း အရေးကြောင့် ဂျော်ဒန် အစိုးရနှင့် ပြည်သူတို့မှာ ဝမ်းနည်းမဆုံးရှိခဲ့ရသည်။

ဂျရွူးဆလမ်းမြို့ အရှေ့ပိုင်းနှင့် ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းကို ၁၉၆၇ ခုနှစ် စစ်ပွဲ၌ လက်လွှတ်ခဲ့ရသူသည် ဂျော်ဒန်ဘုရင်ဖြစ်သည်။ အီဂျစ်နိုင်ငံသည် ဆိုင်းနိုင်းဒေသ၏တစိတ်တပိုင်းကို ပြန်ရနေစဉ် ဂျော်ဒန်ဘုရင်သည် မိမိပိုင်နယ်မြေတို့ကို စွန့်လွှတ်ထားရဆဲပင်ဖြစ်လေသည်။

ဂျရွူးဆလမ်း တမြို့လုံးသည် အစ္စရေးနိုင်ငံ၏ ခွဲခြားမရသော တစည်းတလုံးတည်းဖြစ်သည့် မြို့တော်အဖြစ် အစ္စရေး လွှတ်တော်က ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းလိုက်လေသည်။ ယင်း ပြုမူချက်သည် ဂျော်ဒန်နိုင်ငံကို တိုက်ခိုက် ထိုးနှက်လိုက်ခြင်း ဖြစ်သည်။ အစ္စရေး အစိုးရ၏ လုပ်ဆောင်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကန့်ကွက် ခဲ့ သည်။ ထိုဆုံးဖြတ်ချက်တွင် အမေရိကန်ပြည်ထောင်စုက မဲမပေးပဲ ကြားနေခဲ့သည်။

ဂျော်ဒန်နိုင်ငံ အမှန်မြို့တော်၌ ဇူလိုင်လ ၁၂ ရက်နေ့တွင်ပြုလုပ်သော အစ္စလာမ် နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးကလည်း အစ္စရေး၏ ပြဋ္ဌာန်းချက်ကို အပြင်းအထန် ကြိုတင် ကန့်ကွက်ကြသည်။ အာရပ် အဖွဲ့ချုပ်ကလည်း အလားတူပင် ကန့်ကွက်ခဲ့လေသည်။

စပိန်နိုင်ငံ။ ။ဗိုလ်ချုပ်ကြီးဖရန်ကို၏ အရိုက်အရာကို ဆက်ခံသော ဘုရင်ဝှမ်ကာလို့သည် ဒီမိုကရေစီနည်းအရ အုပ်ချုပ်စီမံသည့် စနစ်ဖြစ်သည့် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ပါဝင်သည့် ကောတေး ဥပဒေပြုလွှတ်တော်ရွေးပွဲကို ၁၉၇၇ ခုနှစ် ဇွန်လ ၁၅ ရက်နေ့၌ ကျင်းပပေးခဲ့လေသည်။

ထိုရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ဆင်တာယူနီယံ (ယူစီဒီ)ပါတီ၊ ဆိုရှယ်လစ်အလုပ်သမားများပါတီ၊ စပိန်ကွန်မြူနစ်ပါတီ၊ ဖက်ဆစ်ယူနီယံ နေရှင်နယ်ပါတီနှင့် အခြား

အကျယ်အဝန်း။	။၁၉၄,၈၅၅ စတုရန်းမိုင်
လူဦးရေ။	။၃၇,၅၇၅,၀၀၀ (၁၉၈၁)
မြို့တော်။	။မက်ဒရစ်မြို့



သောလက်ဝဲပါတီအများအပြားပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့ကြရာ ယင်းရွေးကောက်ပွဲတွင် ယူစီဒီ လက်ယာပါတီအနိုင်ရသဖြင့် ခေါင်းဆောင် အဒေါ့ဖိုဆွာရက်က ဝန်ကြီးချုပ်အဖြစ် အစိုးရဖွဲ့ပြီး အုပ်ချုပ်သည်။

ယင်းသို့ စီမံပြောင်းလဲမှုများ ပြုလုပ်သော်လည်း ဗက်ပြည်နယ်သားအချို့က မကျေနပ်ကြပေ။ ဗက်ပြည်ကို စပိန်လက်အောက်မှ ခွဲထုတ်ကာ မာ့ဆစ်နိုင်ငံ ထူထောင်လိုသူတို့က အကြမ်းဖက် ဆန္ဒပြတောင်းဆိုခဲ့ကြရာ ၁၉၇၈ ခုနှစ်တွင် အစိုးရဝန်ထမ်းနှင့် ပုလိပ်ဝန်ထမ်း ၉၃ ဦးထက်မနည်း သေဆုံးခဲ့သည်။

ဘုရင်ဝှမ်ကာလို့ နှင့် ဝန်ကြီးချုပ် ဆွာရက်အစိုးရသည် မိမိတို့ကတိပေးထားသည့်အတိုင်း စပိန်ပြည်အရှေ့မြောက်ပိုင်းရှိ ဗက်ပြည်နယ်ကို ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရသောနယ်မြေ အဖြစ် ကြေငြာသည်။

သို့ကြေငြာသည်ကို အယူမသည်းသော ဗက်ပြည်သူအချို့က လက်ခံသော်လည်း အချို့သော တယူသန်သမားတို့က လက်မခံကြပေ။ ဆက်လက်၍ အကြမ်းဖက် သတ်ဖြတ်ကြသည်။

လုံးဝလွတ်လပ်ရေးကိုလိုလားသော ဗက်အမျိုးသားတို့သည် မြေပေါ်မြေအောက်နည်းမျိုးစုံဖြင့် အစိုးရကို ဆန့်ကျင်ကြသည်။ ချောင်းမြောင်း ပစ်ခတ်မှုများ ကျူးလွန်လာကြသည်။ ၁၉၇၉ ခုနှစ်တွင် နိုင်ငံရေးအကြမ်းဖက်မှုကြောင့် လူ ၁၂၀ ဦး သေဆုံးသည်။ ထို ၁၂၀ ဦးအနက် လူ ၁၁၀ သည် ဗက်ပြည်နယ်အတွင်း၌ ပစ်သတ်ခံရခြင်းဖြစ်သည်။

လက်ရှိဆွာရက်အစိုးရကို အကြမ်းဖက် ဖြုတ်ချလိုသော လက်ယာဝါဒီများ ပေါ်ထွက်လာသည်။ ဆွာရက် အစိုးရ

ကိုဖြုတ်ချရန် ကြံစည်မှုကို ၁၉၇၈ ခုနှစ် နိုဝင်ဘာလက ကြိုတင်သိရှိရသဖြင့် ဖြိုခွင်းနိုင်ခဲ့သည်။

၁၉၇၉ ခုနှစ် မတ်လ ၁ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲကို ကျင်းပသည်။ ဗိုလ်ချုပ်ကြီး ဖရန်ကိုမရှိသည့် နောက်တွင် စတုတ္ထအကြိမ်မြောက် ပြုလုပ်သော ရွေးကောက်ပွဲဖြစ်ပြီး ပြည်သူတို့ ပြဋ္ဌာန်းသော အခြေခံဥပဒေ သစ်အရ ပထမဦးဆုံးပြုလုပ်သည့် ရွေးကောက်ပွဲကြီးလည်း ဖြစ်သည်။

အောက်လွှတ်တော်အမတ် ၃၅၀၊ အထက်လွှတ်တော် အမတ် ၂၀၀ ဦးတို့ကို ရွေးရမည်ဖြစ်ရာ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် ယူစီဒီပါတီက ၁၆၀ နေရာ၊ ဆိုရှယ်လစ်ပါတီက ၁၂၁ နေရာနှင့် ကွန်မြူနစ်ပါတီက ၂၃ နေရာ အသီးသီးရရှိခဲ့လေသည်။

အမတ်အများဆုံးရရှိသော မစ္စတာဆွာရက်သည် ဝန်ကြီးများအဖွဲ့ဖွဲ့၍ နိုင်ငံကို ဆက်လက်၍ အုပ်ချုပ်ခဲ့လေသည်။

မစ္စတာဆွာရက်သည် ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီတို့နှင့် ပူးပေါင်းဆောင်ရွက်သဖြင့် ၁၉၇၈ ခုနှစ်တွင် စီးပွားရေးအခြေအနေကောင်းခဲ့သည်။ ၁၉၇၇ ခုနှစ်တွင်ငွေဖောင်းပွမှုထွန်းသည် ၂၆ ဒသမ ၄ ဖြစ်ရာ ၁၉၇၈ ခုနှစ်တွင် ၁၆ ဒသမ ၅ သို့ လျော့ကျသွားသည်။ ၁၉၇၉ ခုနှစ်တွင်လည်း ငွေဖောင်းပွမှုကို ထိန်းချုပ်နိုင်ခဲ့သည်။နိုင်ငံ၏ ပြည်ပအရောင်းအဝယ်ငွေစာရင်းမှာလည်း မျှမျှတတရှိနေသည်။ သို့ရာတွင် အလုပ်လက်မဲ့ဦးရေသည် ၁၉၇၈ ခုနှစ်က တသန်းရှိပြီး ၁၉၇၉ ခုနှစ်တွင် အနည်းငယ်ပိုလာသောကြောင့် အလုပ်လုပ်နိုင်စွမ်းရှိသူ လူအင်အား၏ ၁၀ ရာနှုန်းသည် အလုပ်လက်မဲ့ဖြစ်နေကြသည်။ ပြည်ပသို့ထွက်၍ အလုပ်ရှာသူအရေအတွက်တိုးလာသည်။

စာပေဗိမာန် စာပေနှိုးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲများ။ ။ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊ စာပေဗိမာန်အဖွဲ့မှကြီးမှူး၍ စာပေနှိုးနှောဖလှယ်ပွဲများနှင့် စာတမ်းဖတ်ပွဲများကို ၁၉၆၅ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပပေးခဲ့သည်။

စာပေဗိမာန်အဖွဲ့သည် ၁၉၆၅ ခုနှစ်မှ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလအထိ စာပေနှိုးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲပေါင်း ၁၃ ခုကို ကျင်းပပေးခဲ့ပြီးဖြစ်သည်။ စာပေနှိုးနှောဖလှယ်ပွဲများတွင် သက်ဆိုင်ရာ စာတမ်းရှင်က စာတမ်းဖတ်ကြားတင်သွင်းပြီးနောက် တက်ရောက်လာသော စာပေပညာရှင်များ၊ စာပေလုပ်သားများသည် စာတမ်းရှင်တင်သွင်းသွားသော စာတမ်းအပေါ် ဝေဖန် အကြံပြု ချက်များကို လူကိုယ်တိုင် စင်မြင့်ပေါ် သို့တက်၍ ဆွေးနွေးနိုင်ခွင့်ရှိသည်။ ယင်းဝေဖန်ဆွေးနွေးချက်များကို သက်ဆိုင်ရာစာတမ်းရှင်က ပြန်လည်ဖြေကြား ဆွေးနွေးရသည်။ စာတမ်းဖတ်ပွဲများတွင်မူ တက်ရောက်လာသည့် ပုဂ္ဂိုလ်များကိုယ်တိုင် စင်မြင့်ပေါ် သို့တက်၍ ဆွေးနွေးခြင်းကို ခွင့်မပြုပေ။ တင်သွင်းသည့် စာတမ်းနှင့် ပတ်သက်၍ ဝေဖန်ဆွေးနွေးမေးမြန်းလိုလျှင် စာတမ်းဖတ်ပွဲအဖွဲ့မှ သတ်မှတ်ထားသော ပုံစံစာရွက်ပေါ် တွင် စာဖြင့်ရေးသား၍ ဆွေးနွေးမေးမြန်းနိုင်လေသည်။

စာပေနှိုးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲများတွင် ယင်းတို့ကဲ့သို့ စာတမ်းများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် စုစည်း၍ စာပေဗိမာန်အဖွဲ့မှ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသည်။

၁၃ ကြိမ်မြောက် စာပေနှိုးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲအဖြစ် ဝတ္ထုရှည် စာတမ်းဖတ်ပွဲကို ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှ ၂၇ ရက်နေ့အထိ ရန်ကုန်မြို့၊ မြို့တော်ခန်းမတွင်ကျင်းပခဲ့သည်။ စာရေးဆရာခြောက်ဦးက ဝတ္ထုရှည်စာတမ်းခြောက်စောင်ကို တနေ့လျှင် နှစ်စောင်ကျ ဖတ်ကြားတင်သွင်းလေသည်။

ဝတ္ထုရှည် စာတမ်းဖတ်ပွဲ ပထမနေ့ နံနက်ပိုင်းတွင် ဝတ္ထုရှည်ဟူသည်မှာ စာတမ်းကို စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်က လည်းကောင်း၊ မွန်းလွဲပိုင်းတွင် သမိုင်းနောက်ခံ မြန်မာဝတ္ထုရှည် စာတမ်းကို စာရေးဆရာ ပါရဂူကလည်းကောင်း ဖတ်ကြားတင်သွင်းသည်။

ဒုတိယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြား ဝတ္ထုရှည် စာတမ်းကို စာရေးဆရာ ထင်လင်းက လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဘဝသရုပ်ဖော် မြန်မာဝတ္ထုရှည် စာတမ်းကို စာရေးဆရာ မောင်ထင်က လည်းကောင်း ဖတ်ကြားတင်သွင်းသည်။

နောက်ဆုံးနေ့ နံနက်ပိုင်းတွင် မြန်မာဝတ္ထုရှည်သမိုင်း စာတမ်းကို စာရေးဆရာ တက္ကသိုလ် ဝင်းမွန်က လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကလေးလူငယ် ဝတ္ထုရှည် စာတမ်းကို စာရေးဆရာ ဂယက်နီကလည်းကောင်း ဖတ်ကြားတင်သွင်းခဲ့လေသည်။

စာပေဗိမာန် စာမူဆု (၁၉၇၉)။ ။စာပေနှင့် မြန်မာ့ယဉ်ကျေးမှု အားပေးမြှင့်တင်ရေးအတွက် ၁၉၄၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ စာပေဗိမာန်ဆုကို နှစ်စဉ်ချီးမြှင့်ခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်း မပြုရသေးသည့် စာပေလုပ်သားတို့၏ ကောင်းမွန်ပြောင်မြောက်သော စာမူများကို စာအုပ်အဖြစ်ထုတ်ပေါ်လာစေ

ရန်နှင့် ယင်းစာအုပ်တို့ကို အမျိုးသား စာပေဆုအတွက် စဉ်းစားနိုင်ရန်ရည်သန်၍ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊စာပေဗိမာန် အဖွဲ့က စာပေဗိမာန်စာမူဆုကို တီထွင်၍ စာမူများကို ပြိုင်ပဲ့ကျင်းပကာ ဆုချီးမြှင့်ခဲ့သည်။ စာပေဗိမာန်စာမူဆုကို ၁၉၆၉ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ရာ ၁၉၇၉ နှစ်တွင် ၁၁ ကြိမ် တိုင်ခဲ့ပြီ ဖြစ်လေသည်။

၁၉၇၉ ခုနှစ် စာပေဗိမာန်စာမူဆု ပြိုင်ပဲ့၌ လက်ခံရရှိသည့် စာမူစုစုပေါင်းမှာ ၁၄၉ စောင်ဖြစ်သည်။ ယင်း စာမူများအနက် ၁၉၇၉ ခုနှစ် စာပေဗိမာန် စာမူဆုချီးမြှင့် ခြင်းခံရသည့် စာမူများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

(၁) ဝတ္ထုရှည်ဆု
ပထမဆု
အရိပ်မဲ့ပန်း – ရေးသူ မျိုးသူရ (စစ်ကိုင်း)
ဒုတိယဆု
ပြုံးပန်းဝေဝေဆာ – ရေးသူ ခင်စမ်းနွယ် (သမိုင်း)
တတိယဆု
ရေဆန်လမ်းမှိုပန်းလှပြီ – ရေးသူ တက္ကသိုလ် မွန်ဦး

(၂) ဝတ္ထုတိုပေါင်းချုပ်ဆု
ပထမဆု
ဆရာမုန်း–ရေးသူ ကြူရတနာ မောင်မြကြိုင်
ဒုတိယဆု
သဲငွေသောင်ယံ၊ မိုးလင်းနှင့်
တောင်ရိုးသား ဝတ္ထုတိုများ– ရေးသူ ပြည်ပန်းမိုး
တတိယဆု
ယနေ့၊ မနေ့ကနှင့်မနက်ဖြန်–ရေးသူ ဦးဦးသန်းထွန်း

(၃) စာပဒေသာဆု
ဒုတိယဆု
ခရီးကြမ်းကြမ်း ဓလေ့ဆန်းဆန်း – ရေးသူ မနုဿ ကျော်ဝင်း

(၄) ဘာသာပြန်စာပေဆု
ပထမဆု
စာဖတ်လိုသော် – ဘာသာပြန်သူ ဦးသောင်းငွေ

(၅) လူငယ်စာပေဆု
ဒုတိယဆု
တောသားလေးဖိုးတိုး – ရေးသူ မြေရိုင်း
တတိယဆု
ရဲဘော် သာအေး – ရေးသူ ခင်မောင်ဝေ (ရွှေမိုင်း)

(၆) သုတပဒေသာ (ဝိဇ္ဇာပညာရပ်)
ဒုတိယဆု
ရှေးခေတ်မြန်မာ အဝတ် အထည် များ – ရေးသူ မောင်ပုဆိုးကြမ်း

(၇) သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)
ဒုတိယဆု
အခြေခံ လျှပ်စစ်သိမှတ်ဖွယ်ရာ – ရေးသူ မောင်ဇင်ယော်

စာပေလုပ်သားအဖွဲ့။ ။ပြည်ထောင်စုမြန်မာ နိုင်ငံတွင် စာရေးဆရာ၊သတင်းစာဆရာစသောစာပေလုပ်သားများကို မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ဖြင့် နိုင်ငံထူထောင်ရာ၌ တတပ်တအား ပါဝင်လာစေရေးနှင့် မြန်မာဆိုရှယ်လစ် လမ်းစဉ် ပါတီ၏ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးခဲ့ကြသည်။ ၁၉၇၀ ပြည့်နှစ် ဧပြီလ အတွင်း၌ ပထမအကြိမ် စာပေလုပ်သား ညီလာခံကို ခေါ်ယူကျင်းပခဲ့ပြီး အဖွဲ့ဝင် ၁၇ ဦး ပါဝင်သည့် စာပေလုပ်သားအဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။ စာပေလုပ်သားအဖွဲ့နှင့်အတူ စာရေးဆရာအဖွဲ့ခွဲ၊ သတင်းစာဆရာအဖွဲ့ခွဲတို့ကိုလည်း ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းနှင့် အညီ တပါတည်း ဖွဲ့စည်းပေးနိုင်ခဲ့သည်။

စာပေလုပ်သားအဖွဲ့ ပေါ်ပေါက်လာရေးအတွက် ၁၉၆၆ ခု ဒီဇင်ဘာလ ၁ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက အဖွဲ့ဝင် ၁၄ ဦး ပါဝင်သော စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၇၆ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက စာပေလုပ်သား ဖြစ်မြောက်ရေးကော်မတီအစား စာပေလုပ်သား စည်းရုံးရေးကော်မတီကို အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။ ထို့နောက် ၁၉၇၉ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် စာပေလုပ်သား စည်းရုံးရေး ကော်မတီကို အဖွဲ့ဝင် ၁၈ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့လေသည်။

စာပေလုပ်သား စည်းရုံးရေးကော်မတီသည် ၁၉၇၀ ပြည့်နှစ် ဧပြီလအတွင်း၌ ပထမအကြိမ် စာပေလုပ်သား ညီလာခံကို ခေါ်ယူကျင်းပနိုင်ရေးအတွက် ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် စာပေလုပ်သား ညီလာခံကျင်းပရေး စီမံချက်တရပ်ကိုရေးဆွဲ၍ လုပ်ငန်းစတင်ခဲ့သည်။ ယင်းစီမံချက်အရ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် အဖွဲ့ဝင် ၅၁ ဦး ပါဝင်သော ပထမအကြိမ် စာပေလုပ်သား ညီလာခံ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။ ညီလာခံ ကော်မရှင်တွင် အဖွဲ့ဝင် ၂၁ ဦး ပါဝင်

သော အလုပ်အမှုဆောင်အဖွဲ့နှင့် ညီလာခံ လုပ်ငန်းကော်မတီ ခြောက်ရပ်တို့ ပါဝင်ခဲ့လေသည်။

ထို့နောက် မြို့နယ်စာပေလုပ်သား ပုံမှန်အစည်းအဝေးကျင်းပရေးကော်မရှင်များကို ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ ဖွဲ့စည်းပေးခဲ့သည်။ ကော်မရှင်များ ဖွဲ့စည်းပြီးသောအခါ စာပေလုပ်သားအဖွဲ့ ဖွဲ့စည်းနိုင်သော မြို့နယ် ၈၃ မြို့နယ်တွင် ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၁၀ ရက်နေ့အတွင်း မြို့နယ်စာပေလုပ်သား ပုံမှန်အစည်းအဝေးများ ကျင်းပပေးခဲ့သည်။ ထိုအစည်းအဝေးများ၌ မြို့နယ်အလုပ်အမှုဆောင်များ ရွေးချယ် တင်မြှောက်ခြင်း၊ စာရေးဆရာနှင့် သတင်းစာဆရာအဖွဲ့ခွဲ ကိုယ်စားလှယ်များ ရွေးချယ်ခြင်း၊ စာပေလုပ်သားအဖွဲ့ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို ပြင်ဆင်ရန် အကြံပြုဆွေးနွေးခြင်းစသည့် လုပ်ငန်းများကိုပြုလုပ်ခဲ့သည်။

အခြေခံ စည်းမျဉ်းမူကြမ်းနှင့်အတူ စာပေလုပ်သားအဖွဲ့ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ ရွေးချယ်တင်မြှောက်ပုံ နည်းစနစ်များ၊ ဘဏ္ဍာရေး စည်းမျဉ်းများကိုလည်း မူကြမ်းရေးဆွဲ၍ တင်ပြကာ မြို့နယ်စာပေလုပ်သား ပုံမှန်အစည်းအဝေးများတွင် အကြံပြု ဆွေးနွေးဝေဖန် စေခဲ့လေသည်။

ထိုအကြံပြုချက်များကို ၁၉၈၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့နှင့် ၅ ရက်နေ့တွင် ကျင်းပသောညီလာခံ၌ စာရေးဆရာအဖွဲ့ခွဲ ပုံမှန်မျက်နှာစုံညီ အစည်းအဝေးတို့မှ ထောက်ခံအတည်ပြုသောဆုံးဖြတ်ချက်များနှင့်အတူ ဆွေးနွေးလက်ခံအတည်ပြုခဲ့ကြသည်။

ပထမအကြိမ် စာပေလုပ်သား ညီလာခံသို့ မြို့နယ်စာပေလုပ်သားအဖွဲ့ ၈၃ ဖွဲ့မှ စာရေးဆရာ ကိုယ်စားလှယ် ၃၅၃ ဦးနှင့် သတင်းစာဆရာ ကိုယ်စားလှယ် ၁၆၅ ဦး တက်ရောက်ခဲ့သည်။ စာပေလုပ်သား စည်းရုံးရေး ကော်မတီ ဖွဲ့စည်းထားသော ၃၄ မြို့နယ် မှ လေ့လာသူ ၃၄ ဦး တက်ရောက်ခဲ့လေသည်။

စာပေလုပ်သား ညီလာခံပြီးစီးသည့် နောက်ပိုင်းတွင် စာရေးဆရာ ၈၄ ဦး၊ သတင်းစာဆရာ လေးဦးတို့ကို ထပ်မံလက်ခံခဲ့ရာ စာပေလုပ်သားအဖွဲ့တွင် အဖွဲ့ဝင်အင်အားသည် စာရေးဆရာအဖွဲ့ဝင် ၂,၇၁၆ ဦး၊ သတင်းစာဆရာအဖွဲ့ဝင် ၈၆၁ ဦး စုစုပေါင်း ၃,၅၇၇ ဦး ရှိနေပြီ ဖြစ်လေသည်။

စီးပွားရေး အပြန်အလှန်ကူညီမှု အဖွဲ့(စီးမီးယား)။ စီးမီးယား ခေါ် စီးပွားရေး အပြန်အလှန်ကူညီမှုအဖွဲ့၏ သက်တမ်းသည် ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၃၁ နှစ် ပြည့်မြောက်သွားပြီ ဖြစ်သည်။ ဤအဖွဲ့သည် ဆိုရှယ်လစ်နိုင်ငံများ၏ တခုတည်းသော နိုင်ငံတကာ စီးပွားရေးအဖွဲ့ပင်ဖြစ်သည်။စီးမီးယားအဖွဲ့ကို ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဗူလဂေးရီးယား၊ ဟန်ဂေရီ၊ ပိုလန်၊



ရန်ကုန်မြို့တွင် ကျင်းပခဲ့သော ပထမအကြိမ် စာပေလုပ်သားညီလာခံကြီး

ရူမေးနီးယား၊ ချက်ကိုဆလိုဗားကီးယားနှင့် ဆိုဗီယက် ပြည်ထောင်စုတို့မှ ကိုယ်စားလှယ်များသည် မော်စကိုမြို့၌ တွေ့ဆုံစုဝေးကာ စတင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စီးမီးယား အဖွဲ့သည် တန်းတူညီမျှမှု၊ အမျိုးသား အကျိုးစီးပွားကို အပြန်အလှန်လေးစားမှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အကျိုးအမြတ်ကို နှစ်ဦးနှစ်ဘက်အပြည့်အဝခံစားမှုစသော အချက်များအပေါ် အခြေခံကာ ဖွဲ့စည်းထားလေသည်။

အဖွဲ့၏ သက်တမ်း ၃၁ နှစ်ပြည့်မြောက် ချိန်တွင် အဖွဲဝင်အဖြစ် ပါဝင်တည်ရှိနေသော နိုင်ငံများသည် ဆိုဗီယက် ပြည်ထောင်စု၊ ရုရှမေးနီးယား၊ ချက်ကိုဆလိုဗားကီးယား၊ ဗူလဂေးရီးယား၊ ဟန်ဂေရီ၊ ပိုလန်၊ မွန်ဂိုးလီးယား၊ ကျူးဗား၊ ဗီယက်နမ်နှင့် ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံ (အရှေ့ဂျာမနီ) နိုင်ငံ အပါအဝင် စုစုပေါင်း ဆယ်နိုင်ငံဖြစ်လေသည်။

စီးမီးယားအဖွဲ့၏ အဓိက လုပ်ငန်းများသည် ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်း၊ ဓာတုဗေဒနှင့် ရေနံဓာတုဗေဒ လုပ်ငန်း၊ သတ္တု လုပ်ငန်း၊ စက်မှုတပ်ဆင်ရေး လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၊ ပြည်ပ ကုန်သွယ်ရေးလုပ်ငန်း၊ အခြားစီးပွားရေး လုပ်ငန်းများနှင့် သိပ္ပံနှင့် နည်းပညာ ဆိုင်ရာ အကူအညီပေးရေး လုပ်ငန်းများ ဖြစ်လေသည်။

စီးမီးယားအဖွဲ့သည် ဆိုရှယ်လစ် နိုင်ငံ အချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြင့်မားအောင် ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ ကြိုးပမ်း ဆောင်ရွက်ရာဟွင် အဓိက စီးပွားရေး ပြဿနာသည် လောင်စာ စွမ်းအင်နှင့် အခြေခံ ကုန်ကြမ်း ပစ္စည်းများ ရရှိရေးပင် ဖြစ်သည်။

အဖွဲဝင်နိုင်ငံများအတွက် လိုအပ်သော ရေနံ၊ သဘာဝ ဓာတ်ငွေ့နှင့် လျှပ်စစ် စွမ်းအင်များကို ဆိုဗီယက် ပြည်ထောင်စုမှ အများဆုံး ဖြန့်ဖြူးပေးရသည်။ ဆိုဗီယက် ပြည်ထောင်စုသည် မိမိနိုင်ငံ၏ ပြည်ပသို့ ရေနံတင်ပို့ရောင်းချမှု ထက်ဝက်ခန့်ကို စီးမီးယား အဖွဲဝင်နိုင်ငံများသို့ တင်ပို့ပေးလျက်ရှိသည်။ ၁၉၇၉ ခုနှစ်အတွင်း ဆိုဗီယက် ပြည်ထောင်စုသည် စီးမီးယား အဖွဲဝင်နိုင်ငံများသို့ ရေနံတန်ချိန် သန်းပေါင်း ၈၀ ခန့် တင်ပို့ရောင်းချခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စု ပြည်ပကုန်သွယ်မှု ပမာဏ၏ ထက်ဝက်ကျော် ခန့်မှာလည်း စီးမီးယားအဖွဲဝင် နိုင်ငံများနှင့် ကုန်သွယ်ခြင်းပင် ဖြစ်လေသည်။

စီးမီးယား အဖွဲဝင် နိုင်ငံများ၏ အမျိုးသားဝင်ငွေသည် ၁၉၄၈ ခုနှစ်နှင့် နှိုင်းစာလျှင် ၁၉၇၈ ခုနှစ်တွင် ဆယ်ဆတိုးလာခဲ့သည်။ စက်မှု ကုန်ထုတ်လုပ်မှုတွင်လည်း ၁၇ ဆ တိုးလာခဲ့သည်။ ကမ္ဘာ့နယ်မြေ၏ ၁၉ ရာခိုင်နှုန်း၊ ကမ္ဘာ့လူဦးရေ၏ ဆယ်ရာခိုင်နှုန်း ပါဝင်သော စီးမီးယား



၃၃ ကြိမ်မြောက် စီးမီးယားအဖွဲ့ အစည်းအဝေး

အဖွဲ့သည် ကမ္ဘာ့စက်မှု ထုတ်လုပ်မှု ကဏ္ဍ၏ သုံးပုံတပုံနီးပါး အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

စီးမီးယား အဖွဲ့ဝင်နိုင်ငံများသည် အရှေ့အလယ်ပိုင်း ဒေသ၊ အာဖရိက၊ အာရှနှင့် လက်တင် အမေရိကရှိ နိုင်ငံပေါင်း ၅၇ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လျက်ရှိသည်။အထူးသဖြင့် အာဖရိက တိုက်တွင် ရင်းနှီးမြှုပ်နှံမှုသည် အခြားဒေသအားလုံးတွင် ရင်းနှီးမြှုပ်နှံမှုထက် နှစ်ဆခန့် ပိုမိုများပြားပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏသည် ဒေါ်လာ သန်းလေးထောင်ကျော်ဖိုးခန့် ရှိသည်။ စီးမီးယား အဖွဲ့ဝင် နိုင်ငံများ အနေဖြင့် ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာတွင် ထားရှိသည့် အဓိက ရည်ရွယ်ချက်သည် ယင်းနိုင်ငံတို့၏ ပြည်ပ ပို့ကုန်လုပ်ငန်းကို အထောက်အကူဖြစ်စေရန်နှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ အကူအညီပေးသည့် သဘော ရင်းနှီးမြှုပ်နှံခြင်းဖြင့် ယင်းတို့လိုလားသော အခြားရည်မှန်းချက်များ ပြည့်ဝရန်ပင် ဖြစ်လေသည်။

ယခုလောလောဆယ်တွင် စီးမီးယား အဖွဲ့ဝင် နိုင်ငံများသည် အာရှ ဖွံ့ဖြိုးဆဲ ၂၅ နိုင်ငံ၊ အာဖရိက ၃၄ နိုင်ငံနှင့် လက်တင် အမေရိက ၁၉ နိုင်ငံ စုစုပေါင်း ၇၈ နိုင်ငံတို့ကို စီးပွားရေးနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများတွင် အထောက်အပံ့ပေးလျက်ရှိသည်။အဆိုပါ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် စီးမီးယား အဖွဲ့ဝင် နိုင်ငံများ၏ အကူအညီဖြင့် စက်မှုလုပ်ငန်းပေါင်း ၃,၅၀၀ ခန့် ထူထောင်လျက် ရှိကာ လုပ်ငန်း ၂,၉၀၀ ခန့်မှာ လည်ပတ်လျက်ရှိပြီ ဖြစ်လေသည်။

၁၉၇၈ ခုနှစ် နွေရာသီတွင် ကျင်းပခဲ့သော စီးမီးယား အဖွဲ့ဝင် နိုင်ငံများ၏ ထိပ်သီးများ အစည်းအဝေးတွင် ၁၉၈၁ – ၁၉၉၁ ခုနှစ်များအတွင်း နိုင်ငံတကာ ထုတ်လုပ်မှုကို အထူးစူးစိုက် ပူးပေါင်းဆောင်ရွက်ကာ တိုးမြှင့်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ပူးတွဲကြေငြာချက် ထုတ်ပြန်ခဲ့သည်။

စီးမီးယားအဖွဲ့၏ ၃၃ ကြိမ်မြောက် အစည်းအဝေးကို ၁၉၇၉ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ မော်စကိုမြို့တွင် ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအလိုက် ထုတ်လုပ်သော အခြေခံစားကုန် ပစ္စည်းများကို လိုအပ်ချက်အတိုင်း အပြည့်အဝ ရရှိစေရန်နှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ တိုးတက်ရေးအတွက် ရေရှည်ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်များကို အတည်ပြုခဲ့သည်။ နိုင်ငံစုံ သဘောတူညီချက် အများအပြားကိုလည်း လက်မှတ် ရေးထိုးခဲ့ကြသည်။ အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်အားလုံးကလည်း စီးမီးယား အဖွဲ့ဝင်နိုင်ငံများ၏ သွေးစည်းချစ်ကြည်မှုသည် ပိုမို ခိုင်မာလာကြောင်းနှင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှာလည်း ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့လေသည်။

ယခုအခါ စီးမီးယား အဖွဲ့သည် မိမိတို့၏ အဓိက စီးပွားရေး ပြဿနာဖြစ်သော လောင်စာစွမ်းအင်နှင့် ကုန်ကြမ်း ပြဿနာများကို ဖြေရှင်းရန် ရေရှည်မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ စီးမီးယား အဖွဲ့ဝင် နိုင်ငံများသည် အဖွဲ့၏ နောက်ဆုံး အစည်းအဝေးမှ ချမှတ်ထားသော လောင်စာစွမ်းအင်နှင့် ကုန်ကြမ်းပစ္စည်းများ ပူးပေါင်းဆောင်ရွက်ရေး နှစ်ရှည် အထူး အစီအစဉ်အရ စနစ်တကျ အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိလေသည်။

စစ်ကိုင်းတိုင်း။ ။မြန်မာနိုင်ငံ၏ အကျယ်အဝန်းဆုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းတွင် တည်ရှိသည်။ အနောက်ဘက်တွင် ချင်းပြည်နယ်၊ အရှေ့ဘက်တွင်ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တောင်ဘက်တွင် မကွေးတိုင်း၊ မန္တလေးတိုင်းတို့ဖြင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသည်။ စစ်ကိုင်းတိုင်းတွင် မြို့နယ်ပေါင်း ၃၈ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာ အုပ်စုပေါင်း ၁,၉၀၁ ခုတို့ ပါဝင်ဖွဲ့စည်း ထားသည်။ စစ်ကိုင်း၊မြင်းမူ၊ မြောင်၊ငါန်းဇွန် (ငဇွန်)၊ ဖောင်းပြင်၊ မော်လိုက်၊ တမူး၊



ကလေးဝ၊ ကလေးမြို့၊ မင်းကင်း၊ မုံရွာ၊ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ၊ ရွှေဘို၊ ခင်ဦး၊ ဝက်လက်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ဗန်းမောက်၊ ကောလင်း၊ဝန်းသို့၊ ပင်လယ်ဘူး၊ ခန္ဓီး၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ် (အုံပေါ်) နှင့် နန်းယွန်း မြို့နယ်တို့ ဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်း မြန်မာ၊ ကချင်၊ ချင်း၊ နာဂ၊ ရှမ်း၊ ကဒူး၊ ကနန်း တိုင်းရင်းသားလူမျိုးများ နေထိုင်ကြသည်။ ပြည်သူလူဦးတော် ကိုယ်စားလှယ် ၅၃ ဦး၊ တိုင်းအဆင့် ဂဖ ဦး၊ မြို့နယ်အဆင့် ၂,၆၁၂ ဦးနှင့် ရပ်ကွက်ကျေးရွာ အုပ်စု ကိုယ်စားလှယ် ၁ဂ,၉၀၅ ဦး တို့ကို ရွေးကောက် တင်မြောက်ထားသည်။

စစ်ကိုင်းတိုင်း၏ မြေမျက်နှာပြင်အနေအထားကိုအလယ်ပိုင်း မိုးနည်းဒေသလွှင်ပြင်ပိုင်း၊ အနောက်ဘက် တောင်တန်းဒေသပိုင်းနှင့် မြောက်ဘက်တောင်ကုန်းဒေသပိုင်းဟူ၍ သုံးပိုင်း ခွဲခြားနိုင်သည်။ စစ်ကိုင်းတိုင်း၏ တောင်ဘက်ပိုင်းသည် မိုးနည်းရေရှား ရပ်ဝန်းတွင်ပါဝင်သဖြင့် ခြောက်သွေ့သည်။ မြောက်ဘက်ပိုင်းနှင့် အနောက်ဘက်ပိုင်းဒေသအချို့တွင် မြောက်ဘက် တောင်ကုန်းဒေသတွင် ပါဝင်သဖြင့် ရာသီဥတုမှာ အေး၍ စိုစွတ်သည်။

စစ်ကိုင်းတိုင်းအတွင်း အဓိက စီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးပင်ဖြစ်သည်။ စပါး၊ ဂျုံ၊ မြေပဲ၊ ပဲမျိုးစုံနှင့် ဝါကို စိုက်ပျိုးကြသည်။ တနိုင်ငံလုံးတွင် ဂျုံနှင့် ပဲမျိုးစုံ အထွက်ဆုံး တိုင်းတတိုင်းဖြစ်သည် ပြည်တွင်း စီးကရက်လုပ်ငန်းအတွက် အထောက်အကူများစွာ ပေးနေသော ဗာဂျီးနီးယားဆေးလည်း စိုက်ပျိုး အောင်မြင်နေသည်။ ဆီထွက်နေကြာကိုလည်း စီမံကိန်းဖြင့် ချမှတ် စိုက်ပျိုးနေရာ စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံတွင် ဆီထွက် နေကြာအများဆုံးစိုက်ပျိုးသောတိုင်းဖြစ်သည်။ စစ်ကိုင်းတိုင်းသည် စိုက်ပျိုးရေးကိုအဓိကထားသော တိုင်းဖြစ်သဖြင့် ရေဖူလုံရေးအတွက် ကုလသမဂ္ဂ၏အကူအညီဖြင့် မူးမြစ်ဝှမ်းစီမံကိန်းကို ချမှတ် ဆောင်ရွက်လျက်ရှိနေသည်။ ယင်းစီမံကိန်းကြီးပြီးစီးပါက စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ဘုတလင်၊ ခင်ဦး၊ ရေဦး၊ အရာတော်၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ဝက်လက်၊တန့်ဆည်မြို့နယ်များတွင် စိုက်ပျိုးက တသန်းကျော်ကို ရေသွင်းစိုက်ပျိုးနိုင်မည် ဖြစ်သည်။ ရွှေဘိုမြို့နယ်ရှိ ကာဘိုးဆည်ကြီးသည် စစ်ကိုင်းတိုင်းအတွင်း ရေငတ်သော လယ်ယာကေပေါင်း ၅၀,၀၀၀ ကျော်စိုက်ပျိုးရေး အတွက်အားထားနေရသော ဆည်ကြီးဖြစ်လေသည်။

စစ်ကိုင်းတိုင်းအတွင်း အခြားအရေးပါသော စီးပွားရေး လုပ်ငန်းကြီးများလည်း များစွာရှိသည်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ဆီလုပ်ငန်း၊ ဆားလုပ်ငန်း၊ အိုးလုပ်ငန်း၊ ထန်းလျက်လုပ်ငန်း၊အင်းလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ စစ်ကိုင်းမြို့အနီး ရွာထောင်ရွာမှ ငွေထည် လုပ်ငန်းသည်လည်း ကျော်ကြားသည်။ စစ်ကိုင်းတိုင်းအတွင်း အဖိုးတန်သစ်တောကြီးများရှိသဖြင့် သစ်ထုတ်လုပ်ရေးသည် စစ်ကိုင်းတိုင်း၏ အဓိက လုပ်ငန်းကြီးတခုဖြစ်သည်။ ရွာသစ်ကြီးရှိ ချည်မျှင်နှင့်အထည်စက်ရုံကြီးမှ အထည် ထုတ်လုပ်မှုသည် ၁၉၇၀–၇၉ ခုနှစ်အတွင်းကိုက်သိန်းပေါင်း ၆၀ ကျော် ရှိခဲ့ပြီး ၁၉၇၉–၈၀ တွင် ကိုက်သိန်းပေါင်း ၇၆ သိန်းကျော် အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ မြန်မာ့ ကြေးနီသတ္တုသိုက်ကြီးတည်ရှိရာ စစ်ကိုင်းတိုင်း၊ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ဆားလင်းကြီးမြို့နယ်ရှိ လယ်တောင်နှင့် ကြေးစင်တောင်များ၌ ကြေးနီ တူးဖော်ရေးစီမံကိန်းကို ချမှတ် ဆောင်ရွက်လျက်ရှိသည်။ ယင်းကြေးနီစီမံကိန်းသည် ၁၉၇၂ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး ယင်းစီမံကိန်း ပြီးစီးပါက သတ္တုရိုင်း တန္နစ်လျှင် ၂ ဒသမ ၄ သန်း တန်နှင့် သန့်စင်ပြီး သတ္တု တန်ချိန် ၆၀,၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်လေသည်။

စစ်ကိုင်းမြို့နယ်အတွင်း ရွာသစ်ကြီးရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကျောင်းမှ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ညီညွတ်စွာပူးပေါင်းဆောင်ရွက်ရေး၊ စည်းရုံးပညာပေးရေး စသောရည်ရွယ်ချက်များဖြင့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေရာသင်တန်း အမှတ်စဉ် ၁၁ အထိ သင်တန်း ဆင်းပြီးဖြစ်သည်။ သင်တန်းဆင်းစုစုပေါင်း ၁,၇၆၄ ဦးသည် ပြည်နယ်နှင့်တိုင်းများတွင်တာဝန်ထမ်းဆောင်လျက်ရှိကြလေသည်။

စစ်လက်နက်များ ယှဉ်ပြိုင်တပ်ဆင်မှု။ ။နိုင်ငံအများအပြား၌ စစ်လက်နက်များ အပြိုင်အဆိုင် ယှဉ်ပြိုင်တပ်ဆင်လျက် ရှိကြသည်။ လက်နက်ထုတ်လုပ်နိုင်စွမ်း ရှိကြသော နိုင်ငံများ၌ ကိုယ်တိုင် ထုတ်လုပ်တပ်ဆင်ကြသကဲ့သို့ လက်နက်ထုတ်လုပ်နိုင်စွမ်းမရှိသော နိုင်ငံများကလည်း လက်နက်များ ဝယ်ယူတပ်ဆင် နေကြသည်။ ဤသို့ အပြိုင်အဆိုင် လက်နက် တပ်ဆင်မှုကြောင့် ကမ္ဘာ့ကာကွယ်ရေး အသုံးစရိတ်သည် ကျန်းမာရေး၊ ပညာရေးစသော အသုံးစရိတ်များထက် ပိုမိုမြင့်မားလျက်ရှိလေသည်။

စစ်လက်နက်များကို မဟာဗျူဟာ လက်နက်ကြီးများနှင့်သမားရိုးကျလက်နက်များဟု ခွဲခြားနိုင်ရာ အမေရိကန်၊ ဆိုဗီယက်စသော အင်အားကြီးနိုင်ငံကြီးများသည် နှစ်မျိုး

အကျယ်အဝန်း။	။၃၆,၅၃၄ စတုရန်းမိုင်
လူဦးရေ။	။၃,၅၆၄,၈၄၀
မြို့တော်။	။စစ်ကိုင်းမြို့။

စလုံးကို ယှဉ်ပြိုင်ထုတ်လုပ် တပ်ဆင်လျက်ရှိကြသည်။ ယခု အခါ မဟာဗျူဟာ လက်နက်ကန့်သတ်ရေး ဆွေးနွေးပွဲများ ကျင်းပကာ ယင်းလက်နက်ကြီးများကို ကန့်သတ်ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိကြသည်။ သို့တိုင် မဟာဗျူဟာလက်နက်ကြီးများဖြစ်ကြသော တိုက်ချင်းပစ် ဒုံးပျံကြီးများ၊ ရေငုပ်သင်္ဘောအခြေစိုက် ဒုံးပျံများနှင့် တာဝေးပုံးကြဲလေယာဉ်ကြီးများကို တဦးနှင့်တဦး အင်အားချင်းကွာဟမသွားစေရေးအတွက် ယှဉ်ပြိုင် ထုတ်လုပ်ကြဆဲပင် ဖြစ်လေသည်။

သမားရိုးကျ လက်နက်များအနက် အဓိက အကျဆုံး လက်နက်များသည် စစ်လေယာဉ်များနှင့် တင့်ကားများဖြစ်သည်။ ထို့ကြောင့် လက်နက်ထုတ်လုပ်နိုင်သော နိုင်ငံကြီးများသည် မိမိတို့၏ တင့်ကားများနှင့် လေယာဉ်ကြီးများကို အရည်အချင်းရော အရေအတွက်ပါ တိုးတက်အောင် ကြိုးပမ်းထုတ်လုပ်လျက် ရှိကြသည်။ ဤသို့ဖြင့် ဆိုဗီယက်ပြည်ထောင်စုလုပ် အမ်အိုင်ဂျီ ၂၅၊ အမေရိကန်ပြည်ထောင်စုလုပ် အက်ဖ ၁၆၊ ဗြိတိန်နိုင်ငံလုပ် ဟယ်ရီယာ၊ ပြင်သစ်နိုင်ငံလုပ် မီရပ်ခ် ၂၀၀၀ နှင့် ဗြိတိန်၊ ဂျာမန်ပြည်ထောင်စုနှင့် အီတလီ နိုင်ငံတို့ ပူးတွဲ ထုတ်လုပ်သည့် တိုနေးဒိုး ကဲ့သို့သော တိုက်လေယာဉ်သစ်များ ပေါ်ထွက်လာခဲ့သည်။ အလားတူပင် ဆိုဗီယက်ပြည်ထောင်စုလုပ် တီ ၆၂ နှင့် တီ ၆၄ တင့်ကားများ၊ အမေရိကန်ပြည်ထောင်စုလုပ် အိပ်အမ် ၁ တင့်ကားများနှင့် ဂျာမန် ပြည်ထောင်စုလုပ် လီယိုပက် ၂ တင့်ကားများ စသည့် တင့်ကားအမျိုးအစား သစ်ကြီးများကိုလည်း ထုတ်လုပ်တပ်ဆင်လျက် ရှိကြသည်။

လက်နက်ထုတ်လုပ်နိုင်သောနိုင်ငံများက ယင်းသို့ အပြိုင်အဆိုင် လက်နက်ထုတ်လုပ် တပ်ဆင်နေကြသည့်နည်းတူ လက်နက်ထုတ်လုပ်နိုင်စွမ်းမရှိသော နိုင်ငံများကလည်း မိမိတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေး အခြေအနေများအရ စစ်လက်နက်ပစ္စည်းများ ဝယ်ယူတပ်ဆင်လျက် ရှိကြသည်။ ဤသို့ဖြင့် ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီပြည်ထောင်စု စသည်နိုင်ငံများသည် လက်နက်တင်ပို့ ရောင်းချသောနိုင်ငံများ ဖြစ်လာခဲ့ပြီး နိုင်ငံရေး မတည်ငြိမ်မှုကြောင့် စစ်ဖွေးသန်းနေသော ဒေသများသည် လက်နက်ရောင်းချရေး စျေးကွက်များ ဖြစ်လာခဲ့သည်။

ကမ္ဘာပေါ်တွင် လက်နက်အများဆုံး တင်ပို့ရောင်းချသော နိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုဖြစ်ပြီး အမေရိကန်ပြည်ထောင်စုသည် ဒုတိယအများဆုံး တင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၇၈ ခုနှစ်တွင် ဒေါ်လာသန်း ၂၅၀၀ ဖိုး တင်ပို့ရောင်းချခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ဒေါ်လာ ဂ ဒသမ ၄ ဘီလီယံ (ဒေါ်လာသန်း ဂ၄၀၀) ဖိုးအထိ တိုးမြှင့်ရောင်းချခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စုမှ ရောင်းချသော လက်နက်များ၏ ၉၀ ရာခိုင်နှုန်းကို အာရပ်နိုင်ငံများက ဝယ်ယူခဲ့ကြသည်။ ဆိုဗီယက်ပြည်ထောင်စုမှ အများဆုံး လက်နက်ဝယ်ယူသော နိုင်ငံများမှာ အီရတ်၊ ဆီးရီးယား၊ လစ်ဗျ၊ အယ်ဂျီးရီးယား တောင်ယေမင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီသီယိုးပီးယားနှင့် အာဖဂန်စတန် နိုင်ငံများဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန် ပြည်ထောင်စုတို့သည် ၁၉၇၉ ခုနှစ်အတွင်း ပြည်ပသို့ စုစုပေါင်း ဒေါ်လာ ၁၃ ဘီလီယံ (သန်း ၁၃,၀၀၀) ဖိုး တင်ပို့ရောင်းချခဲ့ကြသည်။

ဗဟုဇီးနိုင်ငံနှင့် အစွန်းရောနိုင်ငံတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအနက် ပြည်ပသို့ လက်နက်အများဆုံး တင်ပို့ရောင်းချသော နိုင်ငံများဖြစ်သည်။ အစွန်းရောနိုင်ငံသည် ၁၉၈၀ ပြည့်နှစ်တွင် လက်နက်တင်ပို့ ရောင်းချမှု ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်လာခဲ့ရာ စုစုပေါင်း ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ (ဒေါ်လာသန်း ၁၃၀၀) ဖိုးအထိ ရောင်းချခဲ့ရသည်။ အစွန်းရောနိုင်ငံက အများဆုံး ရောင်းရသော စစ်လက်နက်များတွင် ရေတပ်သုံး ဒုံးပျံများ၊ ပြေးလမ်းတိုဖြင့် တက်ဆင်းပျံသန်းနိုင်သော လေယာဉ်များ၊ အမြောက်များ၊ ရေဒါများနှင့် ဆက်သွယ်ရေး ပစ္စည်းများ ဖြစ်သည်။ အစွန်းရောနိုင်ငံလုပ် လက်နက်များကို တောင်အမေရိက၊ အရှေ့ဖျားနှင့် အာဖရိကနိုင်ငံများက ဝယ်ယူခဲ့ကြသည်။

စစ်လက်နက်အပြိုင်အဆိုင် တပ်ဆင်မှုကြောင့် လက်နက်ပစ္စည်း ရောင်းဝယ်ရေးမှာလည်း တစတစ ကြီးထွားလျက်ရှိသည်။ဥပမာအားဖြင့် အာဖရိကနိုင်ငံများ၏ လက်နက်ဝယ်ယူ တင်သွင်းမှုမှာ ကိုးနှစ်အတွင်း ၂၁ ဆတိုးလာခဲ့သည်။ တမျိုးသားလုံး၏ ကုန်ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်း အပေါ်မူတည်၍ ရာခိုင်နှုန်းအားဖြင့် ကမ္ဘာပေါ်တွင် လက်နက်တပ်ဆင်မှုအတွက် အများဆုံး အသုံးပြုသော နိုင်ငံများမှာ အိုမန်နိုင်ငံနှင့် ယေမင်နိုင်ငံ (တမျိုးသားလုံး ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၎၇ ရာခိုင်နှုန်း)၊ ဆီးရီးယားနိုင်ငံ (၁၆ ရာခိုင်နှုန်း)၊ တိုင်ဝမ် (၁၄ ရာခိုင်နှုန်း)၊ အစ္စရေး (၁၃ ရာခိုင်နှုန်း) နှင့် အာဂျင်တီးနား (၁၀ ရာခိုင်နှုန်း) ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သော အမေရိကန်ပြည်ထောင်စု လက်နက်ထိန်းချုပ်ရေးနှင့် ဖျက်သိမ်းရေး အေဂျင်စီ၏ အစီရင်ခံစာ၌ ၁၉၇၈ ခုနှစ်တွင် ကမ္ဘာကြီးသည် ကုန်ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်း၏ ၅ ဒသမ ၄ ရာခိုင်နှုန်း (ဒေါ်လာသန်းပေါင်း ၄၈၀,၀၀၀) ကို လက်နက်တပ်ဆင်ရေးအတွက် အသုံးပြုခဲ့သည်ဟူ၍ ဖော်ပြထားလေသည်။ ။

ကလေး၀၊ ကလေးမြို့၊ မင်းကင်း၊ မုံရွာ၊ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ၊ ရွှေဘို၊ ခင်ဦး၊ ဝက်လက်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ဗန်းမောက်၊ ကောလင်း၊၀နှစ်သို၊ ပင်လယ်ဘူး၊ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ် (အုံပေါ်) နှင့် နန်းယွန်း မြို့နယ်တို့ ဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်း မြန်မာ၊ ကချင်၊ ချင်း၊ နာဂ၊ ရှမ်း၊ ကဒူး၊ ကနန်း တိုင်းရင်းသားလူမျိုးများ နေထိုင်ကြသည်။ ပြည်သူလူဦးတော် ကိုယ်စားလှယ် ၅၃ ဦး၊ တိုင်းအဆင့် ဂဖ ဦး၊ မြို့နယ်အဆင့် ၂,၆၁၂ ဦးနှင့် ရပ်ကွက်ကျေးရွာ အုပ်စု ကိုယ်စားလှယ် ၁ဂ,၉၀၅ ဦး တို့ကို ရွေးကောက် တင်မြှောက်ထားသည်။

စစ်ကိုင်းတိုင်း၏ မြေမျက်နှာပြင်အနေအထားကိုအလယ် ပိုင်း မိုးနည်းဒေသလွှင်ပြင်ပိုင်း၊ အနောက်ဘက် တောင်တန်းဒေသပိုင်းနှင့် မြောက်ဘက်တောင်ကုန်းဒေသပိုင်းဟူ၍ သုံးပိုင်း ခွဲခြားနိုင်သည်။ စစ်ကိုင်းတိုင်း၏ တောင်ဘက်ပိုင်းသည် မိုးနည်းရေရှား ရပ်ဝန်းတွင်ပါဝင်သဖြင့် ခြောက်သွေ့သည်။ မြောက်ဘက်ပိုင်းနှင့် အနောက်ဘက်ပိုင်းဒေသ အချို့တွင် မြောက်ဘက် တောင်ကုန်းဒေသတွင် ပါဝင်သဖြင့် ရာသီဥတုမှာ အေး၍ စိုစွတ်သည်။

စစ်ကိုင်းတိုင်းအတွင်း အဓိက စီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးပင်ဖြစ်သည်။ စပါး၊ ဂျုံ၊ မြေပဲ၊ ပဲမျိုးစုံနှင့် ဝါကို စိုက်ပျိုးကြသည်။ တနိုင်ငံလုံးတွင် ဂျုံနှင့် ပဲမျိုးစုံ အထွက်ဆုံး တိုင်းတတိုင်းဖြစ်သည် ပြည်တွင်း စီးကရက်လုပ်ငန်းအတွက် အထောက်အကူများစွာ ပေးနေသော ဗာဂျီးနီးယားဆေးလည်း စိုက်ပျိုး အောင်မြင်နေသည်။ ဆီထွက်နေကြာကိုလည်း စီမံကိန်းဖြင့် ချမှတ် စိုက်ပျိုးနေရာ စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံတွင် ဆီထွက် နေကြာ အများဆုံးစိုက်ပျိုးသောတိုင်းဖြစ်သည်။ စစ်ကိုင်းတိုင်းသည် စိုက်ပျိုးရေးကိုအဓိကထားသော တိုင်းဖြစ်သဖြင့် ရေဖူလုံရေးအတွက် ကုလသမဂ္ဂ၏အကူအညီဖြင့် မူးမြစ်ဝှမ်းစီမံကိန်းကို ချမှတ် ဆောင်ရွက်လျက်ရှိနေသည်။ ယင်းစီမံကိန်းကြီး ပြီးစီးပါက စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ဘုတလင်၊ ခင်ဦး၊ ရေဦး၊ အရာတော်၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ဝက်လက်၊တန့်ဆည်မြို့နယ်များတွင် စိုက်ပျိုးကေ တသန်းကျော်ကို ရေသွင်းစိုက်ပျိုးနိုင်မည် ဖြစ်သည်။ ရွှေဘိုမြို့နယ်ရှိ ကာဘိုးဆည်ကြီးသည် စစ်ကိုင်းတိုင်းအတွင်း ရေငတ်သော လယ်ယာကေပေါင်း ၅၀,၀၀၀ ကျော်စိုက်ပျိုးရေး အတွက်အား ထားနေရသော ဆည်ကြီးဖြစ်လေသည်။

စစ်ကိုင်းတိုင်းအတွင်း အခြားအရေးပါသော စီးပွားရေး လုပ်ငန်းကြီးများလည်း များစွာရှိသည်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ဆီလုပ်ငန်း၊ ဆားလုပ်ငန်း၊ အိုးလုပ်ငန်း၊ ထန်းလျက်လုပ်ငန်း၊အင်းလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ စစ်ကိုင်းမြို့အနီး ရွာထောင်ရွာမှ ငွေထည် လုပ်ငန်းသည်လည်း ကျော်ကြားသည်။ စစ်ကိုင်းတိုင်းအတွင်း အဖိုးတန် သစ်တောကြီးများရှိသဖြင့် သစ်ထုတ်လုပ်ရေးသည် စစ်ကိုင်းတိုင်း၏ အဓိက လုပ်ငန်းကြီးတခုဖြစ်သည်။ ရွာသစ်ကြီးရှိ ချည်မျှင်နှင့်အထည်စက်ရုံကြီးမှ အထည် ထုတ်လုပ်မှုသည် ၁၉၇၀–၇၉ ခုနှစ်အတွင်းကိုက်သိန်းပေါင်း ၆၀ ကျော် ရှိခဲ့ပြီး ၁၉၇၉–၈၀ တွင် ကိုက်သိန်းပေါင်း ၇၆ သိန်းကျော် အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ မြန်မာ့ ကြေးနီသတ္တုသိုက်ကြီးတည်ရှိရာ စစ်ကိုင်းတိုင်း၊ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ဆားလင်းကြီးမြို့နယ်ရှိ လယ်တောင်နှင့် ကြေးစင်တောင်များ၌ ကြေးနီ တူးဖော်ရေးစီမံကိန်းကို ချမှတ် ဆောင်ရွက်လျက်ရှိသည်။ ယင်းကြေးနီစီမံကိန်းသည် ၁၉၈၂ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး ယင်းစီမံကိန်း ပြီးစီးပါက သတ္တုရိုင်း တန္နစ်လျှင် ၂ ဒသမ ၄ သန်း တန်နှင့် သန့်စင်ပြီး သတ္တု တန်ချိန် ၆၀,၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်လေသည်။

စစ်ကိုင်းမြို့နယ်အတွင်း ရွာသစ်ကြီးရှိ တိုင်းရင်းသားလူမျိုးများ ဖွဲ့ဖြိုးရေးသိပ္ပံကျောင်းမှ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွဲ့ဖြိုး တိုးတက်ရေးနှင့် ညီညွတ်စွာပူးပေါင်းဆောင်ရွက်ရေး၊ စည်းရုံးပညာပေးရေး စသောရည်ရွယ်ချက်များဖြင့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေရာသင်တန်း အမှတ်စဉ် ၁၁ အထိ သင်တန်း ဆင်းပြီးဖြစ်သည်။ သင်တန်းဆင်းစုစုပေါင်း ၁,၇၆၄ ဦးသည် ပြည်နယ်နှင့်တိုင်းများတွင်တာဝန်ထမ်းဆောင်လျက်ရှိကြလေသည်။

စစ်လက်နက်များ ယှဉ်ပြိုင်တပ်ဆင်မှု။ ။နိုင်ငံအများအပြား၌ စစ်လက်နက်များ အပြိုင်အဆိုင် ယှဉ်ပြိုင်တပ်ဆင်လျက် ရှိကြသည်။ လက်နက်ထုတ်လုပ်နိုင်စွမ်း ရှိကြသော နိုင်ငံများ၌ ကိုယ်တိုင် ထုတ်လုပ်တပ်ဆင်ကြသကဲ့သို့ လက်နက်ထုတ်လုပ်နိုင်စွမ်းမရှိသော နိုင်ငံများကလည်း လက်နက်များ ဝယ်ယူတပ်ဆင် နေကြသည်။ ဤသို့ အပြိုင်အဆိုင် လက်နက် တပ်ဆင်မှုကြောင့် ကမ္ဘာ့ကာကွယ်ရေး အသုံးစရိတ်သည် ကျန်းမာရေး၊ ပညာရေးစသော အသုံးစရိတ်များထက် ပိုမိုမြင့်မားလျက်ရှိလေသည်။

စစ်လက်နက်များကို မဟာဗျူဟာ လက်နက်ကြီးများနှင့်သမားရိုးကျလက်နက်များဟု ခွဲခြားနိုင်ရာ အမေရိကန်၊ ဆိုဗီယက်စသော အင်အားကြီးနိုင်ငံကြီးများသည် နှစ်မျိုး

အကျယ်အဝန်း။	။၃၆,၅၃၄ စတုရန်းမိုင်
လူဦးရေ။	။၃,၅၆၄,၈၄၀
မြို့တော်။	။စစ်ကိုင်းမြို့။

စလုံးကို ယှဉ်ပြိုင်ထုတ်လုပ် တပ်ဆင်လျက်ရှိကြသည်။ ယခု အခါ မဟာဗျူဟာ လက်နက်ကန့်သတ်ရေး ဆွေးနွေးပွဲများ ကျင်းပကာ ယင်းလက်နက်ကြီးများကို ကန့်သတ်ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိကြသည်။ သို့တိုင် မဟာဗျူဟာလက်နက်ကြီးများဖြစ်ကြသော တိုက်ချင်းပစ် ဒုံးပျံကြီးများ၊ ရေငုပ်သင်္ဘောအခြေစိုက် ဒုံးပျံများနှင့် တာဝေးဗုံးကြဲလေယာဉ်ကြီးများကို တဦးနှင့်တဦး အင်အားချင်းကွာဟမသွားစေရေးအတွက် ယှဉ်ပြိုင် ထုတ်လုပ်ကြဆဲပင် ဖြစ်လေသည်။

သမားရိုးကျ လက်နက်များအနက် အဓိက အကျဆုံး လက်နက်များသည် စစ်လေယာဉ်များနှင့် တင့်ကားများဖြစ်သည်။ ထို့ကြောင့် လက်နက်ထုတ်လုပ်နိုင်သော နိုင်ငံကြီးများသည် မိမိတို့၏ တင့်ကားများနှင့် လေယာဉ်ကြီးများကို အရည်အချင်းရော အရေအတွက်ပါ တိုးတက်အောင် ကြိုးပမ်းထုတ်လုပ်လျက် ရှိကြသည်။ ဤသို့ဖြင့် ဆိုဗီယက်ပြည်ထောင်စုလုပ် အမ်အိုင်ဂျီ ၂၅၊ အမေရိကန်ပြည်ထောင်စုလုပ် အက်ဖ ၁၆၊ ဖြိတိန်နိုင်ငံလုပ် ဟယ်ရီယာ၊ ပြင်သစ်နိုင်ငံလုပ် မီရပ်ခ် ၂၀၀၀ နှင့် ဖြိတိန်၊ ဂျာမန်ပြည်ထောင်စုနှင့် အီတလီ နိုင်ငံတို့ ပူးတွဲ ထုတ်လုပ်သည့် တိုနေးဒိုး ကဲ့သို့သော တိုက်လေယာဉ်သစ်များ ပေါ်ထွက်လာခဲ့သည်။ အလားတူပင် ဆိုဗီယက်ပြည်ထောင်စုလုပ် တီ ၆၂ နှင့် တီ ၆၄ တင့်ကားများ၊ အမေရိကန်ပြည်ထောင်စုလုပ် အိပ်အမ် ၁ တင့်ကားများနှင့် ဂျာမန် ပြည်ထောင်စုလုပ် လီယိုပက် ၂ တင့်ကားများ စသည့် တင့်ကားအမျိုးအစား သစ်ကြီးများကိုလည်း ထုတ်လုပ်တပ်ဆင်လျက် ရှိကြသည်။

လက်နက်ထုတ်လုပ်နိုင်သောနိုင်ငံများက ယင်းသို့ အပြိုင်အဆိုင် လက်နက်ထုတ်လုပ် တပ်ဆင်နေကြသည့်နည်းတူ လက်နက်ထုတ်လုပ်နိုင်စွမ်းမရှိသော နိုင်ငံများကလည်း မိမိတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေး အခြေအနေများအရ စစ်လက်နက်ပစ္စည်းများ ဝယ်ယူတပ်ဆင်လျက် ရှိကြသည်။ ဤသို့ဖြင့် ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု၊ ဖြိတိန်၊ ပြင်သစ်၊ ဂျာမနီပြည်ထောင်စု စသည့်နိုင်ငံများသည် လက်နက်တင်ပို့ ရောင်းချသောနိုင်ငံများ ဖြစ်လာခဲ့ပြီး နိုင်ငံရေး မတည်ငြိမ်မှုကြောင့် စစ်ဒေသန်းနေသော ဒေသများသည် လက်နက်ရောင်းချရေး စျေးကွက်များ ဖြစ်လာခဲ့သည်။

ကမ္ဘာပေါ် တွင် လက်နက်အများဆုံး တင်ပို့ရောင်းချသော နိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုဖြစ်ပြီး အမေရိကန်ပြည်ထောင်စုသည် ဒုတိယအများဆုံး တင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၇၈ ခုနှစ်တွင် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ (ဒေါ်လာသန်း ၂၅၀၀) ဖိုး တင်ပို့ရောင်းချခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ဒေါ်လာ ၈ ဒသမ ၄ ဘီလီယံ (ဒေါ်လာသန်း ၈၄၀၀) ဖိုးအထိ တိုးမြှင့်ရောင်းချခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စုမှ ရောင်းချသော လက်နက်များ၏ ၉၀ ရာခိုင်နှုန်းကို အာရပ်နိုင်ငံများက ဝယ်ယူခဲ့ကြသည်။ ဆိုဗီယက်ပြည်ထောင်စုမှ အများဆုံး လက်နက်ဝယ်ယူသော နိုင်ငံများမှာ အီရတ်၊ ဆီးရီးယား၊ လစ်ဗျ၊ အယ်ဂျီးရီးယား တောင်ယေမင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီသီယိုးပီးယားနှင့် အာဖဂန်စတန် နိုင်ငံများဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန် ပြည်ထောင်စုတို့သည် ၁၉၇၉ ခုနှစ်အတွင်း ပြည်ပသို့ စုစုပေါင်း ဒေါ်လာ ၁၃ ဘီလီယံ (သန်း ၁၃,၀၀၀) ဖိုး တင်ပို့ရောင်းချခဲ့ကြသည်။

ဗဟုဇီးနိုင်ငံနှင့် အစွမ်းရေးနိုင်ငံတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအနက် ပြည်ပသို့ လက်နက်အများဆုံး တင်ပို့ရောင်းချသော နိုင်ငံများဖြစ်သည်။ အစွမ်းရေးနိုင်ငံသည် ၁၉၈၀ ပြည့်နှစ်တွင် လက်နက်တင်ပို့ ရောင်းချမှု ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်လာခဲ့ရာ စုစုပေါင်း ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ (ဒေါ်လာသန်း ၁၃၀၀) ဖိုးအထိ ရောင်းချခဲ့ရသည်။ အစွမ်းရေးနိုင်ငံက အများဆုံး ရောင်းရသော စစ်လက်နက်များတွင် ရေတပ်သုံး ဒုံးပျံများ၊ ပြေးလမ်းတိုဖြင့် တက်ဆင်းပျံသန်းနိုင်သော လေယာဉ်များ၊ အမြောက်များ၊ ရေဒါများနှင့် ဆက်သွယ်ရေး ပစ္စည်းများ ဖြစ်သည်။ အစွမ်းရေးနိုင်ငံလုပ် လက်နက်များကို တောင်အမေရိက၊ အရှေ့ဖျားနှင့် အာဖရိကနိုင်ငံများက ဝယ်ယူခဲ့ကြသည်။

စစ်လက်နက်အပြိုင်အဆိုင် တပ်ဆင်မှုကြောင့် လက်နက်ပစ္စည်း ရောင်းဝယ်ရေးမှာလည်း တစတစ ကြီးထွားလျက်ရှိသည်။ဥပမာအားဖြင့် အာဖရိကနိုင်ငံများ၏ လက်နက်ဝယ်ယူ တင်သွင်းမှုမှာ ကိုးနှစ်အတွင်း ၂၁ ဆတိုးလာခဲ့သည်။ တမျိုးသားလုံး၏ ကုန်ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်း အပေါ် မူတည်၍ ရာခိုင်နှုန်းအားဖြင့် ကမ္ဘာပေါ်တွင် လက်နက်တပ်ဆင်မှုအတွက် အများဆုံး အသုံးပြုသော နိုင်ငံများမှာ အိုမန်နိုင်ငံနှင့် ယေမင်နိုင်ငံ (တမျိုးသားလုံး ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၎၇ ရာခိုင်နှုန်း)၊ ဆီးရီးယားနိုင်ငံ (၁၆ ရာခိုင်နှုန်း)၊ တိုင်ဝမ် (၁၄ ရာခိုင်နှုန်း)၊ အစွမ်းရေး (၁၃ ရာခိုင်နှုန်း) နှင့် အာဂျင်တီးနား (၁၀ ရာခိုင်နှုန်း) ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သော အမေရိကန်ပြည်ထောင်စု လက်နက်ထိန်းချုပ်ရေးနှင့် ဖျက်သိမ်းရေး အေဂျင်စီ၏ အစီရင်ခံစာ၌ ၁၉၇၈ ခုနှစ်တွင် ကမ္ဘာကြီးသည် ကုန်ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်း၏ ၅ ဒသမ ၄ ရာခိုင်နှုန်း (ဒေါ်လာသန်းပေါင်း ၄၈၀,၀၀၀) ကို လက်နက်တပ်ဆင်ရေးအတွက် အသုံးပြုခဲ့သည်ဟူ၍ ဖော်ပြထားလေသည်။ ။

စိန့်ဟယ်လင်မီးတောင်။ ။စိန့်ဟယ်လင် မီးတောင်သည် ပေ ၉,၇၀၀ မြင့်သော မီးငြိမ်းတောင်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်တွင် တည်ရှိသည်။ ထိုမီးတောင်မှာ ၁၀၅၇ ခုနှစ်တွင် တကြိမ် ပေါက်ကွဲခဲ့ဖူးသည်။

၁၉၈၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့တွင် မီးတောင်၏ အနီးပတ်ဝန်းကျင်တွင် ငလျင်လှုပ်လာပြီး မီးတောင်၏ထိပ်မှလည်း မီးခိုးများ ထွက်ခဲ့သည်။ ဧပြီလ ၃ ရက်နေ့တွင် စိန့်ဟယ်လင် မီးတောင်ထိပ်၌ အားနည်းသော ပေါက်ကွဲမှုနှစ်ခု ဖြစ်ပေါ်ခဲ့သဖြင့် မီးတောင်အဝမှာ အလျားပေ ၂၅၀ နှင့် အနံပေ ၂၀၀ အထိ ကျယ်ပြန့်သွားသည်။ ထိုသို့ပေါက်ကွဲမှုဖြစ်နေစဉ် အဖြူရောင်နှင့် အနက်ရောင်မီးခိုးများသည် တောင်ထိပ်မှ ကောင်းကင်ယံသို့ ပျံတက်နေသည်ကိုတွေ့ရသည်။ ထို့ကြောင့် သက်ဆိုင်ရာ တို့က မီးတောင်အနီးတွင် အလုပ်လုပ်လျက်ရှိသော သစ်လုပ်သား ၃၀၀၊ သစ်တောဌာနဝန်ထမ်း ၅၀ နှင့် အနီးရှိ ရွာတရွာမှ လူပေါင်း ၁၀၀ တို့အား မီးတောင်နှင့်ဝေးရာသို့ အမြန်ပြောင်းရွှေ့ ပေးခဲ့ရသည်။ ထို့နောက် မေလ ၁၈ ရက်နေ့ နံနက် ၉ နာရီ ၂၉ မိနစ်တွင် စိန့်ဟယ်လင်မီးတောင်သည် ပြင်းထန်စွာပေါက်ကွဲခဲ့သည်။ မီးတောင်၏ပေါက်ကွဲအားသည် ဒုတိယ ကမ္ဘာစစ်အတွင်း၌ ဟီရိုရှီးမားမြို့တွင်ကြဲချခဲ့သောအဏုမြူဗုံး၏ပေါက်ကွဲအား၏ ၅၀၀ ခန့် ပိုပြင်းထန်သည်ဟု သိပ္ပံပညာရှင်များကခန့်မှန်းခဲ့ကြသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အဆိပ်အတောက် ဖြစ်စေသော ဓာတုပစ္စည်းများနှင့် ရေဒီယို သတ္တိကြွအမှုန်များ ပါဝင်သော မီးတောင်မှ အငွေ့များသည် အမေရိကန်ပြည်ထောင်စု မြောက်ပိုင်းသို့ ပျံ့လွင့်ခဲ့လေသည်။

သိပ္ပံပညာရှင်တို့၏ အဆိုအရ မီးတောင်မှထွက်သော အဆိုပါအငွေ့များသည် လပေါင်းများစွာကြာသည့်ကာလ၌ သာမန်မျက်စိဖြင့် မမြင်နိုင်သော အခြေအနေသို့ ပြောင်းသွားမည်။ သို့သော် အဆိုပါအငွေ့များသည် အမေရိကန်ပြည်ထောင်စု မြောက်ဘက်ခြမ်းရှိ မြေပြင်မှ ပေ ၅၅,၀၀၀ အမြင့်၌ရှိသော လေထုလွှာအား ဖုံးလွှမ်းသွားပြီးနောက် နှစ်နှစ်ခန့်အကြာတွင် အငွေ့တွင် ပါဝင်သော ပစ္စည်းများသည် မြေပြင်သို့ ပြန်လည်ကျလာပြီး ပတ်ဝန်းကျင်လေထု၊ ရေထုညစ်ညမ်းမှုများ ဖြစ်လိမ့်မည် ဖြစ်သည်ဟု ဆိုသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ဝါရှင်တန် ပြည်နယ်၊ အိုရီဂွန် ပြည်နယ်နှင့် အိုင်ဒါဟိုပြည်နယ် တို့တွင် ပစ္စည်းပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။ ဝါရှင်တန်ပြည်နယ်တခုတည်း၏ ဆုံးရှုံးမှုသည် ဒေါ်လာကုဋေ ၅၀ ခန့် ဖြစ်သည်။ သစ်လုပ်ငန်းရှင်များအနေဖြင့် ပစ္စည်းကိရိယာများဆုံးရှုံးခဲ့ သဖြင့် လုပ်ငန်းပြန်လည်ထူထောင်ရန် မဖြစ်နိုင်သော အခြေအနေသို့ ရောက်ခဲ့သည်။ အစိုးရအနေဖြင့် အိုးအိမ် ပြန်လည်တည်ဆောက်ရေးဌာနမှ မိသားစုနှစ်သိန်းအတွက် အိမ်များ ဆောက်ပေးရန် လျာထားသော သစ်များ ဆုံးရှုံးခဲ့သည်။

မီးတောင်မှ ပြာမှုန်များ ပိတ်ဆို့မှုကြောင့် ဝါရှင်တန်ပြည်နယ်၊ အိုင်ဒါဟိုပြည်နယ်နှင့် အိုရီဂွန် ပြည်နယ်များတွင် လျှပ်စစ် ဆက်သွယ်ရေး လမ်းကြောင်းများ ပြတ်တောက်



မီးတောင်မှ စီးကျလာသော ချေဖျက်ရည်ပူများကြောင့် သစ်တော ကေပေါင်း မြောက်မြားစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်ကို ဤသို့ တွေ့ရသည်။



ခဲ့သည်။ သေဆုံးသူပေါင်းမှာ ၃၀ ရှိပြီး လူ ၁၀၀ ကျော် ပျောက်၍ လူပေါင်း ၂၀၀၀ ကျော်အိုးအိမ်မဲ့ ဖြစ်ခဲ့သည်။ စိန့်ဟယ်လင် မီးတောင်ကို ၁၉၇၈ ခုနှစ် အတွင်း၌ ဘူမိဗေဒ ပညာရှင်များက စူးစမ်းခဲ့ပြီး သက္ကရာဇ် ၂၀၀၀ မပြည့် မီပေါက်ကွဲမည်ဟူ၍ ဟောကိန်းထုတ်ထားသော မီးတောင် ဖြစ်လေသည်။

စိန့်ဟယ်လင် မီးတောင်သည် မေလ ၂၅ ရက်နေ့တွင် တကြိမ်၊ ဇွန်လ ၁၂ ရက်နေ့တွင် တကြိမ် ထပ်မံပေါက်ကွဲ သော်လည်း ပေါက်ကွဲမှု အားမပြင်းခဲ့ချေ။

စိန့်ဟယ်လင် မီးတောင်ပေါက်ကွဲမှုနှင့် စပ်လျဉ်း၍ဘူမိ ဗေဒပညာရှင်များက ဟောကိန်းထုတ်ခဲ့သည်။ ယင်းဟော ကိန်းတွင် စိန့်ဟယ်လင် မီးတောင် ပေါက်ကွဲ ခြင်းသည် အမေရိကန်ပြည်ထောင်စုအပါအဝင် ပစိဖိတ် သမုဒ္ဒရာကမ်း ရိုးတန်းတလျှောက်၌ အနာဂတ်တွင် မီးတောင်များပေါက် ကွဲပြီး ငလျင်အကြိမ်ပေါင်းများစွာ လှုပ်မည့်လက္ခဏာဖြစ် ကြောင်း ဖော်ပြထားသည်။ ဘူမိဗေဒ သိပ္ပံပညာရှင်များ သည် ပစိဖိတ် သမုဒ္ဒရာကမ်းရိုးတန်းတလျှောက် မီးတောင် များပေါက်ကွဲပြီး ငလျင်အကြိမ်ပေါင်းများစွာ လှုပ်မည့်နေ ရာတို့အား စူးစမ်း သတ်မှတ်၍ မီးကွင်းဟူ၍ တင်စား ခေါ်ဆိုထားသည်။ သတ်မှတ်ထားသော နေရာသည်တောင် အမေရိကတိုက် အနောက်ဘက် ကမ်းရိုးတန်းမှ အစပြုကာ အာလစကာပြည်နယ်ကိုဖြတ်၍ ပစိဖိတ်သမုဒ္ဒရာ အနောက် ပိုင်းကမ်းရိုးတန်းများဖြစ်သော ဂျပန်နှင့် အင်ဒိုနီးရှားတို့ အပါအဝင် နိုင်ငံများကို ဖြတ်ပြီး ဩစတြေးလျှ တိုက် အရှေ့တောင်ဘက် ပစိဖိတ်သမုဒ္ဒရာအတွင်း တနေရာတွင် အဆုံးသတ်သည်။ ထိုသို့သတ်မှတ်ထားသော ဒေသသည် လခြမ်းသဏ္ဌာန်ရှိပြီး မီးတောင်ပေါင်း ၃၆၀ ကျော်ခန့်ပါဝင် သည်။ ဘူမိဗေဒ ပညာရှင်များ ဟောကိန်း ထုတ်ထား မှုများအနက် ကာလီဖိုးနီးယားပြည်နယ်၊ အာလစကာပြည် နယ်၊ မက္ကဆီကို နိုင်ငံနှင့် ဂျပန်နိုင်ငံ တို့သည် ငလျင် အကြီးအကျယ်လှုပ်မည့်နေရာများဖြစ်ကြောင်း သိပ္ပံပညာ ရှင်တို့က ခန့်မှန်းခဲ့လေသည်။

စံပြလုပ်သားစီမံကိန်း။ ။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အလုပ်သမားဝန်ကြီးဌာနက ၁၉၆၄–၆၅ ခုနှစ်မှစ၍ နှစ်စဉ် အကောင်အထည် ဖော်ခဲ့ သော စံပြလုပ်သား စီမံကိန်းသည် လုပ်ငန်းခွင်၌ ကြိုးစား သူများ၊ ရိုးသားသူများ၊ အများနှင့်ပြေပြစ်စွာဆက်ဆံပြီး အများ၏လေးစားမှုကို ခံယူရသူများ၊ စည်းကမ်းရှိသေသူ များစသည်ဖြင့် ဆိုရှယ်လစ်လူမှုစနစ်နှင့် အံဝင်သောကာယ ဉာဏ လုပ်သားများကို စနစ်တကျ ရွေးချယ်လာခဲ့ရာ ၁၉၇၉–၈၀ ပြည့်နှစ်တွင် ၁၆ ကြိမ်တိတိရှိခဲ့ပြီ ဖြစ်လေသည်။

လုပ်သားများ၏ ဘဝသာယာရေးနှင့် ကုန်ထုတ်လုပ် မှု မြှင့်တင်နိုင်ရေးသည် စံပြလုပ်သား စီမံကိန်းကို အကောင် အထည်ဖော်ရခြင်း၏ အဓိကဦးတည်ချက်ပင်ဖြစ်လေသည်။

ယခင်နှစ်များက စံပြလုပ်သားများကို "စံ" ကိုးချက် အပေါ် ၌သာ မူတည် ရွေးချယ်ခဲ့သော်လည်း ယခုနှစ်မှစ၍ စံပြလုပ်သားများသည် ကျန်းမာရေး ကောင်းမွန်သူ ဖြစ် ခြင်း ဟူသည့် အချက်တချက်ကို ထပ်တိုးဖြည့်စွက်ကာရွေး ချယ်ခဲ့သည်။

၁၉၇၉–၈၀ပြည့်နှစ်အတွက် စက်ရုံ၊အလုပ်ရုံ၊အလုပ်ဌာန ပေါင်း ၃၃၀ မှ ကာယ ဉာဏ လုပ်သားပေါင်း ၁၉၃,၂၄၇ ယောက်ကို အကျုံးဝင်ရွေးချယ်ခဲ့ရာ ၁၉၇၈–၇၉ ခုနှစ်ထက် စာလျှင် ယခုနှစ်တွင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနပေါင်း ၁၈ ခု တိုးလာ၍ အလုပ်သမား အရေအတွက် ၆,၅၈၉ ယောက် တိုးတက်လာခဲ့လေသည်။

ယခုနှစ်အတွက် ရွေးချယ်ခြင်းခံရသော စံပြ လုပ်သား များထဲတွင် ဆိုရှယ်လစ် လုပ်သားကောင်း ၄၈ ဦး၊ဒုတိယ အဆင့် စံပြလုပ်သား ၁၂၁ ဦးနှင့် တတိယအဆင့် စံပြလုပ် သား ၃၆၁ ဦး ဖြစ်ပြီး စုစုပေါင်း ၅၃၀ ဦးကို ရွေးချယ်နိုင် ခဲ့လေသည်။

ယခုနှစ် ရရှိသော စံပြလုပ်သားအတွက် ဆုတံဆိပ်များ ကို စံပြလုပ်သား စီမံကိန်း ဗဟို ကော်မတီ ဥက္ကဋ္ဌ အလုပ်

ရေနံသာအပန်းဖြေစခန်းရောက် စံပြလုပ်သားများ





သမား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် ချစ်လှိုင်က ၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလ ၈ ရက် နေ့တွင် လူငယ်အင်းလျားလေး စခန်း၌ အခမ်း အနားဖြင့် ပေးအပ် ချီးမြှင့်ခဲ့လေသည်။

ယခုနှစ် ရွေးချယ်ခြင်း ခံခဲ့ရသော စံပြ လုပ်သား များ အတွက် စုရပ်အဖြစ် ရန်ကုန်မြို့ ခြောက်မိုင်ခွရှိ စိမ်းမြကန် သာ စခန်းနှင့် လူငယ်အင်းလျားလေးစခန်းတို့ကို သတ်မှတ် ပေးခဲ့ပြီး ထိုမှတဆင့်မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရာမည စက်စဲ့ အပန်းဖြေအနားယူစခန်းနှင့် မကွေးတိုင်း ချောက် မြို့နယ် ရေနံသာ အပန်းဖြေအနားယူစခန်းတို့သို့ အုပ်စုနှစ် စု ခွဲ၍ အထူးအစီအစဉ်များဖြင့် ပို့ဆောင်ပေးခဲ့လေသည်။

ဆအူးဒီအာရေဗျနိုင်ငံ။ ။ အာရေဗျ ကျွန်းဆွယ်ရှိ နိုင်ငံများအနက်အကျယ်ဝန်းဆုံးဖြစ်သော ဆအူးဒီနိုင်ငံတွင် မက္ကာမဟာဗလိကြီးကို ကျေဟမန်အိုတေးဘားဆိုသူခေါင်း ဆောင်သော လူ ၅၀၀ က ဝင်စီးသည့်မူခင်းပေါ် ပေါက်ခဲ့ သည့်အတွက် ဆအူးဒီအာရေဗျ ဘုရင်ခါလစ်နှင့် အိမ်ရှေ့ မင်းသား ဖာဒ်တို့၏ အစိုးရသည် နိုင်ငံ၏လုံခြုံရေး အစီ အစဉ်များကို ပြန်လည်ပြင်ဆင်မှမ်းမံခဲ့ရလေသည်။

သို့ပြင်ဆင်ရာတွင် ဗိုလ်ချုပ်ကြီးခြောက်ဦးကို ထုတ်ပယ် ခဲ့သည်။ လုံခြုံရေးဌာန ထိပ်တန်းအရာရှိများကို သင်တန်း ပေးရန် ပြင်သစ်နိုင်ငံမှ စစ်ရေးဝိဇ္ဇာများကို ခေါ်ယူရ

အကျယ်အဝန်း။	။၈၇၃,၀၀၀ စတုရန်းမိုင်	
လူဦးရေ။	။၈,၃၅၀,၀၀၀	(၁၉၈၀)
မြို့တော်။	။ရီယတ်မြို့	

သည်။ ပြင်သစ်နိုင်ငံလုပ် မီရာ့ချ်တိုက်လေယာဉ်များ ဝယ် ရန်စီစဉ်ရသည်။

ယခင်ကထူထောင်ထားသော လေတပ်၊ ကြည်းတပ် များကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းသည်သာမက ခေတ်မီ လက်နက်များကို ထပ်၍ ဖြည့်သွင်းခဲ့သည်။ လူငယ် အမြောက်အမြားကိုလည်း ပြည်ပသို့ စေလွှတ်ကာ စစ် ပညာများကိုသင်ကြားစေလေသည်။

ပင်လယ်နီနှင့် ပါရှား ပင်လယ်ကွေ့ ဆိပ်ကမ်းများတွင် ရေတပ်စခန်းများတည်ဆောက်သည့်အပြင် အရှေ့မြောက် ပျံဝှေ့တွင် 'ဘုရင်ခါလစ် စစ်မြို့တော်' တခု ဖန်တီးတည် ထောင်လိုက်သည်။ ရေနံတွင်းများအနီး၌သာမက နယ်စပ်၊ နယ်ပျံ ဒေသများတွင်လည်း စစ်စခန်းများ တည်ဆောက် ခဲ့လေသည်။

၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင်လက်နက်ကိုင် တပ်သား ၄၄,၅၀၀ ရှိသော တပ်မတော်သည် ကာကွယ်ရေး ဝန်ကြီး ဆူလတန်ဗင်အဗ္ဒဒယ်၏ အုပ်ချုပ်မှု အောက်တွင် ရှိသည်။ အမျိုးသားကာကွယ်ရေးတပ် (ရဲ) ၁၂,၀၀၀ ကို စခန်း အနှံ့အပြားတွင် နေရာချထားပေးသည်။ အီရန်၊ အီရတ် စစ်ဖြစ်ပွားလာသောအခါ ရေဒါကိရိယာ တပ်ဆင် ထားသော အမေရိကန်ထောက်လှမ်းရေး လေယာဉ်များကို ခေါ်ယူချထားပေးခဲ့ရလေသည်။

စစ်ရေး ခိုင်မာအောင် ကြိုးပမ်းနေစဉ် ပြည်သူတို့၏ အခြေအနေကို တိုးမြှင့်ရေးကိုပါ ဆောင်ရွက်သည်။ အခ လုပ် ပညာရေးစနစ်နှင့် အခလုပ်ဆေးဝါးကုသမှုစနစ်များ ကိုပြဋ္ဌာန်းသည်။ ယခင်က ချို့တဲ့များဖြင့် ပြည့်နှက်နေ သော ရီယတ်မြို့တော်သည် မိုးထိတိုက်များ၊ လမ်းကျယ် များရှိသော မြို့ကြီးဘဝသို့ပြောင်းခဲ့သည်။ မိုင် ၇,၀၀၀ ရှည် သောရထားလမ်းများ တိုးခွဲ ဖောက်လုပ်ရန်စီစဉ်ထားသည် သာမက စီးပွားရေးငါးနှစ်စီမံကိန်း တရပ်ရေးဆွဲကာ ပြည်သူ လူနေမှုအဆင့် မြင့်မားလာရေးကို ကြိုပမ်းလျက် ရှိသည်။

ဆအူးဒီအာရေဗျနိုင်ငံသည် ၁၉၈၀ ပြည့်နှစ်တွင် ရေနံ မှ ဒေါ်လာသန်း ၉၀,၀၀၀ ဝင်မည်ဟု ခန့်မှန်းထားရာ ပြည် သူတဦး၏ ပျမ်းမျှဝင်ငွေသည်လည်း တိုးလာမည် ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် သတ်မှတ် ချက်အရ ရေနံဈေးနှုန်းသည် ၃၂ ဒေါ်လာမှ ၄၁ ဒေါ်လာ သို့ တိုးမြှင့်လာသဖြင့် ဝင်ငွေသည် ထို့ထက်ပို၍ ကောင်း လာမည်ဖြစ်သည်။ ရေနံ ထုတ်လုပ်မှု မှာလည်းတနေ့လျှင် စည်ကိုးသန်းခွဲသို့ တိုးတက်ခဲ့သည်။ အီရန်၊ အီရတ်စစ် ကြောင့် လိုအပ်နေသော ရေနံဈေးကွက်ကို ဖြည့်စွက်ရ ခြင်းဖြစ်သည်။

ရေနံထုတ်လုပ်ထောင်းချသော နိုင်ငံများအဖွဲ့ (အိုပက်) က ဖွဲ့ပြိုးဆဲနိုင်ငံများသို့ ဒေါ်လာသန်း ၄၀၀၀ ကူညီသည့်



ဆအူးဒိအာရေဗျဘုရင် ခါလစ်နှင့်
ခေတ်မီတပ်မများ

အစိအစဉ်တွင် ဆအူးဒိအာရေဗျ နိုင်ငံက ပါဝင်သက့်သို့ ၎င်းတနိုင်ငံတည်း အနေဖြင့်လည်း အကူအညီပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ဌေရင်း အမြောက်အမြား မြုပ်နှံ ထားသည့် အပြင်အခြားနိုင်ငံများသို့ အထူးသဖြင့် မူဆလင်နိုင်ငံများသို့ ဌေကြေးအထောက်အကူ ပေးခဲ့သည်။ ဗရာဇီးနိုင်ငံ ကော်ဖီလုပ်ငန်းတွင် စိုက်ပျိုးလုပ်ကိုင်ကူညီမည် ဖြစ်သက့်သို့ ပြင်သစ်တောင်ပိုင်းဌ အာရပ်မြင်းမွေးမြူရေး ခြံများထူထောင်မည် ဖြစ်လေသည်။

ပြည်ပသို့ ဌေကြေးအထောက်အကူပေးသော ဆအူးဒိ အာရေဗျသည် နိုင်ငံအသီးသီးနှင့် ချစ်ကြည် ရင်းနှီးလျက် ရှိစဉ် မမြော်လင့်ပဲ ပေါ်ထွက်လာသော အဖြစ်အပျက်များ ကြောင့် အီဂျစ်၊ လစ်ဗျ စသောနိုင်ငံများနှင့် မပြေ မလည်ဖြစ်လာသည်။

၁၉၇၉ ခုနှစ် မတ်လတွင် ဝါရှင်တန်မြို့ ကင်ဒေးဗစ် စခန်းဌ ချုပ်ဆိုသောအီဂျစ်၊အစ္စရေး စာချုပ်ကြောင့် အီဂျစ်နိုင်ငံကို အဆက်ဖြတ်ခဲ့သည်။ လစ်ဗျနှင့်မပြေလည်သော ကိစ္စသည် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် ဖြစ်ပွား သည့် အီရန်၊ အီရတ် စစ်ပွဲမှစတင်သည်။

ထိုစစ်ပွဲတွင် အီရန်လေယာဉ်များကို စိတ်မချရသဖြင့် အမေရိကန်မှ ရေဒါကိရိယာ တပ်ဆင်ထားသည့် ထောက် လှမ်းရေး လေယာဉ်များကို မှာယူထားရသောအခါ လစ်ဗျ အစိုးရက ကန့်ကွက်၍ ထိုကန့်ကွက်မှုကို တွဲ့ပြန်သည့်အနေ ဖြင့် လစ်ဗျနိုင်ငံအား သံတမန်အဆက်အသွယ် ဖြတ်တောက် ခဲ့သည်။

ဆအူးဒိ နိုင်ငံတွင် လူဦးရေနည်းပါး၍ ရေနံလုပ်ငန်း အတွက် ပြည်ပမှအလုပ်သမား တသန်းခန့်ကို ခေါ်ယူရ သည်။ ထိုပြည်ပအလုပ်သမားများတွင် တောင်ကိုရီးယား၊ ဖိလစ်ပိုင်မှအစ နိုင်ငံစုံ လူမျိုးပါဝင်ကြသည်။

ဆီးရိုးယားသမ္မတနိုင်ငံ။ ။၁၉၆၆ ခုနှစ်တွင် မစ္စတာ အာတတ်ဆီ ခေါင်းဆောင်သော စစ်တပ်က အာဏာသိမ်း ကာ အာတတ်ဆီက သမ္မတ၊ ဇာယင်းက ဝန်ကြီးချုပ်အဖြစ် တာဝန်ယူကြသည်။ မစ္စတာဇာယင်းသည် ဝန်ကြီးချုပ် အနေဖြင့် ဆိုဗီယက်ပြည်ထောင်စုသို့သွားခဲ့သည်။ ဘဲ့သ် ပါတီအာဏာရသည်မှစ၍ ဆီးရိုးယားသည် ဆိုဗီယက်နှင့် ရင်းနှီးကာ လက်ဝဲယိမ်းခဲ့သည်မှာ ၁၉၇၀ ပြည့်နှစ်အထိ ဖြစ်သည်။

သမ္မတအာတတ်ဆီတို့စီမံအုပ်ချုပ်ပုံကို မကျေနပ်သဖြင့် ဘဲ့သ်ပါတီဝင် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ဟာဖက် အဲ အာဆတ် ခေါင်းဆောင်သည့် စစ်တပ်က ၁၉၇၀ ပြည့်နှစ် ဖေဖွာရီလ ၂၇ ရက်နေ့တွင် အာဏာသိမ်းခဲ့လေသည်။



အကျယ်အဝန်း။	။၇၁,၄၉၈ စတုရန်းမိုင်
လူဦးရေ။	။၈,၆၁၀,၀၀၀(၁၉၈၀)
မြို့တော်။	။ဒမတ်စကတ်မြို့

ယင်းအာဏာသိမ်းမှုသည် အနှစ် ၂၀ ကျော်အတွင်း ကိုးကြိမ်မြောက် အာဏာသိမ်းခြင်းဖြစ်သည်။ ၁၉၄၅ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်များအတွင်း အာဏာသိမ်းမှုအများအပြားဖြစ်ပွားခဲ့ပြီး မအောင်မြင်သော လုပ်ကြံမှုအရေအတွက်မှာလည်း များပြားခဲ့လေသည်။ ဗိုလ်ချုပ် အာဆတ်သည် ၁၉၇၁ ခုနှစ်တွင် သမ္မတရာထူးကိုလက်ခံသည်။

ထိုနှစ်မှာပင် ဆီးရီးယားနှင့် ဂျော်ဒန်တို့ နယ်စပ်တိုက်ပဲ့ဖြစ်ပွားသည်။ ဆီးရီးယားတွင် နေထိုင်ကြသော ပါလက်စတိုင်တပ်များနှင့် ဂျော်ဒန်တပ်များစတင်တိုက်ခိုက်ကြရာမှ ဆီးရီးယားနှင့် ဂျော်ဒန်တပ်အချင်းချင်း ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည်။ မကြာမီပင် ပြေလည်ပြီး တိုက်ခိုက်မှုရပ်စဲသွားကြသည်။

ထိုအတောအတွင်း၌ ဆီးရီးယား ပြည်တွင်းရေးတွင် သဘောကွဲလွဲမှုများ ပေါ်ထွက်လာသည်။ ဆီးရီးယားကွန်မြူနစ်ပါတီကို မတရားသင်း ကြေငြာထားရသည်။ မူဆလင်သွေးရင်းသားရင်းအဖွဲ့ခေါ် မူဆလင်ညီနောင်အဖွဲ့ကလည်း အကြမ်းဖက်ပစ်ခတ် တိုက်ခိုက်မှုများရှိ ခဲ့သည်။ ထိုမူဆလင် သွေးရင်း သားရင်းအဖွဲ့ကို အာဃေးသည်ဆိုသောအီရတ်နှင့် မသင့်မတင့်ဖြစ်ခဲ့ရသည်။

၁၉၇၃ ခုနှစ်တွင် အစ္စရေးနှင့်တဖန် တိုက်ပွဲ ဖြစ်ပြန်သည်။ ထိုစစ်ပွဲကို ယွန်ကစ်ပူးစစ် သို့မဟုတ် ၁၀ ရက်စစ်ဟု ခေါ်တွင်သည်။ ထိုစစ်ပွဲတွင် နယ်မြေမရှုံးသော်လည်း နယ်မြေသစ်မရပေ။

၁၉၇၅ ခုနှစ်တွင်မူ ဂျော်ဒန်နိုင်ငံနှင့် ပြန်လည်သင့်မြတ်ကာ ပူးတွဲစစ်ကောင်စီကိုပင် ဖွဲ့စည်းခဲ့ကြသည်။ ၁၉၇၆ ခုနှစ် ဇွန်လတွင် လက်ဗနွန်ပြည်တွင်းစစ်ရပ်စဲရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ကြိုးပမ်းရန်ဆီးရီးယားတပ်သား ၁၄,၀၀၀ ကို လက်ဗနွန်သို့ ပို့ခဲ့သည်။ နောက်ဆုံးတွင် ဆီးရီးယားတပ်သား ၃၀,၀၀၀ က အာရပ်ကာကွယ်ရေးတပ်များ၏တာဝန်ကို ယူရသည်။

အီဂျစ်နှင့်လည်းပြန်လည်သင့်မြတ်လာပြန်၍ ပေါင်းစည်းညီညွတ်ရေးကြေငြာချက်ကို ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကြေငြာသည်။ သို့ရာတွင် ၁၉၇၇ ခုနှစ် ကင်ဒေးဗစ်စာချုပ်နှင့် ပတ်သက်၍ အီဂျစ်နှင့်ဆီးရီးယားတို့အတိုက်အခံဖြစ်လာသည်နှင့်အမျှ ဂျော်ဒန်၊ ဆီးရီးယားတို့နှင့် သဘောချင်းညီကြပြန်သည်။ အမေရိကန်ပြည်ထောင်စု သမ္မတကာတာ ဦးစီးသော ကင်ဒေးဗစ် ဆွေးနွေးပွဲတွင် အီဂျစ်နှင့် အစ္စရေးတို့ သဘောတူ စာချုပ်ချုပ်ခြင်းသည် အာရပ်လောကကို သစ္စာဖောက်ခြင်း ဖြစ်သည်ဟု ယူဆသည့်အလျောက် အာရပ်ထိပ်သီးများကွန်ဖရင့်ကို အီရတ်နိုင်ငံဘဂ္ဂဒက်မြို့၌ ကျင်းပကာ အီဂျစ်နိုင်ငံကို ဝိုင်းပယ်ခဲ့ကြလေသည်။

အီဂျစ်ကို ဒဏ်ခတ်ရေးအတွက် ကြံ့ကြံ့ခံနိုင်ငံများအဖွဲ့ကို ဖွဲ့စည်းသောအခါ ဆီးရီးယား၊ လစ်ဗျ၊ အယ်ဂျီးရီးယားနှင့် တောင်ယေမင်တို့ပါဝင်လာသည်။ ပါလက်စတိုင် အဖွဲ့ကလည်း လက်တွဲသည်။ ထိုအမာခံ (၀၊) ကြံ့ကြံ့ခံအဖွဲ့တွင် အီရတ်နှင့် ဂျော်ဒန်တို့မပါဝင်ပေ။

အီရတ်တို့က အာဃေးသည်ဆိုသော မူဆလင် သွေးရင်းသားရင်းအဖွဲ့၏ လက်ချက်ကြောင့် ၁၉၇၉ ခု ဇွန်လ ၂၂ ရက်နေ့တွင် အလက်ပိုမြို့ အမြောက်တပ် သင်တန်းကျောင်းသား ၃၂ ဦးသေပြီး ၅၄ ဦး ဒဏ်ရာရသည်။ ထိုမှစ၍ မူဆလင်သွေးရင်းသားရင်း ဂိုဏ်းသားများကို အစိုးရက အပြင်းအထန်နှိမ်နင်းသည်။

၁၉၈၀ ပြည့်နှစ် အီရန်၊ အီရတ်စစ်ပွဲတွင် အီရတ်ကို ဆီးရီးယားကဆန့်ကျင်သည်။ တချိန်တည်းမှာပင် မူဆလင်သွေးရင်းသားရင်းဂိုဏ်း၏ ထကြွမှုကို အကြောင်းပြကာ ဆီးရီးယားတပ်များကို ဂျော်ဒန်နယ်စပ်သို့ပို့ခဲ့သည်။ ဂျော်ဒန်ကလည်း စစ်တပ်များကို ပို့ပြီးရင်ဆိုင်စေသည်။ ဆအူးဒီအာရေဗျအစိုးရက ဦးဆောင်ဖျန်ဖြေသဖြင့် စစ်တပ်များပြန်လည်ရုပ်သိမ်းလိုက်ကြသည်။ သို့သော် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဂျော်ဒန်နိုင်ငံ အမှန်မြို့၌ ကျင်းပသော အာရပ်ထိပ်သီးညီလာခံသို့ ဆီးရီးယား၊ အယ်ဂျီးရီးယားနှင့်လစ်ဗျတို့ မတက်ရောက်ခဲ့ပေ။

အီရန်၊အီရတ်အရေးတွင်ဆီးရီးယားနှင့်လစ်ဗျသည် ပို၍သဘောညီလာကြသည်။ လစ်ဗျခေါင်းဆောင် ကဒတ်ဖီ၏ တောင်းဆိုချက်အရ လစ်ဗျ၊ ဆီးရီးယား ပူးပေါင်းရန် သဘောတူသည်ဟု သမ္မတအာဆတ်က ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလတွင် ကြေငြာခဲ့သည်။ နှစ်နိုင်ငံ ပူးပေါင်းရေး ဆောင်ရွက်မှုသည်လည်း မအောင်မြင်သေးပေ။

အခြားအာရပ်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဆီးရီးယားနိုင်ငံသည် ရေနံမထွက်သဖြင့် ရေနံထွက်သော နိုင်ငံများမှငွေကြေး အကူအညီရယူရလေသည်။ စစ်လက်နက် ဟစ္စည်းအကူအညီကို ဆိုဗီယက်ပြည်ထောင်စုမှ ရယူခဲ့လေသည်။

ဆူဋ္ဌကိုး, ဇင်ကို (ခရစ် ၁၉၁၁)။ ။ကျပန်နိုင်ငံ ဝန်ကြီးချုပ်ဖြစ်သူ မစ္စတာ ဇင်ကိုဆူဋ္ဌကိုးသည် ကျပန်နိုင်ငံမြောက်ပိုင်းရှိ အိဝါတေနယ်မှ ကြွယ်ဝချမ်းသာသော ငါးလုပ်ငန်းပိုင်ရှင်မိသားစုမှ ဆင်းသက်လာသူ ဖြစ်သည်။

၁၉၄၇ ခုနှစ်တွင် လွတ်တော်အမတ်အဖြစ်ဖြင့် ရွေးချယ်တင်မြောက်ခြင်းခံရပြီး ၁၉၄၉ ခုနှစ်တွင် လစ်ဗရယ်ပါတီသို့ ကူးပြောင်း ဝင်ရောက်ခဲ့သည်။ လွတ်တော်တွင် ငါးလုပ်ငန်းနှင့်ပတ်သက်၍ ပြောဆိုပိုင်ခွင့်ရှိသော အမတ်ဖြစ်ခဲ့သည်။



ဂျပန်ဝန်ကြီးချုပ် ဇင်ကိုဆူဋ္ဌကီး

၁၉၆၀ ပြည့်နှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ စာပို့ဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၇၇ ခုအထိ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ယင်းဌာနများတွင် ဆောင်ရွက်စဉ် ဂျပန်နိုင်ငံ၏ ငါးဖမ်းလုပ်ငန်းပိုင်ခွင့်အရေးနှင့် ပတ်သက်၍ ဆိုဗီယက်နိုင်ငံနှင့် စေ့စပ်ဆွေးနွေးရာတွင် ဦးဆောင်ခဲ့သည်။

၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ဂျပန်နိုင်ငံအထက်လွှတ်တော်နှင့် အောက်လွှတ်တော်ရှိ လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ အမတ်များသည် ကွယ်လွန်သူ ဝန်ကြီးချုပ်နှင့် ပါတီဥက္ကဋ္ဌဖြစ်သူ မစ္စတာ မာဆာယိုရှိ အိုဟီရာကို ဆက်ခံရန် အသက် ၆၉ နှစ်ရှိ မစ္စတာ ဇင်ကိုဆူဋ္ဌကီးကို ပါတီဥက္ကဋ္ဌအဖြစ် အများသဘောတူ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

လစ်ဗရယ် ဒီမိုကရက်တစ် ပါတီဝင်များသည် လွှတ်တော်နှစ်ရပ်လုံးတွင် အများစုဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် မဲ ၅၀၀ မဲပေးနိုင်ခွင့် ရှိသည့်အနက် မစ္စတာ ဇင်ကိုဆူဋ္ဌကီးသည် မဲ ၂၉၁ မဲရရှိ၍ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ အတိုက်အခံများဘက်မှ အရွေးခံရသူ ငါးဦးသည် စုစုပေါင်း ၂၁၇ မဲသာ ရရှိသည်။ မစ္စတာ ဆူဋ္ဌကီးကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းကို အထက်လွှတ်တော်က ချက်ချင်းအတည်ပြုခဲ့လေသည်။

ဝန်ကြီးချုပ် ဇင်ကိုဆူဋ္ဌကီးသည် သုံးဆယ့်သုံးနှစ်ခန့် နိုင်ငံရေးလောကတွင် ကျင်လည်ခဲ့ရာတွင် ပါတီအရေးကို

ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ

ဦးစားပေး ဆောင်ရွက်ခဲ့သည်။ ပါတီတွင်း သဟဇာတဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းရှိသူတဦးအဖြစ် ဂျပန်နိုင်ငံ ရေးလောကတွင် ကျော်ကြားခဲ့သူတဦး ဖြစ်သည်။

ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ။ ။

နှစ်နိုင်ငံဆက်ဆံရေးများတွင် အမြင်ချင်း ဖလှယ်ရေး၊ ညှိနှိုင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများအတွက် ဆိုဗီယက်-ပြင်သစ်ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲကို မေလအတွင်းက ပိုလန်နိုင်ငံ ဝါဆောမြို့၌လည်းကောင်း၊ ဆိုဗီယက်-အနောက်ဂျာမနီခေါင်းဆောင်များ၏ ဆွေးနွေးပွဲကို မော်စကိုမြို့၌လည်းကောင်း ကျင်းပခဲ့သည်။ သမ္မတကြီး လီယိုနစ်ဗရက်ဇက်သည် ဆိုရှယ်လစ်နိုင်ငံများမှ ခေါင်းဆောင်များနှင့်လည်း ကရိုင်းမီးယားတွင် တွေ့ဆုံဆွေးနွေးခဲ့လေသည်။

၁၉၇၀ပြည့်နှစ်အတွင်းမော်စကိုမြို့၌ဆိုဗီယက်-ဆီးရီးယား၊ ဆိုဗီယက် - ဖင်လန်၊ဆိုဗီယက် - အိန္ဒိယ၊ဆိုဗီယက်—မိုဇမ်ဗစ်၊ ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ သမ္မတ ဗရက်ဇက်



အကျယ်အဝန်း။	။	ဂ,၆၄၉,၄၈၉ စတုရန်းမိုင်
လူဦးရေ။	။	၂၆၅,၂၅၀,၀၀၀ (၁၉၈၀)
မြို့တော်။	။	မော်စကိုမြို့

သည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရာတွင် အရှေ့အလယ်ပိုင်းနှင့် ပါရှားပင်လယ်ကွေ့ဒေသ၌တင်းမာမှုလျော့ပါးရေးအတွက် နိုင်ငံခြားတပ်များနှင့် စစ်ဓာန်းများမထားရှိရေးအဆိုပြုခဲ့သည်။

၂၂ ကြိမ်မြောက် ကမ္ဘာ့အိုလင်းပစ် အားကစားပွဲတော်ကို ဆိုဗီယက်ပြည်ထောင်စု မော်စကိုမြို့တွင် ဇူလိုင်လ ၁၉

ရက်မှ ဩဂုတ်လ ၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ အိုလင်းပစ်ပဲတော်ကို ဆိုရှယ်လစ်နိုင်ငံတနိုင်ငံတွင် ပထမဆုံးအကြိမ် အဖြစ် ကျင်းပခွင့်ရခြင်းဖြစ်သည်။ အိုလင်းပစ်ပဲတော်သို့ စုစုပေါင်း ၇၅ နိုင်ငံ တက်ရောက် ပါဝင်ခဲ့သည်။ အာဖဂန်နိစတန်သို့ ဆိုဗီယက်တပ်များ ဝင်ရောက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံပေါင်း ၂၀ နိုင်ငံက သပိတ်မှောက်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်သည် ဆိုဗီယက် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်နေသော ဒသမ ငါးနှစ်စီမံကိန်း (၁၉၇၆–၁၉၈၀)၏ နောက်ဆုံးနှစ် ဖြစ်သည်။ ၎ကဒသမငါးနှစ်စီမံကိန်း၏ အကြိုကာလနှင့် ၂၆ ကြိမ်မြောက် ဆိုဗီယက်ကွန်မြူနစ်ပါတီညီလာခံ၏ အကြိုကာလ တို့လည်းဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် ဆိုဗီယက်ပြည်ထောင်စု၏ အမျိုးသား ဝင်ငွေသည် ရူဘယ်ငွေ သန်းပေါင်း ၄၅၀,၀၀၀ ဖြစ်ရာ ၁၉၇၉ ခုနှစ်ကထက် ၃ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ရူဘယ်ငွေ သန်းပေါင်း ၁၆,၀၀၀ တိုးလာခဲ့သည်။ စက်မှုကုန်ပစ္စည်း ထုတ်လုပ်မှုသည် ရူဘယ်ငွေ သန်းပေါင်း ၆၂၇,၀၀၀ တိုးထုတ်လုပ်ခဲ့ရာ ၁၉၇၉ ခုနှစ်ကထက် ၃ ဒသမ ၆ ရာခိုင်နှုန်း သို့မဟုတ် ရူဘယ်ငွေ သန်းပေါင်း ၂၂,၀၀၀ တိုး၍ထုတ်လုပ်ခဲ့သည်။ တဦးကျ ဝင်ငွေသည် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးခဲ့ရာ ဒသမ ငါးနှစ်စီမံကိန်းကာလ တခုလုံးခြုံ၍ဆိုရသော် ၁၇ ရာခိုင်နှုန်း တိုးခဲ့လေသည်။

အင်ဂျင်နီယာလုပ်ငန်း၊ အီလက်ထရောနစ်၊ ဓာတုဗေဒ၊ ရေနံချက်လုပ်မှုစသည့် ထုတ်လုပ်မှု လုပ်ငန်းများသည် တိုးတက်ခဲ့သည်။ အလိုအလျောက် စက်ပစ္စည်းကိရိယာများ ထုတ်လုပ်မှု၌ ၁၀ ရာခိုင်နှုန်း၊ ကွန်ပြူတာ ၁၄ ရာခိုင်နှုန်း၊ ရောင်စုံတီဗီစက် ၂၅ ရာခိုင်နှုန်းစသည်ဖြင့် တိုးတက် ထုတ်လုပ်နိုင်ခဲ့ပေသည်။

ဒသမငါးနှစ်စီမံကိန်း ကာလအတွင်း ဆိုဗီယက် ပြည်ထောင်စုသည် ဆိုက်ဗေးရီးယား အရှေ့ဖျားဒေသ၊ မြောက်ဖျားဒေသနှင့် ဗဟိုအာရှသမ္မတနိုင်ငံများတွင် ဓာတ်အားအရင်းအမြစ်နှင့် သဘာဝသယံဇာတပစ္စည်း ပေါများခြင်းကြောင့် ဒေသဆိုင်ရာ ကုန်ထုတ်လုပ်ငန်း စုကြီးများကို ဦးစားပေးတည်ဆောက်ခဲ့သည်။ ထိုသို့ ကုန်ထုတ်လုပ်ငန်း စုကြီးများ တည်ဆောက် နိုင်ရေးအတွက် ကီလိုမီတာ ၂,၄၀၀ ကျော် ရှည်လျားသော ဘိုင်ကယ်အမူ ရထားလမ်းသစ်ကို ဆိုက်ဗေးရီးယားဒေသ၌ ဖောက်လုပ်လျက် ရှိသည်။

၁၉၈၀ ပြည့်နှစ်တွင် ဆိုဗီယက်ပြည်ထောင်စုသည် ရာသီဥတု မမှန်မှုကြောင့် သီးနှံ တန်ချိန်သန်းပေါင်း ၁၈၉ ဒသမ ၂ သာ ထုတ်လုပ်နိုင်ခဲ့ရာ စီမံကိန်း လျာထားချက်ကိုမမီချေ။ ရာသီဥတုသည် ၁၉၇၂၊ ၁၉၇၅၊ ၁၉၇၇၊ ၁၉၇၉ နှင့် ၁၉၈၀ ပြည့်နှစ်များတွင် ဖောက်ပြန်ခဲ့ရာ စိုက်ပျိုးရေးကို များစွာ ထိခိုက်စေခဲ့သည်။ ၎င်းပြင် တိရစ္ဆာန် မွေးမြူရေးကိုလည်းကောင်း၊ အသားထုတ်လုပ်မှု၊ နို့နှင့် ဥ ထုတ်လုပ်မှုကိုလည်းကောင်း ဆက်စပ်ထိခိုက်စေခဲ့လေသည်။

၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလ တွင် အမေရိကန်ပြည်ထောင်စုသည် ဆိုဗီယက်တပ်များ အာဖဂန်နိစတန်နိုင်ငံသို့ ဝင်ရောက်ခြင်းကို အကြောင်းပြု၍ ဆိုဗီယက် ပြည်ထောင်စုအား သီးနှံနှင့် အဆင့်မြင့်နည်းပညာတင်ပို့ရောင်းချမှုများကို ပိတ်ပင်ခဲ့ကြလေသည်။

အာကာသသူရဲကောင်း ပိုပေါ့နှင့် ဗာလာရီ ရူမင်တို့ကို သမ္မတ ဗရက်ဇြင်က ချီးမြှင့်သော နိုင်ငံဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ယူဟပြီး တွေ့မြင်ရစဉ်



ဆောင်းရာသီ ကမ္ဘာ့အိုလင်းပစ် အားကစားပြိုင်ပွဲ (၁၉၈၀)။ ။၁၃ ကြိမ်မြောက်ဆောင်းရာသီ ကမ္ဘာ့အိုလင်းပစ် အားကစားပြိုင်ပွဲကို အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့ လိပ်ပလာဆစ်ဒေသ၌ ဖေဖော်ဝရီ ၁၃ ရက် နေ့မှ ၂၄ ရက်နေ့အထိ ပြုလုပ်ခဲ့ရာ ၃၇ နိုင်ငံမှ အားကစားသမားပေါင်း ၁၂၀၀ ကျော်အပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။ ဆောင်းရာသီ ကမ္ဘာ့ အိုလင်းပစ် အားကစားပြိုင်ပွဲကို ၁၉၂၄ ခုနှစ်မှစ၍ လေးနှစ်လျှင်တကြိမ်ကျစီ ပြုလုပ်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် လိပ်ပလာဆစ်ဆောင်းရာသီ ကမ္ဘာ့အိုလင်းပစ် အားကစားပြိုင်ပွဲတွင် ဆိုဗီယက်ပြည်ထောင်စုသည် ရွှေတံဆိပ် ၁၀ ခု။ ငွေတံဆိပ် ခြောက်ခု။ ကြေးတံဆိပ် ခြောက်ခုဖြင့် ဗိုလ်စွဲခဲ့ပြီး အရှေ့ဂျာမနီ (ဂျီဒီအာ) သည် ရွှေတံဆိပ် ကိုးခု။ ငွေတံဆိပ် ခုနစ်ခု။ ကြေးတံဆိပ် ခုနစ်ခုဖြင့် ဒုတိယ ရကာ၊ အမေရိကန်သည် ရွှေတံဆိပ် ခြောက်ခု။ ငွေတံဆိပ် လေးခု။ ကြေးတံဆိပ် နှစ်ခုဖြင့် တတိယ ရရှိခဲ့ကြသည်။

နယူးယောက် လိပ်ပလာဆစ် ဆောင်းရာသီ ကမ္ဘာ့အိုလင်းပစ်အားကစားပြိုင်ပွဲတွင် အောင်မြင်ကျော်ကြားမှုအပြည့်အဝရသွားခဲ့သူမှာ အမေရိကန်မှ ရေခဲပြင်စကိတ် အမြန်စီးသမား အဲရစ်ဟီဒင်ပင် ဖြစ်သည်။ ဟီဒင်သည် ရွှေတံဆိပ် ငါးခု ဆွတ်ခူးနိုင်ခဲ့၍ ဆောင်းရာသီ ကမ္ဘာ့အိုလင်းပစ် သမိုင်းတွင် ရွှေတံဆိပ်အများဆုံး ဆွတ်ခူးနိုင်သည့် စံချိန်သစ်တင်နိုင်ခဲ့ပြီး အိုလင်းပစ်စံချိန်သစ်များကိုလည်း တင်နိုင်ခဲ့လေသည်။ ဆောင်းရာသီကမ္ဘာ့အိုလင်းပစ် သမိုင်းတွင် ဆိုဗီယက်မှ ရေခဲပြင်အမြန်စီးချန်ပီယံ လီဒီယာ စကော့လီကိုဗာသည် ၁၉၆၄ ခုနှစ် အင်းဘတ်ဆောင်းရာသီပွဲ၌ ရွှေတံဆိပ် လေးခုရယူနိုင်ခဲ့ကာ ရွှေတံဆိပ်အများဆုံးရသည့် စံချိန်ကိုတင်ထားခဲ့ရာ ယခုဟီဒင်က ရွှေတံဆိပ် ငါးခုဖြင့် စံချိန်သစ်တင်လိုက်နိုင်ခြင်း ဖြစ်လေသည်။

လိပ်ပလာဆစ်ပြိုင်ပွဲတွင် ဆိုဗီယက် အမျိုးသား နိုကို လိုင်ဇင်ယာတော့ဖ်သည် ရွှေတံဆိပ်သုံးခုရခဲ့ရာ၊ ဒုတိယ ရွှေတံဆိပ်အများဆုံး ရယူနိုင်ခဲ့သူဖြစ်ပြီး၊ ဆိုဒင်မှအင်ဂျီမာစတင်မတ်သည် အမျိုးသား ပြိုင်ပွဲတရပ်ဖြစ်သော ရေခဲတောင်ပေါ်မှ (စကီး) လျှောစီးပွဲနှစ်ရပ်မှ ရွှေတံဆိပ်နှစ်ခု ရခဲ့ရာ ဆောင်းရာသီ အိုလင်းပစ်သမိုင်း၌ ပြိုင်ပွဲတခုမှ ရွှေတံဆိပ်တခုထက် ပိုရသူစာရင်းတွင် တတိယမြောက်ဖြစ်သည်။

ဆောင်းရာသီအိုလင်းပစ်ပြိုင်ပွဲသည် ရေခဲပြင်ပေါ်၌သာ ပြုလုပ်ရသော ပြိုင်ပွဲအမျိုးအစားဖြစ်ရာ ပရိသတ်များ သဲထိတ်ရင်ဖိုဖြင့် ကြည့်ရသော ရေခဲပြင်လျှောစီးပွဲစဉ်များလည်း ပါဝင်သည်။ ယာဉ်အငယ်စား ပေါ်၌ လူတဦးသို့မဟုတ် နှစ်ဦးလွှဲအိပ်လိုက်ပါကာ လျှောစီးပြိုင်ရသော ပွဲစဉ်မျိုးသည် ပရိသတ်အကြိုက်တွေ့သော ပွဲစဉ်များဖြစ်သည်။ ယခုပွဲစဉ် အမျိုးသားနှစ်ယောက်တွဲပွဲတွင် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲများ၌ ၁၀ နှစ်အတွင်း ဆက်တိုက် ဗိုလ်စွဲခဲ့သည့်ဆွစ်ဇာလန်မှ အယ်ရစ်ရှယ်ရာနှင့် ဂျိုးဇက်ဘင့်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဗိုလ်စွဲကာ ရွှေတံဆိပ်ရခဲ့သည်။

ဆောင်းရာသီ ကမ္ဘာ့အိုလင်းပစ်ပွဲတွင် ပရိသတ်အထူးစိတ်ဝင်စားသော ပြိုင်ပွဲမှာ အသင်းလိုက် ပါဝင်ယှဉ်ပြိုင်ရသည့် ရေခဲပြင် ဟော်ကီပြိုင်ပွဲပင် ဖြစ်သည်။ ယခုအကြိမ် ရေခဲပြင်ဟော်ကီပြိုင်ပွဲကို အနီရောင်အုပ်စုနှင့် အပြာရောင်အုပ်စုနှစ်စုခဲ့ကာ အုပ်စုပွဲများ ပြုလုပ်ပေးခဲ့သည်။ အုပ်စု



ဆိုဒင်နိုင်ငံမှ အင်ဂျီမာစတင်မတ်သည် ရေခဲတောင်ပေါ်မှ လျှောစီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့သည်။

တခုမှ အမှတ်အမျှားဆုံးရသော အသင်း နှစ်သင်းနှင့် အခြားအုပ်စုမှ အမှတ်အမျှားဆုံးရသော အသင်းနှစ်သင်း စုစုပေါင်း လေးသင်းသည် ဗိုလ်လုပွဲစဉ်ကစားရသည်။

အနီရောင်အုပ်စုတွင် ချန်ပီယံ ဆိုဗီယက်ပြည်ထောင်စု၊ ဖင်လန်၊ကနေဒါ၊ ဟော်လန်၊ပိုလန်နှင့် ဂျပန်နိုင်ငံတို့ပါဝင်ပြီး အပြာရောင် အုပ်စုတွင် ဆွီဒင်၊ အမေရိကန်၊ ချက်ကိုဆလို ဗက်ကီးယား၊ အနောက်ဂျာမနီ၊ ရိုမေးနီးယား၊ နော်ဝေ နိုင်ငံတို့ပါဝင်သည်။

အနီရောင်အုပ်စုတွင် ဆိုဗီယက်က ငါးပွဲစလုံးနိုင်၍ ၁၀ မှတ်ဖြင့် အုပ်စုဗိုလ်စွဲပြီး၊ ဖင်လန် သုံးပွဲနိုင်၊ နှစ်ပွဲရှုံး၊ ခုနစ် မှတ်ဖြင့် ဒုတိယရကာ ကနေဒါသည် ခြောက်မှတ်ရ သော်လည်း တတိယသာရခဲ့သည်။ အပြာရောင်အုပ်စုတွင် ဆွီဒင် လေးပွဲနိုင်၊ တပွဲသရေ၊ ကိုး မှတ်ဖြင့် အုပ်စုဗိုလ်စွဲပြီး၊ အမေရိကန် လေးပွဲနိုင်၊ တပွဲသရေ၊ ကိုး မှတ်ဖြင့်အုပ်စု ဒုတိယရကာ ဗိုလ်လုပွဲစဉ်သို့ တက်လာခဲ့သည်။ ဗိုလ်လုပွဲစဉ်၌ အုပ်စုတွင်း ဆုံတွေ့ခဲ့ပြီးသောအသင်းများကို ပြန်လည် မကစားစေတော့ပဲ၊ အုပ်စုပွဲအနိုင်အရှုံးအတိုင်း ဆက်လက် ထားပေးခဲ့လေသည်။

ဖေဖွဲ့ဝရီ ၂၂ ရက်နေ့ ဗိုလ်လုပွဲ အုပ်စုပွဲစဉ် စတင်ခဲ့ရာ ဆွီဒင်နှင့်ဖင်လန်နိုင်ငံတို့ သုံးဂိုးစီ သရေကျသွားသည်။ အခြားပွဲစဉ်မှာ ကမ္ဘာတဝန်းကအထူးစိတ်ဝင်စားနေသော အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုပွဲစဉ်ပင် ဖြစ်ပေသည်။

အမေရိကန်နှင့်ဆိုဗီယက် ရေခဲပြင်ဟော်ကီပွဲသို့ ပရိသတ် အများဆုံး ကြည့်ရှုခဲ့ကြသည်။ ဆိုဗီယက်အသင်းသည် ပွဲစသည်နှင့် တိုက်စစ်ဆင်ကစားရာ၊ တဂိုး၊ ဂိုးမရှိဖြင့် စတင် ဦးဆောင်ကစားနိုင်ခဲ့သည်။ဆိုဗီယက်သင်းသည် တဂိုး ဂိုး မရှိ။ နှစ်ဂိုး တဂိုး၊ သုံးဂိုး နှစ်ဂိုးတို့ဖြင့် ဦးဆောင်ကစား နိုင်ခဲ့ရာ အမေရိကန်က သုံးဂိုးစီ သရေရအောင် လိုက်ကစား နိုင်သည်။ ပွဲအကြိတ်အနယ်ဖြစ်နေချိန်၌ အမေရိကန်က အနိုင်ဂိုးသွင်းနိုင်သဖြင့် လေးဂိုး၊ သုံးဂိုးဖြင့် ချန်ပီယံ ဆိုဗီယက်ပြည်ထောင်စုကို အနိုင်ရခဲ့သည်။

ဖေဖွဲ့ဝရီ ၂၃ ရက်နေ့ ဗိုလ်လုပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ပြုလုပ်ရာ အမေရိကန်က ဖင်လန်ကို လေးဂိုး၊နှစ်ဂိုးဖြင့် နိုင်သောကြောင့်၊ အမေရိကန်ဗိုလ်စွဲကာ ရွှေတံဆိပ်ဆုရယူ နိုင်ခဲ့သည်။ ဖင်လန်သင်းသည် အမေရိကန်ကို တဂိုး ဂိုး မရှိ။ နှစ်ဂိုး တဂိုးတို့ဖြင့် ဦးဆောင်ကစားနိုင်ပြီးမှ ရှုံးနိမ့် ခဲ့ရသည်။ ဗိုလ်လုပွဲအုပ်စုတွင် အမေရိကန်သင်းသည်ဆွီဒင် နှင့်ကစားရန်မလိုပဲ အုပ်စုပွဲ အနိုင်အရှုံးကို ဆက်လက်ယူ သောကြောင့် နှစ်ဂိုးစီ သရေကျခဲ့သည့်တမှတ်ကိုယူခဲ့သည်။ အမေရိကန်အသင်း နှစ်ပွဲနိုင်၊ တပွဲသရေ၊ ငါးမှတ်ဖြင့်ဗိုလ်စွဲ ပြီး ဆိုဗီယက်က ဖင်လန်နှင့်ဆွီဒင်ကို နိုင်ကာ လေးမှတ်ဖြင့် ဒုတိယဌေတံဆိပ်ဆုသာ ရခဲ့လေသည်။

ဇင်ဗာဗွေသမ္မတနိုင်ငံ။ ။ဇင်ဗာဗွေ သမ္မတ နိုင်ငံသည် နှစ်ပေါင်းများစွာ လူဖြူလူနည်းစုက အုပ်ချုပ်ခဲ့ပြီးနောက် လူမည်းအများစု အုပ်ချုပ်ခွင့်ရသော အာဖရိက တိုက်ရှိ နိုင်ငံ တနိုင်ငံ ဖြစ်သည်။ ဇင်ဗာဗွေ နိုင်ငံသည် ၁၉၆၀ ပြည့်နှစ် ဧပြီလ ၁၈ ရက်နေ့တွင် လွတ်လပ်ရေး ရခဲ့သည်။ ဇင်ဗာဗွေနိုင်ငံသည် အာဖရိကတိုက် တောင်



အကျယ် အဝန်း။	။၁၅၀,၃၃၃ စတုရန်းမိုင်
လူဦးရေ။	။၇,၃၆၀,၀၀ (၁၉၈၀)
မြို့တော်။	။ဆော့ဇရီမြို့။

ပိုင်းတွင် တည်ရှိပြီး လူမည်းပေါင်း ရှစ်သန်းခန့်နှင့် လူဖြူ နှစ်သိန်းရှိသည်။ လူမည်းနိုင်ငံရေးပါတီ ကိုးခုရှိသည့်အနက် ဘုန်းတော်ကြီး မူဇိုရိဝါ ဦးဆောင်သော ယူနိုက်တက် အာဖရိက အမျိုးသားကောင်စီ၊ နဒါဗင်နင်ဂီဆီသိုလီ ဦးဆောင်သော ဇင်ဗာဗွေ အာဖရိက အမျိုးသား သမဂ္ဂ၊ ကာဓိယာအင်ဒိဝိနီ ဦးဆောင်သော ယူနိုက်တက်နေရှင်နယ် ဖက်ဒရယ်ပါတီ၊ ရောဗတ်မူဂါဗေ ဦးဆောင်သော ဇင်ဗာဗွေ အာဖရိက အမျိုးသားသမဂ္ဂ (ဇာနူး) ပါတီနှင့် ဂျိုးဝါရှ အင်ကိုမို ဦးဆောင်သည့် ဇင်ဗာဗွေ ပြည်သူ့သမဂ္ဂ (ဇာပူး) ပါတီတို့သည် အဓိကလူမည်းပါတီများ ဖြစ်ကြသည်။ လူဖြူနိုင်ငံရေး ပါတီများအနက် လူဖြူနိုင်ငံရေး ဝန်ကြီးချုပ် ဟောင်း အီယန်စမစ် ဦးဆောင်သော ရိုဒီးဒီးယားတပ်ဦး ပါတီသည် အင်အားအကောင်းဆုံး ပါတီဖြစ်သည်။ ၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် ဖြိတ်နှိုင်ငံ၌ ဇင်ဗာဗွေနိုင်ငံ အတွက် ပွဲစည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး ညီလာခံ ကျင်းပ၍ ပွဲစည်းပုံ အခြေခံ ဥပဒေ ရေးဆွဲခဲ့သည်။ ယင်း

အခြေခံ ဥပဒေတွင် ရွေးချယ် တင်မြှောက်ခြင်း ခံရသော သမ္မတသည် နိုင်ငံကို ဦးဆောင်ရန်၊ ဝန်ကြီးချုပ်က ပါလီမန် ဒီမိုကရေစီနည်းဖြင့် အုပ်ချုပ်ရန်၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ထားရန်၊အထက်လွှတ်တော်တွင်လူမည်း အမတ် ၃၀ နှင့် လူဖြူအမတ် ၁၁ ဦးပါဝင်ရန်၊ အောက်လွှတ်တော်တွင် လူမည်း အမတ် ၈၀ နှင့် လူဖြူအမတ် ၂၀ ပါရန် ပြဋ္ဌာန်းချက်များ ပါဝင်လေသည်။

ရွေးကောက်ပွဲများကို ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည်။ လူမည်းအထက် လွှတ်တော် အမတ် နေရာအများစုကို ရောဗတ်မူဂါဗီ ဦးဆောင်သော ဇာနူး ပါတီက ရရှိခဲ့သည်။ လူဖြူအထက်လွှတ်တော် အမတ် နေရာများကို အီယန်စမစ် ဦးဆောင်သော ရီဒီးဇီးယားတပ်ဦး ပါတီက ရရှိခဲ့သည်။ အောက်လွှတ်တော် လူဖြူအမတ်နေရာ ၂၀ အတွက် ရွေးကောက်ပွဲတွင်လည်း အီယန်စမစ်ဦးဆောင်သော ပါတီကပင် အနိုင်ရခဲ့သည်။ အောက်လွှတ်တော် လူမည်းအမတ် ၈၀ အတွက် ရွေးကောက်ပွဲတွင် ရောဗတ် မူဂါဗီ ဦးဆောင်သော ဇာနူးပါတီက ၅၇ နေရာ၊ ဂျိုရှုဝါအင်ကိုမို ဦးဆောင်သော ဇာပူးပါတီက နေရာ ၂၀ နှင့် ဘုန်းတော်ကြီး မူဇိုရိဝါ ဦးဆောင်သော ယူနိုက်တက် အာဖရိက အမျိုးသားကောင်စီက သုံးနေရာ အသီးသီး ရခဲ့သည်။ ရောဗတ်မူဂါဗီသည် ဇင်ဗာဗွေအစိုးရ အဖွဲ့ကို မိမိဦးဆောင်သော ဇာနူးပါတီမှ အမတ်များ၊ လူဖြူ အီယန်စမစ် ဦးဆောင်သောပါတီမှ အမတ်များနှင့် ဂျိုရှုဝါအင်ကိုမို ဦးဆောင်သော ဇာပူးပါတီမှ အမတ်များ ပါဝင်သော ညွှန်ပေါင်းအစိုးရကို ဖွဲ့စည်းခဲ့သည်။ ထိုအစိုးရအဖွဲ့တွင် ဝန်ကြီး ၂၃ ဦး ရှိသည့်အနက် လူဖြူဝန်ကြီး နှစ်ဦးနှင့် ဂျိုရှုဝါအင်ကိုမို ဦးဆောင်သော ဇာပူးပါတီမှ လူမည်း ဝန်ကြီး လေးဦး ပါဝင်သည်။ မူဂါဗီဦးဆောင်သော ဇာနူးပါတီမှ ပါတီဝင်အချို့သည် ဇင်ဗာဗွေနိုင်ငံအား တပါတီစနစ်ဖြင့် အုပ်ချုပ်လိုကြသည်။ ထို့ကြောင့် ဂျိုရှုဝါအင်ကိုမို ဦးဆောင်သော ဇာပူးပါတီဝင်အားလုံးကို အစိုးရအဖွဲ့မှ ထုတ်ပယ်လိုကြသည်။ ရောဗတ်မူဂါဗီသည် ဂျိုရှုဝါအင်ကိုမိုကို သမ္မတအဖြစ် တင်မြှောက်သော်လည်း အင်ကိုမိုက ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ သမ္မတရာထူးကို ဘုန်းတော်ကြီး ဗနားနားအား ခန့်အပ်ခဲ့သည်။ ထိုသို့ အင်ကိုမိုအား ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းကို မူဂါဗီဦးဆောင်သော ဇာနူးပါတီဝင်တို့က မကျေမနပ်ဖြစ်ခဲ့သည်။ ထို့ကြောင့် ဇာနူးပါတီဝင်တို့သည် မိမိတို့ထိန်းချုပ်ထားသော နိုင်ငံပိုင် အသံလွှင့်ဌာန၊ သတင်းစာ၊ ရုပ်မြင်သံကြား ထုတ်လွှင့်သော ဌာနတို့မှတဆင့် အင်ကိုမိုနှင့်တကွ ဇာပူးပါတီဝင်တို့အား ဆန့်ကျင်ရေးကို အဆက်မပြတ် ပြုခဲ့သည်။

ဇင်ဗာဗွေနိုင်ငံသည် လွတ်လပ်ပြီးစ ဖြစ်သဖြင့် ကာကွယ်ရေးအတွက် တပ်မတော်သစ်ကို ဖွဲ့စည်းရန် လိုအပ်သည်။ ထိုသို့ တပ်မတော် ဖွဲ့စည်းလျှင် တပ်သားအရေအတွက် အညီအမျှ ပါဝင်ခွင့်ရရန် ဂျိုရှုဝါအင်ကိုမိုက တောင်းဆိုသည်။ တပ်မတော်ဖွဲ့ပါက ပြောက်ကျားတပ်သား ၁,၂၀၀ ခန့်သာ ပါဝင်ခွင့်ရမည်ဖြစ်သည်။ ဇာနူးနှင့် ဇာပူးပါတီနှစ်ရပ်ပေါင်းတွင် ပြောက်ကျားတပ်သားပေါင်း ၃၄,၀၀၀ ရှိသည်။ သို့သော် ရောဗတ်မူဂါဗီသည် ဇာနူးပါတီဝင် ပြောက်ကျားများ၊ ဇာပူး ပါတီဝင်ပြောက်ကျားများနှင့် လူဖြူများပါဝင်သော ဇင်ဗာဗွေ တပ်မတော်တို့ကို စုပေါင်း၍ အမျိုးသားတပ်မတော်တရပ်ကို ထူထောင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ ယင်းသို့ တပ်များ ပူးပေါင်းဆောင်ရွက်ရေးကို ဗြိတိသျှစစ်ရေးနည်းပြဆရာများ အကူအညီဖြင့် ဆောင်ရွက်ခဲ့သဖြင့် လေ့ကျင့်ပြီး ပြောက်ကျားတပ်သား ၁၁,၀၀၀ ပါဝင်သော တပ် ၁၂ ရင်းခန့်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ အစိုးရသည် ကျန်နေသေးသော ပြောက်ကျားတပ်သား ၂၄,၀၀၀ ကိုလည်း စစ်ရေးလေ့ကျင့်ပေးပြီးတလလျှင် တပ်ရင်းသုံးရင်း ဖွဲ့စည်းရန် ရည်မှန်းထားခဲ့သည်။ ထိုသို့ တပ်များ ဖွဲ့စည်းရေးအတွက် ဗြိတိသျှအစိုးရက စစ်အကြံပေးအရာရှိ ၅၀၀ နှင့် ပေါင်စတာလင် သုံးသန်းဖိုးရှိသော စစ်ပစ္စည်းများဖြင့် ကူညီထောက်ပံ့ခဲ့သည်။

ရောဗတ်မူဂါဗီ ဦးဆောင်သော ဇာနူးပါတီဝင် ပြောက်ကျားများကို ဇန်လာဟူ၍လည်းကောင်း၊ ဂျိုရှုဝါအင်ကိုမို ဦးဆောင်သော ဇာပူးပါတီဝင် ပြောက်ကျားများကို ဇစ်ပရာဟူ၍လည်းကောင်းခေါ်ဆိုထားသည်။ ဇန်လာ ပြောက်ကျားအများစုမှာ ရှိနာလူမျိုးစုများဖြစ်ပြီး ဇစ်ပရာပြောက်ကျား အများစုမှာ မာတာဘီလီ လူမျိုးစုများဖြစ်သည်။ တပ်မတော်စုပေါင်းဖွဲ့စည်းခဲ့ခြင်းနှင့်ပတ်သက်၍ ဇစ်ပရာပြောက်ကျားများက ဇာနူးပါတီသည်ဇစ်ပရာတပ်ဖွဲ့၏ အာဏာကိုစနစ်တကျ လျော့ချခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ရောဗတ်မူဂါဗီ အစိုးရသည် ပြည်သူတို့ကို ကိုယ်စားပြုသော အစိုးရမဟုတ်ဟူ၍လည်းကောင်း၊ ရောဗတ်မူဂါဗီ၏ ဇာနူးပါတီနှင့်ဇန်လာပြောက်ကျားတပ်ဖွဲ့သည် မိမိတို့ ခေါင်းဆောင်များကို အကြိမ်ကြိမ် အရှက်ခွဲခဲ့ကြသည်ဟူ၍လည်းကောင်း ယူဆကြသည်။ ထို့ကြောင့် ဇစ်ပရာပြောက်ကျား များသည် ဇန်လာ ပြောက်ကျားများနှင့် ၁၉၈၀ ပြည့် နိုဝင်ဘာလအတွင်း၌ တိုက်ပွဲဖြစ်ကြရာ လူပေါင်း ၅၀ သေဆုံးပြီး လူပေါင်း ၅၀၀ ကျော် ဒဏ်ရာရခဲ့သည်။ အချို့ဇစ်ပရာပြောက်ကျားများနှင့် အချို့ ဇန်လာပြောက်ကျား တပ်သားများသည် တပ်မတော်က သိမ်းသွင်းခြင်း မရှိသေးသဖြင့် ဇင်ဗာဗွေနိုင်ငံ၏ ကျေးလက်

ဒေသများတွင် ပြန့်နေကြသည်။ ထိုပြောက်ကျားများသည် ကျေးရွာများတွင် အကြမ်းဖက် လုယက်တိုက်ခိုက်ခြင်း၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်တို့ကို တိုက်ခိုက်ခြင်း၊ အချင်းချင်းလည်း တဘက်နှင့် တဘက် ပစ်ခတ် တိုက်ခိုက်ခြင်း မကြာခဏ ပြုကြသည်။

ဇင်ဗာဗွေနိုင်ငံ လွတ်လပ်ရေးရပြီးစ အချိန်မှ စ၍ ဝန်ကြီးချုပ် ဆောဗတ်မူဂါဗီသည် လူဖြူများ၏ ကျမ်းကျင်မှုကို နိုင်ငံတိုးတက်ရေးအတွက် အသုံးချလိုသည်။ ထို့ကြောင့် လူဖြူနှင့် လူမည်း သင့်မြတ်စွာ ပေါင်းစည်းနေထိုင်ရေးအတွက် ကြိုးပမ်းခဲ့သည်။ သို့သော် အစိုးရသည် အထက်တန်းရာထူးများ၌ လူမည်းများကိုသာ ခန့်ခြင်း၊ လူဖြူတို့အပေါ် အကောက်အခွန်များ ပိုမိုကောက်ခံခြင်း၊ လူဖြူကျောင်းများတွင် လူမည်းများအား တက်ရောက်ခွင့်ပေးခြင်းတို့ကို ပြုခဲ့သည်။ ယင်းအချက်များကို လူဖြူတို့က မကျေနပ်ခြင်းကြောင့် တကြောင်း၊ ဇန်လာပြောက်ကျား တပ်များနှင့် ဇစ်ပရာ ပြောက်ကျားများအချင်းချင်း တိုက်ပွဲဖြစ်ခဲ့လျှင် ခားစာခံဖြစ်မည်ကို စိုးရိမ်ခြင်းကြောင့် တကြောင်း ဇင်ဗာဗွေနိုင်ငံမှ အပြီးအပိုင် ထွက်ခွာသွားကြသည်။ ဇင်ဗာဗွေ နိုင်ငံအဖြစ် လွတ်လပ်ရေးမရမီကာလ ရိုဒီးဇီးယားနိုင်ငံအဖြစ် တည်ရှိစဉ်က ဇင်ဗာဗွေနိုင်ငံတွင် လူဖြူဦးရေ ၂၀၀,၀၀၀ ရှိခဲ့သော်လည်း ယခုအခါ လူဖြူဦးရေ ၁၉၀,၀၀၀ ခန့်သာရှိတော့ပြီး ဆက်လက် ထွက်ခွာဆဲပင် ရှိနေသည်။

ဇင်ဗာဗွေနိုင်ငံတွင် လွတ်လပ်ရေးမရမီ ကာလ၌ လူဖြူများနှင့် တိုင်းရင်းသားလူမည်းပြောက်ကျား တပ်သားတို့သည် ခုနစ်နှစ်ခန့်ကြာမျှ စစ်ပွဲဖြစ်ပွားခဲ့ကြသည်။ ထိုစစ်ပွဲကြောင့် လူပေါင်း ၂၅,၀၀၀ သေဆုံးခဲ့လေသည်။

ဇင်ဗာဗွေနိုင်ငံသည် တောင်အာဖရိကနိုင်ငံရှိ တိုင်းရင်းသားလူမည်းများ၏ လွတ်မြောက်ရေး လှုပ်ရှားမှုကို ထောက်ခံသဖြင့် တောင်အာဖရိကနိုင်ငံတွင် လူဖြူများအား ဆန့်ကျင်တိုက်ပွဲဝင်နေသည့် အာဖရိက အမျိုးသားကွန်ဂရက် (အေအင်စီ) ရုံးတခုကို ဇင်ဗာဗွေ နိုင်ငံ၏ မြို့တော်ဖြစ်သော ဆောဗာရီမြို့တွင် ဖွင့်ခွင့်ပြုထားသည်။ ထို့ကြောင့် တောင်အာဖရိက နိုင်ငံက ဇင်ဗာဗွေနိုင်ငံအတွင်း၌ တောင်အာဖရိကနိုင်ငံအစိုးရ ဆန့်ကျင်သော ပြောက်ကျားစခန်း ထူထောင်ခွင့်ပေးခြင်းကို သည်းခံနေလိမ့်မည် မဟုတ်ကြောင်း သတိပေးကြေငြာခဲ့သည်။ ယင်းကြေငြာချက်ကို တုံ့ပြန်သောသဘောဖြင့် ဆောဗတ်မူဂါဗီက ဇင်ဗာဗွေနိုင်ငံသည် တောင်အာဖရိကနိုင်ငံရှိ တိုင်းရင်းသား လူမည်းများ၏ လှုပ်ရှားမှုကို အာဖရိကညီညွတ်ရေးအဖဲ့မှ ကဆင့် ထောက်ခံသွားမည် ဖြစ်သော်လည်း တောင်အာဖရိကနိုင်ငံအား ဆန့်ကျင်တိုက်ခိုက်မည့် အာဖရိကအမျိုးသား ကွန်ဂရက်မှ ပြောက်ကျားတပ်များကို ဇင်ဗာဗွေ နိုင်ငံအတွင်း၌ အခြေစိုက်ခွင့်ပေးမည် မဟုတ်ကြောင်း ကြေငြာခဲ့သည်။

ဥာဏိန္ဒ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ အရှေ့တိုက်၊ (မြန်မာ ၁၂၇၇-)။ ။ဆရာတော် ဘဒ္ဒန္တဥာဏိန္ဒသည် မကွေးတိုင်း မြို့ငြမြို့နယ် တွင်းမကျောက်ကုန်းရွာနေ ခမည်း တော်ဦးဘိုးအောင် - မယ်တော် ဒေါ်ချစ်မယ်တို့မှ သက္ကရာဇ်



အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရှင်
ဆရာတော် ဘဒ္ဒန္တ ဥာဏိန္ဒ

၁၂၇၇ ခုနှစ်၊ ပြာသိုလ ပြည့်ကျော် ၂ ရက်အင်္ဂါနေ့တွင် ဖွားမြင်သည်။ မွေးချင်း ခုနစ်ယောက်အနက် တတိယ သားရတနာဖြစ်၍ မောင်စာဝင့်ဟု အမည်တော်တွင် ခဲ့သည်။

ဆရာတော်သည် အသက် ၁၀ နှစ်သားအရွယ်၌ ခမည်းတော် မယ်တော်တို့၏ ဟစ္စယာနုဂ္ဂဟကို ခံယူကာ မြို့ငြမြို့နယ် တွင်းမတောင်ကျောင်း ဂိုဏ်းထောက် ဆရာတော်ကြီး ဦးအာသဘကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရှင်သာမဏေ ဘွဲ့မှာ ရှင်ဥာဏိန္ဒ ဖြစ်သည်။

၁၂၇၆ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်နေ့တွင် မြို့ငြမြို့နယ် တွင်းမသိမ်ကုန်းရွာရှိ ခဏ္ဍ သိမ်တော်ကြီး၌ တွင်းမမြောက်ကျောင်းဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ တွင်းမကျောင်းကုန်းရွာ ကျောင်းဒါယကာကြီး ဦးပေါ်သ ကျောင်းဒါယိကာမကြီး ဒေါ်လွန်းပေါ်တို့၏ ဟစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဥာဏိန္ဒသည် ခြောက်နှစ်သား အရွယ်တွင် မြို့ငြိမ်မြို့နယ် တွင်းမတောင်ကျောင်း ဂိုဏ်းထောက် ဆရာတော် ဦးအာသဘ ထံတော်၌ မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ နီတိကျမ်း၊ ပရိတ်ကြီး ၁၁ သုတ်၊ သင်္ဂဟအဋ္ဌကထာတို့အပြင် တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိဇာတ်တော်ကြီးများကို နှုတ်တက်အာဂုံသင်ယူခဲ့သည်။

ရှင်သာမဏေ ဖြစ်ပြီးသည့်အခါ ထို ဆရာတော်ကြီးထံတော်၌ပင် လိင်၊ ဒဏ်၊ သေခိယ၊ စုဠဿခန္ဓကဝတ်များ၊ သင်္ဂဟအဋ္ဌကထာ ပါဠို၊ သရုပ်၊ အနက် အဓိပ္ပာယ်တို့ကို သင်ယူခဲ့သည်။

၁၅ နှစ်သား အရွယ်သို့ ရောက်ရှိသည့်အခါ ရှင်ဥာဏိန္ဒ၏ ဥာဏ်စွမ်း ဥာဏ်စကို သိရှိတော်မူသော ဂိုဏ်းထောက် ဆရာတော် ဘုရားကြီးသည် ရှင်ဥာဏိန္ဒအား မန္တလေးမြို့ ချမ်းသာကြီးတိုက်တွင် သီတင်းသုံးတော်မူသည့် ရှင်ဥာဏိန္ဒ၏ ဦးလေးတော် ပထမ စာချဆရာတော် အရှင်တိက္ခန္ဒင့် အရှင်အာစာရ၊ ဘကြီးတော် ဖြစ်သည့် မန္တလေးမြို့ ငါးဆူတိုက် တကျိပ်နှစ်ပါး သာသနာပြု ဆရာတော် အဖွဲ့ဝင် သဒ္ဓမ္မဘိပဏ္ဍိတဓဇ သာသနဝံသ မဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးသဒ္ဓမ္မတို့အထံသို့ အပ်နှံပြီးလျှင် ကစ္စည်းသဒ္ဒါ၊ ရူပသိဒ္ဓိ၊ ဆန်း၊ အဘိဓာန်၊ အလင်္ကာ၊ ဘေဒစိန္တာ၊ ဂန္ထာဘရဏ၊ ဝါစ္စဝါစက၊ ကစ္စာယနသာရ၊ သဒ္ဒါပုဒ်စစ်စုံ၊ မာတိကာ၊ ဓာတုကထာနှင့် ယမိုက်အောက်ငါးကျမ်း၊ နိယံကျမ်း၊ ဝိထိလက်ရိုး ကျမ်းတို့ကို နှုတ်တက်အာဂုံဆောင် သင်ကြားတော် မူခဲ့သည်။

ရဟန်းတော်ဘဝသို့ ရောက်သည့်အခါ မန္တလေးမြို့တောင်ပြင် ဘုရားကြီးတိုက် ဘကြီးတော်ဆရာတော် ဦးပခန်းခေါ် ဆရာတော် ဦးဝိစာရထံတော်၌ လည်းကောင်း၊ မန္တလေးမြို့ ရွှေရေးဆောင်တိုက် ဆရာတော် ဦးကြည်ခေါ် ဦးအာဒိစ္စရံသီ ထံတော်၌လည်းကောင်း အထက်တန်းသင်ရိုး ပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ရိုးပေါက်အောင် သင်ကြားတတ်မြောက်တော် မူခဲ့သည်။

ရဟန်းလေးဝါ အရတွင် ပခုက္ကူမြို့သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူ၍ ပခုက္ကူမြို့ မဟာဝိဇယာရာမ အရွှေတိုက် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးဇဝန ထံတော်၌ နိကာယ်ကြီး ငါးရပ်ကို ဆိုဝါအဖြစ် အားထုတ်တော်မူရင်း သံဃာတော်များစွာကိုလည်း စာသင်သားဘဝကပင်လျှင် အခြေပြု စာဝါများနှင့် အထက်တန်း အဋ္ဌကထာ၊ ဋီကာကျမ်းတို့ကို ပို့ချပေးတော်မူခဲ့သည်။ ထိုခေတ် အချိန်ကာလက စာမေးပွဲများ များစွာ ခေတ်မစားခဲ့၍ စာမေးပွဲ ဖြေဆိုခြင်း မပြုခဲ့ပေ။

ဆရာတော်သည် နာနာနယ ဂန္ထန္တရဗဟုသုတတို့နှင့် ပြည့်ဝသည်ဖြစ်သဖြင့် သိက္ခာတော် ကိုးဝါအရ ၁၂၀၆ ခုနှစ် နယုန်လဆန်း ဂ ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိဇယာရာမ အရွှေတိုက် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးဇဝနနှင့် သံဃာတော်များက ပထမ စာချဘုန်းကြီး၊ ကျောင်းအုပ် ဘုန်းကြီးအဖြစ် ခန့်အပ်ခြင်းကို ခံယူတော် မူခဲ့ရပါသည်။ ထိုအချိန်တွင် တိုက်ရှိ သံဃာတော်အရေအတွက်မှာ ၆၀၀ ခန့်ရှိလေသည်။ ၁၂၀၆ ခုနှစ်မှ ၁၃၀၅ ခုနှစ်အထိ နှစ်ပေါင်း ၂၀ ကျော်မျှ ထိုသံဃာတော် ၆၀၀ ခန့်ကို အထက်တန်း အဋ္ဌကထာ၊ ဋီကာကျမ်းများကို အဓိကထား၍ ပို့ချတော် မူခဲ့လေသည်။

၁၃၀၅ ခုနှစ်တွင် ဒုတိယ ကမ္မာစစ်ကြီး ဖြစ်ပွားသဖြင့် ပခုက္ကူမြို့ မဟာဝိဇယာရာမ တိုက်နှင့်တကွ ဆရာတော် သီတင်းသုံးရာ ဘုံပုံကျောင်းပါ ပျက်စီးသွားသည့်အတွက် နေရပ်ဌာနဖြစ်သည့် တွင်းမတောင်ကျောင်း ဂိုဏ်းထောက် ဆရာတော်ကျောင်းသို့ ပြောင်းရွှေတော်မူသည်။ နောက်လိုက် သံဃာတော် ၅၀ ကျော်တို့အား လည်း ဆွမ်းကွမ်းကိစ္စ အဝဝတို့ကို တာဝန်ယူ၍ ပရိယတ်လုပ်ငန်းကို မပြတ်စေလိုသော ဆန္ဒတော်ဖြင့် ဂျပန်တခေတ်လုံး တောအရပ်ဌာနတွင် စာပေပို့ချ သီတင်းသုံးနေတော် မူခဲ့သည်။

၁၃၀၇ ခုနှစ်တွင် စစ်မီး ငြိမ်းသွားပြီ ဖြစ်သဖြင့် မဟာဝိဇယာရာမ အရွှေတိုက်သို့ ပြန်လည် ကြွရောက်ပြီးလျှင် နိကာယ်ငါးရပ်ကို အလှည့်ကျပို့ချတော်မူနေစဉ် ၁၃၀၇ ခုနှစ်တွင် ဆရာတော် ဦးဇောတိက၊ ဆရာတော် ဦးဇနိန္ဒတို့နှင့်အတူ တိုက်အုပ် ဆရာတော်အဖြစ် ခန့်အပ်ခြင်းကို ခံယူတော် မူခဲ့ရလေသည်။

ဆရာတော် ဦးဇောတိကသည် ၁၃၃၄ ခုနှစ်တွင် လည်းကောင်း၊ ဆရာတော် ဦးဇနိန္ဒသည် ၁၃၃၅ ခုနှစ်တွင် လည်းကောင်း ပံ့လွန်တော်မူကြလေပြီ ဖြစ်ရကား ယနေ့ထက်တိုင် မဟာဝိဇယာရာမ အရွှေတိုက်ကြီးကို ဦးစီးနာယက သံဃမဟာနာယက အဖြစ်ဖြင့် ဆောင်ရွက်တော်မူလျက်ရှိသည်။ ထို့ပြင် သံဃာတော် ၃၀၀ ကျော်တို့အား နာယကဆရာတော်ငါးပါး၊ စာချ ဆရာတော် ၁၀ ပါးတို့ဖြင့် ကြီးမှူးအုပ်ချုပ်ကာ နိကာယ်ကြီး ငါးရပ်တို့ကို မပြတ် ပို့ချတော်မူလျက် ရှိလေသည်။

ထို့အပြင် ၁၃၁၂ ခုနှစ် ပခုက္ကူမြို့ မြို့နယ် ဝိနိစ္ဆယဌာန ဝိနည်းဓိရ်အဖြစ်လည်းကောင်း၊ ၁၃၁၄ ခုနှစ် ပခုက္ကူခရိုင် ဝိနိစ္ဆယဌာနခရိုင်ဝိနည်းဓိရ်ဆရာတော်အဖြစ်လည်းကောင်း၊ ယာယီ ဝိနိစ္ဆယ ဥပဒေအရ ခုံဝိနည်းဓိရ် ဆရာတော် အဖြစ်လည်းကောင်း ဆောင်ရွက်တော် မူခဲ့သည်။

၁၃၁၄ ခုနှစ်မှ ၁၃၂၅ ခုနှစ်အထိ ဆဋ္ဌသံဂါယနာတင်ကိစ္စများကို ဆောင်ရွက်တော် မူခဲ့သည်။

ယင်းသို့ ပါဝင်ဆောင်ရွက်ရာတွင်–
(၁) ပါဠိဝိသောဓက၊
(၂) ပါဠိပဋိဝိသောဓက၊
(၃) အဋ္ဌကထာ ပါဠိပဋိဝိသောဓက
အဖြစ်ဖြင့် ဆောင်ရွက်တော် မူသည်။

၁၃၁၉ ခုနှစ်မှ ၁၃၂၅ ခုနှစ်အထိ ပါဠိပညာရေး နာယက အဖွဲဝင် ဆရာတော်အဖြစ်လည်းကောင်း၊ ၁၃၁၅ ခုနှစ်မှ ၁၃၂၅ ခုနှစ်အထိ ပါဠိတက္ကသိုလ် ကထိက ဆရာတော် အဖြစ်လည်းကောင်း ဆောင်ရွက်တော် မူခဲ့သည်။

ဤသို့လျှင် သာသနာအကျိုး သည်ပိုး ဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာထေရ၊ ပရိယတ္တိ ဝိသာရဒ၊ လင်္ကာ ပေသလ၊ သိင်္ဂီကာမ၊ ဂုဏ်တို့နှင့် ကုံလုံ ပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ဥာဏိန္ဒသည် ၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် မြတ်ကို အလှူခံ ရရှိတော် မူခဲ့လေသည်။

တနင်္သာရီတိုင်း။　။တနင်္သာရီတိုင်းသည် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းတွင် တည်ရှိသည်။ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အရှေ့နှင့် အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်ပြင်တို့ တည်ရှိသည်။ တနင်္သာရီတိုင်းကို ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ရေဖြူ၊ မြိတ်အရှေ့၊ မြိတ်အနောက်၊ ဘုတ်ပြင်း၊ ပုလော၊ တနင်္သာရီ၊ ကော့သောင် ဟူသော မြို့နယ် ၁၀ မြို့နယ်၊ ရပ်ကွက် ကျေးရွာအုပ်စု ၃၁၇ ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ မြို့တော်သည် ထားဝယ်မြို့ ဖြစ်သည်။

လူဦးရေ ရှစ်သိန်းကျော်ရှိပြီး မွန်၊ ဆလုံ၊ ကရင်၊ ပအို၀်၊ ပသျူးစသည့် လူမျိုးစုများ နေထိုင်ကြသည်။ တနင်္သာရီတိုင်းတွင် ပြည်သူလုတ်တော်ကိုယ်စားလှယ် ၁၃ ဦး၊ တိုင်းပြည်သူကောင်စီဝင် ၅၀၊ မြို့နယ်ပြည်သူကောင်စီဝင် ၆၂၂ နှင့် ရပ်ကွက် ကျေးရွာအုပ်စု ပြည်သူကောင်စီဝင် ၃,၂၉၈ ဦး ရှိလေသည်။

မြန်မာ့ ကမ်းရိုးတန်း တလျှောက်တွင် ကျွန်းပေါင်း ၁၀၀၀ ခန့် ရှိသည့်အနက် တနင်္သာရီ ကမ်းရိုးတန်းတခု တည်း၌ပင် ကျွန်းပေါင်း ၈၀၀ ကျော် ရှိသည်။တနင်္သာရီ

အကျယ်အဝန်း။	။	၁၃,၂၃၆ စတုရန်းမိုင်
လူဦးရေ။	။	၈၀၃,၄၃၈
မြို့တော်။	။	ထားဝယ်မြို့



တိုင်းသည် အိုက်စတာဘက်နီးသဖြင့် ပူပြင်းသော ရာသီဥတု ရှိသော်လည်း မိုးများခြင်း၊ ပင်လယ်နှင့်နီးခြင်းတို့ကြောင့် အပူအအေး မျှတသည်။

မြေပေါ် သယံဇာတ ပစ္စည်းများအဖြစ် တနင်္သာရီ ရိုးမတောင်တန်းကြီးမှ အဖိုးတန် သစ်၊ ဝါးများ ထွက်ရှိသည်။ မြေသြဇာ ကောင်းမွန်သဖြင့် စိုက်ပျိုးရေးကို အားထားလုပ်ကိုင်ကြသည်။ အုန်းသီး၊ ကွမ်းသီး အများအပြား ထွက်သည်သာမက ဒူးရင်းသီး၊ မင်းကွတ်သီး၊ ကြက်ပေါင်စေးတို့ကြောင့် နာမည်ကျော်သည်။ ထို့ပြင် ခနိုပင်၊ ပီလောပိန်ပင်၊ ကြက်မောက်ပင်များကိုလည်း အကြီးအကျယ် စိုက်ပျိုးလုပ်ကိုင်ကြသည်။ ဆီအုန်းစိုက်ပျိုးရေးကို ၎က ၅၀၀ ခန့် စီမံကိန်းဖြင့် ဆောင်ရွက်လျက် ရှိသည်။

တနင်္သာရီတိုင်းသည် မြေအောက်၊ ရေအောက် သယံဇာတ ပေါကြွယ်ဝသည်။ ခဲမပြူသန့်စင်နှင့် အပြိုက်နက် သန့်စင်တို့သည် တနင်္သာရီတိုင်းမှသာ ထွက်သည်။ ထို့ပြင် ခဲမပြူအပြိုက်နက်ထောဆာ သတ္တုအထွက်နှုန်းသည် တနိုင်ငံလုံး၏ ၆၂ ဒသမ ၇ ထိုခိုင်နှုန်း ဖြစ်လေသည်။ ထုတ်လုပ်လျက်ရှိသော သတ္တုတွင်းများမှာ ဟိန္နား၊ ဟာမြင်းကြီး၊ ကံ

ဘောက်၊ ရာဝ၊ ကျောက်မဲတောင်၊ နန်းသီတာ၊ ရတနာပုံ စသည်တို့ ဖြစ်သည်။ တနသ်ာရီတိုင်းတွင် စက်ရုံ အလုပ်ရုံပေါင်း ၃၀ ကျော်ရှိလေသည်။

ကမ္ဘာ့ရတနာ စျေးကွက်တွင် ရောင်းပန်းလှသော အရည်အသွေးကောင်းသည့် ပုလဲများမှာ တနသ်ာရီတိုင်း ထုတ် ဖြစ်သည်။ မြိတ်မြို့မှ ဂ၅ မိုင်ဝေးကွာသော ပုလဲကျန်းတဝိုက်တွင် ပုလဲမွေးမြူရေး စခန်းဖွင့်၍ လုပ်ငန်းတိုးခဲ့၍ ဆောင်ရွက်လျက်ရှိသည်။ ယင်းအပြင် ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ငှက်သိုက်လုပ်ငန်းသည် တနသ်ာရီ တိုင်း၏ ထင်ရှားသော လုပ်ငန်းကြီးများ ဖြစ်သည်။ ငှက်သိုက်လုပ်ငန်းကို သမဝါယမ အသင်းက ဦးစီးလုပ်ကိုင်လျက်ရှိပြီး ပင်လယ်ငါးဖမ်းလုပ်ငန်းကိုမူ ပြည်တွင်းစားသုံးမှု ဖူလုံရေးသာမက ပြည်ပသို့ တင်ပို ရောင်းချ နိုင်ရေးအတွက် ပြည်သူပုလဲနှင့် ငါးလုပ်ငန်း ကော်ပိုရေးရှင်းက ကမ္ဘာ့ဘဏ် အကူအညီဖြင့် ကျောက်နီမော်၊ ပထော်ပထက်၊ ပန်းလုံးအော်၊ ကော့သောင်စသည့် ဒေသများတွင် ရွှေဟသ်ာ စိမ်ကိန်းဟူ၍ ငါးဖမ်းစခန်းများ တည်ဆောက်နေပြီ ဖြစ်လေသည်။

တနသ်ာရီတိုင်းသည် ပင်လယ်နှင့် နီးကပ်သည့် အပြင် မီးရထားလမ်းမရှိသဖြင့် ကားလမ်းနှင့် ရေလမ်းခရီးကိုသာ ပိုမို အသုံးပြုကြရသည်။ မြိတ် ထားဝယ်မြစ်ကို ဖြတ်၍ တည်ဆောက်ထားသော ကမျောကင်း တံတားကြောင့် လောင်းလုံ၊ သရက်ချောင်းနှင့် ရေဖြူမြို့နယ်များသို့ လွယ်ကူစွာ သွားလာနိုင်ကြသည်။ ထို့ပြင် မြိတ်မြို့နှင့် ထားဝယ်မြို့များတွင် လေယာဉ်ကွင်းများ ရှိသဖြင့် လေကြောင်းခရီးဖြင့်လည်း သွားလာနိုင်ကြလေသည်။

တနသ်ာရီတိုင်းအတွင်းရှိကျောင်းသူကျောင်းသားများ တက္ကသိုလ် ပညာရပ်များ သင်ယူ နိုင်ရေးအတွက်ဒေသကောလိပ်တခုကို ထားဝယ်မြို့တွင် ဖွင့်လှစ်ထားလေသည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံ။ ။ယဉ်ကျေးမှုတော်လှန်ရေး ကာလအတွင်းက ဒေသဆိုင်ရာစီမံခန့်ခွဲရေး ကိစ္စများကို ဆောင်ရွက်ရန် တော်လှန်ရေး ကော်မတီများကို ဖွဲ့စည်းခဲ့သည်။ယခုအခါတွင် တရုတ်ပြည် အာဏာပိုင်များက တော်လှန်ရေး ကော်မတီများကို ဖျက်သိမ်း၍ ပြည်သူ့အစိုးရများဖြင့် အစားထိုးဖွဲ့စည်းခဲ့သည်။

၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလ ဂ ရက်နေ့သည် ချူအင်လိုင်း ကွယ်လွန်သည့် လေးနှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်သည်။ ချူအင်လိုင်း၏ သမိုင်းဝင် စာတမ်းများကို စာနယ်ဇင်းများ၌ ပြန်လည်ဖော်ပြခဲ့သည်။



ဖေဖွာရီလ ၅ ရက်နေ့တွင် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူကွန်ဂရက် အမြဲတမ်း ကော်မတီ၏ ၁၃ ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် တိန့်ရှောင်ဖိန်က လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေ အစီရင်ခံစာတစောင် တင်သွင်းခဲ့လေသည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီ ၁၁ ကြိမ်မြောက် ဗဟို ကော်မတီ အစည်းအဝေးကို ဖေဖွာရီလ ၂၃ မှ ၂၉ ထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ကွယ်လွန်သူ လျူရှောက်ချီအား ပြန်လည် သိက္ခာတင်ခဲ့သည်။ ထိုအစည်းအဝေးမှ တရုတ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ဟူယောက်ပန်းကို ခန့်အပ်ခဲ့သည်။အတွင်းရေးမှူးများအဖွဲ့တွင် အဖွဲ့ဝင် ၁၀ ဦး ပါဝင်သည်။ ထို့ပြင် ဟူယောက်ပန်းနှင့် ကျောက်ကျိယန်တို့အား ပေါ်လစ်ဗျူရို အမြဲတမ်း ကော်မတီဝင်များအဖြစ် တိုးမြှင့်ခန့်ထားခဲ့လေသည်။ ယင်းအစည်းအဝေးမှ ကွန်မြူနစ်ပါတီ အတွင်း လမ်းညွှန်စည်းမျဉ်း ၁၂ ခုကို ချမှတ်ခဲ့သည်။ တရုတ်နိုင်ငံတွင် စုပေါင်းခေါင်းဆောင်မှုရရှိရေးတို့နှင့် စပ်လျဉ်း၍ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက အတည်ပြုသည့် အခြေခံအချက် ၁၂ ချက်ပါကြေငြာချက်တရပ်ကို တရုတ် အာဏာပိုင်များက ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့လေသည်။

အကျယ်အဝန်း။	။	၃,၆၉၁,၅၂၁ စတုရန်းမိုင်
လူဦးရေ။	။	၅၅၇,၀၀၀,၀၀၀ (၁၉၇၀)
မြို့တော်။	။	ပီကင်းမြို့

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ



တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်၏ မျက်နှာစုံညီ အစည်းအဝေး

တိန့်ရှောင်ဖိန်သည် ယင်း၏ ထုတ်ပူးတခုဖြစ်သော တရုတ်ပြည် လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် ထုတ်ပူးမှု နုတ်ထွက်လိုက်ပြီး ဗိုလ်ချုပ်ကြီး ယန်ဒက်ဇီအား စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။ ယန်ဒက်ဇီသည် အသက် ၇၀ ရှိပြီး တိန့်ရှောင်ဖိန်နှင့် ရင်းနှီးသူတဦးဖြစ်သည်။

တရုတ်ပြည်၏ ပါတီခေါင်းဆောင်များဖြစ်ပြီး တချိန်က မော်စီတုန်း၏ ရန်သူများဖြစ်ကြသော လီလီစန်နှင့် ဂျာတောင်ဗူးတို့ကို ကွယ်လွန်ပြီးမှ ပြန်လည်သိက္ခာတင်ခဲ့ရာ ယင်းအခမ်းအနားသို့ တိန့်ရှောင်ဖိန်ကိုယ်တိုင် တက်ရောက်ခဲ့သည်။

ပဉ္စမအကြိမ် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ၁၄ ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကို ၎င်ပြီ ၁၀ ရက်မှ ၁၆ ရက်ထိ ပီကင်းမြို့တွင်ကျင်းပခဲ့သည်။ယင်းအစည်းအဝေးမှ ကျောက်ကျိယန်နှင့် ဝမ်လီတို့အား ဒုတိယဝန်ကြီးချုပ်များအဖြစ်ခန့်အပ်ခဲ့လေသည်။

တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အစည်း အဝေးကို ဩဂုတ် ၃၀ မှ စက်တင်ဘာ ၁၀ ရက်ထိ ကျင်းပခဲ့သည်။ နိုင်ငံတော် စီမံကိန်း ကော်မရှင်ကို ဦးဆောင်သူ ဒုတိယဝန်ကြီးချုပ် ယေဘုယျလင်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဝမ်အင်ကွင်းတို့က စီးပွားရေးနှင့် ရသုံးခန့်မှန်းငွေစာရင်း အစီရင်ခံစာကို တင်သွင်းသည်။

ဝန်ကြီးချုပ် ဟွာကိုဖုန်းသည် ဝန်ကြီးချုပ်ထုတ်ပူးမှု နုတ်ထွက်၍ ယင်း၏နေထုတွင် ဒုတိယဝန်ကြီးချုပ် ကျောက်ကျိယန်က ဆက်ခံလိမ့်မည်ဟု စက်တင်ဘာလအစည်းအဝေးတွင် ကြေငြာခဲ့သည်။ ဟွာကိုဖုန်းသည် တရုတ်ပြည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌအဖြစ်သာ တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ဒုတိယဝန်ကြီးချုပ် ၁၈ ဦးအနက် တိန့်ရှောင်ဖိန်အပါအဝင် ခုနစ်ဦး နုတ်ထွက်သည်။ တိန့်ရှောင်ဖိန်သည် ပါတီဒုတိယဥက္ကဋ္ဌအဖြစ် ဆက်လက် တာဝန်ယူသည်။

စက်တင်ဘာ ၁၀ ရက်နေ့တွင် ပြုလုပ်သည့် အစည်း အဝေးတွင် ကျောက်ကျိယန်အား ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်မှုကို အတည်ပြုခဲ့ပြီး၊ ဒုတိယဝန်ကြီးချုပ် သုံးဦးကို အသစ်ခန့်အပ်ခဲ့သည်။ ၎င်းတို့သည် နိုင်ငံခြားရေးဝန်ကြီး ဟွမ်ဟွာ၊ လက်နက်ကိုင် တပ်များဆိုင်ရာ ဒုတိယ ဦးစီးချုပ် ဇန်အိပင်းနှင့် လူမျိုးစုရေးရာ ကော်မရှင် အကြီးအကဲ ယန်ကျင်းကျင်တို့ ဖြစ်သည်။

အသက် ၇၀ ကျော်လွန်သော အမျိုးသား ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ ငါးဦး ထုတ်ပူးမှု နုတ်ထွက်ခြင်းကိုလည်း အတည်ပြုခဲ့သည်။ ယင်းအစည်းအဝေးမှပင် ဒုတိယဥက္ကဋ္ဌ ငါးဦးကို အသစ်ထပ်မံ ရွေးချယ်ခန့်အပ်ခဲ့သည်။ ၎င်းတို့သည် တိဗက်ဒေသ အမှတ် ၂ ဘာသာရေးခေါင်းဆောင် ဟိုချင်လားမား၊ ကွမ်တုန်မြို့တော်ဝန် ယန်ရှန်ကွန်းနှင့် ပုန်ချင်းတို့ပါဝင်သည်။

မော်စီတုန်း၏ဇနီး ချန်ချင်းနှင့် အခြားသော တရားခံကိုးဦးတို့အား နိုဝင်ဘာလ ၂၀ ရက်နေ့က ပီကင်းမြို့တွင်စတင် စစ်ဆေးသည်။စကားလုံးပေါင်း ၂၀,၀၀၀ ပါဝင်သော စွဲချက်တွင် အဓိက ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုကြီး လေးခုကိုလည်း ဖော်ပြထားသည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီစစ်ရေး ကော်မရှင် အကြီးအကဲဖြစ်သူ ကင်ပြောင်သည် အမေရိကန်ပြည်ထောင်စုသို့ တရားဝင် လည်ပတ်ခဲ့သည်။ တရုတ်ပြည်သည် အမေရိကန်ပြည်ထောင်စုမှ စစ်လက်နက်ပစ္စည်းများဝယ်ယူရန် ဆွေးနွေး

ခဲ့ပြီးနောက် အမေရိကန် ပြည်ထောင်စုသည် တရုတ်ပြည်သို့ စစ်သုံးပစ္စည်းများ ရောင်းချရန် သဘောတူခဲ့သည်။

တရုတ်ပြည်၏ ပထမဆုံး ထိပ်ဖူးတပ်ဆင် ပစ်ခတ်နိုင်သော တိုက်ချင်းပစ် ဒုံးပျံကို ပစိဖိတ်သမုဒ္ဒရာရှိ ကြိုတင်သတ်မှတ်ထားသော ပစ်မှတ်သို့ အောင်မြင်စွာ ပစ်လွှတ်စမ်းသပ်နိုင်ခဲ့သည်။ ထို့ပြင် အောက်တိုဘာ ၁၉ ရက်နေ့က လေထုအတွင်း အနုမြူစမ်းသပ်မှုတခုကို ပြုလုပ်ခဲ့သည်။ ဤသို့ လေထုအတွင်း အနုမြူစမ်းသပ်ဖောက်ခဲ့ခြင်းသည် နျူးကလီးယားဒုံးပျံများ တိုးတက်မှု အစီအစဉ်၏ အစိတ်အပိုင်းတရပ်ဖြစ်သည်ဟု တရုတ်ပြည်က ကြေငြာသည်။

တရုတ်ပြည်တွင် မွေးဖွားနှုန်း မူဝါဒကို တင်းကြပ်စွာ ချမှတ်ထားသော်လည်း ၁၉၇၉ ခုနှစ်တွင် အနည်းငယ် တိုးတက်လာပြီး သေဆုံးနှုန်းမှာ လျော့နည်းလျက်ရှိသည်။ တရုတ်ပြည် ကွန်မြူနစ်ပါတီကလည်း ပါတီနှင့် ကွန်မြူနစ် လူငယ် အသင်းဝင်များအား ကလေးတယောက်သာလျှင် ရယူကြရန် တိုက်တွန်းခဲ့သော်လည်း ယခုအခါတွင် မိသားစုတစု၏ ကလေးမီးဖွားနှုန်းမှာ ၂ ဒသမ ၂ ဖြစ်သည်။

တရုတ်ပြည်တွင် လူနေမှုစရိတ်များ မြင့်တက်နေသဖြင့် အာဏာပိုင်များက ကုန်ဈေးနှုန်း ထိန်းသိမ်းရန်အချက် ၁၀ ချက်ပါသော ကြေငြာချက် တရပ်ကို ထုတ်ပြန်ခဲ့သည်။ ယခုနှစ်အတွင်း ရာသီဥတု အခြေအနေ ဆိုးရွားခဲ့၍ သီးနှံအထွက်နှုန်းသည် ၁၉၇၉ ခုနှစ်ကထက် တန်ချိန် ၁၀သန်းမှ ၁၅ သန်းအထိ လျော့နည်းထွက်ခဲ့လေသည်။

တီခိုနော့, နီကိုလိုင် အလက်ဇန္ဒာရိုဗစ် (ခရစ် – ၁၉၀၅) ။ ။၁၉၀ ပြည့်နှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဆိုဗီယက်ပြည်ထောင်စုဝန်ကြီးများ ကောင်စီ ဥက္ကဋ္ဌ (ဝန်ကြီးချုပ်) အလက်ဇီကိုဆီဂင်သည် ကျန်းမာရေး အခြေအနေကြောင့် ရာထူးမှ နုတ်ထွက်သွားခဲ့ရာ ဆိုဗီယက် ဦးစီးလွှတ်တော်ချုပ်ကဝန်ကြီးများကောင်စီ ဒုတိယ ဥက္ကဋ္ဌ (ဒုတိယဝန်ကြီးချုပ်) နီကိုလိုင် အလက်ဇန္ဒာရိုဗစ် တီခိုနော့အားဝန်ကြီးများ ကောင်စီဥက္ကဋ္ဌ (ဝန်ကြီးချုပ်) အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။တီခိုနော့သည် ၁၉၆၅ ခုနှစ်မှစ၍ ဒုတိယ ဝန်ကြီးချုပ် အဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့ရသူဖြစ်သည်။

နီကိုလိုင် အလက်ဇန္ဒာရိုဗစ်, တီခိုနော့သည် ၁၉၀၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အသက် ၁၉ နှစ် အရွယ်တွင် လက်ထောက်အင်ဂျင်စက်မောင်းအဖြစ် အလုပ်စတင်လုပ်ကိုင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ဒနီပရိုပီထရော့မြို့သတ္တုတက္ကသိုလ်မှ ဘွဲ့ရသောအခါ အင်ဂျင်နီယာအဖြစ် လည်းကောင်း၊ စက်ရုံ ကြီးကြပ်ရေးမှူး အဖြစ်လည်းကောင်း၊ အင်ဂျင်နီယာချုပ် အဖြစ်လည်းကောင်း၊ စက်ရုံ



နီကိုလိုင်တီခိုနော့

မန်နေဂျာအဖြစ် လည်းကောင်း တာဝန်ယူ ထမ်းရွက်ခဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်တွင် ဆိုဗီယက် ကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့သည်။

နီကိုလိုင် တီခိုနော့ သည် စက်ရုံ မန်နေဂျာ အဖြစ် အမှုထမ်းဆောင်ပြီးနောက် ရာထူးတိုးကာ ဆိုဗီယက်ပြည်ထောင်စု သံသတ္တု ဝန်ကြီးဌာန၏ အမှုဆောင် ရာထူးတွင် ထမ်းရွက်ခဲ့ရာ ဗဟိုဌာနကြီးတခု၏ ဌာနမှူးကြီးအဖြစ် လည်းကောင်း၊ ဒုတိယ ဝန်ကြီး အဖြစ် လည်းကောင်း၊ တာဝန်ယူ ဆောင်ရွက်ခဲ့ရသည်။ ၁၉၅၇ ခုနှစ်တွင် နီကိုလိုင်တီခိုနော့သည် ဒနီပရိုပီထရော့ဒေသစီးပွားရေးကောင်စီ ဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၆၀ ပြည့်နှစ်တွင် ဝန်ကြီးရာထူး အဆင့်ရှိသော နိုင်ငံတော် စီးပွားရေး ကောင်စီ၏ ဒုတိယ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။ တဖန် ၁၉၆၃ ခုနှစ်တွင် ဝန်ကြီးရာထူး အဆင့်ဖြင့် နိုင်ငံတော် စီမံကိန်းကော်မတီ၏ ဒုတိယ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၆၅ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ဝန်ကြီးများကောင်စီ၏ ဒုတိယ ဥက္ကဋ္ဌဖြစ်လာခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ပထမ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။

၁၉၇၈ ခုနှစ်တွင် နီကိုလိုင် တီခိုနော့သည် ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့၏ အရန်ကော်မတီဝင်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရပြီး ၁၉၇၉ ခုနှစ်တွင် အချိန်ပြည့်နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရလေသည်။

နီကိုလိုင် တီခိုနော့သည် ဆိုရှယ်လစ်လုပ်သားသူရဲကောင်းတဦးဖြစ်ပြီး စက်မှု သိပ္ပံပညာရပ်၌ ပါရဂူဘွဲ့ရရှိသည်။ ဆိုဗီယက် ဦးစီးလွှတ်တော်ချုပ်သို့ ပြည်သူကိုယ်စားလှယ် အမတ်အဖြစ်အကြိမ်ကြိမ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

တီးတိုး, မာရှယ်ဂျိုးဆစ်ဗရော့ (ခရစ် ၁၈၉၂ – ၁၉၇၀)။ ယူဂိုစလားဗီးယားနိုင်ငံ၏ ရာသက်ပန် သမ္မတကြီးဖြစ်သူ ဂျိုးဆစ်ဗရော့တီးတိုးကိုခရိုးရှားပြည်နယ် ဇာဂရက်မြို့အနီး ကွမ်ရိုဗက်ရွာတွင် ၁၈၉၂ ခုနှစ်တွင် မွေးဖွားသည်။ မူလတန်းပညာကုန်ဆုံးသည်အထိသာ ပညာသင်ကြားခဲ့သည်။



မာရှယ်တီးတိုး

အသက် ၂၁ နှစ်တွင် သြစတြီးယား ဟန်ဂေရီဘုရင့်တပ်မတော်တွင် စစ်မှုထမ်းသည်။ တပ်ရင်း အရာခံဗိုလ်အဆင့်အထိ ရာထူးချီးမြှင့်ခံရသည်။

၁၉၂၀ ပြည့်နှစ် အသက် ၂၈ နှစ်အရွယ်တွင် ယူဂိုစလားဗီးယားနိုင်ငံသို့ပြန်လာပြီး စက်ရုံတရုံတွင်အလုပ်လုပ်သည်။

၁၉၂၇–၂၈ ခုနှစ်တွင် ယူဂိုစလားဗီးယား ကွန်မြူနစ်ပါတီ၏ခရိုင်အတွင်းရေးမှူးဖြစ်လာသည်။ ထို့နောက်အစိုးရက မလိုလားအပ်သောသူအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထောင်ခြောက်နှစ်ကျသည်။ ၁၉၃၆ ခုနှစ်တွင် ထောင်မှလွတ်မြောက်လာသည်။ တီးတိုးဟူသည့် ကလောင်နာမည်ဖြင့် သတင်းစာများတွင် ဆောင်းပါးများရေးသည်။

၁၉၄၁ ခုနှစ်တွင် ယူဂိုစလားဗီးယား နိုင်ငံအား ဂျာမနီနိုင်ငံက ဝင်တိုက်သောအခါတီးတိုးသည် ပြောက်ကျားတပ်များကို ခေါင်းဆောင်ခဲ့ပြီး ပြန်လည်ခုခံတိုက်ခိုက်သည်။

၁၉၄၆ ခုနှစ် ဇန္နဝါရီလ ၃၁ ရက်နေ့တွင် ဆားဗီးယား၊ ခရိုးရှားစသော နိုင်ငံငယ်ခြောက်ခုကို ပေါင်းပြီး ပြည်ထောင်စု ယူဂိုစလားဗီးယား သမ္မတနိုင်ငံ အဖြစ် ထူထောင်လိုက်သော အချိန်တွင်တီးတိုးသည် ၁၉၅၃ ခုနှစ်အထိ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အခြေခံဥပဒေသစ်အရ မာရှယ်တီးတိုးသည်သမ္မတကြီးဖြစ်လာပြီး ပြည်ထောင်စုအမှုဆောင်ကောင်စီဥက္ကဋ္ဌနှင့် လက်နက်ကိုင်တပ်မျာ၏ ဦးစီးသေနာပတိ ဖြစ်လာသည်။ ၁၉၇၄ခုနှစ်တွင် ရာသက်ပန်သမ္မတကြီးနှင့် ပါတီဥက္ကဋ္ဌကြီးအဖြစ် ရွေးချယ်ခံရသည်။

သမ္မတကြီး တီးတိုးသည် ရန်ကုန်တက္ကသိုလ်မှ ချီးမြှင့်သော ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ အပါအဝင် နိုင်ငံပေါင်းများစွာမှ ချီးမြှင့်သောဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ၁၁ ခုကို ရရှိခဲ့လေသည်။

မာရှယ် တီးတိုး သည် ၁၉၈၀ ပြည့်နှစ် မေလတွင် ယူဂိုစလားဗီးယား သမ္မတနိုင်ငံဌ် ကွယ်လွန်သည်။

တူရကီသမ္မတနိုင်ငံ။ ။၁၉၇၇ ခုနှစ်ဇွန်လတွင် ကျင်းပသော တူရကီနိုင်ငံ အထွေထွေရွေးကောက်ပွဲအပြီးတွင် ရီပတ်ဗလီကင်ပါတီသည် အမတ်ဦးရေ အများဆုံးရရှိသည့် အလျောက် အစိုးရအဖွဲ့ကို ဖွဲ့စည်းရန် ဖြစ်သော်လည်း အမတ်အရေအတွက် အများစုကို မရသောကြောင့် အခက်အခဲတွေ့ခဲ့ရသည်။

ရီပတ်ဗလီကင်ပါတီသည် လက်ဝဲယိမ်းဖြစ်၍ တရားမျှဟမူပါတီသည် လက်ယာယိမ်းဖြစ်သည်။ အမျိုးသား ကယ်တင်ရေးပါတီသည် မူဆလင်ဘာသာရေး ဦးစားပေးသောကိုးကွန်းဖြစ်ပြီး အမျိုးသား လှုပ်ရှားမှုပါတီသည် ပြင်းထန်သော လက်ယာဝါဒပါတီဖြစ်သည်။

အကျယ်အဝန်း။	။	၃၀၁,၃၈၀ စတုရန်းမိုင်
လူဦးရေ။	။	၄၅,၄၃၀,၀၀၀ (၁၉၈၀)
မြို့တော်။	။	အန်ကာရာမြို့



ထိုပါတီများအနက် ပါတီတခုကိုမျှ စည်းရုံး၍မရသဖြင့် အစိုးရအဖွဲ့ ဖွဲ့ရေးကို လက်လွှတ်လိုက်ရသည်။ ထိုအတော အတွင်း၌ မစ္စတာဒမီရယ်သည် သုံးပါတီညွှန့်ပေါင်းအစိုးရ ဖွဲ့၍ ဝန်ကြီးချုပ်ရာထူးကို လက်ခံကာ အယုံအကြည်ရှိ ကြောင်း ထောက်ခံမဲရယူသည်။ မစ္စတာဒမီရယ်၏ သုံး ပါတီညွှန့်ပေါင်း အစိုးရသည် ထောက်ခံမဲ ၂၂၉ မဲရရှိပြီး အက်စီဗစ်၏ အတိုက်အခံပါတီများက ၂၁၉ မဲပေးပြီးကန့် ကွက်ကြသည်ကို အနိုင်ရခြင်းဖြစ်၏။

မစ္စတာဒမီရယ်၏သုံးပါတီအစိုးရသည် ကြာရှည်မတည် တံ့ခဲ့ပေ။ ၁၉၇၈ ခုနှစ် ဇန္ဒဝါရီလ ၅ ရက်နေ့တွင် မစ္စတာ အက်စီဗစ်၏အတိုက်အခံအသင်းအဖွဲ့များက အယုံအကြည် မရှိအဆိုသွင်းသဖြင့် ရာထူးမှထွက်ပေးရသည်။ ဝန်ကြီးချုပ် ရာထူးကို လက်ခံရာတွင် မစ္စတာအက်စီဗစ်က မိမိသည် ဆိုက်ပရပ်ပြဿနာ ၊စီးပွားရေးကျဆင်းသည့် အရေးအခင်း နှင့် ပြည်တွင်းနိုင်ငံရေးအကြမ်းဖက်မှု အရေးကိစ္စများကို ဖြေရှင်းမည်ဟု ကတိပေးခဲ့သော်လည်း တူရကီနိုင်ငံ၏ ပြည် တွင်းအကြမ်းဖက်မှုများသည် တနေ့တခြား ကြီးထွားလာ သည်။

၁၉၇၅ ခု အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဖြစ်ပွား သော ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ တူရကီသံအမတ် ကြီးသတ်မှု၊ ထိုနောက် သုံးရက်အကြာတွင် ပြင်သစ်ပြည် ပါရီမြို့ရှိ တူရကီသံအမတ်ကို ပစ်သတ်မှု၊ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလတွင် ဖြစ်ပွားသော ပါရီမြို့ရှိ တူရကီ ပြန်ကြားရေး တွဲဖက်သံမှူး ဘက်ကောဘာဆီအား ပစ်ခတ် မှု စသည်တို့သည် တူရကီနိုင်ငံ၏ ကြီးမားသော အကြမ်း ဖက်မှုကြီးများ ဖြစ်သည်။

ထိုအကြမ်းဖက်မှုများသည် ၁၉၇၂ ခုနှစ်မှစတင်သည်။ လက်ဝဲလက်ယာနိုင်ငံရေး အယူအဆ မတူသူ အချင်းချင်း၊ မူဆလင် ဘာသာရေး အစွဲအလမ်း မတူသူ အချင်းချင်း သတ်ဖြတ်နေကြခြင်း ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် အချင်းချင်းပစ်သတ်၍သေသူ လူ ဦးရေသည် ၂၀၀၀ ကျော် ဖြစ်သည်။

အက်စီဗစ်အစိုးရသည် ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရာထူးမှနုတ်ထွက်ရသဖြင့် ဒမီရယ်၏အစိုးရ သည် အာဏာပြန်လည် ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဇူလိုင် လတွင် တဖန် ဒမီရယ်အစိုးရကိုလည်း အက်စီဗစ်အဖွဲ့က အယုံအကြည်မရှိ အဆိုတင်ပြန်သည်။ ယင်းအဆိုတွင် ၂၂၇ မဲ၊ ၂၁၄ မဲဖြင့် မစ္စတာ ဒမီရယ်က အနိုင်ရလိုက် လေသည်။

မစ္စတာ ဒမီရယ်၏ အဖွဲ့နှင့် အက်စီဗစ် အဖွဲ့တို့သည် တဖွဲ့နှင့်တဖွဲ့ အပြိုင်အဆိုင်ဖြင့် ရန်သူကြီးများ ဖြစ်လာကြ ကာ ချောင်းမြောင်း ပစ်ခတ် သတ်ဖြတ်မှုများပိုလာသည်။ နိုင်ငံရေးပြိုင်ဆိုင်မှု၊ ဆွန်နီနှင့် ရှီယာမူဆလင်ချင်း ယှဉ်ပြိုင် မှုအပြင် နိုင်ငံပါတီချင်း ယှဉ်ပြိုင်မှုများလည်း ရှိလာသည်။

ထို့ကြောင့် ၁၉၈၀ ပြည့်နှစ် ဇန္ဒဝါရီလ ၂ ရက်နေ့တွင် တူရကီ ကြည်း၊ ရေ၊ လေ တပ်ပေါင်းစု၏ ဗိုလ်ချုပ်ကြီးများ က နိုင်ငံရေးပါတီခေါင်းဆောင်များသို့ သတိပေးခဲ့ရသည်။

တပ်မတော်၏သတိပေးချက်သည် နိုင်ငံရေး ပဋိပက္ခကို မဟန့်တားနိုင်ပေ။ လူသတ်မှု အရှိန်နှုန်းသည် ပို၍ပင်များ လာသည်။ ဇန္ဒဝါရီလတွင် တနေ့ပျမ်းမျှ လူခြောက်ဦးသေ ဆုံးခဲ့ရာမှ စက်တင်ဘာလတွင် ၁၈ ဦးခန့်ထိ သေဆုံးခဲ့သည်။

ထို့ကြောင့် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလတွင် တပ် မတော်က အာဏာသိမ်းလိုက်ပြီး ဗိုလ်ချုပ်ကြီး ငါးဦးပါ သည့် အမျိုးသားလုံခြုံရေးကောင်စီက နိုင်ငံကို အုပ်ချုပ် မည်ဖြစ်ကြောင်း ကြေငြာခဲ့လေသည်။

အကြမ်းဖက်မှုများဖြစ်ပွားလာသည့်အခါတိုင်း တပ်မ တော်ကဝင်၍ ထိန်းကြပ်ပေးရသည်မှာ မကြာခဏဖြစ် သည်။ စစ်အုပ်ချုပ်ရေးဥပဒေ ကြေငြာထားသော ပြည် နယ်များတွင်လည်း တပ်မတော်က ပို၍ အာရုံစိုက်နေရ သည်။ ထို့ကြောင့်ပင် ၁၉၈၀ ပြည့်နှစ်၌ တတိယအကြိမ် မြောက် အာဏာသိမ်းခြင်းဖြစ်သည်။

၁၉၆၀ ပြည့်နှစ်တွင် ပထမ အာဏာသိမ်းစဉ်က အုပ် ချုပ်ရေးအာဏာကို ၁၇ လကြာ ထိန်းသိမ်းခဲ့သည်။ ၁၉၇၁ ခုနှစ် ဒမီရယ်ထံမှ အာဏာသိမ်းစဉ်က လပေါင်း ၃၀ လက်ဝယ်ထားခဲ့သည်။ ယခုအာဏာသိမ်းပွဲတွင်မူ တပ်မ တော်ခေါင်းဆောင်များက တိုင်းပြည်အတွင်း၌ ငြိမ်ဝပ် ပိပြားရေးစိတ်မချရသေးမီ ဝန်ကြီးများကောင်စီတရပ်ဖွဲ့ပြီး အုပ်ချုပ်စေမည်ဟု ကတိပေးသည်။

ထိုကတိအတိုင်းပင် အငြိမ်းစား ရေတပ်ဗိုလ်ချုပ်ကြီး ဗူးလင့်အူလူဆူးအား စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ခန့်ထားလိုက်သဖြင့် ယခင် နိုင်ငံရေး ပါတီဝင်များ မပါသော အရပ်သား ၂၆ ဦးပါသည့် ဝန်ကြီးများအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

တပ်မတော်အကြီးအကဲငါးဦး ပါဝင်သော အမျိုးသား လုံခြုံရေးကောင်စီသည် အောက်တိုဘာလ ၂၇ ရက်နေ့ တွင် ဗိုလ်ချုပ်ကြီး အက်ဗရင်ကို သမ္မတ အာဏာများ အပ်နှင်းခဲ့ကြလေသည်။

တောကျော်၊ ဦး (မြန်မာ ၁၂၆၉–၁၃၄၂)။ ။ ဇာတ်သဘင်ပညာရှင်ကြီး ဦးတောကျော်သည် သာယာ ဝတီခရိုင်လက်ပံတန်းမြို့ ဇာတိဖြစ်သည်။ အဖ ဦးချစ်ထွေး၊ အမိ ဒေါ်မဲတို့မှ ၁၂၆၉ ခုနှစ်တွင် မွေးဖွားသည်။ ငယ်မည် မှာ မောင်ခန့် ဖြစ်သည်။



သဘင်ပညာရှင် ဦးတောကျော်

ဦးတောကျော်သည် ငယ်စဉ်ကတည်းက သဘင်အနုပညာကို ဝါသနာပါသည့်အလျောက် လေ့လာ လိုက်စားခဲ့သည်။ ညီဖြစ်သူ ဦးနီတိုး (မောင်သန့်) သည် ခေတ်ဟောင်းမှ နာမည်ကြီး အဆိုတော် ဖြစ်သည်။ ညီမငယ် မသိန်းလှိုင်မှာလည်း သီချင်းကြီး အဆိုတော် တယောက် ဖြစ်သည်။မောင်ခန့်သည်ဇာတ်မင်းသားကြီးဦးတောကျော် အမည်ဖြင့် နာမည်ကျော်ကြားခဲ့သူ ဖြစ်လေသည်။

အသက် ၁၀ နှစ်သားအရွယ်တွင် ဇာတ်မင်းသားကြီး ဦးစံရှားထံမှ အဆိုအကများသင်ကြားပြီး သားတော်ခန်းစသည်တို့တွင် ပါဝင်ကပြခဲ့သည်။

၁၆ နှစ်သားအရွယ်မှစ၍အနုပညာရှင်များထံတွင်နှံနှင့် အဆိုပညာရပ်များကိုအနီးကပ်လေ့လာသင်ကြား ခဲ့သည်။ သီချင်းကြီးနှင့် ထိုင်ဆိုဖျော်ဖြေရာတွင် ပိုင်နိုင် အောင်မြင်မှုကို ရရှိခဲ့လေသည်။

၁၂၉၇ ခုနှစ်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မှ ဇာတ်ထောင်သူ ဦးဘဆင်၊ ဒေါ်အရွာဘိတို့က မောင်ခန့်ကို ဇာတ်မင်းသား အဖြစ် စင်တော်ကောက် မြှောက်စားခဲ့သည်။ မောင်ခန့်သည် တောကျော်အမည်ဖြင့် ဇာတ်မင်းသားကြီးအဖြစ် နာမည်ခံယူခဲ့သည်။

ထိုစဉ်က ဦးတောကျော်နှင့် တွဲဖက်ခဲ့သည့် မင်းသမီးများမှာ အကဝိဇ္ဇာ မင်းသမီးကြီး ဒေါ်ဗလပြန်၊ ဝဇီရာမမည္ဆန့်၊ အော်ပရာသန်း၊ ဇေယျာသိန်း၊ အောင်သိန်းရွှေ၊ လေဘာတီခင်ညွန့်၊ ဂျပိုးမသိန်းတင်၊ တရုတ်မ ကျင်စိန်၊ သြဘာအံ့၊ ရွှေဘိုကျော့၊ အောင်မုန်ကြည်စသည့် နာမည်ရ မင်းသမီးများဖြစ်သည်။ လူရွင်တော်များမှာ ဦးစယ်ရွယ်၊ ဦးငွေ၊ ဦးသိန်းဒီ၊ ဦးသောင်းဒီ၊ ဦးသိန်းဒန်၊ ဦးမူတူး၊ ဦးရွှေငါး၊ ဦးကြွေတိုင်းတို့ ဖြစ်သည်။

စောအောင် စောနောင်၊ ဂုတ္တိလစောင်းပြိုင် စသော ဇာတ်ထုပ်များကို ကိုလံဗီယာဓာတ်ပြားကုမ္ပဏီက ဓာတ်ပြားများသွင်းခဲ့သည်။ ဒါရိုက်တာ ဦးချစ်ဖေ၏ ရင်သွေးတော်ဇာတ်ကားတွင် ဒေဝ၊ မေမေဝင်းတို့နှင့်အတူ တွဲဖက်၍ ရုပ်ရှင်ရိုက်ကူးခဲ့သည်။

ဦးတောကျော် ဇာတ်မင်းသားအဖြစ် ကပြစဉ်က လူကြိုက်များခဲ့သော ဇာတ်ထုပ်များမှာ ရွှေလူဝံ၊ ဂုတ္တိလစောင်းပြိုင်၊ အရိန္ဒမာ၊ ဝိဇယ၊ မြစိမ်းနှင့် ရင်သွေးတော်တို့ဖြစ်သည်။ ဦးတောကျော်သည်ဇာတ်သက် ၅၃ နှစ်မျှ ကပြခဲ့သည်။ ယင်းနောက်တွင် ဇာတ်သဘင်လောကမှ အနားယူသည်။ သီချင်းကြီး သီဆိုခြင်းကိုမူ ဆက်လက်သီဆိုလျက်ပင် ရှိခဲ့သည်။ ဆို၊ က၊ ရေး၊ တီး စသည့် ပညာရပ်များကို အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်၊ ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည်၊ သီချင်းကြီး ဆရာတောက်၊ ဆရာကြိုင်၊ ဆရာစိုး၊ စောင်း ဦးထွန်းဖေ၊ ဆရာ စိန်ဗေဒါ စသော ပညာရှင်များထံမှလည်း လေ့လာဆည်းပူးရယူခဲ့သူ တဦးဖြစ်သည်။

၁၉၆၄ ခုနှစ်တွင် ယဉ်ကျေးမှုဌာနမှ ဦးတောကျော်အား ရုပ်သေးများ၊ အငြိမ့်များ၊ အမတော်ကြေး တောင်းခံရရှိမှုအဖွဲ့ဝင် လူကြီးအဖြစ် ခန့်ထားသည်။ ၁၉၆၅ ခုနှစ်တွင် ဦးတောကျော်အား ဆိုင်း၊ ဇာတ်၊ ရုပ်စုံ၊ အငြိမ့်၊ ဟဒယရွှင်ဆေး၊ စာပြော၊ ကွက်စိပ်၊ သီချင်းကြီးစသည်များကိုစိစစ်ရန် မြန်မာ့အသံ စိစစ်ရေးဘုတ်အဖွဲ့ဝင်အဖြစ် ခန့်ထားခဲ့သည်။

၁၉၆၈ ခုနှစ်တွင်ယဉ်ကျေးမှုဌာန၌ မင်းသမီးကြီး ဒေါ်ဗလပြန်နှင့် တွဲဖက်၍ အဆိုအကအစရှိသည့် ပန်တျာသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အထူးသဖြင့် ဦးတောကျော်သည် မျိုးချစ်စိတ် ရှိသူတယောက် ဖြစ်သည်။ ဆရာစံသည် နယ်ချဲ့များကို တော်လှန်ခဲ့စဉ်က ဦးတောကျော်သည် ဆရာစံနှင့်အတူ ပါဝင်တော်လှန်ခဲ့သည်။ လက်မောင်းတွင် ဂဠုန်ရုပ်ထိုးထားသော ဂဠုန်တပ်သားတဦးဖြစ်သည်။

ဦးတောကျော်ခေါ် ဦးခန့်သည် ၁၃၄၂ ခုနှစ် ပထမဝါဆိုလဆုတ် ၅ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသုံးယောက် ကျန်ရစ်သည်။

တင့်တယ်၊ စာရေးဆရာ (ခရစ် ၁၉၁၆ – ၁၉၈၀)။ ။

စာရေးဆရာ တင့်တယ်ကို ၁၉၁၆ ခုနှစ် ဇူလိုင် ၂၁ ရက်နေ့တွင် ရွှေတောင်မြို့၌ အဖကုန်သည် ဦးဘစိန်၊ အမိ ဒေါ်တင်မေတို့က မွေးဖွားသည်။ တဦးတည်းသော သားဖြစ်ပြီး ငယ်မည်မှာ မောင်သန်းဖြစ်သည်။ အမည်ရင်းမှာ ဦးဝင်းစိန်ဖြစ်သည်။



စာရေးဆရာ တင့်တယ်

တင့်တယ်သည် ရွှေတောင်မြို့ အမျိုးသားအထက်တန်းကျောင်း၊ အစိုးရအထက်တန်းကျောင်းနှင့် ပြည်မြို့အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့ပြီး ၁၉၃၄ ခုနှစ်တွင် ပြည်မြို့ အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်တွင် ဥပစာသိပ်သင်တန်း၌ ဆက်လက်ပညာသင်သည်။ ဥပစာသိပ္ပံတန်းကိုအောင်ပြီးနောက် ဝိဇ္ဇာပညာရပ်ကို ဆက်လက်လေ့လာရာ ၁၉၃၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။

ထို့နောက် ၁၉၃၉ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ပန်းတနော်မြို့ အမျိုးသားအထက်တန်းကျောင်း၌ ကျောင်းဆရာအဖြစ်အမှုထမ်းပြီး ၁၉၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဥပဒေသင်တန်းသို့ တက်ရောက်၍ ပညာဆက်လက်သင်ယူသည်။

ဒုတိယကမ္ဘာစစ်အတွင်းတွင် ကုန်သည်လုပ်ပြီးနောက် ပညာရေးဌာနလက်အောက်ရှိ စာပေနှင့်စာကြည့်တိုက်ဌာနတွင် စာပြုအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဆက်လက်ပညာသင်ရာ ဥပဒေဝိဇ္ဇာဘွဲ့ကို ရသည်။ ထိုကာလက အင်္ဂလိပ် စစ်အုပ်ချုပ်ရေး လက်အောက်ရှိ ပြည်သူ့ဆက်ဆံရေးဌာနတွင် ဆက်လက် အမှုထမ်းသည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ပြန်ကြားရေးဌာနတွင်ဘာသာပြန်အရာရှိအဖြစ် ဆက်လက် အမှုထမ်းသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ် အတွင်းတွင် အင်္ဂလန်နိုင်ငံ ဘီဘီစီ အသံလွှင့်ဌာနမြန်မာပိုင်းအစီအစဉ်၌ ဘာသာပြန်နှင့် သတင်းလွှင့်ထုတ်သူအဖြစ် အမှုထမ်းခဲ့သည်။

တင့်တယ်သည် ၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားဘဝကပင် စာပေနယ်သို့ စတင် ဝင်ရောက်ခဲ့သည်။ တင့်တယ်၏ ပထမဆုံးလက်ရာမှာ ၁၉၃၆ ခုနှစ်က ရွှင်ပျော်ပျော်တိုက်ထုတ်စာအုပ်အဖြစ် ထုတ်ဝေခဲ့ရသည်။ ၁၉၃၇ ခုနှစ်တွင်ထုတ်ဝေသည့် တနေဝင် အမည်ရှိဝတ္ထုဌ္ဌ အောင်ကျော် ဟူသော ကလောင်အမည်ကို ယူခဲ့သည်။

၁၉၄၆ ခုနှစ် ဇူလိုင်လတွင် စာပဒေသာမဂ္ဂဇင်းကို ဦးဆောင်ထုတ်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ရှုမဝရုပ်စုံမဂ္ဂဇင်းကို ရှုမဝဦးကျော်နှင့် တွဲဖက် တာဝန်ယူ ထုတ်ဝေခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ပဒေသာမဂ္ဂဇင်းထုတ်ဝေသူမျှားတွင်တဦး အပါအဝင်ဖြစ်ခဲ့ပြီး ၁၉၅၅ ခုနှစ် သြဂုတ်လမှစ၍ ပဒေသာမဂ္ဂဇင်းကို အမေရိကန်ပြည်ထောင်စုထုတ် ရီးဒါးဒိုင်ဂျက် မဂ္ဂဇင်းပုံစံဖြင့်ဦးစီးထုတ်ဝေခဲ့သည်။ ၁၉၆၉ ခုနှစ်မှစ၍ စန္ဒာရုပ်စုံမဂ္ဂဇင်း စာတည်းတာဝန်ကို ကွယ်လွန်သည့် အချိန်အထိ ထမ်းရွက်သွားသည်။

တင့်တယ်သည် ၁၉၄၆ ခုနှစ်ထုတ် စာပဒေသာမဂ္ဂဇင်းတွင် တင့်တယ်ကလောင်အမည်ကို စတင်သုံးစွဲခဲ့ပြီး ယင်းကလောင်အမည်ဖြင့် ၁၉၄၇ ခုနှစ်တွင် ရွှေချစ်ငွေချစ် ဝတ္ထုကို ပထမဆုံး လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေခဲ့သည်။

တင့်တယ်ကလောင် အမည်ဖြင့် ထုတ်ဝေခဲ့သော ဝတ္ထုမျှားအနက် ချစ်နိုင်ငံ (၁၉၄၇)၊ ဖြေလျော့ခွေ (၁၉၄၇)၊ ချစ်သက်လက်ဆောင် (၁၉၅၀)၊ ကမ္မဖလ(၁၉၅၁)၊ ထား (၁၉၅၇) စသည်တို့သည် ထင်ရှားသော ဝတ္ထုအချို့ ဖြစ်သည်။ တင့်တယ်ကလောင်အမည်ဖြင့်ပင် ချစ်လင်(၁၉၄၇)၊ ပျိုတို့အချစ်တော်(၁၉၅၇)၊ အဏ္ဏဝါနှင့်အဖိုးအို (၁၉၆၄)၊ ချာလီနှင့်ယာယီ (၁၉၆၄)၊ လစန္ဒာနှင့်ခြူးပိုက်ဆံ(၁၉၆၄)၊ ရောမကိုအာခံသူ (၁၉၆၅)တို့ကိုလည်းဘာသာပြန်ခဲ့သည်။ တင့်တယ်သည် အများအားဖြင့် အချစ်ဝတ္ထုများကို ရေးခဲ့သည့်ပြင် ဘကြီးမှန်းကို အဓိကဇာတ်ဆောင်ထား၍အဆင့်နိမ့်လူလတ်တန်းစား ဘဝသရုပ်ဖော် ဝတ္ထုတို များကိုလည်း ရေးခဲ့သည်။ ဝတ္ထုရေးနည်း အခြေပြ (၁၉၇၄) ကျမ်းတစောင်ကိုလည်း ပြုစုခဲ့သည်။

တင့်တယ် ဟူသော ကလောင်အမည်အပြင် အမည်ရင်းဦးဝင်းစိန် အမည်ဖြင့်လည်း ဒုတိယ ကမ္ဘာစစ်အတွင်းက စာပေနှင့် စာကြည့်တိုက်ဌာနတွင် အမှုထမ်းစဉ် အခြေပြ ကမ္ဘာ့သမိုင်း ဒုတိယတွဲကို ပြုစုခဲ့သည်။ အရှေ့ဖျား ကမ္ဘာ့သမိုင်း စာအုပ်ကိုလည်း ပြုစုခဲ့သည်။

တင့်တယ်၏ အခြား ထင်ရှားသော ကလောင်အမည်ပွားတခုမှာ အောင်မြင်ဖြစ်သည်။ အောင်မြင် ကလောင်အမည်ဖြင့် အေးစိမ့်ဟူသော အဓိက ဇာတ်ဆောင် တယောက်ကိုဖန်တီးကာ ဝတ္ထုတိုများ ရေးခဲ့သည့်ပြင် အိုဘယ်ကံ၊ သည်မိုးသည်မြေ စသော ဝတ္ထုများကိုလည်း ဘာသာပြန်ခဲ့သည်။

တင့်တယ်သည် ကျော်ဇော၊ စိန်တပွင့်၊ ထွန်းအံ့ ဟူသော ကလောင်အမည်များဖြင့်လည်း ဝတ္ထုများနှင့် သုတစာအုပ်များကို ဘာသာပြန်ခဲ့သည်။

လှပ ဟူသော ကလောင်အမည်ကိုသုံး၍ ပန်းချီအနုပညာဆိုင်ရာ ဆောင်းပါးများကိုလည်း ရေးခဲ့သည်။

ယဉ်မင်းလှ၊ ဦးထွဋ်ခေါင်၊ ဦးအာသခေါ်၊ ဆရာသြဘာကလောင် အမည်များကိုသုံး၍လည်း ဆောင်းပါးများကို ရေးခဲ့သည်။

တင့်တယ်သည် သူ၏ သက်တမ်းတလျှောက်တွင် စာမျိုးစုံရေးနိုင်သော စာရေးဆရာတယောက်အဖြစ် ထင်ရှားသည်။

တင့်တယ်သည် စာပေလောကတွင်သာမက ရုပ်ရှင်လောကတွင်လည်း ထင်ရှားသည်။ ၁၉၅၄ ခုနှစ်တွင် လာလုလုငေး၊ ၁၉၅၇ ခုနှစ်တွင် ကျမအနုပညာသည်၊ ထားစသည်တို့ကို ဒါရိုက်တာအဖြစ်တာဝန်ယူရိုက်ကူးခဲ့သည့်ပြင် ဖြေလျှော့ခွေ့၊ အကျော်အမော်၊ ဖိုးပြုံးချို ဇာတ်ကားတို့အတွက် ဇာတ်ညွှန်းများကိုလည်း ရေးခဲ့သည်။

တင့်တယ်၏တင့်တယ် အမည်ရှိ ကိုယ်ရေးအတ္ထုပ္ပတ္တိတစောင်ကိုလည်း သွေးသောက်မဂ္ဂဇင်းတွင် ၁၉၆၅ ခုနှစ် အောက်တိုဘာလမှစ၍ ၁၉၇၁ ခုနှစ် ဖြိုလအထိရေးသားခဲ့လေသည်။

၁၉၅၈ ခုနှစ်တွင် ပျိုတို့အချစ်တော် ဘာသာပြန်ဝတ္ထုဖြင့် စာပေဗိမာန်ဘာသာပြန်ဆုကို ရခဲ့သည်။

တင့်တယ်သည် ၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလ ၄ ရက် နေ့တွင် ကွယ်လွန်ခဲ့လေသည်။

တင်၊သခင် (ခရစ် ၁၉၀၃–၁၉၈၀)။ ။သခင်တင်ကို ၁၉၀၃ ခုနှစ်တွင် ပျော်ဘွယ်မြို့၌ အဘ ဆရာဝတ်ဝန် ဦးမြတ်သာ၊ ဒေါ်အေးမြတို့မှ မွေးဖွားသည်။မွေးချင်းနှစ်ယောက်အနက် အငယ်ဖြစ်သည်။

ငယ်စဉ်က လက်ပံတန်းမြို့နယ် မဟာပေါင်းရွာ၌ မူလတန်း ပညာသင်ကြားခဲ့သည်။ ပြူးမြို့တွင် ကြီးပြင်းလာရပြီး ပေါင်းတည်မြို့ အစိုးရအထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့သည်။ ထိုနောက် ရွှေနေစာမေးပွဲအောင်မြင်၍ ၁၉၂၇ ခုနှစ်တွင် သာယာဝတီခရိုင်၌ ရွှေနေလိုက်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ဆရာစံသူပုန်များဘက်မှ ရွှေနေလိုက်ခဲ့သည်။

သခင်တင်သည် ၁၉၃၂ ခုနှစ်တွင် လက်ပံတန်းမြို့နယ် ခဲ့ခွာရေးအသင်းသို့ ဝင်ရောက်ခဲ့သည်။ ခဲ့ခွာရေး အသင်းဆိုသည်မှာ မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခဲ့ထွက်ရေး အတွက် တိုက်ပဲ့ဝင်သော အသင်းဖြစ်သည်။



သခင် တင်

၁၉၃၅ ခုနှစ်တွင် သုံးဆယ်မြို့၌ တို့ဗမာအစည်းအရုံးတည်ထောင်သောအခါ သခင်တင်သည် ဥက္ကဋ္ဌဖြစ်လာသည်။ ထိုအချိန်မှစ၍ သခင်တင်သည် သခင်အမည်ကို ခံယူ၍ နိုင်ငံရေးဆောင်ရွက်ခဲ့လေသည်။

၁၉၃၈ ခုနှစ်တွင် စစ်ကွင်း၌ တို့ဗမာ အစည်းအရုံး ညီလာခံကြီး ကျင်းပခဲ့ရာ သခင်တင်သည် သာယာဝတီခရိုင် တောင်သူလယ်သမား အစည်းအရုံး ဥက္ကဋ္ဌအဖြစ် အရွေးခံရပြီး တို့ဗမာအစည်းအရုံး ဌာနချုပ် အမှုဆောင်လည်းဖြစ်လာသည်။

၁၉၄၀ ပြည့်နှစ် ပဲခူးညီလာခံကြီးတွင် သခင်မြက ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌဖြစ်လာ၍ သခင်တင်က ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး ဥက္ကဋ္ဌဖြစ်လာသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ခေတ်တွင် သခင်တင်သည် ဗိုလ်မှူးဖြစ်ပြီး မြေအောက်တော်လှန်ရေးအဖွဲ့ချုပ်၏ တာဝန်ခံတဦး ဖြစ်သည်။ ဂျပန်ခေတ်၌ သခင်တင်သည် အဓိပတိ ဒေါက်တာဗမော်၏ နိုင်ငံရေးရာအတွင်းဝန်နှင့် တို့ဗမာအစည်းအရုံး ဝါဒဖြန့်ချိရေးမှူးအဖြစ် ဆောင်ရွက်ရသည်။ ဖ ဆ ပ လ (ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး) တပ်ဦးဖွဲ့စည်းရာတွင် သခင်တင်သည် ဌာနချုပ် အလုပ်အမှုဆောင်အဖြစ် တာဝန်ယူရသည်။

အောင်ဆန်း အက်တလီစာချုပ် မချုပ်ဆိုနိုင်သေးမီ နယ်ခြားအင်္ဂလိပ်ကို ဆက်လက်တော်လှန်ရန် စီစဉ်ကြရာတွင် သခင်တင်ကို အထက်ဗမာပြည် ဖဆပလတိုင်းမှူးအဖြစ် တာဝန်ပေးခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ဟော်လန်နိုင်ငံ၌ ကျင်းပသော ကမ္ဘာ့တောင်သူလယ်သမားများ ညီလာခံသို့ မြန်မာနိုင်ငံ တောင်

သူလယ်သမား အစည်းအရုံး ဥက္ကဋ္ဌအဖြစ် တက်ရောက်ခဲ့သည်။ သခင်တင်သည် တိုင်းပြည်ပြု လုပ်တော်အမတ်အဖြစ်ဝါးခယ်မ (မြောင်းမြအရှေ့ပိုင်း)မဲဆန္ဒနယ်မှ အရွေးခံခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များ ကျဆုံးပြီးနောက် အရေးပေါ် ပြန်လည်ဖွဲ့စည်းသော ဖဆပလအစိုးရလက်ထက်တွင် သခင်တင်သည် လယ်ယာနှင့် သစ်တောဌာနဝန်ကြီးအဖြစ် စတင်ဆောင်ရွက်ရသည်။

၁၉၅၂ ခုနှစ်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သော အာရှဆိုရှယ်လစ် ကွန်ဖရင့်တွင် စီးပွားရေးဆိုင်ရာ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့လေသည်။

၁၉၅၆ ခုနှစ်တွင် ဖြူးမဲဆန္ဒနယ်မှလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ သိမ်ဖြူမဲဆန္ဒနယ်မှ လည်းကောင်း ပြည်သူ့လွှတ်တော်အမတ်အဖြစ် အကြိမ်ကြိမ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပြီး ဘဏ္ဍာရေးနှင့် အမျိုးသား စီမံကိန်း ဌာနဝန်ကြီး၊ ဒုကိယဝန်ကြီးချုပ် (လူမှုရေး) စသည်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲဝင် ၃၃ ဦး၌ အဖွဲဝင်တဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဒို့လောက၊ ဗမာ့အခြေခံစီးပွားရေး၊ တိုးတက်သော ဆိုရှယ်လစ်စနစ် (ဗုဒ္ဓအာဘိဓမ္မာနှင့် လောကဓာတ် ဝိဇ္ဇာသိပ္ပံပညာ) (ဗုဒ္ဓအာဘိဓမ္မာနှင့် ဟဒယဝတ္ထုပြဿနာ) စာအုပ်များ ရေးသားခဲ့သည်။

သခင်တင်သည် လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်နှင့် နိုင်ငံ့ဂုဏ်ရည် ပထမဆင့် ဘွဲထူးများဖြင့် ချီးမြှင့် ဂုဏ်ပြုခံရသူ တဦးဖြစ်သည်။

သခင်တင်သည် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။ သခင်တင်၌ ဇနီး ဒေါ်မြရွှေနှင့် သား၊ သမီးနှစ်ယောက် ကျန်ရစ်ခဲ့သည်။

တောင်သူလယ်သမားနှင့်မိသားစုအသက်နှင့်ထိခိုက်မှုအာမခံလုပ်ငန်း။ ။၁၉၈၀ ပြည့်နှစ် မတ်လ ၂ ရက်နေ့မှ စတင်၍ တောင်သူလယ်သမားနှင့် မိသားစု အသက်နှင့် ထိခိုက်မှုအာမခံ လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ယင်းလုပ်ငန်းကို တိုင်း ခုနစ်တိုင်းရှိ မြို့နယ်ပေါင်း ၅၀ တွင် ရွှေပြေးစမ်းသပ်ရေး အစီအစဉ်ဖြင့် စတင် အကောင်အထည် ဖော်ခဲ့သည်။ ရန်ကုန်တိုင်းတွင် ကျောက်တန်း၊ သန်လျင်၊ တိုက်ကြီး၊ ကွမ်းခြံကုန်း၊ သုံးခွ၊ လှည်းကူးနှင့် မှော်ဘီမြို့များတွင်လည်းကောင်း၊ ပဲခူးတိုင်းတွင် အုတ်ဖို၊ ဖြူး၊ ညောင်လေးပင်၊ လက်ပံတန်း၊ ကဝ၊ ပေါင်းတည်၊ သဲကုန်း၊ ပဲခူး၊ ကျောက်တံခါး၊ ဇီးကုန်း၊ ကြို့ပင်ကောက်နှင့် ပြည်မြို့များတွင်လည်းကောင်း၊ မွန်ပြည်နယ်တွင် မုဒုံ၊ မော်လမြိုင်၊ ချောင်းဆုံနှင့် ပေါင်မြို့များတွင် လည်းကောင်း၊ မန္တလေးတိုင်းတွင် ကျောက်ဆည်၊ ပုသိမ်ကြီး၊ ပျဉ်းမနား၊ မိတ္ထီလာနှင့် မြင်းခြံမြို့ များတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းတွင် စစ်ကိုင်း၊ ရွှေဘို၊ရေဦး၊ ကောလင်းနှင့် ဝက်လက်မြို့များတွင် လည်းကောင်း၊ ရောဝတီတိုင်းတွင် ပုသိမ်အရှေ့၊ ပုသိမ်အနောက်၊ ကျုံပျော်၊ ဟသံတ၊ မြန်အောင်၊ မြောင်းမြ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဘိုကလေး၊ပန်းတနော်နှင့် အင်္ဂပူမြို့ များတွင်လည်းကောင်း၊ မကွေးတိုင်းတွင် မင်းဘူး၊ စလင်း၊ မကွေး၊ တောင်တွင်းကြီးနှင့် အောင်လံမြို့များတွင်လည်းကောင်း အသီးသီး စတင် ဆောင်ရွက်ခဲ့လေသည်။

တောင်သူလယ်သမားနှင့် မိသားစု အသက်နှင့် ထိခိုက်မှုအာမခံကို တောင်သူလယ်သမား အစည်းအရုံးဝင် တောင်သူလယ်သမား၊ ၎င်းနှင့် ဆွေမျိုးတော်စပ်သူ တအိမ်တည်း အတူနေ တအိုးတည်းစားသူများလည်း ထားရှိနိုင်သည်။ အသက် ၁၈ နှစ် ပြည့်ပြီး အသက် ၆၀ ထက် မကျော်သေးသော မျက်မြင်အားဖြင့် ကျန်းမာရေး ပြည့်စုံသူများကို အာမခံဌာနမှ တာဝန်ယူလက်ခံဆောင်ရွက်ပေးသည်။ဆရာဝန်ထံတွင် ဆေးစစ်ခံရန်မလိုပေ။ အာမခံကြေး ပေးသည်နှင့် အာမခံလက်မှတ်ကိုချက်ချင်း ထုတ်ပေးသည်။ အာမခံကိုလည်း ငွေပေးသည့်အချိန်ကစ၍ တာဝန်ယူလေသည်။



မိခင် ကွယ်လွန် အနိစ္စ ရောက်သည့်အတွက် အကျိုးခံစားခွင့် ကျပ် ၁၀၀၀ ကို သမီးဖြစ်သူအား သက်ဆိုင်ရာမှ ပေးအပ်သည်။

အာမခံလက်မှတ် တစောင်စီကို အာမခံထားငွေ ကျပ် ၁၀၀၀ နှင့် သက်တမ်း သုံးလအတွက် ပုံသေ ပုံနှိပ် ထားသည်။ လက်မှတ်တစောင်အတွက် အာမခံ ကြေးသည် သုံး ကျပ်ဖြစ်သည်။ အာမခံ ထားရှိသူသည် သုံးလ၊ ခြောက်လ၊ ကိုးလ၊ ၁၂ လ အထိ မိမိ၏ ဆန္ဒအရ လိုအပ်သလို အာမခံ ထားရှိနိုင်သည်။ အာမခံထားသူ တဦးအနေဖြင့် အာမခံ ထား ငွေကျပ် ၅၀၀၀ အထိ ထားခွင့်ရှိလေသည်။

အာမခံထားရှိသူသည် အာမခံထားရှိသည့် သက်တမ်း အတွင်း မည်သည့်အကြောင်းကြောင့်ဖြစ်စေ သေဆုံးလျှင် သော်လည်းကောင်း၊ ထိခိုက် ဒဏ်ရာရရှိလျှင် သော်လည်း ကောင်း အောက်တွင်ဖော်ပြထားသော အကျိုးခံစားခွင့် များကိုရရှိမည် ဖြစ်လေသည်။

သေဆုံးခြင်းနှင့် အလုပ် လုံးဝမလုပ်နိုင်ခြင်းတို့အတွက် ကျပ် ၁၀၀၀၀၊ မျက်စိတဘက်ကွယ်ခြင်း၊ လက်မောင်းရင်းမှ လက်ကောက်ဝတ်အထိ တနေရာရာပြတ်ခြင်းနှင့်ပေါင်ရင်းမှ ခြေကျင်းဝတ်အထိ တနေရာရာ ပြတ်ခြင်းတို့အတွက် ကျပ် ၅၀၀၀၊ မေးရိုးကျိုးခြင်း၊ လက်မောင်းရင်းမှ လက်ကောက် ဝတ်ထိ တနေရာရာ ကျိုးခြင်းနှင့် ဦးခေါင်းခွံ ကွဲခြင်းတို့ အတွက် ကျပ် ၁၅၀၀၊ လက်မတချောင်း ပြတ်ခြင်း၊ ခြေမ တချောင်း ပြတ်ခြင်း၊ နှာခေါင်းရိုး ကျိုးခြင်း၊ လည်ပင်းမှ ခါးရိုး တလျှောက်အဆစ်တဆစ်ကျိုးခြင်း၊ နံရိုးတချောင်း ကျိုးခြင်းနှင့် ညှပ်ရိုးကျိုးခြင်းတို့အတွက် ကျပ် ၁၀၀၀၊ လက်မ မှအပ ကျန်လက်ချောင်းတချောင်းပြတ်ခြင်းနှင့် ခြေမမှ အပ ကျန် ခြေချောင်းတချောင်းပြတ်ခြင်းတို့အတွက် ကျပ် ၅၀၀၊ လက်ချောင်း တချောင်း သို့မဟုတ် ခြေချောင်း တချောင်း ကျိုးခြင်းအတွက် ကျပ် ၂၅၀ စသည်တို့ ဖြစ် လေသည်။

အာမခံထားသူသည် သေဆုံးသွားလျှင်ဖြစ်စေ၊ ရူးသွပ် သွားလျှင်ဖြစ်စေ အကျိုးခံစားခွင့်ကို အာမခံလက်မှတ်တွင် ဖော်ပြထားသည့်အကျိုးခံစားခွင့်ရှိသူအား ထုတ်ပေးသည်။ အာမခံထားသူသည် အာမခံထားသည့် ကာလအတွင်း အကြိမ်ကြိမ် ထိခိုက်ဒဏ်ရာရပါက အကြိမ်ကြိမ် အကျိုး ခံစားခွင့်ရှိသော်လည်း အာမခံလက်မှတ်တစောင်အတွက် ကျပ် ၁၀၀၀၀ ထက်ကျော်လွန် ခွင့်မပြုချေ။

အာမခံထား ရှိသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရ ခြင်းနှင့် သေဆုံးခြင်းသည် တပြိုင်တည်းမဟုတ်ပါက နှစ်မျိုး စလုံးကို အကျိုးခံစားခွင့်ရရှိလေသည်။

စမ်းသပ်ဆောင်ရွက်သည့် ပြည်နယ်၊ တိုင်း ခုနစ်ခုတွင် အာမခံရုံးခဲ့များဖွင့်၍ ငွေများကို ထိုရုံးခဲ့များကပင် တိုက် ရိုက်ထုတ်ပေးသည်။ ပဲခူးနှင့် ဧရာဝတီ တိုင်းတွင် နယ်ခြမ် ကျယ်ပြန့်ခြင်း၊ မြို့နယ်ဦးရေများခြင်းတို့ကြောင့် ရုံးခဲ့ နှစ် ခုစီဖွင့်ထားသည်။ ယင်းလုပ်ငန်း အဝဝတို့အတွက် ပါတီ၊ ကောင်စီနှင့် တောင်သူလယ်သမားအစည်းအရုံးတို့က ပါဝင် ဆောင်ရွက်ပေးလေသည်။ မြို့နယ်တခုစီအတွက် အာမခံ အဖွဲ့ငယ်များ ဖွဲ့စည်းသတ်မှတ်၍ ဝန်ထမ်း ၁၂၆ ဦးကို ၁၉၈၀ ပြည့်နှစ် ဖေဖွဲ့ဝရီလမှစ၍ စေလွှတ်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် မတ်လ ၃ ရက်နေ့တွင် မိုးတွင်းနွားစာ အတွက် စုဆောင်းထားသော ကောက်ရိုးပုံပေါ်မှ လိမ့်ကျ သူ လယ်ယာလုပ်သား ကိုထွန်းရွှေသည် လက်ဖျံရိုး ကျိုး၍ ကျောက်တန်းမြို့နယ်၊ မြန်မာ့အာမခံ လုပ်ငန်း ကော်ပိုရေး ရှင်းက ငွေကျပ် ၁၅၀ ကို ထုတ်ပေးခဲ့လေသည်။

ကျိုက်မရောမြို့နယ်တွင် ထိခိုက်သူ ခုနစ်ယောက်၊ သေ ဆုံးသူ ၁၄ ယောက်အတွက် စုစုပေါင်းကျပ်ငွေ ၁၉,၈၅၀ ကို ဩဂုတ်လ ၃၀ ရက်နေ့ တွင် အိမ်တိုင်ရာရောက်ထုတ် ပေးခဲ့လေသည်။

တျူနစ်ဇီးယားသမ္မတနိုင်ငံ။ ။တျူနစ်ဇီးယားနိုင်ငံ သည် အာဖရိကတိုက် မြောက်ပိုင်းတွင် တည်ရှိသည်။ အနောက်ဘက်တွင် အယ်ဂျီးရီးယားနိုင်ငံ၊ အရှေ့ဘက်တွင်



အကျယ်အဝန်း။	။၆၃,၃၂၉ စတုရန်းမိုင်
လူဦးရေ။	။၆,၃၅၀,၀၀၀ (၁၉၈၀)
မြို့တော်။	။တျူနစ်မြို့

လစ်ဗျနိုင်ငံတို့ရှိသည်။ တျူနစ်ဇီးယားနိုင်ငံတွင် နိုင်ငံရေး သြဇာအာဏာ အပြည့်အဝရှိသောပါတီမှာ သမ္မတ ဟော်ဂီဗာ ဦးဆောင်သည့် ပီအက်ဒီ ပါတီဖြစ်သည်။

တျူးနစ်ဇီးယားနိုင်ငံသည် အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံ တခုဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်များက အာရပ်နှင့် အစ္စရေး အငြင်းပွားမှုကို စေ့စပ်ဆွေးနွေး၍ ဖြေရှင်းကြပါရန် တိုက် တွန်းခဲ့သောကြောင့် အဖွဲ့ဝင်နိုင်ငံများ၏ ပြစ်တင်ရှုတ်ချ ခြင်း ခံခဲ့ရသည်။

သမ္မတ ဘော်ဂိုဗာသည် ၁၉၇၈ ခုနှစ် ဇန်ဝါရီလ အတွင်းက ဖြစ်ပွားခဲ့သော ဆူပူမှုကြောင့် အကျဉ်းကျ ခံနေရသော လူပေါင်း ၂၆၃ ယောက်ကို လွှတ်ပစ်ရန် ၁၉၇၉ ခုနှစ် မေလ ၂၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ သည်။ ထို့ပြင် ယင်းဆူပူမှုတွင် ပါဝင်သော ကုန်သွယ်မှု သမဂ္ဂခေါင်းဆောင် ဟာဗစ် အက်ဟာအား ထောင်ဒဏ် ၁၀ နှစ် အပြစ်ဒဏ်မှ လွှတ်ခဲ့သည်။ အခြား နိုင်ငံရေး ခေါင်းဆောင် ရှစ်ဦးကိုလည်း အလားတူ လွှတ်ခဲ့သည်။

ထိုနှစ် နိုဝင်ဘာလ ၄ ရက်တွင် ပါလီမန်ရွေးကောက်ပွဲ ကို ကျင်းပခဲ့သော်လည်း အဓိက အတိုက်အခံ ပါတီများက သပိတ်မှောက်ခဲ့ကြသည်။ လက်ရှိ အာဏာရပါတီ ပီအက်ဒီ က ပါလီမန်ရွေးကောက်ပွဲတွင် အမတ် ၁၂၁ နေရာ ရွေး ကောက်တင်မြှောက်ခံရသည်။

၁၉၈၀ ပြည့်နှစ် ဇန်ဝါရီလ ၂၇ ရက်နေ့က တျူးနစ် ဇီးယားလူမျိုး ၅၀ ခန့်သည် အယ်ဂျီးရီးယားနိုင်ငံ နယ် စပ်ကိုဖြတ်၍ တျူးနစ်ဇီးယားနိုင်ငံ ဂက်ဆာမြို့ရှိစစ်တပ်နှင့် ရဲတန်းလျားများကို ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ ယင်း သူပုန်များသည် တျူးနစ်ဇီးယားနိုင်ငံ လက်ရှိ အစိုးရကို ဆန့်ကျင် ခြားနား ကြခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံက ဂက်ဆာမြို့သို့ တပ်များ ပို့ဆောင်နိုင်ရန်အတွက် သယ်ယူ ပို့ဆောင်ရေး စစ်လေယာဉ်များ ပေးပို့ခဲ့သည်။ ထို့ပြင် တျူးနစ်ဇီးယား ကမ်းခြေတလျှောက် ကင်းလှည့်နိုင်ရန် ရေတပ် တပ်ဖွဲ့တခုကိုလည်း ပို့လွှတ်ခဲ့သည်။ ဂက်ဆာမြို့ အရေးကိစ္စကြောင့် တျူးနစ်ဇီးယား အစိုးရသည် လစ်ဗျ နိုင်ငံ၊ ထရီပိုလီရှိ တျူးနစ်ဇီးယား သံအမတ်ကြီးကိုပြန်ခေါ် ခဲ့ပြီး တျူးနစ်မြို့ရှိ လစ်ဗျသံအမတ်ကြီးကို နှင်ထုတ်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်၊ ဖေဖွဝါရီလ ၂၇ ရက်နေ့တွင် ဂက်ဆာမြို့ တိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်၍ အထူး ဆွေးနွေးကြရန် အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ ခြားရေးဝန်ကြီးများ ပါဝင်သော အထူး အစည်းအဝေး တရပ် ကျင်းပခဲ့သည်။ ယင်း အစည်းအဝေး၌ လစ်ဗျ နိုင်ငံကကျူးကျော်ကြောင်း တျူးနစ်ဇီးယားနိုင်ငံ၏ စွပ်စွဲ ချက်ကို ထောက်ခံဆုံးဖြတ်ရန် မအောင်မြင်ခဲ့ကြချေ။

ထိုနှစ် မတ်လ ၁ ရက်နေ့တွင် သမ္မတ ဘော်ဂိုဗာသည် ပညာရေးဝန်ကြီး မိုဟာမက်မဇလီအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ဝန်ကြီးချုပ်မဇလီ ဦးဆောင်သော ဝန်ကြီး အဖွဲ့သစ်ကိုလည်း ဧပြီလ ၂၄ ရက်နေ့တွင် ခန့်အပ်ခဲ့သည်။

ဇန်ဝါရီလအတွင်း၌ ဂက်ဆာမြို့တွင် ဖြစ်ပွားသော ဆန့်ကျင်ပုန်ကန်မှုနှင့် ပါဝင်ပတ်သက်သူများအား နိုင်ငံ တော် လုံခြုံရေးဆိုင်ရာ တရားရုံးရှေ့မှောက်တွင် နှစ်ပတ် ကြာစစ်ဆေးပြီးနောက်အပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။

သမ္မတ ဘော်ဂိုဗာသည် မိမိအုပ်စိုးမှုကို ဆန့်ကျင်နေ သောပြည်တွင်းအတိုက်အခံများ မိမိဘက် ပါစေခြင်းငှာ မတ်လ ၂၀ ရက်နေ့တွင် ကျင်းပသော ၂၄ ကြိမ်မြောက် လွှတ်လပ်ရေးနေ့တွင် ယူဂျီတီတီ ပါတီမှ ခေါင်းဆောင် ရှစ်ဦးကို လွှတ်ပေးခဲ့သည်။ ယင်း ခေါင်းဆောင်ရှစ်ဦးသည် ၁၉၇၈ ခုနှစ် ဇန်ဝါရီလကဖြစ်ပွားခဲ့သော နိုင်ငံရေးဆူပူမှု များတွင် ပါဝင်ခဲ့ကြသောခေါင်းဆောင်များဖြစ်လေသည်။

ထားကြီး၊သခင် (ခရစ် ၁၉၀၀–၁၉၇၀)။ ။ရေနံမြေ သခင်ထားကြီး ခေါ် ဦးထားကြီးကို အထက် မြန်မာနိုင်ငံ မန္တလေးတိုင်း တောင်သာမြို့တွင် အဘဦးတု၊ အမိဒေါ် ခင်ပိုတို့မှ ခရစ် ၁၉၀၀ ပြည့်နှစ်တွင် မွေးဖွားသည်။ ငယ်စဉ်က မိတ္ထီလာမြို့ရှိ သတ္တမ ဥပုသ်တော်အသင်း ဟု ခေါ် သည့် သာသနာပြုကျောင်းတွင် ပညာသင်ကြား ခဲ့သည်။ အသက် ၂၀ နှစ်ရွယ်တွင် ရေနံချောင်းမြို့ရှိ ဘီအိုစီ ရုံးချုပ် ငွေစာရင်းဌာနတွင် စာရေး ဝန်ထမ်း အဖြစ် အမှုထမ်းသည်။ မျိုးချစ်စိတ်ဓာတ် ထက်သန်သူ ဖြစ်သည်။ သခင်ဖိုးလှကြီးနှင့် တွဲဖက်၍ နိုင်ငံရေးလုပ် ခဲ့သည်။



ရေနံမြေ သခင်ထားကြီး

၁၉၃၇ ခုနှစ်တွင် ရေနံမြေရှိအလုပ်သမား အစည်း အရုံးကို ဗြောင်ကျကျ စည်းရုံးပေးခဲ့သည်။ သခင်အမည်

ကို ခံယူပြီးနောက် ချောက်ရေနံမြေရှိ သခင်အုံးမောင်ကြီး၊ သခင်ဗဗ၊ သခင်သင်၊ သခင်ဗတင် စသော သခင် လေးဦးနှင့် လျှို့ဝှက်ဆက်သွယ် စည်းရုံးလှုပ်ရှားခဲ့သည်။ သခင်ထားကြီးသည် သခင်ဖေသန်း၊ သခင်ဖိုးလှကြီးတို့နှင့်အတူ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ သခင်တုတ်ကြီး၊ သခင်တုတ်ကလေး၊ သခင်ညကျော်၊ သခင်ပု၊ သခင်လွင်၊ သခင်ခင် စသည်တို့နှင့် တွဲဖက်၍ အလုပ်သမားများကို စည်းရုံးခဲ့သည်။

သခင်ထားကြီးသည် ၁၉၃၇ ခုနှစ် ချောက်မြို့ စာရေးသပိတ်တွင် အလုပ်အမှုဆောင် တဦးဖြစ်သည်။ သခင်ထားကြီးသည် ရေနံမြေသပိတ်ကြီး ရန်ကုန်မြို့သို့ ချီတက်စဉ် စည်းရုံးရေးနှင့် လှုံဆော်ရေးတာဝန်များကို ယူခဲ့ရသည်။ ရေနံမြေမှ အင်းစိန်သို့အရောက်တွင် ကိုလိုနီအစိုးရနှင့်မနှင့်ကြီးတို့၏ ဖိနှိပ်ချုပ်ချယ်ပုံများကို နိုင်ငံရေး ခေါင်းဆောင်များ နှင့်အတူတရားဟောပြောခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အပြီးတွင် ဗိုလ်လက်ျာ၏ သစ်စက်တွင် မန်နေဂျာအဖြစ် လည်းကောင်း၊ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ကူးသန်းရောင်းဝယ်မှု တိုးတက်ဖွံ့ဖြိုးရေး ကော်ပိုရေးရှင်းတွင် ဖက်စပ် စစ်ဆေးရေး အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထိုနောက်တော် လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ကမာရွတ်နယ်မြေ ပြည်သူ့ဆိုင် တာဝန်ခံအဖြစ်ဆောင်ရွက်ပြီး အငြိမ်းစားယူခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် သခင်ထားကြီးအား ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက နိုင်ငံဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် အပ်နှင်းခဲ့သည်။

သခင်ထားကြီးသည် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ဒေါ်ညိုနှင့်သားသမီးငါးယောက်ကျန်ရစ်သည်။

ထိုင်းနိုင်ငံ။ ။ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ် ကရိယန်ဆတ်ချမာနန် ဦးဆောင်သော အစိုးရအဖွဲ့သစ်၏ပွဲစည်းပုံအနေအထားအပေါ်တွင် နိုင်ငံရေးပါတီကြီးများမှ ပဂ္ဂိုလ်များ မပါဝင်မှုကြောင့် အတိုက်အခံပါတီအချို့က မကျေမနပ် ဖြစ်လာခဲ့ကြသည်။ ဝန်ကြီးချုပ်သည် ပါလီမန်နှင့် တိုင်ပင်ခြင်း မပြုသည့်အတွက် အောက်လွှတ်တော်တွင် အများစုက မကျေမနပ် ဖြစ်ခဲ့ကြသည်။ ဝန်ကြီးချုပ် ကရိယန်ဆတ်ချမာနန်၏ဗိယက်နမ်နိုင်ငံနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးမူဝါဒများအပေါ်တွင် လက်ယာပါတီများကကန့်ကွက်ခဲ့ကြသည်။ အလားတူပင် ဝန်ကြီးချုပ်၏ အင်ဒိုချိုင်းနား ဒုက္ခသည်



များဆိုင်ရာ မူဝါဒအပေါ်တွင် အတိုက်အခံပါတီများနှင့် စစ်ဘက်ဆိုင်ရာ ပဂ္ဂိုလ်တို့ကပါ မကျေမနပ် ဖြစ်လာခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ် ဇန်ဝါရီလတွင် ပဏာကွန်ထိုင်းပါတီ ဦးဆောင်သော အလုပ်သမားသပိတ်များ ပေါ်ပေါက်ခဲ့သည်။ သပိတ်မှောက် အလုပ်သမားများအား အလုပ်မှရပ်စဲပြီး လုပ်ငန်းများကို အစိုးရက ပိတ်ပစ်ခဲ့သည်။ ထိုအရေးအခင်းကြောင့် ဝန်ကြီးချုပ် ကရိယန်ဆတ်၏ အနောက်ဂျာမနီသို့ သွားရောက်ရေးခရီးစဉ်ကို ဖျက်လိုက်ရလေသည်။

ရေနံနှင့် ရေနံထွက်ပစ္စည်းများ၏ ဈေးနှုန်းများကို ၂၄ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်လိုက်ကြောင်း ထိုင်းအစိုးရက ၁၉၈၀ ပြည့်နှစ် ဖေဖွဝါရီလ ၉ ရက်နေ့တွင် ကြေငြာသည်။ ရေနံဈေးနှုန်း မြှင့်တင်မှုကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များက ကန့်ကွက်ခဲ့ကြပြီး အစိုးရအိမ်တော်သို့ ချီတက်ဆန္ဒပြခဲ့ကြသည်။

ရေနံဈေးနှုန်း ဂယက်ရိုက်ခတ်မှုကြောင့် ဝန်ကြီးချုပ် ကရိယန်ဆတ်ချမာနန်၏ အစိုးရအဖွဲ့အတွင်း ဝန်ကြီးအပြောင်းအလဲများ ပြုလုပ်ခဲ့ရသည်။ အသစ်ဖွဲ့စည်းလိုက်သော အဖွဲ့ဝင် ၃၈ ဦးပါဝင်သည့် အစိုးရအဖွဲ့တွင် ကရိယန်ဆတ်ချမာနန်က ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေးဝန်ကြီးဌာနကို ပူးတွဲထမ်းဆောင်ပြီး၊ ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်ချုပ်ကြီး ပရမ်တင်ဆူလာနန္ဒန်ဒါအား ခန့်ထားခဲ့သည်။

အကျယ်အဝန်း။	။	၁၉၈,၄၅၅ စတုရန်းမိုင်
လူဦးရေ။	။	၄၇,၁၆၀,၀၀၀ (၁၉၈၀)
မြို့တော်။	။	ဗန်ကောက်မြို့

ဤတတိယအကြိမ်မြောက် ပြုပြင်ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့သစ်သည် ၁၉၇၀ ပြည့်နှစ် ဖေဖွဲ့ဝရီလ ၁၉ ရက်နေ့တွင် ထိုင်းဘုရင်ရွေးမှောက်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အစိုးရအဖွဲ့ပြုပြင်ဖွဲ့စည်းပြီး သုံးရက်အကြာ ဖေဖွဲ့ဝရီလ ၁၄ ရက်နေ့တွင် အတိုက်အခံ ဒီမိုကရက်တစ် ပါတီသည် ပါလီမန်တွင် အစိုးရအပေါ် အယုံအကြည်မရှိအဆိုကို တင်သွင်းမည်ဖြစ်ကြောင်း တရားဝင်ကြေငြာခဲ့သည်။ ထိုနေ့တွင်ပင် အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်ရုံး တဲ့ဖက်ဝန်ကြီးနှင့် ဒုတိယစိုက်ပျိုးရေးဝန်ကြီးတို့က နုတ်ထွက်ခွင့် တောင်းခံခဲ့ကြသည်။

ဖေဖွဲ့ဝရီလ ၂ ရက်နေ့တွင် အတိုက်အခံ ပါတီငါးခုတို့က အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး မူဝါဒများအပေါ် ဝေဖန်ဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌထံ တင်သွင်းခဲ့ကြသည်။ ထို့ကြောင့် ဝန်ကြီးချုပ်သည် လွှတ်တော်မစမီ တရက်အလိုတွင် အထက်လွှတ်တော် အမတ်များ အစည်းအဝေးကို ခေါ်ယူခဲ့ရာ အမတ် ၂၂၅ ဦးအနက် ၁၂၀ ဦးသာ တက်ရောက်ခဲ့သည်။

မတက်ရောက်သူများတွင် တပ်မှူးများနှင့် ဗိုလ်ချုပ်ကြီး ပရမ်တင်ဆူလာနွန်ဒါအား ထောက်ခံသူများ ပါဝင်ခဲ့သည်။ ထိုအခြေအနေများကြောင့် ဝန်ကြီးချုပ်သည် ဗိုလ်ချုပ်ကြီး ပရမ်နှင့်အတူ ဇင်းမယ်နွေရာသီနန်းတော်တွင် စံနေသော ထိုင်းဘုရင်ထံ သွားရောက်၍ မိမိအစိုးရအဖွဲ့ နုတ်ထွက်မည် ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ပရမ်အား ဝန်ကြီးချုပ်တာဝန် ပေးရန် ထောက်ခံကြောင်း တင်ပြခဲ့လေသည်။

ဖေဖွဲ့ဝရီလ ၂၉ ရက်နေ့ လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေးကျင်းပသောအခါ ဝန်ကြီးချုပ် ကရီယန်ဆတ်က မိမိတို့အစိုးရအဖွဲ့ နုတ်ထွက်ကြောင်း ကြေငြာခဲ့သည်။ ထိုသို့ဖြင့် ၂၇ လကြာ အာဏာရရှိခဲ့သော ဝန်ကြီးချုပ် ကရီယန်ဆတ် အစိုးရသက်တမ်း ကုန်ဆုံးသွားခဲ့သည်။

၁၉၇၀ ပြည့်နှစ် မတ်လ ၃ ရက်နေ့တွင် ကျင်းပသော ထိုင်း ပါလီမန်တွင် ဝန်ကြီးချုပ်သစ်ကိုမဲပေး ရွေးချယ်ခဲ့ရာ မဲပေါင်း ၃၉၉ မဲရရှိခဲ့သော ဗိုလ်ချုပ်ကြီး ပရမ်တင်ဆူလာနွန် ဒါ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ထို့နေ့ ညတွင်ပင် ထိုင်းဘုရင်က ဗိုလ်ချုပ်ကြီးပရမ်အား ဝန်ကြီးချုပ်ခန့်အပ်လှာပေး အပ်ပြီးနောက် ၁၅ ရက်အတွင်း အစိုးရ အဖွဲ့ ဖွဲ့စည်းရန် ညွှန်ကြားခဲ့သည်။ ဝန်ကြီးချုပ်ပရမ်သည် မတ်လ ၁၂ ရက်တွင် နိုင်ငံရေး ပါတီ ငါးခုမှ အမတ်များ၊ စစ်ဘက် ဆိုင်ရာ ပုဂ္ဂိုလ်များနှင့်ပညာရှင်များ ပါဝင်သော အဖွဲ့ဖြင့်အစိုးရအဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ ယင်းအစိုးရအဖွဲ့တွင် ဗိုလ်ချုပ်ကြီးပရမ်က ဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးရာထူးကို ပူးတွဲတာဝန်ယူသည်။

ထိုင်းနိုင်ငံ၊နိုင်ငံခြားရေးဝန်ကြီး လေတပ် ဗိုလ်ချုပ်ကြီး ဆစ်ဒီဆာဝက်ဆီလာသည် ရန်ကုန် မြို့သို့ ၁၉၇၀ ပြည့်နှစ် ဇွန်လ ၁၇ ရက်နေ့တွင် ချစ်ကြည်ရေး အလည်အပတ်ရောက်ရှိလာသည်။ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးနှင့် အဖွဲ့သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံ တော်သမ္မတကြီး ဦးနေဝင်းနှင့် လည်းကောင်း ၊ ဝန်ကြီး ချုပ် ဦးမောင်မောင်ခန့်တို့ လည်းကောင်း နိုင်ငံခြားရေး ဝန်ကြီး ဦးလေးမောင်၊ဒုတိယ ဝန်ကြီး ဦးတင်အုန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်တွေ့ဆုံကာ နှစ်နိုင်ငံ အကျိုးတူ ကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးပြီး ဇွန်လ ၁၉ ရက်နေ့ တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာ သွားကြသည်။



ထိုင်းနယ်စပ်တွင် တပ်စွဲထားသော ထိုင်းတပ်မတော်ကို သွားရောက်စစ်ဆေးနေသော ဗိုလ်ချုပ်ကြီး ပရမ်တင်

ထိုင်းဝန်ကြီးချုပ် ပရမ်က ၎င်း၏ အစိုးရသည် အာဏာရခဲ့သောခြောက်လအတွင်း၌ ထိုင်းနိုင်ငံတွင်း ကွန်မြူနစ်တို့စိုးမိုးသောနယ်မြေပမာဏကိုလျော့ချနိုင်ခဲ့ကြောင်းကို လည်းအသံလွှင့်ကြေငြာခဲ့သည်။

အရှေ့တောင် အာရှ နိုင်ငံ များး အဖွဲ့(အေ ဆီ ယင်) ၏ သိပ္ပံနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအဆင့် ဆွေးနွေးပွဲကို ပထမဆုံး အကြိမ်အဖြစ် ထိုင်းနိုင်ငံ ပတ်တယာမြို့တွင် အောက်တိုဘာလ ၂၇ရက်နေ့တွင် စတင်ကျင်းပသည်။ နှစ်ရက်ကြာ ကျင်းပမည့် ဤညီလာခံ တွင် လောင်စာစွမ်းအင်သစ်များရှာဖွေ ရေးအတွက် ဖက်စပ် လုပ်ငန်းများလုပ်ကိုင်ရန် အထူးအသားပေးဆွေးနွေးခဲ့လေသည်။

ထိုင်းနိုင်ငံတွင် လောင်စာဆီ ခြိုးခြံချွေတာရေး ပြုလုပ်ရန် ပြင်းထန်သော စည်းကမ်း ချက် အသစ် တရပ်ကို ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ချမှတ်ခဲ့ရာမြို့ကြီးများတွင် ည ၉ နာရီကျော်လျှင် လမ်းမီးများမှအပ လျှပ်စစ် မီးများရရှိနိုင်တော့မည် မဟုတ်ပေ။ တနိုင်ငံလုံးရှိ ဓာတ်ဆီဆိုင်များကို တနင်္ဂနွေနေ့များ၌ ပိတ်ထားမည်ဖြစ်သည်။ သီတင်းပတ်အတွင်း ဓာတ်ဆီဆိုင်ဖွင့်ချိန်များကိုလည်း ကန့်သတ်ခဲ့လေသည်။



ရိုးရိုးဆား၏ ပုံဆောင်ခဲ တခု၊ ဆိုဒီယမ်ဆား



ရိုးရိုးဆား အတွင်း ပါရှိသော ဆိုဒီယမ်အက်တမ် (အသေး) နှင့် ကလိုရင်း အက်တမ်



၁၉၁၄ ခုနှစ်တွင် ရူပဗေဒ နိုဗယ်ဆုရရှိခဲ့သော အိပ်စ ရောင်ခြည် လှိုင်းကွေ့ ပညာ၏ ဖခင်ကြီး ဆာ လောရင့်ဗရက်

ဒီအင်အော။ ။ဒီအင်အောခေါ် ဒီအောက်စီရိုင်ဗို နယူကလစ်အက်စစ်သည် ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းအထိပင် သိပ္ပံလောကတွင်သာမက ဆေးဝါးထုတ်လုပ်သည့် စက်ရုံများနှင့် မျိုးဗီဇအင်ဂျင်နီယာ အပိုင်းတွင်ပါ အငြင်းပွားနေဆဲ သုတေသန နယ်ပယ်ဖြစ်နေသည်။ စီးပွားရေးနှင့် သုတေသနနယ်ပယ် နှစ်ရပ်စလုံးမှ စိတ်ဝင်စားသော ဒီအင်အေအေအကြောင်းကို တင်ပြရန် သိပ္ပံဘာသာရပ် တခုတည်း ရှုထောင့်ဖြင့် မလုံလောက်ပေ။ ဒီအင်အော သုတေသန စတင်ပြုလုပ်သူများတွင် ရူပဗေဒ ပညာရှင်များ၊ ဓာတုဗေဒ ပညာရှင်များ၊ ဇီဝဗေဒ ပညာရှင်များနှင့် သခ်ၤာပညာရှင်များပင် ပါဝင်ခဲ့သည်။ ဒီအင်အေမှာ မျိုးဗီဇသင်္ကေတဝှက်နှင့် စပ်ဆိုင်သော မော်လီကျူးဖြစ်သည်။ မျိုးရိုးကိစ္စ၊ ရုပ်သွင်ဖန်တီးမှုကိစ္စ၊ ဆင့်ကဲပြောင်းလဲမှုကိစ္စတို့နှင့် ဆက်စပ်နေသော ဒီအင်အော မော်လီကျူးသည် ဇီဝအဖွဲ့အစည်း တခုအတွင်းသို့ အခြား မျိုးဗီဇများ ထည့်သွင်းခြင်း၊ ဗက်တီးရီးယားများဖြင့် လူ၏ အင်စူလင်နှင့်



ဆိုဒီယမ်







အက်တမ် ○ အီလက်ထရွန် (အမ) အက်တမ်ဝတ်ဆံ ◎ ပရိုတွန် (အပို)

အမှုန် ● အက်တမ်ဝတ်ဆံ ● နယူထရွန် ◎ နယူထရွန်

○ ပရိုတွန် (အဖို)









အခြား ဟိုမုန်းများ ထုတ်လုပ်ခိုင်းခြင်း စသည်ဖြစ်ရပ်များတွင်လည်း အဓိက ဇာတ်ဆောင်ပင် ဖြစ်ပေသည်။

မျိုးဗီဇ အင်ဂျင်နီယာနည်းစနစ်ကိုသုံး၍ ဗက်တီရိုးယားပိုးများကို ထိုးဆေး၊ ထိုးဆေးတွင် အသုံးပြုသော ဗိုင်းရပ်များ ထုတ်လုပ်ရာ၌ အသုံးပြုနိုင်လိမ့်မည်ဟု ၁၉၇၀ ပြည့်နှစ်လောက်တွင် တိုးတက်လာသော သုတေသနပြု ဆောင်ချက်များတွင် အခြေခံပြီး ဟောကိန်းထုတ်ကြသည်။ ကင်ဆာရောဂါမှစ၍ အအေးမိ နှာစေးခြင်းများအထိ ထိရောက်စွာ ကုသပေးနိုင် လိမ့်မည်ဟူ၍လည်း မျှော်လင့်ကြသည်။ မျိုးဗီဇပြုပြင်ထားသော ဗက်တီရိုးယားများကိုသုံးပြီး ပင်လယ်ရေမျက်နှာပြင်ပေါ် ရှိ ညစ်ညမ်းစေသော ဆီများကို

ရစ်ချတ်၏ နှစ်မျှင်လိမ် ဒီအင်အေမော်လီကျူး၏ပုံ၊ ဒီအင်အေနှစ်မျိုး အနက် ၁၉၇၀ ပြည့်နှစ်တွင် ထွက်ပေါ်လာသော ဒီအင်အေမှာ ဗယ်လိမ် အမျိုးအစားဖြစ်သည် (ဝဲဘက်ပုံ)၊ ခရစ်နှင့် ဝပ်ဆင်တို့၏ ၁၉၅၃ ခုနှစ်မှ စတင် တွေ့ရှိခဲ့သော သမိုင်းဝင် ဒီအင်အေ၊ ပုံမှာ 'ယာလိမ်' အမျိုးအစားဖြစ်သည် (ယာပုံ) ဒီအင်အေမော်လီကျူးကို အပေါ်မှဆီး၍ ရှုမှတ်လျှင် ကြောင်လိမ်လှေကားကို အပေါ်မှ စီး၍ ကြည့်သည့်အလား မြင်ရဖွယ်ရှိ၏။ ယင်းကဲ့သို့ မော်လီကျူးတည်ဖွဲ့ပုံများကို ရှုပဇေဝပညာရှင် ဗရက် တီထွင်ခဲ့သည့် အိပ်စရောင်ခြည် လိုင်းကွေနည်းဖြင့် လေ့လာကြရ၏။



ရိုးရိုးဆား (အထက်ပုံ) နှင့် ပိုတက်ဆီယမ်ဆားတို့၏
အိပ်စရောင်ခြည်လိုင်းကွေအဆင်

ဖယ်ရှားပေးနိုင်မည်၊ မြေလွှာအတွင်းမှ သယ်ဇာတ ပစ္စည်းများ ဖော်ထုတ် ပေးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ကြသည်။ ဇေ ကလာပ်စည်းများမှ ပရိုတင်းများ၊ ထုတ်လုပ်၍ ကမ္ဘာ့စားနပ်ရိက္ခာ ပြဿနာကိုလည်း တနည်းတလမ်း ဖြေရှင်းပေးနိုင်လိမ့်မည် ဟူ၍လည်းကောင်း၊ ပြောင်းဆံများမှ အရက်ထုတ်နှုန်း တိုးတက်စေရန် မျိုးဗီဇ အင်ဂျင်နီယာနည်းစနစ် အသုံးပြုနိုင်မည် ဟူ၍လည်းကောင်း မျှော်မှန်းကြသည်။ လူသုံး ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ အစား အသောက် ကုန်ပစ္စည်း စသည်တို့ကို ထုတ်လုပ်ရာ၌ မော်လီကျူး ဇီဝဗေဒနည်းများ အသုံးပြုရန် တာစူနေကြပြီ ဖြစ်သည်။ ဒီအင်အေ ပေါင်းစပ်ခြင်းနည်းဖြင့် လူ၏ အင်တာဖီရွန် ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်သည်မှာ ၁၉၇၀ ပြည့် နှစ်စလောက်မှ ဖြစ်လေသည်။

ဒီအင်အေသည် ပုံဆောင်ခဲတခုအဖြစ် လေ့လာနိုင်သော အဖွဲ့အစည်း တခုဖြစ်သည်။ ယင်းပုံဆောင်ခဲကို အဓိကအားဖြင့် အိပ်စ် ရောင်ခြည်လိုင်း ကွေခြင်းဖြင့် လေ့လာခဲ့သည်။ ယင်းရလာဒ်မှ မော်လီကျူးပုံစံများ ဆောက်လုပ်၍ လည်းကောင်း၊ ရူပဗေဒသုံး သခ်ၤာဖြင့် လည်းကောင်း လေ့လာခဲ့ကြသည်။

ပုံဆောင်ခဲဖွဲ့စည်းပုံ

၁၉၁၂ မှစ၍ ပေါ်ထွက်လာသော အိပ်စ် ရောင်ခြည်လိုင်းကွေခြင်းစနစ်ဖြင့် ဆား၊ ဥဿဖယား၊ စိန် အစရှိသည် ပုံဆောင်ခဲများအတွင်းရှိ အက်တမ်များ အနေအထားကို လေ့လာ သိရှိခဲ့သည်။ ဆားယူနစ်ဆဲတွင် အိုင်ယွန်းပြုထားသော မျိုးတူ အက်တမ်လေးလုံးစီ ပါရှိသည်။ စိန်ပုံဆောင်ခဲအတွင်း၌ ကာဗွန်အက်တမ် ရှစ်လုံးမျှ ပါသည်။ ယူနစ်ဆဲ ဆိုသည်မှာ ပုံဆောင်ခဲအတွက် အငယ်ဆုံးနှင့် အခြေခံအကျဆုံး အဖွဲ့အစည်းဖြစ်သည်။ ယူနစ်ဆဲပေါင်း ကုဋေမကကို စနစ်တကျ ထပ်ထားခြင်း၊ စီထားခြင်းဖြင့် ပုံဆောင်ခဲကိုရနိုင်သည်။ အိပ်စ် ရောင်ခြည်လိုင်း ထပ်သော အခါ တောက်ပသော အစင်းများ သို့မဟုတ် မှုန်သော အစင်းများ ရနိုင်သည်။ ယင်းအဆင်မှ အက်တမ်များ၏ ဖြန့်ဖြူးမှုကို သိရှိနိုင်သည်။ ထို့မှတဆင့် ပုံဆောင်ခဲ၏ဖွဲ့စည်းပုံကို သိရှိနိုင်၏။ (အိပ်စ် ရောင်ခြည်လိုင်းကွေအဆင်များတွင် တောက်ပစင်းနှင့် အမှောင်စင်းများကိုတွေ့ရှိနိုင်သည်။ လိုင်းများ ထပ်သည့်အခါ လိုင်း၏ လဲ့ခွင်သည် ပို၍မြင့်မား (နိမ့်ကျ) စေနိုင်သကဲ့သို့ အိပ်စ် ရောင်ခြည်လိုင်းထပ်ခြင်းဖြင့် တောက်ပစင်းများ (အမှောင်စင်းများ) ဖြစ်ပေါ်စေသည်။ ယင်းနည်းဖြင့် လေ့လာမှုဖြင့် ဆားနှင့် စိန်တို့၏ အတွင်းဖွဲ့စည်းပုံကို အက်တမ်အဆင့်၌ တွေ့မြင်နိုင်သည်။)

ဆားပုံဆောင်ခဲ၏ ယူနစ်ဆဲအတွင်း၌ ဆိုဒီယမ်နှင့် ကလိုရင်းအက်တမ်ပေါင်း လေးလုံးစီရှိကြသည်။ ယင်းတို့မှာ လျှပ်စစ်ဆောင်အက်တမ်များ ဖြစ်ကြ၍ အဖိုအိုင်ယွန်းနှင့် အမအိုင်ယွန်းများဟု ခေါ်ကြ၏။ လျှပ်စစ်ဖိုနှင့် လျှပ်စစ်ဆောင်အိုင်ယွန်း နှစ်ခုကြား ဆွဲအားတခု ဖြစ်ပေါ်လာပြီး ဆိုဒီယမ်အိုင်ယွန်းနှင့် ကလိုရင်းအိုင်ယွန်းတို့ကို စည်းနှောင်ထားလေသည်။

အက်တမ်ပုံစံ

ပုံမှန် အက်တမ် တခုတွင် လျှပ်စစ်မှာ ခြုံ၍ကြည့် လျှင် လျှပ်စစ်မဲ့သည်။ ဆိုဒီယမ်အက်တမ်တွင် အီလက်ထရွန်ပေါင်း ၁၁ လုံးပါပြီး ပရိုတွန်ပေါင်း ၁၁ လုံးပါသည်။ အီလက်ထရွန်မှာ ပရိုတွန်ထက် ပေါ့ပါးသော အမလျှပ်စစ်ဆောင်အမှုန်ဖြစ်သည်။ ပရိုတွန်မှာ အီလက်ထရွန်ထက် အဆပေါင်း ၂၀၀၀ နည်းပါး လေးသော လျှပ်စစ်အပို ဆောင်မှုန်ဖြစ်သည်။ အက်တမ်၏ ဝတ်ဆံဟုခေါ်သော နျူးကလီးယပ်ထဲတွင် ပရိုတွန်နှင့် ဩဇာထုအနည်းငယ်မျှသာ ကြီးသော လျှပ်စစ်မဲ့ နယူထရွန်အမှုန်လည်း ရှိတတ်သည်။ ဆိုဒီယမ်အက်တမ် ဝတ်ဆံအတွင်း၌ ပရိုတွန် ၁၁ လုံးနှင့် နယူထရွန် ၁၂ လုံးရှိပြီး အီလက်ထရွန် ၁၁ လုံးမှာ နေ (အက်တမ်ဝတ်ဆံ) ကို ဂြိုဟ် (အီလက်ထရွန် ၁၁ လုံး) များ လှည့်လည်နေသကဲ့သို့ ရှိသည်။ အီလက်ထရွန် ၁၁ လုံးရှိသော အက်တမ်တွင် ၁၀ လုံးသော အီလက်ထရွန်မှာ နေသားတကျရှိလှပြီး ကျန် အီလက်ထရွန်တလုံးမှာ ပြုတ်ထွက်ရန် လွယ်ကူသည်။ ကလိုရင်းတွင် အီလက်ထရွန် ၁၇ လုံးရှိပြီး ၁၈ လုံးဖြစ်ရန် လိုလားနေသည့်သဘော ရှိ၏။ စည်းမျဉ်းတခုကို ဖော်ပြရမည်ဆိုလျှင် အီလက်ထရွန် အရေအတွက်ကို ၂ က' ဖြင့် ဖော်ပြ၍ ရ၏။ က = ကိန်းပြည့်

ဂဏန်းတခုဖြစ်သည် ဆိုဒီယမ်အတွက် က = ၁,၂ ဖြစ်၏။ က = ၁ အခွံတွင် အီလက်ထရွန်နှစ်လုံးရှိပြီး က = ၂ အခွံတွင် အီလက်ထရွန်ရှစ်လုံးရှိမည်။ အခွံ ၂ ခုတွင် ၁၀ လုံးရှိလျှင် ပြည့်သွားမည်။ ထိုကြောင့် ကလိုရင်းသည် ဆိုဒီယမ် အက်တမ်မှ အီလက်ထရွန် တခုကို လက်ခံလိုက်ပြီး အမအိုင်ယွန်ဖြစ်သွားသည်။ ဆိုဒီယမ်မှာ အဖိုအိုင်ယွန် ဖြစ်သွားပြီး စည်းနှောင်အား ဖြစ်ပေါ်စေသည်။

ပရိုတွန်နှင့် နယူထရွန်

ပရိုတွန်နှင့် နယူထရွန်များကို ၁၉၆၀ ပြည့်နှစ်လောက် အထိ အဖွဲ့အစည်းမဲ့ အမှုန် နှစ်ခုဟု ယူဆခဲ့ကြသည်။ သို့ရာတွင် ၁၉၆၀ ပြည့်နှစ် နှောင်းပိုင်းလောက်မှစ၍ ပရိုတွန်နှင့် နယူထရွန်ကို ကွပ်ခ ခေါ် အပိုင်း လျှပ်စစ်ဆောင် အမှုန်များဖြင့် ပြုလုပ်ထားသည်ကို လက်ခံလာကြသည်။ ပရိုတွန်တွင် ပါရှိသော ကွပ်ခ သုံးခုမှာ ယူကွပ်ခ နှစ်ခုနှင့် ဒီကွပ်ခ တခုဖြစ်၏။ ယူကွပ်ခသည် ယူနစ်လျှပ်စစ်၏ သုံးပုံပုံ နှစ်ပုံသာရှိသော အဖိုလျှပ်စစ်ကိုဆောင်ပြီး ဒီကွပ်ခမှာမူ ယူနစ်လျှပ်စစ်၏ သုံးပုံတပုံရှိ အမလျှပ်စစ်ကိုဆောင်၏။ ကွပ်ခများကို အနီ၊ အပြာ၊ အစိမ်း အရောင်သုံးမျိုးနှင့် ယင်းတို့၏ မိတ်ဖက်ရောင်များ ပေးထားသည်။ အရောင် မရှိသော ကွပ်ခ ဟူ၍ မရှိ၊ အရောင်မဲ့ အမှုန်သာ မြင်ရသည်ဟု သီအိုရီ သတ်မှတ်ချက်ရှိ၍ ကွပ်ခများကို ယနေ့တိုင် မမြင်နိုင်ဟု ဆိုကြသည်။ ရိုးရိုးဝေါဟာရအရ ပြောဆိုနေကျ အရောင်ဟူ၍ကား မမှတ်ယူသင့်ပေ၊ သဘောတရား တခုအဖြစ်သာ ယူဆအပ်သည်။

သက်ရှိလော သက်မဲ့လော

အခဲအများစုကို ပုံဆောင်ခဲအဖြစ် သဘာဝတွင် တွေ့ရှိနိုင်သည်။ ပုံဆောင်ခဲသဘာဝကို ရုပ်ဝတ္ထုအများစုက အနည်းနှင့်အများ ပြကြသည်။ တချိန်က သက်ရှိနှင့်သက်မဲ့ ရုပ်ဝတ္ထုများကို ပြတ်ပြတ်သားသား ခွဲခြားနိုင်ခဲ့ကြသည်။ သိပ္ပံပညာ တိုးတက်လာပြီးနောက် ၁၉၃၀ ပြည့်နှစ် နှောင်းပိုင်းလောက်မှပင်စ၍ သက်ရှိနှင့် သက်မဲ့ပစ္စည်းများကို ခွဲခြားရန် ခက်ခဲကြောင်း တွေ့လာရ၏။ ဥပမာ ပုံဆောင်ခဲများ ပွားများလာပုံမှာ သက်ရှိသတ္တဝါများ ပွားများလာသည့် ပုံစံမျိုးဖြစ်နေသည်။ (ဆားပုံဆောင်ခဲမှ ဆားပုံဆောင်ခဲ ထပ်ရရသည့် သဘောဖြစ်၏) ယင်းထက်ပို၍ ထင်းရှားသော ဥပမာကို ဖော်ပြရလျှင် ဗိုင်းရပ်များ၏ ဥပမာပင်ဖြစ်သည်။ ဗိုင်းရပ်များသည် ပုံဆောင်ခဲကဲ့သို့ အချိုးညီမှုရှိပြီး စည်းမှုန်အတွင်း အဖွဲ့အစည်းရှိသည်။ ဗိုင်းရပ်အချို့သည် အလွန်သေးငယ်သော အချောင်းများ



သက်ရှိလော သက်မဲ့လော၊ သို့လော သို့လော ဖြစ်ရသည့် ဗိုင်းရပ်တမျိုး၊ (ဗက်တီးရီးယားကို တိုက်ခိုက်သည့် ဗိုင်းရပ်) အီလက်ထရွန် လှိုင်းကွေ့ခြင်း ပညာဖြင့် ရိုက်ယူထားလော ပုံဖြစ်သည်။ ဗိုင်းရပ်များကို ဖုံးအုပ်ထားသည့် အခွံမှာ ပရိုတင်း မော်လီကျူးဖြစ်ပြီး အတွင်းသားတွင် ဒီအင်အေနှင့် အာအင်အေခေါ် ဒူးကလစ်အက်စစ် နှစ်မျိုးပါရှိသည်။



မိုင်ရိုဂလိုဗင်ပရိုတင်းတမျိုး၏ ပုံဆောင်ခဲများ၏ ပုံဖြစ်သည်။ ရိုးရိုးခဲ့ျမှန်အောက်တွင် မြင်ရသော ပုံဖြစ်သည်။



မိုင်ရိုဂလိုဗင် ပုံဆောင်ခဲကို အိပ်စဆောင်ခြည် လှိုင်းကွေ့နည်းဖြင့် ရိုက်ကူးထားသောပုံ



မိုင်ရိုဂလိုဗင် ပုံဆောင်ခဲဖွဲ့စည်းပုံ



ပူးရေရေးခေါ် သခ်ျာစိစစ်နည်းဖြင့် ပေါင်းထားပြီး
ပေါ်လာသော ပရိုတင်း၏ပုံ



ဒီအင်အော

မော်လီကျူး ရှည်ကြီးကို
အီလက်ထရွန် လှိုင်းကွေခြင်း
သဘောတရားသုံး၍ ဓာတ်ပုံရိုက် ထားပုံ



ဗိုင်းရပ်နှင့် ပရိုတင်း၏အတွင်း ဖွဲ့စည်းပုံကို မော်လီကျူးအဆင့်တွင် စတင်လေ့လာခဲ့သူ အိုင်ယာလန် ပြည်သား ရူပဗေဒ ပညာရှင် ဗာနာလ



မော်လီကျူး ဇီဝဗေဒဟူသော အမည်ကို စတင်မှည့်ခေါ်ပြီး ဒီအင်အောကို အိပ်စရောင်ခြည် လှိုင်းကွေခြင်းဖြင့် ပထမဦးဆုံး ဓာတ်ပုံရိုက် လေ့လာခဲ့သူ ရူပဗေဒပညာရှင် အက်စဗရီ

ထောင်ပေါင်းများစွာကို အလျားလိုက် စီထားသကဲ့သို့ ရှိသည်။ အီလက်ထရွန်အနုစိတ် မှန်ပြောင်းဖြင့် လေ့လာနိုင်သည်။ ဗိုင်းရပ်မှန်တခုစီမှာ ပုံဆောင်ခဲ တခုကဲ့သို့ဖြစ်သည်။ ယင်းတို့ကို ပရိုတင်းများ နျူးကလစ် အက်စစ်များဖြင့် ဖွဲ့စည်းထားသည်ဟု ယူဆနိုင်၏။ ပရိုတင်းများ၏ ပုံစံမှာ အမျိုးမျိုးဖြစ်၏။ ဆီးချိုရောဂါကို သက်သာစေသော အင်စူလင်ပရိုတင်းများမှာ စက်လုံးပုံစံဖြစ်ပြီး သွေးကို အနီရောင်ဖြစ်စေသော ပရိုတင်းမှာလည်း စက်လုံးပုံဆန်ဆန်ဖြစ်၏။ ပရိုတင်း မော်လီကျူးကြီးများကို အေမီနိုအက်စစ် အမျိုး ၂၀ ဖြင့် ဖွဲ့စည်းထားသည်။ မိုင်ရိုကလိုဗင်ပရိုတင်းတွင် အက်တမ်ပေါင်း ၂၅၀၀ ပါရှိပြီး ၁၅၃ ခုရှိသော အေမီနိုအက်စစ်များကို တမျှင်လိမ် (ပေါ်လီပက်ပတိုက်) ချိန်းကြိုးတွင် ကွင်းဆက်များအဖြစ် အသုံးပြုထား၏။ ဟေမိုဂလိုဗင်မှာ မိုင်ရိုကလိုဗင်ထက် လေးဆမျှကြီး၏။ သွေး၏ အနီရောင်မှာ ဟေမိုဂလိုဗင် မော်လီကျူးကြောင့်ပင် ဖြစ်သည်။ ဟေမိုဂလိုဗင်သည် အဆုတ်ထဲမှ အောက်စီဂျင်ကို သယ်ဆောင်ပြီး တစ်ရှူးများအတွင်းသို့ ပို့ဆောင်သည်။ မိုင်ရိုကလိုဗင်သည် ဟေမိုဂလိုဗင် သယ်ဆောင်လာသော အောက်စီဂျင်ကို ဆဲက လိုအပ်လျှင် ပေးနိုင်ရန် သိမ်းဆည်းထားသည်။

အမဲသား၏နီရဲသော အသွေးအရောင်သည် မိုင်ရိုကလိုဗင် ပရိုတင်းကြောင့်ဖြစ်၏။ ဟေမိုဂလိုဗင်တွင် အေမီနိုအက်စစ် ပေါင်း ၅၂၄ ခုရှိပြီး အက်တမ်ပေါင်း တသောင်းပါရှိပြီး ပေါ်လီပက်ပတိုက်လေးမျှင်ကို ခွေထား၏။ သံအက်တမ်ပါသော ဟမ်းအုပ်စု လေးခုပါပြီး အောက်စီဂျင်ကို သံအက်



မော်လီကျူး ဇီဝရူပဗေဒပညာရှင်များ ဝီလကင်၊ စတိုင်းဗက်(ဝတ္ထုရေးဆရာ)၊ အင်ဒရူးပီရူ၊ ခရစ်၊ ဝပ်ဆန်၊ ၁၉၆၂ ခုနှစ် နိုဗဲဆုရရှိကြသည်။

တမ်တွင် တွယ်ထားနိုင်၏။ လစ်စိုင့်းအင်ဇိုင်းတွင် အေမီနို အက်စစ်ပေါင်း ၁၂၉ ပါရှိသည်။ လစ်စိုင့်းကို မျက်စိ၊ နှာခေါင်း၊ ပါးစပ်နှင့် အဆုတ်ထဲတွင် တွေ့ရှိနိုင်သည်။ တံတွေးနှင့် နှာရည်တို့တွင် ပါရှိသည်။ တချို့ အနာများကို တံတွေးဆွတ် လျှာနှင့်လျက်လျှင် ပျောက်ကင်းရခြင်းမှာ လစ်စိုင့်းကြောင့်ဖြစ်သည်။ ဆိုဗီယက်နှင့် အီတလီနိုင်ငံတို့တွင် အရေပြားနှင့် မျက်စိတွင် ဖြစ်တတ်သော ရောဂါများအတွက် လစ်စိုင့်းကို အသုံးပြု၏။ ပရိုတင်းတခု၏ အေမီနိုအက်စစ် အစီအစဉ်ကို နှစ်မျှင်လိမ် ဒီအင်အေတွင် ပါရှိသော ဗေ့လေးခုမှ သုံးစုံတွဲက အဆုံးအဖြတ်ပေးသည်။ ဒီအင်အေမှာ ဗယ်ကွေနှင့် ညာကွေ ကြောင်လိမ်လှေကားမျိုးဖြစ်ပြီး A,T,C,G ခေါ် ဗေ့များက လှေကားထစ်သဖွယ် နှစ်မျှင်လိမ်ကို ဆက်သွယ်ပေးထား၏။ အဒှင်နင်၊ သိုင်မင်၊ စိုက်တိုစင်း၊ ဂွာနင်းတို့တွင် လှေကားထစ်ဖြစ်ပေါ်ရန် A - T နှင့် C - G များသာ တွဲနိုင်၏။ T,C ဗေ့အသေးတခုနှင့် A,G ဗေ့အကြီးတခုတွဲကြသည်။ သကြားနှင့် ဖော်စဖေ့ မော်လီကျူးတို့မှာ လှေကားက လက်တန်း၊ လက်ကိုင်၊ ကျောရိုးများသဖွယ်ဖြစ်၏။ သကြားဖော်စဖေ့နှင့် ဗေ့သုံးခု တွဲထားသည်ကို ချူးကလီယိုတိုက်ဟု ခေါ်သည်။ ဒီအင်အေအပြင် တမျှင်လိမ် အာအင်အေ မော်လီကျူးလည်းရှိသည်။ A, T, C, G ဗေ့များအစား အာအင်အေတွင် A, U, C, G ဗေ့များဖြင့်ပြီးသော ချူးကလီယိုတိုက်ဖြင့် ဖွဲ့စည်းထား၏။

ဗိုင်းရပ်များတွင် ဖော်ပြပါ ချူးကလစ်အက်စစ် နှစ်မျိုးပါရှိ၏။ အပင်ကို ရောဂါဖြစ်စေသည့် ဗိုင်းရပ် ဥပမာ TMV ဗိုင်းရပ်၊ လူများတွင် ရောဂါဖြစ်စေသည် ဗိုင်းရပ်





တံတွေးမှ ဆေးဟု ခေါ်ဆိုရလောက်သော လစ်စိုင့်းအင်ဇိုင်း (ပရိုတင်း) ၏ အိပ်စရောင်ခြည် လှိုင်းကွေဆင်နှင့် မော်လီကျူးအပွဲအစည်း၊ အေမီနိုအက်စစ်ပေါင်း ၁၂၉ လုံး ပါရှိကြောင်း ဖော်ပြထားသော ပုတီးကုံးပုံစံ မော်လီကျူးကြိုး။ ကြိုးမှာ ပေါ်လီပက်ပတိုက်မျှင်ဖြစ်သည်။



ပေါင်းစပ် ဒီအင်အော

အမျိုးမျိုးနှင့် ဗက်တီးရီးယားကို တိုက်ခိုက်သည့် ဗိုင်းရပ်များပင်ရှိ၏။ ဗက်တီးရီးယားကို တိုက်ခိုက်သည့် ဗိုင်းရပ်ကို ဗက်တီရီယိုဖေဂျ်ဟု ခေါ်သည်။ ဒီအင်အေပါရှိသော ဗိုင်းရပ်သည် ဗက်တီးရီးယားကို တိုက်ခိုက်သောအခါ ဗက်တီးရီးယား၏ ဒီအင်အေကို ဖျက်ဆီးပစ်ပြီး ဗိုင်းရပ်၏ အာအင်အေကို ဖော်ထုတ်၍ ဗိုင်းရပ်များကို မွေးထုတ်နိုင်ရန် ဗက်တီရီးယား၏ ပရိုတင်းထုတ်လုပ်မှုကိုပါ ထိန်းချုပ်ထားသည်။ ဗက်တီးရီးယားကို ဗက်တီရီယိုဖေဂျ် တိုက်ခိုက်ပုံမှာ သဘော်တစီးကို ပင်လယ်ဒမြများ တိုက်ခိုက်သိမ်းပိုက် သကဲ့သို့သော ဥပမာ ဖြစ်၏။ နောက်ဆုံး တိုက်ခိုက်သော ဗိုင်းရပ်များကိုသာ မွေးထုတ်ပွားများစေသည်။

ဓမ္မစက္က၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဖျာပုံမြို့ တိုက်သစ်ကျောင်း (မြန်မာ –၁၂၅၉)။ ။ ဆရာတော် ဘဒ္ဒန္တဓမ္မစက္က သည် သက္ကရာဇ် ၁၂၅၉ ခုနှစ် နယုန်လဆန်း ၆ ရက် စနေနေ့တွင် မအူပင်မြို့နယ် မလက်တို ရွာ၌ ခမည်းတော် ဦးအို၊ မယ်တော် ဒေါ်မြရွက် တို့မှ ဖွားမြင်သည်။ သားသမီး ရှစ်ယောက်အနက် ပဉ္စမမြောက် သားရတနာဖြစ်သည်။

အသက် ၁၄ နှစ်သားအရွယ်တွင် မိခင်ကြီး၏ ဟစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။

၁၂၇၀ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက် ကြာသပတေးနေ့တွင် မလက်တိုရွာ ဂူကုန်းကျောင်းတိုက်အတွင်းရှိ ခဏ္ဍာသိမ်တော်ကြီး၌ မော်လမြိုင်မြို့ ရတနာဘုံပျံဆရာတော် ပထမကျော်၊ အဂ္ဂမဟာပဏ္ဍိတ ဦးကေတုမာလာကို ဥပဇ္ဈာယ်ပြုလျက် မယ်တော်ကြီးကိုအမှူးထားကာ ဦးဘိုးဆယ် ဒေါ်မိုတို့၏ ဟစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ငယ်စဉ်အခါက မလက်တိုရွာ မူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၀ နှစ်သားအရွယ်တွင် ဖခင်ကြီး၏ ဘကြီးဖြစ်သော ဂူကုန်းကျောင်းတိုက်ဘိုးတော် ဆရာတော်ဘုရားကြီးထံတွင် စာပေဆက်လက် သင်ကြားခဲ့သည်။ ရှင်သာမဏေပြုပြီးနောက် ပိဋကအခြေခံ သဒ္ဒါ၊ သင်္ဂြိဟ်၊ ဝိနည်းအဆင့်ဆင့် ကျမ်းစာတို့ကို သင်ကြားခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ပရိယတ္တိအရာ၌ ကျော်ကြားလှသည့် မန္တလေး၊ ပခုက္ကူ၊ မြင်းခြံ၊ ညောင်ဦး၊ ပြည်၊ ရန်ကုန် စသော မြို့ကြီးများ၌ ပါဠိတော်၊



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဓမ္မစက္က

အဋ္ဌကထာ၊ ဋီကာ စသော ဂန္ထန္တရ၊ ပရိယတ္တိဓမ္မ၊ ဗဟုသုတ အဝဝတို့ကို ၁၂ ဝါ တိုင်တိုင် သင်ရိုးပေါက်မြောက်သည်အထိ သင်ယူ ခဲ့သည်။ စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခြင်းမပြုပဲ ပိဋကစာပေ သင်ရိုး ပေါက်မြောက်အောင် သာ ရည်ရွယ်သင်ကြားခဲ့ပြီး စာပေကျမ်းဂန်များကို ပြုစုခဲ့သည်။

ဆရာတော်သည် ၁၃ ဝါအရ ၁၂၉၂ ခုနှစ်မှ စတင်ကာ နောင်တော်ကြီးအရင်း ဖြစ်တော်မူသည့် ဖျာပုံမြို့ တိုက် သစ်ကျောင်းဆရာတော် ဦးသီလကွန္ဒနှင့်အတူ သီတင်းသုံး နေထိုင်တော်မူလျက် တပည့် ရဟန်း သာမဏေတို့ကို ပိဋက စာပေများ ပို့ချတော်မူခဲ့သည်။

၁၂၉၆ ခုနှစ်တွင် ဖျာပုံမြို့ မြို့မ ဂိုဏ်းပေါင်းစုံ သံဃာ့အပွဲကြီး၏ သံဃာ့အကျိုးဆောင်အဖြစ် စတင် ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည်။ ၁၃၀၈ ခုနှစ်မှစ၍ အစိုးရ ပါဠိပထမပြန်စာမေးပွဲ စာဖြေဌာန ဖြစ်မြောက်ရေးကို ဆောင်ရွက်တော်မူသည်။ ထိုနောက် စာမေးပွဲဆွမ်းကျွေးအသင်းကို ဖွဲ့စည်းကာ ယင်းအသင်းတွင် နာယက ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ဆဋ္ဌသံဂါယနာတွင် ဝိနယပိဋက ပါစိတ်ပါဠိတော် ပါဠိဝိသောဓက အကျိုးဆောင်အဖြစ်လည်းကောင်း၊ ထေရိဂါထာဘာဏက အဖွဲ့ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။၁၃၁၁ ခုနှစ် မြန်မာနိုင်ငံတော် အစိုးရ၏ ဝိနိစ္ဆယဌာနဥပဒေအရ နိုင်ငံတော် ဝိနိစ္ဆယဌာန နိုင်ငံတော် ဝိနည်း ဓိုရ် ဆရာတော်အဖြစ် သာသနာ့အကျိုး သည်ပိုး ဆောင်ရွက်တော် မူခဲ့သည်။

၁၃၄၂ ခုနှစ် နယုန်လတွင် ကျင်းပပြုလုပ်ခဲ့သည့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်တော်မူရန် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ထို့ပြင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ သာသနာရေးရာ ကိစ္စများကို ဆောင်ရွက်နေသည့် သံဃာ့ဝန်ဆောင် ဆရာတော် ၆၆ ပါး အဖွဲကြီးတွင်လည်း ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်တော်မူခဲ့သည်။

ဤသို့သာသနာတော်၏ အကျိုးကို သည်ပိုး ဆောင်ရွက်တော် မူခဲ့သည့် ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ လောကဗဟုပကာရ၊ လင်္ကာပေသလ၊ သိက္ခာကာမ-ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ဓမ္မစက္ကသည် ၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲတံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူလေသည်။

နမီးဗီးယား။ ။ဒုတိယ ကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးက အနောက်တောင် အာဖရိက နယ်ကို ပြန်အပ်ရန် တောင်းဆိုသော်လည်း တောင်အာဖရိက အစိုးရက ပြန်မပေးပေ။ ထိုစဉ်က ဗြိတိသျှ သြဇာရိပ်ရှိသဖြင့် ထိထိရောက်ရောက် မတောင်းခဲ့ကြပေ။၁၉၆၁ ခုနှစ်တွင် ဒတ်ချ်နွယ်ဖွား အမျှားစုက တောင်အာဖရိက အစိုးရဖြစ်လာသောအခါ ဗြိတိသျှ ဓနသဟာယမှ နုတ်ထွက်လိုက်ကြပြီးနောက် လူမည်းအမျှားစုအပေါ် ၌ စာနာညှာတာမှုမရှိပဲ အုပ်ချုပ်လာကြသည်။



နမီးဗီးယား၌ တောင်အာဖရိက အုပ်ချုပ်ရေးသည် တရားမဝင်သောအုပ်ချုပ်ရေးဟု ၁၉၆၆ ခုနှစ်တွင် ကုလသမဂ္ဂက ဆုံးဖြတ်ခဲ့သည်။ နမီးဗီးယား ပြည်သူတို့ကလည်း လွတ်လပ်ရေးတောင်းဆိုလာကြသည်နှင့် တပြိုင်နက် နှိပ်ကွပ်မှုများပေါ် ထွက်လာသဖြင့် အနောက်တောင်အာဖရိက ပြည်သူ့အဖွဲ့ (ဆွာပို) ၏ လက်နက်ကိုင် တိုက်ခိုက်မှုများ စတင်ဖြစ်ပွားလာခဲ့လေသည်။

အနောက်တောင်အာဖရိကဌာန အုပ်ချုပ်မှုသည် တရားမဝင်ဟု ကမ္ဘာ့ထရားရုံးက ၁၉၇၁ ခုနှစ်တွင် ဆုံးဖြတ်လိုက်သောအခါဆွာပိုအဖွဲ့၏ လက်နက်ကိုင်တိုက်ပွဲသည် ပိုမိုပြင်းထန်လာသည်။

ထိုအတောအတွင်း၌ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဗရိုင်ယန်အာခတ် အဆိုပြုသော အစည်းအဝေးသို့ တက်

အကျယ်အဝန်း။ ။၃၁၇,၂၆၁ စတုရန်းမိုင်
လူဦးရေ။ ။၁,၀၀၀,၀၀၀ (၁၉၇၀)
မြို့တော်။ ။ဝင်းဟုတ်မြို့

ရောက်ရန် ဆွာပိုနှင့်ဒီတီအေတို့က ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလတွင် သဘောတူညီကြသည်။ မစ္စတာအာခတ်၏ အဆိုပြုချက်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် နိုင်ငံငါးခု၏ အကြံပြုချက်ပေါ် ၌ အခြေခံသည်။

ဗြိတိသျှ၊ အမေရိကန်၊ ပြင်သစ်၊ ကနေဒါနှင့်အနောက်ဂျာမနီပါသော ဆက်သွယ်ရေး ကိုယ်စားလှယ် ငါးဦးက ၁၉၇၆ ခုနှစ် ဖေဖြိုလတွင်တင်ပြခဲ့သော အဆိုဖြစ်သည်။ ကုလသမဂ္ဂတပ်ဖဲ့ဝင်တပ်သား ၅,၀၀၀ က ရွေးကောက်ပဲကို စောင့်ကြပ်စေမည်။ တရားဝင်အစိုးရကို မတင်မြောက်နိုင်မီ ကြားကာလ အုပ်ချုပ်ရေးအတွက် အမှုထမ်း ၁၀၀၀ ကို နမိုးဗီးယားသို့ စေလွှတ်မည်။ တောင်အာဖရိကတပ်သား ၁,၅၀၀ ကို ဆက်လက်ထားခွင့်ပြုမည်စသော အချက်များ ပါဝင်သည်။

ထိုအဆိုပြုချက်များကို ကုလသမဂ္ဂကလက်ခံပြီးနောက် ၎င်းကိုရုပ်လုံးဖော်မည့် ကွန်ဖရင့်တရပ် ကျင်းပနိုင်ရန် အထူးကိုယ်စားလှယ် မစ္စတာအာခတ်ကို တာဝန်ပေးခြင်း ဖြစ်သည်။

မစ္စတာအာခတ်လွှဲဆောင်သည့် ကွန်ဖရင့်ကို ဂျီနီဗာမြို့တွင် ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှ ၁၄ ရက်နေ့ အထိစတင်ကျင်းပရာ ဆွာပိုအဖွဲ့ဝင် ၃၂ ဦးနှင့်ဒီတီအေဦးစီးသူ ၄၂ ဦးတက်ရောက်ကြသည်။ အကဲခတ်ပုဂ္ဂိုလ်အနေဖြင့် ဆက်သွယ်ရေးကိုယ်စားလှယ်ငါးဦး၊ ဆွာပိုအားပေးသော အာဖရိကငါးနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဖရိက ညီညွတ်ရေးအဖွဲ့ချုပ် (အိုအေယူ)၏ ကိုယ်စားလှယ်ဖြစ်သော နိုင်ဂျီးရီးယားအမျိုးသားတဦး၊ တောင်အာဖရိကနိုင်ငံခြားရေးရာညွှန်ကြားရေးမှူးဖိုရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်သည်။ ကွန်ဖရင့်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းလာရောက် ဖွင့်လှစ်သည်။

မတ်လတွင် အပစ်အခတ်ရပ်စဲပြီးနောက် တရားမျှတလွတ်လပ်သော ရွေးကောက်ပွဲကျင်းပကာ ၁၉၈၁ ခုနှစ် အတွင်း လွတ်လပ်သော နမိုးဗီးယားနိုင်ငံ ထူထောင်ရေးအတွက် မျှော်မှန်းပြုလုပ်သောကွန်ဖရင့်မှာ အဓိကပြဿနာများကို မဆွေးနွေးရမိပင် ပြိုကွဲရပ်စဲလိုက်ရသည်။

ဒီတီအေအဖွဲ့နှင့် တောင်အာဖရိက အစိုးရက တောင်းဆိုချက်မှာဆွာပိုအဖွဲ့အား နမိုးဗီးယား၏ တဦးတည်းသော ကိုယ်စားလှယ်အဖွဲ့ဟု သတ်မှတ်ထားမှုကို ဖယ်ရှားရမည်။ ဒီတီအေအဖွဲ့ဝင်များမှာရွေးကောက်ပွဲဖြင့်တင်မြောက်ထားသည့်တရားဝင်ကိုယ်စားလှယ်များဖြစ်သည်။ ထိုအဖွဲ့ပါ လူမည်းများနှင့်ဆွာပိုအဖွဲ့ဝင်များကို ညီတူညီမျှ အခွင့်အရေးပေးရမည်စသည်ဖြင့် အတင်းအကြပ်တင်ပြကြသောအခါ စေ့စပ်၍ မဖြစ်နိုင်သဖြင့် ကွန်ဖရင့်ကို ရပ်စဲလိုက်ရသည်။

ယင်းသို့ ရပ်စဲလိုက်ရမှုကို ဖန်တီးသူမှာ တောင်အာဖရိက အစိုးရဟု စွပ်စွဲကြသည်။ တောင်အာဖရိကအစိုးရသည် နမိုးဗီးယားကို လက်မလွှတ်လိုပေ။ ထရန်စကိုင်းနယ်များကဲ့သို့ မိမိတို့၏ဩဇာခံ နယ်မြေအဖြစ် ဖန်တီးလိုသည်။ စတုရန်းမိုင် သုံးသိန်းကျယ်သော နယ်မြေတွင် စတုရန်းတမိုင်လျှင် သုံးယောက်နှုန်းသာ နေထိုင်သဖြင့် လူနေကျဲလှသော်လည်း နိုင်ငံလုံခြုံရေးအရ ဤနယ်မြေကို တောင်အာဖရိက အစိုးရကလက်မလွှတ်လိုပေ။

ဥပမာရော့စင်မြို့ရှိ ယူရေနီယံသတ္တုတွင်း လုပ်ငန်းတွင် ပြိတိန်နိုင်ငံမှ ရီယိုတင်တို် ကော်ပိုရေးရှင်းနှင့် အနောက်အုပ်စုကုမ္ပဏီတို့ ပါဝင်လုပ်ဆောင်လျက် ရှိသည်။ ကမ္ဘာပေါ် ၌ အများဆုံးထွက်သည်ဆိုသော စိန်တွင်းသည်လည်း နမိုးဗီးယား၌ရှိသည်။ ကြေးနီ၊ ခဲ၊ သွပ်နှင့် ရေနံထွက်မည့်အလားအလာကို တွေ့နေရသည်။ အနီးရှိ အင်ဂိုလာရေစီးကြောင်း တလျှောက်၌ ငါးဖမ်းလုပ်ငန်းကိုလည်း ကောင်းစွာ လုပ်နိုင်ပေသည်။ ပင်လယ်နီးဒေသဖြစ်သော်လည်း လေကြောင်းမသင့်၍ မိုးခေါင်သဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် အားကိုးနိုင်မည် မဟုတ်သော်လည်း မွေးမြူရေးခြံများ ထူထောင်ကြီးထွားနိုင်သည့် နယ်မြေဖြစ်သည်။

နူဂျီမာ၏ ဆွာပိုတပ်သားတို့ကမူ အိမ်နီးချင်းရွှေတန်းနိုင်ငံများဖြစ်သည့် အင်ဂိုလာ၊ ဇင်ဗာဗွေ၊ ဗော့ဆွာနာ၊ မိုဇမ်ဗစ်၊ တန်ဇားနီးယားတို့အပြင် အာဖရိကညီညွတ်ရေးအဖွဲ့ချုပ်တို့ထံမှ အားပေးကူညီချက်များ ရှိနေလေသည်။



ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တက်ရောက်ခဲ့သော ဆွာပိုအဖွဲ့ ဥက္ကဋ္ဌ ဆမ်နူဂျီမာ

နာဂဝံသာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဗဟုဇနတောရဆရာတော် (မြန်မာ ၁၂၆၀–၁၃၄၂)။ ။ရန်ကုန်မြို့၊ မြေနီကုန်းရပ်ကွက်၊ ဗဟုဇနတောရကျောင်းတိုက်ကြီး၏ ဦးစီးနာယကဖြစ်တော်မူသော ဆရာတော် ဦးနာဂဝံသကို မြန်မာသက္ကရာဇ် ၁၂၆၀ ပြည့်



ဆရာတော် ဘဒ္ဒန္တ နာဂဝံသာဘိဝံသ

နှစ် နှောင်းတန်ခူးလပြည့် စနေနေ့တွင် မော်ဘီမြို့အနီးရှိ ရွှမ်းစုရွာတွင် ခမည်းတော် ဦးဘိုးသက်၊ မယ်တော် ဒေါ်ဒေါ်လိတ်မှ ဖွားမြင်တော်မူသည်။ ဆရာတော်သည် ဒုတိယသားရတနာဖြစ်သည်။ ဆရာတော်လောင်းလျာ၏ အမည်သည် မောင်ဘကျော်ဖြစ်သည်။

ဆရာတော်သည် ခုနစ်နှစ်သား အရွယ်တွင် မော်ဘီမြို့၊ နန်းဦးကျောင်း၌ ပညာသင်ကြားခဲ့ရာ အတန်းပညာ စတုတ္ထတန်းအထိအောင်မြင်ခဲ့သည်။ ၁၅ နှစ်သားအရွယ်သို့ရောက်သောအခါ နန်းဦးကျောင်းဆရာတော်ထံ၌ ရှင်သာမဏေပြုပြီး လောကုတ္တရာ ပါဠိစာပေများကို သင်ယူလေသည်။

သက္ကရာဇ် ၁၂၈၀ ပြည့်တွင် ရွှမ်းစုကျောင်းဆရာတော် ဦးပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

၁၂၈၁ ခုနှစ်တွင် ရန်ကုန်မြို့ ဗဟုဇနတောရကျောင်းတိုက်တွင် ပညာသင်ကြားနေထိုင်စဉ် ပထမငယ်တန်း၊ပထမလတ်တန်း၊ ပထမပြန် စာမေးပွဲများကို အောင်မြင်တော်မူသည်။

သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်တွင် မန္တလေးမြို့ မစိုးရိမ်တိုက်ကြီး၌ ပိဋကနယူပဒေသ ကျောင်းကို ဦးစီးကြီးမှူးရသော ကျောင်းထိုင် နာယကဆရာတော်အဖြစ်သို့ ရောက်ရှိသည်။ ၁၂၉၂ ခုနှစ်တွင် ရန်ကုန်မြို့ ဗဟုဇနတောရကျောင်းတိုက်ကြီး၏ အရာမိဿရ မဟာနာယကအဖြစ်သို့ရောက်ရှိသည်။

ယင်းသို့ ဗဟုဇနတောရ ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူစဉ် ဆရာတော်သည် တပည့်ရဟန်းသံဃာများအား ပရိယတ္တိ ပဋိပတ္တိ၊ ပညာများကို ပို့ချသင်ကြားပေးတော်မူခဲ့သည်။ နိုင်ငံတော်အစိုးရ ဓမ္မာစရိယ၊ မန္တလေးမြို့ သက္ကသီဟ ဓမ္မာစရိယ၊ ရန်ကုန်မြို့ စေတီယင်္ဂဏ ဓမ္မာစရိယဘွဲ့ရတပည့် ရဟန်းတော်ပေါင်း ၃၀ ကျော် ပေါ်ထွက်ခဲ့သည်။

ဆဋ္ဌသံဂါယနာတင်ပွဲတွင် ဝန်ဆောင်သံဃာအဖွဲ့အကျိုးဆောင်ချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည့်ပြင် သံဂီတိ ဓမ္မပုစ္ဆကအဖြစ်လည်းကောင်း၊ ဆဋ္ဌသံဂါယနာတင်ရန် အတွက် ပိဋကတ်တော်များကို မူအစောင်စောင်နှင့် ညှိနှိုင်းပြင်ဆင်ရာ၌ ဗဟုဇနတောရ မူလဝိသောဓကအဖွဲ့၏ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မူလဝိသောဓကအဖွဲ့ အသီးသီးမှ ပြင်ဆင်၍ ပို့လိုက်သော ပိဋကတ်တော်များကို ထပ်ဆင့်ပြင်ဆင်သည့် ပဋိဝိသောဓကအဖွဲ့၏ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

သင်္ဂါယနာအောင်ပွဲကျင်းပသောအခါ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်အစိုးရက ဆက်ကပ်ပူဇော်သည်။ ထို့ပြင် ဝိနိစ္ဆယအက်ဥပဒေအရဖွဲ့စည်းတည်ထောင်သော နိုင်ငံတော် ဝိနည်းဓိုရ်အဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ တဝန်းလုံးရှိ ဓမ္မာစရိယ ရဟန်းတော်များ ဖွဲ့စည်းထားသည့် ဓမ္မာစရိယအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ တဝန်းလုံးရှိ ပါဠိတက္ကသိုလ်များအဖွဲ့၏ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ အစိုးရပါဠိပညာရေးအဖွဲ့၏ နာယက၊ဗဟုဇနတောရ ပါဠိတက္ကသိုလ် ကျောင်းအုပ်၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ စေတီယင်္ဂဏ ပရိယတ္တိအသင်း၏ မဟာနာယက၊ရွှေတိဂုံစေတီတော် ဝေယျာဝစ္စအသင်း၏ မဟာနာယက၊ စမ်းချောင်းရပ် မြသိန်းတန် ဓမ္မာရုံဂေါပကအဖွဲ့၏ ဩဝါဒါစရိယချုပ်၊ မော်ဘီမြို့နယ်လုံးဆိုင်ရာ နန်းဦးဂိုဏ်း သံဃာ့အဖွဲ့ကြီး၏ မဟာနာယကချုပ်၊ မြန်မာနိုင်ငံ သံဃာ့အဖွဲ့ သာသနာတော် ထွန်ရှင်းတည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံကြီး၏ ဩဝါဒါစရိယ၊ မြောက် ဥက္ကလာပ ပရိယတ္တိ နဂုဟအသင်းကြီး၏ မဟာနာယက စသည်ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာတော် ဦးနာဂဝံသသည် သက်တော် ၈၂ နှစ်၊ ဝါတော် ၆၃ ဝါအရ ၁၃၄၂ ခု၊ သီတင်းကျွတ်လဆန်း ဂ ရက် သောကြာနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

နာဆာအဖွဲ့။ ။(အာကာသ သုတေသန — ရှု။)

နာဗွန်, ယစ်ဇက် (ခရစ် ၁၉၂၁)။ ။အစ္စရေးနိုင်ငံ သမ္မတကြီးယစ်ဇက်နာဗွန်သည် ၁၉၂၁ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ဂျရူးဆလမ်းမြို့ ဂျူးလူမျိုးရပ်ကွက်၌ မွေးဖွား



အစ္စရေးသမ္မတ ယစ်ဇက်နာဗွန်

သည်။ ဂျရူးဆလမ်း တက္ကသိုလ်တွင် အာရဗီနှင့် အစ္စလာမ်ယဉ်ကျေးမှု ပညာများကို ဆည်းပူးခဲ့သည်။ လူငယ်လုပ်သားညီလာခံတွင် ဆရာအဖြစ်ဖြင့်အမှုထမ်းခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဂျရူးဆလမ်းမြို့ရှိ ဟာဂနာအမည်ရှိ ဇီယွန်စစ်တပ်အဖွဲ့အစည်းတခုဖြစ်သော အာရာဗီဌာနကို ဦးဆောင်ရန် ခန့်အပ်ခြင်းခံရသည်။ ၎င်း ရာထူးတွင် ၁၉၄၈ ခုနှစ် အစ္စရေးနိုင်ငံ လွတ်လပ်ရေး စစ်ပွဲပြီးဆုံးသည့် အချိန်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် အာဂျင်တီနာ နိုင်ငံရှိ အစ္စရေး နိုင်ငံသံတမန်အဖွဲ့တွင် ခေတ္တမျှ တာဝန် ထမ်းဆောင် ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး မော်ရှီ ရှယ်ယက်က နာဗွန်အား သူ၏ နိုင်ငံရေးအတွင်းရေးမှူး အဖြစ်ဖြင့် ရွေးချယ်ခန့်အပ်သည်။ ရှယ်ယက်၏ လက်အောက်တွင် နှစ်နှစ်တာထမ်းဆောင်ပြီး ဝန်ကြီးချုပ်ဒေးဗစ် ဗင်ဂူရီယန်၏ မေတ္တာရပ်ခံချက်အရ ဝန်ကြီးချုပ်ရုံးတွင် အတွင်းဝန်ချုပ်အဖြစ်ဖြင့် ခန့်အပ်ခြင်းခံရသည်။

၁၉၆၃ ခုနှစ် ဗင်ဂူရီယန် ရာထူးမှ နုတ်ထွက်သည့် အချိန်အထိ အတွင်းဝန်ချုပ်အဖြစ် ဆောင်ရွက်ခဲ့လေသည်။ နာဗွန်သည် ထိုရာထူးထမ်းဆောင်ရာ၌ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လည်းကောင်း၊ နိုင်ငံခြားဂုဏ်ထူးရာထူးကြီးမြင့်သော ပုဂ္ဂိုလ်များနှင့် ဆက်ဆံရာ၌လည်းကောင်း လွန်စွာ ပြေပြစ်သူတဦးဖြစ်သည်။

ဝန်ကြီးချုပ်ရုံးတွင် တာဝန်များကို ထမ်းဆောင်အပြီး ၁၉၆၃ ခုနှစ်တွင် နာဗွန်သည် ပညာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သည်။ သို့သော် ၁၉၆၅ ခုနှစ်တွင် နိုင်ငံရေးလောကသို့ ပြန်လည်ဝင်ရောက်ခဲ့လေသည်။

အလုပ်သမားပါတီမှ ခွဲထွက်သော ဗင်ဂူရီယန်ဦးဆောင်သည့် ရာဖီပါတီသို့ဝင်ရောက်သည်။ အစ္စရေးလွှတ်တော်သို့ အမတ်အဖြစ်ဖြင့် ရွေးကောက်ခြင်းခံရပြီး ခုနစ်နှစ်တာမျှ လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း၊ လေးနှစ်တာမျှ ကာကွယ်ရေးနှင့် နိုင်ငံခြားရေး ကော်မတီ ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၀ ခုနှစ် မေလ ၂၉ ရက်နေ့တွင် အစ္စရေးနိုင်ငံ၏ ပဉ္စမမြောက် သမ္မတကြီးအဖြစ်ဖြင့် ခန့်အပ်ခြင်းခံရသည်။ အစ္စရေးနိုင်ငံရှိ အာရပ်လူမျိုးများနှင့် အီဂျစ်နိုင်ငံ သမ္မတကြီး ဆဒတ်တို့အား ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲများအောင်မြင်စွာပြီးမြောက်ရေးအတွက် ကြိုးပမ်းကြရန် မေတ္တာရပ်ခံခဲ့သည်။

အသက်ငါးဆယ်ခုနစ် နှစ်အရွယ်တွင် သမ္မတရာထူးအပ်နှင်းခြင်းခံရသော နာဗွန်သည် အစ္စရေးနိုင်ငံ၏ အဆက်ဆက်ခန့်အပ်ခြင်းခံရသော သမ္မတကြီးများအနက် အသက်အရွယ်အငယ်ဆုံး သမ္မတကြီးဖြစ်သည်။

နိကရာဂွာသမ္မတနိုင်ငံ။ ။နိကရာဂွာနိုင်ငံသည် ဗဟို အမေရိကရှိ အခြားစပိန်လက်အောက်ခံပြည်နယ်ဒေသများနှင့်အတူ ၁၈၂၁ ခုနှစ်တွင် စပိန်ထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ သို့ရာတွင် မက္ကဆီကိုနိုင်ငံနှင့်ပူးတွဲ၍ ဗဟိုအမေရိကဖက်ဒရေးရှင်းနိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီးနောက် ၁၈၃၈ ခုနှစ်



အကျယ်အဝန်း။	။၅၇,၁၄၃ စတုရန်းမိုင်
လူဦးရေ။	။၂,၅၆၅,၀၀၀(၁၉၈၀)
မြို့တော်။	။မနာဂွာမြို့။

တွင်မှသာ လွတ်လပ်သော သမ္မတနိုင်ငံအဖြစ် ကြေငြာခဲ့သည်။ ဆိုမိုဇာနန်းဆက်ကို ၁၉၃၇ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် စတင်ထူထောင်ခဲ့၏။ ထိုနေ့တွင် အနာတေစီယိုတက်ကိုဆိုမိုဇာဂါစီယာသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး သမ္မတရာထူး လက်ခံရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး အခြား ဗဟို အမေရိကနိုင်ငံများရှိ အာဏာရှင်စနစ်များ ချုပ်ငြိမ်းသွားသည့်တိုင် ၎င်းမှာ အာဏာရှင်အဖြစ် ခိုင်မြဲစွာရပ်တည်ဆဲ ဖြစ်သည်။ ၁၉၅၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့၌ တက်ကိုဆိုမိုဇာ လုပ်ကြံခံရပြီးနောက် သားကြီးဖြစ်သူ လူးဝစ္စဆိုမိုဇာက ၁၉၅၇–၆၃ ခုနှစ် သမ္မတ သက်တမ်းကို အနိုင်ရရှိခဲ့၏။ လူးဝစ္စဆိုမိုဇာ နှလုံးရောဂါဖြင့် ကွယ်လွန်သည့်အခါ ၁၉၆၇ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သားငယ်ဖြစ်သူ အာနက်စတာစီဆိုမိုဇာ ဒီဘေးသည် သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံခဲ့ရသည်။

စန်ဒီနစ်တာ ပြောက်ကျားများ၏ စစ်ဆင်မှုကြောင့် ၁၉၇၉ ခုနှစ် ဇူလိုင်လအတွင်း၌ အာဏာရှင်ဆိုမိုဇာသည် ပါရာဂွေးနိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။ စန်ဒီနစ်တာ ပြောက်ကျားများသည် ၁၉၇၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် အဖွဲ့ဝင် ၁၈ ဦးပါ အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်း၍ အုပ်ချုပ်ခဲ့သည်။ ယင်းအစိုးရအဖွဲ့ကို အာဏာသိမ်း စန်ဒီနစ်တာ အမျိုးသားလွတ်မြောက်ရေးတပ်ဦး ခေါင်းဆောင် ဆာဂျီယိုရာမီရက်မာကက်ဒိုနှင့် အဖွဲ့ဝင်တို့က ဦးစီးကွပ်ကဲခဲ့သည်။ ထို့နောက် ပျက်စီး ယိုယွင်းလျက်ရှိသော နီကရာဂွာနိုင်ငံကို အပြည်ပြည်ဆိုင်ရာအကူအညီများဖြင့် ပြန်လည် ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟောင်းကို ဖျက်သိမ်းခဲ့သည်။ သတင်းစာနယ်ဇင်းများ လွတ်လပ်ခွင့်ပေးခဲ့သည်။ ဩဂုတ်လ ၂၂ ရက်နေ့တွင် စန်ဒီနစ်တာပြည်သူတပ်မတော်ကို တရားဝင်ဖွဲ့စည်းခဲ့သည်။ ဘဏ်များနှင့်အခြားစီးပွားရေးလုပ်ငန်းကြီးများကို ပြည်သူပိုင်ပြုလုပ်ခဲ့သည်။

သမ္မတ ဆိုမိုဇာ ကျဆုံးသွားပြီးနောက် နီကရာဂွာနိုင်ငံတွင် ပထမဦးဆုံး နိုင်ငံရေးပါတီသစ်တရပ် တည်ထောင်ခဲ့သည်။ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ ဖြစ်သည်။

စန်ဒီနစ်တာအစိုးရ အာဏာရရှိပြီးနောက် ၁၉၇၉ ခုနှစ် ကုန်ပိုင်းတွင် အိမ်နီးချင်း ဟွန်ဒူးရပ်နိုင်ငံနှင့် ဆက်ဆံရေး အခြေအနေများ တင်းမာလာခဲ့သည်။ ဟွန်ဒူးရပ်နိုင်ငံ နယ်မြေအတွင်းမှ သမ္မတဟောင်း ဆိုမိုဇာ၏ တပ်သားဟောင်းများက စန်ဒီနစ်တာနယ်စပ်ကို အကြိမ်ကြိမ် ကျူးကျော်တိုက်ခိုက်မှု၊ ဟွန်ဒူးရပ် လေတပ်မှ စန်ဒီနစ်တာလေကြောင်းပိုင်နက်အတွင်း ကျူးကျော် ဝင်ရောက်မှုတို့ကြောင့် အခြေအနေတင်းမာခဲ့ခြင်း ဖြစ်လေသည်။

၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းတွင်အာဏာသိမ်းအဖွဲ့ဝင်တဦးဖြစ်သူ ဒေါက်တာ မိုဂျက်စက်ဟတ်စန်မိုရေးနှင့် ဝန်ကြီးသုံးဦးတို့သည် ဆိုဗီယက် ပြည်ထောင်စုနှင့် အရှေ့ဥရောပသို့ အလည်အပတ် သွားရောက်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် ကုန်သွယ် ပူးပေါင်းရေး၊ လေကြောင်းဆက်သွယ်ရေးနှင့် ဆိုဗီယက်ကွန်မြူနစ်ပါတီနှင့် စန်ဒီနစ်တာအမျိုးသား လွတ်မြောက်ရေး တပ်ဦးတို့အကြား အပြန်အလှန်ဆက်ဆံရေး အစီအစဉ်တရပ်တို့ကို လက်မှတ် ရေးထိုးခဲ့ကြသည်။ ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် အလုပ်သမား တပ်ဦးနှင့် ကွန်မြူနစ် ပါတီတို့ကို နိုင်ငံတော်ကောင်စီ၌ ပါဝင် ဆောင်ရွက်ခွင့်များကို ရုပ်သိမ်းခဲ့သည်။

စန်ဒီနစ်တာအစိုးရသစ် တက်လာပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ပြုလုပ်ခဲ့သည်။ အမေရိကန် ပြည်ထောင်စုက နီကရာဂွာနိုင်ငံသို့ အကူအညီများပေးအပ်ခဲ့သည်။

နီပေါနိုင်ငံ။ ။နီပေါနိုင်ငံသည် အာရှတိုက်အလယ်ပိုင်း ဟိမဝန္တာတောင်တန်း၏ တောင်ပိုင်းတောင်ခြေ၌ တည်ရှိသည်။ တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဝန်းရံတည်ရှိသည်။ နီပေါနိုင်ငံ၏ လူဦးရေအများစုမှာ ဟိန္ဒူဘာသာဝင်များဖြစ်သည်။



၁၉၅၅ ခုနှစ်တွင် နီပေါဘုရင်ထရီဗူဗန် ကွယ်လွန်အပြီးတွင် သားတော်မဟိန္ဒရာဘိဘိကရမ်ရှားဒေဝ ထီးနန်းဆက်ခံသည်။ ဘုရင်မဟိန္ဒရာလက်ထက်တွင် ပါလီမန်စနစ်ကို ဖျက်သိမ်းပြီး အုပ်ချုပ်ရေးအာဏာများကို ရယူခဲ့သည်။ ပါလီမန်စနစ်ကိုဖျက်သိမ်းပြီးနောက် နိုင်ငံရေးပါတီများကို မတရား

အကျယ်အဝန်း။	။၅၄,၃၆၂ စတုရန်းမိုင်
လူဦးရေ။	။၁၄,၀၀၀,၀၀၀ (၁၉၈၀)
မြို့တော်။	။ခတ္တမန္ဒူမြို့

သင်း ကြေငြာပြီး နိုင်ငံရေးသမားများကို ဖမ်းဆီးအပြစ်ပေးခဲ့သည်။

ဘုရင်မဟိန္ဒရာက နီပေါနိုင်ငံတွင် စာမတတ်သူဦးရေများပြားသည့်အတွက် နိုင်ငံရေးပါတီများဖြင့် တိုင်းပြည်ကို မအုပ်ချုပ်သင့်ဟုယူဆခဲ့သည်။ နီပေါနိုင်ငံတွင် စာမတတ်သူဦးရေ များပြားသည်။ နိုင်ငံရေးရာတွင် နိုးကြားမှု မရှိ။ ပြည်သူလူထုအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းသင့်သည်ဟု အစိုးရက ကြေငြာခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်အရ ဘုရင်မဟိန္ဒရာသည် နီပေါနိုင်ငံတွင် ပါတီမဲ့ ပန်ချာယတ်ခေါ် အုပ်ချုပ်ရေးစနစ်သစ်ကိုစတင်ထူထောင်ခဲ့သည်။ ပန်ချာယတ်စနစ်သည် ကျေးရွာမြို့နယ်အလိုက် လူထုကိုယ်စားလှယ်များ ရွေးချယ်၍ အုပ်ချုပ်သော စနစ်ဖြစ်သည်။ ဘုရင်သည် နိုင်ငံခေါင်းဆောင်ဖြစ်ပြီး စစ်ဦးစီးချုပ်တာဝန်ကိုလည်း ရယူထားသည်။ အစိုးရ၏ အုပ်ချုပ်ရေးအာဏာများကိုလည်း ထိန်းချုပ်ထားသည်။ ဘုရင်သည် ဝန်ကြီးများ ကောင်စီနှင့် အစိုးရအဖွဲ့၏ အကြံပေးချက်အရ တိုင်းပြည်ကို အုပ်ချုပ်ရသည်။

၁၉၇၂ ခုနှစ်တွင် ဘုရင်မဟိန္ဒရာ ကွယ်လွန်သောအခါ သားတော်ဘိဘိကရမ်ရှားဒေဝက ထီးနန်းဆက်ခံသောအခါတွင်လည်း ရှေးယခင်ကကဲ့သို့ ပန်ချာယတ်စနစ်ဖြင့် နီပေါနိုင်ငံအား ဆက်လက်အုပ်ချုပ်ခဲ့သည်။

၁၉၇၉ ခုနှစ် ဧပြီလ နောက်ပိုင်းတွင် နီပေါနိုင်ငံ၌ ပြည်တွင်းဆူပူလှုပ်ရှားမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ဧပြီလတွင် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် အလီဘူတိုအား သေဒဏ်ပေးခဲ့ခြင်းနှင့် စပ်ဆက်၍ ကန့်ကွက်ရန် နီပေါနိုင်ငံသားများက နီပေါနိုင်ငံရှိ ပါကစ္စတန်သံရုံးကို ဝိုင်းဝန်းဂိတ်ဆို ဆန္ဒပြခဲ့ကြရာမှ ပုလိပ်အဖွဲ့ဝင်များနှင့် ဆန္ဒပြသမားများ ပဋိပက္ခဖြစ်ခဲ့ရသည်။ ယင်းအရေးအခင်းသည် တနိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့ရာ နီပေါအစိုးရအပို နိုင်ငံရေးအကျပ်အတည်း တွေ့ခဲ့ရသည်။ နောက်ဆုံးတွင် ဆန္ဒပြသမားများက နီပေါနိုင်ငံ အစိုးရအဖွဲ့ နုတ်ထွက်ပေးရန် တောင်းဆို ဆန္ဒပြသည့်အထိ ဖြစ်ခဲ့ရသည်။ ဆန္ဒပြသမားများကပန်ချာယတ်အုပ်ချုပ်ရေးစနစ်၏ သဘောတရားရေးရာအဖွဲ့ဖြစ်သည့် ဘိဗိုအင်စီအဖွဲ့ကိုလည်း ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့ကြလေသည်။

ထို့ကြောင့် ဘုရင်ဘီရင်ဒရာသည် ဆန္ဒပြ ဆူပူသောင်းကျန်းမှုများ၏ အရေးအခင်းကို ပြေလျှင်းရန် ၁၉ ရက်တိုင် နီပေါနိုင်ငံ၌ ကျင့်သုံးခဲ့သော ပန်ချာယတ်အုပ်ချုပ်ရေးစနစ်ကိုတဖြည်းဖြည်းပြုပြင်ပြောင်းလဲပေးသွားမည်ဟု ကတိပေးလိုက်ရသည်။ ထို့နောက် ပန်ချာယတ်အုပ်ချုပ်ရေးစနစ်ကို ဆက်လက်ကျင့်သုံးမည် သို့မဟုတ် ပါတီစုံစနစ်ကို ကျင့်သုံးမည်ကို ပြည်သူများက ရွေးချယ်နိုင်ရန် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ကျင်းပပေးခဲ့ရသည်။

၁၉၇၉ ခုနှစ် မေလတွင် ဝန်ကြီးချုပ် ဗစ်စတာသည် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်လိုက်ရပြီး ဘိဗိုအင်စီအဖွဲ့ကိုလည်း မေ ၂၀ ရက်နေ့မှအစပြု၍ ရပ်ဆိုင်းခဲ့ရလေသည်။

၁၉၈၀ ပြည့်နှစ် မေ ၂ ရက်နေ့တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ကျင်းပခဲ့သည်။ ဆန္ဒမဲပေးနိုင်သူ ခုနစ်သန်းခန့် ရှိသည့်အနက် ၄ ဒသမ ၄ သန်းသည် လာရောက်မဲပေးခဲ့ကြသည်။ မဲပေးနိုင်သူများအနက် ပန်ချာယတ်စနစ်ကို လိုလားသူ ၂ ဒသမ ၄ သန်းက မဲပေးခဲ့သည့်အတွက် ပန်ချာယတ်အုပ်ချုပ်ရေးစနစ်သည် နီပေါနိုင်ငံ၏ အမျိုးသားနိုင်ငံရေး အခြေခံဖြစ်ကြောင်း ဝန်ကြီးချုပ် ဗဟာဒူးသာပက ကြေငြာခဲ့သည်။

ထို့နောက် ဘုရင်ဘီရင်ဒရာသည် ပန်ချာယတ်အုပ်ချုပ်ရေးစနစ်ကို ပြန်လည်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး အစိုးရအဖွဲ့ကိုလည်း ပြုပြင်ဖွဲ့စည်းခဲ့သည်။ ယင်းအစိုးရအဖွဲ့သစ်ကို ဝန်ကြီးချုပ် ဗဟာဒူးသာပက ခေါင်းဆောင်ခဲ့လေသည်။

နီပေါနိုင်ငံသည် နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့်ဘက်မလိုက်ရေး၊ နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာကို လေးစားရေးစသော မူဝါဒများကို လက်ခံကျင့်သုံးသော နိုင်ငံတနိုင်ငံဖြစ်သည်။ နိုင်ငံခြားရေးဝါဒနှင့် စပ်လျဉ်း၍ အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်ဆံရေးတွင် ပုံမှန်ကောင်းမွန်လျက်ရှိသော နိုင်ငံဖြစ်သည်။

နီပေါဘုရင် ဘီရင်ဒရာသည် ဘက်မလိုက်နိုင်ငံ အစည်းအဝေးသို့ အသွားတွင် တရုတ်ပြည်သူသမ္မတနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး ဝန်ကြီးချုပ် ဟူကိုဖုန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးသည် နီပေါနိုင်ငံသို့ ရောက်ရှိလာပြီး နှစ်နိုင်ငံနယ်နိမိတ်စာချုပ်တရပ်ကို ချုပ်ဆိုခဲ့သည်။ အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးတွင်လည်း ပုံမှန်ကောင်းမွန်လျက်ရှိသည်။

၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် နီပေါဘုရင် ဘီရင်ဒရာသည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် သွားရောက်လည်ပတ်ခဲ့သည်။

ထို့အပြင် နီပေါနိုင်ငံသည် ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ သီရိလင်္ကာသမ္မတနိုင်ငံ၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံနှင့် ကိုရီးယားစသည့် အာရှနိုင်ငံစုံနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံခဲ့သည်။ မြန်မာနိုင်ငံသမ္မတကြီး ဦးနေဝင်းသည် ၁၉၇၈ ခုနှစ်တွင် နီပေါနိုင်ငံသို့ ချစ်ကြည်ရေး

ခရီးသွားရောက်ခဲ့ပြီး နိဝေါဘုရင် ဘီရင်ဒရာသည် ၁၉၇၀ ပြည့်နှစ် မတ်လတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် အဖြစ် အလည်အပတ်ရောက်ရှိခဲ့လေသည်။

နိုဗဲဆုများ (၁၉၇၀)။ ။**ဆေးပညာဆု** – ဗီဇမျိုးစေ့နှင့် လူခန္ဓာကိုယ်၌ ကူးစက်ရောဂါကာကွယ်ရေးတွင် စူးစမ်းရှာဖွေမှုအတွက် ဆေး သို့မဟုတ် ခန္ဓာဗေဒဆိုင်ရာ ၁၉၇၀ ပြည့်နှစ်နိုဗဲဆုကို အမေရိကန်လူမျိုးနှစ်ဦးနှင့် ပြင်သစ်လူမျိုး တဦးတို့ပိုးတဲ့ရရှိကြသည်။

ကူးစက်ရောဂါ ကာကွယ်ဆေးထိုးရာတွင် တုံ့ပြန်မှုကို ပုံမှန် အခြေရောက်အောင် လုပ်ဆောင်သော ကလာပ်စည်း(ဆဲ) မျက်နှာပြင် ပေါ်ပေါက်မှု အခြေအနေကို ဆုံးဖြတ်ခြင်းနှင့် ပတ်သက်၍ ရှာဖွေတွေ့ရှိမှုများအတွက် ဖြစ်သည်။ ဟားဗတ် ဆေးကျောင်းမှ အနာရောဂါ ညှိနှိုင်းမှု ခြင်းအတွက် ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်မှစ၍ မီလိုဇ်သည် ဘာကလေမြို့ ကယ်လီဖိုးနီးယား တက္ကသိုလ်၌ ဆလာဗုံနှစ် ဘာသာရပ်ဆိုင်ရာ ဧည့်သည်ကထိက အဖြစ်အမှုထမ်းခဲ့လေသည်။

ခေတ္တဗေဒဆု–အမေရိကန် အမျိုးသား နှစ်ဦးဖြစ်သော စတင်းဖို့ တက္ကသိုလ်မှ ပေါလဗတ်၊ ဟားဗတ်တက္ကသိုလ်မှ ဝေါတာဂီးလဗတ်၊ ဗြိတိန်နိုင်ငံကင်းဗရိခ္ဗ တက္ကသိုလ်မှ ဗြိတိသျှအမျိုးသားဖရက်ဒရစ် ဆန်ဂါတို့သည် ၁၉၇၀ ပြည့်နှစ် ခေတ္တဗေဒနိုဗဲဆုကို ပူးတွဲရရှိကြ၏။

ဗြိတိသျှအမျိုးသား ဖရက်ဒရစ်ဆန်ဂါမှာ နိုဗဲဆုကို ဒုတိယအကြိမ် ရရှိခြင်းဖြစ်သည်။ ၁၉၅၈ ခုနှစ်ကလည်း နိုဗဲဆုရရှိခဲ့ဖူးသည်။ အသက် ၅၄ နှစ်အရွယ်ရှိ ဗတ်မှာ စတင်းဖို့တက္ကသိုလ်မှ ဇီဝခေတ္တဗေဒပါမောက္ခဖြစ်သည်။ အသက် ၄၈ နှစ်အရွယ် ဂီးလဗတ်မှာ ဟားဗတ်တက္ကသိုလ်မှ



ဗရုဘီနာဆာရပ်



ဂျော့စန်



မီလိုဇ်



ပေါလဗတ်



ဝေါတာဂီးလဗတ်



ဖရက်ဒရစ်ဆန်ဂါ



ဂျိမ်းကဂျိန်



ဗာလဖစ်ချ



အဒေါပီရက်အက်စကိုမဲ

ဆိုင်ရာပါမောက္ခ အမေရိကန်အမျိုးသား ဗရုဘီနာဆာရပ် ၅၉ နှစ်၊ မိန်းပြည်နယ် ဂျက်ဆန်ဓာတ်ခွဲခန်းမှ အထက်တန်းသိပ္ပံ ဝန်ထမ်းဟောင်း ဂျော့စန် ၇၆ နှစ်၊ ပါရီတက္ကသိုလ်မှ ပါမောက္ခ ပြင်သစ် အမျိုးသား ယွန်ဒိုဆေး ၆၃ နှစ်တို့ ပူးတွဲ၍ ရရှိလေသည်။

စာပေဆု – စာပေဆုကို လစ်သို့အေးနီးယားမှ မီလိုဇ်က ရရှိ၏။ အသက် ၆၉ နှစ်အရွယ်ရှိ မီလိုဇ်သည် လူဦးရေ သုံး, လေးသန်းမျှသာရှိသော ဆိုဗီယက်လက်အောက်ခံ လစ်သို့နီးယားနိုင်ငံငယ်ကလေးမှဖြစ်သည်။ရှေးခေတ်သမိုင်းကြောင်းပါရှိသော ခေတ်ဟောင်း ဒဏ္ဍာရီများကို ဖော်ပြ မော်လီကျူလာ ဇီဝဗေဒပါမောက္ခ ဖြစ်သည်။ အသက် ၆၂ နှစ် အရွယ်ရှိ ဆန်ဂါမှာ ကင်းဘရစ် တက္ကသိုလ်မှ မော်လီကျူလာ ဇီဝဗေဒပါမောက္ခဖြစ်လေသည်။

ရူပဗေဒဆု – အခြေခံအမှုန်များ ရှာဖွေတွေ့ရှိခြင်းအတွက် အမေရိကန် အမျိုးသားများ ဖြစ်ကြသော ဂျိမ်းကဂျိန်နှင့် ဗာလဖစ်ချတို့သည် ရူပဗေဒဆိုင်ရာ ၁၉၇၀ ပြည့်နှစ် နိုဗဲဆုကို ပူးတွဲရရှိကြ၏။ အခြေခံအမှုန်များတွင် အချိုးအစားညီမျှခြင်းမူများကို ချိုးဖောက်ခြင်းနှင့် ပတ်သက်၍ ရှာဖွေ တွေ့ရှိချက်အတွက် ပရင်စတန် တက္ကသိုလ်မှ အသက် ၅၇ နှစ်အရွယ်ရှိ ပါမောက္ခ ဖစ်နှင့် ရှိကာဂို

တက္ကသိုလ်မှ အသက် ၄၉ နှစ်အရွယ်ရှိ ပါမောက္ခကရိုနင် တို့သည် နိုဗဲဆုကို ရရှိကြလေသည်။ ယင်းတို့၏တွေ့ရှိချက်မှာ သေးငယ်လှသောအခြေခံအမှုန်ခေါ် နျူးကလီးယား အမှုန်များ၏အချိန်နှင့်လိုက်၍ ပြောင်းလဲမှုဖြစ်သော်လည်း စကြဝဋ္ဌာဟုခေါ်သော အကြီးဆုံးသော အဖွဲ့အစည်းသည် မဟာပေါက်ကွဲမှုမှ စခဲ့ခြင်းကို သက်သေထူထားလေသည်။

ငြိမ်းချမ်းရေးနိုဗဲဆု။ ။၁၉၈၀ ပြည့်နှစ် ငြိမ်းချမ်းရေး နိုဗဲဆုကို အာဂျင်တီးနားနိုင်ငံမှ အဒေါပီရက်အက်စကွီဗဲ့က ရရှိသည်။ ပန်းပုဆရာနှင့် အနုပညာသမိုင်းပါမောက္ခ ဖြစ်ခဲ့ဖူးသော အက်စကွီဗဲသည် ၁၉၇၄ ခုနှစ်တွင် ပညာရေး လောကမှထွက်၍ ငြိမ်းချမ်းရေးနှင့် တရားမျှတရေးအဖွဲ့ကို တည်ထောင်ပြီး လူအခွင့်အရေးအတွက် တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။

နိုင်ဂျီးရီးယားသမ္မတနိုင်ငံ။ ။အာဖရိကတိုက်၌ လူဦးရေ အများဆုံး နေထိုင်သော နိုင်ဂျီးရီးယား သမ္မတ နိုင်ငံသည် လူဦးရေအင်အား တောင့်တင်း ကြီးမားသည် ဟုကျော်ကြားသကဲ့သို့ ရေနံအထွက်ကောင်းသဖြင့် စီးပွားဥစ္စာ ဖွံ့ဖြိုးသော နိုင်ငံတနိုင်ငံအဖြစ်လည်း ကျော်ကြားသည်။

၁၉၇၉ ခုနှစ် ဇူလိုင်လမှစ၍ ကျင်းပသော ရွေးကောက်ပွဲ အဆင့်ဆင့်တွင် ပါဝင်ယှဉ်ပြိုင် အရွေးခံခဲ့သော ပါတီများအနက်မှ မစ္စတာရှဂါရီ၏ အမျိုးသား ပါတီသည် မဲအများစု ရရှိသည်။ဒုတိယမဲ အများဆုံးရသော ပါတီမှာ အမျိုးသား ညီညွတ်ရေး ပါတီဖြစ်သည်။

အကျယ်အဝန်း။	။၃၅၆,၇၀၀ စတုရန်းမိုင်
လူဦးရေ။	။၇၇,၁၀၀,၀၀၀ (၁၉၈၀)
မြို့တော်။	။လာဂို့မြို့



ထိုရွေးကောက်ပွဲ အနိုင်အရှုံးစာရင်းအရ မဲအများဆုံး ရရှိသောပါတီမှ မစ္စတာ ရှဂါရီအား ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် သမ္မတအဖြစ် ဗိုလ်ချုပ်ကြီး အိုဘာဆန်ဂျိုက လွှဲပြောင်းပေးအပ်လိုက်သောအခါ မစ္စတာ ရှဂါရီသည် နိုင်ဂျီးရီးယား သမ္မတနိုင်ငံ၏ ပထမဦးဆုံး သမ္မတဖြစ်လာသည်။ မစ္စတာ ရှဂါရီသည် မြောက်ပိုင်းသား မူဆလင်တဦး ဖြစ်သည်။

အသန့်ရှင်းဆုံး အုပ်ချုပ်ခဲ့သော နိုင်ငံ အကြီးအကဲ ဗိုလ်ချုပ်ကြီး အိုဘာဆန်ဂျိုက ယုံကြည်စွာ အာဏာလွှဲအပ်ခြင်း ခံရသော အရပ်သား သမ္မတ ရှဂါရီသည် လယ်ယာစိုက်ပျိုးရေးကို အထူးဦးစားပေး ဆောင်ရွက်သည်။ နိုင်ဂျီးရီးယား မြောက်ပိုင်းသည် မိုးခေါင် ရေရှားသော ဆဟာရ သဲကန္တာရ၏ အစွန် ဆဟဲနယ်မြေတွင် ပါဝင်သဖြင့် တပြည်လုံး ရိက္ခာဖူလုံရေးသည် အထူးအရေးကြီးသည်။ နိုင်ငံ၏ တောင်ပိုင်းဒေသများသည် မျှားသောအားဖြင့် မိုးလေဝသကောင်းသဖြင့် သီးနှံအထွက်ကောင်းသည်။

မြေပဲ၊ စားအုန်းဆီ၊ ကိုကိုး၊ ကြက်ပေါင်စေးနှင့် ဝါဂွမ်း အမြောက်အမြား ထွက်၍ နိုင်ငံခြားသို့ တင်ပို့ ရောင်းချရသည်။ ၁၉၆၇ ခုနှစ်တွင် ရေနံအနည်းငယ်ကို ထုတ်ယူရရှိရာ ရေနံနှင့် သတ္တုတွင်းဌာနမှ ရရှိသည့် ဝင်ငွေသည် စုစုပေါင်းဝင်ငွေ၏ ငါး ရာခိုင်နှုန်းသာ ဖြစ်သည်။

ထိုနှစ်နောက်ပိုင်းတွင် ရေနံများပိုမို ထွက်ရှိလာသော်လည်း ပြည်တွင်းစစ်ကြောင့် အပြည့်အဝမထုတ်ယူနိုင်ပေ။

တိုးတက် ထွက်ရှိလာသော ရေနံများကို ဗြိတိသျှ ရေနံ ကုမ္ပဏီ (ဘီပီ) နှင့် ရှဲကုမ္ပဏီတို့က ရောင်းချခဲ့ကြရာ တောင်အာဖရိက နိုင်ငံသို့ အစိုးရခွင့်မပြုပဲ ရောင်းချမှုဖြင့် ၁၉၇၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ထိုလုပ်ငန်းကို အစိုးရက သိမ်းယူခဲ့လေသည်။

၁၉၈၀ ပြည့်နှစ်တွင်နေ့စဉ်ရေနံစည်ပေါင်း နှစ် သန်းခန့် ထွက်ရှိပြီး တစည်လျှင် သတ်မှတ်စျေး ၃၀ ဒေါ်လာနှုန်း ထက်ပို၍ ရောင်းရသည်။ အလွတ်စျေးအရမူ တစည်လျှင် ၄၄ ဒေါ်လာအထိ ရှိသည်။ထိုရေနံများမှ တဝက်ကျော်ကို အမေရိကန် ပြည်ထောင်စုသို့ တင်ပို့ရောင်းချရလေသည်။

ရေနံ လုပ်ငန်းကြီးများကြောင့် မြို့ကြီးများ၌ လူနေထူထပ်၍ လာသည်။ မြို့တော်လာဂို့၌ လူဦးရေ လေးသန်းနှစ် သိန်းမျှ ရှိသည်။ အဘာဒန်နှင့် ပို့ဟာကုတ် ဆိပ်ကမ်းမြို့များတွင်လည်း လူဦးရေ တိုးလာသည်။တောမှမြို့သို့ လူအများအပြား ပြောင်းရွှေလာသောအခါ လယ်ယာစိုက်ပျိုးရေးဘက်တွင် အားပျော့လာလေသည်။

သမ္မတ မစ္စတာ ရှဂါရီ ရင်ဆိုင်နေရသည့် ပြဿနာမှာ နိုင်ငံစည်းလုံး ညီညွတ်ရေး ဖြစ်သည်။ လူမျိုးစုပေါင်း ၂၅၀ ရှိရာ လူဦးရေအများဆုံး လူမျိုးစုမှာ ဟောဆား

ခုနစ် သန်း၊ ယိုရုဘ ၁၃ သန်း၊ အီတိုရှစ် သန်း၊ ဖူလာနီ ငါး သန်းနှင့် အီဒို၊ ကနူရီ စသည်တို့ ဖြစ်သည်။

ဟောဆားနှင့် ဖူလာနီက ၃၂ ရာခိုင်နှုန်း၊ ယိုရုဘ ၁၈ ရာခိုင်နှုန်းနှင့် အီတို ၁၈ ရာနှုန်းရှိသည်။ မြောက်ပိုင်း သားတို့သည်အစွလာမ်ဘာသာဝင်များ ဖြစ်၍ တနိုင်ငံလုံး လူဦးရေ၏ ၄၇ ရာခိုင်နှုန်း ဖြစ်သည်။ တောင်ပိုင်းသားတို့သည် များသောအားဖြင့် ခရစ်ယာန်များ ဖြစ်သည်။ ခရစ်ယာန် ဘာသာဝင် ဦးရေသည် စုစုပေါင်း လူဦးရေ၏ ၃၄ ရာနှုန်း ဖြစ်သည်။ ကျန်လူများမှာ ရိုးရာနတ်များ၊ ဘုရားများကို ကိုးကွယ်ကြသည်။ စာတတ်မြောက်သူ ၂၄ ရာခိုင်နှုန်းသာ ရှိသည်။

၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကာနိုမြို့၌ အစွလာမ် သာသနာဝင် အချင်းချင်း တိုက်ခိုက် သတ်ဖြတ်သော အဓိကရုဏ်းကြီး ပေါ်ထွက်လာရာ မူဆလင်တယူသန် တို့ကကာနိုမြို့ကို သိမ်းထားကြသဖြင့် အစိုးရတပ်က နှိမ်နင်း တိုက်ခိုက်၍ မြို့ကိုပြန်လည် သိမ်းပိုက်ခဲ့ရလေသည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့။ ။နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက နိုင်ငံ့ဂုဏ်ရည်ဘွဲ့၏ အဆောင်အယောင်တံဆိပ်များကို ပြည်နယ်နှင့်တိုင်းများရှိ နိုင်ငံဂုဏ်ရည်ဘွဲ့ အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များအား မိမိကိုယ်စားအပ်နှင်းရန် ပြည်နယ်နှင့်တိုင်း ပြည်သူကောင်စီဥက္ကဋ္ဌများအား တာဝန်ပေးအပ်သည့်အခမ်းအနားများကို ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၆ ရက်နေ့က ရန်ကုန်မြို့ အလုံလမ်း၊ သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံတော်ကောင်စီက ချီးမြှင့်အပ်နှင်းခဲ့သည့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရရှိသည့် ဦးရေမှာ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့် ၁၃၁ ဦး၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် ၁၀၈ ဦး စုစုပေါင်း ၂၄၁ ဦးဖြစ်လေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီသည် ၁၉၇၀ ပြည့်နှစ် မေလ ၂၀ ရက်နေ့စွဲပါ အမိန့်အမှတ် ၁/၇၀ ဖြင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ကို တီထွင်ပြဋ္ဌာန်းပြီးနောက် ၁၉၇၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့စွဲပါ အမိန့်အမှတ် ၃/၇၀ ဖြင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းနှင့်စပ်လျဉ်းသည့်အမိန့်ကို ထုတ်ပြန်ခဲ့လေသည်။ ထိုအမိန့်များနှင့်အညီ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထုတ်ပြန်ခဲ့လေသည်။

ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့်ပုဂ္ဂိုလ်များ

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့်ပုဂ္ဂိုလ်

များသည် နိုင်ငံတော်၏ အကျိုးကို ဦးစီးဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။

ချီးမြှင့်အပ်နှင်းရန်သတ်မှတ်သည့် ဂုဏ်ထူးဆောင်ဘွဲ့

နိုင်ငံ့ဂုဏ်ရည်ဘွဲ့၏ အဆင့်များသည် အောက်ပါအတိုင်း ဖြစ်သည်။

(က) နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊
(ခ) နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့်၊

နိုင်ငံ့ ဂုဏ်ရည်ဘွဲ့ကို ချီးမြှင့်သည့်အခါ အဆောင်အယောင်တံဆိပ်၊ ပုံတူတံဆိပ်ငယ်နှင့် ဂုဏ်ပြုစာလွှာကိုပါ ချီးမြှင့်အပ်နှင်းမည်ဖြစ်သည်။

ဂုဏ်ထူးဆောင်ဘွဲ့ဆိုင်ရာ အရည်အချင်းများ

နိုင်ငံတော်၏အကျိုးကို ဆောင်ရွက်ခဲ့ကြသဖြင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းထိုက်သော ပုဂ္ဂိုလ်များတွင် ရှိသင့်သည့်အရည်အချင်းများသည် အောက်ပါအတိုင်း ဖြစ်လေသည်။

(က) ထူးခြားပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့ခြင်း၊
(ခ) ကိုယ်ကျိုးမဖက် အနစ်နာခံ၍ ကြိုးပမ်းလုပ်ဆောင်ခဲ့ခြင်း၊
(ဂ) စိတ်သဘောထား မှန်ကန်စွာ ခံယူဆောင်ရွက်ခဲ့ခြင်း၊
(ဃ) စစ်မှန်သော စေတနာထားရှိခဲ့ခြင်း စသည်တို့ ဖြစ်ပေသည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့အတွက် ငွေကြေးချီးမြှင့်ခြင်း

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသည့် ပုဂ္ဂိုလ်သည် အောက်ပါအတိုင်း ချီးမြှင့်ငွေကို ခံစားခွင့်ရရှိစေရမည်ဖြစ်သည်။

(က) တလုံးတခဲတည်း ချီးမြှင့်ငွေ
(၁) နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမအဆင့် ကျပ် ၃၀,၀၀၀ (ကျပ် သုံးသောင်းတိတိ)
(၂) နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယအဆင့် ကျပ် ၁၅,၀၀၀ (ကျပ် တသောင်းငါးထောင်တိတိ)

(ခ) လစဉ်ချီးမြှင့်ငွေ
(၁) နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမအဆင့် ကျပ် ၆၀၀ (ကျပ် ခြောက်ရာတိတိ)
(၂) နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့် ကျပ် ၃၀၀ (ကျပ် သုံးရာတိတိ)

(ဂ) နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယအဆင့် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်သည် နောက်ထပ် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမအဆင့်ကို ချီးမြှင့်အပ်နှင်းခြင်း ခံရပါက တလုံးတခဲတည်း ချီးမြှင့်ငွေ ကျပ် ၁၅,၀၀၀ (ကျပ်တသောင်းငါးထောင်တိတိ)ကို ထပ်မံခံစားခွင့် ရှိသည့်အပြင် လစဉ် ချီးမြှင့်ငွေ ကျပ် ၃၀၀ (ကျပ်သုံးရာတိတိ)မှ ကျပ် ၆၀၀ (ကျပ် ခြောက်ရာတိတိ)သို့ တိုးမြှင့်ခံစားခွင့်ရှိသည်။

(ဃ) လစဉ်ချီးမြှင့်ငွေကို အသက် ၆၀ ပြည့်ပြီး ဖြစ်သော ပုဂ္ဂိုလ်မှသာ ခံစားခွင့်ရှိသည်။

(င) လစဉ် ချီးမြှင့်ငွေ ချီးမြှင့်အပ်နှင်းခြင်း ခံရကြောင်း ကြေငြာသည့်နေ့မှစ၍ ကွယ်လွန်သည်အထိ ခံစားခွင့်ရှိသည်။

(စ) လစဉ်ချီးမြှင့်ငွေအပြင် ပင်စင်လစာငွေကိုပါခံစားခွင့်ရှိသည်။ သို့ရာတွင် တာဝန်ဝတ္တရားအရ နိုင်ငံတော်၏ လစာငွေကို ရရှိသောပုဂ္ဂိုလ်သည် မိမိလစာငွေမှအပ ဤလစဉ်ချီးမြှင့်ငွေကို ခံစားခွင့် မရှိပေ။

(ဆ) နိုင်ငံတော်၏ အခြားလစဉ်ချီးမြှင့်ငွေ ခံစားခွင့် ရရှိနေသည့်ပုဂ္ဂိုလ်သည် ဤပြဋ္ဌာန်းချက်ပါ လစဉ်ချီးမြှင့်ငွေကို ခံစားခွင့်ရပါက များရာလစဉ်ချီးမြှင့်ငွေကိုသာထုတ်ယူခွင့် ရှိသည်။

(ဇ) စွမ်းရည်သတ္တိဘွဲအတွက် လစဉ်ချီးမြှင့်ငွေ ခံစားခွင့်ရရှိသည့် ပုဂ္ဂိုလ်သည် နိုင်ငံ့ဂုဏ်ရည်ဘွဲအတွက် လစဉ် ချီးမြှင့်ငွေကိုလည်း ခံစားခွင့်ရှိသည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲချီးမြှင့်အပ်နှင်းခြင်း

နိုင်ငံတော်ကောင်စီသည် အထက်တွင် ဖော်ပြထားသော အရည်အချင်းများရှိသည့် ပုဂ္ဂိုလ်များကို နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းနိုင်ခွင့် ရှိသည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့၏ အဆင့်

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ အဆင့်သည် ဇာနည်ဘွဲ့ထက် နိမ့်ပြီး အောင်ဆန်းသူရိယဘွဲ့ထက် မြင့်ပေသည်။

နိုင်ငံရေး ပင်စင် ဥပဒေတွင် အခန်း ခြောက် ခန်း နှင့် နောက်ဆက်တွဲဇယားနှစ်ခု ပါဝင်သည်။ အခန်းတစ်သည် ဥပဒေ၏အမည်၊အာဏာတည်သည့်နေ့နှင့် ဥပဒေပါ စကားရပ်အချို့၏အဓိပ္ပာယ်ဖော်ပြချက်ဖြစ်သည်။

အခန်းနှစ်တွင် ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့မှ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့အထိ ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း စတင်ခေါင်းဆောင်သည့် အစိုးရအဖွဲ့၊ တိုင်းပြည်ပြုလုပ်တော်၊ ပါလီမန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းရေးရာဌာနတို့တွင်ပါဝင်ခဲ့သောပုဂ္ဂိုလ်များနှင့် ယင်းတို့ခံစားခွင့်ရှိသည့် နိုင်ငံရေးလစဉ်ပင်စင်များကိုဖော်ပြထားသည်။

အခန်းသုံးတွင် ၁၉၆၂ ခုနှစ်မတ်လ ၂ ရက်နေ့မှ ၁၉၇၄ ခုနှစ်မတ်လ ၂ ရက်နေ့အထိကာလနှင့် ၁၉၇၄ ခုနှစ်မတ်လ ၂ ရက်နေ့မှ စတင်သည့်ကာလတို့အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ တော်လှန်ရေးအစိုးရ၊ ပြည်နယ်ဦးစီးအဖွဲ့များနှင့်ချင်းရေးရာဦးစီးအဖွဲ့တို့တွင် ပါဝင်ခဲ့သောပုဂ္ဂိုလ်များနှင့် ယင်းတို့ ခံစားခွင့်ရှိသည့် နိုင်ငံရေးလစဉ်ပင်စင်များကိုလည်းကောင်း၊ပြည်သူ့လွှတ်တော်၊နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများတွင်ပါဝင်ကြသောပုဂ္ဂိုလ်များနှင့် ယင်းတို့ ခံစားခွင့်ရှိသည့် နိုင်ငံရေးလစဉ် ပင်စင်များကို လည်းကောင်း ဖော်ပြထားသည်။

အခန်းလေးတွင်မူ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ အမြုတေပါတီကာလတွင် တာဝန်ထမ်းဆောင် ခဲ့ကြသော ပုဂ္ဂိုလ်များနှင့် ယင်းတို့ခံစားခွင့်ရှိသည့် နိုင်ငံရေးလစဉ်ပင်စင်များ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ပြည်သူ့ပါတီကာလတွင် တာဝန်ထမ်းဆောင်ကြသော ပုဂ္ဂိုလ်များနှင့် ယင်းတို့ခံစားခွင့်ရှိသည့် နိုင်ငံရေးလစဉ်ပင်စင်များ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ဦးဆောင်မှုဖြင့်ဖွဲ့စည်းထားသည့် ပြည်သူ့တောင်သူ လယ်သမားကောင်စီ ဗဟို အလုပ် အမှုဆောင်ကော်မတီ၊ တောင်သူလယ်သမားအစည်းအရုံး ဗဟို အလုပ်အမှုဆောင်ကော်မတီ၊ပြည်သူ့အလုပ်သမားကောင်စီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ အလုပ်သမား အစည်းအရုံးဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ လမ်းစဉ်လူငယ်အဖွဲ့အစည်း၊ စည်းရုံးရေးဗဟိုကော်မတီ စသည့်နိုင်ငံရေးအဖွဲ့အစည်းတို့တွင်တာဝန်ထမ်းဆောင်ကြသော ပုဂ္ဂိုလ်များနှင့် ယင်းတို့ခံစားခွင့်ရှိသည့် နိုင်ငံရေးလစဉ်ပင်စင်များ ယှဉ်တွဲပါရှိသည်။

အခန်းငါးသည် နိုင်ငံရေးပင်စင်ခံစားခြင်းနှင့်သက်ဆိုင်သည့်သတ်မှတ်ချက်များဖြစ်ပြီး အခန်းခြောက်သည် အထွေထွေ ပြဋ္ဌာန်းချက်များ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း စတင်ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် နိုင်ငံရေးတာဝန်

ကြီးများကို ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များ စာရင်းကို နောက်ဆက်တွဲ ဇယား(က)တွင် ဖော်ပြထားပြီး နောက်ဆက်တွဲဇယား(ခ)တွင်မူ ပုဒ်မ ၂၁၊ ၂၂ နှင့် ၂၃ တို့တွင် အကျုံးဝင်သည့်ပြစ်မှုများပါရှိသည်။

သာမန်အားဖြင့် နိုင်ငံရေးပင်စင်ဥပဒေတွင် သတ်မှတ်ထားသည့် နိုင်ငံရေးတာဝန်များ၌ စုစုပေါင်း လေးနှစ်ပြည့်အောင်တာဝန်ထမ်းဆောင်ခဲ့ဖူးမှသာ နိုင်ငံရေးလစဉ်ပင်စင်ကိုခံစားခွင့်ရရှိကြမည်ဖြစ်သည်။ သို့သော် နိုင်ငံရေးတာဝန်ထမ်းဆောင်နေစဉ်ကာလတွင် တာဝန်ကျပုန်စွာ ထမ်းဆောင်ခဲ့ပြီး ကျန်းမာရေးကြောင့်ဖြစ်စေ၊ထိခိုက်ဒဏ်ရာရ၍ဖြစ်စေ၊ စည်းရုံးရေးအရဖြစ်စေ တာဝန်ဆက်လက်ပေးအပ်ခြင်းမခံရလျှင်၊ သို့မဟုတ် ကွယ်လွန်ခဲ့လျှင်မူ ကာလသတ်မှတ်ချက်မရှိပဲခံစားခွင့်ရရှိကြမည်ဖြစ်လေသည်။

နိုင်ငံရေးပင်စင်ဥပဒေပါသတ်မှတ်ချက်များနှင့် ညီညွတ်သူသည် နိုင်ငံရေးလစဉ်ပင်စင်ကို အသက် ၆၀ ပြည့်မှသာ စတင်ခံစားခွင့်ရှိပြီး အသက်ထင်ရှား ရှိသည့်ကာလပတ်လုံး ခံစားခွင့်ရှိသည်။ သို့သော် အသက် ၆၀ ပြည့်ပြီးဖြစ်သော်လည်း ဝန်ထမ်းလစာတခုခု သို့မဟုတ် ချီးမြှင့်ငွေတခုခု ရရှိနေဆဲ၊ သို့မဟုတ် နိုင်ငံရေးတာဝန်တခုခု ထမ်းဆောင်နေဆဲဖြစ်လျှင်မူ ခံစားခွင့်မရှိသေးပေ။ အကယ်၍ ခံစားခွင့်ရှိသူ ကွယ်လွန်သည့်အခါတွင် ထိုသူ၏ဇနီး၊သို့မဟုတ်ခင်ပွန်းသည် ကွယ်လွန်သူခံစားခွင့်ရှိသည့် နိုင်ငံရေးပင်စင်၏ထက်ဝက်ကို အသက်ထင်ရှားရှိသည့် ကာလပတ်လုံး ခံစားခွင့်ရှိသည်။ ထို့ပြင် နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်သည် နိုင်ငံရေးပြစ်မှုများ၊ အကျင့်စာရိတ္တ ပျက်ပြားခြင်းနှင့်ပတ်သက်သောပြစ်မှုများ၊ နိုင်ငံတော်ကောင်စီက အခါအားလျော်စွာသတ်မှတ်ကြေငြာသော ပြစ်မှုများအနက် ပြစ်မှုတရပ်ရပ်ဖြင့်အပြစ်ဒဏ်စီရင်ခြင်းခံရပါက နိုင်ငံရေးပင်စင်ကိုခံစားခွင့်မရှိပေ။

နိုင်ငံရေးဆုငွေကို ၁၉၈၀ ပြည့်နှစ်နိုဝင်ဘာလ ၁ ရက်နေ့တွင် နိုင်ငံရေးတာဝန် ထမ်းဆောင်သူများနှင့် ယင်းနေ့နောက်ပိုင်းတွင် နိုင်ငံရေးတာဝန် ထမ်းဆောင်နေသူများသာခံစားခွင့်ရှိလေသည်။ ယင်းသည်လည်း နိုင်ငံရေးပင်စင်ကဲ့သို့ပင် နိုင်ငံရေးတာဝန် ထမ်းဆောင်သည့် ကာလ စုစုပေါင်းလေးနှစ်ပြည့်ရန်လိုပေသည်။ သို့သော် ကျန်းမာရေးကြောင့်ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရ၍ဖြစ်စေ၊ စည်းရုံးရေးအရဖြစ်စေ နိုင်ငံရေးတာဝန်ဆက်လက်ပေးအပ်ခြင်းမခံရသူများအတွက်မူ ကာလသတ်မှတ်ချက်မရှိပေ။ ဥပဒေပါသတ်မှတ်ချက်များနှင့်ညီညွတ်သည့်ပုဂ္ဂိုလ်များသည် နိုင်ငံရေးတာဝန်အရ သတ်မှတ်ထားသည့်လစာ၏လေးဆနှင့်ညီမျှသည့်နိုင်ငံရေးဆုငွေကို ခံစားရမည်ဖြစ်သည်။ နိုင်ငံရေးလစဉ်ပင်စင်နှင့် နိုင်ငံရေးဆုငွေကို ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစတင်ခံစားရမည်ဖြစ်လေသည်။

နိုင်ပေါ်,ဗိုအက် (ခရစ် ၁၉၃၂)။ ။ဗြိတိသျှနိုင်ငံသားအဖြစ် ခံယူထားသော အိန္ဒိယလူမျိုး စာရေးဆရာ ဗိုအက် နိုင်ပေါသည် ကရစ်ဘီယံပင်လယ်တွင်းရှိ ထရိနီဒက်ကျွန်းရှိ



စာရေးဆရာ ဗိုအက်နိုင်ပေါ

ဘုရင်မ တော်ဝင်ကောလိပ်၌ ၁၉၄၃ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ပညာသင်ခဲ့သည်။ ၁၉၅၀–၅၄ ခုနှစ်အတွင်း၌ ဗြိတိန်နိုင်ငံရှိ အောက်စဖို့တက္ကသိုလ်တွင် အင်္ဂလိပ်စာနှင့် စာပေကို အဓိကဘာသာရပ်အဖြစ် သင်ယူပြီး ဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးအဆင့်ဖြင့် ရရှိခဲ့သည်။ ၁၉၅၅ ခုနှစ်၌ ပက်ထရီရှားအန်ဟောနှင့် လက်ထပ်ခဲ့သည်။

ဗြိတိသျှစာပေဝေဖန်ရေးဆရာ ဗိုအက်ပရစ်ချတ်က နိုင်ပေါအား အင်္ဂလိပ်စာဖြင့်ရေးသော အထူးချွန်ဆုံး သက်ရှိစာရေးဆရာတဦးဖြစ်သည်ဟု ချီးကျူးသည်။

အခြားစာပေဝေဖန်ရေးသမားတဦးကမူ ဗိုအက်နိုင်ပေါအား နာမည်ကျော် စာရေးဆရာကြီး ဂျိုဆက်ကွန်ရက်နှင့် တန်းတူနိုင်းယှဉ်ထားသည်။

စာရေးဆရာ နိုင်ပေါသည် ကရစ်ဘီယံအသံ မဂ္ဂဇင်း၊ ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း (ဘီဘီစီ)၊ နယူးစတိတ်မင်း သတင်းစာ စသည်တို့၌ စာပေတာဝန်များကို ထမ်းဆောင်ခဲ့ပြီး အမေရိကန် ပြည်ထောင်စု ကွန်နက်တီကတ် ပြည်နယ်ရှိ မီးဒဲတောင်းမြို့ ဝက်စလီယံတက္ကသိုလ်၌ စာပေနှင့် ဝတ္ထုရေးနည်း ဘာသာရပ်များကိုပို့ချခဲ့သည်။ စာရေးဆရာနိုင်ပေါသည် စာပေဆုအများအပြားရရှိခဲ့သူဖြစ်သည်။



အတည်ပြုနိုင်ရေးအတွက် ပနားမား သမ္မတနိုင်ငံ တဝန်းလုံးတွင် ၁၉၇၇ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ဆန္ဒခံယူပွဲ ကျင်းပခဲ့ရာ ပနားမားနိုင်ငံ၏ အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားများ၏ ၆၆ ရာခိုင်နှုန်းက တညီတညွတ်တည်းမဲပေးခဲ့ကြသည်။

အမေရိကန်နိုင်ငံတွင်လည်း ၁၉၇၈ ခုနှစ် မတ်လ ၁၆ ရက်နေ့နှင့် ဧပြီလ ၁၈ ရက်နေ့များတွင် ယင်းတူးမြောင်း စာချုပ်သစ်အတွက် အတည်ပြုချက်ရယူရန် လွှတ်တော်တွင် ဆွေးနွေးခဲ့ကြပြီးနောက် အထက်လွှတ်တော်၌ ၆၈ မဲ ၃၂ မဲ ဖြင့် တူးမြောင်းစာချုပ်သစ်အား အတည်ပြုခဲ့သည်။ ၁၉၇၈ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် အမေရိကန်သမ္မတ ကာတာသည် ပနားမားနိုင်ငံသို့ ရောက်ရှိလာပြီး နှစ်နိုင်ငံ အတည်ပြုပြီးသော တူးမြောင်းစာချုပ်သစ်ဆိုင်ရာ စာရွက်စာတမ်းများ လဲလှယ်ပွဲ အခမ်းအနားကို ပနားမားမြို့တော်တွင် ကျင်းပသည်။ ယင်းစာချုပ်သစ်မှာ ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်သည်။ စာချုပ်သစ်၏ အကျိုးကျေးဇူးကြောင့် နှစ်ပေါင်း ၇၆ နှစ်တိုင်တိုင် အမေရိကန် ပြည်ထောင်စု၏ ချုပ်ကိုင်မှုအောက်တွင် ရှိနေခဲ့သော ပနားမား တူးမြောင်းနယ်မြေအား ယင်းနေ့တွင်ပင် ပနားမားနိုင်ငံက တာဝန်ယူပိုင်ခွင့် ရရှိခဲ့သည်။ သို့သော်လည်း ပနားမားတူးမြောင်း နယ်မြေ၏ ၄၀ ရာခိုင်နှုန်းသည် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အမေရိကန်ပြည်ထောင်စု၏ လက်တွင်းဥပဒေ ရှိနေဦးမည်ဖြစ်သည်။ ယင်းနေ့တွင်ပင် အမေရိကန်ပြည်ထောင်စုက ပနားမားနိုင်ငံအား တူးမြောင်းနယ်မြေရှိ အဆောက်အအုံနှင့် ပစ္စည်းများအနက်မှ အချို့အဝက်ကို ပြန်လည်ပေးအပ်ခဲ့ရာ စစ်အခြေခံ စခန်း ၁၄ ခုအနက် ၁၁ ခု၊ ပနားမားမြို့နှင့် ကိုလုံးမြို့များသို့ ဆက်သွယ်ထားသော

ပနားမား သမ္မတနိုင်ငံ။ ။ပနားမား သမ္မတနိုင်ငံ အတွက် အဓိက ရင်ဆိုင်ဖြေရှင်းခဲ့ရသော ပြဿနာမှာ ပနားမားတူးမြောင်း ပြဿနာပင် ဖြစ်သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ၁၃ နှစ်ကြာမျှ အမေရိကန် သမ္မတလေးဆက်ဖြေရှင်းခဲ့ရသော ပနားမားတူးမြောင်း ပြဿနာသည် ၁၉၇၇ ခုနှစ် ဩဂုတ်လတွင် တူးမြောင်းနှင့် စပ်လျဉ်းသည့် စာချုပ်သစ်ကို နှစ်နိုင်ငံ လက်မှတ်ရေးထိုး နိုင်ခဲ့သည်အထိ အောင်မြင်မှု ရရှိခဲ့သည်။ အမေရိကန် ပြည်ထောင်စုသည် တူးမြောင်းအား ပနားမားနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးပြီးသည့်နောက်ပိုင်းတွင် ပနားမားတူးမြောင်း၏ ကြားနေမှုကို ကာကွယ်ပိုင်ခွင့် ရှိစေရမည်။ တူးမြောင်းနှင့် တူးမြောင်းနယ်မြေအတွင်းရှိ အဆောက်အအုံပစ္စည်းကိရိယာများကို ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်အထိ တဖြည်းဖြည်းလွှဲပြောင်း ပေးသွားမည်။ ပနားမားတူးမြောင်း ကုမ္ပဏီကို အမေရိကန်နိုင်ငံသား ငါးဦးနှင့် ပနားမားနိုင်ငံသားလေးဦး ပါဝင်သော အဖွဲ့ဖြင့် အစားထိုးကာ ၁၉၈၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ အုပ်ချုပ်သွားမည် ဖြစ်ပြီး အုပ်ချုပ်ရေးမှူးအဖြစ် အမေရိကန် နိုင်ငံသားကလည်းကောင်း၊ ဒုတိယ အုပ်ချုပ်ရေးမှူးအဖြစ် ပနားမားနိုင်ငံသားကလည်းကောင်း တာဝန်ယူထမ်းဆောင်ရမည် ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ ယင်းအုပ်ချုပ်ရေးအဖွဲ့တွင် အမေရိကန် နိုင်ငံသားလေးဦးနှင့် ပနားမားနိုင်ငံသား ငါးဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး အုပ်ချုပ်ရေးမှူးအဖြစ် ပနားမားနိုင်ငံသားကလည်းကောင်း၊ ဒုတိယ အုပ်ချုပ်ရေးမှူးအဖြစ် အမေရိကန်နိုင်ငံသားကလည်းကောင်း ပြောင်းလဲတာဝန်ယူ ထမ်းဆောင်ကြရမည်ဖြစ်သည်။

အမေရိကန် စစ်သင်္ဘောများသည် တူးမြောင်းကို အမြဲတမ်း သုံးနိုင်ခွင့်ရှိပြီး တူးမြောင်းလုံခြုံရေးကို ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်အထိ ၂၃ နှစ်ဆက်၍ တာဝန်ယူသွားရမည်စသော အဓိက အချက်များ ပါဝင်သည့် စာချုပ်သစ်အား

အကျယ်အဝန်း။	။၂၉,၃၀၆ စတုရန်းမိုင်
လူဦးရေ။	။၁,၉၃၅,၀၀၀ (၁၉၈၀)
မြို့တော်။	။ပနားမားမြို့

မီးရထားလမ်း၊ ခရစ်တိုဘောနှင့် ဗဲလဗိုအာ ဆိပ်ကမ်းများ၊ တူးမြောင်း၏ သဘော်ဘကျင်းများနှင့် အယ်ဗရုန့်ဒ် ဖရန့်ဖီး ဒေသများရှိ လေယာဉ်ကွင်းများ ပါဝင်လေသည်။

ပနားမားတူးမြောင်း စာချုပ်ပါ အချက်အလက်များအရ ယခင်ပနားမားတူးမြောင်း ကုမ္ပဏီအစား ပနားမားတူးမြောင်း ကော်မရှင်အသစ် ဖွဲ့စည်းရာ တူးမြောင်းကော်မရှင် အုပ်ချုပ်ရေးမှူးအဖြစ် အမေရိကန်နိုင်ငံသား ဒုတိယ ဗိုလ်ချုပ်ကြီး ဒင်းနစ်မက်အောလစ်အား သမ္မတကဘာကာက ခန့်အပ်ခဲ့လေသည်။

ယင်းပနားမားတူးမြောင်း စာချုပ်သစ်တွင် ပါဝင်သော သဘောတူညီချက်များအရ မူလတူးမြောင်းအစား ရေပြင်ညီ တူးမြောင်းသစ်ဖောက်လုပ်ရန် ဂျပန်နိုင်ငံနှင့် ဆွေးနွေးခဲ့လေသည်။ ပနားမားနိုင်ငံ သမ္မတရှိယို၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံမှ စီးပွားရေးမစ်ရှင်အဖွဲ့သည် ၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလ ၂၈ ရက်နေ့မှ ဖေဖွဝါရီလ ၁ ရက်နေ့အထိ ပနားမားနိုင်ငံသို့ လာရောက်ကာ ကွင်းဆင်းလေ့လာကြပြီး ဆွေးနွေးခဲ့ကြသည်။ ၁၉၈၀ ပြည့်နှစ် မတ်လတွင် ပနားမား သမ္မတ ရှိယိုသည် ဂျပန်နိုင်ငံသို့ သွားရောက်ပြီး ရေပြင်ညီတူးမြောင်းသစ် ဖောက်လုပ်ရေးအတွက် ဂျပန်ဝန်ကြီးချုပ် အိုဟီရာနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ဂျပန်နိုင်ငံကလည်း လိုအပ်သော ငွေကြေးပစ္စည်း အထောက်အပံ့များပေးရန် ကတိပြုခဲ့သည်။ သို့သော်လည်း ၁၉၈၀ ပြည့်နှစ်အတွင်း ဂျပန်နိုင်ငံ အစိုးရဒုဖွဲ့ အပြောင်းအလဲကြောင့် ပနားမားတူးမြောင်းသစ် ဖောက်လုပ်ရေးလုပ်ငန်းမှာ ထူးခြားတိုးတက်လာမှု မရှိသေးချေ။

အီရန်နိုင်ငံမှ ထွက်ခွာခဲ့သော ရှားဘုရင်သည် အမေရိကန်နိုင်ငံမှတဆင့် ပနားမားနိုင်ငံသို့ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရောက်ရှိလာသည်။ ပနားမားနိုင်ငံက လူမှုရေးသက်သက်ဖြင့် ရှားဘုရင်အား ဖိတ်ခေါ်ခြင်းဖြစ်ပြီး ရှားဘုရင်ကလည်း ပနားမားနိုင်ငံ ပစိဖိတ်သမုဒ္ဒရာ ကမ်းခြေအနီးရှိ ကွန်တာဒိုရာကျွန်းတွင် သုံးလကြာ နေထိုင်သွားခဲ့ပေသည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အီရန်တော်လှန်ရေးကောင်စီက ရှားဘုရင်အား အီရန်နိုင်ငံသို့အမြန်ဆုံး ပြန်အပ်ရန် ပနားမားအစိုးရထံသို့ အကြောင်းကြားခဲ့သည်။ ထို့နောက် အီရန်အစိုးရသည် ပနားမားနိုင်ငံသို့ ရေနံတင်ပို့မှုကို လျှော့ချလိုက်ပြီး ပနားမားနိုင်ငံသို့ ရေနံပို့မို့ တင်ပို့ရန် နှစ်နိုင်ငံ သဘောတူညီမှု ဆွေးနွေးပွဲများကိုလည်း ရပ်စဲခဲ့လေသည်။

ပရမ်တင်ဆူလာန္ဒန်ဒါ။ (ခရစ် ၁၉၂၀)။ ။ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရမ်တင်ဆူလာန္ဒန်ဒါကို အဖလှမ်ဝိနစ်တန့်စာဂမ်နှင့် အမိ အော့တင်ဆူလာန္ဒန်ဒါမှ ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် မွေးဖွားသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်သူဖြစ်ပြီး ၁၉၃၅ ခုနှစ်တွင် စွန်ကလာ မဟာဝါဇီယဝတ် အလယ်တန်းကျောင်း၌ လည်းကောင်း၊ ၁၉၃၇ ခုနှစ်တွင် ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ရှိ စူအန်ကူလဗ် အထက်တန်းကျောင်းတွင် လည်းကောင်း၊ ၁၉၄၁ ခုနှစ်တွင် ထိုင်း တော်ဝင်စစ်တက္ကသိုလ်၌ လည်းကောင်း ပညာသင်ကြားခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ဒုတိယ ဗိုလ်အဆင့်မှ ဗိုလ်ရာထူးသို့ တိုးမြှင့်ခန့်အပ်ခြင်း ခံရသည်။ ထို့နောက် ၁၉၄၇ ခုနှစ်တွင် ထိုင်းတော်ဝင် စစ်တက္ကသိုလ်မြင်းတပ်ကျောင်း၊ ၁၉၅၂–၅၃ ခုနှစ်များတွင် အမေရိကန်ပြည်ထောင်စု ကြည်းတပ် လက်နက်ပစ္စည်း ကျောင်း စသည်တို့တွင် စစ်သင်ကြားခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံတို့၏ စစ်ရေးစစ်ရာ အကြောင်းအရာ အသီးသီးကို လေ့လာကာ ထိုင်းကြည်းတပ်မတော်စစ်ကောလိပ်နှင့် အမျိုးသားကာကွယ်ရေး ကောလိပ်တို့တွင် ဆက်လက်ပညာ သင်ကြားခဲ့လေသည်။

ပရမ်တင် ဆူလာန္ဒန်ဒါသည် ၁၉၄၁ ခုနှစ်တွင် သံချပ်ကာ ကားတပ်ရင်းတွင် တာဝန်ထမ်းဆောင်သည်။ ၁၉၄၆ ခုနှစ်တွင် သံချပ်ကာကား တပ်ရင်းမှူးအဖြစ်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် မြင်းတပ်ရင်းမှူးအဖြစ်လည်းကောင်း၊

နာမည်ကျော် ပနားမား တူးမြောင်းကြီး



ပါကစ္စတန်နိုင်ငံ။ ။ဆိုဗီယက်ပြည်ထောင်စုသည် အာဖဂန်စတန်နိုင်ငံအား စစ်ရေးအရ ကျူးကျော်ဝင်ရောက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ပြဿနာများကို ကာကွယ်ရန် ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံသို့ ဒေါ်လာသန်းပေါင်း ၄၀၀ ခန့် စီးပွားရေး စစ်ရေးအကူအညီများကို ပေးကမ်းရန် အဆိုပြုခဲ့သည်။ ယင်းကမ်းလှမ်းချက်ကို ပါကစ္စတန်နိုင်ငံ သမ္မတဇီယာ အူလဟတ်ကမတ်လ ၅ ရက်၌ ပယ်ချခဲ့သည်။ သို့သော် အာဖဂန်စတန်နိုင်ငံရေး အကျပ်အတည်းကြောင့် ပါကစ္စတန်–အမေရိကန် ဆက်ဆံရေးသည် ၁၉၇၀ ပြည့်နှစ် ဇွန်လမှစ၍ တဖြည်းဖြည်း တိုးတက်ကောင်းမွန် လာခဲ့လေသည်။

ဆိုဗီယက်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံ၏ အိမ်နီးချင်းလည်းဖြစ် အစွယ်လာမ်နိုင်ငံ တနိုင်ငံလည်းဖြစ်သော နိုင်ငံတနိုင်ငံအား ဝင်ရောက်ကျူးကျော်ခဲ့သည်ဟုပါကစ္စတန် အစိုးရက ယူဆထားသည်။ ထို့ကြောင့် အာဖဂန်စတန် ပြဿနာကို အခြေခံမူကြီးလေးရပ်ဖြင့် ဖြေရှင်းရန်လိုအပ်သည်ဟု ပါကစ္စတန်အစိုးရက ယုံကြည်သည်။ ယင်းအခြေခံမူလေးရပ်တွင် အာဖဂန်စတန်မှ ဆိုဗီယက် စစ်တပ်များ ရုပ်သိမ်းရန် အာဖဂန်စတန်၏ ဘက်မလိုက် မူဝါဒကို ဆက်လက်ကျင့်သုံးရန်၊ အာဖဂန်ပြည်သူတို့သည် မိမိစိတ်ကြိုက်အစိုးရကို ရွေးချယ်တင်မြှောက်ရန်နှင့် ပါကစ္စတန်ပြည်တွင်းသို့ ဝင်ရောက်ခဲ့သော အာဖဂန်စတန်စစ်ပြေးများအား အဆောတလျင် ပြန်လည်ပေးပို့စေရန်တို့ဖြစ်သည်။ ထို့ပြင် အာဖဂန်စတန် နိုင်ငံအား ပြင်ပမှ ကျူးကျော်မှုများကို ကာကွယ်ရန် ယင်းနိုင်ငံအတွင်း၌ နိုင်ငံတကာ ငြိမ်းချမ်းရေးတပ်ဖွဲ့များ တပ်စွဲထားရန်အဆိုပြုချက်တရပ်ကိုလည်း ပါကစ္စတန်သမ္မတက တင်ပြခဲ့သည်။





ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရမ်တင် ဆူလာနွန်ဒါ

ဒုတ္တဂာဒီစစ်နယ်မြေ တပ်ရင်းမှူး အဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် သံချပ်ကာကားတပ်နှင့် မြင်းတပ်ရင်းမှူး အဖြစ်လည်းကောင်း၊ ၁၉၅၅ခုနှစ်တွင် စစ်လက်နက်ကျောင်း ဗျူဟာဌာနသင်တန်းမှူးချုပ် အဖြစ်လည်းကောင်း၊ ၁၉၅၈ ခုနှစ်တွင် စစ်လက်နက်ကျောင်းအုပ်ချုပ်သော ဗိုလ်မှူးကြီး အဖြစ်လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ဗဟိုမြင်းတပ် ဒုတိယ ဦးစီးချုပ် အဖြစ်လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ဗဟိုမြင်းတပ် ဦးစီးချုပ်အဖြစ် လည်းကောင်း၊ဆာရာဘူရီတပ်နယ်မြေ တပ်ရင်းမှူးအဖြစ် လည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် ဒုတိယတပ်နယ်မြေဒေသဒုတိယတပ်မှူးအဖြစ်လည်းကောင်း၊၁၉၇၄ ခုနှစ်တွင် တပ်မှူးအဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် လက်ထောက် စစ်သေနာပတိအဖြစ်လည်းကောင်း၊ ၁၉၇၈ ခုနှစ်တွင် စစ်သေနာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့လေသည်။ထိုနောက်စစ်သေနာပတိနှင့်ပြည်တွင်းလုံခြုံရေး ညှိနှိုင်းကြားရေးမှူး (စစ်ဆင်ရေး) အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဗိုလ်ချုပ်ကြီး ပရမ်တင်ဆူလာနွန်ဒါသည် ၁၉၅၉ ခုနှစ်တွင် အခြေခံဥပဒေကြမ်း ရေးဆွဲရေးအဖွဲ့ဝင်၊ ၁၉၆၈ ခုနှစ်တွင် အထက်လွှတ်တော်အမတ်၊၁၉၇၃ ခုနှစ်တွင် အမျိုးသားလွှတ်တော်အဖွဲ့ဝင်၊ ၁၉၇၇ ခုနှစ်တွင် အမျိုးသားပေါ်လစီရေးရာ ကောင်စီဝင်၊ ပြည်ထဲရေးဌာန ဒုတိယဝန်ကြီး၊ ၁၉၇၉ ခုနှစ်တွင် ကာကွယ်ရေး ဝန်ကြီးဌာနဝန်ကြီး စသည်ဖြင့် နိုင်ငံရေးတာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။

ပါကစ္စတန်နိုင်ငံနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံတို့၏ ဆက်ဆံရေးသည် ၁၉၆၀ ပြည့်နှစ်တွင် ပိုမိုကောင်းမွန်လာခဲ့သည်။ ပါကစ္စတန်သမ္မတသည် မေလ ၂ ရက်နေ့မှ ၆ ရက်အထိ တရုတ်ပြည်သူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ပါကစ္စတန်၊ တရုတ် ချစ်ကြည်ရေးသည် အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံကြောင်း ပါကစ္စတန်သမ္မတ ဇီယာအူလဟတ်က ထုတ်ဖော်ကြေငြာခဲ့သည်။ တရုတ်ပြည်သူသမ္မတနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဟုမ်ဟွာသည် အဆင့်မြင့်နိုင်ငံရေးညှိနှိုင်းမှုများ ဆောင်ရွက်ရန် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။

၁၉၆၀ ပြည့်နှစ် ဧပြီလတွင် ပါကစ္စတန်နိုင်ငံသည် ခေတ်မီ ရေငုပ်သင်္ဘောနှစ်စင်းကို တရုတ်ပြည်သူသမ္မတနိုင်ငံမှ ဝယ်ယူခဲ့သည်။ မေလတွင် ပါကစ္စတန်နှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံသည် သိပ္ပံရေးရာနှင့် နည်းစနစ်အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေး တတိယမြောက်စာချုပ်ကို ချုပ်ဆိုခဲ့သည်။ ဩဂုတ်လတွင် ယင်းနှစ်နိုင်ငံသည် ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အကောင်အထည်ဖော်မှုအစီအစဉ် တရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

နိုဝင်ဘာလတွင် ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒေါ်မြို့မှ မိုင် ၇၀ ကွာဝေးသော ကမ်မဆာမြို့တွင် တရုတ် အကူအညီဖြင့် အက်ဖ ၆ လေယာဉ်တပ်ဆင်ရေး စက်ရုံတခုဖွင့်လှစ်ခဲ့သည်။

ဧပြီလ ၁၁ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် နှစ်နိုင်ငံကုန်စည်ဖလှယ်ရေး သဘောတူ စာချုပ်တရပ်ကို မော်စကိုမြို့တော်တွင် ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်အရ ဒေါ်လာ ၂၀ သန်းခွဲတန် မိမိစိတ်ကြိုက် ကုန်ပစ္စည်းများ လဲလှယ်ရယူနိုင်ခွင့်ရှိမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံနှင့် လစ်ဗျနိုင်ငံတို့၏ ဆက်ဆံရေးသည် သိပ္ပံနှင့် နည်းစနစ်အတတ်ပညာ ပူးပေါင်း ဆောင်ရွက်မှု နှစ်နိုင်ငံသဘောတူ စာချုပ်တရပ်ကို ချုပ်ဆိုနိုင်ခြင်းဖြင့် ဆက်ဆံရေး ပိုမိုကောင်းမွန် လာခဲ့သည်။ ယင်းစာချုပ်ကို မေ ၂၁ ရက်တွင် ချုပ်ဆိုခဲ့သည်။

ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် ၁၉၆၀ ပြည့်နှစ်အတွင်း၌ တိုးတက်မှုမရှိခဲ့ပေ။ ဇူလိုင် ၁၆ ရက်၌ နယူးဒေလီမြို့တော်၌ ကျင်းပခဲ့သော ပါကစ္စတန်အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးများ၏ နှစ်ရက်ကြာ ဆွေးနွေးပွဲမှာလည်း အောင်မြင်မှုမရခဲ့ပေ။

ပါကစ္စတန်အစိုးရသည် ဗီယက်နမ်နိုင်ငံဟနွိုင်မြို့တော်ရှိ ပါကစ္စတန် သံရုံးအား စီးပွားရေးအကြောင်း ပြချက်ဖြင့် ပိတ်လိုက်ရကြောင်းဖြင့် ပါကစ္စတန်ရေဒီယိုက ဧပြီ ၁၁ ရက်၌ ကြေငြာခဲ့သည်။

အကျယ်အဝန်း။	။၃၇၂,၇၅၀ စတုရန်းမိုင်
လူဦးရေ။	။၈၂,၃၅၀,၀၀၀ (၁၉၆၀)
မြို့တော်။	။အစ္စလာမ်မာဗတ်မြို့

ပါကစ္စတန်နိုင်ငံသည် ပြည်တွင်းမှရရှိသော သဘာဝယူရေနီယံဓာတ်အားကို အခြေခံ၍ ကိုယ်ပိုင် နျူးကလီးယားလောင်စာထုတ်လုပ်နိုင်ပြီဖြစ်သည်။ ထို့ကြောင့် အမေရိကန်၊ အိန္ဒိယနှင့် အခြားနိုင်ငံအချို့က ပါကစ္စတန်နိုင်ငံသည် ယူရေနီယံဓာတ်သတ္တုကို အခြေခံ၍အနုမြူဗုံးများ ထုတ်လုပ်သည့်အဆင့်သို့ ရောက်ရှိလာမည်ကို စိုးရိမ်ကြောင်းထုတ်ဖော်ပြော ကြားခဲ့ကြသည်။ ယင်း ရည်ရွယ်ချက်များမရှိကြောင်းကို ပါကစ္စတန်နိုင်ငံက ထပ်ဖန်တလဲလဲ ငြင်းဆိုခဲ့လေသည်။

စက်တင်ဘာလ ၂၆ ရက်တွင် ရာဝါပင်ဒီမြို့၌ နိုင်ငံခြား သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပါကစ္စတန်သမ္မတ ဇီယာအူလဟတ်က မိမိသည် ဆောလျင်စွာရွေးကောက်ပွဲပြုလုပ်ရေး အစီအစဉ်ကို ရုပ်သိမ်းခဲ့သည်သာမက အနာဂတ်တွင် စစ်အုပ်ချုပ်ရေးဆက်လက်ထားရှိရန်ပါ စီစဉ်ထားကြောင်း ဖွင့်လှစ်ပြောကြားခဲ့သည်။ ပါကစ္စတန်သမ္မတသည် အထွေထွေရွေးကောက်ပွဲကို ဖျက်သိမ်းပစ်ခဲ့သည်သာမက ပြည်တွင်းရှိ နိုင်ငံရေးပါတီများကိုပါ မတရားသင်းကြေငြာခဲ့လေသည်။

၁၉၇၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံ စစ်ပွဲအပြီးတွင် ရာထူးမှနုတ်ထွက်ခဲ့ရသော ပါကစ္စတန်သမ္မတဟောင်း ဗိုလ်ချုပ်ကြီး ယာယာခန် (၆၃)နှစ်သည် ဩဂုတ်လ ၈ ရက်၌ ကွယ်လွန်သည်။

ပိယာဂျေး,ယွန်း (ခရစ် ၁၈၉၆–၁၉၇၀)။ ။ဖွံ့ဖြိုးမှုစိတ်ပညာရှင် ပိယာဂျေးကို ခရစ် ၁၈၉၆ ခုနှစ်တွင် ဆွစ်ဇာလန်ပြည် နယူးခဲျတယ်အရပ်၌ မွေးဖွားခဲ့သည်။ အသက် ၂၂ နှစ်အရွယ်တွင် သတ္တဗေဒဘာသာရပ် ပါရဂူဘွဲ့ကို နယူးခဲျတယ် တက္ကသိုလ်မှ ရရှိခဲ့သည်။ အသက် ၂၄ နှစ်အရွယ်တွင် ကလေးတို့၏ ဉာဏ်ရည်ဖွံ့ဖြိုးခြင်း အကြောင်းများကို ရှေးဦးစွာလေ့လာမှုများ ပြုလုပ်ခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် နယူးခဲျတယ်တက္ကသိုလ်၌ ဒဿနိက ပါမောက္ခ အဖြစ်လည်းကောင်း၊ ၁၉၂၉ ခုနှစ်တွင် ဂျီနီဗာတက္ကသိုလ်၌ သိပ္ပံနည်းကျ စဉ်းစားခြင်းပညာရပ် ပါမောက္ခ အဖြစ်လည်းကောင်း ခန့်ထားခြင်း ခံရလေသည်။

ပိယာဂျေးသည် အလွန်ထင်ရှားသောဖွံ့ဖြိုးမှုစိတ်ပညာရှင်များတွင် တဦးအပါအဝင် ဖြစ်သည်။ အသက် ၃၀ အရွယ်ကပင် ဥရောပတိုက်၌ သူ၏ကလေးတို့၏ အသိဉာဏ်



ပုံ့.ပြုံးမှု စိတ်ပညာရှင် ယွန်းပီယာဂျေး

ဆိုင်ရာ အယူအဆသစ်သည် လွှန်စွာထင်ရှားခဲ့သည်။ဟားဗတ် တက္ကသိုလ်မှ စိတ်ပညာရှင် ဂျီရွိုးကောဂင် (၁၉၇၀)က ပီယာဂျေးသည် ၂၀ ရာစုနှစ်တွင် သြဇာအလွှမ်းမိုးဆုံးသော ပုံ့ပြုံးမှုစိတ်ပညာရှင်တဦးဖြစ်သည်ဟု ချီးကျူးခဲ့လေသည်။

ပီယာဂျေးသည် ကျောင်ကြားမှုကို မလိုလားသော လူတည် လူအေးတယောက်ဖြစ်သည်။ ဂျီနီဗာတက္ကသိုလ်ဝင်းထဲ၌ကက်ဦးထုပ်အပြားကလေးကိုဆောင်း၍ရေမြူပ်ဆေးတံကောက်ကြီးကိုခဲကာ စက်ဘီးတစီးနှင့်သွားလာလှုပ်ရှားနေတတ်သော ပါမောက္ခပီယာဂျေးသည် တခါတရံ ကလေးများ ဂေါ်လီ ရိုက်နေသည်ကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုနေတတ်သည်။ လူကြီးများနှင့် ဆက်ဆံ ရာတွင် ဟက်ဟက်ပက်ပက် မရှိသလောက် အသက် လေး၊ ငါး၊ ခြောက်နှစ်အရွယ် ကလေးများနှင့်မူ ရင်းနှီးစွာ ဆက်ဆံတတ်သူဖြစ်သည်။ ပီယာဂျေးက ကလေးတို့၏ဆင်ခြင်မှုသည် လူကြီးတို့၏ ဆင်ခြင်မှုနှင့် ခြားနားပေသည်။ ကလေးတို့၏ လောကအမြင်မှာလည်း လူကြီးတို့နှင့် ခြားနားချင်တိုင်း ခြားနားပေသည်ဟု တင်ပြခဲ့လေသည်။

သို့သော် ပီယာဂျေးသည် သူကိုယ်သူ စိတ်ပညာရှင်ဟုလည်းကောင်း၊ ပညာရေးပါရဂူဟုလည်းကောင်း အမည်မခံပဲ ဇာစ်မြစ်ဆိုင်ရာ သိမ္ဘဗေဒပညာရှင်ဟုသာ အမည်ခံခဲ့လေသည်။ ယင်းအဓိပ္ပာယ်မှာ သတ္တဗေဒနှင့် ဒဿနိကဗေဒပညာရှင် နှစ်မျိုးပေါင်းစပ်ထားသည့် သဘောဖြစ်၍ လူတို့ မည်သို့မည်ပုံသင်ယူသနည်းဟူသော ပြဿနာကို စိတ်ဝင်စားပေသည်။ပီယာဂျေးအလိုအရမူ လူတို့၏သင်ယူခြင်းကို ဗီဇကလည်းကောင်း၊ ပတ်ဝန်းကျင် ကလည်းကောင်း ပြဋ္ဌာန်းသည်ဟု ဆိုလေသည်။

အသိဉာဏ်ဖွံ့ဖြိုးခြင်းနှင့် ပတ်သက်၍ အဆင့် လေးဆင့် ရှိသည်ဟု ပီယာဂျေးက တင်ပြခဲ့သည်။ ယင်းတို့မှာ–

၁။ ရုပ်ဝတ္ထုပစ္စည်းများနှင့် ပတ်သက်၍ သင်ယူခြင်း (အသက် နှစ်နှစ်တဝိုက်)

၂။ သကေ်တ၊ ဘာသာစကား၊ အိပ်မက်၊ စိတ်ကူးယဉ်မှု စသည်တို့နှင့်ပတ်သက်၍ သင်ယူခြင်း (အသက် သုံးနှစ်မှ ခြောက်နှစ်အတွင်း)

၃။ ကိန်းဂဏန်းတို့နှင့်ပတ်သက်၍သင်ယူခြင်း(အသက် ခြောက်နှစ်မှ ၁၂ နှစ်အတွင်း)

၄။ ယုတ္တိရှိ ဆင်ခြင်ခြင်း (အသက် ၁၂ နှစ်မှ ၁၅ နှစ်အတွင်း)စသည်တို့ ဖြစ်လေသည်။

ပီယာဂျေးသည် အသက် ၂၀ ကျော်အရွယ်မှ စတင်၍ သုတေသနစာတမ်းနှင့် ကျမ်းပေါင်း များစွာကို ပြုစုခဲ့ရာ ထင်ရှားသော ကျမ်းအချို့မှာ –

၁။ ကလေးတို့၏ ဘာသာစကားနှင့် စဉ်းစားခြင်း (၁၉၂၆)၊

၂။ ကလေးတို့၏ ဆုံးဖြတ်ချက် ချခြင်းနှင့် ဆင်ခြင်ခြင်း(၁၉၂၇)၊

၃။ ကလေးတို့၏ လောကအမြင်(၁၉၂၉)၊

၄။ ကလေးတို့၏ ရုပ်ပိုင်း အကြောင်းတရား ဆိုင်ရာ အယူအဆ(၁၉၃၀)၊

၅။ ကလေးတို့၏ စာရိတ္တနှင့် ပတ်သက်သော ဆုံးဖြတ်ချက်(၁၉၃၂)၊

၆။ ကလေးဘဝ၏အိပ်မက်၊ အတုယူခြင်းနှင့် ကစားခြင်း (၁၉၅၁)၊

၇။ ကလေးတို့၏ အသိဉာဏ် မူလအစ(၁၉၅၂)၊

၈။ ကလေးတို့၏ ယုတ္တိဗေဒစတင်ဖွံ့ဖြိုးခြင်း (၁၉၆၄)၊

၉။ အာရုံသိမှုယန္တရား (၁၉၆၉)၊

၁၀။ စိတ်အဆောက်အအုံဝါဒ (၁၉၇၁) စသည်တို့ ဖြစ်လေသည်။

ပီရူးသမ္မတနိုင်ငံ။ ။ ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် မြို့ပြ အစောင့်တပ်ဖွဲ့၏ ပုန်ကန်မှု ဖြစ်ပွားခဲ့ပြီးနောက် ပီရူးအရှေ့တောင်ပိုင်းရှိ ကပ်ဇ်ကိုမြို့တွင် အစိုးရအဖွဲ့၏ အရေးပေါ် အခြေအနေကို ထုတ်ပြန် ခဲ့သည်။ ထို့နောက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ အာမခံချက်များကိုလည်း ခေတ္တရပ်သိမ်း ခဲ့သည်။ ဤပုန်ကန်မှုတွင် ပါဝင်သူတို့က လစာတိုးမြှင့်ပေးရန်၊ အလုပ်သမား ဆန္ဒပြမှုများ ဖြစ်အောင် လှုံ့ဆော်မှုဖြင့် ဖမ်းဆီးခြင်းခံနေရသောအစောင့် ရဲသားများကို လွှတ်ပေးရန်နှင့် မြို့ပြ အစောင့်တပ်ဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ဗိုလ်ချုပ်ကြီးဟမ်းဘာတိုပက်စာဒိုနီတို့

ပီရူးသမ္မတနိုင်ငံ



အကျယ်အဝန်း။	။၄၉၆,၂၂၂ စတုရန်းမိုင်
လူဦးရေ။	။၁၇,၂၃၀,၀၀၀ (၁၉၈၀)
မြို့တော်။	။လီမာမြို့

အေပီအာအေ ပါတီနှင့် အခြား အတိုက်အခံများက ပီရူးသမ္မတ ကျမ်းသစ္စာ ကျိန်ဆိုပွဲသို့ အာဂျင်တီးနား သမ္မတ ဗီဒယ်လာ တက်ရောက်ပါက ဆန္ဒပြရန် ခြိမ်းခြောက်ခဲ့ကြသည်။ ထို့ကြောင့် အာဂျင်တီးနား သမ္မတ ဗီဒယ်လာမှာ ပီရူး အလည်အပတ် ခရီးစဉ်ကို ဖျက်သိမ်း ခဲ့ရသည်။ အပြည်ပြည် ဆိုင်ရာ လွတ်ငြိမ်းခွင့် အသင်းကြီး ကလည်း အာဂျင်တီးနား ပြည်ပြေးနှစ်ဦးအား လီမာမြို့အနီးရှိ ပီရူး စစ် ဌာနချုပ် တခုတွင် အာဂျင်တီးနား ထောက်လှမ်းရေး သမားများကသေသည့်အထိ နှိပ်စက်ခဲ့ကြောင်းပြောကြား ခဲ့သည်။ ယင်းကိစ္စအား ပီရူး သမ္မတ ဘီလောင်ဒီက မိမိ သမ္မတရာထူး လက်ခံလျှင် လက်ခံခြင်း လွတ်တော် ဆိုင်ရာ စုံစမ်းလေ့လာရေး အဖွဲ့ဖြင့် အတိအကျ စစ်ဆေးပေးမည် ဖြစ်ကြောင်း ကတိပေးခဲ့သည်။

ပီရူးနိုင်ငံတွင် အရပ်သား အစိုးရ အုပ်ချုပ်မှု စနစ်ကို ပြန်လည်ပြုလုပ်ရန် ၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့က အတည် ပြုခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ၁၉၈၀ ပြည့်နှစ် မေလတွင် ပီရူးနိုင်ငံအထွေထွေ ရွေးကောက်ပွဲ များကို ကျင်းပ ခဲ့သည်။ မေလ ၁၈ ရက် နေ့တွင် ဖာနန်ဒိုဘီလောင်ဒီတယ်ရီအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ဇူလိုင်လ ၂၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဖရန်စစ္စကို မိုရေးဘာမူဒက်ထံမှ ရာထူးကို လွှဲပြောင်း လက်ခံဆောင် ရွက်လိုက်ခြင်းဖြင့် နှစ်ပေါင်း ၁၂ နှစ်ကြာ စိုးမိုးခဲ့သည့် စစ် အစိုးရအုပ်ချုပ်ရေးအား အဆုံးသတ် စေခဲ့သည်။ သမ္မတ ဘီလောင်ဒီ၏လက်ယာပါတီဖြစ်သော ပေါ်ပြူလာအက်ရှင်း ပါတီမှာ လွတ်တော် နှစ်ရပ်လုံးတွင်ကိုယ်စားလှယ်ဦးရေ အ များဆုံးဖြင့် ဖွဲ့စည်းလွှမ်းမိုးလာခဲ့သည်။

ဘီလောင်ဒီမှာ ၁၉၆၃ ခုနှစ်က သမ္မတအဖြစ်တက်မြှောက် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ သို့သော် သမ္မတ သက်တမ်း ခြောက်နှစ်အကုန် ၁၉၆၈ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် သမ္မတရာထူးမှ ဗိုလ်ချုပ်ကြီးဂျူအန် ဗီလပ်ကို အယ်ဗာရာဒိုက ဖြုတ်ချခဲ့သည်။

သမ္မတဘီလောင်ဒီမှာ အသက် ၆၈ နှစ်ရှိပြီး ဗီသုကာ ပညာရှင်နှင့် တက္ကသိုလ်ပါမောက္ခတဦးလည်းဖြစ်သည်။

ယခင် စစ်အစိုးရလက်ထက်တွင် ဝန်ကြီးချုပ် ရာထူးနှင့် အခြား ဝန်ကြီးဌာနများကို တာဝန်ယူခဲ့ရသူ ဗိုလ်ချုပ်ကြီး ပီဒဂိုရစ်ချိတာပရာဒါအား အစိုးရအဖွဲ့သစ်တွင် ဒုတိယကာကွယ်ရေး ဦးစီးချုပ်များ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။

သမ္မတဘီလောင်ဒီ၏ ဆောင်ရွက်ချက်များကိုအကောင်အထည် ဖော်သည့်အနေဖြင့် အစိုးရသစ်သည် ၁၉၇၄ ခုနှစ်က သိမ်းပိုက်ထားခဲ့သော သတင်းစာတိုက် ခုနစ်တိုက်အား ယခင် ထုတ်ဝေသူများနှင့်အယ်ဒီတာများထံ ဇူလိုင်လ ၂၉ ရက်နေ့ကပြန်လည်ပေးအပ်ခဲ့လေသည်။

အား ရာထူးမှနုတ်ထွက်ပေးရန်စသည်တို့ကို တောင်းဆိုခဲ့ ကြလေသည်။

အလုပ်သမား အဲ့ကြွမှု များသည် သမ္မတ ကျမ်းသစ္စာ ကျိန်ဆိုပွဲကျင်းပသည့် ဇူလိုင်လအထိ ဆက်လက် ဖြစ်ပွားခဲ့ သည်။ ဆန္ဒပြ တယ်လီဖုန်း အလုပ်သမား ၁၀ ဦးတို့သည် ဖေဖွဲ့ရီလ ၈ ရက် နေ့တွင် လီမာမြို့တော်ရှိ စပိန် သံရုံး ကို သိမ်းပိုက်ခဲ့ကြသည်။ ယင်းတို့က အစိုးရသည် မိမိတို့၏ လစာ တိုး ပေး ရေး တောင်း ခံ ချက် များ ကို အလေးမူ ဆောင်ရွက်သည့်တိုင် သံရုံးအတွင်းမှ ထွက်ခွာမည် မဟုတ် ကြောင်း ပြောကြားခဲ့သည်။ သို့သော်ဖေဖွဲ့ရီလ ၁၂ ရက် နေ့တွင် သံရုံးအတွင်းရှိ ဆန္ဒပြသမား ခြောက်ဦးအား ပုလိပ် တပ်ဖွဲ့က အကြမ်းမဖက်ပဲ ဖယ်ရှားနိုင်ခဲ့သည်။

ဆိုဗီယက် ပြည်ထောင်စုသည် ပီရူး နိုင်ငံ သို့ ဒေါ်လာ သန်းပေါင်း ၃၀၀ ချေးပြီး ယင်း ချေးငွေဖြင့် အကြီးစား လျှပ်စစ်စီမံကိန်းတခုကို တည်ဆောက်ရန် သဘောတူခဲ့ကြ သည်။ ဤစီမံကိန်းကို သမ္မတသစ် ဘီလောင်ဒီ ရာထူး လက်ခံ ယူပြီးနောက် အတည် ပြုမည် ဖြစ်သည်။ အဆိုပါ စီမံကိန်းမှာ တောင်အမေရိက တိုက်တွင် အကြီးဆုံးဖြစ်၍ နိုင်ငံ၏ အ ရှေ့ မြောက်ဘက်ရှိ အမေဇုံ မြစ်ဝှမ်းမှ ရေကို ခြောက်သွေ့သော ပီရူး နိုင်ငံ မြောက်ပိုင်း ကမ်းရိုးတန်းသို့ သွယ်ယူရန် ဥမင်လိုဏ်ခေါင်းတခု တည်ဆောက်ခြင်းလည်း ပါဝင်သည်။ စီမံကိန်းကြီး တခုလုံး ပြီးစီးရန် ၁၅ နှစ်ကြာ ပြီး ဒေါ်လာသန်း ၁,၀၀၀ ကုန်ကျမည်ဖြစ်သည်။

ပီလောပီနံ့။ ။ပီလောပီနံ့ပင်သည် နှစ်ရှည်ခံ အပင်ပုမျိုးဖြစ်သည်။ အနိမ့်ဆုံး အပင်သည် နှစ်မီတာခန့် ရှိပြီး အမြင့်ဆုံးအပင်သည် လေးမီတာခန့် ရှိတတ်သည်။ ပီလောပီနံ့အပင်၏ မူလစိုက်ပျိုးရာ ဒေသသည် တောင်အမေရိကတိုက် အလယ်ပိုင်း အပူပိုင်းဒေသဖြစ်သည်။ အသီးသည် မျိုးစေ့သုံးစေ့ ပါဝင်ပြီး တြိဂံပုံသဏ္ဌာန်ရှိသည်။ပီလောပီနံ့ကို စိုက်ပျိုးရာတွင် မျိုးစေ့ကို စိုက်ပျိုးခြင်းထက် သက်ရင့်ပင်စည်ကို စိုက်ခြင်းက ဉအထွက်နှုန်း ပိုကောင်းသည်။ ထို့ကြောင့် ပီလောပီနံ့ စိုက်ပျိုးသူများသည် သက်တမ်းဆယ်လခန့်ရှိ ပင်စည်အောက်ပိုင်းမှ အလျား ၂၅ စင်တီမီတာခန့်ကို ဖြတ်တောက်၍ မျိုးပင်စည်အဖြစ် ခြောက်သွေ့ရာတွင် သိမ်းဆည်းလေ့ရှိသည်။ စိုက်ပျိုးသောအခါ အဆိုပါပင်စည်အား အရင်းဘက်မှ ဒသမ ၂၅ စင်တီမီတာကျော် အရှယ်ခန့် သို့မဟုတ် ၁ ဒသမ ၅၀ စင်တီမီတာအရှယ်ခန့်ကို ဖြတ်တောက်ပြီး စိုက်ပျိုးသည်။အပင်ထိပ်ဖျားမှ အောက်သို့ ၂၄ စင်တီမီတာ အကွာကျော်သော နေရာမျိုးမှ ပင်စည်ကို စိုက်ပျိုးလျှင် ကစီဓာတ် ကြွယ်ဝသော ဉမျိုးကို ဉသည်။ မျိုးပင်စည်ကို ထောင်၍ သို့မဟုတ် မြေအတွင်း အလျားလိုက်ထား၍ သို့မဟုတ် မြေနှင့် ၄၅ ဒီဂရီစောင်းသော အနေအထား ထား၍ စိုက်ပျိုးသည်။ ရေမဝပ်သောနေရာမျိုးတွင် စိုက်ရန်သင့်သည်။ စိုက်ပျိုးရာ၌လည်း မိုးနည်းသော ဒေသမျိုးတွင် မျိုးပင်စည်အား မြေတွင်အလျားလိုက်ထား၍ စိုက်ပျိုးခြင်း၊ မိုးများသော ဒေသမျိုးတွင် မျိုးပင်စည်အား တည့်မတ်စွာထား၍ စိုက်ပျိုးခြင်းနှင့် မိုးအသင့်အတင့်ရွာသော ဒေသမျိုးတွင် မျိုးပင်စည်အား မြေနှင့် ၄၅ ဒီဂရီစောင်းသော အနေအထားမျိုး ထား၍ စိုက်ပျိုးခြင်းတို့ကို ပြုသည်။ ပီလောပီနံ့ အပင်သည် မြေပြန့်နှင့် တောင်ကုန်းများတွင် စရိတ်နည်းနည်းဖြင့် စိုက်ပျိုးနိုင်သည်။ စိုက်ပျိုးရာတွင်လည်း မြေကို အထူးပြုပြင်ပေးရန် မလိုချေ။ ပီလောပီနံ့အပင်သည် ပဲတီစိမ်း၊ ပြောင်းဖူး၊ ပဲပုပ်စေ့၊ မြေပဲ၊ မတ်ပဲ၊ မုန်လာ စသော သီးနှံမျိုးတို့နှင့် သီးညှပ်စိုက်ပျိုးရန်ကောင်းသော အပင်တမျိုးဖြစ်သည်။

ပီလောပီနံ့ အပင်သည် အပူပိုင်းဒေသတွင် ရှင်သန်တတ်သော အပင်မျိုး ဖြစ်သဖြင့် ကမ္ဘာ၏ မြောက်လတ္တီတွဒ် ဒီဂရီ ၃၀ နှင့် တောင်လတ္တီတွဒ် ဒီဂရီ ၃၀ အကြားဧရိယာတွင် ဒေသတို့တွင် စိုက်ပျိုးကြသည်။ အများအပြားစိုက်သော ဒေသမှာ ကမ္ဘာ၏ မြောက်လတ္တီတွဒ် ဒီဂရီ ၂၀ နှင့် တောင်လတ္တီတွဒ် ဒီဂရီ ၂၀ အတွင်းရှိ ဒေသဖြစ်သည်။ ပီလောပီနံ့အပင်သည် အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်မှ ၂၇ ဒီဂရီစင်တီဂရိတ်အတွင်းရှိ ရာသီဥတုမျိုးဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀ မြင့်သော အပူပိုင်း မြေနိမ့်ဒေသမျိုးတို့တွင် ဉအထွက်နှုန်း အလွန်ကောင်းသည်။ မိုးနည်းသော



မြန်မာနိုင်ငံတွင် မြစ်ထွန်းကောင်မြင်နေသော ပီလောပီနံ့

ဒေသမျိုးနှင့် မိုးမမှန်သော ဒေသမျိုးတွင် စိုက်ပျိုးနိုင်သော အပင်မျိုးဖြစ်သည့် အပြင် မိုးခေါင်သည့် ဒဏ်ကိုလည်း အခြား သီးနှံများထက် ခံနိုင်ရည်ရှိသည်။ အပင်သည် ရေမရှိသော်လည်း အနည်းဆုံးနှစ်လခန့်နှင့် အများဆုံး သုံးလခန့်အထိ မသေပဲ ရှင်နေတတ်ပြီး မိုးရေရလျှင် ပြန်လည်ကြီးထွားတတ်သည်။ အပင်ရောဂါနှင့် ပိုးမွှားတို့၏ ဒဏ်ကိုလည်း အခြားသီးနှံတို့ထက်ပို၍ ခံနိုင်သည်။ ပီလောပီနံ အပင်သည် မြေရိုင်း၌ လည်းကောင်း၊ အခြားသီးနှံ အကြိမ်ကြိမ်စိုက်ပျိုးပြီး ဖြစ်သော မြေမျိုး၌လည်းကောင်း ဓာတ်မြေသြဇာမလိုပဲ စိုက်ပျိုးနိုင်သည်။

အပင် ရိတ်သိမ်းသင့်သော သက်တမ်းသည် အပင်အမျိုးအစားကို လိုက်၍ ခြားနားသည်။ ဥကို စားရန်ရည်ရွယ်လျှင် ရိတ်သိမ်းကာလမှာ စိုက်ပျိုးအပြီး ရှစ်လမှ ၁၄ လ မပြည့်မီဖြစ်သည်။ ပီလောပီနံဥသည် တစုံတခုသော အတိုင်းအတာအထိ ကြီးထွားပြီးနောက် ကစီဓာတ်ဆုတ်ယုတ်တတ်သည်။ ဥကြီးထွားချိန်သည် ကစီဓာတ်တိုးပွားချိန်နှင့် တပြိုင်တည်းဖြစ်သည်။ ကော်ထုတ်ရန် ကစီဓာတ်များများလိုလျှင် အပင်၏ သက်တမ်းအနည်းဆုံး ရှစ်လနှင့်အများဆုံး ၁၄ လ အချိန်တွင် ရိတ်သိမ်းသင့်သည်။ ပီလောပီနံဥသည် ရိတ်သိမ်းအပြီး ၄၈ နာရီအတွင်း ပုပ်ဆွေးတတ်သဖြင့် ရိတ်သိမ်းပြီးလျှင် ပြီးချင်း အပြစ်အနာအဆာ မရှိသော ဥများကိုရွေးချယ်၍ သန့်ပြန့်သော မြေနေရာ သို့မဟုတ် အအေးဓာတ်ပေးထားသော သိုလှောင်ခန်းများသို့ လျင်မြန်စွာပြောင်းရွှေ့ သိုလှောင်ပေးရသည်။ ဥအထွက်နှုန်းမှာ စိုက်ပျိုးသောအပင်၏ အမျိုးအစားကို လိုက်၍ ခြားနားမှုရှိသည်။ အချို အပူပိုင်းဒေသတွင် ရိုးရာနည်းဖြင့် စိုက်ပျိုးရာတွင် စိုက်ခင်းမြေအကျယ် တဟက်တာလျှင် ဥအလေးချိန် ငါးတန်မှ တန် ၂၀ ထွက်ခြင်းကိုလည်းကောင်း၊ ခေတ်မီနည်းဖြင့် စိုက်ပျိုးရာတွင် စိုက်ခင်းမြေအကျယ် တဟက်တာလျှင် ဥအလေးချိန် တန် ၃၀ မှ ၄၀ အထိ ထွက်ခြင်းကိုလည်းကောင်း တွေ့ရသည်။

အာရှတိုက်တွင် ပီလောပီနံ အများအပြားစိုက်သော နိုင်ငံများမှာ သီရိလင်္ကာ၊အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ပါပူးဝါးနယူးဂီးနီနိုင်ငံနှင့် တိုင်ဝမ်ကျွန်းတို့ဖြစ်သည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတွင်လည်း ၁၉၇၉–၁၉၈၀ ပြည့်နှစ်အတွင်း၌ ဒိုက်ဦးတွင် ဧက ၁၀၀၊ တွံတေးတွင် ဧက ၁၀၀ စိုက်ပျိုးပြီး ၁၉၈၀ ပြည့်နှင့် ၁၉၈၁ ခုနှစ်အတွင်း၌ ဒိုက်ဦးတွင် ဧက ၆၀၀၊ တွံတေးတွင် ဧက ၆၀၀ စိုက်ပျိုးလျက်ရှိသည်။၁၉၇၉-၁၉၈၀ ပြည့်နှစ်ကထွက်သော ပီလောပီနံဥများကို ဥဖြတ်များပြု၍ ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။ အသုံးပြုသော အပင်အမျိုးအစားမှာ ဒေသခံ အပင်မျိုးဖြစ်သည်။

ပီလောပီနံအပင်တွင် အဆိပ်အဖြစ် ပါဝင်သော ပစ္စည်းမှာ ဟိုက်ဒရိုဆိုင်းယားနစ် အက်စစ်သို့မဟုတ် ပရူးစစ် အက်စစ်ဖြစ်သည်။ ယင်းအက်စစ်တို့သည် အပင်၏အကိုင်း၊ အခက်၊ အရွက်နှင့် ဥတို့တွင် သီးခြားပစ္စည်း အဖြစ်ဖြင့် သို့မဟုတ် ဓာတုဖြစ်စဉ်အရ ဖွဲ့စည်းဖြစ်ပေါ်သော ပစ္စည်းအဖြစ်ဖြင့် ရှိတတ်သည်။ စိုက်ပျိုးရေး ပါရဂူတို့၏ သုတေသနပြုချက်အရ ပီလောပီနံဥ၌ ဟိုက်ဒရိုဆိုင်းယားနစ် အက်စစ်ပါဝင်မှုသည် စားသုံးသူအား အသက်အန္တရာယ်ဖြစ်နိုင်သည့် အတိုင်းအတာမှ အသက်အန္တရာယ် မဖြစ်နိုင်သည့် အတိုင်းအတာအထိ ပါဝင်တတ်ကြောင်း၊ လတ်ဆတ်သော ပီလောပီနံဥ တစ်ကီလိုဂရမ်လျှင်ဟိုက်ဒရိုဆိုင်းယားနစ် အက်စစ်အလေးချိန် ၂၅၀ မီလီဂရမ်ခန့် ပါဝင်တတ်ကြောင်း၊ အက်စစ်ပါဝင်မှုမှာ အပင်ကြီးထွားစဉ် ရေမလုံလောက်ခြင်း၊ ပိုတက်ဆီယမ်ဓာတ် မလုံလောက်ခြင်း၊ မြေသြဇာအလွန်ညံ့ခြင်း၊ အပူချိန်များခြင်း၊ အပင်သက် အလွန်ကြီးရင့်ခြင်း တို့ကြောင့်ဖြစ်ကြောင်း၊ အက်စစ်ပါဝင်မှုမှာ တပင်တည်းမှ ဥသောဥများ၌ပင် အနည်းအများ ခြားနားမှုရှိကြောင်း၊ ပီလောပီနံအပင်မှာ အချိုမျိုးနှင့် အခါးမျိုးဟူ၍ရှိရာ အချိုမျိုး၌ အက်စစ်သည် အခွံတွင် ပိုများကြောင်း၊ ပီလောပီနံဥကို ရေစင်စင် ဆေးကြောပြီး ကြိတ်ခြင်း သို့မဟုတ် ဖြတ်တောက်၍ အပူပေးခြင်းပြုပါက အက်စစ်အာနိသင် ပြယ်သွားကြောင်း တွေ့ရလေသည်။

ပီလောပီနံဥသည် လူတို့၏ အစာအဖြစ်လည်းကောင်း၊ တိရစ္ဆာန် အစာအဖြစ်လည်းကောင်း အသုံးပြုရသည်။ ပီလောပီနံတွင် ပါဝင်သော ကစီဓာတ်ကို တိုက်ရိုက်ထုတ်ယူခြင်း၊ ကော်အဖြစ်ထုတ်ယူခြင်း၊ ဂလူးကို့အဖြစ် ထုတ်ယူခြင်းနှင့်ဒက်စတြိုအဖြစ် ထုတ်ယူခြင်းပြုနိုင်သည်။ပီလောပီနံ ဂလူးကို့သည် သကြားလုံး၊ သစ်သီးယို၊ ကိတ်မုန့်၊ အဖျော်ယမကာနှင့် အခြား ချိုချဉ်ခဲဖွယ် မုန့်မျိုးစုံတို့ကို စီမံပြုလုပ်ရာတွင် မပါမဖြစ်သော ပစ္စည်းဖြစ်သည်။ဒက်စတြိုသည် သစ်သီးယိုထိုးခြင်းနှင့် သစ်သီးများယိုထိုးပြီး စည်သွတ်ခြင်းပြုရာတွင် မပါမဖြစ်သော ပစ္စည်းဖြစ်သည်။ ကလေးနှင့် လူကြီး အစာအတွက် ပြုလုပ်ရသော သာကူစေ့မှာ ပီလောပီနံဥဖြင့် ပြုလုပ်ရသည်။ ပီလောပီနံ ကစီသည် အာဂျီနိုမိုတို့ကဲ့သို့ ဟင်းခတ်အချိုမှုန့်များ ထုတ်လုပ်ရာတွင် အသုံးပြုရသည်။ ပီလောပီနံဥတွင် ပါဝင်သော ကစီသည် အလွန်စေးကပ်သဖြင့် စက်မှုလုပ်ငန်းသုံး ကော်အဖြစ် အသုံးဝင်သည်။ ပီလောပီနံကော်သည် သတ္တုပုံသွင်းလုပ်ငန်း၊ ရေနံတွင်းတူးလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ သက္ကလပ်ကြမ်း အထည်လုပ်ငန်း၊ အိမ်ထောင်ပရိဘောဂလုပ်ငန်း၊ သစ်အထပ်သားလုပ်ငန်းနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတို့တွင် အသုံးဝင်လေသည်။

ပဲခူးတိုင်း။ ။ပဲခူးတိုင်းသည် တည်နေရာအားဖြင့် အချက်အချာ ကျသည်။ မော်တော်ကားလမ်း၊ မီးရထားလမ်းများဆုံရာ ဒေသဖြစ်ပြီး စီးပွားရေး အကွင်းအကွက်လည်းကျသည်။ မြောက်ဘက်တွင်မန္တလေးတိုင်းနှင့် မကွေးတိုင်း၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ်နှင့် ရောဝတီတိုင်း၊ တောင်ဘက်တွင် ရန်ကုန်တိုင်းနှင့် အရှေ့ဘက်တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ ဝန်းရံလျက်ရှိသည်။ ပဲခူးတိုင်းတွင် ရောဝတီမြစ်ဝကျွန်းပေါ် အရှေ့ပိုင်းနှင့် အောက်ပိုင်း စစ်တောင်းမြစ်ဝှမ်းတို့ ပါဝင်သည်။ အရှေ့ဘက်သည် စစ်တောင်းမြစ် အခြမ်းဖြစ်၍ အနောက်ဘက်သည် ရောဝတီမြစ်အခြမ်း ဖြစ်သည်။

မြို့နယ်ပေါင်း ၂၀ မြို့နယ်နှင့် ကျေးရွာရပ်ကွက်အုပ်စုပေါင်း ၁,၆၂၄ စု ပါဝင်ဖွဲ့စည်းထားသည်။ ပဲခူးတိုင်းအတွင်း ပါဝင်သော မြို့နယ်များမှာ ပြည်၊ ပေါက်ခေါင်း၊ပန်းတောင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ သာယာဝတီ၊လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ဇီးကုန်း၊ နတ်တလင်း၊မိုးညို၊ကြွံပင်ကောက်၊ တောင်ငူ၊ ရေတာရှည်၊ ကျောက်ကြီး၊ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်၊ ပဲခူး၊ သနပ်ပင်၊ ဝေါ၊ ကဝ၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်တို့ ဖြစ်သည်။

ပဲခူးတိုင်းသည် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သောတိုင်းတတိုင်း ဖြစ်သည်နှင့်အညီ ၁၉၇၉–၈၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ စုစုပေါင်းစိုက်ပျိုးသည့် သီးနှံဧရိယာ ၎ ၂၃ ဒသမ ၈၄ သန်းရှိသည့်အနက် သီးနှံဧရိယာ ၃ ဒသမ ၀၅ သန်းကို တာဝန်ယူစိုက်ပျိုးလျက်ရှိသည်။ ၁၉၈၀–၈၁ ခုနှစ်အတွက် ကေ ၃ ဒသမ ၀၈ သန်း စိုက်ပျိုးရန် လျာထားသတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ သီးနှံ ပိုမိုထွက်ရှိစေရန်အတွက် ရေသွင်း စိုက်ပျိုးလုပ်ကိုင်ခဲ့ရာ ၁၉၈၀ ပြည့်နှစ်တွင် ကေ ၁ ဒသမ ၅၈ သိန်းခန့်အထိ တိုးချဲ့ရေသွင်း စိုက်ပျိုးနိုင်ခဲ့လေသည်။ ကျပ်ငွေ ၂၆ ဒသမ ၃၂ ကုဋေအကုန်အကျခံ၍ တည်ဆောက်လျက်ရှိသော မြောက်နဝင်းဆည် လုပ်ငန်းစီမံကိန်းသည် ပင်မလုပ်ငန်းမှာ ပြီးစီးပြီဖြစ်သဖြင့် ၁၉၇၉–၈၀ ပြည့်နှစ်အတွင်း စုစုပေါင်း မြေရိယာ ကေ ၄၀,၀၀၀ ဆည်ရေပေးသွင်းစိုက်ပျိုးခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် မြေရိယာ ကေ ၂၀,၀၀၀ ထပ်မံ၍ ဆည်ရေပေးသွင်း စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက် ရှိလေသည်။

အကျယ်အဝန်း။	။၁၅,၂၁၄ စတုရန်းမိုင်
လူဦးရေ။	။၃,၄၆၅,၂၁၅
မြို့တော်။	။ပဲခူးမြို့။



ပဲခူးတိုင်းသည် စပါး၊ မြေပဲ၊ နှမ်း၊ ဂုန်လျော်၊ ပဲမျိုးစုံ၊ ကြက်ပေါင်စေး၊ ကြံနှင့် မြန်မာ့ဆေးတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်နေသည့်တိုင်း ဖြစ်သည်။ ၁၉၇၉–၈၀ ပြည့်နှစ်တွင် စပါးတင်းပေါင်း ၉၉၀ သိန်း၊ မြေပဲတင်းပေါင်း ၁၀၂ ဒသမ ၅၅ သိန်း၊ နှမ်းတင်းပေါင်း ၃ ဒသမ ၁၇ သိန်းထွက်ရှိသည်။ ဂုန်လျော် တန်ချိန် ၂၃,၇၃ တန်၊ ကြံ တန်ချိန် ၃ ဒသမ ၆၃ သိန်း၊ ကြက်ပေါင်စေး တန်ချိန် ၇၆၆ တန်၊ မြန်မာ့ဆေးရွက် တန်ချိန် ၇,၇၂၅ တန်နှင့် ပဲမျိုးစုံတန်ချိန် ၄၂,၅၁၃ တန် ထွက်ရှိသည်။ ၁၉၇၉–၈၀ ပြည့်နှစ်အတွက် စပါးတင်း ၄၀၄ သိန်းဝယ်ယူရရှိခဲ့သည်။

သစ်ထုတ်လုပ်ရေးစီမံကိန်း အပိုင်း ၁ ပြည်လုပ်ငန်းစီမံကိန်းကို ၁၉၇၅–၇၆ ခုနှစ်မှအစပြု၍ စုစုပေါင်း ကျပ် ၁၇ ဒသမ ၃၇ ကုဋေ အကုန်အကျခံ၍ အကောင်အထည်ဖော်လျက်ရှိသည်။ စီမံကိန်းပြီးမြောက်ပါက နှစ်စဉ် ကျန်းသစ် ကုဗတန်ချိန်တသိန်းနှင့် သစ်မာကုဗတန်ချိန် ၇၂,၃၀၀ ထုတ်လုပ်နိုင်မည် ဖြစ်လေသည်။

သစ်ထုတ်လုပ်ရေး စီမံကိန်းအပိုင်း ၂ အရှေ့ပဲခူးရိုးမ လုပ်ငန်းစီမံကိန်းကို ၁၉၇၉–၈၀ ပြည့်နှစ်မှ စတင် ဆောင်ရွက်လျက်ရှိရာ ၁၉၈၃–၈၄ ခုနှစ်တွင် လုပ်ငန်း ပြီးစီးမည် ဖြစ်သည်။ ကုန်ကျငွေ ကျပ် ၂၉ ဒသမ ၅၂ ကုဋေကျော်

ကုန်ကျမည် ဖြစ်သည်။ ထိုစီမံကိန်း ဒေသမျှားမှ နှစ်စဉ် ကျွန်းကုဗတန် ၁ ဒသမ ၃ သိန်းကျော်နှင့် သစ်မာကုဗတန် ၂၇,၁၄၀ အသီးသီး ထုတ်လုပ်မည် ဖြစ်လေသည်။

ပဲခူးတိုင်းဒေသ စက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိရာ ၁၉၇၉–၈၀ ပြည့်နှစ်တွင် ကုန်ပစ္စည်း ထုတ်လုပ်လျက်ရှိသည့် ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံပေါင်း ၇၆ ရုံနှင့် တည်ဆောက်ဆဲ စက်ရုံအလုပ်ရုံ ပေါင်း ၁၅ ရုံရှိသည်။ ၁၉၇၆–၇၇ ခုနှစ်တွင် တည်ဆောက်ပြီး စက်ရုံပေါင်း ၅၇ ရှိခဲ့သည်။ ပြည်သူပိုင် စက်ရုံများမှ ကုန်ပစ္စည်းထုတ်လုပ်ပေးမှုမှာ သကြား တန်ချိန် ၁၃,၀၀၀ ခန့်၊ မော်တော်ယာဉ်စီးရေ ၁,၀၀၀၊ ရေစုပ်စက် အစုံပေါင်း ၁၀,၀၀၀ ကျော်၊ ဖယောင်းတိုင် တန်ချိန် ၁,၁၄၃ တန်နှင့် စက္ကူတန်ချိန် ၂,၆၀၀ အသီးသီးထုတ်လုပ်ခဲ့သည်။

ပဲခူးတိုင်းအတွင်းရှိ ဆွာမြို့ အထပ်သားစက်ရုံ၊ သာယာဝတီမြို့ရှိ ပန်းကန်စက်ရုံ အမှတ် ၂၊ ပြည်တဘက်ကမ်းဆင်တဲရှိ အမှတ် ၂ နှင့်အမှတ် ၃ အကြီးစားစက်မှုလုပ်ငန်း ကော်ပို ရေးရှင်းစက်ရုံ၊ ရွှေတောင်မြို့ရှိ ချည်မျှင်နှင့် အထည်စက်ရုံ၊ ပြည်မြို့ရှိ လျှော်ရွေး လျှော်ထုပ် စက်ရုံများနှင့် တည်ဆောက်ဆဲ ဂုန်နီစက်ရုံတို့သည် စက်မှုစီမံကိန်း လျာထားချက်များ ပြည့်မီအောင် ထုတ်လုပ်လျက် ရှိလေသည်။ ပြည် - ရန်ကုန်ကားလမ်းရှိ သုံးဆယ်မြို့ တံတားသစ်ကို လည်း တည်ဆောက်လျက် ရှိသည်။ ၁၉၇၁ ခုနှစ်အတွင်း ပြီးစီးမည်ဖြစ်ပြီး ကုန်ကျငွေမှာ ကျပ် ၅၃ သိန်း ဖြစ်သည်။ တံတားအရှည် ပေ ၃၀၀ကိုခေတ်မီ ကြိုတင်အားဖြည့် ကွန်ကရစ်နည်းဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်သည်။

ရေတာရှည်မြို့နယ်၊ ရေနီကျေးရွာအနီးရှိ စက္ကူနှင့်ဓာတုပေဒလုပ်ငန်း ကော်ပိုရေးရှင်း၏ အမှတ် ၂ စက္ကူစက် စီမံကိန်းသည် နိုင်ငံအတွက်လိုအပ်သော စာရေးစက္ကူ၊ ရုံးသုံးစက္ကူ၊ပုံနှိပ်စက္ကူနှင့် ပို့စကတ်စက္ကူများကို အဆင့်အတန်းမီ ထုတ်လုပ်ပေးလျက်ရှိလေသည်။ စက်ရုံကို ၁၉၇၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ပထမအဆင့် အနေဖြင့် တန်နေ့လျှင် ၁၀ တန်ကျ စက္ကူစက်ကို တည်ဆောက် တပ်ဆင် စမ်းသပ် ပြီးစီးခဲ့သည်။ ၁၉၇၉ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။ ရေနီစက္ကူစက်ရုံ၏ ဒုတိယအဆင့် စီမံကိန်းအဖြစ် တန်နေ့လျှင် ၂၅ တန်ကျ ပျော့ဖတ်စက်နှင့် တန် ၃၀ ကျ စက္ကူစက်ကို ကျပန်နိုင်ငံနှင့် ဆက်လက် အကောင်အထည် ဖော်ခဲ့ရာ ၁၉၈၀ ပြည့်နှစ်ကုန်မှ စတင်ပြီး အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ စီမံကိန်း၏ တတိယအဆင့်အဖြစ် တန်နေ့လျှင်တန် ၈၀ ကျ ပျော့ဖတ်နှင့် ပုံနှိပ်စက္ကူစက်ရုံတို့ကို ယခုအခါ ဆက်လက် အကောင်အထည်ဖော် လုပ်ကိုင်လျက်ရှိလေသည်။

ရွှေတောင် ပြည်တောင်တန်း သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းအရ ၁၈ ဒသမ ၁ မီဂါဝပ် အရွယ်အစား ဓာတ်အားပေး စက်နှစ်လုံး တည်ဆောက်လျက် ရှိသည်။ ပြည်မြို့မှ ချောက်မြို့သို့ ၁၃၂ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ရေး စီမံကိန်းကိုလည်း လုပ်ဆောင်လျက်ရှိသည်။

ပဲခူးတိုင်းသမဝါယမအသင်းစုတွင် အဆင့်မြင့် ရွှေပြေး သမဝါယမအသင်း လေးခု၊ အဆင့်လတ် ရွှေပြေးသမဝါယမအသင်း ငါးခုနှင့် အဆင့်နိမ့် ရွှေပြေးသမဝါယမအသင်း ၁၂၀ အပါအဝင် စနစ်တကျ ဖွဲ့စည်းထားသော လယ်ယာကုန်ထုတ် သမဝါယမအသင်းများ ပါဝင်ကာ တိုင်းအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်း၊ ချည်ထည်အမျိုးမျိုး လုပ်ငန်း၊ သားသတ် လုပ်ငန်း၊ ဆီထုတ်သီးနှံနှင့် ပဲအမျိုးမျိုး ထုတ်လုပ်ရောင်းချရေး လုပ်ငန်းတို့ လုပ်ကိုင်လျက်ရှိလေသည်။

ပဲခူးတိုင်း၏ ပညာရေးအတွက် မူလတန်းကျောင်း ၂,၅၇၁၊ အလယ်တန်းကျောင်း ၁၃၅၊ အထက်တန်းကျောင်း ၆၇၊ ဆရာအတတ်သင်ကျောင်း သုံးကျောင်း၊ စိုက်ပျိုးမွေးမြူရေး အဆက်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်း ယက်ကန်းကျောင်း တကျောင်း ရှိသည်။ ပဲခူးမြို့နှင့် ပြည်မြို့များတွင် ဒေသကောလိပ်ကျောင်း နှစ်ကျောင်း ဖွင့်လှစ်ထားရှိလေသည်။

ပေါ်တူဂယ်သမ္မတနိုင်ငံ။ ။ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ကျင်းပသော ၁၉၇၆ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် မစ္စတာ မာရီယိုဆိုရက်၏ ဆိုရှယ်လစ်ပါတီသည် ကွန်မြူနစ်ပါတီ၊ ဒီမိုကရက်ပါတီနှင့် အခြားပါတီများ



အကျယ်အဝန်း။	။၃၅,၃၄၀ စတုရန်းမိုင်
လူဦးရေ။	။၉,၉၄၀,၀၀၀(၁၉၈၀)
မြို့တော်။	။လစ္စဗွန်း



ပေါ်တူဂယ် ဝန်ကြီးချုပ် ကာနေရို

ကို အနိုင်ရသဖြင့် အစိုးရအာဏာကိုရယူပြီးနောက် ၁၉၇၈ ခု သြဂုတ်လတွင် ရာထူးမှ နုတ်ထွက်ရသည်။ သူ၏ ညွှန်ပေါင်း အစိုးရအဖွဲ့တွင် ပါဝင်သူအချို့က အတိုက်အခံ ဘက်သို့ ဘက်ပြောင်း သွားကြ၍ နုတ်ထွက်ရခြင်းဖြစ်သည်။

သမ္မတအန်းနက်သည် ဆိုရက်နေရာတွင် မစ္စတာနိုဘာဒါကော်စတာအား ဝန်ကြီးချုပ်ခန့်ထား၍ အစိုးရသစ်ဖွဲ့စေသည်။ ကော်စတာအစိုးရတွင် နိုင်ငံရေးသမားများထက် ကျွမ်းကျင်သူပညာရှင်တို့ကို ပို၍ ဦးစားပေး ဖွဲ့စည်းသည်။ ကော်စတာအစိုးရအား ထောက်ခံသည့်မဲ အလုံအလောက် မရရှိသဖြင့် ကော်စတာသည် ရာထူးမှထွက်ရသည်။

မစ္စတာ ကော်စတာ နေရာတွင် မစ္စတာကာလော့အယ် လဘာတိုမိုတာပင်တိုကို သမ္မတက ခန့်ထားပြီး အစိုးရဖွဲ့စေသည်။ အသက် ၄၂ နှစ်အရွယ်ရှိ မစ္စတာပင်တိုသည် ဝါဒစုံမရှိသည့် ဥပဒေအကျိုးဆောင် တဦးဖြစ်သည်။

မစ္စတာပင်တိုမှာလည်း ပါတီစုံအကြိုက်ကို မလုပ်ဆောင်နိုင်သဖြင့် ၁၉၇၉ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ရပြန်သည်။

မစ္စတာပင်တို၏ နေရာတွင် အမျိုးသမီးတဦးဖြစ်သော မစ္စက် မာရီယာဒီလာဒီပင်တက်ဆီလဂိုကို သမ္မတက တင်မြှောက်သည်။ အသက် ၄၉ နှစ်အရွယ်ရှိသော မစ္စက်ပင်တက်ဆီလဂိုသည် ၁၉၇၄ ခုနှစ် အစိုးရအဖွဲ့တွင် လူမှုရေးဌာနဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်သာမက ကုလသမဂ္ဂယူနက်စကို အဖွဲ့တွင် ပေါ်တူဂယ်ကိုယ်စားလှယ်အဖြစ် တာဝန်ယူနေသူ ဖြစ်သည်။ လက်ဝဲ၊ လက်ယာပါတီစုံက ထောက်ခံကြသဖြင့် ပေါ်တူဂယ်နိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီး ဝန်ကြီးချုပ် ဖြစ်လာသည်။

၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပသောအခါ ဆိုရှယ်လစ် ဒီမိုကရက် ပါတီ အပါအဝင် လက်ယာယိမ်း လေးပါတီက မဲအများစု ရသဖြင့် ခေါင်းဆောင် ဖရန်စစ္စကိုဆာကာနေရို ဝန်ကြီး ချုပ်ဖြစ်လာသည်။

၁၉၇၉ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ၌ အမတ်နေရာ ၂၅၀ တွင် ဆိုရက်၏ ဆိုရှယ်လစ်ပါတီက ၇၃ နေရာ၊ ကွန်ဂြေးကွန်မြူနစ်ပါတီက ၄၇ နေရာ အနိုင်ရရှိသည်။ ဒီမိုကရေစီ မဟာမိတ်အဖွဲ့ခေါ် လေးပွင့်ဆိုင် လက်ယာပါတီက ၁၃၄ ဦး အနိုင်ရရှိသည်။ မဲဆန္ဒရှင် စုစုပေါင်း၏ ၇၀ ဒသမ ၅ ရာခိုင်နှုန်းက မဲပေးခဲ့သည်။

အသက် ၄၅ နှစ်ရှိ မစ္စတာကာနေရိုသည် ဥပဒေအကျိုးဆောင် တဦးဖြစ်ပြီး ၁၉၆၉ ခုနှစ်တွင် လစ်ဗရယ်ဝါဒီ အမတ်ဖြစ်သည်။ လေးနှစ်ကြာသောအခါ အမတ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပါလီမန်သို့တဖန်ပြန် လည်ဝင်ရောက်ခဲ့သည်။

ရွေးကောက်ပွဲတွင် အနိုင်ရသော မစ္စတာကာနေရိုအား တာဝန်လွှဲအပ်ရန် အမျိုးသမီးဝန်ကြီးချုပ် မာရီယာပင်တက်ဆီလဂိုသည် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်လိုက်ရသည်။

ပေါ်တူဂယ်နိုင်ငံသည် အစိုးရအပြောင်းအလဲ များလှသော နိုင်ငံတနိုင်ငံဖြစ်သည်။ ငါးနှစ်တာကာလတွင် အစိုးရ ၁၁ ကြိမ် ပြောင်းလဲခဲ့သည်။ ထိုအပြောင်းအလဲ၌ စစ်ဘက်မှ ပါဝင်သည်များလည်းရှိသည်။ ၁၉၇၉ ခုနှစ်အပြောင်းအလဲသည် လက်ဝဲယိမ်းမှ လက်ယာယိမ်းသို့ ပြောင်းလဲခြင်းဖြစ်သည်။ နိုင်ငံရေးတွင် အပြောင်းအလဲရှိရခြင်းမှာ စီးပွားရေးအခြေမလှမှုကြောင့် ဖြစ်သည်။

ငွေကြေးဖောင်းပွမှုသည် ၂၅ ရာခိုင်နှုန်းဖြစ်သကဲ့သို့ အလုပ်လက်မဲ့ ရာခိုင်နှုန်းသည်လည်း ၂၅ ရာခိုင်နှုန်း ဖြစ်သည်။ စက်မှုလက်မှု လုပ်ငန်းများ၊ အရောင်းအဝယ် လုပ်ငန်းများ ဆုတ်ယုတ်သကဲ့သို့ လူနေမှုအဆင့်အတန်းမှာလည်း ကျဆင်းနေသည်။ ၁၉၇၀ ခုနှစ်တွင် ပေါ်တူဂယ် ပြည်သူတဦး၏ ပျမ်းမျှဝင်ငွေသည် ၁၉၉၀ ဒေါ်လာဖြစ်သဖြင့် ယူဂိုစလားဗီးယားနှင့် ဂရိပြည်တို့ထက် လျော့နည်းသည်။ လယ်ယာလုပ်ငန်းတွင်လည်း အလားတူ ကျဆင်းနေသဖြင့် စားသောက်ကုန်ပစ္စည်း၏ ၅၀ ရာနှုန်းကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည်။

တော်လှန်ရေး စိတ်ဓာတ် အရှိန်အဟုန် ကြီးမားစဖြစ်သော ၁၉၇၄–၇၅ ခုနှစ်တွင် ဆိုရှယ်လစ်နှင့် ကွန်မြူနစ်ပါတီ၏ လုံဆော်ချက်အရ ပေါ်တူဂယ်တောင်ပိုင်း အလင်တီကျိုနယ်တွင် လယ်ယာမြေတိုက်ပွဲ ဆင်နွှဲခဲ့သည်။ လယ်မဲ့

ယာမဲ့တို့က မြေရှင်တို့၏လယ်ယာကို အတင်းဝင်သိမ်းခဲ့ခြင်း ဖြစ်၏။ အချို့သော လယ်မြေသိမ်းမှုများမှာ အဓမ္မကျလွန်းသဖြင့် ဧကပေါင်း ၎၀,၀၀၀ ကို ၁၉၇၈ ခုနှစ် ဇူလိုင်လတွင် အစိုးရလယ်ယာဝန်ကြီးဌာနက ပြန်လည်နုတ်သိမ်းကာ လယ်ရှင်မြေရှင်တို့သို့ ပြန်ပေးခဲ့သည်။ ကာနေရို အစိုးရ၏ လယ်ယာမြေပြန်ယူမှုကို ဟန့်တားသည့်အနေဖြင့် ကွန်မြူနစ် ပါတီက ဆန္ဒပြသည်။

နိုင်ငံ၏ စီးပွားရေး အခြေအနေ မတည်မငြိမ် ဖြစ်နေစဉ် ဝန်ကြီးချုပ် ကာနေရိုသည် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် လေယာဉ်ပျံ ပျက်ကျကွယ်လွန်သဖြင့် ဒီမိုကရက်တစ် မဟာမိတ်ခေါင်းဆောင် ဒိုင်အိုဂိုဒို အာမရယ်က ယာယီအားဖြင့် ဆက်ခံသည်။

သမ္မတ ရွေးကောက်ပဲ့ကို ၁၉၇၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပရာ ဆိုရှယ်လစ် ကွန်မြူနစ်တို့က ထောက်ခံသော လက်ရှိသမ္မတ အန်းနက်ကအနိုင်ရပြီး ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့က ထောက်ခံသော ဗိုလ်ချုပ် အန်တိုနီယိုဆိုရက် ရှုံးနိမ့်သွားသည်။ ဗိုလ်ချုပ်အန်းနက်က မဲ ၁၅ ရာခိုင်နှုန်း အသာရရှိခဲ့လေသည်။

ပေါဆတ်, ယွန်း (ခရစ် ၁၉၀၅ – ၁၉၇၀)။ ။ ဖြစ်တည်ခြင်းပဓာနဝါဒ ဒဿနပညာရှင်တဦးဖြစ်သူ ယွန်း ပေါဆတ်သည် ပြင်သစ်နိုင်ငံသား ဒဿနပညာရှင်၊ ပြဇာတ်ဆရာ၊ စာရေးဆရာနှင့် စာပေဝေဖန်ရေးဆရာတဦးဖြစ်သည်။ ပြင်သစ်ပြည် တွင်းဒွိဿာမက ပြည်ပတွင်ပါကျော်ကြားခဲ့သော စာရေးဆရာတဦးဖြစ်သည်။



ဒဿနပညာရှင် ယွန်းပေါဆတ်

ပြင်သစ် အမျိုးသား စာရေးဆရာနှင့် တွေးခေါ်ပညာရှင် ယွန်းပေါဆတ်ကို ၁၉၀၅ ခုတွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် မွေးဖွားသည်။

ပေါဆတ်သည် အသက် ၂၅ နှစ်တွင်ဘွဲ့ရသည်။အသက် ၃၀ တွင် ခေတ်သစ်ဂျာမန်ဒဿနပညာရှင် အက်ဒမန်ဟူဆာနှင့် မာတင်ဟိုက်ဒက်ဂါးတို့ထံတွင် ပညာဆည်းပူးသည်။ ၁၉၃၅ တွင် ပါရီသို့ပြန်ရောက်ပြီး ၁၉၃၈ ခုနှစ်တွင် ဆတ်၏ ပထမဆုံးဝတ္ထု 'နှလုံးနာခြင်း'ကို ထုတ်ဝေခဲ့သည်။

၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်းတွင် လက်နက်ကြီးတပ်ခွဲ၌ စစ်မှုထမ်းသည်။ ၁၉၄၀ တွင် ဂျာမန်များက စစ်သုံ့ပန်းအဖြစ် ဖမ်းသွားခဲ့သော်လည်း ကိုးလအကြာတွင် ထွက်ပြေးလွတ်မြောက်ခဲ့သည်။

၁၉၄၃ ခုနှစ်တွင် သူ၏ 'ရှိခြင်းနှင့်မရှိခြင်း' ဟူသော ဒဿနကျမ်းကို ရေးသားခဲ့သည်။ ထို ကျမ်းကြောင့်ပင် ဆတ်သည် "ဖြစ်တည်ခြင်း ပဓာနဝါဒီ" အဖြစ် ဖြစ်တည်ခြင်းပဓာနဝါဒ နှင့်အတူ ကျော်ကြားခဲ့သည်။

ဆတ်သည် သူ၏ဒဿနကို ဝတ္ထုများ၊ ပြဇာတ်များတွင် ပုံဆောင်ရေးသားခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် 'ယင်ကောင်များ' ပြဇာတ်၊ ၁၉၄၄ ခုနှစ်တွင် 'တံခါး နောက်ကွယ်၌' ပြဇာတ်၊ ၁၉၄၅ ခုနှစ်တွင် 'လွတ်မြောက်ရာလမ်း' ဝတ္ထုရှည် ပထမပိုင်းနှင့် ဒုတိယပိုင်းကို ရေးသားခဲ့သည်။

၁၉၄၆ ခုနှစ်တွင် 'ဖြစ်တည်ခြင်းပဓာနဝါဒ နှင့် လူသားဝါဒဒဿနကျမ်း'ကို လူများနားလည်ရန် အလွန်လွယ်ကူသော အရေးအသားနှင့် ရေးသားခဲ့သည်။

၁၉၄၅ ခုနှစ်တွင် ဆတ်သည် 'ခေတ်သစ်' ဟူသော မဂ္ဂဇင်းကို ဦးစီးထုတ်ဝေသည်။ ၁၉၄၆ တွင် 'လေးစားဖွယ်ကောင်းသော ပြည့်တန်ဆာ' ပြဇာတ်၊ ၁၉၄၇ ခုနှစ်တွင် 'အရိပ်မဲ့လူများ' ပြဇာတ်၊ ၁၉၄၈ ခုနှစ်တွင် 'ပေရေသောလက်များ' ပြဇာတ်၊ ၁၉၅၃ ခုနှစ်တွင် 'နာကရာဆော့' ပြဇာတ်၊ ၁၉၅၁ ခုနှစ်တွင် 'နတ်မိစ္ဆာနှင့် ဘုရားသခင်' ပြဇာတ်၊ ၁၉၅၄ ခုနှစ်တွင် 'ကင်း'ပြဇာတ်၊ ၁၉၅၉ ခုနှစ်တွင် 'အယ်တွန်နားတွင် ပျောက်ဆုံးခြင်း' ပြဇာတ်၊ ၁၉၆၅ ခုနှစ်တွင် 'ထရိုင်မြို့သူမြို့သားများ' ပြဇာတ် စသည်များကိုရေးသားခဲ့လေသည်။

၁၉၄၇ ခုနှစ်တွင် 'ကဗျာဆရာ တော့်ဒလဲ၏ ကဗျာနှင့် အဓိပ္ပာယ်ကျမ်း'၊ ၁၉၅၂ ခုနှစ်တွင် 'စာရေးဆရာဂျန်ဂျနေး၏အကြောင်း' စသည်ဖြင့် အဖွင့်ကျမ်းများကိုလည်း ရေးသားခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ဆတ်သည် 'အနုပဋ္ဌိလောမဆင်ခြင်ခြင်းအပေါ် ဝေဖန်ချက်ကျမ်း' ဟူသည့် လူသမိုင်းကြောင်းနှင့်ပတ်သက်သော သူ၏အယူအဆသစ်ကို တင်ပြထားသည့် ဒဿနကျမ်းတစောင် ရေးသားခဲ့သည်။

၁၉၆၄ ခုနှစ်တွင် စာပေဆိုင်ရာ နိုဗဲဆု ချီးမြှင့်ခံရ ရသော်လည်း ဆုလည်းမယူ။ ငွေလည်းလက်မခံ။ နိုဗဲဆုရ စာရေးဆရာဟူ၍ အမည်တပ်ခြင်းလည်း မခံခဲ့ပေ။

ဆတ်၏အတွေးအခေါ်နှင့် ရေးသားမှု ဟန်များသည် အနောက်တိုင်းစာပေလောကဘွင် ၁၉၃၀ ပြည့်နှစ် ခန့်မှ စ၍ ယခုတိုင် လွှမ်းမိုးနေဆဲဖြစ်သည်။

၁၉၆၇ ခုနှစ်တွင် ဗြိတိသျှ ဒဿနပညာရှင်ကြီး ဘာထရန်ရပ်ဆယ် ဉီးစီးသော ဗီယက်နမ် စစ်တရားခံများကို အပြစ်ပေးမည့် ကမ္ဘာ့စစ်ခုံရုံးတွင် ဝင်၍ဆောင်ရွက်ခဲ့သည်။

ဆတ်သည် ကျန်းမာရေးကောင်းသူ မဟုတ်ပေ။ သုံးနှစ်သားအရွယ်ကတည်းက ညာဘက် မျက်လုံးမှာ ကွယ်နေခဲ့ပြီး ၁၉၇၃ ခုနှစ်၌ နှလုံးရောဂါ ခံစားပြီးနောက်တွင် ကျန်မျက်လုံးတဘက်မှာလည်း ကွယ်လုနီးဖြစ်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်၌ ဧပြီလ ၁၅ ရက်ညတွင် ပါရီမြို့တော်၌ ကွယ်လွန်သည်။

ပင်လယ်ကူးသဘော်ဆိပ်ကမ်းကြီးများသည်လည်း ခေတ်မီတိုးတက် ကောင်းမွန်လာသည်ကို တွေ့ရသည်။

ခေတ်မီ ကုန်သဘော်များတွင် ကုန်အမျိုးအစား ကန့်သတ်မှုမရှိသော်လည်း တင်ဆောင်သည့် ကုန်စည်အများစုမှာ ကျောက်မီးသွေး၊ ရေနံ တွင်းထွက် သတ္တုများစသည့် အခြေခံကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဟင်းသီးဟင်းရွက်၊ နှံစားသီးနှံများ၊ သကြား၊ သစ်သီး အမျိုးမျိုး၊ အသားနှင့် နို့ထွက်ပစ္စည်းများ ဖြစ်ကြသည်။ သို့ရာတွင် စက်မှုနည်းပညာဆိုင်ရာ စူးစမ်းရှာဖွေ တွေ့ရှိမှုများကြောင့် ကုန်ပစ္စည်းများ အမျိုးအစားအရ တဖြည်းဖြည်းပြောင်းလဲခဲ့ပေသည်။ ကုန်သွယ်ရာလမ်းကြောင်းများလည်း ပြောင်းခဲ့သည်။ ယင်းသို့ ကုန်သွယ်မှုတိုးချဲ့လာခြင်းကို အမီလိုက်နိုင်ရန် သဘော်လုပ်ငန်းတွင်လည်း နည်းပညာသစ်များနှင့် နည်းလမ်းသစ်များကိုတီထွင်၍ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက် ခဲ့ရပေသည်။

ကုန်ပစ္စည်းအမြောက်အမြားကို ပို၍လျင်မြန်သောနည်းစနစ်ဖြင့် ကုန်တင်ကုန်ချမှုပြုနိုင်သော ကုန်တင်ကုန်ချနည်းလမ်းများကိုပါ တီထွင်ခဲ့ရာ အောင်မြင် ထင်ရှားနည်းလမ်းတခုမှာ ကွန်တိန်နာသဘော်များ တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်လေသည်။ကွန်တိန်နာသဘော်မှာ ကုန်ပစ္စည်းများအား ကွန်တိန်နာခေါ် သံမဏိ သို့မဟုတ် သံသတ္တုသေတ္တာကြီးများတွင်ထည့်ပြီး ကုန်များကို ပို့ဆောင်သည့် သဘော်ဖြစ်သည်။ ကွန်တိန်နာသဘော်တွင် သမားရိုးကျ

ပင်လယ်ရေကြောင်း သဘော် လုပ်ငန်း။ ။မျက်မှောက်ခေတ် တိုးတက်နေသော သဘော်လုပ်ငန်းသည် ရေကြောင်းသွား ရေနွေးငွေအင်ဂျင်၊ ဝင်ရိုးဖြင့်လည်သော ပန်ကာစနစ်၊ သံ၊ သံမဏိဖြင့် သဘော်များဆောက်လုပ်မှုစနစ် စသည့်တီထွင်မှုများနှင့် ၁၈၆၉ ခုနှစ်တွင် ဆူးအက်တူးမြောင်းဖွင့်လှစ်နိုင်ခြင်း စသည်အချိန်မှစတင်ခဲ့သည်။

သွားနွန်းမြန်၍ အရွယ်အစားကြီးမားသော ပင်လယ်ရေကြောင်း ကုန်သဘော်များဆောက်လုပ်နိုင်ခြင်းကြောင့်



ပင်လယ်ရေကြောင်း သဘော်လုပ်ငန်းတွင် အသုံးပြုနေပြီဖြစ်သော ကွန်တိန်နာစနစ်သစ်

ကုန်တင်သဘော်များကဲ့သို့ ကုန်လှောင်ခန်းများ သီးခြားမပါပဲ သဘော်ဝမ်းခေါင်းကို အထပ်များခဲ့၍ ကွန်တိန်နာသေတ္တာများ စနစ်တကျ တင်ဆောင်ထားခြင်း ဖြစ်သည်။ ကွန်တိန်နာသေတ္တာများအား သယ်ယူပို့ဆောင်ရာတွင် နေရာ အထားအသို တပြေးညီစေရန် အိုင်အိုအက်ခေါ် နိုင်ငံပေါင်း ၃၀ ခန့် ပါဝင်သော အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ရေးအဖွဲ့က ကွန်တိန်နာသေတ္တာကြီးများ၏ ပုံစံအရွယ်အစားများကို ညှိနှိုင်းသတ်မှတ်ပေးထားလေသည်။

ကွန်တိန်နာ သဘော်များ တိထွင်သုံးစွဲသကဲ့သို့ပင် မော်တော်ယာဉ်အမျိုးမျိုး၊ ရထားအမျိုးမျိုးတင်သည့်သဘော်များ၊ ရေနံတင်သဘော်များ စသည်ဖြင့် တင်ဆောင်သည့် ကုန်ပစ္စည်းအလိုက် သီးသန့် တင်ဆောင်နိုင်သော အထူးသဘော်များကိုလည်း တိထွင်အသုံးပြုခဲ့ကြလေသည်။

၁၉၇၀ ပြည့် ကမ္ဘာ့ပင်လယ်ရေကြောင်း သဘော် လုပ်ငန်းကို လေ့လာလျှင် သဘော်ပိုင်ရှင်များအဖို့ အထူးပင် ရှင်လန်းအားရခဲ့သည့်နှစ်ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၇၉ ခုနှစ်က နှံစားသီးနှံ တန်ချိန် ၁၄ ဒသမ ၉ သန်းတင်သွင်းရသော်လည်း ၁၉၈၀ ပြည့်နှစ်တွင် တန်ချိန် ၂၈ ဒသမ ၂ သန်းအထိတိုး၍ တင်သွင်းခဲ့ရသည်။ တရုတ်ပြည်သူသမ္မတနိုင်ငံသည်လည်း ယခင်နှစ်က ဂျုံတန်ချိန် ၉ ဒသမ ၅ သန်းမှ ၁၉၈၀ ပြည့်တွင် ၁၂ ဒသမ ၅ သန်းအထိတိုး၍ တင်သွင်းခဲ့သည်။ တကမ္ဘာလုံးတွင် ဂျုံအရောင်းအဝယ်မှာ စုစုပေါင်းတန်ချိန် သန်းပေါင်း ၈၉ သန်းအထိတိုးလာခဲ့သည်။

အလားတူ ကျောက်မီးသွေးကုန်သွယ်မှုမှာ ၁၉၈၀ ပြည့်နှစ်တွင် အထူးတိုးတက်ခဲ့ရာ အမေရိကန် ပြည်ထောင်စုတနိုင်ငံတည်းကပင် ခန့်မှန်းခြေအရ တန်ချိန် ၆၅ သန်းတင်ပို့ခဲ့ပြီး ၁၉၇၉ ခုနှစ်ကထက် ၄၂ ရာခိုင်နှုန်းကျော် တိုး၍ တင်ပို့နိုင်ခဲ့သည်။

ယင်းသို့ ကုန်ပစ္စည်း အရောင်းအဝယ်များသည်နှင့်အမျှ သဘော်ခ နှုန်းထားများ တက်ကာ သဘော်ပိုင်ရှင်များ စေးကောင်းရခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဧပြီလတွင် ကျောက်မီးသွေးတင်ခ တတန်လျှင် ၂၃ ဒသမ ၁၅ ဒေါ်လာသာ ပေးရသော်လည်း ဒီဇင်ဘာလတွင် ၅ ဒေါ်လာ စေးတက်ကာ ကျောက်မီးသွေးတတန်လျှင် ၂၉ ဒေါ်လာအထိ ဖြစ်လာခဲ့သည်။

အတ္တလန္တိတ် သမုဒ္ဒရာလမ်းကြောင်းဖြင့် အမေရိကန်မှ ဥရောပသို့ နှံစားသီးနှံများသယ်ဆောင်ရာတွင် သဘော်ခမှာ ဧပြီလတွင် တတန်လျှင် ၂၁ ဒသမ ၅၀ ဒေါ်လာပေးရသည်။ ဇွန်လတွင် ၂၃ ဒသမ ၇၅ ဒေါ်လာအထိ တက်ခဲ့သည်။ အချိန်ပိုင်း သဘော်ငှားလုပ်ငန်းသည်လည်း တဖန်ပြန်လည်ကျယ်ပြန့်လာခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် အာရှနိုင်ငံများမှ သဘော်လုပ်ငန်းများသည် ထူးခြားစွာ တိုးတက်ခဲ့သည်။ဟောင်ကောင် သဘော်လုပ်ငန်းသည် အကြီးအကျယ်ဆုံးနှင့် အတွင်ကျယ်ဆုံး အာရှသဘော်လုပ်ငန်းဖြစ်ခဲ့သည်။ မြောက်ဥရောပမှ သဘော်ကုမ္ပဏီကြီးများထက်ပင် လုပ်ငန်း ကြီးထွားခဲ့ရာ မြောက်ဥရောပမှ စကင်ဒီနေဗီးယန်းသဘော်ကုမ္ပဏီများပင် အရှုံးပေါ်ခဲ့သည်။

ဂျပန်နိုင်ငံမှသဘော်ကုမ္ပဏီ လေးဆယ်၏လုပ်ငန်းအမြတ်ငွေ စုစုပေါင်းသည် ၁၉၇၀ ပြည့်နှစ်ဘဏ္ဍာနှစ်၏ ပထမခြောက်လတွင် ယန်းငွေ ၁၅ ဒသမ ၂ ဘီလီယံအထိ ရှိခဲ့သည်။ ဂျပန်သဘော်လုပ်ငန်းကြီးနှစ်ခုဖြစ်သည့်နိပ္ပန်ယူစန်ကိုင်းရှားနှင့် မတ်စုအိုအက်စကေ သဘော်လိုင်းတို့သည် ၁၉၇၀ ပြည့်နှစ်အတွင်း အမြတ်ယန်းငွေ နှစ်ဘီလီယံစီရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်အတွင်း ဂျပန်နိုင်ငံ၏ သဘော်လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာခြင်းမှာ တိုးတက်လာသော သံ၊ သံမဏိနှင့် မော်တော်ကားတင်ပို့မှုလုပ်ငန်းများကြောင့် ဖြစ်သည်။

တရုတ်ပြည်သူသမ္မတနိုင်ငံပင်လယ်ရေကြောင်း သဘော်လုပ်ငန်းသည် ၁၉၇၀ ပြည့်နှစ်တွင် အထူးတိုးတက်ခဲ့သည်။ ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းကို စီမံကိန်းတရပ်အဖြစ် ထည့်သွင်း၍ ငွေလုံးငွေရင်းမြုပ်နှံကာ တိုးချဲ့ဆောင်ရွက်ခဲ့သည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ တရုတ်ပင်လယ် ရေကြောင်း သဘော်ကုမ္ပဏီသည် ကုန်သဘော် အုပ်စုအား တိုးချဲ့လုပ်ကိုင်ရာတွင် ၁၉၇၀ပြည့်နှစ် နှစ်ဦးပိုင်း၌ အနောက်အုပ်စုမှ သဘော်များ လုပ်ငန်း မတွင်ကျယ်၍ စျေးလျော့ ရောင်းနေခိုက်နှင့် ကြုံသဖြင့် သဘော် ဝယ်ယူရေး အဆင်ပြေခဲ့သည်။ လက်ရှိ ကုန်သဘော်အုပ်စု တန်ချိန် ငါးသန်းကိုတဆတိုးမြှင့်၍တန်ချိန်ဆယ်သန်းအထိ တိုးချဲ့ဝယ်ယူခဲ့သည်။ ယခုအခါ ကုန်သယ်ရေကြောင်းသဘော် ၇၁၇ စင်းအထိ တိုးချဲ့နိုင်ပြီး တန်ချိန်ငါးသန်းကျော်ရှိခဲ့ပြီ ဖြစ်သည်။ ယခုအခါ တရုတ်နိုင်ငံပြည်ပပို့ကုန်လုပ်ငန်း၏ ၇၅ ရာခိုင်နှုန်းကို နိုင်ငံပိုင်သဘော်များဖြင့် ဆောင်ရွက်လျက် ရှိသည်။

၁၉၇၀ ပြည့်နှစ်အတွင်း၌ပင် တရုတ်ပြည်သူသမ္မတနိုင်ငံသည် ဟောင်ကောင် သဘော်သင်္ဘေး ဆာဝိုင်ကေပါအိုး၏ သဘော်လိုင်းဖြင့်လည်းကောင်း၊ အမေရိကန်နိုင်ငံမှ လိုက်ဘရားသားသဘော်ကုမ္ပဏီဖြင့်လည်းကောင်း သဘော်လုပ်ငန်း ဖက်စပ်လုပ်ကိုင်ရန် စာချုပ်များ ချုပ်ဆိုပြီးဖြစ်ပေသည်။သဘော်လုပ်ငန်းတိုးချဲ့၍ခေတ်မီဆိပ်ကမ်းများတိုးချဲ့လာမှုကြောင့် ၁၉၈၀ ပြည့်ပထမသုံးလအတွင်းကမ်းရိုးတန်းနှင့် ပင်လယ်ကူးသဘော်လုပ်ငန်းမှ သဘော်များသည် ကုန်စည်တန်ချိန် ၃၃ သန်းကျော်ကို ပို့ဆောင်ပေးနိုင်ခဲ့သည်။

ပြင်သစ်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း ၁ ဒသမ ဂ ရာခိုင်နှုန်း ရှိခဲ့သည်။ အဆိုပါတိုးတက်မှုနှုန်းသည် အနောက်ဥရောပနိုင်ငံများ၏ ပျမ်းမျှစီးပွားရေး တိုးတက်မှုနှုန်း ၁ ဒသမ ၃ ရာခိုင်နှုန်းထက် ပိုမို မြင့်မားသည်။ ထို့ပြင် ပြင်သစ်နိုင်ငံ၏ စက်မှုထုတ်လုပ်မှုမှာလည်း ၁၉၈၀ ပြည့်နှစ် အတွင်း ဖ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ပြင်သစ်ပြည်သူများ၏ ဝယ်နိုင်စွမ်းအားသည် အခြားအနောက် ဥရောပနိုင်ငံများရှိ ပြည်သူများ၏ ဝယ်နိုင်စွမ်းအားထက် ၁၂ ရာခိုင်နှုန်း ပိုသည်။ ပြင်သစ်တနိုင်ငံလုံးအတွက် လိုအပ်သော လောင်စာစွမ်းအင် စုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းကို ၁၉၈၅ ခုနှစ်အရောက်တွင် ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်အောင် စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိရာ ၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလတွင် ၂၀ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်သည်အထိ ပြီးမြောက်ခဲ့သည်။

သို့တိုင် ပြင်သစ်နိုင်ငံတွင် ၁၉၇၉ ခုနှစ်၌ ငွေဖောင်းပွမှုနှုန်း ၁၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၈၀ ပြည့်နှစ်တွင် ၁၃ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။ ထို့ပြင် ၁၉၈၀ ပြည့်နှစ် အတွင်း အလုပ်လက်မဲ့ဦးရေ ၁ ဒသမ ဖ သန်းကျော် ရှိခဲ့သည်။ အဆိုပါ ပမာဏသည် လုပ်သား အင်အားစုစုပေါင်း၏ ဖ ရာခိုင်နှုန်းကျော် ၇ ရာခိုင်နှုန်း နီးပါးပင် ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ် ဖေဖွဲ့ရီလ အတွင်းကျင်းပခဲ့သော မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ခဲ့ခြင်းမရှိချေ။ အာဖဂန်စတန် နိုင်ငံတွင်းသို့ ဆိုဗီ

ပင်လယ်ရေကြောင်း သဘော်လုပ်ငန်း

၁၉၈၀ ပြည့်နှစ်အတွင်း ပင်လယ်ရေကြောင်းသဘော်လုပ်ငန်းသည် ပြန်လည်ကောင်းမွန်လာခဲ့စေကာမူ လောင်စာဆီစျေးနှုန်းမြင့်မားလာသဖြင့် ပင်လယ်ကူးသဘော်ကုန်တင်လုပ်ငန်း၏ ရွေ့ရေးမှာ မရေမရာဖြစ်နေသည်ဟု ကုလသမဂ္ဂမှ ဒီဇင်ဘာလအတွင်းက ကြေငြာခဲ့သည်။

ပြင်သစ်နိုင်ငံ။ ။ပြင်သစ်နိုင်ငံသည် အနောက်ဥရောပတွင် တည်ရှိပြီး ဥရောပဘုံစျေးအဖွဲ့ဝင် စက်မှု အရင်းရှင်နိုင်ငံ တနိုင်ငံဖြစ်သည်။



ပြင်သစ်နိုင်ငံသည် ပဉ္စမ အကြိမ်မြောက် ပြန်လည်တည်ထောင်ထားသော သမ္မတနိုင်ငံဖြစ်သည်။ အုပ်ချုပ်ရေးစနစ်မှာ သမ္မတကို အာဏာအများအပြား ပေးထားသော စနစ်ဖြစ်သည်။ သမ္မတတွင်ဥပဒေပြု အာဏာအချို့ရှိပြီး အချို့ကိစ္စရပ်များတွင် ပါလီမန်ကိုပင် ကျော်လွှန်၍ လုပ်ဆောင်နိုင်ခွင့်ရှိသည်။ သမ္မတသက်တမ်းမှာ ခုနစ်နှစ်ဖြစ်ပြီး ပြည်သူများက တိုက်ရိုက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရသည်။ သမ္မတသည်အစိုးရအဖွဲ့ကို ဦးဆောင်မည့် ဝန်ကြီးချုပ်ကို ရွေးချယ်တာဝန်ပေးရသည်။ လက်ရှိသမ္မတမှာ ၁၉၇၄ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သော ဂျစ်စကတ်ဒင်စတိုင်း ဖြစ်ပြီး လက်ရှိဝန်ကြီးချုပ်မှာ ရေမွန်ဘား ဖြစ်သည်။

အကျယ်အဝန်း။	။၂၁၂,၀၂၃ စတုရန်းမိုင်
လူဦးရေ။	။၅၃,၆၀၁,၀၀၀ (၁၉၈၀)
မြို့တော်။	။ပါရီမြို့



ပြင်သစ်နိုင်ငံ သမ္မတ ဂျစ်စကတ်သည် ဆော်ဒီအာရေဗျ နိုင်ငံမင်းသားဖာဟ်နှင့်တွေ့ဆုံ၍ အာရပ်အရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ယက်တပ်များဝင်ရောက်ခြင်း ပြဿနာကို အကြောင်းပြု၍ အမေရိကန် ပြည်ထောင်စုက မော်စကိုအိုလင်းပစ် ပဲ့တော်ကို သပိတ်မှောက်ရန် တိုက်တွန်းခဲ့သည့်အပြင် ဆိုဗီယက် ပြည်ထောင်စုအား စီးပွားရေးအရ သပိတ်မှောက်အရေး ယူမှုများ ပြုလုပ်ရန်လည်း အမေရိကန်ပြည်ထောင်စုက တိုက်တွန်းခဲ့သည်။

ပြင်သစ်သမ္မတ ဂျစ်စကတ်ဒက်စတိုင်းသည် ၁၉၈၀ ပြည့်နှစ် မေလတွင် ပိုလန်နိုင်ငံ ဝါဆောမြို့သို့ သွားရောက်ခဲ့ပြီး ဆိုဗီယက် ပြည်ထောင်စု သမ္မတ ဗရက်ဇညက်နှင့် အလွတ်သဘောတွေ့ဆုံ ဆွေးနွေးခဲ့လေသည်။

ပြင်သစ်နိုင်ငံသည် ဒုတိယကမ္ဘာစစ်မတိုင်မီက အာဖရိကတိုက်တွင် ကိုလိုနီအများအပြား ပိုင်ဆိုင်ခဲ့သော နိုင်ငံဖြစ်ပြီး ဒုတိယ ကမ္ဘာစစ်ပြီး နောက်ပိုင်းတွင် ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးအပ်ခဲ့သည်။ သို့သော် ယင်းနိုင်ငံများနှင့် စီးပွားရေးအရ အပြန်အလှန် အကျိုးပြုဆဲဖြစ်သောကြောင့် အာဖရိကတိုက်ရှိ ဆီနီဂေါနိုင်ငံ၊ အိုင်ဗရီကို့ နိုင်ငံ၊ ဂါဗွန်နိုင်ငံ၊ ဂျီဗူတီနိုင်ငံစသော နိုင်ငံ အများအပြားတွင် ပြင်သစ်စစ်သည် စုစုပေါင်း ၁၂,၀၀၀ နီးပါးတပ်စွဲထားရှိသည်။ ၁၉၈၀ ပြည့်နှစ်အတွင်း တျူနစ်ဇီးယားနိုင်ငံအစိုးရ၏ ဖိတ်ခေါ်ချက်အရ ပြင်သစ်တပ်များကို ယင်းနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ထို့ပြင် အာဖရိကနိုင်ငံများသို့ အကူအညီများလည်း နှစ်စဉ်ပေးအပ်လျက်ရှိရာ ၁၉၈၀ ပြည့်နှစ်တွင် အကူအညီ ၁၇ ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ်အတွင်း ပြင်သစ်နိုင်ငံမှ အာဖရိက နိုင်ငံများသို့ ပေးအပ်ခဲ့သော အကူအညီစုစုပေါင်းမှာ ပြင်သစ်ဖရန့်ငွေ ၄ ဘီလီယံ(ဖရန့်သန်းပေါင်း ၄,၀၀၀) ဖြစ်သည်။

ဖု, မိုက်ကယ် (ခရစ် ၁၉၁၃)။ ။ဗြိတိသျှ နိုင်ငံရေး ခေါင်းဆောင်ကြီး တဦးအဖြစ် ကျော်ကြားခဲ့သူ စာရေးဆရာနှင့် သတင်းစာဆရာ မိုက်ကယ်ဖုသည် ၁၉၁၃ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မွေးဖွားသည်။ ဆွာနေမြို့ ဖော်ရက်စကျောင်း၊ ရက်ဒင်းမြို့လေထင်ပတ်ကျောင်းနှင့် အောက်စဖို့ဒ်တက္ကသိုလ် ဝပ်ဟိုင်းကောလိပ်တို့တွင် ပညာသင်ကြားခဲ့သည်။

၁၉၃၃ ခုနှစ်တွင် အောက်စဖို့ဒ်တက္ကသိုလ်တွင် သမဂ္ဂဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ထရီဗြွန်းသတင်းစာတိုက်တွင် ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်သည်။

၁၉၃၅ ခုနှစ်တွင် မွန်မောက် မဲဆန္ဒနယ်မှ ပါလီမန် အမတ်အဖြစ် ရွေးကောက်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ပလင်မောက်တိုင်းဒဲဝင်ပို့ မဲဆန္ဒနယ်မှလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် အဘိုးဝေး



လေဘာပါတီခေါင်းဆောင် မိုက်ကယ်ဖု

မဲဆန္ဒနယ်မှလည်းကောင်း လေဘာပါတီဝင် အမတ်အဖြစ်ဖြင့် ရွေးကောက်ပွဲဝင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် လေဘာပါတီ အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ်ဖြင့် လည်းကောင်း၊ ၁၉၇၄ မှ ၁၉၇၆ ခုနှစ်အထိ အလုပ်အကိုင်ဌာန ဝန်ကြီးအဖြစ်ဖြင့်လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် ပါလီမန်အောက်လွှတ်တော် ခေါင်းဆောင်အဖြစ်လည်းကောင်း အသီးသီး ဆောင်ရွက်ခဲ့လေသည်။

၁၉၆၉ ခုနှစ်တွင် ဝပ်ဟိုင်းကောလိပ်မှ ချီးမြှင့်သော ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ်ဖြင့် ချီးမြှင့်ခြင်းခံရသည်။

မိုက်ကယ်ဖု၏ဘခင် အိုက်ဇက်ဖုသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးတဦးဖြစ်ပြီး မိုက်ကယ်ဖု၏အခြားမွေးချင်းညီအစ်ကို သုံးဦးမှာလည်း ထူးချွန်စွာ နိုင်ငံအကျိုး သည်ပိုးထမ်းဆောင်သူများ ဖြစ်လေသည်။ ဖုသည် ၁၉၄၉ ခုနှစ်တွင် ဂျီခရေဂီနှင့် လက်ထပ်သည်။ သူ၏ဇနီးသည် ကျော်ကြားသော စာရေးဆရာမနှင့် မော်ကွန်းရုပ်ရှင်ထုတ်လုပ်သူတဦးဖြစ်သည်။

မိုက်ကယ်ဖုသည် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလတွင် လေဘာပါတီ ခေါင်းဆောင်အဖြစ် ရွေးချယ်ခြင်းခံရသည်။ ပါလီမန် အမတ်အဖြစ် နှစ်ပေါင်းသုံးဆယ် ထမ်းဆောင်လျက်ရှိသော မိုက်ကယ်ဖုသည် ဥာဏ်ရှင်၍ ထိရောက်စွာ အဟောအပြော ကောင်းသူအဖြစ်ဖြင့် ထင်ရှားသူတဦးဖြစ်လေသည်။

ဖိုးပါကြီး၊ ဦး (မြန်မာ ၁၂၇၉–၁၃၄၁)။ ။ရုပ်ရှင်သရုပ်ဆောင် ဖိုးပါကြီး၏ငယ်နာမည်ရင်းမှာ မောင်ညွှန့်လှိုင်ဖြစ်သည်။ ဟင်္သာတမြို့၌ အဖဦးစံဖေ၊ အမိ ဒေါ်



ရုပ်ရှင်သရုပ်ဆောင် ဖိုးပါကြီး

လှတ်မှ မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် မွေးဖွားသည်။ မွေးချင်းနှစ်ဦးရှိရာ တဦးမှာ ညီမငယ် အမာစိန်ဖြစ်သည်။ ဖိုးပါကြီးသည် ဟင်္သာတတွင်မွေးရှိ ပုသိမ်၌ ကြီးပြင်းခဲ့သည်။ ငယ်စဉ်ကတည်းက အဆိုအက ပြဇာတ် ရုပ်ရှင်နှင့် ပန်းချီအနုပညာ ဝါသနာပြင်းပြခဲ့သူတဦး ဖြစ်သည်။

ကျပန်ခေတ်တွင် ဒါရိုက်တာဆရာခန့် ဦးဆောင်သည့် ကျော်အေး၊ ခင်ခင်ရီတို့ ပါဝင်သော ပြဇာတ်အဖွဲ့နှင့် ဆက်သွယ်မိပြီး ရန်ကုန်မြို့သို့ ရောက်ခဲ့သည်။

ရန်ကုန်မြို့သို့ ရောက်သောအခါ ကျပန်ခေတ် အာရှလူငယ် အစည်းအရုံး ရန်ပုံငွေအတွက် ကြည့်မြင်တိုင် ထီးတန်းထိပ် တရုတ်ကျောင်း ယခု (ဒေသကောလိပ် ၃) ၌ ရုပ်ရှင် လူကြမ်း ချစ်တင်ကြီး ဒါရိုက်တာအဖြစ် တင်ဆက်ကပြသော ရိရိကုသိုလ် ပြဇာတ်တွင် မင်းသား ကျော်အေး၊ မင်းသမီး ခင်ခင်ရီ၊ လူရွင်တော် စံပတ္တိနှင့်တွဲဖက်၍ ပြဇာတ်စင်ပေါ် ပထမဆုံး တက်ခွင့်ရခဲ့သည်။ ထိုအချိန်မှစ၍ ဖိုးပါကြီးဟုအမည်တွင်လာသည်။

ဖိုးပါကြီး ပြဇာတ်စင်ပေါ်သို့ အခကြေးငွေဖြင့် ဦးစွာ တက်ရောက် ကခွင့်ရခဲ့သော ပြဇာတ်မှာ ကျပန်ခေတ် လွင်လွင်ရဲ့ (ယခုအာဇာနည်ကုန်းအနီး) တွင် တင်ဆက်ကပြခဲ့သော ဒါရိုက်တာဆရာခန့်၏ ဤစစ်ကြီးမှာ ပြဇာတ်ဖြစ်သည်။ မင်းသား ကျော်ဝင်း၊ မင်းသမီး ခင်ခင်တင့်၊ လူကြမ်း ဦးမောင်ကလေး၊ မင်းသားကြီး ဦးဘအုန်း၊ မင်းသမီးကြီး ဒေါ်ဖွားနှစ်တို့နှင့်အတူ ဖိုးပါကြီးသည် လူရွင်တော်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့လေသည်။

ဖိုးပါကြီး၏အမည်သည် ၁၉၄၈ ခုနှစ်မှ ၁၉၅၅ ခုနှစ်အတွင်း ကပြကြသော ပြဇာတ်ခေတ်တွင် ကျော်ကြားစပြုခဲ့သည်။ ဖိုးပါကြီးပါဝင်ကပြခဲ့သော ထင်ရှားသည့် ပြဇာတ်အချို့မှာ အပြုံးလက်ဆောင်၊ ငယ်ကျွမ်းဆွေ၊ ကိုယ်ကြိုက်တာကိုယ်လုပ် စသည်တို့ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အတွင်း ဒုတိယအကြိမ် ကပြကြသော ပြဇာတ်တခုတ်တွင် ဖိုးပါကြီး၏အမည်သည် တရိန်ထိုး ကျော်ကြားခဲ့သည်။ ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်၏ ခြင်ထောင်ငါးလုံး ပြဇာတ်၊ အမိန့်တော်ရဖွေနေ ဦးသောကြာ ပြဇာတ်အပြင် ဂုဏ်နဲ့မာန ပြဇာတ်များတွင် မင်းသားမျိုးချစ်၊ မင်းသမီး မြင့်မြင့်ဌေးတို့နှင့် တွဲဖက်၍ သီချင်းမဆို အပြောအဆိုမပါပဲ ဟန်မူရာနှင့် ဘဲလေးကဇာတ်ဆန်ဆန် ကပြရာတွင် ဖိုးပါကြီးသည် အကောင်းဆုံးသရုပ်ဆောင် သွားနိုင်သည်။ ဖိုးပါကြီးသည် တရောင်ထဲခြယ် ပြဇာတ်တွင် ကိုယ်တိုင် ဒါရိုက်တာ မင်းသားလုပ်ခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် လူရွင်တော်မင်းသားအဖြစ် ဖိုးပါကြီး ပထမဆုံး ပါဝင်ခဲ့သောရုပ်ရှင်ကားမှာ ရန်ကုန်ရုပ်ရှင်မှ ဒါရိုက်တာ ဦးချစ်ဖေ၏ လူပျိုသိုး အသံတိတ်ဇာတ်ကားဖြစ်သည်။

ဖိုးပါကြီးသည် ဖိုးပါလေးနှင့်တွဲဖက်၍ ရွှေမျက်မှန်၊ ဂျစ်တူးမောင်၊ ဩဇာဖူးစာ၊ လူလိုလူ၊ ခင်နဲ့မောင် စသည့် အသံတိတ်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဖိုးပါကြီးသည် လူရွင်တော်မင်းသားအဖြစ် ရုပ်ရှင်ကားပေါင်းများစွာ ရိုက်ကူးခဲ့သည်အနက် မြဇော်ဖလင်မှ ဒါရိုက်တာ ဦးမြမောင်ရိုက်ကူးခဲ့သော ဖိုးပြုံးချို ဇာတ်ကားဖြင့် အကောင်းဆုံး သရုပ်ဆောင် မင်းသားဆုကို (၁၉၅၅ ခုနှစ် အကယ်ဒမီ ရွှေစင်ရုပ်ဆု) ဆွတ်ခူးရရှိခဲ့လေသည်။

၁၉၅၅ ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ ရခဲ့သည်။ ကိုယ်ပိုင် ဖိုးပါကြီး ရုပ်ရှင်ကို တည်ထောင်ပြီး ထူးတဲ့ဇာတ်ခုံ၊ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်၊ ခိုင်သဇင်၊ မြဝင်္ဂီကာနှင့် မေတ္တာမိုးတပေါက် စသည်ကားများတွင် ကိုယ်တိုင်ဒါရိုက်တာ သရုပ်ဆောင်အဖြစ် ရိုက်ကူးခဲ့လေသည်။

တခါကတဘဝ ဇာတ်ကားတွင် သနားဖွယ် ရေလုပ်သားကြီးအဖြစ် သရုပ်ဆောင်ကောင်း၍ ၁၉၇၈ ခုနှစ်အတွက် အမျိုးသားဇာတ်ပို အကယ်ဒမီ ရွှေစင်ရုပ်ဆုကို ဒုတိယအကြိမ် ထပ်မံရခဲ့လေသည်။

ပြဇာတ်ပေါင်း ၃၀ ကျော်၊ ရုပ်ရှင်ကားပေါင်း ၁၅၀ နီးပါးခန့် ရိုက်ကူးသွားခဲ့သော အကယ်ဒမီ နှစ်ထပ်ကွမ်း သရုပ်ဆောင် ဖိုးပါကြီးသည် ၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်မြိုင်နှင့် ကလေး လေးယောက်၊ ကွယ်လွန်သူ မင်းသမီး ဒေါ်မေချစ်နှင့် ကလေး နှစ်ယောက် ကျန်ရစ်ခဲ့လေသည်။

ဗထွေး၊ သိပ္ပံ (ခရစ် ၁၉၃၂ - ၁၉၈၀) ။ ။စာရေးဆရာ ဦးဗထွေးကို ၁၉၃၂ ခုနှစ်တွင် မြောင်းမြခရိုင် အိမ်မဲမြို့နယ် သရက်ကုန်းရွာ၌ ဆန်စက်ပိုင်ရှင် ဦးကာစီ၊ဒေါ်တင့်တို့မှ မွေးဖွားသည်။ မွေးချင်းခြောက်ယောက်အနက် ပဉ္စမမြောက်ဖြစ်သည်။ ငယ်စဉ်ဘဝကပင် စာရေးစာဖတ်



စာရေးဆရာ သိပ္ပံဗထွေး

ဝါသနာပါပြီး စာတိုစာစများရေးကာ စာရေးဆရာများနှင့် ဆွေးနွေးလေ့ရှိသည်။ စာရေးဆရာ သိပ္ပံဗထွေး၏ အမည်ရင်းသည် ဦးဗထွေးပင် ဖြစ်သည်။

သိပ္ပံဗထွေးသည် ဆယ်တန်းအောင်ပြီးနောက် အင်းစိန်စက်မှု လက်မှုကျောင်းသို့ တက်ရောက်ခဲ့ရာ ၁၉၅၄ ခုနှစ်တွင် လျှပ်စစ် ဒီပလိုမာ အောင်လက်မှတ် ရရှိခဲ့သည်။ဒီပလိုမာရပြီးနောက် လျှပ်စစ်အဖွဲ့တွင် ဝင်ရောက်အမှုထမ်းစဉ် ဂျာမနီနိုင်ငံသို့ လျှပ်စစ်ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရသည်။ ဂျာမနီနိုင်ငံတွင် နှစ်နှစ်နီးပါး ပညာသင်ပြီး အမ်–အိုင်–အီး–အီးနှင့် အမ်–အက်စ–အီး လျှပ်စစ်အဖွဲ့ဝင် ဖြစ်လာသည်။ ဂျာမနီမှပြန်လာပြီးနောက် ပုသိမ်၊ လွိုင်ကော်၊ ကျိုင်းတုံ၊ မုံရွာ၊ ရမည်းသင်း၊ သာစည်မြို့များတွင် ခရိုင်လျှပ်စစ် အင်ဂျင်နီယာအဖြစ် ပြောင်းရွှေ့အမှုထမ်းခဲ့သည်။

သိပ္ပံဗထွေးသည် ၁၉၅၂ ခုနှစ်မှစတင်၍ ရှုမဝမဂ္ဂဇင်းတွင် မနုဿဝတ္ထုတိုများရေးကာ စာပေနယ်သို့ ဝင်ခဲ့သည်။ စာပေသက်နုနယ်ချိန်တွင်ပင် လျှပ်စစ်ဓာတ်အားဖြင့် စက်မှုလက်မှုနိုင်ငံ ထူထောင်ရန် လှုံဆော်သော သတင်းစာဆောင်းပါးများကို ရေးခဲ့သည်။ ဝတ္ထု၊ ဆောင်းပါးများသာမက လောပီတဘီလူးချောင်း ရေအားလျှပ်စစ် စီမံကိန်း၊ မိုးဗြဲစသော မှတ်တမ်းစာအုပ်များကိုလည်း ရေးသားခဲ့ရာ ၁၉၆၀ ပြည့်နှစ်တွင် လောပီတရေအား လျှပ်စစ်စီမံကိန်းအမည်ရှိ စာအုပ်ဖြင့် ယူနက်စကို စာပေဆုကို ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် လျှပ်စစ်အန္တရာယ် မှုခင်း အသွယ်သွယ် စာမူဖြင့် အမျိုးသားစာပေ သုတပဒေသာ ဆုရရှိခဲ့သည်။ သိပ္ပံဗထွေး၏ ရတနာ၊ နွေတနေ့၊ တိုင်းမော်ကိုယ်တွေ့၊ မိုးဗြဲ၊ အမျိုးသား စာပေဆုရ လျှပ်စစ်အန္တရာယ်မှုခင်း အသွယ်သွယ်စာအုပ်များကို စာပေဗိမာန်မှ ပုံနှိပ်ထုတ်ဝေခဲ့သည်။သိပ္ပံဗထွေး၏ နောက်ဆုံးရေးသားခဲ့သောလက်ရာမှာ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလထုတ် သင့်ဘဝမဂ္ဂဇင်းပါ သူ၏ညာဉ် ဝတ္ထုတိုဖြစ်လေသည်။

သိပ္ပံဗထွေးသည် မည်သည့်နေရာဌာနတွင်မဆို သူတွေ့မြင်သော ချွတ်ယွင်းမှု၊ လစ်ဟင်းမှု၊ ဖောက်ပြန်မှုများကို ဖော်ပြ၍ အကြံပေးလမ်းညွှန်မှုများကို ရေးသားတတ်သည်။ ရေးသားတင်ပြပုံမှာလည်း ကိုယ်ပိုင်ဟန်ရှိသည်။ ဝါကျတို၊ စာပိုဒ်တိုများသုံး၍ တိုတိုတိတိ ထိထိမိမိ ရေးသားပုံသည် သိပ္ပံဗထွေး၏ စာရေးဟန်ပင်ဖြစ်သည်။

သိပ္ပံဗထွေးသည် တိုင်းပြည်နှင့် လူမျိုးအပေါ် စေတနာကြီးမားသူဖြစ်ရာ မြန်မာအကွရာများကိုသုံး၍ ကယား၊ လီစူး၊ နာဂစာပေများ တီထွင်ခဲ့သည်။

သိပ္ပံဗထွေးသည် နယ်တွင် အမှုထမ်းနေရာမှ ရန်ကုန်သို့ ပြန်လည်ရွှေပြောင်းရပြီးနောက် ရန်ကုန်လျှပ်စစ်ဌာန စာကြည့်တိုက်တွင် တာဝန်ထမ်းဆောင်သည်။ ထိုနောက် ဗဟို သုတေသန လုပ်ငန်းအဖွဲ့သို့ စာကြည့်တိုက်မှူး အဖြစ် ပြောင်းရွှေတာဝန် ထမ်းဆောင်သည်။

သိပ္ပံဗထွေးသည် ဗဟိုသုတေသန လုပ်ငန်းအဖွဲ့တွင် စာကြည့်တိုက်မှူးအဖြစ်အမှုထမ်းဆဲ ၁၉၈၀ ပြည့်နှစ်အောက်တိုဘာလ ၉ ရက်နေ့တွင်ကွယ်လွန်သည်။ကွယ်လွန်ချိန်တွင်ဇနီး ဒေါ်ခင်သန်းမြင့်နှင့် သမီးတဦး၊သားသုံးဦး ကျန်ရစ်သည်။

ဗာနီဆာဒါ, အဘိုင်ဟာဆန် (ခရစ်-၁၉၃၄) ။ ။ ၁၉၈၀ ပြည့်နှစ်၊ ဇန္ဒဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသော အီရန် အစ္စလာမ် သမ္မတ နိုင်ငံ၏ ပထမဦးဆုံး သမ္မတ ရွေးကောက်ပွဲတွင် မစ္စတာအဘိုင်ဟာဆန် ဗာနီဆာဒါသည် မဲအများဆုံးရသဖြင့် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

ဗာနီဆာဒါသည် သမ္မတ အဖြစ် ပါဝင်ယှဉ်ပြိုင် စဉ်က အသက် ၄၆ နှစ်ရှိပြီ ဖြစ်သည်။ ပြင်သစ်နိုင်ငံ ဆော်ဘုန်း တက္ကသိုလ်မှ စီးပွားရေး ပညာဘွဲ့ထူးရသူဖြစ်သည်။အစွန်းရောက် တယူသန်သမားမဟုတ်ပဲ အလယ်အလတ် ဝါဒီဖြစ်သည်။ ရှားဘုရင်ကို မလိုလားသဖြင့် ပြင်သစ်ပြည်တွင် ခိုလှုံ နေထိုင်စဉ် အယာတိုလာ ခိုမေနီထံ၌ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။



အာဘိုင်ဟာဆန် ဗာနီဆာဒါ

သာသနာ့ဝန်ထမ်း မဟုတ်သော်လည်း အယာတိုလာခိုမေနီကို အလွန်ယုံကြည်လေးစားသူ တပည့် ဖြစ်သည်။ အာဘိုင်ဟာ ဆန် ဗာနီဆာဒါကို သာသနာ့ ဝန်ထမ်း အချို့က မလိုလားကြသဖြင့် ကန့်ကွက်ခဲ့သော်လည်း ပြည်သူအဆုံးအဖြတ်ကို အယာတိုလာခိုမေနီကလက်ခံလိုက်သဖြင့် သမ္မတ ဖြစ်လာသော ဗာနီဆာဒါသည် တော်လှန်ရေး ကောင်စီ၏ ဥက္ကဋ္ဌအဖြစ်သို့ ရာထူးအလျောက် ရောက်ရှိလာလေသည်။

၁၉၇၉ ခုနှစ် ဇန္နဝါရီလ ၃၁ ရက်နေ့တွင် ခေါင်းဆောင် ခိုမေနီ ပါရီမြို့မှ တီဟီရန်သို့ ပြန်လာသောအခါ ဗာနီဆာဒါသည် အတူလိုက်ပါ မလာသေးပဲ ပါရီမြို့တွင် အခြေခံသော တော်လှန်ရေး လုပ်ငန်းများကို လက်စသိမ်းပြီးမှ တီဟီရန်သို့ ပြန်လာခဲ့လေသည်။

တီဟီရန်မြို့ရှိ အမေရိကန် သံရုံးကို ကျောင်းသားများဝင်စီးစဉ်က ဗာနီဆာဒါသည် နိုင်ငံခြားရေး ဝန်ကြီးဖြစ်သည်။ သံရုံးဝင်စီးခြင်းကို လိုလားသူ မဟုတ်သောကြောင့် ကုလသမဂ္ဂသို့ သွားမည့် ဗာနီဆာဒါ၏ ခရီးစဉ်ကို ဖျက်သိမ်းလိုက်ရသည့်အပြင် ယင်းရာထူးမှ နုတ်ထွက်လိုက်ရသည်။ ထိုရာထူးကို ဂုတ်ဗဇာဒေးက လက်ခံသည်။ ဗာနီဆာဒါသည် မူလရာထူးဖြစ်သော စီးပွားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီး တာဝန်ကို ယူလိုက်သည်။

ထို့အပြင် ၁၉၈၀ ပြည့် နှစ်ဦးပိုင်းတွင် ပြုလုပ်သော အမျိုးသားလွတ်တော် ရွေးကောက်ပွဲတွင် ဘာသာရေး ခေါင်းဆောင်များနှင့် ဗာနီဆာဒါ၏ အပွဲဝင်များအရွေး ခံကြရာ သမ္မတနိုင်ငံပါတီက နေရာ ၁၃၀၊ ဗာနီဆာဒါ

လိုလား သူက ၄၁ ဦး၊ အလယ်အလတ်လမ်းလိုက်လိုသူ ၇၁ ဦး နှင့် လမ်းစဉ် အစဲ့အလမ်း မရှိသူ ၂၈ ဦးအရွေး ခံရသည်။

လွတ်တော်က တင်မြောက်လိုက်သော ဝန်ကြီးချုပ် အလီဈာဂျေးနှင့် သမ္မတ ဗာနီဆာဒါတို့သည် သဘော ထားချင်း မညီသည့် ကိစ္စများ ပေါ်ထွက်လာသည်။

ဗာန္ဒာတူသမ္မတနိုင်ငံ။ ။ဗာန္ဒာတူ သမ္မတ နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ အနောက်တောင်ပိုင်း တောင်လတ္တီတွဒ် ၁၃ ဒီဂရီနှင့် ၁၂ ဒီဂရီအကြားတွင်လည်းကောင်း၊ အရှေ့လောင်ဂျီတွဒ် ၁၆၆ ဒီဂရီနှင့် ၁၇၀ ဒီဂရီအကြားတွင် လည်းကောင်း တည်ရှိသော ကျွန်းစုနိုင်ငံ ဖြစ်သည်။ ယင်းနိုင်ငံတွင် ကျွန်းကြီးပေါင်း ၁၂ ကျွန်းနှင့် ကျွန်းငယ်ပေါင်း ၆၀ ပါဝင်သည်။ အဓိကကျသော ကျွန်းများမှာ အက်စပီရီတူစံတို့၊ မာလေကူလာ၊ အီပီ၊ အမ်ဘရင်း၊ အီးဖာတီ၊ အီရိမန်းဂိုး၊ တန်နာ၊ အန်နီတီယမ်၊ အေအိုဘာ၊ မာအီဗိုနှင့် ပင်တီကော့စ် ကျွန်းတို့ဖြစ်သည်။ ဗာန္ဒာတူ သမ္မတ နိုင်ငံသည် ဖီဂျီနိုင်ငံ၏အနောက်ဘက်မိုင် ၆၀၀ အကွာနေရာတွင်



လည်းကောင်း၊ကာလီဒိုးနီးယားကျွန်း၏ အရှေ့မြောက်ဘက် မိုင် ၂၅၀ အကွာတွင်လည်းကောင်း တည်ရှိလေသည်။

အကျယ်အဝန်း။	။၅,၇၀၀ စတုရန်းမိုင်
လူဦးရေ။	။၁၁၀,၀၀၀(၁၉၇၀)
မြို့တော်။	။ဗီလာမြို့

နိုင်ငံ၏ အလျားမှာ မိုင်ပေါင်း ၅၀၀ ရှိသည်။ အက်စပီရီတူစံတို့ ကျွန်းမှာ အကြီးဆုံးကျွန်း ဖြစ်သည်။ စတုရန်းမိုင်ပေါင်း ၁,၅၀၀ ကျယ်ဝန်းသည်။

နိုင်ငံတော်သမ္မတမှာ အေတီဂျော့ကာလကွာဆိုကိုမန် ဖြစ်ပြီး ဝန်ကြီးချုပ်မှာ ဝေါ်လတာလီနီ ဖြစ်သည်။



အက်စပီရီတူစံတို့ခေါင်းဆောင်
ဂျင်မီစတီဗင်

ရာသီဥတုမှာ သမုဒ္ဒရာအတွင်းရှိသော နိုင်ငံဖြစ်သဖြင့် နိုဝင်ဘာလနှင့်ဧပြီလအတွင်း နွေရာသီနှင့်မိုးရာသီဟူ၍ ဖြစ်ပေါ်ပြီး အရှေ့တောင်ကုန်သည်လေ တိုက်ခတ်မှုရှိသဖြင့် ရာသီဥတုမျှတသည်။ အပူချိန် ၉၀ ဒီဂရီဖာရင်ဟိုက်နှင့် အနည်းဆုံး ၆၀ ဒီဂရီဖာရင်ဟိုက်ရှိသည်။ နှစ်စဉ်ပျမ်းမျှ မိုးရွာသွန်းနှုန်းသည် ၉၁ လက်မဖြစ်သည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိသော ကျွန်းစုများအား မာလာနီးရှား၊ ပိုလီနီးရှားနှင့် မိုက်ကရိုနီးရှားဟူ၍ အုပ်စုသုံးစုခွဲခြား သတ်မှတ်ထားသည့်အလျောက် ထိုကျွန်းများတွင် နေထိုင်ကြသော ဒေသခံကျွန်းသားများကိုလည်း နေထိုင်သည့်ကျွန်းအမည်ကို အစွဲပြု၍ခေါ်ဝေါ်ကြလေသည်။

ဗာန္ဒာတူသမ္မတနိုင်ငံတွင်ရှိသော လူဦးရေအနက် ၉၅ ရာခိုင်နှုန်းသည် မာလာနီးရှား ကျွန်းသားများဖြစ်ကြပြီး ကျန်ရာခိုင်နှုန်းမှာ ပိုလီနီးရှားကျွန်းသားများ၊ မိုက်ကရိုနီးရှားကျွန်းသားများနှင့် အင်္ဂလိပ်ပြင်သစ်အပါအဝင် ဥရောပတိုက်သား အနည်းငယ်သာဖြစ်သည်။ ထို့ကြောင့် ကျွန်းသားအများစုသည် မာလာနီးရှားကျွန်းသားများ အသုံးပြုသော ဘာသာစကားကိုလည်းကောင်း၊ ဗစ်လာမာဟီဂရိုက်စပက်ဂျင် ဘာသာစကား မူသစ်ကိုလည်းကောင်း အသုံးပြုကြလေသည်။ သို့သော် အင်္ဂလိပ်ဘာသာစကားနှင့် ပြင်သစ်ဘာသာစကားတို့သည် ရုံးသုံးဘာသာစကားများ ဖြစ်ကြသည်။ကိုးကွယ်သည့်ဘာသာသည် ခရစ်ယာန်ဂိုဏ်းအမျိုးမျိုး ဖြစ်သော်လည်း ဒေသခံကျွန်းသားအချို့တို့သည် နတ်ကိုးကွယ်ကြလေသည်။

ဗာန္ဒာတူ သမ္မတနိုင်ငံသည် ဩစတြေးလျ၊ နယူးဇီလန်နှင့် အခြားနိုင်ငံများနှင့် ဆက်သွယ်ရာတွင် လည်းကောင်း၊ ပြည်တွင်းရှိ ကျွန်းများအချင်းချင်း ဆက်သွယ်ရာတွင်လည်းကောင်း ရေကြောင်းလမ်းသည် အဓိကဖြစ်သည်။ဗီလာမြို့နှင့် စံတို့မြို့တို့သည် ပင်လယ်ကူးသဘော်ကြီးများ ဆိုက်ကပ်ရာမြို့များဖြစ်ကြသည်။

စိုက်ပျိုးရေးသည် ဗာန္ဒာတူနိုင်ငံ၏ အဓိကလုပ်ငန်းဖြစ်သည်။ တောင်ပေါများခြင်းကြောင့်တကြောင်း၊ သစ်တောထူထပ်ခြင်းကြောင့် တကြောင်း စိုက်ပျိုးရေးကို ကျဉ်းမြောင်းသော ကမ်းမြောင်ဒေသလွင်ပြင်များနှင့် ကုန်းပြင်မြင့်များတွင်သာ ပြုလုပ်နိုင်သည်။ အုန်းသီးဆံ၊ ကိုကိုးစေ့နှင့်ကော်ဖီစေ့တို့သည် အဓိကထွက်ကုန်များ ဖြစ်လေသည်။ ၁၉၇၉ ခုနှစ်တွင် အုန်းသီးဆံတန်ချိန် ၃,၉၄၀ ကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။

ငါးဖမ်းလုပ်ငန်းကို အက်စပီရီတူစံတို့ ကျွန်းပေါ်ရှိ တောင်ပစိဖိတ် ငါးဖမ်းကုမ္ပဏီသည် အဓိကအားခန်းတခုဖွင့်၍ အကြီးအကျယ်လုပ်သည်။ ၁၉၇၉ ခုနှစ်တွင် ငါးတန်ချိန် ၃,၄၈၂ ခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။

မဂ္ဂနီးသတ္တုများကို အီးဖာတီကျွန်းတွင် တူးဖော်ရရှိသည်။ ၁၉၇၉ ခုနှစ်တွင် မဂ္ဂနီးတန်ချိန် ၁၁,၁၈၂ တန်ကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။

၁၆၀၆ ခုနှစ်တွင် ပေါ်တူဂယ်လူမျိုး ဒီကို့ရော့သည် နယူးဟီဘရစ်ဒီး ကျွန်းစုဌ အခြေချ နေထိုင်ခဲ့ဖူးသည် ဟုသမိုင်းဆရာတို့က ဆိုသော်လည်း အခြား မည်သည့် အထောက်အထားမျှ မတွေ့ခဲ့ရချေ။ ၁၈ ရာစုဌ ပြင်သစ်နှင့်အင်္ဂလိပ်လူမျိုးတို့က နယ်သစ်ရှာဖွေရာမှ ပြင်သစ်လူမျိုး ဘိုဂန်ဗီးသည် ၁၇၆၈ ခုနှစ်တွင် လည်းကောင်း၊ အင်္ဂလိပ်လူမျိုးကက်ပတိန်ကွတ်သည် ၁၇၇၄ ခုနှစ်တွင်လည်းကောင်း အဆိုပါကျွန်းစုသို့ ရောက်ရှိလာခဲ့သည်။ ၁၉ ရာစုတွင် ဗြိတိသျှနှင့် ပြင်သစ်သာသနာပြုများသည့် လည်းကောင်း၊ ကုန်သည်များသည်လည်းကောင်း အဆိုပါကျွန်းများတွင် လာရောက်အခြေချ၍ နေထိုင်ကြလေသည်။

ထို့နောက် ပြင်သစ်အစိုးရနှင့် ဗြိတိသျှအစိုးရတို့သည် အဆိုပါကျွန်းများတွင် အခြေချနေထိုင်ကြသော မိမိတို့နိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်ဟူသော အကြောင်းပြချက်ဖြင့် ပူးတွဲကော်မရှင် တရပ်ကို

၁၈၇၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၀၂ ခုနှစ်နှင့် ၁၉၀၆ ခုနှစ်တို့၌ သီးခြားစီအချုပ်အခြာအာဏာပိုင်သော အင်္ဂလိပ်ပြင်သစ် ပူးတွဲအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ထို့ကြောင့် ပြင်သစ်ကော်မရှင်နာတဦးနှင့် အင်္ဂလိပ်ကော်မရှင်နာတဦးစီတို့က ကျန်းမာရေးကို အုပ်ချုပ်ခဲ့လေသည်။

ထို့နောက် ၁၉၁၄ ခုနှစ်တွင် အင်္ဂလိပ်အစိုးရနှင့် ပြင်သစ်အစိုးရတို့သည် သဘောတူညီချက်များပြု၍ ထိုကျွန်းများပေါ်၌ တူညီသောအခြေချနေထိုင်ခွင့်နှင့် ကုန်ကူးသန်းရောင်းဝယ်ခွင့်များ ရယူခဲ့ကြပြီး မိမိတို့၏ သက်ဆိုင်ရာ နိုင်ငံသားများအပေါ် အချုပ်အခြာအာဏာပိုင်သော စနစ်ကို ကျင့်သုံးခဲ့သည်။ သို့ရာတွင် နယ်မြေပိုင်ဆိုင်မှုအတွက် သတ်မှတ်ချက်မထားပဲ လူမျိုးအလိုက်သာ သက်ဆိုင်ရာ မိမိအစိုးရအား သစ္စာကိုခံယူကြသည်။

အခြားနိုင်ငံတို့မှ ပြောင်းရွှေ့လာသူများမှာ အင်္ဂလိပ်သို့မဟုတ် ပြင်သစ်အစိုးရအား သစ္စာခံကြရသည်။ ဒေသခံတိုင်းရင်းသားများမှာမူ မည်သည့်အစိုးရကိုမျှ သစ္စာခံခြင်း ပြုရန်မလိုချေ။

အင်္ဂလိပ်အစိုးရနှင့် ပြင်သစ်အစိုးရတို့သည် ထိုကျွန်းများတွင် ၁၉၅၇ ခုနှစ်မှစ၍ အကြံပေးကောင်စီဖြင့် အုပ်ချုပ်လာခဲ့သည်။ ၁၉၇၀ ပြည့်ကျော် နှစ်များမှစ၍ ရွေးကောက်ပွဲများမှတည်၍ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ် ကိုးဦးနှင့် ရိုးရာအရ ဒေသခံ တိုင်းရင်းသားတို့က အကြီးအကဲဟု သတ်မှတ်ထားသူလေးဦးတို့ ဖြစ်လေသည်။

ထို့နောက် ၁၉၇၉ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ပါရီမြို့၌ အင်္ဂလိပ်အစိုးရနှင့် ပြင်သစ်အစိုးရတို့ပြုလုပ်သည့် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ခဲ့ရာ ဟီဘရစ်ဒီးကျွန်းသားများအား ၁၉၈၀ ပြည့်နှစ်အတွင်း၌ လွတ်လပ်ရေးပေးရန် သဘောတူညီမှုရရှိခဲ့လေသည်။

ထို့ကြောင့် ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့က ကြီးကြပ်၍ ရွေးကောက်ပွဲများ ကျင်းပပေးခဲ့သည်။ ရွေးချယ်တင်မြှောက်ရသည့် ကိုယ်စားလှယ်ဦးရေ ၃၉ နေရာအနက် ဗာန္ဒာတူပါတီက ၂၆ နေရာရရှိခဲ့သည်။ ကျန် ၁၃ နေရာမှာ မော့ဒရိတ်ဝင်များက ပြောင်းလဲဖွဲ့စည်းထားသော နယူးဟီဘရစ်ဒီးဖက်ဒရယ်ပါတီမှ ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ် မေလမှ ဇူလိုင်လအတွင်း လုံးဝလွတ်လပ်ရေးတောင်းဆိုရန်နှင့် လွတ်လပ်ရေးရရှိပြီး နယူးဟီဘရစ်ဒီးကျွန်းစုအား ဗာန္ဒာတူ သမ္မတ နိုင်ငံဟူသော အမည်ဖြင့် နိုင်ငံသစ်တရပ်ထူထောင်ရန် အခွင့်အာဏာများ ရရှိခဲ့လေသည်။

၁၉၈၀ ပြည့်နှစ် မေလ ၂၈ ရက်နေ့တွင် ဂျင်မီစတီဗင် ဆိုသူသည် ဒေသခံတိုင်းရင်းသားအချို့အား ဦးဆောင်၍ လေးနှင့်မြှားကို ကိုင်ဆောင်ကာ အက်စပီရိတူစံတို့ကျွန်းအား ဝင်ရောက်သိမ်းပိုက်ပြီး ဗိမာရားနားအစိုးရ ဖွဲ့စည်းကြောင်း ကြေငြာခဲ့သည်။

ယင်းခဲ့ထွက်ရေးသမားသည် ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပေးမည့်လွတ်လပ်ရေးအစီအစဉ်၌ မိမိတို့၏ လိုအပ်ချက်များမပါရှိဟု အကြောင်းပြခဲ့၍ အင်္ဂလိပ်အုပ်စုမှ ဝေါလတာဦးဆောင်မှုကို အထူးဆန့်ကျင်ခဲ့ကြသည်။ ခေါင်းဆောင်ဖြစ်သူ ဂျင်မီစတီဗင်ကလည်း မိမိတို့တိုင်းရင်းသားများသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီး၍ မိမိတို့နိုင်ငံ၏စီးပွားရေးကို မိမိတို့ဘာသာ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်များ ရလိုကြောင်း ပြောကြားခဲ့လေသည်။

ယင်းဆူပူမှုများကို ပြင်သစ်နိုင်ငံမှ အဓိကရုဏ်းနှိမ်နင်းရေးပုလိပ် ၅၅ ယောက်နှင့် ဗြိတိန်နိုင်ငံမှ စစ်သည် ၂၀၀ တို့ဖြင့် နှိမ်နင်းရာ ဂျင်မီစတီဗင် ခေါင်းဆောင်သောအဖွဲ့သည် တောခိုခဲ့သည်။ သို့သော် စေ့စပ်ဆွေးနွေးချက်များ ပြုခဲ့သဖြင့် သူပုန်ခေါင်းဆောင် ဂျင်မီစတီဗင်က ဝေါလတာလိနီအစိုးရအား အသိအမှတ်ပြုခဲ့လေသည်။

ထို့ကြောင့် ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၃၀ ရက်နေ့ နံနက်တွင် သမ္မတ အေတီကျော့ကာလကာဆိုကိုမန်နှင့် ဝန်ကြီးချုပ် ဝေါလတာလိနီတို့ ဦးဆောင်သော ဗာန္ဒာတူသမ္မတနိုင်ငံအဖြစ်ဖြင့် လွတ်လပ်ရေးရခဲ့လေသည်။



ဗာန္ဒာတူ လွတ်လပ်ရေးနေ့ ဘခမ်းအနား

ဗင်းနစ်ထိပ်သီးအစည်းအဝေး။ ။ကွန်မြူနစ် မဟုတ်သော စက်မှုနိုင်ငံကြီး ခုနစ်နိုင်ငံ၏ ဆဋ္ဌမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ၁၉၇၀ ပြည့်နှစ် ဇွန်လ ၂၂ နှင့် ၂၃ ရက်နေ့တွင် အီတလီနိုင်ငံ ဗင်းနစ်မြို့တွင်ကျင်းပခဲ့သည်။ ထိုစည်းဝေးပွဲသို့ အမေရိကန် သမ္မတ ကာတာ၊ ပြင်သစ် သမ္မတဂျစ်စကတ်ဒက်စတိုင်း၊ အနောက်ဂျာမနီဝန်ကြီးချုပ် ဟဲလမို့ ရှမစ်၊ ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ၊ အီတလီဝန်ကြီးချုပ် ကော့ဆီဂါ၊ ကနေဒါဝန်ကြီးချုပ် ဂျိုးကလပ်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဆာဘူရို အိုကီတာတို့ တက်ရောက်ခဲ့ကြလေသည်။

ဂျပန်ဝန်ကြီးချုပ် အိုဟီရာသည် ဗင်းနစ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရည်ရွယ်ထားသော်လည်း ထိပ်သီးစည်းဝေးမကျင်းပမီ တပတ်ခန့်အလိုတွင် နှလုံးရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်ခဲ့သည်။ ထို့ကြောင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး အိုကီတာ ဦးဆောင်သည့် အဖွဲ့က တက်ရောက်ခဲ့ခြင်းဖြစ်လေသည်။

ထိပ်သီး အစည်းအဝေး အပြီးတွင် ပူးတွဲကြေငြာချက် တစောင် ထုတ်ပြန်သည်။ ထိုပူးတွဲကြေငြာချက်တွင် ရေနံအပေါ် မှီခိုနေရမှုကို ဖြတ်တောက်ရန်၊ ကုန်စျေးနှုန်းကို သင့်တင့်သည့် စျေးနှုန်းသို့ ကျဆင်းလာစေရန်အတွက် စုံမ်းအင်သုံးစွဲမှုကို လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ ကြသည်။ လာမည့် ဆယ်စုနှစ်အတွင်း ၎င်းတို့နိုင်ငံများ၏ ကျောက်မီးသွေးထုတ်လုပ်မှုကို နှစ်ဆတိုး၍ ထုတ်လုပ်သွားမည် ဖြစ်ပြီး ရှူးကလီးယားစွမ်းအင်ကိုလည်း ပိုမို ထုတ်လုပ်သွားမည်ဟု ရည်မှန်းကြောင်း ဖော်ပြထားလေသည်။

ဌေဖောင်းပွမှု လျှော့ချရေးသည် ချက်ချင်း ဆောင်ရွက်ရမည့် ထိပ်တန်း ဦးစားပေး ပြဿနာဖြစ်ကြောင်းနှင့် နိုင်ငံ အားလုံးအတွက် အကျိုးရှိမည့် ကိစ္စဖြစ်ကြောင်းဖြင့်လည်း ဖော်ပြထားသည်။

ခုနစ်နိုင်ငံ ခေါင်းဆောင်များသည် အာဖဂန်စတန် အကျပ်အတည်း၊ ဆိုး ရွား လာ သော အ ရှေ့အ နောက် ဆက်ဆံရေး၊ အာရပ် အစ္စရေးပြဿနာနှင့် အခြား နိုင်ငံရေး ပြဿနာများကိုလည်း ဆွေးနွေးကြသည်။

အာဖဂန်စတန် နိုင်ငံမှ ဆိုဗီယက် တပ်အချို့ ပြန်ရုပ်သိမ်းမှုသည် အမြဲတမ်းနှင့် လုံးဝဖြစ်စေရမည်ဟု ကြေငြာခဲ့ကြသည်။

ထိပ်သီး အစည်းအဝေး ကျင်းပရခြင်း၏ အဓိက ရည်ရွယ်ချက်ဖြစ်သော စီးပွားရေးကိစ္စနှင့် စပ်လျဉ်း၍ ရေနံရောင်းနိုင်ငံ များအသင်း (အိုပက်) ဝင်အချို့၏ ရေနံစျေးနှုန်းကို အလျင်အမြန်နှင့် အများအပြား တိုးမြှင့်လာမှုကို ခုနစ်နိုင်ငံ ခေါင်းဆောင်များက ပြင်းပြင်း ထန်ထန် ဝေဖန်ခဲ့ကြလေသည်။

ထိုသို့ရေနံ စျေးနှုန်းမြှင့်လာကြမှုကြောင့် ဌေဖောင်းပွမှု နှုန်းမြင့်တက်လာခြင်း၊ အကြီးအကျယ် စီးပွားရေး ကျဆင်းတော့မည့် ခြိမ်းခြောက်မှုကို မြင်လာရခြင်း၊ စက်မှုနိုင်ငံများ၌ အလုပ်လက်မဲ့ ပေါများလာခြင်းတို့ ဖြစ်လာရသည်ဟုလည်း ဖော်ပြကြသည်။ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှု အသင်း (အိုအီးစီဒီ) ဝင် စက်မှု ၂၄ နိုင်ငံ၏ ပျမ်းမျှနှစ်စဉ် ဌေဖောင်းပွမှုနှုန်းသည် ၁၄ ရာခိုင်နှုန်း ဖြစ်လာပြီး လာမည့်နှစ် တွင် အိုအီးစီဒီ နိုင်ငံများ၌ အလုပ်လက်မဲ့ ဦးရေသည် ၂၄ သန်း အထိရှိလာမည်ဟုလည်း ခန့်မှန်း ဖော်ပြကြသည်။

အထက် ဖော်ပြပါ ခုနစ်နိုင်ငံ၏ နေ့စဉ် ပျမ်းမျှ ရေနံသုံးစွဲမှုသည် စည်ပေါင်း ၃၃ သန်းခန့်ရှိသည်။ ယခု ဆယ်စုနှစ်အတွင်း အခြားလောင်စာစွမ်းအင်သစ်များကို သုံးစွဲခြင်းဖြင့် ရေနံသုံးစွဲမှုကို နေ့စဉ် စည်ပေါင်း ၁၅ သန်းမှ သန်း ၂၀ အထိ လျှော့ချသွားကြရန် သဘောတူကြသည်။ စုစု ပေါင်း စွမ်းအင်သုံးစွဲမှု၏ ၅၃ ရာခိုင်နှုန်းရှိသော ရေနံသုံးစွဲမှုကို ဆယ်စုနှစ်အတွင်း ၄၀ ရာခိုင်နှုန်းသို့ လျှော့ချသွားကြရန်လည်း သဘောတူကြသည်။

၁၉၇၁ ခုနှစ်တွင် ကျင်းပမည့် စက်မှုခုနစ်နိုင်ငံ၏ ထိပ်သီး အစည်းအဝေးကို ကနေဒါနိုင်ငံတွင်ကျင်းပရန်လည်း ဆုံးဖြတ်ကြသည်။ ချမ်းသာသည့် စက်မှု နိုင်ငံများနှင့် ဆင်းရဲသည့် တတိယ ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်း

ဆဋ္ဌမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော စက်မှု နိုင်ငံကြီးခုနစ်နိုင်ငံမှ နိုင်ငံခေါင်းဆောင်များ



ဆောင်ရွက်ရေးအတွက် ကမ္ဘာ့ထိပ်သီးညီလာခံတရပ်ကျင်းပရန် အဆိုပြုထားသော အနောက်ဂျာမနီ ဝန်ကြီးချုပ် ဟောင်း ဝီလီဗရန့် ခေါင်းဆောင်သည့် ကော်မရှင်၏ အစီရင်ခံစာပါ အဆိုပြုချက်များကို အလေး အနက် စဉ်းစားမည်ဟု စက်မှု ခုနစ်နိုင်ငံက ကတိပေးခဲ့ ကြလေသည်။

ဗစ်ဒစ်,ဖင်းဘိုဂါဒေါတာ(ခရစ် ၁၉၃၀)။ ။အိုက်စလန်နိုင်ငံ၏ အမျိုးသမီးသမ္မတသစ်ဖြစ်သူ မစ္စက် ဖင်းဘိုဂါဒေါတာဗစ်ဒစ်သည်ကမ္ဘာပေါ်တွင် ပထမဆုံး လူအများကြိုက်ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံအကြီးအကဲ အမျိုးသမီးဖြစ်သည်။



အိုက်စလန်နိုင်ငံ အမျိုးသမီးသမ္မတ
မစ္စက် ဖင်းဘိုဂါဒေါတာ ဗစ်ဒစ်

မစ္စက်ဖင်းဘိုဂါဒေါတာဗစ်ဒစ်ကို ၁၉၃၀ ပြည့်နှစ်တွင် အိုက်စလန်နိုင်ငံ ရေဂျာဗစ်မြို့၌မွေးဖွားသည်။ အိုက်စလန် တက္ကသိုလ်တွင် ပြင်သစ်ဘာသာနှင့် အင်္ဂလိပ်ဘာသာများကို သင်ကြားခဲ့သည်။ထိုနောက်ပြင်သစ်၊ဒိန်းမတ်နှင့် ဆွီဒင် နိုင်ငံများတွင် အနုပညာသမိုင်းကို သွားရောက်ဆည်းပူးခဲ့သည်။

သူမသည်ကျောင်းဆရာမဟဉီးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ရေဂျာဗစ် ကဇာတ်ကုမ္ပဏီတွင် ထုတ်လုပ်သူတဉီးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သမ္မတရာထူးကို မရမီ အချိန်အထိ ကဇာတ်ကုမ္ပဏီ၏ညွှန်ကြားရေးမူးအဖြစ် အမှုထမ်းခဲ့သည်။ အိုက်စလန်နိုင်ငံ ကဇာတ်အမှုကြီး၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

နိုင်ငံရေးတွင် ယခင်က ပါဝင် ဆောင်ရွက် ခဲ့ခြင်း မရှိသော်လည်း အိုက်စလန် လက်ဝဲပါတီက ကြိုက်နှစ်သက်သောကိုယ်စားလှယ်လောင်းအဖြစ် အသိအမှတ် ပြုခြင်းခံရသည်။ယင်းသို့ဖြစ်ရခြင်းမှာ အိုက်စလန်နိုင်ငံတွင် အမေရိကန်စစ်တပ်များရှိနေခြင်းကိုလည်းကောင်း၊ ကော်ဖ်လာဗစ်ဒေသတွင်မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ စစ်အခြေခံစခန်းထားရှိမှုကိုလည်းကောင်း မူအားဖြင့် အတိုက်အခံပြုခဲ့ခြင်းကြောင့်ဖြစ်သည်။

သမ္မတရွေးချယ် တင်မြှောက်ပွဲတွင် တသီးပုဂ္ဂလ ကိုယ်စားလှယ်အဖြစ်ဝင်ရောက်အရွေးခံခဲ့ရာ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၂၉ ရက်နေ့၌ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ အိုက်စလန်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း သြဂုတ်လ ၁ ရက်နေ့တွင် သမ္မတအဖြစ် တာဝန်များကိုစတင်ထမ်းဆောင်ခဲ့သည်။

အိုက်စလန်နိုင်ငံ၏သမ္မတသည် အစဉ်အလာအရ နိုင်ငံရေးအလုပ်များကို ဆောင်ရွက်စရာ မလိုပဲ နိုင်ငံတော်၏ အခမ်း အနားများ ဆိုင်ရာတာဝန် များကိုသာ အဓိက ဆောင်ရွက်ရသည်။ သို့သော် ပါလီမန် လွှတ်တော်တွင် အများစုကို အုပ်ချုပ်နိုင်ရန် ခေါင်းဆောင် မရှိသည့် အခါ သမ္မတက အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးရန် အာဏာရှိသည်။

ဗတ်, ပါးလ် အက်စ(ခရစ် ၁၈၉၂ - ၁၉၇၃)။ ။ကမ္ဘာကျော် နိုဗဲ စာပေဆုရရှိသူ အမျိုးသမီး စာရေးဆရာနှစ်ယောက်အနက် တဉီးဖြစ်သော ပါးလ်အက်စဗတ်သည် အမေရိကန် သာသနာပြု ဇနီးမောင်နှံမှ ၁၈၉၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် မွေးဖွားသည်။ ဇာတိမှာ အမေရိကန်ပြည်ထောင်စု အနောက်ဘက် ဗာဂျီးနီးယား ပြည်နယ် ဟီဘာရိုးမြို့ကလေးဖြစ်သော်လည်း ငယ်စဉ်ကစ၍ အသက် ၄၀ ခန့်ထိ တရုတ်ပြည်၌ အမြဲလိုလို နေထိုင်ခဲ့သည်။ထိုသို့တရုတ်ပြည်၌ ကြီးပြင်းလာရသဖြင့် တရုတ်စကားနှင့် စာကို ဦးစွာသင်ပြီးမှ အင်္ဂလိပ်စာကိုနောက်မှသင်ယူရသည်။

၁၉၁၀ ပြည့်နှစ်၌ အမေရိကန်နိုင်ငံသို့ ပြန်လာပြီး ဗာဂျီးနီးယားပြည်နယ် ရင်ဒေါ့မက်ကွန် အမျိုးသမီးကောလိပ်၌ ပညာသင်ကြားခဲ့ရာ ၁၉၁၄ ခုနှစ်၌ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ထိုနောက် နာမကျန်း ဖြစ်သော မိခင်အားပြုစုရန် တရုတ်ပြည်သို့ ပြန်လာခဲ့သည်။

၁၉၁၇ ခုနှစ်၌ တရုတ်ပြည်၌ ထောက်နေသော သာသနာပြု ဆရာလည်းဖြစ်၊ စိုက်ပျိုးရေးပါရဂူလည်း ဖြစ်သော ဂျွန်လောဆင်ဘတ်နှင့် အိမ်ထောင် ပြုပြီး တရုတ်ပြည်မြောက်ပိုင်း၌ သာသနာပြုလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည်။

၁၉၂၇ ခုနှစ်တွင် အမေရိကန် နိုင်ငံသို့ပြန်ကာ ကော်နယ်တက္ကသိုလ်၌ အင်္ဂလိပ်စာကို အဓိက ဘာသာရပ်အဖြစ် သင်ယူပြီး ၁၉၂၈ ခုနှစ်၌ မဟာဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးသည်။



စာရေးဆရာမ ပါးလ်အက်စဗတ်

ပထမဆုံးရေးသည့် ဝတ္ထုမှာ ''တိုင်းတပါးရောက်နေသူ'' ဖြစ်သည်။ သို့သော် ထိုဝတ္ထုမှာ အခြားစာအုပ် ခြောက်အုပ်ထုတ်ဝေပြီးမှ ပုံနှိပ်ဖြစ်သည်။

ပထမဆုံးထုတ်ဝေသည့် ဝတ္ထုမှာ ရှေး တရုတ်ပြည်နှင့် တရုတ်ပြည်သစ်တို့ အကြောင်းဖြစ်ပြီး အမည်မှာအရှေ့လေ၊ အနောက်လေဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်၌ ပုံနှိပ်သည်။

ဆင်းရဲသော တရုတ် လယ်သမားများ၏ အကြောင်း ဝတ္ထုဖြစ်သော မြေပဒေသာ ကိုရေးသား ထုတ်ဝေ ခဲ့ရာ ထိုဝတ္ထုဖြင့် အမေရိကန် နာမည်ကျော် ပူလစ်ဇာဆုကို ၁၉၃၁ ခုနှစ်၌ ချီးမြှင့်ခြင်းခံရသည်။

၁၉၃၃ ခုနှစ်၌ ယေးတက္ကသိုလ်က မစ္စက်ပါးလ်ဗတ်အား မဟာဝိဇ္ဇာဘွဲ့ ပေးအပ်သည်။ မစ္စက်ပါးလ်ဗတ်သည် ၁၉၃၄ ခုနှစ်မှ အစပြု၍ အမေရိကန်ပြည်ထောင်စု၌ အမြဲ နေထိုင်ခဲ့သည်။ ၁၉၃၅ ခုနှစ်၌ ပထမ ခင်ပွန်း ဂျွန်ဗတ်နှင့် ကွာရှင်းပြီး စာအုပ်ထုတ်ဝေသူ ရစ်ချတ်ဂျော်ဝဲနှင့် လက်ထပ်သည်။ ၁၉၃၈ ခုနှစ်၌ စာပေနိုဗယ်ဆုကြီး ချီးမြှင့်ခြင်း ခံရသည်။

မစ္စက်ပါးလ်ဗတ်သည် စာအုပ် ၈၅ အုပ်ကျော် ရေးသားထုတ်ဝေခဲ့သည်။ တရုတ်စာရေးဆရာကြီး ရှီနိုင်အံ၏ လူမှန်လျှင် ညီအကို ကို တရုတ်ဘာသာမှ အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုခဲ့ရာ လေးနှစ်မျှ အချိန်ယူရသည်။

သားများ (၁၉၃၂)၊ မယားကြီးနှင့် အခြား ဝတ္ထုတို များ (၁၉၃၃)၊ အမေ (၁၉၃၄)၊ မည်ညှတ်သည့် ဂေဟာ (၁၉၃၅)၊ တိုင်းတပါးရောက်သူ (၁၉၃၆)၊ တိုက်ပွဲနှံခဲ့သော သူတော်ကောင်း(၁၉၃၆)၊ ထိုကတိ(၁၉၄၃)၊ ဖြူနီပန်းမာလာ(၁၉၄၈)၊ပီကင်းမှစာ(၁၉၅၇)၊နှစ်သစ်ကူးနေ့ (၁၉၆၈) စသည့်စာအုပ်များကိုရေးသားထုတ်ဝေခဲ့သည်။

မစ္စက်ပါးလ်ဗတ်၌ အသိဉာဏ်လူစဉ်မမီရှာသည့် သမီးတယောက် ဖွားမြင်ခဲ့ရာ သူအား အကြောင်းပြု၍ လူလားမမြောက်ရှာမည့် ကလေးဟူ၍ စာအုပ်တအုပ်ကို ၁၉၅၀ ပြည့်နှစ်၌ ရေးသားထုတ်ဝေခဲ့သည်။ ကလေးများအတွက် အခြားစာအုပ်များလည်း ရေးသားခဲ့သေးသည်။

၁၉၄၀ ပြည့်နှစ်နောက်ပိုင်း၌ ဂျွန်ဆက်ဂျက်ကလောင်ခဲ့ဖြင့်အမေရိကန် ရုပ်ပုံသုံးလွှာကို ရေး၍ ၁၉၅၀ ခုနှစ်၌ ထုတ်ဝေ ခဲ့သည်။ 'ကန္တာရထဲမှ အဖြစ်အပျက်တခု' ခေါ်ပြဇာတ်ကို ရေးသား၍ ၁၉၅၉ ခုနှစ်၌ နယူးယောက်မြို့၌ ရုံတင်ခဲ့သည်။

မစ္စက်ပါးလ်ဗတ်၏ ပူလစ်ဇာဆုရဝတ္ထုကို 'ဝသုန်ဤမြေ' ဟူ၍ မြဒေါင်းညိုက ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ဘာသာပြန်ခဲ့သည်။ ထိုဝတ္ထုကိုပင် ဒဂုန် ခင်ခင်လေးက 'မြေပဒေသာ' ဟူ၍ ဂျပန်ခေတ်၌ မြန်မာပြန်ဆို ထုတ်ဝေ ခဲ့သည်။

၎င်းပြင် ၁၉၄၉ ခုနှစ်၌ ချစ်ညိုက 'အမေ'၊၁၉၅၀ ပြည့်နှစ်၌ မိုးဟိန်းက 'ကျွန်'၊ ၁၉၅၁ ခုနှစ်၌ ချစ်ညိုက 'ကိုယ့်အမျိုးချစ်သူမို့'၊ ၁၉၅၆ ခုနှစ်၌သိပ္ပံစိုးလှက 'ဘဝအထွေထွေ'၊ တို့ကို ပြန်ဆိုခဲ့ကြသည်။

'ဘဝအထွေထွေ' မြန်မာဘာသာပြန် စာအုပ်အတွက် ဘာသာပြန်ဆိုသူ သိပ္ပံစိုးလှသည် ၁၉၅၆ ခုနှစ် စာပေဗိမာန် ဘာသာပြန်ဆုချီးမြှင့်ခြင်း ခံရသည်။

'သားတို့ ရုပ်ရည်' နှင့် 'ကေရီ' ကိုသခင်မြသန်း၊ 'အရှေ့လေ - အနောက်လေ' ကို အောင်ခင်စော၊ 'လောင်းရိပ်ပန်း' ကို အောင်ကျော်အောင်၊ 'ရှင်နေမင်းမှ ပေးသော စာ' ကို သုမောင်၊ 'ပါးလ်ဗတ်၏ ဝတ္ထုတိုများ' ကို တက်တိုးတို့က ဘာသာပြန်ဆိုခဲ့ကြသည်။

စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးသည် ၁၉၅၂ ခုနှစ်၌ ကမ္ဘာ့လှည့်ခရီးထွက်စဉ်က နယူးယောက်မြို့၌ မစ္စက်ပါးလ်ဗတ်နှင့် တွေ့ဆုံ၍ စာပေရေးရာများကို ဆွေးနွေးခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ အာရှတိုက်တွင် အမေရိကန် စစ်သားများဖြင့် ပေါင်းသင်းရာမှ အဖေ မပေါ်သူ ကလေးများအတွက် ပါးလ်ဗတ်ဖောင်ဒေးရှင်းအဖွဲ့ ဟူ၍ တည်ထောင်ကာ စာရေး၍ ရရှိစုဆောင်းတားသည့် ငွေများအနက်မှ ဒေါ်လာ ၇,၀၀၀,၀၀၀ (မြန်မာငွေ ၄၉ သန်းခန့်)ကို ထိုအဖွဲ့ ရန်ပုံငွေ အဖြစ် လှူဒါန်း ပေးခဲ့သည်။

စာရေးဆရာမကြီး မစ္စက်ပါးလ်ဗတ်သည် ၁၉၇၃ ခုနှစ် မတ်လ ၆ ရက်နေ့၌ ကွယ်လွန်ခဲ့သည်။

ဗန်စ, ဆိုင်းရပ်။ ။(အမေရိကန်ပြည်ထောင်စု—ရှ။)

ဗြိတိန်နိုင်ငံ။ ။ဗြိတိန်နိုင်ငံသည် တချိန်က ကိုလိုနိ
နယ်ပယ်များစွာကို ပိုင်ဆိုင်ခဲ့ရာ ကိုလိုနီနယ်များမှ ကုန်
ကြမ်းပစ္စည်းများကို စျေးနှုန်းချိုသာစွာဖြင့် ရရှိပြီး ကုန်
ချောပစ္စည်းများကို ကိုလိုနီနယ်ပယ်များသို့ စျေးနှုန်းကြီး



အကျယ်အဝန်း။	။ ၉၄,၂၅၀ စတုရန်းမိုင်
လူဦးရေ။	။ ၅၅,၀၀၀,၀၀၀ (၁၉၇၀)
မြို့တော်။	။ လန်ဒန်မြို့။

စွာဖြင့် တဖန် ပြန်လည်ရောင်းချမှုကြောင့် ကမ္ဘာတွင် ချမ်းသာကြွယ်ဝသည့် နိုင်ငံတနိုင်ငံ ဖြစ်ခဲ့သည်။ သို့သော် နှစ်ဆယ်ရာစု နှစ်လယ်ပိုင်းတွင် ကိုလိုနီနယ်ပယ် မြောက်များစွာကို စွန့်လွှတ်ခဲ့ရရာ နိုင်ငံ၏ စီးပွားရေးသည် ယခင်ကလောက်တောင့်တင်းမှုမရှိတော့ပဲ ငွေကြေးဖောင်းပွမှု၊ ကုန်စျေးနှုန်း မြင့်တက်မှု၊ လူနေမှု ကုန်ကျစရိတ် မြင့်မားမှု စသည်တို့ကြောင့် စီးပွားရေး အကျပ်အတည်းများ တွေ့လာရသည်။

၁၉၇၉ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် လက်ရှိ ကွန်ဆာဗေးတစ် အစိုးရအဖွဲ့သည် ယခင်အစိုးရများကဲ့သို့

စားစာခံအဖြစ် ဖမ်းဆီးထားခြင်း ခံရသူတဦးလွတ်မြောက်လာပုံ



ပင် နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်း၊ ပြည်တွင်းရေး အခက်အခဲများနှင့် ဆက်လက်ရင်ဆိုင်နေရသည်။ ထို့ကြောင့် ဝန်ကြီးချုပ် မာဂရက်သက်ချာ ခေါင်းဆောင်သော ကွန်ဆာဗေးတစ် အစိုးရသည် ဗြိတိန်နိုင်ငံအား စီးပွားရေး တောင့်တင်းပြီး ချမ်းသာကြွယ်ဝသည့် နိုင်ငံ ဖြစ်လာစေရေးအတွက် စီးပွားရေးဆိုင်ရာ မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့လေသည်။

ထိုမူဝါဒများတွင် ဗြိတိသျှ မိသားစုများအား ကုမ္ပဏီများတွင် ပေါင်စတာလင် ၁၀၀၀ ခန့် ရင်းနှီးမြှုပ်နှံခွင့် ပြုပြီး အကောက်ခွန်ကင်းလွတ်ခွင့်ပြုရေး၊ စာသင်ကျောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သွင်းကုန်ပစ္စည်းများ



လန်ဒန်မြို့ရှိ အီရန်သံရုံးကို ဝင်ရောက်သိမ်းပိုက်ထားသော အကြမ်း ဖက်သမားများလက်မှ ပြန်လည် ရရှိရေး အတွက် ကြိုးပမ်းနေသောဗြိတိသျှ ကွန်မန်ဒိုတပ်သားတဦး

အပေါ် ချုပ်ကိုင်သွားရေး၊ ဥရောပနိုင်ငံများအပေါ် မှီခို အားထားနေရမှုမှ လွတ်မြောက်ရေး၊ မိုက်ကရိုလျှပ်စစ် ကိရိယာထုတ်လုပ်ရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံရေး၊ ကုမ္ပဏီများမှ အခွန်လျှော့ကောက်ရေး၊ စီးပွားရေးတွင် အလုပ်သမားသမဂ္ဂများနှင့် ညှိနှိုင်းဆောင်ရွက်သွားရေး၊ အခွန်များ ပြည့်ပြည့်ဝဝ ကောက်ခံရေး စသည်တို့ ပါဝင်လေသည်။ ငွေကြေးဖောင်းပွမှုကို တိုက်ဖျက်သည့်အနေဖြင့် ချေးငွေနှင့် အသုံးစရိတ်များ ကန့်သတ်ခြင်း၊ အတိုးနှုန်း တိုးမြှင့်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့သည်။

ထို့ပြင် နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို တိုးချဲ့ရန် အစီအစဉ်များကိုလည်း ချမှတ်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းများ တိုးချဲ့ရန် လိုအပ်သော ရင်းနှီးငွေများကို အစိုးရက ထုတ်ချေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ်အတွင်းတွင် သံမဏိ

ထုတ်လုပ်ရေး၊ ကျောက်မီးသွေးထုတ်လုပ်ရေး၊ မီးရထားဆက်သွယ်ရေး၊ သဘော်တည်ဆောက်ရေး လုပ်ငန်းတို့အတွက် ပေါင်စတာလင်သန်းပေါင်း ၅၇၀ ကျော် ထုတ်ချေးကာ လုပ်ငန်းတိုးချဲ့ခဲ့သည်။ ဤကဲ့သို့ အစိုးရက အနည်းနည်းအဖုံဖုံ စီးပွားရေးကိစ္စများကို ဆောင်ရွက်ခဲ့သော်လည်း ဗြိတိန်နိုင်ငံ၏ စီးပွားရေးမှာ နာလန်မထူခဲ့ပေ။

အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းရေးနှင့် စပ်လျဉ်း၍လည်း ဗြိတိန်အစိုးရက ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သို့သော် မပြေလည်ပဲ အလုပ်လက်မဲ့ ဦးရေတိုးတက်မြဲ တိုးတက်ခဲ့ရာ အလုပ်လက်မဲ့ ၂ ဒသမ ၅ သန်းခန့် ရှိနေလေသည်။ ထို့ပြင် ဗြိတိန်အစိုးရသည် အမြတ်အစွန်း နည်းနေသည့် မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်း၊ သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းအချို့နှင့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းတို့ကို ရပ်ဆိုင်းခဲ့ပြန်ရာ အလုပ်သမားပေါင်း ငါးသိန်းနှစ်သောင်းခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဗြိတိန်အစိုးရအပေါ် အလုပ်သမားသမဂ္ဂများက မကျေမနပ်ဖြစ်ခဲ့ကြပြီး ဗြိတိန်နိုင်ငံတွင် လူနေမှု ကုန်ကျစရိတ် မြင့်နေမှု၊ ကုန်စျေးနှုန်းမြင့်တက်နေမှု၊ ငွေဖောင်းပွမှုနှုန်း မြင့်တက်နေမှု စသည့် စီးပွားရေး အကျပ်အတည်းကို အကြောင်းပြ၍ လုပ်ခလစာ တိုးမြှင့်ပေးရန် အလုပ်သမား နှစ်သိန်းနီးပါးက ဆန္ဒပြ တောင်းဆိုခဲ့ကြလေသည်။

တဖန် ၁၉၈၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံက ဥရောပဘုံစျေးအဖွဲ့သို့ ထည့်ဝင်ရမည့်ငွေမှာ ပေါင်စတာလင် ကုဋ္ဌေ ၁၃၀ ဖြစ်ရာ ဗြိတိန်နိုင်ငံသည် ဥရောပဘုံစျေးအဖွဲ့သို့ ဝင်ရောက်ခြင်းဖြင့် စီးပွားရေးအကျပ်အတည်းနှင့်သာ ရင်ဆိုင်လာခဲ့ရပြီး အကျိုးခံစားခွင့်မှာ ထင်သလောက် မရရှိခဲ့သဖြင့် ထိုငွေထည့်ဝင်ရေးနှင့် စပ်လျဉ်း၍ ဥရောပဘုံစျေးအဖွဲ့ဝင် နိုင်ငံများနှင့် အကြိတ်အနယ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းသို့ စီးပွားရေးပြဿနာအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနေရစဉ် ၁၉၈၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့တွင် အာရပ်အနွယ်ဝင် အီရန်လူမျိုး သုံးဦးတို့သည် လန်ဒန်မြို့ရှိ အီရန်သံရုံးကို ဝင်ရောက် စီးနင်းသိမ်းပိုက်ခဲ့သည်။ အီရန်သံတမန်အမှုထမ်း ၂၀ ကိုလည်း ဓားစာခံအဖြစ် ဖမ်းထားခဲ့သည်။ ဗြိတိန်အစိုးရသည် ဓားစာခံများ လွှတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ရာ အကြမ်းဖက်သမားတို့က အီရန်နိုင်ငံ ခူဇက်စတန်ပြည်နယ်တွင် ဖမ်းဆီးထားသော အီရန်နိုင်ငံရေးအကျဉ်းသား ၉၁ ဦးကို လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ အကြမ်းဖက်သမားတို့သည် သံရုံးကို သိမ်းပိုက်ခဲ့ပြီး ခြောက်ရက်အကြာ မေလ ၅ ရက်နေ့တွင် လက်နက်ချခဲ့သည်။

ထို့ပြင် ဗြိတိန်လက်အောက်ခံ အိုင်ယာလန်မြောက်ပိုင်းအာစတာနယ် ဆူပူမှုကိုလည်း ဗြိတိန်အစိုးရက ဆက်လက်နှိမ်နင်းနေရဆဲဖြစ်သည်။ ဘာသာရေးဂိုဏ်းနှစ်ခု အားပြိုင်ရာမှ စတင်ဖြစ်ပွားသည့် ဆူပူမှုဖြစ်သည်။ ယင်းဆူပူမှုကြောင့် ၁၉၈၀ ပြည့်နှစ်အတွင်းတွင် လူပေါင်း ၇၅ ဦးသေဆုံးခဲ့ရလေသည်။

ဘူတန်နိုင်ငံ။ ။ဘူတန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံကြီး နှစ်နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် တည်ရှိသော နိုင်ငံငယ်ကလေးတနိုင်ငံ ဖြစ်သည်။ မြောက်ဘက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် တောင်ဘက်တွင် အိန္ဒိယနိုင်ငံတို့ တည်ရှိသည်။ လူဦးရေ နည်းပါးသော နိုင်ငံငယ်ကလေးဖြစ်သည့်အလျောက် ပညာတတ်ဦးရေလည်း နည်းပါးသည်။



ဘူတန်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ် ဇန္ဓဝါရီလတွင် ဘင်္ဂလားဒေ့ရှ သမ္မတနိုင်ငံနှင့် သံတမန် ဆက်သွယ် ခဲ့သည့်အပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း စတင်ဆက်သွယ်ခဲ့သည်။ ဘူတန် နိုင်ငံခြားရေး ဝန်ကြီး ဒါဝါရှာရင်းခေါင်းဆောင်သော ဘူတန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် အက်စကက် ညီလာခံသို့ တက်ရောက်ခဲ့သည်။

ဘူတန်နိုင်ငံသည် နိုင်ငံခြားခရီးသွားလာရေး လုပ်ငန်းများကိုလည်း ၁၉၈၀ ပြည့်နှစ်ပိုင်းမှ စတင်လုပ်ကိုင်ခဲ့သည်။

အကျယ်အဝန်း။	။၁၉,၃၀၅ စတုရန်းမိုင်
လူဦးရေ။	။၁,၃၀၀,၀၀၀ (၁၉၈၀)
မြို့တော်။	။သင်ဖူမြို့

အိန္ဒိယနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် နိုင်ငံခြားရေးသံးလာရေးအေဂျင်စီများကို ဖွင့်လှစ်ခဲ့လေသည်။

ဘူတန်နိုင်ငံတွင်းသို့ ၁၉၇၄ ခုနှစ်အတွင်းက ထွက်ပြေးခိုလှုံ ရောက်ရှိသော တိဘက်ဒုက္ခသည်များ၏ ပြဿနာကို ဘူတန်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ပူးတွဲ၍ ဖြေရှင်းခဲ့သည်။ ထောင်ပေါင်းများစွာသော တိဘက် ဒုက္ခသည်များအနက် ဒုက္ခသည် ၂၅၀၀ ကို ဘူတန်နိုင်ငံသားများအဖြစ် ခံယူခွင့် ပြုခဲ့ပြီး ဘူတန်နိုင်ငံသားအဖြစ် မခံယူလိုသူများကိုမူ အိန္ဒိယနိုင်ငံသားများအဖြစ် ခံယူရန် အိန္ဒိယအစိုးရက ခွင့်ပြုခဲ့လေသည်။

ဘူတန်နိုင်ငံ၏ အိမ်နီးချင်းဖြစ်သော အိန္ဒိယနိုင်ငံတွင် မစွက် အင်ဒီရာဂန္ဒီအာဏာရှိပြီး မကြာမီတွင် ဘူတန်နိုင်ငံဘုရင် ဂျင်မီဆင်ဝမ်ချပ်သည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးလည်ပတ်ခဲ့ပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စများကို ဆွေးနွေးခဲ့သည်။ ဘူတန်နိုင်ငံသည် ပြည်တွင်းရေးကိစ္စ အရပ်ရပ်တွင် အိန္ဒိယနိုင်ငံအား မှီခိုအားထားနေရသော နိုင်ငံဖြစ်သည့် အားလျော်စွာ အိန္ဒိယနိုင်ငံ၏ စတုတ္ထငါးနှစ်စီမံကိန်းကာလ (၁၉၇၄–၇၁)အတွင်း အိန္ဒိယငွေ သန်းပေါင်း ၉၀၀ ခန့် အကူအညီရယူခဲ့ပြီး ဖြစ်လေသည်။ ကမ္ဘာ့ စားနပ်ရိက္ခာအပဲ့မှ ခေတ်မီ စိုက်ပျိုးရေး ကိရိယာများကိုလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအပဲ့မှ ဆေးဝါး ပစ္စည်းများ ကိုလည်းကောင်း ထောက်ပံ့ကူညီမှုများကို ရရှိခဲ့လေသည်။

ဘောစကိုင်းပင်။ ။ဘောစကိုင်းပင်သည် လူတို့အတွက် ဘက်စုံ အကျိုးပြုနိုင်သော အပင်မျိုး ဖြစ်သည်။ ဘောစကိုင်းပင်၏ မူလ ပေါက်ပွားရာဒေသမှာ အမေရိကတိုက်အလယ်ပိုင်းဒေသတဝိုက်မှဖြစ်ပြီး ၁၈ ရာစုတွင် အရှေ့တောင်အာရှနှင့် ဟစိမိတ်ဒေသ နိုင်ငံများသို့ ပျံ့နှံ့ခဲ့လေသည်။

ဘောစကိုင်း၏ ရုက္ခဗေဒအမည်သည် လူစီးနားလူကို ဆက်ဖလား ဖြစ်သည်။ နိုင်ငံနှင့် ဒေသအလိုက် အမည် အမျိုးမျိုးကွဲပြားသော်လည်း နိုင်ငံတကာက လူစီးနားဟုသာ စံပြုခေါ် ဆိုခဲ့ကြလေသည်။

ဘောစကိုင်းသည် အမျိုးအစားများစွာရှိရာ ဟာဝိုင်ယီတက္ကသိုလ်အပူပိုင်းဒေသ စိုက်ပျိုးရေးကောလိပ်၏သုတေသနပြုချက်အရ ယနေ့အထိ ဘောစကိုင်းမျိုးကွဲ ၃၄၁ မျိုး ရှိနေပြီဖြစ်ကြောင်းတွေ့ရှိရသည်။ ယင်းတို့အား အခြေခံအားဖြင့် သုံးမျိုးသုံးစား ခွဲခြားထားသည်။ ချုံပုတ်သာသာရှိသောအမျိုးအစား၊ ဆာဗလဒိုးခေါ် ဟာဝေယ်ကျိုင်းယန်အမျိုးအစားနှင့် ပီရူးဗီယံ အမျိုးအစားတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်ကတည်းက ပေါက်ရောက်လျက်ရှိသော ဘောစကိုင်းပင်ခေါ် အဝေးရောပင်သည် ချုံပုတ်သာသာရှိသော အမျိုးအစားတွင် ပါဝင်လေသည်။

ဘောစကိုင်းပင်သည် အမြဲစိမ်း အပင်မျိုး ဖြစ်သည်။ အရွက်သည် ငှက်မွေးပုံ ရွက်ပေါင်းဖြစ်ပြီး ရွက်ရိုးတံတခုတွင် ရွက်လက်တံများရှိ၍ ယင်းရွက်လက်တံများတွင် အရွက်ငယ်များစွာရှိသည်။ အရွက်ငယ်များနှင့် ရွက်လက်တံများသည် လေပြင်းကျခြင်း၊ နှင်းခဲများကျခြင်းနှင့်ကာလရှည်ကြာစွာခြောက်သွေ့ခြင်းဒဏ်ကို ခံနိုင်ရည်ရှိသည်။ အပူရှိန်လွန်ကဲသည့် အခါတွင်လည်းကောင်း၊ အေးသည့်အခါနှင့် မှောင်မိုက်သည့်အခါများတွင်လည်းကောင်း၊ အရွက်အိပ်ခြင်းကိုပြုလုပ်ကြသည်။ အပင့်သည် အဖြူရောင်ဘောလုံးသဏ္ဌာန်ရှိ၍ ဝတ်မှုန်များစွာပါရှိပြီး သီးတောင့်တခုတွင် အစေ့ ၂၀ မှ ၃၀ အထိပါရှိတတ်သည်။ ဘောစကိုင်းပင်များသည် စွတ်စိုသောအပူပိုင်းဒေသများနှင့် သမပိုင်းမဟုတ်သော ဒေသများတွင် ပျံ့နှံ့စွာ ပေါက်ရောက်ကြပြီး အမြင့်ပေ ၁၅၀၀ အထိရှိသော ဒေသများ တွင်လည်း ပေါက်ရောက်နိုင်ကြသည်။ တနှစ်မိုးရေချိန် ၂၅ လက်မမှ ၆၅ လက်မအတွင်းရှိပြီး မိုးရွာသွန်းမှုညီညာ၍ ထုံးဓာတ်



အပင်ကြီးထွားမှုမြန်သော ဘောစကိုင်းပင်များ

ဆန်သည့် မြေမျိုးများတွင် ပေါက်ရောက်မှု အကောင်းဆုံး ဖြစ်သည်။ ဘောစကိုင်းပင်ကို မျိုးပွားရာတွင် အစေ့ဖြင့် ပျိုးထောင်ခြင်းသည် အကောင်းဆုံး နည်းလမ်းပင် ဖြစ်သည်။ ကိုင်းကူးနည်း၊ ကိုင်းဖြတ်ထိုးနည်းတို့ဖြင့် မျိုးပွား နိုင်သော်လည်း ခက်ခဲလေသည်။

ချုံဖုတ်သာသာရှိသော ဘောစကိုင်းပင် အမျိုးအစား သည် အမြင့်ဆုံး ၁၅ ပေခန့်သာရှိသည်။ ဟာဝေယ်ကျိုင်း ယန်အမျိုးအစားနှင့် ပီရူးဗီယံအမျိုးအစား ဘောစကိုင်း ပင်မျိုးတို့သည် အမြင့် ၆၅ ပေအထိရှိသော အပင်ကြီးမျိုး များဖြစ်သည်။ အပေါက်မြန်သစ်မျိုးဖြစ်ပြီး အပင်၏ တ နှစ်အတွင်းကြီးထွားနှုန်းသည် တကေလျှင် ၄၃၀ ကုဗပေ မှ ၅၀၀ ကုဗပေအထိရှိသဖြင့် အခြားအပေါက်မြန် သစ်မျိုး များထက် သစ်ထွက်နှုန်းကောင်းသည်။ သစ်သားသည် ကိုင် တွယ်မှုလွယ်ကူခြင်း၊ မာကျောခြင်း၊ သိပ်သည်းခြင်း၊ ပိုး မစားနိုင်ခြင်းစသော အရည်အသွေးများကြောင့် ဆောက် လုပ်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်သည်။ထို့ပြင် သတ္တုတွင်း ဒေါက်တိုင်၊ ဇလီဖားတုံးနှင့် ကြေးနန်းတိုင်များ အဖြစ် အသုံးပြုကြသည်။ အမေရိကတိုက် အလယ်ပိုင်းနှင့် ပစိဖိတ် ဒေသနိုင်ငံများတွင် ဘောစကိုင်းပင်၏အရွက်နုများ၊ အသီး နုများကို စားသုံးကြသည်။ အစေ့ကို ကော်ဖီစေ့အစား အမှုန့်ကြိတ်၍အသုံးပြုကြသည်။ အပင်၏ အစိတ်အပိုင်း တော်တော်များများသည် ဆေးဖက်ဝင်လေသည်။

ဟာဝေယန်ကျိုင်းယန်အမျိုးအစားသစ်မျိုးမှ အတန်း အစားကောင်းမွန်သော ပျော့ဖတ်များရရှိသည်။ အခြား သောအပူပိုင်းသစ်မာပျော့ဖတ်များကဲ့သို့ ကောင်းမွန်သော စက္ကူအမျိုးအစားထုတ်လုပ်ရရှိနိုင်သဖြင့် ပုံနှိပ်စက္ကူ၊ ထုပ် ပိုးစက္ကူများပြုလုပ်ရန် အထူးသင့်လျော်လေသည်။ ရော နှောပျော့ဖတ်ပြုလုပ်ရာတွင် အဓိက အသုံးပြုကြသည်။

ဘောစကိုင်းပင်များကို စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ တွင် အကျိုးကျေးဇူးများစွာ ရရှိလေသည်။ မြေဆီလွှာ တည်ဆောက်မှု ပိုမိုကောင်းမွန်လာသည့်ပြင် ဘောစကိုင်း ပင်၏ ပေါက်ရောက်မှုမြန်ဆန်ခြင်း၊ ရွက်အုပ်ကောင်းခြင်း၊ ခြောက်သွေ့သည့် ဒေသများတွင် ပေါက်ရောက်နိုင်စွမ်းရှိ ခြင်း စသည့် ဂုဏ်သတ္တိများကြောင့် ဘောစကိုင်းပင်များ ကို မြေသြဇာပင်၊ ပြုစုပင်အဖြစ် နိုင်ငံ အတော်များများ တွင် အသုံးပြုနေကြပြီဖြစ်သည်။ ဘောစကိုင်းပင်၏အရွက် နှင့်အသီးတို့သည် လူနှင့် တိရစ္ဆာန်တို့အတွက် အာဟာရ ဓာတ်ကြွယ်ဝသည့် အစားအစာလည်း ဖြစ်သည်။ ဘော စကိုင်းအရွက်များတွင်၊ ကရိတင်းဓာတ်နှင့် ဗီတာမင် အ ဓာတ်အများအပြား ပါဝင်သောကြောင့် တိရစ္ဆာန်မွေးမြူ ရေးလုပ်ငန်းအတွက် အလွန် တန်ဖိုးရှိလေသည်။ ဘော စကိုင်း အပင့်များမှာ ဝတ်မှုန် အမြောက်အမြားရှိခြင်း ကြောင့် ပျားမွေးမြူရေးလုပ်ငန်းအတွက်လည်း များစွာ အထောက်အကူပြုသည်။ ဟာဝေယန်ကျိုင်းယန် အမျိုးအ စားသည် အသားသိပ်သည်းခြင်း၊ ကြီးထွားမှုမြန်ဆန်ခြင်း တို့ကြောင့် မီးသွေးလုပ်ငန်းအတွက် အကောင်းဆုံး ကုန် ကြမ်းလည်းဖြစ်သည်။ ဘောစကိုင်းမှရရှိသော လောင် ကျွမ်းမှု စွမ်းအားသည် လောင်စာဆီ၏ ၇၀ ရာခိုင်နှုန်း အထိရှိသည့်ပြင် မီးသွေးဖုတ်ရာတွင် ဘေးထွက်ပစ္စည်းအ ဖြစ် ဓာတ်ငွေ့အရည်နှင့် ခြောက်သွေ့သော လေပူတို့ကို လည်း ရရှိနိုင်လေသည်။

ထို့ကြောင့် အပေါက်မြန်ပြီး လောင်ကျွမ်းမှုအား ကောင်းသည့် သစ်မျိုးတွင် အပါအဝင်ဖြစ်သည့် ဘောစ ကိုင်းပင်များကို လောင်စာသစ် စိုက်ခင်းများ၊ ကျေးရွာ စိုက်ခင်းများ၊ စက်မှုလောင်စာ စိုက်ခင်းများတည်ထောင် ရန် ကမ္ဘာ့ဒေသအနှံ့အပြားတွင် သုတေသနပြုစိုက်ပျိုးနေ ကြပြီဖြစ်လေသည်။

ဘင်္ဂလားဒေ့ရှ ပြည်သူ့သမ္မတနိုင်ငံ။ ။ဘင်္ဂလားဒေ့ရှ ပြည်သူ့သမ္မတနိုင်ငံတွင် ၁၉၇၉ ခုနှစ် ဖေဖွဝါရီလအတွင်းက အထွေထွေရွေးကောက်ပွဲကြီး ကျင်းပခဲ့ရာ သမ္မတ ဇီယာ ရာမန် ဦးဆောင်သော ဘင်္ဂလားဒေ့ရှ အမျိုးသားပါတီက မဲအများဆုံးရရှိပြီး အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့လေသည်။



အကျယ်အဝန်း။	။၅၅,၁၂၆ စတုရန်းမိုင်
လူဦးရေ။	။၈၇,၆၅၀,၀၀၀ (၁၉၈၀)
မြို့တော်။	။ ဒက္ကားမြို့

ရွေးကောက်ပွဲတွင် သမ္မတ ဇီယာရာမန် ဦးဆောင်သော အစိုးရအဖွဲ့၏ အုပ်ချုပ်မှု အားပျော့သော နိုင်ငံရေးအခြေအနေကို အတိုက်အခံပါတီတို့က အခွင့်ကောင်းယူ၍ စည်းရုံးခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြပေ။ ဘင်္ဂလားဒေ့ရှ နိုင်ငံ၏ နိုင်ငံရေးပါတီများသည် အကွဲကွဲအပြားပြား ဖြစ်နေကြသည်။ အစိုးရ၏ အတိုက်အခံပါတီကြီး တခုဖြစ်သော အာဝါမီပါတီ၏ ပါတီတွင်း တိုက်ပွဲများမှာလည်း တနေ့တခြား စေ့စပ်၍မရလောက်အောင်ပင် ပြင်းထန်လာသည်ကို တွေ့ရလေသည်။

လူဦးရေ တိုးတက် နေသည်နှင့် အမျှ ဘင်္ဂလားဒေ့ရှ နိုင်ငံ၏ ကုန်စျေးနှုန်းများမှာလည်း တနေ့တခြား ထိန်းမရလောက်အောင် တက်ခဲ့သည်။ လက်ရှိလူဦးရေ သန်းပေါင်း ၉၀ ခန့် ရှိနေပြီဖြစ်သော ဘင်္ဂလားဒေ့ရှသမ္မတနိုင်ငံတွင် ယခုရာစုနှစ်အကုန်လောက်တွင် လူဦးရေ သန်းပေါင်း ၁၇၀ ခန့် ရှိလာမည်ဟု ခန့်မှန်းထားလေသည်။ ထို့ကြောင့် မိသားစုစီမံကိန်းအရ သားသမီးဦးရေလျှော့ချရန် စီမံကိန်းတရပ် ချမှတ်ထားရသည်။ သမ္မတ ဇီယာရာမန် ကိုယ်တိုင် ခေါင်းဆောင်ပြီး အမျိုးသား လူဦးရေ ထိန်းသိမ်းရေး ကော်မတီတရပ်ကို ဖွဲ့စည်းထားခဲ့သည်။ ယင်းကော်မတီသည် မိသားစု လူဦးရေ ထိန်းသိမ်းမှု လုပ်ငန်းကို တိုင်းပြည်၏ အရေးအကြီးဆုံး လုပ်ငန်းတရပ်အဖြစ် သတ်မှတ်ထားသည်။ တနှစ်လျှင် လူဦးရေ ၄၅၀,၀၀၀ ခန့်ကို သားသမီးမရနိုင်အောင် ပြုပြင်ပေးရမည့် စီမံကိန်း တရပ်ကို ကျန်းမာရေး ဌာနက ဆောင်ရွက်နေလေသည်။

၁၉၇၉–၈၀ ပြည့်နှစ်အတွင်းတွင် ဘင်္ဂလားဒေ့ရှ ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံတကာ ဆက်ဆံရေးများကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် အိမ်နီးချင်း နိုင်ငံတနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရာတွင် သိသိသာသာ ကောင်းမွန်လာပေသည်။ ဘင်္ဂလားဒေ့ရှသမ္မတ ရှိတ်မူဂျီဘာရာမန် လုပ်ကြံခံရပြီးနောက် အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရာတွင် မပြေမလည် ဖြစ်ခဲ့ရသည်။ အိန္ဒိယနိုင်ငံ ဂျာနာတာ ပါတီအစိုးရ ဝန်ကြီးချုပ်ဒေဆိုင်း လက်ထက်တွင် နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည် ကောင်းမွန်လာခဲ့သည်။ ထို့ကြောင့် မြစ်ရေ ပူးပေါင်းသုံးစွဲရေး စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ အာဒနာက် ဘင်္ဂါလီနယ်တွင် လူမျိုးရေး အဓိကရုဏ်းကြောင့် အစွလာမ်ဘာသာဝင်များ ဘင်္ဂလားဒေ့ရှ ပြည်သူ့သမ္မတနိုင်ငံအတွင်းသို့ ပြေးဝင်လာသည့် ပြဿနာများကိုလည်း အိန္ဒိယနိုင်ငံနှင့် ပြေလည်စွာ ဖြေရှင်းနိုင်ခဲ့သည်။ ပင်လယ်မဲ့နိုင်ငံဖြစ်သော နီပေါနိုင်ငံအတွက် ဘင်္ဂလားဒေ့ရှနိုင်ငံရှိ ပင်လယ်သင်္ဘောဆိပ်ကမ်းများကို သုံးစွဲခွင့် ပေးခဲ့သည်။

ဘင်္ဂလားဒေ့ရှနိုင်ငံ သမ္မတ ဇီယာရာမန်သည် ကျူးဗား နိုင်ငံ ဟာဗားနားမြို့တွင် ကျင်းပသော ဘက်မလိုက်နိုင်ငံများ ညီလာခံသို့ တက်ရောက်၍ မိန့်ခွန်း ပြောခဲ့သည်။ သမ္မတ ဇီယာရာမန်သည် ဖိလစ်ပိုင် သမ္မတ နိုင်ငံ၊ အိန္ဒိယပြည်ထောင်စု၊ အမေရိကန် ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံများသို့ ချစ်ကြည်ရေး ခရီး ထွက်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ သမ္မတနိုင်ငံသည် စီးပွားရေး အခြေအနေ တိုးတက်ခဲ့သည်။ လူဦးရေ တိုးတက်မှုကို ထိန်းချုပ်ခဲ့ခြင်းကြောင့် စားနပ်ရိက္ခာများ ဖြန့်ဖြူးရေး ကိစ္စများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့လေသည်။

ဘင်္ဂလားဒေ့ရှ သမ္မတ နိုင်ငံတွင် ၁၉၈၀ ပြည့်နှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် စပါးအထွက် လျော့နှုန်းခဲ့သည်။ ထို့ကြောင့် စားနပ်ရိက္ခာ တန်ချိန် ၂၁သမ ၈ သန်းကို နိုင်ငံခြားမှ ဝယ်ယူဖြန့်ဖြူးပေးခဲ့ရသည်။



ဘင်္ဂလားဒေ့ရှနိုင်ငံမြို့တော် ဒက္ကားမြို့မှ မြင်ကွင်းတစု

မကွေးတိုင်း။ ။မကွေးတိုင်းသည် မြန်မာနိုင်ငံ အထက်ပိုင်းတွင် တည်ရှိသည်။ အရှေ့ဘက်တွင် မန္တလေးတိုင်း၊ မြောက်ဘက်တွင် စစ်ကိုင်းတိုင်း၊ အနောက်ဘက်တွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်၊ တောင်ဘက်တွင် ပဲခူးတိုင်းတို့ ပန်းရံလျက်ရှိသည်။

မကွေးတိုင်းကို မြို့နယ် ၂၅ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁,၆၉၅ ခုဖြင့် ဖွဲ့စည်းထားသည်။ တိုင်းအတွင်းရှိ မြို့နယ်များမှာ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ဆော၊ ဂန့်ဂေါ၊ ထီးလင်း၊ မင်းဘူး၊ ပွင့်ဖြူ၊ ငပဲ၊ စလင်း၊ စေတုတ္တရာ၊ သရက်၊ မင်းလှ၊ မင်းတုန်း၊ ကံမ၊ အောင်လံနှင့် ဆင်ပေါင်ဝဲမြို့နယ်တို့ ပါဝင်သည်။

အကျယ်အဝန်း။	။၁၇,၃၀၅ စတုရန်းမိုင်
လူဦးရေ။	။၃,၀၆၇,၇၀၂
မြို့တော်။	။မကွေးမြို့၊

ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၃၉ ဦး၊ တိုင်းအဆင့် ဂ၂ ဦး၊ မြို့နယ်အဆင့် ၂,၀၃၀ ဦးနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် ကိုယ်စားလှယ် ၁၆,၀၆၄ ဦးတို့ကို ရွေးချယ်တင်မြှောက်ထားသည်။

မကွေးတိုင်းသည် စိုက်ပျိုးရေးကို ဦးစားပေး လုပ်ကိုင်ဆောင်ရွက်သောဒေသဖြစ်သည်။ ၁၉၈၀–၈၁ ခုနှစ်အတွက် စိုက်ပျိုး ကေ ၂ ဒသမ ၉၆ သန်း စိုက်ပျိုးရန် နှစ်စဉ် စီမံကိန်းတွင် သတ်မှတ်ထားသည်။ အဓိက စိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ နှံစားပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ မြန်မာ့ဆေးနှင့် ဗာဂျီးနီးယားဆေးများ ဖြစ်ကြသည်။ သီးနှံပိုမို ထွက်ရှိရန် နည်းအမျိုးမျိုးဖြင့် ရေသွင်း စိုက်ပျိုးလုပ်ကိုင်ခဲ့သည်နှင့်အညီ ၁၉၇၉–၈၀ ပြည့်နှစ်တွင် ကောက်ပဲသီးနှံလိုက် ရေသွင်းစိုက်ပျိုးသည့် မြေရိယာ ကေ ၂ ဒသမ ၇၂ သိန်းခန့်ကို ရေသွင်းပေးနိုင်ခဲ့သည်။ စပါးသီးနှံအတွက် မြေရိယာကေ ၂ သိန်းကျော် ရေသွင်းစိုက်ပျိုးပေးခဲ့သည်။

မကွေးတိုင်း၏ ကောက်ပဲသီးနှံများ ထုတ်လုပ်မှုမှာ ၁၉၇၉–၈၀ ပြည့်နှစ်တွင် စပါးတင်းပေါင်း ၁၂၉ သိန်း ထွက်ရှိခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် စပါးတင်းပေါင်း ၁၉၀ သိန်း ထွက်ရှိရန် ကြိုးပမ်းစိုက်ပျိုးလျက်ရှိသည်။ မကွေးတိုင်းမှ နိုင်ငံတော်အတွက် အလွန်အရေးပါသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိရာ စားသုံးဆီ အထွက်များသဖြင့် ပြည်ထောင်စု၏ ဆီအိုးကြီးဟု ကျော်ကြား လူသိများသည်။ ၁၉၇၉–၈၀ ပြည့်နှစ်တွင် နှံစားပြောင်း တန်ချိန် ၂၄,၉၈၈၊ မြေပဲတင်း ၈၃ သိန်းနှင့် နှမ်းတင်း ၂၅ သိန်း ခန့် အသီးသီး ထွက်ရှိခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် မြေပဲတင်း ၁၃၇ ဒသမ ၅ သိန်း၊ နှမ်းတင်း ၁၈ ဒသမ ၄ သိန်း အသီးသီး ထုတ်လုပ်ရန် လျာထားသည်။ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါစိုက်ပျိုး ထုတ်လုပ်မှု အခြေအနေမှာ ၁၉၇၉–၈၀ ပြည့်နှစ်အတွင် ဝါပိဿာချိန် ၇၅ သိန်း ထုတ်လုပ်ရန် လျာထားသည်။ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုမှာ ၁၉၇၉–၈၀ ပြည့်နှစ်တွင် တန်ချိန် ၈၃,၂၅၈ တန် ထွက်ရှိခဲ့သည်။

မြန်မာဆေးနှင့် ဗာဂျီးနီးယားဆေး ထုတ်လုပ်မှု အခြေအနေမှာ ၁၉၇၉–၈၀ ပြည့်နှစ်တွင် မြန်မာဆေးရွက်ခြောက် တန်ချိန် ၄,၉၁၃ နှင့် ဗာဂျီးနီးယား ဆေးရွက်ခြောက် တန်ချိန် ၂၄,၂၆၈ တန် အသီးသီး ထွက်ရှိခဲ့သည်။

သဘာဝထွက်ကုန်များအဖြစ် ကြိမ်၊ ဝါး၊ မီးသွေး၊ ရွားစေးစသော သစ်တောထွက် ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး ကျန်းသစ်နှင့် သစ်မာထုတ်လုပ်ရေး လုပ်ငန်းများမှာလည်း တိုးတက်အောင်မြင်လျက်ရှိသည်။ မကွေးတိုင်းရှိ ချောက်၊ရေနံချောင်းနှင့် မန်းရေနံမြေများသည် တနိုင်ငံလုံး၏ ရေနံစိမ်း ထုတ်လုပ်မှုတွင် အဓိကကျသည့် ရေနံမြေများ ဖြစ်ကြပေသည်။

၁၉၇၉–၈၀ ပြည့်နှစ်တွင် ချောက်ရေနံမြေမှ ရေနံစိမ်းစည် ၄ ဒသမ ၃၁ သိန်း၊ ရေနံချောင်း ရေနံမြေမှ ရေနံစိမ်းစည် ၁၁ ဒသမ ၉ သိန်းနှင့် မန်းရေနံမြေမှ ရေနံစိမ်းစည် ၈၅ သိန်း အသီးသီး ထုတ်လုပ်ပေးခဲ့သည်။

ထောက်ရှာပင် ရေနံမြေမှ ၁၉၇၈ ခုနှစ်မှစ၍ ရေနံစိမ်းများထုတ်လုပ်ခဲ့ရာ အလိုအလျောက်ထွက်သော တွင်းပေါင်း ခုနစ်တွင်း၊ စက်ဖြင့်ထုတ်လုပ်သောတွင်းပေါင်း ၂၄ တွင်း၊ ရေလွှတ်စီမံကိန်းဖြင့်ထုတ်လုပ်သောတွင်း လေးတွင်း ရှိသည်။ မန်းရေနံမြေတွင် ရေနံစိမ်းရရှိရေးအတွက် အလိုအလျောက်ထွက်ရှိသော တွင်းပေါင်း ၉၀ တွင်း၊ စက်ဖြင့်စုပ်ထုတ်သော တွင်းပေါင်း ၈၉ တွင်း၊ သဲ နှစ်ကြော တပြိုင်နက်ထုတ်ယူသောတွင်းပေါင်း ၄၊ ဓာတ်ငွေ့ကူပင်နည်းဖြင့်ထုတ်ယူသောတွင်းပေါင်း ၄၁၊ ရေလွှမ်း စီမံကိန်းအရ ထုတ်ယူသော တွင်းပေါင်း ၂၃၃ တို့ဖြင့် ၁၉၇၀ ပြည့်နှစ်မှစ၍ ရေနံစိမ်းများ ထုတ်လုပ်ပေးလျက်ရှိသည်။





လူနေမှု တိုးတက်ရေးနှင့် စက်မှုလုပ်ငန်းများအတွက် လိုအပ်လှသော လျှပ်စစ်ဓာတ်အားကိုလည်း မင်းဘူး၊ စကမြို့နယ်ရှိ မန်းရေနံမြေသဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်နှစ်ခုလုံးမှာ ကီလိုဝပ် ၁၇,၄၅၀ စီ ထုတ်လုပ်နိုင်ပြီး တည်ဆောက်ဆဲ ချောက်ရေနံချောင်းမှ ၂ ဒသမ ၁၆ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံ ခုနစ်လုံးတို့မှ လျှပ်စစ်ဓာတ်အားများထုတ်ပေးမည်ဖြစ်သည်။ အပူပိုင်းဒေသ ကျေးရွာရေရှိရေးလုပ်ငန်းကို မကွေးတိုင်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်နှင့်အညီ ၁၉၇၉ – ၈၀ ပြည့်နှစ်တွင် စက်ရေတွင်း ၁၆၆ တွင်းတူးဖော်နိုင်ခဲ့သည့်အတွက် ကျေးရွာ ၁၆၆ ရွာရှိ လူဦးရေ ၁ ဒသမ ဝ၉ သိန်းသောက် သုံးရေ ရယူသုံးစွဲနိုင်သည့် အကျိုးခံစားခွင့် ရရှိခဲ့သည်။

မကွေးတိုင်းဒေသဆိုင်ရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၁၉၇၉ - ၈၀ ပြည့်နှစ်တွင် တည်ဆောက် ပြီးစီးသည့် ပြည်သူပိုင်စက်ရုံအလုပ်ရုံပေါင်း ၁၆၄ ရုံနှင့် တည်ဆောက်ဆဲ စက်ရုံအလုပ်ရုံ ၁၁၈ ရုံ အသီးသီးရှိခဲ့သည်။ အကြီးစား စက်မှုလုပ်ငန်းကော်ပိုရေးရှင်း မလွန်စက်ရုံမှ လယ်ထွန်စက် စီးရေ ၁,၂၀၀၊ ဓာတ်ခဲလုံးရေ ၁၂၀ သိန်း ထုတ်လုပ်ပေးလေသည်။

မကွေးတိုင်းအတွင်းရှိ တိုင်းရင်းသား လုပ်သားပြည်သူများ၏ ပညာရေးအတွက် မူလတန်းကျောင်း ၂,၃၈၂၊ အလယ်တန်းကျောင်း ၁၀၅ ကျောင်း၊ အထက်တန်းကျောင်း ၄၃ ကျောင်း၊ စက်မှုလက်မှုအထက်တန်းကျောင်း စက်မှုလက်မှုသိပ္ပံကျောင်း၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ အထက်တန်း ယက်ကန်းကျောင်း၊ ဒေသကောလိပ်နှင့်မကွေးကောလိပ်တို့ကို ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

ကျန်းမာရေးအတွက် ဆေးရုံ ၅၁ ရုံ၊ လူမှုဘုံလုံရေးဆေးပေးခန်းလေးခု၊ ကျေးလက် ကျန်းမာရေးဌာန ၁၃၃ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၃၂ ခု၊ ဒေသန္တရကျန်းမာရေးဌာန တခု၊ တိုင်းရင်းမြန်မာ ဆေးကုဌာနခြောက်ခုဖွင့်လှစ်ထားရှိသည်။

၁၉၈၀ ပြည့်နှစ်တွင် မလေးရှားနိုင်ငံ အစိုးရအဖွဲ့အဖို့ အကျပ်အတည်းတွေ့ခဲ့ရသော ပြဿနာများအနက် မူးယစ်ဆေးဝါးသုံးစွဲသူ များပြားလာခြင်းသည်လည်း အပါအဝင် ဖြစ်သည်။ မလေးရှားနိုင်ငံ၌ မူးယစ်ဆေးဝါး သုံးစွဲသူများပြားလာပြီး လူငယ်အများအပြားသည် မူးယစ်ဆေးဝါး အလွန်အကျွံ သုံးနေကြသည့်အတွက် တိုင်းပြည်အတွက် ရှေ့ရေးတွင်စိတ်မအေးဖွယ်ရာပင်ဖြစ်နေကြောင်းဖြင့် မလေးရှားနိုင်ငံ ပြည်ထဲရေး ဝန်ကြီးဖြစ်သူ တန်ရှာရီဂါဇာရီရှာဖီက ထုတ်ဖော်ကြေငြာခဲ့ရသည်။ မလေးရှားနိုင်ငံ၌ ကွန်မြူနစ် သောင်းကျန်းသူ နှိမ်နင်းရေးပြဿနာအပြီးတွင် လူငယ်အများအပြား မူးယစ်ဆေးဝါးသုံးစွဲနေခြင်း ပြဿနာသည် တိုင်းပြည်အတွက် အရေးအကြီးဆုံးပြဿနာကြီးတရပ် အဖြစ်သို့ ရောက်ရှိခဲ့သည်။

မလေးရှားနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်မှ အစပြု၍ ကွန်မြူနစ် သောင်းကျန်းသူများ၏ လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ကွန်မြူနစ်သောင်းကျန်းသူများ၏ လှုပ်ရှားမှုများကို မလေးရှား အစိုးရက နှိမ်နင်းနိုင်ခဲ့သည်။ ကွန်မြူနစ် သောင်းကျန်းသူ အများအပြားသည် အစိုးရထံ လက်နက်ချခဲ့သည်။

ထို့ကြောင့် ၁၉၇၄ ခုနှစ်မှ အစပြု၍နိုင်ငံတော် လုံခြုံရေးအက်ဥပဒေအရ ဖမ်းဆီးထားခြင်း ခံနေရသော မလေးရှား ကွန်မြူနစ်ခေါင်းဆောင် ဆက်ဟူစိန်အလီကို ထောင်မှပြန်လွှတ်ခဲ့လေသည်။

မလေးရှားနိုင်ငံ။ ။အာရှ နိုင်ငံများအနက် ပွဲပြိုးဆဲနိုင်ငံ တနိုင်ငံဖြစ်သော မလေးရှား နိုင်ငံသည် သယံဇာတပစ္စည်းများ ပေါများကြွယ်ဝသော နိုင်ငံတနိုင်ငံဖြစ်သည်။ မလေးရှားနိုင်ငံ၏ တတိယငါးနှစ် (၁၉၇၆–၈၀) စီမံကိန်းကာလတွင် ဓာတ်လက်အကောင်အထည် ဖော်ရမည့် လုပ်ငန်းများကိုဆက်လက်အကောင်အထည်ဖော်နိုင်သည့်အပြင် ၁၉၈၀ ပြည့်နှစ်တွင် တနေ့လျှင် ရေနံစည်ပေါင်း နှစ်သိန်းအထိ တိုးတက်ထုတ်လုပ်နိုင်ရန်လျာထားလျက်ရှိလေသည်။

အကျယ်အဝန်း ။	။၁၂၈,၃၂၈ စတုရန်းမိုင်
လူဦးရေ။	။၁၃,၆၅၀,၀၀၀ (၁၉၈၀)
မြို့တော်။	။ကွာလာလမ်ပူမြို့



မလေးရှားနိုင်ငံ ဘုရင်နှင့် မိဖုရား ဘိသိက်ခံယူနေစဉ်

မလေးရှားနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်အတွင်း၌ လူဦးရေသန်းခေါင်စာရင်း ကောက်ယူသည်။ မလေးရှား အစိုးရသန်းခေါင်စာရင်းဌာနမှ တရားဝင်ထုတ်ပြန်သော လူဦးရေစာရင်းကို အတိအကျ မသိရသေးသော်လည်း ခန့်မှန်းခြေအားဖြင့် လူဦးရေ ၁၄ သန်းခန့် ရှိလိမ့်မည်ဟု ခန့်မှန်းသည်။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်တွင် လူဦးရေ ၂ ဒသမ ၅ သန်းခန့် ရှိနေပြီ ဖြစ်သည့်အတွက် မြို့နေလူများအတွက် စားဝတ်နေရေးပြဿနာများနှင့် ရင်ဆိုင်ခဲ့သည်။ တောမှမြို့သို့ ရွှေ့ပြောင်းလာသူများအတွက် အထူးသဖြင့် အစိုးရက အိုးအိမ်ပြဿနာများကို မဖြေရှင်းပေးနိုင်ခဲ့ပေ။ မလေးရှားနိုင်ငံတွင် စီးပွားရေးအခြေအနေ အတော်အသင့် တိုးတက်နေသော်လည်း အခြားဖွံ့ဖြိုးဆဲ နိုင်ငံများနည်းတူ အလုပ်လက်မဲ့ ပြဿနာနှင့် ရင်ဆိုင်လျက် ရှိသည်။

၁၉၇၀ ပြည့် နှစ်ဦးပိုင်းတွင် မလေးရှားနိုင်ငံ အလာစတားမြို့မြောက်ပိုင်းတွင် လယ်သမားများ၏ ထကြွပုန်ကန်မှုများ ပေါ် ပေါက်ခဲ့သည်။ ထိုမှဆက်၍ ကျောင်းသားများ၏ ဆန္ဒပြမှု တခုလည်း အိုပို့မြို့နယ်တွင် ဖြစ်ပွားခဲ့သည်။ လယ်သမားများနှင့် ကျောင်းသားများ၏ အစိုးရအပေါ် မကျေနပ်ချက်မှာ ဆန်စေ့းနှုန်း တက်လာသော ပြဿနာ ဖြစ်သည်။ ဆန်စေ့းနှုန်းများ မြင့်မား လာသည့်အတွက် ဆန်ဝယ်ယူရန် အစိုးရက ကူပွန်လက်မှတ်များ ထုတ်ပေးခဲ့ရသည်။ အစိုးရက လယ်သမားများနှင့် ကျောင်းသားပေါင်း မြောက်မြားစွာကို နိုင်ငံတော် လုံခြုံရေးအက်ဥပဒေအရ ဖမ်းဆီးခဲ့သည်။

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး

၁၉၇၀ ပြည့်နှစ်အတွင်း မလေးရှားနိုင်ငံ၏ အထူးခြားဆုံးအချက်မှာ မလေးရှားဘုရင်သစ် ထီးနန်း ဆက်ခံခြင်း ဖြစ်သည်။ မလေးရှားဘုရင်အဖြစ် ထီးနန်း ဆက်ခံသူမှာ တန်ကူအာမက်ရှား ဖြစ်သည်။

မလေးရှားနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးစာ ဆက်ဆံခဲ့သည်။ ၁၉၇၀ ပြည့်နှစ် မတ်လတွင် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတုတ်ဟူစိန်အုန်းသည် အင်ဒိုနီးရှားသမ္မတ ဆူဟာတိုနှင့်လည်းကောင်း၊ မေလတွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ငုယင်ကိုသက်နှင့်လည်းကောင်း လက်ခံ တွေ့ဆုံ၍ အပြည်ပြည်ဆိုင်ရာ ပြဿနာများကို ဆွေးနွေးခဲ့လေသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် အေဆီယင် နိုင်ငံခြားရေးဝန်ကြီးများနှင့် အီးအီးစီ နိုင်ငံခြားရေးဝန်ကြီးများ၏ တွေ့ဆုံ စည်းဝေးပွဲ ကိုလည်း ကျင်းပခဲ့သည်။ အာဖဂန်စတန်နိုင်ငံတွင်းသို့ ဆိုဗီယက်တပ်များ ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ အာဖဂန်စတန်နိုင်ငံနှင့် သံတမန် အဆက်အသွယ်ဖြတ်ခဲ့သည်။

မူဂါ ဗီ, ရောဗတ်။ ။ (ဇင်ဗာဗွေနိုင်ငံ — ရှု။)

မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး။ ။ ကမ္ဘာပေါ်တွင် လူသားတို့အား အညှန့် တုံးစေနိုင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများသည် ပြန့်ပွားလျက် ရှိနေသည်။ ထို မူးယစ်ဆေးဝါးများ၏ အန္တရာယ်ကို အချိန်မီ တားဆီးပိတ်ပင်ခြင်းမရှိပါက လူအဖွဲ့အစည်းတခုလုံး ပျက်ပြုန်းနိုင်ပေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ၏အန္တရာယ်ကို အဆက်မပြတ်ကာကွယ် တိုက်ဖျက်လျက် ရှိကြလေသည်။

ထို့အတူ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအမြင်ဖြင့် ကာကွယ်တားဆီးရန် ပထမအကြိမ် ပြည်သူလူတန်းစားတို့ထွက်ပေါ်စတုတ္ထအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိလေသည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ၏ အန္တရာယ်ကို တမျိုးသားလုံး စည်းရုံးတိုက်ဖျက်ရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်း၊ အခြားသီးနှံများဖြင့် အစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ဆေးဝါးကုသရေး

လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ တရားဝင် ခွင့်ပြုချက်အရ စိုက်ပျိုးရရှိသည့် ဘိန်းဝယ်ယူရေး လုပ်ငန်းများ၊ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ်ကို အသိဉာဏ်ပေးရေးလုပ်ငန်းများနှင့် လုပ်သားပြည်သူများအား ပညာပေး လှုံ့ဆော်ရေးလုပ်ငန်းများကို အဖွဲ့များဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်လျက်ရှိလေသည်။

ထိုအဖွဲ့အစည်းများတွင် မူးယစ်ဆေးဝါးသုံးစွဲခဲ့၍ ဆေးကုသမှုခံယူပြီးသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းကို စနစ်တကျ အကောင်အထည်ဖော်ဆောင်သွားနိုင်ရန် မူးယစ်ဆေးဝါး သုံးစွဲခဲ့သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့လည်း ပါဝင်သည်။

မူးယစ်ဆေးဝါးသုံးစွဲခဲ့သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းလုပ်ဆောင်ရာတွင် ရည်ရွယ်ချက်များ သတ်မှတ်ထားရှိလေသည်။ အဆိုပါ ရည်ရွယ်ချက်များမှာ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးသုံးစွဲနေသူများအား ဥပဒေနှင့်အညီ မှတ်ပုံတင်ရန်နှင့် ဆေးရုံများသို့ ဆေးကုသရန် လာရောက်ရေးအတွက် စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများဆောင်ရွက်ရန်၊ ဆေးကုသမှု ခံယူနေသူများနှင့် ယင်းတို့အား မှီခိုနေရသော မိသားစုများအား တတ်နိုင်သမျှ သင့်တော်သော အကူအညီများပေးရန်၊ ဆေးကုသမှုခံယူပြီး လိုအပ်သောသူများအား ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိ၍ အခြေအနေတည်ငြိမ်စွာ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပေးသည့် စခန်းငယ်များ ဖွင့်လှစ်သင်ကြားပေးရန်၊ ဆေးကုသပြီးသည့်နောက် ပြန်လည်နေရာချထားရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းမပြုနိုင်သေးမီ ကာလတွင် လေ့ကျင့်ပေးနိုင်ရန် ရိပ်သာ သို့မဟုတ် စခန်းငယ်များ ဖွင့်လှစ်၍ ကူညီဆောင်ရွက်ပေးရန်နှင့် အထက်ပါစခန်းများမှ သင်ကြားလေ့ကျင့်ပြီးသူများအား ပြန်လည် နေရာချထားရေးအတွက် အကူအညီပေးရန်တို့ဖြစ်လေသည်။

မူးယစ်ဆေးဝါးသုံးစွဲခဲ့သူများ ပြန်လည် ထူထောင်ရေးလုပ်ငန်းအတွက် မူးယစ်ဆေးဝါးသုံးစွဲမှု များပြားသော ပြည်နယ်နှင့် တိုင်းများတွင် စေတနာဝန်ထမ်းများ ခန့်ထား၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စေတနာဝန်ထမ်းများသည် မူးယစ်ဆေးဝါးသုံးစွဲသူများကို ရှာဖွေပြီး မှတ်ပုံတင်ရန်နှင့် ဆေးဝါးကုသမှုခံယူရန် စည်းရုံးရသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများ ဆေးရုံတက်ပြီး ကုသသောအခါ ကျန်ရစ်သော မိသားစု စားဝတ်

၂၅ – ၁၁ – ၀၀ မှ ၁၅ – ၃ – ၀၁ အထိ
ဘိန်းခင်းဖျက်သိမ်းမှုအခြေအနေ
စုစုပေါင်း – ၆၄၁၇ ဒသမ ၀၃ ကေ





နေရေးအတွက် သင့်လျော်သည့်အလုပ်အကိုင်တို့ကို လုပ်ကိုင်နိုင်ရန် အကူအညီပေးရသည်။ ထို့ပြင် ဆေးရုံမှ ဆင်းလာသောအခါတွင် မူးယစ်ဆေးဝါး ပြန်လည်မသုံးမိစေရန် လိုအပ်သလို စောင့်ရှောက်ကူညီပြီး ခိုကိုးရာမဲ့ဖြစ်နေပါက သင့်လျော်သည့် ပြန်လည်ထူထောင်ရေးစခန်းများသို့ ပို့ရန် စီစဉ်ဆောင်ရွက်ရသည်။

မူးယစ်ဆေးဝါးသုံးစွဲခဲ့သူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်သောအခါ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များတွင် လူမှုဝန်ထမ်းဦးစီးမှူးများနှင့် စေတနာဝန်ထမ်းများသည် သက်ဆိုင်ရာ မူးယစ်ဆေးဝါးဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့နှင့် အစည်အမြဲ ဆက်သွယ်လုပ်ကိုင်လျက်ရှိသည်။အထူးသဖြင့်လေ့ကျင့်ရေးစခန်းများ၊အသက်မွေးဝမ်းကျောင်း ပညာသင်စခန်းများမှ ပြန်လည် နေရာချထားလိုက်သောသူများနှင့် ဆေးရုံမှဆင်းလာသူများကို စောင့်ရှောက်ရေးအတွက် မြို့နယ် မူးယစ်ဆေးဝါး ဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များ၊ ပြည်သူကောင်စီဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိလေသည်။

ထို့နောက် ဆေးကုသပြီးသူများနှင့်ပတ်သက်၍ ကိုယ်တိုင်လုပ်ကိုင်စားသောက်လိုသူများနှင့် မူးယစ်ဆေးဝါး ပြန်လည်သုံးစွဲခြင်းမပြုစေရန် အသိဉာဏ်ဆက်လက်ပေးရမည့်သူများအတွက် လေ့ကျင့် သင်ကြားပေးလျက် ရှိသည်။ လေ့ကျင့်သင်ကြားပေးရာတွင် အသက်မွေး ဝမ်းကျောင်း ပညာသင်စခန်းများဖွင့်လှစ်ပြီးလေ့ကျင့်သင်ကြားပေးခြင်း၊ သင့်လျော်သော လူငယ်များအား ရွေးချယ်၍ လူငယ်သင်တန်းကျောင်းများနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများသို့ပို့၍ လေ့ကျင့်သင်ကြားပေးခြင်း၊ ဆေးကုသပြီး၍ မိဘအုပ်ထိန်းသူများထံသို့ ရုတ်တရက် ပြန်လည်အပ်နှံရန် မသင့်သေးသော လူငယ်များအား လေ့ကျင့်ရေးစခန်းတွင် ထားရှိသင်ကြားပေးခြင်းနှင့် ဆက်လက် ကြည့်ရှုပြုပြင်ရန် လိုသောသူများအား တည်ငြိမ်မှုရှိစေရန် ကြားဖြတ်ကာလ အနေဖြင့် ပြန်လည်ထူထောင်ရေးစခန်းများ၌ ထားရှိပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးလေသည်။

ယခုအခါ ဆေးကုသပြီးသူများအတွက် လေ့ကျင့်ရေးစခန်းနှင့် ပြန်လည်ထူထောင်ရေးစခန်းနှစ်မျိုး ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလက လေ့ကျင့်ရေးစခန်းတခုကိုရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံကြီးတွင် ဖွင့်လှစ်ခဲ့ပြီး ပြန်လည်ထူထောင်ရေးစခန်းတခုကို ကျိုင်းတုံမြို့တွင် ဖွင့်လှစ်ခဲ့လေသည်။

လေ့ကျင့်ရေးစခန်းတွင် ဆေးကုသမှုခံယူပြီး ဆက်လက်ပြုစုစောင့်ရှောက်ရန်လိုအပ်သောလူငယ်များအား လက်ခံလေ့ကျင့်ပေးသွားရန်၊ လူငယ်များ၏လိုအပ်သော ကာယ၊ ဥာဏ၊ စာရိတ္တစွမ်းအင်များကို ပြန်လည်ပြုစုပျိုးထောင်ပေးရန်နှင့် မူလပတ်ဝန်းကျင်သို့ ပြန်လည်ရောက်ရှိသောအခါ မူးယစ်ဆေးဝါးများကို ထပ်မံ သုံးစွဲခြင်း မပြုစေရန်တို့ကို ရည်ရွယ်ပြီး လုပ်ငန်းစဉ်များချမှတ်၍ လေ့ကျင့်ပေးလျက်ရှိလေသည်။

လေ့ကျင့်ရေးစခန်း၏လုပ်ငန်းစဉ်များတွင် စိတ်ဓာတ်ရေးရာပြုပြင်မှုများ၊ လူမှုရေးဆိုင်ရာပြုပြင်မှုများနှင့် ကိုယ်လက်ကြံခိုင်ရေးဆိုင်ရာ ပြုပြင်မှုများ ပါဝင်ပေသည်။ ထို့လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် စေတနာဝန်ထမ်း၊ လူမှုဝန်ထမ်းသမားများ၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိလေသည်။

လေ့ကျင့်ရေးစခန်းတွင်လက်ခံစီစစ်ရေးအဖွဲ့မှ စီစစ်ပြီးသူနှစ်ဆယ်ကို သုံးလအထိ ပြန်လည် နေရာချထားပေးမှုမပြုမီ ကာလအတွင်း စောင့်ရှောက် လေ့ကျင့်ပေးလျက်ရှိသည်။ ထို့ပြင် လေ့ကျင့်ရေးစခန်းတွင် လေ့ကျင့်ရေးကာလကုန်ဆုံးသောအခါ လူငယ်တို့၏ မူလပတ်ဝန်းကျင် သို့မဟုတ် သင့်လျော်သော လူမှုပတ်ဝန်းကျင်သို့ ပြန်လည်နေရာချထားပေးပြီး ဆက်လက်ကြီးကြပ်ရေးလုပ်ငန်းများ၊ ဆက်လက်စောင့်ရှောက်ရေးလုပ်ငန်း စသည်တို့ကို သက်ဆိုင်ရာ ဒေသတာဝန်ခံ စေတနာဝန်ထမ်းများသည် လိုအပ်သောကာလအထိ ပြုလုပ်သွားမည်ဖြစ်ပေသည်။

ပြန်လည်ထူထောင်ရေးစခန်းတွင် ဆေးဝါးကုသပြီးသူများသည် မိမိတို့ကိုယ်တိုင် ဘဝရပ်တည်မှုအတွက် ထူထောင်ဆောင်ရွက်သွားနိုင်ရန် လိုအပ်သောသူများကို ရွေးချယ်သင်ကြားလျက်ရှိသည်။ ထို့သို့ လက်ခံသင်ကြားပေးသောအခါ တကြိမ်လျှင် လူ ၅၀ သာသင်ကြားပေးနိုင်သည်။

ပြန်လည်ထူထောင်ရေးစခန်းတွင် အသက်မွေး ဝမ်းကျောင်းပညာရပ်များဖြစ်သော စက်ချုပ်ပညာ၊ ဖိနပ်ချုပ်ပညာ၊ ဆံပင်ညှပ်ပညာ၊ လက်ဆမားပညာ၊ကြိမ်ဝါးလုပ်ငန်းပညာ၊ ဆေးသုတ်ပညာနှင့် အထွေထွေ စက်ပညာတို့ကို သင်ကြား လေ့ကျင့်ပေးလျက်ရှိသည်။ ထိုပညာများတွင် အနည်းဆုံးပညာရပ်နှစ်ခုမှ သုံးခုအထိ တတ်မြောက်အောင်မြင်ရန် သင်ကြားပေးလျက်ရှိပြီး၊ ပညာရပ်တခုအတွက် သင်ကြားမည့်ကာလကို သုံးလမှ ခြောက်လအထိ သတ်မှတ်ပေးထားလေသည်။

မကွေဆီကိုသမ္မတနိုင်ငံ။ ။နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အမျိုးသားဝင်ငွေ၏ လေးပုံတပုံကို စိုက်ပျိုးရေးလုပ်ငန်းမှရရှိပြီး ကမ္ဘာပေါ်တွင် ဒုတိယ အများဆုံးဝါဂွမ်းထောင်းချရသော နိုင်ငံ ဖြစ်သည်။

မကွေဆီကိုနိုင်ငံ၏ အဓိက စက်မှုလုပ်ငန်းစိမ်ကိန်း သုံးခုအတွက် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၄၄ သန်းနှင့်



ညီမျှသော ဂျပန်ယန်းငွေ သန်းပေါင်း ၃၀,၀၀၀ ကို ချေးမည်ဖြစ်ကြောင်း ၁၉၈၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် သဘောတူညီမှု ရခဲ့သည်။ ကမ္ဘာ့ စီးပွားရေးပြဿနာများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် စက်မှုထွန်းကားသော နိုင်ငံကြီးများ၏ ညီလာခံတရပ်ကို ၁၉၈၀ ပြည့်နှစ် ဇွန်လအလယ်တွင် မက္ကဆီကိုနိုင်ငံ၌ ကျင်းပခဲ့သည်။

အကျယ်အဝန်း။	။	၇၆၁,၆၀၀ စတုရန်းမိုင်
လူဦးရေ။	။	၇၁,၉၀၀,၀၀၀ (၁၉၈၀)
မြို့တော်။	။	မက္ကဆီကိုမြို့

မက္ကဆီကိုနိုင်ငံမှထွက်ရှိသော သဘာဝဓာတ်ငွေကို အမေရိကန်ပြည်ထောင်စုသို့ တင်ပို့နိုင်ရေးအတွက် သဘောတူညီချက်စာချုပ် လက်မှတ် ရေးထိုးပွဲကို ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့က မက္ကဆီကိုမြို့တွင် ပြုလုပ်ခဲ့သည်။ တနေ့လျှင် သဘာဝဓာတ်ငွေထုထည် ကုဋေ ၃၀ ကုဗပေကို ကုဗပေ ၁,၀၀၀ လျှင် ၃ ဒသမ ၆၂၅ ဒေါ်လာနှုန်းဖြင့် ရောင်းချရန် သဘောတူခဲ့သည်။ မက္ကဆီကိုနိုင်ငံသည် ရေနံတင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့(အိုပက်)ဝင်နိုင်ငံတနိုင်ငံ မဟုတ်သော်လည်း အမေရိကန်ပြည်ထောင်စုနှင့် ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်ရေးအတွက် ယင်းသို့ ရောင်းချရန် သဘောတူခဲ့ခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ်နှစ်ကျော်ကာလက သဘာဝဓာတ်ငွေစျေးနှုန်းမှာ ကုဗပေ ၁၀၀၀ လျှင် ၂ ဒသမ ၆၀ ဒေါ်လာရှိခဲ့ရာမှ ၁၉၈၀ ပြည့်နှစ်ဦးပိုင်းတွင် ၃ ဒေါ်လာခန့် ပိုမို၍ စျေးဟက်ခဲ့သည်။ အဆိုပါ သဘာဝဓာတ်ငွေရောင်းချရေးစာချုပ်ကို မက္ကဆီကို သမ္မတ အမေရိကန်သို့ အလည်အပတ် ပသွားမီ တပတ်ခန့် အလိုတွင် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ မက္ကဆီကိုသမ္မတ လိုပက်ပေါ်တီလိုသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်သို့ ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် နှစ်ရက်ကြာ လည်ပတ်ရန် သွားရောက်ခဲ့ပေသည်။

မက္ကဆီကိုနိုင်ငံသည် ၁၉၇၉ ခုနှစ် အောက်တိုဘာလ တရက်နေ့က လက်ရှိ ရေနံစျေးနှုန်းဖြစ်သည့် တစည်လျှင် ၂၂ ဒသမ ၆၀ ဒေါ်လာမှ ၂၄ ဒသမ ၆၀ ဒေါ်လာသို့ တိုးမြှင့်သည့် ကြေငြာချက်ကို ထုတ်ပြန်ခဲ့သည်။ လွန်ခဲ့သည့် ၁၉၇၉ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့က မက္ကဆီကိုနိုင်ငံ၏ ရေနံစျေးနှုန်းသည် တစည်လျှင် ၁၄ ဒသမ ၁၀ ဒေါ်လာရှိခဲ့ရာမှ ဧပြီလတွင် ၁၇ ဒသမ ၁၀ ဒေါ်လာသို့ လည်းကောင်း၊ ဇူလိုင်လတွင် ၂၂ ဒသမ ၆၀ ဒေါ်လာသို့ လည်းကောင်း တိုးမြှင့်ခဲ့လေသည်။

နေ့စဉ်ထွက်သော ရေနံစည်ပေါင်းမှ စည် ၅၀,၀၀၀ ကို ဂျပန်နိုင်ငံသို့ တင်ပို့ရန် မက္ကဆီကိုနိုင်ငံက လွန်ခဲ့သည့် ၁၉၇၉ ခုနှစ် ဩဂုတ်လက သဘောတူခဲ့ပြီး ၁၉၈၁ ခုနှစ်ဦးပိုင်းမှစ၍ စည်ပေါင်း ၁၀၀,၀၀၀(တသိန်း)သို့ တိုးမြှင့်ကာ နောက်ဆုံးစျေးနှုန်းဖြင့် တင်ပို့သွားမည်ဖြစ်သည်။ ထိုပြင် ၁၉၈၀ ပြည့်နှစ် ဇန္နဝါရီလမှ စ၍ ဗရာဇီးနိုင်ငံသို့လည်း နေ့စဉ် ရေနံစည်ပေါင်း ၂၀,၀၀၀(နှစ်သောင်း)ကိုတင်ပို့ရန် သဘောတူခဲ့သည်။

၁၉၈၀ ပြည့်နှစ် ဩဂုတ်လ ၃ ရက်နေ့တွင် မက္ကဆီကိုနိုင်ငံနှင့် ဗီနီဇွဲလားနိုင်ငံတို့သည် နိုင်ငံခြား ကိုးနိုင်ငံသို့ ရေနံတင်ပို့မှုနှင့်ပတ်သက်၍ သဘောတူညီချက်တခုကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းမှာ နှစ်နိုင်ငံဖက်စပ်၍ နိုင်ငံခြား ကိုးနိုင်ငံဖြစ်သည့် ဗာဗေးဒိုနိုင်ငံ၊ ကော့စတာရီကာနိုင်ငံ၊ ဒိုမေနီကန်နိုင်ငံ၊ အယ်ဆာဗေဒိုနိုင်ငံ၊ ဂွာတီမာလာနိုင်ငံ၊ ဟွန်ဒူးရပ်နိုင်ငံ၊ ဂျမေကာနိုင်ငံ၊ နီကာရာဂွာနိုင်ငံနှင့်ပနားမားနိုင်ငံတို့သို့ တနေ့လျှင် ရေနံ စည်ပေါင်း ၁၆၀,၀၀၀ (တနှစ်လျှင် တန်ချိန် ၈ သန်း) တင်ပို့နိုင်ရန် ဖြစ်သည်။ ယင်းသို့ တင်ပို့ရာတွင် လက်ရှိစျေးနှုန်းအတိုင်းသာ ဖြစ်စေပြီး ယင်းတို့အထဲမှ ၃၀ ရာခိုင်နှုန်းကို ချေးငွေသဘော အဖြစ်ထားရှိကာ ၄ ရာခိုင်နှုန်းအတိုးဖြင့် ရေနံဝယ်နိုင်ငံများက ပြန်ဆပ်ကြရန် ဖြစ်သည်။ သို့သော် ခြွင်းချက်အနေဖြင့် နိုင်ငံအတွင်းရှိ စီမံကိန်း အသစ်များနှင့် စွမ်းအင်ဆိုင်ရာ လုပ်ငန်းများလုပ်ဆောင်နေသော နိုင်ငံများအတွက် ယင်းငွေကို အနှစ် နှစ်ဆယ်အတွင်း နှစ်ရာခိုင်နှုန်း အတိုးဖြင့် အပြေအလည်ပေးဆပ်သွားရန် ဖြစ်လေသည်။

ယင်းသို့ နှစ်နိုင်ငံ စပ်တူတင်ပို့ရာတွင် နိုင်ငံအလိုက် ရေနံထွက်ရှိမှုအပေါ် မူတည်၍ သတ်မှတ်ထားရာ ပထမတွင် ဗီနီဇွဲလားနိုင်ငံက တနေ့လျှင် ရေနံစည်ပေါင်း ၁၃၀,၀၀၀ ကို တင်ပို့ရန် လည်းကောင်း၊ မက္ကဆီကိုနိုင်ငံက ရေနံစည်

ပေါင်း ၃၀,၀၀၀ ကို တင်ပို့ရန်လည်းကောင်း သတ်မှတ်ထား ပြီး ၁၉၇၁ ခုနှစ် နှစ်လယ်လောက်တွင် ထိုနိုင်ငံ ကိုးနိုင်ငံသို့ တဝက်စီ တင်ပို့နိုင်မည် ဖြစ်သည်။ ယခုအခါတွင် မက္ကဆီကိုနိုင်ငံ၏ ရေနံထုတ်လုပ်မှုနှုန်းမှာ တဖြည်းဖြည်း တိုးတက် မြင့်မားလျက် ရှိသည်။ ၁၉၇၀ ပြည့်နှစ် ဇူလိုင်လကုန်တွင် မက္ကဆီကိုနိုင်ငံ၏ တနေ့ ရေနံထွက်နှုန်းသည် စည်ပေါင်း ၂,၂၀၀,၀၀၀(နှစ်သန်း)ဖြစ်လေသည်။ စျေးနှုန်းမှာလည်း နောက်ဆုံးတိုးမြှင့်ခဲ့သော တစည် ၂၄ ဒသမ ၆၀ ဒေါ်လာ နှုန်းမှ ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၃၂ ဒေါ်လာသို့ လည်းကောင်း၊ မေလ ၁၅ ရက်နေ့တွင် ၃၃ ဒသမ ၅၀ ဒေါ်လာသို့ လည်းကောင်း၊ ဇူလိုင်လ ၁ ရက်နေ့တွင် ၃၄ ဒသမ ၅၀ ဒေါ်လာသို့လည်းကောင်း တိုးမြှင့်ခဲ့သည်။ ယင်း သို့ နှစ်နိုင်ငံ ရေနံစာချုပ် မချုပ်မီတွင် မက္ကဆီကိုနိုင်ငံ သမ္မတ လိုပက်ပေါ် တီလိုသည် ဇူလိုင်လ ၂၅ နှင့် ၂၆ ရက် နေ့များက ကော့စတာရီကာနိုင်ငံသို့ လည်းကောင်း၊ ဇူ လိုင်လ ၂၇ မှ ၃၀ ရက်နေ့အထိ ဗရာဇီးနိုင်ငံသို့ လည်း ကောင်း၊ ဇူလိုင်လ ၃၁ ရက်နေ့မှ သြဂုတ် ၃ ရက်နေ့အထိ ကျူးဗားနိုင်ငံသို့လည်းကောင်း သွားရောက် လည်ပတ်ခဲ့ သည်။ အလားတူ ရေနံရောင်းဝယ်ရေးကိစ္စ လက်မှတ်ရေး ထိုးရန်အတွက် ဗီနီဇွဲလား၊ ပနားမားနှင့် နီကာရာဂွာနိုင်ငံ တို့သို့လည်း သွားရောက်ခဲ့သည်။ ကျူးဗားနိုင်ငံကလည်း သကြားတန်ချိန် ၄၀၀,၀၀၀(လေးသိန်း)ကို မက္ကဆီကိုနိုင်ငံ ၏ တောင်းဆိုချက်အရ တင်ပို့ပေးခဲ့လေသည်။

ဇူလိုင်လ ၃၁ ရက်နေ့မှ သြဂုတ်လ ၃ ရက်နေ့အထိ မက္ကဆီကိုသမ္မတ လိုပက်ပေါ် တီလိုသည် ကျူးဗားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ နှစ်နိုင်ငံသမ္မတများ တွေ့ဆုံ ဆွေးနွေးကြပြီးနောက် ပူးတွဲကြေငြာချက်တရပ်ကို ထုတ် ပြန်ကြေငြာခဲ့သည်။ အဆိုပါ ကြေငြာချက်တွင် ကျူးဗား နိုင်ငံ ပိုင်ကွမ်တာနာမိုကွေအတွင်း အမေရိကန် ရေတပ် အခြေစိုက်စခန်း ထားရှိမှုအတွက် ကျူးဗားနိုင်ငံက ယင်း နယ်မြေ ပြန်လည် တောင်းဆိုမှုကို မက္ကဆီကို နိုင်ငံက ထောက်ခံကြောင်းနှင့် ကျူးဗားနိုင်ငံအား အမေရိကန်က ကုန်သွယ်ရေးပိတ်ဆို့ထားမှု အဆုံးသတ်ပေးရန် တောင်းဆို ခဲ့လေသည်။

လာမည့် ၁၉၇၁ ခုနှစ်အတွင်း မက္ကဆီကိုနိုင်ငံမှ အိန္ဒိယ နိုင်ငံသို့ ရေနံစိမ်းတန်ချိန် ၁ ဒသမ ၅ သန်း တင်ပို့နိုင်ရေး အတွက် စကား ကမ်းလှမ်းချက်ကို သဘောတူညီလိုက်ပြီ ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ယခင်က အခြား ရေနံနိုင်ငံ များမှသာ ရေနံတင်သွင်း လာခဲ့သော်လည်း ယခုအခါ မက္ကဆီကိုနိုင်ငံမှ ရေနံစိမ်း ၁ ဒသမ ၅ သန်း အပါအဝင် ၁၉၇၁ ခုနှစ်အတွင်း ရေနံစိမ်းတန်ချိန် ၇ ဒသမ ၅ သန်း တင်သွင်းမည် ဖြစ်ပေသည်။

မန္တလေးတိုင်း။ ။မန္တလေးတိုင်းသည် မြန်မာနိုင်ငံတော်၏ အလယ်ဗဟိုတွင် တည်ရှိကာ တောင်ဘက်တွင် ပဲခူးတိုင်း၊ အနောက်ဘက်တွင် မကွေးတိုင်း၊ မြောက်ဘက်တွင် စစ်ကိုင်းတိုင်းနှင့် အရှေ့ဘက်တွင် ရှမ်းပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်ဝန်းရံလျက် ရှိသည်။

မန္တလေးမြို့နယ်ဟုခေါ်သော မန္တလေးအရှေ့တောင်၊ အရှေ့မြောက်၊ အနောက်တောင်၊ အနောက်မြောက်တို့ အပါအဝင် အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူ၊ မေမြို့၊ မိုးကုတ်၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက် ပန်းတောင်း၊ ပုဂံ (ညောင်ဦး)၊ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း ဟူ၍မြို့နယ် ၂၉ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ အုပ်စု ၁,၇၉၆ ခုတို့ ပါဝင်ဖွဲ့စည်းထားသည်။

မန္တလေးတိုင်းတွင် ဗမာမျှားနှင့်အတူ ကရင်၊ ကယား၊ ချင်း၊ ပအို၀်၊ မုန်နှင့်ရှမ်းလူမျိုးများ နေထိုင်လျက်ရှိကြသည်။ လူတ်တော်ကိုယ်စားလှယ် ၅၃ ဦး၊ တိုင်းအဆင့် ကိုယ်စားလှယ် ၉၁ ဦး၊ မြို့နယ် အဆင့် ကိုယ်စားလှယ် ၂၅၈ ဦးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကိုယ်စားလှယ် ၁၈,၀၉၆ ဦးတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။



အကျယ်အဝန်း။	။၁၄,၂၉၅ စတုရန်းမိုင်
လူဦးရေ။	။၄,၂၃၆,၉၉၆
မြို့တော်။	။မန္တလေးမြို့

မန္တလေးတိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ အဓိက စိုက်ပျိုးသီးနှံများမှာ စပါး၊ ဂျုံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ဝါ၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်၊ မြန်မာဆေး၊ ဗာဂျီးနီးယားဆေး၊ မဟူရာနေကြာနှင့် ထန်းတို့ဖြစ်သည်။ ၁၉၇၉–၈၀ ပြည့်နှစ်အတွင်း မန္တလေးတိုင်းမှ တာဝန်ယူစိုက်ပျိုးသည့် သီးနှံစိုက်ပျိုးမှုဧရိယာမှာ ၃ ဒသမ ၅ သန်းဖြစ်သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် ၎င်း ၃ ဒသမ ၉၉ သန်း စိုက်ပျိုးရန် နှစ်စဉ်စီမံကိန်းတွင် သတ်မှတ်လျာထားချက်နှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်း၏ စိုက်ပျိုးသောကောက်ပဲသီးနှံများ၏ ထုတ်လုပ်မှုအခြေအနေများမှာ ၁၉၇၉–၈၀ ပြည့်နှစ်တွင် စပါးတင်းပေါင်း ၁၇၉ သိန်းထွက်ခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် စပါးတင်းပေါင်း ၃၁၀ သိန်း ထွက်ရှိရန် စိုက်ပျိုးလျက်ရှိသည်။

၁၉၇၉–၈၀ ပြည့်နှစ်တွင် ဂျုံတန်ချိန် ၃,၆၆၄၊ ပြောင်းပူးစေ့တန်ချိန် ၈,၉၇၅ နှင့် နှံစားပြောင်းတန်ချိန် ၂၄,၂၃၄ တန် အသီးသီးထွက်ရှိခဲ့သည်။

ဆီထွက်သီးနှံများဖြစ်ကြသည့် မြေပဲနှင့် နှမ်းစိုက်ပျိုးမှုတွင် ၁၉၇၉–၈၀ ပြည့်နှစ်တွင် မြေပဲတင်းပေါင်း ၆၆ သိန်းနှင့် နှမ်းတင်းပေါင်း ၁၃ သိန်းထွက်ရှိခဲ့သည်။

၁၉၇၉–၈၀ ပြည့်နှစ်အတွက် ဝါပိဿာချိန် ၂၀၆ သိန်း၊ ကြံတန်ချိန် ၅ ဒသမ ၀၁ သိန်း၊ မြန်မာဆေး တန်ချိန် ၁၄,၀၄၂ နှင့် ဗာဂျီးနီးယား ဆေးရွက်ခြောက် တန်ချိန် ၁၄,၁၇၇ တန်အသီးသီးထွက်ရှိခဲ့လေသည်။

မန္တလေးတိုင်းအတွင်းရှိ မိတ္ထီလာမြို့နယ်မှ မုန်တိုင်ဆည်၊ ကျောက်ပန်းတောင်းမြို့နယ်မှ ကြက်မောက်တောင်ဆည်၊ နွားထိုးကြီးမြို့နယ်မှ ပြောင်းပြာဆည်နှင့်ရေနီချောင်းဆည်၊ ပျော်ဘွယ်မြို့နယ်မှ သစ်ဆုံဆည်နှင့် ပျဉ်းမနားမှ ရေဆင်းဆည်တို့သည် ရေသွင်းစိုက်ပျိုးရေးအတွက် အားထားရသောဆည်ကြီးများဖြစ်ကြသည်။ အာရှပို့ပြိုးရေးဘက်ချေးငွေဖြင့် ကျပ် ၄၉ ဒသမ ၄၂ ကုဋေအကုန်အကျခံ၍ မတ္တရာမြို့နယ်အတွင်း၌ ဆည်တော်ကြီးရေလှောင်တမံလုပ်ငန်းစီမံကိန်းကို လုပ်ကိုင်လျက်ရှိသည်။

ပျော်ဘွယ်မြို့ အတွင်းရှိ ချောင်းမကြီး တာတမံတို့ကိုလည်း တည်ဆောက်လျက် ရှိသည်။ ယင်းဆည်များအပြင် မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ ပန်းလောင်မြစ်ကို ပိတ်၍ ကင်းတားရေလှောင်တမံဘက်စုံစီမံကိန်းကိုလည်း ၁၉၈၆–၈၇ ခုနှစ်တွင် အပြီးတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည်။ ရေလှောင်တမံကြီး၏ ရေလှောင်ပမာဏမှာ တည်ဆောက်ဆဲဖြစ်သော ဆည်တော်ကြီးရေလှောင်ကန်ထက်နှစ်ဆကျော်၊ ကြက်မောက်တောင်ဆည်ရေလှောင်ကန်ထက် ၁၁ ဆ၊ မြောက်နဝင်းဆည်ရေလှောင်ကန်ထက် သုံးဆခဲ့ပို၍ ရေလှောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အတွင်း အကြီးဆုံးရေလှောင်တမံကြီးဖြစ်လာမည် ဖြစ်သည်။ ထိုရေလှောင်တမံကြီးပြီးစီးပါက လယ်ကောသုံးသိန်းကျော် ရေပေးဝေစိုက်ပျိုးနိုင်မည် ဖြစ်သည်။ တနှစ်ပတ်လုံး ပျမ်းမျှ ထုတ်လုပ်မည့် ရေအားလျှပ်စစ် ၁၆၅ သန်းကီလိုဝပ်ထုတ်နိုင်မည့် စက်ရုံကိုလည်း တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးမည် ဖြစ်သည်။

ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများအတွက် တိုးချဲ့လုပ်ကိုင်လျက်ရှိရာတွင် ပြည်သူပိုင် တည်ဆောက်ဆဲစက်ရုံ၊ အလုပ်ရုံ ၈၈ ရုံနှင့် တည်ဆောက်ပြီးစီးသည့်စက်ရုံ အလုပ်ရုံ ၂၄၃ ရုံရှိသည်။ ပလိပ်ချည်မျှင်နှင့်အထည်စက်ရုံ၊ မြစ်ငယ်မီးရထားစက်ခေါင်းပြင်စက်ရုံ၊ မိတ္ထီလာချည်မျှင်စက်၊ စည်သွတ်စက်ရုံ၊ ဘီယာစက်ရုံ စသောစက်ရုံများပါဝင်သည်။ ၁၉၇၉–၈၀ ပြည့်နှစ်တွင် သကြားတန်ချိန် ၁၅,၂၅၀၊ စောင်အထည် ၃ ဒသမ ၀၇ သိန်း၊ ကျားလုံချည် ၁ ဒသမ ၉၈ သိန်း၊ ဆပ်ပြာတန်ချိန် ၂,၅၅၀၊ မီးခြစ်ကာတွန်း တသိန်း အသီးသီး ထုတ်လုပ်နိုင်ခဲ့သည်။

အသေးစားသံပုနှင့် သံစိမ်းထုတ်လုပ်မှုလုပ်ငန်းကို မေမြို့၏ တောင်ဘက် ၁၂ မိုင်ခန့်ကွာဝေးသော ကျားတွင်းရေသံရိုင်းတွင်းအား အခြေခံပြီး ထုတ်လုပ်မည် ဖြစ်သည်။ မေမြို့အနီး စခန်းတွင်လည်း သံရည်ကျိုစက်ရုံငယ်တခု တည်ဆောက်မည်ဖြစ်သဖြင့် ၁၉၈၀ ပြည့်နှစ် ဇူလိုင်လဆန်းတွင် စက်ရုံကုန်ထုတ်လုပ်မှုလုပ်ငန်း စတင်မည်ဖြစ်သည်။ နှစ်စဉ် သံပုတန်ချိန်နှစ်သောင်း ထုတ်လုပ်သွားမည်ဖြစ်သည်။ စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံရမည့် ငွေလုံးငွေရင်း ပမာဏမှာ နိုင်ငံခြားငွေအပါအဝင် စုစုပေါင်းကျပ် ၁၉ ဒသမ ၈၅ ကုဋေခန့်ဖြစ်သည်။

မန္တလေးတိုင်းအတွင်းရှိ ပျဉ်းမနား ထုံးကျောက်စီမံကိန်းမှ စက်ရုံများအတွက် လိုအပ်သောကုန်ကြမ်းဖြစ်သည့် ထုံးကျောက်များကို ထုတ်လုပ်ပေးလျက်ရှိရာ ၁၉၇၉–၈၀ ပြည့်နှစ်တွင် တန်ချိန် ၃၇,၃၇၃ တန်အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ခဲ့သည်။

အပူပိုင်းဒေသ ကျေးလက်ပြည်သူများ သောက်သုံးရေနှင့် ကျွန်းရေရရှိရေးအတွက် စက်ရေတွင်းတူးပေါ်ခြင်း ရေတင်စက်တပ်ဆင်ခြင်းနှင့် ရေသွယ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ မန္တလေးတိုင်းအတွင်း စက်တပ်ဆင်ပေးခဲ့သည့်တွင်းဦးရေ ၃၀၀တွင်းရှိခဲ့သည်။ မန္တလေးတိုင်း

ညောင်ဦးမြို့နယ်တွင် ရောဝတီမြစ်မှရေကို စက်မျှားဖြင့်တင်ပြီး ကျေးရွာ ၃၄ ရွာသို့ လှောင်ကန်များ၊ ပိုက်များဖြင့် သွယ်ပို့ဖြန့်ဖြူး ပေးခဲ့သည်။ သာစည်မြို့နယ် ကြာဖက်ကုန်း စုပေါင်းကျေးရွာ ရေသွယ်ရေးလုပ်ငန်းကို ၁၉၈၁–၈၂ ခု နှစ်တွင် တည်ထောင်မည်ဖြစ်သည်။

မန္တလေးတိုင်းအတွင်းရှိ တိုင်းရင်းသားလုပ်သားပြည်သူများ၏ ပညာရေးအတွက် ၁၉၇၉–၈၀ ပြည့်နှစ်အတွင်း မူလတန်းကျောင်း ၂,၆၅၇၊ အလယ်တန်းကျောင်း ၁၃၁၊ အထက်တန်းကျောင်း ၇၂ ကျောင်းတို့အပြင် ဒေသကောလိပ်နှစ်ကျောင်းကို မန္တလေးမြို့နှင့်မိတ္ထီလာမြို့များ၌ ဖွင့်လှစ်ထားသည်။ မန္တလေးမြို့တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးသိပ္ပံဆရာအတတ်သင်သိပ္ပံနှင့် ရဲအတတ်သင်သိပ္ပံတို့ရှိပေသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ၁၉၇၉–၈၀ ပြည့်နှစ်အတွင်း ဆေးရုံ ၅၉ ရုံ၊ လူမှုဖူလုံရေးဆေးပေးခန်း ၁၀ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၂ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၂၉ ခု၊ ဒေသန္တရ ကျန်းမာရေးဌာန တခု၊ တိုင်းရင်းမြန်မာ ဆေးကုဌာန ၁၀ ခု အသီးသီးဖွင့်လှစ်ကာ ဆရာဝန် ၃၇၀ ဦးအပါအဝင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြတလေး၊ ဦး (ခရစ် ၁၉၁၃ – ၁၉၈၀)။ ။ ဇာတ်မင်းသားကြီး ဦးမြတလေးသည် ဒလမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာ၌ အဖ ဦးဘသက် အမိ ဒေါ်မြို့တို့မှ ၁၉၁၃ ခုနှစ်တွင် မွေးဖွားသည်။ မွေးချင်းလေးဦးအနက် ဒုတိယမြောက်သားဖြစ်သည်။ ငယ်အမည်မှာ ဦးလှတင် ဖြစ်သည်။

ဦးမြတလေးသည် အသက် ၁၇ နှစ်သားအရွယ်တွင် ဦးဖိုးစိန် ဇာတ်သဘင်၌ မြတလေးအမည်ခံယူပြီး ဒေါ်ညွှန့်ရီနှင့်တွဲဖက်၍ မင်းသမီးအက ကပြခဲ့သည်။ ဒေါ်ညွှန့်ရီသည် ဦးမြတလေး၏ ပထမဆုံးသော အကသင်ဆရာမဖြစ်သည်။ ထို့နောက် ဒေါ်ညွှန့်ရီ၏ ဇာတ်အဖွဲ့တွင် ပါဝင်ကပြခဲ့သည်။ ဒေါ်ညွှန့်ရီကွယ်လွန်သွားသောအခါ၌ စိန်တလေး၊ ပသီစိန်၊ ယောကျ်ားမင်းသမီး ခင်မြအေးတို့နှင့်တွဲဖက်၍ စိန်တလေးမြတလေး ဇာတ်အဖွဲ့ ဖွဲ့စည်းတည်ထောင်သည်။ စိန်တလေးကွယ်လွန်သောအခါ၌ ရွှေကျီးညို၊ ဦးအောင်မောင်း တို့နှင့်အတူတွဲဖက် ကပြခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ရွှေမန်းဦးတင်မောင်၏သား ရုပ်ရှင်မင်းသား ညွှန့်ဝင်းနှင့်ညီများကို အကသင်ပေးခြင်းနှင့်အတူ ရွှေမန်းဦးတင်မောင်ဇာတ်အဖွဲ့၌ ပါဝင်ကပြခဲ့သည်။

၁၉၆၀ပြည့်နှစ်တွင်မင်းသမီးကြီးဒေါ်အောင်သန်းကြည် ပါဝင်သော မြန်မာ့ယဉ်ကျေးမှုကဇာတ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဖျော်ဖြေရေးအစီအစဉ်အဖြစ် သွားကြသော အခါဦးမြတလေးသည် ရွှေမန်းဦးတင်မောင်၊ ဦးစိန်အောင်မင်း၊ဦးကက်နက်စိန်တို့နှင့်အတူ လိုက်ပါသွားခဲ့သည်။ ယင်းခရီးစဉ်၌ ပီကင်း၊ရှန်ဟိုင်း၊ ကူမင်းစသည့် တရုတ်ပြည်တခွင်



ဇာတ်မင်းသား မြတလေး

လှည့်လည်ကပြခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ပါ သွားရောက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မလေးရှားနိုင်ငံသို့ ယဉ်ကျေးမှု ကဇာတ်အဖွဲ့နှင့်အတူ ဖျော်ဖြေရေး အစီအစဉ်အဖြစ် သွားခဲ့ရသည်။

၁၉၆၂ ခုနှစ်မှစတင်၍ ကွယ်လွန်သည့်တိုင် ယဉ်ကျေးမှုဌာနတွင် အက အကြံပေးအရာရှိအဖြစ် အမှုထမ်းခဲ့သည်။ ဦးမြတလေးတွင် ဇနီး ဒေါ်ငွေရှိန့် သား မောင်မြင့်ဝင်း၊ သမီး မြသဇင် (ရန်အောင်အငြိမ့်)တို့ကျန်ခဲ့သည်။

ဦးမြတလေးသည် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကွယ်လွန်သည်။

မြမောင်၊ ဦး (ခရစ် ၁၉၂၅ – ၁၉၈၀)။ ။အလှုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီးဦးမြမောင်သည် မြောင်းမြခရိုင် ဝါးခယ်မမြို့၌ အဖ ဦးဘကလေး၊ အမိ ဒေါ်မိတို့မှ ၁၉၂၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်း ငါးဦးအနက် စတုတ္ထမြောက် ဖြစ်သည်။ ငယ်စဉ်က ဝါးခယ်မ၊ ပုသိမ်၊ မြောင်းမြမြို့တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုနှစ် လှည်းကူးမြို့၌ ပညာသင်ကြားနေစဉ် အထွေထွေ ကျောင်းသားသပိတ်ကြီးမှောက်ခဲ့ရာ ဦးမြမောင်သည် သပိတ်



ဝန်ကြီး ဦးမြမောင်

ကို့နောက် ပါတီဗဟိုကော်မတီ ပညာပေးရေးဌာနတွင် ဌာနမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၂ ခုနှစ်မှ စ၍ ဒုတိယဗိုလ်မှူးကြီးမြမောင်သည် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလ အဆင့်သုံးဆင့်စလုံးတွင် နိုင်ငံတာဝန်ကို ရွပ်ရွပ်ချုံချုံ ထမ်းဆောင်ခဲ့သဖြင့် လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်အပ်နှင်းခြင်းခံခဲ့ရလေသည်။

၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရွေးကောက်ပွဲတွင် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ ပြန်ကြားရေး ဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ တောင်သူလယ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဌာနချုပ်တွင် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ပါတီဗဟိုကော်မတီဌာနချုပ် နိုင်ငံရေးပညာရေးနှင့် ယဉ်ကျေးမှုရေးရာ ကော်မတီဝင်အဖြစ်လည်းကောင်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဗိယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတော်အစိုးရ၏ ဖိတ်ကြားချက်အရ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြမောင်သည် မြန်မာသတင်းစာ ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်၍ ၁၉၇၆ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ဗိယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၇၇ ခုနှစ်အရေးပေါ် ပါတီညီလာခံတွင် ဗဟိုကော်မတီဝင်အဖြစ် ဆက်လက် အရွေးချယ်ခံရပြီး ပါတီဗဟိုကော်မတီဌာနချုပ် နိုင်ငံရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုရေးရာကော်မတီဝင်အဖြစ် ဆက်လက် တာဝန်ပေးအပ်ခြင်းခံရသည်။

၁၉၇၈ ခုနှစ် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်း ကသာမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ထပ်မံ အရွေးချယ်ခံရသည်။ ယင်းနှစ်မတ်လတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတွင် ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဦးမြမောင်သည် မြန်မာ့ယဉ်ကျေးမှုအဖွဲ့ဝင်များကို ခေါင်းဆောင်၍ ၁၉၇၈ ခုနှစ် နိုဝင်ဘာလတွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။

၁၉၇၉ ခုနှစ်မတ်လတွင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနဝန်ကြီးအဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ရသည်။

၁၉၇၉ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဂျီနီဗာမြို့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားများအဖွဲ့

ချုပ် (အိုင်အယ်လ်အို)၏ နှစ်ပတ်လည် ညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်၍ တက်ရောက်ခဲ့သည်။

ဝန်ကြီးဦးမြမောင်သည် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်၌ ဒုတိယအကြိမ် ပြည်သူလွှတ်တော် တတိယနှင့် စတုတ္ထ အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်းရန် သွားရောက်စဉ် ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

ဇနီးသည် ဒေါ်အုန်းကြည်နှင့် အတူသားသမီး ခုနစ်ယောက် ကျန်ရစ်သည်။

မြေတိုင်းပညာ။ ။မြေတိုင်းပညာသည် မြေပုံ တိုင်းတာရေးဆွဲ ထုတ်လုပ်ရေး ပညာဖြစ်သည်။ မြေတိုင်းပညာကို ဖော်ပြမည်ဆိုလျှင် မြေပုံတိုင်းတာ ရေးဆွဲ ထုတ်လုပ်ရေးပညာကို ဖော်ပြပါမှ ပို၍သဘောပေါက်မည် ဖြစ်သည်။ မြေပုံတိုင်းတာ ရေးဆွဲထုတ်လုပ်ရေးပညာတွင် အပိုင်း သုံးပိုင်း ပါဝင်သည်။ တိုင်းတာရေး၊ ရေးဆွဲရေးနှင့်ထုတ်လုပ်ရေးတို့ဖြစ်သည်။ မြေပုံဟူသည် ကမ္ဘာမြေမျက်နှာပြင်ပေါ်ရှိ အမှတ်အသားများနှင့် မြေပြင်လက္ခဏာများအား တခုနှင့်တခုဆက်စပ်၍ အကွာအဝေးနှင့် အရပ်မျက်နှာများအလိုက် တိကျစွာပုံဖော်ပြသထားခြင်းဖြစ်ရာ မြေပုံကို ပုံဖော်ရာတွင် အရပ်မျက်နှာနှင့် အကွာအဝေးတို့ကို အဓိကထား၍ တိုင်းတာကြရသည်။ ထို့ကြောင့် တိုင်းတာရေး အပိုင်း၌ အရပ်မျက်နှာကိုတိုင်းတာခြင်းနှင့် အကွာအဝေးကို တိုင်းတာခြင်းဟူ၍ နှစ်မျိုးရှိသည်။ မြေပုံမပေါ်မီက အရပ်မျက်နှာကို ဖော်ပြရာတွင် အရိပ်ကိုကြည့်၍ လည်းကောင်း၊ နေ၊ လ၊ ကြယ်စသည့် နက္ခတ်များ၏ သွားလာပုံအနေအထားကိုကြည့်၍ လည်းကောင်း ဖော်ပြကြသည်။ ယခု ခေတ်တွင် တိကျလှသော မှန်ပြောင်းကိရိယာဖြင့် တိုင်းတာနိုင်ကြပြီဖြစ်ရာ အရပ်လေးမျက်နှာကို ၃၆၀ ဒီဂရီ ပိုင်းခြားသတ်မှတ်ထားသဖြင့် ယင်းယူနစ်၏ အငယ်ဆုံးဖြစ်သော တစက္ကန့်ပိုင်းအထိပင် တိုင်းတာနိုင်ပြီဖြစ်သည်။

အလားတူပင် အကွာအဝေး၌လည်းတရက်ခရီး၊ နှစ်ရက်ခရီး စသည်ဖြင့် ဖော်ပြကြရာမှ ယခုအခါတွင် အီလက်ထရွန်နစ် ကိရိယာအကူအညီဖြင့် တလက်မ၏ ဒသမပိုင်းကိုပင် တိုင်းတာယူနိုင်ကြပြီ ဖြစ်သည်။

မြေပုံကို တိုင်းတာ ရေးဆွဲရာတွင် အရပ်မျက်နှာနှင့် အကွာအဝေးတို့ကို မြေပြင်ပေါ်၌ တိုင်းတာယူကြရပြီး

မြေတိုင်းပညာအနေဖြင့် ယင်း တိုင်းတာရရှိသော အရပ်မျက်နှာနှင့် အကွာအဝေးအလိုက် ပုံဖော်ရခြင်းဖြစ်သည်။

ကောင်းကင် မြေတိုင်းနည်းဆိုသည်မှာ လေယာဉ်ပျံပေါ်မှ မြေပြင်ကို ဓာတ်ပုံရိုက်ယူပြီး ယင်းဓာတ်ပုံများအရ မြေပုံရေးဆွဲနိုင်သော စက်ကြီးများဖြင့် ဓာတ်ပုံပေါ်ရှိ အမှတ်အသားအာလုံးကို ပုံဖော်ကြခြင်းဖြစ်သည်။

ကောင်းကင်မြေတိုင်းနည်းကို ၁၈၅၉ ခုနှစ်တွင် ပြင်သစ်တပ်မတော်မှ ဗိုလ်မှူးကြီးလောစီးဒတ် က စတင်ခဲ့သည်ဟု မှတ်တမ်းများအရ တွေ့ရှိရသည်။ မြေပုံများကို ပုံဖော်ရာတွင် အရပ်မျက်နှာနှင့် အကွာအဝေးတို့ကို တိုင်းတာရသော်လည်းအောက်ပါအမျိုးအစားများ၌ ယင်းတို့၏ရည်ရွယ်ချက်အလိုက် တိကျမှုအပေါ်မူတည်ပြီး မြေတိုင်းပညာအရတိုင်းတာ ပုံဖော်ကြရသည်။

၁။ ကွင်းမြေပုံများ ရေးဆွဲရန်အတွက် လယ်ကွက်များ၊ ဦးပိုင်များ၊ ချောင်းများ၊ လမ်းများ၊ ရွာတည်နေရာများ စသည်တို့ကို ဦးစားပေး၍ တိုင်းတာပေးရသည်။

၂။ မြေပြင်လက္ခဏာ မြေပုံများ ရေးဆွဲရန်အတွက် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင် စသည့် သဘာဝအလျောက် ဖြစ်ပေါ်နေသော အမှတ်အသားများအပြင် လမ်းများ၊ ရွာများ၊ မြို့များ၊ တူးမြောင်းများ၊ ဓာတ်အားလိုင်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်များ စသည့်လူသားများ ပြုပြင်ဖန်တီးကြသည့် အမှတ်အသားများ အပါအဝင် မြေပြင်ပေါ်ရှိအမှတ်အသားအားလုံးကို တိုင်းတာ၍ပုံဖော်ပေးရသည်။

၃။ ဘူမိပမာဏ မြေတိုင်းရန်အတွက် တြိဂံဖွဲ့၍ တိုင်းတာခြင်းများ၊ နိမ့်မြင့်တိုင်းတာခြင်းများ၊ မြေဆွဲအားတိုင်းတာခြင်းများ၊ သံလိုက်အားတိုင်းတာခြင်းများ၊ နက္ခတ်ဖတ်ရှုတိုင်းတာခြင်းများ စသည်ဖြင့် ကမ္ဘာ့မြေမျက်နှာပြင် ပုံသဏ္ဌာန်ကိုလေ့လာမှတ်သား၊ အခြေခံပြုနိုင်ရန် တိုင်းတာပေးရသည်။

၄။ အင်ဂျင်နီယာသုံး မြေပုံများရေးဆွဲရန်အတွက် လမ်းဖောက်လုပ်ခြင်းများ၊ ဆည်နှင့် တာတမံတည်ဆောက်ခြင်းများ၊ ရေလှောင်ကန် တည်ဆောက်ခြင်းများ၊ တူးမြောင်းဖောက်လုပ်ခြင်းများ စသည်တို့ကို ယင်းတို့၏ရည်ရွယ်ချက်များအလိုက် လိုအပ်သောတိကျမှုအရ တိုင်းတာပေးရသည်။

၅။ စီမံကိန်းမြေပုံများ ရေးဆွဲရန်အတွက် စီမံကိန်းများဖြစ်သော ရေအားလျှပ်စစ်စီမံကိန်း၊ စပါး သီးနှံအထွက်တိုး စီမံကိန်း၊ သတ္တုတူးဖော်ရေး စီမံကိန်း စသည်တို့ကို ယင်း စီမံကိန်းတရပ်၏ ဦးတည်ချက်အလိုက် လိုအပ်သော တိကျမှုအရ သီးသန့်တိုင်းတာပေးရသည်။

၆။ ဘာသာရပ်အလိုက် မြေပုံများ ရေးဆွဲရန်အတွက် ဘာသာရပ်များဖြစ်သော ဘူမိဗေဒဆိုင်ရာ မြေပုံများ၊ ပထဝီဆိုင်ရာ မြေပုံများ၊ တပ်မတော်သုံး မြေပုံများ၊ ရှေးဟောင်းသုတေသန မြေပုံများ၊ သံလိုက်အားပြ မြေပုံများ၊ လူမှုရေးနှင့်အကျုံးဝင် ပတ်သက်နေသော မြေပုံများ စသည်တို့ကို ယင်းတို့၏ ရည်ရွယ်ချက်များ အလိုက် တိုင်းတာပေးရသည်။

ဖော်ပြပါနိုင်ငံရေးရာ မြေပုံများ၊ စီးပွားရေးရာမြေပုံများ၊ လူမှုရေးနှင့် ကာကွယ်ရေးဆိုင်ရာ မြေပုံများတို့ကို ပုံဖော်ရာ၌ အရပ်မျက်နှာနှင့်အကွာအဝေးတို့ကို တိုင်းတာရာတွင် နည်းအမျိုးမျိုး ရှိသည်။ ၎င်းတို့မှာ သံကြိုးဖြင့် တိုင်းတာခြင်း၊ ကွန်ပါဖြင့်တိုင်းတာခြင်း၊ မှန်ပြောင်းဖြင့် ဖတ်ရှုတိုင်းတာခြင်း၊ တြာဝါစာနည်းဖြင့် တိုင်းတာခြင်း၊ တြိဂံဖွဲ့၍ တိုင်းတာခြင်း၊ အင်ဂျင်နီယာ မြေတိုင်းနည်းဖြင့် တိုင်းတာခြင်း၊ မြေတိုင်းခုံ နည်းဖြင့်တိုင်းတာခြင်း၊ နက္ခတ္တ ဗေဒဖတ်ရှုတိုင်းတာခြင်း၊ ကောင်းကင်မြေတိုင်း နည်းဖြင့် တိုင်းတာခြင်း၊နိမ့်မြင့်တိုင်းတာခြင်းစသည်တို့ဖြစ်လေသည်။

ဤထက်အဆင့်မြင့်သော မြေတိုင်းပညာရပ်သည် ဘူမိပမာဏ မြေတိုင်းပညာဖြစ်သည်။ ယင်းအပိုင်းတွင် နိုင်ငံတနိုင်ငံနှင့်တနိုင်ငံ ဆက်သွယ် တိုင်းတာကြရသည်သာမက တကမ္ဘာလုံးအတွက်ပါ ပူးပေါင်း တိုင်းတာ ကြရသည်။ ယခုအခါတကမ္ဘာလုံး၏ပုံသဏ္ဌာန် အနေအထားအစစ်အမှန်ကိုဂြိုဟ်တုမှတဆင့် တိုင်းတာ၍ရသောကြောင့် အငြင်းလည်းပွားစရာမလိုတော့ပေ။

တိုင်းတာ၍ ပုံဖော်ပြီးနောက် သေသပ်စွာ ရေးဆွဲခြင်း အပိုင်းကို အချောရေးဆွဲခြင်း ဟု ခေါ်သည်။ ဤအပိုင်းတွင် တိုင်းတာ၍ ပြည့်စုံအောင်ပုံဖော်ပြီးခဲ့သည့်မူရင်းမြေပုံရှိ ပုံဖော်ပြချက်အားလုံးကို မင်ဖြင့် မြေပုံအမျိုးအစားနှင့် စကေးများအလိုက် မြေပုံသုံး သင်္ကေတများကို အသုံးပြု၍ သေသေသပ်သပ်တိတိကျကျအချော ရေးဆွဲကြရသည်။ အသေးစိတ်များ၏အမည်များကို ရေးသားသင့်သည့်နေရာများ၌ ရေးသားကြရသည့်အပြင် လတ္တီတွဒ်မျဉ်းများ၊ လောင်ဂျီတွဒ်မျဉ်းများ၊ ဂရစ်ကိုသြဒိနိတ်မျဉ်းများ၊ ဂရစ်အကွရာများကို ရေးဆွဲပြီးမြေပုံကို ဘောင်ခတ် ရသည်။ မြေပုံ၏ ဘောင် အပြင်ပ၌လည်း မြေပုံ၏ ခေါင်းစီးနှင့် အောက်ခြေတို့၌ မြေပုံအချပ်အမှတ်၊ နေရာဒေသအမည်၊ မြောက်မှန်၊ ဂရစ်မြောက်နှင့် သံလိုက်မြောက်တို့၏ ခြားနားပုံဇယား၊ တိုင်းတာသည့်ခုနှစ်၊ ရည်ညွှန်းချက်၊ အုပ်ချုပ်မှုဆိုင်ရာအညွှန်း၊ ပုံစံကွက်အချပ်အမှတ်၊ အညွှန်းပုံစံကွက်၊ မည်ကဲ့သို့သတင်းများ ရယူ၍ စုဆောင်းပြီး ရေးဆွဲထားရပုံတို့အပြင် အခြားသီးသန့်ဖော်ပြထားချက်များစသည်တို့ကို ခေါင်းစီးနှင့် အောက်ခြေတို့၌ လိုအပ်သလို ထပ်မံ၍ ဖြည့်သွင်း ရေးသားပေးရသည်။

ရောင်စုံ ရေးဆွဲဖော်ပြရမည့် မြေပုံများကိုမူ တရောင်စီ အလိုက်၊ အသေးစိတ်ရေးဆွဲရသည်။

အထက်၌ ဖော်ပြသကဲ့သို့ မြေပုံတပုံ ပေါ်ပေါက်လာနိုင်အောင်တိုင်းတာခြင်း၊ ရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ အတတ်ပညာတို့အားပါဝင်သော ပညာရပ်ကို အတိုချုပ်အားဖြင့် မြေတိုင်းပညာရပ် ဟု ခေါ်ဆိုကြလေသည်။

မြန်မာနိုင်ငံတော်၊ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ။

၁၉၈၀ ပြည့်နှစ်၌ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို မေလ ၂၄ ရက်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်တွင် စတင်ကျင်းပရာ မြန်မာနိုင်ငံ တဝန်းလုံးမှ သံဃသမ္မုတိရ သံဃာကိုယ်စားလှယ်များ တက်ရောက်ခဲ့လေသည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပခဲ့သည်ကို ဂုဏ်ပြုသော အားဖြင့် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တရပ်ကို နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်ခဲ့သည်။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ် ၁,၈၁၈ ဦးပြန်လည်ရောက်ရှိခဲ့လေသည်။

ခေတ်အဆက်ဆက်တွင် မြန်မာ့သမိုင်း၌ နိုင်ငံတော်အကျိုးအတွက် ကိုယ်ကျိုးမဖက် အနစ်နာခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအနက်မှ သက်ရှိ ထင်ရှားရှိနေသေးသော ပုဂ္ဂိုလ်များကို ဂုဏ်ပြု ချီးမြှင့်ရန် မေလ ၂၈ ရက်နေ့တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ကို တီထွင်ပြဋ္ဌာန်း၍ နိုင်ငံဂုဏ်ရည် ပထမအဆင့်အဖြစ် ပုဂ္ဂိုလ် ၁၃၃ ဦးနှင့် ဒုတိယအဆင့်အဖြစ် ပုဂ္ဂိုလ် ၁၀၈ ဦးတို့အား ဂုဏ်ပြုချီးမြှင့်ခဲ့လေသည်။

နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ဖိတ်ကြားချက်အရ နီပေါဘုရင်မင်းမြတ် ဘီရင်ဒရာ၊ ဘီရ်ဘီကရမ်ရှားဒေ့ဗနှင့်မိဖုရားကြီးတို့အဖွဲ့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့လေသည်။

နီပေါဘုရင်မင်းမြတ်နှင့် မိဖုရားတို့က ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သလွဲမည်းတို့ဖြင့် ပြုလုပ်စီရင်သော နာဂစီဝရပဋ္ဌပဋ္ဌိမာရုပ်ပွားဆင်းတုတော်၊ ပဉ္ဇဓာတုဝါဟန တိဗက်စေတီတော်နှင့် ဓာတ်တော်ကြုတ်များကို လှူဒါန်းရာ ထိုဓမ္မပဏ္ဏာများကို စေတီတည်ရေးအတွက် ရွှေတိဂုံ စေတီတော်

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ



နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းက တည်ခင်းပေးခဲ့သော ညစာစားပွဲသို့ တက်ရောက်လာသော
အလက်ဇန္ဒြား မင်းသမီးနှင့် ကြင်ယာတော် မစ္စတာအန်ဂတ်အိုဂီဗီ ဝိ

တောင်ဘက်ကုန်း၌ ရှေးထုံး စဉ်လာအတိုင်း ပန္နက်ချခဲ့လေသည်။

နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်း၏ဘိတ်ကြားချက်အရ အလက်ဇန္ဒြားမင်းသမီးနှင့်အတူ ကြင်ယာတော် မစ္စတာ အန်ဂတ် အိုဂီဗီတို့သည် စက်တင်ဘာလ ၁၆ ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိ လည်ပတ်ခဲ့သည်။

နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ၂၃ ရက်နေ့၌ မြန်မာနိုင်ငံတော်သို့ ပြန်လည်ရောက်ရှိသည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ရှရီနိုလန် ဆန်ဂျီဗာ ရက်ဒီနှင့် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ နိုဝင်ဘာလ ၂၀ ရက်နေ့၌ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ၂၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် မတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ကန်တော်ကြီး မြေပဒေသာကျန်း၌ ခင်းကျင်းပြသသော မြန်မာဆေးဝါးပင်များ ပြပွဲနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံ ပန်းမန်ပြပွဲကို ကြည့်ရှုသည်။ ထိုနေ့တွင် နိုင်ငံတော်သမ္မတကြီးသည် ကျိုက်ကဆံကွင်း ဆရာစံ ခန်းမတွင်ကျင်းပသော တိုင်းရင်း ဆေးခန်းမှူးကြီးများ၏ လုပ်ငန်းခွင် ဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့လေသည်။

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်း သည် နိုင်ငံတော် ကောင်စီက ကြီးမှူးကျင်းပသော ပညာရေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး တိုင်းပြည်အတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုသည် အလိုအပ်ဆုံးနှင့် အထိရောက်ဆုံး ဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် ဩဂုတ်လ ၁၁ ရက်နေ့တွင် လွတ်လပ်ရေးနှင့် တော်လှန်ရေး လုပ်ဖော်ကိုင်ဖက်များအား သမ္မတအိမ်တော်တွင် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နေ့လယ်စာဖြင့် တည်ခင်းကျွေးမွေးသည်။

အလုံလမ်း သမ္မတအိမ်ဝင်းအတွင်းရှိ စည်းဝေးခန်းမတွင် မေလ ၂၇ ရက်နေ့က ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းအဝေးတရပ်ကို ကျင်းပရာ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

ဇူလိုင် ၁၅ ရက်နေ့က မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီ၊ နိုင်ငံတော်ကောင်စီနှင့်

ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ အစည်းအဝေးကို အလုံလမ်း သမ္မတအိမ်ဝင်းတွင်းရှိ ဗဟိုအစည်းဝေးခန်းမတွင် ကျင်းပရာ နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းက နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်ရန်ကျန်ရှိသူများနှင့် ပတ်သက်၍လည်းကောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပတ်သက်၍ လည်းကောင်း မိန့်ခွန်းပြောကြားသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၁ ကြိမ်မြောက် အစည်းအဝေးကို အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ စည်းဝေးခန်းမတွင် မတ်လ ၁၅ ရက်နေ့က ကျင်းပရာ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။ မေလ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့များတွင် ထိုစည်းဝေးခန်းမတွင်ပင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၂ ကြိမ်မြောက် အစည်းအဝေးကိုလည်းကောင်း၊အောက်တိုဘာလ ၁၁ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၃ ကြိမ်မြောက် အစည်းအဝေးကိုလည်းကောင်း ကျင်းပရာ ဗဟိုကော်မတီ ၁၃ ကြိမ်မြောက် အစည်းအဝေးတွင် အချိန်ပြည့် ဗဟိုဦးဆောင် ကော်မတီဝင်များ၏ ထောက်ပံ့ကြေးနှင့် နိုင်ငံရေးပင်စင်ပေးရေး ကိစ္စများကို ဆုံးဖြတ်သည်။ ပါတီဗဟိုကော်မတီ၏ ၁၄ ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာလ ၂၉၊ ၃၀ ရက်နေ့များတွင် အလုံလမ်း သမ္မတအိမ်တော်ဝင်း အတွင်းရှိ စည်းဝေး ခန်းမတွင်ပင် ကျင်းပပြုလုပ်သည်။

မတ်လ ၁၇ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပဉ္စမအကြိမ် အစည်းအဝေးကို အလုံလမ်း သမ္မတအိမ်ဝင်းအတွင်းရှိ စည်းဝေးခန်းမတွင်ကျင်းပရာ နိုင်ငံတော် သမ္မတကြီးအမှုးပြုသော ပြည်သူလွှတ်တော်ကိုယ်စားလှယ် ၄၅၃ ဦး တက်ရောက်သည်။

မေလ ၂၅ ရက်နေ့တွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ ချမှတ်သည့် ဆုံးဖြတ်ချက်များအနက် ပြည်သူလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်သည့်တို့ကို ပြဋ္ဌာန်းနိုင်ရန် ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပထမ အထူးအစည်းအဝေးကို ကျင်းပသည်။ ဒုတိယအကြိမ် ပြည်သူလွှတ်တော်၏ ဆဋ္ဌမ အစည်းအဝေးကို အောက်တိုဘာလ ၁၃ ရက်နေ့က စတင်ကျင်းပရာ ၁၆ ရက်နေ့တွင် ပြီးဆုံးပြီး နိုင်ငံတော်သမ္မတကြီးအမှုးပြုသော ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၄၄၂ ဦးတက်ရောက်၍ နိုင်ငံရေးပင်စင် ဥပဒေကြမ်းနှင့် မြန်မာထိုင်း နယ်နိမိတ်သတ်မှတ်ရေး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ လက်မှတ်ရေးထိုးခဲ့သော စာချုပ်ကို အတည်ပြုသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယုသည် ၁၉၈၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်မှ ၂၄ ရက်နေ့အထိ မကွေးတိုင်းနှင့် မန္တလေးတိုင်း နယ်မြေများသို့ လည်းကောင်း၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပဲခူးတိုင်း နယ်မြေ ပြည်မြို့သို့ လည်းကောင်း၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မော်လမြိုင်မြို့သို့ လည်းကောင်း သွားရောက်၍ ဒေသပါတီကော်မတီများ၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်များ၊ ပါတီယူနစ် ကော်မတီဝင်များ၊ ပါတီစိတ် အတွင်းရေးမှူးများ၊ တပ်ရင်းစည်းရုံးရေး ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

၁၉၈၀ ပြည့်နှစ်အတွင်း နိုင်ငံသားဥပဒေကြမ်း ရေးဆွဲရေး ဥပဒေကော်မရှင်သည် နိုင်ငံသားဥပဒေ ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ပြည်သူထံမှ အကြံဉာဏ်တောင်းပွဲများကို နိုင်ငံအနှံ့အပြားတွင် ကျင်းပသည်။

မြန်မာနိုင်ငံ တော် စာတတ်မြောက်ရေးလှုပ်ရှားမှု။

စာမတတ်ခြင်းသည် လူ့အခွင့်အရေးတရပ် ဆုံးရှုံးခြင်းပင် ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတော်တွင် ပြည်သူလူထုတရပ်လုံးသည် လူမှုရေးစေတနာ အပြည့်အဝထား ရှိကာ စာတတ်မြောက်ရေး လှုပ်ရှားမှုကြီးကို အမျိုးသားရေး အသွင်ဖြင့် ဆင်နွှဲလျက်ရှိရာ တနှစ်ထက်တနှစ် အောင်မြင်မှုများ ဆပ္ပာတိုးတက်လာခဲ့သည်။

ယနေ့အထိ စာတတ်မြောက်ရေး လှုပ်ရှားမှု၏ အောင်မြင်မှုကိန်းဂဏန်းများကိုလေ့လာလျှင် စီမံကိန်းချမှတ်၍ စတင်ဆောင်ရွက်ခဲ့သော ၁၉၆၃ ခုနှစ်မှ ၁၉၇၉ ခုနှစ် ကုန်အထိ မြို့နယ်ပေါင်း ၉၉ မြို့နယ်သည် မြို့နယ်လုံးကျွတ် စာတတ်မြောက်ခဲ့ကြပြီဖြစ်သည်။ပြည်နယ်နှင့်တိုင်းများအနက် မန္တလေးတိုင်းသည် ပထမဆုံး တိုင်းလုံးကျွတ် စာတတ်မြောက်မှု အောင်ပွဲ ခံနိုင်ခဲ့သည်။ ၁၉၆၃ ခုမှ ၁၉၇၉ ခုနှစ်ထိ ကာလတလျှောက် စေတနာလုပ်အားပေးသူ ပုဂ္ဂိုလ်ပေါင်း ၂၆၃,၄၆၆ ဦး ရှိခဲ့သည်။ ပြည်သူ ၁,၁၀၂,၁၁၄ ဦး စာပေမတတ်၍ ကြက်ခြေခတ်နေရသောဘဝမှ လွတ်ကင်းခဲ့ကြလေသည်။

၁၉၈၀ ပြည့်နှစ် စာတတ်မြောက်ရေး လှုပ်ရှားမှုကို ပြည်နယ်နှင့်တိုင်း ၁၃ ခုရှိ မြို့နယ်ပေါင်း ၂၄ မြို့နယ်တွင် စာမတတ်သူ ပြည်သူပေါင်း ၁၇၆,၃၁၁ ဦးအား စေတနာလုပ်အားရှင်ပေါင်း ၃၂,၈၄၁ ဦးတို့က သင်ကြားပြသခြင်းဖြင့် အောင်မြင်မှုများကို ဆက်လက်သယ်ဆောင် အကောင်အထည် ဖော်ခဲ့ကြသည်။

မြန်မာနိုင်ငံ၌ စာတတ်မြောက်ရေး လှုပ်ရှားမှုကြီးကို ဆင်နွှဲရာတွင် စာမတတ်သူ လုပ်သားပြည်သူတရပ်လုံး

စာတတ်မြောက်လာကြရန်၊ အတွေးအခေါ် မှန်ကန်၍ အသိဉာဏ် ဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆိုရှယ် လစ်စနစ် တည်ဆောက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးရေး လုပ်ငန်း များတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်စွမ်း ရှိလာကြစေရန်ဟူသော အချက်သုံးရပ်သည် လက်မွန်မဆွ ချမှတ်ခဲ့သော ရည်မှန်းချက်များ ဖြစ်လေသည်။

ယနေ့ စာတတ်မြောက်ရေး လှုပ်ရှားမှုသည် အရေး အဖတ် တတ်မြောက်မှုအပါအဝင် အသိအမြင်များ မှန်ကန် တိုးမြှင့်စေရေး၊ အပြုအမူ၊ အနေအထိုင်၊ အလေ့အကျင့် များ ပြုပြင်ပြောင်းလဲတိုးတက်စေရေး၊ ကုန်ထုတ်လုပ်ငန်း အကျိုးပြု အသိပညာနှင့် ကျွမ်းကျင်မှုများ တိုးပွားလာ စေရေးစသော နိုင်ငံဖွံ့ဖြိုးရေးအတွက် အကျိုးပြုနိုင်မည့်



ပြည်သူတရပ်လုံး စာတတ်မြောက်ရေးကို အမျိုးသားရေး တာဝန်တရပ်အနေဖြင့် ဆင်နွှဲလျက်ရှိသည်။

အရည်အသွေးကောင်းများ ရရှိလာစေရန်အထိ ရည်မှန်း ချက် မြင့်မားလာခဲ့လေသည်။

မြင့်မားလာသော ရည်မှန်းချက်နှင့်အတူ "မြို့နယ်လုံး ကျတ် စာတတ်မြောက်စေရမည်" ဟူသော ကြွေးကြော် သံမှသည် တိုင်းလုံးကျတ် စာတတ်မြောက်စေရမည်၊ နိုင်ငံ လုံးကျတ် စာတတ်မြောက်စေရမည် ဟူသော ကြွေးကြော် သံများသို့ တက်လှမ်းလာခဲ့ပြီ ဖြစ်လေသည်။

မွန်ပြည်နယ်။ ။မွန်ပြည်နယ်သည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်၏ တောင်ဘက်ပိုင်းတွင် ပဲခူးတိုင်း၊ ကရင်ပြည် နယ်၊ တနင်္သာရီတိုင်း၊ မုတ္တမ ပင်လယ်ကွေ့တို့နှင့် ဆက်စပ် လျက်ရှိသည်။ မုတ္တမတောင်တန်း၊ တောင်ညိုတောင်တန်း တို့နှင့် ပင်လယ်ကွေ့အကြားတွင် ကျဉ်းမြောင်းစွာ တည်ရှိ သည်။ မွန်၊မြန်မာ၊ ကရင်၊ ရှမ်း၊ ပအို၀်၊ ထား၀ယ် စသော တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြရာ ပြည်သူ လူတ် တော်ကိုယ်စားလှယ် ၂၀ ဦး၊ပြည်နယ်အဆင့် ၆၇ ဦး၊မြို့နယ် အဆင့်၀၄၉ ဦး နှင့် ရပ်ကွက်ကျေးရွာ အုပ်စုအဆင့် ၄,၈၁၁ ဦးကို ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရွေးကောက် တင် မြှောက်ထားသည်။ မွန်ပြည်နယ်ကို မော်လမြိုင်၊မုဒုံ၊ သံဖြူ ဇရပ်၊ ကျိုက်မရော၊ ချောင်းဆုံ၊ ရေး၊ ပေါင်၊ ကျိုက်ထို၊ ဘီးလင်းနှင့် သထုံဟူသော မြို့နယ် ၁၀ မြို့နယ်၊ ရပ်ကွက် ကျေးရွာ အုပ်စုပေါင်း ၄၄၃ ဖြင့် ဖွဲ့စည်းထားသည်။ ပြည် နယ် မြို့တော်သည် မော်လမြိုင်ဖြစ်သည်။ ဘီလူးကျွန်း၊ ဟသံ်ကျွန်း၊ကုလားဂုတ်ကျွန်း၊ ၀ါးကျွန်းနှင့် နတ်ကျွန်းတို့ သည် မွန်ပြည်နယ်၏ ထင်ရှားသော ကျွန်းများ ဖြစ် ကြသည်။

မွန်ပြည်နယ်တွင် စိုက်ပျိုးရေးကို အဓိက စီးပွားရေး လုပ်ငန်းအဖြစ်လုပ်ကိုင်ကြသည့်အားလျော်စွာ စပါး၊ မြေပဲ၊ ကြံ၊ ရာဘာနှင့် အုန်းတို့ကို အထူးစိုက်ပျိုးကြသည်။ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကျဲကော၊ တည်း၊ ကွမ်းသီးစ သည့် ဥယျာဉ်ခြံမြေထွက် သီးနှံများလည်း ကောင်းစွာ ဖြစ်ထွန်းသည်။ စိုက်ပျိုးမြေကေကို ၁၉၇၀–၇၉ ခုနှစ်တွင် ၎ က ၃ ဒသမ ၇ သောင်းအထိ တိုးခဲ့၍ စိုက်ပျိုးလာသဖြင့် စိုက်ပျိုးသီးနှံများ၏ အထွက် နှုန်းမှာလည်း တိုးတက်လာ သည်။ စပါးသည် ၁၉၇၀-၇၉ ခုနှစ်တွင် တင်းပေါင်း ၄ ဒသမ ၇ သိန်းအထိ ထွက်ရှိခဲ့သည်။ မြေပဲသည် ၂,၃၂၄ တန်၊ ပဲ မျိုးစုံ ၁,၅၀၄ တန်၊ ကြက်ပေါင်စေးသည် ၆,၀၈၁ တန်၊ ကွမ်းသီးသည် ၄,၈၁၈ တန်အထိ အသီးသီးတိုးတက်ထွက် ရှိခဲ့သည်။ မွန်ပြည်နယ်သည် သဘာ၀ ပေါက်ပင်များ၊ စိုက် ပျိုးပင်များ ကောင်းစွာ ဖြစ်ထွန်းအောင်မြင်သည်သာမက သယံဇာတ ဓာတ်သတ္တုများလည်း ကြွယ်၀သည့် ပြည်နယ် ဖြစ်သည်။ ခနောက်စိမ်းကို မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ နှင့် ပေါင် မြို့များမှလည်းကောင်း၊ ခဲမဖြူကို ချောင်းဆုံ၊ သံဖြူဇရပ်နှင့်ပေါင် မြို့နယ်များမှ လည်းကောင်း၊ ရွှံ့စေးဖြူ များကို တောင်စွန်း၊ မုပွလင်၊ ဇင်းကျိုက်နှင့် ကျောက်တလုံး မိုင်းများမှ လည်းကောင်း ရရှိသည်ဖြစ်ရာ သယံဇာတ သဘာ၀ ဓာတ်သတ္တု တို့ကလည်း မွန်ပြည်နယ်၏စီးပွားရေး ကို အထောက်အကူပြုလျက်ရှိလေသည်။

မွန်ပြည်နယ်သည် ပင်လယ်နှင့် နီးကပ်စွာ တည်ရှိခြင်း ကြောင့် ပင်လယ်မှဆားချက်သောလုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်သော ဒေသဖြစ်သည်။ ပ ဂ နေလှန်းဆားချက် လုပ်ငန်း၊ စက်စံဆားလုပ်ငန်း၊ကျိုက္ခမီ ဆားလုပ်ငန်းများမှ ထွက်ရှိသော နေလှန်းဆားသည် ၁၉၇၉–၈၀ ပြည့်နှစ်တွင်

အကျယ်အဝန်း။	။၄,၂၄၃.၂ စတုရန်းမိုင်
လူဦးရေ။	။၁,၄၈၃,၀၃၉
မြို့တော်။	။မော်လမြိုင်မြို့



ပိဿာထောင်ပေါင်း ၁၉,၀၀၀ အထိတိုးတက်ထွက်ရှိခဲ့သဖြင့် မွန်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဆားအများဆုံး ထုတ်လုပ်ပေးနိုင်သော ပြည်နယ်ဖြစ်သည်။နေလှန်းဆားသာမက ဆားခါး၊ ဓာတ်ဆားများလည်းထုတ်လုပ်လျက်ရှိသည်။

မွန်ပြည်နယ်တွင် တည်ဆောက်ပြီး စက်ရုံ အလုပ်ရုံပေါင်း ၄၀ နှင့် တည်ဆောက်ဆဲ ပြည်သူပိုင် စက်ရုံတရုံရှိသည်။ စစ်တောင်းစက္ကူစက်၊ ဘီးလင်းသကြားစက်၊ ပ ဂ နေလှန်းဆား ချက်လုပ်ငန်း၊ စက်စဲ ဆားလုပ်ငန်း၊ကျိုက္ခမီ ဆားလုပ်ငန်း၊ ဇီးဖြူသောင်ငါးခြောက် လုပ်ငန်း၊ အစင် ကျေးရွာ ငံပြာရည်လုပ်ငန်းနှင့် ငါးပိုက် လုပ်ငန်း တို့သည် နာမည်ကျော်ကြားသည်။ ထို့အတူ သံဖြူဇရပ်ရှိ ဒိုင်းနက်ထာဘာ စက်ရုံ၊ မုဒုန်ပန်းကန်စက်ရုံတို့သည်လည်း မွန်ပြည်နယ်၏ အရေးပါသော စက်ရုံများဖြစ်သည်။ သထုံမြို့နယ်ရှိ အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၏ အမှတ် ၆ စက်ရုံမှလည်း မော်တော်ယာဉ်သုံး တာယာ၊ လယ်ထွန်စက်နှင့် နောက်တွဲယာဉ်သုံးတာယာ၊ လက်တွန်း လယ်ထွန်စက်သုံး တာယာနှင့် စက်ဘီးတာယာများ ထုတ်လုပ်ရန် စီမံလျက်ရှိသည်။ ဘိလူးကျွန်း ဆေးတံလုပ်ငန်း၊ ရေနွေးအိတ်၊ ထာဘာ ပူဖောင်း၊ပလာစတာအရုပ်များစုံလုပ်ငန်း၊ မုဒုံချည်

ထည် လုပ်ငန်းများသည်လည်း မွန်ပြည်နယ်၏ ထင်ရှားသော စက်မှုလက်မှုလုပ်ငန်းများ ဖြစ်ကြသည်။

မွန်ပြည်နယ်တွင် လူမှုဝန်ထမ်း ဦးစီးဌာနမှ ဖွင့်လှစ်သော စေတနာဝန်ထမ်း ကိုယ်ထူကိုယ်ထ နေ့ကလေးထိန်းကျောင်း ၂၂ ကျောင်းရှိ၍ကျောင်းသားငယ်ပေါင်း ၁,၅၆၆ ယောက်တက်ရောက်သင်ကြားနေသည်။ မူလတန်းကျောင်း ၈၀၂၊ အလယ်တန်းကျောင်း ၄၃၊ အထက်တန်းကျောင်း ၃၃ ကျောင်းနှင့် မော်လမြိုင် ဒေသကောလိပ်၊ မော်လမြိုင် ကောလိပ်တို့ကို ဖွင့်လှစ်ထားလေသည်။

ယူကိုစလားဗီးယားသမ္မတနိုင်ငံ။ ။၁၉၈၀ ပြည့်နှစ်တွင် ယူကိုစလားဗီးယားနိုင်ငံတွင် ဒွေကြေး ဖောင်းပွမှုများ မြင့်မားစွာဖြစ်ပေါ်၍ ယခုနှစ်ကုန်သွယ်ရေး ငွေပေး ငွေယူ ရှင်းတမ်းတွင်လည်း လိုငွေပြလာသည်။ ထို့ကြောင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန် လိုအပ်ပြီး စားသုံးမှုမှန်သမျှကို လျှော့ချကာ စတင်စုဆောင်းကြရမည်ဟု သမ္မတတီးတိုးကန့်သစ်ကူးမိန့်ခွန်းတွင် ပြောကြားခဲ့လေသည်။

ယူကိုစလားဗီးယားနိုင်ငံနှင့် ဥရောပ ဘုံစျေးအဖွဲ့ (အီးအီးစီ) တို့သည် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် တရပ်ကို ဖေဖွဲ့ရီလ ၂၅ ရက်နေ့တွင် ဗယ်ဂျီယံနိုင်ငံ ဗရပ်ဆယ်မြို့တွင် ပဏာမ လက်မှတ် ရေးထိုးကြသည်။ အဆိုပါသဘောတူညီချက်အရ ယူကိုစလားဗီးယားနိုင်ငံသည် ဘုံစျေးနိုင်ငံ ကိုးနိုင်ငံ သို့

အကျယ်အဝန်း။	။၉၈,၇၆၆ စတုရန်းမိုင်
လူဦးရေ။	။၂၂,၃၁၀,၀၀၀(၁၉၈၀)
မြို့တော်။	။ဗဲလဂရိတ်မြို့



အမဲသား ဝိုင်အရက်နှင့် ဆေးရွက်များကို ပိုမိုတင်ပို ရောင်းချခွင့်ရှိမည်။ ထို့ပြင် ယူဂိုစလားဗီးယား မှ တင်ပို့ရောင်းချသော စက်မှုထုတ်ကုန်များ ပေါ် တွင် ကောက်ခံနေကျ ဖြစ်သော အကောက်ခွန်များကိုလည်း ရုပ်သိမ်းပြီး အခြို့ထုတ်ကုန်များပေါ် တွင်သာ အကောက်ခွန် ကောက်တော့မည်ဖြစ်သည်။ ထို့ကြောင့် ယူဂိုစလားဗီးယား နိုင်ငံသည် ဘုံစျေးနိုင်ငံများနှင့် လောလောဆယ် ကုန်အရောင်းအဝယ် ပြုလုပ်ခြင်းဖြင့် ကုန်သွယ်မှု လိုငွေများကို လျော့ချနိုင်ဖွယ်ရှိသည်။ လောလောဆယ်တွင် ယူဂိုစလားဗီးယား နိုင်ငံ၌ ကုန်သွယ်ရေးလိုငွေ ပြနေသည်။ ဘုံစျေး နိုင်ငံများသည် ဖော်ပြပါ လိုက်လျောမှုများအပြင် ယူဂိုစလားဗီးယားနိုင်ငံအား ငါးနှစ်အတွင်း ဒေါ်လာကုဋေ ၃၀ ချေးငှားရန် ကမ်းလှမ်း ထားလေသည်။

ကမ္ဘာ့ ရေနံစျေးကွက်တွင် ရေနံစျေးနှုန်း မြင့်မားနေခြင်းကြောင့် ယူဂိုစလားဗီးယားနိုင်ငံ၏ ဘဏ္ဍာရေးလိုငွေသည် ကြိုတင်စီမံကိန်းချထားသည်ထက် ယခုနှစ်အဖို့ ဒေါ်လာသန်း ၂၀၀၀ မှ ဒေါ်လာသန်း ၂၅၀၀ သို့ အလိုအလျောက်တိုးမြင့်သွားလေသည်။

ယူဂိုစလားဗီးယားနိုင်ငံသည် ဥရောပ ဘုံစျေး အဖွဲ့ (အီးအီးစီ) နှင့်ကုန်သွယ်ရေး သဘောတူညီချက် စာချုပ်ကို ဧပြီ ၂ ရက်နေ့တွင် လက်မှတ်ရေးထိုးကြသည်။ စာချုပ်၏ သက်တမ်းသည် ငါးနှစ်ဖြစ်သည်။ ယူဂိုနိုင်ငံ၏ အရှုံးပေါ် လိုငွေ ပြနေခြင်းကို အီးအီးစီနှင့် ကုန်သွယ်ရေး သဘောတူစာချုပ်ကြောင့် ငါးနှစ်အတွင်း သုံးချိုး နှစ်ချိုး လျော့သွားစေလိမ့်မည်ဟု ယူဂိုစလပ်အစိုးရအရာရှိများက မျှော်မှန်းကြသည်။

ယူဂိုစလားဗီးယား သမ္မတကြီး မာရှယ်တီးတိုးသည် ဇန္နဝါရီလ ၁၂ ရက်နေ့တွင် ခြေထောက် သွေးကြောပိတ်ရောဂါဖြင့် ယူဂိုစလားဗီးယားပြည်ထောင်စုဝင် စလိုဗီးနီးယားသမ္မတနိုင်ငံ၏ မြို့တော် လျူဘလျာနာ ဗဟိုဆေးရုံ၌ တက်ရောက်ကုသခံခဲ့ရရာ ညာခြေထောက်ကို ဖြတ်တောက်ကုသခဲ့သော်လည်း မသက်သာပဲ ရောဂါမှာ ပိုမို ဆိုးရွားလာပြီး မေလ ၄ ရက်နေ့ တွင် ကွယ်လွန် အနိစ္စ ရောက်သွားသည်။ ကွယ်လွန် ချိန်တွင် အသက် ၈၇ နှစ် ရှိပြီ ဖြစ်သည်။

သမ္မတကြီး တီးတိုး ကွယ်လွန်သည့်အတွက် အလုပ်သမား လူတန်းစားနှင့်အတူ ယူဂိုစလားဗီးယား တနိုင်ငံလုံးက ပူဆွေးကြကြောင်း၊ သမ္မတကြီး၏ တော်လှန်ရေး လုပ်ရပ်သည် ယူဂိုစလားဗီးယား ပြည်သူများ၊ တိုင်းရင်းသား လူမျိုးများနှင့် ငြိမ်းချမ်းရေး မြတ်နိုးသူတို့၏သမိုင်းတွင် ထာဝရ ကမ္ဘည်းထိုးပြီးသား ဖြစ်နေလိမ့်မည် ဟု ယူဂိုစလားဗီးယား ကွန်မြူနစ်ပါတီ အဖွဲ့ချုပ် ဗဟိုကော်မတီက ဖော်ပြထားလေသည်။ ယူဂိုစလားဗီးယားသမ္မတကြီး တီးတိုး ကွယ်လွန်ခြင်းအတွက် တမျိုးသားလုံး ဝမ်းနည်းခြင်းကာလအဖြစ် ခုနစ်ရက်သတ်မှတ်ကြသည်။ သမ္မတကြီး၏ရုပ်ကလာပ်ကို မေလ ဂ ရက်နေ့တွင် ၎င်း၏နေအိမ်ဝင်းအတွင်း၌ပင် ဂူသွင်းသင်္ဂြိုဟ်လိုက်သည်။ သမ္မတကြီး၏ စျာပန အခမ်းအနားသို့ ဆိုဗီယက်သမ္မတ ဗရက်ဇနက်၊ နိုင်ငံခြားရေးဝန်ကြီး ဂရိမိကို၊တရုတ်ဝန်ကြီးချုပ် ဟုကိုဖုန်း၊ အိန္ဒိယ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၊ အနောက် ဂျာမန်ဝန်ကြီးချုပ် ဟဲလမို့ရှမစ်၊ ဗြိတိန်ဝန်ကြီးချုပ် မာဂရက် သက်ချာ၊ အမေရိကန် ဒုတိယသမ္မတ ဝေါ်လ်တာ မွန်ဒေး၊ ကနေဒါ ဘုရင်ခံချုပ် အက်ဒွတ်ရှရေယာနှင့်ဂီး နီ သမ္မတ အာမက် ဆီကူတူရေစသည်တို့ တက်ရောက်ခဲ့ကြသည်။

ယူဂိုစလားဗီးယား ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အညီ ယူဂိုစလားဗီးယား ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတ နိုင်ငံ သမ္မတအဖွဲ့အစည်းအဝေးကို ဗဲလဂရိတ်မြို့တွင်ကျင်းပသည်။ ယင်းအဖွဲ့၏ သမ္မတနှင့် ဒုတိယသမ္မတကို ရွေးချယ် ခဲ့ကြသည်။ ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ စဗီယက်တင်မိယာတိုဗစ်အား သမ္မတအဖြစ် လည်းကောင်း၊ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော စဲကေးခရိုင်းဂါးအား ဒုတိယ သမ္မတအဖြစ် လည်းကောင်း ရွေးချယ်လိုက်သည်။ မိယာတိုဗစ်သည် ဘော့စနီးယား ဟာဇီဂိုဗီနားပြည်ထောင်စု အဖွဲ့ဝင်သမ္မတနိုင်ငံ ကိုယ်စားလှယ် ဖြစ်သည်။ ခရိုင်းဂါးသည် စလိုဗေးနီးယား ပြည်ထောင်စု အဖွဲ့ဝင် သမ္မတ နိုင်ငံ ကိုယ်စားလှယ်ဖြစ်သည်။ စုပေါင်း ဆောင်ရွက်မှုနှင့် စုပေါင်း တာဝန်ယူမှုတို့၏ သတ်မှတ် ချက်နှင့် အညီ ၎င်းတို့နှစ်ဦး၏ သက်တမ်းမှာ တနှစ်ဖြစ်လေသည်။

ယူဂိုစလားဗီးယား နိုင်ငံခြားရေး ဝန်ကြီး ဂျိုးစစ်ဗာဟိုဗက်သည် ဘင်္ဂလားဒေ့ရှနိုင်ငံ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှားနှင့် အိန္ဒိယ နိုင်ငံများသို့ အလည်အပတ် ခရီးထွက်ခဲ့သည်။ နိုင်ငံတကာရေးရာ အခြေအနေမှာ ဆိုးရွားသည်ထက် ဆိုးရွားလာသည်။ ယင်း အခြေအနေမှ ပေါ် ပေါက်လာသည့် ကိစ္စများကလည်း ဘက်မလိုက် လှုပ်ရှားမှု၏ အခြေခံမူဝါဒများကို တိမ်းစောင်း ယိမ်းယိုင်စေကာ စိတ်မချရသည့် အခြေအနေသို့ ရောက်ရှိနေသည်။ ကမ္ဘာ့ အရေးအခင်းများကို ဖြေရှင်းရေးတွင် ဘက်မလိုက် လှုပ်ရှားမှု ကြီးကပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းသည်။ လက်နက်ထုတ်လုပ်မှုကို ထိန်းချုပ်ရန် ကုလသမဂ္ဂ၏ ကြိုးပမ်းမှုကို ထောက်ခံသည်စသဖြင့် ဗာဟိုဗက်က ၎င်း၏ ခရီးစဉ်တွင် ပြောကြားခဲ့လေသည်။

ယူဂိုစလားဗီးယား ဝန်ကြီးချုပ် ဗက်ဆီလင်ယူရင်နိုဗစ်သည် တရုတ်ပြည်သူသမ္မတ နိုင်ငံသို့ အလည်အပတ် သွား ရောက်ခဲ့သည်။ သမ္မတကြီးတီးတိုး ကွယ်လွန်ပြီးနောက်

တရုတ်ပြည်သို့အလည်အပတ်ရောက်လာသည့် ပထမဆုံးယူဂို စလာဗီးယား ထိပ်တန်းခေါင်းဆောင် တဦးဖြစ်သည်။

ရိုမေးနီးယား သမ္မတ နီကိုလိုင် ချောင်ဆက်စကူး သည် ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှု အခြေအနေ မျှားနှင့် အဓိကကျသော နိုင်ငံတကာပြဿနာမျှားကို ဆွေးနွေးရန် အတွက်လည်းကောင်း၊ ရိုမေးနီးယားနှင့် ယူဂိုစလားဗီး ယားအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စမျှားကို ဆွေး နွေးရန်အတွက်လည်းကောင်း ဗဲလဂရိတ်မြို့သို့ ရောက်ရှိလာ သည်။ သမ္မတကြီးတီးတိုးကွယ်လွန်ပြီးနောက် ယူဂိုနိုင်ငံသို့ လာရောက်လည်ပတ်သော အရှေ့အုပ်စု နိုင်ငံမျှားထဲတွင် ပထမဆုံးသော အကြီးအကဲဖြစ်သည်။

ယူဂိုစလပ်နိုင်ငံသို့ ၂၄ နာရီ ကြာ အလည် အပတ် ရောက်ရှိခဲ့သော အမေရိကန်သမ္မတ ဂျင်မီကာတာက ယူဂို စလပ်လွတ်လပ်ရေးနှင့် ဘက်မလိုက် လှုပ်ရှားမှုကို အမေရိ ကန်က အပြည့်အဝထောက်ခံကူညီသွားမည်ဟု ပြောကြား ခဲ့လေသည်။

ယူဂန်းဒါးသမ္မတနိုင်ငံ။ ။အာဖရိကတိုက် အရှေ့ပိုင်း ရှိ ယူဂန်းဒါးနိုင်ငံတွင် ၁၉၀၀ ပြည့်နှစ်အတွင်း၌ အာဏာ သိမ်းမှု တကြိမ် ဖြစ်ပွားပြီးနောက် ပြုလုပ်သော ရွေး ကောက်ပွဲတွင် သမ္မတဟောင်း ဒေါက်တာ မီလတန် အိုဘိုတေးအာဏာ ပြန်လည်ရရှိခဲ့လေသည်။

၁၈၉၄ ခုနှစ်မှစ၍ ဗြိတိသျှအစောင့်အရှောက်ခံ နိုင်ငံ ဖြစ်ခဲ့ရာမှ ၁၉၆၂ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် လွတ်လပ်ရေး ရရှိကာ ၁၉၆၃ ခုနှစ် အောက်တိုဘာ ၉ ရက် နေ့တွင် သမ္မတနိုင်ငံ ဖြစ်လာသည်။

လွတ်လပ်ရေး ရပြီးနောက် မီလတန် အိုဘိုတေးက ဝန် ကြီးချုပ်၊ ကာဘာကာက သမ္မတအဖြစ် အရွေးခံခဲ့ရသည်။ ၁၉၆၆ ခုနှစ် ဖေဖွဲ့ရီ ၂၃ ရက်တွင် ဝန်ကြီးချုပ် မီလ တန်အိုဘိုတေးက သမ္မတကာဘာကာကို ဖယ်ရှားကာ သမ္မတအဖြစ် တာဝန်ယူ၍ အာဏာအားလုံးကို ချုပ်ကိုင် ခဲ့သည်။ သမ္မတ ကာဘာကာသည် ဗြိတိန်နိုင်ငံသို့ တိမ်း ရှောင်သွားခဲ့လေသည်။

၁၉၇၁ ခုနှစ် ဇန္နဝါရီလ ၂၅ ရက်တွင် သမ္မတ မီလ တန် အိုဘိုတေးကို ဗိုလ်ချုပ်ကြီး အီဒီအာမင်က ဖြုတ်ချ အာဏာသိမ်းပြီး သမ္မတဘာဝန်ယူသည်။ အိုဘိုတေးသည် အိမ်နီးချင်း တန်ဇားနီးယားနိုင်ငံသို့ သွားရောက်ခိုလှုံနေခဲ့ ရသည်။

အကျယ်အဝန်း။	။၉၁,၁၃၄ စတုရန်းမိုင်
လူဦးရေ။	။၁၃,၆၇၅,၀၀၀ (၁၉၈၀)
မြို့တော်။	။ကမ်ပါလာမြို့



ဗိုလ်ချုပ်ကြီး အီဒီအာမင်သည် ၁၉၇၆ ခုနှစ်တွင် ရာ သက်ပန် သမ္မတအဖြစ် မိမိကိုယ် မိမိ တင်မြှောက်ခဲ့သည်။

ဗိုလ်ချုပ်ကြီး အာမင်၏ခေတ်သည် ကမ္ဘာ့ သမိုင်းတွင် ပြောစမှတ်ဖြစ်ခဲ့ရသည်။ အတိုက်အခံအားလုံးကို ဖိနှိပ်ခဲ့ပြီး လူပေါင်း သုံးသိန်းခန့်ကို သတ်ဖြတ်ခဲ့ကာ လူပေါင်း သိန်း ချီ၍ပြည်ပသို့ထွက်ပြေးစေခဲ့သည်။ နှစ်စဉ် နိုင်ငံတော်ဘတ် ဂျက်၏ ၃၀ မှ ၄၀ ရာခိုင်နှုန်းကို ၎င်းတို့ဖိနှိပ်ရေး ယန္တရား များ အတွက် သုံးစွဲခဲ့သည်။ နိုင်ငံ၏ နိုင်ငံခြား ငွေကြေး ဝင်ငွေအားလုံး၏ ထက်ဝက်ကို လက်နက်များ ဝယ်ယူ တင် သွင်းခဲ့သည်။ စိုက်ပျိုးရေး ထုတ်ကုန်များ တနှစ်ပြီး တနှစ် ကျဆင်းကာ စက်မှုလုပ်ငန်းများ ချွတ်ခြုံ ကျခဲ့သည်။ ကုန်ပစ္စည်းများ ရှားပါးပြီး ဈေးနှုန်းများ ခေါင်ခိုက်အောင် တက်ခဲ့သည်။

၁၉၇၉ ခုနှစ် ဇန္နဝါရီလတွင် အာမင်၏ ယူဂန်းဒါး စစ် တပ်က အိမ်နီးချင်း တန်ဇားနီးယားနိုင်ငံကို ကျူးကျော် တိုက်ခိုက်ရာ ဇန္နဝါရီလ ၂၂ ရက်နေ့တွင် တန်ဇားနီးယား တပ်များက ဘန်ပြန်တိုက်ခိုက်သည်။ ၁၉၇၉ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ပြည်ပရောက် ယူဂန်းဒါး နိုင်ငံရေး ပါတီ များနှင့် အဖွဲ့အစည်းများသည် တန်ဇားနီးယားတွင် စုစည်းကြပြီး အမျိုးသား လွတ်မြောက်ရေး တပ်ဦးနှင့် အမျိုးသား လွတ်မြောက်ရေးတပ်မတော် ဖွဲ့စည်းသည်။ ထိုနောက် တန်ဇားနီးယားတပ်များနှင့်ပူးပေါင်းကာ အာ မင်၏ စစ်တပ်ကို တိုက်ခိုက်ကြရာ ဧပြီလ ၁၀ ရက်နေ့တွင် ကမ်ပါလာမြို့ကော်ကို သိမ်းပိုက် ရရှိသည်။ သမ္မတ အာ မင်လည်း နိုင်ငံမှ ထွက်ပြေးရပြီး နောက်ဆုံးတွင် ဆော်ူး ဒီအာရေဗျနိုင်ငံ၌ သွားရောက် ခိုလှုံနေခဲ့ရလေသည်။



စစ်ကော်မရှင်ဥက္ကဋ္ဌ မူဝမ် ဂါ

ကြည်းတပ် စစ်ဦးစီးချုပ်
ဗိုလ်မှူးချုပ်ဒေးဗစ်အိုဂျုတ်

ယူဂန်းဒါးနိုင်ငံ၌ အစိုးရသစ်ကို ဖွဲ့စည်းရာ ပထမဆုံး သမ္မတအဖြစ် ယူဆွတ်လူလေ တက်ခဲ့သည်။ သို့ရာတွင် ၆၉ ရက်သာ တာဝန်ယူရပြီးနောက် လူလေအား ဖယ်ရှားပြီး ဂျဲဖရေဘီနေဆာ သမ္မတဖြစ်လာသည်။

၁၉၇၀ ပြည့်နှစ် မေလ ၁၁ ရက်နေ့တွင် သမ္မတ ဘီနေဆာက ကြည်းတပ် စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဒေးဗစ် အိုဂျုတ်အား ဖြုတ်ပစ်ခြင်းကို မကျေနပ်ဟုဆိုကာ အာဏာသိမ်းမှုဖြစ်ပွားသည်။ ထိုအာဏာသိမ်းမှုကို ယူဂန်းဒါးအမျိုးသား လုတ်မြောက်ရေးတပ်ဦးပါတီဝင်ခြောက်ဦးပါဝင်သော စစ်ကော်မရှင် ဥက္ကဋ္ဌနှင့် အလုပ်သမားရေးရာဝန်ကြီး မူဝမ် ဂါက ဦးဆောင်ခဲ့သည်။ ထိုပါတီသည် ၁၉၇၉ ခုနှစ် အတွင်းက သမ္မတ အီဒီအာမင်အား ဖြုတ်ချခဲ့သော ပါတီပင် ဖြစ်လေသည်။

အာဏာသိမ်း စစ်ကော်မရှင်က စက်တင်ဘာလနောက် ဆုံးထား၍ ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ကြေငြာခဲ့သည်။ ၁၉၇၁ ခုနှစ်က အီဒီအာမင် ဖြုတ်ချ၍ ပြုတ်ကျခဲ့သော သမ္မတဟောင်း ဒေါက်တာ မီလတန်အိုဘိုတေးသည် တန်ဇားနီးယားနိုင်ငံတွင် ခိုလှုံနေရာမှ ၁၉၇၀ ပြည့် မေလ ၂၇ ရက်တွင် ယူဂန်းဒါးနိုင်ငံသို့ ပြန်လည်ရောက်လာခဲ့သည်။ထို့နောက် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင်ပြုလုပ်သော ရွေးကောက်ပွဲတွင် သမ္မတဟောင်း ဒေါက်တာ အိုဘိုတေး၏ ယူဂန်းဒါး ပြည်သူကွန်ဂရက်ပါတီက အမတ်ဦးရေ ၁၂၆ နေရာ ရှိသော ပါလီမန်တွင် အမတ် ၆၅ ဦးအရွေးခံရခြင်းဖြင့် ထက်ဝက်ကျော် အနိုင်ရရှိကာ အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။ရွေးကောက်ပွဲတွင် အိုဘိုတေး၏ ယူဂန်းဒါး ပြည်သူကွန်ဂရက်ပါတီ၊ ဒီမိုကရက်ပါတီ၊ ယူဂန်းဒါး မျိုးချစ် လှုပ်ရှားမှုပါတီနှင့် ကွန်ဆာဗေးတစ်ပါတီ လေးပါတီ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ ဒေါက်တာအိုဘိုတေးသည် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ယူဂန်းဒါးနိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့လေသည်။

ယူနိုက်တက်ကင်းဒမ်။ ။(ပြိတိန်နိုင်ငံ—ရှု။)

ယေဘုယျနှင့် သီးသန့်ရှိလေတီဗီတီ။ ။ရူပဗေဒ၏ အခြေခံတွာမျှားသည် အလျား၊ ဒြပ်ထုနှင့်အချိန်တို့ဖြစ်ကြ၏။ အခြား အခြေခံတွာတခုမှာ အဖို့/အမ လက္ခဏာဆောင် လျှပ်စစ် သို့မဟုတ် အချိန်နှင့်အတူ ရွေ့လျားသော လျှပ်စစ်ဖြစ်၏။ တနည်းဆိုလျှင် လျှပ်စစ်မှုန်တခု ရွေ့လျားမှုကြောင့် ဖြစ်ပေါ်သော လျှပ်စီးသည်လည်း အခြေခံကျပေသည်။ တည်ငြိမ်လျှပ်စစ်သည် လျှပ်စစ်စက်ကွင်းကို ဖြစ်ပေါ်စေသည်။ လျှပ်စီးသည် သံလိုက်စက်ကွင်းကို ဖြစ်ပေါ်စေသည်။ လျှပ်စစ်သံလိုက်စက်ကွင်း၏ အခြေခံမတ္တာသည် လျှပ်စစ်နှင့်လျှပ်စီးတို့ ဖြစ်သည်။ လျှပ်စစ်သံလိုက်စက်ကွင်း သီအိုရီကို စကော့ ရူပဗေဒပညာရှင် မက်ဆွဲက ၁၈၆၄ ခုနှစ်တွင် သခ်ျာပုံသေနည်း လေးခုဖြင့် ဖော်ပြနိုင်ခဲ့သည်။ လျှပ်စစ်သံလိုက်လှိုင်း (ဥပမာ အသံလွှင့်ရုံမှလွှင့်သော ရေဒီယိုလှိုင်း၊ ရုပ်မြင်သံကြား (တီဗီ) အတွက် မိုက်ခရိုလှိုင်း၊ နေမှထုတ်လွှတ်သော အလင်းလှိုင်းတို့သည် လျှပ်စစ်သံလိုက်လှိုင်းများ ဖြစ်ကြသည်။) များသည် အလင်း၏အလျှင်ဖြင့်ရွေ့လျားသည်ဟု မက်ဆွဲသီအိုရီက မှန်ကန်စွာ ဟောကိန်းထုတ်နိုင်ခဲ့သည်။

အလင်းသည် လေဟာနယ်၌ တစက္ကန့်တွင် ကီလိုမီတာ သုံးသိန်းမျှရှိသော ခရီးကို ပေါက်ရောက်၏။ တစ်ဒသမခြောက်ကီလိုမီတာသည် တမိုင်ဖြစ်သည်။ အိုင်စတိုင်းသည် မက်ဆွဲ၏ လျှပ်စစ်သံလိုက်သီအိုရီကို လေ့လာပြီး အချိန်ဟင်းလင်းပြင်နှင့် ဒြပ်ထုနှင့်ဆိုင်သော သီးသန့်ရှိလေတီဗီတီကို ၁၉၀၅ခုနှစ် အသက် ၂၆ နှစ်ပြည့်ပြီး ဥရုက်မြောက်သောနေ့တွင် ပြုစုပြီးစီးသည်။ ယင်းသီအိုရီတွင် အလင်း၏ အလျှင်သည် ကိန်းသေဖြစ်သည်။ လေဟာနယ်တွင် ကိန်းသေတန်ဖိုးဆောင်သည်ဟု ပိုမိုတိကျစွာဆိုရမည်။ အလင်း၏အမြန်နည်းပါးရှိသော အမြန်ဖြင့်ရွေ့လျားသော ဝတ္ထု၏ အချိန်သည် နှေးသွားမည်။ အလျားသည်တိုသွားမည်။ ဒြပ်ထုသည် ကြီးထွားသွားမည်ဟုဆိုသည်။ သဘာဝတွင် ရှိသော ဝတ္ထုအားလုံးတို့သည် အလင်း၏အမြန်ထက် သာလွန်ပြီး ရွေ့လျားခြင်းမပြုနိုင်ပေ။ အလင်း၏အမြန်ထက်မြန်သောအမှုန်များကို သီအိုရီအရဆင်ခြင်နိုင်သည်။ ယင်းတို့ကို တာကီယွန်ဟု မှည့်ခေါ်ထားသည်။ သာမန်ကြောင်းကျိုးဆက်နွယ်မှုကို ပျက်ပြားစေ၍ တာကီယွန်အမှုန်များကို လက်ခံရန်ဝန်လေးကြသည်။ တာကီယွန်သဘောတရားကိုသာ လက်ခံမည်ဆိုလျှင် ဥပမာအားဖြင့် ပြရသော် အဇာတသတ်သည် အတိတ်ကာလသို့ပြန်သွားပြီး ခမည်း

တော် ဗီမွီသာရမင်းကြီး မွေးဖွားပြီးလျှင်ပြီးခြင်းပင် ကုပ်မျက်နှိုင်လိမ့်မည် ဖြစ်သည်။ ဥပမာတခု ထပ်ဆောင်ရလျှင် အလင်းလွန် အလျှင်ဖြင့်သတင်းတခုကို နံနက် ၉ နာရီတွင် ပို့လိုက်သော် နံနက် ဂ နာခွဲတွင် သတင်းရရှိနိုင်ပေလိမ့်မည်။ သတင်းမပို့ခင် ကြိုရောက်နေ၍ ကြောင်းကျိုးဆက်နွယ်မှု ပျက်ပြားစေလေသည်။

အချိန်၊ အလျှားနှင့်ဒြပ်ထု

သီးသန့်ရီလေတီဗီတီအရ တပြိုင်နက်ဖြစ်ရပ်သည် အညွှန်းဘောင် (လေ့လာသည့်နေရာ) ပေါ် တွင်တည်သည်။ မီးရထားဘူတာရုံတွင် ရပ်လျက်ရှိသော မီးရထားတွဲရှည် တခုအလယ်တည့်တည့်ရှိ တွဲခေါင်မိုးပေါ် တွင် လူတယောက် ရပ်နေသည်ဆိုပါစို့။ မီးရထားရပ်ထားသည့် ပလက်ဖောင်းပေါ် ၌လည်း ဒုတိယလူသည် ပထမလူကို မျက်နှာချင်းဆိုင်၍ရပ်နေသည်ဟု ယူဆပါ။ ပလက်ဖောင်းနှင့် မီးရထားတို့ကို အညွှန်းဘောင် ၂ ခုဟုခေါ် နိုင်သည်။ (ပထမလူသည် အမြင့်တွင်ရှိပြီး ဒုတိယလူသည် အောက်တွင်ရှိသည်ကလွဲ၍ မျက်နှာချင်းဆိုင်ရှိနေကြမည်ဖြစ်၏) မီးရထား၏ခေါင်းတွဲအစွန်းနှင့် အမြီးတွဲအစွန်းတို့ကို တပြိုင်နက်မိုးကြိုးခသည်ဆိုကြပါစို့။ ပထမလူနှင့် ဒုတိယလူနှစ်ဦးစလုံးပင် မိုးကြိုးတပြိုင်နက်ခသည်ကို ရှုမှတ်မိကြမည်ဖြစ်သည်။ အကယ်၍ မီးရထားဘူတာမှ အလျှင်တခုဖြင့် ထွက်စဉ်တွင် မိုးကြိုးပစ်ပါက ဒုတိယလူအတွက် မိုးကြိုး နှစ်ကြိမ်မှာ တပြိုင်နက်ရှုမြင်ရမည်ဖြစ်သော်လည်း ပထမလူအတွက်မူ မီးရထားဦးပိုင်းမှ မိုးကြိုးပစ် (လျှပ်စီးလက်) သည်ကို ဦးစွာတွေ့ရပြီး အမြီးပိုင်းမှ မိုးကြိုးပစ်သည်ကို နောက်မှရှုမြင်ရမည်ဖြစ်၏။ အချိန်မှာ ပကတိတန်ဖိုးမဆောင်ပဲ နှိုင်းရတန်ဖိုးသာဆောင်နိုင်ကြောင်း အထောက်အထားကို "မြူမီစွန်" ယိုယွင်းမှုဖြစ်စဉ်မှ ခိုင်လုံစွာသိရှိနိုင်သည်။ "မြူမီစွန်" ခေါ် အမှုန်သည် တိုတောင်းလှသောသက်တမ်း($\sim 10^{-6}$ s) တခုတွင် အခြားအမှုန်တခုအဖြစ်သို့ ပြောင်းလဲသည်။ မီစွန်အမှုန်ကို ကမ္ဘာ့လေထုအထက်တွင် လေ့လာတွေ့ရှိခဲ့သည်။ တိုတောင်းလှသောသက်တမ်းကြောင့် ကမ္ဘာ့မြေမျက်နှာပြင်ပေါ် သို့ မကျရောက်မီ အခြားအမှုန်တခုသို့ ဘဝပြောင်းသွားရမည်ဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့မြေမျက်နှာပြင်ပေါ် တွင် ယင်းအမှုန်ကို တွေ့ရှိနိုင်သဖြင့် ယင်းအမှုန်၏သက်တမ်းသည် (ယင်းအမှုန်ရပ်တည်နေစဉ် တိုင်းတာရရှိသော သက်တမ်းထက်) ရှည်၍နေရမည် ဖြစ်ကြောင်း သိရှိရ၏။ ယင်းအမှုန်မှာ အလင်းအလျှင်၏ ကိုးဆယ့်ကိုး ဒသမရှစ်ရာနှုန်းတန်ဖိုးဖြင့် ကမ္ဘာ့လေထုအထက်မှ ကျဆင်းလာ၍ ယင်းအတွက်သက်တမ်းမှာ ရှည်သွားခြင်းဖြစ်သည်။

ယင်းဥပမာဖြင့်ပင် အလျှားကျုံ့သွားခြင်း၊ တနည်းဆိုလျှင် ခရီးတို သွားခြင်းကို သဘောပေါက်နိုင်၏။ မီစွန်အမှုန်၏ ပုံမှန်သက်တမ်းအတွင်း ပေါက်ရောက်ရမည့် အထက်ဖော်ပြပါခရီးသည် ရှည်လွန်းလှ၍ခရီးမဆုံးခင် အခြားအမှုန်တခုအဖြစ် ဘဝပြောင်းရမည်ဖြစ်သည်။ သို့ရာတွင် ယင်းမီစွန်၏အလျှင်သည် အလင်းအလျှင်နည်းပါးဖြစ်၍ မီစွန်၏အမြင် (ရှုမှတ်အညွှန်းဘောင်) အရ ခရီးသည် တို သွားမည်ဖြစ်သဖြင့် ပုံမှန်သက်တမ်းအတွင်း၌ ဘဝမပြောင်းမီ ကမ္ဘာမြေပေါ် သို့ သက်ဆင်းနိုင်ပေလိမ့်မည်။ ချိန်တာ၏ပြောင်းလဲပုံကို 'နှစ်မြှောတတ်' ဥပမာ ဖြင့်လည်း ဆင်ခြင်နိုင်သည်။ ၁၉၆၅ ခုနှစ်တွင် မွေးဖွားခဲ့သော အမှာညီနောင် မောင်မောင်ကနှင့် မောင်မောင်ခတို့သည် အရွယ်ရောက်၍ ပညာသင်ကြား တတ်မြောက် ကြသောအခါ မောင်မောင်ကမှာ အထူးကုဆရာဝန်ဘွဲ့နှင့် မောင်မောင်ခသည် ရူပဗေဒပါရဂူဘွဲ့ ရရှိထားကြသည်ဆိုပါစို့။ အသက်သုံးဆယ်အရွယ်ရောက်သော် သိပ္ပံပညာရှင် မောင်မောင်ခ

၁၉၆၅ ခုနှစ်ဖွား အမှာညီနောင် မောင်မောင်ခ (ဝဲ) နှင့် မောင်မောင်က (ယာ)။ ဂလက်ဆီကို သုံးနှစ်ကြာလေ့လာပြီး ဒုံးပျံဖြင့် ပြန်ခဲ့သူ ရူပဗေဒပညာရှင် ဒေါက်တာမောင်မောင်ခ (ဝဲဖက်) ကို ဆရာဝန် မောင်မောင်က (ယာဖက်) ဆီးကြိုနေပုံ။ ကမ္ဘာပေါ် ရှိ ဆရာဝန် မောင်မောင်ကအတွက် နှစ်ပေါင်း ၆၀ ကြာညောင်းခဲ့သော်လည်း သိပ္ပံပညာရှင် မောင်မောင်ခအတွက်မူ ၃ နှစ်သာ ကြာခဲ့သည်။



သည် အလင်းအမြန်၏ ကိုးဆယ်ကိုးဒသမကိုး ရာနှုန်းဖြင့် ဂလက်ဆီတခုကိုသွား၍လေ့လာရာ ဒုံးပျံအတွင်းရှိပြက္ခဒိန်အရ သုံးနှစ်ခွဲခန့်တာကြာခဲ့သည်။ မြန်မာပြည်သို့ပြန်ရောက်သော် ဒုံးပျံဆိပ်၌ ဆရာဝန်မောင်မောင်က က စောင့်၍ကြိုနေလေသည်။ သို့ရာတွင် မောင်မောင်က အဖို့မှာ မောင်မောင်ခကို စောင့်မျှော်ခဲ့ရသည်မှာ အနှစ် ၆၀ ကြာခဲ့ပြီးဖြစ်၍ ခေါင်းဖြူစွယ်ကျိုးဖြစ်နေလေပြီ။ မောင်မောင်ခမှာမူ ၃၃ နှစ်မျှသာ ရှိသေးသည်။ ဤကဲ့သို့ တွေးဆ ဆင်ခြင်သည့် ဥပမာမျိုးကို အိုင်စတိုင်းကိုယ်တိုင် အသုံးပြုခဲ့၏။

ရူပဗေဒစမ်းသပ်ခန်းများတွင် သုတေသနပြုရာ၌ အသုံးပြုသော အရှိန်ပေးစက်ကြီးများတွင် ဒြပ်ထုဆောင်အမှုန်တခုကို အလင်း၏အလျင်နည်းပါးဖြင့် ရွေ့လျားစေရာ၌ ယင်းအမှုန်၏ဒြပ်ထုသည် နားနေဒြပ်ထုထက် အဆနှစ်ဆယ်ကျော် ကြီးထွားလာကြောင်း တွေ့ရှိခဲ့ကြသည်။ထိုကြောင့် သီးသန့်ရီလေတီဗီ၏အချိန်၊ ဒြပ်ထုနှင့် အလျားတို့အတွက် ဟောကိန်းများကို ရူပဗေဒပညာရှင်အများစုက အကြွင်းမရှိလက်ခံထားကြလေသည်။

သီးသန့်ရီလေတီဗီတီနှင့်ကွမ်တမ်မက္ကင်းနစ်ပညာ

သီးသန့်ရီလေတီဗီတီကိုအလွန်မြန်သော ရွေ့လျားမှုမျိုးအတွက် အသုံးပြုနိုင်သကဲ့သို့ ကွမ်တမ် မက္ကင်းနစ်ပညာမှာ သေးငယ်၍ပေါ့ပါးလှသော ရွေ့လျားနေသော အမှုန်များအကြောင်းကို လေ့လာရှုမှတ်ရာတွင် အဓိကသိအိုရီ ဖြစ်ပေသည်။ သာမန်အားဖြင့် အမှုန်တခု၏ တည်နေရာနှင့် အလျင်တို့ကိုတပြိုင်နက် သိရှိနိုင်သည် တိုင်းတာနိုင်သည်။ သီးသန့်ရီလေတီဗီတီအရလည်း ယင်းအချက်သည်မှန်၏။ ကွမ်တမ်မက္ကင်းနစ်တွင်မူ ဒြပ်ထုသေးငယ်သော အမှုန်တခု ရွေ့လျားနေပါကတည်နေရာနှင့် အလျင်တခုခုကိုသာလျှင် တိကျစွာတိုင်းတာနိုင်ခြင်း၊ ယင်းအမှုန်သည် လှိုင်းသဘာဝ ဖော်ပြနိုင်ခြင်း၊ အတားအဆီးတခုကို ဖောက်ထွင်းနိုင်ခြင်း စသည့် ထူးဆန်းသော သဘာဝများကို တွေ့ရှိရသည်။ အက်တမ်၏ဖွဲ့စည်းပုံနှင့် နျူးကလီးယားရူပဗေဒအပိုင်းတွင် ကွမ်တမ်သီအိုရီကိုလက်ကိုင်ပြုရလေသည်။

ခေတ်ပေါ် ကွမ်တမ်သီအိုရီတိုင်းတွင် သီးသန့်ရီလေတီဗီတီကို ထည့်သွင်းစဉ်းစားထားသည်။ ကွမ်တမ်သီအိုရီနှင့် သီးသန့်ရီလေတီဗီတီကို စတင်ပေါင်းစပ်ပေးသူမှာ အင်္ဂလိပ် ရူပဗေဒပညာရှင် ဒီရက်ဖြစ်သည်။ ကွမ်တမ်မက္ကင်းနစ်ပညာ၏ဖခင်ကြီးတဦးလည်းဖြစ်သူ ဒီရက်သည် အသက် ၂၆ နှစ်အရွယ်တွင် ရီလေတီဗီတီကွမ်တမ်မက္ကင်းနစ်ပညာကို စတင်ဖော်ထုတ်ခဲ့သည်။ ထိုအခါ သီးသန့်ရီလေတီဗီတီ၏ သက်တန်းသည် အနှစ် ၂၀ ကျော်ကာလ ဖြစ်ခဲ့သည်။ ဒီရက်၏ပေါင်းစပ်မှုမှ ရူပဗေဒနှင့်သိပ္ပံလောကတွင် မကြားစဖူးမယုံစဖယ် ဟောကိန်းတခုကို သိပ္ပံပညာရှင်များ ကြားသိရလေသည်။

ဒီရက်၏ ညီမျှခြင်းများမှာ မျှော်မှန်းထားသည့်အဖြေနှင့် အပိုအဖြေတခုပါလာ၏။ သိပ္ပံပညာရှင်များ ပြုလုပ်တတ်သည့်အလေ့အကျင့်သည် သဘာဝကျသောအဖြေတခု

(ဝဲဘက်ပုံ) ခုတ်လေ့ကားကို ဒြပ်ဆွဲရှိန်ဖြင့် အောက်မှ အထက်သို့ ရွေ့လျားနေသောအခါ ကမ္ဘာပေါ်တွင်ရှိနေသည့်အတိုင်း လူ၊ပန်းသီး၊ ထိုင်ခုံတို့သည် ရှိနေကြမည်။ ရွှမှတ်နေသူကို ခုတ်လေ့ကားအတွင်း၌ ထားသည်ကို အသိမပေးခဲ့ပါလျှင် ကမ္ဘာပေါ်တွင် ရှိနေသည်ဟု ယူဆမည်ဖြစ်သည်။ ယာဘက်ပုံမှာ ခုတ်လေ့ကား ကြိုးပြတ်သွားခဲ့သော် အလေးချိန် ကင်းမဲ့သွားမည့် ပုံဖြစ်သည်။



ကမ္ဘာပေါ်တွင် လေ့လာနေသူ တဦးသည် ပန်းသီးတလုံး အမြင့်တနေရာမှ ကျလာသည်ကို ဒြပ်ဆွဲအား ကြောင့်ဟု ဆိုသည်။ ဝဲဘက်ပုံတွင် အိုင်စတိုင်၏ ခုတ်လေ့ကားအတွင်းမှ ပန်းသီး ကျလာသည်ကို လေ့လာနေသူကို ပြထားသည်။

သီးသန့်ရီလေတီဗီတီနှင့် ကွမ်တမ် မက္ကင်းနစ်ပညာတို့ ပေါင်းစပ်သည့်ပုံစံကိုယူ၍ ၁၉၇၉ ခုနှစ် နှောင်းပိုင်းတွင် ကွမ်တမ်သီအိုရီ နှစ်ရပ်ကို ထင်ထင်ရှားရှား လက်ခံလာကြသည်။ ယင်းသီအိုရီတခုသည် ကျူအက်ဖဒီခေါ် လျှပ်စစ်နှင့် နျူးကလီးယားအား မပျော့ပေါင်းစပ်သီအိုရီနှင့် ၁၉၇၀ ပြည့်နှစ်တွင် သိသိသာသာကြီးတိုးတက်လာသော ကျူစီဒီခေါ် နျူးကလီးယား အပြင်းစားအားနှင့် ပတ်သက်သော ကွမ်တမ်သီအိုရီတို့ ဖြစ်ကြသည်။ သီးသန့်ရီလေတီဗီတီကို ပစ်ပယ်လိုက်ပါက အခြေခံစွမ်းအင်ဖြင့် ရူပဗေဒအတွက် သီအိုရီများ၏ အုတ်မြစ်များကို ဖျက်ဆီးပစ်လိုက်သည်နှင့် တူမည်ဖြစ်ပေသည်။စွမ်းအင်မြင့် လက်တွေ့ရူပဗေဒ သုတေသနလည်း ပြုလုပ်၍ရမည်မဟုတ်၊ အရှိန်ပေးစက်ကြီးများ၏ အခြေခံသည်လည်း သီးသန့်ရီလေတီဗီတီ အသိသညာများသာ ဖြစ်တော့သည်။



ကွမ်တမ်ရူပဗေဒ ပညာရှင်များ။
ဟိုက်ဇင်ဗတ်၊ ဗုန်း၊ ဒီဗရွိုင်း၊ ဗို၊
ရှရိုဒင်းဂျား၊ ဒီရက်၊ ဟောကင်း

ကိုသာရွေးပြီး ကျန်တခုကိုပစ်ပယ်တတ်ကြ၏။ ဒီရက်က အပိုအဖြေ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုကြည့်၏။ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် သဘာဝတွင် တွေ့ရှိပြီးအမှုန်တခုချင်း(ဥပမာ အမလျှပ်စစ်ဆောင် အီလက်ထရွန်) တွင် ဆန့်ကျင်ဘက်အမှုန် (ဥပမာ အဖိုလျှပ်စစ်ဆောင်ပြီး အီလက်ထရွန်၏ ဒြပ်ထုနှင့်တူညီသော ဒြပ်ထုဆောင်အမှုန်) ရှိရမည်ဖြစ်သည်ဟူ၍ ဖြစ်၏။

တဖန် ယင်းဆန့်ကျင်ဘက်အမှုန်သည် ပင်ရင်းအမှုန်နှင့် တိုက်မိသောအခါ အမှုန် နှစ်လုံးစလုံး ပျက်စီးပြီး ဖြာထွက်မှုစွမ်းအင်သာ ရရှိမည်ဟုဆိုပြန်သည်။ စဝစ္စရူပဗေဒပညာရှင်ပေါ် လိက "ဒေါက်တာဒီရက် သီအိုရီအရ ဒီရက်ရှိသလို ဆန့်ကျင်ဘက်ဒီရက်လည်းရှိရမည်ဖြစ်၍ ယင်းတို့နှစ်ဦး တွေ့ဆုံခဲ့ပါလျှင် ဒီရက်၏သီအိုရီရှိပါဦးမည်လား" ဟု ဥာဏ်ကွန့်ပြီး ကောက်ချက်ချခဲ့ဖူးသည်။

၁၉၃၁ ခုနှစ် သုံးနှစ်ကြာအချိန်တွင် အမေရိကန် ရူပဗေဒပညာရှင် အင်ဒါဆင်နှင့် အင်္ဂလိပ် ရူပဗေဒပညာရှင် ပလက်ကတ်တို့က အီလက်ထရွန်၏ ဆန့်ကျင်ဘက်အမှုန်ကို ဒီရက်ဟောကိန်းထုတ်ထားသည့် သဘာဝအတိုင်း လက်တွေ့သုတေသနဖြင့် ဖော်ထုတ်နိုင်ခဲ့လေသည်။

ယခု (၁၉၇၉ – ဂဝ ပြည့်နှစ်) တွင် အရှိန်ပေး စက်ကြီးများအတွင်း အီလက်ထရွန်နှင့် ပိုစီထရွန်ခေါ် ဆန့်ကျင်ဘက်အမှုန်တို့ကို မျက်နှာချင်းဆိုင်တိုက်ခိုက်စေပြီး သုတေသနပြုနေကြရာမှ ပရိုတွန် (ဟိုက်ဒရိုဂျင်အက်တမ်၏ဝတ်ဆံ) နှင့် နျူထရွန် (ပရိုတွန်နှင့်ဒြပ်ထုတူ လျှပ်စစ်မဲ့အမှုန်) စသော အမှုန်တို့ကို ပွဲစည်းပေးထားသော ကွပ်(ခ) ခေါ် အပွဲအစည်းမဲ့ အခြေခံအမှုန်များအကြောင်း စွမ်းစွမ်းတမန် လေ့လာနေကြပြီဖြစ်၏။ ကွပ် (ခ) ခြောက်မျိုးကို လက်ရှိအားဖြင့် လက်ခံထားပြီး ယင်းတို့မှာ ယူ၊ ဒီ၊ အက် (စ)၊ စီ၊ ဗီ၊ တီ ဟု အမည်ပေးထားသည်။ ဥပမာအားဖြင့်

ပရိုတွန် → ယူ + ယူ + ဒီ (ကွပ် (ခ) သုံးမျိုး)
နျူထရွန် → ယူ + ဒီ + ဒီ (ကွပ်(ခ)သုံးမျိုး)

ဟု ပွဲစည်းပုံကို ဖော်ပြနိုင်၏။

ရီလေတီဗီတီကွမ်တမ်မက္ကင်းနစ်၏ ထုတ်ဖော်ချက်တခုမှာ သာမန်အားဖြင့် လေဟာနယ်ဟုခေါ် သောဒေသသည် "မည်သည့်အရာမှ မရှိသည့်နေရာ" မဟုတ်မူပဲ အလွန်တိုတောင်းသော အချိန်တာအတွင်း လှုပ်ရှားမှုများဖြင့် ပြည့်နှက်နေ၏။အလွန်တိုတောင်းသော အချိန်အတွင်း၌ အမှုန်နှင့် ဆန့်ကျင်ဘက်အမှုန်အတွဲများ ဖြစ်ပေါ် လိုက် ပျက်စီးလိုက်နှင့် ရှိနေမည်ဟူ၍ဖြစ်၏။ ရီလေတီဗီတီနှင့်ကွမ်တမ်မက္ကင်းနစ်ပညာတို့ ပေါင်းကူးပြုလုပ်ပေးသည်မှာ "ဒြပ်ထုနှင့်အလင်းအမြန်၏နှစ်ထပ်ကိန်းမြောက်လဒ်သည်စွမ်းအင်" ကိုဖော်ပြသည်ဟူသော ညီမျှခြင်းပင်ဖြစ်သည်။

ဒြပ်သားနှင့်ဂဲသြမေတြီ

ကျွန်ုပ်တို့၏စကြဝဠာသည် ကီလိုမီတာပေါင်း ကုဋေ့ကုဋေ့ကုဋေ့ဆယ်ဆမက (~ 10^{22} km) ကျယ်ပြောသည်။ စကြဝဠာဆိုသည်မှာ ရုပ်လောကဌ အကြီးမားဆုံးအဖွဲ့အစည်းဟု ရူပဗေဒနှင့် နက္ခတ္တဗေဒပညာရှင်များ ကသတ်မှတ်သည်။ စကြဝဠာ အတွင်း၌ ဂလက်ဆီခေါ် ကြယ်အစုကြီးပေါင်း ကုဋေတသောင်းခန့်ရှိသည်။ ဂလက်ဆီတခုတွင် ကြယ်ပေါင်းကုဋေတသောင်းခန့်ရှိသည်။ ကြယ်တလုံးတွင် နေကဲ့သို့ဂြိုဟ်များဖြင့် ပွဲစည်းထားသော အဖွဲ့အစည်းမျိုးရှိနိုင်သည်။ စကြဝဠာစာရင်းစုကို ပြုစုပေးခဲ့သူမှာ အင်္ဂလိပ်ရူပဗေဒပညာရှင် အယ်ဒင်တန်ဖြစ်၏။ ဤမျှကြီးမားသော အဖွဲ့အစည်းအတွင်း၌ ရွှမှတ်လေ့လာ၍ရသော ဒြပ်သားသည် တ ယူနစ်ထုထည်တွင် ကီလိုဂရမ်



''အိုင်စတိုင်း'' ၏ ဓာတ်လှေကား ဥပမာ။ ဝဲဘက်ဓာတ်လှေကားမှာ ရပ်နားထားသော အိုင်စတိုင်၏ ဓာတ်လှေကားဖြစ်ပြီး ယာဘက်ရှိ ဓာတ်လှေကားမှာမူ အရှိန်တခုဖြင့် အောက်မှ အထက်သို့ ရွှေ့လျားနေသည်။ ယင်းသို့ ရွှေ့လျားသောအခါတွင် အလင်းလမ်းကြောင်းမှာ ကောက်သွားကြောင်းကို ဓာတ်လှေကား ရှုမှတ်သူ သိရှိမည်ဖြစ်သည်။

ပေါင်းမှာ ဒဿမအနောက်၌ သုညပေါင်း ၂၅ လုံးပါဂဏန်း ဖြင့်ပြရမည်။ $(\sim 10^{-26}\ \mathrm{kg\ m^{-3}})$ရေ၏ သိပ်သည်း ခြင်းသည် ယူနစ်ထုထည်တွင် ကီလိုဂရမ် တထောင်ဖြစ်၏ $(10^{3}\ \mathrm{kg\ m^{-3}})$။ ၁၉၁၅ ခုနှစ်တွင် ၃၆ နှစ်အရွယ်ရှိ ဒေါက်တာ အိုင်စတိုင်းသည် ယေဘုယျရှိလေတီဗီတီကို ပြုစုလိုက်၏။ ယင်းသီအိုရီအရ ဒြပ်သားသည် ဂဲသြမေတြီကို မည်သို့သြဇာသက်ရောက်သည်ကို ဖော်ပြထားသည်။ စကြဝဠာအတွင်း၌ရှိသော ဒြပ်သားသို့မဟုတ် စွမ်းအင်စုစုပေါင်းသည် စကြဝဠာအရွယ်စား နှင့်စာလျှင် မပြောပလောက်ပေ။ စကြဝဠာတခုလုံး ထိန်းချုပ်ကွပ်ကဲထားသည်မှာ ဒြပ်ဆွဲအားဖြစ်၍ ဒြပ်ဆွဲအား၏ ဂဲသြမေတြီ (သခ်ၤာ) အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အိုင်စတိုင်းစဉ်းစားခဲ့သည်။

အလင်းအမြန်နည်းပါး ပျံသန်းနေသော ဒုံးပျံ၏အလျားတိုသွားပုံ၊ အချိန်နှေးသွားပုံ (အောက်ပုံ ၂ ပုံ)။ အထက်ပုံမှာ ဒုံးပျံစခန်းမှ ဒုံးယာဉ်၏ အလျားနှင့် ဒုံးယာဉ်ပေါ်ရှိ နာရီညွှန်ပြသော အချိန် ဖြစ်သည်။ ယင်းအခြေအနေတွင် ပျံသန်းနေသော ဒုံးပျံပေါ်ရှိ နာရီမှာ ၆ နာရီမထိုးမီ ၂၅ မိနစ် ခန့်ကို ညွှန်ပြနေသည်။ (အောက်ပုံ)။



လေးဘက်တိုင်းဟင်းလင်းပြင်ခုံး

နယူတန်၏ ရွေးဦးရူပဗေဒ မပေါ်ခင်တွင် သဘာဝသည် အရှေ့၊ အနောက်၊ တောင်၊ မြောက်စသည့်နှစ်ဘက်တိုင်းဘက်ညီမှုရှိသည်ဟု ယူဆခဲ့သည်။ တနည်းဆိုလျှင် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ဦးတည်ဘက်တို့ကို ပြောင်းလဲ သတ် မှတ် စေကာမူ ပေါက် ရောက် သောခရီး၊ အရှည်ပမာဏမှာ ပြောင်းလဲမှုရှိမည်မဟုတ်ပေ။

ရှူတန်သည် ဒြပ်ဆွဲသီအိုရီတခုကို ပြုစုရာမှ အထက်–အောက် (ပန်းသီးနှင့် ကမ္ဘာ၏အနေအထားအရ ပန်းသီးကြွေသောအခါ အထက်မှအောက်သို့ကျသည်။) သဘာဝသည် အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့နှင့် ကွာဟမှုသဘောမပါ ထပ်တူထပ်မျှ ဘက်ညီသည်ဟုဆိုနိုင်၏။ နယူတန်၏ အမြင်အရသဘာဝတွက် သုံးဘက်တိုင်းဘက်ညီမှုရှိလေသည်။

အိုင်စတိုင်းသည် အချိန်သည်လည်းကောင်း၊ ဟင်းလင်းပြင်ကိုဩဒိနိတ်သုံးခု (အရှေ့–အနောက်၊ တောင်–မြောက်၊ အထက်–အောက်) တို့သည် လည်းကောင်း၊ တသီးတခြားစီ မရပ်တည်နိုင်ပဲ တစုတစည်းတည်း ရှိရမည်ဟူ၍ ဟင်းလင်းပြင် သုံးဘက်တိုင်း၊အချိန်တဘက်တိုင်းတို့ကို ပေါင်းစပ်ပြီး (၃ + ၁) ဘက်တိုင်း (၄ ဘက်တိုင်း) ဟင်းလင်းပြင်ဟု ခေါ် ထားပြီး ယင်းလေးဘက်တိုင်းတွင် အပြည့်အဝမဟုတ်သော်လည်း ဘက်ညီမှုရှိသည်ဟု ယူဆနိုင်သည်။ သီးသန့်ရီလေတီဗီတီအတွက် ဟင်းလင်းပြင်သည်ပြားသည်။ (အရှိန်ရွှေ့လျားမှုကို မစဉ်းစားသောကြောင့် ဖြစ်သည်။) နယူတန်၏ ဒြပ်ဆွဲသီအိုရီတွင် ပြန်လှန်သက်ရောက်မှု၏ အမြန်သည် အနန္တတန်ဖိုးဆောင်၍ သီးသန့်ရီလေတီဗီတီနှင့် ဆန့်ကျင်နေပေသည်။ သီးသန့်ရီလေတီဗီတီအရ ယင်းအမြန်သည် အလင်း၏အမြန်ပင် ဖြစ်ရမည်။

၁၉၁၅ ခုနှစ်တွင် ဒြပ်ဆွဲအားကို သီးသန့်ရီလေတီဗီတီနှင့် ကိုက်ညီစေရန် ယေဘုယျရှိလေတီဗီတီကို အိုင်စတိုင်း

အလင်းအမြန်နည်းပါးဖြင့် ပျံသန်းနေသောဒုံးပျံအတွင်းရှိ ပေတံနှင့် ဝတ္ထု (အလေး) တို့ အလျားတိုသွားပုံနှင့် ဒြပ်ထု ကြီးထွားပုံကို (အောက်ပုံ) ဖော်ပြထားသည်။ ဒုံးပျံစခန်းတွင် ကျန်ခဲ့သော ဒုံးပျံပေါ်ရှိ ပေတံနှင့် ဝတ္ထု (အလေး) တို့နှင့် နှိုင်းယှဉ်နိုင်ရန် အပေါ်ပုံတွင် ဖော်ပြထားသည်။



အင်္ဂလိပ်ရူပဗေဒပညာရှင် အယ်ဒင်တန်က ၁၉၁၉ ခုနှစ်တွင် နေကြစ်သည်ကို အခွင့်ကောင်းယူပြီး ရူမှတ်တိုင်းတာခဲ့ရာ လက်တွေ့ရလဒ်သည် အိုင်စတိုင်းတန်ဖိုးကို ထောက်ခံကြောင်းသိရှိရသည်။ အိုင်စတိုင်းသည် ခက်ခဲသည့်ပြဿနာများကို စိတ်ကူးယဉ်ဥပမာများဖြင့် ရှင်းပြတတ်လေသည်။ ရူမှတ်လေ့လာနေသူတဦးပါသောခေတ်လေ့ကားတခုကိုလေဟာပြင်ထဲသို့ ကမ္ဘာ့ဒြပ်ဆွဲရှိန်နှင့်တူသော ကိန်းသေအရှိန်တခုဖြင့် ကြိုးဖြင့်ဆွဲ၍ ရွေ့ရှားစေနိုင်သည်ဆိုကြပါစို့။ ထိုသူသည် ကမ္ဘာဒြပ်ဆွဲစက်ကွင်းထဲတွင် ရှိနေသည်ဟုပင် ခေတ်လေ့ကားအတွင်း စမ်းသပ်မှုမျှားမှ သိရပေမည်။ ကြိုးပြတ်သွားပြီးခေတ်လေ့ကားသည် လွတ်လပ်စွာကျဆင်းခဲ့ပါလျှင် ရူမှတ်သူနှင့် ပစ္စည်းကိရိယာများသည်လည်း လွတ်လပ်စွာကျဆင်းလေမည်ဖြစ်၍ ခေတ်လေ့ကား၏နံရံများဖြင့် မထိပဲ အလေးချိန်မဲ့နေမည်။

အလင်းလမ်းကြောင်းကောက်ခြင်းကိုလည်း အိုင်စတိုင်း၏ခေတ်လေ့ကားဖြင့်ရှင်းပြနိုင်၏။ခေတ်လေ့ကားအတွင်းသို့ အလင်းဝင်နိုင်ရန် အပေါက်ငယ်တခုရှိသည်ဆိုပါစို့။ ခေတ်လေ့ကားကို အာကာသအတွင်း ကိန်းသေအရှိန်ဖြင့် (ပြင်ပမှရူမှတ်သူအနေနှင့်) အထက်သို့ ရွေ့လျားစေရန် စီမံထားသည်။ ခေတ်လေ့ကားရပ်နေစဉ် အလင်းဝင်ပေါက်မှ ဝင်လာသော အလင်းတန်းသည် မျဉ်းဖြောင့်အတိုင်းသွား၍ တဘက်နံရံတွင် ကျရောက်သည်။ ခေတ်လေ့ကားကိန်းသေအရှိန်ဖြင့် ရွေ့ရှားသောအခါမူ အလင်းလမ်းကြောင်းသည် ကောက်သွားကြောင်း ပြင်ပမှရူမှတ်နေသူသိရှိရလေသည်။ ၁၉၇၇ ခုနှစ်မှစ၍ ၁၉၈၀ ပြည့်နှစ်အတွင်း ပြုဆောင်သော ရေဒီယိုနက္ခတ္တဗေဒသုတေသနမှ သိရသည်မှာ အလင်းလမ်းကြောင်းကောက်ခြင်းသည် အကြွင်းမဲ့ မှန်ကန်သလောက်ပင်ဖြစ်နေပေသည်။ သီအိုရီအရ ၁ ဒသမ ၇၅ စက္ကန့်ဖြစ်ရမည်ဟု ဆိုထားသည်။ လက်တွေ့တန်ဖိုးမှာ ၁ ဒသမ ၇၆ စက္ကန့်ဖြစ်၏။

ဂြိုဟ်ကိုးလုံး၏ပတ်လမ်းများနှင့် ယေဘုယျရီလေတီဗီတီ

ဗုဒ္ဓဟူးဂြိုဟ်၏ ပတ်လမ်းပြင်ညီသည် နေ၏ ဒြပ်ဆွဲစက်ကွင်း၏သြဇာသက်ရောက်မှုကြောင့် ၁၀ နှစ်တွင် ၄ ဒသမ ၃ စက္ကန့်မျှ ပြောင်းလဲရွေ့လျားကြောင်းကို အိုင်စတိုင်းသီအိုရီက ရှင်းပြနိုင်ခဲ့၏။ အနှစ်တရာတွင် ၄၃ စက္ကန့်မျှ ပြောင်းလည်းပြီး ရွေ့ရှားခဲ့သော ယင်းဂြိုဟ်၏ပြဿနာကို နယူတန်၏သီအိုရီအရ ဖြေရှင်းပေးနိုင်မှု လုံးဝမရှိခဲ့ပေ။ အိုင်စတိုင်း၏ ၁၉၁၆ ခုနှစ် စာတမ်းတွင်ပင် ယင်းပြဿနာ၏အဖြေကို ပေးခဲ့နိုင်၏။ ဗုဒ္ဓဟူးဂြိုဟ်၏ ပတ်လမ်း ယင်းသို့တိမ်းစောင်းရသည်ကို ရီလေတီဗီတီမပေါ်ခင် "ဗား လ ကင်" ခေါ် ဂြိုဟ်တလုံးကြောင့်ဟူ၍ အဆိုပြုခဲ့ကြသည်။

ထုတ်ဖော်ခဲ့သည်။ သခင်္ဂျာနည်းအရ ဆင်ခြင်ရလျှင် အိုင်စတိုင်းသည် လေးဘက်တိုင်းဟင်းလင်းပြင်ခုံး သီအိုရီတခုကို ပြုစုခဲ့သည်။ ဒြပ်သားကြောင့် ဟင်းလင်းပြင်ခုံးရသည်ဟု ဆိုနိုင်သည်။ (မျက်နှာပြင်ပြားတခုပေါ်တွင် ဆွဲထားသော တရိုဂ်၏ထောင့်များကို ပေါင်းသော တရာရှစ်ဆယ်ဒီဂရီရမည်ဖြစ်သော်လည်း ခုံးရှိနေသော မျက်နှာပြင်ဥပမာစက်လုံးမျက်နှာပြင် – ပေါ် ၌ ဆွဲထားသော တရိုဂ်၏ထောင့်သုံးခုပေါင်းသော် ၁၈၀ ကျော်မည်ဖြစ်သည်။)

အလင်းလမ်းကြောင်းကောက်ခြင်းနှင့် ခေတ်လေ့ကား

နယူတန်၏ ဒြပ်ဆွဲသီအိုရီကို ညီမျှခြင်းတခုတည်းဖြင့် ဖော်ပြရသော်လည်း အိုင်စတိုင်း၏ သီအိုရီတွင် ညီမျှခြင်း



ဒြပ်ဆွဲအားကြောင့် အလင်းလမ်းကြောင်း ကောက်သွားပုံ။

ဆယ်ခုဖြင့် ဖော်ပြရသည်။ ရူပဗေဒ ရူထောင့်သက်သက်မှ ညီမျှခြင်း ခြောက်ခုသာလိုအပ်သည်။အလင်းလိုင်းကိုဖိုတွန် (အလင်းအမှုန်၊အလင်းကွမ်တမ် စွမ်းအင်ထုပ်)အဖြစ်လည်း စဉ်းစားနိုင်၏။ အလင်းဖိုတွန်သည် နားနေဒြပ်ထုမရှိသော်လည်း စွမ်းအင်ရှိ၍ အိုင်စတိုင်းက 'ဒြပ်ထု' ရှိသည့် သဘောဆောင်ကြောင်း ယူဆထားသည်။ (ဒြပ်ထု = စွမ်းအင် / (အလင်းအမြန်)^2)။ "ဒြပ်ထု" ရှိ၍ အလင်းဖိုတွန်သည် နေ၏မျက်နှာပြင်အနားမှ ဖြတ်သွားသော် လမ်းကြောင်းသည် ကောက်သွား၏။ကောက်သွားခြင်းကို သွေထောင့်ဖြင့်ဖော်ပြရသော် အိုင်စတိုင်း၏ သီအိုရီအရ ၁ ဒသမ ၇၅ စက္ကန့်ဖြစ်ပြီး နယူတန်၏တန်ဖိုးသည် ယင်း၏ တဝက်မျှသာဖြစ်၏။ ယင်းတန်ဖိုးနှစ်ခုစလုံးကို ၁၉၁၁ ခုနှစ်နှင့် ၁၉၁၆ ခုနှစ်တွင် အိုင်စတိုင်းတွက်ပြခဲ့သည်။

သို့ရာတွင် လက်တွေ့အားဖြင့် ရှာဖွေခဲ့သောအခါ တွေ့ရှိခြင်းမရှိခဲ့၍ အခက်ကြုံခဲ့ကြရသည်။ ဗုဒ္ဓဟူးဂြိုဟ်သည် နေနှင့်အနီးဆုံးဖြစ်၍ ပတ်လမ်းပြင်ညီ၏ တိမ်းစောင်းမှုသည် အထင်ရှားဆုံး ဖြစ်သော်လည်း ကြာသပတေးဂြိုဟ်နှင့် ကမ္ဘာတို့၏ပတ်လမ်းပြင်ညီ တိမ်းစောင်းမှုမျှားကိုလည်း လက်တွေ့နှင့်သီအိုရီတန်ဖိုးမျှားနှိုင်းယှဉ်၍ မှန်ကန်ကြောင်း သိရှိရသည့်အပြင် ဂြိုဟ် ကိုးလုံးစလုံး ပတ်လမ်းပြင်ညီမျှား တိမ်းစောင်းမှုကို သီအိုရီအရ တွက်ချက်လေ့လာသောအခါ မျဉ်းဖြောင့်တခုဖြင့် သရုပ်ဖော်နိုင်ကြောင်း တွေ့ရှိရသည်။ တနည်းဆိုသော် ပထမဂြိုဟ်သုံးလုံးအတွက် သီအိုရီတန်ဖိုးမျှားသည် လက်တွေ့တန်ဖိုးမျှားနှင့် ကိုက်ညီပါလျှင် ကျန်ဂြိုဟ် ခြောက်လုံးအတွက်လည်း လက်တွေ့ တန်ဖိုးမျှားသည် သီအိုရီတန်ဖိုးမျှားနှင့် ကိုက်ညီရမည်ဟု ဟောကိန်းထုတ်ထားသည့်သဘော ဖြစ်၏။

ယေဘုယျရီလေတီဗီတီနှင့်အချိန်

နေမှ ထုတ်လွှတ်လိုက်သော ဖြာထွက်မှု၏ ရောင်စဉ်တခုကို ကမ္ဘာပေါ်တွင် ဖမ်းယူလေ့လာသောအခါ အနီဘက်သို့ရွေ့သွားကြောင်း တွေ့ရသည်။ လှိုင်းအလျှားသည် ရှည်သွား၍ အချိန်မှာလည်း နှေးသွားသည်။ ဒြပ်ဆွဲစက်ကွင်းကြောင့် အချိန်သည်နှေးသွားရသည်။ ၁၉၆၀ ပြည့်နှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ပေါင် (ဒ) နှင့် ရပ် (ဗ) ကာတို့ကမော (စ) ဗာဝါအကျိုးကိုသုံး၍ ဒြပ်ဆွဲစက်ကွင်းကြောင့် အချိန်နှေးသွားကြောင်းကို စမ်းသပ်ခန်းတွင် လက်တွေ့ ဖော်ထုတ်ခဲ့ပါသည်။

ယေဘုယျရီလေတီဗီတီအရ ဒြပ်ဆွဲအားပြင်းထန်လွန်းသော အမှတ်ထူးမေါ်အဖွဲ့အစည်းများကို လက်ခံထားသည်။ အခြို့သောပညာရှင်များက အမှတ်ထူးများသည် အချိန်နှင့် ဟင်းလင်းပြင်တို့ မရှိသောအဖွဲ့အစည်းများဟု ဆိုကြ၏။ အမှတ်ထူးများသည် ယခုလတ်တလောလက်ခံထားသော ရူပဗေဒနှင့် ရှင်းမပြနိုင်သေးဟူ၍လည်း ဆိုကြပြန်၏။ ဝတ္ထုတခု၏ အမှတ်ထူးတခုကို မရောက်ခင် "ဒြပ်ဆွဲချင်းဝက်" ကို ရင်ဆိုင်ရသည်။ ပုံမှန်အားဖြင့် ပြင်ပမှလာသောအလင်း "ဒြပ်ဆွဲချင်းဝက်" အတွင်း ဝင်နိုင်သည်။ ပြန်၍ကားမထွက်နိုင်၍ စွမ်းအင်နှင့် အမှုန်အားလုံးကို စုပ်ယူနိုင်မည်ဖြစ်သည်။ သတင်းပို့ရာ၌ လျှပ်စစ်သံလိုက်လှိုင်းကို အသုံးပြုသည်။ လျှပ်စစ်သံလိုက်လှိုင်းသည် အလင်းအလျှင်ဖြင့်ပင် ရွေ့လျှား၍ ဒြပ်ဆွဲချင်းဝက် အတွင်းသို့ ဝင်နိုင်သော်လည်း ပြန်လည်၍ထွက်မလာနိုင်၍ ဒြပ်ဆွဲချင်းဝက်အတွင်းရှိ ဖြစ်ရပ်များအကြောင်း စူးစမ်းဆင်ခြင်၍ ရမည်မဟုတ်ပေ။ အမှုန်တခုပေါ်တွင် ရှုမှတ်လေ့လာသူ တဦးလိုက်ပါသွားခဲ့ပါလျှင် တိကျသောအချိန်တာတခု အတွင်း၌ ဒြပ်ဆွဲချင်းဝက်အတွင်းသို့ ကျရောက်မည်ဖြစ်သည်ဟု လေ့လာသူယူဆလိမ့်မည်ဖြစ်၏။ ပြင်ပမှ လေ့လာနေသူ တဦးအတွက်မူ ဒြပ်ဆွဲချင်းဝက်ကို အမှုန်ကျော်လွန်ပြီးသွားသည်ကို တွေ့ရမည်မဟုတ်၍ ဒြပ်ဆွဲချင်းဝက်အတွင်း ရောက်ရှိရန် ချိန်တာသည် အနန္တတန်ဖိုးဆောင်ရမည်ဖြစ်၏။ ဒြပ်ဆွဲချင်းဝက်သည် အတွင်းရှိဒေသမျှားကို ကာဆီးထားသည့် သဘောဖြစ်၍ "ဖြစ်ရပ်လိုက်ကာ" ဟူ၍ ခေါ်တွင်သည်။ "ဖြစ်ရပ်လိုက်ကာ" အတွင်းရှိဒေသကို မည်သို့မျှစူးစမ်းနိုင်ဖွယ်မရှိပေ။ ဖြစ်ရပ်လိုက်ကာနှင့် အမှတ်ထူးအဖွဲ့အစည်းတို့ကို သတင်း "အမှောင်ကျ"ပြီး မြင်နိုင်ရန်လည်းမဖြစ်၍ တွင်းနက်ဟုခေါ်လေသည်။

နေ၏ဒြပ်ဆွဲချင်းဝက်မှာ သုံးကီလိုမီတာရှိပြီး စကြဝဠာ (အကြီးဆုံးသောအဖွဲ့အစည်း) ၏ ဒြပ်ဆွဲချင်းဝက်မှာ ကီလိုမီတာပေါင်း သုံးအနောက်တွင် သုညအလုံးပေါင်း ၂၂ လုံးပါ နံပါတ်တခုဖြင့် ဖော်ပြနိုင်၏။ နေ၏ရိုးရိုးချင်းဝက်သည် ကီလိုမီတာခုနစ်သိန်းခန့်ရှိပြီး စကြဝဠာ၏ ရိုးရိုးချင်းဝက်သည် ကီလိုမီတာပေါင်း တစ်အနောက်တွင် သုည ၂၂ လုံးပါ နံပါတ်ဖြင့်ဖော်ပြနိုင်၏။

၁၉၇၀ နှောင်းပိုင်းအထိ သိပ္ပံလောကမှ လက်ခံထားသော စကြဝဠာသည် သက်တမ်းအားဖြင့် နှစ်ပေါင်းကုဋေတထောင်ကျော်ကျော် ($\sim 10^{17}$ s) ဖြစ်ပြီး အခြေခံအမှုန်တခု၏ သက်တမ်းသည် ဒသမအနောက်တွင် သုည ပေါင်း ၂၂ လုံးရှိပြီးမှ ဂဏန်းတခုရှိသော ပုံစံ ($\sim 10^{-23}$ s) ဖြင့် ဖော်ပြနိုင်၏။ စကြဝဠာကို ထိန်းချုပ်ထားသည်မှာ အိုင်စတိုင်း၏ ယေဘုယျရီလေတီဗီတီဖြင့် ဖော်ပြရသော ဒြပ်ဆွဲအားဖြစ်ပြီး အခြေခံအမှုန်ကို ထိန်းချုပ်ထားသည်မှာ ကျူစီဒီခေါ်ဂလူယွန် (အရောင်ကွမ်တမ်) နှင့် ကွပ် (ခ) တို့၏ စက်ကွင်းသီအိုရီဖြစ်သည်။

ရူပဗေဒပညာရှင်များ ၁၉၇၀ ပြည့်နှစ်တွင် ပြိုင်ဆိုင်၍ အစွမ်းကုန် ကြိုးစားနေကြသည့် လုပ်ငန်းများတွင် ယင်းသီအိုရီ နှစ်ရပ်ကို တခုချင်းသုတေသနပြု၍ မှန်းမံသည့် အပိုင်းပါရှိသကဲ့သို့ ယင်းသီအိုရီ နှစ်ရပ်ကို ပေါင်းစပ်ရန်ကိုလည်း နည်းအမျိုးမျိုးဖြင့် အားထုတ်ကြလေသည်။

ကွမ်တမ်ရူပဗေဒနှင့် ဒြပ်ဆွဲရူပဗေဒ

ရူပဗေဒမတ္တာများတွင် အလင်း၏အမြှန် (စီ)၊ ပလန့်ကိန်းသေ (အိုက် ချ)၊ နှင့် ဒြပ်ဆွဲကိန်းသေ (ဂျီ) တို့ကို တိုင်းတာရာတွင် အက်တမ်ရူပဗေဒသို့မဟုတ် ကွမ်တမ်ရူပဗေဒ အသိသညာများပေါ်မှီ၍ ဆောက်လုပ်ထား

သော ရူပဗေဒစမ်းသပ်ခန်းသုံး ပစ္စည်းများဖြင့် တိုင်းတာကြ၏။ နက္ခတ္တဗေဒပညာရှင် ဟပ်ဘဲ (လ်) စသည် အက်တမ်ရောင်စဉ်တိုင်းကိရိယာဖြင့် ဟိုက်ဒရိဂျင်စသည့် ဒြပ်စဉ်များ၏ ရောင်စဉ်များကို ကြယ်စုကြီးများမှ လာသော ရောင်စဉ်များတွင် စီစစ်ရာမှ စကြဝဠာသည် ပြန့်ကားလျက်ရှိကြောင်း ၊ဂလက်ဆီခေါ် ကြယ်စုကြီးများသည် တခုနှင့်တခုဝေးရာမှ ဝေးသထက်ဝေးရာသို့ ပျံလွှင့်နေကြကြောင်း အထောက်အတားကို ၁၉၂၉ တွင် ရရှိခဲ့သည်။ ၁၉၇၄ ခုတွင် နိုဗဲဆုရခဲ့သော ရူပဗေဒပညာရှင် ဆာမာတင်ရှိုင်းနှင့် ဒေါက်တာ ဟယူးဝစ် (ရှ) တို့သည် ရေဒီယိုဖြာထွက်မှုများထုတ်လွှတ်သော ပင်ရင်းများကို လေ့လာရာမှ ပြင်းအားများသော ဖြာထွက်မှုပင်ရင်းအများစုသည် စကြဝဠာ၏အစွန်းဘက်များတွင်ရှိကြောင်း သိရှိကြရ၍ စကြဝဠာသည် မဟာပေါက်ကွဲမှုအစပြုပြီး ပျံလွှင့်လာခဲ့ကြောင်း အထောက်အထားကို ရရှိခဲ့ပြန်သည်။

တဖန် ၁၉၆၅ ခုနှစ်တွင် ရေဒီယိုရူပဗေဒပညာရှင် ပင်ဇီးရပ်စန့်ဉ ဝီလဆင်တို့သည် စကြဝဠာအစ မဟာပေါက်ကွဲမှုမှစတင် လွှင့်စဉ်လာသော အပူချိန် ၃ ကေရှ မိုက်ခရိုလှိုင်းများကို တွေ့ရှိရ၍ မဟာပေါက်ကွဲမှုဖြင့် စတင်၍ ပြန့်ကားခဲ့သော စကြဝဠာသည် အထောက်အထားအားဖြင့် ခိုင်လုံ၍ ရှိနေသည်။ တဖန် ၁၉၇၉ – ၈၀ ပြည့်နှစ် အိုင်စတိုင်းလေ့လာရေးစမ်းသပ်မှု ဂြိုဟ်တု၏ အိပ် စ ရေးရောင်ခြည်တိုင်းတာမှုများအရ စကြဝဠာသည် ဆက်လက်၍ ပြန့်ကားလျက်ပင် ရှိမည်ဟု ယူဆရသည်။

၁၉၈၀ ပြည့်နှစ်ကို အင်နှင့်ရိန်း စ တို့၏ စမ်းသပ်ချက်အရ အပျော့စား ပြန်လှန် သက်ရောက်မှုတွင် အချက်အချာအမှုန်တခုဖြစ်သော နယူထရိနိုအမှုန်သည် ဒြပ်ထုရှိနိုင်ကြောင်း အထောက်အထားရရှိခဲ့လေသည်။ နယူထရိနို၏ ဒြပ်ထုသည် စကြဝဠာ၏ ပုံစံကို ပြောင်းလဲစေနိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ အကြောင်းမူကား စကြဝဠာအတွင်း နယူထရိနိုအလုံးရေပေါင်းသည် တစ်အနောက်တွင် သုည ၉၀ လုံးရေခန့်ရှိ ဂရန်း ($\sim 10^{90}$) ဖြင့် ဖော်ပြရမည်ဖြစ်၏။ သို့ရာတွင် နယူထရိနို၏ ဒြပ်ထုသည် သတ်မှတ်ထားသော ပမာဏ အထက်တွင်ရှိမှသာလျှင် ပြန့်ကားနေသော စကြဝဠာကို တန့်ရပ်စေပြီး ပြန်လည်ကျုံ့ဝင်စေနိုင်မည် ဖြစ်လေသည်။

နယူထရိနိုဒြပ်ထု အတိအကျရှိသည်ကို အတည်ပြုလက်ခံနိုင်ရန် အချက်အလက်များ မပြည့်စုံသေးပေ။ ဒြပ်ဆွဲအားဖြင့်သာ ထိန်းချုပ်ထားသော စကြဝဠာအကြောင်း လေ့လာရာတွင် အက်တမ်ရူပဗေဒနှင့် ရေဒီယိုရူပဗေဒအသိသညာများပေါ် အခြေခံထားသော ပစ္စည်းများဖြင့် တိုင်းတာမှတ်လေ့လာရသည်။ သို့သော် ဒြပ်ဆွဲရူပဗေဒနှင့် အက်တမ်သို့မဟုတ် ကွမ်တမ်ရူပဗေဒတို့သည် သီအိုရီအရ တသီးတခြားစီသာ ရပ်တည်နေကြသေးသည်။

သို့ရာတွင် ကွမ်တမ်ရူပဗေဒနယ်ပယ်တွင် ဒြပ်ဆွဲရူပဗေဒကို လျစ်လျူရှုနိုင်ခြင်း မပြုနိုင်ကြောင်းကို ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်း နယူထရွန်လိုင်းတွေ့ခြင်း လက်တွေ့မှ ဖော်ပြနိုင်ခဲ့ပြီဖြစ်၏။

တဖန် ၁၉၇၉ ခုနှစ် နိုဗဲဆုရှင် ဝိုင်းဗတ်၏တွက်ချက်မှုမှ သိရသည်မှာ ကွမ်တမ်သီအိုရီသုံးမှ စမ်းသပ်ခန်း၌ ဒြပ်ဆွဲဖြာထွက်မှုကို လေ့လာနိုင်မည် ဖြစ်သည်။ ရှေးဦးရူပဗေဒ (ယေဘုယျ ရီလေတီဗီတီ) တခုတည်းနှင့် မလုံလောက်တော့ပေ။ ကွမ်တမ်မက္ကင်းနစ်နှင့် ယေဘုယျရီလေတီဗီတီတို့ ပေါင်းစပ်ရမည့် အကြောင်းမှလည်း တွင်းနက်ရူပဗေဒမှ သွယ်ဝိုက်သောနည်းဖြင့် သိရှိရသည်။ တွင်းနက်ဖြာထွက်မှုသည် သီအိုရီအရ လက်ခံရမည်ဖြစ်ကြောင်း ၁၉၇၀ ပြည့်နှစ် လောက်တွင် သီအိုရီပညာရှင်အများစုက လက်ခံလာကြသည်။ တွင်းနက်ဖြာထွက်မှုတွင် ဖြစ်နိုင်စွမ်းသဘောကို ကွမ်တမ်မက္ကင်းနစ်ပုံစံအတိုင်း အသုံးပြုခဲ့သည်။ တွင်းနက်ကိုဖော်ထုတ်ပေးသော သီအိုရီသည် ယေဘုယျရီလေတီဗီတီဖြစ်သော်လည်း အခြေခံအခက်အခဲကို ရှင်းပေးနိုင်သည့် သီအိုရီသည် ကွမ်တမ်မက္ကင်းနစ်ပညာဖြစ်၏။ ယေဘုယျရီလေတီဗီတီမှ အိုင်စတိုင်းကိုယ်တိုင် ၁၉၁၈ ခုနှစ်လောက်တွင် ဟောကိန်းထုတ်ထားသည့် ဒြပ်ဆွဲ ဖြာထွက်မှုကိုလည်း ၁၉၇၉ ခုနှစ်တွင်ပါလစာစုံတွဲ၏ ပတ်လမ်းရွေ့လျားမှုမှ တွေ့ရှိထားပြီး ၁၉၈၀ ပြည့်နှစ်တွင် ခိုင်လုံကြောင်း ရူပဗေဒနှင့် နက္ခတ္တ ရူပဗေဒပညာရှင်တို့က တက်စစ် (စ) တက္ကသိုလ် ရူပဗေဒအစည်းအဝေးမှ လက်ခံခဲ့ကြပြီဖြစ်သည်။ ဖြာထွက်မှု၏ အဓိပ္ပာယ်ဖော်ချက်သည် ကွမ်တမ် စက်ကွင်းသီအိုရီတမျိုးသာဖြစ်ရမည်ဟူ၍လည်း ပညာရှင်အများစုက ထင်မြင်ကြပါသည်။

၁၉၃၇ ခုနှစ်တွင် ရူပဗေဒပညာရှင် ဒီရက်သည် မဲ (ခ) ၏နိယာမကို အသုံးပြု၍ ကိန်းကြီးများသီအိုရီ သို့မဟုတ် LNH သီအိုရီကို ဖော်ထုတ်ခဲ့သည်။ မဲ (ခ) နိယာမက ဆိုသည်မှာ ဝတ္ထုတခု၏ အိနာရှားသည် စကြဝဠာအတွင်းရှိ ရှိသမျှဒြပ်ထုအားလုံး၏ ဒြပ်ဆွဲအားကြောင့် ဖြစ်ပေါ်ရမည်ဟူ၏။ ထို့ကြောင့် ဒီရက်က အသေးဆုံးအပွဲအစည်းတခု၏ အချိန်၊ အလျား၊ ဒြပ်ထုတို့သည် အကြီးဆုံးသော အပွဲအစည်း၏ ယင်းမတွာသုံးခုနှင့် ဆက်နွယ်မှုရှိရမည်ဟု အဆိုပြုခဲ့၏။ အခြေခံအမှုန်၏ အတိုင်းအတာ ($\sim 10^{-15}$ m) နှင့် စကြဝဠာ၏ အတိုင်းအတာ ($\sim 10^{25}$ m) ၏ အချိုးမှာ ကိန်းကြီးတလုံး ဖြစ်၏ ($\sim 10^{40}$)။ အခြေခံအမှုန်သက်တမ်း ($\sim 10^{-23}$ s)

နှင့် စကြဝဠာ၏သက်တမ်း ($\sim 10^{17}$ s) တို့၏ အချိုး မှာလည်း အလားတူ ($\sim 10^{40}$) ကိန်းကြီးတလုံး ဖြစ် ပြန်၏။ နယူကလီယွန်၏ ဒြပ်ထု ($\sim 10^{-27}$ kg) နှင့် စကြဝဠာ၏ ဒြပ်ထု ($\sim 10^{53}$ kg) တို့၏ အချိုးမှာ လည်း အထက်ပါကိန်းကြီးကို ၂ ထပ်ကိန်းပြုထားခြင်း ($\sim 10^{80}$) မျှသာဖြစ်၏။ ယင်းမှနေ၍ ဒြပ်ဆဲ့ကိန်းသေ (G) သည် စကြဝဠာ၏ သက်တမ်း၏ ပြောင်းပြန်အချိုး အတိုင်း ($\sim t^{-1}$) ပြောင်းလဲနေကြောင်း အထောက် အထားကိုရရှိသည်။ ပြောင်းလဲသည့် ပမာဏသည် သေး ငယ်လှ၏။ နှစ်ပေါင်းကုဋေတသောင်းတွင် ၇ ယူနစ်ပြောင်း မည်ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် အထောက်အထား အ တော်များများ ရထားပြီဖြစ်၍ ယေဘုယျရီလေတီဗီတီကို ကွမ်တမ်မက္ကင်းနစ်နှင့် ဆက်စပ်ပေးမှ ရှင်းပြနိုင်ကြောင်းကို တိကျစွာညွှန်ပြထားလေသည်။ကွမ်တမ်မက္ကင်းနစ်နှင့် ဆက် သွယ်မှုကို လမ်းညွှန်ပြသည်သာမကပဲ အခြေခံမတ္တာတခုဟု ယူဆနိုင်သော လျှပ်စစ်နှင့် ဒြပ်ထုတို့ ဆက်နွယ်မှုကိုလည်း ညွှန်ပြထားပြန်၏။ နယူကလီယွန် ၂ လုံးအကြားရှိ လျှပ် စစ်အားနှင့် ဒြပ်ဆဲ့အားတို့၏ အချိုးမှာလည်း ယင်းကိန်း ကြီး ($\sim 10^{40}$) ပင်ဖြစ်ပြန်သည်။ အမေရိကန်ပြည် နာ ဆာအဖွဲ့ရှိ ရူပဗေဒပညာရှင်ကနူတို့နှင့်အဖွဲ့သည် ကိန်းကြီး များသီအိုရီနှင့် စကြဝဠာဗေဒမှ အထောက်အထားများကို ကိုက်ညီကြည့်ရာ အောင်မြင်မှုအတော်အတန် ရရှိထား သည်။ စဉ်ပြိုင်လောက်ပင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရူပဗေဒဌာနမှ ယေဘုယျရီလေတီဗီတီ အုပ်စုတခုသည် တသီးတခြားအချို့ရလဒ်များကို ၁၉၇၉ ခုနှစ်တွင် ရရှိထား သည်။ ၁၉၇၇ မှ ၁၉၇၉ ခုနှစ်အတွင်း အိုင်စတိုင်းတချိန်က ပစ်ပယ်ခဲ့သော စကြဝဠာကိန်းသေ "လမ္ဗဒါ"၏ တန်ဖိုးကို စွမ်းအင်မြင့်ရူပဗေဒပိုင်းမှ သီအိုရီသုံး၍ တွက်ကြည့်ရာ ယေဘုယျရီလေတီဗီတီသုံး တန်ဖိုးနှင့်ကိုက်ညီနေကြောင်း စိတ်ဝင်စားဖွယ် တွေ့ရပြီဖြစ်သည်။ ယင်းသို့ကိုက်ညီစေရန် LNH သီအိုရီကို အသုံးပြုရလေသည်။ ယင်းသီအိုရီသည် ယေဘုယျသီအိုရီကို လုံးဝလက်ခံပြီး ပြန့်ကားစကြဝဠာပုံစံ၏အစတွင် မဟာပေါက်ကွဲမှု ရှိရမည်ဆိုသည့် အချက် အလက်တို့နှင့် လုံးဝကိုက်ညီကြောင်းလည်းတွေ့ရလေသည်။



အကျယ်အဝန်း။	။၁၁၁,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။၁,၉၅၀,၀၀၀ (၁၉၈၀)
မြို့တော်။	။အေဒင်မြို့

ယေမင်ပြည်သူ့သမ္မတနိုင်ငံ။ ။ယေမင်နိုင်ငံ(တောင် ယေမင်)သည် အာရေးဘီးယားကျွန်းဆွယ်တောင်ပိုင်းပင် လယ်နီအဝတွင်တည်ရှိပြီး အနောက်ဘက်၌ မြောက်ယေမင် နိုင်ငံ၊မြောက်ဘက်၌ ဆအူးဒီအာရေဗျနိုင်ငံ၊ အရှေ့ဘက်တွင် မတ်စကတ်နှင့် အိုမင်ပြည်နယ်၊ တောင်ဘက်တွင် အေဒင် ပင်လယ်ကွေ့ စသည်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသည်။

၁၉၇၉ ခုနှစ် ဖေဖွဝရီလ ၂၄ ရက်နေ့တွင် တောင် ယေမင်နှင့် မြောက်ယေမင် နှစ်နိုင်ငံနယ်စပ်တိုက်ပွဲဖြစ်ပွား ခဲ့သည်။ အာရပ်အဖွဲ့ချုပ်ကြီးမှ ဝင်ရောက် ဖျန်ဖြေပေးခဲ့ သော်လည်း ဆက်လက်တိုက်ခိုက်ခဲ့ကြသည်။ အမေရိကန် သမ္မတ ကာတာက မြောက်ယေမင်ဘက်မှ အကူအညီ ပိုမို ပေးမည့်အစီအစဉ်များ ပြုလုပ်ခဲ့သည်။ သုံး ပတ် ကြာပြီး နောက် မတ်လ ၁၆ ရက်နေ့တွင်မှ အပစ်အခတ် ရပ်စဲရန် သဘောတူညီခဲ့ကြသည်။ မေလ ၂ ရက်နေ့၌ ကျူးဗားနှင့် တောင်ယေမင်နိုင်ငံတို့ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင် ရွက်ရေး သဘောတူစာချုပ်တရပ်ကို တောင်ယေမင်နိုင်ငံ အေဒင်မြို့တွင် ချုပ်ဆိုခဲ့လေသည်။

တောင်ယေမင်နိုင်ငံသည် အီရတ်နိုင်ငံနှင့် ပြဿနာ ဖြစ် ပွားလျက်ရှိရာ ၁၉၇၉ ခုနှစ်လယ်ပိုင်းလောက်တွင် ပိုမို ပြင်း ထန်လာခဲ့သည်။ ဇွန်လ ၂ ရက်နေ့၌ တောင်ယေမင်နိုင်ငံ အေဒင်မြို့တော်တွင် နိုင်ငံရေးအရ လာရောက်ခိုလှုံနေသူ အီရတ်လူမျိုး ကထိက ဖရော်ဖက်ဆာ တို့ဖစ်ရပ်ဒီ အ သတ်ခံရမှုအပေါ် အခြေခံကာ ပိုမိုပြင်းထန်လာခြင်း ဖြစ် သည်။

ဩဂုတ်လ ပထမပတ်အတွင်း၌ တောင်ယေမင် အစိုးရ အဖွဲ့နှင့် ပါတီတွင်း အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။ ၁၁ ရက်နေ့တွင် ဝန်ကြီးအဖွဲ့ဝင်သစ်ခြောက်ဦး ခန့်အပ်ခဲ့ပြီး

ကက်ဘိနက်ဝန်ကြီးအဖွဲ့ကို ပြည်သူလွှတ်တော်ချုပ်၏ အထူး ဌာနအဖြစ် ကြေငြာခဲ့လေသည်။

၁၉၇၉ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့၌ မော်စကို မြို့တွင် တောင်ယေမင် ဆိုဗီယက် ပြည်ထောင်စု နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အနှစ် ၂၀ စာ ချုပ်ဘရပ်ကို ဆိုဗီယက်သမ္မတ ဗရက်ဇညက်နှင့် တောင် ယေမင် သမ္မတ အစ္စမေးတို့ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြ သည်။ ယင်းစာချုပ်အပြင် ဆိုဗီယက် ကွန်မြူနစ် ပါတီနှင့် ယေမင်ဆိုရှယ်လစ်ပါတီတို့သည် ၁၉၈၀–၈၃ ခုနှစ် ပဋိညာဉ် စာချုပ်ပါ အချက်များကို အကောင်အထည်ဖော်မည့် အစီ အစဉ်တရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။ နှစ်နိုင်ငံ

မီက ၎င်း၏ မာ့က်စ်ပြောက်ကျားများနှင့် အစိုးရတပ် တို့အကြား အောက်တိုဘာလ ၂၄ ရက်နေ့မှစတင်၍ အပြင်း အထန်တိုက်ပွဲဖြစ်ပွားခဲ့သည်။ အမျိုးသားဒီမိုကရက် တပ်ဦး အဖွဲ့ဝင်အများစုသည် မြောက်ယေမင်အစိုးရကို မလိုလား သူများဖြစ်ကြသည်။ ရှာမီသည် ၎င်းတို့၏ အရေးတော်ပုံ အတွက်အကူအညီတောင်းခံရန် ကူဝိတ်၊ ဆီးရီးယားနှင့် လက်ဗန္ဓန်နိုင်ငံများသို့ အလည်အပတ်သွားရောက်ခဲ့သည်။ ၎င်းက ယေမင်အစိုးရသည် မိမိတို့ကို အပြတ်အသတ် ချေမှုန်းရန် အကြီးအကျယ်တိုက်ခိုက်လျက်ရှိသည်ဟု စွပ်စွဲ ခဲ့လေသည်။



အကျယ်အဝန်း။	။၇၅,၂၇၀ စတုရန်းမိုင်
လူဦးရေ။	။၅,၉၄၀,၀၀၀ (၁၉၈၀)
မြို့တော်။	။ဆာနာမြို့

နှစ်နိုင်ငံ တပ်မတော်များ ပေါင်းစည်းညီညွတ်ရေး စသည်တို့ကို သဘောတူညီခဲ့သည်ဟုလည်း ဆက်လက် ဖော်ပြသည်။ သို့ရာတွင် မည်သည့်နေ့ရက်၌ စတင် အကောင်အထည်ဖော်မည်ကိုမူ အတိအကျကြေငြာခြင်း မပြုပေ။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်စက မြောက်ယေမင်နိုင်ငံ၏ ရုတ်တရက် အရောင်ပြောင်းမှုကို အရေးပါသလောက် အန္တရာယ်ကြီးမည့် အစီအစဉ်ဟု တင်စားခဲ့သည်။ လူဦးရေ ခြောက်သန်းရှိပြီး စစ်သား ၃၅,၀၀၀ ရှိသည့် မြောက်ယေမင်နိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၅ သန်းနှင့် စစ်သား ၂၀,၀၀၀ ရှိ တောင်ယေမင်နိုင်ငံနှင့် ပူးပေါင်းလိုက်ပါက လူဦးရေခြောက်သန်းနှင့် စစ်သား ၃၅,၀၀၀ ရှိ ဆော်ဒီအာရေဗျနိုင်ငံကို နှိုင်းယှဉ်နိုင်မည့် အင်အားဖြစ်လာပေမည်ဟု ဖော်ပြခဲ့သည်။

ဖေဖွဝါရီလ ၂၀ ရက်နေ့တွင် ဆော်ဒီအာရေဗျနိုင်ငံသည် ယေမင်အာရပ်သမ္မတနိုင်ငံသို့ အမေရိကန်လုပ်လက်နက်များတင်ပို့ရေး ကန်ထရိုက်စာချုပ်သစ် ချုပ်ဆိုရန် ငြင်းပယ်လိုက်ပြီး အခြားအရေးပါသည့်အကူအညီများကိုလည်း လျှော့ချဖြတ်တောက်ပစ်မည်ဟု ရာဇသံပေးခဲ့သည်။

ယေမင်၊ ဆော်ဒီအာရေဗျ ဆက်ဆံရေးတွင် ဆော်ဒီအာရေဗျမှ အကူအညီရရှိမှုအပြင် အခြားအဓိကအချက်တခုမှာ မြောက်ယေမင်နိုင်ငံသား တသန်းနီးပါးမျှ ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြခြင်း ဖြစ်သည်။ ၎င်းတို့သည် မိခင်မြောက်ယေမင်နိုင်ငံသို့ တနှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံမျှ ပြန်လည်ပေးပို့လျက်ရှိသည်။ ထို့ဝဲမှာ မြောက်ယေမင်နိုင်ငံ၏ နိုင်ငံခြားငွေ လဲလှယ်ရရှိရေးအတွက် အဓိကကဏ္ဍအဖြစ် ပါဝင်နေသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် သူ၏ရာဇသံ ပို့မိုလေးနက်စေသည့်သဘောဖြင့် အကူအညီပေးမည့်အစီအစဉ်များကို ခေတ္တရပ်ဆိုင်းခဲ့သည်။

အောက်တိုဘာလ ၁၅ ရက်နေ့၌ သမ္မတဆာလေသည် ကက်ဘိနက်ဝန်ကြီးအဖွဲ့သစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဝန်ကြီးချုပ် အဗ္ဗဒယ်အာဇစ်အဗ္ဗဒယ်ဂန်နီကို ဖယ်ရှား၍ အဗ္ဗဒယ်ကရင်အယ်အဇာနီအား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ် ခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ဂန်နီသည် ၁၉၇၄ ခုနှစ်မှစ၍ အစိုးရအဖွဲ့ကိုဦးဆောင်ခဲ့သူ ဖြစ်သည်။ ၎င်းအား ယခုအခါ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဗ္ဗဒယ်ကရင်အယ်အေရာရှစ်နှင့်အတူ သမ္မတအတိုင်ပင်ခံကောင်စီဝင်အဖြစ် ခန့်ထားသည်။ အစိုးရအဖွဲ့ဝင်ဦးရေကို ၁၉ ဦးမှ ၂၃ ဦးသို့ တိုးမြှင့်ခဲ့သည်။ ယင်း ၂၃ ဦးအနက် ၁၀ ဦးမှာ လူသစ်များဖြစ်ကြသည်။ ထိပ်တန်းအကျဆုံး ကက်ဘိနက်အဖွဲ့ဝင် ဝန်ကြီးခုနစ်ဦးမှာ ထုတ်ပယ်ခြင်းခံရပြီး အစိုးရအဖွဲ့သစ်၌ ပါဝင်ခြင်းမရှိတော့ပေ။ ၎င်းတို့မှာ ဘဏ္ဍာရေးဝန်ကြီး၊ပြည်ထဲရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ပြန်ကြားရေးဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ပညာရေးဝန်ကြီးတို့ ဖြစ်လေသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်။ ။ရခိုင် ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံး ပြည်နယ်ဖြစ်သည်။ အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှနိုင်ငံ၊ မြောက်ဘက်တွင် ချင်းပြည်နယ်၊ အရှေ့ဘက်တွင် မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရောဝတီတိုင်း၊ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ဘင်္ဂလားပင်လယ်အော်တို့က ဝန်းရံထားသည်။ ရမ်းပြဲကျွန်းနှင့် မာန်အောင်ကျွန်းတို့သည် ထင်ရှားသော ကျွန်းကြီးများဖြစ်ကြသည်။

ရခိုင်ပြည်နယ်သည် မြို့နယ်ပေါင်း ၁၇ မြို့နယ်၊ကျေးရွာအုပ်စုပေါင်း ၁,၀၄၁ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ မြို့နယ်များမှာ ဂွ၊ သံတွဲ၊ တောင်ကုတ်၊ အမ်း၊မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ဘူးသီးတောင်၊မောင်းတော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ စစ်တွေ၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းပြဲနှင့် မာန်အောင်တို့ဖြစ်ကြသည်။

ပြည်နယ်အတွင်း၌ ရခိုင်၊ ချင်း၊ ဒိုင်းနက်၊ မြို့၊ခမီ၊ သက်၊ မရမကြီး၊ ကမန်၊ လင်ကဲ၊ အန္နူး၊ ရှမ်းဒူး၊ ခေါင်စိုးနှင့် မြန်မာတိုင်းရင်းသားများ နေထိုင်ကြသည်။

ရခိုင်ပြည်နယ်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပြည်သူတို့ ကိုယ်စားပြုသည့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ၂၅ ဦး၊ပြည်နယ်အဆင့် ၇၃ ဦး၊ မြို့နယ်အဆင့် ၁,၄၂၆ ဦး နှင့်ရပ်ကွက်ကျေးရွာ အုပ်စုအဆင့် ၁၀,၇၅၉ ဦးရွေးချယ် တင်မြှောက်ခွင့်ရသည်။

ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာလုပ်ငန်းဖြစ်သည်၊ စပါး၊ မြေပဲ၊ ငရုတ်၊ ရာဘာ၊ပြောင်း၊ မတ်ပဲ၊ ဗိုလ်ကိတ်ပဲ၊ ပဲပုပ်၊ ကုလားပဲ စသည်တို့သည် အဓိကစိုက်ပျိုးသီးနှံများဖြစ်သည်။ ရခိုင်ပြည်နယ်တွင် လယ်ယာမြေ တိုးခဲ့၍ လုပ်ကိုင်ရေးနှင့်မြေလွှတ်မြေရိုင်းဖော်ထုတ်ရေးအတွက် ကာရီတာတမံဆည်ဖို့ခြင်း လုပ်ငန်းများကိုလည်း အဓိကထားဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်၏ သစ်တောကြိုးဝိုင်းများမှ ကရင်ဝါးနှင့် ကြိမ်များ ထုတ်ယူရရှိသည်။ ရခိုင်ပြည်နယ်တွင် သစ်တောကြိုးဝိုင်း ဧရိယာ ၅၂၅ ဒသမ ၃၈ စတုရန်းမိုင် ရှိပြီး ပင်ပျိုစိုက်ခင်းဧရိယာမှာ ၁၂၃,၅၀၉ ကေရှိသည်။

ပြည်နယ်အတွင်းဒေသဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်လျက်ရှိရာ ဆန်စက်၊ သစ်စက် လျှပ်စစ်ဓာတ်အားပေးစက် စသည့် ပြည်သူပိုင်စက်ရုံအလုပ်



အကျယ်အဝန်း။	။၁၅,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။၃,၉၀၀,၄၅၇
မြို့တော်။	။စစ်တွေမြို့

ရုံပေါင်း ၃၇ ရုံခန့်ရှိသည်။ပြည်နယ်အတွင်းစက်မှု လုပ်ငန်း ၆၀၃ မျိုးရှိပြီး အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းအဖြစ် ရေခဲလုပ်ငန်း၊ သကြားထုတ်လုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ဆပ်ပြာလုပ်ငန်း၊ ဆားလုပ်ငန်းနှင့် မီးခြစ် ထုတ်လုပ်ရေး လုပ်ငန်းများရှိသည်။

ထို့ပြင်ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်း၊ရေအား လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်း စသည်တို့ကိုလည်း လုပ်ကိုင်လျက်ရှိသည်။ စစ်တွေ၊ ကျောက်ဖြူ၊ သံတဲမြို့များတွင် ငါးဖမ်းစခန်း များဖွင့်လှစ်ထားရှိပြီး ပုလဲမွေးမြူရေးလုပ်ငန်းကိုလည်း စမ်းသပ်လုပ်ကိုင်ရန်စီစဉ်ထားသည်။

ရခိုင်ပြည်နယ်တောင်ကုတ်မြို့နယ်အတွင်းရှိ နေပူတောင်မှ အမျိုးအစား ကောင်းမွန်သော ကျောက်ပြား များရရှိနိုင်၍ ကျောက်ပြား ထုတ်လုပ်သော လုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်တွင် မြို့နယ် သမဝါယမ အသင်း ၁၇ သင်း၊ စက်မှုကုန်ထုတ်သမဝါယမအသင်း ၂၀၊ ကျေးရွာသမဝါယမအသင်း ၉၇၀၊ စားသုံးသူ သမဝါယမအသင်း ၁၁၇ သင်း ရှိသည့်အပြင် လယ်ယာကုန်ထုတ် သမဝါယမအသင်းများ၊ ငါးဖမ်း ကုန်ထုတ်သမဝါယမ အသင်းများ၊ တပ်တွင်း သမဝါယမအသင်းများ၊ ပြည်သူရဲတပ်ဖွဲ့ သမဝါယမအသင်းများနှင့် ငွေစုငွေချေး သမဝါယမ အသင်းများကိုလည်း တိုးခဲ့ဖွဲ့စည်းထားလျက်ရှိလေသည်။

ရခိုင်ပြည်နယ်တွင် မူလတန်းကျောင်း ၁,၃၃၉၊ အလယ်တန်းကျောင်း ၇၆၊ အထက်တန်းကျောင်း ၂၅ ကျောင်း အပြင် ဆရာအတတ်သင်ကျောင်း၊စိုက်ပျိုးရေး မွေးမြူရေး အထက်တန်းကျောင်း၊ အထက်တန်း ယက်ကန်းကျောင်း၊ စစ်တွေကောလိပ်နှင့် ဒေသကောလိပ် ကျောင်းတကျောင်းစီကိုလည်း တိုးခဲ့ဖွင့်လှစ်ထားရှိလေသည်။

ရခိုင်ပြည်နယ်၏ အဓိကလမ်းပန်း ဆက်သွယ်ရေးခရီးသည်ရေကြောင်းနှင့် လေကြောင်းဖြစ်သည်။ ကျောက်ဖြူမြို့ဆိပ်ကမ်းသည် ကမ္ဘာ့ရေကြောင်း ကုန်စည်တင်သင်္ဘောကြီးများဆိုက်ကပ်ကုန်ချရာ ဆိပ်ကမ်းမြို့ ဖြစ်လေသည်။

ရာဇျေး, မိုဟာမက်အလီ (ခရစ် ၁၉၃၃)။ ။အိရန်သမ္မတ ဗာနီဆာဒါက ဝန်ကြီးချုပ်အဖြစ် အမည်တင်သွင်းခဲ့သော မိုဟာမက်အလီ ရာဇျေးသည် ၁၉၈၀ ပြည့်နှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် အီရန် ပါလီမန် လွှတ်တော်က အယုံအကြည် ရှိကြောင်း ဆန္ဒမဲ ပေးလိုက်သဖြင့် အီရန် အစ္စလာမ်နိုင်ငံ၏ ဒုတိယမြောက် ဝန်ကြီးချုပ် ဖြစ်လာခဲ့



မိုဟာမက်အလီရာဂျေး

သည်။ ပါလီမန် လွှတ်တော်သို့ တက်ရောက်သည့် ကိုယ်စားလှယ် ၁၉၆ ဦး အနက် မစ္စတာ ရာဂျေးကို ထောက်ခံသူ ၁၅၁ ဦး၊ ကန့်ကွက်သူ ၂၄ ဦးနှင့် မဲမပေးသူ ၁၉ ဦး ရှိသည်။

ဝန်ကြီးချုပ်သစ် ရာဂျေးသည် အသက် ၄၇ နှစ်ရှိပြီး တီဟီရန်မြို့၏ အနောက်ဘက်ရှိ စာဗင်မြို့တွင် မွေးဖွားခဲ့သည်။ တီဟီရန်မြို့ရှိ ကောလိပ်ကျောင်း တခုတွင် သိပ္ပံဘာသာရပ်ကို ဆည်းပူးလေ့လာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်များတွင် တီဟီရန်မြို့တော်နှင့်ကာဗစ်မြို့များရှိ ကျောင်းများတွင် သခ်ၤာဘာသာကို သင်ကြားပေးခဲ့သည်။ ဤကာလများအတွင်း ရှားဘုရင် အစိုးရအား ဆန့်ကျင်လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဤသို့ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင်း အစိုးရက ထောင်ဒဏ် လေးနှစ် အပြစ်ပေးခဲ့သည်။ ၁၉၇၉ ခုနှစ် ဖေဖွဒရီလအတွင်း ရှားဘုရင်အစိုးရဖြုတ်ချခြင်းမခံမီ ရာဂျေးအား ထောင်မှလွှတ်ပေးခဲ့သည်။

ရှားဘုရင်အစိုးရ နန်းကျပြီးနောက် စက်တင်ဘာလအတွင်း တက်လာသော မက်ဒီဗဇာဂန်၏ ယာယီအစိုးရလက်ထက်တွင် ရာဂျေးအား ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ပါလီမန် လွှတ်တော်ကိုယ်စားလှယ် တဦးအဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။ အစ္စလာမ် ဘာသာရေး အခြေခံဝါဒီ တဦးဖြစ်ပြီး အမာခံ တဦးလည်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်ခဲ့စဉ်က မသင့်တော်သူများကို ဖယ်ရှားမှုပြုလုပ်ခဲ့ရာမှစ၍ ရာဂျေးကို ပြည်သူတို့ကသိရှိခဲ့သည်။ ပါလီမန်လွှတ်တော်တွင် ကိုယ်ပိုင် နိုင်ငံရေး

ရှိမေးနီယား ဆိုရှယ်လစ်သမ္မတနိုင်ငံ

လမ်းစဉ်ရှိပြီး ယင်းလမ်းစဉ်သည် သမ္မတ၏ လမ်းစဉ်လည်း မဟုတ်၊ ပါတီ၏ လမ်းစဉ်လည်း မဟုတ်ပဲ အစ္စလာမ်တော်လှန်ရေး လမ်းစဉ်သာ ဖြစ်သည်ဟု ယုံကြည်သူ ဖြစ်သည်။

သမ္မတဗာနီဆာဒါသည် ရာဂျေးအား ဝန်ကြီးချုပ် အဖြစ် မစဉ်းစားမီက ဒုတိယပြည်ထဲရေးဝန်ကြီး မူစတာဖာမီးဆလင်းအား ဝန်ကြီးချုပ် အမည်စာရင်း တင်သွင်းခဲ့သည်။ ပါလီမန်လွှတ်တော်က လက်မခံပဲ ပယ်ချခဲ့သောကြောင့် ရာဂျေးအား အမည်စာရင်း တင်သွင်းပြီး ရွေးချယ်ခန့်ထားခြင်း ဖြစ်သည်။

ရှိမေနီးယား ဆိုရှယ်လစ် သမ္မတနိုင်ငံ။ ။ရှိမေးနီးယား နိုင်ငံ၏ စီးပွားရေးသည် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်မတိုင်မီက စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တော လုပ်ငန်းနှင့် ရေနံလုပ်ငန်းများ၌ အခြေခံခဲ့သော်လည်း ယခုအချိန်တွင် စက်မှုလုပ်ငန်းများ ထွန်းကားလျက် ရှိပြီ ဖြစ်သည်။ ရှိမေးနီးယားနိုင်ငံသည် ၁၉၄၉ ခုနှစ်မှစ၍ ဆိုဗီယက်ပြည် ထောင်စုနှင့် အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများ စုပေါင်းဖွဲ့စည်းထားသော စီးပွားရေး အပြန်အလှန် ကူညီရေး ကောင်စီဝင် နိုင်ငံ ဖြစ်သည်။ ကုလသမဂ္ဂအဖွဲဝင် နိုင်ငံလည်း ဖြစ်သည်။

၁၉၈၀ ပြည့်နှစ် ဇန်ဝါရီလ ၃၀ ရက်နေ့တွင် ရှိမေးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး စတီဖင်အင်ဒရီသည် ဆိုဗီယက်နိုင်ငံ မော်စကိုမြို့သို့ သွားရောက်၍ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့လေသည်။

၁၉၈၀ ပြည့် ဖေဖွဒရီလ တရက်နေ့တွင် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး အင်ဒရေဂရိုမီကိုသည် ရှိမေးနီးယားနိုင်ငံသို့ မမျှော်လင့်ပဲ ရုတ်တရက် ချစ်ကြည်ရေးခရီး ရောက်လာပြီးနောက် ရှိမေးနီးယားသမ္မတ ချောင်ဆက်စကူးနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေး ကိစ္စများ၊ နိုင်ငံတကာ လက်ရှိနိုင်ငံရေးကိစ္စရပ်များကို သုံးသပ်ပြီး ဥရောပ အရှေ့အလယ်ပိုင်း၊ အရှေ့တောင်အာရှ ဒေသများမှ အခြေအနေများကို အမြင်ချင်းဖလှယ်ကြသည်။ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုနှင့် ရှိမေးနီးယားသမ္မတ ချောင်ဆက်စကူးတို့သည် နှစ်ရက်ကြာ တွေ့ဆုံ ဆွေးနွေးအပြီး ပူးတွဲကြေငြာချက် တစောင်ကို ထုတ်ပြန်ခဲ့သည်။

၁၉၈၀ ပြည့် ဖေဖွဒရီလ ၂၀ ရက်နေ့တွင် ဂျော်ဒန်ဘုရင် ဟူစိန်သည် ရှိမေးနီးယားသမ္မတ နီကိုလေ ချောင်

အကျယ်အဝန်း။	။	၉၁,၇၀၀ စတုရန်းမိုင်
လူဦးရေ။	။	၂၂,၃၀၀,၀၀၀ (၁၉၈၀)
မြို့တော်။	။	ဗူခါရက်မြို့

ဆက်စကူး၏ ဖိတ်ကြားချက်အရ ရိုမေးနီးယား နိုင်ငံ၌ တရားဝင် လည်ပတ်ရန် ဗူခါရက်မြို့သို့ ရောက်ရှိလာသည်။ နှစ်နိုင်ငံ ခေါင်းဆောင်များသည် အရှေ့အလယ်ပိုင်း အခြေအနေနှင့် နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံရေး တိုးတက်မှုများကို ဆွေးနွေးကြသည်။

၁၉၇၀ ပြည့် မတ်လ ဂ ရက်နေ့တွင် ပြင်သစ်နိုင်ငံ သမ္မတ ဂျစ်စကတ်ဒက်စတိုင်းသည် ရိုမေးနီးယားနိုင်ငံတွင် သုံးရက်ကြာမျှ တရားဝင် လည်ပတ်ရန် ဗူခါရက်မြို့သို့ ရောက်ရှိလာသည်။ ရိုမေးနီးယားသမ္မတ ချောင်ဆက်စကူးက လေယာဉ်ကွင်းမှ ကြိုဆိုနှုတ်ဆက်သည်။

ပြင်သစ်သမ္မတ ဂျစ်စကတ် ဒက်စတိုင်း သည် နှစ်နိုင်ငံ အကျိုးပြု ကုန်သွယ်ရေး စာချုပ်များကို ချုပ်ဆိုရန် ကတိပြုခဲ့ပြီး ၁၉၇၀ ပြည့် မတ်လ ၁၁ ရက်နေ့တွင် ဗူခါရက်မြို့မှ ပြန်လည် ထွက်ခွာသွားသည်။

၁၉၇၀ ပြည့်နှစ် မတ်လ ၃၀ ရက်နေ့တွင် ကျန်းမာရေးကြောင့် ရာထူးမှနုတ်ထွက်သွားသူ ဝန်ကြီးချုပ် မစွတာ မန်နီယာမန်နက်စကူး၏ နေရာတွင် မစွတာအိုင်လီဗာဒက်အား ဝန်ကြီးချုပ်အဖြစ် အမည်စာရင်း တင်သွင်းခြင်းကို ပါလီမန်က တညီတညွတ်တည်း သဘောတူလက်ခံ အတည်ပြုခဲ့လေသည်။

၁၉၇၀ ပြည့်နှစ် ဧပြီလ ဂ ရက်နေ့တွင် ရိုမေးနီးယားနိုင်ငံ သမ္မတ ချောင်ဆက်စကူးသည် ဂါဘွန်၊ အင်ဂိုလာနှင့် ဇမ္ဗီယာ အပါအဝင် အာဖရိက နိုင်ငံများသို့ ခရီးလှည့်လည်ရန် လစ်ဗျနိုင်ငံသို့ ရောက်ရှိသည်။

ဒေါ်လာသန်း ၁၀၀၀ ခန့် တန်ဖိုးရှိသော နျူးကလီးယား ဓာတ်ပေါင်းဖို လေးခု ဝယ်ယူရန် ကနေဒါနိုင်ငံနှင့် ရိုမေးနီးယားအစိုးရတို့ သဘောတူ စာချုပ်တရပ်ကို ၁၉၇၀ ပြည့်နှစ် မေလ ၁ ရက်နေ့တွင် လက်မှတ်ရေးထိုးကြသည်။ ကနေဒါနိုင်ငံမှ ကွန်မြူနစ်နိုင်ငံများသို့ ပထမဆုံးအကြိမ် အဖြစ် အရောင်းအဝယ် ပြုလုပ်ခြင်း ဖြစ်သည်။

၁၉၇၀ ပြည့် ဇွန်လ ၁၉ ရက်နေ့တွင် အိန္ဒိယပြည် နယူးဒေလီမြို့သို့ ရိုမေးနီးယားနိုင်ငံ စက်မှုဝန်ကြီး မစွတာ လုံအက်ရမ် ရောက်ရှိလာပြီး အိန္ဒိယနိုင်ငံ ကုန်သွယ်ရေးနှင့်သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီးမစွတာ ပဏာဇီမူခါဂျီနှင့် တွေ့ဆုံကာ အိန္ဒိယနိုင်ငံ၏ စက်မှုစီမံကိန်း အများအပြားတွင် ရိုမေးနီးယား နိုင်ငံမှ အကူအညီပေးရန် စကား ကမ်းလှမ်းပြောဆိုဆွေးနွေးသည်။ ဝန်ကြီးနှစ်ဦးသည် နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေး ကိစ္စရပ်များနှင့် ပတ်လက်၍အပြန်အလှန်အပြေအလည် ဆက်ဆံနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။ ရိုမေးနီးယားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ သံနှင့်သံသတ္တုပစ္စည်းများ ဒုတိယအများဆုံး ဝယ်ယူသော နိုင်ငံဖြစ်သည်။ ရိုမေးနီးယားနိုင်ငံသို့ အိန္ဒိယမှ တင်သွင်း



သောပစ္စည်းများ၏ ၇၀ ရာခိုင်နှုန်းသည် သံသတ္တုများဖြစ်သည်။ ရိုမေးနီးယား ဝန်ကြီးသည် အိန္ဒိယ စီမံကိန်း ဝန်ကြီး၊ စက်မှုဝန်ကြီးတို့နှင့်လည်း တွေ့ဆုံပြီးနှစ်နိုင်ငံ စီးပွားကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး အလားအလာများကို ဆွေးနွေးကြလေသည်။

၁၉၇၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့တွင် ရိုမေးနီးယား သမ္မတ နီကိုလေ ချောင်ဆက်စကူးသည် ပြင်သစ်နိုင်ငံတွင် သုံးရက်ကြာ နေထိုင် လည်ပတ်ပြီးနောက် ပါရီမြို့မှ ရိုမေးနီးယားနိုင်ငံသို့ ပြန်လည် ရောက်ရှိလာသည်။

ရိုမေးနီးယား သမ္မတ ချောင်ဆက်စကူးသည် ၁၉၇၀ ပြည့်နှစ် ဩဂုတ်လ ၄ ရက်နေ့တွင်မော်စကိုမြို့သို့သွားရောက်ခဲ့၍ သမ္မတ ဗရက်ဇနက်နှင့် တွေ့ဆုံသည်။

ရိုမေးနီးယားနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော ဂျပန် လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ယိုရှိယိုဆာကုရအုချိသည် စက်တင်ဘာ ၂၀ ရက်နေ့တွင် သမ္မတ ချောင်ဆက်စကူးနှင့် တနာရီ ကြာမျှ တွေ့ဆုံပြီး နှစ်နိုင်ငံ ဆက်ဆံရေးကို ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးရာတွင် ဂျပန် ရိုမေးနီးယား ဆက်ဆံရေး ခိုင်မြဲမှု အရေးကြီးကြောင်း အလေးအနက် ဖော်ပြထားသည့် ဂျပန် ဝန်ကြီးချုပ် ဇင်ကိုဆူဇူကီး၏ စာကို သမ္မတ ချောင်ဆက်စကူး၏ လက်သို့ ပေးအပ်သည်။

၁၉၇၀ ပြည့်နှစ် အောက်တိုဘာ ၁၂ ရက်နေ့တွင် သမ္မတ ချောင်ဆက်စကူး သည် ဝါဆောစာချုပ်တပ်ဦးစီးချုပ်မှူး ဗိုလ်ချုပ်ကြီး ကူလီနောနှင့် ၎င်း၏ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဂရစ်ကောတို့အား လက်ခံ တွေ့ဆုံသည်။ ဆွေးနွေးချက် အကြောင်းရပ်ကိုမူ ထုတ်ဖော် ပြောဆိုခြင်းမပြုချေ။

အကျယ်အဝန်း။	။၃,၉၂၇ စတုရန်းမိုင်
လူဦးရေ။	။ ၃,၄၈၆,၃၃၈
မြို့တော်။	။ရန်ကုန်မြို့

ရန်ကုန်တိုင်း။ ။ရန်ကုန်တိုင်းသည် အနောက်ဘက်တွင် ရောဝတီတိုင်း၊ မြောက်ဘက်နှင့် အရှေ့ဘက်တွင် ပဲခူးတိုင်းတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက် တောင်ဘက်တွင် ကပွလီပင်လယ်ပြင်ကို အခြေပြုထားသည်။ မြို့နယ်ပေါင်း ၃၉၊ ရပ်ကွက်ကျေးရွာ အုပ်စု ၁ ၁၄၄ ဖြင့်ဖွဲ့စည်းထားသည်။ ပြည်သူလူတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊ တိုင်းပြည်သူကောင်စီဝင် ၁၉ ဦး၊ မြို့နယ်ပြည်သူ့ကောင်စီဝင် ၂,၅၅၈ ဦး၊ ရပ်ကွက်/ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီဝင် ၁၂,၂၈၆ ဦးတို့အား ရွေးချယ်တင်မြှောက်ခွင့်ရလေသည်။

ရန်ကုန်တိုင်းအတွင်း ပါဝင်သော မြို့နယ်များမှာ အင်းစိန်၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ သင်္ကန်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ပုဇွန်တောင်၊ဗိုလ်တထောင်၊ ဒဂုံ၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ဒေါပုံ၊ ဆိပ်ကြီး၊(ခနောင်တို)၊ဆိပ်ကမ်း၊ဒလ၊ ကိုကိုးကျွန်းသန့်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တုံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီးနှင့် ထန်းတပင်မြို့နယ်များဖြစ်သည်။

ရန်ကုန်တိုင်းသည် မိုးများသော မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိသဖြင့် တိုင်းအတွင်းရှိ စိုက်ပျိုးရေး မြို့နယ်များမှာ စပါးအထူး အထွက်တိုး လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

၁၉၇၉-၈၀ ပြည့်နှစ်တွင် ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးသည့် သီးနှံဧရိယာမှာ ကေ ၁ ဒသမ ၄၇ သန်းခန့်ဖြစ်သည်။

၁၉၈၀-၈၁ ခုနှစ်တွင် စိုက်ပျိုးခဲ့သည့် သီးနှံဧရိယာထက် ကေ ၁,၇၀၀ ခန့် တိုး၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။ ၁၉၇၉-၈၀ ပြည့်နှစ်အတွင်း ကောက်ပဲသီးနှံအလိုက် ရေသွင်း စိုက်ပျိုးသည့် မြေရိယာသည် ၂၂,၃၆၉ ကေဖြစ်ပြီး စပါးအတွက် ရေသွင်းစိုက်ပျိုးသည့် မြေရိယာ ကေ ၁၁,၅၄၆ ကေ၊ ဂုန်လျှော်အတွက် ရေသွင်း စိုက်ပျိုးသည့် မြေရိယာ ၃,၇၅၉ ကေ အသီးသီးပါဝင်ပေသည်။

အဓိက စိုက်ပျိုးသီးနှံများ၏ ထုတ်လုပ်နိုင်မှု အခြေအနေမှာ ၁၉၇၉-၈၀ ပြည့်နှစ်တွင် စပါးတင်း ၆၃၂ သိန်း၊ မြေပဲတင်း ၅၅စ်သိန်း၊ ဂုန်လျှော်တန်ချိန် ၂,၁၇၄၊ ပဲမျိုးစုံတန်ချိန် ၁,၀၄၆၊ ကြက်ပေါင်စေးတန်ချိန် ၃၇၃ နှင့် ကြံတန်ချိန် ၁၀,၂၉၇ အသီးသီး ထုတ်လုပ်ခဲ့လေသည်။ စပါးတင်းသိန်းပေါင်း ၃၂၇ သိန်းကို ဝယ်ယူရရှိခဲ့လေသည်။

တိရစ္ဆာန် မွေးမြူ ထုတ်လုပ်ရေးတွင် ပိုမိုအထောက်အကူပေးရေးအတွက် အင်းစိန်တွင် ကျပ်ငွေ ၂၀၅ သိန်းအကုန်အကျခံ၍ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးနှင့် ရောဂါရှာဖွေ စူးစမ်းရေးလုပ်ငန်း စီမံကိန်းကိုလည်း ကောင်း၊ ကျပ်ငွေ ၇၁၂ သိန်းအကုန်အကျခံ၍ ရန်ကုန်ဆယ်မိုင်တွင် ကြက်နှင့် ဝက် မွေးမြူရေး ဖွံ့ဖြိုးမှု စီမံကိန်းကိုလည်း ကောင်း အသီးသီး အကောင်အထည်ဖော်လျက် ရှိသည်။ ၁၉၈၁-၈၂ ခုနှစ်တွင် လုပ်ငန်းများ ပြီးစီးပါက တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးဝါးများနှင့် ကြက်၊ဝက်၊တိရစ္ဆာန်များနှစ်စဉ်တိုးတက် ထုတ်လုပ်ပေးနိုင်မည် ဖြစ်မည်။

၁၉၇၉-၈၀ ပြည့်နှစ်အတွင်း ရန်ကုန်တိုင်းတွင် ပစ္စည်းထုတ်လုပ်ပေးလျက်ရှိနေသည့် ပြည်သူပိုင် စက်ရုံ အလုပ်ရုံပေါင်းမှာ ၂၇၂ ရုံဖြစ်သည်။ ကုန်ပစ္စည်း ထုတ်လုပ်လျက်ရှိသောပြည်သူပိုင်စက်ရုံအလုပ်ရုံများမှာ ကုန်ပစ္စည်းထုတ်လုပ်မှုအခြေအနေမှာ ဆားတန်ချိန် ၁,၄၀၇၊ စီးကရက်လိပ်ရေ ၁,၄၉၁ သန်း၊ ဖဲထီးဒါဇင် ၁ ဒသမ ၀၅ သိန်း၊ မီးခြစ်ကာတွန်း ၀၀,၀၀၀၊ စက္ကူတန်ချိန် ၁၀၀၀၊ ဓာတ်ဆီဂါလန်၄၆၄ သိန်း၊ ရေနံဆီ ဂါလန်၂၀၅ သိန်း၊ ဒီဇယ်ဆီဂါလန်၀၇ သိန်း မီးထိုးဆီ ဂါလန်၄၆၁ သိန်း၊ ဖယောင်းတိုင် တန်ချိန် ၂,၅၀၀၊



ချည်ခင်တန်ခိုန် ၁၃,၄၇၂၊ ပေါ်ပလင်ကိုက်ရေ သိန်း ၃၀၊ ခြင်ထောင်ဇာ ကိုက်ရေ သိန်း ၂၀၊ စောင်ထည်ရေ ၆ ဒသမ ၅ သိန်း၊ ကျားလုံချည် ထည်ရေ လေးသိန်းနှင့် ဂုန်နီအိတ်လုံးရေ ၂၀၉ သိန်း၊ မီးသီးလုံးရေ ၂၃ သိန်း၊ ဓာတ်ခဲလုံးရေ သိန်း ၂၀၀ နှင့် အိမ်ရိုက်သံ တန်ခိုန် ၅,၅၀၀ အသီးသီးဖြစ်ကြသည်။

မြို့တော် ရန်ကုန် နယ်နိမိတ်အတွင်း သောက်သုံးရေ ရေပေးဝေမှုမှာ ဂျီးဖြူကန်မှ ရေဂါလန် ၁၆ သန်း၊ လှော်ကားကန်မှ ရေဂါလန် ၁၆ သန်း၊ အဝိစိတွင်းများမှ ရေဂါလန် ၁၆ သန်း အသီးသီးပေးဝေလျက်ရှိသည်။ ၁၉၇၀ ပြည့်နှစ် အတွင်း အဝိစိတွင်း ၁၃၉ တွင်းမှ နေ့စဉ် ရေဂါလန် ၁၆ သန်း ပေးနိုင်ခဲ့သည်။ ၁၉၇၃ ခု ဖူးကြီး ရေပေးရေး စီမံကိန်း ပြီးမြောက်ပါက ရေဂါလန် ၅၄ သန်းတိုးပေးနိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းသည် စီးပွားရေး အချက် အချာကျသော တိုင်းကြီးတတိုင်း ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်သည်။ မော်တော်ကား လမ်းများသာမက ပြည်တွင်းပြည်ပလေကြောင်းလမ်းများ၏အခြေအနေပါတိုးတက်လျက်ရှိသည်။ လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းသည် လက်ရှိ လေယာဉ်ပြေးလမ်းကို တိုးချဲ့ကာ နိုင်ငံတကာ အဆင့်မီ လေယာဉ်ပြေးလမ်းသစ်ကို တည်ဆောက်လျက်ရှိ၏။ ပြည်တွင်းလေဆိပ်မြို့နယ် ၅၂ မြို့နှင့် ပြည်ပနိုင်ငံများဖြစ်သည့် စင်္ကာပူ၊ ဟောင်ကောင်၊ ဒက္ကား၊ ကာလကတ္တား၊ ခတ္တမန္ဒူမြို့များသို့ တိုးချဲ့ပျံသန်းလျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်းတွင် နေထိုင်လျက်ရှိကြသော လုပ်သားပြည်သူတို့၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာသင်ကြားပေးခဲ့ရာ မူလတန်းကျောင်း၊အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများကိုပါ တိုးချဲ့ ဖွင့်လှစ် နိုင်ခဲ့သည်။ ထို့အပြင် အထက်တန်းပညာရေး အတွက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ပညာရေး တက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ တိရစ္ဆာန် မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ တက္ကသိုလ်နှင့် လုပ်သားများ ကောလိပ်၊ ဒေသ ကောလိပ် သုံးကျောင်းတို့ကို ဖွင့်လှစ်သင်ကြား နိုင်ခဲ့သည်။

ပြည်သူများ ကျန်းမာရေးတိုးတက်မှုအတွက် ဆေးရုံပေါင်း ၄၈ ရုံတွင် ဆရာဝန် ၁,၅၄၉ ဦးတို့က တာဝန်ယူကုသပေးလျက် ရှိလေသည်။

ရုပ်ရှင်ထူးချွန်ဆု (အမေရိကန်)

၁၉၈၀ ပြည့်နှစ်အတွက် ရုပ်ရှင်အနုပညာနှင့် သိပ္ပံအဖွဲ့က ချီးမြှင့်သောထူးချွန်ဆုများ

ရုပ်ရှင်ဇာတ်ကားအမည်	ထူးချွန်ဆုများ	ဆုရရှိသော အနုပညာရှင်များ
လူသာမညတို့ Ordinary People.	အမျိုးသားဇာတ်ဆောင်ဆု	ရောဘတ်ဒီနီရို
ကျောက်မီးသွေးတွင်း၏ သမီးပျို Coal Mine's Daughter.	အမျိုးသမီး ဇာတ်ဆောင်ဆု	စစ်ဆီစပါဆက်
လူသာမညတို့ Ordinary People.		ရောဘတ်ရက်ဖို
လူသာမညတို့ Ordinary People.	အမျိုးသားဇာတ်ရံဆု	တင်မိုသီဟတ္တန်
မယ်ဗင်နှင့်ဟောင်းဝယ် Melvin and Howard.	အမျိုးသမီးဇာတ်ရံဆု	မေရီစတီးဘာဂျင်
တက် (စ) Tess.	ဓာတ်ပုံဆု ဂျော်ဖရီအန်းစဝယ်နှင့်	ဟီကလိန်း ကလိုကေး
	ဂုဏ်ထူးဆောင်ဆု	ဟင်နရီဖွန်ဒါး

ရှမ်းပြည်နယ်။ ။ရှမ်းပြည် နယ် သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏အရှေ့အလယ်ပိုင်းတွင် တည်ရှိပြီး မြို့နယ်ပေါင်း ၅၂ မြို့နယ်၊ ကျေးရွာအုပ်စုပေါင်း ၁,၆၂၈ အုပ်စုဖြင့် ဖွဲ့စည်းထားသည်။ ပြည်သူလွှတ်တော်ကိုယ်စားလှယ် ၆၀ ဦး၊ ပြည်နယ်အဆင့် ကိုယ်စားလှယ် ၈၆ ဦးနှင့် မြို့နယ်အဆင့် ကိုယ်စားလှယ် ၃,၁၆၂ ဦး တို့ကို ရွေးကောက်တင်မြှောက်ထားသည်။ ရှမ်း,ပအို့ပ်၊ ပလောင်၊ ဓနု၊ဝ၊ လားဟူ၊ မူဆေး၊ စိုင်းသား၊ ကယမ်း၊ တောင်ရိုး၊ ကယား၊ လီရှော၊ ကိုးကန့်၊ ယင်းကြား၊ မြောင်ဇီး၊ ဆိုင်နေ၊ ထိုလွိုင်ကော်၊ အင်းသား၊ မောနှင့် မြန်မာစသောတိုင်းရင်းသား လူမျိုးစုံနေထိုင်လျက်ရှိသည်။ ရှမ်းပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ လေးပုံတပုံခန့် ကျယ်ဝန်းသဖြင့် အကြီးဆုံး ပြည်နယ်ဖြစ်သည်။ ပြည်နယ်မြို့တော်သည် တောင်ကြီးမြို့ ဖြစ်သည်။



ရှမ်းပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းသည် လယ်ယာလုပ်ငန်း ဖြစ်သည်။ စပါး၊ ဂျုံ၊ ငရုတ်၊ ဝါ၊ ကြံ၊ အာလူး၊ မြေပဲ၊ ပဲပုပ်၊ ပဲယင်း၊ ထောပတ်ပဲ၊ မတ်ပဲ၊ ကုလားပဲတို့ကို စိုက်ပျိုးကြသည်။ အေးမြသော ရာသီဥတုနှင့် လိုက်ဖက်သည့် လိမ္မော်၊ သစ်တော်၊ မက်မန်း၊ ပန်းသီး၊ စပျစ်သီးစသည့် ဥယျာဉ်ခြံ သစ်သီးဝလံများလည်း စိုက်ပျိုးသည်။ လက်ဖက်နှင့် ဗားဂျီးနီးယား ဆေးလုပ်ငန်းသည် ရှမ်းပြည်နယ်၏ထင်ရှားသော စီးပွားရေးလုပ်ငန်းဖြစ်သည်။ ရှမ်းပြည်နယ်တွင် သီးနှံမျိုးစုံ စိုက်ကေ ၁၉၇၈–၇၉ ခုနှစ်တွင် ကေ ၁၃ ဒသမ ၄ သိန်းအထိ တိုးချဲ့လာရာ သီးနှံစုံအထွက်နှုန်းမှာလည်း စိုက်ကေ တိုးလာသည်နှင့်အမျှ တိုးတက် ထွက်ရှိခဲ့လေသည်။ စပါးအထွက်တန်ချိန် ၄ ဒသမ ၇ သိန်း၊ ဂျုံတန်ချိန် ၂၂၅၊ မြေပဲ တန်ချိန် ၁ ဒသမ ၆ သောင်း၊ နှမ်းတန်ချိန် ၁,၃၅၂ အထိ တိုးတက်ထွက်ရှိခဲ့သည်။ ပဲမျိုးစုံနှင့် ဗားဂျီးနီးယားဆေး အထွက်တိုးခဲ့သည်ဖြစ်ရာ ပဲမျိုးစုံ ၈,၄၅၄ တန်အထိလည်းကောင်း၊ ဗားဂျီးနီးယားဆေး ၇၆၂ တန် အထိလည်းကောင်း၊ အသီးသီးအထွက်တိုးခဲ့သည်။ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဟဲဟိုးချိုင့်ဝှမ်း ဆည်မြောင်း၊ တန့် ယန်း ဆည်မြောင်း၊ နန်းကပ်ဆည်၊ နန်းခွပ်ဆည်၊ မိုင်းပါလျှိုဆည်၊ နန်းရန်ရေလွှဲဆည်၊ မိုင်းဆတ်ရေလွှဲဆည်၊ မိုင်းလွီရေလွှဲဆည်နှင့် မိုင်းလုံဆည်တို့မှ လယ်ယာကေပေါင်းနှစ်သောင်းကျော်ကို ရေများဖြန့်ဝေပေးလျက် ရှိသည်။ ဆည်ရေသွင်း စိုက်ပျိုးသည့် မြေဧရိယာမှာ ကေပေါင်းသုံးသိန်းခန့်အထိ တိုးတက်လာသည်။ ရှမ်းပြည်နယ် ဧရိယာ၏ သုံးပုံနှစ်ပုံကို တောင်တန်းကြီးများက နေရာယူထားသဖြင့် တောင်စောင်းများတွင် လှေကားထစ် စိုက်ပျိုးရေး နည်းစနစ်ဖြင့် စိုက်ပျိုးကြရသည်။ ရှမ်းပြည်နယ်အတွင်းတွင် ကျွန်းသစ်နှင့် သစ်မာများ တိုးတက်ထုတ်လုပ်ရေးအတွက် သစ်တောကြိုးဝိုင်းဧရိယာများကိုလည်း တိုးချဲ့သတ်မှတ်လျက် ရှိလေသည်။

ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းအတွက် နမ္မတူဘော်တွင်း၊ ရတနာသိုင်္ဂီ သတ္တုတွင်း၊ ဘော်ဆိုင်းသတ္တုတွင်းများကိုလည်း တိုးချဲ့လုပ်ကိုင်လျက် ရှိနေသည်။ ယင်းသတ္တုတွင်းများမှ ခဲ၊ သွပ်၊ ကြေးနီ၊ သံရိုင်း၊ ကျောက်မီးသွေး၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ခဲမဖြူနှင့် ကျောက်မျက်ရတနာများကို ထုတ်လုပ်ပေးနေလေသည်။

ရှမ်းပြည်နယ်အတွင်း ၁၉၇၅–၇၆ ခုနှစ်မှစ၍ ဘိန်းခင်းများကို နှစ်အလိုက် ဖျက်ဆီးခဲ့ရာ ၁၉၇၅–၇၆ ခုနှစ်တွင် ၈၂၂၀ ဒသမ ၃၅ ကေ၊ ၁၉၇၆–၇၇ ခုနှစ်တွင် ၇၇၂၇ ဒသမ ၁၈ ကေ၊ ၁၉၇၇–၇၈ ခုနှစ်တွင် ၁၀၅၇၀ ဒသမ ၅၄ ကေ၊ ၁၉၇၈–၇၉ ခုနှစ်တွင် ၃၈၀၁ ဒသမ ၇၈ ကေနှင့် ၁၉၇၉–၈၀ ပြည့်နှစ်တွင် ဘိန်းခင်း ၃၄၃၄ ဒသမ ၀၅ ကေကို

အကျယ်အဝန်း။	။၆၁,၀၉၁ စတုရန်းမိုင်
လူဦးရေ။	။၃,၂၄၃,၃၁၃
မြို့တော်။	။တောင်ကြီးမြို့

ဖျက်ဆီးနှိမ်နင်းခဲ့သည်။ ဖျက်ဆီးခဲ့သော ဘိန်းခင်းများ နေရာတွင် ဘိန်းအစားထိုး သီးနှံများဖြစ်သည့် စပါး၊ ပြောင်း၊ ပဲပုပ်၊ နေကြာ၊ အာလူး၊ ဟင်းသီးဟင်းရွက်၊ လက်ဖက်၊ ကော်ဖီ၊ သစ်တော၊ မက်မန်း၊ ထောပတ် စသည့် သီးနှံပင်များကို စိုက်ပျိုးစေခဲ့သည်။

ရှမ်းပြည်နယ်တွင် မူလတန်းကျောင်း ၁,၃၉၀၊ အလယ်တန်းကျောင်း ၁၁၀၊ အထက်တန်းကျောင်း ၄၄ ကျောင်း အပြင် ဆရာအတတ်သင်ကျောင်း၊ စက်မှုလက်မှသိပ္ပံ၊ စက်မှုလက်မှ အထက်တန်းကျောင်း၊ စိုက်ပျိုး မွေးမြူရေး အထက်တန်းကျောင်း၊ အထက်တန်း ယက်ကန်းကျောင်း၊ အခြေခံယက်ကန်းကျောင်းတို့ကိုလည်း ဖွင့်လှစ်ထားသည်။ တောင်ကြီး ကောလိပ်နှင့် တောင်ကြီး ဒေသကောလိပ် ကျောင်းတို့လည်း ရှိလေသည်။

လူငယ်စည်းရုံးရေး။ ။နိုင်ငံတော်သည် လူငယ်များကို လမ်းစဉ်လူငယ်၊ ရွှေဆောင်လူငယ်၊ တေဇလူငယ် စသည်ဖြင့် စည်းရုံးစုစည်း၍ လေ့ကျင့် ပြုစုပျိုးထောင် ပေးလျက် ရှိသည်။ ထိုသို့ လေ့ကျင့်ပြုစုပျိုးထောင်မှု အစုစုကို လူငယ်လှုပ်ရှားမှုမျိုးစုံဖြင့် အကောင်အထည် ဖော်ရာတွင် ၁၉၈၀ ပြည့်နှစ်သည် အရှိန်အဟုန် မြင့်မားတိုးတက်လာသော နှစ်တနှစ် ဖြစ်လေသည်။

လူငယ်လှုပ်ရှားမှုများတွင် အဓိကအခန်းမှ ပါဝင်သော နွေရာသီ အခြေစိုက် လူငယ် လုပ်အားပေး စခန်းများကို ၁၉၈၀ ပြည့်နှစ်တွင် စခန်း ၁၀ ခု ဖွင့်လှစ်ခဲ့သည်။ ငပြိ၊ မေနှင့် ဇွန်လများအတွင်း ဖွင့်လှစ်ခဲ့သော ထိုစခန်းများတွင် ပြည်နယ်နှင့် တိုင်းပေါင်းစုံမှတက္ကသိုလ်၊ ကောလိပ်၊ ဒေသကောလိပ်၊စက်မှုလက်မှသိပ္ပံနှင့် အခြေခံပညာအထက်တန်းအောင် ကျောင်းသားကျောင်းသူ လမ်းစဉ်လူငယ် စုစုပေါင်း ၁,၉၀၀ တို့သည် တလကြာမျှ လုပ်အားပေးခဲ့ကြသည်။ ရွှေတောင်ချည်မျှင်စက် တည်ဆောက်ရေး လုပ်အားပေးစခန်းတွင် လူငယ် ၂၀၀၊ ဖူးကြီးရေပေးရေး စီမံကိန်းလုပ်အားပေးစခန်းတွင် လူငယ် ၂၀၀၊ ခရမ်းချောင်း တူးဖော်ရေးလုပ်အားပေးစခန်းတွင် လူငယ် ၂၀၀၊ ရေနံသာ တူးမြောင်းတာဖို့ရေး လုပ်အားပေးစခန်း ၁ တွင် လူငယ် ၂၀၀၊မှော်ဘီစိုက်ပျိုးရေးခြံ လုပ်အားပေးစခန်းတွင် လူငယ် ၂၀၀၊ ရွာသာကြီး ငါးကန် တူးဖော်ရေးလုပ်အားပေး စခန်းတွင် လူငယ် ၂၀၀၊ ပြည်သူ့လွှတ်တော် တည်ဆောက်ရေး လုပ်အားပေး စခန်းတွင် လူငယ် ၂၀၀၊ ထုံးဘိုစက်မှုလုပ်ငန်း စီမံကိန်း လုပ်အားပေး စခန်းတွင် လူငယ် ၁၅၀၊ ဆင်တဲ စက်မှုလုပ်ငန်း စီမံကိန်း လုပ်အားပေး စခန်းတွင် လူငယ် ၁၅၀၊ ရေနံသာ တူးမြောင်းတာဖို့ရေးလုပ်အားပေးစခန်း ၂ တွင် လူငယ် ၂၀၀ တို့ ဖြစ်လေသည်။

အခြေခံပညာရေး အထက်တန်းအောင်မြင်ပြီး ဒေသကောလိပ်များနှင့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ပညာသင်ဌာနများသို့ မတက်ရောက်မီ လူငယ်များ အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်စေရေးအတွက် လုပ်အားပေးအစီအစဉ်များကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ ထိုအစီအစဉ်အရ ၁၉၈၀ ပြည့်နှစ်အတွင်း ရန်ကုန်တိုင်းမှ အခြေခံပညာရေးအထက်တန်းအောင် ကျောင်းသားလူငယ်ဦးရေ

အခြေစိုက် လူငယ်လုပ်အားပေးစခန်းဝင် လမ်းစဉ်လူငယ် လုပ်အားပေးတပ်ဖွဲ့ဝင်တစု



၁,၂၂၄ ဦးတို့သည် ဝန်ကြီးဌာန ၁၁ ခု လက်အောက်ရှိ စက်ရုံအလုပ်ရုံနှင့် ရုံးဌာနများ၌လည်းကောင်း၊ အခြားပြည်နယ်နှင့် တိုင်းများရှိ မြို့နယ်ပေါင်း ၁၂၂ မြို့နယ်မှ ကျောင်းသားလူငယ် ဦးရေ ၅,၅၆၃ ဦးတို့သည် စက်ရုံ၊ အလုပ်ရုံ၊ စာသင်ကျောင်းနှင့် ရုံးဌာနများ၌လည်းကောင်း ပါဝင်လုပ်အားပေးခဲ့ကြသည်။ ၁၉၇၀ ပြည့်နှစ်တွင် အခြေခံပညာရေး အထက်တန်း စာမေးပွဲ အောင်မြင်သော လုပ်အားပေးကျောင်းသား အရေအတွက်ထက် လုပ်အားပေးကျောင်းသားများကို လက်ခံလိုသော ဌာနဆိုင်ရာ အရေအတွက်က ပိုမိုများပြားခဲ့လေသည်။

၁၉၇၀ ပြည့်နှစ်တွင် လမ်းစဉ်လူငယ်များသည် မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားမှုတွင် တတပ်တအား ပါဝင်ခဲ့ကြသည်။ မိုးညှင်း၊ ဖရူးဆိုး၊ လှိုင်းဘွဲ့၊ တီးတိန်၊ အင်းတော်၊ ထားဝယ်၊ ကဝ၊ဖြူး၊ညောင်လေးပင်၊ ဘီးလင်း၊ ပေါက်၊ ငဖဲ၊ ဂန့်ဂေါ၊ သရက်၊ ကံမ၊ချောင်းဆုံ၊မုဒုံ၊ သထုံ၊ သံတွဲ၊ ညောင်ရွှေ၊ လှည်းကူး၊ ကြံခင်း၊ မအူပင်၊ ဝါးခယ်မ စသည့် ၁၉၇၀ ပြည့်နှစ် စာတတ်မြောက်ရေး လှုပ်ရှားမှုတိုးခဲ့၍ ၂၄ မြို့နယ်နှင့် ဟားခါး၊ နောင်ချို၊ ဒီမောဆိုး၊ ကောလင်း၊ အောင်လံ၊ ဒိုက်ဦးမြို့နယ်များသို့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ဆရာအတတ်သင် ကျောင်းများမှ ကျောင်းသားကျောင်းသူ ၄,၈၀၅ ဦးသွားရောက်၍ စာမတတ်သူများကို လုပ်အားပေး သင်ပြပေးကြလေသည်။

နိုင်ငံတဝန်းလုံးမှ လူငယ်အချင်းချင်း ချစ်ကြည်သွေးစည်းရေးနှင့် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးအတွက် ရည်ရွယ်၍ ၁၉၇၄ ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့သည့် စီမံကိန်းဝင် လူငယ်များ တွေ့ဆုံပွဲကိုလည်း သတ္တမအကြိမ်အဖြစ် ၁၉၈၀ ပြည့်နှစ် ဧပြီလအတွင်း ကျင်းပခဲ့သည်။

ထိုတွေ့ဆုံပွဲသို့ လမ်းစဉ်လူငယ် စည်းရုံးရေး ဗဟိုကော်မတီနှင့်ဗဟိုနိုင်ငံရေး တက္ကသိုလ်များကကြီးမှူးဖွင့်လှစ်သည့်

ဖူးကြီးရေလှောင်ကန် တည်ဆောက်ရေးစုခန်းတွင် လုပ်အားပေးနေကြသော လမ်းစဉ်လူငယ်များ



သင်တန်းများမှ လမ်းစဉ်လူငယ် သင်တန်းသားများ၊ ရန်ကုန်တိုင်းအတွင်းရှိ အခြေစိုက် လူငယ်လုပ်အားပေးစခန်းများမှ လုပ်အားပေး လူငယ်များ၊ လူရည်ချွန်များ၊ စံပြကြက်ခြေနီများ၊ စာတတ်မြောက်ရေးလုပ်အားပေး လူငယ်များ၊ လူငယ်ရေကြောင်းနှင့် လူငယ်လေကြောင်းတို့မှ သင်တန်းသားများ၊ ရန်ကုန် စည်ပင်သာယာနယ်မြေအတွင်းရှိ မြို့နယ်ကိုးခုမှ လမ်းစဉ်လူငယ်များ၊ ဒေသ အသီးသီးမှ လေ့လာရေး လာရောက်ကြသည့် လူငယ်များ စုစုပေါင်း ၅,၂၆၇ ဦး တက်ရောက်ခဲ့ကြလေသည်။

လမ်းစဉ်လူငယ်များသည် လေ့လာရေးခရီးများ ထွက်ကြရာတွင် ၁၉၇၀ ပြည့်နှစ်အတွင်း မြို့နယ်နှင့် တက္ကသိုလ်ကောလိပ်၊ သိပ္ပံလမ်းစဉ်လူငယ်စည်းရုံးရေး ကော်မတီပေါင်း ၁၁၉ ခုမှ လမ်းစဉ်လူငယ်ပေါင်း ၂၁,၁၂၄ ဦးတို့သည် ဒေသအနှံ့အပြားသို့ ခရီးထွက် လေ့လာခဲ့ကြလေသည်။

လူငယ် လှုပ်ရှားမှုများတွင် တခု အပါအဝင်ဖြစ်သော လေ့ကျင့်ပြုစုပျိုးထောင်ရေးအစီအစဉ်အရ ထိုနှစ်အတွင်း လမ်းစဉ်လူငယ်နည်းပြသင်တန်း၊ လမ်းစဉ်လူငယ် စီမံခန့်ခွဲမှုသင်တန်း၊ လမ်းစဉ်လူငယ်ခေါင်းဆောင် မွမ်းမံသင်တန်း၊ လမ်းစဉ်လူငယ် ခေါင်းဆောင်သင်တန်း၊ လမ်းစဉ်လူငယ် အဖဲ့ဝင်သင်တန်း၊ ရွှေဆောင်လူငယ်ခေါင်းဆောင်သင်တန်း၊ ရွှေဆောင်လူငယ် အဖဲ့ဝင်သင်တန်း၊ တေဇလူငယ်ခေါင်းဆောင်သင်တန်း၊ တေဇလူငယ် လေ့ကျင့်မှု အစီအစဉ်စသော နိုင်ငံရေး သဘောတရားရေးရာ သင်တန်းများတွင် လူငယ်အများအပြား တက်ရောက် သင်ယူခဲ့ကြလေသည်။

ထို့အတူလူမှုရေးနှင့် ဝါသနာပါရာ သင်တန်းများဖြစ်သော လူငယ်အခြေခံ ကျန်းမာရေးသင်တန်း၊ လူငယ် အခြေခံ မီးသတ်သင်တန်း၊ လူငယ် အိမ်တွင်းမှုသင်တန်း၊ လမ်းအန္တရာယ် ကာကွယ်ထိန်းသိမ်းရေး သင်တန်း၊ လူငယ် ဘင်ခရာအခြေခံ နည်းပြနှင့် မွမ်းမံသင်တန်းများ၊ လူငယ် လေကြောင်း အခြေခံသင်တန်း၊ လူငယ်လေကြောင်း စက်မဲ့လေယာဉ်သင်တန်း၊ လူငယ်ရေကြောင်းအခြေခံနှင့် နည်းပြသင်တန်းများ၊ လူငယ်စိုက်ပျိုး မွေးမြူရေးသင်တန်း၊ လူငယ်စက်မှုလက်မှုသင်တန်း၊ လူငယ်ပန်းချီ အခြေခံ သင်တန်း၊ လူငယ်အခြေခံစစ်ပညာသင်တန်း စသော သင်တန်းများကိုလည်း နိုင်ငံတဝန်းမှ လူငယ်ပေါင်းများစွာ တက်ရောက်ခဲ့ကြလေသည်။

လူရည်ချွန်စီမံကိန်း။ ။ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုဖြင့် လူရည်ချွန်စီမံကိန်း ဗဟိုကော်မတီကပ္ပစည်းလျက် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်မှစတင်၍အကောင်အထည်

ဖော်ခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် သက်တမ်းအားဖြင့် ၁၆ နှစ်ပြည့်မြောက်ခဲ့ပြီး အကြိမ်အားဖြင့် ၁၇ ကြိမ်တိုင်တိုင် ဖော်ဆောင်ခဲ့ပြီးဖြစ်လေသည်။

အနာဂတ်တွင် ထူးချွန်သော ဆိုရှယ်လစ် လုပ်သားကောင်းများပေါ်ထွန်းလာရေး၊ ကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်များ များပြားစွာ ပေါ်ထွန်းလာရေးကို ဦးတည်၍ လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ အခြေခံပညာတွင်လည်းကောင်း၊ ဒေသကောလိပ်နှင့် တက္ကသိုလ်များမှ လူရည်ချွန်ပေါင်း ၃၂၄ ဦးကို ရွေးချယ်ခဲ့သည်။ ယင်း လူရည်ချွန်များတွင် ကျောင်းသား ၁၇၀ နှင့် ကျောင်းသူ ၁၅၄ ဦး ပါဝင်သည်။

၁၉၇၀ ပြည့်နှစ်တွင် နှစ်ထပ်ကွမ်းလူရည်ချွန်များအဖြစ် ကျောင်းသား ၃၃ ဦးနှင့် ကျောင်းသူ ၂၆ ဦး၊ သုံးထပ်ကွမ်း လူရည်ချွန်များအဖြစ် ကျောင်းသား ၁၃ ဦးနှင့် ကျောင်းသူ ၁၄ ဦး၊ လေးထပ်ကွမ်း လူရည်ချွန်များအဖြစ် ကျောင်းသား လေးဦးနှင့် ကျောင်းသူခုနစ်ဦး၊ ငါးထပ်ကွမ်းနှင့် ခြောက်ထပ်ကွမ်း လူရည်ချွန်များအဖြစ် ကျောင်းသား တစ်ဦးစီနှင့်ကျောင်းသူတဦးစီတို့ ရွေးချယ်ခံရကြသည်။



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်ကာင်စီ အတွင်းရေးမှူး ဦးစန်းယုက လူရည်ချွန် မောင်မယ်များအား ဤသို့ ရင်းနှီးစွာတွေ့ဆုံခဲ့သည်။

တွင်လည်းကောင်း ပညာသာမက ဘက်စုံ ဖွံ့ဖြိုးတိုးတက်သူများ မွေးထုတ်ပေးနိုင်ရေးအတွက် အထောက်အပံ့ ဖြစ်လာစေရန် လူရည်ချွန်များကို ရွေးချယ် ဂုဏ်ပြုခြင်းပင် ဖြစ်သည်။

၁၉၇၀ ပြည့်နှစ် ၁၇ ကြိမ်မြောက် လူရည်ချွန်စီမံကိန်း အစီအစဉ်အရ ပညာရေးဝန်ကြီးဌာနဝန်ကြီးဇ်၊လူရည်ချွန်ဆု ရွေးချယ်ချီးမြှင့်ခြင်းခံရသည့် အခြေခံပညာ အလယ်တန်းမှ တက္ကသိုလ်အထိ၊ စစ်ကိုင်းရွာသစ်ကြီး တိုင်းရင်းသား လူမျိုးများ ပွဲ့ဖြိုးရေးသိပ္ပံ၊ ဆရာအတတ်သင်သိပ္ပံနှင့်ကျောင်းများ၊ စက်မှုလက်မှုသိပ္ပံ၊ စိုက်ပျိုးရေး သိပ္ပံ၊ စက်မှုလက်မှုအထက်တန်းကျောင်း၊ စိုက်ပျိုးရေး အထက်တန်းကျောင်း၊ ဒေသကောလိပ်များ စသည့်ကျောင်းများမှ လူရည်ချွန်ပေါင်း ၃၂၄ ဦးကို ရွေးချယ်ခဲ့သည်။ ယင်း လူရည်ချွန်များတွင် ကျောင်းသား ၁၇၀ နှင့် ကျောင်းသူ ၁၅၄ ဦး ပါဝင်သည်။

၁၉၇၀ ပြည့်နှစ်တွင် နှစ်ထပ်ကွမ်းလူရည်ချွန်များအဖြစ် ကျောင်းသား ၃၃ ဦးနှင့် ကျောင်းသူ ၂၆ ဦး၊ သုံးထပ်ကွမ်း လူရည်ချွန်များအဖြစ် ကျောင်းသား ၁၃ ဦးနှင့် ကျောင်းသူ ၁၄ ဦး၊ လေးထပ်ကွမ်း လူရည်ချွန်များအဖြစ် ကျောင်းသား လေးဦးနှင့် ကျောင်းသူခုနစ်ဦး၊ ငါးထပ်ကွမ်းနှင့် ခြောက်ထပ်ကွမ်း လူရည်ချွန်များအဖြစ် ကျောင်းသား တစ်ဦးစီနှင့်ကျောင်းသူတဦးစီတို့ ရွေးချယ်ခံရကြသည်။

လူရည်ချွန်များအတွက် ရန်ကုန်စုပေါင်းလူရည်ချွန်စခန်း၊ အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း၊ ငပလီရွေဝါချိုင်လူရည်ချွန်စခန်းနှင့် မောင်းမကန် လူရည်ချွန်စခန်းများ ဖွင့်လှစ်ထားသည်။ ရန်ကုန်စုပေါင်း လူရည်ချွန်စခန်းမှတဆင့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများ၊ တိုင်းရင်းသား လူမျိုးများ ပွဲ့ဖြိုးရေးသိပ္ပံ၊ စက်မှုလက်မှုအထက်တန်းကျောင်းနှင့် စိုက်ပျိုးရေးအထက်တန်းကျောင်းများမှ ရွေးချယ်ခံရသော လူရည်ချွန် ၁၅၃ ဦးတို့ကို ရှမ်းပြည်နယ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းသို့လည်းကောင်း၊ အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ကောလိပ်များမှ လူရည်ချွန် ၁၁၃ ဦးတို့ကို



ဆိုရှယ်လစ်လုပ်သားကောင်းများ ဖြစ်လာကြမည့် လူရည်ချန် မောင်မယ်များ

ရခိုင်ပြည်နယ် ငပလီရွှေဝါချိုင်လူရည်ချန်စခန်းသို့ လည်းကောင်း၊ သုံးကြိမ်နှင့်အထက် ရွေးချယ်ခံရသော လူရည်ချန် ၅၈ ဦးကို တနင်္သာရီတိုင်း မောင်းမကန်လူရည်ချန်စခန်းသို့လည်းကောင်း နွေရာသီ ကျောင်းပိတ်ရက်များအတွင်း အသီးသီးအပန်းဖြေနိုင်စေရန် နိုင်ငံတော်ကစနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့လေသည်။

လိုဆောင်ဇီ,ပါ(ခရစ် ၁၉၁၉)။ ။ဟန်ဂေရီ ပြည်သူ့သမ္မတနိုင်ငံတော် ဦးစီးနာယကအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ပါလိုဆောင်ဇီကို ၁၉၁၉ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဟန်ဂေရီနိုင်ငံ စိုမော်ဂီနယ်ဘော်ဟိုနယ်၌ မွေးဖွားသည်။

ပါလိုဆောင်ဇီသည် လယ်ယာ စိုက်ပျိုးရေး လုပ်သားတဦးအဖြစ် ငယ်ရွယ်စဉ်က အသက်မွေးဝမ်းကျောင်း ပြုခဲ့ရသည်။ ၁၉၄၅ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံ ကွန်မြူနစ်ပါတီသို့ အဖွဲ့ဝင်တဦးအဖြစ် ဝင်ရောက်ခဲ့လေသည်။

၁၉၄၈ ခုနှစ်တွင် ဘာ့ဒေသ၌ ကြယ်နီ သမဝါယမ လယ်ယာ လုပ်ငန်းကို တည်ထောင်ရာတွင် ဦးဆောင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် လွှတ်တော်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး ၁၉၆၀ပြည့် နှစ်မှ ၁၉၆၇ ခုနှစ်အထိ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့လေသည်။

၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ အမျိုးသား သမဝါယမ လယ်ယာကောင်စီ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ထိုမှတဖန် ၁၉၆၇ ခုနှစ်မှစတင်၍ နိုင်ငံတော်ဦးစီးနာယက အဖွဲ့ဥက္ကဋ္ဌ (နိုင်ငံတော် သမ္မတ) အဖြစ် လည်းကောင်း အသီးသီး တာဝန်များကို ဆောင်ရွက်ခဲ့လေသည်။

ပါလိုဆောင်ဇီသည် ဟန်ဂေရီဆိုရှယ်လစ် လုပ်သားပါတီ ဗဟိုကော်မတီ အဖွဲ့ဝင်နှင့် မျိုးချစ်တပ်ဦး အမျိုးသားကောင်စီ ဦးစီးသဘာပတိအဖွဲ့ဝင်လည်း ဖြစ်သည်။

ပါလိုဆောင်ဇီသည် ဆိုရှယ်လစ်လုပ်သား သူရဲကောင်း ဘွဲ့နှင့်ဟန်ဂေရီ ပြည်သူ့သမ္မတနိုင်ငံတော် ဘွဲ့တံဆိပ်များ အပ်နှင်းခြင်းခံရသူ ခေါင်းဆောင်တဦး ဖြစ်လေသည်။

လုမ္ဘိဏီဥယျာဉ်။ ။လုမ္ဘိဏီဥယျာဉ်သည် ယခုအခါ နီပေါနိုင်ငံ တရိုင်နယ် အနောက်ပိုင်း ဘဂဝံပူရ်မြို့၏ မြောက်ဘက်တွင် တည်ရှိသည်။ လုမ္ဘိဏီဟူသော အမည်ကို အိန္ဒိယတိုင်းသားတို့က ရုမ္မိန္ဒေဤဟူ၍ ယခုထက်တိုင် ခေါ်ဝေါ် လျက်ရှိကြသည်။လုမ္ဘိဏီ ဥယျာဉ်အရပ်သို့ သွားရောက်လိုသော် ခတ္တမန္ဒူမြို့မှ လေကြောင်းခရီးဖြင့် ဘိုင်ရာဝါဟမြို့သို့ သွားရောက်ပြီး ယင်းမှတဆင့် ကားဖြင့် သွားရသည်။ အိန္ဒိယနိုင်ငံမှတဆင့် ကုန်းကြောင်းခရီးဖြင့် သွားရောက်လိုသော် အနောက်မြောက် ဘင်္ဂလား ရထားလမ်းဖြင့် ဂေါရ်ခပူရ်မြို့သို့ သွားရောက်ပြီး၊ ထိုမှတဆင့် နောင်တန္ဒနဝ ဘူတာသို့ သွားရောက်ကာ ယင်းမှ ကားဖြင့် ဆက်သွားလျှင် ၁၀ မိုင်ခရီးမျှသာ ကွာဝေးလေသည်။

သမိုင်းနောက်ခံ

အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်း ယခုအခါ နီပေါနိုင်ငံ တည်ရှိရာ ဟိမဝန္တာတောင်ခြေအရပ်တွင် ရှေးပဝေသဏီမှစ၍ သကျသာကီနွယ်ဝင် မင်းသားတို့သည် ကပ္ပီလဝတ်မင်းနေပြည်တော်ကို တည်ထောင်နေထိုင်ခဲ့ကြကြောင်း သမိုင်းကြောင်းအရ သိရှိရသည်။ ဘီစီ ၆ ရာစုခန့်တွင် ထိုကပ္ပီလဝတ် နေပြည်တော်ဝယ် ဘုရင်သုဒ္ဓေါဒနမင်းကြီးသည် မင်းအဖြစ်ကို ခံယူတော်မူပြီး မဟာမာယာဒေဝီ မိဖုရားကြီးနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားခဲ့သည်။ ထို့နောက်များ မကြာမီ မိမိ၏ ဘခမည်းတော် တိုင်းပြည်ရှိရာသို့ ကြွမြန်းတော်မူလိုသော စိတ်ရှိ၍ ခွင့်ပန်ကာခရီးထွက်ခဲ့စဉ် ဤ လုမ္ဘိဏီသာမော အင်ကြင်းတောအရပ်၌ ဗုဒ္ဓလောင်းလျာသိဒ္ဓတ္ထကုမာရ မင်း သား ငယ် ကို ဖွား မြင် တော် မူခဲ့လေသည်။

ထို့ကြောင့်ပင်လျှင်ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက သန္ဓေယူလာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဘိဏီ၌၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည် နတ်လူအောင်မြို့လမ်းပါကိုဟူ၍ ခုနစ်နေ့ ခုနစ်ရက် ဘုရားရှိခိုး လက်ာတွင် ထည့်သွင်းစပ်ဆိုထားသည်ကို တွေ့ရှိရသည်။ ဗုဒ္ဓလောင်းလျာသိဒ္ဓတ္ထမင်းသားငယ် ဖွားမြင်

တော်မူရာ အရပ်ဖြစ်သော လုမ္မိဏီ ဥယျာဉ် နေရာသည် ဗုဒ္ဓဘာသာ နွယ်ဝင်သူတော်စင်တို့အဖို့ အလွန်လေးစားရာ၊ သတိသံဝေဂရယူရာ သံဝေဇနီယဌာနကြီးတခုဖြစ်လေသည်။

ဘုရားလောင်း ဖွားမြင်တော်မူခဲ့ရာ ထိုလုမ္မိဏီ ဥယျာဉ် နေရာကို နောင်လာ နောက်သားတို့ အမှတ်တရ ဖြစ်စိမ့်သောငှာ ဘီစီ ၃ ရာစုခန့်တွင် ပီယဒဿီမည်သော သီရိဓမ္မာသောကမင်းကြီးသည် ပြာဟ္မီအက္ခရာဖြင့် ရေးထိုးထားရှိသည့် မော်ကွန်းကျောက်စာတိုင်တဆူကို စိုက်ထူထားရှိခဲ့သည်။ ယင်းနေရာသို့ ခရစ်နှစ် ၅ ရာစုအတွင်း တရုတ်ဘုရားဖူးခရီးသည် ဖာဟီယန် ရောက်ရှိသောအခါတွင် စေတီပုထိုးတို့သည် သစ်ပင်ချုံနွယ်အတိဖြင့် ဖုံးလွှမ်းလျက်ရှိကြောင်း တောဆင်ရိုင်းတို့က ယင်းနေရာတဝိုက်တွင် ရှင်းလင်းကော်ရော် ပူဇော်နေကြသည်ကို တွေ့ရ၍ ထိုနေရာ၌ ရဟန်းဝတ်၍ တရားအားထုတ်ရန် ဆုံးဖြတ် ခဲ့ကြောင်း၊ ထို့နောက် ကျောင်းဆောင်တခု ဆောင်လုပ် ခဲ့ကြောင်း စသည်ဖြင့် မှတ်တမ်းတင် ထားရှိသည်ကို တွေ့ရလေသည်။

ထို့နောက် ခရစ်နှစ် ၇ ရာစုတွင် တရုတ်ဘုရားဖူး ခရီးသည် ဟီယူအန်ဆင် သည်လည်း ယင်းလုမ္မိဏီ ဥယျာဉ်အရပ် သို့ရောက်ရှိခဲ့ဖူးကြောင်း၊ ယင်းဒေသသည် နှစ်ပေါင်းများစွာ မြို့ပျက် ပြည်ပျက်နေရာ ဖြစ်ခဲ့ပြီး လူဦးရေအလွန်နည်းပါးလှကြောင်း၊ ယင်းဒေသရှိ စေတီတော်မြတ်သည် ဥဿဘတော်အမြင့်ပေ ၁၀၀ ခန့်ရှိကြောင်း၊ ထိုစေတီတော်မြတ်မှ မဝေးလှသောအရပ်တွင် သံဃာရာမဟူသော ကျောင်းတော်ကြီးရှိပြီး သံဃာတော်တို့သည်ပင် လုမ္မအဖွဲ့အစည်းကို ဦးဆောင်လျက် လိမ္မာယဉ်ကျေးမှုရှိအောင်ဟောပြောဆုံးမလျက်ရှိကြောင်း စသည်ဖြင့် ယင်း၏ ခရီးသွား မှတ်တမ်း၌ အကျယ်တဝင့် ရေးသားဖော်ပြထားခဲ့လေသည်။

လုမ္မိဏီရှိ အသောကကျောက်စာ

သီရိဓမ္မာ သောကမင်းကြီးသည် မူလကပြာဟ္မဏ ဘာသာ၌ သက်ဝင်ယုံကြည်ခဲ့ပြီး နောက်ပိုင်း၌ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခဲ့သူ ဖြစ်ပေသည်။ သို့ဖြစ်၍ ရတနာသုံးပါး၌ အကြွင်းမဲ့ ယုံကြည်သူပီသစွာ ဗုဒ္ဓဘုရား သခင် သဗ္ဗညုတ ဥာဏ်တော် ရရှိရာနေရာ ဗုဒ္ဓဂယာ၊ ဓမ္မစကြာတရား ဟောတော်မူရာ မိဂဒါဝုန်တော၊ တာဝတိံသာ နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်ရာ သင်္ကဿနဂိုရ် တံခါးဝနေရာ၊ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံရှိ မလ္လာမင်းတို့၏ အင်ကြင်းတောနှင့် ဖွားမြင်တော်မူရာ လုမ္မိဏီ ဥယျာဉ် နေရာ စသည်တို့၌အမှတ်တရ ဖြစ်စိမ့်သောငှာ အထိမ်းအမှတ် ကျောက်စာတိုင်များကို ပြာဟ္မီအက္ခရာဖြင့် ရေးထိုးစိုက်ထူ ထားရှိခဲ့သည်။ ကျောက်စာတိုင်များ၏ ထိပ်၌လည်း ဆင်ရုပ်၊ မြင်းရုပ်၊ နွားလားဥသဘရုပ်၊ ခြင်္သေ့ရုပ်များဖြင့် ထုလုပ်ကာ ကြာမျှော်ကြာလန် အဆင်တန်ဆာများ၊

လုမ္မိဏီဥယျာဉ်တွင်းရှိ အသောကကျောက်စာတိုင်၊ သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူရာ လုမ္မိဏီဥယျာဉ်နှင့်အထိမ်းအမှတ် ကျောက်စာတိုင်



ဓမ္မစည်ကြီး ရိုက်ဟည်းမြည်ကြွေးသံကို တန်ဆာဆင်သည့် အနေဖြင့် ဓမ္မစကြာကို သရုပ်ဖော်သည့် ပုံတောင်းလှည်း ဘီးသဏ္ဌာန် ပန်းတမော့ ကျောက်ဆစ် လက်ရာမျှားဖြင့် ခမ်းနားတင့်တယ်စွာ ထုလုပ်ထားလေသည်။

လုမ္မိဏီ ဥယျာဉ်အရပ်ရှိ အသောကမင်းကြီး စိုက်ထူထား ရှိခဲ့သော ကျောက်စာတိုင်သည် မြင်းရုပ်ပုံဖြင့် ထိပ်ပူးဌ် ထုလုပ်ထားရှိကြောင်း၊ နောက်ပိုင်းဌ် မိုးကြိုးခခဲ့၍ အစိတ် စိတ်အမြွှာမြွာ ပျက်စီးသွားခဲ့ရကြောင်း သိရှိရသည်။ ယင်း ကျောက်စာတိုင်ကို ခရစ်နှစ် ၁၈၉၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ ကမ္ပည်းကျောက်စာဝန် ဒေါက်တာဖူးရားဆိုသူက ပြန်လည် တွေ့ရှိခဲ့ကြောင်း ရှေးဟောင်း မှတ်တမ်းများအရ သိရှိရ လေသည်။

လုမ္မိဏီ ဥယျာဉ်အရပ်ရှိ အသောက ကျောက်စာတိုင် တွင် ဗြာဟ္မီအက္ခရာ၊ ပြာကြိုင့်ဘာသာဖြင့် အောက်ပါ အ တိုင်း ရေးထိုးထားသည်။

၁။ "ဒေဝါန ပိယေန ပိယဒဿိန လာဇိန ဝိသတိ ဝဿာ ဘိသိ တေန

၂။ အတန အာဂါစ မဟီယိတေ ဟိဒ ဗုဝေ ဇာတေ သက္ကမုနိ တိ

၃။ သိလာဝိဂဒ္ဓ ဘိ စာ ကာလာပိတ သိလာ ထဘောစ ဥသပါပိတေ

၄။ ဟိဒ ဘဂဝံ ဇာတေ တိ။ လုံမိနိဂါမေ ဥဗလိကေ ကရ္ဒေ

၅။ အဋ္ဌဘာဂိယေ စ။"

ယင်းပြာကြိုင့်ဘာသာကို မြန်မာဘာသာသို့ ပြန်ဆို သော် အောက်ပါအတိုင်းဖြစ်၏။

နတ်တို့ချစ်မြတ်နိုးသော ပိယဒသိမင်းကြီးသည် အဘိ သိက်ခံသည်မှ အနှစ်နှစ်ဆယ်မြောက်၌ သက္ကမုနိ ဗုဒ္ဓရှင် တော်ဘုရား ဖွားမြင်ရာ ဤအရပ်သို့ ကိုယ်တော်တိုင် ကြွလာ၍ ရှိခိုးပူဇော်တော်မူ၏။ ဤအရပ်၌ ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဘုရားရှင်ဖွားမြင်တော်မူသည် ဟူ၍ ကျောက်တံတိုင်းကန့်၍ ကျောက်တိုင်ကိုလည်း စိုက် ထူထား၏။ လုမ္မိဏီရွာအားလည်း ရှစ်ဖို့တဖို့ စည်းကြပ် ခြင်းနှင့် အခွန်တော်ကို လွတ်ငြိမ်းခွင့် ပေးတော်မူ၏။

ထိုလုမ္မိဏီဥယျာဉ် ကျောက်စာတိုင်အပြင် လုမ္မိဏီရွာ၏ မြောက်ဘက် တဆယ့်သုံးမိုင်ခန့်အကွာ နိဂလီဝါအရပ်တွင် အသောကမင်းကြီးသည် ဗြာဟ္မီအက္ခရာ၊ ပြာကြိုင့်ဘာသာ ဖြင့် ကျောက်စာတိုင်ငယ်တခုကို စိုက်ထူထားရှိခဲ့သည်။ ယင်းကျောက်စာတိုင်ငယ်မှာ ကောဏာဂုံ ရှင်တော်ဘုရား၏ သရီရဓာတ်တော် ဌာပနာ ထူပါရုံကို ဒုတိယအကြိမ် တိုးချဲ့ တည်ထားတော်မူခဲ့ကြောင်း မှတ်တမ်းတင်ထား ရှိခဲ့ခြင်း ဖြစ်လေသည်။

လုမ္မိဏီဥယျာဉ်အနီးရှိ ရှင်တော်ဘုရား၏ သရီရဓာတ်တော် ဌာပနာ ထူပါရုံနှင့် ကျောင်းသခ်မ်း တည်ရာနေရာ



လုမ္ဗိဏီ ဥယျာဉ်အရပ်သည် အလောင်းတော် သိဒ္ဓတ္ထမင်းသားကို မီးရှူးသန့်စင် ဖွားမြင်တော်မူရာအရပ်ဖြစ်၍ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအရ အရေးပါအရာရောက်သော နေရာတခုဖြစ်ပြီး ကမ္ဘာလှည့် ခရီးသည်များ ဝင်ထွက်သွားလာမှု လွယ်ကူရန် အထူး လိုအပ်လှပေသည်။ သို့ဖြစ်၍ ထိုစဉ်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သည့် ဦးသန့်၏ ဆွေးနွေးတင်ပြချက်အရ လုမ္ဗိဏီဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ နိုင်ငံပေါင်းစုံပါဝင်သော ကော်မတီတရပ်ကို ၁၉၇၀ ပြည့်နှစ် ဖေဖွာရီလတွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီအဖွဲ့တွင် အဖွဲ့ဝင် နိုင်ငံများအဖြစ် မြန်မာ၊ အိန္ဒိယ အင်ဒိုနီးရှား၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ပါဝင်ခဲ့သည်။ ထိုအဖွဲ့၏ လုပ်ငန်းရပ်များ ဆောင်ရွက်ရာတွင် ပိုမိုအောင်မြင်မှုရှိစေရန် နယူးယောက်မြို့ရှိ နီပေါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်း ကိုယ်စားလှယ်သည် အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက် စေခဲ့ပြီး လုမ္ဗိဏီဥယျာဉ် ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ရန်ပုံငွေ ကောက်ခံရရှိရေး လုပ်ငန်းညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် တာဝန်ယူဆောင်ရွက်ရန် စီစဉ်ချမှတ်ခဲ့လေသည်။

ထို့ပြင် ၁၉၇၃ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ဂျပန်နိုင်ငံတိုကျိုမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အထက်ဖော်ပြပါ လုမ္ဗိဏီဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အထူးအစည်းအဝေးကြီးမှ နီပေါနိုင်ငံ အစိုးရ၏ အဆိုပြုချက်ဖြစ်သော လုမ္ဗိဏီဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးတွင် အာရှနိုင်ငံများမှလည်းကောင်း၊ အခြားနိုင်ငံများမှလည်းကောင်း ငွေသို့မဟုတ် ပစ္စည်းစသည်တို့ဖြင့် ပါဝင်လှူဒါန်း ထောက်ပံ့ကြရန် မေတ္တာရပ်ခံ နှိုးဆော်ခဲ့သည်။ယင်းအထူး အစည်းအဝေးကြီးမှပင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် အုပ်ချုပ်ရေးမှူးတို့ထံသို့လည်း လုမ္ဗိဏီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သလို ဝိုင်းဝန်းကူညီထောက်ပံ့ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံတင်ပြခဲ့သည်။ ကုလသမဂ္ဂ အဖွဲ့ကြီးမှလည်း အဖွဲ့ဝင်နိုင်ငံများသို့ ဤကဲ့သို့ မွန်မြတ်သော လုပ်ငန်းတခုဖြစ်သည့် လုမ္ဗိဏီဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် တတ်စွမ်းသမျှ လှူဒါန်းပါဝင်ကြရန် ထပ်ဆင့်နှိုးဆော် မေတ္တာရပ်ခံခဲ့သည်။ ထို့ပြင် အာရှနှင့်အရှေ့ဖျားဆိုင်ရာ စီးပွားရေး ကော်မရှင် (အီးကဖေး) အဖွဲ့၏အမှုဆောင် အတွင်းဝန်ကလည်း အဖွဲ့ဝင်နိုင်ငံများသည် လုမ္ဗိဏီဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရပ်များတွင် ပါဝင်ကူညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ကုလသမဂ္ဂ အဖွဲ့ကြီးမှလည်း ဖွံ့ဖြိုးရေး ရန်ပုံငွေများ အဆက်မပြတ် ထောက်ပံ့အားပေးသွားရန် တိုက်တွန်းနှိုးဆော်ကြောင်း ၁၉၇၄ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင်ကျင်းပသည့် ၄၈၉ ကြိမ်မြောက် အစည်းအဝေးကြီးတွင် အတည်ပြု ဆုံးဖြတ်ခဲ့လေသည်။

လုမ္ဗိဏီဥယျာဉ် ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ဗိသုကာပါမောက္ခ ကင်ဇိုတန်ဂီ အမှူးပြုသော ကျွမ်းကျင်သူပညာရှင်များကအမေရိကန်ဒေါ်လာငွေ ၁၈ ဒသမ ၈၂ သန်းခန့်မျှ ကုန်ကျမည်ဟု ခန့်မှန်းထားရှိသည်။ ထိုခန့်မှန်းခြေငွေ စာရင်းတွင် ရေလွှမ်းမိုးမှု ကာကွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သစ်ပင် ပန်းမန်များ ပြန်လည် ပြုစုပျိုးထောင်ရေး၊ ယဉ်ကျေးမှုဌာနအဖြစ် ပြတိုက်၊စာကြည့်တိုက်နှင့် ဗုဒ္ဓ ဘာသာ ကမ္မဋ္ဌာန်းကျောင်းများ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့် ဘုရားဖူးခရီးသည်များ တည်းခိုရိပ်သာ ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့် ရေကောင်းရေသန့် ရရှိရေးစသော လုပ်ငန်းရပ်များ ပါဝင်သည်။ ယင်းစီမံကိန်းတွင် လုမ္ဗိဏီဥယျာဉ်ကို သုံးပိုင်းခွဲခြားကာ ဗဟိုအချက်အချာ တမိုင်ပတ်လည် နေရာကို ဗုဒ္ဓလောင်းလျာ မီးရှူးသန့်စင် ဖွားမြင်ရာအထွတ်အမြတ်နေရာဖြစ်၍ ပကတိအတိုင်း ထိန်းသိမ်းထားရှိမည်။ ယင်းနေရာ၏ မြောက်ဘက်တမိုင် ပတ်လည်ခန့်နေရာကိုကား ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေတည်းခိုရန် ရိပ်သာအဖြစ် မွမ်းမံထားရှိပြီး လုမ္ဗိဏီဥယျာဉ်တော်သစ် အမည်ဖြင့် ခေါ်တွင်စေမည်ဖြစ်သည်။ မြောက်ဘက်ပိုင်း နေရာကို ကျောင်းသင်္ခမ်းရာအဖြစ် သတ်မှတ်ထားရှိမည်။ ကုလသမဂ္ဂ အဖွဲ့ကြီးကလည်း ၁၉၇၉ ခုနှစ်ကို လုမ္ဗိဏီဥယျာဉ်နှစ်အဖြစ် သတ်မှတ်ထားရှိ ပေးခဲ့လေသည်။

၁၉၇၉ ခုနှစ် အောက်တိုဘာလအထိ လုမ္ဗိဏီဥယျာဉ် ဖွံ့ဖြိုးရေး စီမံကိန်းအတွက် နီပေါနိုင်ငံအစိုးရမှ မြေယာများ သိမ်းဆည်းရယူရေး၊ ရှေးဟောင်းဒေသများ တူးဖော်လေ့လာရေး၊ လမ်းတံတားများ ဖောက်လုပ်ရေး၊ လျှပ်စစ်မီးများ သွယ်ယူရေးနှင့် သစ်ပင်ပန်းမန်များ ပြန်လည် ပြုစုပျိုးထောင်ရေးတို့အတွက် အမေရိကန် ဒေါ်လာငွေ ၄ ဒသမ ၅ သန်းခန့်မျှအထိ အကုန်အကျခံကာ ပြုပြင်မွမ်းမံနိုင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံခြားအဖွဲ့အစည်းများနှင့်ပုဂ္ဂလိက ကုသိုလ်ရှင်များက အမေရိကန် ဒေါ်လာငွေ ၂ ဒသမ ၀၃ သိန်းမျှ ပါဝင်လှူဒါန်း ကူညီခဲ့ကြလေသည်။

ဝိသုတ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ၊ ရွှေဘိုမြို့၊ ဓမ္မသုခကျောင်းတိုက်(မြန်မာ ၁၂၅၆ – ၁၃၄၁)။ ။ဆရာတော် ဘဒ္ဒန္တ ဝိသုတသည် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ဖလံကြိုင်ရွာ ခမည်းတော် ဦးစံသင်း-မယ်တော် ဒေါ်ရွှေအိတို့မှ သက္ကရာဇ် ၁၂၅၆ ခုနှစ် နယုန်လဆန်း ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ ဦးစံသင်းဒေါ်ရွှေအိတို့၌ သားသမီးသုံးယောက်ရှိရာ ဆရာတော်သည် သားဦးရတနာဖြစ်သည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တဝိသုတ

ဆရာတော်သည် ၁၅ နှစ်သားအရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဖလံကြိုင်ရွာကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေအဖြစ် ရောက်တော်မူခဲ့သည်။ သက္ကရာဇ် ၁၂၇၅ ခုနှစ်တွင် ဖလံကြိုင်ရွာကျောင်း ခဏ္ဍသိမ်တော်၌ ရွှေဘိုမြို့ ဒုတိယ ဝေဠုဝန်တိုက် ဆရာတော် အရှင်တိလော ကာလင်္ကာရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု လျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဝိသုတသည် သာမဏေဘဝကပင် ရွှေဘိုမြို့၌ ဟရိယတ္တိ အခြေခံကျမ်းစာများဖြစ်သော သဒ္ဒါ၊ သင်္ဂြိဟ်၊ အလင်္ကာ၊ ဆန်း၊ အဘိဓမ္မာ ဥဝါ၊ ဝိနည်း ပါဠိတော်များကို လည်းကောင်း၊ နက္ခတ်၊ ဗေဒင်၊ ပျို၊ ကဗျာ၊လင်္ကာတို့ကို လည်းကောင်း ပိုင်နိုင်စွာ သင်ကြား တတ်မြောက်ခဲ့သည်။ ဆရာတော်သည် ကျေးဇူးရှင် ဘကြီး တော် တတိယ မဟာဝိသုတာရုံမ ပရိယတ္တိအသင်း ဆရာ တော် အရှင်ဝိလာသဂ္ဂ၊ ပခုက္ကူမြို့ ဒုတိယ မဟာဝိသုတာ ရုံမ အလယ် ကျောင်းတိုက်ကြီး၏ မဟာနာယက အဂ္ဂ မဟာပဏ္ဍိတ ဆရာတော် အရှင်ပညာ၊ အဘိဓဇ မဟာရဋ္ဌ ဂုရု ဆရာတော် အရှင်သုန္ဒရ စသော စာချဆရာတော်များ၊ ဟံသာဝတီခရိုင် ရခိုင်ချောင်ရွာ အရှေ့ကျောင်း ဆရာ တော် အရှင်ဥက္ကံသ မာလာ၊ မြင်းခြံမြို့ သုဇီတာရုံမတိုက် ဆရာတော် အရှင်ကုသလ၊ အမရပူရမြို့ မင်္ဂလာရုံမတိုက် သစ်၊ တိုက်ဟောင်း အဘိဓမ္မာဥဝါအကျော် ဆရာတော် များ၊ မန္တလေးမြို့ ဒက္ခိဏာရုံမဘုရားကြီးတိုက် စာချဆရာ တော်များထံတွင် ပိဋကတ် နိကာယ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ နဲ့ဝါ၊ ဥဝါ ကျမ်းစာများကို ပါရဂူရောက် တတ် မြောက်လိမ့်မာအောင် သင်ကြား ဆည်းပူးတော် မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဝိသုတသည် ပိဋကတ်တော် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို လေ့လာသင်ကြားဆည်း ပူးရန် ရောက်ရှိမြို့ရွာများတွင် မိမိသင်ကြားဆည်းပူးခဲ့ပြီး သော ပိဋကတ် အခြေခံစာဝါများနှင့် ပါဠိတော်၊ အဋ္ဌ ကထာ ကျမ်းတို့ကိုပါ စာသင်သား ရဟန်းသာမဏေတို့ အား ပို့ချပေးတော် မူခဲ့သည်။ ဆရာတော်သည် ၁၂၉၇ ခုနှစ် သိကၡာတော် ၂၂ ဝါအရွယ်တွင် ရွှေဘိုမြို့၌ သံဃာတော် ၂၀၀ ကျော်ရှိသည့် တတိယ မဟာဝိသုတာရုံမ ကျောင်း တိုက်ကြီးနှင့် ဓမ္မသုခကျောင်းတိုက်ကြီးများကို လွှဲအပ် ခြင်းခံရ၍ ပူးတွဲအုပ်ချုပ်ရသဖြင့် ဓမ္မသုခ ဆရာတော်ဟူ၍ ထင်ရှား ကျော်ကြားခဲ့ပါသည်။ ဆရာတော်သည် မိမိ ကိုယ်တိုင် ပိဋကတ်ကျမ်းဂန်များကို ပါရဂူမြောက်အောင် သင်ကြားဆည်းပူးခဲ့သော်လည်း စာပွဲသဘင်ဆင်နွှဲ ဖြေဆို ခြင်းမပြုပဲ မိမိ၏ တပည့်များကိုမူ ခေတ်အားလျော်စွာ စာမေးပွဲဆိုင်ရာများကို ခွင့်ပြုခဲ့သဖြင့် ငယ်, လတ်, ကြီး၊ သက္ကသီဟ၊ စေတီယင်္ဂ၊ အစိုးရဓမ္မာစရိယ စာချတန်း အောင်မြင်တော်မူခဲ့ကြသော တပည့်များ အမြောက် အမြား ထွန်းကား ပေါ်ထွက်စေခဲ့သည်။

ထို့ပြင် ဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်၌ ပါဠို ဝိသောဓက အဖြစ်ဖြင့်လည်းကောင်း၊ ဆဋ္ဌသံဂါယနာ သံ ဂီတိကာရက အဖြစ်ဖြင့်လည်းကောင်း၊ ဝိနိစ္ဆယဌာန ရွှေဘို ခရိုင် ဝိနည်းဓိရ ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံ တော် ဝိနည်းဓိရ် ဆရာတော်အဖြစ်ဖြင့်လည်းကောင်း သာ သနာရေးကိစ္စများကို အားသွန်ခွန်စိုက် ဆောင်ရွက်တော် မူခဲ့သည်။

ဆရာတော်သည် သံဃာ ၂၀၀ ကျော်ရှိသည့် တတိယ မဟာဝိသုတာရုံမတိုက်နှင့် ဓမ္မသုခတိုက်တို့ကို ပူးတွဲ တာ ဝန်ယူ အုပ်ချုပ်တော်မူ၍ တပည့်သံဃာတော်များကို စာ ပေပို့ချခြင်း၊ တရားဓမ္မဟောပြောခြင်း၊ သွန်သင်ဆုံးမ ဩဝါဒပေးခြင်း စသော သာသနာ့တာဝန်တို့ကို အားသွန် ဆောင်ရွက်တော်မူစဉ် ကျမ်းစာများကိုလည်း ရေးသား ပြုစုတော်မူခဲ့သည်။

ဤသို့လျှင် သာသနာအကျိုးကို သည်ပိုးဆောင်ရွက် တော်မူခဲ့သည့် ပိဋကတ္တယဆေက၊ ဂန္ဆဓုရာဝဟ၊ မဟာ ထေရ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမ ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ဝိသုတသည် ၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက် ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် မြတ်ကို အလှူခံ ရရှိတော်မူပါသည်။

ဘဒ္ဒန္တဝိသုတ ဆရာတော်ဘုရားကြီးသည် ၁၃၄၁ ခုနှစ် တပို့တွဲလဆုတ် ၁၂ ရက် နံနက် ၄ နာရီအချိန်တွင် စစ်ကိုင်း တိုင်း ရွှေဘိုမြို့ ဓမ္မသုခကျောင်းတိုက်၌ပင် ဘဝနတ်ထံ ပျံ လွန်တော် မူသည်။

ဝိသုဒ္ဓ၊ဆရာတော် ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ရ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် မြန်မာ ၁၂၆၀ .)။ ။ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသသည် မန္တလေးတိုင်း မလှိုင်မြို့ မြို့သစ်ရပ် ခမည်းတော် ဦးချစ်ဆိုင် - မယ်တော် ဒေါ်ဖော့ဖြူတို့မှ သက္ကရာဇ် ၁၂၆၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၇ ရက်ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ ဦးချစ်ဆိုင်ဒေါ်ဖော့ဖြူတို့၌ သားသမီး ရတနာသုံးယောက် ထွန်းကားခဲ့ရာ ဆရာတော်လောင်းလျာမှာ ဒုတိယ သားရတနာ ဖြစ်၍ မောင်စံဟု အမည်တော် တင်ခဲ့သည်။

ဆရာတော်သည် ၁၂၇၂ ခုနှစ် အသက် ၁၂ နှစ်သားအရွယ်၌ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မလှိုင်မြို့ လေသာကျောင်း ဂိုဏ်းထောက်ဆရာတော် ဦးကေလာသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရှင်သာမဏေဘွဲ့မှာ ရှင်ဝိသုဒ္ဓဖြစ်သည်။

သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်တွင် မလှိုင်မြို့ရွှေမုဋ္ဌောဘုရားရင်ပြင်ပေါ်ရှိ သာသနသောဘိဏီခဏ္ဍသိမ်တော်ကြီး၌ ပန်းအိုင်ဂိုဏ်းချုပ်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ လေသာဂိုဏ်းထောက်ဆရာတော်ကြီး ဦးကေလာသ၊ ကြာကန်ရွာဂိုဏ်းထောက်ဆရာတော်၊ သိမ်ကုန်းရွာ ဂိုဏ်းထောက်ဆရာတော်စသော ကမ္မဝါစာဆရာတော်များ၏ ဓမ္မနုဂ္ဂဟ၊ခမည်းတော် မယ်တော်တို့ကို အမှူးထား၍ ဆွေမျိုးညာတကာတို့၏ ပစ္စယာနုဂ္ဂဟတို့ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓါဘိဝံသသည် ရှင်သာမဏေဘဝတွင် မလှိုင်မြို့ လေသာကျောင်း ဂိုဏ်းထောက် ဆရာတော်ဘုရားကြီးနှင့် ၎င်း၏ညီတော် ဦးဝိမလတို့ ထံတော်များတွင် သဒ္ဒါ၊ သဂြိုဟ်၊ မာတိကာ၊ ဓာတုကထာ စသည့် ပိဋကအခြေခံကျမ်းစာများကို သင်ယူခဲ့သည်။

ထို့နောက် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်သို့ ပြောင်းရွှေသိတင်းသုံး၍ အဘိဓဇမဟာရဋ္ဌဂုရုမစိုးရိမ်ဆရာတော် ဦးသူရိယ၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးသောမာဘိသိရိ၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးဥာဏ၊ ဘုရားဖြူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးရာဇိန္ဒတို့ထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့် အရကောက်ကျမ်းများကို နေ့ညမပြတ်ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။

ထို့ပြင် ပခုက္ကူမြို့ မဟာဝိသုတာရုံမတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးပညာ၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဦးသုနှရတို့ ထံတော်များ၌ နိကာယ်ငါးရပ်၊ ပါဠိ၊အဋ္ဌကထာ၊ ဋီကာကျမ်းများကို ဆည်းပူးခဲ့သည်။ ဗရိယတို့သာသနာတွင် နေလသဖွယ်ထင်ရှားသော မန္တလေးမြို့၊ ပခုက္ကူမြို့များရှိ စာသင်တိုက်ကြီးများ၌ ပညာရင်နှီးသောက်စို့ခဲ့ရသောကြောင့် ဆရာတော်သည် ဖြေဆိုခဲ့သော စာမေးပွဲတိုင်း၌ ထူးချွန်စွာ အောင်မြင်ခဲ့သည်။



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၌ စာပေကျမ်းဂန်များ ဆည်းပူးလေ့လာနေစဉ် အစိုးရပါဠိပထမပြန် စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို လည်းကောင်း၊ မန္တလေးမြို့ သက္ကသိဟစာမေးပွဲ၌ စာသင်တန်းကိုလည်းကောင်း အောင်မြင်ခဲ့သည်။ ထို့နောက်အစိုးရ ဓမ္မာစရိယ စာချတန်း၌ ကျမ်းရင်းသုံးကျမ်းကို ဂုဏ်ထူးဆောင် ကျမ်းများနှင့်တကွ အောင်မြင်ခဲ့ သောကြောင့် ''သာသနဓဇ သိရိပဝရ ဓမ္မာစရိယ'' ဘွဲ့ကို ရရှိခဲ့သည်။ သက္ကသိဟစာမေးပွဲ စာချတန်းတွင် အဋ္ဌကထာကြီး သုံးကျမ်းအနက် နှစ်ကျမ်းအောင်မြင်ခဲ့ပြီး ကျန်တကျမ်းကို ဖြေဆိုရန် ကြိုးပမ်းနေစဉ် ကျန်းမာရေး ချွတ်ယွင်းလာသောကြောင့် စာမေးပွဲမှ အနားယူခဲ့ရသည်။ ပြန်လည် ကျန်းမာလာသောအခါ စာပေပို့ချမှု၊ တရားဟောပြောမှုတို့ကိုသာ ဂရုတစိုက်ကြိုးပမ်းအားထုတ်ခဲ့သည်။ ထို့ကြောင့် မန္တလေးမြို့ သက္ကသိဟအသင်းကြီးက ''ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ'' ဟူသော ဘွဲ့တံဆိပ်တော်ကိုဆက်ကပ်လှူဒါန်း၍ လစဉ် ဆွမ်းဆန်တော်လှူဒါန်းထောက်ပံ့ခဲ့သည်။

ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓါဘိဝံသသည် သံဃာတော် ၅၀၀ ကျော်ရှိသောမစိုးရိမ်ကျောင်းတိုက်ကြီး၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းကြီးများကို နှစ်ပေါင်းများစွာပို့ချခြင်းဖြင့် ဗရိယတို့သာသနာ တိုးတက်ထွန်းကား ပြန့်ပွားရေးကို အားပေးဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့်ပဋ္ဌာန်း

ကျမ်းကြီးကို အမြဲပို့ချခဲ့သည်။ တရားဟောကြားရာ၌ပင် ပဋ္ဌာန်းနည်းဖြင့်သာ ဟောကြားတော်မူလေ့ရှိသည်။ ထို့ကြောင့် "ပဋ္ဌာန်းဆရာတော်၊ ပဋ္ဌာန်း ဦးဝိသုဒ္ဓ" အဖြစ် ထင်ရှားတော်မူသည်။

ဆဋ္ဌသံဂါယနာတင်ပွဲတွင် ဝိသောဓက၊ ပဋ္ဌိဝိသောဓက၊ သြသာန သောဓေယျပတ္တပါဌက (နောက်ဆုံး တည်းဖြတ်ရေး)အဖွဲ့၌ပါဝင်၍ သာသနာ့ရေးရာ ကိစ္စများကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် မန္တလေးမြို့ အနောက်ပြင်မြို့နယ် ဝိနိစ္ဆယဌာနတွင် သြဝါဒါစရိယ ဆရာတော်နှင့် ခုံဝိနည်းဓိုရ် ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ မစိုးရိမ်ပါဠိတက္ကသိုလ် ကျောင်းအုပ် ဆရာတော်အဖြစ်ဖြင့် လည်းကောင်း တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် မန္တလေးမြို့ အနောက်တောင်မြို့နယ် သြဝါဒါစရိယ အဖြစ်ဖြင့် လည်းကောင်း၊ ရန်ကုန်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်-အမ်-ဘီ-အေ) အဘိဓမ္မာသင်တန်း နာယကဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ နိကာယုဇ္ဇောတကသမိတိ သြဝါဒါစရိယအဖွဲ့ဝင်ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ မစိုးရိမ် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုစုရေးအဖွဲ့တွင် ဥက္ကဋ္ဌ ဆရာတော် အဖြစ်ဖြင့် လည်းကောင်း သာသနာရေး ကိစ္စများကို အားပေးဆောင်ရွက်လျက်ရှိသည်။

၁၃၃၇ ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက်ကြီး၏ မဟာနာယကအဖြစ် ဆောင်ရွက်တော်မူလျက် တပြည်လုံးရှိ မစိုးရိမ်တိုက်ခွဲပေါင်း ၂၀၀ ကျော်မှ မစိုးရိမ် အဆက်အနွယ် သံဃာတော်များအား ဆုံးမသြဝါဒပေးလျက်ရှိသည်။

ထို့ကြောင့် ၁၉၆၁ ခုနှစ် ဇန္ဇဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ဆရာတော်အား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့လေသည်။

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေးအတွက် ၁၉၈၀ ပြည့်နှစ် ဖေဖွာရီလ ၁ ရက်နေ့မှ စ၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်တွင် သာသနာရေးရာကိစ္စများကို ဆောင်ရွက်တော်မူကြသည့် သံဃာ့ဝန်ဆောင်ဆရာတော် ၆၆ ပါးတို့၏ဆန္ဒအရ သြဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် သာသနာ့အကျိုးအတွက် ကျမ်းစာအုပ်များကို ရေးသား ပြုစုတော်မူခဲ့သည့်အနက် "ပဋ္ဌာန်းအခြေခံ ဝိပဿနာကျမ်း" များသည် ရဟန်းရှင်လူများ အနှစ်သက်ဆုံးကျမ်းများဖြစ်သည်။

ဆရာတော် ဘုရားကြီးသည် ပိဋက စာပေအရာ၌သာ ကျွမ်းကျင်သည်မဟုတ်၊ မြန်မာစာပေ၌လည်း ရတု၊ကဗျာ၊ လင်္ကာ စသည်တို့ကို ရသမြောက်အောင် ဖွဲ့ဆို သီကုံးနိုင်သည့် ဆရာတော်ဖြစ်သည်။

အထူးသဖြင့် ဝိနည်းဒေသနာတော်နှင့်အညီ ကျင့်ကြံအားထုတ်ဆက်ဆံလေ့ရှိသဖြင့် ဝိနယဂရုကဂုဏ်နှင့် ပြည့်စုံမှုရှိကြောင်း ဘဝနတ်ထံ ပျံလွန်တော်မူပြီးသော အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၏ ချီးကျူးခြင်းကို ခံခဲ့ရသည်။

ဤသို့ သာသနာ့အကျိုးကို သည်ပိုးဆောင်ရွက်တော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဥ္ဇန၊ ရတ္တညူမဟာနာယက၊ ဂန္ထန္တရဗာဟုသစ္စ၊ လောကဗဟုပကာရ၊ ဂန္ထကာရက ဂုဏ်တို့နှင့်ကုံလုံပြည့်ဝတော်မူသော ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသသည် ၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူပါသည်။ ။

ဝင်းစိန်၊ ဦး။ ။(တင့်တယ်၊ စာရေးဆရာ—ရှု။)

သဘာဝဘေးဒဏ်များ။ ။၁၉၈၀ ပြည့်နှစ် ဇန္ဇဝါရီလ ၁ ရက်နေ့တွင် ပေါ်တူဂယ်ပိုင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ အဇိုးကျွန်းစု၌ ရစ်ချတာစကေး ၇ ရှိသော ငလျင်လှုပ်ခဲ့ရာ မြို့တော် အန်ဂရိုဒိုဟာရိုစ်မြို့တွင် ငလျင်ဒဏ်အကြီးအကျယ် ခံခဲ့ရသည်။ လူပေါင်း ၅၀ သေဆုံးသည်။ လူပေါင်း ၄၀၀ ဒဏ်ရာရရှိခဲ့ပြီး ၁၅,၀၀၀ ကျော်အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်။

ဇန္ဇဝါရီလ ၁၅ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မီဒါနာအိုဝါ ကျွန်းတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေကြီးခဲ့ရာ လူပေါင်း ၃၀,၀၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့လေသည်။

ဇန္ဇဝါရီလ ၁၈ ရက်နေ့တွင် ဗရာဇီးနိုင်ငံ မီနာစဂျီရေ့ ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဆာအိုဖရန်စစ်ကိုမြစ်ရေကြီးခဲ့သည်။ မြစ်ကမ်းတလျှောက်ရှိ မြို့များတွင် ရေကြီးမှုဒဏ်ကြောင့် လူပေါင်း ၁၇ ယောက်သေဆုံးပြီး ရာပေါင်းများစွာ အိုးအိမ်မဲ့ခဲ့လေသည်။

ဇန္ဇဝါရီလ ၂၃ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုရှိ ဆန်ဖရန်စစ္စကိုမြို့ ပတ်ဝန်းကျင် မိုင် ၂၀၀ ပတ်လည်၌ ရစ်ချတာစကေး ၅ ဒသမ ၈ ရှိသော ငလျင် လှုပ်ခဲ့သည်။ ငလျင်ဒဏ်ကြောင့်လူပေါင်း ၅၀ ဒဏ်ရာရပြီး လူပေါင်း ၅၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်။ ထို့အပြင် ဒေသအတွင်း၌ရှိသော အနုမြူဓာတ်အားပေး စက်ရုံတွင် တပ်ဆင်ထားသော ပိုက်များသည် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့

သဖြင့် ရေဒီယိုသတ္တိကြွရေများ ယိုစိမ့်ခဲ့၍ ကျောင်းများ ပိတ်ပစ်ခဲ့ရလေသည်။

ဇန္နဝါရီလ ၂၇ ရက်နေ့တွင် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ပြင်သစ်ပိုင် ရီယူနီယံကျွန်း၌ ဟယာဆင်သီခေါ် လေမုန်တိုင်း တိုက်ခတ်ခဲ့သည်။ လူ ၂၀ သေဆုံးပြီး လူပေါင်း ၇၀၀၀ ကျော် အိုးအိမ်မဲ့ခဲ့ရသည့်အပြင် ကျွန်းပေါ်တွင်ရှိ မော်တော်ကားလမ်းများ၊ တံတားများနှင့် အဆောက်အအုံများစွာ ပျက်စီးခဲ့လေသည်။

ဖေဖွာရီလ တတိယပတ်အတွင်းတွင် အမေရိကန် ပြည်ထောင်စု၏ အနောက်ဘက် ကမ်းရိုးတန်းသို့ တနာရီမိုင် ၁၅၀ အမြန်နှုန်းရှိသော လေပြင်းမုန်တိုင်း တိုက်ခတ်သည်။ မုန်တိုင်းကျစဉ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကာလီဖိုးနီးယား ပြည်နယ် တောင်ပိုင်းနှင့် အာရိုဇိုးနခ ပြည်နယ်တို့တွင် ရေကြီးခဲ့သည်။ ထို့ကြောင့် လူပေါင်း ၂၄ ယောက် သေဆုံးပြီး လူပေါင်း ၇,၅၀၀ ကျော်ခန့်မှာ အိုးအိမ်မဲ့ ဖြစ်ခဲ့သည်။ စုစုပေါင်း ပျက်စီးဆုံးရှုံးမှု တန်ဖိုးသည် ဒေါ်လာ ၄၂ ကုဋေ ၅ သန်းဖိုးခန့် ရှိခဲ့လေသည်။

ဩဂုတ်လ ၄ ရက်နေ့တွင် စိန့်လူစီယာ နိုင်ငံ၌ ဟာရီကိန်းလေမုန်တိုင်းကြီး ကျရောက်ရာ လူပေါင်း ၁၇ ဦးသေဆုံး၍ လူပေါင်း ၆၀၀၀ အိုးအိမ်မဲ့ ဖြစ်ပြီး အဆောက်အအုံများစွာ ပျက်စီးခဲ့သည်။ အဆိုပါ မုန်တိုင်းသည် ဟတီကျွန်း တောင်ပိုင်း၌ ကျပြန်ရာ လူပေါင်း ၂၀ ကျော် သေဆုံးပြီး လူအများအပြား အိုးအိမ်မဲ့ ဖြစ်ခဲ့သည်။ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာကုဋေ ၄၀ ဖိုး ဖြစ်သည်။ ထို့နောက် အဆိုပါ မုန်တိုင်းပင် ဂျမေကာကျွန်း တောင်ပိုင်း၌ ဆက်လက်တိုက်ခတ်ပြန်ရာ လူပေါင်းခုနစ်ဦး သေဆုံး၍ လူပေါင်း ၄၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်၍ ပစ္စည်းဆုံးရှုံးမှု တန်ဖိုးသည် ပေါင်စတာလင် ရှစ်ကုဋေခန့် ရှိသည်။ အဆိုပါ မုန်တိုင်း ဒဏ်ကြောင့် ကျူးဗားနိုင်ငံ အနောက်ပိုင်း၌ လူ လေးဦး သေဆုံးပြီး ပစ္စည်းဆုံးရှုံးမှု အများအပြား ရှိခဲ့လေသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရာဂျရှာဟိနယ်တွင် ဩဂုတ်လ ၁၅ ရက်နေ့တွင် ရေကြီးသဖြင့် စပါးစိုက်ခင်း၊ ဂုန်လျှော်စိုက်ခင်းနှင့် အိမ်ခြေ ၆၀၀၀ ကျော် ပျက်စီးခဲ့သည်။ ထိုရေကြီးမှုတွင် လူ နှစ်ဦး သေဆုံးပြီး လူပေါင်း ၁၀,၀၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့သည်။

အယ်ဂျီးရီးယားနိုင်ငံ အနောက်ပိုင်းတွင် ရှိသော အဲလအက်နမ်မြို့တွင် အောက်တိုဘာလ ၁၀ ရက်နေ့၌



ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်းတို့ကြောင့် သန်းပေါင်းများစွာသော ပြည်သူများ သေကြေထိခိုက်ဒဏ်ရာရကာ အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်။

ငလျင် ပြင်းထန်စွာ လှုပ်သဖြင့် လူပေါင်း နှစ်သောင်းခန့် သေဆုံးပြီး တမြို့လုံးလိုလို ပျက်စီးခဲ့သည်။

မက္ကစီကိုနိုင်ငံ အလယ်ပိုင်း၌ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ငလျင် ပြင်းထန်စွာ လှုပ်ရာ မက္ကစီကို မြို့တော်၌ လူခြောက်ဦး သေဆုံးခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်း၊ ဓာတ်ငွေ့ပိုက်များ ပျက်စီးခြင်းနှင့် မီးလောင်ကျွမ်းမှုများ ရှိခဲ့သည်။ ငလျင်ဒဏ်ကြောင့် မက္ကစီကို မြို့နှင့် မိုင် ၁၅၀ အကွာ၌ ရှိသော ဟွာဂျာပန်ဒီလီယွန်မြို့တွင် ဆေးရုံ၊ စျေးရုံ၊ ဘုရားရှိခိုးကျောင်း၊ ဟိုတယ်နှင့် မြို့တော်ခန်းမ အဆောက်အအုံတို့လည်း ပျက်စီးခဲ့သည်။ ယင်း ငလျင်ကြောင့် သေဆုံးသူ စုစုပေါင်း ၆၅ ဦးဖြစ်ပြီး ပြင်းထန်စွာ ဒဏ်ရာရသူပေါင်း ၂၀၀ ကျော်ရှိသည်။

ထိုင်းနိုင်ငံတွင် အောက်တိုဘာလအထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်နယ်ပေါင်း ၄၀ တွင် ရေကြီးရာ ရေနစ်သေဆုံးသူပေါင်း ၂၀ ရှိပြီး ဆုံးရှုံးမှု တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၇ သန်းကျော် ခန့်ရှိသည်ဟု ခန့်မှန်းကြသည်။

အိန္ဒိယနိုင်ငံတွင် မိုးရာသီအတွင်း ရေကြီးမှုကြောင့် ရေနစ်သေဆုံးသူ ၂,၀၃၂ ယောက်၊ ပျက်စီးသော အိမ်ခြေပေါင်း နှစ်သန်း လေးသိန်းနှင့် ကောက်ပဲသီးနှံ စိုက်ခင်းအများအပြား ပျက်စီးခဲ့ရာ ပစ္စည်းဆုံးရှုံးမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၄ ကုဋ္ဌေ ၂ သန်း ဖြစ်သည်။

အီတလီနိုင်ငံ တောင်ပိုင်းတွင် နိုဝင်ဘာလ ၂၃ ရက်နေ့ ည ၇ နာရီ ၃၄ မိနစ်မှ နိုဝင်ဘာလ ၂၄ ရက်နေ့ နံနက် ၁၁ နာရီအထိ ရစ်ချတာ စကေး ၆ ဒသမ ၅ မှ ၆ ဒသမ ၈ အထိ ရှိသော ငလျင် အကြိမ် ၁၀၀ ခန့် လှုပ်ရာ လူပေါင်း ၄,၇၀၀ ခန့် သေဆုံးပြီး လူထောင်ပေါင်းများစွာ အိုးအိမ်မဲ့ဖြစ်ခဲ့သည်။ ပျက်စီးဆုံးရှုံးသော နယ်များကို ဇုံအေ၊ ဇုံဘီနှင့် ဇုံစီဟူ၍ သက်ဆိုင်ရာတို့က သတ်မှတ်၍ စာရင်းကောက်ယူသည်။ ဇုံအေတွင် မြို့ ၁၉ မြို့ လုံးဝပျက်စီးသည်။ ဇုံဘီတွင် မြို့ ၂၇ မြို့ အကြီးအကျယ် ပျက်စီးခဲ့သည်။ ဇုံစီတွင် အဆောက်အအုံအချို့သာ ပျက်စီးခဲ့လေသည်။

သိရီကုဏ္ဍလ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ၊ ပုသိမ်မြို့၊ မောင်းထောင်တိုက်

(မြန်မာ ၁၂၅၇)။ ။ဆရာတော် ဘဒ္ဒန္တသိရီကုဏ္ဍလသည် စစ်ကိုင်းတိုင်းမြင်းမူမြို့ပဲကူရွာနေခမည်းတော် ဦးဥာဏ် မယ်တော် ဒေါ်သီလတို့မှ သက္ကရာဇ် ၁၂၅၇ ခုနှစ် တပို့တွဲလဆန်း ၇ ရက် တနင်းလာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်သည်။ ဦးဥာဏ် ဒေါ်သီလတို့၌ သားသမီးရတနာ ခုနစ် ယောက် ထွန်းကားခဲ့ရာ ဆရာတော်လောင်း



အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တသိရီကုဏ္ဍလ

လျာမှာ စတုတ္ထ သားရတနာဖြစ်၍ မောင်ငွေကျန်ဟု အမည်တော် တွင်ခဲ့သည်။

ဆရာတော်သည် အသက်ဆယ်နှစ်သားအရွယ်၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပဲကူရွာ ဝါဆိုကျောင်းဆရာတော် ဦးအရိယဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော် မူခဲ့သည်။ ရှင်သာမဏေဘွဲ့မှာ ရှင်ကုဏ္ဍလ ဖြစ်သည်။

၁၂၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့မွန်းလွဲ ၁ နာရီခွဲအချိန်၌ ပုသိမ်မြို့ မောင်းထောင်ကျောင်းတိုက် ခဏ္ဍသိမ်တော်ကြီးတွင် ဒုတိယ မောင်းထောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးသုဝဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ပုသိမ်မြို့ ကမ်းနားလမ်း ကျောင်းအမကြီး ဒေါ်ဗျောင်း သားသမီးတစုတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဆရာတော် ဘဒ္ဒန္တသိရီကုဏ္ဍလသည် ရှင်သာမဏေ ဖြစ်သည်မှစ၍ ၁၄ နှစ်သား အရွယ်အထိ ပဲကူရွာ ဝါဆိုကျောင်း ဆရာတော်ထံ၌ သဒ္ဒါ၊ သင်္ဂြိုဟ် စသော ပိဋက အခြေခံကျမ်းစာများကို သင်ယူခဲ့သည်။ ထို့နောက် သန်လျင်ခရိုင်သုံးခွမြို့ ဥက္ကံရွာ ဘုရားကြီးကျောင်း ဆရာတော်ထံ၌ လည်းကောင်း၊ ပုသိမ်မြို့ မောင်းထောင် ကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း ပိဋကစာပေများကို ဆက်လက်ဆည်းပူးရာ ရှင်သာမဏေဘဝမှာပင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ မာတိကာ၊ ဓာတုကထာ၊ အောက်ယမိုက် ငါးကျမ်း၊ ကစ္စာယနသာရ စသော သဒ္ဒါငယ်သုံးစောင်၊ ပါစိတ်၊ မဟာဝါ၊ စူဋ္ဌဝါ၊ ပရိဝါ ပါဋိတော်များနှင့် မိလိန္ဒပဉ္ဍာပါဋိတော်ကြီးများ ကုန်၍ အစိုးရ ပါဋိပထမပြန် ပထမငယ်တန်း၊ ပထမလတ်တန်း ဆိုင်ရာ

ကျမ်းစာများကို ကြေကြေညက်ညက် ရရှိပြီး ဖြစ်သည့်ပြင် ပထမကြီးတန်းဆိုင်ရာ ကျမ်းစာအချို့ကိုပင် ဆည်းပူးရရှိပြီး ဖြစ်လေသည်။

ရဟန်း ငါးဝါအတွင်း၌ ပုသိမ်မြို့ မောင်းထောင်တိုက်မှ ပင် အစိုးရပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ပထမ ကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ထို့နောက် မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက်ဆရာတော်၊ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်၊ စကုတိုက်ဆရာတော်နှင့် အရှေ့ပြင် မဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ဘုရားများထံတွင် နေ့ဝါ ညဝါ အထက်တန်း ပိဋကစာပေကြီးများကို ဆက်လက် သင်ယူတော် မူခဲ့လေသည်။

ရဟန်းကိုးဝါအရွတွင် မန္တလေးမြို့ အနောက်ပြင် မဟာ ဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်သာသနာပိုင် ဒီပဲရင်းဆရာတော် ဘုရားကြီးထံသို့ ရောက်ရှိ၍ ပရိယတ် စာပေများကို ဆက် လက်ဆည်းပူးယင်း ဝိသုဒ္ဓါရုံတိုက် စာမေးပွဲကို ဖြေဆိုရာ ပထမကျော်အောင်မြင်သဖြင့် ဝိသုဒ္ဓါရုံ ဝံသာလင်္ကာရ သဒ္ဓမ္မပါလ ပဏ္ဍိတဓဇ ဘွဲ့လက်မှတ်ကို ရရှိခဲ့သည်။ ထို့ နောက် သက္ကရာဇ် ၁၃၁၅ ခုနှစ်တွင် အစိုးရဓမ္မာစရိယတန်း ကို အောင်မြင်၍ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ဘွဲ့ကို ရရှိတော် မူသည်။

ဆရာတော်သည် တပည့် ရဟန်း သာမဏေများအား ၃၅ နှစ် ကျော်ကျော် သင်ရိုးပိဋကနှင့်တကွ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်များကို ပို့ချပေးခြင်းဖြင့် ပရိယတ္တိသာသနာ တိုးတက်ရေးကို အားပေးခဲ့သည်။ ယခု သက်တော်ကြီးရင့်သည်အထိ ပါဠိ၊အဋ္ဌကထာ၊သဒ္ဒါ စာဝါ သုံးဝါကို နေ့စဉ်မှန်မှန် ပို့ချလျက်ရှိသည်။

၁၃၁၈ ခုနှစ်တွင် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ဝန်ဆောင် ဆရာတော်ဖြစ်လာ၍ ရွှေကျင်ဂိုဏ်းကြီး၏ သာသနာရေးရာ ကိစ္စများကို ဆောင်ရွက်ရသည်။ ဆဋ္ဌသံဂါယနာတင်ပွဲတွင် သံဂီတိကာရက ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ကမ္ဘာ အေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ ၁၂ နှစ်တိုင်တိုင် သီတင်းသုံးလျက် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ ကျမ်း စာအုပ်ပေါင်း ၁၂ အုပ်ကို ဟင်္ဒီဝိသောဓက ဆရာတော် အဖြစ်ဖြင့်လည်းကောင်း တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၃၂၃ ခုနှစ်တွင် တတိယမောင်းထောင်ဆရာတော် ဖြစ် လာ၍ မောင်းထောင် စာသင်တိုက်ကြီး၌ တိုက်တာအုပ် ချုပ်ရေးတာဝန်၊ စာပေပရိယတ္တိ ပို့ချရေး တာဝန်နှင့် ဒါယကာ ဒါယိကာမများအား တရားဓမ္မ ဟောကြားရေး တာဝန်စသည့် သာသနာရေး တာဝန်များကို ထမ်းဆောင် လျက်ရှိသည်။

၁၃၂၅ ခုနှစ်တွင် ပုသိမ်မြို့နယ်ဆိုင်ရာ ပထမပြန် နာယ ကချုပ် ဖြစ်လာ၍ ပါဠိပထမပြန် စာမေးပွဲကြီး ကြီးပွား တိုးတက်ရန်အတွက် ပါဠိပထမပြန်ဝင် အရှင်မြတ်များနှင့် ပထမပြန် ဆွမ်းကျွေးအဖွဲ့တို့ကို ရံဖန်ရံခါ ဩဝါဒပေးရခြင်း၊ မှော်ဘီ သာသနာသန့်ရှင်းရေး ဂိုဏ်းပေါင်းစုံ အစည်း အဝေးကြီးသို့ တက်ရောက်၍ သာသနာရေးရာကိစ္စများကို ဆွေးနွေးခြင်း စသည်ဖြင့် သာသနာရေးကို အားပေး ဆောင်ရွက်ခဲ့သည်။

ဆရာတော်ဘုရားကြီးသည် မောင်းထောင်စာသင်တိုက် ကြီးတွင် အုပ်ချုပ်ရေးတာဝန်၊ စာပေပို့ချရေးတာဝန်နှင့် ဟောပြောဆုံးမရေး တာဝန်များကို ထမ်းဆောင် သာသ နာပြုနေစဉ် ရဟန်း၊ ရှင်၊ လူများအကျိုးအတွက် ကျမ်း စာအုပ်များကို ရေးသားခဲ့ပါသည်။

ဤသို့လျှင် သာသနာအကျိုးကို သည်ပိုးဆောင်ရွက် တော်မူခဲ့သည့် ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာ ထေရ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမ ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ သိရိကုဏ္ဍလသည် ၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ် လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက် ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲတံဆိပ်တော် မြတ်ကို အလှူခံရရှိတော်မူလေသည်။

သီရိလင်္ကာသမ္မတနိုင်ငံ။ ။အာရှတိုက်၏ အမျိုးသမီး ခေါင်းဆောင်တဦးဖြစ်သော မစ္စက်သီရိမာဗိုဗန္ဓာရနိုက်ကေး၏သီရိလင်္ကာ လွတ်လပ်ရေး ပါတီသည် ၁၉၇၇ ခုနှစ် အထွေ ထွေ ရွေးကောက်ပွဲတွင် မစ္စတာဂျူနီးယပ် ရစ်ချတ်



အကျယ်အဝန်း။	။၂၅,၃၃၂ စတုရန်းမိုင်
လူဦးရေ။	။၁၄,၃၄၆,၀၀၀ (၁၉၈၀)
မြို့တော်။	။ကိုလံဗိုမြို့

ဂျေယျဝါဒိနေ ဦးဆောင်သော အမျိုးသား ညီညွတ်ရေး ပါတီကို အပြတ်အသတ်အနွဲ့းပေးလိုက်ရပြီး အစိုးရအာဏာကို လွှဲပြောင်းပေးအပ်ရသည်။

သီရိလင်္ကာတွင် အနိုင်ရပါတီခေါင်းဆောင် ဂျေယျဝါဒိနေသည် တည်ဆဲအခြေခံဥပဒေအရ ဝန်ကြီးချုပ်အဖြစ် ၁၉၇၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အစိုးရသစ်ဖွဲ့စည်းပြီးနောက် ၁၉၇၈ ခုနှစ် ဖေဖွဲ့ရီလ ၄ ရက်နေ့တွင် သမ္မတအဖြစ် ကျမ်းကျိန်ဆိုသည်။လစ်လပ်သွားသော ဝန်ကြီးချုပ်ရာထူးကိုမူ အိုးအိမ်နှင့်ဆောက်လုပ်ရေးဝန်ကြီး ရာနီသိဂီ ပရီမာဒါသအား လွှဲအပ်သည်။

အစိုးရသစ်သည် နိုင်ငံရေးနှိပ်စက်ညှဉ်းပန်းမှု၊ အဂတိလိုက်စားမှုနှင့် အာဏာအလွဲသုံးစားမှု ပိတ်ပင်တားမြစ်ရေးအတွက် ဥပဒေကြမ်းရေးဆွဲကာ ပါလီမန်လွှတ်တော်က ပြဋ္ဌာန်းအတည်ပြုပြီးနောက် ထိုပြစ်မှုများဖြင့် အရေးယူခံရသူသည်သမ္မတကခန့်ထားသော စုံစမ်းစစ်ဆေးရေး ကော်မရှင်တွင် အစစ်ဆေးခံရမည်ဟု အမိန့်ထုတ်ပြန်သည်။

ထိုဥပဒေအရ အထက်တန်း ဥပဒေပညာရှင် သုံးဦးပါသော ကော်မရှင်ကို ဖွဲ့လိုက်သည်။ ကော်မရှင်၏အာဏာမှာ စုံစမ်းစစ်ဆေးထောက်ခံခြင်း၊ ပယ်ချခြင်းသာဖြစ်ပြီး အပြစ်ပေးနိုင်ခွင့်မရှိပေ။အပြစ်ရှိလျှင်အပြစ်ရှိပုံထောက်ခံ၍ ပါလီမန်လွှတ်တော်သို့ တင်ပြမည်ဖြစ်သည်။

ကော်မရှင်သည် ၁၉၇၁ မှ ၁၉၇၇ ခုနှစ်အထိ ခြောက်နှစ်တာကာလအတွင်း ဝန်ကြီးချုပ်အပါအဝင် အာဏာရှိပုဂ္ဂိုလ်အသီးသီး၏ ပြစ်မှုများကို စုံစမ်းစစ်ဆေးပိုင်ခွင့်ရှိသည်။ ထိုသို့ ကော်မရှင်ဖွဲ့ကြောင်း ကြေငြာလိုက်သောအခါ တိုင်ကြားစာ ၁၅၀၀ ကို လက်ခံရရှိခဲ့လေသည်။

မစ္စက်သီရိမာပို ဗန္ဓရာနိုက်ကေးအပေါ် စွဲဆိုထားသော ပြစ်မှု ၁၀ ခုရှိရာ အရေးကြီးသော စွဲချက်များမှာ လယ်ယာမြေပြုပြင်ရေး ဥပဒေချိုးဖောက်မှု၊ အခွန်တော်တိမ်းရှောင်မှုနှင့် အရေးပေါ် အခြေအနေ ကြေငြာ၍ အာဏာကို အချိန်ကြာရှည်စွာဆွဲကိုင်ထားမှုတို့ဖြစ်လေသည်။

ထိုသို့ ကော်မရှင်ဖွဲ့၍ စစ်ဆေးမှုကို မစ္စက်ဗန္ဓရာနိုက်ကေးက ကန့်ကွက်သည်။ မိမိအား နိုင်ငံရေးသိက္ခာချရန်နှင့် ကလဲ့စားချေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ဒီမိုကရေစီကို ရိုက်ချိုးခြင်းသာဖြစ်သည်ဟု ၎င်းက အကြောင်းပြသည်။

ဤတွင် အစိုးရက တရားရုံးချုပ်သို့ အယူခံဝင်ရာ တရားရုံးချုပ်က ကော်မရှင်ဖွဲ့ပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်သည်။ ကော်မရှင်သည် ၁၉၇၈ ခုနှစ် ဩဂုတ်လမှ စတင်စစ်ဆေးပြီးနောက် မစ္စက်ဗန္ဓရာနိုက်ကေးဌ အပြစ်ရှိကြောင်းဖြင့် ၁၉၈၀ ပြည့်နှစ်စက်တင်ဘာလ ၂၄ရက်နေ့တွင် ကြေငြာခဲ့လေသည်။

ထိုကြေငြာချက်ကို အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပသော ပါလီမန်လွှတ်တော်က အမတ်ဦးရေသုံးပုံနှစ်ပုံ အသာမဲဖြင့် လက်ခံပြီးနောက် မစ္စက်ဗန္ဓရာနိုက်ကေးအား ပြည်သူ့အခွင့်အရေးကို ခုနစ်နှစ်တိုင် ဆုံးရှုံးစေဟု ဆုံးဖြတ်လိုက်လေသည်။

မစ္စတာဂျေယျဝါဒိနေသည် ချွတ်ခြုံကျပြီးကြွေးလည်ပင်းခိုက်နေသော စီးပွားရေးအခြေအနေမှ လွှတ်အောင်ရုန်းကန်ပြီး ပြည်သူတို့ ကောင်းစားရေးကို ကြိုးပမ်းလျက်ရှိရာ ၁၉၈၀ ပြည့်နှစ်အကုန်တွင် အားရဖွယ်ရာ တိုးတက်လျက်ရှိသည်ကိုတွေ့ရသည်။ နိုင်ငံခြားထောက်ပံ့ငွေ ချေးငွေများသည် တနှစ်ထက်တနှစ် တိုးတက်လျက်ရှိသည်။ ၁၉၇၇ ခုနှစ်တွင် နိုင်ငံခြားမှ ချေးငွေဒေါ်လာ ၁၃၄ သန်းသာရရှိသော်လည်း ၁၉၇၈ ခုနှစ်တွင် ၃၈၂ သန်းရရှိသည်။ နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံရေးကိုလည်း အစိုးရက အားပေးလျက်ရှိသည်။ နိုင်ငံ၏ စီးပွားရေးစီမံကိန်းအထမြောက်စေရန် ကြိုးပမ်းဆောင်ရွက်နေလေသည်။

၁၉၇၈ ခုနှစ် ဧပြီလတွင် ထုတ်ပြန်သော စာရင်းအရ သွင်းကုန် ထုတ်ကုန် ငွေစာရင်းတွင် ငွေပိုပြလျက်ရှိသော ကြောင့် အားတက်ဖွယ်ဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့ရေနံဈေးတက်သဖြင့် သီရိလင်္ကာနိုင်ငံရေနံဈေးကိုလည်းတဂိလန်လျှင် ရူပီးငွေ ၁၈ ကျပ်နှုန်းထိ မြှင့်တင်လိုက်ရသည်။

ဂျေယျဝါဒိနေ၏ သီရိလင်္ကာအစိုးရသည် ပြည်သူတို့သက်သာချောင်ချိရေးအစီအစဉ်များကို ချမှတ်ရာ၌ တနှစ်လျှင် ရူပီးငွေ ၆၀၀၀ အောက်လျော့ရဝင်သော မိသားစုကို အိမ်ထောင်စုအနည်းအများကို အခြေတည်၍ တယောက်သို့မဟုတ် နှစ်ယောက်ကိုတလလျှင် ၅၀ ကျပ်စီထောက်ပံ့ပေးလေသည်။

အသက် ၁၈ နှစ်နှင့် ၃၀ နှစ်အတွင်း လက်မထပ်ရသေးသူများနှင့် အလုပ်လက်မဲ့များကို ထောက်ပံ့ကြေးပေးသည်။ အလုပ်မရှိသူများအတွက် အလုပ်ရှာပေးသည်။ တိုင်းပြည်တွင် အလုပ်လက်မဲ့ပေါင်း ၁ သန်း ၅ သိန်း (၁၉၇၈)ရှိနေ၍ ထိုအလုပ်လက်မဲ့ပြဿနာကို တစိတ်တပိုင်းဖြေရှင်းသည့်အနေဖြင့် မိမိတို့လုပ်ငန်းခွင်တွင်ရှိသော အလုပ်သမားဦးရေကို ၁၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကြရန် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ သမ္မတက တိုက်တွန်းခဲ့လေသည်။

ဆန်စျေး၊ ဂျုံမှုန့်စျေးတက်မှုကို ကျားကန်ပေးသည့်အနေဖြင့် အစိုးရသည် နှစ်စဉ် ရူပီးငွေ သန်း ၂၅၀၀ ကို ပံ့ပိုးပေးသည်။

တလလျှင် အိမ်ငှားခ ၂၅ ရူပီးထက်နည်းသည့်အိမ်၊အိမ်ခန်းဌနေသူ အိမ်ငှားများသည် နှစ်အတော်များများအနေကြာခဲ့လျှင် ထိုအိမ်၊ အိမ်ခန်းကို ပိုင်ဆိုင်ခွင့်ပြုသည့်အမိန့်ကို ထုတ် ပြန် သည်။ ငါး နှစ် အ တွင်း အိမ် ခန်း သစ် တ သိန်း ဆောက်ပေးရန် စီမံကိန်းထုတ်သည်။ ထို့နောက် ကျောင်းများတွင် တိုင်းရင်းသားဘာသာစကားအပြင် အင်္ဂလိပ်

ဘာသာနှင့် တမီးလ်ဘာသာကိုပါ သင်ကြားရန် ညွှန်ကြားသည်။ အင်္ဂလိပ်ဘာသာကို အသက်ခြောက်နှစ်မှစ၍ သင်ရမည်ဟု သတ်မှတ်ပြီး လက်ရှိ တက္ကသိုလ် ပညာရေး စနစ်ဟောင်းနေရာတွင် ခေတ်နှင့် ဆီလျော်သော ပညာရေး စနစ်ကို ထူထောင်ကာ ကောလိပ်များ၊ တက္ကသိုလ်များ တိုး၍ ဖွင့်ပေးခဲ့လေသည်။

သုဇန၊ ဆရာတော် ဘဒ္ဒန္တ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ၊ ဝန်းသိုမြို့၊ ခန္ဓီးစာသင်တိုက် (မြန်မာ ၁၂၅၆)။ ။ဆရာတော် ဘဒ္ဒန္တ သုဇနသည် မကွေးတိုင်း ထီးလင်းမြို့ ကဇွန်းဒေါင့်ရွာနေ ခမည်းတော် ဦးလယ်ရောက် မယ်တော်ဒေါ်ရွှေမြင့်တို့မှ သက္ကရာဇ် ၁၂၅၆ ခုနှစ် တော်သလင်း လပြည့်ကျော် ဂ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသည်။ ဦးလယ်ရောက် ဒေါ်ရွှေမြင့်တို့၌ သားသမီးရတနာ တကျိပ်နှစ်ယောက် ထွန်းကားခဲ့ရာ ဆရာတော်သည် ဒုတိယ သားရတနာဖြစ်၍ မောင်သာတိုးဟု အမည်တော် တွင်ခဲ့သည်။



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသုဇန

၁၁ နှစ်သား အရွယ်ဘွင့် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထီးလင်းမြို့ ကဇွန်းဒေါင့်ရွာ ဂိုဏ်းထောက် ဆရာတော်ဘုရားကြီး ထံတော်၌ ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရှင်သာမဏေဘွဲ့မှာ ရှင်သိရိဖြစ်သည်။

၁၂၇၅ ခုနှစ် နတ်တော်လဆန်း ၉ ရက်နေ့တွင် အရှေ့ရေဝန်းတိုက် ဆရာတော်ကြီး ဦးဇယန္တကို ဥပဇ္ဈာယ်ပြု လျက် ဝန်းသိုမြို့ စပါးနှင့်ဆန်ကုန်သည်ကြီး ဦးသာပြော ဒေါ်ဒေါ်အဲတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဝန်းသိုမြို့ ပထမ ခန္ဓီးဆရာတော်ဘုရားကြီးက ရှင်သိရိဟူသော ဘွဲ့တော်ဟောင်းကို ဆန်းဂိုဏ်းနှင့် ညီညွတ်သည့် ဦးသုဇန ဟူသော ဘွဲ့တော်သစ်သို့ ပြောင်းပေးခဲ့ရာ ယနေ့တိုင် ထိုဘွဲ့တော်အမည်ဖြင့် ထင်ရှားလျက်ရှိသည်။

ဆရာတော် ဘဒ္ဒန္တသုဇနသည် ရှင်သာမဏေ ဖြစ်သည်မှစ၍ ကဇွန်းဒေါင့်ရွာကျောင်း ဆရာတော် အရှင်ဥေ့ယျ၊ စင်ပုံရွာကျောင်း ဆရာတော် အရှင်စန္ဒ၊ ကင်းပန်းရွာဂိုဏ်းထောက်ဆရာတော်ကြီး ဦးဂန္ဓမာ၊ ဝန်းသိုမြို့ ပထမ ခန္ဓီး ဆရာတော်ဘုရားများထံ၌ အခြေခံ ပိဋကကျမ်းစာများကို သင်ယူခဲ့သည်။

ရဟန်းဖြစ်သည်မှစ၍ 'ခုနစ်ဝါမြောက် သင်ရိုးပေါက်ရမည်' ဟူသော အဓိဋ္ဌာန်ချက်ဖြင့် ပထမ ခန္ဓီးဆရာတော်ဘုရားကြီးထံတွင် သင်ရိုးပါဠိ အဋ္ဌကထာများကို လေ့လာဆည်းပူးခဲ့ရာ ရဟန်းငါးဝါအရတွင် ထုံနာ၊ လေနာ ရောဂါများ စုံကပ်လာသဖြင့် ပါဠိတော်ကျမ်းရင်း ၂၀ နှင့် အဋ္ဌကထာကျမ်းရင်း ၁၀ ကျမ်းတို့သာ ပေါက်ရောက်ခဲ့သည်။

ရဟန်း ကိုးဝါအရတွင် ပထမ ခန္ဓီး ဆရာတော်ကြီး၏ အစီအစဉ်ဖြင့် မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက် သုဓမ္မာဥက္ကဋ္ဌ ဆရာတော်၊ နန်းတော်ရှေ့ တိုက်တော်ကျောင်း ကျောက်ပန်းတောင်းဆရာတော်များထံတို့၌လည်းကောင်း၊ တောင်ပြင် ဘုရားကြီးတိုက် ပထမ တိုက်အုပ် ဆရာတော် ဘုရားကြီး၊ ရွှေရေးဆောင် ဆရာတော်ဘုရားကြီး၊ ကဗျာနန် ဆရာတော်များ ထံတို့၌လည်းကောင်း၊ အနောက်ပြင် ခင်မကန်တိုက် ဗန်းမော်ကျောင်းဆရာတော် ဦးသုတ၊ စကုတိုက် ဆရာတော် ဦးပဏ္ဍိတတို့ ထံ၌လည်းကောင်း အရှေ့ပြင် စာချုနည်း၊ တောင်ပြင် စာချုနည်းများအတိုင်း သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်း၊ နေတ္တိနည်း စသည်တို့ဖြင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းရိုးသွားကို လေ့လာသင်ကြား ခဲ့သည်။

ဆရာတော် ဘဒ္ဒန္တသုဇနသည် ရဟန်းဖြစ်စတွင် ပထမ ခန္ဓီး ဆရာတော်ဘုရားကြီးထံတွင် ပါဠို၊ အဋ္ဌကထာများကို လေ့လာဆည်းပူးနေစဉ် သံဃာတော်များအား တနေ့လျှင် နေ့ဝါ ညဝါ စာဝါပေါင်း ၁၂ ဝါ ပို့ချပေးခဲ့သည်။ ရဟန်း ခြောက်ဝါအရတွင် ကျေးဇူးရှင် မိခင်ကြီးကို အကြောင်းပြု၍ မိမိရပ်ရွာ ယောဒေသသို့ ပြန်ကာ ရွှေယင်းမာကျောင်း၌ သုံးနှစ်သုံးဝါတိုင်တိုင် ရဟန်းငယ်၊ ရှင်ငယ်တို့အား စာပေပို့ချ သင်ကြားပေးခြင်းဖြင့် ပရိယတ္တိသာသနာကို အားပေးခဲ့သည်။

ရဟန်းသိက္ခာ ၁၂ ဝါ အရွယ်မှစ၍ ဝန်းသိုမြို့ ပထမ ခန္ဓီး ဆရာတော်ဘုရားကြီး၏ ချီးမြှောက်ချက်အရ ခန္ဓီးစာသင်

တိုက်ကြီးတွင် တိုက်အုပ် စာချဆရာတော်အဖြစ် တာဝန်ယူ စီမံအုပ်ချုပ်တော်မူ၍ စာပေကျမ်းဂန်များကို ပို့ချတော်မူခဲ့သည်။

ရဟန်း ၁၉ ဝါအရ တိုက်ပိုင်ဆရာတော် ဖြစ်လာသည်မှစ၍ ခန္ဓီးစာသင်တိုက်ကြီးကိုလည်းကောင်း၊ ဆရာတော် ဘုရားကြီး ချမှတ်ထားခဲ့သည့် ပရိယတ္တိလမ်းစဉ်ကိုလည်းကောင်း တိုးတက်သည်ထက် တိုးတက်အောင် ယခုတိုင် စောင့်ရှောက်အားထုတ်လျက် ရှိလေသည်။

ဆဋ္ဌသံဂါယနာ တင်ပဲ့ကြီး၌ ဆဋ္ဌသံဂါယနာဝန်ဆောင် ဆရာတော်များ ပေးအပ်သော ပါဠိဝိသောဓက တာဝန်နှင့် ဆဋ္ဌသံဂီတိဘာဏက တာဝန်များကို ကျပွန်စွာ ထမ်းဆောင်ခဲ့သည့်ပြင် ကသာခရိုင် ဝိနိစ္ဆယဌာနတွင် ခရိုင်ဝိနည်းဓိုရ် ဆရာတော်အဖြစ် သာသနာရေးကို အားပေးဆောင်ရွက်တော် မူခဲ့သည်။ ၁၉၆၅ ခုနှစ် မှော်ဘီမြို့ သာသနာတော် သန့်ရှင်း ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး ဖြစ်မြောက်ရေးဦးစီးဆရာတော် ၂၁ ပါး တွင်ပါဝင်၍ သာသနာ့ရေးရာများကိုဆောင်ရွက်ခဲ့ပါသည်။ ၁၃၂၃ ခုနှစ်၌ နိုင်ငံတော်အစိုးရက ဆက်ကပ် လှူဒါန်းသည့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော် မူပါသည်။

ဆရာတော်ရေးသားပြုစုခဲ့သောကျမ်းပေါင်း ၂၂ ကျမ်းအနက် ဘာသာအလင်းပြ ကျမ်းကြီးသုံးကျမ်းသည် ဗုဒ္ဓဘာသာဝင်တို့ အသိဉာဏ်အဆင့်အတန်းမီအောင် ရတနာသုံးပါးကိုကြည်ညိုပုံမှစ၍ ဒါနပြုပုံ၊ သီလဆောက်တည်ပုံ၊ ဝိပဿနာအားထုတ်ပုံတို့ကို နိဗ္ဗာန်ရောက်သည်ထိ တိကျပြတ်သားစွာ ရေးသားထားသောကျမ်းကြီးများဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် စာပေကျမ်းဂန် သင်အံပို့ချခြင်းဟူသော ပရိယတ္တိ သာသနာ့တာဝန်ကို ၁၅ နှစ်သား အရွယ်မှစ၍ သက်တော် ၅၈ နှစ်သို့ ရောက်သည့်တိုင်အောင် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်တော် မူခဲ့သည်။ သက်တော် ၅၈ နှစ်သို့ ရောက်သည့်အခါ ဗုဒ္ဓမြတ်စွာ၏ သြဝါဒဒေသနာကို ဦးထိပ်တင်ပန်ဆင်လျက် ဝန်းသိုမြို့နှင့် တမိုင်ကွာသောတောင်ကုန်းကလေးသို့ကြွကာ တရားအားထုတ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ထို့နောက် ခန္ဓီးသာသနာ့ဓိပ်သာကို တည်ထောင်ဖွင့်လှစ်၍ မိမိကိုယ်တိုင် လည်း ကြိုးစား အားထုတ်သည့်ပြင် ရောက်လာသော ရဟန်းရှင်လူတို့အားလည်း မဂ်ဖိုလ် ဉာဏ်ပေါက်နိဗ္ဗာန်သို့ ရောက်အောင် ကြိုးစားအားထုတ်စေသည်။

ဤသို့ သာသနာ့အကျိုးကို သည်ပိုးဆောင်ရွက်တော် မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆန၊ ရတ္တညူမဟာနာယက၊ ဂန္ဆန္တရဗာဟုသစ္စ၊ လောကဗဟုပကာရ၊ ဂန္ထကာရက ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ သုဇနသည် ၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်မြတ်ကို အလှူခံရရှိတော်မူလေသည်။

ဟူဆက်, ဂူစတပ် (ခရစ် ၁၉၁၃)။ ။ချက်ကိုဆလိုဗားကီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဂူစတပ်ဟူဆက်သည် ၁၉၁၃ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ချက်ကိုဆလိုဗားကီးယားနိုင်ငံ ဆလိုဗားကီးယားပြည်နယ် ဗရာတစ်ဆလားဗားမြို့၌ မွေးဖွားသည်။ယင်းမြို့ရှိကမ်မီနိုယတက္ကသိုလ် ဥပဒေဌာနတွင် ပညာသင်ကြားခဲ့သည်။

၁၉၃၈ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ဗရာတစ်ဆလားဗားမြို့၌ အငယ်တန်း ဥပဒေအကျိုးဆောင်အဖြစ် လည်းကောင်း၊ ၁၉၄၃ ခုနှစ်မှ ၁၉၄၄ ခုနှစ်အထိ ရုံးဝန်ထမ်းအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ စလိုဗက်အမျိုးသားပုန်ကန်ရေးတွင် ပါဝင်ခဲ့သူတဦးဖြစ်သည်။

ဟူဆက်သည် ဆလိုဗားကီးယားပြည်နယ်၌ တာဝန်များကို ထမ်းဆောင်ရာတွင် ၁၉၄၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ပြည်ထဲရေးဌာနအကြီးအကဲ၊ ၁၉၄၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ ပို့ဆောင်ရေးနှင့် စက်မှုဌာနအကြီးအကဲ၊ ၁၉၄၆ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ အကြီးအကဲများ အဖွဲ့ဥက္ကဋ္ဌ၊ ၁၉၄၈ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးဌာန အကြီးအကဲ၊ စသည်ဖြင့်တာဝန်များကိုဆောင်ရွက်ခဲ့ရသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၁ ခုနှစ်အထိ ဆလိုဗားကီးယားပြည်နယ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဌာန အကြီးအကဲအဖြစ် တာဝန်ယူခဲ့ရသည်။ ၁၉၅၁ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ နိုင်ငံရေးအရ အကျဉ်းကျခံခဲ့ရသည်။



သမ္မတ ဒေါက်တာဂူစတပ် ဟူဆက်

၁၉၆၀ ပြည့်နှစ်မှ ၁၉၆၃ ခုနှစ်အထိ ဗရာတစ်ဆလား ဗားမြို့၌ ဆောက်လုပ်ရေးလုပ်ငန်းတွင်လည်းကောင်း၊ ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဥပဒေတက္ကသိုလ်၊ ဆလိုဗက် အသိပညာတံခွန်အသင်း ကျွမ်းကျင်လုပ်သား အဖြစ်လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ် အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့လေသည်။

နိုင်ငံရေးဆောင်ရွက်မှုခရီးစဉ်၌ ဟူဆက်သည် ၁၉၆၈ ခုနှစ်မှစတင်၍ ဆလိုဗားကီးယားပြည်နယ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၆၈ ခုနှစ်မှ ၁၉၆၉ ခုနှစ်ထိ သဘာပတိအဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့လေသည်။ ၁၉၇၁ ခုနှစ်တွင် ပထမအတွင်းရေးမှူး ဖြစ်လာသည်။ ၁၉၇၅ ခုနှစ် မေလမှစတင်၍ ချက်ကိုဆလိုဗက် ဆိုရှယ်လစ်သမ္မတနိုင်ငံတော်၏ သမ္မတကြီးအဖြစ်ဖြင့် တာဝန်ယူခဲ့ရလေသည်။

ဟူဆက်သည် တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေစဉ်အတွင်း ကလဲမင့်ဂေါ့တဝေါ ဘွဲ့တံဆိပ်၊ လီနင်ဘွဲ့တံဆိပ်၊ ချက်ကိုဆလိုဗက်ဆိုရှယ်လစ် သမ္မတနိုင်ငံ သူရဲကောင်း ဘွဲ့တံဆိပ်နှင့်ဝိတိုရိယ(အောင်ပွဲခံ)ဘွဲ့တံဆိပ်များကို အပ်နှင်းခြီးမြှင့်ခြင်းခံရသည်။

ဟစ်ချကော့, အဲဖရက် (ခရစ် ၁၉၀၀–၁၉၇၀) ။ ။ ရုပ်ရှင်ဒါရိုက်တာ အဲဖရက် ဟစ်ချကော့သည် အင်္ဂလန်ပြည်တွင် မွေးဖွားသည်။ ရိုမင်ကက်သလစ်ကောလိပ်နှင့်လန်ဒန်တက္ကသိုလ်တွင် အနုပညာနှင့် အင်ဂျင်နီယာပညာတို့ကို သင်ယူခဲ့သည်။ ရုပ်ရှင်နယ်သို့ ၁၉၂၅ ခုနှစ်တွင် ဝင်ရောက်ခဲ့သည်။ အယ်မာဆိုသူနှင့် ၁၉၂၆ ခုနှစ်တွင် လက်ထပ်ခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အတွင်းက ဗြိတိသျှ ပြန်ကြားရေးဝန်ကြီးဌာနအတွက် ဝါဒဖြန့်ရုပ်ရှင်ကားများရိုက် ကူးပေးခဲ့ရသည်။ ထိုနောက် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယား ပြည်နယ်သို့ ပြောင်းရွှေ့ကာ အမေရိကန်နိုင်ငံသားအဖြစ် ခံယူသည်။

ဒါရိုက်တာ ဟစ်ချကော့ ရိုက်ကူးခဲ့သည့် ရုပ်ရှင်ကားများအနက် 'သီဗဒ်' နှင့် 'တိုပတ်' ဇာတ်ကားများသည် ဟရီသတ် အားပေးမှု ထင်သလောက် မရခဲ့ခြင်းကြောင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ပြန်ပြီး 'ဖရင်တီ'အမည်ရှိ သဲထိတ်ရင်ပို့ ရုပ်ရှင်ဇာတ်ကားတကားရိုက်ခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် လူကြိုက်များပြီး နာမည်ကြီးလာသည်။ ဟစ်ချကော့ရိုက်ကူးခဲ့သော ဇာတ်ကားများသည် သဲထိတ်ရင်ပို့နှင့် ကျောချမ်းစရာ ဇာတ်လမ်းများ ပါစမြဲဖြစ်သည်။

ဟစ်ချကော့သည် ကက်သလစ် ဘာသာဝင်တဦးဖြစ်သည်။ သူ၏ကိုယ်ပိုင် ယုံကြည်ချက်အတိုင်း ထိတ်လန့်



ရုပ်ရှင်ဒါရိုက်တာ အဲဖရက်ဟစ်ချကော့

ကြောက်ရွံ့ဖွယ် ဇာတ်ကားများကို ရိုက်ကူးခဲ့ရာ ရုပ်ရှင်သမိုင်းတွင် ဟစ်ချကော့ ဇာတ်ကားများ ဟူ၍ သီးခြားဝိသေသပြုခြင်းခံရသည်အထိ အောင်မြင်ကျော်ကြားခဲ့လေသည်။

အထူးသဖြင့် 'စပယ်ဘောင်း'၊ 'လိုက်ဘုတ်'၊ 'ရှယ်ဒိုးအော့အဒေါက်'၊ 'ရယ်ဝင်းဒိုး'၊ 'ဆိုက်ကို' စသည်တို့သည် ဂန္ဆဝင်မြောက်အောင်ပင် ကမ္ဘာကျော်လူကြိုက်များခဲ့သည်။

'ရီဗကွား' ဇာတ်ကားသည် ၁၉၄၀ ပြည့်နှစ်အတွက် အကောင်းဆုံးဇာတ်ကားဆု ရခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အဆင့်မြင့် ရုပ်ရှင်များပုံမှန် ရိုက်ကူးထုတ်လုပ်သူ အဖြစ် ရုပ်ရှင်အနုပညာနှင့် ရုပ်ရှင်သိပ္ပံအကယ်ဒမီမှ ဆုချီးမြှင့်ခဲ့သည်။ ၁၉၇၉ ခုနှစ် မတ်လ ၇ ရက်နေ့တွင် အမေရိကန်ဖလင် သိပ္ပံမှ တသက်တာ စွမ်းဆောင်မှုဆုဖြင့် ဟစ်ချကော့အား ဂုဏ်ပြုခဲ့သည်။

၁၉၈၀ ပြည့်နှစ် ဧပြီလ ၂၉ ရက်နေ့တွင် လော့အိန်ဂျလိမ္မိုဠ် ကွယ်လွန်သည်။

ဟွမ်ဟွာ (ခရစ် ၁၉၁၃) ။ ။တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဖြစ်သူ ဟွမ်ဟွာသည် ဟိုပေပြည်နယ် ချီရှန်ခရိုင် ဇာတိဖြစ်သည်။ ၁၉၁၃ ခုနှစ်တွင် မွေးဖွားသည်။ ၁၉၃၆ ခုနှစ်တွင် တရုတ်ပြည် ကွန်မြူနစ် ပါတီဝင်တဦးဖြစ်လာသည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပြီး ပေဗိန်မြို့ ကျောင်းသားသမဂ္ဂ ပါတီနှင့်လူငယ်အဖွဲ့တွင် အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။



ဒုတိယဝန်ကြီးချုပ် ဟွမ်ဟွာ

၁၉၃၆ ခုနှစ်တွင် ရှန်ရှီးပြည်နယ်မြောက်ပိုင်း တော်လှန်ရေး အခြေခံဒေသသို့ သွားရောက်၍ တပ်နီဌာနချုပ်နှင့် ဗဟိုကော်မတီ စစ်ကော်မရှင်တို့တွင် စကားပြန်အဖြစ် ဆောင်ရွက်သည်။

ထို့နောက် ၁၉၄၄ ခုနှစ် နောက်ပိုင်းတွင် ပေဖိန်မြို့ စစ်ရေးညှိနှိုင်းမှုဌာနတွင် တရုတ်ပြည် ကွန်မြူနစ်ပါတီဘက်မှ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ပြန်ကြားရေးဌာနခွဲမှူးအဖြစ်လည်းကောင်း၊ ၁၉၄၉ ခုနှစ်မှ ၁၉၅၃ ခုနှစ် အထိ ထင်ကျင်၊ နန်းကင်း၊ ရှန်ဟဲမြို့ရှိ စစ်အုပ်ချုပ်ရေးကော်မတီ နိုင်ငံခြားရေး ဌာနခွဲမှူးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၅၄ ခုနှစ်နောက်ပိုင်းကာလများတွင် ရဲဘော် ချူအင်လိုင်းနှင့် အတူလိုက်ပါ၍ ဂျီနီဗာ ညီလာခံနှင့် ပထမ အကြိမ်မြောက် အာရှ၊ အာဖရိက၊ ညီလာခံများသို့ တက် ရောက်ခဲ့သည်။ တရုတ်ပြည် ကိုယ်စားလှယ်အဖွဲ့၏ ပြောရေး ဆိုခွင့်ရရှိသော ပုဂ္ဂိုလ်တဦးအဖြစ် တာဝန်ယူခဲ့သည်။

ထို့နောက် ဟွမ်ဟွာသည် နိုင်ငံရေးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူပြီး ဂါနာနိုင်ငံ၊ အာရပ်ပြည်ထောင်စု သမ္မတနိုင်ငံ၊ ကနေဒါနိုင်ငံနှင့် ကုလသမဂ္ဂဆိုင်ရာ တရုတ် အမြဲတမ်းကိုယ်စားလှယ် ဖြစ်လာသည်။ ၁၉၇၆ ခုနှစ်တွင် တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

ဟွမ်ဟွာသည် တရုတ်ပြည် ကွန်မြူနစ်ပါတီ ၁၀ ကြိမ်မြောက်၊ ၁၁ ကြိမ်မြောက် ဗဟိုကော်မတီဝင်တဦး ဖြစ်ပြီး ပဉ္စမ အကြိမ်မြောက် ပြည်လုံးဆိုင်ရာ ပြည်သူ့ ကွန်ဂရက် တတိယ အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရလေသည်။

အခြေခံအမှုန်များ။ ။အလုံးစုံသော ဒြပ်ပစ္စည်းများကို ဖွဲ့စည်းရာတွင် ပါဝင်သည့် အသေးဆုံး အစိတ်ပိုင်းကို အခြေခံအမှုန်ဟူ၍ သတ်မှတ်ခေါ်ဝေါ်သည်။ ရုပ်ဒြပ်တို့ကို ဖွဲ့စည်းတည်ဆောက်ရာတွင် "အုတ်ချပ်" ကလေးများအဖြစ် ပါဝင်သည့် ဤအခြေခံအမှုန်များသည် စကြဝဠာအနန္တ အတွင်း ရှိရှိသမျှအစိတ်အပိုင်းများတွင် အသေးငယ်ဆုံး အမှုန်များဖြစ်ပေသည်။

ရှေးပဝေသဏီကပင် အခြေခံအမှုန်ကို ရှာပုံတော် ပွင့်ခဲ့ကြသည်။ ရှေးခေတ် ခေါမဒဿန ပညာရှင် အပေါင်းတို့သည် အက်တမ်အသိသညာကို စတင်အဆိုပြု သုံးစွဲခဲ့ကြသည်။ အက်တမ်ဟူသည်မှာ ထပ်ဆင့်စိတ်ဖြာ၍ မရနိုင်တော့သည့် အဆုံးသတ် ဒြပ်မှုန်များပင် ဖြစ်ချေသည်ဟု လက်ခံယုံကြည်ခဲ့သည်။ အက်တမ်များသည် ရုပ်ဒြပ်တို့၏ အခြေခံအမှုန်များ ဖြစ်သည်ဟူသောအချက်ကို နှစ်ပေါင်းနှစ်ထောင်ကျော်မှအစပြု၍ လက်ခံလာခဲ့ကြရာမှ ၁၉ ရာစု အဆုံးသတ်ပိုင်း၌ အီလက်ထရွန်ကို တွေ့ရှိလိုက်သောအခါ အက်တမ်ကို အခြေခံအမှုန်အဖြစ် သတ်မှတ်လက်ခံထားခြင်းကို စွန့်လွှတ်လိုက်ရသည်။ အက်တမ်တွင် အီလက်ထရွန်ပါရှိနေခြင်းကြောင့် အက်တမ်၌ အတွင်းပိုင်း ဖွဲ့တည်ထားခြင်းရှိနေသည်။ ထိုကြောင့် အခြေခံအမှုန်မဖြစ်နိုင်။ အီလက်ထရွန်သည်သာ အခြေခံအမှုန်ဖြစ်သည်ဟု သတ်မှတ်သည်။ ယင်းသည် ကနဦးဆုံး တွေ့ရှိခဲ့သည့် အခြေခံအမှုန်ဖြစ်သည်။

နှစ်ဆယ်ရာစုအစဦးပိုင်းတွင် ဖိုတွန်ဟူသောအသိသညာပေါ်ထွန်းလာသည်။ အလင်းနှင့် အခြား လျှပ်စစ်သံလိုက် ဖြာထွက်မှုများ၌ လှိုင်းသဘာဝသာမက အမှုန် သဘာဝလည်းရှိကြောင်း၊ ဖြာထွက်မှုအပေါင်းတို့သည် ဖိုတွန်ခေါ် စွမ်းအင်ထုပ်ကလေးများနှင့် အတိုပြီးနေကြောင်း အိုင်စတိုင်းက ၁၉၀၅ ခုနှစ်၌ အဆိုပြုတင်ပြလာသည်။ အိုင်စတိုင်း၏ ဖိုတွန်သီအိုရီသည် အထင် ကြီးရလောက်သော အောင်မြင်မှုများကို ဆက်တိုက်ရရှိလာသောအခါ ဖိုတွန်ကို အခြေခံအမှုန်အဖြစ်မတွန့်မဆုတ်လက်ခံလာကြသည်။ဖိုတွန်တွင် ဝိသေသထူးသောဂုဏ်သတ္တိများ ရှိနေသည်။ယင်းသည် လျှပ်စစ်နှင့် ဒြပ်ထုမဲ့၍အလင်း၏အလျင်နှင့် ရွေ့ရှားသည်။ဖိုတွန် အသိသညာပေါ် ထွက်ပြီးနှစ်အနည်းငယ်အတွင်းမှာပင် တတိယမြောက်အခြေခံအမှုန်ကို တွေ့ရှိပြန်သည်။ ရပ်သာဖို၏ အယ်လဖာမှုန်လွှင့်စဉ်ခြင်းစမ်းသပ်ချက်မှ အက်တမ်၌ နျူကလီယ ပါရှိကြောင်း သိရှိရသည်။ အပေါ်ဆုံးအက်တမ်ဖြစ်သည့် ဟိုက်ဒရိုဂျင်အက်တမ်၏ အဆန်ဖြစ်သည့် နျူကလီယမှာ ပရိုတွန်ဟူသော အမှုန် ဖြစ်ပြီး၊ ယင်း ပရိုတွန်ကို တတိယမြောက်တွေ့သိရသည့် အခြေခံအမှုန်ဟု အသိ အမှတ်ပြုကြသည်။

၁၉၃၀ ပြည့်နှစ်သို့ ရောက်ရှိသောအခါ အခြေခံအမှုန်စာရင်းတွင် ပိုစီထရွန်၊ နျူထရွန်နှင့် နျူထရိနိုဟူသော အမှုန်သစ်များတိုးချဲ့လာသည်။ ပိုစီထရွန်မှာ အဖို့အီလက်ထရွန်ဖြစ်သည်။ ဤအမှုန်မျိုးရှိရမည်ဟု သီအိုရီပိုင်းဆိုင်ရာ တွက်ချက်မှုများအရ ကြိုတင်ဟောကိန်း ထုတ်ထားရာမှ များမကြာမီ အချိန်အတွင်း လက်တွေ့ စမ်းသပ်ချက်ဖြင့် တိုင်းတာ ရှုမှတ်မိလေသည်။ နျူထရွန်သည် လျှပ်စစ်မဲ့ အမှုန်ဖြစ်၍ ယင်းသည် အမလျှပ်စစ်ဆောင် အီလက်ထရွန်ထက် အဆ နှစ်ထောင်ခန့် လေးပြီး အဖို့လျှပ်စစ်ဆောင် ပရိုတွန်ထက် မဆိုစလောက် ပို၍လေးသည်။ နျူထရွန်ကို ၁၉၃၂ နှစ်၌ ချက်ဒဝစ်က တွေ့ရှိခဲ့သည်။ နျူထရိနိုမှာမူ လျှပ်စစ်နှင့် ဒြပ်ထုမဲ့သည်။ ဗီတာယိုယွင်းမှု ဖြစ်စဉ်ကို ပြေလည်စွာ ရှင်းပြနိုင်ရန် ပေါ်လီဆိုသူက သီအိုရီရှုထောင့်အရ အဆိုပြုထားသည့် အမှုန်ဖြစ်သည်။ လက်တွေ့ တိုင်းတာချက်ဖြင့်ကား တိုင်းတာတွေ့ရှိခြင်း မရှိသေးချေ။ သီအိုရီပိုင်းဆိုင်ရာ မှန်းဆချက်သက်သက်သာ ဖြစ်သော်လည်း ခိုင်လုံသော အကြောင်းရပ်များကြောင့် နျူထရိနိုအမှုန်တကယ် တည်ရှိရပေမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ကြသည်။ (၁၉၅၇ ခုနှစ် ရောက်သောအခါမှ နျူထရိနိုကို အောင်မြင်စွာ ထောက်လှမ်း တိုင်းတာမိလေသည်။)

ယူကွန် သို့မဟုတ် ဂျပန်အီလက်ထရွန် သို့မဟုတ် မယ်စွန်

၁၉၄၀ ပြည့်နှစ် ရောက်ရှိလုနီးလာသောအခါ နျူကလိယ (အက်တမ်၏အဆုန်) အတွင်း စုစည်းမိနေကြသော နျူထရွန်များ အကြားဥွလည်းကောင်း၊ ပရိုတွန်များ အကြားဥွလည်းကောင်း ပြန်လှန်သက်ရောက်နေသော အပြင်းစားနျူကလီးယားအားကို ဖြစ်ပေါ် စေသည့် အခြေခံအမှုန်တမျိုး ရှိရလိမ့်မည်ဟု ဂျပန်ရူပဗေဒပညာရှင် ယူကာဝါက သီအိုရီဆိုင်ရာ တွက်ချက်မှုများ၏ ရလဒ်အပေါ် အခြေခံ၍ ဟောကိန်းတရပ်ထုတ်လိုက်သည်။ ဤအခြေခံအမှုန်သစ်၏ ဒြပ်ထုမှာ အီလက်ထရွန်ဒြပ်ထု၏ အဆသုံးဆုနည်းပါး ရှိရမည်ဟူ၍ တွက်ချက်ခန့်မှန်းထားသည်။ ဒုတိယ ကမ္ဘာစစ်ကြီးမတိုင်မီ ကော့စမစ်ရောင်ခြည်ဆိုင်ရာ စူးစမ်းချက်များမှ အီလက်ထရွန်ဒြပ်ထု အဆသုံးဆုခန့်ရှိ အမှုန်သစ်တခုကို တွေ့ရှိသောအခါ ယူကာဝါဟောကိန်းထုတ်ထားသည့် အမှုန်ကို တွေ့ရှိပေပြီဟုမှတ်ထင်ကြလေသည်။ ယင်းကို မယ်စွန်ဟုမှည့်ခေါ်သည်။ ဤမယ်စွန်၏ ဂုဏ်သတ္တိများကို ဆက်လက် စူးစမ်း လေ့လာကြည့်သောအခါ နျူကလီးယားအားကို ဖြစ်ပေါ် စေသည့်အမှုန်၌ ရှိရမည့် အရည်အချင်းမျိုးမရှိသည်ကို တွေ့ရှိရသည်။ ယင်းအမှုန်သည် အပြင်းစား ပြန်လှန် သက်ရောက်မှု၌ အကျုံးဝင်သည့်အမှုန်မျိုးမဟုတ်မှုပဲအ ပျော့စားပြန်လှန်သက်ရောက်မှု၌သာ အကျုံးဝင်သည့်အမှုန်မျိုး ဖြစ်နေသည်။ ထိုကြောင့် ယင်းအမှုန်သည် ယူကာဝါ အဆိုပြုထားသည့် အမှုန်မဖြစ်နိုင်ပေ။ ယင်းအမှုန်၏ ဒြပ်ထုသည် သီအိုရီမှဟောကိန်းအတိုင်းဖြစ်နေပါလျက် ယင်း၏ ပြုမူပုံမှာ သီအိုရီ၏ဟောကိန်းနှင့် ကွဲလွဲနေရခြင်းကို သုတေသီအပေါင်းတို့ နားမလည်နိုင်အောင် ဖြစ်နေကြသည်။ နောင် စစ်ကြီးပြီးသောအခါ ပါဝဲနှင့် အပေါင်းပါတို့က ကော့စမစ်ရောင်ခြည်ဆိုင်ရာ သုတေသနပြုချက်မှပင် အထက်ပါအမှုန်နှင့် ဒြပ်ထုမတိမ်းမယိမ်းရှိသည့်နောက် မယ်စွန်တခုကို တွေ့ရှိလိုက်သောအခါမှ ပြဿနာမှာရှင်းသွားလေသည်။ ဤမယ်စွန်အသစ်၏ ဂုဏ်သတ္တိအလုံးစုံသည် ယူကာဝါ၏ အမှုန်၌ရှိအပ်သည့် ဂုဏ်သတ္တိများပင်ဖြစ်နေ၏။ ပထမတွေ့ရှိသည့် အမှုန်ကို မြူမယ်စွန်၊ နောက်တွေ့ရှိသည့်အမှုန်ကို ပိုင်မယ်စွန်ဟူ၍ ခွဲခြားအမည်ပေးလိုက်ကြသည်။ ပိုင်အွန်နှင့် မြူအွန်ဟူ၍လည်း သမုတ်သည်။

သာမန်ဒြပ်သားအတွက်အခြေခံအမှုန်များ

နှစ်ဆယ်ရာစုပထမပိုင်း မကုန်ဆုံးမီတွေ့သိပြီးသည့် အအထက်ပါအခြေခံ အမှုန်များသည် သဘာဝမှ အခြေခံအမှုန် အကုန်အစင် နည်းပါးဖြစ်တန်ရာသည်ဟု ထိုခေတ် ရူပဗေဒပညာရှင်အများစုက ထင်မြင်ယူဆကြသည်။ ခိုင်လုံသော အကြောင်းအချက်အပေါ် အခြေခံ၍ ဤသို့ ထင်မြင်ယူဆခြင်းဖြစ်သည်။အကြောင်းရင်းကား ဤသို့တည်း။ ပရိုတွန်နှင့် နျူထရွန်တို့ စုဝေးပေါင်းစည်း၍ နျူကလိယကို ဖွဲ့စည်း ဆောက်တည် ထားသည်။ နျူကလိယနှင့် အီလက်ထရွန်များကို ထပ်ဆင့်တဲ့ဖက် နှောင်ထားခြင်းကြောင့် အက်တမ်ဖြစ်ပေါ် လာသည်။တဖန်အက်တမ်အမျိုးမျိုးကို ပေါင်းစည်းရာမှ မော်လီကျူး၊ ဒြပ်ပေါင်း၊ အစိုင်အခဲ၊ဋ္ဌေရည် စသည့် သာမန်ဒြပ်သားများကို ဖြစ်ပေါ် လာစေသည်။ ထိုကြောင့် မြင်တွေ့ကိုင်တွယ် မှတ်သားနိုင်သော ဒြပ်ဝတ္ထုမှန်သမျှ၏ ဖွဲ့စည်းဆောက်တည်မှုအတွက် အီလက်ထရွန်၊ ပရိုတွန်နှင့် နျူထရွန်သာလိုအပ်သည်။ ပရိုတွန်နှင့် နျူထရွန်များကို စည်းနှောင်စုဝေးပေးထားသည့်အမှုန်မှာ ပိုင်မယ်စွန်ဖြစ်သည်။ နျူကလိယနှင့် အီလက်ထရွန်များကိုစည်းနှောင်ပေးသည့် လျှပ်စစ်သံလိုက် ပြန်လှန်သက်ရောက်မှုတွင် ဖလှယ်အမှုန်အဖြစ် ပို့တွန်ပါဝင်နေသည်။ ပိုင်မယ်စွန်သည် ခိုင်မြဲသောအမှုန်မဟုတ်သဖြင့် သက်တမ်းကုန်သောအခါ ယိုယွင်းသွားပြီး မြူမယ်စွန်အဖြစ်သို့ ဘဝပြောင်းသွားသည်။ မြူမယ်စွန်သည်လည်း မခိုင်မြဲချေ။ ယင်းသည် အချိန်တန်လျှင် ယိုယွင်း၏။ မြူမယ်စွန်သည် ဒြပ်ထုကြီးနေသည်မှအပ ယင်း၏ပြုမူပုံအရပ်ရပ်သည် အီလက်ထရွန်နှင့်

ဆင်တူနေခြင်းကြောင့်ယင်းကို အီလက်ထရွန်အလေးစားဟု သဘောထားကြသည်။ ပိုစီထရွန်မှာ အီလက်ထရွန်၏ ဆန့်ကျင်ဘက်အမှုန်ဖြစ်ပြီး ယင်းနှင့် အီလက်ထရွန်တို့ပေါင်းစပ်မိ၍ ဘဝချုပ်ငြိမ်းသွားသော် ဖိုတွန် ဖြစ်ပေါ်လာသည်။ ဗီတာ ယိုယွင်းမှုဖြစ်စဉ်၌ အီလက်ထရွန်ကို သော်လည်းကောင်း၊ပိုစီထရွန်ကိုသော်လည်းကောင်း ထုတ်လွှတ်သည်။ ထိုသို့ထုတ်လွှတ်ရာ၌ ရှူထရီနိုအမှုန်ကိုပါ တပါတည်းထုတ်လွှတ်စမြဲဖြစ်သည်။

ဤသို့လျှင် သာမန်ဒြပ်သားကို ဖွဲ့စည်းထားတွင် ပါဝင်သည့် အခြေခံအမှုန်များ၊ ထိုအမှုန်များအကြား ပြန်လှန်သက်ရောက်မှုတွင် ဖလှယ်ခြင်းခံနေရသော အမှုန်များနှင့် တကွ အမှုန်များအချင်းချင်း ဆက်စပ်ပတ်သက်နေပုံကို သိရှိနားလည်ကြသည့် အခြေအနေသို့ ဆိုက်ရောက်လာချိန်တွင် ရှေတန်းသုတေသီအပေါင်းတို့သည် ကျေနပ်နှစ်သိမ့်မိကြသည်။ အခြေခံအမှုန်ရှာပုံတော်ကို အဆုံးသတ်နိဂုံးချုပ်ရတော့အံ့ဟု ယုံကြည်နေကြသည်။

ရူပဗေဒနယ်ပယ်မှ အခြေအနေအရပ်ရပ်သည် ဤသို့တည်ငြိမ်မှုရရှိနေရာမှ များမကြာမီအတွင်း အုံကြွလှုပ်ရှားလာရပြန်သည်။

အခြေခံအမှုန် ဦးရေပေါက်ကွဲမှု

၂၀ ရာစု ဒုတိယပိုင်းသို့ စတင်ဝင်ရောက်လာချိန်တွင် ရူပဗေဒပညာရှင်တို့က စုဝေးမိနေသည့် ကာလီဖိုးနီးယား တက္ကသိုလ်ကျောင်းတော်ကြီး၌ စင်ခရိုထရွန်ဟု ခေါ်တွင်သည့် စွမ်းအင်မြင့် အမှုန်အရှိန် ပေးစက်တခုကို တည်ဆောက်ပြီးစီးလေသည်။ ဤစက်သည် ယနေ့အခါ မဟာအရှိန်ပေးစက် အရှိန်ပေးစက်ဟု ခေါ်ဆိုသံုးနှုန်းနေသည့် စွမ်းအင်အလွန်မြင့်မားသော အမှုန်အရှိန်ပေးစက် အမျိုးအနွယ်၏ ရှေတော်ပြေးစက်ကြီး ဖြစ်ပေသတည်း။ ယင်းစက်ကြီးဖြင့် ယူကာဝါ၏ မယ်စွန်ကို လက်တွေ့စမ်းသပ်ခန်းတွင် အောင်မြင်စွာ ဖန်တီးမွေးထုတ်လိုက်နိုင်သည်။ ဆက်တိုက်ဆိုသလိုပင် အခြားသော မယ်စွန်များနှင့် အခြေခံအမှုန် အသစ်အဆန်းများကိုလည်း တွေ့ရှိလာသည်။ အခြေခံအမှုန်ဦးရေ ဖောင်းပွပေါက်ကွဲမှုအစ ထိုအခါမှဟုဆိုစမှတ် ပြုကြလေသည်။

အခြေခံ အမှုန်အရေအတွက်တိုး၍ လာသည်နှင့်အမျှ အဖြေထုတ်ရှင်းလင်း ပေးရမည့် မေးခွန်းအသစ် ပဟေဠိ အဆန်းများသည်လည်း အလိုက်သင့်ပွားများ လာတော့သည်။ အဖြေသိလျှင် ပိတိဖြစ်၍ အဖြေမသိ မည်နိုင်လျှင် တက်ကြွလာတတ်သည့် ရူပဗေဒ သုခမိန်များအဖို့ သုတေသန ဗျူဟာသစ်တရပ်ချမှတ်၍ ဆောင်ရွက်ကြရန် နောက်တိုး သုတေသန နယ်ပယ်တရပ်ကား ထွန်းပေါ်လာပေပြီ။

အခြေခံအမှုန်များအား မျိုးခွဲခြင်း

ထိုအချိန်က ရူပဗေဒညာရှင်အပေါင်း ရင်ဆိုင်ရသည့် အခြေအနေမျိုးသည် ဂါလာပဂို်ကျန်းသို့ ချားလ်ဒါဝင် စတင်ဆိုက်ရောက်ချိန်က ကြုံကြိုက်ရသည့် အခြေအနေမျိုးနှင့် ဆင်တူလှပေသည်။ ထိုကျွန်းပေါ်သို့ ဒါဝင်စတင် တက်ရောက်လာသောအခါ ငှက်အမျိုးအစားပေါင်းမြောက်မြားစွာကို တွေ့ရှိလေသည်။ ထိုငှက်များကို စနစ်တကျ ထိရောက်စွာ လေ့လာနိုင်ရန် အလို့ငှာ ပထမအဆင့် အနေနှင့် မျိုးစုအမျိုးမျိုး ခွဲခြားလိုက်သည်။ ထိုနောက် မျိုးစုတခုချင်းကို ဆင့်ပွားမျိုးခွဲများအဖြစ် ထပ်ဆင့်ခွဲခြားရပြန်သည်။ ဤသို့ထပ်ဆင့် ခွဲခြား၍ ရသည့်မျိုးခွဲတခုစီမှ ငှက်များ၏ ဂုဏ်သတ္တိ အရည်အချင်းများကို ပို၍ အသေးစိတ်ကျကျ လေ့လာခြင်း၊ တကောင်နှင့်တကောင် ပြန်လှန်သက်ရောက်မှုပြုပုံ၊ ပတ်သက်ဆက်နွယ်နေပုံကို စနစ်ကျစွာ လေ့လာခြင်း၊ ဆင့်ပွားမျိုးခွဲများအကြား နွယ်စပ်ထိပါးနေပုံကို ရှုမှတ်ခြင်း စသည်တို့ကို အဆင့်ဆင့်လုပ်ဆောင်သွားလေသည်။ ထိုသို့ လုပ်ဆောင်ရာမှ စုဆောင်းမိသော အချက်အလက် အစုံအလင်ကို ခြုံငုံ၍ သိပ္ပံနည်းကျစွာ သုံးသပ်ယူပြန်သည်။ တိုးပွားများပြားနေသော အခြေခံအမှုန်တို့ကို ရင်ဆိုင်နေရပြီဖြစ်သော အမှုန်ရူပဗေဒပညာရှင်များသည်လည်း ဒါဝင်၏ နည်းလမ်းအတိုင်း လိုက်ရမည်သာ ဖြစ်တော့သည်။ ထိုကြောင့် တွေ့ရှိပြီးသမျှသော အမှုန်များကို ဦးဆုံးမျိုးခွဲရမည် ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်မတိုင်မီ တွေ့ရှိပြီးဖြစ်သည့် အခြေခံ



ကာလီဖိုးနီးရား တက္ကသိုလ် ရှိ စင်ခရိုထရွန်ဟုခေါ်သည့် မဟာအရှိန်ပေးစက်

ယင်းအမှုန်များကို ဒြပ်ထုမဲ့ဗိုစွန်၊ လက်ပတွန်၊ မယ်စွန်နှင့် ဗယ်ရီယွန်အုပ်စုများအဖြစ် အမျိုးအစားခွဲခြားလိုက်သည်။ အမျိုးအစား (အုပ်စု) တခုချင်းအတွက်မှာပင် အုပ်စုခွဲများရှိနိုင်သည်။ တဘက်ပါ ဇယားတွင် အုပ်စုအသီးသီးမှ အမှုန်အချို့ကို ရွေးထုတ်ဖော်ပြထားသည်။

ဇယားတွင်ဖော်ပြထားသော အမှုန်များမှာ အခြေခံအမှုန်များအနက်မှ သက်တမ်း အရှည်ဆုံးအမှုန်များ ဖြစ်သည်။ အခြေခံအမှုန်များနှင့်ဆိုင်ရာ သက်တမ်း အတိုင်းအတာအရ ဆိုထားခြင်းဖြစ်သည်။ သာမန် နေ့စဉ် ကြုံဆုံရင်ဆိုင်နေရသည့်ချိန်တာနှင့်စာလျှင် မှန်းဆ၍မရလောက်အောင်ပင်တိုတောင်းလှသည်။ သက်တမ်းအရ အမှုန်များကို အုပ်စုသုံးခု ခွဲခြားနိုင်သည်။ အခိုင်မြဲဆုံး အမှုန်များ၏ သက်တမ်းသည် ၁၀$^{-16}$ စက္ကန့်မှ (ထိပါးခြင်း မခံရလျှင်) ထာဝရ ခိုင်မြဲသည်အထိရှိသည်။ အလယ်အလတ် သက်တမ်းရှိ အုပ်စုတွင် ပါဝင်ကြသည့် အမှုန်များ၏ သက်တမ်းမှာ ၁၀$^{-6}$ စက္ကန့်မှ ၁၀$^{-10}$ စက္ကန့်အထိ ဖြစ်သည်။ မခိုင်မြဲဆုံး အုပ်စုမှ အမှုန်များ၏ သက်တမ်းသည် ၁၀$^{-23}$ စက္ကန့်အထိပင် တိုတောင်းနိုင်သည်။ ၁၀$^{-16}$ စက္ကန့်ဆိုသည်မှာ တစ်စက္ကန့်၏ အပုံ တသန်းလျှင် တပုံနှင့် ညီမျှသည်။ ဆိုလိုသည်မှာ တစ်စက္ကန့်သည် ၁၀$^{-16}$ စက္ကန့်ချိန်တာထက် အဆတသန်း ကြာရှည်သည်။ တဖန် ၁၀$^{-16}$ စက္ကန့်သည် ၁၀$^{-24}$ စက္ကန့်ထက် အဆတသန်း၊ ၁၀$^{-24}$ စက္ကန့်သည်၁၀$^{-30}$ စက္ကန့်ထက် အဆတသန်း ဆင့်ကဲဆင့်ကဲ ရှည်ကြာသည်။ ၁၀$^{-30}$ စက္ကန့်မှာမူ ၁၀$^{-24}$ စက္ကန့်ထက် အဆပေါင်းတသိန်း ကြာရှည်နေပြန်သည်။ ၁၀$^{-8}$ စက္ကန့်သည်ပင်လျှင် အံ့မခန်း တိုတောင်းလှပေရာ ယင်းထက်ပင် ဆင့်ကဲဆင့်ကဲ အဆပေါင်းမြောက်မြားစွာ တိုတောင်းလှသည့် ၁၀$^{-24}$ စက္ကန့်ပမာဏ အဆင့်ချိန်တာမျိုးသည် သာမန် အမြင် အသိနှင့် မှန်းဆကြည့်ရန် လွန်ကဲစွာ ခက်ခဲလိမ့်မည် ဖြစ်ပေသည်။

သက်တမ်း အတိုတောင်းဆုံးသော အမှုန်များကို ရယ်ဇိုးနှင့်များဟု ခေါ်သည်။ အောက်ပါပုံတွင် အခြေခံအမှုန်များ အသီးသီးအား တွေ့ရှိရာ ခုနှစ် များကို ဖော်ပြထားသည်။

ဇယားတွင်ဖော်ပြထားသည့် မျိုးစုများတွင်ပါဝင်သော အမှုန်များကို ဖော်ပြရသော်–

- ပိုတွန်သည် တခုထီးတည်း သီးခြား အုပ်စုတွင်ရှိသည်။
- လက်ပတွန်မိသားစုတွင် အီလက်ထရွန်၊ မြူအွန်၊ နျူထရိုနှိုနှင့် ယင်းတို့အသီးသီး၏ ဆန့်ကျင်ဘက် အမှုန်များပါရှိသည်။
- မယ်စွန်မိသားစုတွင် ပိုင်အွန်၊ ကေအွန်နှင့် တောတို့ပါရှိသည်။

အမည်	သင်္ကေတ	ခိုင်မြဲမှု	သက်တမ်း (စက္ကန့်)	အမျိုးအစား
ဖိုတွန်	γ	ခိုင်မြဲ		ဖိုတွန်
.....	.....	.....	.....	.....
နျူထရိုနို	ν_e	ခိုင်မြဲ		လက်ပတွန်များ
	ν_μ	ခိုင်မြဲ		
အီလက်ထရွန်	e^-	ခိုင်မြဲ		
မြူအွန်	μ^-	မခိုင်မြဲ	၂.၂×၁၀$^{-6}$	
.....	.....	.....	.....	.....
ပိုင်အွန်	π^+	မခိုင်မြဲ	၂.၆×၁၀$^{-8}$	မယ်စွန်များ
	π^0	မခိုင်မြဲ	၀.၉×၁၀$^{-16}$	
ကေ–မယ်စွန်	K^+	မခိုင်မြဲ	၁.၂×၁၀$^{-8}$	
	K_1^0	မခိုင်မြဲ	၀.၇×၁၀$^{-10}$	
	K_2^0	မခိုင်မြဲ	၅.၃×၁၀$^{-8}$	
တောမယ်စွန်	η^0	မခိုင်မြဲ	၁၀$^{-19}$	
.....	.....	.....	.....	.....
ပရိုတွန်	p^+	ခိုင်မြဲ		
နျူထရွန်	n^0	မခိုင်မြဲ	၁×၁၀^{3}	ဗယ်ရီယွန်များ
လမ္ဗဒါ	Λ^0	မခိုင်မြဲ	၂.၅×၁၀$^{-10}$	
ဟိုက်ပါရွန် ဆစ်ဂမာ	Σ^+	မခိုင်မြဲ	၈×၁၀$^{-11}$	
ဟိုက်ပါရွန်	Σ^-	မခိုင်မြဲ	၁.၆×၁၀$^{-10}$	
	Σ^0	မခိုင်မြဲ	၁၀$^{-19}$	
ဇိုင်ဟိုက်ပါရွန်	Ξ^-	မခိုင်မြဲ	၁.၇×၁၀$^{-10}$	
	Ξ^0	မခိုင်မြဲ	၂.၉×၁၀$^{-10}$	
အိုမီဂါ ဟိုက်ပါရွန်	Ω^-	မခိုင်မြဲ	၁၀$^{-10}$	

– ဗယ်ရီယွန်မိသားစုတွင် ဒျူကလီယွန် (ပရိုတွန်နှင့် ဒျူထရွန်) နှင့် ဟိုက်ပရွန်များ ပါရှိသည်။

ဇယားတွင် အုပ်စုအသီးသီးမှ အခြေခံ အမှုန်များ၏ အမည်တို့နှင့်ယှဉ်တွဲလျက် သက်ဆိုင်ရာ ကိုယ်စားပြုချက် သင်္ကေတတို့ကိုပါ ဖော်ပြထားသည်။ သင်္ကေတများမှာ ခေါမအက္ခရာများဖြစ်သည်။

အီလက်ထရွန်၊ ပရိုတွန်၊ ဒျူထရွန် စသည်ကဲ့သို့သော အခြေခံအမှုန် အနည်းအကျဉ်းမှအပ ကျန်အခြေခံအမှုန်များ (ရယ်ဇိုးနှင့်အမှုန်များအပါအဝင်) သည် မခိုင်မြဲကြချေ။ သက်တမ်းကုန်သည်နှင့် ဘဝပြောင်းကြသည်။ ယိုယွင်းမှုဖြစ်ပေါ်ပြီး ဘဝပြောင်းပုံအချို့မှာ –

ပိုင်အွန် (–) → မြူအွန် (–) + ဒျူထရီနိုများ
မြူအွန် (–) → အီလက်ထရွန် + ဒျူထရီနိုများ

ရပြန်သောအခါ အခြေခံဟူသောနာမဝိသေသနတပ်၍ခေါ်ဆိုခြင်းသည်မှန်ပါဦးမည်လောဆိုသည့် မေးခွန်းတရပ်ပေါ်ထွန်းလာသည်။ ၁၉၆၀ ပြည့်နှစ်တဝိုက်မှစ၍ ဤကိစ္စကို အလေးအနက်ထား စဉ်းစားလာကြသည်။ အရေအတွက်စဉ်တိုက် ဖောင်းပွနေပြီဖြစ်သော အခြေခံ အမှုန်များအတွက် သီအိုရီကိုလည်း ရှာပုံတော်ဖွင့်နေသည့် အချိန်ကာလဖြစ်ပေသည်။ ထိုအချိန်လောက်တွင် သီအိုရီဆိုင်ရာ အောင်မြင်မှုနှစ်ရပ်ကို ရရှိကြသည်။

သီအိုရီပိုင်းဆိုင်ရာ အောင်မြင်မှု

၁၉၆၁ ခုနှစ်တွင် ဂဲလ်မန်းနှင့် နီမင်းတို့က ဘက်ညီမှု (ခေါက်ချိုးညီမှု) သဘောဖြင့် အခြေခံ အမှုန်များကို



အခြေခံအမှုန်များ မျိုးခွဲအလိုက်တွေ့ရှိသည့် အချိန်ဇယား

ဒျူထရွန် → ပရိုတွန် + အီလက်ထရွန် + ဒျူထရီနို
လမ္ဗဒါ (၀) → ပရိုတွန် + ပိုင်အွန် (–)
ဆစ်ဂမာ (၀) → လမ္ဗဒါ (၀) + ဂမ္မာ
ပိုင်အွန် (+) → မြူအွန် (+) + ဒျူထရီနို
မြူအွန် (+) → ပိုစီထရွန် + ဒျူထရီနိုများ

အခြေခံ အမှုန်တခုသည် ယိုယွင်းပြီး တခုမကသော အခြေခံ အမှုန်များအဖြစ်သို့ ဘ ၀ ကူး ပြောင်း သည် ကို ထောက်ခြင်းဖြင့်လည်းကောင်း၊ ယင်းသို့ ကူးပြောင်းသွားသည့် အမှုန်များသည်လည်း ဆင့်ကဲ အခြားအခြေခံအမှုန်များအဖြစ် ကူးပြောင်းသွား ပြန် သည် ကို ထောက်ရှုခြင်းဖြင့်လည်းကောင်း အခြေခံအမှုန်တိုင်းသည် အခြားသော အခြေခံအမှုန်များဖြင့် ဖွဲ့စည်းထားပေရာသည်ဟု တွေ့လာသုံးသပ်စိစစ်ကြသည်။ အုပ်စုသင်္ချာဘာသာခွဲမှ အက်(စ) ယူ ၃ နည်းဖြင့် အခြေခံ အမှုန်များနှင့်ဆိုင်ရာ ကွမ်တမ်နံပါတ် ၆ ခုကို ၃×၃ အခင်းအကျင်းအလိုက် ဖြန့်စီ၍ ပုံစံကွက်ချကြည့်သောအခါ ဗယ်ရီယွန်နှင့် မယ်စွန်တို့သည် တခု၊ ရှစ်ခု၊ ၁၀ ခုနှင့် ၂၇ ခုပါဝင်သော အုပ်စုများအဖြစ် ဖွဲ့နိုင်ကြောင်း တွေ့ရသည်။ အုပ်စုတခုတွင်း ပါဝင်သော အမှုန်များ၏အမှတ်မှာမူ တူညီသည်။ ယင်း အုပ်စုများ အနက်မှ ရှစ်ခု၊ ၁၀ ခုပါဝင်သည့် ဗဟုအုပ်စု (စူပါမာတီပလက်)တို့သည် စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ပရိုတွန်၊ ဒျူထရွန် ပါဝင်သည့် အမှတ်တန်ဖိုး $\frac{၁}{၂}$ ရှိ ရှစ်ဗဟုအုပ်စုပါ အမှုန်အားလုံးကို တွေ့သိပြီးဖြစ်သည်။ သီအိုရီအရ အမှတ်သုညရှိ မယ်စွန် ရှစ်ခုနှင့် ဖွဲ့စည်းထား

သည့် ဗဟုအုပ်စုရှိရမည်ဟု ဆိုထားသည်။ သို့သော် ထို အချိန်၌ခုနှစ်ခုသာ တွေ့ရှိထားသေးသည်။ လပ်နေသော အမှုန်တခုကို သီအိုရီမှ ဟောကိန်းထုတ်ထားသည့် ဂုဏ် သတ္တိများနှင့်အညီ ၁၉၆၁ ခုနှစ်တွင် တိုင်းတာတွေ့ရှိသည်။ ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဗယ်ရီယွန် ၁၀ ဗဟု အုပ်စုဖြစ်သည်။ သီအိုရီက ယင်း ၁၀ ခုသည် အောက်ပါ ပုံမှ ပုံစံကွက်အတိုင်းရှိရမည်ဟုဆိုသည်။ အမှုန်အသီးသီး၌ ရှိရမည့် ရှိအပ်သည့် ဂုဏ်သတ္တိ အပြည့်အဝကိုလည်း ယင်း သီအိုရီက အပြည့်အဝ ဖော်ပြထားသည်။

လက်တွေ့စမ်းသပ်ချက်မှ ကိုးခုသာတွေ့ရှိထားသေးပြီး ပုံစံကွက်မှ ထိပ်ဖူးနေရာကိုယူသည့် အမှုန်ကိုမူ တွေ့ရှိခြင်း မရှိသေးချေ။ ဂဲလ်မန်း–နီးမင်း–သီအိုရီမှ ယင်းအမှုန်တွင် ရှိရမည့်ဒြပ်ထုနှင့်တကွ အခြားဂုဏ်သတ္တိများကို တိကျစွာ တွက်ထုတ်၍ပြထားသည်။ တွက်ချက်မှုအပေါ် အခြေခံ၍ ဟောကိန်းထုတ်ထားသည့် ဂုဏ်သတ္တိအရပ်ရပ်နှင့် ဒက်ထိ ကိုက်ညီသည့် ယင်းအမှုန်မျိုးကို ၁၉၆၃ ခုနှစ်၌ လက်တွေ့ စမ်းသပ်ချက်ဖြင့် အောင်မြင်စွာတိုင်းတာတွေ့ရှိလေသည်။ ယင်းအမှုန်ကို အိုမီဂါအနုတ်ဟု မှည့်ခေါ်သည်။ ဤတွင် အမှုန်ရုပဗေဒလောကမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

အခြေခံအမှုန်ပါဟု လက်ခံထားသော အမှုန်များကို ယင်းတို့ထက်ပင် ပို၍အခြေခံကျသည့် အနုစိတ် လွှန်အမှုန် ကလေးများနှင့် ထပ်ဆင့် ဖွဲ့စည်းထားပေသလော ဟူသည့် အရေးပါသော မေးခွန်းတရပ် အတွက် အဖြေရှာရပေဦး မည်ဖြစ်သည်။

တြိကွဲ ခ် ပုံစံ

အမှုန်တကယ် အခြေခံအကျဆုံးသော အခြေခံအမှုန် သုံးခုရှိရမည်ဟု ၁၉၆၃ ခုနှစ်၌ ဂဲလ်မန်းနှင့် ဇွိ ခ် တို့က သီးခြားစီ အဆိုပြုကြသည်။ ယင်း အမှုန်များကို ဂဲလ် မန်းကကွဲခ် များဟုခေါ်၍ ဇွိခ်ကအေးစ် များဟု ခေါ် သည်။ (ယခုအခါတွင်မူ ကွဲခ် အမည်သာတွင်၍ ကျန်ခဲ့ သည်။) ကွဲခ်များသည် ယခင် အခြေခံ အမှုန်များနှင့် တမူကွဲပြား၍ ဝိသေသထူးသည့် ဂုဏ်သတ္တိများကိုဆောင် သည်။ ထူးခြားပုံမှာ ယင်းတို့၌ အပိုင်းလျှပ်စစ်နှင့် အပိုင်း ဗဟိရီယွန်နံပါတ်များ ရှိနေခြင်းဖြစ်သည်။ အထက်၌ဖော်ပြ ထားသည့် အခြေခံအမှုန်များတွင်မူ ယင်းတန်ဖိုးများသည် ကိန်းပြည့်တန်ဖိုးများသာ ဖြစ်၏။ အောက်ပါ ဇယားတွင် ကွဲခ်များ၏ ဂုဏ်သတ္တိတို့ကို ဖော်ပြထားသည်။ ကွဲခ် များကို ယူ၊ ဒီ၊ အက်စ် – ကွဲခ်များဟု အမည်ပေးထား သည်။ အင်္ဂလိပ်အက္ခရာ u, d, s တို့ဖြင့် ကိုယ်စားပြု သည်။

ကွဲခ်သုံးခု၏အခြေခံကွမ်တမ်နံပါတ်များ

ကွဲခ်	အမှတ်	ဟိုက်ပါလျှပ်စစ်	လျှပ်စစ်
$u, \bar{u}$	$\frac{1}{3}, -\frac{1}{3}$	$\frac{1}{2}, -\frac{1}{2}$	$\frac{2}{3}, -\frac{2}{3}$
$d, \bar{d}$	$-\frac{1}{3}, \frac{1}{3}$	$\frac{1}{2}, -\frac{1}{2}$	$-\frac{1}{3}, \frac{1}{3}$
$s, \bar{s}$	0, 0	$-\frac{1}{2}, \frac{1}{2}$	$-\frac{1}{3}, \frac{1}{3}$

$\bar{u}$, $\bar{d}$, $\bar{s}$ တို့သည် u, d, s ကွဲခ်အသီးသီး၏ဆန့်ကျင် ဘက်ကွဲခ်များဖြစ်၏။

ကွဲခ်သီအိုရီအရ ဗယ်ရီယွန်များကို ကွဲခ်သုံးခုတဲ့ဖြင့် ဖွဲ့စည်းထား၍ မယ်စွန်ကိုကွဲခ် – ဆန့်ကျင်ဘက်ကွဲခ်အတဲ့ ဖြင့် ဖွဲ့စည်းထားသည်။ အခြေခံအမှုန်အချို၏ကွဲခ်ဖွဲ့စည်း ပုံများမှာ –

အမှုန်	ကွဲ(ခ်)ပေါင်းစည်းပုံ
ပရိုတွန်	uud (ယူယူဒီ)
ဆစ်ဂမာအနုတ်	dds (ဒီဒီအက်စ်)
ဇိုင်အနုတ်	dds (ဒီဒီအက်စ်)
အိုမီဂါအနုတ်	sss (အက်စ်၊အက်စ်၊အက်စ်)
ဒယ်လတာအပေါင်း	uud (ယူယူဒီ)
ပိုင်အွန်အပေါင်း	ud (ယူဒီဘား)

ကွဲခ်များကိုနှောင်တဲ့ထားသည့်အရာမှာ ဂလူယွန်ဖြစ်သည် ဟုအဆိုပြုထားသည်။ ဂလူယွန်အမည်ကို အင်္ဂလိပ်စကား လုံး glue (မြန်မာအဓိပ္ပာယ်ကော်)မှရခြင်း ဖြစ်သည်။

ကွဲခ်သုံးခုပုံစံဖြင့် သိပြီးသမျှ အခြေခံအမှုန် အားလုံး ကို ဖွဲ့တည်ယူနိုင်ပြီဖြစ်သော်ငြားလည်း အချို့သော အပျော့ စား ပြန်လှန်သက်ရောက်မှုဆိုင်ရာ ယိုယွင်းမှုကို ရှင်းပြနိုင် ရန်အတွက် စတုတ္ထမြောက် ကွဲခ်တခုကို ထပ်တိုး အဆိုပြု လိုက်ရသည်။ ယင်း ကွဲခ်ကို စီ–ကွဲခ်ဟု ခေါ်သည်။ (အင်္ဂလိပ်စကားလုံး Charm ၏ ထိပ်ဆုံးအက္ခရာ C ကို ဆွဲထုတ်၍ မှည့်ခေါ်ထားခြင်း ဖြစ်သည်။) အဆိုပြုပြီး နောက် ဆယ်နှစ်နည်းပါးတိုင်အောင် ယင်းကွဲခ် တည်ရှိ ခြင်းနှင့် ပတ်သက်၍ အထောက်အထား မတွေ့ရှိခဲ့ချေ။

နောက်တိုးကွဲခ်များ

၁၉၇၄ ခုနှစ် နိုဝင်ဘာလ၌ ဆယ်မြူရယ်တင်း၏ သုတေသနအုပ်စုနှင့် ဗာတန်ရစ်တာ၏ သုတေသန အုပ်စုတို့မှ တပြိုင်နက်တည်း အလွန်လေးလံသော မယ်စွန် အမှုန်သစ် တခုအား တွေ့ရှိကြောင်း ထုတ်ပြန် ကြေငြာလိုက်သော အခါ အခြေခံ အမှုန်ရူပဗေဒ၌ မျှော်လင့်မထားသောကဏ္ဍ သစ်တရပ် ပေါ်ထွန်း လာပေတော့သည်။ ယင်းအမှုန်ကို တင်း၏အုပ်စုက ဂျေ (J) အမှုန်ဟု ကင်းပွန်းတပ်လိုက်ပြီး ရစ်တာ၏အုပ်စုက ဆိုင် (ψ)ဟု ကင်ပွန်း တပ်လိုက်၏။ ယနေ့အခါ ဂျေ/ဆိုင် (J/ψ)အမှုန်ဟု တရားဝင်ခေါ်ဝေါ်သည်။ ခပ်မြန်မြန်ဆို၍ အသံထွက်သော် "ဂျစ်ပစီ" နှင့် နီးစပ်သဖြင့် အချို့ကလည်း "ဂျစ်ပစီ"ဟု ခေါ်ကြသည်။ "ရွှေနှင်းဆီ ဘယ်မည်ပေး သင်းရနံ့လှိုင်လျက်သာမွှေး"ဆိုဘိသကဲ့သို့ ဤအမှုန်အသစ်ကို မည်သို့သော အမည်နာမနှင့် ခေါ်စေကာမူ ယင်းသည် အရေးပါသည့် အမှုန်အဖြစ် ရပ်တည်နေမည်သာ ဖြစ်သည်။

ဂျေ/ဆိုင်အမှုန်ကို စီ–ကွဲခ်နှင့် ဆန့်ကျင်ဘက် စီ–ကွဲခ်အတွဲဖြင့် ဖွဲ့စည်းထားသည်ဟုယူဆလျက် ယင်းအမှုန်၏ ဝိသေသဂုဏ်သတ္တိများကို တိကျစွာ ရှင်းလင်းဖော်ပြနိုင်သည့် အမှုန်တွေ့ရှိခြင်းကို စီ–ကွဲခ် တည်ရှိမှုအား ခိုင်လုံစွာ သက်သေထူသည့် ဗေဒဆော်ဦးအထောက်အထား အဖြစ် လက်ခံကြသည်။ နောင်မကြာမီ ကာလအတွင်း အခြားအထောက်အထားများကို ရရှိခဲ့ပေရာ စီ–ကွဲခ် တည်ရှိမှုနှင့် ပတ်သက်၍ သံသယကင်းသွားလေသည်။

ကွဲခ်များနှင့် လက်ပတ္တန်တို့တွင် ထပ်ဆင့်ဖွဲ့စည်းပုံ မရှိသဖြင့် ယင်းတို့သည် အမှန်တကယ်ပင် အခြေခံကျသည့် အမှုန်များဖြစ်သည်ဟု လက်ခံယုံကြည်ကြသည်။ ကွဲခ်လေးခုနှင့် လက်ပတ္တန်လေးခု (အီလက်ထရွန်၊ မယ်စွန်နှင့် ယင်းတို့၏တွဲဖက် နျူထရီနို‌တခုစီ) တည်ရှိ နေခြင်းကြောင့် ကွဲခ်နှင့် လက်ပတ္တန်အကြား ရှိအပ်သည့် ဘက်ညီမှုသဘောနှင့်လည်း ညီညွတ်နေပေသည်။

သို့သော် ကွဲခ်–လက်ပတ္တန် မိသားစုဝင် အရေအတွက်ကား မပြည့်စုံသေးချေ။ လွန်ခဲ့သည့်နှစ်နှစ်သာသာက သော်လူ အမည်ရှိ လက်ပတ္တန်အသစ်တခုကို တွေ့ရှိခဲ့ပြန်သည်။ ထိုကြောင့် ယင်းနှင့်တွဲဖက်ထားသည့် နျူထရီနို အသစ်တခုလည်း ရှိရလိမ့်မည်။ ထိုသို့ လက်ပတ္တန် အရေအတွက် ခြောက်ခုအထိ တိုးသွားခြင်းကြောင့် ကွဲခ်–လက်ပတ္တန် ဘက်ညီမှု မပျက်ပြားစေရန် ကွဲခ် အရေအတွက်မှာလည်း ခြောက်ခုဖြစ်ရမည်။ အသစ်တိုးလာမည့် ကွဲခ်နှစ်ခုကို ဗီ–ကွဲခ်နှင့် တီ–ကွဲခ်ဟု မှည့်ခေါ်သည်။ ယခုအခါ ဗီ–ကွဲခ် တည်ရှိကြောင်း အထောက်အထားကို ရရှိပြီး ဖြစ်သည်။ တီကွဲခ် တည်ရှိမှု အထောက်အထား ကိုကား ရှာဖွေဆဲဖြစ်၏။



ဗယ်ရီယွန် - ၁၀ ဗဟုအုပ်စုပါ မာတီပလက်

ကွဲခ်တို့၏ အရောင်နှင့် အရသာ

ယူ–ဒီ–အက်စ်–စီ–ဗီ–တီ ကွဲခ်ဟူ၍ ကွဲခ်များ ကဲ့ပြားနေခြင်းကို ကွဲခ်များတွင် "အရသာ"ကဲ့ပြားနေသည်ဟု ဆိုစမှတ်ပြုထားသည်။ အရသာတူ ကွဲခ်များ (ဥပမာ ယူ ကွဲခ်များ)ကိုပင် ထပ်ဆင့်ခွဲခြားရန် လိုအပ်နေသည့် အကြောင်းရင်း ရှိနေသည်။ အရသာတူ ကွဲခ်များကို အရောင်အလိုက် ထပ်ဆင့်ခွဲခြားလိုက်သည်။ အရောင် သုံးမျိုးရှိ၏။ ယင်းတို့မှာ အနီ၊ အပြာ၊ အစိမ်းတို့ဖြစ်ကြသည်။ အနီ၊ အပြာ၊ အစိမ်း ဆိုရာ၌ စက္ခုအာရုံနှင့် ရှုစား တွေ့ရှိရသည့် သေးအရောင်၊ ကောင်းကင်အရောင်၊ မြက်အရောင် စသည့် သာမန်အရောင်မျိုးကို မဆိုလိုပါ။ အရသာတူ ကွဲခ်များကို ခွဲခြားရန် သတ်မှတ်ပေးသည့် သီးခြား ဂုဏ်သတ္တိတရပ်စီအတွက် မှည့်ခေါ်ထားသည့် အ်မည်နာမထူးသန့်သန့်ဟုသာ မှတ်ယူရမည်။

အရောင် အရသာအလိုက် ခွဲခြားရသော် ကွဲပြားသော ကွဲခ် အရေအတွက် ပေါင်းမှာ ၆×၃=၁၈ ခုတိတိ ရှိ၏။ ဤသို့ရှိမူ ကွဲခ်အရည်အတွက်မှာ ဖောင်းပွစပြုနေချေပြီ။ ထိုအခါ ကွဲခ်သည် အခြေခံကျသော အမှုန် ဟုတ်ပါလေစ

ဟု သံသယဖြစ်လာဖွယ်ရှိသည်။ ယင်းတို့ထက်ပင် အခြေခံကျသည့် သာလွန် ကွာ့ခ် (ဆပ်ဗ် ကွာ့ခ်)များ ရှိနေပေဦးမည်လောဟု တွေးထင်ဖွယ်ဖြစ်နေသည်။

ကွာ့ခ်များ တည်ရှိနိုင်မှု အထောက်အထား အခိုင်အမာရရှိထားသော်ငြားလည်း ကွာ့ခ်အလွတ်များ (ပူးတွဲမနေပဲ သီးခြား လွတ်ကင်းစွာ ရပ်တည်နေသည့် ကွာ့ခ်)များကို ယနေ့ထက်တိုင် တိုင်းတာမိခြင်းမရှိသေးပါ။ အချို့သော သီအိုရီဆိုင်ရာ တွက်ချက်မှု ရလဒ်များကမူ မည်သည့်အခါမျှ တိုင်းတာမိလိမ့်မည်မဟုတ်ဟု ဆိုထားသည်။ သို့ဖြစ်ပေရာ ကွာ့ခ်အလွတ်ကို မတိုင်းတာ မတွေ့ရှိရသေးမီ သာလွန် ကွာ့ခ်အကြောင်း မှန်းဆ တွေးခေါ်ခြင်းသည် ကျွံလွန်နေသော မှန်းဆတွေးခေါ်ချက်သာ ဖြစ်ပေသလော ဟူသော မေးခွန်းတရပ် ပေါ်လာနိုင်သည်။

အနာဂတ်၏ မဟာရူပဗေဒ

ယနေ့အခါတွင် အံ့ဖွယ်လိလိဖြစ်သော မဟာအရှိန်ပေးစက်များကို အပြိုင်အဆိုင် ဆောက်လုပ်လျက် ရှိကြသည်။ ယင်းစက်ကြီးများနှင့် ဗျူဟာခင်းပြီး သုတေသန တိုက်ပွဲကျင်းပရာမှ ပေါ်ထွက်လာဦးမည့် ရလဒ်အလီလီတို့သည် အမှုန်ရူပဗေဒဆိုင်ရာ အသိပညာ သိုက်နန်းကို ပို၍ တိုးခဲ့ထွင်ပေးလိမ့်မည်ဖြစ်သည်။

ဤသို့လျှင် အပြော ကျယ်လှသည့် စကြဝဋ္ဌာအနန္တကို အနုစိတ်မှု လွန်ကဲဆုံးသော အစိတ်အပိုင်းအဖြစ် အဆင့်ဆင့်စိတ်ဖြာ၍ လေ့လာစူးစမ်းသုံးသပ်နေပြီဖြစ်ပေသည်။

အနောက်ဘက်ကမ်းပြဿနာ (ဂျော်ဒန်မြစ်) ။ ။ ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းဒေသသည် ကမ္ဘာ့အရှေ့အလယ်ပိုင်းရှိ ပါလက်စတိုင်ဒေသ၏ တစိတ်တဒေသဖြစ်ပြီး ၂,၂၀၀ စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။ ၁၉၄၈ ခုနှစ်တွင် ဂျူးလူမျိုးတို့က ပါလက်စတိုင်ဒေသ၌ အစ္စရေးနိုင်ငံကို ထူထောင်သောအခါ အာရပ်နိုင်ငံများက အစ္စရေးနိုင်ငံကို ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ထိုစစ်ပွဲအပြီးတွင် ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းဒေသကို ဂျော်ဒန်နိုင်ငံကသိမ်းယူ၍ ဂျော်ဒန်ဘုရင်အုပ်ချုပ်မှုအောက်သို့ သွတ်သွင်းခဲ့သည်။

ထို့နောက် ၁၉၆၇ ခုနှစ် တတိယအကြိမ် အာရပ်-အစ္စရေး စစ်ပွဲဖြစ်ပွားသည့်အခါ ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းဒေသသာမက အာရပ်နိုင်ငံများပိုင် နယ်မြေအများအပြားသည် အစ္စရေးနိုင်ငံ လက်အောက်သို့ ကျရောက်ခဲ့သည်။ ထိုစစ်ပွဲအပြီးတွင် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရှေ့အလယ်ပိုင်းဒေသအရေးအခင်းကို ဖြေရှင်းရေးအတွက် စစ်ပွဲတွင် သိမ်းပိုက်ထားသော နယ်မြေများမှ အစ္စရေးတပ်များ ဆုတ်ခွာပေးရန်၊ နိုင်ငံတိုင်း၏ နယ်မြေတည်တံ့မှု၊ အချုပ်အခြာ အာဏာပိုင်မှုနှင့် လွတ်လပ်မှုတို့ကို အသိမှတ်ပြုလေးစားရန်နှင့် အသိအမှတ်ပြုနယ်မြေများအတွင်း ငြိမ်းချမ်းစွာနေထိုင်ကြရန် စသည့်အချက်များပါဝင်သော ဆုံးဖြတ်ချက် အမှတ် ၂၄၂ ကို ချမှတ်ခဲ့သည်။ သို့ရာတွင် အာရပ်နိုင်ငံများနှင့်တကွ အစ္စရေးတို့က ထိုဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အတွက် အရှေ့အလယ်ပိုင်းပဋိပက္ခသည် အဆုံးမသတ်နိုင်ပဲ ရှိခဲ့သည်။ အစ္စရေးနိုင်ငံသည် သိမ်းပိုက်ထားသော အာရပ်နယ်မြေများကို ဆက်လက်၍ အခိုင်အမာ ထိန်းချုပ်ထားခဲ့ပေသည်။



ဂျော်ဒန်မြစ် အနောက်ဘက်ကမ်း ဒေသတွင် အာရပ်လူမျိုး ခုနစ်သိန်းကျော်ခန့် နေထိုင်လျက်ရှိသည်။ အစ္စရေးတို့ သိမ်းပိုက်ပြီးနောက်တွင် ထိုဒေသ၌ အစ္စရေး အစိုးရသည် အစ္စရေး လူနေဒေသ အများအပြား ထူထောင်ခဲ့သည်။ ယခုအချိန်ထိ ထိုဒေသတွင် အစ္စရေး အရပ်သားဦးရေ ၁၈,၀၀၀ ခန့် အခြေချနေထိုင်ပြီး ဖြစ်လေသည်။

၁၉၇၈ ခုနှစ် စက်တင်ဘာလက အမေရိကန် ပြည်ထောင်စု ဒေးဗစ်စခန်း၌ကျင်းပခဲ့သော အမေရိကန်၊ အီဂျစ်နှင့် အစ္စရေးသုံးပွင့်ဆိုင် ထိပ်သီး အစည်းအဝေးတွင်မူ အနောက်ဘက်ကမ်း ဒေသနှင့် ဂါဇာ ကမ်းမြောင်ဒေသ ပြဿနာကိုဖြေရှင်းရေးနှင့်ပတ်သက်၍ သဘောတူညီချက် တရပ်ရရှိခဲ့သည်။ ထိုသဘောတူညီချက်မှာ –

– အစ္စရေးက သိမ်းပိုက်ထားသော အာရပ်နယ်မြေများတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးရေးအတွက်

ဆွေးနွေးပဲ့များပြုလုပ်ရန်၊ ငါးနှစ်ကြာ အသွင်ကူးပြောင်းရေးကာလတရပ် ထားရှိရန်နှင့် ထိုအသွင်ကူးပြောင်းကာလအတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးကို စီမံခန့်ခွဲရန် ပါလက်စတိုင်ကောင်စီရွေးကောက်ပွဲကျင်းပပေးရန်နှင့်

- အသွင်ကူးပြောင်း ကာလ အတွင်း စေ့စပ် ညှိနှိုင်းဆွေးနွေးပဲ့များပြုလုပ်၍ သိမ်းပိုက်ထားသော အာရပ်နယ်မြေများ(ဂါဇာနှင့်အနောက်ဘက်ကမ်း)၏ နောက်ဆုံးအဆင့်အတန်းကို ဆုံးဖြတ်ရန်တို့ ဖြစ်လေသည်။

ထိုသဘောတူညီချက်ကို အကောင်အထည် ဖော်ရန် အတွက် အီဂျစ်နှင့် အစ္စရေးနှစ်နိုင်ငံ ကိုယ်စားလှယ်များ



အကြမ်းဖက်သမားတစုက ထောင်ထား
သောဗုံးပေါက်ကွဲမှုဒဏ်ကြောင့်ထိခိုက်ဒဏ်ရာရခဲ့သော
နာဘလပ်မြို့တော်ဝန် ဗာဆန်အဲဆာကာ

သည်နှစ်နှစ်တာကာလအတွင်းဆွေးနွေးပဲ့များ အကြိမ်ကြိမ် ကျင်းပခဲ့သော်လည်း သဘောတူညီမှု တစုံတရာမျှ မရရှိခဲ့ပေ။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေး ဆွေးနွေးရာတွင် အီဂျစ်နိုင်ငံ၏ ရပ်တည်ချက်များသည် အောက်ပါအတိုင်း ဖြစ်သည်။

- ရေနှင့်မြေ ထိန်းချုပ်ရေး အပါအဝင် စီမံခန့်ခွဲမှု၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး အာဏာများကို ပါလက်စတိုင်ကောင်စီသို့ အပြည့်အဝပေးရန်၊
- ရွေးကောက်ပွဲ ပြီးလျှင် ပြီးချင်း အစ္စရေးမြို့ပြနှင့် စစ်ဘက်ဆိုင်ရာကြီးကြပ်ကွပ်ကဲမှုများ အဆုံးသတ်ရန်၊
- အစ္စရေး လူနေဒေသ ထူထောင်ခြင်း များသည် တရားမဝင်၊ ယင်းတို့ကို တဖြည်းဖြည်း ဖျက်သိမ်းပေးရန်၊
- အရှေ့ဂျရုဆလမ်းသည် အနောက်ဘက်ကမ်း၏ တစိတ်တဒေသဖြစ်သောကြောင့် အာရပ်များသို့ ပြန်ပေးရန်၊
- ပါလက်စတိုင်နိုင်ငံ ထူထောင်ခြင်းကို လက်ခံပြီး အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသကို စစ်မဲ့ဒေသအဖြစ်ထားရှိရန်၊
- စစ်မဲ့ဒေသ ဖြစ်လာသော အနောက်ဘက်ကမ်းနှင့် ဂါဇာဒေသကို ကျော်ဒန်နိုင်ငံနှင့်ပြည်ထောင်စုဖွဲ့ပြီး အစ္စရေးနှင့် စီးပွားရေး ဆက်ဆံရန် အချက်များကို တင်ပြခဲ့သည်။

အစ္စရေးနိုင်ငံ အနေနှင့်မူ ပါလက် စတိုင်နိုင်ငံ ထူထောင်ခြင်းသည် အစ္စရေးနိုင်ငံ၏ လုံခြုံမှုကို ထိခိုက်လာနိုင်သောကြောင့် ပါလက်စတိုင်တို့အား နိုင်ငံထူထောင်ခွင့် မပေးပဲ ပညာရေး၊ ကျန်းမာရေး၊ မြို့နိုစီပယ်ကိစ္စ စသည့် သာမန်အုပ်ချုပ်ခွင့်အာဏာကိုသာ ပေးလိုသည်။ ထို့ပြင် အနောက်ဘက်ကမ်းဒေသသည် သမ္မာကျမ်းစာအရ ဂျူဒီယာနှင့် ဆမ္မရီးယားဟုခေါ်ပြီး ဂျူးပိုင် နယ်မြေများဖြစ်သောကြောင့် အစ္စရေးတို့ အခြေချ နေထိုင်ခွင့်ရှိသည်ဟု ခံယူထားသည်။ ထိုဒေသ၌ ပြင်ပကဂျူးကျော်မှု ကာကွယ်ရန်နှင့် ပြည်တွင်းလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ခွင့်အစ္စရေး၌ ရှိသည်ဟု အတိအလင်း ကြေငြာထားသည်။

ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်အာရပ်တို့ကမူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေးကို လက်မခံပဲ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရေးကိုသာ တောင်းဆိုနေကြသည်။ ထို့ပြင် ထိုဒေသရှိအာရပ်တို့က ပါလက်စတိုင်လွတ်မြောက်ရေးအဖွဲ့ကိုသာလျှင် ယင်းတို့၏တရားဝင်ပြောရေးဆိုခွင့်ရှိသူ အဖြစ်နှင့် လက်ခံထားကြသည်။ အစ္စရေးကလည်း ပီအယ်အိုနှင့် မည်သည့်အခါမျှ စေ့စပ်ဆွေးနွေးမှုပြုမည်မဟုတ်ကြောင်းကြေငြာထားလေသည်။

၁၉၈၀ ပြည့်နှစ်မေလတွင် ပါလက်စတိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးရေးအတွက် အစ္စရေးနှင့် စေ့စပ်ဆွေးနွေးပဲ့များကို ရပ်ဆိုင်းကြောင်း အီဂျစ်သမ္မတက ကြေငြာခဲ့သည်။ ဆွေးနွေးပဲ့ရပ်ဆိုင်းရခြင်းမှာ

- အီဂျစ်-အစ္စရေး ဆွေးနွေးပဲ့တွင် တိုးတက်မှုများ မရရှိခြင်း၊
- အရှေ့ဂျရုဆလမ်းအား အစ္စရေးတို့ထိန်းချုပ်ထားမှုကို ပိုမိုခိုင်မြဲစေသည့် လုပ်ရပ်များကို အစ္စရေးပါလီမန်ကလုပ်ဆောင်လာခြင်း၊
- သဘောတူညီချက် ရရှိရေးအတွက် ကြိုတင်ကန့်

သတ်ချက်အနေဖြင့် ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းလုံခြုံရေးကို အစ္စရေး လက်ထဲတွင် ထားရှိရမည်ဟူသော အချက်ကို အစ္စရေးက ဆက်လက်စွဲကိုင်ထားခြင်းတို့ကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့လေသည်။

ပါလက်စတိုင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးရေး ဆွေးနွေးပွဲများရပ်ဆိုင်းနေစဉ်အတွင်း ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင် အာရပ်များနှင့် အစ္စရေးတို့အကြား အကြမ်းဖက်မှုများဖြစ်ပေါ်လျက်ရှိသည်။ မေလဆန်းပိုင်းက ဟီဘရွန်မြို့၌ ပါလက်စတိုင်တို့၏ ချုံခိုတိုက်ခိုက်မှုကြောင့် ဥပုသ်စောင့်ရာမှ ပြန်လာသော အစ္စရေးခြောက် ဦးသေဆုံး ခဲ့သည်။ ထိုကိစ္စကို အစ္စရေးတို့က ပြင်းထန်စွာ လက်တုံ့ပြန်နှိမ်နင်းခဲ့သည်။ ဟီဘရွန်နှင့်ဟဲဟော့မြို့များမှ မြို့တော်ဝန်နှစ်ဦးနှင့် မူဆလင်တရားသူကြီးတဦးကို ဆူပူမှုများဖြစ်ပေါ်အောင် လှုံဆော်သည်ဟုဆိုကာ အစ္စရေးအစိုးရက လက်ဗန္ဓနံနိုင်ငံသို့ နှင်လွှတ်ခဲ့လေသည်။

တဖန် ဇွန်လ ၂ ရက်နေ့တွင် အစ္စရေး အကြမ်းဖက်သမားများ၏ ပုံးခဲတိုက်ခိုက်မှုကြောင့် နာဘလပ်မြို့တော်ဝန်နှင့်ရာမလာမြို့တော်ဝန်တို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အနောက်ဘက်ကမ်း၌ထိုသို့ဆူပူလှုပ်ရှားမှုများ ဖြစ်ပွားနေစဉ်မှာပင် ၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင်မူ အစ္စရေးအစိုးရသည် အနောက်ဘက်ကမ်းဒေသရှိ အရှေ့ဂျရူးဆလမ်းအပါအဝင် ဂျရူးဆလမ်းတမြို့လုံးကို အစ္စရေးနိုင်ငံ၏ ခွဲခြားမရသော တစည်းတလုံးတည်း ဖြစ်သည့် မြို့တော်အဖြစ် အတည်ပြုသောဥပဒေတရပ် ပြဋ္ဌာန်းလိုက်သည်။ အစ္စရေး၏ ပြုမူချက်ကို ကုလသမဂ္ဂအဖွဲ့နှင့် တကွ အာရပ်နိုင်ငံတို့က ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ကြသည်။ ဂျရူးဆလမ်းမြို့သည် ဂျူးနှင့်အာရပ်လူမျိုးနှစ်မျိုးစလုံး၏ဘာသာရေးအထွတ်အမြတ်ထားရာမြို့ ဖြစ်သည့်အတွက် ၁၉၄၇ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ပါလက်စတိုင်ဒေသကို ဂျူးနိုင်ငံနှင့် ပါလက်စတိုင်နိုင်ငံနှင့် နှစ်ပိုင်းခဲ့ခြားသတ်မှတ်ပေးရာတွင် ဂျရူးဆလမ်းမြို့ကို မည်သည့်နိုင်ငံသို့မှမသတ်သင်းပဲ အပြည်ပြည်ဆိုင်ရာမြို့အဖြစ် ထားရှိရန်ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ၁၉၄၈ ခုနှစ် အာရပ်-အစ္စရေးစစ်ပွဲအပြီးတွင် ဂျော်ဒန်မြစ် အနောက်ဘက်ကမ်း ဒေသရှိ ဂျရူးဆလမ်းမြို့အရှေ့ခြမ်းကို ဂျော်ဒန်နိုင်ငံက သိမ်းပိုက်ပြီး ဂျရူးဆလမ်းမြို့ အနောက်ခြမ်းကို အစ္စရေးနိုင်ငံက သိမ်းယူခဲ့သည်။ ၁၉၆၇ ခုနှစ် တတိယအကြိမ် အာရပ်-အစ္စရေး စစ်ပွဲအပြီးတွင်မူ အစ္စရေးနိုင်ငံသည် ဂျော်ဒန်အပိုင်အရှေ့ဂျရူးဆလမ်းကိုပါ သိမ်းပိုက်ခဲ့ပြီး အရှေ့ဂျရူးဆလမ်းအား အနောက်ဂျရူးဆလမ်းနှင့်ပေါင်းစည်းကာ ဂျရူးဆလမ်းမြို့တမြို့တည်းအဖြစ် သတ်မှတ်ပြီး အစ္စရေးအုပ်ချုပ်မှုအောက်သို့ သွတ်သွင်းခဲ့ခြင်းဖြစ်သည်။

၁၉၇၀ ပြည့်နှစ် မေလကရပ်ဆိုင်းထားသော ဆွေးနွေးပွဲများကို ဩဂုတ်လအတွင်း ပြန်လည်ကျင်းပရန် စေ့စပ်ညှိနှိုင်းနေစဉ် အစ္စရေးက အထက်ပါ ဂျရူးဆလမ်းမြို့တော်အဖြစ် ဥပဒေပြု ပြဋ္ဌာန်းခဲ့ခြင်းကြောင့် အီဂျစ်သမ္မတဆဒတ်က ဩဂုတ်လတွင်းကျင်းပမည့် ဆွေးနွေးပွဲများကို ထပ်မံရပ်ဆိုင်းခဲ့လေသည်။

ထို့နောက် အမေရိကန်ပြည်ထောင်စု၏ စေ့စပ်ညှိနှိုင်းမှုကြောင့် အီဂျစ်၊ အစ္စရေးနှင့် အမေရိကန် ကိုယ်စားလှယ်တို့သည် စက်တင်ဘာလတွင်းဝါရှင်တန်မြို့တွင် ဆွေးနွေးပွဲကျင်းပခဲ့သော်လည်း ပါလက်စတိုင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံသဘောထား ကွဲလွဲချက်များသည် ရင်ကြားစေ့၍မရပဲ ရှိနေသောကြောင့် အစ္စရေးတို့ သိမ်းပိုက်ထားသော အနောက်ဘက်ကမ်း ကိုယ်ပိုင် အုပ်ချုပ်ရေးရရှိရေးသည် များစွာ အလှမ်းဝေးလျက်ပင်ရှိလေသည်။

အမေရိကန် ပြည်ထောင်စု။ ။အမေရိကန် ဓားစာခံများကို အီရန်နိုင်ငံက လွှတ်မပေးသည့်အတွက် ၁၉၇၀ ပြည့်နှစ် ဇန္နဝါရီလ ၇ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်နိုင်ငံအား စီးပွားရေးအရ အရေးယူရန် ၁၀ မဲ၊ ၂ မဲ ဖြင့်ဆုံးဖြတ်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုကယင်းအဆိုကို ဗီတိုအာဏာဖြင့် ပယ်ချခဲ့လေသည်။



အကျယ်အဝန်း။	။၃,၅၄၀,၉၃၉ စတုရန်းမိုင်
လူဦးရေ။	။၂၂၂,၆၀၀,၀၀၀ (၁၉၇၀)
မြို့တော်။	။ ဝါရှင်တန်မြို့

အမေရိကန် ပြည်ထောင်စုသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းနှင့်လည်းကောင်း၊ အီရန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကော်မရှင် အဖွဲဝင်များနှင့် လည်းကောင်း တွေ့ဆုံလျက် ထိန်းသိမ်း ခံထားရသော အမေရိကန်များ လွှတ်မြောက်ရေးအတွက် နောက်ထပ် ဆောင်ရွက်ရမည့် ကိစ္စများကို ဆွေးနွေးခဲ့သော်လည်း ပြီးပြတ်မှု မရှိခဲ့ချေ။ ထို့ကြောင့် ဧပြီလ ၂၄ ရက်နေ့တွင် အီရန်နိုင်ငံတွင် ရှိနေသော အမေရိကန် ဓားစာ ခံများအား ကယ်ဆယ်ရန် အီရန်နိုင်ငံရှိ သံကန္တာရအတွင်းသို့ အမေရိကန် စစ်သားများ တင်ဆောင်လာသော လေယာဉ်နှင့် ရဟတ်ယာဉ်များ သက်ဆင်းခဲ့သည်။ လမ်းတွင် ရဟတ်ယာဉ် နှစ်စင်း စက်ချွတ်ယွင်းသဖြင့် ဆက်လက်မကြိုးစားတော့ပဲ ဆုတ်ခွာခဲ့ရာ ရဟတ်ယာဉ်နှင့် အမေရိကန်စစ်သားအချို့ မီးလောင်ဆုံးရှုံးခဲ့ရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်သည် အီရန်နိုင်ငံတွင် ဖမ်းဆီးထားခြင်း ခံနေရသော အမေရိကန် ဓားစာခံများအား ဝင်ရောက်ကယ်ဆယ်ရန် အစီအစဉ်ကို မထောက်ခံနိုင်သဖြင့် ရုတ်ထူးမှ နုတ်ထွက်စာတင်ခဲ့သည်။

အီရန်နိုင်ငံက အမေရိကန် ဓားစာခံများလွှတ်ပေးရန် အတွက် တောင်းဆိုချက်များကို အယ်ဂျီးရီးယား ကိုယ်စားလှယ်များမှတဆင့် တင်ပြရာ ယင်း တောင်းဆိုချက်များကို အမေရိကန်နိုင်ငံကသေသေချာချာ လေ့လာနေကြောင်း နိုဝင်ဘာလ ၄ ရက်နေ့တွင် ပြောရေးဆိုခွင့်ရှိသူ တဦးက ပြောခဲ့လေသည်။ အီရန်၏ တောင်းဆိုချက်များတွင် အမေရိကန်က အီရန်အရေးတွင်ဝင်မစွက်ရန်၊ အမေရိကန်ရှိ အီရန်ပိုင်ငွေများကိုပြန်ပေးရန်၊ အီရန်ထဲမှအမေရိကန်က တောင်းဆိုထားသော လျော်ကြေးများကို လျော်ပစ်ရန်နှင့် ရှားဘုရင်၏ ပစ္စည်းဥစ္စာများကို ပြန်ပေးရန်တို့ ဖြစ်ကြလေသည်။ အမေရိကန်နိုင်ငံ၏ အီရန်နိုင်ငံသို့ ပြန်ကြားချက်ကို နိုဝင်ဘာလ ၁၀ ရက်နေ့က အယ်ဂျီးရီးယားနိုင်ငံမှ တဆင့် ပေးပို့ခဲ့လေသည်။

အာဖဂန်စတန်နိုင်ငံတွင်းသို့ ဆိုဗီယက်တပ်များ ဝင်ရောက်ခြင်းကြောင့်ပူးပေါင်းတုံ့ပြန်ရန် အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ္စတိုဖာသည် ဥရောပတိုက်သို့ ခရီးထွက်သည်။ရောမမြို့သို့ ရောက်ရှိပြီးနောက်အိတလီ၊ ဂျာမန်၊ ပြင်သစ် ခေါင်းဆောင်များနှင့် ဆွေးနွေးသည်။ ဘရပ်ဆဲလ်မြို့တွင် ကျင်းပသော နေတိုးမဟာမိတ် စည်းဝေးပွဲသို့လည်း တက်ရောက်သည်။ ခရစ္စတိုဖာသည် ပြိတိသျှ ဝန်ကြီးချုပ် မာဂရက်သက်ချာနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ အမေရိကန် နိုင်ငံက ဆိုဗီယက် ယူနီယံသို့ ဂျုံများမရောင်းချပဲ သပိတ် မှောက်လိုက်ခြင်းအတွက် ညီညွတ်ကြရန်နှင့် မော်စကိုတွင် ကျင်းပမည့် အိုလင်းပစ်ပြိုင်ပွဲကို သပိတ်မှောက်ကြရန် ခရစ္စတိုဖာက ဆော်သြခဲ့လေသည်။

အမေရိကန်၊ ကနေဒါ၊ သြစတြေးလျ၊ အာဂျင်တီးနား နှင့် ဥရောပဘုံစျေး အဖွဲဝင် နိုင်ငံများမှ ကိုယ်စားလှယ်များသည် အမေရိကန်နိုင်ငံတွင် တွေ့ဆုံ ဆွေးနွေးကြပြီး အမေရိကန် နိုင်ငံက ဆိုဗီယက်သို့ ဂျုံမရောင်းချခြင်းကြောင့် ကျန်နိုင်ငံများကလည်း ဂျုံများကို ဆိုဗီယက်သို့ တိုးမရောင်းချရန် သဘောတူညီခဲ့သည့်အပြင် အမေရိကန်

အမေရိကန်ပြည်ထောင်စု၏ ၄၀ ယောက်မြောက် သမ္မတဖြစ်လာသော ရော်နယ်ရေဂင်နှင့် ဒုတိယသမ္မတ ဂျော့ ဘုရှ်တို့အား မိသားစုနှင့်အတူ တွေ့မြင်ရပုံ



သမ္မတ မစ္စတာ ကာတာကလည်း မော်စကို အိုလင်းပစ်ကို အမေရိကန် အိုလင်းပစ်အဖွဲ့က သပိတ်မှောက်ရန် အိုလင်းပစ်အဖွဲ့ဥက္ကဋ္ဌထံသို့ စာရေးခဲ့သည်။ ထို့နောက် အာဖရိကနိုင်ငံများက မော်စကို အိုလင်းပစ်ပြိုင်ပွဲကို သပိတ်မှောက်ကြရေးအတွက် စည်းရုံးရန် ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ မိုဟာမက်အလီအား စေလွှတ်ခဲ့လေသည်။

အနောက် စက်မှုနိုင်ငံကြီး ခုနစ်နိုင်ငံဖြစ်သော ကနေဒါ၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ အင်္ဂလန်၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့၏ထိပ်သီးဆွေးနွေးပွဲကို ဇွန်လ ၂၂ ရက်နှင့် ၂၃ ရက်နေ့များတွင် ဗင်းနစ်မြို့၌ ကျင်းပရာ အမေရိကန်သမ္မတ ကာတာကိုယ်တိုင် တက်ရောက်ခဲ့သည်။ စုံမ်းအင်ပြဿနာနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများအား ကူညီရေး ပြဿနာများကို အဓိကထား၍ ဆွေးနွေးခဲ့ကြလေသည်။

စက်မှုနိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲ အပြီးတွင် သမ္မတ ကာတာသည် ယူဂိုစလားဗီးယား နိုင်ငံသို့ ထွက်ခွာသွားသည်။ သမ္မတကြီး တီးတိုး ကွယ်လွန်သွားခြင်းကြောင့် ယူဂိုစလားဗီယား နိုင်ငံ၏ ခေါင်းဆောင်များအား သွားရောက်အားပေးခြင်းဖြစ်သည်။

အမေရိကန် သမ္မတ၊ ရွေးကောက်ပွဲအတွက် ရီပတ်ဗလီကင် ပါတီသည် ပြည်လုံးကျွတ် ပါတီညီလာခံကို ဇူလိုင်လ ၁၇ ရက်နေ့တွင် ဒက်ထရွိုက်မြို့၌ ကျင်းပပြီးနောက် ပါတီ၏ သမ္မတလောင်းအဖြစ် ရော်နယ်ရေဂင်အား လည်းကောင်း၊ ဒုတိယ သမ္မတအဖြစ် ဂျော့ဘုရှ်အား လည်းကောင်း ရွေးချယ်တင်မြှောက် ခဲ့ကြသည်။

ဒီမိုကရက်တစ် ပါတီကလည်း ပြည်လုံးကျွတ် ညီလာခံကို ဩဂုတ်လ ၁၃ ရက်နေ့၌ နယူးယောက်မြို့တွင် ကျင်းပပြီးနောက် သမ္မတ ကာတာအား ပါတီ၏ သမ္မတလောင်းအဖြစ် ပြန်လည်၍ အရွေးချယ်ခံရန် တင်မြှောက်ခဲ့လေသည်။

၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဗလီကင် သမ္မတလောင်း ရော်နယ်ရေဂင် အနိုင်ရရှိခဲ့သည်။ အထက်လွှတ်တော်တွင်လည်း နှစ်ပေါင်း ၂၆ နှစ်အတွင်း ရီပတ်ဗလီကင် အမတ်များ ပြန်လည်၍ အများစုဖြစ်လာခြင်း ဖြစ်သည်။

အမေရိကန် သမ္မတအဖြစ် ရွေးကောက်ခြင်း ခံထားရသော ရော်နယ်ရေဂင်သည် အစိုးရအဖွဲ့ပင် ဝန်ကြီးရှစ်ဦး၏ စာရင်းကို ဒီဇင်ဘာလ ၁၁ ရက်နေ့က ထုတ်ပြန်ကြေငြာခဲ့လေသည်။ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဗိုလ်ချုပ်ကြီး ဟောင်း အလက်ဇန္ဒားဟိတ်အား လည်းကောင်း၊ အလုပ်သမားဝန်ကြီးအဖြစ် ရေးဒိုနိုဗန်းအား လည်းကောင်း ရွေးချယ်ခဲ့သည်။

အမြတ်ခွန်ဥပဒေ။ ။ယခင်က တီထွင်ပြဋ္ဌာန်းခဲ့သော အခွန်ကောက်ခံမှုစနစ်သည် လက်ရှိနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးတိုးတက်ပြောင်းလဲမှု အခြေအနေများနှင့် ကိုက်ညီမှု မရှိတော့ပေ။ ယင်းစနစ်သည် ဆိုရှယ်လစ် အခွန် ကောက်ခံသောစနစ်ကို ဦးတည်မှုမရှိသည့်ပြင် ကုန်ထုတ်လုပ်မှုကို အထောက်အကူမပြုသည့်အတွက် နိုင်ငံ၏ စီးပွားတိုးတက်ဖွံ့ဖြိုးမှုအတွက် တွန်းအားပေးနိုင်စွမ်း မရှိခဲ့ချေ။ အခွန်ကောက်ခံမှုမှာလည်း ထောင်းခွန်၊ ဥပဒေခွန်၊ ပဲခွန်၊ ဟော်တယ်နှင့်ပျော်ပွဲစားရုံခွန်၊ ဝင်ငွေခွန် စသည်ဖြင့် အမျိုးအမည်များပြားပြီး အခွန်ကောက်ခံမှုစနစ်သည် ရှုပ်ထွေးနေသည်။အခွန်ကောက်ခံရာတွင် အခက်အခဲများရှိပြီး ထိရောက်မှု မရှိခဲ့ပေ။

ယင်းကဲ့သို့ အခွန်ကောက်ခံမှု စနစ်၏ ချွတ်ယွင်းအားနည်းချက်များ ရှိနေသောကြောင့် ယခင် အခွန်ကောက်ခံမှုစနစ်ကို အစားထိုးပြုပြင်ပြောင်းလဲရန်အချိန်အခါအားဖြင့် လိုအပ်လာခဲ့သည်။

ထို့ကြောင့် အနှစ် ၂၀ နှစ်ရှည် စီမံကိန်းနှင့် ဒုတိယလေးနှစ် စီမံကိန်းလမ်းညွှန်မှုများတွင် လက်ရှိ အခွန်အကောက်စနစ်ကို ပြန်လည်သုံးသပ်ပြီးလျှင် ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုသော အခွန် အကောက်စနစ် ဖြစ်လာအောင် ပြန်လည်ပြုပြင်၍ နှုန်းထားများကို ပြန်လည်သတ်မှတ်ရန်ဟူသော လမ်းညွှန် ချက် ကို ချမှတ်ခဲ့သည်။ ယင်းလမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ရှိပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် လက်ရှိကောက်ခံနေသည့် အခွန်အကောက်စနစ်အစား ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် အံဝင်ခွင်ကျ ဖြစ်စေပြီး အခြေခံဥပဒေပုဒ်မ ၁၇၂ နှင့် ညီညွတ်သည့် အခွန်အကောက်စနစ် ဖြစ်ပေါ်စေရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမအစည်းအဝေး၌ ဤအမြတ်ခွန် ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့လေသည်။

အမြတ်ခွန်ဥပဒေသည် အခွန်ကောက်ခံမှု စနစ်ကိုပါ ပြောင်းလဲလိုက်သည်။ ယခင်က အခွဲ့ါသော ဝင်ငွေများသည် အခွန်အမျိုးမျိုး ထမ်းဆောင်ခဲ့ရရာ ယခုအခါတွင် အခွန်တမျိုးတည်းကိုသာ ထမ်းဆောင်စေရန်အတွက် အခွဲ့ါသော အခွန်ဥပဒေပါ အခွန်ကျသင့်စေခြင်း၊ အခွန်စည်းကြပ်ကောက်ခံခြင်းနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ၁၉၇၆–၇၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်မှုမရှိစေတော့ပဲ အမြတ်ခွန်ဥပဒေ တခုတည်းနှင့်သာ ကောက်ရမည်ဖြစ်ကြောင်း ထည့်သွင်းပြဋ္ဌာန်းထားသည်။ ဤသည်မှာ အခွန်ထမ်းများအကျိုးအတွက် ထမ်းဆောင်ရန် အခွန်လျော့နည်းသွားစေပြီး တဘက်မှလည်း အခွန်အမျိုးမျိုးရှုပ်ထွေးမှုမရှိတော့ပဲ တမျိုးတည်းဖြင့် ထိထိရောက်ရောက်ကောက်ယူသွားနိုင်ရန်ဖြစ်လေသည်။

ဤဥပဒေသည် အဓိကအားဖြင့် ပဂ္ဂလိက စီးပွားရေးလုပ်ငန်းအတွက် အမြတ်ခွန်ကို လွယ်ကူ ထိရောက်စွာ ကောက်ယူနိုင်ရန်ဖြစ်သည်။ အများနားလည်ပြီး လွယ်ကူသောစည်းကြပ်နည်းများဖြင့် ပြဋ္ဌာန်းထားလေသည်။

ဤဥပဒေပါပြဋ္ဌာန်းချက်များသည် နိုင်ငံတော် တဝန်းလုံးတွင် ၁၉၇၆–၇၇ ခုနှစ် စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေခဲ့လေသည်။

အမြတ်ခွန်ဥပဒေကို ပြဋ္ဌာန်းပြီးသော်လည်း ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ရုပ်သိမ်းခြင်းမရှိပေ။ အချို့သော ဝင်ငွေအမျိုးအစားများနှင့် အခွန်ထမ်း အမျိုးအစားများသည် ဝင်ငွေခွန်ဥပဒေနှင့် ဆက်လက်အကျုံးဝင်ဆဲ ဖြစ်သည်။ အမြတ်ခွန်ဥပဒေနှင့်အကျုံးဝင်သော ပဂ္ဂလိကလုပ်ငန်းများသည်ပင် ဝင်ငွေခွန်အရ စည်းကြပ်ပေးရန် တောင်းခံခွင့်အရေးကို ပေးထားသည်။ သို့ဖြစ်၍ အမြတ်ခွန် ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့သည် ယှဉ်တွဲ၍ တည်ရှိနေလေသည်။

အမြတ်ခွန်စည်းကြပ်ရမည့် ဝင်ငွေများ

အမြတ်ခွန် စည်းကြပ်ရမည့် ဝင်ငွေများကို အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ နှစ်တနှစ်အတွင်း အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော ဝင်ငွေထက်ကျော်သောဝင်ငွေ။
၂။ အခြေပစ္စည်းမှ မြတ်စွန်းငွေ။
၃။ ပြည်ပမှတင်သွင်းသောပစ္စည်းများ။
၄။ အခကြေးငွေယူသော ဖျော်ဖြေမှု တရပ်ရပ်။
၅။ ဆားထုတ်လုပ်မှုလုပ်ငန်းမှဝင်ငွေ
၆။ ဥစ္စာ အထူး ခွင့်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်သည့် နိုင်ငံခြားသားတဦး။
၇။ လစာဝင်ငွေ။
၈။ ပြည်ပနေ နိုင်ငံခြားသား။
၉။ ပြည်ပနေ နိုင်ငံသား၏ ပြည်ပတွင်ရရှိသောဝင်ငွေ။

ဖော်ပြပါ အမှတ်စဉ် ၁ နှင့် ၂ သည် ကုန်ထုတ် သမဝါယမ အသင်းနှင့် ယင်းအသင်းစုများမှာ ကုန်စည်နှင့် ဝန်ဆောင်မှုခွန်ဥပဒေနှင့် သက်ဆိုင်ပြီး အမှတ်စဉ် ၃ မှ ၉ အထိသည် ၁၉၇၄ ခုနှစ် ဝင်ငွေခွန် ဥပဒေနှင့် သက်ဆိုင်သည်။

ကင်းလွတ်ခွင့်များ

အမြတ်ခွန်စည်းကြပ်ခြင်းမှ လုံးဝကင်းလွတ်ခွင့်ရသော ဝင်ငွေအမျိုးအစားများကို ဖော်ပြထားဆုတွင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၅ (က) ပါ ပြဋ္ဌာန်းချက်အတိုင်းပင် ဖြစ်ပေသည်။

ထို့ပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် နိုင်ငံတော်၏အကျိုးငှာ လိုအပ်လျှင် အခွန်မှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

သက်သာခွင့်များ

အမြတ်ခွန်ဥပဒေတွင် ဝင်ငွေခွန်ဥပဒေမှာကဲ့သို့ အခြေခံသက်သာခွင့်၊ ဇနီးနှင့် သားသမီးအတွက် သက်သာခွင့် စသည်တို့ လုံးဝပြဋ္ဌာန်းထားခြင်းမရှိပေ။ သို့ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးသည် နိုင်ငံတော်၏အကျိုးငှာ လိုအပ်လျှင် အခွန်မှ သက်သာခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားလေသည်။

ဝင်ငွေပေါ်တွင် အခွန်ကျသင့်စေခြင်း

အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယားအပိုဒ် (၁) အရ ဝင်ငွေအနည်းဆုံး ကျပ် ၈၀၀၀ ရှိမှသာ အခွန်စည်းကြပ်နိုင်သည်။ နောက်ဆက်တွဲဇယားတွင်ရရှိသော အခွန်ငွေအခြေအနေကို ကန့်သတ်ပိုင်းခြား၍ သက်ဆိုင်ရာအကန့်အသတ် အပိုင်းအခြားအတွင်းရှိ ဝင်ငွေကို အခွန်မည်မျှ ကျသင့်စေမည်ဟု ဖော်ပြထားပြီးဖြစ်ရာ ကျသင့်သော အခွန်ကို သီးခြားတွက်ချက်ရန် မလိုပါ။

ဝင်ငွေပေါ်မှ အမြတ်ခွန်တွက်ချက်ရာတွင် ထူးခြားချက်နှစ်ရပ်မှာ ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဇယားရှိ ကျသင့်သောအခွန်မှ ၁၀% နုတ်ဖယ်ပေးရပြီး ဆေးပေါ်လိပ် ထုတ်လုပ် ရောင်းချသည့် လုပ်ငန်းအတွက် ၁၀% ထပ်မံပေါင်းထည့်ရခြင်းဖြစ်သည်။

ဝင်ငွေရလမ်းမဖော်ပြနိုင်သောဝင်ငွေသည် ဤ"ဝင်ငွေ" ဟူသော စကားရပ်တွင် ထည့်သွင်း၍ အခွန်ကျသင့်စေမည်

ဖြစ်သည်။ ၎င်းအပေါ် စည်းကြပ်ရန်နည်းလမ်းများကို စည်းမျဉ်း ၃၈ တွင် ဖော်ပြထားသည်။

အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် တွင်အခွန်ကျသင့်စေခြင်း

အခြေပစ္စည်း၏တန်ဖိုးသည် ကျပ် ၅၀,၀၀၀ ထက်ပိုပြီး မြတ်စွန်းငွေရှိမှသာ အခွန်ကျသင့်စေမည်ဖြစ်သည်။ကျသင့်သောအခွန်သည် အခြေပစ္စည်းမှ မြတ်စွန်းငွေ၏ တဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်သည်။ သို့ရာတွင် ကျသင့်သောအခွန်သည် အခြေပစ္စည်းကိုရောင်းချ၊ လဲလှယ်၊ သို့မဟုတ် လွှဲပြောင်းသည့်တန်ဖိုးငွေမှ ကျပ် ၅၀,၀၀၀ နုတ်ပယ်ပြီး ကျန်ရှိသောငွေ၏ ထက်ဝက် မပိုစေရပေ။

အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် အခွန်စည်းကြပ်ရန်နည်းလမ်းများကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားရာ အခြေပစ္စည်းမှမြတ်စွန်းငွေကို သတ်မှတ်ရာတွင် အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ်၊ သို့မဟုတ် လွှဲပြောင်းသည့်တန်ဖိုးအဖြစ်မှ အောက်ပါတို့ကို နုတ်ပယ်ခွင့်ရှိလေသည်။

၁။ အခွန်ထမ်းက ယင်းပစ္စည်းကိုရယူခဲ့ရာတွင် ကုန်ကျသည့် မူလတန်ဖိုး၊ သို့မဟုတ် တန်ဖိုးကို တိကျစွာမသိနိုင်လျှင်ဖြစ်စေ၊ အဖိုးစားနားမပါပဲ ရရှိခဲ့ခြင်းဖြစ်လျှင်ဖြစ်စေ ယင်းပစ္စည်းကို ရယူခဲ့သည့်အချိန်၌ ပေါ် ပေါက်သည့် ကာလတန်ဖိုး။

၂။ ယင်းပစ္စည်းကို ရယူရောင်းချ လဲလှယ်၊ သို့မဟုတ် လွှဲပြောင်းရာတွင် ကုန်ကျသည့် စရိတ်များ။

၃။ ယင်းပစ္စည်းအားဖြည့်စွက်ခြင်း၊ တိုးချဲခြင်း၊ သို့မဟုတ် ပြုပြင်ပြောင်းလဲခြင်းအတွက် ကုန်ကျသည့် မတည်စရိတ်များ။

အခွန်ထမ်း ဖော်ပြသော အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ်၊ သို့မဟုတ် လွှဲပြောင်းသည့်အတွက် အခွန်ထမ်း ဖော်ပြသောတန်ဖိုးသည် မမှန်မကန်ဟု စည်းကြပ်မှုအဖွဲ့က ယူဆလျှင် ယင်းတန်ဖိုးကို ကာလတန်ဖိုးဖြင့်အစားထိုးသတ်မှတ်ရမည် ဖြစ်လေသည်။

ပြည်ပမှတင်သွင်းသော ပစ္စည်းပေါ် တွင် အခွန်ကျသင့်စေခြင်း

ပြည်ပမှ တင်သွင်းသော ပစ္စည်းများအပေါ် တွင် ကုန်းပေါ် ရောက်တန်ဖိုး၏ ၁၄ ရာခိုင်နှုန်းကို အခွန်အဖြစ်ကောက်ခံသည်။

ဤအခွန်သည် ယခင်က ရောင်းခွန်အစား ကောက်ခံခြင်းဖြစ်ရာ အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်နှင့်တပါတည်း အကောက်ခွန် ဦးစီးဌာနက ကောက်ခံပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ ၎င်းကို ကုန်ပစ္စည်း တင်သွင်းသည့် အချိန်တွင် ကောက်ခံရမည် ဖြစ်လေသည်။

အခကြေးငွေယူသော ဖျော်ဖြေမှုပေါ် တွင် အခွန်ကျသင့်စေခြင်း

အခကြေးငွေယူသော ဖျော်ဖြေမှုအတွက် ကျသင့်သော အခွန်နှုန်းများကို ဖော်ပြထားရာတွင် ရုပ်ရှင်ပြသခြင်း ဖြစ်ပါက ရငွေအားလုံး၏ ၄၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေနှင့် ရုပ်ရှင်မှအပ ကျန်ဖျော်ဖြေမှုများ အတွက်ရငွေအားလုံး၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်သည်။

ဤအခွန်ကို ဝင်ငွေနှစ်ကုန်သည်အထိမစောင့်ပဲ ဖျော်ဖြေမှုကျင်းပသည့် အချိန်တွင်ပင် ကောက်ခံလေသည်။

ဆားထုတ်လုပ်သူအပေါ် တွင် အခွန်ကျသင့်စေခြင်း

ဆားထုတ်လုပ်သူ မည်သူမဆို အခွန်ထမ်းဆောင်ရန် တာဝန်ရှိရာ ၎င်းအတွက် ကျသင့်သောအခွန်သည် ထုတ်လုပ်သည့် ဆားတပိဿာလျှင် ၁၀ ပြားနှုန်းဖြင့် တွက်ချက်ရရှိသောငွေ ဖြစ်သည်။

ဤအခွန်ကို သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း၌ပင် ကောက်ခံသည်။

ကြေငြာလွှာပေးပို့ခြင်း

မည်သူမဆို နှစ်တနှစ်အတွင်း အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော ဝင်ငွေရှိလျှင် ထိုနှစ်အတွက် မိမိ၏ ဝင်ငွေကြေငြာလွှာကို သတ်မှတ်သည့်ပုံစံဖြင့် နှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာ စည်းကြပ်မှုအဖွဲ့သို့ ပေးပို့ရမည် ဖြစ်သည်။

စည်းကြပ်မှုအဖွဲ့က မည်သူကိုမဆို အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော ဝင်ငွေရှိသည်ဟုယူဆလျှင် ဝင်ငွေကြေငြာလွှာပေးပို့ရန် အကြောင်းကြားနိုင်သည်။

စည်းကြပ်ခြင်း

စည်းကြပ်မှုအဖွဲ့သည် အောက်ပါအချက် သုံးချက်ကို အခြေပြု၍ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကို ခန့်မှန်း စည်းကြပ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

၁။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ ပေးပို့သောစာရင်း။

၂။ အခွန်ထမ်းထံမှရရှိထားသော ဝင်ငွေကြေငြာလွှာ။

၃။ အခြားရရှိထားသောသတင်းအချက်အလက်များ။

စည်းကြပ်မှုအဖွဲ့သည် အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူအားမဆို ခေါ်ယူစစ်ဆေးနိုင်သည့်အပြင် လိုအပ်သည့် သတင်းအချက်အလက်များကိုလည်းတောင်းယူနိုင်သည်။

အယူခံခြင်း

အယူခံနိုင်ခွင့်

အခွန်ထမ်း တဦးသည် စည်းကြပ်မှုအဖွဲ့၏ အမိန့်ကို မကျေနပ်လျှင် ပြည်နယ် သို့မဟုတ် တိုင်းအယူခံ အဖွဲ့နှင့် ဗဟိုအယူခံအဖွဲ့များသို့ အယူခံဝင်နိုင်သည်။ ဥပဒေရေးရာ ပြဿနာနှင့် စပ်လျဉ်းလျှင် ပြည်သူတရားသူကြီးအဖွဲ့သို့ အယူခံဝင်နိုင်သည်။

အမြတ်ခွန်ဥပဒေတွင် ထူးခြားသည်မှာ အယူခံခွင့်ကို အခွန်ထမ်းတဦးတည်းကိုသာပေးထားပြီး စည်းကြပ်မှုအဖွဲ့အား အယူခံခွင့်ပေးမထားခြင်းပင်ဖြစ်သည်။

အခွန်ထမ်း၏ အယူခံနိုင်ခွင့်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပေသည်။

၁။ အခွန်သည် ကျပ် ၅၀၀ ထက်ပိုလျှင် ပြည်နယ် သို့မဟုတ် တိုင်းအယူခံအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၂။ ပြည်နယ် သို့မဟုတ် တိုင်းအယူခံအဖွဲ့၏ ဆုံးဖြတ်ချက်အရ အခွန်သည် ကျပ် ၁၀၀၀ ထက်ပိုလျှင် ဗဟိုအယူခံအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၃။ အယူခံအဖွဲ့တရပ်ရပ်၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာပြဿနာနှင့်စပ်လျဉ်းလျှင် ပြည်သူတရားသူကြီးအဖွဲ့သို့ အယူခံဝင်နိုင်သည်။

ထို့ကြောင့် အခွန်သည် ကျပ် ၅၀၀ အထိ ဖြစ်လျှင် စည်းကြပ်မှုအဖွဲ့၏အမိန့်သည် အပြီးအပြတ် ဖြစ်သည်။

အခွန်သည် ကျပ် ၁၀၀၀ ထက်မကျော်ပဲ ဥပဒေရေးရာပြဿနာမှလည်း မပေါ်လျှင် ပြည်နယ်သို့မဟုတ် တိုင်းအယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခွန်သည် ကျပ် ၁၀၀၀ အထိဖြစ်သော်လည်း ဥပဒေရေးရာပြဿနာမပေါ်လျှင် ဗဟိုအယူခံအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပိုင် ဖြစ်သည်။

ပျက်ကွက်မှုအတွက်ပြစ်ဒဏ်

မည်သူမဆို လုံလောက်သောအကြောင်းမရှိပဲ အောက်ပါပျက်ကွက်မှုတရပ်ရပ်ရှိလျှင် ထိုသူအား ပျက်ကွက်မှုတရပ်စီအတွက် သက်ဆိုင်ရာ စည်းကြပ်မှုအရာ ထပ်မံပေးသွင်းရမည့် အခွန်၏ ၁၀ ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည်။

(က) ဝင်ငွေနှစ်အတွင်း အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း။

(ခ) သတ်မှတ်ထားသော အချိန်အတွင်း ဝင်ငွေ ကြေငြာလွှာပေးပို့ရန်ပျက်ကွက်ခြင်း။

(ဂ) စည်းကြပ်မှုအဖွဲ့က စစ်ဆေးရန် အကြောင်းကြားခေါ်ယူခြင်းကို လိုက်နာရန် ပျက်ကွက်ခြင်း။

(ဃ) အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော သို့မဟုတ် တိုးမြှင့်ပေးထားသော ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်း။

ထိမ်ချန်မှုအတွက်ပြစ်ဒဏ်

ဝင်ငွေ သို့မဟုတ် ဝင်ငွေနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထိမ်ချန်ခြင်းနှင့် စပ်လျဉ်း၍ပြစ်ဒဏ်များကို အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။

(က) ထိမ်ချန်သည့် ကိစ္စရပ်များကို ခွင့်ပြုထားသည့် ကာလအတွင်း ထိုသူက အပြည့်အစုံထုတ်ဖော်ခဲ့လျှင် ယင်းကပေးဆောင်ရမည့် ကျသင့်သည့် အခွန်အပြင် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

(ခ) ထိုသူသည် ခွင့်ပြုထားသည့်အချိန်အတွင်း ထုတ်ဖော်ရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ် ထိမ်ချန်ခဲ့သည့်ဝင်ငွေထက် လျော့နည်းထုတ်ဖော်ခဲ့လျှင် အထက်ဖော်ပြပါ ကျသင့်အခွန်နှင့် ဒဏ်ငွေနှစ်ရပ်စလုံးပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။ ပြစ်မှုထင်ရှားလျှင် ၎င်းအား သုံးနှစ်မှ ၁၀ နှစ်အထိ ထောင်ဒဏ် အပြစ်ပေးနိုင်သည်။ ထိုသူအား တရားစွဲဆိုရာတွင် မြို့နယ်ပြည်သူကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ကို ရယူရမည် ဖြစ်လေသည်။

အရှေ့တောင် အာရှနိုင်ငံများအသင်း (အေဆီယင်)

အရှေ့တောင် အာရှ နိုင်ငံများ အသင်း (အေဆီယင်) နိုင်ငံခြားရေး ဝန်ကြီးများ၏ ၁၃ ကြိမ်မြောက် အစည်းအဝေးကို ၁၉၇၀ ပြည့်နှစ် ဇွန်လ ၂၅၊ ၂၆ ရက်နေ့များတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ မြို့၌ ကျင်းပခဲ့သည်။ ထို အစည်းအဝေးသို့ အိမ်ရှင် မလေးရှား နိုင်ငံခြားရေးဝန်ကြီး အာမက် ရီသော်ဒင်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး လေတပ်ဗိုလ်ချုပ်ကြီး ဆစ်ဒီဆာဝက်ဆီလာ၊ စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး ဆွဲပဖျား ဒါနာဘလန်၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဒေါက်တာ မောဒတာနှင့်ဖိလစ်ပိုင် တွဲဖက် နိုင်ငံခြားရေးဝန်ကြီး အတ္တရှိတိုလင်တီနိုတို့ တက်ရောက် ကြသည်။ ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး ရှိမ္ဘူလိုမှာ နေမကောင်း ဖြစ်နေ၍ တွဲဖက် နိုင်ငံခြားရေး ဝန်ကြီးက တက်ရောက်လာခြင်း ဖြစ်သည်။

အေဆီယင် နိုင်ငံခြားရေး ဝန်ကြီးများသည် ပထမနေ့ စည်းဝေးပွဲ အပြီးတွင် ကြေငြာချက်တစောင်ကို ထုတ်ပြန်သည်။ ထိုကြေငြာချက်တွင် ဇွန်လ ၂၃ ရက်နေ့က ထိုင်း၊



၁၃ ကြိမ်မြောက် အေဆီယင်အဖွဲ့ဝင် နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲကျင်းပစဉ်

ကမ်ပူးချား နယ်ခြား၌ တိုက်ပွဲ ဖြစ်ပွားပြီး ဗီယက်နမ် ဦးဆောင်သောတပ်များ ထိုင်းနိုင်ငံထဲ ကျူးကျော် တိုက် ခိုက်မှုကို ရှုတ်ချထားသည်။ ထိုင်းနိုင်ငံနှင့် အရှေ့တောင် အာရှ ဒေသ၏ လုံခြုံရေးကို အလွန်အမင်း ခြိမ်းခြောက် နေကြောင်း ဖော်ပြပါရှိလေသည်။

အေဆီယင် နိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေငြာ ချက်ကို နှစ်ရက်ကြာ စည်းဝေးပွဲပြီးမှ ထုတ်ပြန်သည်။ ပထမနေ့ စည်းဝေးပွဲအပြီး ထုတ်ပြန်လိုက်သော ကြေငြာ ချက်တိုကလေးသည် ဗီယက်နမ်နိုင်ငံက ထိုင်းနိုင်ငံထဲ ဝင် ရောက် တိုက်ခိုက်မှု ကိစ္စတခုတည်းကိုသာ ဖော်ပြထားသည်။

အေဆီယင် နိုင်ငံခြားရေး ဝန်ကြီးများ၏ ပထမနေ့ အစည်းအဝေးတွင် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ကြရန် ကိစ္စကို မဆွေးနွေးကြကြောင်း၊ ထိုင်းနိုင်ငံသည် စိတ်ဓာတ် ရေးရာနှင့် သံတမန်ရေးရာ ထောက်ပံ့မှုကိုသာ ရှာကြံ ကြောင်းဖြင့် စည်းဝေးပွဲအပြီးတွင် မလေးရှား နိုင်ငံခြား ရေးဝန်ကြီး ရီသော်ဒင်က သတင်းစာ ဆရာများကို ပြော ကြားသည်။

အေဆီယင် နိုင်ငံခြားရေး ဝန်ကြီးများသည် ၎င်းတို့၏ နှစ်ရက်ကြာ စည်းဝေးပွဲအပြီး ဇွန်လ ၂၆ ရက်နေ့ ညနေ တွင် ပူးတွဲကြေငြာချက် တစောင်ကို ထုတ်ပြန်ခဲ့သည်။ ထို ပူးတွဲ ကြေငြာချက်တွင် နိုင်ငံရေး၊ ဒုက္ခသည်များအရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ နိုင်ငံ တကာ စီးပွားရေးတို့နှင့် ပတ်သက်ပြီး အေဆီယင် နိုင်ငံ ခြားရေး ဝန်ကြီးများ၏ အမြင်များ၊ သဘောထားများကို ဖော်ပြထားလေသည်။

ကမ်ပူးချားအရေး နိုင်ငံတကာ ညီလာခံတရပ် ကျင်း ပပေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းထံ ထပ်မံ တောင်းဆို လိုက်သည်။ လွန်ခဲ့သည့် ၁၀ လက ဗီယက်နမ်တပ်များက ဖြုတ်ချခဲ့သော ဒီမိုကရက်တစ် ကမ်ပူး ချား (ခမာနီ) အစိုးရကို ဆက်လက် အသိအမှတ်ပြုရန် အတည်ပြုကြသည်။ အာဖဂန်စတန် နိုင်ငံတွင်းသို့ ဆိုဗီ ယက်တို့က စစ်ရေးဖြင့် စွက်ဖက်ခဲ့မှုကိုလည်း ပြင်းထန်စွာ ရှုတ်ချသည်။

ကမ်ပူးချားပဋိပက္ခနှင့် စပ်လျဉ်း၍ ထာဝရ နိုင်ငံရေး ဖြေရှင်းမှုတခုရရန် အေဆီယင်နှင့် နိုင်ငံတကာ အဖွဲ့အစည်း ကြီး၏ ထောင်းဆိုချက်ကို ဗီယက်နမ်နိုင်ငံမှ အပြုသဘော တုံ့ပြန်မှုမရှိ၍ ဝမ်းနည်းကြောင်း၊ ကမ်ပူးချားပဋိပက္ခ သည် အရှေ့တောင်အာရှ၌ အင်အားကြီး နိုင်ငံများ၏ ပြိုင်ဆိုင်မှုကို ပိုမို တိုးလာစေကြောင်းဖြင့်လည်းဖော်ပြလိုက် သည်။ ကမ်ပူးချား ပြည်သူများသည် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ရန် ကမ်ပူးချားနိုင်ငံ အတွင်းမှ ဗီယက်နမ်တပ် များလုံးဝရုပ်သိမ်းသွားရန်လည်း တောင်းဆိုသည်။ ဓနသ ဟာယ အစိုးရအဖွဲ့ အကြီးအကဲများနှင့် လွန်ခဲ့သည့်နှစ် ဘက်မလိုက်ထိပ်သီးညီလာခံက ထောက်ခံတင်ပြထားသော အရှေ့တောင်အာရှဒေသ၌ အင်အားကြီးနိုင်ငံများနှင့်ပြည်ပ စွက်ဖက်မှုကင်းရေး အဖြစ်ကိုလည်း အေဆီယင် နိုင်ငံခြား ရေးဝန်ကြီးများက ကြိုဆိုလိုက်သည်။

ထိုင်းနိုင်ငံ၌ ကမ်ပူးချား ဒုက္ခသည် အများအပြားရှိ နေပြီး ဒုက္ခသည်များ နောက်ထပ် ဝင်ရောက်လာဦးမည့် အန္တရာယ်ရှိနေ၍ အခြေအနေတင်းမာနေသော နယ်ခြား တလျှောက် ထိုင်းနိုင်ငံဘက်၌ အကဲခတ်အဖွဲ့တဖွဲ့ ချထား ရန် ဒေါက်တာကွတ်ဗာဟိုင်း ထံသို့ ထပ်မံ မေတ္တာရပ်ခံ လိုက်သည်။ ထိုင်းအစိုးရ ဒုက္ခသည်များဆိုင်ရာ ကုလ သမဂ္ဂ မဟာမင်းကြီးရုံးနှင့် အခြား နိုင်ငံတကာ အဖွဲ့ အစည်းများ ပူးပေါင်း ဆောင်ရွက်ခဲ့သော ကမ်ပူးချား ဒုက္ခသည်များ မိမိတို့ ဆန္ဒအလျောက် နေရပ်ပြန်လိုသူများ

ပြန်နိုင်ရေး အစီအစဉ်ကိုလည်း အပြည့်အဝ ထောက်ခံသည်။ မကြာမီလများက အေဆီယင်နိုင်ငံများသို့ ဗီယက်နမ် ဒုက္ခသည်များ တိုး၍ရောက်လာမှုကို စိုးရိမ်မိကြောင်း ဖြင့်လည်း ဖော်ပြထားသည်။ ထိုပြဿနာ၏ အရင်းအမြစ်ကို ဖြေရှင်းရန် ဗီယက်နမ်၌ တာဝန်ရှိပြီး နောက်ထပ် မထွက်အောင် တားမြစ်ရန်လည်း ဗီယက်နမ် နိုင်ငံသို့ တောင်းဆိုခဲ့လေသည်။

စီးပွားရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာ ရေးရာတွင် အေဆီယင်သည် အရေးပါသော စီးပွားရေး အဖွဲ့တဖွဲ့ ဖြစ်လာကြောင်း အသိအမှတ်ပြု ခံရပြီး အေဆီယင်၏ အဆင့်အတန်း မြင့်တက်လာမှုကို ကျေနပ်ကြောင်း နိုင်ငံတကာ စီးပွားဆက်ဆံရေးသည် အပျက် လမ်းကြောင်းသို့ ပိုမိုဦးတည်သွားနေသည်ကို သတိထားမိ၍ အလွန် စိုးရိမ်မိကြောင်း။ ဖွံ့ဖြိုးပြီး နိုင်ငံများသည် ၎င်းတို့၏ စီးပွားရေးကို ပြန်လည် မတည်ဆောက်နိုင်လျှင် တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုသည် ကျဆင်းသွားလိမ့်မည်ကို သတိ ပြုမိကြကြောင်း စသည်ဖြင့် ဖော်ပြထားသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများသည် အပြုသဘော ဆောင်သည့်ညှိနှိုင်းမှု ရှိသော ပေါ်လစီများကို ကျင့်သုံးရန် နိုင်ငံရေးအသိဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ဖျက်သိမ်းသွားရန်လည်း တိုက်တွန်းထားသည်။

အေဆီယင်နိုင်ငံခြားရေးဝန်ကြီးများ၏ နောက်တကြိမ် အစည်းအဝေးကို လာမည့်နှစ်တွင်ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပရန်ဆုံးဖြတ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိလေသည်။

အေဆီယင် နိုင်ငံခြားရေး ဝန်ကြီးများ စည်းဝေးပွဲ ကျင်းပပြီးနောက် ဇွန် ၂၇၊ ၂၈ ရက်နေ့များတွင် အေဆီယင်နိုင်ငံခြားရေး ဝန်ကြီးများ၊ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးနှင့် ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါ၊ ဥရောပဘုံစျေးအဖွဲ့မှ ဝန်ကြီးများ၏ အစည်းအဝေးကို ဆက်လက်ကျင်းပကြသည်။

ထိုစည်းဝေးပွဲအပြီးတွင် ပြုလုပ်သော ဝန်ကြီးများ၏ သတင်းစာ ရှင်းလင်းပွဲတရပ်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာမတ်စကီးက စည်းဝေးပွဲ၌ ကမ်ပူးချားပြဿနာကို ဆွေးနွေးခဲ့ကြသည်ဟု ထုတ်ဖော် ပြောကြားခဲ့လေသည်။

အလာစကာပြည်နယ်။ ။ အမေရိကန် ပြည်ထောင်စု၏ ၄၉ ခုမြောက် ပြည်နယ်ဖြစ်သော အလာစကာပြည်နယ်သည် ၁၉၅၉ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ၄၉ ခုမြောက် ပြည်နယ် ဖြစ်လာသည်။ မြောက်အမေရိက၏ အနောက်မြောက်ပိုင်းနှင့် နယ်ချင်းစပ်နေပြီး အမေရိကန် ပြည်မကြီးနှင့် သီးခြားဖြစ်နေသည်။ အလာစကာပြည်နယ်၏ ကမ်းရိုးတန်းသည် မိုင်ပေါင်း ၃၃,၉၀၄ ရှည်လျားသော ကျွန်းငယ်များအပါအဝင်မိုင်ပေါင်း ၆၆,၆၄၀မျှရှည်လျားသည်။ တောင်တန်းများ၊ မီးတောင်များ၊ ရေခဲပြင်များ ပေါများသည်။

လူဦးရေ ခြောက်ပုံတပုံခန့်မှာ အက်စကီမိုနှင့် အင်ဒီယန်းလူမျိုးများ ဖြစ်သည်။ အာတိတ် စက်ဝိုင်းအတွင်းရှိ အလာစကာပြည်နယ်၌ ဘာရိဆိပ်ကမ်းမှာ ပြည်နယ်အတွင်း၌ မြောက်ပိုင်းဆိပ်ကမ်းဖြစ်၏။ ယူကွန်မြစ်သည် ကနေဒါနယ်စပ်မှ အလာစကာပြည်နယ် အလယ်ပိုင်းကို ဖြတ်လျက် ဘာရင်မြစ်အတွင်းသို့အရှေ့မှအနောက်သို့ မိုင်ပေါင်း ၁,၂၀၀ အကွာအဝေးကို စီးဝင်သည်။ အလာစကာ တောင်ဘက် အလယ်ပိုင်း၌ တည်ရှိသည့် ပေပေါင်း ၂၀,၃၂၀ မြင့်သော

အကျယ်အဝန်း။	။၅၀၇,၄၁၂ စတုရန်းမိုင်
လူဦးရေ။	။၄၀၃,၀၀၀
မြို့တော်။	။ဂျူနိယော်မြို့

မကွင်လေ တောင်သည် မြောက်အမေရိက၌ အမြင့်ဆုံးအထွတ် ဖြစ်သည်။

အလာစကာ အလယ်ပိုင်း၌ ဆီးဝပ်ကျန်းဆယ်အလွန်တွင် ဒိုင်မက်ဒီကျန်းကလေးတည်ရှိရာ ဆိုဗီယက်ပိုင် ဒိုင်မက်ဒီကျန်းကြီးမှ ၂ ဒသမ ၄ မိုင်သာကွာဝေးသည်။ အလာစကာ ကျန်းဆယ်နှင့် အလီယူတီယန် ကျန်းများသည် အနောက်တောင်နှင့် အနောက်ဘက်သို့ မိုင်ပေါင်း ၁,၂၀၀ မျှ ပြန့်နှံ့နေသည်။ အလာစကာပြည်နယ်၌ ၁၇၁၄ ခုနှစ်က ပထမဆုံးခြေချခဲ့သောဥရောပတိုက်သားမှာ ဒိန်းမတ်လူမျိုး နယ်သစ်ရှာဖွေသူ ဗီတပ်ဘာရင်ဆိုသူ ဖြစ်သည်။ ရုရှအမေရိက၏ပထမဆုံး အုပ်ချုပ်ရေးမှူး အလီဇန္ဒာဘာရာနိုသည် ၁၇၉၉ ခုနှစ်၌ တာချိန်ဂဲ ဒေသတွင် ဌာနချုပ်တည်ထောင်ခဲ့သည်။ ၁၈၆၇ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီး ဝီလီယံဆီးဝပ်က ရုရှထံမှ အလာစကာပြည်နယ်ကို ဒေါ်လာ ၇ သန်း ၂ သိန်းဖြင့် ဝယ်ယူခဲ့ရာ မြေတကေလျှင် နှစ်ဆင့်မျှသာ တန်ဖိုးရှိသည်။ ၁၈၉၆ ခုနှစ်တွင် ရွှေထွက်ကြောင်းတွေ့ရှိရသဖြင့် ရွှေရှာသူများမှာ လယ်သမားများအဖြစ်ဖြင့် လည်းကောင်း၊ ကုန်သည်များ အဖြစ်ဖြင့်လည်းကောင်းအလာစကာသို့ ဝင်ရောက်အခြေစိုက် ခဲ့ကြသည်။

အလာစကာ ရာသီဥတုသည် အလွန်ခြားနားချက်ရှိသည်။ ကုန်းတွင်းပိုင်း၌ နွေရာသီအချိန် တိုတောင်း၍ အလွန်ပူပြီး ဆောင်းရာသီတွင် အလွန်အေးသည်။

အလာစကာပြည်နယ်၏ အဓိကဝင်ငွေမှာ ငါးဖမ်းလုပ်ငန်း၊ ခဲတ်သတ္တု (အထူးသဖြင့်ရေနံ)၊ သစ်သားထွက်



ပရိုဟိုပင်လယ်ကွေ့မှ အလာစကာဒေသ တောင်ပိုင်း ဗာဒီဆိပ်ကမ်းမြို့သို့ ရေနံပေးပို့သော ၇၉၆ မိုင်ရှည်လျားသော ရေနံပိုက်လိုင်းကြီး

ပစ္စည်း၊ခရီးသွားလာရေးနှင့်သားမွေးတို့မှရရှိသည်။ အလာစကာ ပြည်နယ်သည် ငါးဖမ်းလုပ်ငန်း၌ ထိပ်တန်းဖြစ်၍ ၁၉၇၅ ခုနှစ်တွင် ဒေါ်လာ ၁၄၄ သန်းခန့် ရရှိခဲ့လေသည်။

ငါးနှင့် အခြားအစာများ စည်သွတ်လုပ်ငန်းမှာ အကြီးဆုံးစက်မှုလုပ်ငန်းဖြစ်သည်။ ပင်လယ်ငါးသလောက်၊ ကွတ်ခေါ် ပင်လယ်ငါးတမျိုးနှင့် ခရုကမာတို့ကို စည်သွတ်ဗူးပြုလုပ်သည်။ ဒုတိယအကြီးဆုံး လုပ်ငန်းမှာ သစ်တောထွက်ပစ္စည်းလုပ်ငန်း ဖြစ်၏။

ထင်းရှူးပင်များ ပေါများသော အလာစကာပြည်နယ် သစ်တောနယ်မြေမှာ စုစုပေါင်း ၈က ၂၀ သန်းမျှရှိသည်။ အရှေ့တောင်ဒေသတွင် ပျော့ဖတ်စက်ရုံများ တိုးတက်လာသည်နှင့်အမျှ သစ်တောထွက် လုပ်ငန်းမှာ ကျယ်ပြန့်လာသည်။ သစ်သားထွက်ပစ္စည်း တန်ဖိုးမှာ နှစ်စဉ် ဒေါ်လာ ၁၃၄ သန်းဖိုးမျှရှိလေသည်။

ပရိဖိလုပ် ကျွန်းပေါ်ရှိ ပင်လယ် ဖျံအုပ်ကြီးကို ဗဟို အစိုးရကပိုင်ဆိုင်၍ ဖမ်းဆီးခြင်းလုပ်ငန်းကို အမေရိကန် ကူးသန်းရောင်းဝယ်ရေးဌာနက စီမံဆောင်ရွက်သည်။

ကမ်းလွန်ပင်လယ်ရေနံမှာ ၁၉၇၅ ခုနှစ်တွင် ဒေါ်လာ သန်းပေါင်း ၃၆၀ ဖိုးမျှရှိသည်။

ပရိုဟို ပင်လယ်ကွေ့မှ အလာစကာတောင်ပိုင်း ဗာဒီဆိပ်ကမ်းသို့ ရေနံပေးပို့ရန် ၇၉၆ မိုင်ရှည်လျားသော အလာစကာပြည်နယ်ဖြတ်ပိုက်လိုင်းကိုဒေါ်လာသန်းပေါင်း ၆၀၀၀ ဖြင့်ဖောက်လုပ်ရန် ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလတွင် ကွန်ဂရက်လွှတ်တော်က အတည်ပြုလိုက်လေသည်။ ၁၉၇၇ ခုနှစ်တွင် ရေနံစတင်လွှတ်ပေးခဲ့သည်။

အလာစကာပြည်နယ်သို့ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် ၂၃၅,၀၀၀ မျှသွားရောက်လည်ပတ်၍ ဒေါ်လာ ၂၉၉ သန်းမျှ သုံးစွဲကြသည်။ အလာစကာတွင် မော်တော်ကားလမ်းနှစ်လမ်းရှိ၍ လမ်းသစ်မှာ ကနေဒါ နိုင်ငံနှင့် ဆက်ထားပြီး လမ်းဟောင်းမှာ ဖြိတိသျှ ကိုလံဘီယာနှင့်ဆက်ထားလေသည်။

အာကာသ သုတေသန။ ။၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့၌ လွှတ်တင်ခဲ့သော ဆိုဗီယက်ဆိုယုတိ ဆက် သွယ်ရေးအာကာသယာဉ်သည် ဆား‌လျှ. ၆ အာကာသ စခန်းနှင့်ချိတ်ဆက်ကာသုံးလကျော်ခန့် သုတေသနပြုအပြီး ၁၉၈၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့တွင်မြေပြင်သို့ ပြန်လည် သက်ဆင်းခဲ့သည်။

ဆိုယုတိ ၂။ ။ဆိုဗီယက်အာကာသယာဉ်မှူး ယူရီမာလိရှတ်ဗနှင့် ဗလက်ဒီမာအက်စယိုနော့တို့ ပါဝင်သော ဆိုယုတိ ၂ အာကာသယာဉ်ကို ဇွန်လ ၅ ရက်နေ့တွင် အာကာသသို့ လွှတ်တင်ခဲ့သည်။ အဆိုပါ အာကာသယာဉ်သည်အာကာသရှိ ဆား‌လျှ. ၆ အာကာသစခန်းနှင့်ဇွန်လ ၆ ရက်နေ့တွင် ချိတ်ဆက်မိသဖြင့် အာကာသယာဉ်မှူးနှစ်ဦးတို့သည် အာကာသစခန်းသို့ ဝင်ရောက်သည်။ ဆိုယုတိ ၂ အာကာသယာဉ်မှူးတို့သည် ဆား‌လျှ. ၆ အာကာသစခန်းတွင် ရှိနေသော အာကာသယာဉ်မှူး လီယိုနစ်နှင့် ဗာလာရီရူမင်တို့နှင့် ပူးပေါင်းကာ အာကာသစခန်းနှင့် အာကာသယာဉ်တို့ကို ချိတ်ဆက်ခြင်း၊ အတွဲဖြုတ်ခြင်းစသည်ဖြင့် စမ်းသပ်ပြုလုပ်ခဲ့လေသည်။ ဆိုယုတိ ၂ အာကာသယာဉ်သည် ဇွန်လ ၉ ရက်နေ့တွင် မြေပြင်သို့ ပြန်လည် ဆင်းသက်ခဲ့သည်။

ဆိုယုတိ ၃။ ။အာကာသ ယာဉ်မှူး အိုလိစမာကာရော့ဗ၊ ပျံသန်းရေးအင်ဂျင်နီယာ လီယိုနစ်ခေမ်၊ သုတေ

သနမ္မူး ဂျီနာဒီ စထရိုခလော့စ်တို့ ပါဝင်သော ဆိုယုတီ ၃ အာကာသယာဉ်ကို နိုဝင်ဘာလ ၂၇ ရက်နေ့တွင် အာကာသသို့ လွှတ်ခဲ့သည်။ ဆိုယုတီ ၃ အာကာသ ယာဉ်သည် ဆား‌လျှ. ၆ အာကာသစခန်းနှင့် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ချိတ်ဆက်မိသည်။ ဆိုယုတီ ၃ အာကာသ ယာဉ်မှူးများသည် ဆား‌လျှ. ၆ အာကာသစခန်းတွင်းသို့ ဝင်ရောက်ပြီး စစ်ဆေးစမ်းသပ်ခြင်းများကို ပြုခဲ့သည်။

ပရိုဂရက် ဂ။ ။ဆိုဗီယက် ပြည်ထောင်စုသည် ပရိုဂရက် ဂ အလိုအလျောက် သယ်ယူပို့ဆောင်ရေး အာကာသယာဉ်ကို မတ်လ ၂၇ ရက်နေ့တွင် ဆား‌လျှ. ၆ အာကာသစခန်းရှိရာသို့ ပစ်လွှတ်ခဲ့သည်။ မတ်လ ၂၉ ရက်နေ့တွင် ဆား‌လျှ. ၆ အာကာသစခန်းနှင့် ချိတ်ဆက်မိသည်။ ဧပြီလ ၂၅ ရက်နေ့တွင် ပရိုဂရက် ဂ သည် ချိတ်ဆက်ခြင်းကိုဖြုတ်၍ သီးသန့်ပျံသန်းခြင်းကို လေ့ကျင့်ကာ မြေပြင်သို့ ဦးတည် ပျံသန်းလာရာ ဧပြီလ ၂၆ ရက်နေ့တွင် ပစိဖိတ်သမုဒ္ဒရာရေပြင် အထက် တနေရာတွင် မီးလောင် ပျက်စီးသည်။

ပရိုဂရက် ဃ။ ။ဆိုဗီယက်ပြည်ထောင်စုသည် ဆား‌လျှ. ၆ အာကာသစခန်းတွင် အာကာသ သုတေသနပြုနေကြသော အာကာသယာဉ်မှူး ဗာလာရီရူမင်နှင့် လီယိုနစ်ဒီပိုပေါ့တို့ အသုံးပြုရန် သိပ္ပံသုတေသနပြု ကိရိယာ၊ စားနပ်ရိက္ခာနှင့် ဆား‌လျှ. ၆ အတွက် လောင်စာစသော ကုန်တန်ချိန် ၂ ဒသမ ၅ တန်ပါဝင်သော ပရိုဂရက် ဃ အလိုအလျောက် သယ်ယူပို့ဆောင်ရေး အာကာသယာဉ်ကို ဧပြီလ ၂၆ ရက်နေ့တွင် အာကာသသို့ လွှတ်တင်ခဲ့သည်။ ကမ္ဘာမြေပြင်မှ သယ်လာသော ပစ္စည်းများကို ပြောင်းပေးအပြီး ဆား‌လျှ. ၆ အာကာသစခန်းနှင့် ချိတ်ဆက်ခြင်းကို ဖြုတ်၍ မြေပြင်သို့ ဦးတည်ပျံသန်းလာရာ မြေပြင်စခန်းက အချက်ပေးမှုကြောင့် မတ်လ ၂၂ ရက်နေ့တွင် ပစိဖိတ်သမုဒ္ဒရာရေပြင်အထက် တနေရာတွင် ပျက်စီးသွားလေသည်။

ပရိုဂရက် ၁၀။ ။ ဆိုဗီယက် ပြည်ထောင်စုသည် ပရိုဂရက် ၁၀ အလိုအလျောက် ပို့ဆောင်ရေး အာကာသယာဉ်ကို ဇွန်လ ၂၉ ရက်နေ့ နံနက်တွင် အာကာသသို့ လွှတ်တင်ခဲ့သည်။ ယင်းအာကာသယာဉ်သည် ကမ္ဘာနှင့် အနီးဆုံး ၁၉၁ ကီလိုမီတာအကွာကမ္ဘာပတ်လမ်းကြောင်းမှ လည်းကောင်း၊ကမ္ဘာနှင့်အဝေးဆုံး ၂၀၁ ကီလိုမီတာအကွာ ကမ္ဘာပတ်လမ်းကြောင်းမှလည်းကောင်း ဂဂ ဒသမ ၉ မိနစ်လျှင် တပတ်ကျ ကမ္ဘာကိုပတ်၍ ပျံသန်းသည်။ ထို့နောက် အဆိုပါ အာကာသယာဉ်သည် ဆာယု ၃၆ အာကာသယာဉ်နှင့် ချိတ်ဆက်ပျံသန်းနေသော ဆား‌လျှ. ၆ အာကာသစခန်းနှင့် ဇူလိုင်လ ၉ ရက်နေ့မှစပြီး ချိတ်ဆက်၍ ၁၇ ရက်တိုင် ချိတ်ဆက်ပျံသန်းသည်။ ဇူလိုင်လ ၂၀ ရက်နေ့တွင်မြေပြင်စခန်းမှဒေချက်ပေးချက်အရ ပစိဖိတ်သမုဒ္ဒရာအထက် တနေရာတွင် တစစီဖြစ်၍ ပျက်စီးသွားလေသည်။

ဆိုယု ၃၅။ ။ဆိုဗီယက် ပြည်ထောင်စုသည် အာကာသယာဉ် လွှတ်တင်သော ဆား‌လျှ. ၆ အာကာသစခန်း ပြုပြင်ရေးအတွက်လည်းကောင်း၊ အာကာသစခန်းနှင့် အာကာသယာဉ်တို့ ချိတ်ဆက်ပျံသန်း၍ သုတေသန ပြုရေးတို့အတွက်လည်းကောင်း၊ အာကာသယာဉ်မှူး လီယိုနစ်ပို့ပေါ့နှင့် ပျံသန်းရေးအင်ဂျင်နီယာ ဗာလာရီရူမင်တို့ ပါဝင်သော ဆိုယု ၃၅ အာကာသယာဉ်ကို ဧပြီလ ၉ ရက်နေ့တွင် အာကာသသို့ လွှတ်တင်ခဲ့သည်။ ဆိုယု ၃၅ အာကာသယာဉ်သည် ဧပြီလ ၁၀ ရက်နေ့တွင် ပရိုဂရက် အာကာသယာဉ်နှင့် ချိတ်ဆက်ပျံသန်းနေသော ဆား‌လျှ. ၆ ၏ လှုပ်ပေါက်ရှိသော နေရာတွင် ချိတ်ဆက်မိသည်။ ထို့နောက် ဆိုယု ၃၅ အာကာသယာဉ်မှ အာကာသယာဉ်မှူးများသည် ဆား‌လျှ. ၆ အာကာသယာဉ်အတွင်းသို့ ဝင်ရောက်ကာ အာကာသသုတေသနပြုခြင်းများကို ဆောင်ရွက်အပြီး ဆိုဗီယက်အာကာသယာဉ်မှူး ဗာလာရီကူဘာဆော့နှင့် ဟန်ဂေရီလူမျိုး အာကာယာဉ်မှူး ဘာတာလန် ဖာကာ့တို့သည် ကြိုတင် သတ်မှတ်ထားသော နေရာသို့ ဇွန်လ ၃ ရက်နေ့တွင် ပြန်လည်သက်ဆင်းခဲ့လေသည်။

ဆိုယု ၃၆။ ။ဆိုဗီယက်ပြည်ထောင်စုသည် ဆိုဗီယက် အာကာသယာဉ်မှူး ဗာလာရီ ကူဘာဆော့နှင့် ဟန်ဂေရီ သုတေသနမှူး ဘာတာလန်ဖာကာ့တို့ ပါဝင်သော ဆိုယု ၃၆ အာကာသယာဉ်ကို မေလ ၂၆ ရက်နေ့တွင် အာကာသသို့ လွှတ်တင်ခဲ့သည်။ ဆိုယု ၃၆ သည် ဆိုယု ၃၅ နှင့် ချိတ်ဆက်၍ အာကာသ၌ ပျံသန်းနေသော ဆား‌လျှ. ၆ အာကာသစခန်းနှင့် ချိတ်ဆက်လိုက်သည်။ ဆိုယု ၃၆ မှ အာကာသယာဉ်မှူးများသည် ဆား‌လျှ. ၆ အာကာသစခန်းမှ အာကာသယာဉ်မှူး ပို့ပေါ့၊ ရူမင်တို့နှင့် ပူးပေါင်းကာ အာကာသသုတေသန ပြုကြသည်။ ယင်းအာကာသယာဉ်သည် ဆား‌လျှ. ၆ အာကာသစခန်းနှင့် ချိတ်ဆက်လျက် အာကာသ၌ ကျန်ခဲ့လေသည်။

ဆိုယု ၃၇။ ။ဆိုဗီယက် ပြည်ထောင်စုသည် ဗီယက်နမ် တိုက်လေယာဉ်မှူး ဗို့လ်မှူးကြီး ဖမ်ထဝမ်နှင့် ဆိုဗီယက် အာကာသယာဉ်မှူး ဗက်တာဂေါ်ဘာကို့တို့ ပါဝင်သော ဆိုယု ၃၇ အာကာသယာဉ်ကို ဇူလိုင်လ ၂၃ ရက်နေ့တွင် အာကာသသို့လွှတ်တင်ခဲ့သည်။ ယင်းအာကာသယာဉ်သည် ဇူလိုင်လ ၂၅ ရက်နေ့တွင် ဆိုယု ၃၆ အာကာသစခန်းနှင့် ချိတ်ဆက်ပျံသန်းနေသောဆား‌လျှ. ၆ အာကာသစခန်းနှင့် ချိတ်ဆက်ခြင်းပြုသည်။ ထို့နောက် ဆိုယု ၃၇ မှ အာကာသယာဉ်မှူးတို့သည် ဆား‌လျှ. ၆ အာကာသစခန်း

အတွင်းသို့ ဝင်ရောက်ကာ အာကာသစခန်း၌ ရှိနေသော ဆိုဗီယက်အာကာသယာဉ်မှူးနှစ်ဦးနှင့် ပူးပေါင်း၍ ကမ္ဘာ၏မြေပြင်၊ ရေပြင်တို့ကို ဓာတ်ပုံရိုက်၍ လေ့လာခြင်းနှင့် ဆေးဘက်ဆိုင်ရာ သုတေသန ပြုခြင်းတို့ကို ဆောင်ရွက်သည်။ ဆိုဗီယက်အာကာသယာဉ်မှူး ဗက်တာဂေါ်ဘာကို နှင့် ဗီယက်နမ်တိုက်လေယာဉ်မှူး ဖမ်ထဝမ်တို့ ပါဝင်သော ဆိုယူ ၃၇ အာကာသယာဉ်သည် ဇူလိုင်လ ၃၁ ရက်နေ့တွင် ကမ္ဘာသို့ ဦးတည်ပျံသန်းလာပြီး ကြိုတင်သတ်မှတ်ထားသော နေရာသို့ ညင်သာစွာ သက်ဆင်းခဲ့လေသည်။ ဆိုယူ ၃၈။ ။ဆိုဗီယက် ပြည်ထောင်စုသည် ဆိုဗီယက် အာကာသယာဉ်မှူး ယူရီရိုမာနန်ကိုနှင့် ကျူးဗားအာကာသယာဉ်မှူး အာနာဒူတာ မာယိုမန်ဒါတို့ ပါဝင်သော ဆိုယူ ၃၈ အာကာသယာဉ်ကို စက်တင်ဘာလ ၁၉ ရက်နေ့တွင် အာကာသသို့ လွှတ်ခဲ့သည်။ အဆိုပါ အာကာသယာဉ်မှ အာကာသယာဉ်မှူးများသည် ဆား.လျှ. ၆ အာကာသ စခန်းတွင်ရှိသော အာကာသယာဉ်မှူး ပိုပေါ်၊ ဗာလာရီရူမင်တို့နှင့် ပူးပေါင်း၍ ဆား.လျှ. ၆ အာကာသစခန်းတွင် သုတေသနပြုခဲ့ကြသည်။ ယင်းသို့ သုတေသနပြုရာတွင် အလေးချိန်မဲ့သည့် အခြေ အနေ၌ သကြားအပါအဝင် ပုံဆောင်ခဲ ပြုလုပ်ခြင်းများလည်း ပါဝင်သည်။ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဆိုဗီယက် အာကာသယာဉ်မှူး ယူရီရိုမာနန်ကိုနှင့် ကျူးဗားအာကာသယာဉ်မှူး အာနာဒူတာမာယိုမန်ဒါတို့ ပါဝင်သော ဆိုယူ ၃၈ အာကာသယာဉ်သည် ကမ္ဘာမြေပြင်သို့ ပြန်လည် သက်ဆင်းခဲ့သည်။

နာဆာအဖွဲ့။ ။နာဆာဟူ၍ အတိုကောက် ခေါ်သော အမေရိကန် အမျိုးသား လေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့သည် အမေရိကန်ပြည်ထောင်စုက စိမ်ကိန်းချ၍ အာကာသသုတေသနပြုရန် ၁၉၅၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော အဖွဲ့ဖြစ်သည်။ ဝါရှင်တန်မြို့တွင် ဌာနချုပ်ဖွင့်ထားသည်။ ပထမညွှန်ကြားရေးမှူးသည် ဒုတိယကမ္ဘာစစ်အပြီး၌ အမေရိကန်ပြည်ထောင်စုရောက် ဂျာမန်သိပ္ပံပညာရှင် ဝါနာဗွန်ဗရောင်းဖြစ်သည်။ ဝါနာဗွန်ဗရောင်းနှင့် အဖွဲ့သည် အာကာသသုတေသနပြုရေးအတွက် ဆက်တန် ၁၊ ဆက်တန် ၁ ဘီနှင့် ဆက်တန် ၅ အမျိုးအစား ဒုံးယာဉ်များကို တီထွင်ခဲ့သည်။ အဆိုပါအဖွဲ့သည် ၁၉၆၂ ခုနှစ် ဒီဇင်ဘာလတွင် နေစွမ်းအင်ဖြင့် အသုံးပြုရသော ဗက်ထရီ ပါဝင်ပြီး အလေးချိန် ၁၇၂ ပေါင် လေးသည့် ဆက်သွယ်ရေးဂြိုဟ်တုတခုကို အာကာသသို့ ပထမဆုံးလွှတ်တင်ခဲ့သည်။ ဂြိုဟ်တုသည် မြေပြင်နှင့် အနီးဆုံး ၈၁၇ မိုင်ရှိ၊ ကမ္ဘာပတ်လမ်းကြောင်းမှလည်းကောင်း၊ ကမ္ဘာနှင့် အဝေးဆုံး ၎,၆၁၁ မိုင်ရှိသော ကမ္ဘာပတ်လမ်းကြောင်းမှ လည်းကောင်း ကမ္ဘာကိုပတ်၍ ပျံသန်းခဲ့သည်။ ထို့နောက် အလေးချိန် ၇၉ ပေါင်လေးသော ဆန်ကမ် ၂ ဆက်သွယ်ရေးဂြိုဟ်တုကိုဒုဖွဲ့ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် အာကာသသို့ လွှတ်တင်ခဲ့သည်။ ဆန်ကမ် ၃ ဆက်သွယ်ရေးဂြိုဟ်တုကို ၁၉၆၄ ခုနှစ် သြဂုတ်လ ၁၉ ရက်နေ့တွင် အာကာသသို့ ထပ်မံလွှတ်တင်ခဲ့ရာ အဆိုပါဂြိုဟ်တုသည် ဂျပန်နိုင်ငံတွင် ကျင်းပနေသော အိုလင်းပစ် အားကစားပွဲအား ရုပ်မြင်သံကြားအစီအစဉ်ဖြင့် အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံး လွှင့်ပေးနိုင်ခဲ့သည်။

နာဆာအဖွဲ့၏ စီစဉ်ချက်ဖြင့် ၁၉၅၈ ခုနှစ်မှစ၍ ပြုလုပ်ခဲ့သော အာကာသသုတေသနပြု အစီအစဉ်တွင် လူမပါသောအာကာသယာဉ်နှင့်ဂြိုဟ်တုများလွှတ်၍ သုတေသနပြုခြင်းနှင့် လူပါသော အာကာသယာဉ်များလွှတ်၍ သုတေသနပြုခြင်းတို့ ပါဝင်သည်။ လူမပါသော အာကာသယာဉ်များဖြင့် သုတေသနပြုခြင်းသည် ရွေ့ပြေးသဘောမျိုး ဖြစ်သဖြင့် အာကာသသို့ ပစ်လွှတ်သည့် ယာဉ်များ၏ အရွယ်အစားမှာလည်း ငယ်ပြီးအာကာသအတွင်း ပျံသန်းကာလမှာလည်း လပိုင်းသို့မဟုတ် နှစ်ပိုင်း ကာလခန့်သာ ရှိခဲ့လေသည်။ လူပါသော အာကာသယာဉ်လွှတ်၍ သုတေသနပြုခြင်းသည် အာကာသအတွင်း လူ၏ လှုပ်ရှားမှုစွမ်းရည်သိရှိရန် အာကာသယာဉ်၌ တပ်ဆင်ထားသော စက်ကိရိယာများ လိုအပ်သလို ညှိနှိုင်းရန်နှင့် ပျံသန်းနေသော အာကာသယာဉ်တွင် တပ်ဆင်ထားသော စက်ကိရိယာများ အကယ်၍ ချွတ်ယွင်းလာပါက ပြင်ဆင်နိုင်ရန်တို့အတွက် ဖြစ်သည်။ ထို့ကြောင့် လူပါသော အာကာသယာဉ်သည် လူမပါသော အာကာသယာဉ်ထက် အလေးချိန်ပိုစီးပြီး ငွေ အကုန်အကျလည်း ပိုများလေသည်။

နာဆာအဖွဲ့သည် အာကာသယာဉ်များ ပစ်လွှတ်ရေးအတွက် တွန်းအားပေး ဒုံးယာဉ်များကိုလည်း တီထွင်ခဲ့သည်။ ထိုသို့ တီထွင်ခဲ့သော တွန်းအားပေး ဒုံးယာဉ်များအနက် စကောက်ဒုံးယာဉ်၊ သောအော်ရီနာဒုံးယာဉ်၊ အတ္တလပ် အော်ရီနာဒုံးယာဉ်၊ ဆက်တန်ဒုံးယာဉ်များသည် ထင်ရှားသော ဒုံးယာဉ်မျိုး ဖြစ်သည်။ နာဆာအဖွဲ့သည် လူသားက လမျက်နှာတွင် ခြေချနိုင်ရေးအတွက် ကြိုးပမ်းထုခြင်း အာကာသယာဉ်များ ပါဝင်သော အပိုလို ၁၁ လသွားယာဉ်ကို လည်အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့သည်။ အင်္ဂါဂြိုဟ်။ ။အမေရိကန် ပြည်ထောင်စုက အင်္ဂါဂြိုဟ်ကို စူးစမ်းရေးအတွက် အာကာသသို့ လွှတ်တင်ခဲ့သော ဗိုက်ကင်း ၁ အလိုအလျောက် ဆက်သွယ်ရေး အာကာသယာဉ်သည် ပျံသန်းမှု ထိန်းသိမ်းရေးအတွက် ဖြည့်ထားသော လောင်စာများသည် သြဂုတ်လ ဂ ရက်နေ့တွင် ကုန်ခန်းခဲ့လေသည်။ ထို့ကြောင့် မြေပြင်စခန်းမှနေ၍

အကျယ်အဝန်း။	။	၁,၀၇၂,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။	၂၇,၀၇၀,၀၀၀ (၁၉၈၀)
မြို့တော်။	။	ဗျူနိုအေရီ

အာကာသယာဉ်တွင်ရှိသော တွန်းအားပေးစက်နှင့် အခြားစက်ခလုတ်များကို ပိတ်၍ အဆက်အသွယ်ဖြတ်လိုက်သည်။ ယင်းသို့ဖြင့် ဗိုက်ကင်း ၁ သည် အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်း တလျှောက် ၂၅ နှစ်ခန့် ရွေ့လျားနေပြီးနောက် ဂြိုဟ်မျက်နှာပြင်သို့ ကျသွားမည် ဖြစ်လေသည်။ သို့သော် ဗိုက်ကင်း ၁ မှ အင်္ဂါဂြိုဟ် မျက်နှာပြင်သို့ ၁၉၇၆ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ချထားခဲ့သော ဂြိုဟ်ဆင်းယာဉ်သည် အင်္ဂါဂြိုဟ် ရာသီဥတုအခြေအနေနှင့် အခြားအချက်အလက်တို့ကို နောင် ၁၀ နှစ်ကြာ ကာလအထိ မြေပြင်စခန်းသို့ သတင်းပို့ပေးနေမည် ဖြစ်လေသည်။

သောကြာဂြိုဟ်။ ။အာမေရိကန် ပြည်ထောင်စုက သောကြာဂြိုဟ်ကိုသုတေသနပြုရန်အာကာသသို့ ပစ်လွှတ်ခဲ့သော ပိုင်အိုးနီးယားအလိုအလျောက် ဆက်သွယ်ရေး အာကာသယာဉ်သည် သောကြာဂြိုဟ်၌ ခြောက်သွေ့သော ရာသီဥတုရှိပြီး ဟာရိကိန်းမုန်တိုင်းကဲ့သို့သော မုန်တိုင်းမျိုး ရှိကြောင်းကို လည်းကောင်း၊ ဂြိုဟ်၏ လေထုလွှာအတွင်း၌ ဆာလဖျူရစ် အက်ဆစ်များပါဝင်သော တိမ်လွှာမျိုး ရှိကြောင်းကိုလည်းကောင်း မြေပြင်စခန်းသို့ ဒီဇင်ဘာလ ၄ ရက်နေ့တွင် သတင်းပို့ခဲ့လေသည်။

ဆက်သွယ်ရေးဂြိုဟ်တု။ ။အဖွဲ့ဝင်ပေါင်း ၁၀၅ နိုင်ငံ ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးဌာနသည် အင်တာဆက် ၅ ဆက်သွယ်ရေး ဂြိုဟ်တုတခုကို ဒီဇင်ဘာလ ၆ ရက်နေ့တွင် အာကာသသို့ လွှတ်တင်ခဲ့လေသည်။ ယင်းဂြိုဟ်တုမှနေ၍ ကမ္ဘာအတွက် တယ်လီဖုံးလိုင်းပေါင်း တသောင်း နှစ်ထောင်နှင့် ရုပ်မြင်သံကြားအစီအစဉ်လိုင်းခွဲ နှစ်မျိုးစလုံးကို တပြိုင်တည်း ဆက်သွယ်ပို့လွှတ်ပေးနိုင်ရန် စီစဉ်ထားလေသည်။

အာဂျင်တီးနား သမ္မတနိုင်ငံ။ ။ အာဂျင်တီးနား သမ္မတနိုင်ငံသည် ၁၈၁၀ ပြည့်နှစ် မေလ ၂၅ ရက်နေ့တွင် စပိန်လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိပြီးသော်လည်း တနိုင်ငံလုံး စည်းလုံးညီညွတ်မှု မရှိပဲ အကွဲကွဲအပြားပြား ဖြစ်နေခဲ့သည်။ ၁၉၃၀ ပြည့်နှစ် ကာနယ်ဂျူအန်ပီရွန် အာဏာသိမ်းပြီးနောက် နိုင်ငံရေး ဥပဒေ ပြောင်းလဲ တည်ဆောက်ခဲ့သည့်အခါတွင် ပြည်သူတရပ်လုံးက ပီရွန်ကို တခဲနက်ထောက်ခံ အားပေးခဲ့ကြသည်။ ပြည်သူတရပ်လုံး၏ ထောက်ခံအားပေးမှုကို ရရှိသော ကာနယ်ပီရွန်အား မလိုလားသည့် ဗိုလ်ချုပ်ကြီးများက ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကာနယ်ပီရွန်ကို မာတင်ဂါစီယာကျန်းသို့ ပြည်နှင်ဒဏ်ပေးခဲ့သည်။ ထို့နောက် ရွေးကောက်ပွဲများ၊ အာဏာသိမ်းမှုများဖြင့် အစိုးရအဖွဲ့ တဖွဲ့ပြီး တဖွဲ့ ပြောင်းလဲအုပ်ချုပ်ခဲ့၏။ သို့ရာတွင် မည်သည့် အစိုးရအဖွဲ့မှ နိုင်ငံရေး တည်ငြိမ်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ သို့ဖြင့် ပီရွန်နှင့် ပီရွန်ဝါဒီများကို ဖယ်ထုတ်၍ နိုင်ငံ အုပ်ချုပ်ရန် ကြိုးပမ်းမှုများ အရေးရှုံးနိမ့်လာမှုကြောင့် နောက်ဆုံးတွင် စစ်တပ်က ကာနယ်ပီရွန်ကို ပြည်နှင်ဒဏ် ပေးထားရာမှ ၁၉၇၂ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည် ခေါ်ယူခဲ့ရသည်။ ပီရွန်ပြန်ရောက်ပြီးနောက် ၁၉၇၃ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပရာ ပီရွန်က ၎င်းကိုယ်တိုင် ဝင်ရောက် ယှဉ်ပြိုင်ခြင်း မပြုပဲ ပါတီခေါင်းဆောင်အဖြစ် ဟက်တာကမ်ပိုရာကို ဝင်ရောက် ယှဉ်ပြိုင်စေခဲ့၏။ ကမ်ပိုရာ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။ သို့ရာတွင် ခြောက်လ အကြာ၌ ရွေးကောက်ပွဲအသစ် ကျင်းပရန် ကမ်ပိုရာ နုတ်ထွက်ပေးခဲ့ရသည်။ ထို့ရွေးကောက်ပွဲ၌ ပီရွန်သည် မဲအရေအတွက်၏ ၆၂ ရာခိုင်နှုန်းရရှိကာ သမ္မတ အာဏာရရှိခဲ့သည်။ သို့ရာတွင် သမ္မတရာထူးရရှိပြီး ခြောက်လအကြာ၌ ပီရွန်ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ရာ ဒုတိယသမ္မတဖြစ်သူ ပီရွန်၏ ဇနီး မစ္စက်ပီရွန်က သမ္မတအဖြစ် ဆက်ခံခဲ့လေသည်။

အမေရိကတို့က်၌ ပထမဆုံး အမျိုးသမီး သမ္မတတဦး ဖြစ်သည်။ သို့ရာတွင် နိုင်ငံရေးအတွေ့အကြုံ မကြွယ်ဝသည့် အလျောက် နိုင်ငံရေးတည်ငြိမ်မှုရရှိရန် မကြိုးပမ်းနိုင်ခဲ့ပေ။ သူမ၏ ပီရွန်ညွှန်ပေါင်း အစိုးရ အဖွဲ့ကို ပဲ့ကိုင်



နိုင်ခြင်းမရှိခဲ့ချေ။ သို့ဖြင့် အဓိကရုဏ်းများ၊ ဆန္ဒပြမှုများ၊ အကြမ်းဘက်မှုများဖြင့် အခြေအနေ ပြင်းထန်သည်ထက် ပြင်းထန်လာကာ နောက်ဆုံး စစ်တပ်မှ မစွက်ပီရွန်ကို အစိုးရအဖွဲ့ ပြောင်းလဲပေးရန် အကြပ်ကိုင် တောင်းဆိုခဲ့သည်။ ထိုအတောအတွင်း ဌေးကြေးတန်ဖိုး ကျဆင်းကာ ကုန်ပစ္စည်းဈေးနှုန်း တရှိန်ထိုးတက်သွားသဖြင့် သူမ၏ ခေါင်းဆောင်မှုကို ကန့်ကွက်တော်လှန်ခဲ့လေသည်။

၁၉၇၆ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် စစ်တပ်မှ မစွက်ပီရွန်ကို ထိန်းသိမ်းပြီး အာဏာ သိမ်းယူခဲ့သည်။ ဗိုလ်ချုပ် ဂျော့ဗီဒဲလာကို သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ ၁၉၇၈ ခုနှစ် မေလ ၂ ရက်နေ့တွင် သမ္မတ ဗီဒဲလာ၏ သမ္မတ သက်တမ်းကို နောက်ထပ် သုံးနှစ် ဆက်လက် တိုးမြှင့်၍ တရားဝင် သတ်မှတ်ပေးခဲ့သည်။ ယင်းသတ်မှတ်ချက်အရ သမ္မတ ဗီဒဲလာသည် ၁၉၈၁ ခုနှစ်အထိ သမ္မတ အဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်လေသည်။

သမ္မတ ဗီဒဲလာသည် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံရေး လမ်းညွှန်တရပ် ထုတ်ပြန်ခဲ့သည်။ ယင်း လမ်းညွှန်ချက်အရ အာဂျင်တီးနားနိုင်ငံ၏ နိုင်ငံရေး လမ်းစဉ်ကို အရပ်သား အုပ်ချုပ်မှု ပုံစံသို့ ပြောင်းလဲသွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။လူနေမှုဘဝကို ခရစ်ယာန် မူဝါဒများအပေါ် အခြေခံတည်ဆောက်ကာ နိုင်ငံရေးစနစ် အနေဖြင့် သမ္မတ တဦးနှင့် လွှတ်တော်နှစ်ရပ် ပါရှိသည်။ ဒီမိုကရေစီ အုပ်ချုပ်ရေးသို့ ပြောင်းလဲမည်ဟု ပါရှိသည်။

၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံရေးပါတီများကို ပြန်လည် လှုပ်ရှားခွင့်ပေးခဲ့သည်။ စစ်တပ်အနေဖြင့် အမျိုးသား မဟာဗျူဟာ အရေးအခင်း အမျိုးသား လုံခြုံရေးနှင့် အခြေခံ ဥပဒေ ကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရာတွင် တာဝန်ယူခဲ့သည်။ သမ္မတ ဗီဒဲလာသည် နိုင်ငံရေး ပါတီများ ပြန်လည် လှုပ်ရှားခွင့် ပြုသော်လည်း ပီရွန်ပါတီဖြစ်သည့် အမျိုးသား တရားမျှတရေး လှုပ်ရှားမှု ပါတီကိုမူ နိုင်ငံအနာဂတ် ဒီမိုကရေစီ အုပ်ချုပ်မှုဌ် ပါဝင်ခွင့် မပေးခဲ့ပေ။ ယင်းပါတီကို ၁၉၇၆ ခုနှစ် အာဏာ သိမ်းခဲ့စဉ်ကပင် ပိတ်ပင်ထားရှိခဲ့လေသည်။

ဘာသာ စကားကိုလည်း ပြောဆိုကြသည်။ လက်ဗန္ဓန် နိုင်ငံမှအပ ကျန် အာရပ်နိုင်ငံ အားလုံးသည် အစွဲလာမ် ဘာသာကို အဓိက ကိုးကွယ်ကြသည်။ ထို့ပြင် အာရပ် နိုင်ငံများသည် ကိုလိုနီဘဝမှ လွတ်မြောက် လာကြသော ဖွံ့ဖြိုးဆဲ နိုင်ငံများဖြစ်ကြသည်။ ဤကဲ့သို့ တူညီသော လူမျိုးရေး၊ ဘာသာရေးနှင့် ဘာသာစကား အခြေခံတို့ဖြင့် အာရပ်နိုင်ငံများ အကြား ညီနောင်စိတ်ထား ရှိစေမည့် ညီညွတ်ရေးကို ဖန်တီးပေးထားခြင်း ဖြစ်သည်။

ဤကဲ့သို့ ညီညွတ်ရေးအတွက် တူညီသော အခြေခံများ ရှိနေသလို သွေးကွဲစေမည့် အခြေအနေများလည်း ရှိနေကြသည့် အာရပ်နိုင်ငံများသည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး လုပ်ငန်းများတွင် အတတ်နိုင်ဆုံး ပူးပေါင်း ဆောင်ရွက်ရန်အတွက် အာရပ်အမျိုးသား အဖွဲ့ချုပ်ကို ၁၉၄၅ ခုနှစ် မတ်လ ၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

စတင်ဖွဲ့စည်းချိန်တွင် အီဂျစ်၊ အီရတ်၊ ဂျော်ဒန်၊ လက်ဗန္ဓန်၊ ဆော်ဒီအာရေဗျ၊ ဆီးရီးယားနှင့် ယေမင် နိုင်ငံတို့ ပါဝင်ခဲ့ကြသည်။ နောက်ပိုင်းတွင် အယ်ဂျီးရီးယား၊ ဗာရိန်း၊ ကူဝိတ်၊ လစ်ဗျ၊ မိုရိုကို၊ အိုမန်၊ ကော့တာ၊ တောင်ယေမင်၊ မြောက်ယေမင်၊ ဆိုမာလီ၊ ဆူဒန်၊ တျူနစ်ဇီးယား၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ မော်ရိတေးနီးယား စသည့် နိုင်ငံများလည်း ပါဝင်လာခဲ့ကြသည်။ ပါလက်စတိုင် လွတ်မြောက်ရေး အဖွဲ့ကိုလည်း အဖွဲ့ဝင်အဖြစ် ၁၉၇၆ ခုနှစ် စက်တင်ဘာလတွင် လက်ခံခဲ့လေသည်။

အဖွဲ့ချုပ်၏ လုပ်ငန်းတာဝန်များကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်သော ကောင်စီက တာဝန်ယူဆောင်ရွက်ပေးသည်။ ထို့ပြင် ကောင်စီ အောက်တွင် ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းထားခဲ့လေသည်။

အာရပ်အဖွဲ့ချုပ်တပ်ဖွဲ့ဝင်များ လက်ဗန္ဓန် ပြည်တွင်းစစ်ကို ထိန်းသိမ်း ရန်ရောက်ရှိခဲ့စဉ်



၂၉၇

အာရပ်အမျိုးသားအဖွဲ့ချုပ်။ ။အာရပ်အမျိုးသား အဖွဲ့ချုပ်သည် အာရပ်ဘာသာစကားကို အမျိုးသား ဘာသာစကားအဖြစ် ပြောဆိုသုံးစွဲကြသော အာရပ်နိုင်ငံများ စုပေါင်းထားသည့် အဖွဲ့အစည်း ဖြစ်သည်။

အာရပ်နိုင်ငံများတွင် နေထိုင်ကြသော အာရပ်လူမျိုး သန်းပေါင်း ၁၀၀ ကျော်သည် မျိုးနွယ်တခုတည်းမှ ဆင်းသက်လာကြသူများ ဖြစ်ကြသည်။ တူညီသော အာရပ်

၁၉၇၉ ခုနှစ် မတ်လ ၂၆ ရက်တွင် အီဂျစ်သမ္မဟာဆဒတ်နှင့် အစ္စရေးဝန်ကြီးချုပ် ဗယ်ဂင်တို့သည် အမေရိကန်သမ္မတ ကာတာနှင့်အတူ အီဂျစ်–အစ္စရေး ငြိမ်းချမ်းရေးစာချုပ်ကို ဝါရှင်တန်မြို့၌ လက်မှတ်ရေးထိုး လိုက်ကြလေသည်။

ဤသို့ အီဂျစ်နိုင်ငံသည် အာရပ်ကမ္ဘာမှ ဖယ်ခွာကာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ကိုယ်ပိုင်လမ်းစဉ်ဖြင့် ဆောင်ရွက်ခြင်းကို အာရပ်နိုင်ငံအများစုက မကျေမနပ်ဖြစ်ခဲ့ကြသည်။ အီဂျစ်နိုင်ငံကို နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးနှင့် အာရပ်အဖွဲ့အစည်းအသီးသီးမှ ထုတ်ပယ်ရန် ကြိုးစားကြသည်။

အီဂျစ်–အစ္စရေး ငြိမ်းချမ်းရေး စာချုပ်အတွက် ဝါရှင်တန်မြို့၌ ဆွေးနွေးနေကြစဉ် အာရပ်အမျိုးသား အဖွဲ့ချုပ်၏ ကိုးကြိမ်မြောက် ထိပ်သီးညီလာခံကို အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ၁၉၇၈ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ကျင်းပကာ အီဂျစ်နိုင်ငံကို ညီလာခံသို့ မဖိတ်ပဲ ချန်ထားခဲ့သည်။

ထို့ပြင် အီဂျစ်နိုင်ငံ၏ လမ်းစဉ်ကို ဆန့်ကျင်ရာတွင် အယူအဆ ပြင်းထန်သော အယ်ဂျီးရီးယား၊ လစ်ဗျ၊ တောင်ယေမင်၊ ဆီးရီးယားနှင့် ပါလက်စတိုင် လွတ်မြောက်ရေးအဖွဲ့တို့က "ကြံ့ကြံ့ခံတပ်ဦး" တခုကို ဖွဲ့စည်းကာ အီဂျစ်နိုင်ငံနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဆက်သွယ်မှု အားလုံး ဖြတ်တောက်ကြကြောင်း ၁၉၇၈ ခုနှစ် စက်တင်ဘာ ၂၄ ရက်က ကြေငြာခဲ့လေသည်။

ထို့နောက် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကျင်းပသော အာရပ်နိုင်ငံခြားရေးနှင့် စီးပွားရေးဝန်ကြီးများ ညီလာခံက အီဂျစ်နိုင်ငံမှ အာရပ်သံအမတ်ကြီးများကို ပြန်လည်ခေါ်ယူရန်နှင့် အီဂျစ်နိုင်ငံကို စီးပွားရေးအရ ဝိုင်းပယ်ရန် ဆုံးဖြတ်ကြသည်။ အာရပ်အမျိုးသားအဖွဲ့ချုပ်၏ ဌာနချုပ်ကိုလည်း အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှ တျူနစ်ဇီးယား နိုင်ငံ တျူနစ်မြို့သို့ ပြောင်းရွှေ့ခဲ့လေသည်။

ဤကဲ့သို့ အီဂျစ်နိုင်ငံ ဆန့်ကျင်ရေး လုပ်ငန်းများတွင် အာရပ်နိုင်ငံများသည် တစုံတရာသော အတိုင်းအတာအထိ စုပေါင်းဆောင်ရွက်နိုင်ကြသော်လည်း မိမိတို့အချင်းချင်း အတွင်း၌လည်း ညီညွတ်ရေး ပျက်ပြားမှုများ ရှိလာခဲ့ပြန်သည်။ အထူးသဖြင့် အီရန်–အီရတ် စစ်ပွဲတွင် ဆီးရီးယား ခေါင်းဆောင်သော အာရပ်နိုင်ငံအချို့က အာရပ်နိုင်ငံဖြစ်သည့် အီရတ်ကို မထောက်ခံပဲ အီရန်ဘက် ယိမ်းခြင်းအတွက် အာရပ်နိုင်ငံများ သွေးကွဲစရာ ဖြစ်ရသည်။

အာရပ်ပြဿနာများကို အဖြေရှာရန်အတွက် အာရပ်အမျိုးသားအဖွဲ့ချုပ်၏ ၁၁ ကြိမ်မြောက် ထိပ်သီးညီလာခံကို ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည်။ ယင်းညီလာခံကို ရွှေဆိုင်းပေးရန် ဆီးရီးယားက တောင်းဆိုပြီး တောင်းဆို

ချက် မအောင်မြင်သောအခါ ဆီးရီးယား၊ အယ်ဂျီးရီးယား၊ တောင်ယေမင်၊ လစ်ဗျ၊ လက်ဗန္ဓနန်နှင့် ပါလက်စတိုင် လွတ်မြောက်ရေးအဖွဲ့တို့က ညီလာခံကို သပိတ်မှောက်ကြသည်။

ယင်းကဲ့သို့ အာရပ်နိုင်ငံများ အကြား ညီညွတ်ရေး ပျက်ပြားကာ ပဋိပက္ခ ပိုမို နက်ရှိုင်းလာခြင်းအတွက် အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် ချတ်ဒလီကလီဘီက ဝမ်းနည်းစကားပြောကြားပြီး ချစ်ကြည်ရေးနှင့် ညီညွတ်ရေး တည်ဆောက်ရန် ပန်ကြားခဲ့လေသည်။

အီဂျစ်အာရပ်သမ္မတနိုင်ငံ။ ။၁၉၇၇ ခုနှစ် နိုဝင်ဘာလတွင် အီဂျစ်နိုင်ငံသမ္မတ ဆဒတ်သည် အစ္စရေးနိုင်ငံ ဂျရူးဆလမ်းမြို့သို့ သွားရောက်ခြင်းဖြင့် ငြိမ်းချမ်းရေးလမ်းဖွင့်ရန် ကြိုးစားခဲ့သည်။ ထိုနှစ်မှာပင် အစ္စရေးဝန်ကြီးချုပ် ဗယ်ဂင်ကလည်း အီဂျစ်နိုင်ငံ အစ္စမေးလီးယားမြို့သို့ တုံ့ပြန်သွားရောက်ခဲ့သည်။ ၁၉၇၈ ခုနှစ် စက်တင်ဘာလတွင်မူ အမေရိကန် ပြည်ထောင်စု၏ ကမကထပြုမှုဖြင့် အမေရိကန်၊ အီဂျစ်နှင့် အစ္စရေး သုံးနိုင်ငံ ခေါင်းဆောင်များ အစည်းအဝေးကို အမေရိကန်နိုင်ငံ ဒေးဗစ်စခန်း၌ ကျင်းပခဲ့ပြီး သဘောတူညီချက်တရပ်ကို လက်မှတ် ရေးထိုးခဲ့ကြသည်။ ယင်း သဘောတူညီချက်၌ အစ္စရေးနိုင်ငံက ဆိုင်းနိုင်းဒေသမှ အစ္စရေး တပ်များကိုတန့်အတွင်း စတင်ရုပ်

အကျယ်အဝန်း။	။	၃၈၆,၇၂၂ စတုရန်းမိုင်
လူဦးရေ။	။	၄၂,၀၀၀,၀၀၀
မြို့တော်။	။	ကိုင်ရိုမြို့



သိမ်းပေးပြီး ဆိုင်းနိုင်းဒေသကို အီဂျစ် အချုပ်အခြာ အာဏာအောက်သို့ ပြန်လည် ပေးအပ်ရန်၊ ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသ ပြဿနာ ဖြေရှင်းရေးအတွက် ငါးနှစ်ထက်မပိုသော ကြားကာလထား ရှိ၍ ထိုအတောအတွင်း ယင်းဒေသများ၌ ပါလက်စတိုင် တို့အား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်နှင့် သတ်မှတ်ထား သော ဒေသများတွင် အစ္စရေးတပ်များကို ဆက်လက် ထားရှိပြီး လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန် ယူရန် စသည့် အချက်များပါဝင်သည်။ အပြန်အလှန်အား ဖြင့် အီဂျစ်အစိုးရက အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေး စာချုပ်ကို အပြီးသတ်ချုပ်ဆိုပြီး နှစ်နိုင်ငံ သံတမန်ဆက် သွယ်ခြင်းဖြင့် ချစ်ကြည်ရေး၊ လုံခြုံရေးကိစ္စများ ဆောင် ရွက်ရန် သဘောတူလက်ခံခဲ့သည်။

ထိုအမေရိကန်၊ အီဂျစ်၊ အစ္စရေး သုံးပွင့်ဆိုင် သဘော တူညီချက်ကို အာရပ်နိုင်ငံများက ပြင်းပြင်းထန်ထန် ကန့် ကွက်ခဲ့ကြသည့်အပြင် ဆီးရီးယား၊ လစ်ဗျ၊ တောင်ယေမင်၊ အယ်ဂျီးရီးယားနှင့် ပါလက်စတိုင် လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို)တို့သည် အီဂျစ်၏ လုပ်ဆောင်ချက်များအား ဆန့်ကျင်ရန် အာရပ်ကြွကြွခံတပ်ဦး ဟူ၍ ဖွဲ့စည်းခဲ့ပြီး အီဂျစ်နိုင်ငံနှင့် နိုင်ငံရေး၊ စီးပွားရေး အဆက်အသွယ် အားလုံး ဖြတ်တောက်ခဲ့သည်။

သို့ရာတွင် အီဂျစ်နိုင်ငံသည် ဒေးဗစ်စခန်း သဘော တူညီချက်ကို အခြေခံသော အီဂျစ်၊ အစ္စရေး ငြိမ်းချမ်းရေး စာချုပ်ကို ၁၉၇၉ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့သည်။ ထိုငြိမ်းချမ်းရေးစာချုပ်အရ ၁၉၈၀ ပြည့် နှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ အီဂျစ်နှင့်အစ္စရေး နိုင်ငံ တို့သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပြီး အစ္စရေးနိုင်ငံ ထူထောင်သည့် အချိန်မှစ၍ အီဂျစ်က အစ္စရေးအား စီးပွားရေးအရ သပိတ်မှောက်ထားခြင်းကို အီဂျစ်ပါလီမန်က ရုပ်သိမ်းပေးခဲ့လေသည်။

အီဂျစ်နိုင်ငံ၏ လုပ်ဆောင်ချက်ကို အာရပ်နိုင်ငံများက ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ အီရတ် နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကျင်းပသော အာရပ်နိုင်ငံခြားရေး ဝန်ကြီးများနှင့် စီးပွားရေးဝန်ကြီးများညီလာခံ၏ ဆုံးဖြတ် ချက်အရ အာရပ် နိုင်ငံများ အနေဖြင့် အီဂျစ်နိုင်ငံရှိ သံ အမတ်ကြီးများအား ပြန်လည်ရုပ်သိမ်းခဲ့ပြီး အီဂျစ်နိုင်ငံ အား စီးပွားရေးအရ သပိတ်မှောက်ကာ အာရပ်အဖွဲ့၏ ဌာနချုပ်ကိုလည်းအီဂျစ်မြို့တော်ကိုင်ရှိမြို့မှ တျူနစ်ဇီးယား နိုင်ငံ တျူးနစ်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။

အီဂျစ်နိုင်ငံသည် အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေး ထူ ထောင်ခဲ့ပြီးဖြစ်သော်လည်း အီဂျစ်နှင့်အစ္စရေးတို့ကြားတွင် ပါလက်စတိုင်များအား အုပ်ချုပ်ရေး အာဏာ ခဲ့ဝေ ပေးရေးပြဿနာ၊ ၁၉၆၇ ခုနှစ် စစ်ပွဲအတွင်းက သိမ်းပိုက် ထားသော အာရပ်နယ်မြေများအပေါ်၌ ဂျူးအခြေစိုက် စခန်းများ ထူထောင်နေမှုပြဿနာ၊ ဂျရုဇလမ်းပြဿနာ၊ ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင် မြင်သစ်နိုင်ငံရောက် အီဂျစ်သမ္မတ ဆဒတ်အား မြင်သစ်သမ္မတ ဂျစ်စကတ်ဒက်စတိုင်းက ဤသို့ ကြိုဆိုနှုတ်ဆက်ခဲ့သည်။



ဒေသတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးရေးပြဿနာစသော ဖြေရှင်း၍မရသေးသော ပြဿနာများ ရှိနေဆဲပင်ဖြစ်လေသည်။

ထိုအတောအတွင်းမှာပင် အီဂျစ်သမ္မတ အန္နဝါဆဒတ်သည် ပြည်တွင်း၌ နိုင်ငံရေး စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် မေလ ၁၂-ရက်နေ့တွင် အီဂျစ်ဝန်ကြီးချုပ် မူစတာဖာခါလီ အစိုးရ အဖွဲ့တဖွဲ့လုံး နုတ်ထွက်ခဲ့သဖြင့် မေလ ၁၄ ရက်နေ့တွင် အီဂျစ်သမ္မတဆဒတ်သည် မိမိကိုယ်တိုင် ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်လျက် ဒုတိယဝန်ကြီးချုပ် ခြောက်ဦး အပါအဝင် ၂၄ ဦးပါ အစိုးရအဖွဲ့သစ်တရပ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ အစိုးရ အဖွဲ့သစ်တွင် လူသစ် ခြောက်ဦးမှအပ အစိုးရအဖွဲ့ဟောင်းမှ အားလုံး ပြန်လည်ပါဝင်ခဲ့သည်။

ထို့နောက် သမ္မတအန္နဝါဆဒတ်အား ရာသက်ပန် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန်၊ အစ္စလာမ်ဘာသာကို အခြေခံထားသော တရားဥပဒေ ရေးဆွဲနိုင်ရန်နှင့် ရွေးကောက် တင်မြှောက်သော အကြံပေး ကောင်စီတရပ် ဖွဲ့စည်းနိုင်ရန်တို့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် မေလ ၂၂ ရက်နေ့က ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပခဲ့သည်။ ထောက်ခံမဲ ၉၉ ဒသမ ၉၆ ရာခိုင်နှုန်းဖြင့် အတည်ပြုနိုင်ခဲ့သည်။ (၁၉၇၁ ခုနှစ် ရေးဆွဲသော ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ သမ္မတသည် ခြောက်နှစ်တာသက်တမ်းရှိပြီး နှစ်ကြိမ်ထက်ပို၍ ရွေးချယ်ခံပိုင်ခွင့် မရှိပေ)။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်အရ စက်တင်ဘာလ ၂၅ ရက်နေ့တွင် အကြံပေးကောင်စီကို ရွေးကောက်တင်မြှောက်ခဲ့ရာ လက်ရှိ အာဏာရပါတီဖြစ်သော အမျိုးသား ဒီမိုကရက်တစ်ပါတီက နေရာ ၁၄၀ စလုံးကို ရရှိခဲ့လေသည်။

၁၉၈၀ ပြည့်နှစ် ဇွန်လဆန်းမှစ၍ အီဂျစ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံ တနိုင်ငံဖြစ်သော လစ်ဗျတို့၏ ဆက်ဆံရေး အခြေအနေမှာ ပိုမိုတင်းမာလာခဲ့သည်။ ဇွန်လ ၆ ရက်နေ့တွင် အီဂျစ်နိုင်ငံက လစ်ဗျနှင့် ဆက်စပ်နေသော နှစ်နိုင်ငံနယ်စပ် တလျှောက်ရှိ နယ်မြေများတွင် အရေးပေါ် အခြေအနေ ကြေငြာခဲ့သည်။ လစ်ဗျနိုင်ငံက ထိုသို့ အရေးပေါ်ကြေငြာခြင်းမှာ လစ်ဗျနိုင်ငံအား စစ်ကြေငြာလိုက်သကဲ့သို့ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အာရပ်ကြံ့ကြံ့ခံတပ်ဦး ငါးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ခေါ်ယူခဲ့သည်။ ဆီးရီးယား နိုင်ငံကလည်း အီဂျစ်တပ်များ လစ်ဗျနယ်စပ်၌ ချထားခြင်းကို ရှုတ်ချခဲ့ပြီး ကျူးကျော်လာပါက ဆီးရီးယားသည် လစ်ဗျနှင့် အတူ ပူးပေါင်း တွန်းလှန်မည်ဟု ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံသည် အမေရိကန်နှင့် အတူတွဲ၍ ဒေသလုံခြုံရေး ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် အီဂျစ်နိုင်ငံတွင်း၌ အမေရိကန် စစ်အကြံပေးပုဂ္ဂိုလ်များရှိနေကြောင်း အီဂျစ် ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ကမဲဟတ်ဆတ်အလီက တရားဝင် ထုတ်ဖော်ပြောကြားခဲ့သည်။အမေရိကန်ပြည်ထောင်စုမှ အလျင်အမြန် နေရာချထားနိုင်သော တပ်ဖွဲ့သည် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းက အီဂျစ်နိုင်ငံတွင် အီဂျစ်တပ်မတော်နှင့် ပူးတွဲလေ့ကျင့်မှုတရပ် ပြုလုပ်ခဲ့သည်။

အီတလီနိုင်ငံ။ ။အီတလီနိုင်ငံသည် ပါလီမန်စနစ်ကျင့်သုံးသည့် နိုင်ငံတနိုင်ငံ ဖြစ်သည်။ ၁၉၄၅ ခုနှစ်မှစ၍ ခရစ်ယာန် ဒီမိုကရက်ပါတီသည် ဒီမိုကရက်တစ် ပါတီငယ်လေးများနှင့် ပေါင်းစည်းပြီး ညွှန့်ပေါင်းပါတီ ဖွဲ့စည်း၍ သော်လည်းကောင်း၊ တပါတီတည်းအနေဖြင့် သော်လည်းကောင်း အစိုးရ အဖွဲ့ကိုချုပ်ကိုင်လာခဲ့သည်။

အကျယ်အဝန်း။	။	၁၁၆,၃၀၄ စတုရန်းမိုင်
လူဦးရေ။	။	၅၇,၁၀၀,၀၀၀ (၁၉၈၀)
မြို့တော်။	။	ရောမမြို့

ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများအနက် အီတလီနိုင်ငံသည် အမှတ်စဉ် ၁၃ နေရာက လိုက်သည်။ တနိုင်ငံလုံးတွင် စာမတတ်သူ ခြောက်ရာခိုင်နှုန်း ခန့်ရှိသည်။ အသက် ၆ နှစ်မှ ၁၄ နှစ်အထိ ကျောင်းသားများမှာ အခမဲ့ ပညာသင်ခွင့်ရသည်။ အီတလီသည် ပြည်ပမှ စီးပွားရေး အကူအညီမယူသည့် နိုင်ငံလည်းဖြစ်သည်။

ကုလသမဂ္ဂနှင့် အေဂျင်စီအဖွဲ့၊ မြောက် အတ္တလန္တတ် စာချုပ်အဖွဲ့ (နေတိုး)၊ စီးပွားရေး ပူးပေါင်း ဆောင်ရွက်



ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ)၊ ဥရောပ ဘုံစျေးအဖွဲ့ (အီးအီးစီ) အနောက်ဥရောပသမဂ္ဂ၊ ဥရောပကောင်စီအဖွဲ့ တို့တွင် အီတလီနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတနိုင်ငံ ဖြစ်လေသည်။

၁၉၇၀ ပြည့်နှစ် မတ်လ ၁၉ ရက်နေ့တွင် ခရစ်ယာန် ဒီမိုကရက်အဖွဲ့ ဝန်ကြီးချုပ်ဖြစ်သူ ဖရန်စစ္စကို ကိုဆီဂါသည် ယင်း၏ လူနည်းစုအစိုးရအဖွဲ့၏ နုတ်ထွက်ခွင့်ကို တောင်းခံသည်။ ဖရန်စစ္စကို ကိုဆီဂါ၏ ညွှန့်ပေါင်းအဖွဲ့တွင်ခရစ်ယာန် ဒီမိုကရက် လစ်ဗရယ်နှင့် ဆိုရှယ် ဒီမိုကရက် ပါတီတို့ပါဝင်သည်။ ဆိုရှယ်လစ် ပါလီမန်အဖွဲ့ဝင် ၆၂ ဦးက ဖရန်စစ္စကို ကိုဆီဂါ အစိုးရ အဖွဲ့အား တည်တည်ငြိမ်ငြိမ်ထောက်ခံချက်ကို ၁၉၇၀ ပြည့်နှစ် ဖေဖွာရီလ ၂၇ ရက်တွင် ကျင်းပသည့် ပါလီမန်၌ ရုပ်သိမ်းရန် အတည်ပြုပြီးနောက် ဖရန်စစ္စကို ကိုဆီဂါက နုတ်ထွက်လွှာတင်ခြင်း ဖြစ်သည်။



တချိန်တည်းမှာပင် ကွန်မြူနစ်ပါတီအပါအဝင် ညွှန့်ပေါင်းအစိုးရအဖွဲ့ကို ချက်ချင်းဖွဲ့စည်းရန်နှင့် လက်ရှိ အစိုးရအဖွဲ့ နုတ်ထွက်ရန်လည်း တောင်းဆိုခဲ့သည်။ သို့သော်ဆုံးဖြတ်ချက်ချရေးကိုမူ ပါတီက ရက်ရွှေဆိုင်းခဲ့သည်။ ဖေဖွာရီလ ၁၅ ရက်မှ ၂၁ ရက်နေ့ထိ ကျင်းပသည့် ၁၄ ကြိမ်မြောက် ခရစ်ယာန် ဒီမိုကရက်ပါတီ အမျိုးသား ကွန်ဂရက်၏ အတည်ပြုချက်ရယူရန် ဆုံးဖြတ်ချက်ကို အတည်ပြုမည့် မတ်လ ၆ ရက်ထိရက်ရွှေဆိုင်းရန် ဆိုရှယ်လစ်ပါတီက သဘောတူခဲ့လေသည်။

သို့ဖြင့် ခရစ်ယာန်ဒီမိုကရက်ကွန်ဂရက်က နောက်ဖွဲ့စည်းမည့်အစိုးရအဖွဲ့တွင် ကွန်မြူနစ် ပါတီပါဝင်ရေးကို မတ်လ ၆ ရက်တွင် အတည်ပြုလိုက်သည်။ သမ္မတ ပါတီနိကာ နိုင်ငံရေးပါတီမျှားနှင့် မတ်လ ၂၀ ရက်တွင် စတင်ဆက်သွယ်သည်။ မတ်လ ၂၃ ရက်တွင် ကိုဆီဂါအား အခြားအစိုးရအဖွဲ့ ဖွဲ့စည်းရန် တိုက်တွန်းသည်။ သို့ဖြင့်မတ်လ ၂၅ ရက်တွင် နိုင်ငံရေးခေါင်းဆောင်မျှားနှင့် စတင်ဆွေးနွေးခဲ့လေသည်။

သုံးပါတီ ပါဝင်သည့် ညွှန့်ပေါင်း အစိုးရအဖွဲ့နှင့် ပူးပေါင်းရန် ဆိုရှယ်လစ်ပါတီက ပြီလ ၃ ရက်တွင်တရားဝင် သဘောတူညီသည်။ နောက်တနေ့ နံနက်ပိုင်းတွင် ညွှန့်ပေါင်းအစိုးရအဖွဲ့ကို သမ္မတပါတီနိကာ သဘောတူပြီးနောက် အစိုးရအဖွဲ့သစ် ဖွဲ့စည်းပုံကို ကြေငြာခဲ့သည်။ အစိုးရ

အီတလီနိုင်ငံ ဗလာဗာဒိုမြို့ ငလျင်ဒဏ်ခံရပြီးတွေ့ရပုံ၊ ထိခိုက်ဒဏ်ရာရသူများကို ကယ်ဆယ်ရေး အဖွဲ့များက အုတ်ပုံကြားမှ ကယ်တင်နေပုံ။



အဖွဲ့သစ်တွင် ခရစ်ယာန် ဒီမိုကရက် ၁၆ ဦး၊ ဆိုရှယ်လစ် ပါတီအဖွဲ့ဝင် ကိုးဦး၊ရီပတ်ဗလီကင်အဖွဲ့ဝင် သုံးဦးနှင့် အခြား နိုင်ငံရေး ခေါင်းဆောင်များပါဝင်သည်။ ဒုတိယ ကမ္ဘာ စစ်ကြီးပြီးဆုံးချိန်မှစ၍ အီတလီနိုင်ငံ၏ ၃၉ ကြိမ်မြောက် အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်လေသည်။

၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၇ ရက်တွင်အနာ တိုဖော်လာနီသည် အီတလီဝန်ကြီးချုပ် ဖြစ်လာသည်။ ဖော်လာနီ အစိုးရအဖွဲ့တွင်ခရစ်ယာန်ဒီမိုကရက်၊ဆိုရှယ်လစ် ဆိုရှယ်ဒီမိုကရက်နှင့် ရီပတ်ဗလီကင်ပါတီတို့ ပါဝင်သည်။ လေးပါတီ ညွှန့်ပေါင်းအစိုးရသည် လွှတ်တော် အတွင်း၌ အယုံအကြည်ရှိ မရှိ အဆိုကို ၁၉၇၀ ပြည့်နှစ် အောက် တိုဘာလ ၂၅ ရက် မဲခဲ့ရာ ဖော်လာနီ အစိုးရက ၃၆၂ မဲ မဲ ၂၅၀ ဖြင့် အနိုင်ရသွားသည်။ မဲမပေးသူ ၉ ဦး ရှိလေ သည်။

အီတလီ နိုင်ငံတွင် ပြည်နယ်ပေါင်း ၂၀ ရှိသည်။ပြည် နယ်တခုစီတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး တခုစီရှိသည်။ ဒေသ ဆိုင်ရာ အာဏာပိုင်များတွင် ဘဏ္ဍာရေး ချုပ်ကိုင်မှုများ ရှိသည့်အပြင် ဗဟိုအစိုးရအဖွဲ့က ပြည်နယ်တခုစီကို တိုက် ရိုက်အုပ်ချုပ်ခွင့်လည်းရှိလေသည်။

၁၉၇၀ ပြည့်နှစ် ဇွန်လ ၇ ရက်နှင့် ၉ ရက်တွင် ဒေသ ဆိုင်ရာကောင်စီများ အသစ်ပြန်ဖွဲ့စည်းရန် ပြည်နယ် ၁၅ ခုတွင် ရွေးကောက်ပွဲများ ကျင်းပသည်။ ခရစ်ယာန် ဒီမို ကရက် ပါတီက မဲအများဆုံးရရှိခဲ့လေသည်။

တူပင် ဖြစ်သည်။ အာရပ်အဖွဲ့ချုပ်တွင် အီဂျစ် ဆန့်ကျင်ရေး နိုင်ငံအများစုဖြစ်သော ၂၂ နိုင်ငံတွင် အီရတ်ပါဝင်သည်။ အာရပ်အဖွဲ့ချုပ်တွင် သာမက ဘက်မလိုက်နိုင်ငံများ အဖွဲ့ တွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သည်။

ဘားအတ်သ်ပါတီ အာဏာရသော ၁၉၆၈ ခုနှစ်မှစ၍ ၁၉၇၉–၈၀ ပြည့်နှစ်အထိ အီရတ်နှင့် ဆိုဗီယက် ပြည်ထောင် စု ဆက်ဆံရေးသည် အထူးကောင်းမွန်ပြီး ၁၉၇၂ ခုနှစ်တွင် ချုပ်ဆိုသော နှစ်နိုင်ငံ ၁၅ နှစ်စာချုပ်အရ စစ်လက်နက် ပစ္စည်းများကို ဆိုဗီယက်က ထောက်ပံ့ကူညီသည်။ အီရတ် တပ်မတော် ခေတ်မီရေးကို ဆိုဗီယက်က အကူအညီပေး သည်။

ထိုသို့ တိုင်းပြည်ဖွံ့ဖြိုးရေး ဆောင်ရွက်သည့် ကာလတွင် စက်မှုလုပ်ငန်းပါ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်စဉ် သမ္မတ ဟူစိန် အစိုးရသည် အနောက် အုပ်စု နိုင်ငံများနှင့် ဆက် ဆံရသောကြောင့် ၁၉၇၄ ခုနှစ်မှစ၍ ဘက်မလိုက်နိုင်ငံ အဖြစ်တွင် ပို၍ စွဲမြဲလာသည်။ ထို့နောက် ပြင်သစ်နိုင်ငံ အကူအညီဖြင့် ဘဂ္ဂဒက် မြို့အနီး၌ အနုမြူ ဓာတ်ပေါင်း ဖိုတခု တည်ဆောက်သည်။

စစ်ဘက်၌ လည်းကောင်း၊ စက်မှုသိပ္ပံ၌ လည်းကောင်း ခေတ်မီ စေရန် ထူထောင်နေစဉ် ပြည်တွင်း၌ ကဒ်လူမျိုး များနှင့် ပြေလည်အောင် ပြုလုပ်နိုင်ခဲ့သည်။အီရတ်မြောက် ပိုင်းတွင် နေထိုင်ကြသော လူဦးရေနှစ်သန်းရှိသည့် ကဒ် လူမျိုးတို့သည် ကိုယ်ပိုင် အုပ်ချုပ်ရေးကို တောင်းဆိုယင်း အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ၁၉၇၉ ခုနှစ်

အီရတ်သမ္မတနိုင်ငံ။ ။သမ္မတအာမက်ဟတ်ဆန်အလ် ဗာကာထံမှ ဒုတိယသမ္မတ ဆတ်ဒမ်ဟူစိန်သည် ၁၉၇၉ ခု နှစ်တွင် အာဏာလွှဲပြောင်း ရယူခဲ့သည်။

အာဏာလက်ခံ ရယူသော ဆတ်ဒမ်ဟူစိန်သည် ဘား အတ်သ်ပါတီ သဘောတရားရေးဌာန အကြီးအကဲနှင့် တပ်မတော် ဒုတိယ ဗိုလ်ချုပ်ကြီး ဖြစ်သည်။ယခင် သမ္မတ လုပ်ဆောင်ခဲ့သော ပြည်သူ အကျိုးပြု လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်မည်ဟု ကြေငြာသည်။

၁၉၇၉ ခုနှစ် မတ်လတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ ချုပ်ဆိုသော အီဂျစ်၊ အစ္စရေးစာချုပ်ကို ဆန့်ကျင်သည့် အမာခံ ငါးနိုင်ငံ၌ အီရတ်ပါဝင်သည်။ အခြားနိုင်ငံများမှာ ဆီးရီးယား၊ လစ်ဗျ၊ အယ်ဂျီးရီး ယားနှင့် တောင်ယေမင်တို့ ဖြစ်သည်။ ထိုအမာခံအဖွဲ့တွင် ပါလက်စတိုင် အဖွဲ့လည်း ပါဝင်သည်။

ထိုစဉ်က အီရတ်နှင့် ဆီးရီးယားတို့သည် အလွန်ရင်းနှီး ချစ်ကြည်ခဲ့ကြသည်။ နှစ်နိုင်ငံ ပေါင်းစည်းရေးကို ကြိုးပမ်း ခဲ့ကြသည်။ လစ်ဗျနှင့် ဆက်ဆံရေးမှာလည်း ထိုနည်း





အီရန်လေယာဉ်များက ဘဂ္ဂဒက်မြို့ရှိ ရေနံလှောင်ကန်များကို တိုက်ခိုက်ခဲ့သဖြင့် မီးလောင်နေပုံ

ဇူလိုင်လတွင် ကဒ်ဒေသ ဆူလေမာနီယာ မြို့သို့ သမ္မတ ဟူစိန် သွားရောက်ပြီး ကဒ်တို့ တောင်းဆိုချက်ကို လိုက်လျောမည်ဟု ပြောကြားခဲ့သည်။ အီရတ်ပြည် တောင်ပိုင်းသို့ နယ်နှင်ဒဏ်ခတ်ထားသူ ကဒ်မျိုးနွယ် ၁၀၀၀ ခန့်ကိုလည်း ကဒ်ဒေသသို့ ပြန်ခွင့်ပြုခဲ့လေသည်။

အီရတ်ပြည်သူရာခိုင်နှုန်း ၆၀ ခန့်မှာ ရှီးယား မူဆလင်များ ဖြစ်၍ စိုးရိမ်ဖွယ် ဖြစ်နေစဉ် စိတ်မချရသော ရှီးယားဂိုဏ်းဝင် အီရန်ပြည်သား ၃၀,၀၀၀ ခန့်ကို အီရန်တောင်ပိုင်း ခူဇက်စတန်ပြည်နယ်သို့ နှင်ထုတ်ခဲ့လေသည်။

ဤသို့ အီရန် အမျိုးသားများကို နှင်ထုတ်ခြင်း မပြုမီ နှစ်များစွာကပင် အိမ်နီးချင်း နှစ်နိုင်ငံသည် မသင့်မမြတ်ဖြစ်လာသည်။ ၁၅၄၀ ပြည့်နှစ် စာချုပ်အရ၊ ရှတ်အယ်အာရပ်မြစ်သည် အီရတ်ပိုင် ဖြစ်ခဲ့သော်လည်း ၁၉၇၅ ခုနှစ်တွင် ထိုမြစ်တဘက်ကမ်းကို အီရန်ဘက်သို့ လွှဲအပ်ခဲ့ရသည်။

ထိုနယ်မြေ ပြန်ရရေးကို အီရတ် အစိုးရသည် ၁၉၇၂ ခုနှစ်က စ၍ တောင်းဆိုခဲ့ရာမှ နယ်စပ်တွင် မကြာခဏ တိုက်ပွဲဖြစ်ခဲ့သည်။

အီရန်နိုင်ငံတွင် အယာတိုလာ ခိုမေနီ အစိုးရ တက်လာသောအခါ အခြေအနေ ပိုဆိုးလာရာ တနိုင်ငံနှင့် တနိုင်ငံရှိ သံအမတ်များကို နှင်ထုတ်ခြင်း၊ သံရုံးများကို ဝင်စီးခြင်းအထိ ဆန့်ကျင်ရန် ပြုလာကြသည်။ အီရန်နှင့် ချုပ်ဆိုခဲ့သော ၁၉၇၅ ခုနှစ် စာချုပ်ကို အီရတ်နိုင်ငံက အသိအမှတ်မပြုတော့ဟု ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် သမ္မတ ဟူစိန်ကကြေငြာပြီး ၂၂ ရက်နေ့တွင် အီရန်ကို တိုက်ခိုက်ပြီဖြစ် ကြောင်းဖြင့် လူသိရှင်ကြား ကြေငြာလိုက်လေသည်။

ပြည်တွင်း တော်လှန်ရေး အဖွဲ့အစည်းများကို တနိုင်ငံနှင့် တနိုင်ငံ အပြန်အလှန် အားပေးကြသည်။ အီရတ် ဆန့်ကျင်သော ကာဒစ္စတန်မျိုးချစ် သမဂ္ဂ (ပီယူကေ)ကို

အီရတ် သံချပ်ကာကားများ ခူဇက်စတန်နယ်ကို ဝင်ရောက်သိမ်းပိုက်စဉ်





အီရန်က အားပေးသည်။ အီရတ်အမျိုးသား ဒီမိုကရက်တစ် တပ်ဦး၊ အာရပ် ဆိုရှယ်လစ် ဘာအတ်သ်ပါတီ၊ အီရတ် ကွန်မြူနစ်ပါတီ၊ အာရပ်ဆိုရှယ်လစ် လှုပ်ရှားမှုအဖွဲ့စသော ဆတ်ဒမ်ဟူစိန်၏ ရန်သူအဖွဲ့အားလုံးကို ဆတ်ဒမ်ဟူစိန်ကို မကျေနပ်သော ဆီးရီးယား နိုင်ငံက လက်ခံပြီး ထောက်ပံ့ အားပေးသည်။

ထိုနည်းအတူ အယာတိုလာ ခိုမေနီကို ဆန့်ကျင်သော ကဒ် လူမျိုးများ၊ ခွဇက်စတန်နယ်ရှိ အာရပ် အမျိုးသားများနှင့် အီရန် စစ်ဦးစီးဟောင်း ဗိုလ်ချုပ်ကြီး အလီအိုဗိစီ၏ အီရန် လွတ်မြောက်ရေးတပ်မတော်(အိုင်အယ်လ်အေ)ကို အီရတ်က ခိုလှုံခွင့် ပေးထားသည်။ ထိုအိုင်အယ်လ်အေ



သိမ်းပိုက် တံတားတခုပေါ်မှ အီရတ်စစ်သားတဦး

ခေါ် အိုဗိစီ၏ တပ်တွင် တပ်သား ၃၀၀၀ ခန့်ရှိသည်။ ခွဇက်စတန်နယ်ကို အာရေဗစ်စတန်နယ်ဟု အမည်ပြောင်းကာ ထိုနယ်ရှိ လူငယ်များကို အီရန် ဆန့်ကျင်ရေး လက်နက် တပ်ဆင်ပေးသည်။

လက်နက်ကိုင် တပ်အင်အား ၂၂၀,၀၀၀ ရှိသော အီရတ် တပ်သည် အရန်တပ်သား ၂၅၀,၀၀၀ ကို ခေါ်ယူအားဖြည့် လိုက်သည်။ အီရန်ကလည်း တပ်သား ၁၈၀,၀၀၀ ပါသည့် တပ်မတော်ကို အရန်တပ်အဖြစ် ထပ်မံ အားဖြည့်သည်။ သမ္မတ ဗာနီဆာဒါ၏ ဆင့်ခေါ် ချက်အရ တပ်သား အမြောက်အမြား ဝင်ရောက်လာကြသည်။ လူငယ်လူရွယ် နှစ်သန်းကို ပြည်သူ့ စစ်သင်တန်းများ ပေးသည်။

ဤသို့ မီးကုန်ယမ်းကုန် တိုက်ခိုက်နေကြစဉ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက လည်းကောင်း၊ အစွလာမ် သာသနာရေး အဖွဲ့ကလည်းကောင်း၊ ဘက်မလိုက် နိုင်ငံများ အဖွဲ့ကြီးက လည်းကောင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ အမေရိကန်၊ ဆိုဗီယက် ပြည်ထောင်စု၊ကျူးဗားနိုင်ငံ သမ္မတနှင့် အကြီးအကဲများကလည်းကောင်း၊ ရေနံထုတ်လုပ်တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (အိုပက်)က လည်းကောင်း၊ အာရပ် အဖွဲ့ချုပ်က လည်းကောင်း အပစ်အခတ်ရပ်စဲကြရန် အလေးအနက် တောင်းဆိုခဲ့ကြသည်။

ထိုအဖွဲ့အစည်း အသီးသီး၏ တိုက်တွန်းချက်ကို လက်ခံပါမည်၊ စေ့စပ် ဆွေးနွေးပါမည်ဟု အီရတ်က သဘောတူသော်လည်း အီရန်က လက်မခံပေ။ အီရတ်တပ်များ အီရန်နိုင်ငံမှ ထွက်မသွားသမျှ စေ့စပ် ဆွေးနွေးခြင်းမပြုဟု အခိုင်အမာ ပြောဆိုခဲ့ လေသည်။

ပါလက်စတိုင် လွတ်မြောက်ရေး အဖွဲ့ခေါင်းဆောင် ယာဆာအာရဖတ်၊ ဆွီဒင်ဝန်ကြီးချုပ်ဟောင်း အိုလပ်ပါးလမား၊ ပါကစ္စတန် သမ္မတ ဇီယာအူးလ်ဟတ်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်း စသူတို့သည် တီဟီရန်နှင့် ဘဂ္ဂဒက်မြို့များသို့ သွားရောက်ကာ ဖျန်ဖြေစေ့စပ်သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။

အီရတ်သည် ခိုရမ်ရှားမြို့နှင့် ခွဇက်စတန် နယ်ကျေးရွာ အချို့ကို ဝင်ရောက်တိုက်ခိုက်သည်။ အီရတ်သုံးပန်း ၅၀၀ ကို တီဟီရန်မြို့၌ အထင်အရှား ပြသကဲ့သို့ ဖမ်းဆီးရမိသော အီရန်တင့်ကားများနှင့် အီရန်တပ်သားအချို့ကို ဘဂ္ဂဒက်မြို့၌ ထုတ်ဖော် ပြသသည်။ အီရန်ရေနံ ဝန်ကြီးကို အီရတ်တပ်များက ဖမ်းဆီးရမိလိုက်သည်။

နှစ်နိုင်ငံစလုံးသည် မိမိတို့၏ ရေနံများကို ပြည်ပသို့လုံးဝ ထုတ်မရောင်းနိုင်သည့် အခြေသို့ ရောက်ရှိခဲ့သည်။ နောက်ပိုင်းတွင် အီရတ်သည် တူရကီမှတဆင့် ရေနံပို့နိုင်အောင် လုပ်ဆောင်သကဲ့သို့ အီရန်ကလည်း ခတ်ကျန်းရေနံတင်စခန်းကို ပြန်လည်မွမ်းမံပြီး အထိုက်အလျောက် ရောင်းချခဲ့ကြသည်။ နိုင်ငံခြားသို့ ရေနံအများအပြား ထုတ်ရောင်းနိုင်သော ထိုနှစ်နိုင်ငံစလုံးတွင် ပြည်သူတို့သည် ရာရှင်စနစ်ဖြင့် ရေနံသုံးနေကြရသည်သာမက ရေနံ၊ ဓာတ်ဆီစေးတိုးမြှင့်သည့် ဒဏ်ကို ခံနေရသည်။ ပြည်တွင်းသုံး ရိက္ခာနှင့် အခြေခံ ကုန်ပစ္စည်း စျေးနှုန်းများ မှာလည်း ထိုနည်း အတူပင် ဖြစ်လေသည်။

နှစ်ဘက်လေတပ်များက ဗုံးချခြင်း၊ အမြောက်နှင့် ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းတို့ကြောင့် ရေနံစက်ရုံအလုပ်ရုံများ၊ ရေနံပိုက်လိုင်းများ သာမကအရပ်ဘက် အဆောက်အအုံများပါ ပျက်စီးခဲ့ကြသည်။ စစ်ကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ နှေးကွေးသွားသည့် အကြောင်းကိုလည်း အီရတ် ဒုတိယဝန်ကြီးချုပ် တာဟာယက်စင် ရာမာဒန်က ကြေငြာခဲ့လေသည်။

အီရန် သမ္မတနိုင်ငံ။ ။ဘာသာရေးအရလည်းကောင်း၊ နိုင်ငံရေးအရ လည်းကောင်း၊ စီးပွားရေးအရလည်းကောင်း အီရန်ပြည်သူတို့၏ တခဲနက် ထောက်ခံမှုကို ရရှိနေသော အယာတိုလာခိုမေနီနှင့်အဖွဲ့သည် ရှားဘုရင်အား အမေရိကန် အစိုးရက လက်ခံပြုစုနေသည် ဟူသောသတင်းကို ကြားရသောအခါ တီဟီရန်မြို့တော်ရှိ အမေရိကန်သံရုံးကို ဝင်စီးကြသည်။

ထိုသို့ ဝင်စီးမှုကို ထောက်ခံသော မူဆလင် လူငယ်လူရွယ်များသည် ပါကစ္စတန်နိုင်ငံ ရာဝါလ်ပင်ဒီမြို့၊ တူရကီနိုင်ငံ



အကျယ်အဝန်း။	။	၆၃၆,၃၆၃ စတုရန်းမိုင်
လူဦးရေ။	။	၃၇,၀၀၀,၀၀၀ (၁၉၇၀)
မြို့တော်။	။	တီဟီရန်မြို့

အန်ကာရာမြို့၊ လစ်ဗျနိုင်ငံ ထရိပိုလီမြို့၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၊ ကူဝိတ်နိုင်ငံ ကူဝိတ်မြို့၊ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၊ အိန္ဒိယနိုင်ငံ ဒေလီမြို့ စသည်တို့၌ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြရာ လူသူသေဆုံးခြင်း၊ အဆောက်အအုံများ၊ ပစ္စည်းများ၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရလေသည်။

ဤတွင် အမေရိကန်တွင် နေထိုင်လျက်ရှိသော အီရန်ကျောင်းသားများကို တန်ပြန်အရေးယူရန် အမေရိကန်သမ္မတ ကာတာက နိုဝင်ဘာ ၁၀ ရက်နေ့တွင် ညွှန်ကြား သည်။ ခိုင်လုံသောပြည်ဝင်ခွင့် လက်မှတ်မပါသည့် အီရန်ကျောင်းသားများကို မူလနိုင်ငံသို့ ပြန်ပို့ရမည်ဟု အမိန့် ထုတ်လိုက်သည်။ အီရန်ကျောင်းသား ဆန့်ကျင်ရေးဆန္ဒပြပွဲများနှင့် အီရန်ကျောင်းသား ထောက်ခံရေး ဆန္ဒပြပွဲများပါ အမေရိကန်နိုင်ငံ အနှံ့အပြားတွင် ပေါ်ထွက်လာသည်။

အမေရိကန် ဘဏ်အသီးသီး၌လည်းကောင်း၊ ထိုဘဏ်များ၏ ဘဏ်ခွဲများဖြစ်သော ပြည်ပဘဏ်များ၌ လည်း

အီရန်နိုင်ငံ အဘာဒန် ဆိပ်ကမ်းမြို့ရှိ ရေနံလှောင်ကန်ကြီးများ မီးလောင်ကာ မီးခိုးလုံးကြီးများ လိုမ့်တက်နေသည်ကို ကြည့်ရှုနေသော အီရတ်စစ်သားတဦး

ကောင်း အပ်နှံထားရှိသည့် အီရန်ပိုင် ဒေါ်လာငွေ သန်း ပေါင်းများစွာကိုထုတ်ယူခြင်းမပြုရန် ဘဏ်များနှင့် သက် ဆိုင်ရာဌာန အားလုံးသို့ ညွှန်ကြားခဲ့သည်သာမက အီရန် အစိုးရပိုင် အဆောက်အအုံ လုပ်ငန်းအားလုံးကို နိုဝင် ဘာလ ၁၄ ရက်နေ့တွင် ချိတ်ပိတ် ခဲ့သည်။ အီရန်ထံမှ ရေနံဝယ်ယူတင်သွင်းခြင်းကိုလည်း နိုဝင်ဘာလ ၁၂ ရက် နေ့မှအစပြု၍ ပိတ်ပင်ခဲ့သည်။

ထို့အပြင် စားနပ်ရိက္ခာတင်ပို့ခြင်းမှတပါး အခြားသော ကုန်ပစ္စည်းရောင်းဝယ်ဆက်သွယ်မှုများကို အမေရိကန်အစိုး ရက အဆက်ဖြတ်လိုက်သည်။ သံတမန် ဆက်သွယ်မှုကိုမူ ဧပြီ ၇ ရက်နေ့တွင် ဖြတ်တောက်ခဲ့သည်။

ရှားဘုရင်ကို မိမိတို့လက်သို့ပြန်မအပ်မချင်း သံရုံးအရာ ရှိများနှင့် သံရုံးဝန်ထမ်းများကို လွှတ်မပေးဟု အီရန်က အခိုင်အမာတင်ပြသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် ဟိတ်မြို့ရှိ ကမ္ဘာ့တရားရုံးတို့၏ ဆုံးဖြတ်ချက်များကို အီရန် အစိုးရက လက်မခံပေ။

ပါလက်စတိုင်ခေါင်းဆောင် ယာဆာအာရဖတ်၊ အိုင် ယာလန်မှ ကမ္ဘာကျော်ငြိမ်းချမ်းရေးခေါင်းဆောင် မက် ဘရိုက်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကွတ်ဗာဟိုင်းတို့ သည် တီဟီရန်မြို့သို့ သွားရောက်၍ စေ့စပ်ဆွေးနွေးသည် ကိုလည်း အီရန်အစိုးရက ငြင်းပယ်ခဲ့သည်။

သံရုံးစီးသည့် ကိစ္စတွင် ဆန္ဒမညီသော အီရန်ဝန်ကြီး ချုပ် ဗဇာဂန်၏ အစိုးရအဖွဲ့သည် နုတ်ထွက်လိုက်ရသည်။ နိုင်ငံခြားရေးဌာန ဝန်ကြီးတာဝန်ကို ယာယီထမ်းဆောင် နေရသော ဗာနီဆာဒါသည် အခြားဌာနသို့ လွှဲပြောင်း တာဝန်ယူရသည်။ နိုင်ငံခြားရေးဝန်ကြီး ဂေါဇဒတ်မှာလည်း အခြားသော စိတ်မာန်တက်ကြွသူတို့၏ ငြိုငြင်မှုကို ခံခဲ့ ရသည်။

အီရန် အစ္စလာမ် သမ္မတနိုင်ငံတော် အခြေခံ ဥပဒေသစ် အရ ပြည်သူ့ကိုယ်စားလှယ် ၂၇၀ ပါရှိသည့် မာဂျလစ် လွှတ်တော် ရွေးကောက်ပွဲကို ၁၉၈၀ ပြည့်နှစ် မတ်လနှင့် မေလများတွင်ကျင်းပရာ သာသနာဝင်များဦးစီးသည့် အစ္စ လာမ်ရီပတ် ဗလီကင်ပါတီက မဲအများစုဖြင့် အနိုင်ရသည်။ ဝန်ကြီးချုပ်အဖြစ် မိုစတာဖာမီဆာလင်ကို ဗာနီဆာဒါက တင်သွင်းလိုသော်လည်း နောက်ဆုတ်လိုက်ရသည်။ နောက် ဆုံးတွင် အသက် ၄၇ နှစ်အရွယ်ရှိ သခ်ၤာဆရာ မိုဟာမက် အလီရာဂျေးသည် ထောက်ခံမဲ ၁၅၃ မဲရပြီး ဝန်ကြီးချုပ် ဖြစ်လာသည်။ မစ္စတာရာဂျေး တင်သွင်းသော ဝန်ကြီးများ အနက် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် လျာထားသူများကို သမ္မတ ဗာနီဆာဒါက လက်မခံပေ။

သမ္မတနှင့် ဝန်ကြီးချုပ်တို့ သဘောထားချင်းမတိုက်ဆိုင် မှုတရပ်ဖြစ်လာသည်။ တီဟီရန်အသံလွှင့်ဌာနကိုဝေဖန်သော နိုင်ငံခြားရေးဝန်ကြီးဟောင်း ဂုတ်ဗဇာဒေးအား လူတစု က ဖမ်းဆီးထိန်းသိမ်းလိုက်သောအခါ သမ္မတ ဗာနီဆာဒါ သည် ခေါင်းဆောင်ကြီးခိုမေနီထံသို့ အရောက်သွားရောက် တင်ပြပြီး အဖမ်းအဆီးမှ ထုတ်ယူခဲ့ရသည်။

ဧပြီလ ၂၅ ရက်နေ့တွင် ခားစာခံကယ်တင်ရေး အစီ အစဉ်တခုတွင် အမေရိကန်လေတပ်များ ပျက်စီးဆုံးရှုံးခဲ့ရ



အီရန်ပိုင် ခိုရမ်ရှားမြို့ရှိ ဆိပ်ကမ်းမှ ဖမ်းမိရရှိသော စစ်လက်နက် ပစ္စည်းများ



ရေနံတင်ပို့သော နေရာများကို စောင့်ကြပ်နေသော အီရန်သံချပ်ကာကား တပ်တစု

သည်။ စီ ၁၃၀ ကုန်တင်လေယာဉ် ခြောက်စင်းနှင့် အခြား ရဟတ်ယာဉ်အချို့လည်း ပျက်စီးသွားပြီး အမေရိကန် တပ်သား ရှစ်ဦး သေဆုံးသည်။ အီရန်ဘက်မှ တဦးသေပြီး နှစ်ဦး ဒဏ်ရာရသည်။

အီရန်အစိုးရသည် ဓားစာခံများကို လုံခြုံအောင် ထိန်း သိမ်းရေးနှင့် ပြည်ပအန္တရာယ်ကာကွယ်ရေးကို အထူးအာရုံ စိုက်နေရစဉ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် အီရတ်တပ် များသည် အီရန်ပြည်တွင်းသို့ ဝင်ရောက်တိုက်ခိုက်နေပြီဟု အီရတ်သမ္မတ ဆတ်ဒမ်ဟူစိန်၏ ကြေငြာချက် ထွက်ပေါ် လာသည်။

နှစ်နိုင်ငံ၏ နယ်စပ်တိုက်ခိုက်မှုများသည် မကြာခဏ ဖြစ်ပွားခဲ့ရာ ၁၉၇၉ ခုနှစ်တွင် တိုက်ခိုက်မှုအရှိန်နှင့်အတူ နိုင်ငံရေးပဋိပက္ခအရှိန်အဟုန်ကြီးမားလာသည်။ သံအမတ် များကိုနှင်ခြင်း၊ ပြည်သူများကို မောင်းထုတ်ခြင်းစသဖြင့် အကြိမ်ကြိမ် အပြန်အလှန်အရေးယူခဲ့ကြသည်။

အီရန်ပိုင် ခိုရမ်ရှားမြို့နှင့် အီရန်တောင်ပိုင်း ခူဇက်စတန် နယ်ရှိကျေးရွာအချို့ကို အီရတ်ကသိမ်းပိုက်သည်။အီရန်ရေနံ ဝန်ကြီးကိုလည်း အီရတ်တပ်များက ဖမ်းဆီးရမိလိုက်သည်။

တိုက်ပွဲကြောင့် ရေနံများထုတ်မရောင်းရသဖြင့် ရေနံ အားကိုးနေရသော အီရန်နိုင်ငံသည် များစွာ အခက်အခဲ တွေ့လာသည်။ ပြည်တွင်းသုံး ရေနံဈေးကို မြှင့်တင်လိုက်ရ သည်။ ရှားဘုရင်လက်ထက်က ရေနံတလီတာကို ၁၄ ဆင့် သာပေးရသည်။ ယခု ၄၂ ဆင့်ပေးနေရသည်။ ရိက္ခာများ ကိုလည်း ဈာရှင်စနစ်နှင့် ပေးနေရသည်။ လူသုံးကုန်ပစ္စည်း ဈေးနှုန်းများပါတက်လာသည်။

ပြင်သစ်ပြည် ဆော်ဘွန်းတက္ကသိုလ်မှ စီးပွားရေးဘွဲ့ ရယူခဲ့သော သမ္မတဗာနီဆာဒါသည် စစ်ကြောင့် ဖြစ်လာ သော စီးပွားရေး အကျပ်အတည်းကို မဖြေရှင်းနိုင်ပေ။ အီရတ်နှင့် စစ်မဖြစ်မီကမူ ဘဏ်များကိုပြည်သူပိုင်လုပ်ခြင်း၊ စက်မှုလုပ်ငန်းကြီး အားလုံးကို အစိုးရက ချုပ်ကိုင်ခြင်း စသည်ဖြင့် ထိန်းချုပ်ဖြေရှင်းနိုင်သော်လည်း ယခုအချိန် တွင်မူ စစ်ရှေ့တန်းမျက်နှာများသို့သွား၍ အားပေးလှုံဆော် နေရသည်။ ထိုးစစ်ကိုမဆင်နိုင်ကောင်းလားဟု သမ္မတအား အတိုက်အခံတို့က စွပ်စွဲကြသည်။

အီရန် ပြည်တွင်းရေးမည်ညှတ်မှုသည်လည်း ကြီးထွား လာသည်။ အနောက်မြောက်ပိုင်းရှိ ကဒ်သူပုန်များသည် အီရန်အစိုးရထံမှ သီးခြားနယ်မြေ တောင်းဆို နေကြစဉ် 'ပေါ်ကန်' ခေါ် အယူသည်းမှုဆလင်ဂိုဏ်းတဂိုဏ်း ပေါ် ထွက် လာသည်။ ထိုဂိုဏ်းသားတို့သည် အယာတိုလာ မိုဟာမက် မိုတာဟာရီခေါ် ခေါင်းဆောင်ကြီးနှင့် တိဟီရန်တက္ကသိုလ် ဌာနကြီးမှူး မိုဟာမက်မိုဗာတက်အပါအဝင် ထင်ရှားသူ အချို့ကို အကြမ်းဖက် သတ်ဖြတ်ခဲ့ကြသည်။

အီရန် အီရတ်စစ်ပွဲကို ပြီးငြိမ်းအောင် ကုလသမဂ္ဂအဖွဲ့ ကြီး၊ ဖွံ့ဖြိုးဆဲ နိုင်ငံများအသင်း၊ အာရပ် အဖွဲ့ချုပ်အပြင် အစ္စလာမ် နိုင်ငံအသင်း စသော အသင်းအဖွဲ့ ပေါင်းစုံက ဖျောင်းဖျကြသော်လည်း ယနေ့ထက်တိုင် အောင်မြင်မှု မရခဲ့သေးပေ။

ဥရောပဘုံစျေးအဖွဲ့ ထိပ်သီးအစည်းအဝေး။ ။ ဥရောပဘုံစျေးအဖွဲ့ဝင် ကိုးနိုင်ငံ၏ ထိပ်သီးအစည်းအဝေး ပွဲကို အီတလီနိုင်ငံ ဗင်းနစ်မြို့၌ ၁၉၇၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နှင့် ၁၃ ရက်နေ့တို့တွင် ကျင်းပခဲ့သည်။ နှစ်ရက် ကြာစည်းဝေးပွဲအပြီး ကြေငြာချက် တစောင် ထုတ်ပြန် သည်။ ယင်း ကြေငြာချက်တွင် အရှေ့အလယ်ပိုင်းငြိမ်း ချမ်းရေး ဆွေးနွေးပွဲများ၌ ပါလက်စတိုင် လွတ်မြောက် ရေးအဖွဲ့ (ပီအယ်အို) ပါဝင်ရမည် ဖြစ် ကြောင်း ဖြင့် ထောက်ခံတင်ပြထားသည်။

အရှေ့အလယ်ပိုင်းဒေသအား နိုင်ငံတကာက အာမခံ သော စနစ်တခုတွင် ဘုံစျေးအဖွဲ့ဝင် ကိုးနိုင်ငံကလည်း ပါဝင်ဆောင်ရွက်ရန် ပြင်ဆင်နေကြောင်းဖြင့်လည်းကြေငြာ ချက် တွင် ဖော်ပြထား သည်။ ပါလက်စတိုင် ပြဿနာ သည် ဒုက္ခသည် ပြဿနာတခု မဟုတ်ကြောင်း၊ ပါလက် စတိုင် လူထုသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ကို အပြည့် အဝ ကျင့်သုံးနိုင်ရမည် ဖြစ်ပြီး ပါလက်စတိုင်လူထုနှင့် ပီအယ်အိုတို့သည် စေ့စပ်ဆွေးနွေးပွဲများတွင် ပါဝင်ခွင့် ရရမည်ဟုလည်း ဆိုသည်။

ဥရောပဘုံစျေးအဖွဲ့ ခေါင်းဆောင်များသည် ပီအယ်အို၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ၎င်းတို့၏ သဘောထား ကို ပထမဦးဆုံးအကြိမ် ထုတ်ဖော်လိုက် ခြင်း ဖြစ် သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပီအယ်အိုကို ပါဝင်ခွင့် ပေးရမည်ဟု ဆိုသော်လည်း ပီအယ်အိုကိုကား ၎င်းတို့ အသိအမှတ် မပြုကြချေ။ ပါလက်စတိုင် လူထု၏ တဦး တည်းသော တရားဝင် ကိုယ်စားလှယ်အဖြစ်လည်း အသိ အမှတ်မပြုချေ။

သိမ်းပိုက်ထားသောနယ်မြေများ၌ အစ္စရေး လူနေ စခန်းများ ထူထောင်သည့် အစ္စရေး ပေါ်လစီကိုလည်း ရပ်ဆိုင်းရန် တောင်းဆိုသည်။ ထိုပေါ်လစီသည် ငြိမ်းချမ်း ရေး ဆောင်ရွက်ရာတွင် အကြီးအကျယ် အနှောင့် အယှက်တခု ဖြစ်သည်ဟု လည်းကောင်း၊ အစ္စရေးနိုင်ငံ သည် အာမခံချက်ရှိသော အများက အသိအမှတ်ပြု သည့် နယ်နိမိတ်ရှိသင့်သည်ဟု လည်းကောင်း၊ ထိုဒေသ အတွင်းရှိ သက်ဆိုင်သည့် ပါတီအားလုံး အင်အားအသုံး ပြုမှုကို ခွင့်လွှတ်မှသာ ယုံကြည်မှုရှိသော အခြေအနေကို ဖန်တီးနိုင်လိမ့်မည်ဟုလည်းကောင်း ယုံကြည်သည်။

ဂျရူးဆလမ်းမြို့ အရေးနှင့် ပတ်သက်ပြီး ထိုမြို့အား တဘက်သတ် ပြောင်းလဲမှုများ ပြုလုပ်မှုကို လက်မခံနိုင်ကြောင်းနှင့် ဂျရူးဆလမ်းမြို့ရှိ ဘာသာရေးအရ မြင့်မြတ်သောနေရာများသို့ လွတ်လပ်စွာ သွားလာနိုင်ခွင့်ကို အာမခံရမည်ဟုလည်း တိုက်တွန်းသည်။

ဥရောပဘုံစျေးအဖွဲ့ ထိပ်သီးအစည်းအဝေး ကြေငြာချက်သည် စက်တင်ဘာ ၂၅ ရက်နေ့က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အိုင်ယာလန် နိုင်ငံခြားရေးဝန်ကြီး မိုင်ကယ်အိုကနေဒီ ပြောကြားသော မိန့်ခွန်း၊ ကုလသမဂ္ဂ ဆုံးဖြတ်ချက် အမှတ် ၂၄၂၊ ၃၃၈ တို့နှင့် ဘုံစျေးအဖွဲ့မှ ယခင်ကြေငြာခဲ့သော ပေါ်လစီ ကြေငြာချက်များအပေါ်တွင် အခြေခံသည်။

အရှေ့အလယ်ပိုင်းဒေသ မတည်ငြိမ်မှုကို ကာကွယ်နိုင်သော လက်ဗန္ဓန်နိုင်ငံ၏ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်သော မည်သည့် ဆောင်ရွက်ချက်ကိုမဆို ထောက်ခံမည်ဖြစ်ကြောင်းဖြင့်လည်း ဥရောပဘုံစျေး ခေါင်းဆောင်များက ဖော်ပြသည်။ လက်ဗန္ဓန်နိုင်ငံ၌ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ် ဆက်လက်ထားရှိမှုကိုလည်း ထောက်ခံကြောင်း ဖော်ပြထားသည်။ ထိုဒေသတွင် တိုက်ခိုက်မှုများကြောင့် လက်ဗန္ဓန်နိုင်ငံ၏ တည်ငြိမ်ရေးသည် အကြီးအကျယ် အန္တရာယ်ရှိနေသည်ဟုလည်း ဆိုသည်။

ဥရောပဘုံစျေးအဖွဲ့ ကိုးနိုင်ငံ ခေါင်းဆောင်များသည် ကမ္ဘာ့စီးပွားရေး အခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။ ပြီးခဲ့သည့် လူးဇင်းဘတ် အစည်းအဝေးတွင်မူ ဘုံစျေးအဖွဲ့တွင် ဗြိတိန်နိုင်ငံက ငွေကြေးထည့်ဝင်ရမည့်ကိစ္စနှင့်ပတ်သက်၍ ငြင်းခုံ ပြောဆိုခဲ့ကြရသည်။

ရေနံစျေးနှုန်း မြင့်လာမှု၏ တစိတ်တဒေသကြောင့် ငွေဖောင်းပွမှု တိုက်ဖျက်ရေး၊ အလုပ်လက်မဲ့နှင့် ငွေပေးငွေယူရှင်းတမ်း လိုငွေပြနေမှု လျော့နည်းရေး အလားအလာများသည် မှေးမှိန်လျက်ရှိကြောင်း ဖော်ပြထားသည်။ ဤပြဿနာများဖြေရှင်းရေးနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြခြင်း မရှိသော်လည်း ငွေကြေးကိစ္စကို တင်းတင်းကြပ်ကြပ် ဆောင်ရွက်ရန်နှင့် ငွေကြေး ထောက်ပံ့ရေး ပေါ်လစီများကို တင်းတင်းကြပ်ကြပ် လုပ်ဆောင်ခြင်းဖြင့် တိုက်ဖျက်သွားမည်ဟုဆိုသည်။

အာဖဂနိစတန်နိုင်ငံတွင် ဆိုဗီယက် ဝင်ရောက် စွက်ဖက်မှုကိုလည်း အလေးအနက် ရှုတ်ချထားသည်။ ထိုသို့ ဝင်ရောက်မှုသည် နိုင်ငံတကာဆက်ဆံရေး ပျက်ပြားအောင်ခြိမ်းခြောက်နေသည်ဟုလည်းဆိုသည်။

ဥရောပ ဘုံစျေးအမှုဆောင် ကော်မရှင်ဥက္ကဋ္ဌ ဗြိတိန်နိုင်ငံမှ ရွိုင်းဂျင်းကင်း၏နေရာကို ဆက်ခံမည့်သူ ရွေးချယ်ကြရန်လည်း ဘုံစျေးအဖွဲ့ကိုးနိုင်ငံ ခေါင်းဆောင်များက ကြိုးပမ်းခဲ့သေးသည်။ ထိုနောက် ထိုကိစ္စကို သံတမန်လမ်းကြောင်းအရ ဆက်လက် ဆောင်ရွက်သွားကြရန် သဘောတူကြသည်။

ဧရာဝတီတိုင်း။ ။ဧရာဝတီမြစ်ကြီး၏ မြစ်ဝကျွန်းပေါ်ဒေသသည် ဧရာဝတီတိုင်းပင် ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်လျော်ညီစွာ မြေပြန့်မြေကျယ်ပေါများ၍ များပြားလှစွာသော မြစ်ချောင်းတို့ ကွန်ခြာသဖွယ် ယှက်သန်းတည်ရှိနေသော ဧရာဝတီတိုင်းကို အနောက်ဘက်နှင့် အနောက်မြောက်ဘက်တို့တွင် ဘင်္ဂလားအော်နှင့် ရခိုင်ပြည်နယ်၊ မြောက်ဘက်နှင့်အရှေ့ဘက်တွင် ပဲခူးတိုင်း၊ အရှေ့ဘက်တွင် ရန်ကုန်တိုင်းတို့က ဝန်းရံလျက်ရှိပြီး တောင်ဘက်တွင် ကပ္ပလီပင်လယ်ကြီး တည်ရှိလေသည်။ ဧရာဝတီတိုင်းတွင် ပုသိမ်အရှေ့၊ ပုသိမ်အနောက်၊ သာပေါင်း၊ ငပုတော၊ကျုံပျော်၊ ရေကြည်၊ကျောင်းကုန်း၊ဟင်္သာတ၊ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ မြောင်းမြ၊ အိမ်မဲ၊ လပွတ္တာ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုံး၊ ဓနုဖြူ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်တို့ ပါဝင်သည်။ မြို့နယ် ၂၆ မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စု ၂,၁၂၉ တို့ဖြင့် ဖွဲ့စည်းထားသည်။



ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၅၀၊ တိုင်းအဆင့် ၉၃ ဦး၊ မြို့နယ်အဆင့် ၂,၅၉၁ ဦးနှင့် ရပ်ကွက်ကျေးရွာအုပ်စုအဆင့် ၂၁,၁၉၂ ဦး ရွေးချယ် တင်မြှောက်ထားသည်။

ရော်ဝတီတိုင်းသည် ပင်လယ်နှင့်နီး၍ မိုးကောင်းစွာရရှိသဖြင့် ရာသီဥတုမျှတသည့်ပြင် မြေဆီသြဇာ ကြွယ်ဝသော မြေနုကျွန်းပေါ် ဒေသဖြစ်သည်နှင့်အညီ လယ်ယာလုပ်ငန်းသည် ရော်ဝတီတိုင်း၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည်။ စပါး၊ မြေပဲ၊ ဂုန်လျှော်၊ ဆေး၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုးတို့ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းသည်။ မြန်မာနိုင်ငံ၌ စပါးအထွက်အကောင်းဆုံးသော တိုင်းလည်းဖြစ်သည်။ ၁၉၇၉ – ၈၀ ပြည့်နှစ်တွင် စပါး တင်းပေါင်း ၁၆၄ သန်းကျော် ထွက်ရှိခဲ့သည်။ မြေပဲတင်း သုံးသန်းကျော်၊ ဂုန်လျှော်ပိဿာ ၄၂ သန်းကျော် ထွက်ခဲ့သည်။ ရော်ဝတီတိုင်းအတွင်း စပါးအတွက်တိုးရေး စီမံကိန်း စပါး (၁) နှင့် စပါး (၂)ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။ မြစ်ဝကျွန်းပေါ် အလယ်ပိုင်းဒေသကို ကိုယ်စားပြုသည့် ဝါးခယ်မမြို့နယ် ရွှေလောင်းကျွန်း စီမံကိန်းနှင့် မြစ်ဝကျွန်းပေါ် အောက်ပိုင်းဒေသကို ကိုယ်စားပြုသည့် ဖျာပုံမြို့နယ် ဇင်းဘောင်ကျွန်း စီမံကိန်းတို့တွင် စိုက်မြေ၊ ပလပ်မြေ၊ မြေရိုင်းများတိုးခဲ့စိုက်ပျိုးရန်ရည်ရွယ်ချက်များပါဝင်သည်။ ရော်ဝတီတိုင်း၏ နာမည်ကြီး အခြားလုပ်ငန်းတမျိုးမှာ ရေထွက်ပစ္စည်းလုပ်ငန်းဖြစ်သည်။ မြစ်ချောင်း အင်း အိုင် များပြားစွာရှိသဖြင့် ငါးပိ၊ ငါးခြောက်၊

အကျယ်အဝန်း။	။၁၃,၅၆၇ စတုရန်းမိုင်။
လူဦးရေ။	။၄,၅၀၃,၇၄၂
မြို့တော်။	။ပုသိမ်မြို့။

ပုစွန်ခြောက်လုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်သည်။ ရော်ဝတီတိုင်းအတွင်း အင်းပေါင်း ၁,၂၆၆ အင်းရှိရာ ရေချိုငါးဖမ်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည့်ပြင် ပင်လယ်ငါးဖမ်းလုပ်ငန်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြသည်။ လပွတ္တာမြို့နယ်တွင် ဆားလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင် လျက် ရှိ ရာ လပွတ္တာ ဆားမှာလည်း ထင်ရှားသည်။

ရော်ဝတီ တိုင်းအတွင်း ကျွန်းနှင့်သစ်မာ ထုတ်လုပ်မှုအတော်အသင့်ရှိ၍ သစ်နှင့် မီးသွေး ထုတ်လုပ်နိုင်သော လမှု၊ကနုစိုစသော ဒီရေသစ်တောများလည်းရှိသည်။ ရော်ဝတီတိုင်းမှ ထင်ရှားသော သစ်မျိုးများမှာ သစ်ခရား၊ မကျည်းပွေး၊ ဖန်ခါး၊ တောင်သရက်၊ မျောက်ချော၊ နေ့ာ၊ တောင်စစ်ကိုင်း၊ ဘင်္ဂံ၊ ပျဉ်းမ၊ ကညောင်း၊ ကညင်၊ ကျွန်း၊ စစ်၊ ပျဉ်းကတိုး၊ ထောက်ကြံ့၊ သင်းဝင်၊ တလိုင်းခေါင်းနှင့် ရုံး စသည်တို့ပြစ်လေသည်။

ရော်ဝတီတိုင်းတွင် စက်ရုံအလုပ်ရုံ ၅၁ ရုံရှိရာ အများစုမှာ ဆန်စက်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖြစ်သည်။ ကြံခင်း ဘိလပ်မြေစက်ရုံ၊ ပုသိမ် မှန်ပြားစက်ရုံ၊ မြောင်းမြ ဂုန်နီစက်ရုံ၊ ကျုံပျော် ဘေထုပ်စက်ရုံကြီးများကလည်း နိုင်ငံတော်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ပေးလျက်ရှိသည်။ မြန်အောင် ရေနံလုပ်ငန်း၊ ပုသိမ်ထီးလုပ်ငန်း၊ သင်ဖြူးသင်ဖျာ လုပ်ငန်း တို့သည်လည်း ရော်ဝတီတိုင်း၏ ထင်ရှားသော စီးပွားရေးလုပ်ငန်းပင် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရော်ဝတီတိုင်းသည် ရေလမ်းခရီးကိုသာ အဓိကအားထားနေရသဖြင့် မြန်မာနိုင်ငံရေကြောင်းပို့ဆောင်ရေး ကော်ပို့ရေးရှင်းက ခရီးလမ်း ၂၀ ကို ရေယာဉ်များဖြင့် ပို့ဆောင် ဆက်သွယ်ပေးလျက်ရှိသည်။ မီးရထားလမ်းဟူ၍ ကြံခင်း ဟင်္သာတ ပုသိမ် တလမ်းသာ ရှိသည်။

ရော်ဝတီတိုင်းသည် ပညာရေးတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုရှိသည်။ မူလတန်းကျောင်း ၃,၄၃၄ ကျောင်း၊ အလယ်တန်းကျောင်း ၁၆၃ ကျောင်းနှင့် အထက်တန်းကျောင်း ၆၁ ကျောင်းရှိသည်။ ရော်ဝတီတိုင်းအတွက် ဒေသကောလိပ်တခုကို ပုသိမ်မြို့တွင် ၁၉၇၆ ခုနှစ်က စတင်ဖွင့်လှစ်ပေးခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ဟင်္သာတမြို့၌ ဒေသကောလိပ်တခု ထပ်မံဖွင့်လှစ် ပေးခဲ့သည်။

အယ်ဆာဗေဒိုသမ္မတနိုင်ငံ။ ။ အယ်ဆာဗေဒို နိုင်ငံသည် ၁၈၂၁ခုနှစ်တွင်၊စပိန်လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့သော်လည်း ဗဟိုအမေရိက ဖက်ဒရေးရှင်း တခုအဖြစ် ရပ်တည်ခဲ့ရပြီး ၁၈၃၈ ခုနှစ်တွင်မှ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ ဖြစ်လာခဲ့သည်။ အယ်ဆာဗေဒိုနိုင်ငံရေး သမိုင်းတလျှောက်တွင် နိုင်ငံရေးမတည်ငြိမ်မှုများ၊ အကြမ်းဖက်မှုများ၊ အာဏာသိမ်းမှုများဖြင့်သာ ပြည့်လျှမ်းနေခဲ့သည်။

အထူးသဖြင့် ၁၉၇၂ ခုနှစ်နှင့် ၁၉၇၇ ခုနှစ် သမ္မတရွေးကောက်ပွဲများမှစတင်ကာတရားဝင်အတိုက်အခံအဖွဲ့အစည်းများ၊မြေအောက် ဆန့်ကျင်ရေးအုပ်စုများ ပေါ်ပေါက်လာပြီး၊ လက်ယာ အင်အားစု အစိုးရကို ဆန့်ကျင်ခဲ့ကြသည်။

၁၉၇၉ ခုနှစ်အောက်တိုဘာလ ၁၅ ရက်နေ့တွင် သမ္မတ ကာလို့ဟမ်ဘာတိုရိုမီရို၏ လက်ယာအစိုးရကို တပ်မတော်မှ ဗိုလ်မှူးငယ်များ ပါဝင်သည့်အဖွဲ့က ဖြုတ်ချအာဏာသိမ်းယူခဲ့သည်။ ထို့နောက်တပ်မတော် အရာရှိနှစ်ဦးနှင့် အရပ်သားသုံးဦးပါဝင်သည့် အာဏာသိမ်း အစိုးရအဖွဲ့သစ်ဖွဲ့စည်းကာ နိုင်ငံကိုအခြေခံ ပြန်လည်ပဲ့ပြင်စည်းရေး လုပ်ဆောင်မည်ဟု ကတိပေးခဲ့သည်။



အာဏာသိမ်းအစိုးရအဖွဲ့သစ်နှင့် ဝန်ကြီးများအဖွဲ့တွင် အလယ်အလတ် လမ်းစဉ်လိုက်အရာရှိများ၊ ဆိုရှယ် ဒီမိုကရက်နိုင်ငံရေး သမားများ၊ ကွန်ဆာဗေးတစ် စီးပွားရေးလုပ်ငန်းရှင် များနှင့် အယ်ဆာမေဒို ကွန်မြူနစ်ပါတီ ခေါင်းဆောင် တဦးစသည်တို့ ပါဝင်သည်။ အမေရိကန်၏ အကြီးအကျယ်ထောက်ခံ အားပေးမှုအရ အစိုးရသစ်သည် အကြမ်းဖက် ဆူပူမှုများ အဆုံးသတ်ရေး၊ လယ်ယာမြေ ပြန်လည်ပြုပြင်မှု တိုးမြှင့်ရေးနှင့် ဒီမိုကရေစီ ပြန်လည်ထူ ထောင်ရေး တို့ကို စိုင်းပြင်း ခဲ့လေသည်။

အစိုးရ အဖွဲ့သစ်ကို အလယ်အလတ် အဖွဲ့အစည်းများမှ အများဆုံး ထောက်ခံခဲ့သည်။ လက်ဝဲအုပ်စုနှင့် လက်ယာစွန်းရောက် အဖွဲ့အစည်းများမှ ထောက်ခံခြင်း မပြုပေ။ ဆန္ဒပြမှုများ၊ သပိတ်မှောက်တိုက်ပွဲများနှင့် အစိုးရလုံခြုံရေး တပ်ဖွဲ့များမှ ဖမ်းဆီးထားသော ရာပေါင်းများစွာသော အယ်ဆာမေဒို အရပ်သားများကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုသံများစသည်ဖြင့် တနိုင်ငံလုံး ဆူပွက်နေခဲ့လေသည်။

၁၉၇၀ ပြည့်နှင့်ဇန္နဝါရီလ ၃ ရက်နေ့တွင် အဖွဲဝင်ငါးဦးပါ အစိုးရအဖွဲ့သစ်မှ အရပ်သား အဖွဲဝင်သုံးဦး နုတ်ထွက်ခဲ့သည်။ ၎င်းနေရာ၌ ခရစ်ယာန်ဒီမိုကရက်ပါတီဝင် နှစ်ဦးနှင့် နိုင်ငံရေးတသီးပုဂ္ဂလ သမားတော်ကြီး တဦးတို့ကို ချက်ချင်း အစားထိုးခဲ့သည်။ ဖေဖွဲ့ရီလ အတွင်းတွင် လက်ယာစွန်းရောက် အဖွဲ့အစည်း၏ အာဏာသိမ်းရန် အကြံအစည်ကို ဆန်ဆေဗာဒိုမြို့တော်၌ ရောက်ရှိနေသော ဒုတိယလက်ထောက် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဂျိမ်းစချက်က စီးပွားရေးနှင့်စစ်ရေး အကူအညီများပေးမည်ဟု ကတိပေးခြင်းဖြင့် လည်းကောင်း၊ အစိုးရအဖွဲ့ ပြုတ်ကျလျှင် အကူအညီအားလုံး ဖြတ်တောက် ပစ်ရမည်ဟု ခြိမ်းခြောက်၍ လည်းကောင်း တားဆီးခဲ့သည်။

သို့ရာတွင် အစိုးရဘက်တော်သားများ၏ သံသယရှိသော လက်ဝဲဝါဒီများကို လုပ်ကြံသတ်ဖြတ် နေမှုများကိုမူ မတားဆီးနိုင်ခဲ့ပေ။ လုပ်ကြံ သတ်ဖြတ် ခံရသူများတွင် ခရစ်ယာန် ဒီမိုကရက်ပါတီခေါင်းဆောင် မာရီယိုဇမ်မိုရာ ပါဝင်သည်။ ထိုအကြောင်းကြောင့် ပါတီတွင်း သဘောကွဲလွဲမှုဖြစ်ပွားကာ အာဏာသိမ်းအစိုးရအဖွဲဝင်တဦးဖြစ်သူ ဟက်တာဒါဒါသည် အစိုးရအဖွဲမှ နုတ်ထွက်ပြီး၊ ပါတီမှ လည်းနုတ်ထွက်သွားခဲ့လေသည်။

လယ်ယာမြေ ပြန်လည်ပြုပြင်ရေးဥပဒေကို ထုတ်ပြန်ခဲ့၏။ ယင်းဥပဒေအရ နိုင်ငံလယ်မြေအားလုံး၏ လေးပုံတပုံ အကျိုးရှိမည်ဖြစ်သည်။ သို့ရာတွင် ကော်ဖီစိုက်ခင်း အများဆုံးပါဝင်သည့်ဟက်တာ ၁,၂၀၀ ခန့်မှာမူ လွတ်နေခဲ့သည်။ ဘဏ်များကိုလည်း နိုင်ငံပိုင် ပြုလုပ်ခဲ့သည်။

ခရစ်ယာန် ဒီမိုကရက်ပါတီ၏ အထင်ရှားဆုံး ခေါင်းဆောင်ဖြစ်သူ ဂျိုး စ နပိုလီယံဒွာတီကို အာဏာသိမ်းအစိုးရအဖွဲ့၏ နုတ်ထွက်သွားသော ဟက်တာဒါဒါနေရာတွင် အစားထိုး ခန့်အပ်ခဲ့သည်။ မတ်လ ၂၄ ရက်နေ့တွင် ဘုန်းတော်ကြီးရှိမီရှိသည် လူထုစည်းဝေးပွဲသို့ တက်ရောက်နေစဉ် လုပ်ကြံခံခဲ့ရလေသည်။

အယ်ဆာမေဒို လူငယ်ခြေလျင်တပ်သားကလေးများ စစ်မထွက်မီတွေ့ရပုံ



အကျယ်အဝန်း။	။	ဂ,၂၆၀ စတုရန်းမိုင်
လူဦးရေ။	။	၄,၂၅၀,၀၀၀ (၁၉၇၀)
မြို့တော်။	။	ဆန်ဆေ ဗာဒိုမြို့

မတ်လ ၂၆ ရက်နေ့တွင် ထိပ်တန်းခရစ်ယာန် ဒီမိုကရက် ပါတီ ခေါင်းဆောင် သုံးဦး အစိုးရ အဖွဲ့မှ နုတ်ထွက်ကာ ပြည်ပသို့ထွက်သွားခဲ့သည်။ ခရစ်ယာန် ဒီမိုကရက်ပါတီဝင် အမြောက်အများမှာ တော်လှန်ရေး ဒီမိုကရက်တပ်ဦးနှင့် ပူးပေါင်းသွားကြသည်။ယင်းပါတီမှာ အဓိက အတိုက်အခံ လက်ဝဲပါတီကြီးတရပ်ဖြစ်ပြီး အာဏာသိမ်း အစိုးရအဖွဲ့ ဝင်ဟောင်းများဖြစ်သော ဂိုလာမိုအန်ဂိုနှင့် ဟက်တာဒါဒါ တို့က ထောက်ခံကူညီ နေခဲ့သည်။ ပြောက်ကျား အုပ်စု အသီးသီးတို့ကလည်း မိမိတို့ ဆန့်ကျင်ရေး အင်အားစု အချင်းချင်း စည်းရုံး၍ ညှိနှိုင်းတပ်ဦးဖွဲ့စည်းကာ အစိုး ရဖြုတ်ချရေး ကြိုးပမ်းမှုကို ပိုမိုတိုးမြှင့် လုပ်ဆောင်မည်ဟု ကြေငြာခဲ့လေသည်။

ဆန္ဒပြမှုများ၊ သံရုံးစီးနင်း သိမ်းပိုက်မှုများ စသည့် ပြည်တွင်းဆူပူမှုများကြောင့် နိုင်ငံစီးပွားရေး ကျဆင်းခဲ့ သော်လည်း အစိုးရအဖွဲ့မှာမူ အမေရိကန် ပြည်ထောင်စု၏ ဆက်လက်ကူညီ ထောက်ပံ့မှုဖြင့် တည်မြဲနေဆဲ ဖြစ်သည်။ မေလအတွင်း၌ လက်ယာအဖွဲ့အစည်းမှ အာဏာသိမ်းရန် ထပ်မံကြံစည်ခဲ့သော်လည်း အမေရိကန်နိုင်ငံခြားရေးဌာန မှ ကြိုတင်ကာကွယ်ရန် အကူအညီများ ပေးအပ်ခဲ့သည်။ ထို့ကြောင့် အမေရိကန်သံရုံးကို လက်ယာဝါဒီများက ဝင် ရောက်တိုက်ခိုက်ခဲ့ကြသည်။အမေရိကန်ပြည်ထောင်စုသည် အစီအစဉ်သစ်အရ စုစုပေါင်း ဒေါ်လာသန်း ၉၀ တန်ဖိုးရှိ စီးပွားရေးနှင့် စစ်ရေးအကူအညီ များကို အယ်ဆာဗေဒို အစိုးရသို့ပေးအပ်ခဲ့သည်။

၁၉၈၀ ပြည့် ဇန္နဝါရီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အယ်ဆာဗေဒို ပြည်တွင်းစစ်ပွဲတွင် အစိုးရ လုံခြုံရေးတပ်ဖွဲ့နှင့် လက်ယာ ပါလီမန်အုပ်စုတို့၏ သတ်ဖြတ် ခြင်း ခံခဲ့ရသူပေါင်း ၅,၃၀၃ ဦး ရှိပြီး ၂၁၁ ဦး ပျောက်ဆုံး နေလေသည်။

၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းတွင် အာဏာသိမ်း အစိုးရ အဖွဲ့ဝင် တဦးဖြစ်သူ ကာနယ် အဒေါဖိုမက်ဂျနီသည် အစိုးရအဖွဲ့မှ ထုတ်ပယ်ခြင်းခံရသည်။

သြစတြေးလျနိုင်ငံ။ ။၁၉၈၀ ပြည့်နှစ် အောက်တို ဘာလတွင်ကျင်းပသည့် သြစတြေးလျနိုင်ငံ ပြည်ထောင်စု ရွေးကောက်ပွဲ၌ မဲလ်ကွန်ဖရေင့ဦးဆောင်သည့် လစ်ဗရယ် နှင့် အမျိုးသားနိုင်ငံ ညွှန်ပေါင်းပါတီက ဂေါက်ဝုစ်လန် ဦး ဆောင်သည့် လေဘာပါတီကို အနိုင်ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်ရွေးကောက်ပွဲ ကျင်းပစဉ်ကလည်း ဖရေင့်၏ ညွှန် ပေါင်းပါတီကပင် အနိုင်ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ရွေး ကောက်ပွဲတွင် စာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီး တိုနီ

အကျယ်အဝန်း။	။	၂,၉၆၂,၉၀၉ စတုရန်းမိုင်
လူဦးရေ။	။	၁၄,၆၀၀,၀၀၀ (၁၉၈၀)
မြို့တော်။	။	ကင်ဗာရာမြို့

စတင်လိကလွဲ၍ ဖရေင့်၏ ဝန်ကြီးအဖွဲ့ဝင်အားလုံးကိုပင် သြစတြေးလျနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

သြစတြေးလျနိုင်ငံသည် ၁၉၇၀ ပြည့်နှစ်တွင် ကာကွယ် ရေးစရိတ်ကို ဒေါ်လာသန်းပေါင်း ၃,၅၀၀ သတ်မှတ်ခဲ့ရာ ၁၉၇၉ ခုနှစ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် သတ်မှတ်ထား ခဲ့သည့် ကာကွယ်ရေးစရိတ်ထက် ခုနစ်ရာခိုင်နှုန်း ပိုမိုများ ပြားလေသည်။ကမ္ဘာ့နိုင်ငံတကာအခြေအနေများ တဖြည်း ဖြည်း ဆိုးရွားလာခြင်း၊ အထူးသဖြင့် အာဖဂန်စတန်နိုင်ငံ တွင်းသို့ ဆိုဗီယက်တပ်များက ဝင်ရောက် စွက်ဖက်ခြင်း၊ ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသ နိုင်ငံရေး အခြေအနေများ ဆက်လက်တင်းမာနေခြင်း၊ အရှေ့တောင် အာရှဒေသရှိ ကမ်းပူးချားနိုင်ငံတွင် ဗီယက်နမ်တပ်များ ဝင်ရောက်ခဲ့ခြင်း စသည်တို့ကြောင့် ကာကွယ်ရေးစရိတ် တိုးမြှင့်သတ်မှတ်ရ ခြင်းဖြစ်သည်ဟု သြစတြေးလျ နိုင်ငံအစိုးရအဖွဲ့က ကြေငြာ ခဲ့လေသည်။

သြစတြေးလျနိုင်ငံရှိ သက်တမ်း ကုန်ဆုံးနေပြီဖြစ်သော အိပ်ချ အမ်အေအက်မဲလ်ဘုန်း အမည်ရှိ သြစတြေးလျ နိုင်ငံ ရေတပ်မတော်မှ လေယာဉ်တင် သင်္ဘောကြီးနေရာ တွင် လေယာဉ်တင်စစ်သင်္ဘောသစ်တစင်းဖြင့် အစားထိုး ရန် အစိုးရက ဆောင်ရွက်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် စက်တင်ဘာလတွင် သြစတြေးလျ ဝန်ကြီးချုပ် ဖရေင့်သည် အိန္ဒိယနိုင်ငံ နယူးဒေလီတွင်



ကျင်းပသည့် ဓနသဟာယနိုင်ငံအဖွဲဝင်အစိုးရခေါင်းဆောင်များ၏ဒေသဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့သည်။ ယင်းနောက် သြစတြေးလျနိုင်ငံ၌ ဒေသဆိုင်ရာ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် သြစတြေးလျနိုင်ငံသည် စက်ဝပ္ပန္ဒာမလေးရှားနိုင်ငံတို့မှကာကွယ်ရေးနှင့်နိုင်ငံခြားရေးဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးကြပြီး သြစတြေးလျပိုင်နက်အတွင်းတွင် စက်ဝပ္ပ တပ်မတော်သည် စစ်ရေးလေ့ကျင့်ခွင့်ရခဲ့သည်။ နယူးဆောက်ဝေးဒေသရှိ နော်ရာရေတပ်ပိုင် လေတပ်စခန်းတွင် စက်ဝပ္ပ တပ်မတော်ပိုင် စကိုင်းဟော့ လေတပ်ဖြန့်ထားခွင့်လည်းရခဲ့သည်။

ကမ်းပူးချားနိုင်ငံမှ ပိုပေါ့အစိုးရနှင့် သံတမန် ဆက်ဆံရေးရုပ်သိမ်းရန် အင်ဒရူးပီးကော့၏ အကြံပြုချက်ကို ဝန်ကြီးချုပ်ဖရေဇာက ဆန့်ကျင်ခဲ့သည်။ အစိုးရကက်ဘိနက်အဖွဲတွင် ပီးကော့၏ အကြံပေးချက်ကို အကြိတ်အနယ် ဆွေးနွေးခဲ့ကြသည်။ ပီးကော့ ရုံးနိမ့်သွား၍ နုတ်ထွက်စာတင်ခဲ့သည်။ တချိန်တည်းမှာပင် သြစတြေးလျနိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ အကူအညီ အထောက်အပံ့ပေးခြင်းကို ရပ်ဆိုင်းလိုက်သည်။ အာဖဂန်စတန်ပြဿနာနှင့် ဆက်နွယ်၍ ဆိုဗီယက်ပြည်ထောင်စုနှင့်ယဉ်ကျေးမှုနှင့် သိပ္ပံပညာနှိုးနှောဖလှယ်မှုများ ရပ်ဆိုင်းခဲ့လေသည်။

၁၉၈၀–၈၁ ခု ဘဏ္ဍာရေးနှစ်တွင် သြစတြေးလျ ရသုံးခန့်မှန်းခြေငွေစာရင်းကို ၁၃ ဒသမ ၇ ရာခိုင်နှုန်း တိုးသုံးစွဲရန် ကြေငြာထားသည်။ ၁၉၇၅ ခုနှစ် ဖရေဇာအာဏာရချိန်မှစ၍ အမြင့်မားဆုံးပမာဏဖြစ်ပြီး ၁၉၇၉–၈၀ ပြည့်နှစ် ရသုံးခန့်မှန်းခြေငွေစာရင်းထက် ၂ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုများသည်။ ၁၉၈၀–၈၁ ခုနှစ် ပြည်တွင်းအသားတင် ထုတ်လုပ်မှု ၂၆ ဒသမ ၇ ရာခိုင်နှုန်း တိုးမည်ဟု ဖြစ်ရာ ၁၀ နှစ်အတွင်း အမြင့်ဆုံးစံချိန်ဖြစ်လေသည်။

၁၉၇၉–၈၀ ပြည့်နှစ်အတွင်း ပြည်ပမှ သွင်းကုန်တန်ဖိုးသည် ၁၇ ရာခိုင်နှုန်း တိုးခဲ့သည်။ သွင်းကုန်စျေးနှုန်းမြင့်ခြင်း၊ အထူးသဖြင့် ရေနံစျေးနှုန်း မြင့်သည့်အတွက် ပြည်ပသွင်းကုန်တန်ဖိုးတိုးခဲ့ရလေသည်။

တရားဝင်စာရင်းများအရ သြစတြေးလျနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေ ၆ ဒသမ ၁ ရာခိုင်နှုန်းသို့မဟုတ် လူပေါင်း ၆၀၀,၀၀၀ ရှိသည်။ ယင်းတို့သည် လူမှုဖူလုံရေးအဖွဲ့ကိုသာတိုက်ရိုက် အားကိုးမှီခိုနေရသည့် အခြေအနေတွင် ရှိနေလေသည်။

သြစတြေးလျနိုင်ငံရှိ အလုပ်လက်မဲ့ဦးရေ စုစုပေါင်း၏ ထက်ဝက်ခန့်သည် သြစတြေးလျ တိုင်းရင်းသားများ ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ သြစတြေးလျတိုင်းရင်းသား ၂၅ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြလေသည်။

အိုဘိုတေ, မီလတန် (ခရစ် ၁၉၂၄)။ ။အာဖရိကတိုက် အရှေ့ပိုင်းတွင်တည်ရှိသော ယူဂန်းဒါးနိုင်ငံ၏ သမ္မတဖြစ်သူ မီလတန်အိုဘိုတေကို ၁၉၂၄ ခုနှစ်တွင် မွေးဖွားသည်။



ယူဂန်းဒါးသမ္မတ မီလတန်အိုဘိုတေ

အိုဘိုတေသည်အာဖရိကတိုက်မှ နာမည်ကျော် အမျိုးသားခေါင်းဆောင်တဦးလည်းဖြစ်သည်။ ကင်ညာနိုင်ငံအာဖရိကလူမျိုးများသမဂ္ဂနှင့် ယူဂန်းဒါးနိုင်ငံ အမျိုးသားအဖွဲ့ချုပ်ခေါင်းဆောင်ဖြစ်သည်။

၁၉၅၀ - ၁၉၅၅ ခုနှစ်အထိ ကင်ညာနိုင်ငံ၌ နေထိုင်ကာ ကာယလုပ်သားအဖြစ်လည်းကောင်း၊ ဥာဏလုပ်သားအဖြစ်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။

၁၉၅၇ ခုနှစ်တွင် ယူဂန်းဒါးနိုင်ငံလွတ်တော် ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရသည်။ ၁၉၆၁ - ၁၉၆၂ ခုနှစ်တွင် အစိုးရ အတိုက်အခံပါတီများ၏ ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ၁၉၆၂ - ၁၉၆၆ ခုနှစ်တွင် ယူဂန်းဒါး နိုင်ငံဝန်ကြီးချုပ်အဖြစ် လည်းကောင်း၊ ၁၉၆၆ - ၁၉၇၁ ခုနှစ်တွင်ယူဂန်းဒါးနိုင်ငံသမ္မတအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ယူဂန်းဒါးနိုင်ငံ၏ အစိုးရ အာဏာများကို အိုင်ဒီအာမင်က သိမ်းယူလိုက်သောအခါ အိုဘိုတေသည် တန်ဇာနီးယားနိုင်ငံတွင်းသို့ ဝင်ရောက်၍ နိုင်ငံရေး ခိုလှုံခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် သမ္မတအိုင်ဒီအာမင်ထံမှ သမ္မတ ဂေါဖရေဘီနေဆာက သမ္မတအာဏာများကို သိမ်းယူခဲ့ပြန်သည်။ သို့သော် နိုင်ငံရေးမတည်ငြိမ်မှုနှင့် အိမ်နီးချင်း နိုင်ငံများ၏ ကျူးကျော်ဝင်ရောက်တိုက်ခိုက်နိုင်မှုများကြောင့်ယူဂန်းဒါးနိုင်ငံသားများက တန်ဇာနီးယားနိုင်ငံ၌နိုင်ငံရေး ခိုလှုံနေသူ အိုဘိုတေအား ပြန်လည်ခေါ်ယူ၍ ယူဂန်းဒါးနိုင်ငံ သမ္မတအဖြစ် ပြန်လည်တင်မြှောက်ခဲ့လေသည်။

အိုဝင်, ဂျက်ဆီ (ခရစ် ၁၉၁၃ – ၁၉၈၀)။ ။၁၉၃၆ ခုနှစ် ကမ္ဘာ့အိုလင်းပစ်အားကစားပွဲတွင် ရွှေတံဆိပ်ဆုလေးခုကို တဦးတည်း ဆွတ်ခူးနိုင်ခြင်းဖြင့် ကမ္ဘာ့အားကစားလောက၌ သမိုင်းမှတ်တိုင် ထူထောင်နိုင်ခဲ့သူဂျက်ဆီအိုဝင်ကို အမေရိကန်ပြည်ထောင်စု အလာဗားမားပြည်နယ်တွင် ၁၉၁၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်၌ မွေးဖွားသည်။

ဂျက်ဆီအိုဝင်၏အဘိုးမှာ ကျွန်ဖြစ်ပြီး ဖခင်မှာ လယ်ကူလီဖြစ်သည်။ မိသားစုကမျှားပြီး ဝင်ငွေက နည်းသည်။ ထို့ကြောင့် ဂျက်ဆီအိုဝင်မိသားစုသည် စီးပွားရေးကျပ်တည်းလာသည်။

စီးပွားရေးကျပ်တည်းသဖြင့် ဂျက်ဆီအိုဝင်တို့ မိသားစုသည် အိုဟိုင်ယိုပြည်နယ် ကလီဗလန်းမြို့သို့ ရွှေပြောင်းလာခဲ့ကြသည်။ ဂျက်ဆီအိုဝင်သည် ကျောင်းအားချိန်၌ ဖိနပ်တိုက်လုပ်ငန်းဖြင့် ဝင်ငွေရှာခဲ့ရသည်။

ကျောင်းပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဂျက်ဆီအိုဝင်အစွမ်းပြနိုင်ခဲ့သည်။ ထို့ကြောင့် ကျောင်းအားကစားနည်းပြဆရာက ဂျက်ဆီကိုအပြင်းအထန် အားကစားလေ့ကျင့်လေသည်။ သို့ဖြင့် ၁၉၃၁ ခုနှစ် အမေရိကန် ကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ၏ ကိုက် ၁၀၀ ပြေးပွဲတွင် ဂျက်ဆီသည် ကမ္ဘာစံချိန်နှင့်အညီ ပြေးနိုင်သည်အထိ အစွမ်းပြခဲ့သည်။

ထို့နောက် ဂျက်ဆီသည် အိုဟိုင်ယိုတက္ကသိုလ်သို့ ပညာတက်ရောက်သင်ကြားရာ ၁၉၃၅ ခုနှစ် ကောလိပ်ပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်သုံးခုချိုးပြီး ပွဲစဉ်တရပ်၌ ကမ္ဘာ့စံချိန်နှင့်အညီ ဖြစ်ခဲ့သည်။

ထို့ကြောင့် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသော ၁၉၃၆ ခုနှစ် ၁၁ ကြိမ်မြောက် ကမ္ဘာ့အိုလင်းပစ်အားကစားပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် အမေရိကန်ပြေးခုန်ပစ် အဖွဲဝင်အဖြစ် ဂျက်ဆီအရွေးခံရသည်။

အိုလင်းပစ်အားကစားပွဲသည် နိုင်ငံတကာအားကစားပွဲများအနက် အကြီးအကျယ်ဆုံးဖြစ်သကဲ့သို့ အိုလင်းပစ်ရွှေတံဆိပ်ဆုသည်လည်း အားကစား ဆုတံဆိပ်များအနက် ဂုဏ်အရှိဆုံးဆုတံဆိပ်ဖြစ်သည်။

အိုလင်းပစ်အားကစားပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့် ရနိုင်ရန် အတွက် ပြည်တွင်း၌ အဆင့်ဆင့်ယှဉ်ပြိုင်ပြီးမှ စကာတင်ရွေးချယ်ခြင်းဖြစ်သည်။ ထို့ပြင် အိုလင်းပစ် အားကစားပွဲတွင် နိုင်ငံတကာမှအကျော်အမော်များနှင့် ယှဉ်ပြိုင်ရခြင်းကြောင့် ရွှေတံဆိပ်ဆုရရန်မှာ ပိုခက်ခဲလှသည်။ ရွှေတံဆိပ်တခုမဟုတ်ပဲ လေးခု တပြိုင်နက်ရရန်မှာ မမှန်းဆနိုင်လောက်သော အံ့ဖွယ်ထူးကိစ္စပင်ဖြစ်သည်။ သို့သော် ဤကဲ့သို့သော အံ့ဖွယ်ထူးကိစ္စကို ဂျက်ဆီက စွမ်းဆောင်နိုင်ခဲ့လေသည်။

ဂျက်ဆီသည် မိတာ ၁၀၀ ပြေးပွဲတွင် စံချိန် ၁၀.၁သ



၁၉၃၆ ခုနှစ်ဘာလင် ကမ္ဘာ့အိုလင်းပစ်တွင် ရွှေတံဆိပ်ဆု လေးခုဆွတ်ခူးခဲ့သူ ဂျက်ဆီအိုဝင်

မ ၃ စက္ကန့်၊ မိတာ ၂၀၀ ပြေးပွဲတွင် ၂၀ ဒသမ ၇ စက္ကန့် တာဝေးခုန်တွင် ၂၆ ပေ ၅$\frac{3}{4}$ လက်မဖြင့် ရွှေတံဆိပ်များရပြီး မိတာ ၄၀၀ လက်ဆင့်ကမ်းပြေးပွဲတွင်လည်း ဂျက်ဆီပါဝင်သော အမေရိကန်အဖွဲက စံချိန် ၄၀ စက္ကန့်ဖြင့် ရွှေတံဆိပ်ရရာ ဂျက်ဆီတဦးတည်း ရွှေတံဆိပ်စုစုပေါင်း လေးခုဆွတ်ခူးနိုင်ခဲ့ပေသည်။ ဂျက်ဆီ၏မိတာ ၁၀၀ အပြေးစံချိန်သည် ယင်းခေတ် အိုလင်းပစ်စံချိန်နှင့် အညီဖြစ်ပြီး ကျန်စံချိန်သုံးခုစလုံးသည် စံချိန်သစ်များ ဖြစ်လေသည်။

၁၉၃၆ ခုနှစ် အိုလင်းပစ်အားကစားပွဲကို ဂျာမနီအာဏာရှင် ဟစ်တလာက နိုင်ငံရေးဝါဒဖြန့်ချိရေးပွဲအဖြစ် အသုံးချကာ အောင်နိုင်သူဂျက်ဆီအိုဝင်ကိုလည်း လူမည်းဖြစ်ခြင်းကြောင့် လက်ဆွဲနှုတ်ဆက်ရန် ငြင်းဆန်ခဲ့သည်။ သို့သော်အားကစားစိတ်ဓာတ်သည် နိုင်ငံရေးနှင့် စစ်ရေးအတားအဆီးများကိုကျော်လွှားကာ ချစ်ကြည်မှုနှင့် အောင်မြင်မှုကို ဖော်ဆောင်နိုင်သည်ဆိုသည့် အိုလင်းပစ်စိတ်ဓာတ်ကို ဂျက်ဆီအိုဝင်က ပြသနိုင်ခဲ့လေသည်။

ဘာလင်အိုလင်းပစ်ပွဲအပြီးတွင် အားကစား၌ အောင်မြင်မှုရသော်လည်း ဂျက်ဆီသည် စီးပွားရေးအရပြေလည်ခြင်းမရှိလှပေ။ ထို့ကြောင့် အားကစားကွင်းသန့်ရှင်းရေးအလုပ်သမားအဖြစ် အသက်မွေးဝမ်းကျောင်း ပြုရသည်။ ထို့ပြင် မြင်းနှင့်အပြေးပြိုင်ခြင်း၊ ခွေးနှင့် အပြေးပြိုင်ခြင်းစသည်ဖြင့် အပြေးစွမ်းရည်ပြကာ စီးပွားရှာခဲ့ရလေသည်။

ပင်ကိုယ်က အရွက်အကြောက်ကြီးပြီး စကားထစ်တတ်သော ဂျက်ဆီသည် အိုဟိုင်ယိုတက္ကသိုလ်တွင် စကားပြောသင်တန်းတက်ရောက်သင်ကြားရာ နောက်ပိုင်းတွင်အဟောအပြောကောင်းလာသည်။

အဟောအပြောကောင်းသော ဂျက်ဆီအိုဝင်သည် အလှူငွေများအတွက် လှည့်လည်ဟောပြောခြင်း၊ အိုလင်းပစ်လှူပ်ရှားမှုအတွက် လှည့်လည် စည်းရုံးခြင်း စသည်ဖြင့် တနှစ်အတွင်း မိုင်ပေါင်း ၂၀၀,၀၀၀ ခရီးသွားကာ ဝင်ငွေ ဒေါ်လာ ၁၀၀,၀၀၀ အထိ ရှာကြံနိုင်ခဲ့သည်။

၁၉၆၀ ဆယ်စုနှစ်အတွင်း၌ လူဖြူဆန့်ကျင်ရေး လူမည်းအားကစားသမားများကို ဖျောင်းဖျရန်အတွက် အမေရိကန်အိုလင်းပစ်အာဏာပိုင်များက ဂျက်ဆီအိုဝင်ကို အသုံးချခဲ့ကြသည်။ ၁၉၆၈ ခုနှစ် အိုလင်းပစ် အားကစားပွဲကို လူမည်း အားကစားသမားအချို့က သပိတ်မှောက်ရန် လှုံ့ဆော်သောအခါ သပိတ်မမှောက်ရေးဘက်မှ ဂျက်ဆီက ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် လူဖြူဆန့်ကျင်ရေးလူမည်းအချို့က ဂျက်ဆီအား လူဖြူများ ဘက်တော်သား၊ လူဖြူတို့၏ အသုံးတော်ခံအဖြစ် စွပ်စွဲပြစ်တင်ခဲ့ကြလေသည်။

ဤကဲ့သို့ ဂျက်ဆီအိုဝင်၏ဘဝတွင် အဆိုးနှင့်အကောင်းကျေနပ်သူနှင့်မကျေနပ်သူဟူ၍ အမျိုးမျိုး ရှိခဲ့သော်လည်း သူ၏အားကစားစွမ်းရည်ကိုမူ မည်သူမျှ အငြင်းမပွားနိုင်ပဲ အားလုံးက တညီတညွတ်တည်း အသိအမှတ်ပြုထားကြသည်။ ပြိုင်ပွဲကာလ ၄၅ မိနစ်အတွင်း၌ ကမ္ဘာ့စံချိန်သုံးခုချိုးကာ တခုတွင် ကမ္ဘာ့စံချိန်နှင့်အညီ ပြေးနိုင်ခြင်းနှင့် ဂျက်ဆီအိုဝင်၏ စံချိန်များသည် နှစ်ပေါင်း ၂၅ ကြာမျှအထိ တည်မြဲနေနိုင်ခြင်းကဂျက်ဆီ၏ပြိုင်ဘက်ကင်းသောအားကစားစွမ်းရည်ကို ထင်ဟပ်ပြနိုင်ခဲ့ခြင်းဖြစ်သည်။

အမြဲ ပြုံးရွှင်နေပြီး လူတိုင်းကိုအလွယ်တကူခင်မင်တတ်သောဂျက်ဆီသည် ၃၅ နှစ်တိုင်တိုင် တနေ့လျှင်စီးကရက် တဗူးသောက်လေ့ရှိသည်။ ၁၉၈၀ ပြည့်နှစ် မတ်လ ၃၁ ရက်တွင် ကွယ်လွန်သည်။

အိုဟီရာ, မာဆာယိုရှီ (ခရစ် ၁၉၁၀–၁၉၈၀)။ ။ ဂျပန်ဝန်ကြီးချုပ်အိုဟီရာသည် ၁၉၁၀ ပြည့်နှစ်တွင် တိုယိုဟာမာဆိုမြို့၌ မွေးဖွားခဲ့သည်။ တိုကျို ကူးသန်း ရောင်းဝယ်ရေးကောလိပ်မှ ၁၉၃၆ ခုနှစ်တွင် ဘွဲ့ရသည်။ ၁၉၅၂ ခုနှစ်မှ စတင်ပြိုးနိုင်ငံရေး နယ်ထဲသို့ ဝင်ရောက်လာသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဗျူရိုညွှန်ကြားရေးမှူးအဖြစ်ဖြင့် စီးပွားရေးရာတို့ကို အောင်မြင်တိုးတက်လာစေရန် ဆောင်ရွက်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် ဇူလိုင်လမှ ၁၉၆၂ ခုနှစ် ဇူလိုင်လအထိ ဝန်ကြီးချုပ် အီကေဒါအစိုးရအဖွဲ့တွင် အတွင်းဝန်ချုပ်အဖြစ်လည်းကောင်း၊ ၁၉၆၂ ခု ဇူလိုင်လမှ ၁၉၆၄ ခုနှစ် ဇူလိုင်လအထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီး ဖြစ်ခဲ့ပြီးနောက် ၁၉၇၂ ခုနှစ်တွင် နောက်တကြိမ် နိုင်ငံခြားရေးဝန်ကြီးရာထူးကိုရခဲ့သည်။ ဝန်ကြီးချုပ် တာနာကာနှင့်အတူ ပီကင်းမြို့သို့ သွား ရောက်ခဲ့ပြီး တရုတ် ဂျပန်ပုံမှန်ဆက်ဆံရေးရရန်ကြိုးစားခဲ့သည်။

နှစ် နှစခန့် ကြာသော် ဝန်ကြီးချုပ်တာနာကာသည် လော့ဟီလာဘ်စားမှုနှင့် ပတ်သက်၍ ရာထူးမှထွက်ရသည်။ ထိုအခါ အိုဟီရာသည် လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။ ထိုနောက် ပါတီရွေးကောက်ပွဲတွင် အနိုင်ရသဖြင့် ပါတီဥက္ကဋ္ဌ ဖြစ်လာသည်။ ထိုစဉ်ပါတီ ဥက္ကဋ္ဌဟောင်းဝန်ကြီးချုပ် ဖူကူဒါသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်သဖြင့် အိုဟီရာသည် ဂျပန်ဝန်ကြီးချုပ်ရာထူးကို ဆက်ခံခဲ့ရသည်။ ၁၉၇၀ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှစတင်ပြီး ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

ဝန်ကြီးချုပ် ရာထူး သက်တမ်း ၁၇ လအတွင်း လစ်ဗရယ် ဒီမိုကရက်တစ် ပါတီတွင်း အာဏာပြိုင်ဆိုင်မှုများပေါ် ပေါက်လာသည်။ မေလအတွင်းက အိုဟီရာသည် ဂျပန်ပါလီမန်တွင် အရေးနိမ့်ခဲ့သည်။ ထို့ကြောင့် ၁၉၇၀ ပြည့်နှစ် ဇွန်လ ၂၂ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ပြန်လည် လုပ်ဆောင်မည်ဟုကြေငြာခဲ့ရသည်။

ဂျပန်ဝန်ကြီးချုပ် အိုဟီရာသည် ၁၉၇၀ ပြည့်နှစ် ဇွန်လတွင် ဂျပန်နိုင်ငံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။ ဇနီးသည် ရှိဂျိကိုနှင့် သားနှစ်ယောက်ကျန်သည်။

အင်ကိုမို, ဂျိုရှဝါ (ဇင်ဗာဗွေနိုင်ငံ—ရှု။)

အစ္စရေးနိုင်ငံ။ ။အရှေ့အလယ်ပိုင်းဒေသရှိ အစ္စရေးနိုင်ငံရှိလူအများစုမှာဂျူးဘာသာဝင်များဖြစ်ပြီးအစ္စလာမ်ဘာသာဝင် ၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် ခရစ်ယာန် ဘာသာဝင် ၁ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။

အစ္စရေးနိုင်ငံသည် ပါတီစုံနိုင်ငံရေးစနစ်ကို ကျင့်သုံးသော ပါလီမန်ဒီမိုကရေစီနိုင်ငံဖြစ်သည်။ လွှတ်တော်တွင် အမတ်ဦးရေ ၁၂၀ ရှိပြီး လွှတ်တော်အမတ်များကို လေး



နှစ်တကြိမ်ရွေးကောက်တင်မြှောက်သည်။ အရွယ်ရောက်သူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ သမ္မတကို လွှတ်တော်က ရွေးကောက်တင်မြှောက်ရသည်။ သမ္မတသက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ လက်ရှိသမ္မတမှာ ၁၉၇၈ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသော ယင်ဇက်နာဗွန်ဖြစ်ပြီး ဝန်ကြီးချုပ်မှာ ၁၉၇၇ ခုနှစ် ဇွန်လ ၂၁ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိသော မီနာချင် ဗယ်ဂင် ဖြစ်သည်။

အကျယ်အဝန်း။	။၇,၉၉၂ စတုရန်းမိုင်
လူဦးရေ။	။၃,၇၃၀,၀၀၀ (၁၉၈၀)
မြို့တော်။	။ယေရုရှလင်မြို့

အစ္စရေးနိုင်ငံတွင် အဓိကနိုင်ငံရေးပါတီ ခုနစ်ခုရှိပြီး ယင်းတို့အနက် အင်အားအကောင်းဆုံးပါတီများမှာ လက်ရှိအာဏာရ လေကွတ်ပါတီ၊ လေဘာပါတီနှင့် ညီညွတ်သော အလုပ်သမားပါတီတို့ဖြစ်သည်။ လေကွတ်ပါတီသည် လွှတ်တော်တွင် အမတ် ၄၃ နေရာရှိပြီး လေဘာပါတီနှင့် ညီညွတ်သောအလုပ်သမားပါတီ နှစ်ရပ်ပေါင်း အမတ်နေရာ ၃၂ နေရာရှိသည်။ ဝန်ကြီးချုပ် မီနာချင်ဗယ်ဂင်၏လက်ရှိ အစိုးရမှာ လေကွတ်ပါတီဦးဆောင်သော ညွှန့်ပေါင်းအစိုးရဖြစ်သည်။

အစ္စရေးနိုင်ငံတွင် စစ်မှုမထမ်းမနေရ ဥပဒေအရ အမျိုးသား ၁၆ လနှင့် အမျိုးသမီး ၂၄ လ စစ်မှုထမ်းကြရသည်။ ကြည်း၊ရေ၊လေ အမြဲတမ်းတပ် အင်အားစုစုပေါင်း ၁၆၅,၆၀၀ ရှိပြီး လိုအပ်ပါက စစ်ရေး လေ့ကျင့်ပြီးသူပေါင်း လေးသိန်းကို ၂၄ နာရီအတွင်း ခေါ်ယူ စုစည်းနိုင်သည်။ ၁၉၇၉ ခုနှစ်တွင် ကာကွယ်ရေး စရိတ်အတွက် ဒေါ်လာ ၁ ဒသမ ၆၂ ဘီလီယံ(၁,၆၂၀ သန်း)သုံးစွဲခဲ့သည်။

အစ္စရေးနိုင်ငံသည် ကမ္ဘာပေါ်တွင် ငွေဖောင်းပွမှုနှုန်း အမြင့်မားဆုံးနိုင်ငံ ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်အတွင်း ငွေဖောင်းပွမှုရာခိုင်နှုန်း ၁၅၀ အထိရှိခဲ့သည်။ အစ္စရေးနိုင်ငံဗဟိုစာရင်းရုံးမှထုတ်ပြန်ချက်အရ ၁၂ လအတွင်း စားကုန်ပစ္စည်းတန်ဖိုး ၁၈၀ ဒသမ ၇ ရာခိုင်နှုန်းအထိ ဈေးကြီးမြင့်ခဲ့ပြီး နို့နှင့်နို့ထွက်ပစ္စည်းများမှာ ရာခိုင်နှုန်း ၃၀၀ အထိ ဈေးတက်ခဲ့သည်။ဓာတ်ဆီဈေးမှာလည်းနှစ်ဆတိုးခဲ့သည်။

အစ္စရေးနိုင်ငံသည် အီဂျစ်နိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်ခဲ့သောကြောင့် ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလ ၂၈ ရက်နေ့မှစ၍ နှစ်နိုင်ငံတယ်လီဖုန်းဆက်သွယ်ရေးနှင့် စာပို့လုပ်ငန်းများစတင်ခွင့်ပြုခဲ့သည်။ ဖေဖွာရီလ ၁၈ ရက်နေ့တွင် အီဂျစ်နိုင်ငံသို့ ကိုင်ရိုမြို့၌ အစ္စရေးနိုင်ငံ၏ ပထမဆုံးသံရုံးကို ဖွင့်လှစ်ခဲ့သည်။ ဖေဖွာရီလ ၂၄ ရက်နေ့တွင် အစ္စရေးအစိုးရ၏ အီဂျစ်နိုင်ငံဆိုင်ရာ ပထမဆုံး သံအမတ်ကြီး အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ရောက်ရှိခဲ့ပြီး အလားတူပင် အီဂျစ်သံအမတ်ကြီးသည် အစ္စရေးနိုင်ငံ တယ်အဗစ်မြို့သို့ ရောက်ရှိလာခဲ့သည်။ ဧပြီလ ၂၀ ရက်နေ့တွင်အစ္စရေးနှင့် အီဂျစ်အပြန်အလှန် ပုံမှန်ကုန်သွယ်မှုများ ပြုလုပ်ရန် နှစ်နိုင်ငံကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့ကြသည်။

အစ္စရေး သံအမတ်ကြီးက ကုလသမဂ္ဂ အထွေထွေညီလာခံတွင် တင်သွင်းလာသော အဆိုကို အာရပ်ကိုယ်စားလှယ်တော်များက ကန့်ကွက်သောအားဖြင့် နေရာမှ ထွက်ခွာသွားကြသည်။



အစ္စရေးနိုင်ငံသည် ဂျော်ဒန်နိုင်ငံမှ သိမ်းယူထားသော အရှေ့ဂျရုဆလမ်းအပါအဝင် ဂျရုဆလမ်းတမြို့လုံးကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ရန် ကြိုးပမ်းခဲ့သည်။ ယင်းသို့ ကြိုးပမ်းမှုကို အကြောင်းပြု၍ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၂၂ ရက်နေ့တွင် ပါလက်စတိုင်ဆိုင်ရာ ကုလသမဂ္ဂ အရေးပေါ်ညီလာခံ ကျင်းပခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့တွင် ဂျရုဆလမ်းကို အစ္စရေးမြို့တော်အဖြစ် ကြေငြာခွင့် မရှိကြောင်း လုံခြုံရေးကောင်စီကဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ဂျရုဆလမ်းကို အစ္စရေး မြို့တော်အဖြစ် သတ်မှတ်ခြင်းကို ထောက်ခံသောနိုင်ငံမှန်သမျှ အာရပ်နိုင်ငံများက အဆက်အသွယ်ဖြတ်တောက်ရန် ဂျော်ဒန်နိုင်ငံမြို့တော် အမှုန်တွင် ကျင်းပသော အစ္စလာမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ ဇူလိုင်လ ၁၃ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ယင်းသို့ ဝိုင်းဝန်း ဆန့်ကျင်နေစဉ်မှာပင် အစ္စရေး လှတ်တော်သည် အရှေ့ဂျရုဆလမ်း အပါအဝင် ဂျရုဆလမ်းတမြို့လုံးကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် ကြေငြာသော ဥပဒေကြမ်းကို ဇူလိုင်လ ၃၀ ရက်နေ့တွင် ထောက်ခံမဲ ၆၉ မဲ၊ ကန့်ကွက်မဲ ၁၅ မဲ၊ ကြားနေမဲ ၃ မဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အစ္စရေးကွန်မြူနစ်ပါတီနှင့် အတိုက်အခံလေဘာပါတီတို့က ကန့်ကွက်မဲ ပေးခဲ့ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် ဂျရုဆလမ်းမြို့အား မြို့တော်အဖြစ် သတ်မှတ်ခြင်းကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခဲ့ပြီး ဂျရုဆလမ်းတွင် ထားရှိသော အစ္စရေးနိုင်ငံဆိုင်ရာသံရုံးအားလုံးကို ပြောင်းရွှေ့ ပေးရန် ဆုံးဖြတ်ခဲ့သည်။ အီဂျစ်နိုင်ငံကလည်း ကန့်ကွက်သော အနေဖြင့် ဩဂုတ်လတွင် ကျင်းပရန်ရှိသော ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းခြံ ပါလက်စတိုင်ကိုယ်ပိုင် အုပ်ချုပ်ခွင့် ပေးရေးကိစ္စ ဆိုင်ရာ နှစ်နိုင်ငံဆွေးနွေးပွဲကို ရွှေ့ဆိုင်းခဲ့လေသည်။

အစ္စရေးအစိုးရ၏ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ အစ္စရေးလှတ်တော်၌ အတိုက်အခံများက ဇွန်လ ၂ ရက်နေ့တွင် အစိုးရအပေါ် အယုံအကြည်မရှိအဆို တင်သွင်းရာ ၄၈ မဲ၊ ၅၈ မဲဖြင့် အဆိုဘက်မှ ရှုံးနိမ့်သွားခဲ့လေသည်။

အဏ္ဏဝါမျောလှေး။ ။ပင်လယ်မှရေကို ဖန်ခွက်ဖြင့် ခပ်ယူကြည့်ပါက ပထမတွင်ဖန်ခွက်၌ပါလာသော ပင်လယ်ရေသည်ကြည်လင်နေသည်ဟု ထင်ရပေမည်။ သို့သော် ပို၍ဂရုစိုက်ပြီး ပို၍နီးနီးကပ်ကပ်လေ့လာကြည့်လျှင် ယင်းရေတွင်မျောလျက်ပါဝင်နေသော အမှုန်ငယ်များကို တွေ့ရပေမည်။ (ပုံ ၁)။ ထို့အပြင် ယင်းသို့မျောနေသော အမှုန်ငယ်အချို့မှာ ရေကူးလျက်ရှိနေသည်ကိုပင် ဂရုပြုမိပေလိမ့်မည် ဖြစ်လေသည်။

ယင်းသို့ မျောလျက် ကူးလျက်ရှိသော အနည်ကဲ့သို့သော အရာများသည် အလွန်သေးငယ်သည့် သက်ရှိအပင် (အပင်မျောလှေး) များနှင့် အကောင် (အကောင်မျောလှေး) များတို့ပင်ဖြစ်ကြသည်။ ယင်းတို့မှာ အလွန်သေးငယ်ကြသဖြင့် သာမန်မျက်စိဖြင့် မသဲကွဲလှသော်လည်း ခဲ့အားကြီးသော ရှုမှန်ပြောင်းဖြင့်ကြည့်ပါက ပို၍ထင်ရှားစွာ တွေ့ရလေသည်။

စုဆောင်းခြင်း

မျောလှေးများကို စုဆောင်းရာတွင် မျောလှေးဆွဲပို့က်များဖြင့် စုဆောင်းလေ့ရှိကြသည်။ စံအကောင် မျောလှေးများစုဆောင်းရာတွင် တလက်မလျှင် ချည်မျှင်ကွက် ၃၄ ကွက်မျှပါသော ပို့က်သည်အကောင်းဆုံးဖြစ်ပြီး တလက်မလျှင် ချည်မျှင်ကွက် ၁၉၂ ကွက်အထိပါသည့် နိုင်လွန်ပို့က်သည် အပင်မျောလှေးစုဆောင်းရန် အကောင်းဆုံးပို့က်ဖြစ်လေသည်။

အစာကွင်းဆက်၏အစ အပင်မျောလှေးက

မျောလှေးတို့သည် ပင်လယ်တွင်းနေ အခြားသက်ရှိများ အသက်ဆက်နိုင်ရေးအတွက် အဓိကအခြေခံပစ္စည်းများဖြစ်သည်။ အဏ္ဏဝါတွင်းရှိငါးကြီးငယ်၊ ပုစွန်၊ ကဏန်း၊ ကမာ၊ကုန်း၊ခရု၊ဝေလငါး၊လင်းပိုင်အစရှိသည့် သတ္တဝါတို့သည် ယင်းတို့ထက်ငယ်သော အခြားသတ္တဝါ သို့မဟုတ် အပင်မျောလှေးတို့ကို စားသုံးကြ၍ အသက်ဆက်ကြရသည်။ ယင်းသို့အဆင့်ဆင့် အရွယ်အားဖြင့်ကြီးသည့် သက်ရှိက မိမိတို့ထက်ငယ်သော သက်ရှိတို့ကိုမှီဝဲ အသက်ဆက်ကြရာတွင် အကောင် မျောလှေးများသည် အရွယ်အငယ်ဆုံးအကောင်များ ဖြစ်သည်။ ယင်းအကောင် မျောလှေးများကလည်း ယင်းတို့ထက် အရွယ်အားဖြင့် ငယ်သော



မျောလှေးပို့က်ဖြင့် စုဆောင်း ရထားသော
စံမျောလှေး တို့ကို ပုလင်းတွင် ကြည့်နေပုံ ပုံ – ၁

အစာပေါရာ အလင်းရောင်ဒေသ

အပင်မျှောလှေးများ ဖွံ့ဖြိုးပေါများသည့် ဒေသမှာ သမုဒ္ဒရာ ပင်လယ်များအတွင်း အလင်းရောင်ရသည့် ဒေသများဖြစ်ကြသည်။ အပင်မျှောလှေးနှင့် ယင်းတို့အပေါ် တွင် မှီနေသော အဏ္ဏဝါတွင်းရှိ ဗက်တီးရီးယား များ သည် ဗိုက်တာမင်များကို ဖွဲ့စည်းကြသည်။ ထို့ကြောင့် ယင်းသို့သော ဝန်းကျင်သို့ အစာအလို့ငှာ အပင်စားမျှောလှေးများနှင့် အသားစား မျှောလှေးများက စုရုံးကြသည်။ ယင်းသို့မျှောလှေးနှစ်မျိုးစလုံးအပြင် အပင်နှင့် အကောင်ကြီးငယ်တို့ သေကြေပျက်စီးရာမှ ကျန်ရစ်ခဲ့သောအကြွင်းအကျန်အစအနများအပေါ် တွင် အစာအဖြစ် မှီးရသော၊ အရွယ်အားဖြင့် ပိုမို ကြီး မား ကြသော အကောင်များ ကလည်း ဤဒေသသို့ အစာအလို့ငှာ စုရုံးရောက်ရှိလာကြပြီး စားသုံးကြလေသည်။

အညွှန်းမျှောလှေ

အပင်မျှောလှေးတို့သည် ယင်းတို့အသုံးပြုရမည့် ဒြပ်စင်ဒြပ်ပေါင်းများ ပေါများရာ အလင်းရောင် ဒေသတို့တွင် စုရုံးတတ်ကြသည်။ အဏ္ဏဝါတွင်း သက်ရှိ အကောင်တို့သည်လည်း ကုန်းပေါ်နေ အကောင်တို့ကဲ့သို့ အစာကို ရှေးချယ်၍ ကြိုက်ရာကိုသာ စား သုံး လေ့ ရှိ ကြ သည်။ အကောင်မျှောလှေးတို့က ယင်းတို့ ကြိုက်နှစ်သက်သော အပင်မျှောလှေး အမျိုးအစားပေါများရာတွင် စုဝေးလာ ရောက်ပြီး ရှေးချယ်စားသောက်လေ့ရှိကြသည်။ လူတို့စိတ်ဝင်စားသောငါး (ဥပမာ–ငါးသလောက်)၊ ပုစွန်၊ ကမာ အစရှိသည့် အကောင်ကြီးမျိုးတို့သည် ယင်းတို့စားသော အစာတို့မှာ တူချင်မှတူကြပေသည်။ မော်လမြိုင်ကောလိပ် အဖွဲ့၏လေ့လာထားချက်အရ၊ (ပုံ ၂) ဥပမာအားဖြင့်ပြရလျှင် ငါးသလောက် သားလောင်းများက တိုက်ရိုက်စား



မော်လမြိုင်ကောလိပ် ရှက်ဗေဒဌာနတွင် ၁၉၆၅ ခုနှစ်မှ စ၍ အဏ္ဏဝါမျှောလှေးတို့ကို စတင်လေ့လာခဲ့သည်။ ပုံ – ၂

အပင်မျှောလှေးများကို အစာအဖြစ် မှီဝဲကြရသည်။ ထို့ကြောင့် အပင်မျှောလှေး များသည် ဖော်ပြပါ အဏ္ဏဝါတွင်း အစာကွင်းဆက်၏ကနဦးအစ ပြုရာဖြစ်ပြီး အဏ္ဏဝါသက်ရှိလောက တခုလုံး အသက်ဆက်ရေး၏ ပင်ရင်းအခြေခံစစ်စစ်လည်း ဖြစ်လေသည်။

အစာနှင့်အောက်ဆီဂျင်

သက်ရှိလောကတွင် အပင် မျှောလှေးနှင့် မှော်တို့ဦးသာ ကလိုရိုဖိုး ဒြပ်ပေါင်းများပါဝင်ကြသောကြောင့် ယင်းတို့သည် နေ၏စွမ်းအင် အကူအညီဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ရေတို့ကို အသုံးပြု၍ အစာ (ဂလူးကို့) ကို ဖွဲ့စည်းနိုင်ကြပြီး အရန်အဖြစ် အောက်ဆီဂျင်ကို ထုတ်လုပ်နိုင်ကြသည်။ ဤအလင်းမှီ စုပ္ပဲခြင်းကိစ္စ၏ ရလဒ်ဖြစ်သော အစာက သက်ဆိုင်ရာ အပင်မျှောလှေးများ အသက်ဆက်ရေး ကိစ္စ အဝဝတို့အတွက် ပြေလည်စေလေသည်။

ဤအပင်မျှောလှေးတို့၌ ပါဝင်သော ဖော်ပြပါဂလူးကို့မှ ဆင်းသက်သည့် ကာဗိုဟိုက်ဒြိတ် ပရိုတင်းအဆီနှင့် ဆီများသည် အကောင်မျှောလှေးနှင့် ယင်းထက်အရွယ်ကြီးသော ငါး၊ ပုစွန်၊ ကမာနှင့် အခြားအကောင်များ၏ အသက်ဆက်ရေးအတွက် အဓိကမရှိမဖြစ် အားထားရသည့် အစာများဖြစ်ကြသည်။ ကလိုရိုဖိုးမဲ့သဖြင့် အလင်းမှီ အစာစုပ္ပဲခြင်း မပြုလုပ်နိုင်သော အကောင်မျှောလှေးများသည် ယင်းဖော်ပြပါ အစာများပါဝင်သော အပင်မျှောလှေးများကို စားသုံး၍ အသက်ဆက်ကြရသည်။ အလားတူပင် ဤဖော်ပြပါ အကောင်မျှောလှေးတို့၏ ကိုယ်ခန္ဓာကို ယင်းတို့ထက် အရွယ်အားဖြင့် ကြီးသော အကောင်တို့က မှီခိုစားသုံးကြသည်။

တခါန်တည်းမှာပင် အပင်မျှောလှေးနှင့် ပင်လယ်ရေမှော်တို့၏ အလင်းစုပ္ပဲခြင်းကိစ္စများမှ အရန်အဖြစ်ထွက်လာသော အောက်ဆီဂျင်တို့ကို အဏ္ဏဝါတွင်း နေသက်ရှိ အကောင်လောကတခုလုံးက ယင်းတို့၏ ရက်စပ်းရေးရှင်းကိစ္စအတွက်မရှိမဖြစ် အသုံးပြုကြရသည်။

ထို့ကြောင့် ကုန်းပေါ်တွင် အပင်များသည် အကောင်များအတွက် မရှိလျှင်မဖြစ် အရေးကြီးကြသကဲ့သို့ ပင်လယ်အတွင်း သက်ရှိလောကတခုလုံးအတွက် မှာလည်း အပင်မျှောလှေးနှင့် ပင်လယ်ရေမှော်များသည် မရှိလျှင်မဖြစ်ကြပေ။ ထို့ကြောင့် အပင်မျှောလှေး မရှိလျှင် အကောင်မျှောလှေးအပါအဝင် သက်ရှိအကောင်ကြီးငယ်များသည် ဤကမ္ဘာပေါ်တွင်လုံးဝ အသက်ဆက်နိုင်ကြမည်မဟုတ်ချေ။

သော သို့မဟုတ် ငါးသလောက်အရွယ်ရောက် ငါးများ၏ အစာဖြစ်သော အကောင်မျှောလေးတို့က ကြိုက်နှစ်သက် စွာစားသည်ဟု သိရသော အပင်မျှောလေးကတစု (ပုံ ၃)၊ အရွယ်ရောက်သော ငါးသလောက်များက တိုက်ရိုက် စား သော အကောင်မျှောလေးတို့ကတစု (ပုံ ၄)၊ ပလာတူး ငါးတို့က ကြိုက်နှစ်သက်ဟန်ရှိသော အပင်မျှောလေး (ပုံ ၅) နှင့်အကောင်မျှောလေးတို့ကတစု (ပုံ ၆)၊ပုစွန် များစားသော အပင်မျှောလေးတို့ကတစု (ပုံ ၇)၊ ပုလဲ မှတ်ကောင်၏ အစာအပင်မျှောလေးကတစု (ပုံ ၈)အစ ရှိသဖြင့် ကွာခြားလေ့ရှိလေသည်။



၁။ *Melosira* sp.
၂။ *Guinardia* sp.
၃။ *Thalassiosira* sp.
၄။ *Chaetoceros* sp.
၅။ *Coscinodiscus* sp.
၆။ *Biddulphia* sp.
၇။ *Navicula* sp.
၈။ *Prorocentrum* sp.
၉။ *Noctiluca* sp.
၁၀။ *Peridinium* sp.
၁၁။ *Rhizosolenia* sp.
၁၂။ *Nitzschia* sp.

ပုံ—၃ ငါးသလောက် သားလောင်းများက စားသော သို့မဟုတ် ငါးသလောက်အရွယ်ရောက် ငါးများ၏ အစာဖြစ်သည့် အကောင်မျှောလေးတို့ကို ကြိုက်နှစ်သက်စွာ စားသည်ဟု သိထားရသော မြန်မာ့အဏ္ဏဝါအပင် မျှောလေးတစ်မျိုး (အဆ ထောင်ပေါင်းများစွာ ချဲ့ပြထားသည်)။



၁။ *Temora* sp.
၂။ *Centropages* sp.
၃။ *Acartia* sp.
၄။ *Pseudocalanus* sp.
၅။ *Calanus* sp.
၆။ *Tintinnopsis* sp.
၇။ *Limacina* sp.
၈။ *Oikopleura* sp.
၉။ *Cypris* sp.
၁၀။ *Sagitta* sp.
၁၁။ *Tomopteris* sp.

ပုံ—၄ အရွယ်ရောက် ငါးသလောက်များ နှစ်နှစ်သက်သက် စား သောက်လေ့ရှိသည်ဟု သိထားရသော မြန်မာ့အဏ္ဏဝါ တွင်းမှ အကောင် မျှောလေးအချို့ (အဆ ထောင် ပေါင်းများစွာ ချဲ့ပြထားသည်)။



၁။ *Melosira* sp.
၂။ *Coscinodiscus centralis*
၃။ *Thalassiosira subtilis*
၄။ *Hemidiscus* sp.
၅။ *Biddulphia mobiliensis*
၆။ *Bacteriastrum comosum*
၇။ *Chaetoceros* sp.
၈။ *Nitzschia longissima*
၉။ *Trichodesmium* sp
၁၀။ *Ornithocercus magnificus*
၁၁။ *Peridinium depressum*
၁၂။ *Ceratium furca*
၁၃။ *Rhizosolenia alata*

ပုံ—၂ ငါးသလောက် သားလောင်းများက စားသော သို့မဟုတ် ငါးသလောက်အရွယ်ရောက် ငါးများ၏ အစာဖြစ်သည့် အကောင်မျှောလေးတို့ကို ကြိုက်နှစ်သက်စွာ စားသည်ဟု သိထားရသော မြန်မာ့အဏ္ဏဝါအပင် မျှောလေးတစ်မျိုး (အဆ ထောင်ပေါင်းများစွာ ချဲ့ပြထားသည်)။

ပုံ—၅ မြန်မာ့အဏ္ဏဝါတွင်းရှိ ပလာတူးငါး၏ အစာအိမ်တွင် တွေ့ ရသော အပင်မျှောလေးတို့မှ အချို့ (အဆ ထောင် ပေါင်းများစွာ ချဲ့ပြထားသည်)။



၁။ *Tintinnus* sp.
၂။ *Calanus* sp.
၃။ *Paracalanus* sp.
၄။ *Acrocalanus* sp.
၅။ *Olthona* sp.
၆။ *Calocalanus* sp.
၇။ *Oncaea* sp.
၈။ *Corycaeus* sp.
၉။ *Lucifer* sp.



၁။ *Skeletonema* sp.
၂။ *Coscinodiscus* sp.
၃။ *Cyclotella* sp.
၄။ *Fragilaria* sp.
၅။ *Navicula* sp.
၆။ *Pleurosigma* sp.



၁။ *Skeletonema* sp.
၂။ *Coscinodiscus* sp.
၃။ *Chaetoceros* sp.
၄။ *Rhizosolenia* sp.
၅။ *Navicula* sp.
၆။ *Pleurosigma* sp.
၇။ *Corethron* sp.
၈။ *Peridinium* sp.
၉။ *Nitzschia* sp.
၁၀။ *Ceratium* sp.
၁၁။ *Synedra* sp.
၁၂။ *Thalassiothrix* sp.
၁၃။ *Dictyocha* sp.

ပုံ – ၆ မြန်မာ့အက္ကဝါတွင်းရှိ ပလာတူးငါး၏ အစာအိမ်တွင် တွေ့ရသော အကောင်မျှောလေ့ားတို့မှ အချို့ (အဆ ထောင်ပေါင်းများစွာ ချဲ့ပြထားသည်)။

ပုံ – ၇ မြန်မာ့အက္ကဝါတွင်းရှိ ပုစွန်များ၏ အစာအပင်မျှောလေ့ားများမှ အချို့ (အဆ ထောင်ပေါင်း များစွာ ချဲ့ပြထားသည်)။

ပုံ – ၈ မြန်မာ့အက္ကဝါတွင်းရှိသော သို့မဟုတ် မွေးမြူသော ပုလဲမုတ်ကောင်၏ အစာအပင် မျှောလေ့ားများမှ အချို့ (အဆ ထောင်ပေါင်းများစွာ ချဲ့ပြထားသည်)။

ထို့ကြောင့်အစာကွင်းဆက်၏နောက်ဆုံးအဖြစ် ဤငါး၊ ပုစွန်၊ ကမာ (ပုံ ၉) ခရုတို့သည်လည်း ယင်းတို့မှီဝဲရန် ကြိုက်နှစ်သက်ရာ အပင်နှင့်အကောင်မျောလှေးများ စုဝေးရာသို့ သွားရောက်စုဝေးကြရသည်။ ထို့ကြောင့်အပင်မျောလှေးအချို့နှင့် အကောင်မျောလှေးအချို့တို့၏ ပျံနှံပုံက ငါး၊ ပုစွန်၊ ကမာများရှိရာစုရုံးရာ၊ ပေါများရာများကို အဆုံးအဖြတ်ပေး၊ ညွှန်ပြပေးနေသဖြင့် ယင်းသို့သော မျောလှေးများကို အညွှန်းမျောလှေး ဟု ခေါ်လေသည်။



အပင်မျောလှေးကိုသာ အဓိက စားသုံးသော မြန်မာ့ကမာများကို ဆလုံလူငယ်တဦးက ငုပ်ယူပြထားပုံ ပုံ—၉

အဏ္ဏဝါတွင်းမွေးမြူရေး

အဏ္ဏဝါတွင်း၌နေထိုင်ကြသော သက်ရှိတို့၏ အရိုင်းပေါများမှုနှင့် ယင်းတို့ကို လူကထိန်း၍မွေးမြူရေးတို့အတွက် မျောလှေးဆိုင်ရာ အသိပညာမှာ အရေးကြီးဆုံးဖြစ်၍ နေပေသည်။ လူကထိန်းသော မွေးမြူရေးအတွက် မွေးမြူရေးအစာအဖြစ် အစာမျောလှေးတို့ကို အထူးလေ့လာကြရလေသည်။

မျောလှေးသုတေသန

သမုဒ္ဒရာများ၊ ပင်လယ်များအတွင်းရှိ မျောလှေးတို့ကို ၁၈၄၅ ခုနှစ်က မှစ၍ သိပ္ပံနည်းကျကျ ထိထိရောက်ရောက် လေ့လာခဲ့သည်။ နိုင်ငံများစွာက စိတ်ဝင်စားမှုမျိုးစုံဖြင့် အဏ္ဏဝါ မျောလှေးများကို ရှာဖွေစုဆောင်း သုတေသနပြု ဆောင်ရွက်လျက်ရှိကြသည်။

၁၉၀၂ ခုနှစ် တွင် အိန္ဒိယ သိပ္ပံပညာရှင် တဦးသည် မြစ်ဝဝန်းကျင်နှင့်မြိတ်ကျွန်းစုတို့တွင် အနည်းငယ်စုဆောင်းလေ့လာခဲ့ဖူးသည်။ ၁၉၆၇ ခုနှစ်ကမှစ၍ မော်လမြိုင် ကောလိပ် ရုက္ခဗေဒဌာနတွင် မျောလှေး သုတေသနလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ ရခိုင်ကမ်းခြေထိပ် ဘက်ရှိ မေယု မီးပြကျွန်းဝန်းကျင် ဒေသမှစ၍ ဇာဒက် ကလေးကျွန်း ဝန်းကျင် ဒေသအထိ ကမ်းနီးဒေသတို့မှ အသေးစိတ် စုဆောင်းလေ့လာထားသည်။ ၁၉၆၇—၇၀ ပြည့်နှစ်အတွင်း အပင်မျောလှေးမျိုးစိတ် ၂၇၆၊ အကောင်မျောလှေးမျိုးစိတ် ၂၄၈ နှင့် အကောင်မျောလှေးတို့၏ သားလောင်း ၆၆ မျိုးခန့် ပါဝင်သည်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် လေ့လာခဲ့ရာ ယနေ့အထိပင် မျောလှေးမျိုးစိတ် ၃၀၀ ကျော် အကောင်မျောလှေးမျိုးစိတ် ၃၀၀ ကျော်နှင့် အကောင် မျောလှေးတို့၏ သားလောင်း ၁၀၀ မျှရှိသည်ကို တွေ့ရလေသည်။

ကမ္ဘာ့သိပ္ပံပညာရှင်များ တွက်ချက်ထားသည့် ရလဒ်အရ တကမ္ဘာလုံး၏ ပင်လယ်ရေတွင် အပင်မျောလှေးတို့၏သြဂဲနစ်ဒြပ်ပေါင်း ထုတ်လုပ်နှုန်းမှာ တနှစ်လျှင်တန်ချိန် ပေါင်း ၁၅၀,၀၀၀ သန်း မျှဖြစ်ပြီး အထက်တွင် ဖော်ပြခဲ့သော အစာကွင်းဆက် တဆင့်မှတဆင့်သို့ ပြောင်းတိုင်း ထုတ်လုပ်မှု၏ ၉၀%ခန့်ဆုံးရှုံးသည်ဟုဆိုသည်။ ထို့ကြောင့် လူသားတို့အတွက် ရသောငါးမှာ တနှစ်လျှင် တန်ချိန် ၅၂ ဒသမ ၄ သန်းမျှသာ ရှိသည်ဟုဆိုသည်။အပင်မျောလှေးထုတ်လုပ်ထားမှု၏ ၀.၀၂% မျှသာရခြင်းပင်ဖြစ်သည်။



အပင် မျောလှေး၊ ပင်လယ် ရေမှော်တို့ကိုသာ စားသုံးသော ကဉ်ဘီလူး ငါးတကောင်ကို စက်စဲကမ်းခြေ လှိုင်းပြာ မွေးမြူရေးကန်မှ စံအဖြစ် ပြထားပုံ ပုံ—၁၀

တနည်းဆိုရလျှင် အကယ်၍အပင်မျောလှေး ထုတ်လုပ်မှုသည် ပေါင်ချိန် ၁၀,၀၀၀ မျှရှိလျှင် ငါးထုတ်လုပ်နိုင်မှုရလဒ်မှာ တပေါင်မျှသာ ရရှိမည်ဖြစ်၍ ၁၀၀၀၀ ပုံ၏ တပုံသာလျှင် ရခြင်းဖြစ်သည်။ ထို့ကြောင့် ငါးကို

စားသုံးသည်ထက် အကောင်မျှောလှေး မျှောလှေးငါးပိ၊ သို့မဟုတ် မျှင်ငါးပိ၊ သို့မဟုတ် ကွေးငါးပိတို့ကို တိုက်ရိုက် စားသုံးခြင်းက ပို၍တွက်ခြေကိုက်သည်ဟု ဆိုသည်။

ထို့ကြောင့် အဓိက ထား၍ ဆောင်ရွက်နေသော မျှောလှေး သုတေသန လုပ်ငန်းတို့တွင် ၁- အညွှန်းမျှောလှေးများ၊ ၂- ပင်လယ်မွေးမြူရေး၏ အခြေအစာဖြစ်သော မျှောလှေးများ ၊၃-တိုက်ရိုက် စားသုံးမည့် မျှောလှေးစသည့် အကြောင်းများကို ဖော်ထုတ်ရေးတို့ပင် ဖြစ်လေသည်။



အပင်မျှောလှေးတို့ကိုသာ အဓိကစားသော ရေငန်ပုစွန်တုပ်ကြီးမျိုး စက်စဲလှိုင်းပြာ မွေးမြူရေးကန်တွင် သားလောင်းအဆင့်မှ စ၍ မွေးမြူထားပုံ ပုံ ၁၀

မော်လမြိုင်ကောလိပ် အဏ္ဏဝါဇီဝဗေဒဌာန၏ ဆောင်ရွက်အောင်မြင်ထားမှုတို့တွင် မြန်မာ့ပင်လယ်ပြင်အတွက် အညွှန်းမျှောလှေးများ၊ တိုက်ရိုက် စားသုံးနိုင်သော အကောင်မျှောလှေးများဆိုင်ရာ အချက်အလက်များစွာ တို့ကို အသေးစိတ်ဖော်ထုတ်နိုင်ခဲ့သည်။ ပင်လယ်တွင်းမွေးမြူရေးအတွက် အခြေခံအစာဖြစ်သော အပင်မျှောလှေး

အပင်မျှောလှေးတို့ကိုသာ အဓိက စားသော ရေချိရေငန်ပုစွန်တုပ်ကြီးမျိုး အမတကောင် ဥများ (ဝမ်းအောက်တွင် မဲမှောင်နေသောအပိုင်း) ချနေသည်ကို ဤသို့ တွေ့ရမည်။ ပုံ ၁၂



နှင့် အကောင်မျှောလှေးတို့ကို သန့်၍တမျိုးစီသီးသန့်၊ သို့မဟုတ်အားလုံးရောနှော၍ လူကထိန်းပြီး မွေးမြူထုတ်လုပ်နိုင်သည့်အခြေအနေသို့လည်း ရောက်ခဲ့သည်။ ယင်းသို့ မွေးမြူနိုင်မှုအောင်မြင်ခြင်းကိုမှီး၍ ပင်လယ်တွင်းမွေးမြူရေး အဖြစ်ငါး (ဥပမာ–ကာ့ဘီလူး) (ပုံ ၁၀)၊ ပုစွန်(ဥပမာ–ရေချိရေငန် ပုစွန်၊ ရေငန်ပုစွန်) (ပုံ ၁၁) တို့ကိုသား လောင်းငယ်များမှ တဆင့်အရွယ်ရောက်သည်အထိ အောင်မြင်စွာမွေးမြူနိုင်ခဲ့သည်။ ထို့ထက်ပို၍ ခက်ခဲသော သုတေသနမှာ ရေချိရေငန်ပုစွန်များ ဥချသည်အချိန် (ပုံ ၁၂) မှစ၍ ဥပေါက်ခြင်း၊ သားလောင်းအဆင့်ဆင့် အသေးစိတ်တို့ကိုအရွယ်ရောက်သည်အထိ မော်လမြိုင်ကောလိပ် အဏ္ဏဝါဇီဝဗေဒဌာနတွင် ၁၉၇၉ နှစ်အတွင်းတွင် အောင်မြင်စွာ မွေးမြူနိုင်ခဲ့သည့် အခြေအနေသို့ရောက်ခဲ့သည်။ ဆက်လက်၍ စီးပွားရေး အမြင်ဖြင့် ထုတ်လုပ်နိုင်ရေးကို ဦးတည်၍ဆက်လက် သုတေသနဆောင်ရွက်ဆဲရှိလေသည်။

အိန္ဒိယပြည်ထောင်စုသမ္မတနိုင်ငံ။ ။၁၉၈၀ ပြည့်နှစ် ဇန္ဒဝါရီလအတွင်း ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် အင်ဒီရာဂန္ဒီ၏ ကွန်ဂရက်(အိုင်)ပါတီသည် အကြီးအကျယ် အောင်ပွဲခံခဲ့သည်။အိန္ဒိယနိုင်ငံပါလီမန်လွှတ်တော်တွင် မဲနေရာ ၃၅၁ အနိုင်ရရှိခဲ့သည်။ အင်ဒီရာဂန္ဒီသည် ၎င်း၏ အစိုးရအဖွဲ့ကို ၁၉၈၀ ပြည့်နှစ်ဇန္ဒဝါရီလ ၁၄ ရက်နေ့က ဖွဲ့စည်းခဲ့သည်။ ၁၉၇၇ ခုနှစ်အတွင်း အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပြီး အာဏာရရှိခဲ့သော ဂျာနာတာပါတီသည် အိန္ဒိယပါလီမန်တွင် ၃၃ မဲနေရာ သာရရှိခဲ့သည်။

ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၏ ကွန်ဂရက် (အိုင်) ပါတီသည် ၁၉၈၀ ပြည့် ဇွန်လအတွင်းကကျင်းပခဲ့သော အိန္ဒိယပြည်နယ် ရွေးကောက်ပွဲများတွင်လည်း အကြီးအကျယ် အောင်ပွဲခံခဲ့သည်။

ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၏အစိုးရတက်လာပြီး ၁၃ လအတွင်း ငွေဖောင်းပွမှုနှုန်းကို ၂၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်။ အစိုးရသည် လယ်သမားများ၏ အကျိုးစီးပွား ကာကွယ်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

သို့ရာတွင် ကမ္ဘာ့လောင်စာစွမ်းအင် အကျပ်အတည်းသည် အိန္ဒိယနိုင်ငံအား အကြီးအကျယ် ထိခိုက်စေခဲ့သည်။ ပြည်ပမှ တင်သွင်းနေသည့် ရေနံပေါ် မှီခိုနေမှုကို လျှော့ချရန် အထူးဆောင်ရွက်လျက်ရှိသည်။ ၁၉၈၀ ပြည့်နှစ်က ရေနံဖိုးငွေ ဒေါ်လာသန်းပေါင်း ၆,၃၀၀ ပေးချေခဲ့ရာ အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားငွေရှာဖွေမှုစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းရှိသည်။ အိန္ဒိယဗဟိုဘဏ်သည် ပေါင်စတာလင်

အိန္ဒိယပြည်ထောင်စုသမ္မတနိုင်ငံ



အကျယ်အဝန်း။	။၁,၂၂၉,၃၃၇ စတုရန်းမိုင်
လူဦးရေ။	။၆၆၃,၆၆၀,၀၀၀ (၁၉၈၀)
မြို့တော်။	။နယူးဒေလီမြို့

ကြီးစွာသော စုပ်းဆောင်မှုကြီးတရပ်ဖြစ်ပေသည်။ အိန္ဒိယနိုင်ငံက အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်နိုင်ခြင်းကြောင့် ကမ္ဘာပေါ်တွင် အာကာသယာဉ် လွှတ်တင်နိုင်စုပ်းသော နိုင်ငံများအနက် ဆဋ္ဌမမြောက် နိုင်ငံနေရာသို့ ရောက်ရှိသွားခဲ့လေသည်။

အင်ဒီရာဂန္ဒီ အစိုးရသည် အိန္ဒိယ၏ အိပ်နီးချင်းနိုင်ငံအားလုံးနှင့် ခင်မင်ရင်းနှီးရန်နှင့် ပူးပေါင်းဆောင်ရွက်ရေးမူဝါဒကို အထူးလိုက်နာလျက်ရှိသည်။ သို့သော် အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ ချစ်ကြည်ရေးသည် ပို့မို့ကောင်းမွန်လာခြင်းမရှိသေးပေ။

အရှေ့တောင်အာရှဒေသတွင် ပုံမှန်အခြေအနေနှင့်တကွ

နှင့်ယှဉ်သော အိန္ဒိယ ရှုပ်းတန်ဖိုးငွေကို ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ဝ ဒသမ ၅၄ ရာခိုင်နှုန်း တန်ဖိုးချလိုက်ရာ တပေါင်လျှင် ရှုပ်းငွေ ၁၈ ဒသမ ၅၂ တန်ဖိုးနှင့် ညီမျှရာမှ တပေါင်လျှင် ၁၈ ဒသမ ၆၅ ရှုပ်းနှင့် တန်ဖိုးညီမျှကြောင်း အစိုးရက ကြေငြာခဲ့လေသည်။

၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် အိန္ဒိယနိုင်ငံသည် ၅၅ ကီလိုဂရမ် အလေးချိန်ရှိသော ရိုအီနီအမှတ် ၁ အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်ခဲ့ပေသည်။ အာကာသတွင်းသို့ အာကာသယာဉ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခြင်းသည် အာကာသနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းမှု အနှစ် ၂၀ အတွင်း၌

ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဇုံအဖြစ် သတ်မှတ်ထားရှိရန် အိန္ဒိယနိုင်ငံက ထောက်ခံခဲ့သည်။

၁၉၇၀ ပြည့်နှစ် မတ်လ ၂၆ ရက်နေ့တွင် အိန္ဒိယအစိုးရသည် ပါလက်စတိုင်လွှတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ကို အထူးသံတမန်အဆင့်အတန်းသို့ တိုးမြှင့်အသိအမှတ်ပြုခဲ့သည်။

ဇူလိုင်လ ၇ ရက်နေ့တွင် အင်ဒီရာဂန္ဒီအစိုးရသည် ဟင်ဆရင် ခေါင်းဆောင်သော ကမ်းပူးချားသမ္မတနိုင်ငံကို အသိအမှတ်ပြုခဲ့လေသည်။

၁၉၇၀ ပြည့်နှစ်အတွင်းက နိုင်ငံခြား တိုင်းပြည်များမှ ခေါင်းဆောင်ကြီးများသည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်

အိန္ဒိယနိုင်ငံ သမ္မတ ဆန်ဂျီဗာရက်ဒီ၏ ရှေ့မှောက်တွင် နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုနေသော မစ္စက် အင်ဒီရာဂန္ဒီ



ရေးခရီး လာရောက်ခဲ့သည်။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း နှင့် အဖွဲဝင်များသည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ အင်ဒိုနီးရှားသမ္မတ ဆူဟာတိုသည် အိန္ဒိယနိုင်ငံသို့ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ သွားရောက်ခဲ့၏။ ၁၉၇၀ ပြည့်နှစ်သည် အိန္ဒိယ ဆိုဗီယက် ပြည်ထောင်စု ဆက်ဆံရေးတွင် အထူးပင် ကောင်းမွန်ခဲ့သည်။ ဆိုဗီယက်သမ္မတ ဗရက်ဇနက်သည် အိန္ဒိယနိုင်ငံသို့ ဒီဇင်ဘာလ ဂ ရက်နေ့မှ ၁၁ ရက်နေ့အထိ



အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်ခြင်း ခံရသော မစ္စက်အင်ဒီရာဂန္ဒီအား ပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုနေပုံ

ချစ်ကြည်ရေးခရီးလှည့်လည်ခဲ့သည်။ ဆိုဗီယက်သမ္မတကြီး ဗရက်ဇနက်သည် အိန္ဒိယနိုင်ငံသို့ ယခုတကြိမ်သာရောက် ရှိခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ အနှံ့အပြားမှ စိမ်ကိန်း ၇၀ ကျော်တို့ကို အိန္ဒိယ-ဆိုဗီယက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆောင် ရွက်ခဲ့သည်။ အိန္ဒိယသမ္မတကြီး ရှရိနိလန်ဆန်ဂျီ ဗာရက်ဒီ သည် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၇ ရက်နေ့အထိ ချစ်ကြည်ရေးခရီးအဖြစ် ဆိုဗီယက်ပြည်ထောင်စုသို့ သွားရောက်ခဲ့လေသည်။

ဣန္ဒာစာရ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ရ၊ ပဲခူးမြို့၊ မြို့မစာသင်တိုက် (မြန်မာ ၁၂၅၉)။ ။ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရသည် ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းရွာနေ ခမည်းတော် ဦး



အဂ္ဂမဟာပဏ္ဍိတဘွဲတံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရ

ရွှေအေး၊ မယ်တော် ဒေါ်လှညိမ်းတို့မှ သက္ကရာဇ် ၁၂၅၉ ခု နှစ် ဝါဆိုလဆန်း ၁၃ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင် တော်မူသည်။ သားသမီး ခုနစ်ယောက်အနက် ဆရာတော် သည် အကြီးဆုံး သားဦး သားမြတ်ရတနာဖြစ်သည်။

ဆရာတော်လောင်းလျာ သားမြတ်ရတနာသည် ဆယ် နှစ်သားအရွယ်သို့ ရောက်သောအခါ ကျေးဇူးရှင် ခမည်း တော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဝမ်းဘဲ အင်း အနောက်ကျောင်းကြီးဆရာတော် အရှင်သုဒဿန ထံတော်၌ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ သာမဏေ ဘွဲ့တော်မှာ ရှင်ဣန္ဒ ဖြစ်သည်။

သက္ကရာဇ် ၁၂၇၈ ခုနှစ်တွင် ဝမ်းဘဲအင်းကျောင်းကြီး ခဏ္ဍသိမ်တော်၌ ကျောင်းကြီးဆရာတော် အရှင် သုဒဿန ထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ကျေးဇူးရှင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ သာမဏေဘဝမှ ရှင်ဣန္ဒ ဘွဲ့အမည်တော်ကို ဣဋ္ဌမင်္ဂလာဖြစ် စေရန် အရှင်ဣန္ဒာစာရဟု ပြင်ဆင်ချီးမြှင့်တော်မူကြသည်။

ရှင်သာမဏေဘဝတွင် ဆရာရင်းဖြစ်သော ဝမ်းဘဲအင်း ကျောင်းဆရာတော် အရှင်သုဒဿန ထံတော်၌ သဒ္ဒါ၊ သင်္ကြိုဟ် စသော ပရိယတ္တိအခြေခံကျမ်းစာကို ကျနပိုင်နိုင် စွာသင်ကြားဆည်းပူးတော်မူခဲ့သည်။

မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်သောအခါ စစ် ကိုင်းတိုင်း ချောင်းဦးမြို့နယ် ဂန္ဓကာရက အဂ္ဂမဟာပဏ္ဍိတ ဓမ္မာရုံဆရာတော် ဦးဒီပမာလာထံတော်၌ ပရိယတ္တိအခြေခံ ကျမ်းစာများနှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများ

ကို သင်ကြား ဆည်းပူးတော်မူပြီး အစိုးရ ပါဠိပထမပြန် စာမေးပွဲကို ဝင်ရောက်ဖြေဆိုတော်မူရာ ပထမငယ်၊ပထမ လတ်၊ ပထမကြီးများကို သိက္ခာတော် သုံးဝါအတွင်း အောင်မြင်တော်မူခဲ့သည်။

ထို့နောက် မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်ကျောင်း တိုက် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိ ယာဘိဝံသ ဆရာတော်ဘုရားကြီး ထံတော်၌ လည်း ကောင်း၊ ပထမကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏ ထံတော်၌ လည်းကောင်း ယမိုက်၊ ပဋ္ဌာန်း၊ ပါဠိ၊ အဋ္ဌ ကထာ၊ နေ့ဝါ ညဝါ ကျမ်းစာများကို သင်ကြား ဆည်းပူး တော်မူခဲ့သည်။

ထို့နောက် တောင်ပြင် ဒက္ခိဏာရုံမ ဘုရားကြီးတိုက် သာသနဇောတိကာရုံ အုတ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒ ထံတော်၌ လည်းကောင်း၊ စာချုပ်ဂိုလ် အကျော်အမော် ဆရာတော်ကြီးများ ထံတော်၌ လည်း ကောင်း၊ ရွှေရေးဆောင်ဆရာတော် ဦးကြည်ထံတော်၌ လည်းကောင်း ဆိုင်ရာဆိုင်ရာနိယံများ စုံလင်စွာဖြင့် သဒ္ဒ အတ္ထဝိနိစ္ဆယနှင့် ဝါကျဝိနိစ္ဆယ၊ ဝါကျဘေဒ စသည်တို့ကို ကျမ်းရိုးကျကျ မန္တလေးနည်းရအောင် သင်ကြားဆည်းပူး တော်မူခဲ့သည်။

သိက္ခာတော် ခြောက်ဝါ ရသောအခါ ပခုက္ကူမြို့ မဟာ ဝိသုတာရုံမကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပညာ ထံတော်၌ လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ ထံတော်၌လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ ဆရာတော်ဘုရားကြီး ထံတော်၌ လည်းကောင်း သင်ရိုးပိဋကတော်များကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ တဲ့ဖက်ကာ ပခုက္ကူနည်းရအောင် ကျွန်ုပိုင်နိုင်စွာဖြင့် သင်ကြားဆည်းပူးတော်မူခဲ့သည်။

ထို့နောက် တောင်သာမြို့ ဆည်တွင်းချောင်တောရ ဂန္ဆကာရုံက အဂ္ဂမဟာပဏ္ဍိတ ကျွန်းရွာ ဆရာတော်ဘုရား ကြီးထံတော်၌ ဝိနိစ္ဆယ ဖြတ်ထုံးနည်းဥပဒေသများကို လည်းကောင်း၊ ဆီမီးခုံမြို့နယ်ဖက်ပင်အိုင်ရွာ ဝေဒတ္ထယဝိညူ ဝါကျပါရဂူ အရှင်ဒီပဆရာတော်ဘုရားကြီးထံတော်၌ အဘိ ဓမ္မတ္ထဝိဘာဝိနီခေါ် ဋီကာကျော်နှင့် မူလဋီကာစသော ကျမ်းဂန်များကို လည်းကောင်း သင်ကြားဆည်းပူးတော်မူ နေစဉ် သမဂ္ဂသံဃာတော်များ၏တိုက်တွန်းချက်အရ အနုဝိ ဘာဝိနီခေါ် ဋီကာကျော် ဂဏ္ဌိသစ် (မူကြမ်း)နှင့် ဝါကျတ္ထ ပါဒကခေါ် ဖက်ပင်အိုင်နိယံအဖြေ (မူကြမ်း) တို့ကို ရေး သားတော်မူသည်။

သက္ကရာဇ် ၁၂၉၅ ခုနှစ်တွင် ပဲခူးမြို့ ညောင်ဝိုင်းဘုန်း တော်ကြီး၏ တိုက်တွန်းချီးမြှောက်ချက်အရ ညောင်ဝိုင်းရပ် သူနွန်းတော်မူ ဘုရားကြီးအနီး၌ မြို့မ ဝိဇ္ဇာလယခေါ် မြို့မ ဟရိယတ္တိစာသင်တိုက်ကြီးကို စတင် တည်ထောင်တော်မူခဲ့ သည်။ ၁၂၉၉ ခုနှစ်တွင် မန္တလေးမြို့ မဟာသံဃရာဇာ တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ "ဝိနယ ဓရ သာသနာပြုဆရာတော်" ဟူသော ဘွဲ့တံဆိပ်ဖြင့် ချီး မြှောက်တော်မူခြင်းကို လက်ခံ ရရှိတော်မူခဲ့သည်။

ထို့ပြင် ဆရာတော်သည် မိမိစတင်တည်ထောင်ခဲ့သည့် မြို့မစာသင်တိုက်ကြီးကို အစဉ်တိုးတက်ကြီးပွား စည်ကား အောင် ဆောင်ရွက်တော်မူယင်းပင် သာသနာရေးကိစ္စ အ ဝဝကိုလည်း အားသွန်ကြိုးပမ်းတော်မူသည်။ ရွှေမော်ဓော စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဖြစ်လည်း ကောင်း၊ ဆဋ္ဌသံဂါယနာ သံဂီတိကာရက ပါဠိဝိသောဓက အဖြစ် လည်းကောင်း၊ပဲခူးမြို့ ဝိနယာဓိက စာမေးပွဲအသင်း ကြီး၏ နာယကအဖြစ်လည်းကောင်း၊ ပဲခူးမြို့ သုဓမ္မာဂိုဏ်း ကြီး၏ ဂဏာစရိယအဖြစ်လည်းကောင်း၊ ပဲခူးခရိုင် ဝိနိစ္ဆယ ဌာန တာဝန်ခံအဖြစ်လည်းကောင်း၊ သံဃာတော်ပေါင်း ၁,၆၅၉ ပါး၊ကျောင်းပေါင်း ၂၃၇ ကျောင်း၊ ပဝါရဏာဌာန ပေါင်း ၁၀ ဌာနရှိသော သုဓမ္မာနိကာယ သံဃာ့အဖွဲကြီး၏ မဟာနာယကအဖြစ်လည်းကောင်း၊ ပါဠိပထမပြန်နှင့် ဓမ္မာ စရိယစာမေးပွဲ ကြီးကြပ်ရေးအဖွဲ့၏ ဩဝါဒါစရိယအဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် သာသနာရေးကိစ္စအဝဝကို တဘက် တလမ်းမှ အားသွန်းကြိုးပမ်းတော်မူယင်း စာပေကျမ်းဂန် များကို ရေးသားပြုစုခဲ့သည်။

၁၃၄၂ ခုနှစ် နယုန်လတွင် ကျင်းပပြုလုပ်ခဲ့သည့် သာသ နာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်တော်မူရန် ပဲခူးတိုင်း ပဲခူးအခြေခံဒေသ ရှစ် မြို့နယ်မှ သံဃာတော်များက ဆရာတော်အား ပဲခူးအခြေခံ ဒေသအတွက် သံဃာ့ဝန်ဆောင် ဆရာတော်အဖြစ် ရွေး ချယ်တော်မူခဲ့ကြသည်။

၁၉၇၀ ပြည့်နှစ် ဖေဖွာရီလ တရက်နေ့မှ စ၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်တွင် ကျင်းပ ခဲ့သော သံဃာ့ဝန်ဆောင်ဆရာတော် ၆၆ ပါးအဖွဲတွင် ဥက္ကဋ္ဌ ဆရာတော်အဖြစ်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဤသို့လျှင် သာသနာအကျိုးကို သည်ပိုး ဆောင်ရွက် တော်မူပေသော ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာ ထေရ၊ ဟရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမ ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော်ဘဒ္ဒန္တဉာနာ စာရသည် ၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူ ဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူလေသည်။

ကုန်ငွေကြေးကားနှုန်းထွက်လာသော ပြည်ပရောက်ကုန်သည်များ၏ ရပ်တည်ရေးအတွက် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးခြင်း။

ဆရာတော်ဘုရားကြီး၏ တရားတော်များ

ကိုယ်ကျင့်တရား ၁ ပိဋကတ်သုံးပုံ ၁ ဗုဒ္ဓဘာသာ ၁ ဘာသာရေး ၁ ဘုရားရှိခိုးခြင်း ၁ ဘုရားရှိခိုးပွဲ ၁ ဘုရားရှိခိုးပွဲတော် ၁ ဘုရားရှိခိုးပွဲတော်များ ၁ ဘုရားရှိခိုးပွဲတော်များ၏ အကျိုးကျေးဇူးများ ၁ ဘုရားရှိခိုးပွဲတော်များ၏ အကျိုးကျေးဇူးများ ပြောကြားခြင်း ၁ ဘုရားရှိခိုးပွဲတော်များ၏ အကျိုးကျေးဇူးများ ပြောကြားခြင်း ဟောကြားခြင်း ၁ ဘုရားရှိခိုးပွဲတော်များ၏ အကျိုးကျေးဇူးများ ပြောကြားခြင်း ဟောကြားခြင်း ဆွမ်းတော်ကပ်လှူခြင်း ၁ ဘုရားရှိခိုးပွဲတော်များ၏ အကျိုးကျေးဇူးများ ပြောကြားခြင်း ဟောကြားခြင်း ဆွမ်းတော်ကပ်လှူ

ခ

ခဲ့ ၁။ ဖြတ်သွားပြီးသော အတိတ်ကာလ ဝိဘတ်။ ဥ– ကြည့်ရှုခဲ့၏။ ကြားနာခဲ့ရ၏။ ပြောခဲ့သည်။ ဆိုခဲ့ပြီ။ ပြုခဲ့ဖူး၏။ ရေးခဲ့ကြ၏။ ဖတ်ခဲ့ကြသည်။ ဟောခဲ့ကြပြီ။ ကြုံခဲ့ရသော်လည်း။ ခဲ့ ၂။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့၍ ရေးခဲ့၍ ပြောခဲ့၍ ဆိုခဲ့၍ ဖတ်ခဲ့၍ ပြုခဲ့၍ ကြုံခဲ့ရ၍ ခဲ့ ၃။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့ပြီးလျှင် ရေးခဲ့ပြီးလျှင် ပြောခဲ့ပြီးလျှင် ဆိုခဲ့ပြီးလျှင် ဖတ်ခဲ့ပြီးလျှင် ပြုခဲ့ပြီးလျှင် ကြုံခဲ့ရပြီးလျှင် ခဲ့ ၄။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သဖြင့် ရေးခဲ့သဖြင့် ပြောခဲ့သဖြင့် ဆိုခဲ့သဖြင့် ဖတ်ခဲ့သဖြင့် ပြုခဲ့သဖြင့် ကြုံခဲ့ရသဖြင့် ခဲ့ ၅။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်အတိုင်း ရေးခဲ့သည်အတိုင်း ပြောခဲ့သည်အတိုင်း ဆိုခဲ့သည်အတိုင်း ဖတ်ခဲ့သည်အတိုင်း ပြုခဲ့သည်အတိုင်း ကြုံခဲ့ရသည်အတိုင်း ခဲ့ ၆။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်မှာ ရေးခဲ့သည်မှာ ပြောခဲ့သည်မှာ ဆိုခဲ့သည်မှာ ဖတ်ခဲ့သည်မှာ ပြုခဲ့သည်မှာ ကြုံခဲ့ရသည်မှာ ခဲ့ ၇။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်၍ ရေးခဲ့သည်ဖြစ်၍ ပြောခဲ့သည်ဖြစ်၍ ဆိုခဲ့သည်ဖြစ်၍ ဖတ်ခဲ့သည်ဖြစ်၍ ပြုခဲ့သည်ဖြစ်၍ ကြုံခဲ့ရသည်ဖြစ်၍ ခဲ့ ၈။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၉။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်သော် ရေးခဲ့သည်ဖြစ်သော် ပြောခဲ့သည်ဖြစ်သော် ဆိုခဲ့သည်ဖြစ်သော် ဖတ်ခဲ့သည်ဖြစ်သော် ပြုခဲ့သည်ဖြစ်သော် ကြုံခဲ့ရသည်ဖြစ်သော် ခဲ့ ၁၀။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်သည်နှင့် ရေးခဲ့သည်ဖြစ်သည်နှင့် ပြောခဲ့သည်ဖြစ်သည်နှင့် ဆိုခဲ့သည်ဖြစ်သည်နှင့် ဖတ်ခဲ့သည်ဖြစ်သည်နှင့် ပြုခဲ့သည်ဖြစ်သည်နှင့် ကြုံခဲ့ရသည်ဖြစ်သည်နှင့် ခဲ့ ၁၁။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရကား ရေးခဲ့သည်ဖြစ်ရကား ပြောခဲ့သည်ဖြစ်ရကား ဆိုခဲ့သည်ဖြစ်ရကား ဖတ်ခဲ့သည်ဖြစ်ရကား ပြုခဲ့သည်ဖြစ်ရကား ကြုံခဲ့ရသည်ဖြစ်ရကား ခဲ့ ၁၂။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်၏ ရေးခဲ့သည်ဖြစ်၏ ပြောခဲ့သည်ဖြစ်၏ ဆိုခဲ့သည်ဖြစ်၏ ဖတ်ခဲ့သည်ဖြစ်၏ ပြုခဲ့သည်ဖြစ်၏ ကြုံခဲ့ရသည်ဖြစ်၏ ခဲ့ ၁၃။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၁၄။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၁၅။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၁၆။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၁၇။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၁၈။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၁၉။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၂၀။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၂၁။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၂၂။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၂၃။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၂၄။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၂၅။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၂၆။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၂၇။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၂၈။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၂၉။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၃၀။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၃၁။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၃၂။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၃၃။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၃၄။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၃၅။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၃၆။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၃၇။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၃၈။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၃၉။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၄၀။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၄၁။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၄၂။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၄၃။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၄၄။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၄၅။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၄၆။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၄၇။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၄၈။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၄၉။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၅၀။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၅၁။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၅၂။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၅၃။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၅၄။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၅၅။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၅၆။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၅၇။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၅၈။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၅၉။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၆၀။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၆၁။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၆၂။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၆၃။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၆၄။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၆၅။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၆၆။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၆၇။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၆၈။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၆၉။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၇၀။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၇၁။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၇၂။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၇၃။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၇၄။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၇၅။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်ခဲ့သည်ဖြစ်ရာ ပြုခဲ့သည်ဖြစ်ရာ ကြုံခဲ့ရသည်ဖြစ်ရာ ခဲ့ ၇၆။ ကြိယာဝိသေသန ဝိဘတ်။ ဥ– ကြည့်ခဲ့သည်ဖြစ်ရာ ရေးခဲ့သည်ဖြစ်ရာ ပြောခဲ့သည်ဖြစ်ရာ ဆိုခဲ့သည်ဖြစ်ရာ ဖတ်

ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဦးစီးဌာန

ဥပဒေ ၁၉၆၂ ခုနှစ် ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဦးစီးဌာန ဥပဒေ

ပုဒ်မ ၁။ ဤဥပဒေကို ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဦးစီးဌာန ဥပဒေ ၁၉၆၂ ခုနှစ်ဟု ခေါ်ဆိုရမည်။

ပုဒ်မ ၂။ ဤဥပဒေတွင် အကယ်၍ အကြောင်းအရာ သို့မဟုတ် အဓိပ္ပာယ်နှင့် ဆန့်ကျင်ခြင်းမရှိလျှင် "ဌာန" ဆိုသည်မှာ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဦးစီးဌာန ဥပဒေ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဦးစီးဌာနကို ဆိုသည်။

"ဒါရိုက်တာ" ဆိုသည်မှာ ဌာနတွင် ဒါရိုက်တာအဖြစ် ခန့်အပ်ထားသော သို့မဟုတ် ဆောင်ရွက်ရန် ခွင့်ပြုထားသော ပုဂ္ဂိုလ်ကို ဆိုသည်။

"ဒုတိယဒါရိုက်တာ" ဆိုသည်မှာ ဌာနတွင် ဒုတိယဒါရိုက်တာအဖြစ် ခန့်အပ်ထားသော သို့မဟုတ် ဆောင်ရွက်ရန် ခွင့်ပြုထားသော ပုဂ္ဂိုလ်ကို ဆိုသည်။

"ဝန်ထမ်း" ဆိုသည်မှာ ဌာနတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းအားလုံးကို ဆိုသည်။

"ဘာသာရေးအဖွဲ့အစည်း" ဆိုသည်မှာ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဦးစီးဌာန ဥပဒေ ပုဒ်မ ၁၂ အရ မှတ်ပုံတင်ထားသော ဘာသာရေးအဖွဲ့အစည်းကို ဆိုသည်။

"ဘာသာရေးဆရာတော်" ဆိုသည်မှာ ဘာသာရေးအဖွဲ့အစည်းတစ်ခုခုတွင် ဆရာတော်အဖြစ် ခန့်အပ်ထားသော သို့မဟုတ် ဆောင်ရွက်ရန် ခွင့်ပြုထားသော ပုဂ္ဂိုလ်ကို ဆိုသည်။

"ဘာသာရေးကျောင်း" ဆိုသည်မှာ ဘာသာရေးအဖွဲ့အစည်းတစ်ခုခုတွင် ဘာသာရေးပညာသင်ကြားရန် ထားရှိသော ကျောင်းကို ဆိုသည်။

"ဘာသာရေးပညာသင်ကြားရေးဌာန" ဆိုသည်မှာ ဘာသာရေးကျောင်းတစ်ခုခုတွင် ဘာသာရေးပညာသင်ကြားရန် ထားရှိသော ဌာနကို ဆိုသည်။

"ဘာသာရေးပညာသင်တန်း" ဆိုသည်မှာ ဘာသာရေးပညာသင်ကြားရေးဌာနတွင် ဘာသာရေးပညာသင်ကြားရန် ဖွင့်လှစ်ထားသော သင်တန်းကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသား" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းတစ်ခုခုတွင် ဘာသာရေးပညာသင်ကြားရန် ခွင့်ပြုထားသော ပုဂ္ဂိုလ်ကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းဆရာ" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းတစ်ခုခုတွင် ဘာသာရေးပညာသင်ကြားရန် ခန့်အပ်ထားသော သို့မဟုတ် ဆောင်ရွက်ရန် ခွင့်ပြုထားသော ပုဂ္ဂိုလ်ကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲ" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူ" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သူကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်း" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူများ၏ စာရင်းကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းတွင် ပါဝင်သူကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြား" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားဆုံးရှုံးမှု" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားကို ဆုံးရှုံးခြင်းကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပျက်စီးမှု" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားကို ပျက်စီးခြင်းကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်း" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားကို ပြန်လည်ထုတ်ပေးခြင်းကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာ" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာကြေးငွေ" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာကြေးငွေကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာကြေးငွေပြေစာ" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာကြေးငွေပြေစာကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာကြေးငွေပြေစာပျက်စီးမှု" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာကြေးငွေပြေစာကို ပျက်စီးခြင်းကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာကြေးငွေပြေစာပျက်စီးမှုဆိုင်ရာ ကြေငြာချက်" ဆိုသည်မှာ ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာကြေးငွေပြေစာပျက်စီးမှုဆိုင်ရာ ကြေငြာချက်ကို ဆိုသည်။

"ဘာသာရေးပညာသင်တန်းသားဝင်ခွင့်စာမေးပွဲအောင်လက်မှတ်ရရှိသူစာရင်းဝင်ကတ်ပြားပြန်လည်ထုတ်ပေးခြင်းလျှောက်လွှာကြေးငွေပြေစာပျက်စီးမှုဆိုင်ရာ ကြေငြာချက်ကို ဒေသဆိုင်ရာ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဦးစီးဌာန ဒုတိယဒါရိုက်တာ သို့မဟုတ် ဒေသဆိုင်ရာ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဦးစီးဌာန ဒုတိယဒါရိုက်တာ (ပညာရေး) ဖြစ်သူ

ရေနံဆီတွင်းတူးခြင်း ၂၅၈
ရေနံဆီတွင်းတူးသူ ၂၅၈
ရေနံဆီတွင်းတူးသူများ၏ အိမ်ထောင်ရေးဆိုင်ရာ ဥပဒေ ၂၅၈
ရေနံဆီတွင်းတူးသူများ၏ အိမ်ထောင်ရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂၊ ၂၄၊ ၂၅

ဗဟုသုတ ၁၀၀။ ဗဟုသုတရှိခြင်း (ပဉ္စင်္ဆ)ရှိကြောင်း ပြသခြင်း ၁၀၀။ ဗာဟိရ ၁၀၁။ ဗာဟိရကိုးပါး ၁၀၁။ ဗာဟိရဒေသနာ ၁၀၂။ ဗာဟိရဒေသနာတော်ကို ဟောကြားခြင်း

၆၇၆
စာကြည့်တိုက်
စိန္နကဘာသာပြန်စာပေ